၃၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန


ဗုဒ္ဓဘာသာလက်စွဲကျမ်း

ပထမတွဲ



သာသနာ ၂၅၃၇ ဂေါတမ ၁၃၅၇ ၁၉၉၃

ဝိဇ္ဇာ ဂြဟဏီ ပါရမီ



စီစဉ်ထုတ်ဝေသူ

ပုဂ္ဂိုလ်ရေးဥပဒေများ

ပြဋ္ဌာန်းရေးအဖွဲ့

ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ)

ပထမအကြိမ်ပုံနှိပ်ခြင်း	၁၉၉၁-ခု	၅၀၀၀
ဒုတိယအကြိမ်ပုံနှိပ်ခြင်း	၁၉၉၂-ခု	၁၀၀၀၀
တတိယအကြိမ်ပုံနှိပ်ခြင်း	၁၉၉၃-ခု	၁၀၀၀၀

၂၈၄-၃

ရန်ကုန်မြို့၊ကမ္ဘာအေး၊သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး၊ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘုရား တရား သံဃာ ရတနာသုံးပါးအား ကြည်ညိုဝပ်တွား ရှိခိုးကန်တော့ပါ၏။

မိဘနှစ်ပါးနှင့်ဆရာသမားများအား ရိုသေဝပ်တွား ရှိခိုးကန်တော့ပါ၏။

ခေတ်ဆန်းချိန်ခါ ဗုဒ္ဓဘာသာ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် (၁၈-၉-၈၈) နေ့မှစ၍ နိုင်ငံတော်ကို တာဝန်ယူ အုပ်ချုပ်လာခဲ့ပြီး သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများ ဘက်စုံမှမ်းမံပြုပြင်တည်ဆောက်ခြင်း၊ စေတီ အသစ်များ တည်ထားကိုးကွယ်ခြင်း၊ ရှေးဟောင်း သိမ်၊ ကျောင်း၊ ဇရပ်များ ပြုပြင်မွမ်းမံခြင်း၊ ကျောင်းသစ်၊ ကန်သစ်များ တည်ဆောက်ခြင်းဖြင့် သာသနိက အဆောက်အအုံများကို ခွဲညှားထည်ဝါစွာ သစ်လွင်တောက်ပစေလျက် ကြည်ညိုဖွယ် ဖြစ်အောင် ဖန်တီးခဲ့လေပြီ။ ပြည်သူအပေါင်းအား ကောင်းမှုကုသိုလ်တရားဌာ ပျော်မွေ့နိုင်စေရန် ဦးဆောင်မှု ပေးခဲ့လေပြီ။ ပရိယတ် ပဋိပတ် သာသနာ့ ကာဝန်ကို ထမ်းဆောင်တော်မူနေကြသော သာသနာပြု ပုဂ္ဂိုလ်များ၊ စာချုဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များအား လှူဒါန်းထောက်ပံ့ငွေများကို မခြောက်ဆတိုးမြှင့်၍ လှူဒါန်းခဲ့လေပြီ။ ထို့ကြောင့် ဤခေတ် ချိန်ခါသည် ဗုဒ္ဓသာသနာတော်အတွက် ဟာခေတ်ဆန်းချိန်ဟု ဆိုနိုင်ပေသည်။ ဗုဒ္ဓသာသနာတော်အတွက် မကြုံစဖူး ထူးကဲလှသဖြင့် "ရွှေခေတ်" ဟု ခေါ်ရပေမည်။

သို့ရာတွင် ဤကဲ့သို့ သာသနိက အဆောက်အအုံများကို သစ်လွင်ခွဲညှားထည်ဝါအောင် ပြုပြင်မွမ်းမံခြင်း၊ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များအား ချီးမြှောက်ထောက်ပံ့ခြင်း ပြုရုံမျှဖြင့် ဗုဒ္ဓသာသနာတော် အရှည် တည်တံ့ခိုင်မြဲရန်အတွက် စိတ်မချရသေး။ ဤခေတ် လူငယ်များ၏ နှလုံးသား အတွင်းဝယ် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ တရားတော်များ စွဲမြဲစွာ ကိန်းဝပ်တည် ရှိနေမှသာလျှင် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ခိုင်မြဲရေးအတွက် စိတ်အေးရပေလိမ့်မည်။ ဤသို့ တွေးခေါ် မြော်မြင်ကြသော နိုင်ငံ့အကြီးအကဲများသည် (၂၀-၆-၈၉)နေ့တွင် ကျွန်ုပ်ကို ခေါ်ယူ၍ အောက်ပါအတိုင်း တာဝန်တစ်ရပ် ပေးအပ်ခဲ့ပါသည်—

"ကျွန်ုပ်တို့ လူငယ် လူရွယ် လူလတ်များသည် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၌ မစနစ်ခဲ့ရခြင်း၊ ဗုဒ္ဓဘာသာစာပေနှင့် ယဉ်ကျေးမှုကို မသင်ယူခဲ့ရခြင်းတို့ကြောင့် ကမ္ဘာ့အလယ်တွင် ရှက်စဖွယ် ဖြစ်လောက်အောင် ရိုင်းစိုင်းရက်စက်မှုများကို လူပုံအလယ်၌ အတင့်ရဲစွာ ကျူးလွန်ပြခဲ့ကြကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်လူလတ်များ၏ စိတ်ဓာတ် ယဉ်ကျေးသိမ်မွေ့လာစေရန်၊ ဗုဒ္ဓယဉ်ကျေးမှုများ တစိမ့်စိမ့် ပြန်သွင်းစေပးရန် လိုအပ်နေကြောင်း၊ မင်္ဂလာသုတ်ကို အခြေခံ၍ ကိုယ်ကျင့်တရား ဓကောင်းမွန်လာစေရန် အပတ်စဉ် ဆောင်းပါးများကို ကလေး လူကြီး ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားပေးရန် လိုအပ်ကြောင်း၊ ဓမ္မပဒနှင့် ဇာတ်တော်(၅၅၀) သုတ္တန်များမှ ဝတ္ထုဇာတ်ကြောင်းများဖြင့် တန်ဆာဆင်၍ လေဘာကြောင်း ဓမ္မကြောင်း စုံလင်စွာ ရေးရမည်ဖြစ်ကြောင်း"

ကျွန်ုပ်သည် ပေး[illegible] သာ တာဝန်နှင့် ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါကြောင်းကို "မင်္ဂလာနီဒါန်း" စာဖတ်ပရိသတ်များ သိရှိပြီး ဖြစ်ပါသည်။

တဖန် (၃၀-၆-၈၉)နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးသန်းရွှေသည် ကျွန်ုပ်အား ခေါ်ယူ၍ ဗုဒ္ဓဘာသာဝင်များအတွက် မေးသည်မှ သေသည်အထိ တစ်သက်တာအတွင်း အရွယ်အလိုက်၊ အချိန်အခါအလိုက် လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့် ဘာသာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို တစ်ကျမ်းတည်းဖြင့် ပြည့်ပြည့်စုံစုံ ရေးသားပြုစုပေးစေလိုကြောင်း၊ သြကာသကန်တော့ခန်း၊ ဆွမ်းကပ်, ပန်းကပ်, ရေချမ်းကပ်နည်းမှစ၍ ဒါနပြုနည်း၊ သီလဆောက်တည်နည်း၊ ပုတီးစိပ်နည်း၊ သမထဘာဝနာပွားများနည်း၊ ဝိပဿနာရှုနည်း၊ စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်သည်အထိ ကျင့်ကြံအားထုတ်နည်းများ စုံစုံလင်လင် ပါဝင်စေလိုကြောင်း၊ စကားအသုံးအနှုန်းနှင့် ဝါကျအရေးအသားများမှာ လူပြန်တော်ပညာရှိများသာ နားလည်နိုင်သည့် အသုံးအနှုန်းရေးထုံးများကို ရှောင်ရှား၍ ပါဠိစာပေ အခြေခံမရှိသည့် သာမန်လူတိုင်း ဖတ်၍ နားလည်နိုင်အောင် ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးပေးစေလိုကြောင်း ညွှန်ကြား၍ ကောက်ဖော်ပြပါအတိုင်း မာတိကာခေါင်းစဉ်များ ချမှတ်ပေးပါသည်—

အပိုင်း (၁)

ယုံကြည်ကိုးကွယ်မှု

မိဘတာဝန်၊ သြကာသကန်တော့ခန်း၊ ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း၊ ဆွမ်း,ရေချမ်း,ပန်း, ဆီမီးကပ်လှူနည်း၊ ဆုတောင်းခြင်း၊ အမျှဝေခြင်း၊ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါး၊ ဘုရားရှိခိုးအမျိုးမျိုး၊ သရဏဂုံတည်ခြင်းနှင့် ပျက်ခြင်း။

အပိုင်း (၂)

ပါရမီခန်း

ကုရားဖြစ်ရန် ပါရမီတော်များ ဖြည့်ကျင့်ခြင်း၊ အသခ်ျ ၄-မျိုး၊ လေးသခ်ျနှင့် ကမ္ဘာတစ်သိန်းရေတွက်ပုံ၊ ဘုရားလောင်း ၃-မျိုး၊ ပါရမီ ၁၀-ပါး အပြား (၃၀)၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယ ၃-ပါး၊ နှစ်ဆယ့်လေးဆူသော ဘုရားရှင်တို့ထံ ဗျာဒိတ်ခံယူခြင်း၊

အပိုင်း (၃)

ဒါနခန်း

ဒါနပြုနည်းများ၊ ဒါန၏ အကျိုးတရားများ၊ ပုဗ္ဗ မုဉ္ဇ အပရ စေတနာသုံးတန်အကြောင်း၊ ဒါနအမျိုးမျိုး၊ ဒါနကို ပြန်လည်ဆင်ခြင်အောက်မေ့ခြင်း စာဂါနုဿတိ၊ အလှူခံပုဂ္ဂိုလ်ရွေးချယ်နည်း၊ ဗုဒ္ဓလက်ထက်တော်က အလှူဒါယကာ၊ အလှူဒါယိကာမများအကြောင်း။

အပိုင်း (၄)

သီလခန်း

သီလအဓိပ္ပာယ်နှင့် သီလ၏ အကျိုးတရားများ၊ သီလ ခံယူဆောက်တည်နည်းများ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ အာဇီဝဋ္ဌမက သီလ၊ ဥပုသ်စောင့်ပုံ အစီအစဉ်၊ စာရိတ္တသီလနှင့် ဝါရိတ္တသီလ စသော သီလအမျိုးမျိုး။

အဝိုင်း (၅)

သမာဓိခန်း

သမာဓိထူထောင်နည်း၊ စျာန်သမာဓိများ၊ ဥပစာရသမာဓိ၊ ရူပစျာန်သမာဓိ၊ အရူပစျာန်သမာဓိ၊ကဘိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ အနုဿတိ(၁၀)ပါး စသော သမထကမ္မဋ္ဌာန်း(၄၀) ပွားများ အားထုတ်နည်းများ၊ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းဂန်လာ အားထုတ်နည်းများနှင့် အာစရိယဝါဒနည်းများ၊ စျာန်ဝင်စားနည်းများ။

အဝိုင်း (၆)

ပညာခန်း

သတိပဋ္ဌာန် (၄)ပါး သတိပဋ္ဌာန် အားထုတ်နည်းများ၊ ခန္ဓာ အာယတန ဓာတ် သစ္စာ တရားများ ရှင်းလင်းချက်၊ ပဋိစ္စသမုပ္ပါဒ်နည်း,ပဋ္ဌာန်းနည်းတို့ဖြင့် ကြောင်းကျိုးဆက်စပ်နည်း၊ အာသဝေါတရား၊ ဩဃတရား၊ ယောဂတရား၊ ဥပါဒါန် (၄)ပါး၊ အနုသယ (၇)ပါး၊ နီဝရဏ (၆)ပါး၊ သံယောဇဉ် (၁၀)ပါး၊ ကိလေသာ (၁၀)ပါး၊ သဏှတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ ဝိသုဒ္ဓိ(၇)ပါး၊ ဝိပဿနာဉာဏ်စဉ် (၁၀)ပါး၊ ဝိပဿနုပက္ကိလေသတရား (၁၀)ပါး၊ သမာပတ် (၈)ပါး၊ အဘိညာဉ် (၆)ပါး၊ ကိလေသာပယ်ခြင်း၊ အရိယာပုဂ္ဂိုလ်(၈)ယောက်၊မဂ်ဖိုလ်နိဗ္ဗာန်အဓိပ္ပာယ်ရှင်းလင်းချက်များ၊

အဝိုင်း (၇)

ဂါထာမန္တန်များ

"နမော တဿ" အန္တိရုယ်ကင်းဂါထာ၊ သဝေ မပါ ကိုးဂါထာ၊ "ဒိဝါ တပတိ"ဂါထာ၊ သမ္မုဒ္ဒေကပ်ကျော်မန္တန်တော်ကြီး၊ လာဘသိဒ္ဓိ ရှင်သိဝလိဂါထာ စသော ဗုဒ္ဓမန္တန်တော်များ။

နိဒါန်း

အဝိုင်း (၈)

အထွေထွေ

အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ စသော (၃၁)ဘုံ၌ သံသရာလည်ခြင်းနှင့် ဘဝကူးပုံများ၊ ကံ, ကံ၏အကျိုး၊ ကံအမျိုးမျိုး၊ သေခါနီး အာရုံနိမိတ်ထင်ပုံ၊ သေပြီးနောက် သုဂတိဘဝရောက်စေရန် လိုက်နာပြုကျင့်ဖွယ်မျာ့အကြောင်းကာသမူကဲ့များ၊ ပါဠိပါဠ်ဆင့် ရေးနည်းဖတ်နည်းများ။

အဝိုင်း (၉)

နက်နဲ ခက်ခဲသည့် ခက်ဆစ်ဝေါဟာရ ရှင်းလင်းချက်များ၊ မှတ်သားဖွယ် အကျဉ်းစုံများ။

ကျွန်ုပ်သည် ပိုလ်ချုပ်ကြီးချမှတ်ပေးသည့် မာတိကာခေါင်းစဉ်များအတိုင်း အချက်အလက်များ ရှာဖွေစုဆောင်းပေးရန် (၂၇-၇-၈၉)နေ့တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား တာဝန်များ ခွဲခြားသတ်မှတ်ပေးခဲ့ပါသည်-

အမည်	တာဝန်
(က) ဦးစိုးအောင် (သုကေသနမှူး)	ယုံကြည်ကိုးကွယ်ဆည်းကပ်မှု
(ခ) ဦးထွန်းရှေ (စာပေစိစစ်ရေးမှူး)	ဒါနခန်း
(ဂ) ဦးသိန်းအောင် (လက်တောက်ညွှန်ကြားရေးမှူး)	သီလခန်း
(ဃ) ဒေါ်ခင်နွဲဟန်ကြည် (လက်ထောက်ပေစာမှူး)	သမာဓိခန်း
(င) ဦးဝင်းအောင် (ကျမ်းပြုမှူး)	ပညာခန်း
(စ) ဦးအောင်သိန်းညွှန့် (သုတေသနမှူး)	အထွေထွေခန်း
(ဆ) ဦးလှဆန်းဝင်း (လက်ထောက်ကျမ်းပြုမှူး)	ပါဠိပါဠ်ဆင့်ဖတ်နည်းနှင့် ခက်ဆစ်ဝေါဟာရများ

ထိုကဲ့သို့ တာဝန်အသီးသီး ခွဲဝေပေးခဲ့ရာ (၃၀-၇-၉၀)နေ့တွင် လိုအပ်သည့် အချက်အလက်များ စုံလင်စွာ စုဆောင်းပြုစု ရေးသားတင်ပြခဲ့ကြပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ စာမူများကို တင်ပြခဲ့ရာ တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခဲ့) ပညာရေးအဖွဲ့ငယ် ဆရာတော်များက စိစစ်ဝေဖန် တည်းဖြတ်၍ (၂၄-၈-၉၀) နေ့တွင် ပုံနှိပ် ထုတ်ဝေခွင့် ပြုခဲ့ပါသည်။

စာမူများကို အမှန်တကယ် စက်တင်ပုံနှိပ်သည့်အခါ အပိုင်း(၅)သမာဓိခန်းနှင့် အပိုင်း(၆) ပညာခန်းတို့ကို ဤကျမ်း (ပထမတွဲ)၌ မပြဘဲ ချန်လှပ်ခဲ့ရပါသည်။ အကြောင်းမှာ ယင်းအခန်းများသည် တစ်ကျမ်းတစ်ဖွဲ့ စီစဉ်မှုသာ ပြည့်စုံနိုင်ဖွယ်ရှိ၍ (ဒုတိယတွဲ)အဖြစ် ထုတ်ဝေရန် အစီအစဉ်ရှိသောကြောင့် ဖြစ်ပါသည်။

ကျမ်းပြုနည်း

သို့ရာတွင် ယင်းရှာဖွေ စုစည်းထားသော အချက်အလက်များမှာ ကုန်ကြမ်း သဘောမျှသာ ဖြစ်၍ အမှန်စင်စစ် ကျမ်းတစ်စောင် တစ်ဖွဲ့ ဖြစ်မလာနိုင်သေးပါ။ ယင်းကုန်ကြမ်းအတိုင်း ပုံနှိပ်ထုတ်ဝေလိုက်ပါက ရွေ့စကား နောက်စကား အကြောင်းအကျိုး ဆက်စပ်မှု မရှိ၊ ကပေါက်တိကပေါက်ချာ အစီအစဉ် မကျသဖြင့် စာဖတ်ပရိသတ်မှာ နားမလည်ဘဲ မျက်စိလည်သွားပေ လိမ့်မည်။ အကြောင်းအကျိုးဆီလျော်၍ ရွေ့နောက် အဆီအငေါ်တည့်စေရန် ရှာဖွေစုဆောင်း ရရှိထားသည့် အချက်အလက်များကို အခန်းကဏ္ဍအလိုက် မျိုးတူရာ တစ်သန့်စီ တစ်သန့်စီ ရွေးထုတ်ရသည်။ မိမိရေးသားတော့မည့် အခန်း ကဏ္ဍအတွက် မျိုးတူရာ အချက်အလက်များကို အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အလှန်လှန် စဉ်းစားကြံစည် တွေးတော၍ စိတ်ကူးဖြင့် အစမ်းရေးရသည်။ ဤသို့ နိဒါန်းအစချီ၍ ဤသို့ နိဂုံးအုပ်မည်၊ အလယ်တွင် ဤသို့ ဝမ်းစာရိုက်မည်၊ ဤဥပမာ ဝတ္ထုကြောင်းကို ဤသို့ တန်ဆာဆင် ထည့်သွင်း အသုံးပြုမည် စသည်ဖြင့် ဇာတ်ကွက်ရိုက် ပုံကြမ်းလောင်းရသည်။ ထို့နောက် အဓိပ္ပါယ် ရှင်းလင်းလွယ်ကူသည့် ဝေါဟာရ၊ ပေါ်လွင်ထင်ရှားသည့် ဝေါဟာရ၊ သိမ်မွေ့ နက်နဲသည့် ဝေါဟာရ၊ ပြောင်မြောက်သည့် ဝေါဟာရ စသည်ဖြင့် လိုအပ်သည့် နေရာ၌ လိုအပ်သလို သုံးနှုန်းဖွဲ့ဆိုနိုင်ရန် ဝေါဟာရ စကားလုံးများ အဆင်သင့် စိစစ်ရွေးချယ်ရပါသည်။

ထိုကဲ့သို့ မိမိစိတ်ကြိုက် ဆရာအနေအားလုံး ပြည့်စုံလာသော အခါ စျာန်ဝင်၍ ရေးသားနိုင်ပါပြီ။

နောက်ဆုံးအခက်အခဲ

နောက်ဆုံး တွေ့ရှိရသည့်အခက်အခဲမှာ စာရေးရန် စျာန်ဝင်ခြင်းဖြစ်သည်။ ဤအခက်အခဲကို စာရေးဖူးသူတို့သာလျှင် နားလည်နိုင်ပေမည်။ ရေးရင်း ရေးရင်းနှင့် ကလောင်ကို မနိုင် ဘေးချော်သွားတတ်သည်။ နှုတ်ခမ်းသင်္ဂြိ မရှိ အိုင်သွား တတ်သည်၊ လိုအပ်သလောက် အတိုင်းအတာဖြင့် ကျစ်လျစ်စွာ ရေးသားဖွဲ့ဆို နိုင်ဖို့ လိုပါသည်။ စာရေးသူ၏ မနောအာရုံတွင် အကြောင်းအရာ အချက်အလက်များ စည်းစည်းလုံးလုံးမရှိ၊ တောင်က တစ်စထွက်လာ၊ မြောက်က တစ်စထွက်လာ၊ စာပေါင်းသိုက်ကဲ့သို့ ရှုပ်ထွေးပွေလီစွာ ဘယ်က စ၍ ဘယ်ဆုံးရမည်မသိ ဖြစ်နေတတ်သည်။ ထို့ကြောင့် စာရေးသူသည် မိမိရေးသားမည့် အကြောင်းအရာကို အကြိမ်ကြိမ် အဖန်ဖန် ကြံစည်စဉ်းစား ဝေဖန်သုံးသပ်၍ နှစ်ခြိုက်လာသည့်အခါ ကြည်လင်သော မနောဓာတ်မှ စကားလုံး အချက်အလက်နှင့် ဝါကျအဖွဲ့အနွဲ့များ လှုံ့တက် အာနိသင်ထက်လာတတ်သည်။ ထိုအချိန်အခါမျိုးတွင် စာရွက်ပေါ် ကလောင်သွား တင်လိုက်ရုံမျှဖြင့် စာကြောင်းများ မရပ်မနား ပေါ်ထွက်လာတတ်သည်။ စာရေးသူသည် အရသာရှိရှိ မြိန်ရှက်စွာ ရေးလိုက်ရ၍ စာဖတ်သူမှာလည်း ယင်းစာမျိုးကို ဖတ်လိုက်ရသည့်အခါ အရသာတွေ့နေ၍ လက်မလွှတ်နိုင်၊ တပင်တပန်း ကြိုးစားဖတ်မနေရတော့ဘဲ စာကြောင်းများက မျက်စိကို ဆွဲခေါ်သွားတော့သည်။ မဆုံးမချင်း စာအုပ်ကို မလွှတ်မျင် ဖြစ်သွားတော့သည်။ ထို့ကြောင့် စာရေးသူက စျာန်ဝင်ပြီး ရေးလျှင် စာဖတ်သူမှာလည်း စျာန်ဝင်သွားတော့သည်။ ဤသို့ စျာန်ဝင်နိုင်ရန် စာရေးသူ၏ စိတ်ပိုင်းဆိုင်ရာအခြေအနေနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေများကို ပြုပြင်ဖန်တီး ပြောင်းလဲယူရသည်မှာ အခက်ဆုံး ဖြစ်ပါသည်။

စိတ်ပါမှ ကောင်းမည်

ဘာကိုပဲ လုပ်လုပ် စိတ်ပါလက်ပါလုပ်မှ ကောင်းသည်၊ စာပေကျမ်းဂန် ရေးသားပြုစုသည့် လုပ်ငန်းကြီးများကို မဆိုထားဘိ နေ့စဉ် ချက်ပြုတ်နေသည့် ဟင်းလျာတစ်ခွက်သည်ပင် အရသာရှိသော ဟင်းတစ်ခွက် ဖြစ်လာရန် မလွယ်ကူချေ၊ ဆီ ဆား ငရုတ် ကြက်သွန် အဆာပလာ မည်မျှ စုံလင်ပါစေ၊ စိတ်မပါဘဲ ချက်လျှင် ရေလုံပြုတ်သာ ဖြ[illegible]သည်။ [illegible]ကြက်သွန်အရသာက တခြား၊ ဆား[illegible]က တခြား၊ အသားငါးအရသာက တခြား အရသာများ တခြားစီ ပေါ်နေသော ဟင်းသည် ဟင်းကောင်း တစ်ခွက်ဟု မဆိုနိုင်၊ ငရုတ် ဆီ ဆား ကြက်သွန် သား ငါး အရသာ အားလုံးသည် ခွဲခြားရှိပရ၊ [illegible]တည်းအဖြစ် စုစည်းထွက်ပေါ်လာမှ သာလျှင် ဟင်းကောင်းတစ်ခွ[illegible] ဖြစ်နိုင်[illegible]ည်။ ထို့ကဲ့သို့ ဟင်းကောင်း

တစ်ခုက် ဖြစ်လာစေရန် အိမ်ရှင်မသည် ငရုတ်သီး ထောင်းခြင်း၊ ကြက်သွန်လှီးခြင်း၊ အသား ငါးခုတ်ခြင်း၊ နယ်ခြင်း၊ မီးအလျှော့အတင်း စသည်ဖြင့် အစမှ အဆုံးတိုင် စိတ်ပါဝင်စားစွာ ချက်မှသာလျှင် ဟင်းကောင်းတစ်ခုက် ဖြစ်လာနိုင်မည်။ သို့ရာတွင် မည်မျှ ဟင်းချက်ကောင်းသော အိမ်ရှင်မပင်ဖြစ်ပါစေ ဂုဏ်ခါလက်ရာကျ၍ ရှော်ရှတ်ကြီး ဖြစ်သွားတတ်သည်ကို သူတို့ကိုယ်တိုင် သိကြသည်။ ထို့ကြောင့် ဟင်းကောင်းတစ်ခုက်ဖြစ်ပေါ် လာရန် ကိစ္စမှာပင် စျာန်ဝင်ဖို့လိုအပ်ကြောင်း ဝေငှာရပေသည်။ စာဖပကျမ်းဂန် ရေးသားပြုစုရာ၌ စျာန်ဝင်မှုကိစ္စသည် မည်မျှ အရေးကြီးသည်ကို ဖော်ပြရန် လိုမည်မထင်တော့ချေ။

ကြာညောင်း၍ အခါနှောင်းရခြင်း

ဤဗုဒ္ဓဘာသာလက်စွဲကျမ်းကို ရေးသားပြုစုရာ၌ ဤမျှအချိန်ကြာညောင်းခဲ့ရခြင်းမှာ သတ်မှတ်ပေးထားသည့် အရည်အချင်းမျှားနှင့် ပြည့်မီစေရန် ကြိုးပမ်းအားထုတ်နေခဲ့ရမှုကြောင့် ဖြစ်ပေသည်။ ကုန်ကြမ်းအတိုင်းစုဆောင်း ပုံနှိပ်လိုက်ပါက သုံးလေးလဖြင့် ပြီးနိုင်ပါသည်။ သို့သော် ဖတ်မည့်သူ ရှိမည်မဟုတ်ချေ၊ လိုချင်သည့် အရည်အသွေးမှာ လွယ်ကူရမည်၊ ရှင်းလင်းရမည်၊ စုံလင်ရမည်၊ ရှေ့နောက် အကြောင်းအကျိုး ဆီလျော်၍ အဆီအငေါ်တည့်ရမည်၊ စာဖတ်သူအား ဆွဲဆောင်နိုင်ရမည်။ ဤအရည်အသွေးမျှား ပြည့်မီစေရန် ကျွန်ုပ်က တာဝန်ခံရသည်။ ထိုသို့ တာဝန်ခံဖြစ်သည့်အလျောက် စာမူကြမ်းမျှားကို တည်းဖြတ်ရသည်၊ ပြင်ဆင် ရေးသားရသည်၊ ပင်မရုံးလုပ်ငန်း တာဝန်မျှား လေးလံစွာ ဖိစီးခြင်းခံနေရသဖြင့် မျှားသောအားဖြင့် ညကိုးနာရီ နောက်ပိုင်းမှအချိန်ယူ ရေးသားရသည်။ နေ့လယ်နေ့ခင်းတွင် ပုံနှိပ်စာမူပရူဖတ်ခြင်း၊ ကျမ်းကိုး ကျမ်းကား ရှာဖွေခြင်း၊ ရုံးအမှုတဲ့မျှား လက်မှတ်ထိုးရခြင်း၊ အဆုံးအဖြတ်ပေးရခြင်း၊ တံခါးမရှိ ဓားမရှိ တရုတ်ဝင်လာနေသော ဘုန်းကြီးည့်သည် လူည့်သည်မျှားကို လက်ခံတွေ့ဆုံရခြင်းမျှား၏ကြားကာလ အချိန်တိုမျှားအတွင်း၌ ကြားညှပ် ဆောင်ရွက်ရတော့သည်။ ရံခါ စာရေးရန် ကုန်ကြမ်းဖြစ်သောအချက်အလက်မျှားသည် အစီအစဉ်တကျ ဖြစ်သွားကာ ရေအိုး တစ်ခုအဟွင်း၌ အနယ်ထိုင်နေသော အခါ ရေကြည်လင်လာသကဲ့သို့ ဦးကျောက်ကြည်လင်လာသည်၊ ဉာဏ်ရှင်လာသည်။ ယင်းကဲ့သို့ အချိန်မျိုးတွင် အာဂန္တုည့်သည်မျှား ဝင်ရောက်လာမျှ သူတို့ပြဿနာကို ဇွတ်အတင်းတင်ပြ ပြောဆိုလာသောအခါ အနယ်အမှုန်မျှား ထလာပြီး ရေကြည်မှ ရေနောက်ဖြစ်သွားသကဲ့သို့ ခေါင်းနောက်သွားတော့သည်၊ ရေးစရာအချက်အလက်မျှား ဖရိုဖရဲဖြစ်ကုန်တော့သည်၊ တဖန် ပြန်လည်၍ စျာန်ဝင်လာအောင် အချိန်ယူရပေဦးမည်။

စာရေးဃူအနေဖြင့် စာရေးသားရန် အချက်အလက်များလည်း စုံလင်နေပါ၍ပြီ၊ ရေးလည်း ရေးတတ်ပါသည်၊ ရေးလည်းရေးနိုင်ပါသည်။ သို့ဆိုတွင်ရေးရန် အချိန်ကို ရှာ၍မရနိုင်ခြေ၊ သံဃာ့အစည်းအဝေးပွဲကြီးများ၊ နှစ်ပတ်လည်အစည်းအဝေး၊ လေးလပတ် အစည်းအဝေး၊ ခုနစ်ရက်တစ်ပတ် အစည်းအဝေးများ၊ ပရိယတ္တိစာမေးပွဲများနှင့်စာအောင်ဆုနှင်းသဘင်များ၊ဘွဲ့တံဆိပ်ဆင်ကင်ပွဲများ၊ ဘက်စုံမှမ်းမံပြုပြင်တည်ဆောက်မှုများစသည်ဖြင့် ဒေါင်ချာစိုင်းအောင် ရေရော နောက်ရော အောက်ခြေရော အပေါ်ပိုင်းပါ ပြေးလိုက် လွှားလိုက် တက်လိုက် ဆင်းလိုက် တာဝန်များ ထမ်းဆောင်ရင်း ရေးသားရသည့် ကျွမ်းစာ ဖြစ်၍ ဤကျမ်းစာ အချို့အစိတ်အပိုင်းတွင် ဗျာများနေသည့်ဟန်၊ တက်သုတ်ရိုက်ထားသည့်ဟန်များ တွေ့ရှိရပေမည်။ ဤကဲ့သို့ တွေ့ရှိရပါက စာရေးသူအား ခွင့်လွှတ်သည်းခံကြပါရန်နှင့် နောက်တစ်ကြိမ် ပြန်လည်ပုံနှိပ်သည့်အခါ ပြုပြင်နိုင်ရန် ဝေဖန်ထောက်ပြကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမှန်စင်စစ်အားဖြင့် ဤဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ) စာမူပြုစုရန် ပညာရှင်များအား မာတိကာခေါင်းစဉ်အသီးသီးပေး၍ တာဝန်ခွဲဝေချမှတ်ခဲ့သော်လည်း ကျွန်ုပ်ကိုယ်တိုင် လက်တွေ့အခြေခံရေးသားရာ၌မူ အောက်ပါပညာရှင်များ၏ အကူအညီကိုသာ ရယူခဲ့ပါသည်—

(၁) ဦးဝင်းအောင် (ကျမ်းပြုမူး)
(၂) ဦးသိန်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး)
(၃) ဦးတင်လှိုင် (စာပြင်မှူးချုပ်)
(၄) ဦးထွန်းရွှေ (စာပေစိစစ်ရေးမှူး)
(၅) ဦးလှဆန်းဝင်း (ဒုတိယကျမ်းပြုမှူး)

ကျွန်ုပ်သည် စာမျက်နှာ(၂၀၀)ကျော်ရှိ ဗုဒ္ဓဂါယာစာအုပ်ကို ၁၀-ရက်ဖြင့် အပြီးရေးခဲ့ဖူးပါသည်၊ စာမျက်နှာ(၇၀၀)ရှိ ဗုဒ္ဓသာသနာတော် ၂၅၀၀-ခရီး စာအုပ်ကို ၂-လဖြင့် အပြီး ရေးခဲ့ဖူးပါသည်၊ ဤဗုဒ္ဓဘာသာလက်စွဲကျမ်း ရေးသားသည့် အခါကမှ ၂-နှစ်ကျော် ကြာခဲ့ရသည့်အတွက် မိမိကိုယ် မိမိ ဇာပြစ်တင်မဆုံး ဖြစ်မိပါသည်။ ထိုကမ်းများ ရေးစဉ်က ညှ နှားရီပြုန် (၂)ချက်ထိ အချက်အလက် ရှာဖွေဖတ်ရှု ရေးသားခဲ့သည်။ ကိုယ်တိုင် လက်ရေးဖြင့် ရေးသားနိုင်၍ တစ်ညအတွင်း စာမျက်နှာ လေးငါးဆယ် ရေးနိုင်ခဲ့သည်။ ယခုအချိန်တွင်မူ ကျွန်ုပ်မှာ အသက် ၆၀-အရွယ်ဖြစ်၍ စိတ်သွားတိုင်း ကိုယ်မပါ လက်ချောင်းများမှာ လေးလံပြီး ဒရွတ်ဆွဲနေပြီ ဖြစ်၍

ကိုယ်တိုင်မရေးနိုင်ဘဲ နှုတ်တိုက်ချပေးပြီး ဇနီးတလှည့် သမီးတယှည့် လိုက်ဂရုနိုင်ရသည်။ တစ်ည (၁၀)မျက်နှာ ရအောင် မနည်းကြိုးစားရတော့သည်။ ဆို့ကြောင့် အချက်အလက် စုဆောင်းမှုကို (၁)နှစ်၊ အချောပြုပြင် မှုမ်းမံတန်ဆာဆင်ရေးသားမှုကို (၁)နှစ်အချိန်ယူ ဆောင်ရွက်ခဲ့ရသည်။ ဤကျမ်းစာသည် စိတ်မပါဘဲ ချက်ထားသည့် ရေလုံပြုတ်ဟင်းလား၊ စိတ်ထည့်ပြီးချက်ထားသည့် ဟင်းကောင်းတစ်ခွက်လား ဖတ်ရှုရှု အကဲဖြတ်နိုင်ရန် ဤဗုဒ္ဓဘာသာလက်စွဲကျမ်း(ပထမတွဲ)ကို စာဖတ်ပရိသတ်လက်သို့ ဒေါ်လိုက်ပါပြီ။(ဒုတိယတွဲ) ကိုလည်း မကြာမီ ထုတ်ဝေနိုင်ရန် ဆက်လက် ပြုစုလျက် ရှိပါသည်။

စာရေးသူ၏ ဆန္ဒမွန်

ဤကျမ်းစာဖြင့် နိုင်ငံတော် အကြီးအကဲများအား ဂါရဝပြုပူဇော်ကန်တော့ပါသည်၊ ဆာမိုမြန်မာနိုင်ငံတော်အား ဗုဒ္ဓယဉ်ကျေးမှု လှုမ်းမိုးပါစေသောဟု ဆန္ဒပြုပါသည်။

ကျေးဇူးတင်လွှာ

ဤဗုဒ္ဓဘာသာလက်စွဲကျမ်းကို ပါဝင်ရေးသားပြုစုကြသည့်အထက်ဖော်ပြပါ ကျမ်းပြု သုတေသီပညာရှင်များအား လည်းကောင်း၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် စာစီ စာပြင် စက်ရိုက် စာအုပ်ချုပ် ဝန်ထမ်းများအား လည်းကောင်း၊ အပက်ဖက်မှ အကူအညီပေးကြသည့် သုတေသနမှူး ဦးဘစိန်၊ လက်ထောက် သုတေသနမှူး ဦးမြင့်နိုင်နှင့် လက်နှိပ်စက် ဝန်ထမ်းများအား လည်းကောင်း၊ ကျန်ပ်က နှုတ်တိုက်ချပေးသည်ကို ရေးသားပေးကြသည့် ဇနီးဖြစ်သူ ဒေါ်တင်တင်ဝေ၊ သမီးဖြစ်သူ မမေသက်ထွန်း၊ မစုစုတင်၊ မခင်ဆွေတင့်တို့အား လည်းကောင်း ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်အံ့

မဟာဝိဇ္ဇာ (ဘုံဘေ)

၁၃၅၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်။

၁၉၉၁-ခုနှစ်၊ အောက်တိုဘာလ (၉)ရက်။

တောင်းပန်လွှာ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယညွှန်ကြား၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေက သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား-

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် မွေးသည်မှ သေသည်အထိ ဗုဒ္ဓဘာသာနှင့် စပ်၍ ကျွင့်ကြံ လိုက်နာ ပွားများရမည့် အချက်များကို တစ်ကျမ်းတစ်ဖွဲ့တည်းဖြင့် အပြည့်အစုံ ပါဝင်အောင် ရေးသားပြုစုရန် တာဝန်ပေးကြောင်း သိရှိရပါသည်။

ယင်းတာဝန်ပေးချက်အရ ညွှန်ကြားရေးမှူးချုပ် ဆရာဦးအံ့မောင်သည် ဤကျမ်းနိဒါန်းတွင် ဖော်ပြထားသော ပညာရှင်ဝန်ထမ်းများအား ခေါ်ယူတွေ့ဆုံပြီး ဗုဒ္ဓဘာသာလက်စွဲကျမ်းကြီး ရေးသားပြုစုရေးအတွက် အပိုင်းကဏ္ဍအလိုက် အချက်အလက်များ စုဆောင်းတင်ပြကြရန် အသီးသီး တာဝန်ပေးအပ်ခဲ့ပါသည်။

ပညာရှင်များသည် မိမိတို့တာဝန်ကျရာ အပိုင်းကဏ္ဍအလိုက် အချက်အလက်များ စုဆောင်းပြီး ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြကြရပါသည်။ ညွှန်ကြားရေးမှူးချုပ်က အခ့ါအပိုင်းများကို ပြန်လည်ပြင်ဆင်ရေးသား၍ အခ့ါအပိုင်းများကို အနည်းငယ်မျှ ပြင်ဆင်မွမ်းမံပြီး ကျမ်းစာမူကို ပုံနှိပ်ရန်ဆက်စက် စာပြင်မှူးချုပ်အား တာဝန်ပေးခဲ့ပါသည်။

စာပြင်မှူးချုပ်သည် ကျမ်းစာအုပ်ကောင်း တစ်အုပ်ဖြစ်ရန် အင်္ဂါညီညွတ်ရေးအတွက် ရရှိသော စာမူများကို ပထမဦးစွာ စာမူကြမ်း ပြင်ဆင်ပါသည်။ ထို့နောက် စာစီစေပြီး ပထမဂယ်လီ ဒုတိယဂယ်လီမှ စ၍ ဒုတိယဖောင်အထိ အဆင့်ဆင့် ဖတ်ရှုပြင်ဆင်၍ တတိယဖောင်ကို ရိုက်မိန့်အတည်ပြုနိုင်ရန် ညွှန်ကြားရေးမှူးချုပ်အား တင်ပြခဲ့ပါသည်။ စာပြုသူ ပညာရှင်များလည်း အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုပြင်ဆင်ကြပါသည်။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ဖြစ်ပေါ်လာရေးအတွက် ပုံနှိပ်ရန် တာဝန် ယူထားရသော စာပြင်မှူးချုပ်အနေဖြင့် ယင်းကျမ်းစာ၏ စာမူနှင့် စာဖောင်ကိစ္စ စာပေရေးဆွဲကိစ္စများကို ညွှန်ကြားရေးမှူးချုပ်ထံ နေ့စဉ် သွားရောက်၍

တင်ပြ အစီရင်ခံရပါသည်။ တခါတရံ ညွှန်ကြားရေးမှူးချုပ်မှာ ရုံးလုပ်ငန်းများအပြင် အာဂန္တုံသည်များဖြင့် မအားလပ်၍ အခွင့်မသာသည့် အခါမျိုးတွင် ရုံးချိန်ကုန်သည်အထိ စောင့်ဆိုင်းရကတ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်အနေဖြင့်လည်း ရုံးချိန်ဟူ၍လည်းကောင်း၊ ရုံးချိန်ပြင်ပဟူ၍လည်းကောင်း၊ အချိန်အပိုင်းအခြား မထားဘဲ လက်ခံတွေ့ဆုံ၍ စာခပရေးထု တင်ပြအစီရင်ခံချက်များကို နားထောင်ကာ ညွှ (ဂ)နာရီအထိ ထိုနေကိစ္စကို ထိုနေ့ပင် အပြီးရှင်းလင်းပေးတတ်ပါသည်။ စာပေပညာရှင်များ စုစည်းတင်ပြသည့် အချက်များကို ညွှန်ကြားရေးမှူးချုပ်အနေဖြင့် တိုက်ရိုက်သုံး၍ ရသည့် အချိုအပိုင်းများကို တိုက်ရိုက် အသုံးပြုပြီး အချိုအပိုင်းများကိုမူ စုဆောင်းထားသည့် အချက်အလက်များအပေါ် မူတည်၍ ကိုယ်တိုင် အဓျောပြန်လည် ရေးသားသည်လည်း ရှိပါသည်။

ညွှန်ကြားရေးမှူးချုပ်သည့် များပြားလှသော တာဝန်များကြားမှ အပိုင်းအားဖြင့် (၇)ပိုင်း၊ အခန်းကဏ္ဍအားဖြင့် (၂၇)ခန်း စာမျက်နှာအားဖြင့် (ဂဝ၆)ရှိသော ကျမ်းစာအုပ်ကြီး တစ်အုပ်အဖြစ် ရောက်ရှိအောင် ဦးစီးခေါင်းဆောင် ကြပ်မတ် ဆောင်ရွက်ပေးနိုင်သည်မှာ အပြောလွယ် သလောက် လက်တွေ့အားဖြင့် မလွယ်ကူလှပါ။ ညွှန်ကြားရေးမှူးချုပ်သည် ရရှိသော အချိန်ကို အနားမပေးဘဲ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ် ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ကျမ်းစာတစ်စောင်တစ်ဖဲ့ ပြီးမြောက်အောင်မြင် ခဲ့ခြင်းအပေါ် နှစ်ထောင်းအားရ ရှိလှပါတော့သည်။

ဤမျှလောက် အသုပ်တာဝန်တွေ ရှုတ်ယှက်ခတ် များပြားနေသည့် အကြားမှ ရေးသားပြုစုရသော ကျမ်းစာမှာ တူတူတန်တန် ဖြစ်လာမည် မဆင်ခဲ့ပါ။ သို့ရာတွင် ပုံနှိပ်ပြီးစာမူများကို အစအဆုံး ပြန်လည် ဖတ်ကြည့်ရာ မှတ်သားဖွယ်ရာ အချက်အလက်ကလည်း စုံလင်သည့်အပြင် အရေးအသား အဖွဲ့အနွဲ့ကလည်း လှယ်ကူ ရှင်းလင်းပေါ် လွင်ထင်ရှားသည်။ အစီအစဉ် အဆီအဆင်ေ တည့်၍မဆုံးမချင်းလက်မှ ချ၍ မရသော စာအုပ်ကောင်းတစ်အုပ် ဖြစ်နေသည်ကို တွေ့ရ၍ ဝမ်းသာမဆုံး ဖြစ်မိပါသည်။

ယခုအခါ စာရှုသူ ဓမ္မမိတ်ဆွေ၏ လက်ဝယ်သို့ ဤကျမ်းစာအုပ် (ပထမတွဲ) ကို အဓရောက်ပို့နိုင်ခဲ့ပြီ ဖြစ်ပါသည်၊ ဤကျမ်းစာအုပ်၌ ပါရှိသော အချက်အလက်နှင့် အကိုးအကားများတွင် သတိပေါ့ကင်း ချုတ်ယွင်းမှု တစုံတရာ ပါရှိကောင်း ပါမှိနိုင်ပါသည်၊ ယင်းချုတ်ယွင်းမှုများမှာ ကျွန်ုပ်တို့ စာပြုအဖွဲ့နှင့် စာပြင်မှုးချုပ်တို့၏ သတိပေါ့လျော့မှုသာ ဖြစ်ပြီး ကျွန်ုပ်တို့မှာလည်း သီးသန့် အချိန်မရရှိဘဲ ပုံမှန်ရုံးလုပ်ငန်းများကြားမှ ရှာဖွေစုဆောင်း ပြုစုခဲ့ရသဖြင့်

ကျွန်ုပ်တို့အား မေတ္တာ စေတနာ ကရုဏာရှေ့ထား၍ ခွင့်လွှတ်ကြစေလိုပါသည်။ အကယ်၍ ထိုချွတ်ယွင်းချက်များကို ထောက်ပြ အကြံဉာဏ်ပေးမည်ဆိုပါက နောက်တစ်ကြိမ် ပြန်လည်ရိုက်နှိပ်သည့်အခါ အတိုးအပြင်ဆင်နိုင်မည် ဖြစ်သဖြင့် ကျေးဇူးအထူးတင်ရှိနေမည် ဖြစ်ပါကြောင်းဖြင့် ကျွန်ုပ်၏ တောင်းပန်လွှာကို နိဂုံးချုပ်အပ်ပါသတည်း။

စမ္ဘာစရိယ ဦးထင်ဇိုင်

ဝဏ္ဏမှူးချုပ်

၉-၁၀-၉၁

ဗုဒ္ဓဘာသာလက်စွဲကျမ်း

မာတိကာ

ဘဝကြောင်းထထွာ — စာမျက်နှာ

အခြင်း (၁)

ကဏ္ဍ (၁)

မိဘတာဝန်

သဒ္ဓာကံတည်စေ ပဋိသန္ဓေမှ ၁

စိန့ပြုစု ကလေးဘဝမှ ၄

ကင်ပွန်းတပ်ခြင်း ၅

ဘဝနာအစ ကလေးဘဝ ၆

ယုံကြည်မှု၏ အခြေခံအုတ်မြစ် ၇

(က) သုံးနှစ်အရွယ် ၁၀

(ခ) ငါးနှစ်အရွယ် ၁၁

(ဂ) ခုနစ်နှစ်အရွယ် ၁၁

(ဃ) ကိုးနှစ်အရွယ် ၁၁

(င) တစ်ဆယ့်ငါးနှစ်အရွယ် ၁၂

(စ) နှစ်ဆယ်အရွယ် ၁၂

ဘာခန်း (၂)

ကိုးကွယ်မှုကတ္တာ

နေထူပြင့် အရိုးအသေပြုခြင်း ၁၄
ဝတ်စားဆင်ယင်မှုဖြင့် အရိုအသေပြုခြင်း ၁၅
ကိုယ်ဟန်အနေအထားဖြင့် အရိုအသေပြုခြင်း ၁၆
ရှိခိုးဦးချခြင်း ၁၇
တည်ခြင်းငါးပါး ဒုတိယနည်း ၁၉
တည်ခြင်းငါးပါး တတိယနည်း.... .... ၁၉
ရပ်လျက် ရှိခိုးခြင်း ၂၀
ဓမ္မတာနှာ ပဓာန ၂၀

အခန်း (၃)

ဝတ်တက်ဝတ်ကပ် အရက်ရန်

ရတနာသုံးပါးကို ရှိခိုးခြင်း ၂၁
ကန်တော့ခန်း ၂၁
ဆုတောင်း ၂၁
သရဏဂုံနှင့် ငါးပါးသီလတောင်းခြင်း ၂၂
ဘုရားရှိခိုးခြင်း ၂၂
သရဏဂုံဆောက်တည်ခြင်း ၂၂
သရဏဂုံနှင့် ရှစ်ပါးသီလတောင်းခြင်း ၂၃
ငါးပါးသီလဆောက်တည်ခြင်း ၂၃
ရှစ်ပါးသီလဆောက်တည်ခြင်း ၂၃
သရဏဂုံနှင့် ကိုးပါးသီလတောင်းခြင်း ၂၄
ကိုးပါးသီလဆောက်တည်ခြင်း ၂၄
ဆွမ်းတော်ကပ် ၂၅
ရေချမ်းတော်ကပ် ၂၅
ပန်းတော်ကပ် ၂၆
ဆီမီးတော်ကပ်.... .... ၂၆
ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူပုံအကျဉ်း ၂၇
ဘုရားဂုဏ်တော်ကိုးပါး ၂၈

အကြောင်းအရာ				စာမျက်နှာ
တရားဂုဏ်တော်ခြောက်ပါး	....	....	....	၂၀
သံဃာဂုဏ်တော်ကိုးပါး	....	....	....	၂၀
မေတ္တာဘာဝနာပဉ်းမျိုးပုံ	....	....	....	၂၉
(က) ဒိသာဖရဏ မေတ္တာပဉ်းနည်း	.....	....		၂၉
(ခ) မေတ္တာသုတ်လာ မေတ္တာပဉ်းနည်း (၁၁)နည်း		....		၃၁
ရတနာမြတ်သုံးပါးတို့ကို ကျင့်ဝတ်ဖြင့် ပူဇော်နည်း			....	၃၂
ဆုတောင်းရန်	....	....	....	....	၃၃
အမျှဝေရန်	....	....	....	....	၃၃

အခန်း (၄)

အဓိပ္ပါယ်ရှင်းချက်များ

ကန်တော့ခန်း ရှင်းလင်းချက်	....	....	၃၅
သရဏဂုံနှင့် သီလတောင်းခံခြင်း ရှင်းလင်းချက်		....	၄၁
သရဏဂုံ ရှင်းလင်းချက်	....	....	....	၄၁
သရဏဂုံနှင့် သရဏဂုံတည်သူ		....	....	၄၁
သရဏဂုံဆောက်တည်ခြင်း	....	....	....	၄၁
လူ့သရဏဂုံနှင့် ရှင့်သရဏဂုံ		....	....	၄၁
သရဏဂုံပါဠိတော်အနက်	....	....	....	၄၂
သရဏဂုံဆောက်တည်နည်း ၄-မျိုး		....	....	၄၃
သရဏဂုံပျက်သော ရှိခိုးခြင်းနှင့် မပျက်သော ရှိခိုးခြင်း				....	၄၄
သရဏဂုံမြောက်မှု အလေးပြုဖွယ်		....	....	၄၅
သရဏဂုံအထပ်ထပ် ဆောက်တည်ခြင်း		....	....	၄၆
သရဏဂုံညစ်နွမ်းကြောင်းတရားများ		....	....	၄၇
ပျက်တတ်သော သရဏဂုံနှင့် မပျက်တတ်သော သရဏဂုံ				....	၄၈
သရဏဂုံပျက်မှုနှင့် အလောင်းကို သရဏဂုံတင်ခြင်း			....	၄၈
သရဏဂုံပုတီးစိပ်ခြင်း	....	....	....	၅၀
သရဏဂုံ တည်ခြင်းအကျိုးများ				....	၅၁
သာဓကဝတ္ထုများ	....	....	....	၅၂
သေသောက်ကြွေး "သရဏဥပါသကာ" အကြောင်း			....	၅၂
သရဏဂုံတည်သော အမျိုးသားတစ်ယောက်အကြောင်း			....	၅၄
တံငါသည် တစ်ဦးအကြောင်း	....	....	....	၅၅
သရဏဂုံမတည်က လူမမည်ခြင်းအကြောင်း	....	....	....	၅၇

အရှင်ကြောင်းလာဏ စာမျက်နှာ

အခန်း (၅)

ရတနာသုံးပါး ဂုဏ်တော်ဖွင့်

ဘုရားဂုဏ်တော်ကိုးပါး

(၁) အရဟံဂုဏ်တော် ၆၀
ပူဇော်အထူးကို ခံထိုက်၍ ပူဇော်ခဲ့ကြပုံမျှား ၆၃
ပူဇော်နည်း နှစ်မျိုးဖြင့် ပူဇော်ခြင်း ၆၄
သူတော်ကောင်းဖြစ်အောင် "အရဟံ" ဂုဏ်ကိုဆောင် ၆၅

(၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ၆၆
ဥယျံမံတရား ငါးပါး ၆၇
သိနိုင်ခဲသော အရာကို သိတော်မူခြင်း ၆၈
မေးသမျှကို မတွေးမဆ ဖြေဆိုဓတော်မူနိုင်ခြင်း ၆၉
သမ္ဗုဒ္ဓ ၇၀
သမ္မာဗုဒ္ဓ ၇၀
သမ္မာသမ္ဗုဒ္ဓ ၇၀
ရှင်သီဝလိမယ်တော် ဆင်ခြင်အောက်မေ့သည့်ဂုဏ်တော် ၇၁
ဉာဏ်ပညာကြီးသူဖြစ်အောင် "သမ္မာသမ္ဗုဒ္ဓ"
ဂုဏ်ကိုဆောင် ၇၂

(၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ၇၂
ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး ၇၃
စရဏတရား ၁၅-ပါး ၇၄
ဝိဇ္ဇာ, စရဏနှစ်ပါးနှင့် ပြည့်စုံတော်မူခြင်း ၇၅
အကြီးမားဆုံး ဝိဇ္ဇာနှင့် အမြင့်မြတ်ဆုံး
စရဏရှင် ဖြစ်တော်မူခြင်း ၇၆
ဆရာရော တပည့်ပါ ဝိဇ္ဇာ, စရဏနှင့် ပြည့်စုံတော်မူခြင်း ၇၆
အသိထောအကျင့်ပါ နှစ်ဖြာပြည့်အောင်
"ဝိဇ္ဇာစရဏသမ္ပန္န" ဂုဏ်ကိုဆောင် ၇၇

အခန်ကြောင်းအရာ

(၄) သုဂတဂုဏ်တော် ၂၂
စကားခြောက်ခွန်း ၂၂
စကားခြောက်ခွန်းမှတ်ဖွယ်လက်ံာ ၂၈
သူတပါးမနှစ်သက်သောစကားကို ဘုရားရှင်ပြောသလော ၂၉
ဗုဒ္ဓ၏ လမ်းစဉ်တော် ၃၁
သုဂတဂုဏ်တော်ကို အာရုံပြုကာ မနှောင့်ယှက်ဘဲ အမြဲကူညီပါ ၃၁

(၅) လောကဝိဒူဂုဏ်တော် ၃၃
သတ္တလောကကို သိတော်မူခြင်း ၃၄
ဩကာသလောကကို သိတော်မူခြင်း ၃၅
သခ်ါရလောကကို သိတော်မူခြင်း ၃၇
အများမသိသော်လည်း ဘုရားသိသည် ၃၉

(၆) အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော် ၃၉
ဆုံးမ၍ မရလျှင် သတ်ပစ်ခြင်း ၄၀
တုဖက်ကင်းအောင် ဆုံးမတော်မူနိုင်ခြင်းအကြောင်း ၄၁
ဘုရားရှင်၏အဆုံးအမကြောင့် ယဉ်ကျေးလိမ္မာပုံ သာဓကများ ၄၂
ယခုဘဝမှ စ၍ ပါရမီ ဖြည့်ဆည်း ၄၄

(၇) သတ္ထာဒေဝမနုဿာနံဂုဏ်တော် ၄၅
လောကီဆရာနှင့် လောကုတ္တရာဆရာ ၄၅
ဆရာချင်းမတူ ၄၆
ပညာချင်းခြားနား ၄၆
သင်ပြပုံချင်း ကွဲပြား ၄၆
ဘုရားရှင်သာ တို့ဆရာ ၄၇
တလောကလုံး၏ အကြီးအမှူး ဦးစီးခေါင်းဆောင် ၄၈
တရားမြင်မှ ဘုရားမြင်မည် ၄၈

(၈) ဗုဒ္ဓဂုဏ်တော် ၄၉
"ဗုဒ္ဓ" ဟူသော အမည်ကို ရတော်မူခြင်း ၁၀၁
သစ္စာလေးပါး အမှန်တရား ၁၀၁

(၁) ဒုက္ခသစ္စာ ၁၀၁

(၂) သမုဒယသစ္စာ ၁၀၂

ဆောင်းအရာ　　စာမျက်နှာ

(၃) နိဂရောဓသစ္စာ ၁၀၃
(၄) မဂ္ဂသစ္စာ ၁၀၄
မဂ္ဂင် ရှစ်ပါး ၁၀၅
ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု၍ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ရယူပါ ၁၀၈

(၉) ဘဂဝါဂုဏ်တော် ၁၀၉
ဘုန်းတော်ခြောက်ပါး ၁၀၉
(၁) ဣသရိယဘုန်းတော် ၁၁၀
ဣသရိယဘုန်းတော် ရှစ်ပါး ၁၁၀
(၂) ဓမ္မဘုန်းတော် ၁၁၂
(၃) ယသဘုန်းတော် ၁၁၂
(၄) သိရီဘုန်းတော် ၁၁၃
(၅) ကာမဘုန်းတော် ၁၁၄
(၆) ပယတ္တဘုန်းတော် ၁၁၅
အဆင်းရော အချင်းပါ ပြည့်စုံပါစေ ၁၁၅
ကမ္ဘာကုန်သော်လည်း မကုန်နိုင်သော ဂုဏ်တော်များ ၁၁၆
လက်တွေ့ဂုဏ်တော် ပွားများနည်း ၁၁၇
အတုမရှိသော ဘာဝနာ ၁၂၂
အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်နိုင်ခြင်း ၁၂၂
လက်ငင်းရနိုင်သောဂုဏ်တော်ပွားကျိုး ၁၂၃
ဂုဏ်တော်ပွားကျိုး ၁၇-မျိုး ၁၂၅
ဂုဏ်တော်အကျိုးရ သာဓကများ ၁၂၆
ဘုရားရှိခိုးကို ယောင်ယမ်းရွတ်ဆိုမိကာမျှဖြင့်
ဘီလူးဘေးမှ လွတ်ခဲ့ရသော မိစ္ဆာသူငယ်လေးအကြောင်း ၁၂၇
ဘုရားရှင်အား ကြည်ညိုကာမျှ စိတ်ကြောင့်
နတ်ပြည်ရောက်ရသော "မဋ္ဌကုဏ္ဍလီ" အကြောင်း ၁၂၉
ဂုဏ်တော်ပွား၍ မီးများကို ငြိမ်းစေခဲ့သော
မိဖုရားစောလုံအကြောင်း ၁၃၀

တရားဂုဏ်တော် ခြောက်ပါး

(၁) သွာက္ခာတ ဂုဏ်တော် ၁၃၃
ဆယ်ပါးသောတရား ၁၃၃
အစစ်အမှန်တရားတော် ၁၃၄
အကောင်းဆုံးတရား ဖြစ်တော်မူခြင်း ၁၃၄
ကြားနာရုံမျှဖြင့် အပူငြိ (အစ၏ ကောင်းခြင်း) ၁၃၆
ချီးမွမ်းသံမစဲ ချီးမွမ်းဆဲ ၁၃၇
ကျင့်လျှင် ချမ်းသာ(အလယ်၏ ကောင်းခြင်း) ၁၃၉
ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း (အဆုံး၏ ကောင်းခြင်း) ၁၄၂
အကြိတ်အနယ်ခံနိုင်သော တရားဖြစ်ခြင်း ၁၄၃

(၂) သန္ဒိဋ္ဌိကဂုဏ်တော် ၁၄၅
ကိုယ်တိုင်သိမြင်နိုင်သော တရားဖြစ်ခြင်း ၁၄၆
ကိုယ်တိုင်တရားမမြင်လျှင် တုရားရှင်အပေါ် သံသယဝင် ၁၄၇
တရားမြင်၍ တရားရှင်ဘုရားအပေါ် အကြွင်းမဲ့
ယုံကြည်လေးစားခြင်း ၁၄၈

(၃) အကာလိကဂုဏ်တော် ၁၄၉
အကောင်းဆုံး အကျိုးရ၍ အမြန်ဆုံး အကျိုးပေးသော
တရားတော် ၁၅၀
လက်ငင်း အကျိုးရနိုင်သော "အကာလိက" တရားများ ၁၅၁

(၄) ဟိပဿိက ဂုဏ်တော် ၁၅၁
တကယ်ရှိ၍ အဟုတ်စင်ကြယ်သောတရား ဖြစ်တော်မူခြင်း ၁၅၂
ဖိတ်ခေါ်တိုက်၍ ဖိတ်ခေါ်တော်မူခြင်း ၁၅၂
"ဟိပဿိက" ဂုဏ်ထူး ရာဂိုက်သော တရားများ ၁၅၄
ကိုးကွယ်ရာမှ ဘေးမဖြစ်အောင် သတိပြုသင့်ကြောင်း ၁၅၅

(၅) ဩပနေယျိက ဂုဏ်တော် ၁၅၆
စိတ်ထဲ၌ ကပ်၍ ဆောင်ထိုက်သော တရားဖြစ်ခြင်း ၁၅၆
အသက်ကို ပဓာနမထားဘဲ မင်္ဂလာတရားအလေးထား
ခဲ့သော တိဿမဏ္ဍဝ်အကြောင်း ၁၅၈
"ဩပနေယျိက" ဂုဏ်ထူး ရထိုက်သော တရားများ ၁၅၉

အခန်းအကြောင်းအရာ　　စာမျက်နှာ

(၄) ပစ္စတ္တံဝေဒိတပ္ပဂုဏ်တော် ၁၆၀
ကိုယ်ပိုင်အစစ်တရားတော် ဖြစ်ခြင်း ၁၆၁
အဖော်မလို တစ်ဦးချင်း ခံစားနိုင်　.... .... ၁၆၁
ကလေးများပင် တွေ့မြင်နိုင်သောတရား ၁၆၂
လှည့်စား၍ မရနိုင်တော့ခြင်း ၁၆၃
တရားအလှူ။ တရားပူဇော်နည်း ၁၆၅
တရားတော်ကို ဘုရားရှင်ကိုယ်တိုင် ပူဇော်တော်မူခဲ့ခြင်း ၁၆၂
ဘုရားရှင်ကိုယ်စား တရားတော်များအပေါ်
အလေးထား ပူဇော်သင့်ခြင်း.... .... ၁၆၈
တရားတော်၏ အကျိုးရ သာဓကများ ၁၇၀
တရားတော်အလှူ၏ မြင့်မြတ်ပုံအကြောင်း ၁၇၁
တရားတော်နာရ၍ သောကအပူမီးများ
ငြိမ်းပျောက်ရသော မင်းတစ်ပါး ၁၇၂
တရားတော်နာရ၍ နတ်သားဖြစ်ရသော
ဖားတစ်ကောင် အကြောင်း ၁၇၄

သံဃဂုဏ်တော်ကိုးပါး

(၁) သုပ္ပဋိပန္နဂုဏ်တော် ၁၇၆
ကောင်းစွာ ကျင့်တော်မူခြင်း ၁၇၇
ဘုရားရှင်၏ အမိန့်တော်ကို လွန်ဆန်တော်မမူခြင်း ၁၇၇

(၂) ဥဇုပ္ပဋိပန္နဂုဏ်တော် ၁၈၀
လမ်းဖြောင့်လမ်းမှန်အတိုင်း ကျင့်တော်မူခြင်း ၁၈၀
ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူခြင်း ၁၈၁
မရိုးမသား ကျင့်သူများအကြောင်း ၁၈၂
အိုးစရည်းရဟန္တာ ၁၈၃
ညောင်မြစ်ရဟန္တာ ၁၈၃
ဥဇုပ္ပဋိပန္နဂုဏ်ကို အာရုံပြုကာ ရိုးရိုးကျင့်သူဖြစ်ပါစေ ၁၈၄

မာတိကာ

ဇာတ်ကြောင်းအစဉ်

(၃) ဉာဏပ္ပဒီပနီကုဏ်တော် ၁၀၅
နိဗ္ဗာန်ရရေးကို ဦးစားပေးကျင့်တော်မူခြင်း ၁၀၅
နိဗ္ဗာန်ရလိုရေးကြောင့် မိုးဘေးကို မရှောင်
အလောင်ခံတော်မူခဲ့သော ရဟန်းတော်တစ်ပါး ၁၀၆
ဉာဏပ္ပဒီပနီကုဏ်တော်ကို အာရုံပြုကာ နိဗ္ဗာန်ကို
သိမြင်နိုင်အောင် ကြိုးစားပါ ၁၀၇

(၄) သာမီစိပ္ပဋိပန္နကုဏ်တော် ၁၀၇
ရှိသေလေးစားမှုနှင့် ထိုက်တန်အောင် ကျင့်တော်မူသော
"အယျမိတ္တမဟာထေရ်"အကြောင်း ၁၀၇
ဘာဝနာပဉ်း၍ ဆုမ်းကို အကျိုးရှိအောင်စားခြင်း ၁၀၉
"သာမီစိပ္ပဋိပန္နဂုဏ်တော်ကို အာရုံပြုကာ
ရှိသေစွာ ကျင့်ပါ ၁၉၀

(၅) အာဟုနေယျဂုဏ်တော် ၁၉၁
သာသနာပ ဒါနထက် သာသနာတွင်း ဒါနက
အဆရာလွန်ကဲ ၁၉၁
သမီးမရှိးဘဲ ဆုမ်းအလှူပေးခဲ့သော
"မဟာတိဿ"ထင်းရှောင်းသမားအကြောင်း ၁၉၂
ရပ်ဝေးမှရိက္ခာထုပ်ဖြင့် လာရောက်ဖူးမြော်ထိုက်ခြင်း ၁၉၃
ပညာရှိသူတော်စင်တို့၏ကုံးကို နှလုံးမူကာ ကြိုးစားပါ ၁၉၄

(၆) ပါဟုနေယျဂုဏ်တော် ၁၉၄
ဦးစားပေး ညှဉ်ဝတ်ပြုရမည့် ကမ္ဘာ့ညှဉ်သည်တော်ကြီးများ ၁၉၅
ရဟန်းသံဃာ အိမ်ကြွလာ များစွာလာဘ်ကောင်းမှုန် ၁၉၆
အရောဝင်လွန်းလျှင် မကောင်း ၁၉၇

(၇) ဒက္ခိဏေယျဂုဏ်တော် ၁၉၈
မြတ်သောအလှူကို ခံတော်မူထိုက်ခြင်း ၁၉၈
အတ္တကျိုးနှင့် ပရကျိုး အလှူနှစ်မျိုး ၁၉၉
ပေးကားပေး၏ မရဖြစ်ခြင်း ၂၀၁
အလှူရဲသော်လည်း မဲ့သူမရှိနိုင်ကြောင်း ၂၀၂

အကြောင်းအရာ　　စာမျက်နှာ

(၈) အဥ္ဇလီကရဏီယကုဏ်တော် ၂၀၃
ရှိခိုးခံထိုက်သူတို့အား ရှိခိုးခြင်း ၂၀၃
ရှိခိုးခံထိုက်သူ မဟုတ်ဘဲ ရှိခိုးခံခြင်း ၂၀၅
ရှိခိုးခြင်းကြောင့် လက်ငင်းရသော အကျိုးများ ၂၀၆

(၉) အနုတ္တရပုညက္ခေတ္တကုဏ်တော်.... .... ၂၀၈
လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူခြင်း ၂၀၈
ရှာဦးကျောင်းဘုန်းကြီးရှိ၍ အကျိုးရပုံအကြောင်း ၂၀၉
ညောင်စေ့လောက်လှုံ၍ ညောင်ပင်ကြီးလောက်အကျိုးရ ၂၁၀
ကျွန်ဘဝမှ လွတ်မြောက်၍ သေဋ္ဌေးဘဝရောက်လာသော
သေဋ္ဌေးကြီး ပုဏ္ဏအကြောင်း ၂၁၁
သံဃာ့ဂုဏ်တော်ကိုးပါးနှင့် လေးစုံ=ရှစ်ပါး
အရိယာသံဃာတော်များ ၂၁၂
မင်ပုဂ္ဂိုလ် ၄-မျိုးနှင့် ဖိုလ်ပုဂ္ဂိုလ် ၄-မျိုး ၂၁၂
ပရမတ္ထသံဃာနှင့် သမ္မုတိသံဃာ .... = ၂၁၃
ဘုရားရှင်ကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ ၂၁၄
သာသနာတော် အရှည်ခံ၍ တည်တံ့ရေးအတွက်
သံဃာတော်အား အလေးထားသင့်ပုံ ၂၁၆
ရတနာသုံးပါး ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်များကျိုး ၂၁၈

အခန်း (၆)

ဆုတောင်းခြင်းနှင့် အမျှဝေခြင်း

ဆုတောင်းခြင်းအကြောင်း ၂၂၁
သေသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေး၍
ရနိုင်ပါသလော ၂၂၂
တောင်းသောဆုနှင့် တန်အောင် ပြုရမည် ၂၂၃
ဘုရားမကြိုက်သည့် အဓိဋ္ဌာန်ဆုကို တောင်းခဲ့သော
လူသားစား ပေါရိုသာဒ ၂၂၅
ဘတပြန် ကျားတပြန် သတ်ရန် ဆုကိုတောင်းခဲ့ကြသော
မဃားကြီး မဃားငယ် ၂၂၆
ဆုတောင်းနှစ်မျိုး ၂၂၈

အကြောင်းအရာ စာမျက်နှာ

(၁) ဝဋ္ဋနိဿိတဆုတောင်း ၂၂ဂ

(၂) ဝိဝဋ္ဋနိဿိတဆုတောင်း ၂၂၉

ဝဋ္ဋ, ဝိဝဋ္ဋ နှစ်မျိုးရောဆုတောင်း ၂၃၀

ဝဋ္ဋ, ဝိဝဋ္ဋဆုတောင်း လက်ံာကြီး ၂၃၀

ဝဋ္ဋ, ဝိဝဋ္ဋ "သော"ငါးချက် ဆုတောင်း ၂၃၁

အမျှဝေခြင်းအကြောင်း ၂၃၃

အမျှရ၍ ပြိတ္တာဘဝမှ လွတ်မြောက်ကြရသော
ပြိတ္တာဒွေစ်သောင်းလေးထောင် ၂၃၄

ရေစက်ချခြင်းအကြောင်း ၂၃၆

မြန်မာသက်သက်ရေစက်ချစာတမ်း ၂၃၈

အပိုင်း (၂)

အခန်း (၇)

ဘုရားဖြစ်ရန် ပါရမီတော်ဖြည့်ကျင့်ခြင်း

အသခ်ေါနှစ်ဆယ် ၂၄၁

၁။ ဂဏနအသခ်ေါ ၂၄၂

၂။ အနုမာနအသခ်ေါ ၂၄၂

၃။ ကပ္ပအသခ်ေါ ၂၄၃

(က) အာယုကပ် ၂၄၃

(ခ) အန္တရကပ် ၂၄၃

(ဂ) အသခ်ေါယျကပ် (ကပ္ပအသခ်ေါ) ၂၄၄

(၁) သံဝဋ္ဋကပ် (ကမ္ဘာပျက်ချိန်) ၂၄၅

ဒေဝဒဟဘုရား ၂၄၆

ရေဖျက်သောကမ္ဘာ ၂၄၆

လေဖျက်သောကမ္ဘာ ၂၄၇

အကြောင်းအရာ စာမျက်နှာ

(၂) သံဝဋ္ဋဒုဝယီကပ် ၂၄၇
(၃) ဝိဝဋ္ဋကပ် ၂၄၇
(၄) ဝိဝဋ္ဋဒုဝယီကပ် ၂၄၈
(၅) မဟာကပ်ကမ္ဘာ ၂၄၉
(၄) ဗုဒ္ဓအသခ္ခေါ် ၂၄၉
ကမ္ဘာ ၆-မျိုး ၂၅၀
လေးအသခ္ခေါ်နှင့် ကမ္ဘာတစ်သိန်းရေတွက်ပုံ ၂၅၂
နိယတဗျာဒိတ်ခံယူခြင်း ၂၅၄
ဘုရားလောင်း ၃-မျိုး ၂၅၄
နိယတဗျာဒိတ် ခံယူထိုက်သော အင်္ဂါ ၈-ပါး ၂၅၅
ရှင်းလင်းချက် ၂၅၅
သုမေဓာရှင်ရသေ့နိယတဗျာဒိတ်ခံယူခြင်း ၂၅၇
ပါရမီ ၁၀-ပါး ၂၅၉
ပါရမီ ၁၀-ပါး အပြား ၃၀ .... ၂၆၀
၁။ ဒါနပါရမီ ဖြည့်ကျင့်ခြင်း ၂၆၁
၂။ သီလပါရမီ ဖြည့်ကျင့်ခြင်း ၂၆၁
၃။ နေက္ခမ္မပါရမီ ဖြည့်ကျင့်ခြင်း ၂၆၁
၄။ ပညာပါရမီ ဖြည့်ကျင့်ခြင်း ၂၆၂
၅။ ဝီရိယပါရမီ ဖြည့်ကျင့်ခြင်း ၂၆၂
၆။ ခန္တီပါရမီ ဖြည့်ကျင့်ခြင်း ၂၆၃
၇။ သစ္စာပါရမီ ဖြည့်ကျင့်ခြင်း ၂၆၄
၈။ အဓိဋ္ဌာနပါရမီ ဖြည့်ကျင့်ခြင်း ၂၆၅
၉။ မေတ္တာပါရမီ ဖြည့်ကျင့်ခြင်း ၂၆၅
၁၀။ ဥပေက္ခာပါရမီ ဖြည့်ကျင့်ခြင်း ၂၆၆
ဘဝဆက်တိုင်း ပါရမီစုံလင်စွာ ဖြည့်ကျင့်ခြင်း ၂၆၇
စွန့်ခြင်းကြီး ၅-ပါး ၂၆၇
စရိယ ၃-ပါး ၂၆၈

အခန်း (ဂ)

နှစ်ကျိပ်လေးဆူသော ဘုရားမျှားထံ၌ ဗျာဒိတ်ခံယူခြင်း

၁။ ဒီပင်္ကရော မြတ်စွာဘုရား ၂၇၀

၂။ ကောဏ္ဍည် မြတ်စွာဘုရား ၂၇၀

၃။ မင်္ဂလ မြတ်စွာဘုရား ၂၇၀

၄။ သုမန မြတ်စွာဘုရား ၂၇၀

၅။ ရေဝတ မြတ်စွာဘုရား ၂၇၁

၆။ သောဘိတ မြတ်စွာဘုရား ၂၇၁

၇။ အနောမဒဿီ မြတ်စွာဘုရား ၂၇၁

၈။ ပဒုမ မြတ်စွာဘုရား ၂၇၁

၉။ နာရဒ မြတ်စွာဘုရား ၂၇၂

၁၀။ ပဒုမုတ္တရ မြတ်စွာဘုရား ၂၇၂

၁၁။ သုမေဓ မြတ်စွာဘုရား ၂၇၂

၁၂။ သုဇာတ မြတ်စွာဘုရား ၂၇၃

၁၃။ ပိယဒဿီ မြတ်စွာဘုရား ၂၇၃

၁၄။ အတ္ထဒဿီ မြတ်စွာဘုရား ၂၇၃

၁၅။ ဓမ္မဒဿီ မြတ်စွာဘုရား ၂၇၃

၁၆။ သိဒ္ဓတ္ထ မြတ်စွာဘုရား ၂၇၄

၁၇။ တိဿ မြတ်စွာဘုရား ၂၇၄

၁၈။ ဖုဿ မြတ်စွာဘုရား ၂၇၄

၁၉။ ဝိပဿီ မြတ်စွာဘုရား ၂၇၄

၂၀။ သိခီ မြတ်စွာဘုရား ၂၇၅

၂၁။ ဝေဿဘူ မြတ်စွာဘုရား ၂၇၅

၂၂။ ကကုသန္ဓ မြတ်စွာဘုရား ၂၇၅

၂၃။ ကောဏာဂမန မြတ်စွာဘုရား ၂၇၅

၂၄။ ကဿပ မြတ်စွာဘုရား ၂၇၆

အကြောင်းအရာ စာမျက်နှာ

အပိုင်း (၄)

အခန်း (၉)

ဒါနပြုရန် တိုက်တွန်းခြင်း

ပေးကမ်းခြင်းအောင်စေရာ ၂၇၇
မေတ္တာ၏ ရုပ်သွင် ၂၇၇
ဒါနပြုရန် ခက်ခဲခြင်း ၂၇၈
ဒါနကို လေ့ကျင့်ခြင်း ၂၇၉
မိမိကိုယ်တိုင် လေ့ကျင့်ခြင်း ၂၇၉
အိမ်တွင်းဒါန ၂၈၀
အလှူခံရဲပါစေ ၂၈၁

အခန်း (၁၀)

ဒါနအဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဒါန၏ အာနိသင်ခံစားမှုများ ၂၈၃
ကျမ်းဂန်လာ ဒါန၏ ဥပမာများ ၂၈၄
ဒါန၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ၂၈၅
ဒါနသည် ပုဂ္ဂိုလ်တိုင်းအဝှက် အရေးကြီး ၂၈၆
ဒါနအတွက် အခက် ၄-ပါး ၂၈၆
ပေးလှူလိုသည့်စိတ်ကို ဟန့်တားတတ်သည့် တရားများ ၂၈၇
မလှူဒါန်းနိုင်ခြင်း အကြောင်းရင်း ၂၈၇
အငတ်ဘေးကြောက်သူ များများလှူ ၂၈၇
ဒါနမြောက်အောင် အလှူရှင်များ ဆင်ခြင်ဖွယ် ၂၈၈

ဆရာကြောင်းအရာ စာမျက်နှာ

အခန်း (၁၁)

ဒါနအမျိုးမျိုး

နှစ်ပါးတွဲဒါနစုများ

အာမိသဒါန၊ ဓမ္မဒါန ၂၉၂
အဏ္ဏတ္တိကဒါန၊ ဗာဟိရဒါန ၂၉၃
ဝတ္ထုဒါန၊ အာဘယဒါန ၂၉၃
ဝဋ္ဋနိဿိတဒါန၊ ဝိဝဋ္ဋနိဿိတဒါန ၂၉၃
သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန ၂၉၃
သာဟတ္ထိကဒါန၊ အာဏတ္တိကဒါန ၂၉၄
သင်္ကစ္စဒါန၊ အသင်္ကစ္စဒါန ၂၉၄
ဉာဏသမ္ပယုတ္တဒါန၊ ဉာဏဝိပ္ပယုတ္တဒါန ၂၉၄
သသင်္ခါရိကဒါန၊ အသင်္ခါရိကဒါန ၂၉၅
သောမနဿဒါန၊ ဥပေက္ခာဒါန ၂၉၅
ဓမ္မိယဒါန၊ အဓမ္မိယဒါန ၂၉၅
ဒါသဒါန၊ ဘုဇိဿဒါန ၂၉၅
ထာဝရဒါန၊ အထာဝရဒါန.... .... ၂၉၅
သပရိဝါရဒါန၊ အပရိဝါရဒါန ၂၉၅
နိဗ္ဗဒ္ဓဒါန အနိဗ္ဗဒ္ဓဒါန ၂၉၆
ပရာမဋ္ဌဒါန၊ အပရာမဋ္ဌဒါန ၂၉၆
ဥစ္ဆဒ္ဒဒါန၊ အနုစ္ဆဒ္ဒဒါန ၂၉၆
သဇိဝဒါန၊ အစ္ဆယဒါန ၂၉၆
ပဋ္ဌလိကဒါန၊ သံဃိကဒါန်.... .... ၂၉၇
ကာလဒါန၊ အကာလဒါန.... .... ၂၉၇
ပစ္စက္ခဒါန၊ အပစ္စက္ခဒါန ၂၉၇
သဒိသဒါန၊ အသဒိသဒါန.... .... ၂၉၈

သုံးပါးတွဲဒါနစုများ

ဣဏာပယောဇနဒါန၊ ဣဏာမောက္ခဒါန၊ နိဓိဒါန ၂၉၈
ဟိနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါန ၂၉၈
ဒါနဒါသ၊ ဒါနသဟာယ၊ ဒါနသာမိ ၂၉၉
ဒုက္ကရဒါန၊ မဟာဒါန၊ သာမညဒါန ၃၀၀

	စာမျက်နှာ
အကြောင်းအရာ	
စမ္မိကဒါန ၃-ပါး	၃၀၁
လေးပါးတဲ့ ဒါနစုမျှား	၃၀၁
ငါးပါးတဲ့ဒါနစုမျှား	
ကာလဒါနငါးပါး	၃၀၂
အသပ္ပုရိသဒါန ငါးပါး	
(သူတော်ကောင်း မဟုတ်သူတို့၏ လှူခြင်းငါးမျိုး)	၃၀၂
သပ္ပုရိသဒါနငါးပါး (သူတော်ကောင်းတို့၏ လှူခြင်းငါးမျိုး)	၃၀၃
(တနည်း) သပ္ပုရိသဒါနငါးပါး	၃၀၃
ယင်းဒါနငါးမျိုး၏ အကျိုးတရားမျှား	၃၀၄
မဟာဒါန ငါးပါး	၃၀၆
ခြောက်ပါးတဲ့ဒါနစုမျှား	
အချိန်မရွေး ကုသိုလ်တိုးသော အလှူ ၆-မျိုး	၃၀၇
ခုနစ်ပါးတဲ့ ဒါနစုမျှား	၃၀၇
ရှစ်ပါးတဲ့ဒါနစုမျှား	
(တနည်း) ဒါန ၈-ပါး	၃၀၉
သပ္ပုရိသဒါန ၈-ပါး	၃၁၀
အသပ္ပုရိသဒါန ၈-ပါး	၃၁၀
ကိုးပါးတဲ့ဒါနစုမျှား	
အဓမ္မိကဒါန ၉-ပါးနှင့် စပ်၍ မှတ်သားဖွယ် အချက်မျှား	၃၁၂
ဆယ်ပါးတဲ့ဒါနစုမျှား	
အပါယ်ချမည့် ဒါန ၁၀-မျိုး	၃၁၄
အလှူခံတစ်ကျိပ်လေး	၃၁၅
အခန်း (၁၂)	
ဒါနအကျိုးတရားမျှား	
သောတာပန်ပမာ လားရာဂတိမြဲစေနိုင်သည့် အလှူဒါနမျှား	၃၁၈
ဆုတောင်း၍ လှူရန်	၃၁၉
ဒါန၏ မျက်မှောက်အကျိုး ငါးပါး	၃၁၉
သင်္ကန်းလှူရကျိုး	၃၂၀

အကြောင်းအရာ စာမျက်နှာ

ထင်ရှားသော သက်န်းအလှူရှင်များ ၃၂၀
ဆွမ်းလှူရကျိုး ၃၂၂
ထင်ရှားသော ဆွမ်းအလှူရှင်များ ၃၂၂
ကျောင်းလှူရကျိုး ၃၂၃
ထင်ရှားသော ဇရပ် တန်ဆောင်း ကျောင်းအလှူရှင်များ ၃၂၄
ဆေးလှူရကျိုး ၃၂၆
ထင်ရှားသော ဆေးအလှူရှင်များ ၃၂၇
အလှူဒါနအမျိုးမျိုး၏ အကျိုးတရားများ ၃၂၈
ဆွမ်းလှူရကျိုး ၄-ပါး ၃၂၈
ဆွမ်းလှူရကျိုး ၅ ပါး ၃၂၈
အဝတ်ပုဆိုးလှူရကျိုး ၆-ပါး ၃၂၉
ထီးလှူရကျိုး ၈-ပါး ၃၂၉
သပိတ်လှူရကျိုး ၈-ပါး ၃၂၉
ပဲကွပ်လှူရကျိုး ၂-ပါး ၃၃၀
ခေးငယ်လှူရကျိုး ၅-ပါး ၃၃၀
လက်သည်းလှီးခေးလှူရကျိုး ၅-ပါး ၃၃၁
အပ်လှူရကျိုး ၂-ပါး ၃၃၁
နှီး ထန်းရွက်ယပ်တောင် လှူရကျိုး ၃-ပါး ၃၃၁
မမွှကရိုဏ်ရေစစ်လှူရကျိုး ၄-ပါး ၃၃၂
ဆီကျည်တောက် ဆီဘူးလှူရကျိုး ၅-ပါး ၃၃၂
အပ်ကျည်အပ်ဘူးလှူရကျိုး ၃-ပါး ၃၃၂
ပခုံးလွယ်ကြိုး(အံသကိုဋ်)လှူရကျိုး ၃-ပါး ၃၃၂
ခါးပန်းကြိုးလှူရကျိုး ၆-ပါး ၃၃၃
သပိတ်ခြေလှူရကျိုး ၅-ပါး ၃၃၃
အိုးလှူရကျိုး ၂-ပါး ၃၃၃
ခွက်လှူရကျိုး ၂-ပါး ၃၃၄
ဖိနပ်လှူရကျိုး ၄-ပါး ၃၃၄
ခြေနင်းလှူရကျိုး ၁-ပါး ၃၃၄
ရေသုတ်ပဝါလှူရကျိုး ၆-ပါး ၃၃၄
အောင်ဝှေးလှူရကျိုး ၆-ပါး ၃၃၅
မျက်စဉ်းလှူရကျိုး ၈-ပါး ၃၃၅
သွေးလှူရကျိုး ၁-ပါး ၃၃၅

အကြောင်းအရာ			စာမျက်နှာ
သေဉ့အိမ်, သေဉ့ခလောက် လှုရကျိုး ၂-ပါး	....	....	၃၃၆
အာယောဂပတ် လှုရကျိုး ၅-ပါး	....	....	၃၃၆
ဆေးလိပ်, ဆေးတံ လှုရကျိုး ၃-ပါး	....	....	၃၃၆
ဆီမီးတိုင် လှုရကျိုး ၃-ပါး	....	....	၃၃၆
ဘူးနှင့် ကြုတ် လှုရကျိုး ၁၁-ပါး	....	....	၃၃၇
လက်သုတ်ပဝါ လှုရကျိုး ၅ ပါး	....	....	၃၃၇
သင်တုန်းဓား လှုရကျိုး ၁-ပါး	....	....	၃၃၇
မွေးညှပ် လှုရကျိုး ၁-ပါး	....	....	၃၃၈
နှာနှပ်တံ လှုရကျိုး ၈-ပါး	....	....	၃၃၈
အင်းပျဉ် လှုရကျိုး ၅ ပါး	....	....	၃၃၈
ဘုံလျှို မွေ့ထုလှုရကျိုး ၆-ပါး	....	....	၃၃၉
ခေါင်းအုံး လှုရကျိုး ၆-ပါး	....	....	၃၃၉
ပျဉ်ချပ် အင်းပျဉ် လှုရကျိုး ၂-ပါး	....	....	၃၃၉
ခြေဆေးအင်းပျဉ် လှုရကျိုး ၂-ပါး	....	....	၃၄၈
ခြေနယ်ဆီ လှုရကျိုး ၅-ပါး	....	....	၃၄၀
ထောပတ်ဆီ လှုရကျိုး ၅-ပါး	....	....	၃၄၀
သွားတိုက်ဆေး လှုရကျိုး ၅-ပါး	....	....	၃၄၀
နို့စမ်း လှုရကျိုး ၂-ပါး	....	....	၃၄၁
ပျားရည် လှုရကျိုး ၁-ပါး	....	....	၃၄၁
အရသာခို့သော အာဟာရ လှုရကျိုး ၁-ပါး	....	....	၃၄၁
ထမင်းအဖျော် လှုရကျိုး ၁၀-ပါး	....	....	၃၄၁
အမွေးဝိုင် အခိုးအလို့ လှုရကျိုး ၁၀-ပါး	....	....	၃၄၁
တံတား လှုရကျိုး ၁၀-ပါး	....	....	၃၄၂
ယာဂု လှုရကျိုး ၁၀-ပါး	....	....	၃၄၂
ယာဂု လှုရကျိုး ၅-ပါး (တနည်း)	....	....	၃၄၃
ဒါနပြုသူ မပြုသူတို့ ကွာခြားပုံ	....	....	၃၄၃
ထူးကဲသာလွန်ပုံ	....	....	၃၄၄
ရေအကျိုး (၁၀) ပါး	....	....	၃၄၄(က)
ရေလှုရကျိုး	....	....	၃၄၄(က)
ထင်ရှားသော ရေအလှုရှင်များ	....	....	၃၄၄(ခ)

အကြောင်းအရာ

အခန်း (၁၃)

ဒါနစေတနာသုံးတန်

ပုဗ္ဗစေတနာ ၃၄၅
မုဉ္စစေတနာ ၃၄၅
အပရစေတနာ ၃၄၆
စေတနာသုံးတန် ညီညွတ်ခြင်း၏ လက်ငင်းအကျိုး ၃၄၇
စေတနာသုံးတန် ပေါ်ပေါက်လျင် ဆက်နွယ်လာမည့် အပြစ်များ ၃၄၇
ဒုဿီလ, တိဟိတ် ကုသိုလ်ခဲခြင်းပုံ ၃၄၉
ဒုဿီလကုသိုလ်စိတ် ၃၅၀
တိဟိတ်ကုသိုလ်စိတ် ၃၅၀
ဥက္ကဋ္ဌ, သြမက ခဲခြင်းပုံ ၃၅၁

အခန်း (၁၄)

အလှူခံပုဂ္ဂိုလ်ရွေးချယ်နည်း

အလှူခံရွေးချယ်မှုနှင့် စပ်၍ ဝါဒအမျိုးမျိုး ၃၅၂
အလှူခံပုဂ္ဂိုလ် ရွေးချယ်ရန် အရေးကြီးပုံ ၃၅၃
သံဃာသည် ဒုဿီလမဟုတ် ၃၅၄
သံဃိကဒါနမြောက်အောင် နှလုံးသွင်းပုံ ၃၅၅
မလွယ်ကူပုံ ၃၅၆
ကျောင်းဒါယကာတစ်ဦး၏ ဝတ္ထု ၃၅၉

အခန်း (၁၅)

ဒါနအဂ္ဂ စံထားထိုက်သည့် ဝတ္ထုသာဓကများ

လှူဒါန်းပေးကမ်းမှုအဆု စံထားရမည့် အနာထပိဏ်သူဌေးကြီး ၃၅၈
ပါရမီဘုန်းကံနှင့် လာဘသာသူ ၃၅၈
အနာထပိဏ် အမည်ရခြင်း ၃၅၈
ဇေတဝန်ဘွဲ့ထူးဖြင့် ချီးမြှောက်ခံရခြင်း ၃၅၉
လှူဒါန်းပေးကမ်းမှုအဂ္ဂ စံထားရမည့် ဝိသာခါကျောင်းအမကြီး ၃၆၀
ပဒုမုတ္တရဘုရားရှင်ထံ ဆုတူးပန် ၃၆၀

အကြောင်းအရာ				စာမျက်နှာ
ကိုကိမင်းကြီး၏ သမီးထွေးဘဝ	....	....		၃၆၁
နောက်ဆုံးဘဝ ဝိသာခါဖြစ်လာခြင်း	....	....		၃၆၁
ဝိသာခါသာဝတ္ထိမြို့ဝင်ပုံ	....	....		၃၆၂
ပုဗ္ဗာရုံကျောင်း ဆောက်လုပ်လှူဒါန်းခြင်း				၃၆၂
ကျောင်းရေစက်ချပုံကြီး ၄-ထကြာ ကျင်းပခြင်း		....		၃၆၃
တေဒက်ဘွဲထူး ချီးမြှင့်ခံရခြင်း	....	....		၃၆၃
အလှူခံပုဂ္ဂိုလ်မရွေးလျှင် ဒါနအထမြောက်နိုင်		....		၃၆၄
အလှူခံပုဂ္ဂိုလ် ရွေးချယ်ခြင်း				၃၆၆

အဓိဋ္ဌာန်း (၄)

အခန်း (၁၆)

သီလစောင့်ထိန်းခြင်း

သီလ၏ အဓိပ္ပါယ်	....	....	....	၃၆၉
ကောင်းစွာ ထားရှိခြင်း	....	....	....	၃၆၉
ကောင်းစွာ လုပ်ဆောင်ခြင်း		....	....	၃၆၉
သီလ၏ တရားကိုယ်		....	....	၃၇၀
စေတနာသီလ	....	....	....	၃၇၁
ဝိရတိသီလ	....	....	....	၃၇၁
အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ			....	၃၇၂
သံဝရသီလ		....	....	၃၇၃
အဝီတိက္ကမသီလ	....	....	....	၃၇၃
ဝိရတီ ၃-မျိုး	....	....	....	၃၇၃
သမာဒါနဝိရတိ	....	....	....	၃၇၄
သမ္ပတ္တဝိရတိ	....	....	....	၃၇၄
သမုစ္ဆေဒဝိရတိ	....	....	....	၃၇၅
ပဟာန် ၄-ပါး	....	....	....	၃၇၅
တဒင်္ဂပဟာန်	....	....	....	၃၇၆
ဝိက္ခမ္ဘနပဟာန်	....	....	....	၃၇၆
သမုစ္ဆေဒပဟာန်	....	....	....	၃၇၆
ပဋိပဿမ္ဘနပဟာန်	....	....	....	၃၇၆

အကြောင်းအရာ စာမျက်နှာ

သီလ၏ အကြောင်း ၃၂၃
သီလရနှံ့ ကြိုင်သင်းပုံ ၃၂၃
သီကြွေးမင်းက ရှိခိုးရသူ ၃၂၄
စာရိတ္တနှင့် ဝါရိတ္တ (ဆောင်ရန်နှင့် ရှောင်ရန်) ၃၂၄
စာရိတ္တသီလ (ဆောင်ရန်) ၃၂၉
ဝါရိတ္တသီလ (ရှောင်ရန်).... .... ၃၂၉
ငါးပါးသီလ ၃၃၀
သီလခံယူတည်ဆောက်ပုံ ၃၃၀
သီကွာပုဒ် တစ်ခုချင်း ဆောက်တည်ပုံ ၃၃၂
ဘပေါင်းတည်း ဆောက်တည်ပုံ ၃၃၂
ငါးပါးသီလဆောက်တည်ပုံ ၃၃၃

ပါဏာတိပါတအဖွင့်

အပြစ်ကြီးမှု အပြစ်ငယ်မှု.... .... ၃၃၄
ကံကြီးငါးပါး (ပဥ္စာနန္တရိယကံ) ၃၃၅
မှတ်ချက် ၃၃၅
ပါဏာတိပါတ၏ အထူးမှတ်ဖွယ် ၃၃၆
ပါဏာတိပါတ၏ အပြစ်များ ၃၃၈
မှတ်ရန်လက်ဝ ၃၃၉
စုန္ဒဝက်ထိုးသမား ၃၄၂
နန္ဒနွားသတ်သမား ၃၄၂
ဓမ္မဒိန္နာ ၃၄၂
ပုတိဂတ္တထေရ် ၃၄၃
မဏ္ဍုဗျရသေ့ ၃၄၃
အဘယတ်သော အဇာတသတ်မင်း ၃၄၃
ဒေဝဒတ် ၃၄၃
နာဠဂီဂေရမင်း ၃၄၃
ရှင်မောဂ္ဂလ္လာန် ၃၄၄
ကလာဗုမင်း ၃၄၄
ပါဏာတိပါထမ ရှောင်ကြဉ်ခြင်း၏အကျိုး ၃၄၄

[ဂါး] ဗုဒ္ဓဘာသာလက်စွဲကျမ်း

အကြောင်းအရာ စာမျက်နှာ

အဒိန္နာဒါနအဖွင့်

ခိုးခြင်း ၂၅-ပါး ၃၉၆

၁။ မတရားအမှုဆောင်၍ ရယူခြင်း ၃၉၆
၂။ ကိုယ်တိုင် သယ်ယူနေစဉ် ခိုးခြင်း ၃၉၇
၃။ ငြင်းကွယ်၍ ခိုးခြင်း ၃၉၇
၄။ သယ်ဆောင်သူကို လမ်းကြောင်းပြောင်းစေခြင်း ၃၉၇
၅။ နေရာချေပြောင်း၍ ခိုးခြင်း ....။ ၃၉၇
၆။ မတရားအမှုဆောင်၍ ရယူခြင်း ၃၉၈
၇။ ကိုယ်တိုင် သယ်နေစဉ် ခိုးခြင်း ၃၉၈
၈။ ငြင်းကွယ်၍ ခိုးခြင်း ၃၉၈
၉။ သယ်ဆောင်သူကို လမ်းကြောင်းပြောင်းစေ၍ ခိုးခြင်း.... ၃၉၈
၁၀။ နေရာချေပြောင်း၍ ခိုးခြင်း ၃၉၉
၁၁။ ကိုယ်တိုင် ခိုးခြင်း ၃၉၉
၁၂။ သူတပါးအား ခိုးစေခြင်း ၃၉၉
၁၃။ ကိုယ်လုတ်လက်လွတ် ခိုးခြင်း (ကိုယ်နှင့် ကင်းလွတ်အောင်
ပြု၍ခိုးခြင်း) ၃၉၉
၁၄။ ခိုးရန်ဖာချိန်နှင့် နည်းလမ်းမသတ်မှတ်ဘဲ အခိုးခိုင်းခြင်း ၄၀၀
၁၅။ ပိုင်ရှင် လက်လျှော့အောင် ပြု၍ ခိုးခြင်း ၄၀၀
၁၆။ မခိုးမီက ခိုးမှုအထမြောက်ခြင်း ၄၀၁
၁၇။ ချက်ချင်း ခိုးမှုမြောက်ခြင်း ၄၀၁
၁၈။ တိုင်ပင်ညှိနှိုင်း၍ ခိုးခြင်း (ကြံဆုပါ) ၄၀၂
၁၉။ သတ်မှတ်၍ အခိုးခိုင်းခြင်း ၄၀၂
၂၀။ အချက်ပြ၍ အခိုးခိုင်းခြင်း ၄၀၂
၂၁။ မသိအောင် ခိုးခြင်း ၄၀၂
မြို့ယားလူလည်နှင့် တောသားမုဆိုး ပုံဝတ္ထု ၄၀၄
၂၂။ အနှိုင်အထက် လုယက်ယူခြင်း ၄၀၄
၂၃။ ရည်ရွယ်သတ်မှတ်၍ ခိုးခြင်း (သံသယစိတ်ဖြင့် ခိုးခြင်း) ၄၀၄
၂၄။ ဖုံးဖိဝှက်ထား၍ ခိုးခြင်း ၄၀၅
၂၅။ စာဒါမှတ်တံဆိပ်ပြောင်းလဲ၍ ခိုးခြင်း ၄၀၅

အကြောင်းအထူ			စာမျက်နှာ
အပြစ်ကြီးမှု အပြစ်ငယ်မှု	....	....	၄၀၆
အဒိန္နာဒါန၏အပြစ်များ	....	....	၄၀၇
မှတ်ရန်လက်ာ	....	—	၄၀၇
သတ္တိသုဒနဉ္ဇရဲ	....	....	၄၀၉
စျေးသည်မ ၄-ယောက်	....	....	၄၀၉
နတ်သမီးတစ်ဦး	....	....	၄၀၉
ခုပ္ပိပါသပြိတ္တာ	....	....	၄၀၉
ကာမေသုမိစ္ဆာစာရအဖွင့်			
ယောကျ်ားများ ရှောင်ကြဉ်ရန်	....	....	၄၁၂
ကာမကျူးလွန်ခြင်း အင်္ဂါ ၄-ပါး	....	....	၄၁၃
ကာမကျူးလွန်ခြင်း၏ အပြစ်များ	....	....	၄၁၃
မှတ်ရန်လက်ာ	....	....	၄၁၄
ဒု-သ-န-သော	....	....	၄၁၄
ကာမဂုဏ်မှားယွင်းမှုအပြစ်များ	....	....	၄၁၅
ဣသိဒါသိထေရီ	....	....	၄၁၆
အရှင်အာနန္ဒာအလောင်း	....	....	၄၁၇
ကာမဂုဏ်ဖောက်ပြားမှုမရှိသော ပုဂ္ဂိုလ်များ		....	၄၁၇
အိမ်ထောင်စု ၄-မျိုး	....	....	၄၁၇
မုသာဝါဒအဖွင့်			
လူယုတ်မာတို့၏စကား ဂ-ခွန်း	....	....	၄၁၉
ဘုရားအလောင်းတော်များ မုသားမဆို	....	....	၄၁၉
မုသားအင်္ဂါ ၄-ပါး	....	....	၄၂၀
မုသာဝါဒ၏ အပြစ်များ	....	....	၄၂၀
မှတ်ရန်လက်ာ	....	....	၄၂၁
ရှင်ဒေဝဒတ်	....	....	၄၂၃
မုသားအစ စေတိယမင်းက	....		၄၂၄
စိဉ္စမာဏ	....		၄၂၅
တရားသူကြီး	....	....	၄၂၆

အခေါင်းစဉ်			စာမျက်နှာ
သုတစေတရယ အတွဲ			
သုတ္တဂါးမျိုး	....	....	၄၂၇
မေရယ ဂါးမျိုး	....	....	၄၂၈
ယေရည်သေရက်သောက်မူအမျိုးမျိုး	....	....	၄၂၈
ကံမြောက်မှုနှင့် မမြောက်မှု အယူအဆများ	....	....	၄၂၉
အကုသိုလ်ကံ မြောက်သည်ဟု ယူဆပုံ	....	....	၄၃၀
အကုသိုလ်ကံ မမြောက်ဟု ယူဆပုံ	....	....	၄၃၀
အရှင်ဇနကာဘိဝံသ၏ အယူအဆ	....	....	၄၃၁
ဒီပဲယင်းဆရာတော်၏ အယူအဆ	....	....	၄၃၁
အမှတ်သေစာသောက်ခြင်း အကြိမ် ၆-ပါး	....	....	၄၃၃
မီးပုဝါးဟုက်ခြင်း	....	....	၄၃၃
ခဲက်ရုန်မျှားခြင်း	....	....	၄၃၃
ဆောဂါဖြစ်ခြင်းအကြောင်း	....	....	၄၃၄
ကျေဝ်စောသဟင်း ကင်းမဲ့ခြင်း	....	....	၄၃၄
အရှက်အကြောက်ကင်းခြင်း	....	....	၄၃၄
အသိပညာနည်းအောင် ပြုခြင်း	....	....	၄၃၄
သုတ္တမေရယ၏ အပြစ်များ	....	....	၄၃၄
မှတ်ရုန်လက်ဝ	....	....	၄၃၅
အရှက်သောက်ခြင်း၏ အပြစ်	....	....	၄၃၇
ဂါးပါးသီလ စောင့်ထိန်းမှု အတုယူရန်	....	....	၄၃၈
ဂါးပါးသီလ၏ အကျိုးကျေးဇူးများ	....	....	၄၄၅
ပဉ္စသီလသမာဒါနိယထေရ်	....	....	၄၄၅
ဆင်္ဘရာဏာလုလင်	....	....	၄၄၆
ပဉ္စသီလကို လွန်ကျူးမှု၌ အပြစ်ကို ပြခြင်း	....		၄၄၇
ဗြဟ္မစရိယဂါးပါး သီလ (အပျိုစင် လူပျိုစင်တို့၏ ကျင့်စဉ်)			၄၄၈
အဗြဟ္မစရိယ အဓိပ္ပာယ်	....	....	၄၄၈
ဥဒယဘဒ္ဒမင်းသားနှင့် မင်းသမီး	....	....	၄၄၉
ပိပ္ပလိလုလင်နှင့် ဘဒ္ဒါကာပိလာနီ	....	....	၄၄၉
ကိုက်မင်းကြီး၏ သမီးတော် ၇-ယောက်	....	....	၄၄၉
ပုဏ္ဏက ဥပါသကာ	....	....	၄၅၀
ဂဝေသီ ဥပါသကာ	....	....	၄၅၀

အကြောင်းအရာ				စာမျက်နှာ
ဥဂ္ဂသူကြွယ်	....	....	....	၄၅၀
နကုလမာတာနှင့် နကုလပိတာ		....	....	၄၅၀

ဗြဟ္မစရိယဒါနဝါးပါးသီလ စံယူဆောက်တည်ပုံ

သီလတောင်း	....	....	....	၄၅၀
ကောဘတ္ထိကဆက္ကသီလ (ညစာမစား ၆-ပါးသီလ)			....	၄၅၁

အခန်း (၁၇)

ရွှေပါးသီထ

သီလခံယူပုံ	....	....	....	၄၅၄
ရွှေပါးသီလ ဆောက်တည်ပုံ		....	....	၄၅၄
ရွှေပါးသီလအာနိသင်	....	....	....	၄၅၅
မြန်မာပြန်	....	....	....	၄၅၅

ဒီဃာလအောဇနအဖွဲ့

နေလွဲညစာ စားခြင်းမှု ရှောင်ကြဉ်ခြင်း		....	....	၄၅၆
ထယ်လုပ်သား ဥပုသ်ဆည်ဝတ်ထုံ		....	....	၄၅၇
ညစာ မစားခြင်းအကျိုး	....	....	....	၄၅၇

နဒီကိတ ဆိုက္ခာပုဒ်အဖွဲ့

နဒီ=ကခြင်း	....	....	....	၄၅၉
ကိတ=သီဆိုခြင်း	....	....	....	၄၅၉
ဝါဒိတ=တီးမှုတ်ခြင်း	....	....	....	၄၅၉
ဝိသူကဒဿန=ဆန့်ကျင်ဘက်ကို ကြည့်ရှုခြင်း			....	၄၆၀
မာလာဓာရဏာ=ပန်းပန်ခြင်း		....	....	၄၆၀
ဂန္ဓဓာရဏာ=အမွှေးရနံ့ဆောင်ခြင်း		....	....	၄၆၀
ဂန္ဓဝိလေပနမဏ္ဍန=နံ့သာ, နံ့သာရေမျောင်းသုံးစွဲခြင်း			....	၄၆၀
မဏ္ဍန=အလှပြင်ခြင်း	....	....	....	၄၆၁
ဂန္ဓဝိလေပနဝိဘူသန	....	....	....	၄၆၁
ဝိဘူသန=တန်ဆာဆင်ခြင်း		....	....	၄၆၁
ဌာန=အကြောင်းထူး		....	....	၄၆၁
ညစာသယန မဟာသယနအဖွဲ့		....	....	၄၆၁

ဆရာကြောင်းဆရာ စာမျက်နှာ

ဥပုသ်စောင့်ပုံ အစီအစဉ်

ဥပုသ်စောင့်ပုံ ၄၆၂
ဥပုသ်စောင့်ပုံအစီအစဉ် ၄၆၂
ဥပုသ်စောင့်ခြင်းအကျိုး ၄၆၃
ဥပုသ်အမျိုးမျိုး ၄၆၄
ဂေါပါလန္ဒားကျောင်းသား ဥပုသ် ၄၆၄
နိဂဏ္ဌတက္ကတန်းဥပုသ် ၄၆၅
အရိယာဥပုသ် ၄၆၅
ဗြဟ္မဥပုသ် ၄၆၅
ဓမ္မဥပုသ် ၄၆၅
သံဃဥပုသ် ၄၆၅
သီလဥပုသ် ၄၆၆
သီလကျိုးခြင်း ၄၆၆
မပေါက် ၄၆၆
မပြောက် ၄၆၆
မကျား ၄၆၆
နတ်ဥပုသ် ၄၆၆
နတ်တို့ကို သက်သေအဆုထားပုံ ၄၆၇
အဋ္ဌင်္ဂိကဥပုသ် ၄၆၇
ပကတိဥပုသ် ၄၆၇
ပကတိဥပုသ်နေ့ ၄-ရက် ၄၆၇
ပကတိဥပုသ်နေ့ ၆-ရက် ၄၆၈
ပကတိဥပုသ်နေ့ ၈-ရက် ၄၆၈
ပဋိဇာဂရ (အကြိုအပိုဥပုသ်) ၄၆၈
ဥပုသ်ရက် (၂၀) ၄၆၉
ပါဋိဟာရိယဥပုသ် (နိဗ္ဗဒဥပုသ်) ၄၆၉

အခန်းကြောင်းအထု			စာမျက်နှာ
အခန်း (၁၈)			
ကိုးပါးသီလနှင့် ဆယ်ပါးသီလ			
ကိုးပါးသီလ			
သီလတောင်းပုံ	....	....	၄၇၁
ကိုးပါးသီလဆောက်တည်ပုံ	....	....	၄၇၁
အနက်	....	....	၄၇၂
မြန်မာပြန်	....	....	၄၇၂
နဝင်္သီလအဓိပ္ပါယ်	....	....	၄၇၂
မေတ္တာကို သီလအဖြစ် ဆောက်တည်နေခြင်း	....		၄၇၃
မေတ္တာအကျိုး ၁၁-မျိုး	....	....	၄၇၄
ဆယ်ပါးသီလ			
သီလတောင်းပုံ	....	....	၄၇၅
ဆယ်ပါးသီလ	....	....	၄၇၅
အနက်	....	....	၄၇၆
မြန်မာပြန်	....	....	၄၇၆
ဆယ်ပါးသီလအဖွင့်			
နိစ္စဂီတနှင့် မာလဂန္ဓဝဲရခြင်းအကြောင်း		....	၄၇၇
မာလာဂန္ဓသိက္ခာပုဒ်အစ	....	....	၄၇၇
သိက္ခာပုဒ်နှစ်ခု ခွဲခြင်း တွဲခြင်း	....	....	၄၇၇
ဇာတရူပသိက္ခာပုဒ်အဖွင့်	....	....	၄၇၈
ရှောင်ကြဉ်ဖွယ် ၅-မျိုး	....	....	၄၇၈
ဆယ်ပါးသီလ စောင့်ကောင်းသလော	....	....	၄၇၉
အခန်း (၁၉)			
အာဇီဝဋ္ဌမကသီလ			
အာဇီဝဋ္ဌမကသီလတောင်းပုံ	....	....	၄၈၁
အနက်	....	....	၄၈၁
သီလခံယူပုံ	....	....	၄၈၂
အနက်	....	....	၄၈၂

[ဃ] ဗုဒ္ဓဘာသာလက်စွဲကျမ်း

ဏကြောင်းအရာ စာမျက်နှာ

မြန်မာပြန် ၄၈၃
ပိသုဏဝါစာအဖွင့် ၄၈၄

ဖရုသဝါစာအဖွင့်

ဖရုသဝါစာကံ၏ အပြစ်များ ၄၈၆
နန္ဒိုဝိသာလန္ဒား ၄၈၇
သမ္ဖပ္ပလာပဝါစာအဖွင့် ၄၈၈

မိစ္ဆာဇီဝအဖွင့်

မိစ္ဆာအာဇီဝ ၅-မျိုး ၄၉၀
သမ္မာအာဇီဝ ၂-မျိုး ၄၉၁
သမ္မာအာဇီဝ ၄၉၁
ကုက္ကုဋမုဆိုး ၄၉၂
ရဟန်းတော်များ၏ သမ္မာအာဇီဝ ၄၉၃
အာဒိဗြဟ္မစရိယ=အကျင့်မြတ်၏ အစ ၄၉၄
စောင့်ထိန်းရန် သင့်,မသင့် ၄၉၄

အခန်း (၂၀)

သီလဒမျိုးမျိုး

နှစ်ပါးစုသီလ

စာရိတ္တသီလနှင့် ဝါရိတ္တသီလ ၄၉၆
အာဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိယသီလ ၄၉၇
ဝိရတိသီလနှင့် အဝိရတိသီလ ၄၉၇
နိဿိတသီလနှင့် အနိဿိတသီလ ၄၉၇
ကာလပရိယန္တသီလနှင့် အာပါဏကောဋိကသီလ ၄၉၈
သပရိယန္တသီလနှင့် အပရိယန္တသီလ ၄၉၈
လောကိယသီလနှင့် လောကုတ္တရာသီလ ၄၉၉
ဂဟဋ္ဌသီလနှင့် ပဗ္ဗဇိတသီလ ၄၉၉

အကြောင်းအရာ စာမျက်နှာ

သုံးပါးစုသီလ

ဟီနသီလ၊ မဇ္ဈိမသီလ၊ ပဏီတသီလ ၅၀၀
အတ္တာဓိပတေယျသီလ၊ လောကာဓိပတေယျသီလ၊
ဓမ္မာဓိပတေယျသီလ ၅၀၁
ပထုမဇ္ဇသီလ၊ အပထုမဇ္ဇသီလ၊ ပဋိပဿဒ္ဓိသီလ ၅၀၁
ဝိသုဒ္ဓိသီလ၊ အဝိသုဒ္ဓိသီလ၊ ဝေမတိကသီလ ၅၀၁
သေက္ခသီလ၊ အသေက္ခသီလ၊ နေဝသေက္ခနာသေက္ခသီလ ၅၀၂

လေးပါးစုသီလ

စွမ်းရည်အားဖြင့် (၄)မျိုး ၅၀၂
ပုဂ္ဂိုလ်အားဖြင့် (၄)မျိုး ၅၀၂
သဘာဝအားဖြင့် (၄)မျိုး ၅၀၂
ဂိုနည်းကြောင်းအရ (၄)မျိုး ၅၀၃
ဟာန၊ ဌိတိ၊ ဝိသေသ၊ နိဗ္ဗေဓဘာဂိယသီလ ၅၀၃
ဘိက္ခုသီလ၊ ဘိက္ခုနီသီလ၊ အနုပသမ္ပန္နသီလ၊ ဂဟဋ္ဌသီလ ၅၀၄
ပကတိသီလ၊ အာစာရသီလ၊ ဓမ္မတာသီလ၊ ပုဗ္ဗဟေတုကသီလ ၅၀၄
ပါတိမောက္ခသံဝရသီလ ၅၀၅
ဣန္ဒြိယသံဝရသီလ ၅၀၅
မဟာတိဿထေရ် ၅၀၅
အာဇီဝပါရိသုဒ္ဓိသီလ ၅၀၆
ပစ္စယသန္နိဿိတသီလ ၅၀၇
သီလစင်ကြယ်နည်း (၄)မျိုး ၅၀၈
အသက်ကိုပင် စွန့်လွှတ်၍ သီလကို ဖြည့်ကျင့်ကြသော
မထေရ်များ ၅၀၉
စိတ္တဂုတ္တမထေရ် ၅၀၉
မဟာမိတ္တထေရ် ၅၁၀
အရှင်သာရိပုတ္တရာမထေရ် ၅၁၀
အမ္ဗခါဒကမဟာတိဿမထေရ် ၅၁၁
မဟာသံဃရက္ခိတမထေရ် ၅၁၁
သီလညစ်ညူးခြင်း ၅၁၂
သီလစင်ကြယ်ခြင်း ၅၁၃

အဗိုင်း (၅)

အခန်း (၂၁)

ဗုဒ္ဓမန္တန်တော်များ

အန္တရာယ်ကင်းဂါထာများ ၅၁၅

၁။ "နမော တဿ" အန္တရာယ်ကင်းဂါထာ ၅၁၆

ဧ၂-ကမ္ဘာမှ ဘုရားရှိခိုး ၅၁၇

သီကြားမင်း၏ ဘုရားရှိခိုး ၅၁၇

ကောသလမင်းကြီး၏ ဘုရားရှိခိုး ၅၁၈

အာရာမဒဏ္ဍပုဏ္ဏား၏ ဘုရားရှိခိုး ၅၁၈

ဓနဉ္ဇာနီ ပုဏ္ဏားမကြီး ရှိခိုးခြင်း ၅၁၈

ကာရဏပါလီပုဏ္ဏားကြီး ရှိခိုးခြင်း ၅၁၉

ဇာဏုဿောဏိပုဏ္ဏားကြီး ရှိခိုးခြင်း ၅၂၀

ဇြဟ္မာယုပုဏ္ဏားကြီး ရှိခိုးခြင်း ၅၂၀

၂။ ဆဝေ မပါ ကိုးဂါထာ ၅၂၀

အရိယာသာဝိတ္ထိဂါထာတော် ၅၂၁

၃။ အဘိန္ဟီယဂါထာ (အစိန္တေယျအကျိုးပြ) ၅၂၁

၄။ ဥဒါန်းဂါထာတော်နှစ်ပုဒ် (စိတ်တော်ဖြင့်ကျူး) ၅၂၂

၅။ ဥဒါန်းဂါထာတော်သုံးပုဒ် (နှုတ်တော်ဖြင့်ကျူး) ၅၂၃

၆။ သမ္မင်္ဃယမင်္ဂလာဂါထာ (တစ်ထောင်တန် "ဒိဝါ တပတိ" ဂါထာ) ၅၂၅

၇။ အချုပ်အနှောင်မှ လွတ်မြောက်စေသည့်ဂါထာ ၅၂၆

၈။ ရာဟုအာသုရိန်နှတ်ကြီး ကြောက်လန့်ထွက်ပြေးသောဂါထာ ၅၂၇

၉။ လက်နက်ကိုးဖြာ အောင်ဂါထာ ၅၂၇

၁၀။ ဆာတ္ဒိုင်းအောင်ခြင်းရှစ်ပါး ဂါထာပါဠိအနက် ၅၂၉

၁၁။ အပြင်အောင်ခြင်းရှစ်ပါး ၅၃၃

မာရ်နတ်သားကို အောင်ခြင်း ၅၃၃

အာဠဝက ဘီလူးကို အောင်ခြင်း ၅၃၄

နာဠာဂိရိဆင်ကို အောင်ခြင်း ၅၃၅

အင်္ဂုလိမာလကို အောင်ခြင်း ၅၃၆

စိဉ္စမာဏဝိကာကို အောင်ခြင်း ၅၃၆

သစ္စကပရိဗိုဇ်ကို အောင်ခြင်း ၅၃၇

အကြောင်းအရာ စာမျက်နှာ

နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်း ၅၃၈
ဗကပြဟ္မာကို အောင်ခြင်း ၅၃၉
၁၂။ အပြင်အောင်ခြင်းရှစ်ပါး အချုပ် ၂-ဂါထာ ၅၃၉
၁၃။ အောင်ဂါထာတော် ၅၄၁
၁၄။ သစ္စာပန္နက်အောင်ရှစ်ချက်ဂါထာ ၅၄၁
၁၅။ မာရ်နတ်ကို အောင်မြင်ပြီးနောက် ဗြဟ္မာ, နတ်, နဂါး, ဂဠုန်တို့၏ ကြွေးကြော်သည့် ဂါထာများ ၅၄၂
၁၆။ သမ္မုဒ္ဓေကပ်ကျော် မန္တန်တော်ကြီး ၅၄၄
သမ္မုဒ္ဓေဂါထာသုံးပုဒ်၏ အကျိုးကျေးဇူးများ ၅၄၄
လင်္ကာ၏ အဓိပ္ပာယ် ၅၄၅
၁၇။ ဖုဋ္ဌဿဂါထာ မန္တန်တော် ၅၄၆
၁၈။ ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိတော် ... ၅၄၇
၁၉။ ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော် ၅၄၇
၂၀။ ပထဝီဇယမန္တန် ၁၄-ဂါထာပါဌ် ၅၄၈
၂၁။ လာဘသိဒ္ဓိ ရွှင်သိဝလိဂါထာ ၅၅၃
၂၂။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် (ပဋ္ဌာန်း ၂၄-ပစ္စည်း) ၅၅၆
၂၃။ စက်ဝန်းပရိတ်ခေါ် အရပ်ဆယ်မျက်နှာ ကြွေဟ်ရှစ်လုံး စည်းချဂါထာများ ၅၅၇
၂၄။ အတွင်းစည်းချ သီရသို့ဂါထာတော်ကြီး ၅၆၁
၂၅။ မြစ်ကူးချောင်းခြား ခရီးသွားအန္တရာယ်ကင်းဂါထာ ၃-ပုဒ် ၅၆၂
၂၆။ ခလုပ်မထိ ဆူးမငြိနိုင်သောဂါထာ ၅၆၄
၂၇။ သက်တော်မြဲဂါထာ ၅၆၅
၂၈။ အန္တရာယ်မပြုနိုင်သော ဂုဏ်တော် ၄-ပါး ၅၆၇
၂၉။ အာဝေဏိကဂုဏ်တော် ၁၀-ပါး ၅၆၀
၃၀။ နာညတြဂါထာ ၅၇၁
၃၁။ ကျည်မထိုက် လက်နက်တုံးဂါထာ ၅၇၂
၃၂။ လက်နက် ရန်သူကင်းဂါထာ ၅၇၃
၃၃။ ကပ်ဆိုးရောဂါဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်စေနိုင်သောဂါထာ ၅၇၄
၃၄။ ရန်သူမမြင်နိုင်သောဂါထာ (ကိုယ်ပျောက်ဂါထာ).... ၅၇၆
၃၅။ အန္တရာယ်ကင်းဂါထာ ၅၇၇
၃၆။ အသက်အန္တရာယ်ကင်းဂါထာ ၅၇၈
၃၇။ ဘီလူးပြေးသောဂါထာ ၅၇၉

အကြောင်းအရာ				စာမျက်နှာ
၃၈။ သံဂ-ချက်ဂါထာ	....	....		၅၂၉
၃၉။ စမ ကြီးလေးလုံးဂါထာ	....	....		၅၃၀
၄၀။ "ဧ" ကိုးချက်ဂါထာ	....	....		၅၃၁
၄၁။ မနောမယိဒ္ဓိဂါထာ	....	....		၅၃၂
၄၂။ သဗ္ဗသိဒ္ဓိဂါထာ	....	....		၅၃၄
၄၃။ ဣစ္ဆန္တောဂါထာ	....	....		၅၃၅
၄၄။ ဣစ္ဆိတဂါထာတော်	....	....		၅၃၆
၄၅။ ထုတ်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင် ဂါထာတော်	....	....		၅၃၇
၄၆။ ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ စမ္မခဏ်ဂါထာတော်				၅၃၇
၄၇။ ဆဒိသာပါလသုတ်	....	....		၅၄၉
၄၈။ စက္ကပရိတ္တ (စောင်ပရိတ်)	....	....		၅၅၆
၄၉။ မဟာဝေဒပ္ပမန္တန်တော်	....	....		၆၀၂
၅၀။ စူဠဝေဒပ္ပ သစ္စမန္တန်တော်	....	....		၆၀၄

အပိုင်း (၆)

ဘဝသံသရာနှင့် ကံကြမ္မာ

အခန်း (၂၂)

ဘဝသံသရာ

ဘဝ	....	—	....	၆၀၉
အာရုံသုံးမျိုး	....	....	....	၆၀၉
အာရုံက လွှမ်းမိုးခြင်း	....	....	....	၆၁၀
ဘုံဘဝများ	....	....	....	၆၁၂
အပါယ်လေးဘုံ	....	....	....	၆၁၂
ပြိတ္တာဘုံ	....	....	....	၆၁၂
အသူရကာယ်ဆိုး	—	....	....	၆၁၃
ငရဲဘုံ	....	....	....	၆၁၃
ငရဲကြီးရှစ်ထပ်	....	....	....	၆၁၄
သိဉ္ဇုဝ်းငရဲ	....	....	....	၆၁၄

အကြောင်းအရာ				စာမျက်နှာ
ကာလသုတ်ငရဲ	....	....	....	၆၁၅
သဃ်ာတဉ်ရဲ	...	....	....	၆၁၆
ရောရုဝငရဲ	....	....	....	၆၁၇
မဟာရောရုဝငရဲ	....	....	....	၆၁၈
တာပနငရဲ	....	....	....	၆၁၈
မဟာတာပနငရဲ	....	....	....	၆၁၉
အဝီစိငရဲ	....	....	....	၆၂၀
ငရဲငယ်များ	....	....	....	၆၂၁
ဘင်ပုပ်ငရဲ	....	....	....	၆၂၁
ပြာပူငရဲ	....	....	....	၆၂၂
လက်ပံတောငရဲ	....	....	....	၆၂၂
သန်လျက်တောငရဲ	....	....	....	၆၂၂
အခြားငရဲငယ်များ	....	....	....	၆၂၃
ငရဲသက်တမ်း	....	....	....	၆၂၄
ကာမသုဂတိ ၇-ဘုံ	....	....	....	၆၂၅
လူ့ဘုံ	....	....	....	၆၂၅
စတုမဟာရာဇ်နတ်ဘုံ	....	....	....	၆၂၅
စတုမဟာရာဇ် နတ်မျိုးများ		....	....	၆၂၆
တာဝတိံသာ နတ်ဘုံ	....	....	....	၆၂၇
ယာမာနတ်ဘုံ	....	....	....	၆၂၇
တုသိတာနတ်ဘုံ	....	....	....	၆၂၇
နိမ္မာနရတိနတ်ဘုံ	...	....	....	၆၂၈
ပရနိမ္မိတဝသဝတ္တီနတ်ဘုံ		....	....	၆၂၈
နတ်စည်းစိမ်	....	....	....	၆၂၈
နတ်တို့၏ သက်တမ်း	....	....	....	၆၂၉
နတ်သက်တမ်း ဇယားအကျဉ်းချုပ်		....	....	၆၃၀
ဗြဟ္မာ (၂၀)	....	....	....	၆၃၁
ရူပဗြဟ္မာဘုံ ၁၆-ဘုံ	....	....	....	၆၃၁
ပထမစျာန် ၃-ဘုံ	....	....	....	၆၃၁
(က) ဗြဟ္မပါရိသဇ္ဇာဘုံ		....	....	၆၃၁
(ခ) ဗြဟ္မပုရောဟိတာဘုံ		....	....	၆၃၁
(ဂ) မဟာဗြဟ္မာဘုံ	....	....	....	၆၃၂

အကြောင်းအရာ	စာမျက်နှာ
ဒုတိယစျာန် ၃-ဘုံ	၆၃၂
(က) ပရိတ္တာဘာဘုံ	၆၃၂
(ခ) အပ္ပမာဏာဘာဘုံ	၆၃၂
(ဂ) အာဘဿရာဘုံ	၆၃၃
တတိယစျာန် ၃-ဘုံ	၆၃၃
(က) ပရိတ္တသုဘာဘုံ	၆၃၃
(ခ) အပ္ပမာဏသုဘာဘုံ....	၆၃၃
(ဂ) သုဘကိဏ္ဏာဘုံ	၆၃၃
စတုတ္ထစျာန် ၇-ဘုံ	၆၃၄
(က) ဝေဟပ္ဖလာဘုံ	၆၃၄
(ခ) အသညသတ်ဘုံ	၆၃၄
(ဂ) သုဒ္ဓါဝါသ ၅-ဘုံ	၆၃၅
(က) အဝိဟာဘုံ	၆၃၆
(ခ) အတပ္ပါဘုံ	၆၃၆
(ဂ) သုဒဿာဘုံ	၆၃၆
(ဃ) သုဒဿီဘုံ	၆၃၆
(င) အကနိဋ္ဌဘုံ	၆၃၆
ပဉ္စဝေါကာရဘုံ	၆၃၆
သဟမ္ပတိဗြဟ္မာ	၆၃၇
ဗကဗြဟ္မာ	၆၃၇
ဗြဟ္မာ့စည်းစိမ်	၆၃၉
အရူပဗြဟ္မာ ၄-ဘုံ	၆၃၉
ဗြဟ္မာတို့၏ သက်တမ်း	၆၄၁
၃၁-ဘုံ အကျဉ်း	၆၄၂
၃၁-ဘုံ အထက်မှအောက် တည်နေပုံ	၆၄၂
ပုဂ္ဂိုလ် ၁၂-မျိုး	၆၄၃

ဆုံးကြောင်းအရာ				စာမျက်နှာ
ပုထုဇဉ် ၄-ယောက်	....	....	....	၆၄၃
အရိယာ ၈-ယောက်	....	....	....	၆၄၄
ပုဂ္ဂိုလ် ၂၁၄-ယောက်	....	....	....	၆၄၄
မြဟွာ့ပြည် တခင်းဝင်း ဝက်စားကျင်း တရွတ်ရွတ်			....	၆၄၆
ဘဝကူးပုံ	....	....	....	၆၄၆
လောက်လမ်းသဖွယ် ဝိညာဉ်တွယ်		....	....	၆၄၇
ဘဝသံသရာ	....	....	....	၆၄၉

အခန်း (၂၃)

ကံကြမ္မာ

သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ	....	....	....	၆၅၀
ကမ္မသကတာသမ္မာဒိဋ္ဌိ	....	....	....	၆၅၂
နောက်ဘဝကြိုက်သူနှင့် ကြောက်သူ		....	....	၆၅၂
နောက်ဘဝရှိသူနှင့် ဓရှိသူ နှိုင်းယှဉ်ချက်		....	....	၆၅၃
နောင်ဘဝမရှိခဲ့သော်	....	....	....	၆၅၄
နောက်ဘဝရှိခဲ့သော်		....	....	၆၅၅
ကြောင်းကျိုးဆက်နည်းဖြင့် သက်သေပြပုံ			....	၆၅၆
သေသူက ပူးကပ်ပြောခြင်း		....	....	၆၅၈
လူဝင်စားကို အထောက်အထားပြု		....	....	၆၅၉
ကံတူ အကျိုးပေး	....	....	....	၆၆၀
ကံ၏ အကျိုးများ	....	....	....	၆၆၁
ကံကြောင့် ဖြစ်သော ကမ္မဇရုပ်များ		....	....	၆၆၁
ကံကြောင့် ဖြစ်သော ဥတုဇရုပ်များ		....	....	၆၆၂
တစ်ဘဝ၏ အပိုင်းသုံးပိုင်း		....	....	၆၆၃
ပဋိသန္ဓေအခါ	....	....	....	၆၆၃
စုတိအခါ	....	....	....	၆၆၄
ပဝတ္တိအခါ	....	....	....	၆၆၅
စွမ်းအင်အရ ကံ ၄-မျိုး		....	....	၆၆၅
ဇနကကံ	....	....	....	၆၆၅
ဥပတ္ထမ္ဘကကံ	....	....	....	၆၆၅
ဥပပီဠကကံ	....	....	....	၆၆၆
ဥပဃာတကကံ	....	....	....	၆၆၇

ဗုဒ္ဓဘာသာလက်စွဲကျမ်း

ဆေးကြောင်းဖေတု စာမျက်နှာ

အခွင့်အခါအရ ကံ၄-မျိုး ၆၆၇

ဂရုကံ ၆၆၈

အာသန္နကံ ၆၆၉

အာစိဏ္ဏကံ .... — ၆၆၉

ကဋတ္တာကံ ၆၇၀

ဆကျိုးပေးထုကာလ အနီးအဝေးအရ ကံ ၄-မျိုး ၆၇၀

ဒိဋ္ဌမ္မဝေဒနီယကံ ၆၇၁

ဥပပဇ္ဇဝေဒနီယကံ ၆၇၁

အပရာပရိယဝေဒနီယကံ ၆၇၁

အဟောသိကံ ၆၇၁

အခန်း (၂၄)

သေပြီးနောက် သုဂတိဘဝရောက်လိုသော်

သေရမည့်ဘေး ပြေးမလွှတ် ၆၇၂

သေပြီးနောက် ဘာတွေ ဖြစ်ကြဦးမည်နည်း ၆၇၄

မယားချစ်သူတစ်ဦး ၆၇၄

ဂ၄၀၀၀-ကုသိုလ်ရှင်ဘဝမှ စပါးကြီးမြေ ဖြစ်ရခြင်း ၆၇၆

မုဆိုးလုပ်သူ နတ်ပြည်ရောက်ခြင်း ၆၇၇

သေခါနီးဘုရားအာရုံ တရားအာရုံကြောင့် နတ်ပြည်ရောက်သူများ ၆၇၈

ညီရဲ့ဆန်တစ်စလယ် ၆၇၉

သေဖို့ရန်ပြင်ဆင်သူ၊ သို့မဟုတ် ယောမင်းကြီး ဦးဘိုးလို့ခေါ် ၆၈၀

သေခါနီး အာရုံနိမိတ်ထင်မှု ၆၈၄

(က) ကံအာရုံ ထင်လာပုံ ၆၈၅

(ခ) ကမ္မနိမိတ်အာရုံထင်လာပုံ ၆၈၅

(ဂ) ဂတိနိမိတ်အာရုံ ထင်လာပုံ ၆၈၅

ဃသပြီးနောက် သုဂတိဘဝရောက်စေရန် ၆၈၆

အခန်း (၂၅)

အထွေထွေ

ဩကာသမူကဲ့များ ၆၈၉

မူလဩကာသ ၆၉၁

ဒုတိယဩကာသ ၆၉၁

အမှာကြိုဝင်းအရာ စာမျက်နှာ

နှစ်မူပေါင်းစပ်ဩကာသ ၆၉၂
ပဏာမဩကာသ ၆၉၂
မူတ်ချက် ၆၉၃
ဩကာသမူသစ် ၆၉၃
အမျှားသုံးဩကာသ ၆၉၄
မဟာစည်ဩကာသ ၆၉၄
မွန်ဩကာသကန်တော့ခန်း ၆၉၅
မူတ်ချက် ၆၉၅

အခန်း (၂၆)

ပါဠိပါဋ္ဌဆင့် ရေးနည်း ဖတ်နည်း

အကွရာ ၄၁-လုံး ၆၉၆
သရ ၈-လုံး=အ၊အာ၊ဣ၊ဤ၊ဥ၊ဦ၊ဧ၊ဩ ၆၉၆
သဒိသဒ္ဒဘော်=အက္ခရာတူဆင့်ခြင်း ၆၉၈

(၁) ပထမအက္ခရာချင်း ဆင့်ပုံ ၆၉၈
(၂) တတိယအက္ခရာချင်း ဆင့်ပုံ ၆၉၈
(၃) ပဉ္စမအက္ခရာချင်း ဆင့်ပုံ ၆၉၈
(၄) အဝဂ်အက္ခရာတူချင်း ဆင့်ပုံ ၆၉၉

အသဒိသဒ္ဒဘော်=အက္ခရာမတူဆင့်ခြင်း ၆၉၉

(၁) ပထမအက္ခရာက ဒုတိယအက္ခရာအပေါ်သို့ ဆင့်ခြင်း ၆၉၉
(၂) တတိယအက္ခရာက စတုတ္ထအက္ခရာအပေါ်သို့ ဆင့်ခြင်း ၆၉၉
(၃) ပဉ္စမအက္ခရာက ရှေ့လေးလုံးပေါ်သို့ ဆင့်ခြင်း ၆၉၉
(၄) "ယ" အပေါ်သို့ ဆင့်ခြင်း ၇၀၀
(၅) "ရ" ပေါ်သို့ ဆင့်ခြင်း ၇၀၁
(၆) "လ" ပေါ်သို့ ဆင့်ခြင်း ၇၀၁
(၇) "ဝ" ပေါ်သို့ ဆင့်ခြင်း ၇၀၂
(၈) "သ" ဆင့်ခြင်း ၇၀၂
(၉) "ဟ" ပေါ်သို့ ဆင့်ခြင်း ၇၀၂

အသတ်အသံထွက်နည်း ၇၀၃

အပိုင်း (၇)

အခန်း (၂၇)

ဝေါဟာရအဓိပ္ပါယ်

ဝေါဟာရအဓိပ္ပါယ် ၇၀၃

မှတ်သားဖွယ် အကွဲရာစဉ်

မှတ်သားဖွယ် အကွဲထုစဉ် ၇၂၅

ဗုဒ္ဓဘာသာလက်စွဲကျမ်း

အပိုင်း (၁)

အခန်း (၁)

မိဘတာဝန်

သရဏာဂုံတည်စေ ပဋိသန္ဓေမှ

ဗုဒ္ဓဘာသာဝင် မိဘ (၂) ပါးမှ မွေးဖွားဆင်းသက်လာသော ကျွန်ုပ်တို့သည် အမိဝမ်းတွင်း၌ ရှိနေစဉ်ကပင် ရတနာ(၃)ပါးအား ဆည်းကပ် ပူဇော်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် မိခင်ဖြစ်သူသည် ရတနာ (၃)ပါးအား ဆည်းကပ် ပူဇော်သည့်အခါတိုင်း ဝမ်းတွင်း လွယ်ထားသော သားသမီးအတွက်လည်း ရှိခိုးပူဇော် ဆည်းကပ်လေ့ရှိကြသည်။ မြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း ဆက်ကပ်၍ လည်းကောင်း၊ ဝတ်တက်ဝတ်ကပ်ပြု၍လည်းကောင်း၊ သံဃာတော် များအား နေ့စဉ် ဆွမ်းလောင်းခြင်း၊ ရှိခိုးကန်တော့ခြင်းပြု၍ လည်းကောင်း သန္ဓေ သားငယ်အတွက် ဆုတောင်းဆုယူ ပြုလေ့ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမိဝမ်းတွင်းကပင် သရဏာဂုံတည်လာသူများ ဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်များသည် သားသမီး မွေးဖွားသည့်အချိန်ကို ထန်းဖူး၊ ထန်းရွက် တစ်ဖက်ချုန်ပေါ်တွင် ရေးမှတ်ထားရာ ယင်းထန်းရွက်ကို "သက်မှတ်" ဟု ခေါ်ကြသည်။ ကနေ့လး (၁၂)နှစ် ပြည့်သောအခါမှ ဇာတာခွင် ဖဲ့ကြရသည်။ ယင်းသက်မှတ်နှင့် ဇာတာခွင်ပေါ်တွင် "ရတနာ (၃)ပါး ဦးထိပ်ထားလျက် မာတာမိခင် ဖွားသန့်စင်သည့် အမည်သည်ာ ခေါ်စရာကား မောင်ဖြူ၊ အသက် (၁၂၀)ရှည်စေသော်" ဟု ရေးမှတ်လေ့ရှိကြသည်။

ထို့ကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသည် အမိဝမ်းတွင်း၌ရှိစဉ်ကပင် ရတနာ (၃)ပါးအား ဆည်းကပ်သူ သရဏာဂုံတည်သူများ ဖြစ်လာခဲ့ကြသည်။ မြတ်စွာဘုရား၏ လက်ထက်တော်အခါက ဥဒေနမင်း၏ သားတော် ဇေတိမင်းသားသည် မြတ်စွာဘုရားရှင်အား အမေးပုစ္ဆာပြဿနာများကို ဖေးမြှင်း လျောက်ထားသည်။ မြတ်စွာဘုရားရှင်၏ ဖြေရှင်းဟောကြားတော်မူခြင်းကို

နှစ်သက်ကြည်ညိုသဖြင့် ချီးမွမ်းစကား လျှောက်ထားလေသည်။ ထိုအခါ အနီးအပါး၌ ရှိနေသော သဠ်ကာပုတ္တလုလင်သည် ဗောဓိမင်းသားကို ကဲ့ရဲ့ပြစ်တင်စကား ပြောကြားပုံမှာ–

"ဤအရှင်ဗောဓိမင်းသားသည် –

'မြတ်စွာဘုရားသည် အံ့ဩဖွယ်ကောင်းလှပါ၏၊ တရားတော်သည် အံ့ဩဖွယ်ကောင်းလှပါ၏၊ တရားတော်၏ အစ၊ အလယ်၊ အဆုံး သုံးပါး အစုံ ကောင်းခြင်းကုဏ်နှင့် ပြည့်စုံစွာ ဟောကြားထားအပ်သည်၏ အဖြစ်သည် အံ့ဩဖွယ်ကောင်းလှပါ၏'–

ဟူ၍ ဤသို့သာလျှင် ချီးမွမ်းစကား လျှောက်ထား၏။ ထိုသို့ပင်လျှောက်ထားခြားသော်လည်း–

'ထိုအရှင် ရဟန်းဂေါတမကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ ရဟန် သံဃာကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ကား မဆည်းကပ်ဘီချေ'–

ဟူ၍ ပြောကြားလေ၏"။ ထိုအခါ ဗောဓိမင်းသားသည်–

"အချင်း သဠ်ကာပုတ္တ.... ဤသို့ မပြောဆိုပါလင့်၊ အချင်း သဠ်ကာပုတ္တ.... ဤသို့ မပြောဆိုပါလင့်၊ အချင်း သဠ်ကာပုတ္တ.... ငါသည် ဤဆိုလတ္တံ့သော အကြောင်းအရာစကားကို မယ်တော်၏ မျက်မှောက်မှ ကြားနာ မှတ်သား ခံယူထားအပ်ဖူးပါသည်–

အချင်း သဠ်ကာပုတ္တ ...အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ငါ၏ မယ်တော်သည် ငါ့ကို ကိုယ်ဝန်ဆောင်ရှိနေစဉ် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ဝပ်လျှိုးရှိခိုး ထိုင်နေပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား–အာကျန့်ပ်၏ဝမ်းတိုက်၌ တည်ရှိသော ဤသတ္တိသားသည် (သို့မဟုတ်) ဤသတ္တိသမီးသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ ရဟန်း သံဃာကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ထိုသတ္တိသား (သို့မဟုတ်) သတ္တိသမီးကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာ, ဥပါသိကာ ဟူ၍ မှတ်တော်မူပါဘုရား"–

ဟု လျှောက်ခဲ့လေပြီ။

အချင်း သဠိကာပုတ္တာ....အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း အဝင်အပါ ဤသုသုမာရဂိရမြို့မှာပင် သားတို့အား ဘေးမဲ့ပေးထား ဘေသကဠာတောအုပ်၌ သီတင်းသုံးနေတော်မူစဉ် အထိန်းတော်သည် ငါ့ကို ရင်ခွင်ဖြင့် ပိုက်ချီ၍ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက် ဝပ်လျှိုး ရှိခိုး ရပ်တည်ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား– ဤဗောဓိမင်းသားသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ ရဟန်း သံဃာကို လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ထိုဗောဓိမင်းသားကို ယနေ့က စ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာ ဒါယကာဟူ၍ မှတ်တော်မူပါဘုရား"–ဤသို့ ဟု လျှောက်ထားခဲ့လေပြီ။

အချင်း သဠိကာပုတ္တာ.... (မယ်တော်နှင့် အထိန်းတော်တို့ ငါ၏ ကိုယ်စား နှစ်ကြိမ်တိုင်တိုင် အသီးအသီး သရဏဂုံခံယူခဲ့ပြီးသော) ထိုငါသည် ယခုအခါ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ရဟန်း သံဃာကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာ ဒါယကာဟူ၍ မှတ်တော်မူပါဘုရား"–ဟူ၍ သဠိကာပုတ္တာလုလင်ကို တိုင်တည်ကာ မြတ်စွာဘုရားအထံတော်၌ သရဏဂုံခံယူလေ၏။

ဤကဲ့သို့ မယ်တော်နှင့် အထိန်းတော်တို့က လျှောက်ထားရုံမျှဖြင့် ဗောဓိမင်းသားအဖို့ သရဏဂုံခံယူဆောက်တည်ပြီး မဖြစ်နိုင်သော်လည်း မယ်တော်နှင့် အထိန်းတော်တို့ နှုတ်မြွက်လျှောက်ထား ဆောက်တည်အပ်သော သရဏဂုံသည် ထိုဗောဓိမင်းသားအတွက် သရဏဂုံတည်ရန် လမ်းကြောင်းဖွင့်ပေးပြီးဖြစ်သည်။ ယင်းလမ်းကြောင်းမှ သွေဖည်ပြောင်းလဲမသွားစေရန် ကာကွယ်စောင့်ရှောက်ပြီးဖြစ်လေသည်။ အဓိဝမ်းတွင်း၌ ရှိစဉ်ကလည်းကောင်း၊ စကားနားမလည်မီက လည်းကောင်း မယ်တော်နှင့် အထိန်းတော်တို့က ဗောဓိမင်းသားကိုယ်စား လျှောက်ထားခဲ့ခြင်းသည် ဗောဓိမင်းသားကိုယ်တိုင် ဇာတ်သိ လိမ္မာသည့် အရွယ်သို့ ရောက်ရှိသောအခါ မိဘဆွေမျိုးမိတ်ဆွေတို့က ယင်းသရဏဂုံ ခံယူဆောက်တည်ခဲ့သည့်အကြောင်းကို ပြန်လည်ပြောပြ၍ သတိရအောက်မေ့စေကြသောအခါ ဗောဓိမင်းသားသည် မိဘတို့၏ ပြောစကားကို ဆင်ခြင်စဉ်းစားပြီးလျှင် "ငါကား–သရဏဂုံတည်သူ ဥပါသကာဒါယကာတစ်ယောက်ဖြစ်သည်"

ဟူ၍ သဗ္ဗိဂုဏအောက်မေ့သည်နှင့်တပြိုင်နက် သရဏကို ခံယူဆောက်တည်ပြီးဖြစ်လေတော့သည်။ နှုတ်ဖြင့်က်၍ သရဏကိုဆောက်တည်ရန် မလိုတော့ဘဲ စိတ်ဖြင့် ဆင်ခြင်အောက်မေ့မှုံမျှဖြင့် သရဏကို ခံယူဆောက်တည်ပြီး ဖြစ်တော့သည်။

ဒါနပြုစ ကလေးဘဝပမှ

မဟာဗုဒ္ဓဝင်ကျမ်းဘွင် ဘုရားအလောင်းတော် ဖွားတော်မူပြီးနောက် (၅)ရက်မြောက်သောနေ့၌ ခေါင်းဆေးမင်္ဂလာပွဲနှင့် နာမည်မှည့်ခေါ်ခြင်း နာမကရဏမင်္ဂလာပြုကြောင်း ဖော်ပြထားသည်။

ဘုရားအလောင်းတော် ဖွားမြင်ပြီးနောက် (၅)ရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည် သားတော် အလောင်းမင်းသားအား ဦးခေါင်းဆေးလျှော်ခြင်းမင်္ဂလာ ပြုလုပ်စေပြီးလျှင် အမည်မှည့်အံ့ဟု မိမိ၏ စံနန်းတော်ကို နံ့သာမျိုးလေးပါးတို့ဖြင့် ပွတ်လိမ်းထုံကျစေပြီးသော် နေဇာမြက်၊ ဆန်ပန်း၊ ပေါက်ပေါက်ပန်း၊ မုန်ညင်းစေ့၊ ပုလေးငုံဟူသော ပန်းငါးမျိုးတို့ကို နန်းတော်အနှံ့ ဖြန့်ကြဲစေပြီးလျှင် ရေမရောယှက် သက်သက်သော နို့ဆနာဘောဇဉ်ကို ချက်စေတော်မူ၍ ဗေဒင်သုံးပုံတို့၏ ဂန္ထဖက်ကမ်းရောက် တတ်မြောက်ကုန်သော ပုဏ္ဏားပညာရှိ (၁၁၈)ယောက်တို့ကို ပင့်ဖိတ်လျက် စံနန်းတော်အဟင်းခင်းထားအပ်သော နေရာကောင်းနေရာသန့်တို့၌ ထိုင်နေကြစေ၍ ကောင်းမွန်မြိန်မြတ်သော နို့ဆံနာဘောဇဉ်တို့ကို ကျွေးမွေးတော်မူ၏။ ယင်းသို့ ကျွေးမွေးတော်မူပြီးသော် ကောင်းမွန်ကြီးမြတ်သော ပူဇော်သက္ကာရကို ပြုလျက် ထိုပုဏ္ဏားပညာရှိ (၁၀၈)ယောက်ဟူအနက် (၈)ယောက်သော ပုဏ္ဏား ပညာရှိတို့ကို တဖန် ရွေးနှုတ်ပြီးလျှင် ဘုရားအလောင်းတော်၏ လက္ခဏာတို့ကို ဖတ်စေကုန်၏။

ပုဏ္ဏားပညာရှိတို့သည် ဘုရားအလောင်းတော်၏ လက္ခဏာတော်ကြီးငယ်တို့ကို စိစစ်စေ့ငုံ ကြည့်ရှုဆင်ခြင်ကြပြီးလျှင် "ဘုရားစင်စစ်ဖြစ်လတ္တံ့" ဟု နိမိတ်ဖတ်ကြား ဆိုလျှောက်ထားကြပြီးနောက် အလောင်းတော်မင်းသား၏ အမည်တော်ကို အလုံးစုံသော လောက၏ အကျိုးစီးပွား ပြီးစီးအောင်မြင် ယမြောက်အောင် ဆောင်ရွက်တော်မူမည့်အကြောင်းနိမိတ်ကို အစဲပြု၍ သိဒ္ဓတ္ထ (သိဒ္ဓ = ပြီးစီးခြင်း + အတ္ထ = အကျိုးစီးပွား)ဟု မှည့်ခေါ်သမုတ်ကြကုန်၏။ မြန်မာလူမျိုးများသည်လည်း မြတ်စွာဘုရား၏ ဘဲ့တော်မျိုးတော် သာကီဝင် အနွယ်များ ဖြစ်ကြသည်အားလျော်စွာ သာကီဝင်တို့၏ကျင့်စဉ် ခေါင်းဆေးမင်္ဂလာနှင့် နာမကရဏမင်္ဂလာကို မိမိတို့ စွမ်းနိုင်သမျှ လိုက်နာပြုလုပ်လေ့ရှိကြသည်။

ကင်ပွန်းတပ်ခြင်း

မြန်မာ့ရိုးရာအစဉ်အလာအရ သားသမီး မွေးဖွားပြီးနောက် (၇)ရက် မြောက်သောနေ့၌ မိခင်ဖြစ်သူသည် မီးနေခန်းမှ ထွက်နိုင်ခွင့်ရသည်၊ ထိုသို့ မီးနေခန်းမှ ထွက်ခြင်းကို မီးထွက်သည်ဟု ခေါ်ကြသည်။ မီးထွက်သည့်နေ့၌ မိခင်ရောကလေးပါ ခေါင်းလျှော်ရေ (တရော်ကင်ပွန်းရေ)တို့ဖြင့် ဦးခေါင်းဆေး လျှော်ခြင်း၊ ရေချိုးသန့်စင်ခြင်း ပြုရသည်၊ ခေါင်းလျှော်ရေ (တရော်ကင်ပွန်း ရေ)ကို အိမ်နီးချင်းများအား လည်း ပေးကမ်း ဝေငှရသည်။

[မှတ်ချက်။ ။တရော်ကို ခေါင်းလျှော်ရေအဖြစ် အသုံးပြုရခြင်းမှာ သရေခေတ္တရာပြည် ဒုတ္တဘောင် မင်းကြီးအား ပန်ထွာ မင်းသမီးက မသန့်စင်သော မီးနေထဘီမှ ချည်မျှင်များဖြင့် ပြန်လည် ရက်လုပ်ထားသည့် မျက်နှာသုတ်ပဝါကို ဆက်သည်။ မင်းကြီးသည် အမှုတ်မဲ့ မဆင်မခြင် သုံးစွဲမိ၍ မျက်မှောင်နှစ်ခုအကြား၌ မွဲရွှင်တော် ကွယ်လေသည်။ မွဲရွှင်တော်မှာ ဘုန်းကျက်သရေ၏ အထိမ်းအမှတ်လက္ခဏာ ဖြစ်သည်။ မင်းကြီးသည် ဘုန်းနိမ့်ကြောင်း သိရှိ၍ ပန်ထွာပြည်မှ သရေခေတ္တရာပြည်သို့ ပြန်ခဲ့ရာ လမ်းခရီးတွင် မိုးရွာသဖြင့် တရော်ပင် အောက်၌ ဝင်ရောက် မိုးခိုလေသည်။ တရော်ပင်မှ စီးဆင်းကျလာသော မိုးရေများသည် မင်းကြီး၏ မျက်နှာထက်သို့ ကျရာ တရော်ရည်ဖြင့် မျက်နှာသစ်သကဲ့သို့ ဖြစ်၍ မင်္ဂလာကျက်သရေ အထိမ်းအမှတ် မွဲရွှင်တော် ပြန်လည် ပေါ်ထွက်လာကြောင်း အဆိုရှိသည်။

ထို့ပြင် ကင်ပွန်းသီးမှာ အာပုပ်အစပ် အလွန်နိုင်သည်၊ ပုပ်စော်ညှီစော်နံနေသော အရာဝတ္ထုကို ကင်ပွန်းသီး ပြုတ်ရေဖြင့် ဆေးကြောနိုင်သည်းကောင်း၊ သို့မဟုတ် ကင်ပွန်းသီးကို မီးမြိုက်၍ မီးခိုးမှိုင်း တိုက်သော်လည်းကောင်း ယင်း ဒုနံ့အသက်များ ပျောက်ကွယ်၍ သန့်ရှင်း စင်ကြယ်စေနိုင်သည်။

ထို့ကြောင့် ရှေးမြန်မာ လူကြီးသူမများက တရော်ကင်ပွန်းရေကို ခေါင်းလျှော်ခရအဖြစ် လဟ်မှတ်ပေးခဲ့ကြ၍ မိမိတို့၏ ဦးခေါင်းနှင့် မျက်နှာကို ကျက်သရေတိုးအောင် တရော်ကင်ပွန်းရေဖြင့် ဆေးလျှော်ကြရန် အစဉ်အလာကောင်း တစ်ရပ် ချမှတ်ခဲ့ကြသည်။]

ယင်းသို့ တရော်ကင်ပွန်းရေဖြင့် ခေါင်းလျှော်ခြင်း၊ ရေချိုးခြင်းကို ကင်ပွန်းတပ်သည်ဟု ခေါ်ကြသည်၊ ယင်း ခေါင်းဆေးမင်္ဂလာပြုသော နေ့မှာပင်

နာမည်ပေးလေ့ ရှိကြသောကြောင့် နာမည်ပေးခြင်းကို ကင်ပွန်းတပ်သည်ဟု ခေါ်ကြသည်။ ကင်ပွန်းတပ်သည့်နေ့၌ ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်ပို့ခြင်း၊ ရပ်ရွာအတွင်း အိမ်နီးချင်းများသို့ ကောက်ညှင်းပေါင်း စသော မြန်မာမုန့်များ ဝေငှ ပေးပို့ခြင်း ပြု၍ တတ်သိနားလည် ဗဟုသုတကြွယ်ဝသော ရပ်မိရပ်ဖများက နေ့သင့် နံသင့် အမည်မှည့်ခေါ်မှု (နာမကရဏ) မင်္ဂလာပြုကြသည်။ အချို့ အရပ်ဒေသ၌ မိမိတို့ ဆရာဘုန်းတော်ကြီးက အမည် ရွေးချယ်ပေးသည်ကို မှည့်ခေါ်ကြသည်။ ဥစ္စာပစ္စည်းဓာတ်အား ပြည့်စုံသူများအနေဖြင့်မူ ရပ်မိရပ်ဖ မိတ်ဆွေ အဖေါင်းဒါယင်းများကို ဖိတ်ကြား ညှဉ်ခံ ကျွေးမွေးခြင်းပြုလျက် ဝေဒပညာရှင်များက နေ့သင့် နံသင့် အကွရာ ရွေးချယ်ခြင်း၊ ဆန်းဂိုဏ်း ရွေးချယ်ခြင်းပြု၍ နာမည်ပေးခြင်း နာမကရဏမင်္ဂလာ ပြုလေ့ရှိကြသည်။

ဗုဒ္ဓဘာသာဝင်များသည် သရဏဂုံ ဆောက်တည်မှုကို အဓိဝမ်းတွင်း ပဋိသန္ဓေမှ စတင်ခဲ့၍ ဒါနပြုမှုကို (၇) ရက်သားမှ စတင်ခဲ့သည်၊ လသား အရွယ်မှ စ၍ ဘုရားရှိခိုးခြင်း၊ သံဃာရှိခိုးခြင်းကို အစပျိုးခဲ့သည်မှာ ထင်ရှား လှပေသည်။

ဘာဝနာအစ ကလေးဘဝ

ဗုဒ္ဓဘာသာဝင် မိဘများသည် ဘားငယ်သမီးငယ်များကို ရင်ခွင်ဖြင့် ချီပိုး ပွေ့ပိုက်ရသည့် အရွယ်မှာပင် ဘုရားရှိခိုးစတင်သင်ကြား လေ့ကျင့်ပေးကြသည်။ ကလေး၏ လက်နှစ်ဖက်ကို ပူးကိုင်၍ မိဘဖြစ်သူက "ဦးတော်" (ဦးဒေါ်)ဟူ၍ လည်းကောင်း၊ "ဩကာ"ဟူ၍လည်းကောင်း၊ "သြဩ"ဟူ၍လည်းကောင်း ရှိခိုးခြင်း အလေ့အကျင့် ပြုလုပ်ပေးလေ့ရှိကြသည်။ ကလေးငယ်အနေနှင့် အဓိပ္ပာယ် တစုံတရာ နားလည်မှု မရှိသေးသော်လည်း ပြုလုပ်ဖန်များသော အခါ အလေ့အကျင့်ရလာ၍ ရုပ်ပွားတော် စေတီပုထိုးနှင့် ဘုန်းကြီးရဟန်းများ တွေ့မြင်လျှင် ထိုကလေးငယ်သည် အလိုအလျောက် "ဩကာ"ဟု ဆိုတတ် လာသည်။ လက်အုပ်ချီတတ်၊ ဦးခိုက်တတ်လာသည်။ မိခင်ကောင်း၊ ဖခင်ကောင်း တို့က လေ့ကျင့်သင်ပြပေးထားခဲ့ကတ်အရ ကလေးငယ်မှာ အလိုအလျောက် ကောင်းသော အလေ့အကျင့် တစ်ခု ရရှိသွားလေသည်။ ကာယပဏ္ဍာမ၊ ဝစီပဏ္ဍာမရှိခိုးခြင်း မဟာကုသိုလ်ကံကို ပြုလုပ်ဆည်းပူးခွင့် ရရှိလေတော့သည်။

ဤသည်မှာ ဗုဒ္ဓဟာသာ မိခင်ဖခင်ဟိုဆံ၌ လူဖြစ်ခွင့်ရရှိသော ကလေးငယ် အတွက် လူ့ဘဝဟူ၍ ပထမဦးဆုံး လူဖြစ်ကျိုးနပ်ခြင်း ဖြစ်ပေသည်။ ဤအပြု အမူကို စာသံ ပေသံဖြင့် ဒေသနာတော်နှင့်အညီဆိုပါက "ဗုဒ္ဓါနုဿတိဘာဝနာ၊ သံဃာနုဿတိဘာဝနာ"ကို လှမ်နှုန်းသူမှန်း မသိမီက အစပျိုးခဲ့သည်ဟု ဆိုရ

ပေမည်။ ဤကဲ့သို့ သားငယ်သမီးငယ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးသော မိခင် ဖခင်များသည် အလွန်မြင့်မြတ်သည့် ဗြဟ္မာကြီးနှင့် တူသောကြောင့် ဗြဟ္မာဟု အခေါ်ခံထိုက်သည်၊ လူ့ဘဝ၏ အစဦးဆုံး ဆရာဖြစ်၍ လက်ဦးဆရာ (ပုဗ္ဗာစရိယ)ဟု အခေါ်ခံထိုက်ပေသည်။

ထို့နောက် ကလေးငယ် စကားမပီကလာပီကလာအရွယ် ရောက်ရှိလာသော အခါ လူကြီးမိဘများက "ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ" ဟူ၍လည်းကောင်း၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူ၍လည်းကောင်း၊ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍လည်းကောင်း နှုတ်တိုက်ချပေး၍ ကလေးငယ်ကို လိုက်ဆိုစေသည်။ အချို့မိခင်များမှာ ကလေးငယ်ကို ညအိပ်ရာဝင် သားချော့သီချင်း မဆိုတော့ဘဲ ကလေးငယ်ကို "ဗုဒ္ဓံ ပူဇေမိ" စသည် နှုတ်တိုက်ချ လိုက်ဆိုစေခြင်းဖြင့် ကလေးငယ်မှာ "ဗုဒ္ဓံ ပူဇေမိ" စသည်ရွတ်ဆိုရင်း တဖြည်းဖြည်း အိပ်ပျော်သွားခဲ့သည်။ အလွန်ကောင်းမြတ်သော အစဉ်အလာဖြစ်၍ မိခင်တိုင်း အတုယူ လိုက်နာသင့်လှပေသည်။

ဤနည်းအားဖြင့် မှတ်ဉာဏ်ကောင်းသော ကလေးများမှာမူ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးတို့ကို စကားအဓိပ္ပာယ် နားမလည်မီ အရွယ်ကပင် အလွတ် ရွတ်ဆိုနိုင်ကြသည်ကို တွေ့ရှိရပေသည်။

ယုံကြည်မှု၏ အခြေခံ အုတ်မြစ်

လူ့စကား နားလည်ကာစ အရွယ်တွင် လူကြီး မိဘများသည် ကလေးငယ်ကို ပုံတိုပတ်စ ပြောပြလေ့ရှိကြသည်။ ကလေးငယ်များ အိပ်ရာဝင်ချိန်တွင် ပြောရသောကြောင့် "အိပ်ရာဝင်ပုံပြင်" ဟု ခေါ်ကြသည်။ အညာဒေသတွင် ဆောင်းရာသီ၌ ညဦးပိုင်း နံနက်စောစောပိုင်း မီးလုံလေ့ရှိကြသည်။ ယင်းသို့ မီးလုံရင်း လူကြီးသူမများက ပုံဝတ္ထု ပြောလေ့ရှိကြသည်။ ရိုးရာ အစဉ်အလာအားဖြင့် "ရှေယုန်နှင့် ရှဂျား သက်ကယ်ရိတ်သွား" စသော ဒဏ္ဍာရီပုံပြင်များကို ပြောမည့်အစား ဓမ္မပဒဝတ္ထုလာ ဗုဒ္ဓလက်ထက်တော်က တကယ့်အဖြစ်အပျက် ဝတ္ထုကြောင်းများနှင့် ငါးရောငါးဆယ် ဇာတ်ကြီးဆယ်ဘဲတို့မှ ကလေးငယ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ဝတ္ထုဟိုများကို ပြောပြခြင်းဖြင့် ကလေးငယ်များအတွက် အလိမ္မာတိုး၍ အသိညဏ် ဖွံ့ဖြိုးလာနိုင်ပေမည်။

ထို့ကြောင့် ရှေးယခင်က ဗုဒ္ဓဘာသာဝင်များသည် ဓမ္မပဒနှင့် ဇာတ်နိပါတ်ဓတော်လာ လူဆိုးများကို "စံ"အဖြစ် သတ်မှတ်ထား၍ မိဘကို ကလန်ကဆန် လုပ်သူအား "အဇာတသတ်"၊ မိဘရှိသေသူကို "သုပဏ္ဏသျှမ်"၊ ယုတ်ညံ့သူကို "ဒေဝဒတ်"၊ စိတ်ကောင်းရှိသူကို "ဘုရားအလောင်း"၊ ပညာဉာဏ်ကြီးသူကို "မဟော်သဓာ"စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသည်။ စိတ်ကူးသည့်အခါ ယင်းဇာတ်နိပါတ်တော်လာ ဘုရားအလောင်းဟော်ကို အတုယူ စံနမူနာထား၍ စိတ်ကူးလေ့ရှိကြသည်။ ပြောဆို ပြုမူသည့်အခါတွင်လည်း ဘုရားအလောင်း ထော်ကို အတုယူ စံပြု၍ ပြောဆို ပြုမူလေ့ရှိကြသည်။

ယခုခေတ်တွင် ယင်းဇာတ်အလာများ ပျက်သုဉ်းခဲ့သဖြင့် လူငယ်များ၏ စိတ်အစဉ်တွင် မဟော်သဓာလည်း မရှိတော့၊ မဟာဇနကမင်းသားလည်း မရှိတော့၊ သုဝဏ္ဏသျှမ်လည်း မရှိတော့ချေ။ ဤခေတ်လူငယ်များသည် ရုပ်ရှင်ဇာတ်လိုက်များကို အတုယူကြသည်။ နိုင်ငံခြားရုပ်ရှင်များ၏ သြဇာလွှမ်းမိုးမှုခံနေကြရသည်။ ဗုဒ္ဓဘာသာ အစဉ်အလာ ယဉ်ကျေးမှုများ ပျောက်ကွယ်၍ ကျောက်ခေတ် လူရိုင်းဝါဒများကို "ခေတ်မီသည်၊ ခေတ်ဆန်သည်"ဟူ၍ အထင်ကြီး အတုယူ မှားနေကြပေသည်။ ဤအချက်ကို လူကြီးမိဘများအနေဖြင့် အချိန်မနှောင်းမီ ပြုပြင်သင်ကြား လမ်းညွှန်မှု ပေးသင့်ကြပေသည်။ မိုးရိုးဖလာ ဗုဒ္ဓဘာသာယဉ်ကျေးမှုမကွယ်ပျောက်ရလေအောင် သတိကြီးစွာဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက် သင့်ကြပေသည်။

သားငယ် သမီးငယ်များကို အသိအလိမ္မာ ဉာဏ်ပညာတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ဇာတ် နိပါတ် ဝတ္ထုဂရကြောင်းများကို ရွေးချယ်ပြောကြားရန် ဖြစ်သည်။ ရဲရင့်စွာ စွန့်စားသွားလာမှု၊ လုံ့လ ဝီရိယကြီးမားမှု အတုယူနိုင်စေရန် မဟာဇနကဇာတ်တော်ကို လည်းကောင်း၊ ရာထူးအာဏာ မမက်မောခြင်း၊ အဓိဋ္ဌာန်ခိုင်မြဲခြင်းတို့ကို အကုယူနိုင်စေရန် တေမိယဇာတ်တော်ကို လည်းကောင်း၊ မိဘကျေးဇူးသိတတ်ခြင်း မိဘကို ရိုသေစွာပြုစုလုပ်ကျွေးခြင်း အတုယူနိုင်စေရန် သုဝဏ္ဏသာမဇာတ်တော်ကို လည်းကောင်း၊ ငရဲခန်းနှင့် ဘုံခန်းကို ဖော်ပြ၍ ကုသိုလ်ကံ၏ အကျိုးတရား၊ အကုသိုလ်ကံ၏ အကျိုးတရားများကို မှန်ကန်စွာ သိရှိနားလည်စေရန်အတွက် နေမိဇာတ်တော်နှင့် နာရဒဇာတ်တော်ကို လည်းကောင်း၊ ဆင်ခြင်တုံတရား ရင့်သန်စေရန် အတွက် မဟော်သဓာဇာတ်တော်နှင့် ဝိဓူရဇာတ်တော်ကို လည်းကောင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် သီလစောင့်ထိန်းမှု အတုယူနိုင်စေရန် အတွက် ဘူရိဒတ်ဇာတ်တော်ကိုလည်းကောင်း၊ အမှန်နှင့်အမှား ခွဲခြားတတ်စေရန်အတွက် စန္ဒကုမာရဇာတ်တော်ကို လည်းကောင်း၊ အလှူဒါနအထူး

တွန့်တိုမှု မရှိ ရက်ရောစွာ ပေးလှူတတ်ဖစရန် ဝေဿန္တရာဇာတ်တော်ကို လည်းကောင်း၊ ကလေးငယ်များ စိတ်ပါဝင်စားလာအောင် တိုတိုကျဉ်းကျဉ်း လိုရင်းကို ရှင်းလင်းစွာ ပြောပြရန် ဖြစ်သည်။ မြတ်စွာဘုရား လက်ထက်ဟော်ကာ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ဓမ္မပဒဝတ္ထုအဖြစ် ရေးသား ဖော်ပြထားခဲ့ရာ ယုတ်ညံ့မှုဒဏ် စံပြနမူနာအဖြစ် စိဉ္ဆမာန, ဒေဝဒတ် စသော ပုဂ္ဂိုလ်များ၊ မြင့်မြတ်သော စံပြပုဂ္ဂိုလ်များအဖြစ် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်, အရှင်အာနန္ဒာ, ဝိသာခါ, အနာထပိဏ် စသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများကို ကလေးငယ်နှင့် သင့်လျော်ရုံ တိုတိုကျဉ်းကျဉ်း လိုရင်းကို ရှင်းလင်းစွာ ပြောပြရန် ဖြစ်သည်။

ဤကဲ့သို့ ဇာတ်နိပါတ်၊ ပုံပြင်၊ ရာဇဝင် ဝတ္ထုကြောင်းများ ပြောပြခြင်းဖြင့် သားငယ် သမီးငယ်များ၏ အသည်း နှလုံးထဲသို့ ဗုဒ္ဓဒေသနာတော် အခြေခံသည့် စိတ်ကူးစိတ်သန်းများ, ဖယ်ရှားအဆများ, အတွေးအခေါ်များသည် မသိမသာ တဖြည်းဖြည်း အနယ်ထိုင်စဲကပ်သွားလေသည်။ ဗုဒ္ဓဘာသာ အယူဝါဒသည် သွေးထဲ၌ ဝင်ရောက်ကိန်းငပ်နေ၍ ကာယဗလမာန်, ဉာဏ်ဗလမာန်, ဘောဂဗလမာန်, တေဇဗလမာန်တို့ အရှိန်အဟုန် မြင့်တက်နေချိန်၌ မှေးမှိန်တိမ်မြုပ်နေသော်လည်း ယင်းမာန်များ လျော့ကျသွားချိန်တွင်မူ သွေးကပြောသည့် ဗုဒ္ဓဘာသာတရားသည် ထိုသူ၏ စိတ်သန္တာန်ကို ပြန်လည်လှုံ့မြှုံကာ ဗုဒ္ဓယဉ်ကျေးမှုဆီသို့ ပြန်သည်ဟုန်းပို့လေဖေးသည်။

သားငယ် သမီးငယ်များကို "အတူမြင် အတတ်သင်" "ငှက်ပျောပင်စိုက် မိလိုက်ဖသော" (ဒိဋ္ဌဇုဂတိ) ဖြစ်လာစေရန် နေ့စဉ် ညအိပ်ရာဝင်ချိန်၌ လည်းကောင်း၊ နံနက်စောစော အိပ်ရာထ (အပျော်တက်ချိန်)၌ လည်းကောင်း ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ဘုရားဝတ်တက်ခြင်း၊ အခါကြီးရက်ကြီးများနှင့် ဝါတွင်း ဥပုသ်နေ့များတွင် ကျောင်းကန်ဘုရားသွား၍ ဥပုသ်သီတင်း သီလဆောက်တည်ခြင်းများကို မိဘများကိုယ်တိုင် စံပြအဖြစ် ပြုလုပ်ကြရမည့်အပြင် သားငယ်သမီးငယ်များကို ဖြစ်နိုင်သမျှ အတူတကွ ပါဝင် ဆောင်ရွက်စေသင့်သည်။ သားငယ် သမီးငယ်များကို ဘုရားသွားလျှင်လည်း ခေါ်သွားရမည်၊ ဘုန်းကြီးကျောင်းသွားလျှင်လည်း ခေါ်သွားရမည်၊ ကျောင်းကန်ဘုရားနှင့် ရင်းနှီးအောင် ပြုလုပ်ထားရမည်ဖြစ်သည်။

ရှေးမြန်မာများသည် တစုံတခု ထိမိခိုက်မိ၍ လန့်ဖျပ်ယောင်ယမ်း မြည်ဝမ်းဟစ်ခြင်း အယုဇ္ဈာအနတ္တ စကားလုံးများဖြင့် ယောင်ယမ်းမှု မပြုကြဘဲ "ဗုဒ္ဓါ မြတ်စွာဘုရား" "အနိစ္စ အနိစ္စ" စသည်ဖြင့် ယောင်ယမ်းဆိုမြည်လေ့ရှိကြသည်။

ထိုသို့ယောင်မိစေရန်အတွက် ယင်းစကားလုံးမျှားကို မကြာခဏကြိမ်ဖန်များစွာ ရွတ်ဆိုထားကြရသည်။ အညာဒေသတွင် ကလေးများ စိန်ပြေးတမ်းကစား ထုဉ် လှတ်အောင်မပြေးနိုင်လျှင် "ဗုဒ်တေး" "ဗုဒ်၊ ဗုဒ်" (ဘုရား ဘုရား)ဟု ဆိုလိုက်ခွံမျှဖြင့် ကင်းလွတ်ခွင့်ရရှိနိုင်သည်။ အင်ဒိုနီးရှား နိုင်ငံသား တစ်ဦး ဦးကို အမှတ်မဲ့ ကျောပုတ်လိုက်ပါက "ဗုဒ်၊ ဗုဒ်"ဟု ယောင်လေ့ရှိကြသည်ဟု ဆိုသည်။ ဤကား ရှေးခေတ်လူကြီးများအနေဖြင့် မိမိတို့သားစဉ်မြေးဆက်ကို ဘာသာသွေး သွင်းထားခဲ့ပုံကို အတုယူနိုင်ရန် ပြဆိုခြင်းဖြစ်ပါသည်။

ထို့ကြောင့် စကားပြောတတ်ကာစ ကလေးငယ်များကို ဘုရား တရားနှင့် စပ်လျဉ်းသည့် စကားလုံးများကို နှုတ်တိုက်ချပေးရာ၌ မှတ်မိလွယ်စေရန် ရှေးဦးစွာ "ဗုဒ္ဓါ၊ ဗုဒ္ဓါ"ဟု ပါဠို စကားလုံး အတိုအထွာများ သင်ပေးကြရန် ဖြစ်သည်။ ရွေတစ်ဆင့်တက်၍ ရှိခိုးတတ်စေရန်—

(က) ဗုဒ္ဓံ ပူဇေမိ၊

(ခ) ဓမ္မံ ပူဇေမိ၊

(ဂ) သံဃံ ပူဇေမိ-

ဟူ၍ တပိုဒ်ချင်း နှုတ်တိုက်ချပေးရမည်။ ထို့နောက် အနေ့တောအနုတ္တင်းပါး ဂုဏ်ကျေးဇူးကို သိတတ်စေရန်—

(က) ဗုဒ္ဓဂုဏော အနုဿော၊

(ခ) ဓမ္မဂုဏော အနုဿော၊

(ဂ) သံဃဂုဏော အနုဿော၊

(ဃ) မာတာပိတုဂုဏော အနုဿော၊

(င) အာစရိယဂုဏော အနုဿော-

ဟူ၍ တပိုဒ်ချင်း နှုတ်ဘိုက်ချပေးရန်ဖြစ်သည်။

တဖန် တစ်ဆင့်တက်၍ သရဏဂုံ (၃)ပါး ဆည်းကပ်နည်းကို—

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ၊

(ဂ) သံဃံ သရဏံ ဂစ္ဆာမိ-

ဟူ၍ နှုတ်တိုက်ချပေးရန် ဖြစ်သည်။

မိဘတရားဝန်

ထို့ထက် ပိုမို၍ ဉာဏ်ထက်မြက်သော ကလေးငယ်များဖြစ်ပါက "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ကို လည်းကောင်း၊ သမ္မုဒ္ဓေ ဂါထာကို လည်းကောင်း အလွတ်ရသည်အထိ နှုတ်တိုက်ချပေးနိုင်ပါသည်။

ကလေးငယ်အား ဤပါဠိစကားလုံးများ၏ အနက်အဓိပ္ပါယ်ကို ရှင်းပြရန် မလိုသေးပါ။ ဤဖော်ပြပါ ဗုဒ္ဓဘာသာဆိုင်ရာ ပါဠိစကားလုံးများ နှုတ်တက် နေစေရန်သာ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် မိဘများသည် "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိုန့်ဘ" ဟူသည်နှင့်အညီ မိမိတို့၏ သားသမီးများကို ငယ်စဉ်ကပင် စနစ်တကျ အခြေခံအုတ်မြစ် ခိုင်မြဲစေရန် အသက်အရွယ်အလိုက် လေ့ကျင့်သင်ကြားပေးသင့်သည်။ သားသမီးများ၏ အသက်အရွယ်ကို လိုက်၍ ပြုသင့်ပြုထိုက်သော မိဘတာဝန်များကို အကျဉ်းအားဖြင့် ဖော်ပြ အပ်ပါသည် —

(က) သုံးနှစ်အရွယ်

ဇာတကဝတ္ထု၊ ဓမ္မပဒဝတ္ထုများကို အတိုချုပ်ပြောကြားခြင်း၊ ဗုဒ္ဓံ ပူဇေမိ– စသည်ကို နှုတ်တိုက်ချပေးခြင်း၊

(ခ) ငါးနှစ်အရွယ်

ယင်းဝတ္ထုများကိုပင် အနည်းငယ်ချဲ့၍ ပြောခြင်း၊ ဩကာသ ကန်တော့ခန်း၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ သမ္မုဒ္ဓေ ဂါထာ စသည်တို့ကို နှုတ်တိုက်သင်ပေးခြင်း၊ စာသင်ကျောင်းသို့ မအပ်မီ ကကြိုး ခခွေး သင်ပုန်းကြိုး အရေးအဖတ်သင်ပေးခြင်း၊ စာသင်ကျောင်းသို့ အပ်နှံခြင်း၊

(ဂ) ခုနစ်နှစ်အရွယ်

စာရေးစာဖတ်အတော်အသင့် တတ်လာပြီ ဖြစ်၍ ဘုရားရှိခိုး အမျိုးမျိုးနှင့် ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ မေတ္တာပို့၊ အမျဝေ စသည်တို့ကို ဉာဏ်ရည်ဉာဏ်သွေးလိုက်၍ အရကျက်မှတ် စေခြင်း၊ ဝတ်တက်ဝတ်ကပ် မှန်မှန်ပြုလုပ်စေခြင်း၊ ဆွမ်းလောင်း စေခြင်း၊ ဆွမ်းဆန်လောင်းစေခြင်း၊

(ဃ) ကိုးနှစ်အရွယ်

ညစဉ် အိပ်ရာမဝင်မီ ဇာတကဝတ္ထု၊ ဓမ္မပဒဝတ္ထု၊ ဗုဒ္ဓဝင်ကျမ်း များကို သားငယ်သမီးငယ်များအား အလှည့်ကျဖတ်ကြားစေ၍

မိသားစု စုပေါင်းရှိ စာနာခြင်း၊ လိုအပ်သည့်နေရာ၌ မိဘများက ရှင်းလင်းပြောပြခြင်း၊ အခါကြိုးရက်ကြိုးများ၌ ဥပုသ်သီလ စောင့်သုံးစေခြင်း၊ ပုဂံဖိတ်နည်း သင်ပေးခြင်း၊ ရှင်သာမဏေ ဝတ် (ရှင်ပြု) ပေးခြင်း၊ သီလရှင်ဝတ်ပေ ခြင်း၊

(c) တစ်ဆယ့်ငါးနှစ်အရွယ်

ကိုးနှစ်အရွယ်တွင် ပြုလုပ်ပေးရမည့် ဘာသာရေးလုပ်ငန်းတာဝန်များကိုပင် ဆက်လက်ဆောင်ရွက်စေခြင်း၊ ကျေးရွာရပ်ကွက်အဖွဲ့ရှိ ဘာသာရေးအသင်းအဖွဲ့များ၌ ပါဝင်စေခြင်း၊ အလှူပွဲ၊ မင်္ဂလာပွဲများ၌ ပါဝင် ကူညီဆောင်ရွက်စေခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်နည်းများကို ဆရာကောင်းထံ နည်းမံသင်ယူအားထုတ်စေခြင်း၊

(d) နှစ်ဆယ်အရွယ်

အသက်ဆယ့်ငါးနှစ်မှ နှစ်ဆယ်အရွယ်အထိ သားသမီးများကို ဘုန်းကြီးကျောင်း သီလရှင်ကျောင်း များသို့ စေလွှတ်၍ ဘာသာရေးအသိပညာရယူစေခြင်း၊ ဘာသာခြားများနှင့် ထဲထဲဝင်ဝင် မရောနှောမိစေရန် ထိန်းသိမ်းခြင်း၊ ဘာသာရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လာစေရန် ကြိုးကြပ်တိုက်တွန်းပေးခြင်း ပြုကြရန် ဖြစ်ပါသည်။ မိဘများအနေဖြင့် ဤမျှဆောင်ရွက်ပေးပြီးပါက ဘာသာရေးပိုင်းဆိုင်ရာ မိဘတာဝန် ကျေပွန်ပြီဟု ဆိုရပေမည်။ အသက်နှစ်ဆယ်ကျော်လာပါက သားသမီးများအနေဖြင့် မိမိခြေထောက်ပေါ် မိမိရပ်နိုင်ပြီဖြစ်သည်။ ဤအရွယ်ရောက်မှ မယဉ်ကျေးသေးပါက မိဘပြုပြင်၍ မရနိုင်တော့ပြီ။

မိဘများအနေဖြင့် သားသမီးများအား အမွေခံသားကောင်း သမီးကောင်း ဖြစ်လာအောင် စနစ်တကျ သင်ကြားပြသနိုင်ရေးအတွက် မိမိတို့ကိုယ်တိုင်က ဘာသာရေး ဗဟုသုတ ကြွယ်ဝရမည်။ မိမိ မသင်ကြား မဆုံးမတတ်ပါက သင်ကြားဆုံးမတတ်သော ဘကြီး ဘဒေါ့ဒီးကြီး ဦးလေး မိကြီး မိထွေးများထံ သေချာစွာ အပ်နှံပေးရမည်။ သို့မဟုတ် သားဘောတူရာ မိဘများ စုပေါင်း၍ ဘာသာရေးသင်ကန်းပြ ဆရာများအား ဘဏ်ပူဇော်ခပေး၍ သင်ကြားစေရန် စီစဉ်သင့်ကြပေသည်။

အခန်း (၂)

ကိုးကွယ်မှုကလွှ

လူဘဝ လူ့ဘောင်သည် သဘာဝဘေးရန် အန္တရာယ်များ၊ လူကြောင့် ဖြစ်သော ဘေးရန်အန္တရာယ်များဖြင့် ပြည့်လျှမ်းနေသည်။ ယင်းဘေးရန် အန္တရာယ်များမှ လွတ်ကင်းစေရန်နှင့် ကောင်းကျိုးချမ်းသာ စီးပွားဥစ္စာ တိုးပွားစေရန် တစုံတခု ကိုးကွယ်မှုပြုကြသည်။

မိမိတို့ရိုးရာ မိဆိုင်ဖဆိုင်နတ်များ၊ မြစ်စောင့်နတ်၊ တောင်စောင့်နတ်၊ ပင်လယ်သမုဒ္ဒရာစောင့်နတ်၊ ရက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ် စသော နတ်အမျိုးမျိုးကို ရှိခိုးပူဇော်ကြသည်။ အားကိုးအားထားပြုလုပ်၍ ပူဇော်ပသကြသည်။ ယင်းနတ်များအပေါ် လွှမ်းမိုးအုပ်ချုပ်သည့် နတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ကို ကိုးကွယ်ကြပြန်သည်။ တန်ခိုးရှင်များ၏ အကြီးအကဲ အချုပ်ဖြစ်သော နတ်မင်းကြီး, ဗြဟ္မာမင်းကြီးကိုပင် တစ်ဦးတည်းရှိကြောင်း သတ်မှတ်၍ အရှာခပ်သိမ်းကို သိတတ်သူ (သဗ္ဗညူ)၊ အရှာခပ်သိမ်းကို မြင်တတ်သူ (သဗ္ဗဒဿာဝီ)၊ အရာခပ်သိမ်းအတွင်း၌ ပျံ့နှံစိမ့်ဝင်တည်နေသူ (သဗ္ဗဗျာပီ)၊ ဘာကိုမဆို လုပ်နိုင်သူ (ကတ္တာ)၊ သက်ရှိသက်မဲ့ အပါအဝင် ဤလောကခေတ်ကြီး တစ်ခုလုံးကို ဖန်ဆင်းသူ (နိမ္မာတာ)၊ အနန္တ တန်ခိုးတော်ရှင် (မဟိဒ္ဓိက၊ မဟာနုဘာဝ)အဖြစ် ဂုဏ်ပြုချီးကျူးကြသည်။ ပူဇော်ပသ ကိုးကွယ်ဆည်းကပ်ကြသည်။

ယင်းနတ်အမျိုးမျိုး ကိုးကွယ်မှုသည်လည်းကောင်း၊ နတ်များ၏ အချုပ်နတ်ဘုရင်၊ နတ်မင်းကြီး တစ်ပါးတည်းကို အနန္တတန်ခိုးတော်ရှင်အဖြစ် ကိုးကွယ်မှု သည်လည်းကောင်း လက်ငင်းတွေ့ကြုံနေကြရသော ဘေးရန်ဒုက္ခများမှ လည်းကောင်း၊ သံသရာ ဝဋ်ဆင်းရဲမှ လည်းကောင်း ကင်းလွတ်ထွက်မြောက်နိုင်သည့် အကျင့်လမ်းစဉ်မဟုတ်ချေ။ ထို့ကြောင့် ယင်းကိုးကွယ်မှုများသည် မှုန်ကန်သော ကိုးကွယ်မှုများ မဟုတ်ကြချေ။

မြတ်စွာဘုရားရှင်ကိုလည်းကောင်း၊ ထိုမြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်ကိုလည်းကောင်း၊ ထိုတရားတော်နှင့် အညီ လိုက်နာကျင့်သုံးလျက်ရှိကြသော သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်မှုသည်သာလျှင် ပစ္စုပ္ပန်ဆင်းရဲ, သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်နိုင်သောကြောင့် မှုန်ကန်တည့်မတ် ကောင်းမြတ်သော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ ယင်း မှုန်ကန်သော ကိုးကွယ်ဆည်းကပ်မှုကို ပြုလုပ်ရာ၌—

(က) ရွေးဦးစွာ ကာယကံဖြင့် ရှိခိုးပူဇော်တတ်ရမည်၊

(ခ) ထို့နောက် ဝစီကံဖြင့် ရှိခိုးပူဇော်တတ်ရမည်၊

(ဂ) ဆက်လက်၍ လှူဒါန်းပေးကမ်းမှု ဒါနပြုတတ်ရမည်၊

(ဃ) ဆက်လက်၍ ကိုယ်ကျင့်သီလစောင့်ထိန်းမှု ပြုတတ်ရမည်၊

(င) ဆက်လက်၍ မေတ္တာဘာဝနာ အနုဿတိဘာဝနာ ပွားတတ်ရမည်၊

(စ) နောက်ဆုံးတွင် ရုပ်နာမ်မမှ သခ်ါရတို့ကို လက္ခဏာရေး သုံးချက်တင်၍ ဝိပဿနာရှုပြီး အနုပါဒိသေသနိဗ္ဗာန်တိုင်ရောက် ကျင့်သုံးတတ်ရမည်။

ယင်းလုပ်ငန်းစဉ် (၆)ရပ်အနက် ရွေးဦးစွာ ကာယကံဖြင့် အရှိအသေပြုခြင်း ရှိခိုးပူဇော်ခြင်းများမှာ—

(က) နေရာဖြင့် အရှိအသေပြုခြင်း၊

(ခ) ဝတ်စားဆင်ယင်မှုဖြင့် အဝိုအသေပြုခြင်း၊

(ဂ) ကိုယ်ဟန်အနေအထားဖြင့် အရှိအသေပြုခြင်း-

ဟူ၍ သုံးမျိုးသုံးစားရှိနိုင်ပါသည်။

နေရာဖြင့် အရှိအသေပြုခြင်း

နေရာဖြင့် အရှိအသေ ပြုပုံမှာ- ဟုရားပုံများ၊ ဘုရားကားချပ်များ၊ ရုပ်ပွားတော်များနှင့် ဝရားစာအုပ်များ၊ ရဟန်းပုံတော်များကို မိမိအောက် နိမ့်ကျသည့် နေရာ၌သော်လည်းကောင်း၊ ခြေရင်းဘက်၌သော်လည်းကောင်း မထားရ။ အလားတူပင် မိဘ ဆရာသမားတို့၏ ပုံတူများ၊ ၎င်းတို့၏ အသုံးအဆောင်များကိုလည်း နိမ့်ကျသောနေရာနှင့် ခြေရင်းဘက်တို့၌ မထားရ။ ထို့ကဲ့သို့ထားမိပါက မလေးမစားပြုလုပ်ရာရောက်၍ ဧစော်ကားရာရောက်နိုင်သည်။ ဤသို့ မလေးမစားပြုလုပ်မိခြင်းကို "ဂုဏ်းသင့်သည်"ဟု ဆိုကြသည်။

ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့မှာ အာနန္တရာအာနန္တရိယ်းဝင်များ ဖြစ်ကြ၍ ယင်းအာနန္တရိးပါးကို မရှိမသေ မလေးမစား ပြုမိခြင်းကို အာနန္တရိးပါး(ဂုဏ်း)ကို ပြစ်မှားမိသည့်အပြစ် သင့်ရောက်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် အာနန္တရိးပါးနှင့် စပ်ဆိုင်သည့် ပစ္စည်းဝတ္ထု!များကို နိမ့်ကျရာအရပ်၌ မထားကြဘဲ မြင့်သောနေရာ မြတ်သောနေရာ၌ ထားသင့်ကြသည်။

အထူးသတိပြုရန်မှာ ဤခေတ်တွင် စျေးသည်အချို့သည် အနန္တငါးပါးနှင့် စပ်ဆိုင်သည့် ပစ္စည်းဝတ္ထုများကို လမ်းဘေးခြေနင်းဖတ်ထဲတွင် ချထား၍ ရောင်းချလေ့ရှိကြသည်။ ဤအပြုအမူမျိုးကို သတိပြုရှောင်ကြဉ်သင့်ကြသည်။ မဟာဇနကဇာတ်တော်၌ သီဝလိဒေဝီနှင့် မဟာဇနကမင်းသား အတူထိုင်လျက် ရှိသော ဆုဇပလ္လင်ကို ခြေရင်း ခေါင်းရင်း ခဲခြားခိုင်းသည့် အမေးပုစ္ဆာကို မဖြေဆိုနိုင်ဖြစ်နေစဉ် မဟာဇနကမင်းသားဘဝသည် ဘောင်းတော်ကို ချွတ်၍ သီဝလိဒေဝီအား ပေးလိုက်သည်။ သီဝလိ ဒေဝီသည် ဘောင်းတော်ကို ဆုဇပလ္လင်၏ ခေါင်းရင်းဘက်၌ ချထားလိုက်သည်၊ ယင်းဘောင်းတော်ထားသည့်ဘက်မှာ ခေါင်းရင်းဘက်ဖြစ်ကြောင်းကို မဟာဇနကမင်းသား သိရှိသွားလေသည်။ ဤအချက်ကို ကြည့်ပါက ရှေးခေတ်အမျိုးသမီးများသည် မိမိအိမ်ရှင်လင်ယောကျ်ား၏ အသုံးအဆောင်ပစ္စည်းကိုပင် နိမ့်ကျသည့်နေရာ၌ ထားခြင်းမှ ရှောင်ကြဉ်ကြောင်း တွေ့ရှိရသည်။

အလားတူပင် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်အပူဇော်ခံပဲ့၊ ရှင်ဥပဂုတ်လှည့်လည် အပူဇော်ခံပဲ့များ၌ နိမ့်ရာသို့ ဆင်း၍ အရိုအသေ ပေးကြရန် ဖြစ်သည်။ မကျန်းမာသူ ဖြစ်ပါမူ မိမိနေရာမှပင် လက်အုပ်ချီ၍ အရိုအသေပြုနိုင်ပါသည်။

တဖန် ကျောင်းကန်ဘုရားများသို့ ယာဉ်ဖြင့် သွားလာရာ၌ ကျောင်းဝင်း၊ ဘုရားဝင်းအတွင်းတိုင်အောင် ယာဉ်မစီးသင့်၊ ကျောင်းဝင်း၊ ဘုရားဝင်းအနီး အနား သင့်လျော်ရာဌာနတစ်ခုတွင် ယဲာဉ်မှ ဆင်းသက်သွားလာသင့်ကြသည်။ မြတ်စွာဘုရားလက်ထက်တော်က ဗိမ္ဗိသာရမင်းကြီးနှင့် ကောသလမင်းကြီး တို့သည် ကျောင်းတော်ပရိဝုဏ်ပြင်ပတွင် ယာဉ်မှ သက်ဆင်း၍ ခြေကျင် သွားရောက်လေ့ရှိကြသည်။

ထို့ပြင် အတူတကွ ယာဉ်စီး၍ သွားလာရာ၌လည်းကောင်း၊ ခြေကျင် သွားလာရာ၌လည်းကောင်း ယင်းအနန္တကိုဏ်းဝင်များကို ရှေ့မှာထားလျက် မိမိက နောက်မှ လိုက်ရမည်။ ခရီးသည်ကားများပေါ်တွင် မိမိက အလျင် နေရာရရှိထား၍ အနန္တကိုဏ်းဝင်များက နေရာမရဖြစ်နေပါလျှင် မိမိနေရာကို ကြွရောက် လာရောက်ထိုင်ရန် ဖိတ်ခေါ်ပေးအပ်ရမည်။ ခရီးရင်ဆိုင်ဖြစ်နေပါက အနန္တကိုဏ်းဝင်များကို လမ်းဖယ်ပေးရမည်။ အလားတူပင် နေရာယူရာ၌ အနန္တကိုဏ်းဝင်များကို ဦးစားပေး၍ မိမိက နိမ့်သောနေရာ ညံ့သောနေရာကို ယူရမည်။

ဝတ်စားဆင်ယင်မှုဖြင့် အရိုအသေပြုခြင်း

ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘဟူသော အနန္တကိုဏ်းဝင်များ၏ ရှေ့မှောက်ဟူ၍ ဝတ်စားဆင်ယင်မှုကို အရှက်အကြောက် လုံလုံခြုံခြုံရှိစေရမည်။

ဘောင်းဘီတို့, လုံချည်တို့, အင်္ကျီလက်ပြတ် ဝတ်ဆင်ခြင်း၊ အချို့ယောကျ်ားများ လုံးဝအင်္ကျီမဝတ်ဘဲ နေခြင်းများသည် မရိုသေရာရောက်သည်။ အဝတ်အစားကို သတ်မှတ်ထားသည့်အတိုင်း ပြည့်ပြည့်စုံစုံ လုံလုံခြုံခြုံ ဝတ်ဆင်လာပါက ကျက်သရေ မင်္ဂလာရှိ၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်အား ဂုဏ်ပြုရာ ရောက်သည်ကို သတိပြုသင့်ကြပေသည်။ ဘုရားထဲ, ကျောင်းထဲ ရောက်သည့်အခါနှင့် ရဟန်းသံဃာအနီးသို့ ရောက်ရှိဆည်းကပ်သည့်အခါများတွင်—

- ထီးကို ရုပ်(ပိတ်)သိမ်းခြင်း၊
- ဦးထုပ်ကို ချွတ်ခြင်း၊
- ခါင်းဆောင်း၊ သို့မဟုတ် ပေါင်းထုပ်ကို ချွတ်ခြင်း၊
- ခါင်းပေါ်တွင် အဝတ်တင်ထားပါက ယင်းအဝတ်ကို ပခုံးထက်သို့ ပြောင်းရွေ့တင်ပေးခြင်း၊
- ခါင်းမြီးခြုံထားပါက ယင်းအဝတ်ကို ပခုံးပေါ် သို့လျှောချပေးခြင်း၊
- ဖိနပ်နှင့် ခြေအိတ်ကို ချွတ်ခြင်း၊
- ပခုံးထက်တွင် တဘက်စ တင်ခြင်း၊
- တဘက်စကို စံပယ်တင်ခေါ် လက်ဝဲပခုံးထက်တင်၍စလွယ်သိုင်းခြင်း၊ လက်ကန်တော့ထိုးခြင်းတို့ကို—

ပြုလုပ်ခြင်းဖြင့် ရိုသေမှုကို ဖော်ပြကြရသည်။

ခါင်းပေါင်း၊ သို့မဟုတ် ပေါင်းထုပ်မှာ ဆံပင်အားလုံးကို လုံးဝ ဖုံးအုပ်ခြင်းမျိုး မဟုတ်ဘဲ ဆံစများ ပေါ်နေပါက ချွတ်ရန် မလိုချေ။

ကိုယ်ဟန်အနေအထားဖြင့် အရိုအသေပြုခြင်း

ရတနာသုံးပါးနှင့် မိဘဆရာသမားများထံသို့ ဆည်းကပ်သည့်အခါ—

(က) လက်အုပ်ချီခြင်း၊
(ခ) ဦးညွတ်ခြင်း၊
(ဂ) ဒူးတုပ်ခြင်း၊
(ဃ) ရှိခိုးဦးချခြင်းဖြင့် ရိုသေမှုဖော်ပြကြရသည်။

ယင်းအမူအရာ လေးမျိုးတို့အနက် လက်အုပ်ချီခြင်းကို လမ်းခရီး အခိုက်အတန့်ကြုံတွေ့ရာ၌ မတ်တပ်ရပ်လျက်ပင် လက်အုပ်ချီ၍ အရိုအသေပြုနိုင်ပါသည်။ သို့ပြင် ဆရာတော်သံဃာတော်များ တရားဟောကြားနေရာ၌ တရားတော်ကို

ရှိသေသမှု ပြုသောအားဖြင့် လက်အုပ်ချီထားလျက် တရားနာယူကြရမည်။ သံဃာတော်များ ကြွသွားသည်ကို မြင်ရလျှင် မျက်စိတဆုံးအထိ လက်အုပ်ချီထားရမည်။ ဘုရားရှေ့မှောက်နှင့် သံဃာတော်များ ရှေ့မှောက်မှ ထွက်ခွါသွားရာ၌ ချက်ချင်း ကျောပေး၍ နောက်ပြန် မလှည့်ရ၊ လက်အုပ်ချီလျက် ခြေငါးလှမ်းခန့် နောက်ဆုတ်သွားပြီးမှ နောက်ပြန်လှည့်ထွက်သင့်သည်။

လက်အုပ်ချီရာ၌ လက်အုပ်ကို နဖူး၌ ထားခြင်း၊ မေးစေ့အောက်၌ ထားခြင်း၊ ရင်ညွန့်၌ ထားခြင်းဟူ၍ သုံးမျိုးရှိရာ လက်အုပ်ကို နဖူး၌ ထားခြင်းသည် အမြင့်ဆုံး ရှိသေနည်းဖြစ်သည်။ လက်အုပ်ကို နှိမ့်ထားပါက အရှိအသေ ပေါ့မှုကို ဖော်ပြရာရောက်သည်။ အထူးအားဖြင့် မတ်ရပ် အနေအထားတွင် နဖူးပေါ် သို့ လက်အုပ်ချီမိုးရာ၌ တံတောင်ဆစ်နှစ်ဘက်ကို ပခုံးနှင့် တပြေးညီ ထားသင့်သည်။

ဦးညွတ်အရှိအသေပြုခြင်း, ခါးကုန်း၍ အရှိအသေပြုခြင်းများမှာ မိဘဆရာ သမားများ၊ လူကြီးသူမများအား အရှိအသေပေးနည်း ဖြစ်သည်။ အခွါမှာ ဦးညွတ်မှုနှင့်တွဲဖက်၍ ဒူးကို ကွေးညွတ်ခြင်းပြုလျက် အရှိအသေပြုကြသည်လည်း ရှိပါသည်။

အနန္တငါးပါးကို အရှိအသေပြုချိန်၌ ဆောင့်ကြောင့်ထိုင်ခြင်း၊ ဒူးနှစ်ဘက်စုံ ကွေးလျက် ပုဆစ်တုပ် ထိုင်ခြင်းနှင့် တင်ပါးလွဲ ထိုင်ခြင်းဟူ၍ သုံးမျိုး ရှိရာ သင့်လျော်ရာ တစ်မျိုးမျိုးဖြင့် ထိုင်နိုင်ပါသည်။ သို့ရာတွင် ဆောင့်ကြောင့်ထိုင် နည်းမှာ အမျိုးသားများအတွက်သာ သင့်လျော်၍ အမျိုးသမီးများအတွက် ပုဆစ်တုပ် ထိုင်နည်းနှင့် တင်ပါးလွဲ ထိုင်နည်းများသာ သင့်လျော်ပါသည်။ ဆောင့်ကြောင့်ထိုင်နည်းမှာ ဗိုက်ရွဲသူများ လုံးဝ မထိုင်နိုင်သဖြင့် တင်ပါးလွဲ ထိုင်နည်းကို အသုံးများကြသည်။ ပုဆစ်တုပ်ထိုင်နည်းမှာလည်း အလေ့အကျင့် မရှိသူများ မထိုင်နိုင်ကြချေ။ ထို့ကြောင့် မိမိအတွက် သက်သာမည့် ထိုင်နည်းကို သုံးနိုင်ကြသည်။

ရှိခိုးဦးချခြင်း

ရှိခိုးဦးချသည့် နေရာတွင် မြေပြင်၊ သို့မဟုတ် ကြမ်းပြင်ပေါ်၌ ကိုယ်အင်္ဂါ အစိတ်အပိုင်း ငါးမျိုးကို တည်စေလျက် ဦးခိုက်ဝပ်ဘွားခြင်းကို တည်ခြင်း ငါးပါးဖြင့် ရှိခိုးခြင်းဟု ခေါ်ကြသည်။ ထိုခြင်းငါးပါးဟူလည်း ခေါ်ဆိုနိုင်သည်။ မြေပြင်၊ သို့မဟုတ် ကြမ်းပြင်ပေါ်၌—

(ဏ) ဒူးနှစ်ဘက်တည်စေရမည်၊

(ခ) တံတောင်ဆစ်တိုင်အောင် လက်နှစ်ဘက်ကို တည့်စေရမည်၊

(ဂ) နဖူးကို တည့်စေရမည်၊

ဤကိုယ်အင်္ဂါငါးမျိုးကို အညီအညွတ်ပြု၍ ရှိခိုးမည့်ဘက်သို့ ရှေးရှည့်တော်သော အားဖြင့် ဝပ်တွားဦးခိုက်ရမည်။ အစီအစဉ်အားဖြင့် ဖော်ပြရပါက အမျိုးသားများအနေဖြင့်—

(က) ရှေးဦးစွာ ရှိခိုးမည့်ဘက်သို့ မျက်နှာမူပြီး ဆောင့်ကြောင့်ထိုင်ရမည်၊

(ခ) လက်အုပ်ကို နဖူးအထိ မြှောက်ချီရမည်၊

(ဂ) ထို့နောက် ဒူးထောက်ချလိုက်ရမည်၊

(ဃ) လက်အုပ်ကို မြေပြင်၊ ကြမ်းပြင်သို့ ချ၍ လက်ဝါးဖြန့်လျက် လက်ထောက်ရမည်၊

(င) တံတောင်ဆစ်နှစ်ဘက်ကို မြေပြင်၊ ကြမ်းပြင်သို့ ထိအောင် လက်ဝါး နှစ်ဘက်ကို ရှေ့သို့ လျှောထုတ်ရမည်၊ ထိုအခါ ဦးခေါင်းနှင့် ပခုံးသည် အလိုအလျောက် ရှေ့သို့ ငိုက်သွားမည်၊

(စ) နဖူးကို လက်ဖမိုးပေါ်၊ သို့မဟုတ် ကြမ်းပြင်ပေါ်သို့ ထိအောင် နှိမ့်ချပါ၊

ဤသို့ ဝပ်တွားဦးခိုက်ခြင်းသည် တည်ခြင်း(ထိခြင်း) ငါးပါးဖြင့် ရှိခိုးသည်မည်၏။ ဤနည်းအတိုင်း သုံးကြိမ်ရှိခိုးကြရမည်။ အမျိုးသမီးများအနေဖြင့် တည်ခြင်း (ထိခြင်း) ငါးပါးဖြင့် ရှိခိုးနည်းမှာ——

(က) ရှေးဦးစွာ ရှိခိုးမည့်ဘက်သို့ မျက်နှာမူပြီး တင်ပါးလွဲထိုင်ရမည်၊

(ခ) လက်အုပ်ကို နဖူးအထိ မြှောက်ချီရမည်၊

(ဂ) ထို့နောက် လက်အုပ်ကို မြေပြင်၊ ကြမ်းပြင်သို့ ချ၍ လက်ဝါး ဖြန့်ရမည်၊

(ဃ) တံတောင်ဆစ်နှစ်ဘက်ကို မြေပြင်၊ ကြမ်းပြင်သို့ ထိအောင် လက်ဝါးနှစ်ဘက်ကို ရှေ့သို့ လျှောထုတ်ရမည်၊

(င) နဖူးကို လက်ဖမိုး၊ သို့မဟုတ် ကြမ်းပြင်သို့ ထိအောင် နှိမ့်ချ ဦးခိုက်ပါ၊

ဤနည်းအတိုင်း သုံးကြိမ် ရှိခိုးရမည်။

တည်ခြင်းငါးပါး ဒုတိယနည်း

သီလကွန်ဋီကာသစ်နည်းအရ တည်ခြင်း ငါးပါးဖြင့် ရှိခိုးရာဌာန် တည်ရမည့် အင်္ဂါငါးပါးကို ဖော်ပြလတ္တံ့ ပါအတိုင်း ရေတွက်ရသည်။ ရှိခိုးဦးချသည့် မြေပြင်၊ သို့မဟုတ် ကြမ်းပြင်၌—

(က) လက်ဝါးနှစ်ဘက် တည်ရှိရမည်၊

(ခ) ခြေဖဝါးနှစ်ဘက် တည်ရှိရမည်၊

(ဂ) တံတောင်ဆစ်နှစ်ဘက် တည်ရှိရမည်၊

(ဃ) ဒူးနှစ်ဘက် တည်ရှိရမည်၊

(င) နဖူး တည်ရှိရမည်၊

တည်ခြင်းငါးပါး တတိယနည်း

ဂတောင်ဖီလာဆရာတော်၏ တည်ခြင်းငါးပါးရှိခိုးနည်း ရေတွက်ပုံမှာ—

(က) ဘဘက်, ပဝါကို လက်ဝဲပခုံးထက်၌ တင်ထားခြင်း၊ (ကိုယ်ဝတ်စံပယ်တင်ခြင်း)

(ခ) လက်အုပ်ချီမိုး ရှိခိုးခြင်း၊

(ဂ) ရှိခိုးခံ ပုဂ္ဂိုလ်၏ ခြေတို့ကို လက်ဖဝါး နှစ်ဘက်ဖြင့် ဆုပ်နယ် ကိုင်တွယ်ခြင်း၊

(ဃ) ကြည်ညိုသော မေတ္တာစိတ်ရှေသွားပြုခြင်း၊

(င) ရိုသေလေးမြတ်သော စိတ်ထားရှိခြင်း၊

ဤတတိယနည်းဖြင့် ရှိခိုးခြင်းမှာ အဝေးမှ နေ၍ ရှိခိုးရာ၌ ခြေတို့ကို ကိုင်ခြင်းဟူသော အင်္ဂါ (၁)ချက် မရနိုင်ချေ။ ပထမနည်းအတိုင်း တည်ခြင်း ငါးပါး ရေတွက်နည်းသည် သင့်လျော်ကောင်းမြတ်သည်ဟု လယ်တီဆရာတော် ဘုရားကြီးမိန့်ကြားတော်မူခဲ့သည်။

ရပ်လျက်ရှိခိုးခြင်း

ထိုင်၍ ရှိခိုးရန် မဖြစ်နိုင်သည့် အခြေအနေတွင် မတ်တတ်ရပ်လျက်ပင် ရှိခိုးနိုင်ပါသည်။ ရှိခိုးပုံမှာ——

(က) ရှိခိုးမည့်ပုဂ္ဂိုလ်ဘက်သို့ မျက်နှာမူထားရမည်၊

(ခ) ခြေနှစ်ဘက်ကို စုံရပ်ရမည်၊

(ဂ) လက်အုပ်ချို၍ နဖူးပေါ်တင်ထားရမည်၊

(ဃ) ထို့နောက် ကိုယ်ကို ညွတ်ကိုင်း၍ ဦးခေါင်းညွတ်ပြီး ရှိခိုးရမည်။

စေတနာပဓာန

ပြဆိုခဲ့သည့်အတိုင်း ဝပ်တွားရှိခိုးပုံ၊ ဦးခိုက်ပုံ အမျိုးမျိုးရှိသော်လည်း အရိုအသေ အလေးအမြတ်ပြုသော အမူအရာကို ဖော်ပြခြင်းဖြစ်၍ ယင်းအမူအရာ.ကို ဖြစ်စေသည့် အတွင်းဓာတ်ခံစေတနာ၏ လေးနက်မှုသာ ပဓာန ဖြစ်သည်။ စိတ်စေတနာ မပါခဲ့သော်၊ပါသော်လည်း ပေါ့ဆခဲ့သော် လိုအပ်သော အကျိုးမကြီးနိုင်ဟူ၍သာ မှတ်သားသင့်ပါသည်။

အခန်း (၃)

ဝတ်တက်ဝတ်ကပ်အရက္ခကရန်

ဤနေရာ၌ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် နေ့စဉ် ညအိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းကပ်၊ မေတ္တာပို့၊ အမျှဝေ ဘာသာရေး ကျင့်စဉ်လုပ်ငန်း တာဝန်များကို ပြုလုပ်တတ်စေရန် ရတနာသုံးပါး ရှိခိုးမြင်းမှ စ၍ အမျှဝေခြင်း အဆုံးထိ အရာအမီကျက်ထားရန် အစဉ်အတိုင်း ဖော်ပြအပ်ပါသည်။ လူကြီးမိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို အရကျက်ထားစေရန် ကြီးကြပ်တိုက်တွန်းသင့်လှပေသည်။

ရတနာသုံးပါးကို ရှိခိုးခြင်း

ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှိခိုးရာ၌ ပြဆိုခဲ့ပြီးသည့်အတိုင်း တည်ခြင်း (ထိခြင်း) ငါးပါးဖြင့် သုံးကြိမ် ရှိခိုးဦးချရာ၌ နှုတ်မှလည်း—

ဗုဒ္ဓံ ပူဇေမိ=မြတ်စွာဘုရားကို ရှိခိုးပူဇော်ပါ၏၊

ဓမ္မံ ပူဇေမိ=တရားတော်မြတ်ကို ရှိခိုးပူဇော်ပါ၏၊

သံဃံ ပူဇေမိ=သံဃာတော်မြတ်ကို ရှိခိုးပူဇော်ပါ၏–

ဟူ၍ တစ်ကြိမ်စီဆို၍ ဦးချရမည်။ ထို့နောက် လက်အုပ်ချီ၍ ထိုင်လျက် ဖော်ပြလတ္တံ့ပါ၊ ကန်တော့ခန်းနှင့် ဆုတောင်းကို နှုတ်မှ ဆိုရန် ဖြစ်သည်—

ကန်တော့ခန်း

သြကာသ သြကာသ သြကာသ၊ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရှိအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဆုတောင်း

ကန်တော့ရသော အကျိုးအားကြောင့် အပါယ် လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာတရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

သရဏာဂုံနှင့် ငါးပါးသီလတောင်းခြင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဘုရားရှိခိုးခြင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သရဏာဂုံဆောက်တည်ခြင်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ။

ငါးပါးသီလဆောက်တည်ခြင်း

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ

သရဏဂုံနှင့် ရှစ်ပါးသီလတောင်းခြင်း

အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဂ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဂ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဂ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

အာမ ဘန္တေ။

[နမော တဿ-ဘုရားရှိခိုးနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ -စသည်ဖြင့် သရဏဂုံဆောက်တည်ခြင်းတို့ကား ငါးပါးသီလ၌ ဖော်ပြခဲ့သည့်အတိုင်း ဖြစ်၏။]

ရှစ်ပါးသီလဆောက်တည်ခြင်း

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။

သရဏဂုံနှင့် ကိုးပါးသီလတောင်းခြင်း

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

အာမ ဘန္တေ။

[နမော တဿ-ဘုရားရှိခိုးနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် သရဏဂုံဆောက်တည်ခြင်းတို့ကဲ့သို့ ငါးပါးသီလ၌ ဖော်ပြခဲ့သည့်အတိုင်း ဖြစ်၏။]

ကိုးပါးသီလဆောက်တည်ခြင်း

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတ္ဝာ ဝိဟရဏံ သမာဒိယာမိ။

အာမ ဘန္တေ။

ဆွမ်းတော်ကပ်

အရဟာတာဒိ နဝဂုဏေဟိ၊ အရဟံ-အစရှိသော ကိုးပါးသော ဂုဏ်တော် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညူမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီတော်မြတ်အား။ (ဝဏ္ဏ ဂန္ဓ ရသ သမ္ဖဿံ၊ အဆင်း, အနံ့, အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတခါဒနီယဘောဇနီယံ၊ ဤဆွမ်း ခဲဖွယ် စားဖွယ် ချိုချဉ် အရသာကို။) သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူ။ ဒါန်း ပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မေ၊ အက္ခန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ရေဖျမ်းတော်ကပ်

အရဟာတာဒိ နဝဂုဏေဟိ၊ အရဟံ-အစရှိသော ကိုးပါးသော ဂုဏ်တော် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညူမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီတော်မြတ်အား။ (သုဒ္ဓ သီတလ ပသန္နံ၊ သန့်ရှင်းအေးမြ ကြည်လင် လှသော။ ဣမံ ပါနီယပရိဘောဇနီယံ၊ ဤသောက်တော်ရေ, သုံးဆောင်တော် ရေကို။) သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူ။ ဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မေ၊ အက္ခန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ပန်းတော်ကပ်

အရဟတ္တာဒိ နဝဂုဏ္ဏေဟိ၊ အရဟံ-အစရှိသော ကိုးပါးသော ဂုဏ်တော် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်ဘို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညူမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီတော်မြတ်အား။ (ဝဏ္ဏ ဂန္ဓ သမ္ပန္နံ၊ အဆင်း, အနံ့နှင့် ပြည့်စုံသော။ ဣမံ ပုပ္ဖံ၊ ဤပန်းကို။) သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူ။ ဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဆီမီးတော်ကပ်

အရဟတ္တာဒိ နဝဂုဏ္ဏေဟိ၊ အရဟံ- အစရှိသော ကိုးပါးသော ဂုဏ်တော် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ သဗ္ဗညုတဉာနာဝရဏဉာဏေဟိ၊ သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသော လောက၌။ အင်္ဂုန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ ဝိဓမိတ္ဝာ၊ ပယ်ဖျောက်၍။ ဇလံ (ဇလန္တံ)၊ ထွန်းလင်းတောက်ပတော်မူစေနိုင်သော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညူမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ (ပဘာ ဝဏ္ဏော်ဟိ၊ အရောင် အဆင်းတို့ဖြင့်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိနာသကံ၊ ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဇာလံ၊ ဤဆီမီးလှိုကို။) သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူ။ ဒါန်းပါ၏အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား ငေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူပုံအကျဉ်း

[ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် အထက်တွင် ဖော်ပြခဲ့သော "ဆွမ်းတော်ကပ်" စသည်မျှားကို အရအမိကျက်မှတ်ရန် အခက်အခဲရှိသူတို့အတွက် မြန်မာလို သက်သက်ဖြင့် အလွယ်တကူ ကပ်လှူပူဇော်နိုင်ရန် "ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး" ကပ်လှူပုံ အကျဉ်းနည်းကို အောက်တွင် ဆက်လက်ဖော်ပြထားပါသည်။]

ဆွမ်းတော်ကပ်

အရဟံ-အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားအား (အဆင်း အနံ့ အရသာတို့နှင့် ပြည့်စုံသော ဤဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို ရှိသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။) ဤကောင်းမှုသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်ပါစေသတည်း။

ရေချမ်းတော်ကပ်

(သန့်ရှင်းအေးမြ ကြည်လင်လှသော ဤသောက်တော်ရေ, သုံးဆောင်တော်ရေကို ရှိသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။)

ပန်းတော်ကပ်

(အဆင်းအနံ့ သင်းပျံမွှေးကြိုင် ဂန္ဓလိုင်သော ဤပန်းကို ရှိသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။)

ဆီမီးတော်ကပ်

(အမှောင်ကိုခွင်း အလင်းကိုဆောင် အရောင်ထိန်ညီး ဤဆီမီးကို ရှိသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။) (လျှပ်စစ်မီးကို လှူလိုက ဤဆီမီးကိုအစား ဤလျှပ်စစ်မီးကိုဟု ဆို၍ လှူပါ။)

မီးမွှေးတိုင်ကပ်

(သင်းပျံမွှေးကြိုင် ဤနံ့သာတိုင်ကို ရှိသေစွာ ကပ်လှူ ပူဇော်ပါ၏ အရှင်ဘုရား။)

ဘုရားဂုဏ်တော်ကိုးပါး

ဣတိပိ သော ဘဂဝါ—

၁။ အရဟံ,
၂။ သမ္မာသမ္ဗုဒ္ဓေါ,
၃။ ဝိဇ္ဇာစရဏသမ္ပန္နော,
၄။ သုဂတော,
၅။ လောကဝိဒူ,
၆။ အနုတ္တရော ပုရိသဒမ္မသာရထိ,
၇။ သတ္ထာ ဒေဝမနုဿာနံ,
၈။ ဗုဒ္ဓေါ,
၉။ ဘဂဝါ။

တရားဂုဏ်တော်ခြောက်ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော,
၂။ သန္ဒိဋ္ဌိကော,
၃။ အကာလိကော,
၄။ ဧဟိပဿိကော,
၅။ ဩပနေယျိကော,
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

သံဃဂုဏ်တော်ကိုးပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော—

၅။ အာဟုနေယျော,
၆။ ပါဟုနေယျော,
၇။ ဒက္ခိဏေယျော,
၈။ အဉ္ဇလိကရဏီယော,
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ။

ဝတ်တက်ဝတ်ကပ် အရက္ခကျင်ရန်

မေတ္တာဘာဝနာ ပွားများပုံ

(က) ဒိသာဖရဏ မေတ္တာပွားနည်း

၁။ **အရှေ့အရပ်** ၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့—

-ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၂။ **အနောက်အရပ်** ၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့—

-ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၃။ **မြောက်အရပ်** ၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့—

-ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၄။ **တောင်အရပ်** ၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့—

-ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၅။ **အရှေ့တောင်ထောင့်အရပ်** ၌ရှိသော အနန္တ စကြဝဠာ အနန္တသတ္တဝါတို့—

-ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
-နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၆။ အနောက်မြောက်ထောင့်အရပ် ဦးရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့—

–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၇။ အဓရမြောက်ထောင့်အရပ် ဦးရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့—

–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၈။ အနောက်တောင်ထောင့်အရပ် ဦးရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့—

–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၉။ အောက်အရပ် ဦးရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ် ဘုံသား အနန္တသတ္တဝါတို့—

–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

၁၀။ အထက်အရပ် ဦးရှိသော ထက်ဝန်းကျင် အနန္တ စကြဝဠာ အနန္တ နတ်ပြဟ္မာတို့—

–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ....၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....။

[ကြုံကား.... တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး 'ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ' ဟောကြားတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ "ဒိသာဖရဏာ မေတ္တာ" ခေါ် အရပ် ၁၀-မျက်နှာ ဖြန့်ဝေသော မေတ္တာပွားနည်း ဖြစ်၏။ မျက်စိကို မှိတ်၍ဖြစ်စေ (သို့မဟုတ်) မျက်လွှာကို ချ၍ဖြစ်စေ အရပ် ၁၀-မျက်နှာ အာရုံပြုပြီး မေတ္တာကို ဖြန့်ဝေပွားများ ရွတ်ဆိုရပါမည်။]

(ခ) မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း (၁၁)နည်း

[သဗ္ဗသင်္ဂါဟကမေတ္တာ ၁-နည်း]

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြိပါစေ....၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....။

[ဒုကမေတ္တာဘာဝနာ ၄-နည်း]

၂။ ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြိပါစေ....၊
ဥပဒ်ရန်ဆေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....၅

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြိပါစေ....၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....။

၄။ ဝေးမနှ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြိပါစေ....၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....။

၅။ ဘဝဇာတ်ဆုံး, မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြိပါစေ....၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....။

[တိကမေတ္တာဘာဝနာ ၃-နည်း]

၆။ ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြိပါစေ....၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....။

၇။ ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ....၊

ဥပဒ်ရှန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ....။

၈။ ဆူး, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ....၊

ဥပဒ်ရှန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ ...။

[အဟိတာပနယန မေတ္တာဘာဝနာ ၃-နည်း]

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ....။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ....။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ....။

[ဤကား... တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး 'ဘဒ္ဒန္တဝိစိတ္တာသာဘိဝံသ' ဟောကြားတော်မူအပ်သော မေတ္တာသုတ်တော်လာ မေတ္တာဘာဝနာ ပွားနည်း ၁၁-နည်း ဖြစ်၏။ မျက်စိကို မှိတ်၍ ဖြစ်စေ (သို့မဟုတ်) မျက်လွှာကို ချ၍ဖြစ်စေ သတ္တဝါများအပေါ် အာရုံပြုပြီး မေတ္တာကို ဖြန့်ဝေပွားများရတတ်ဆိုရပါမည်။]

ရတနာမြတ်သုံးပါးတို့ကို ကျင့်ဝတ်ဖြင့် ပူဇော်နည်း

၁။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

၂။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

၃။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

၁။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

၂။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

၃။ ဣမာယ ဓမ္မာနုဓမ္မပဋိပဇ္ဇိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

ဆုတောင်းရန်

၁။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

၂။ ဣဒံ မေ ပုညံ အာသဝက္ခယာ'ဝဟံ ဟောတု။

၃။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

၁။ ဣမာယ ပဋိပတ္တိယာ၊ ဤကျင့်ဝတ်ပဋိပတ်ဖြင့်။ ဇာတိ ဇရာ ဗျာဓိ-မရဏမှာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းဟူသော ဆင်းရဲအပေါင်းမှ။ အဒ္ဓါ၊ မချွတ်။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

၂။ မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ဝါ၊ နိဗ္ဗာန်သို့။ ပစ္စယော၊ ရောက်ရာရောက်ကြောင်း အဖေဆာက်အပံ့ကောင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အမျှဝေရန်

ဤသို့ပြုရ'မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေ၏။

မိတ္တဆွေဥာ၊ ဆရာသမား၊ ဘိုးဘွား-က-စ၊ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ခု-ပ-မ-သ-စ

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊
သတ္တာဝါသ၊ ဘုံကိုးဝန္ဒင့်၊ ဝိညာဏဌိတီ၊ တည်ရှိခုနစ်ပါး၊ မျှားစွဲလုံးစုံ၊
ဘုံသုံးဆယ့်ဘစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော....။
ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော....။

အမျှ အမျှ အမျှ – ယူတော်မူကြပါကုန်လော့။
သာဓု၊ သာဓု၊ သာဓု။

အမျှ အမျှ အမျှ – ယူတော်မူကြပါကုန်လော့။
သာဓု၊ သာဓု၊ သာဓု။

အမျှ အမျှ အမျှ – ယူတော်မူကြပါကုန်လော့။
သာဓု၊ သာဓု၊ သာဓု။

အခန်း (၄)

အဓိပ္ပါယ်ရှင်းချက်များ

ကန်တော့ခံန်း ရှင်းလင်းချက်

မြန်မာနိုင်ငံတွင် ဩကာသ အစချီသော ကန်တော့ခန်းသည် ပုဂံခေတ် ရှင်အရဟံ မထေရ်လက်ထက်မှ စတင်ပေါ်ပေါက်လာခဲ့သည်။ ယင်း ဩကာသ ကန်တော့ခန်း မူကွဲအမျိုးမျိုးရှိရာ အများစုလက်ခံထားသည့် ကန်တော့ခန်းကို ဤနေရာ၌ ဖော်ပြထားပါသည်။ အခြား ဩကာသကန်တော့ခန်း မူကွဲများကို အထွေထွေအခန်း၌ ဖော်ပြထားပါသည်။

ဩကာသ=အခွင့်=ခွင့်ပြုတော်မူပါ

ရှိခိုးခွင့်ပြုတော်မူပါ၊ ကန်တော့ခွင့်ပြုတော်မူပါဟု ခွင့်တောင်းခြင်း ဖြစ်သည်၊ ရှိသေမှုကို အလေးအနက် ပြုလိုသောကြောင့် ဩကာသကို သုံးကြိမ် ရွတ်ဆိုရသည်။

ကာယကံ=ကိုယ်ဖြင့် ပြုလုပ်သောအမှု

ဝစီကံ=နှုတ်ဖြင့် ပြောဆိုသောအမှု

မနောကံ=စိတ်ဖြင့် ကြံစည်သောအမှု

သဗ္ဗဒေါသ=သဗ္ဗ+ဒေါသ=ခပ်သိမ်းသော+အပြစ်

ခပ်သိမ်းသော အပြစ်တို့ကို=သဗ္ဗဒေါသ-ဟူသော ပါဠိစကားကို မြန်မာဘာသာပြန်ဆို၍ လေးနက်စေရန် ထပ်မံဆိုခြင်းဖြစ်သည်။

ပျောက်ပါစေခြင်းအကျိုးငှါ = ရတနာ သုံးပါးနှင့် မိဘဆရာသမားများ အပေါ်၌ ကိုယ်အမူအရာဖြင့် ပြစ်မှားခြင်း၊ အပြောအဆို (နှုတ်) ဖြင့် ပြစ်မှားခြင်း၊ စိတ်ကူး အကြံအစည်ဖြင့် ပြစ်မှားခြင်းတို့တွင် တစုံတခုသော ပြစ်မှားခြင်းရှိခဲ့သော် ထိုအပြစ်တို့ကို ပပျောက်လျှော့ပါးသွားစေရန် တောင်းပန်ဝန်ချကန်တော့ခြင်းဖြစ်သည်။

ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင်=ပါဠိနှင့် မြန်မာ တွဲဖက်သုံးနှုန်းထားခြင်း ဖြစ်သည်၊ အနက်အဓိပ္ပာယ် ရှင်းရန် မလို။

ရတနာ=အလေးအမြတ် ပြုထိုက်ခြင်း၊ တန်ဖိုးကြီးမားခြင်း၊ ရှားပါး၍ ရခဲခြင်း၊ ရရှိသူ တွေ့ရှိသူအား နှစ်သက်မှုကို ဖြစ်စေနိုင်သောကြောင့် ရတနာဟု ခေါ်ဆိုရသည်။

ဘုရား=အလုံးစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရားဟု ခေါ်ပါသည်။

တရား– သတ္တဝါများကို ဆင်းရဲတွင်းသို့ မကျရအောင် ဆောင်ယူတတ်သောကြောင့် တရားဟု ခေါ်ပါသည်။

သံဃာ=အယူသီလ တူမျှသော အရိယာပုဂ္ဂိုလ်အပေါင်းနှင့် သမ္မုတိသံဃာကို သံဃာဟု ခေါ်ပါသည်။

ရတနာမြတ်သုံးပါးတို့ကို=မြင့်မြတ်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့ကို၊

အရိုအသေ=ဝပ်တွားကျိုးနွံခြင်း၊ မလေးမခန့် မပြုဘဲ ကြောက်ရွံ့ခန့်ညားမှုကို ဖော်ပြခြင်း၊

အလေးအမြတ်=လေးစားခြင်း၊ မြတ်နိုးခြင်း၊

လက်အုပ်မိုး၍=လက်ဝါးနှစ်ဘက်ကို စုညီပြု၍ နဖူးအထိချီမြှောက်ထားခြင်း၊ ဘုရားရှိခိုးရာ၌ လက်အုပ်ကို မေးစေ့ (သို့မဟုတ်) ရင်ညွန့်မျှသာ မြှောက်ချီထားခြင်းသည် အမြင့်ဆုံး အရိုအသေပြုနည်း မဟုတ်၊ နဖူးအထိ မြှောက်ချီထားမှသာလျှင် အမြင့်ဆုံး အရိုအသေပြုခြင်း ဖြစ်သည်။

ရှိခိုးပူဇော်=ရှိခိုးခြင်းကိုပင် ပူဇော်ခြင်းဟု ဆိုလိုသည်၊ ရှိခိုးခြင်းအမျိုးမျိုး အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်၍ ထပ်မံ မရှင်းတော့ပါ။

ဖူးမြော်=မြင်တွေ့ခြင်း၊ ကြည့်ရှုခြင်း၊ ဉာဏ်မျက်စိ၌ ထင်ရှားပေါ်လွင်လာအောင် အာရုံပြုခြင်း၊

မာန်လျှော့=ရှိခိုးခြင်း ကန်တော့ခြင်းကို ပြုရာ၌ မာန်မာနကို လျှော့ချပြီးမှ ရှိခိုးကန်တော့နိုင်သည်၊ မိဓိကိုယ်ကို ရတနာသုံးပါးအောက် နိမ့်ကျသည်၊ ညံ့သည်ဟု ယူဆပါမှ ရှိခိုးကန်တော့နိုင်သည်၊ ထို့ကြောင့် ဤရှိခိုးခြင်းသည် မာန်မာနကို လျှော့ချပြီး ဖြစ်ပါကြောင်း ဖွင့်ဟမြွက်ဆိုခြင်း ဖြစ်သည်။

ကန်တော့ပါ၏=ဝန်ချတောင်းပန်ပါ၏၊ မြန်မာစကားဌ လူကြီးသူမများကို မတော်တဆ ထိခိုက်မိ တိုက်မိပါက "ကန်တော့၊ ကန်တော့"ဟု တောင်းပန်စကား ဆိုလေ့ရှိကြသည်၊ ရှိခိုးပါ၏ဟု အဓိပ္ပာယ်ရသည်။

ကန်တော့ရသောအကျိုးအားကြောင့်=အချို့က "အကျိုးအားဖြင့်" ဟု ဆိုကြသည်။ အချို့က "ကန်တော့ရသော ကုသိုလ်ကံစေတနာကြောင့်" ဟု ဆိုကြသည်။ "အကျိုးအားကြောင့်"ဟု ရှေးမူမဟုတ် ဆက်လက် ဖော်ပြပါသည်။

အပါယ်လေးပါး

အပါယ = (အပ + အယ။ အယ = ချမ်းသာ +အပ=ကင်းခြင်း) ချမ်းသာကင်းသော အရပ်၊ ကုသိုလ်ကောင်းမှုပြုခွင့် မရသော ဖော်ပြလတ္တံ့ပါ အရပ်ဌာန ၄-ခုကို "အပါယ်"ဟု ခေါ်သည်—

၁။ ငရဲ=ငရဲထိန်း၊ ငရဲမီး စသည်တို့ဖြင့် အမြဲ အနှိပ်စက်ခံနေရသော ဘုံဌာန၊

၂။ တိရစ္ဆာန်=မက် ဖိုလ် နိဗ္ဗာန် တရားတော်နှင့် ဖီလာကန့်လန့် ဖြစ်နေသော သတ္တဝါတို့၏ ဘုံဌာန၊

၃။ ပြိတ္တာ=စားရမဲ့ ဝတ်ရမဲ့ ခိုကိုးရာမဲ့ ဖြစ်နေသူတို့၏ ဘုံဌာန၊

၄။ အသူရကာယ် = ပြိတ္တာများထက် အခြေအနေဆိုး၍ အမြဲပူလောင် ဆင်းရဲခံနေရသူများ၏ ဘုံဌာန၊

ကပ်သုံးပါး

ကပ္ပ=ကပ်=တစ်ခုသော အချိန်ကာလ၊ ခေတ်၊
ကျိုနေရာ၌ ဆိုးရွားသော ဘေးအန္တရာယ်များ ကျရောက်ချိန်ကာလကို "ကပ်"ဟု ခေါ်ပါသည်။ ကပ်သုံးပါးမှာ—

၁။ ဒုဘ္ဘိက္ခန္တရကပ်=ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်နေသည့် ခေတ်ကာလ၊ ရှေးလူကြီးများက သရောခိုင်းသည်ဟု ဆိုကြသည်။ ကြီးကျယ်သော ငတ်မွတ်ခြင်းဘေးကို "မဟာသရောကြီး"ဟု ခေါ်သည်။

၂။ သတ္ထန္တရကပ်=လက်နက်ဘေး အန္တရာယ် စစ်ဘေး အန္တရာယ် ဆိုက်ရောက်သည့်ခေတ် ကာလ၊

၃။ ရောဂန္တရကပ်=ကူးစက်ရောဂါဘေးအန္တရာယ် ဆိုက်ရောက်သည့် ခေတ် ကာလ၊

လူသားအများ လောဘထူပြောလျှင် ငတ်မွတ် ခေါင်းပါးခြင်း ဒုဿီကွန္ဒရကပ် ဆိုက်တတ်သည်။

လူသားအများ ဒေါသထူပြောလျှင် လက်နက်ဘေး စစ်ဘေးဒုက္ခ သတ္ထန္တရကပ် ဆိုက်တတ်သည်။

လူသားအများ မောဟထူပြောလျှင် ကူးစက်ရောဂါ များစွာ ဖြစ်ပွားခြင်း ရောဂန္တရကပ် ဆိုက်တတ်သည်။

ရပ်ပြစ် ဂ-ပါး

၁။ ငရဲ၊

၂။ တိရစ္ဆာန်၊

၃။ ပြိတ္တာ၊

၄။ လွန်စွာအသက်တမ်းရှည်သော အရူပဗြဟ္မာနှင့် အသညသတ်ဗြဟ္မာ၊

(အရူပဗြဟ္မာ=ရုပ်မရှိ၊ နာမ်တရား သက်သက်သာ ရှိသည်၊ အသညသတ်ဗြဟ္မာ=နာမ်တရားမရှိ၊ ရုပ်သက်သက်သာ ရှိသည်။)

၅။ ပစ္စန္တရစ်အရပ်သား=တိုင်းစွန်ပြည်ဖျား လမ်းပန်း အဆက်အသွယ် ခက်ခဲ၍ ဝေါဟာရ မပြည့်စုံ မကြွယ်ဝသည့် လူရိုင်း အမျိုးအနွယ်၊

၆။ မိစ္ဆာဒိဋ္ဌိ=မှားယွင်းသော အယူဝါဒရှိသော အမျိုးအနွယ်၊

၇။ ဒုပ္ပညာ=အသိဉာဏ် လူစဉ်မမီသူ၊

၈။ သာသနာပ ကာလ၊

ဤ အရပ် ဌာနများ၌ ဖြစ်လာသူများသည် မြတ်စွာဘုရားမျှင်၏ ဒေသနာတော်ကို နာကြားခွင့် မရခြင်း၊ နာကြားရသော်လည်း အနက် အဓိပ္ပါယ်သိနိုင်စွမ်း မရှိခြင်းကြောင့် ဤအရပ်ဌာန (၈)ခုကို "ရပ်ပြစ် ရှစ်ပါး" ဟု ခေါ်သည်။

ရန်သူမျိုး ၅ ပါး

၁။ ဆရ = ရေလွှမ်းမိုးခံရခြင်းဘေးရန်၊

၂။ မီး = မီးလောင်ခံရခြင်းဘေးရန်၊

၃။ မင်း = ရာဇဝတ်ပြစ်ဒဏ်ခံရခြင်းဘေးရန်၊

၄။ ခိုးသူ —ခိုးဝှက်ခံရခြင်း၊ လုယက်ခံရခြင်းစသော၊

၅။ အမွေခံဆိုး—မိဘပစ္စည်း ပြုန်းတီး၍ မိဘကို နှိပ်စက်တတ်သည့် သားဆိုးသမီးဆိုး၊

ဝိပဿီဇရား ၄-ပါး

ဝိပတ္တိ—ဖောက်ပြန်ချတ်ယွင်းခြင်း၊

၁။ ဂတိဝိပတ္တိ —လားရာဂတိဖောက်ပြန်ခြင်း၊ အပါယ်ဘုံ၌ဖြစ်ခြင်း၊

၂။ ဥပဓိဝိပတ္တိ —ဥပဓိရုပ်ဖောက်ပြန်ခြင်း၊ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊

၃။ ကာလဝိပတ္တိ—ခေတ်ပျက် ကာလပျက်ခြင်း၊ ဝေဆားဥပဒေဖြင့် အုပ်ချုပ်မှုကင်းမဲ့သောအခါနှင့်၊

၄။ ပယောဂဝိပတ္တိ=လုပ်ဆောင်မှု အားထုတ်မှု မမှန်မကန် ဖောက်ပြန်ခြင်း၊ လုပ်မှားကိုင်မှားဖြစ်ခြင်း၊ အပြစ်ကျူးလွန်မိခြင်း၊

ဗျသနတရား ၅-ပါး

ဗျသန—ပျက်စီးခြင်း၊

၁။ ဉာတိဗျသန —ဆွေမျိုးများ ပျက်စီးခြင်း၊

၂။ ဘောဂဗျသန=စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း၊

၃။ ရောဂဗျသန —အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း၊ အနာရောဂါစွဲကပ်နေခြင်း၊

၄။ သီလဗျသန —အကျင့်သီလပျက်စီးခြင်း၊

၅။ ဒိဋ္ဌိဗျသန —အယူဖောက်ပြန် လွဲမှား ပျက်စီးခြင်း၊ မိစ္ဆာအယူကိုယူခြင်း၊

ဗျသနတရား ငါးပါးတွင် "သီလဗျသန" နှင့် "ဒိဋ္ဌိဗျသန"တို့သည် ယခုဘဝ၌သာ ဆင်းရဲစေသည် မဟုတ်၊ နောင်ဘဝ များစွာ၌လည်း ဆင်းရဲခြင်းသို့ ရောက်စေတတ်သောကြောင့် ပို၍ ကြောက်မက်ဖွယ်ကောင်းလှသည်၊

မင်္ဂတရား=လောဘ-စသော ကိလေသာတို့ကို ပယ်သတ်၍ နိဗ္ဗာန်သို့သွားရောက်ကြောင်းဖြစ်သော တရားလမ်းကို "မင်္ဂ"ဟု ခေါ်ပါသည်—

၁။ သောတာပတ္တိမင်္ဂ၊

၂။ သကဒါဂါမိမင်္ဂ၊

၃။ အနာဂါမိမင်္ဂ၊

၄။ အရဟတ္တမင်္ဂ–

ဟူ၍ "မင်္ဂတရား" လေးပါးရှိ၏။

ဖိုလ်တရား=မင်္ဂ၏ (တိုက်ခိုက်) အကျိုးတရားကို "ဖိုလ်"ဟု ခေါ်ပါသည်—

၁။ သောတာပတ္တိဖိုလ်၊

၂။ သကဒါဂါမိဖိုလ်၊

၃။ အနာဂါမိဖိုလ်၊

၄။ အရဟတ္တဖိုလ်–

ဟူ၍ "ဖိုလ်တရား" လေးပါးရှိ၏။

နိဗ္ဗာန်တရား=ဒုက္ခခပ်သိမ်းတို့၏ ကုန်ဆုံးရာ အေးငြိမ်းချမ်းသာသော ဓာတ်သဘောကို "နိဗ္ဗာန်"ဟု ခေါ်ပါသည်။ ရာဂ၏ ကုန်ရာ၊ ဒေါသ၏ ကုန်ရာ၊ မောဟ၏ ကုန်ရာသည် နိဗ္ဗာန်မည်၏။

ကန်တော့ခန်း ရှင်းလင်းချက် ပြီး၏

သရဏကုံနှင့် သီလတောင်းခံခြင်း ရှင်းလင်းချက်

အဟံ ဘန္တေ အစချီသော ပါဠိမှာ သရဏကုံနှင့် သီလကို တောင်းခံခြင်း ဖြစ်သည်။ မြန်မာလိုအဓိပ္ပါယ်မူမှာ—

"တပည့်တော်အား ချီးမြှောက်သောအားဖြင့် သရဏကုံ သုံးပါးနှင့် ငါးပါးသော သီလတော်မြတ်ကို (အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို) (အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို) ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်ခြင်း ဖြစ်သည်။

သရဏကုံ ရှင်းလင်းချက်

ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူများ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာရန် "သရဏကုံ"ကို ရွေးဦးစွာ ဆောက်တည်ရ၏။ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးသူများ "ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး"စသော သီလများကို ခံယူဆောက်တည်ရာ၌လည်းကောင်း၊ ရှင်ပြုရဟန်းခံ ပြုလုပ်ရာ၌လည်းကောင်း "သရဏကုံ"ကို ရွေးဦးစွာ ခံယူဆောက်တည်ရ၏။ "သရဏကုံ"သည် သာသနာတော်သို့ အစ ကနဦး ဝင်ပေါက်ဖြစ်၍ ဗုဒ္ဓဘာသာအဖြစ် စတင်ခံယူခြင်း ဖြစ်ပါသည်။ ညှိုးနွမ်းသော သရဏကုံကို ပြန်လည် အဆောင်တင်ရန် နေ့စဉ် သရဏကုံ ခံယူဆောက်တည်ရသည်၊ အဆိုပါ သရဏကုံနှင့် စပ်လျဉ်း၍ သိမှတ်ထိုက်သည်များကို ဆက်လက်ဖော်ပြထားပါသည်။

သရဏကုံနှင့် သရဏကုံတည်သူ

သရဏဂမန = (သရဏ+ဂမန၊ သရဏ=ကိုးကွယ်ရာဟု+ဂမန=ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်ခြင်း။) "သရဏ+ဂမန"ဟူသောပါဠိမှ "သရဏကုံ"ဟု မြန်မာစကား ဖြစ်ပေါ်သည်။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို "ကိုးကွယ်ရာအစစ်ဖြစ်၏"ဟု ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်သော ကုသိုလ်စိတ်ကို "သရဏကုံ"ဟု ခေါ်သည်။ ဤကုသိုလ်စိတ်ဖြင့် ရတနာမြတ်သုံးပါး အပေါ် ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်နေသူကို "သရဏကုံတည်သူ"ဟု ခေါ်သည်။ သရဏကုံတည်သူ ဖြစ်အောင် သရဏကုံဆောက်တည်နည်းများကို ဆက်လက်လေ့လာရန် ဖြစ်ပါသည်။

သရဏကုံဆောက်တည်ခြင်း

သရဏကုံဆောက်တည်လိုသူသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသော ပါဠိဘာသာကိုဖြစ်စေ၊ "ဘုရားကို ကိုးကွယ်ပါ၏"စသော မြန်မာဘာသာကိုဖြစ်စေ ရွတ်ဆိုဆောက်တည်ရမည်။ ယင်းသို့ ရွတ်ဆိုဆောက်တည်ခြင်းသည် မိမိတို့သန္တာန်၌

ရတနာမြတ်သုံးပါးကို ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်လိုသော သဒ္ဓါပညာပြဋ္ဌာန်းသည့် ကုသိုလ်စိတ္တုပ္ပါဒ်များဖြစ်နေကြောင်း ထင်ရှားပေါ်လွင်စေအောင် ဖော်ပြခြင်း ဖြစ်၏။ ရွတ်ဆိုဆောက်တည်ထုဉ် ဝတ်ခကျဝတ်ကုံ ရွတ်ဆိုကာမျှ မဟုတ်၊ ရတနာမြတ်သုံးပါးအပေါ် တကယ်ယုံကြည် ကိုးကွယ်လိုခသော သရဏာကုံ စိတ်လည်း ရှိရမည်။ သရဏာကုံကို မိမိကိုယ်တိုင်က ယုံယုံကြည်ကြည် မခံယူ မဆောက်တည်လျှင် မည်သည့်ပုဂ္ဂိုလ်ကမျှ ပေးရှု မရနိုင်ပါ။ ကိုယ်တိုင်ကိုယ်ကျ ယုံယုံကြည်ကြည် ခံယူဆောက်တည်မှသာ ရနိုင်ပါသည်။

သရဏာကုံကို ဆောက်တည်ထုတွင်လည်း စေတီ, ပုထိုး, ဘုရား, ဆင်းတု စသည်မှာဖြစ်စေ၊ရဟန်းတော်တပါးပါးထံမှာဖြစ်စေ၊မိမိအလိုအလျောက်ဖြစ်စေ ယုံယုံကြည်ကြည် ခံယူခေဆာက်တည်လျှင် သရဏာကုံကို မရမရှိ၊ ရနိုင်သည်ချည်း ဖြစ်၏။ တစ်ကြိမ် တစ်ခါမျှ ခံယူဆောက်တည်ထားလျှင် သရဏာကုံစိတ်ကို မစွန့်သမျှ, ပုဒ္ဓဘာသာဝင်အဖြစ်မှ အခြား ဘာသာဝင်အဖြစ်သို့ မပြောင်းသမျှ အသက်ရှင်နေသမျှ သရဏာကုံ တည်နိုင်ပါသည်။

လူ့သရဏာကုံနှင့် ရှင့်သရဏာကုံ

ဤ၌ သရဏာကုံဆောက်တည်ပုံ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိဘာသာသည် သာမညပညာရှိ ကဝိပုဂ္ဂိုလ်တို့ ဖွဲ့ဆိုထားဘော စကားမဟုတ်ပါ၊ ဘုရားရှင် ကိုယ်တော်တိုင် ရှင်ရဟန်းပြုရန် ခွင့်ပြုတော်မူထုမှ စတင်ပေါ်ပေါက်လာသော စကားဖြစ်သည်။ သရဏာကုံဆောက်တည်ကြစုဉ် လူဝတ်ကြောင်တို့အဖို့ ပါဠိဘာသာဖြင့်ဖြစ်စေ၊ အခြား မြန်မာ, အင်္ဂလိပ် ဂျပန် စသော နှစ်သက်ရာ ဘာသာ(စကား) တမျိုးမျိုးဖြင့် ဖြစ်စေ လိုအပ်သလို ရွတ်ဆို၍ ဆောက်တည်နိုင်ကြ၏။ နိဂုတ်ပဋိသမ္ဘိဒါဉာဏ် အခြေခံရရေးအတွက် အထောက်အကူဖြစ်စေနိုင်သောကြောင့် ပါဠိဘာသာဖြင့် ရွတ်ဆိုဆောက်တည်နိုင်လျှင်ကား အကောင်းဆုံးဖြစ်၏။ ရှင်သာမဏေ (ပြုလိုသူ)တို့ အဖို့ကား မာဂဓဘာသာခေါ် ပါဠိဘာသာ တစ်မျိုးတည်းဖြင့်သာ ရွတ်ဆိုဆောက်ဟည်ခွင့်ရှိ၍ ယင်းသို့ ရွတ်ဆိုဆောက်တည်ထုဉ်လည်း ဌာန်ကရိဏ်းကျကျ ပီပီသသ ရွတ်ဆိုရကြောင်း သတိပြုသင့်ကြပါသည်။

သရဏာကုံပါဠိ၏ အနက်

- ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်သိမှတ် ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။
- ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်သိမှတ် ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။

– သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် သိမှတ် ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။

[ဒုတိယမှိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ-စသည်တို့၏ အနက်ကို ရှေးအတိုင်း ဆိုပါ။ တတိယမှိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ-စသည်တို့၏ အနက်ကို ရှေးအတိုင်း ဆိုပါ။]

သရဏဂုံဆောက်တည်နည်း ၄-မျိုး

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသည်ဖြင့် ရွတ်ဆို၍ သရဏဂုံ ဆောက်တည်နည်းမှ တပါး သရဏဂုံဆောက်တည်နည်း ၄-မျိုးကို ကျမ်းဂန်တို့၌ ပြဆိုကြသေး၏။ ယင်းသရဏဂုံ ဆောက်တည်နည်း ၄-မျိုးကား—

၁။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအား ယုံကြည်စိတ်ဖြင့် မိမိကိုယ်ကို အပ်နှင်းခြင်း(အတ္တသန္နိယျာတနှ)။ တရားအားထုတ်သူတို့ မိမိခန္ဓာကိုယ်အပေါ် တွယ်တာမှုမရှိအောင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား–တပည့်တော်သည် ဤခန္ဓာကိုယ်ကို မြတ်စွာဘုရားအား စွန့်လှူ အပ်နှင်းပါသည်ဘုရား"ဟူ၍ ကမ္မဋ္ဌာန်း မစီးဖြန်းမီ မိမိကိုယ်ကို စွန့်လှူခြင်းမျိုး ဖြစ်ပါသည်။

၂။ ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးမှ တပါး ကိုးကွယ်လဲလျောင်းရာ မှီခိုအားထားရာ မရှိ၊ ရတနာ မြတ်သုံးပါးသာလျှင် ကိုးကွယ်လဲလျောင်းရာမှီခိုအားထားရာရှိ၏ဟု ခံယူခြင်း(တပ္ပရာယဏ)။ သောတာပန် အာဠဝကဘီလူးကြီးသည် ရဂနာမြတ်သုံးပါးအပေါ် အလွန်အားထားယုံကြည်သဖြင့် စိတ်၌ မျိုသိပ်ထားနိုင်စွမ်း မရှိရကား "တပည့်တော်သည် ရောက်လေရာ အရပ်တိုင်း၌ ဘုရားရှင်အား အမြဲရှိခိုးပူဇော်လျက် တရားတော်မြတ်ကိုလည်း အလွန်ကောင်းမြတ်သော တရားဟု ပြောဆိုကာ လှည့်လည်သွားလာနေထိုင်ပါမည်"ဟု ခံယူသော သရဏဂုံမျိုး ဖြစ်ပါသည်။

၃။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး၏ တပည့်အဖြစ်ကို ခံယူခြင်း (သီဿဘာဝူပဂမန)။ အရှင်မဟာကဿပ၏ ရတနာမြတ်သုံးပါးအပေါ် တကယ့် ဘုရား, တရား, သံဃာ အစစ်အမှန်အဖြစ် ယုံကြည်သက်ဝင်၍ ဘုရားရှင်အား မြင်လျှင်မြင်ချင်း တပည့်အဖြစ် မှတ်တော်မူရန် တပည့်ခံလျှောက်ထားလျက် တပည့်အဖြစ် ခံယူခြင်းမျိုး ဖြစ်ပါသည်။

၄။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ရိုသေလေးမြတ်စွာ ရှိခိုးခြင်း (ပဏာမပါတ)။ ဘုရားရှင်၏ ခြေတော်ကို ခေါင်းဖြင့် တိုက်, ပါးစပ်ဖြင့် စုပ်, လက်ဖြင့် အားရပါးရဆုပ်နယ်ကာ "အရှင်ဘုရား.... တပည့်တော် ဖြဟ္မာယု ပုဏ္ဏားပါဘုရား" ဟု အမည် ဖော်ကြား လျှောက်ထားလျက် ရှိခို ခြင်းမျိုး ဖြစ်ပါသည်။

အချုပ်အားဖြင့် ရတနာမြတ်သုံးပါးအား ယုံကြည်စိတ်ဖြင့် မိမိကိုယ်ကို အပ်နှင်းခြင်း၊ ရတနာမြတ်သုံးပါးကို မှီခိုအားထားခြင်း၊ ရတနာမြတ်သုံးပါး၏ တပည့်အဖြစ်ကို ခံယူခြင်းနှင့် ရတနာမြတ်သုံးပါးကို ရိုသေစွာ ရှိခိုးခြင်း လေးမျိုးအနက် တမျိုးမျိုးဖြင့် ဆောက်တည်လျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် မန္တတ်ဆိုစေကာမူ သရဏဂုံတည်နိုင်ပါသည်။

သရဏဂုံပျက်သော ရှိခိုးခြင်းနှင့် မပျက်သော ရှိခိုးခြင်း

ရတနာမြတ်သုံးပါးကို ရိုသေလေးမြတ်စွာ ရှိခိုးခြင်း "သရဏဂုံ"နှင့် စပ်၍ ရှိခိုးခြင်း ၄-မျိုးကို သိအပ်၏။ ထိုရှိခိုးခြင်း ၄-မျိုးကား—

၁။ ဆွမျိုးအဖြစ်ဖြင့် ရှိခိုးခြင်း (ဉာတိ)၊

၂။ ကြောက်၍ ရှိခိုးခြင်း (ဘယ)၊

၃။ ဆရာဖြစ်၍ ရှိခိုးခြင်း (အာစရိယ)၊

၄။ မြတ်သော အလှူခံပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးခြင်း (ဒက္ခိဏေယျ)—

ဟူ၍ ၄-မျိုးရှိ၏။ ထိုတွင် နောက်ဆုံး မြတ်သော အလှူခံ (ဒက္ခိဏေယျ)ပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးခြင်း တစ်မျိုးသာ သရဏဂုံ မြောက်သော ရှိခိုးခြင်း ဖြစ်၏။ ကျန်ရှိခိုးခြင်း ၃-မျိုးတို့ကား သရဏဂုံမမြောက်၊ ရှိခိုးခြင်းကြောင့် သရဏဂုံ ပျက်ဆုံးလည်း အခြား တိတ္ထိ, နတ်, ဘုရား စသည်တို့ကို တကယ် မြတ်သော အလှူခံ(ဒက္ခိဏေယျ)ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးလျှင်သာ သရဏဂုံ ပျက်၏။ ဆွမျိုး(သက်ကြီးဝါကြီး)ဖြစ်၍ ရှိခိုးခြင်း, ကြောက်၍ ရှိခိုးခြင်း, ဆရာဖြစ်၍ ရှိခိုးခြင်းတို့ဌာကား သရဏဂုံမပျက်ပေ။ ("သရဏဂုံမမြောက်" ဟူသည် သရဏဂုံ မတည်၊ ဟုရားစသည်ကို ကိုးကွယ်ရာမရောက်ဟု ဆိုလိုသည်။ "သရဏဂုံမပျက်" ဟူသည် တည်ပြီးသော သရဏဂုံမပျက်၊ ဘုရားစသည်ကို ပစ်ပယ်ရာ မရောက်ဟု ဆိုလိုသည်။)

ယခုခေတ် နတ်များကို ပူဇော်ပသရှိခိုးကြရာ၌ ဘုရားစသော ရတနာမြတ်သုံးပါးကို ပစ်ပယ်ပြီး နတ်များကိုသာ မြတ်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ပူဇော်ပသ ရှိခိုးကြလျှင် သရဏဂုံပျက်၏။ ဘုရားစသော ရတနာမြတ်သုံးပါးကို မပစ်ပယ်ဘဲ

လောကကြီးပွားထုကြီးပွားကြောင်းအဖြစ် ပူဇော်ပသရှိခိုးကြရာ၌ကား သရဏကုံ မပျက်နိုင်ပါ။ သို့ထုတ်၍ "သဘော်ပျက်၍ ဒုလောင်းတော် ဇနကမင်းသား ပင်လယ်ကြော မျောရစဉ်က နတ်ကို ရှိမခိုးဘဲ ၇-ရက်ပတ်လုံး ဥပုသ်စောင့်သုံး ခဲ့သော ဇနကမင်းသားကိုသာ မဏိမေခလာ နတ်သမီးက ဆီးကြိုကယ်မ၍ နတ်ရှိခိုးသူအား‌လုံး သေကြရပုံမှာ နတ်ကို ယုံပြီး ပုံ၍ ရှိခိုးနေသူတို့အတွက် သတိထားဖွယ်ပင် ဖြစ်ပါသည်။

သရဏကုံမြောက်မှု အလေးပြုဖွယ်

သရဏဂုံ ခံယူဆောက်တည်ကြရာ၌ ခံယူဆောက်တည်တိုင်း သရဏကုံ မြောက်သည်ဟု မမှတ်ယူသင့်ပါ။ သရဏကုံမြောက်မှုအတွက် ဖော်ပြလတ္တံ့ပါ အချက်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်—

၁။ ကိုးကွယ်ခံသည့်ဘက်တွင် ကိုးကွယ်ရာ ဝတ္ထုမှာ တကယ့် ရတနာ မြတ်သုံးပါး "ဘုရား, တရား, သံဃာ" အစစ်အမှန်များ ဖြစ်ရမည်။

၂။ ကိုးကွယ်လိုသည့် ပုဂ္ဂိုလ်ဘက်တွင် ကြည်ညိုလေးမြတ် ဓာည်းဂပ် ကိုးကွယ်လိုသော သဒ္ဓါ, ပညာ ပြဋ္ဌာန်းသည့် မဟာကုသိုလ် စိတ်ဆုပွါဒ် ရှိရမည်။

အထက်ဖော်ပြပါ အချက်နှစ်ချက်နှင့် ပြည့်စုံမှ သရဏကုံခံယူဆောက်တည်မှု ကောင်းစွာ အထမြောက်နိုင်ပါသည်။ ယခုအခါ "ဘုရား, တရား, သံဃာ" ရတနာမြတ်သုံးပါး အစစ်အမှန်များ မပေျာက်မကွယ် ထင်ရှားရှိနေဆဲ ဖြစ်၍ ကိုးကွယ်ခံသည့်ဘက်မှ ကိုးကွယ်ဆုဝတ္ထု စစ်မှန်ရေးအတွက် ပြည့်စုံပြီးဖြစ်နေပါသည်။ ယင်းသို့ ကိုးကွယ်ခံသည့်ဘက်မှ ရတနာမြတ်သုံးပါး အစစ်အမှန်များ ဖြစ်နေစေကာမူ ကိုးကွယ်လိုသည့် ပုဂ္ဂိုလ်တို့အနေဖြင့် အဆိုပါ ရတနာ မြတ်သုံးပါးအပေါ်၌ ကြည်ညိုလေးမြတ် ဓာည်းကပ်ကိုးကွယ်ရာ အစစ်အမှန် ဖြစ်၏ဟု ယုံကြည်တတ်သော သဒ္ဓါတရားနှင့် အမှားနှင့်အမှန်ကို ခဲခြားဝေဖန်၍ အမှန်ကို ပိုင်းခြားသိမြင်တတ်သော ပညာသည် သရဏကုံခံယူဆောက်တည်တိုင်း တပြေးညီရှိဖို့ အထူးလိုအပ်ပါသည်။

သဒ္ဓါနှင့်ပညာ တပြေးညီမရှိဘဲ ပညာအားကြီး၍သဒ္ဓါတရားအားနည်းလျှင် ဘုရားကို ဝေဖန်, တရားကို ဝေဖန်, သံဃာကို ဝေဖန်၍ အကျင့် မမှန်ဖြစ်တတ်သည်။ သဒ္ဓါတရားအားကြီး၍ ပညာအားနည်းပြန်လျှင်လည်း တကယ့် ဘုရား, တရား, သံဃာတော်များ အပေါ်၌ စိတ်မရောက်တတ်၊ တကယ့်

ဘုရား, တရား, သံဃာတော်များ၏ ဂုဏ်ကို အာရုံမပြုတတ်၊ စေတီ, ရုပ်ပွား စသည်များဌာသာ ဆုံးနေတတ်သည်။ "ပညာကို ဆဒ္ဒါစောင့်မှ၊ သဒ္ဒါကို ပညာစောင့်မှ လမ်းဖြောင့်သည်"ကို သတိပြုသင့်ပါသည်။

ယခုကာလ သရဏကုံဆောက်တည်ကြရာ၌ အချို့မှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိကို ရွတ်ဆိုနေသော်လည်း မြန်မာလို ဘာကို ဆိုလိုကြောင်း မသိကြသဖြင့် တကယ့် ဘုရား, တရား, သံဃာတော်များ၏ ဂုဏ်တော်များကိုလည်း သိမြင်နားလည်မှု မရှိနိုင်တော့ပါ။ ယင်းသို့ သိမြင်နားလည်မှု မရှိသူတို့မှာ ဉာဏ်နှင့် ယှဉ်သော ဉာဏသမ္ပယုတ် မဟာကုသိုလ် သရဏကုံမရနိုင်ဘဲ ဉာဏ်နှင့် မယှဉ်သော ဉာဏဝိပ္ပယုတ် သရဏကုံမျှသာ ရဖွယ်ရှိပါသည်။

ရတနာသုံးပါး၏ ဂုဏ်တော်များကို သိမြင်နားလည်မှု မရှိရုံမျှမက ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်လိုစိတ်လည်း မရှိဘဲ အမှုမဲ့အမှတ်မဲ့ ဆောက်တည်နေကြသူတို့မှာမူကား သရဏကုံကိုမျှ လုံးလုံးလျားလျား ရဖွယ်မရှိ၊ တည်ဖွယ်မရှိပါ။ သရဏကုံမတည်လျှင် ဗုဒ္ဓဘာသာဝင် အဖြစ်သို့လည်း ရောက်နိုင်ဖွယ်မရှိပင် ဖြစ်ပါသည်။ အချုပ်အားဖြင့် သရဏကုံကို ခံယူဆောက်တည်ကြရာတွင် သရဏကုံ မြောက်မှုကို အလေးဂရု ပြုသင့်ကြပါသည်။ ကိုးကွယ်လိုသောစိတ်ထားနှင့် ကိုးကွယ်ရာဝတ္ထုမှန်မှ "သရဏကုံအစစ်" ဖြစ်နိုင်ကြပါလိမ့်မည်။

သရဏကုံကို အထပ်ထပ် ဆောက်တည်ခြင်း

"သရဏကုံ" သည် ယုံကြည်လေးမြတ်စွာ တစ်ကြိမ်ဆောက်တည်ထားလျှင် ယုံကြည်စိတ်မပျက်သမျှ, ယုံကြည်ရာဝတ္ထု (ဘုရား, တရား, သံဃာ) မပြောင်းသမျှ အသက်မသေသေးသမျှ တသက်လုံး တည်၏။ အထပ်ထပ် အခါခါ ဆောက်တည်နေဖွယ်မလိုပါ။ သို့ပါလျက် ယခုအခါ ဘုရားရှိခိုးတိုင်း, သီလဆောက်တည်တိုင်း လိုလိုမှာ သရဏကုံ မပါလျှင် မပြီး အထပ်ထပ် အခါခါ ဆောက်တည်လျက်ရှိကြသည်။ ယင်းသို့ ဆောက်တည်နေခြင်းသည် အပိုအလုပ်သာ ဖြစ်၍နေသည် မဟုတ်လော?၊ အဖြေကား– အပိုအလုပ် ဖြစ်၍နေသည်မှာ မှန်ပါသည်။ ယင်းသို့ အပိုအလုပ် ဖြစ်၍နေသော်လည်း အကျိုးမဲ့ စွန့်ပယ်ပစ်ရမည့် အပိုမျိုးမဟုတ်ပါ။ အပိုအကျိုးရအောင် ပို၍လုပ်ခြင်းသာ ဖြစ်ကြောင်း သဘောပေါက်သင့်ကြပါသည်။

မှန်ပါသည်။ "မကောင်းမှု အကုသိုလ်တရားကို မဖြစ်သေးက အသစ်မဖြစ်စေဘဲ ဖြစ်ပြီးဖြစ်ပါက ပယ်ပစ်ရမည်။ ကောင်းမှု ကုသိုလ်တရားကို မဖြစ်သေးက အသစ် ဖြစ်စေပြီးနောက် ဖြစ်ပြီးဖြစ်ပါက တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်"ဟု ဘုရားရှင်ကိုယ်တော်တိုင် မိန့်မြွက်ဟောကြား

တော်မူခဲ့ပါသည်။ သရဏကုံကို အထပ်ထပ် ဆောက်တည်ခြင်းသည် သရဏကုံ အထုံရနိုင်ပါသည်။ အထုံရစေ့မြဲနေသော သရဏကုံသည် သေခါနီးမှာပင် အာရုံ နိမိတ်ကောင်း ထင်၍ ဒုဂ္ဂတိဘဝမှ လွတ်အောင် ကယ်တင်နိုင်ကြောင်း ထေရ အာပဒါန် သုဘူတိဝတ်လာ "သရဏဂမနိယထေရ်" ၏ အတိတ်ဇာတ်လမ်းက ထင်ရှားစေပါသည်။ ထို့ပြင် သရဏကုံကို အထပ်ထပ် ခံယူဆောက်တည်ခြင်းသည် အဝတ်နှမ်းကို လျှော်ဖွပ် စင်ကြယ်စေသကဲ့သို့ သရဏကုံ၏ ညစ်နှမ်းမှုကို စင်ကြယ်သစ်လွင်မှုရှိစေနိုင်ပါသည်။ ထို့ကြောင့် သရဏကုံ ကိုယ်လုံးထုံနိုင်အောင် သရဏကုံ စင်ကြယ်သစ်လွင်မှုရှိအောင် သရဏကုံကို အထပ်ထပ် ဆောက်တည် သင့်ပါသည်။

သရဏကုံ ညစ်နှမ်းကြောင်း တရားများ

"သရဏကုံ" ကို ခံယူဆောက်တည်ကြရာတွင် သရဏကုံညစ်နှမ်းကြောင်း တရားများ ရှိနေလျှင် သရဏကုံ ဆောက်တည်သော်လည်း မမြောက်နိုင်ပါ။ သရဏကုံကို ခံယူဆောက်တည်ထားပြီး ဖြစ်လျှင်လည်း ညစ်နှမ်းမှု ရှိလာနိုင်ပါသည်။ ထို့ကြောင့် သရဏကုံ ညစ်နှမ်းကြောင်း တရားများကို သိထားသင့်ပါသည်—

၁။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး (ဂုဏ်တော်များ) ကို ကောင်းကောင်းမသိခြင်း၊ လုံးလုံးလျားလျား မသိခြင်း၊ ကိုးကွယ်ရမှန်း မသိခြင်း (မောဟ)၊

၂။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ် အစစ်အမှန် ဟုတ်ပါ့မလားဟု ယုံမှားသံသယဖြစ်ခြင်း (ဝိစိကိစ္ဆာ)၊

၃။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ် အမှန်မဲ့မြင်ဘဲ အမှားမြင်ခြင်း၊ "အရဟံ" စသော ဂုဏ်တော်များကို ဂုဏ်တော် မဟုတ်ဟု ပြောင်းပြန်မြင်ခြင်း၊ ရတနာမြတ်သုံးပါး ကိုးကွယ်ဆည်းကပ်မှုသည် အလကားပါ စသည်ဖြင့် အယူမှားခြင်း မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း (ဒိဋ္ဌိ)၊

၄။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို မယုံကြည်မလေးစား မမြတ်နိုးခြင်း၊ မကြည်ညိုခြင်း၊ ဘုရားရှိခိုးမှုစသည် မပြုလုပ်ခြင်း (သဒ္ဓါ၏ ဆန့်ကျင်ဘက် အကုသိုလ်တရား)။

ဤတထူးမျှသိခဲ့ရလျှင် သရဏကို ညစ်နွမ်းမှု မစင်ကြယ်မှုမျှသာ ပြစ်ပာဒါးနိုင်ခြင်း ဘုရား စသည်ကို မစွန့်ပယ်သေးလျှင် သရဏကိုပျက်စီးမှုကား မဖြစ်နိုင်ပါ။

ပျက်တတ်သော သရဏကိုနှင့် မပျက်တတ်သော သရဏကို

"သရဏကို"သည် လောကီသရဏကိုနှင့် လောကုတ္တရာ သရဏကို (တနည်း) သီးခြားခံယူဆောက်တည်ရသော သရဏကိုနှင့် သီးခြားခံယူဆောက်တည်ဖွယ် မလိုသော သရဏကိုဟူ၍ သရဏကို နှစ်မျိုးရှိ၏။ ထိုတွင်—

၁။ လောကုတ္တရာ သရဏကိုသည် အရိယမဂ်တရားတည်း။ အရိယာ ပုဂ္ဂိုလ်တို့အား မဂ်ခဏ၌ တည်၏။ သီးခြားခံယူဆောက်တည်ဖွယ် မလို၊ တည်သော အခါနှမှ စ၍ မပျက် မပြောင်း။ ဘဝတပါး ပြောင်းသွားသည့် အခါ၌ပင် ပျက်ခြင်း ပြောင်းခြင်းမရှိ။ မပျက်ရုံ မပြောင်းရုံမက သရဏကိုစိတ်ကို ညစ်နွမ်းစေတတ်သော အကုသိုလ်တရားတို့ကို အပြတ်ရှင်းထားပြီးဖြစ်သောကြောင့် ညစ်နွမ်းမှုမျှပင် မရှိ။ ထို့ကြောင့် လောကုတ္တရာ သရဏကိုကို "သီးခြား ခံယူဆောက်တည်ဖွယ် မလိုသော သရဏကို (သို့မဟုတ်) မပျက်တတ်သော သရဏကို"ဟု မှတ်အပ်၏။

၂။ လောကီသရဏကိုကား သဒ္ဓါ, ပညာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်တည်း။ သီးခြားခံယူဆောက်တည်ရ၏။ ခံယူဆောက်တည်ထားသော်လည်း အမြဲတည်ပြီဟု စိတ်မချရ။ ရတနာသုံးပါးကို မကိုးကွယ်လိုသောအခါ, သေလွန်သောအခါတို့၌ သရဏကိုပျက်၏။ အယူတပါး ပြောင်းသွားသော အခါ၌ သရဏကို ပြောင်း၏။ အကုသိုလ်တရားတို့ကို အပြတ်ရှင်းထားပြီး မဟုတ်သောကြောင့် ညစ်နွမ်းမှုလည်း ရှိနိုင်၏။ ထို့ကြောင့် လောကီသရဏကိုကို "သီးခြား ခံယူဆောက်တည်ရသော သရဏကို (သို့မဟုတ်) ပျက်တတ်သော သရဏကို"ဟု မှတ်အပ်၏။

သရဏကိုပျက်မှုနှင့် အလောင်းကို သရဏကိုတင်ခြင်း

လောကီသရဏကိုသည် အမြဲတည်ပြီဟု စိတ်မချရ၊ အချိန်မရွေး ပျက်တတ်၏။ ယင်းသို့ ပျက်ရာတွင် "အပြစ်ရှိသော ပျက်ခြင်းနှင့် အပြစ်မရှိသော ပျက်ခြင်း" ဟူ၍ သရဏကိုပျက်ခြင်း နှစ်မျိုးရှိသည်—

၁။ ဘုရားမှတပါး အခြား (တိတ္ထိ စသော) ဆရာများကို အလေးအမြတ် အနေအားဖြင့် ကိုးကွယ်လျှင်သော်လည်းကောင်း, ဘုရားရှင်၏ အယူဝါဒမှတပါး အခြားဘာသာ အယူဝါဒသို့ ပြောင်းလျှင်သော်လည်းကောင်း သရဏဂုံပျက်၏။ ဤသို့ ပျက်ခြင်းကား အပြစ်ရှိသော ပျက်ခြင်းမည်၏ (သာဝဇ္ဇ)။

၂။ သေလျှင် သရဏဂုံ (ကုသိုလ်စိတ်) မရှိတော့သောကြောင့် သရဏဂုံ ပျက်၏။ (သေလျှင် ဘာမျှ မသိ၊ ကုသိုလ်စိတ်သာမက အကုသိုလ် စိတ်လည်း မရှိ။) ဤသို့ ပျက်ခြင်းကား အပြစ်ရှိသော သရဏဂုံ ပျက်ခြင်းကဲ့သို့ မကောင်းကျိုးလည်း မပေး, အကျိုးပေးတတ်သော ဘရားမျိုးလည်း မဟုတ်သောကြောင့် အပြစ်မရှိသော ပျက်ခြင်းမည်၏ (အနဝဇ္ဇ)။

ဤ၌ တစ်ဦး တစ်ယောက် သေဆုံးခြင်းသို့ ရောက်၍ သရဏဂုံ ပျက်သွားသည့်အတွက် အလောင်းကို သရဏဂုံ တင်ကြရာတွင် ဘာကိုမျှ မသိတတ်သော အလောင်းကောင်အတွက် သရဏဂုံ တင်ပေးသော်လည်း တင်ပေးသော သရဏဂုံကို ရနိုင် ယူနိုင်သည်ကား မဟုတ်ပါ။ ယင်းသို့ မရနိုင် မယူနိုင်သော်လည်း ရနိုင်ယူနိုင်သော (သရဲ, တစ္ဆေ, မြေဘုတ်, မှင်စာ, အစိမ်း, နတ်စိမ်း, နတ်ဘီလူး စသည်ခေါ် ဝေါ်သော ပြိတ္တာအကြီးစား အသူရကာယ်) ဘဝသို့ ရောက်၍ သတိရနေလျှင် သရဏဂုံကို ရပါစေ, ယူပါစေတော့ဟု သတိပေးသောအားဖြင့် ရည်မှန်း၍ အလောင်းကို သရဏဂုံတင်ရိုး ပြုကြခြင်း ဖြစ်၏။ ဤသို့ ပြုကြခြင်းဖြင့် သေဆုံးသူများအဖို့ သရဏဂုံကို ရနိုင်က ရမည်၊ ယူနိုင်က ယူမည်။ အကယ်၍ သေဆုံးသူအဖို့ (ရနိုင်ယူနိုင်သော ဘဝမဟုတ်၍) မရနိုင် မယူနိုင်ရှိစေကာမူ အသက်ရှင် ကျန်နေသူများအဖို့ကား သရဏဂုံကို မလွဲမသွေ ရနိုင်ကြသည်သာ ဖြစ်၏။ ထို့ပြင် အနီးအပါးရှိ ရွေးက သေလွန်သွားသူများအနေဖြင့် သရဏဂုံကို ရလိုယူလိုလျှင်လည်း ရနိုင် ယူနိုင်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် သေသည့်အခါ အလောင်းကို သရဏဂုံ တင်ခြင်းသည် အကျိုးမဲ့ ဆောင်ရွက်ကြခြင်းမဟုတ်၊ အတ္တပရ (မိမိ သူတပါး နှစ်ဦးသား) အကျိုးရှိစေနိုင်သော ကောင်းမှုမျိုးအဖြစ် ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း သဘောပေါက်သင့်ကြပါသည်။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၄-ပ-မ-သ-စ

သရဏာဂုံပုတီးစိပ်ခြင်း

ရှေးရှေးဆရာမြတ်တို့သည် သရဏာဂုံကို အတပ်ထပ် အခါခါ ခံပြုဆောက်တည်ရုံမျှမက သရဏာဂုံ အထုံရစေရန်နှင့် သရဏာဂုံ ဉာစ်ဥမ်းမှုမရှိဘဲ အစဉ်ထာဝရ ဖြူစင်ကောင်းမွန်ရှိစေရန် သရဏာဂုံပါဠိကို အထပ်ထပ် အခါခါ ရွတ်ဆိုပွားများပြီး ပုတီးစိပ်ခြင်းများလည်း ရှိပါသည်။ ပုတီးစိပ်နည်းကိုလည်း အောက်ပါအတိုင်း ညွှန်ကြားဖော်ပြကြပါသည်—

- မျက်စိကိုမှိတ် (သို့မဟုတ်) မျက်လွှာကိုချ၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟူ၍ ပါးစပ်က ဆို၊ လက်က ပုတီးတစ်လုံးချ။ မြတ်စွာဘုရားကို "ဆင်းရဲကို ပယ်ဖျောက် ချမ်းသာသို့ ရောက်စေတတ်သော ကိုးကွယ်ရာ ဘုရား မြတ်ရတနာ" ဟူ၍ စိတ်က သိ၊ ပုတီးတစ်ပတ်ရအောင် စိပ်။
- မျက်စိကိုမှိတ် (သို့မဟုတ်) မျက်လွှာကိုချ၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဟူ၍ ပါးစပ်က ဆို၊ လက်က ပုတီးတစ်လုံးချ။ တရားတော်မြတ်ကို "ဆင်းရဲကို ပယ်ဖျောက် ချမ်းသာသို့ ရောက်စေတတ်သော ကိုးကွယ်ရာ တရား မြတ်ရတနာ" ဟူ၍ စိတ်က သိ၊ ပုတီးတစ်ပတ်ရအောင် စိပ်။
- မျက်စိကိုမှိတ် (သို့မဟုတ်) မျက်လွှာကိုချ၊ "သံဃံ သရဏံ ဂစ္ဆာမိ" ဟူ၍ ပါးစပ်က ဆို၊ လက်က ပုတီးတစ်လုံးချ။ သံဃာတော်မြတ်ကို "ဆင်းရဲကို ပယ်ဖျောက် ချမ်းသာသို့ ရောက်စေတတ်သော ကိုးကွယ်ရာ သံဃာ မြတ်ရတနာ" ဟူ၍ စိတ်က သိ၊ ပုတီးတစ်ပတ်ရအောင် စိပ်။

ဤနည်းအားဖြင့် အခိုင်ဒြာန်ဝတ်ထား၍ ဖြစ်စေ, ဝတ်မထားဘဲ ဖြစ်စေ သရဏာဂုံ ပါဠိများကို ရွတ်ပွါးပြီး ပုတီးစိပ်နိုင်ကြပါသည်။ ပုတီးစိပ်ခြင်း အလုပ်သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းများတွင် လာသော ကျမ်းဂန်လာ အလုပ်မျိုးမဟုတ်စေကာမူ ရှေးရှေးဆရာမြတ်တို့ စဉ်ဆက်မပြတ် ကျင့်သုံးတော်မူခဲ့ကြသော ကုသိုလ်ကောင်းမှု လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ယနေ့အထိလည်း ပုတီးစိပ်ခြင်းအလုပ်ကို သူတော်စင်တို့ ရှိသေစွာ လိုက်နာ လုပ်ကိုင်ဆောင်ရွက်လျက်ပင် ရှိပါသည်။

သရဏာဂုံပုတီးစိပ်ခြင်းဖြင့် သရဏာဂုံညစ်နွမ်းမှုမရှိဘဲ ဖြူစင်မှုရစေပြီး ကို ယ်နှုတ် နှလုံး သုံးပါးလုံး သရဏာဂုံအထုံကောင်းစွာ ရနိုင်ကြပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး သရဏာဂုံဖြင့် ထုံထားနိုင်ပါက အတုံရစွဲမြဲနေသော သရဏာဂုံစိတ်သည် ကာယကံသောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှု, မနောကံ သောင်းကျန်းမှုကို ဖြစ်စေတတ်သည့် အကုသိုလ်အညစ်တရားများကို ဖယ်ရှားပြီး ဖြူစင်သော ကုသိုလ်တရားများကို အစဉ်တိုးပွားစေနိုင်ပါသည်။

သရဏဂုံကုသိုလ်စိတ်သည် သာသနာတွင်းကုသိုလ်ဖြစ်၍ လွန်စွာ စွမ်းအား ကြီးမားလှ၏။ ထို့ကြောင့် အဆိုပါ သရဏဂုံကုသိုလ်စိတ်သည် ရေထဲသို့ ဟစ်ချလိုက်တိုင်း မြုပ်တတ်သော လေးလံသည့်ကျောက်ခဲ သံခဲများကို လှေသဖော်ကြီးများသည် မမြုပ်အောင် ကာဆီး တားမြစ်ထားနိုင်သကဲ့သို့ အကုသိုလ်ဟရုး၏ အကျိုးပေးခွင့်ကိုပင် ကာဆီးတားမြစ်ပြီး နတ်ရွာသုဂတိသို့ လားရောက်ရခြင်း စသည့် ကောင်းသော အကျိုးများကို ပေးစွမ်းနိုင်ပါသည်။ ဟင်းဘို့ အကျိုး ပေးစွမ်းနိုင်ကြောင်း သံယုတ်ကျမ်းလာ "သရဏဥပါသကာ"၏ ဇာတ်လမ်းအရ သိသာထင်ရှားလှပါသည်။ မိမိတို့ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ အကျိုးများကို သိမြင်ခံစားနိုင်ကြပါသည်။ အောက်ပါတို့မှာ ရှေးဆရာမြတ်တို့ ဖော်ပြအပ်သော သရဏဂုံ ပုတီးစိပ်ခြင်း၏ အကျိုးပြ လက်ဝမျှား ဖြစ်ပါသည်—

- သရဏဂုံ၊ သုံးပါးစုံ၊ ကြည့်ယုံပုတီးစိပ်။
- သရဏဂုံ၊ ကိုယ်လုံးထုံ၊ ပြည့်စုံသိဒ္ဓိဟိတ်။
- သရဏဂုံ၊ ကိုယ်လုံးထုံ၊ အာရုံထင်နိမိတ်။
- အန္တရာယ်ကင်း၊ ကပ်ကျော်နင်း၊ ပေါခြင်းလာဘ်မဆိတ်။

သရဏဂုံတည်ခြင်းအကျိုးများ

လောကဌ် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသည် မည်သည့်အရာနှင့်မျှ နှိုင်းစာ၍ မရအောင် အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ ရတနာများဖြစ်ပါသည်။ အလွန်လည်း တွေ့ခဲ ဆုံခဲ ကြုံကြိုက်ခဲပါသည်။ ယင်းသို့ အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ ရတနာများဖြစ်၍ အလွန်လည်း တွေ့ခဲ ဆုံခဲ ကြုံကြိုက်ခဲလှသော ရတနာမြတ်သုံးပါးကို ကိုးကွယ်အားထားရာဟူ၍ ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်ရသဖြင့် သရဏဂုံတည်ရခြင်းသည် လွန်စွာ အကျိုးကြီးမြတ်လှပါ၏။ အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ အကျိုးများကို ရရှိခံစားနိုင်ကြပါသည်။

ကောင်းသော သုဂတိဘဝသို့ ရောက်ရခြင်း, စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရခြင်း, အပါယ်ဒုဂ္ဂတိဘဝသို့ မကျ မရောက်ရဘဲ နတ်ပြည်သို့ ရောက်ရခြင်း, နတ်ပြည်သို့ ရောက်သောအခါ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြွေအရံများခြင်း, အစိုးရခြင်း ငါးမျိုးနှင့် အဆင်း, အသံ, အနံ့ အရသာ, အတွေ့အထိ အာရုံငါးပါး ပေါင်း ဆယ်ပါးတို့မှာ အခြား (သရဏဂုံ ပဉ္စကဉ်သော) နှက်များကက် သာလွန်ခြင်းတို့ကို ရရှိခံစားနိုင်၏။

တနည်းအားဖြင့် ဖြစ်လေဆာ ဘဝတိုင်းဌ် အများအပူဇော် ခံရခြင်း, ထက်သော ဉာဏ်ပညာရှိခြင်း, မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း, အများနှင့် မတူသော စည်းစိမ်ချမ်းသာများကို ခံစားရခြင်း, ဇရအဆင်းနှင့် တူခြင်း, အများ နှစ်သက်ကြည်ညိုမှုကို ခံရခြင်း, မိတ်ဆွေ အပေါင်း အသင်းများ၏ ချစ်ခင်မှုကို ရခြင်း, ကျော်စောထင်ရှားခြင်း ဟူသော အကျိုးထူး ရှစ်ပါးကို ရခြင်းတို့မှာ သရဏကုံတည်ခြင်းကြောင့် ရရှိခံစားရသော ကျမ်းဂန်လာ အကျိုးများဖြစ်ပါသည်။

ထိုမှတပါး သရဏကုံကို ရွတ်ပုံးဌ် အစာစားလျှင် အစာ အဆိပ်မသင့်။ ကိုယ်ဝန်ရှိနေစဉ် သရဏကုံကို ရွတ်ပုံးလျှင် ချမ်းသာစွဲ မွေးဖွားဇ်၊ အမွေးရ လွယ်ကူဇ်။ မွေးဖွားလာသော သားသမီးများ ဘေးရန်ကင်းဇ်။ သရဏကုံကို အမြဲရွတ်ပုံးနေလျှင် သရဲ တစ္ဆေ မခြောက်၊ ဘေးရန်မရောက်၊ သရဏကုံကို ရွတ်ဆိုဌ် သစ်ပင်များကို စိုက်ပျိုးလျှင်ပင် သစ်ပင်များ ပိုးမကျ၊ ကောင်းစွာ ရှင်သန်ဌ် ဖွံ့ထွားသန်မာသော အသီးအနှံ အရွက်များကို ရနိုင်သည် စသော အားဖြင့် လက်တွေ့အကျိုး ခံစားရသူတို့က ဘန်ခံပြောဆိုကြသော သရဏကုံ အကျိုးတို့မှာလည်း လွန်စွာ များလှပါသည်။ စင်စစ်အားဖြင့်ကား သရဏကုံ တည်ခြင်း၏အကျိုးသွားသည် "ဤမျှသာတည်း၊ ဤထက်မပို" ဟု ဆိုဖွယ်မရှိပါ။ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်သော အတုမဲ့ ရတနာမြတ်သုံးပါးအပေါ် ယုံကြည် သိမှတ် ဆည်းကပ် ကိုးကွယ်ရခြင်းကြောင့် ရနိုင်သော အကျိုးတို့ကား အနန္တ အပရိမာဏ အတိုင်းအတာမရှိ အဆုံးအစမရှိ များပြားကြီးကျယ်သည်သာ အမှန်ဖြစ်ပါသည်။

[ဤကား လောကီ သရဏကုံ တည်ခြင်း၏ အကျိုးများ ဖြစ်၏။ လောကုတ္တရာ သရဏကုံ တည်ခြင်း၏ အကျိုးကား – အကျိုးရင်း (မူချကျိုး)အားဖြင့် ဖိုလ်တရားလေးပါး၊ အကျိုးဆက်အားဖြင့် ဒုက္ခ ခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်တရား ဖြစ်ဝါသည်။]

သာဓကဝတ္ထုများ

သရဏကုံတည်ခြင်းအကျိုးများကို ပေါ်လွင်မှုနှင့်ခိုင်လုံမှုရှိရန် ကျမ်းဂန်လာ ထင်ရှားသော သရဏကုံအကျိုးပြ သာဓကဝတ္ထုများကို ဖော်ပြပါဦးမည်။

သေဆေးကိုကြူး 'သရဏဥပါသကာ" အကြောင်း

ဘုထူးရှင် လက်ထက်တော်၌ ဘုရားရှင်၏ ဆွေတော်မျိုးတော် အမျိုးသား ကာဇဃာက်သည် အရက်သေစာတို့ လူမှန်းသိတတ်သည့် အရွယ်မှစ၍ မပြတ် မလပ် သောက်စားလေ့ရှိခဲ့သည်။ ။ ထိုသို့ အရက်သေစာ သောက်စားလေ့ရှိ

သော်လည်း ဘုရား, တရား, သံဃာ ရတနာသုံးပါးအပေါ် ၌ ယုံကြည်အားထား သည်စိတ်ကား လွန်စွာကြီးမားခိုင်မာလှ၏။ အဘယ်ပျက်ကြီးမားသနည်းဟူမူ—

> တစ်ဦးတစ်ယောက်က "သင်သည် ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောလျှင် ပြော၊ မပြောလျှင် သင်၏ ဦးခေါင်းကို ဖြတ်ပစ်မည်"ဟု ဆိုခဲ့လျှင် "သင်ဖြတ်လိုက ဖြတ်ပါ၊ ငါ့အနေဖြင့် ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးဟု ဘယ်နည်းနှင့်မျှ မပြောဝံ့ပါ"—

ဟူ၍ ပြန်ပြောနိုင်စွမ်းသည်အထိ ရတနာသုံးပါးအပေါ် ၌ ယုံကြည်အားထားသည် စိတ်ဓာတ် ကြီးမားခိုင်မာသူဖြစ်သည်။ ဤမျှ ရတနာသုံးပါးအပေါ် ၌ ယုံကြည် အားထားသည့်စိတ်ဓာတ် ကြီးမားလွန်းသည့်အတွက်ကြောင့်လည်း ထိုအမျိုး သား၏ အမည်ကို အမျှားက "သရဏဥပါသကာ"ဟု ခေါ်ခဲ့ကြသည်။

ထို "သရဏဥပါသကာ"ခေါ် သေသောက်ကြူးအမျိုးသားသည် ထိုဘဝမှ သေလွန်သည် ရှိသော် ရတနာ သုံးပါးအပေါ် အသက် စွန့်၍ ယုံကြည် အားထားသော သရဏကုံစိတ်ကြောင့် နတ်ပြည်သို့ လားရောက်ရလေသည်။

ဤသို့ နတ်ပြည်ရောက်ရကြောင်းကို ဘုရားရှင်က ဟောပြတော်မူရာ သရဏ-ဥပါသကာသည် ဘဝတလျှောက်လုံး အရက်သေစာ သောက်စားလာခဲ့သူ ဖြစ်ပါလျက် သေသည့်အခါ နတ်ပြည်သို့ ရောက်သွားသည်ဆိုသော ဘုရားရှင်၏ ဟောကြားချက်ကို ဆွေတော်မျိုးကော်အားလုံးက မယုံကြည်နိုင်ဖြစ်ကြသည်။ အချင်းချင်း စုမိတိုင်း ပြောဆိုကြ၍ မြတ်စွာဘုရားအား ကဲ့ရဲ့ပြစ်တင်ကြတော့ သည်။ ဤအကြောင်းကို ဘုရားရှင်၏ ဘထွေးတော် "မဟာနာမ်" သာကီဝင် မင်းက ကြားရသည့်အတွက် ဘုရားရှင်အား လျှောက်ထားရာ—

> မဟာနာမ်.... ရတနာ သုံးပါး၌ မတုန်မလှုပ် သက်ဝင် ယုံကြည်သူ "သရဏဥပါသကာ" သည် သေဆုံးသည်နှင့် တပြိုင်နက် သောတာပန် အဖြစ်ရောက်ပြီး နတ်ပြည်သို့ ရောက်သွားရခြင်းမှာ မှန်ပေသည်။ "ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်များက အတိုင်းမသိ ကြီး ကျယ်မြင့်မြတ်ခြင်း, ရတနာ သုံးပါးအပေါ် အသက်စွန့်၍ မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရား ထားရှိခြင်း"ဟူသော အကြောင်းတို့ကြောင့် သေရည်သေရက် သောက်စားသော အကုသိုလ်အားဇ စွမ်းသည် သရဏဂုံတည်ခြင်း၏ကုသိုလ်စွမ်းအားကို ကာဆီးတားမြစ်ခြင်းမပြုနိုင်—

ဟူ၍ ဘုရားရှင်က ပြန်လည်မိန့်ကြားတော်မူခဲ့ပါသည် (သံ၊၃။၃၂၄)။

[ဤဝတ္ထုသည် ရတနာ သုံးပါးကို အာသက်နှင်း၍ မပျက်မယွင်း မတုန်မလှုပ် ယုံကြည်ကိုးကွယ်သော လောကုတ္တရာသရဏာကို အကျိုးပြသာဓကဝတ္ထုဖြစ်၏။]

သရဏာကုံတည်သော အမျိုးသားတစ်ယောက်အကြောင်း

အနောမဒဿီမြတ်စွာဘုရားပွင့်ထွန်းတော်မူရာအခါ၌ မျက်မမြင်မိဘနှစ်ပါးတို့ကို ပြုစုလုပ်ကျွေးနေသော လုလင်တစ်ယောက်ရှိလေသည်။ ၎င်းလုလင်သည် တစ်နေ့သ၌ ဤသို့အကြံတစ်ခုဖြစ်လေ၏—

ငါသည် မျက်မမြင် မိဘ နှစ်ပါးကို လုပ်ကျွေးနေရသည့်အတွက် ရှင်ရဟန်းပြုခွင့်မရ ဖြစ်နေရသည်၊ ဘုရားရှင်ပွင့်တော်မူရာ သာသနာတော်နှင့် ကြုံကြိုက်သည့်အခိုက် ကိုးကွယ်ရာ တစ်ခုကိုတော့ ရှာဖွေဆည်းပူးမှ သင့်မည်–
ဟူ၍ အကြံဖြစ်လေသည်။

ယင်းသို့ ကြံပြီးနောက် အနောမဒဿီ မြတ်စွာဘုရား၏ အဂ္ဂသာဝကဟုပည့်ဖြစ်သော "နိသဘမထေရ်မြတ်" ထံသို့ ချဉ်းကပ်ပြီး သရဏာကုံ သုံးပါးကို တသက်လုံး မပျက်အောင် ဆောက်တည်ခဲ့လေသည်။ ထိုအချိန်က လူတို့၏ အသက်တမ်းသည် တစ်သိန်းတမ်းဖြစ်သောကြောင့် လွန်စွာ အသက်ရှည်သဖြင့် သရဏာကုံလည်း ကြာကြာဟည်ရလေသည်။ သရဏာကုံသည် ကာလရှည်ရှည် တည်လေ အကျိုးများလေ ဖြစ်ပါသည်။

ယင်းသို့ ကြုံပြီးနောက် အနောမဒဿီ မြတ်စွာဘုရား၏ အဂ္ဂသာဝကဟုပည့်ဖြစ်သော "နိသဘမထေရ်မြတ်" ထံသို့ ချဉ်းကပ်ပြီး သရဏာကုံ သုံးပါးကို တသက်လုံး မပျက်အောင် ဆောက်တည်ခဲ့လေသည်။ ထိုအချိန်က လူတို့၏ အသက်တမ်းသည် တစ်သိန်းတမ်းဖြစ်သောကြောင့် လွန်စွာ အသက်ရှည်သဖြင့် သရဏာကုံလည်း ကြာကြာဟည်ရလေသည်။ သရဏာကုံသည် ကာလရှည်ရှည် တည်လေ အကျိုးများလေ ဖြစ်ပါသည်။

ထိုလုလင်သည် မျက်မမြင် မိဘနှစ်ပါးတို့ကို လုပ်ကျွေးလျက်ပင် သရဏာကုံကို အသက်ထက်ဆုံး မပျက် မစီးရအောင် ကိုးကွယ် အားထားရာ ပြု၍ ဆောက်တည်ပြီး ထိုဘဝမှ စုတေသေလွန်လျှင် သရဏာကုံကို အသက်ထက်ဆုံး မပျက်မစီးရအောင် ဆောက်တည်ထားသော ကောင်းမှုကြောင့် ဟာဝတီ သာနတ်ပြည်၌ နတ်ဝကာတို့ကို အစိုးရသော သိကြားမင်းကြီး ဖြစ်ရလေ၏။

၁။ အပဒါန်အဋ္ဌကထာ၊ ဒုတိယတဲ့၊ နှာ-၃၉-၌ "ဝိပဆီမြတ်စွာဘုရား"ဟု လွဲမှားနေသည်။ ယင်းလွဲမှားချက်အတိုင်း စာအုပ်များစွာတို့၌လည်း လွဲမှားနေသည်ကို တွေ့ရသည်။ ဖွားတော်မူရာ 'စန္ဒဝတီ'ပြည်၊ သက်တော် 'တစ်သိန်းတမ်း'၊ အဂ္ဂသာဝက 'နိသဘထေရ်'တို့ကို ထောက်၍ ဤ၌ 'အနောမဒဿီမြတ်စွာဘုရား'ပုံ အမှန်အဝိုင်း ဖော်ပြထားပါသည်။

ဤသို့ ဤပုံ သရဏကုံကို လုံခြုံစွာ တသက်လုံး ဆောက်တည် ခဲ့သော ကောင်းမှု၏ အကျိုးဆက်ကြောင့်ပင် သိကြားမင်း အဖြစ်ချည်းပဲ ဆက်ကာ ဆက်ကာ ဖြစ်ရသည်မှာ အကြိမ်ပေါင်း ရှစ်ဆယ်၊ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းကြီး ဖြစ်ရသည်မှာ ခုနစ်ဆယ့်ငါးကြိမ်၊ ပဒေသရာဇ်, ကေရာဇ်မင်း အဖြစ်တို့မှာ မရေမတွက်နိုင်အောင် အကြိမ် များလှပါသည်။ ထိုလုလင်သည် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ် လေးပါးသို့ တစ်ကြိမ် တစ်ခါမျှ မလားရောက်ရဘဲ လူ ဘုံနှင့်နက်ရပ်တို့၌သာ အထပ်ထပ်လှည့်လည်ကာ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ် အခါခါ များစွာ ခံစားခဲ့ရပါသည်။ ဖြစ်လေရာရာ ကဝတ္တိ၌လည်း သူတပါးတို့ထက် ထူးကဲသော "အမျှားအပူဇော်ခံရခြင်း၊ ထက်သောဉာဏ်ပညာရှိခြင်း" စသည့် အကျိုးထူး ရှစ်ပါးကို အထင်အရှား ခံစားခဲ့ရပါသည်။ (အကျိုးထူး ရှစ်ပါးကို စာမျက်နှာ (၅၂)၌ ဖော်ပြခဲ့ပြီ။) ဤသို့ စည်းစိမ်ချမ်းသာအဖြာဖြာကို ကောင်းစွာ ခံစားစံစားပြီး ဤဂေါတမမြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်လာသော အခါ "သာဝတ္ထိမြို့"ဝယ် ဥစ္စာကြွယ်ဖြိုး သူဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ် သူဌေးသားလေးသည် ခုနစ်နှစ်ယားအရွယ်သို့ ရောက်သောအခါ ကစားဖော်သူငယ်များ၏ရှေ့သွားခေါင်းဆောင်ဖြစ်၍ ကစားမြူးထူးပျော်ပါးရင်း ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတိုက်သို့ သွားရောက်ကာ သရဏကုံ သုံးပါး ပေးသနားတော်မူပါဘုရားဟု လျှောက်ထားလေ၏။ ရဟန္တာတစ်ပါးက သရဏကုံ သုံးပါးကို ပေးတော်မူလေလျှင် ခုနစ်နှစ်သားအရွယ် ထိုသူငယ်သည် သရဏကုံကို ခံယူ ဆောက်တည်၍ ပြီးလျှင် ပြီးချင်းပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာ လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအခါမှ စ၍ တစ်ကြိမ်တစ်ခါမျှသာ ဆောက်တည်ခဲ့ဖူးသော သရဏကုံကို လုံခြုံစွာ မပျက်မစီးအောင် ယောင့်ရှောက်ခဲ့သော ကောင်းမှုကို အခြေခံပြု၍ ရဟန္တာအဖြစ်သို့ ရောက်ရလေသောကြောင့် ဤသာသနာတော်၌ "သရဏဂမနီယမထေရ်"ဟု နေလအသွင် ထင်ရှား ကျော်စော ခဲ့ပါသည် (အပ၁။၈၂။ အပ၂၄၊၂။၃၉)။

တံငါသည် တစ်ဦးအကြောင်း

ရှေးအခါက "ဒမိဋ္ဌ"မည်သော အမျိုးသား တစ်ဦးသည် အနှစ်ငါးဆယ် ပတ်လုံး တံငါသည်အလုပ်ဖြင့် အသက်မွေးနေထိုင်လာခဲ့ပေသည်။ အသက်-၅၀ အရွယ်တွင် ရောဂါဝေဒနာစွဲကပ်၍ အိပ်ရာမှ မထနိုင်ဖြစ်ခဲ့လေသည်။ အိမ်ရှင်မ

ဖြစ်သူက ခြေဆုပ်လက်နယ် ပြုပေးလျက် ရှိနေစဉ် ရဟန်းတော်တစ်ပါး ကြွလာသဖြင့် အိမ်ရှင်မက တောင်ကျောင်းနေ ရဟန်းဟော် ကြွလာကြောင်း ဒမိဋ္ဌ တံငါသည်အား ပြောပြသည်။ ဒမိဋ္ဌ တံငါသည်က "ငါသည် အနှစ်ငါးဆယ် ပတ်လုံး မထေရ်၏ အထံသို့ တစ်ခါမျှ မသွားမရောက်ဖူးပါ။ မထေရ်သည် အဘယ်ကျေးဇူးကို ထောက်၍ ငါ့ထံသို့ လာသနည်း" ဟု အဓိပ္ပာယ်ခိုင်းလိုက်သည်။ အိမ်ရှင်မဖြစ်သူက ခိုင်းစေသည့်အတိုင်း မပြောဘဲ "ကန်တော့ဆွမ်းပါဘုရား" ဟု ရဟန်းတော်ကို လျှောက်ထားလိုက်ပါသည်။

ထိုအခါ ရဟန်းထောင်က "ဒါယကာ.... ဘယ်နှယ်နေတုံး" ဟု ပြန်လည် မေးမြန်းတော်မူရာ အိမ်ရှင်ဒါယိကာမ-က "ဒါယကာမှာ အလွန်အားနည်းနေပါကြောင်း" ပြန်ကြားလျှောက်ထားသဖြင့် ရဟန်းတော်လည်း အိမ်တွင်းသို့ ဝင်ရောက်ကြွလာပြီး "ဒါယကာ .... သရဏဂုံသီလများ မဆောက်တည်လို့ ဘူးလား" ဟု မေးမြန်းသည်။ ဒါယကာက "ဆောက်တည်လို့ကြောင်း" ပြန်ကြား လျှောက်ထားသည့်အတွက် ရဟန်းတော်က ဒါယကာအား သရဏဂုံနှင့်တကွ ငါးပါးသီလကို ပေးလေသည်။

ဤသို့ ပေးနေစဉ် ငါးပါးသီလခံယူ ဆောက်တည်နိုင်သည်အထိ မရောက်ဘဲ သရဏဂုံအဆုံးမှာပင် ပါးစပ် မလှုပ်နိုင်တော့ဘဲ သေဆုံးကာ နတ်ပြည်သို့ ဆိုက်ရောက်သွားလေသည်။ နတ်ပြည်သို့ ရောက်လျှင် ရောက်ချင်း သရဏဂုံ ခံယူဆောက်တည်ခဲ့ရသော ကောင်းမှုကြောင့် ယခုကဲ့သို့ နတ်ပြည်ရောက် ရကြောင်း သိရှိကာ လူ့ပြည်သို့ ဆင်းပြီး သရဏဂုံသီလချီးမြှင့်ပေးသနားသော ရဟန်းတော်အား ဖူးမြော်ကန်တော့လျက် နတ်ပြည်ရောက်ရပုံ အကြောင်းစုံကို ဤသို့ လျှောက်ထားလေသည်—

> အရှင်မြတ်ဘုရား .... တပည့်တော် ယခုကဲ့သို့ (စတုမဟာရာဇ်) နတ်ပြည်သို့ ရောက်ရခြင်းသည် အရှင်ဘုရား ချီးမြှင့်ပေးသနားတော်မူသော သရဏဂုံကို ခံယူဆောက်တည်ရသည့်အတွက် ဖြစ်ပါသည်။ အရှင်ဘုရား ချီးမြှင့် ပေးသနားတော်မူသော ငါးပါးသီလကိုပါ တပည့်တော် မသေမီ အကယ်၍သာ ဆက်လက် ခံယူဆောက်တည်ခွင့် ရခဲ့ပါလျှင် အထက်အထက် နတ်ပြည်များသို့ပင် ရောက်နိုင်ပါသည်။ အရှင်ဘုရား၏ ကျေးဇူးသည် တပည့်တော်အပေါ် ၌ လွန်စွာကြီးမား များပြားလှပါသည် ဘုရား—

ဟူ၍ ဝမ်းမြောက်ဝမ်းသာ ပြန်ကြားလျှောက်ထားလေသည်။ သရဏဂုံပေးသော ဆရာကား သရာမည်ကာမဇ္ဈ မဟုတ်ပါ၊ အနန္တကိုဏ်းဝင် ကျေးဇူးရှင် ဆရာမျိုး ဖြစ်ပါသည် (အံင်္ဂုတ္တရ ၁၀၇)။

သရဏာဂုံမတည်က လူမမည်ခြင်းအကြောင်း

သီဟိုဠ်(ယခု သီရိလင်္ကာ)နိုင်ငံ သာသနာဝင်သမိုင်းတွင် "ဒုဋ္ဌဂါမဏိမင်းကြီး" သည် မိမိနိုင်ငံအား ကျူးကျော်စော်ကားလာသည့် "အက္ကောဘိဏီ" မက များသော မိစ္ဆာဒိဋ္ဌိ "ကျည်းကုလား"များကို တွန်းလှန်တိုက်ခိုက်ရာ၌ ရတနာသုံးပါးကို ဦးထိပ်တင်၍ တရားသော စစ်ပွဲကို ဆင်နွှဲခဲ့သည်။

ယခု ငါစစ်တိုက်ခြင်းသည် မင်းစည်းစိမ်ဟူသော ငါ၏အကျိုးစီးပွားအတွက် မဟုတ်ပါ၊ အနည်းငယ်မျှပင် ကိုယ်ကျိုးမပါရှိပါ။ အတုမဲ့သော မြက်စွာဘုရားရှင် သာသနာတော်နှင့် ရတနာမြတ် သုံးပါး တည်တံ့ပြန့်ပွားထွန်းကားရန် အတွက်သာ ဖြစ်ပါသည်—

ဟု သစ္စာအဓိဋ္ဌာန်စကား ကျူးရင့် မြွက်ကြားခဲ့သည်။ ရတနာ သုံးပါးအား အသက်ကို နှင်းချ၍ ဘရားသောစစ်ပွဲ ဆင်နွှဲခဲ့ရာ အောင်ပွဲရခဲ့လေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် အက္ကောဘိဏီ မကသော ကျည်းကုလားတို့ကို သတ်ဖြတ်နှိမ်နင်း၍ စစ်ခင်းအောင်မြင်ခဲ့ပြီးနောက် ယင်းသို့ သတ်ဖြတ်သေစေခဲ့ခြင်းအတွက် မိမိအား သက်သာရာရနိုင်ရန် အကြောင်း အခွင့်ကောင်း ရှိ, မရှိ ရဟန္တာမထေရ်ပြာတ် ရှစ်ပါးဝတ်ထံ မေးမြန်းလျှောက်ထားခဲ့ရာ ရဟန္တာမထေရ်မြတ်ရှစ်ပါးတို့က သက်သာရာ ရနိုင်ကြောင်း အောက်ပါအတိုင်း မိန့်မြွက်ဖြေကြားတော်မူခဲ့သည်—

> မင်းမြတ်.... သင် မင်းမြတ်သည် အက္ကောဘိဏီ မကသော ကျည်းကုလားများကို သတ်ဖြတ်သေစေရာ၌ (သရဏာဂုံ တည်သူ တစ်ယောက်နှင့် ငါးပါးသီလမြဲသူ တစ်ယောက် ပါဝင်သောကြောင့်) တစ်ယောက်နှင့် ဆစ်ပိုင်းအတွက်သာ (လူသတ်မှု) အပြစ် ရှိသည်။ ကြွင်းသော (မိစ္ဆာအယူရှိသူနှင့် သီလမရှိသူ) ရန်သူအားလုံးတို့ သတ်မှု အတွက်ကား (လူသတ်မှု) အပြစ်မရှိ ငါ့ရဿာန်သားသမင်များသတ်မှု အပြစ်မျိုးလောက်သာ ရှိသည်ကုန် မှတ်ယူသင့်၏။

၁။ ၁-နှင့် သုညလေးဆယ်နှစ်ရှိသော သင်္ခ်ာသည် "အက္ကောဘိဏီ"အရေအတွက် ဖြစ်၏။ ပါဠိအဘိဓာန်၌ကား ဝါးအလုံး ၆၀-ကို တစ်စည်းစီ စည်း၍ ဝါးအစည်း ၆၀-ပုံထားရာ၌ စစ်တပ် တစ်တပ်က နှင်း၍ သွားရာ ဝါးအားလုံး မြေမှုန့် ဖြစ်လောက်အောင် များသော စစ်တပ်ကို "အက္ကောဘိဏီတပ်"ဟု ဆို၏။ မဟာဝံသဋီကာ၊ သဒ္ဒနီတိကျမ်းတို့၌ အဓိပ္ပာယ်တစ်မျိုး ဆိုကြသေး၏။

၂။ "ကျည်းကုလား" ဟူသည် အိန္ဒိယကောင်ပိုင်းသား ကေရဠာပြည်နယ်နှင့် တမီးလ်နာဒူး ပြည်နယ်သားများ ဖြစ်၏။

သင် မင်းမြတ်၏ တိရစ္ဆာန် သားသမင်များ နွားများနှင့် တူသော ရန်သူများနှင့် တကွ လူတစ်ယောက်နှင့် တစ်ပိုင်းတို့ကို သတ်မိသော အကုသိုလ်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ် ဆုံးပါး တည်တံ့ပြန့်ပွား ထွန်းကားရေးအတွက် ရည်ရွယ်သည်ဖြစ်သောကြောင့် သင် မင်းမြတ်အား နက်ပြည်ရောက်ရန် အန္တရာယ်, မင်္ဂိုလ်ရရန် ဘန္တရာယ် မဖြစ်နိုင်ပါ။ ပြီးခဲ့သည့် စစ်ပွဲများကို အကြောင်းပြု၍ နှလုံးမသာယာခြင်းဖြစ်နေလျှင် ယင်းကို ပယ်ဖျောက်လော့—

ဟု ရဟန္တာမကေရံမြက် ရှစ်ပါးတို့က သက်သာရာ ရနိုင်ကြောင်းစကား မိန့်မြွက်ဖြေကြားတော်မူခဲ့ပါသည် (မဟာဝံသအဋ္ဌကထာ)။

[၇] သာကေဇာတ်လမ်းကို ကြည့်လျှင် လူ.ဘဝတွင် လူတစ်လုံး သူတစ်လုံး ဖြစ်ရေးအတွက် သရဏဂုံနှင့် သီလသည် မည်မျှ အရေးပါ အရာရောက်သည်ကို သတိပြုသင့်ကြပါသည်။]

ဖော်ပြပါ သရဏဂုံ အကျိုးပြု သာဓကဝတ္ထုများအရ ဆိုးသွမ်းသူတို့ အတွက်ပင် အထူးအားကိုးအားထား မှီခိုစရာဖြစ်၍ မကောင်းကျိုးဟူသမျှကို ကာဆီးပြီး ကောင်းကျိုးချမ်းသာဟူသမျှကို အများကြီးပေးစွမ်းနိုင်သော လူ.ဘဝအတွက် ဒါးအထားထိုက်ဆုံး ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးစုံ သရဏဂုံကို ကမ္ဘာသူငယ်များကအစ လူတိုင်းလူတိုင်း ယုံကြည်စွာ ခံယူဆောက်တည်၍ ကိုယ်လုံးထုံထားသင့်ပါသည်။

ဗောဓိမင်းသား၏ မယ်တော်သည် ဗောဓိမင်းသားလေး ကိုယ်ဝန်ရှိစဉ်မှ စ၍ပင် ဗောဓိမင်းသားလေးအတွက်ပါ ရည်မှန်းပြီး ဘုရားရှင်ထံ၌ သရဏဂုံကို ခံယူဆောက်တည်ထားခဲ့ရာ မိမိ (မယ်ဓတော်) အတွက်သာမက ဝမ်းတွင်း၌ ရှိသော ကိုယ်ဝန်သားငယ်လေးအတွက်ပါ သရဏဂုံ၏ အစောင့်အရှောက်ကို ကောင်းစွာ ရခဲ့ပါသည် (မ၊ ၂၊၊ ၂၂၇)။

အခန်း (၅)

ရတနာသုံးပါး ဂုဏ်တော်ဖွင့်

ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ ရောက်စေနိုင်ရန်အတွက် ဘုရားဟု ထင်မှတ်၍ ယုံကြည်အားကိုးတိုင်း သရဏဂုံမြောက် ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ ရောက်စေနိုင်ကြသည်ဟု မမှတ်ယူသင့်ပါ။

လောကဌ် စိန်ကျောက်ရတနာဆိုတိုင်း ရတနာစစ် ရတနာမှန် မှတ်တင်ခံ မဟုတ်ဘဲ အတုအယောင် ရတနာများ ရှိနိုင်သကဲ့သို့ ဘုရားအတုအယောင်, တရားအတုအယောင်များ လွန်စွာပေါများလှပါသည်။ ယုံကြည်ကိုးကွယ်မှုနှင့် စပ်သော အရာတွင် "စဉ်းစားမှု ရှေ့တည်, ယုံကြည်မှု နောက်ထား" ဟူသော ရှေးပညာရှိကြီးများ၏ သတိပေးစကားကို အလေးအစား ပြုသင့်ပါသည်။

ယုံကြည်မှု (သဒ္ဓါ) အားကြီး၍ စဉ်းစားဆင်ခြင်မှု(ပညာ) အားနည်းသည့် အတွက် အစစ် အမှန် မဟုတ်သော ဘုရား, မမှန်ကန်သော တရားတို့ကို မစဉ်းမစား ယုံကြည်ပြီး အားကိုးမှားလျှင် "ကုန်ရှုံးလျှင် တစ်ခေါက်" ဆိုတာမျိုး မဟုတ်ဘဲ "သရဏဂုံရှုံးလျှင် တသံသရာလုံးမှောက်" ဆိုတာမျိုး ဖြစ်ကာ ဒုက္ခ သံသရာလည်မဆုံး ဖြစ်နိုင်ပါသည်။ "ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရသည်", "ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက် ဆိုး ဖြစ်ရသည်" ဟူသော သတိပေး စကားများသည် ယုံကြည်ကိုးကွယ်မှု အမှား၏ ဒုက္ခကို သရုပ်ပြ ပေါ်လွင်စေပါသည်။ ဒေဝဒတ်ကို ယုံကြည် အားထား၍ ဖခင်အရင်းကို သတ်မိသည်အထိ အမိုက်ဇာတ်ခင်းကာ ငရဲသို့ လားခဲ့ရသော အဇာတသတ်မင်း၏ ဖြစ်ရပ်မှာ ကိုးကွယ်မှုအမှားအတွက် သာဓကထင်စေသော အချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ပိုင်အသိဉာဏ် ပညာဖြင့် တကယ့်မှတ်တင်ခံ အစစ်အမှန်ဖြစ်သော ဘုရား, တရား, သံဃာ ရတနာများကို စိစစ်ရွေးချယ် ကိုးကွယ်တတ်ရန် လိုအပ်ပါသည်။

"ပညာရှိ" ဟူ၍ ဆိုရာ၌ လောကီအရာမှာ ပညာများစွာ ရှိသော်လည်း ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ဖို့အရေး၌ ကိုးကွယ်ဆည်းကပ်မှုပညာကား ရှိချင်မှ ရှိမည်၊ အလိုအလျောက် ထိုးထွင်းတတ်သိနိုင်သည့် ပညာမျိုး မဟုတ်သောကြောင့် "တုတ်ဆွဲမရှိက ငကန်းလမ်းမသိ" ဆိုတာမျိုးသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကိုးကွယ်ဆည်းကပ်မှုပညာ၌ ကျမ်းကျင်လိမ္မာမှုရှိစေရန် "ရတနာသုံးပါး ဂုဏ်တော်ဖွင့်" များကို ဆက်လက်လေ့လာသင့်ပါသည်။

ဘုရားဂုဏ်တော်ကိုးပါး

၁။ အရဟံဂုဏ်တော်

(က) အရဟံ = (အရ+ဟံ။ အရ=ကိလေသာ ရန်တို့ကို + ဟံ= (အင့်အသက် အထုံဝါသနာမျှ မကျန်ရဖောင်) ပယ်တော်မူပြီးဖြစ်သော မြတ်စွာဘုရား။)

သတ္တဝါတို့ကို ယုတ်ညံ့ နိမ့်ကျစေတတ်, ပူလောင် ညစ်နွမ်းစေတတ်သော အဆိုးဓာတ်သဘာဝသည် ကိလေသာဖြစ်၏။ ယင်းကိလေသာသည် အကျိုးမဲ့ ဒုက္ခကို ဖန်တီးတတ်၍ ဘဝတက်လမ်း၌ အနှောင့်အယှက် အတားအဆီး ဖြစ်တတ်သောကြောင့် ရန်သူမျှားသဖွယ်လည်း ဖြစ်၏။ အဘိဓမ္မာကျမ်းဂန် မျှားအရ ကိလေသာတရားသည် အကျဉ်းအားဖြင့် ဆယ်မျိုးရှိပါသည်—

၁။ လောဘ=လိုချင်တပ်မက်မှု၊ အမြဲတမ်းလိုနေမှု၊

၂။ ဒေါသ=စိတ်ဆိုး, စိတ်ညစ်, စိတ်ပျက်မှု၊ ကြောက်လန့်ပူပန်မှု၊

၃။ မောဟ=အမှန်ကို အမှား၊ အမှားကို အမှန်ထင်မှု၊အမှန်အတိုင်းမမြင်မှု၊

၄။ မာန=ထောင်လွှားမှု၊ မိမိကိုယ်ကို အထင်ကြီးမှု၊

၅။ ဒိဋ္ဌိ=အလွဲအမှားယုံကြည်ယူဆမှု၊ အမှားကို အမှန်ဟု စွဲယူထားမှု၊

၆။ ဝိစိကိစ္ဆာ=သို့လော သို့လောရှိမှု၊ ယုံမှားမှု၊

၇။ ထိန=စိတ်တို၏ ထုံထိုင်းမှု၊ လေးနက်ထက်သန်ခြင်း မရှိမှု၊

၈။ ဥဒ္ဓစ္စ=စိတ်ဓာတ်ပြိုကွဲပျံ့လွင့်မှု၊ မတည်ငြိမ်မှု၊

၉။ အဟိရိက=မကောင်းမှုပြုခြင်း၌ အရှက်မရှိမှု၊

၁၀။ အနောတ္တပ္ပ=မကောင်းမှုပြုခြင်း၌ အကြောက်အလန့်မရှိမှု။

ထိုအဆိုးဓာတ်သဘာဝ ကိလေသာရန်သူ ဆယ်မျိုးတွင် "လောဘ, ဒေါသ, မောဟ" သုံးမျိုးသည် ရေသောက်မြစ် အဆိုးတရားမျှားဖြစ်သည်။ ယင်း အကျဉ်းကိလေသာ ဆယ်မျိုးကို အကျယ်ပွားလျှင် တစ်ထောင့်ငါးရာ ဖြစ်၏။ ထိုတရားဆိုးထို့သည် ရဟန္တာအဖြစ်ရောက်၌ အရဟတ္တမဂ်ဖြင့် မပယ် သတ်နိုင်သေးသမျှ ပုထုဇဉ်တို့၏ သန္တာန်၌ အမြဲထာဝစဉ် ရှိနေကြပါသည်။ စိတ်ဆိုးစိတ်ညစ်ကြောင့် လူဆိုးလူပေ လူညစ်ပတ်မျှား ဖြစ်၍ နေကြပါဆည်။

ဖော်ပြပါ အဆိုးဓာတ်သဘာဝ ကိလေသာများသည် ဘုရား, ရဟန္တာတို့၏ သန္တာန်၌ကား အရဟတ္တမဂ်ဖြင့် အလျှင်းပယ်သတ်ပြီးဖြစ်သောကြောင့် အကြွင်းအကျန် မရှိကြတော့ပါ။ အလုံးစုံ ကုန်ခန်းပြီးဖြစ်ပါသည်။ သို့ရာတွင် ရဟန္တာများသန္တာန်၌ အရဟတ္တမဂ်ဖြင့် ပယ်သတ်၍ ကိလေသာတွေ့ ကုန်သွားသော်လည်း ဘဝဆက်တိုင်းက ပါလာသော အထုံဝါသနာမှာ မကုန်ဘဲ ကျန်ရှိနေတတ်ပါသည်။

အရဂ်ကို သွန်လိုက်သော်လည်း အရက်နံ့မှာ အရက်အိုး၌ စွဲကျန်နေရစ်သကဲ့သို့ ရဟန္တာများသန္တာန်၌ ကိလေသာများကုန်သွားသော်ဟူသည်း အထုံမလဲ့ ဝါသနာအင်္ဂေ (ကိလေသာတို့၏ သတ္တိ)များမှာ ကျန်ရစ်နေပါသည်။ ဘုရားရှင်လက်ထက်တော်က ရဟန္တာအရှင်မြတ်ကြီးဖြစ်သော အဂ္ဂဝင်္ဂီသိန္ဒဝစ္ဆမထေရ်၏ တွေ့သူတိုင်းအား "သူယုတ်"ဟူ၍ ခေါ်ဝေါ် ပြောဆိုလေ့ရှိပုံမှာ ရဟန္တာများအဖို့ ကိလေသာကုန်သော်လည်း ဝါသနာအထုံ ကျန်ရစ်ပုံသာမကမျှားပင် ဖြစ်ပါသည်။ ပစ္စေကဗုဒ္ဓါ (ဘုရားငယ်) များ၏ သန္တာန်၌လည်း ရဟန္တာများနည်းတူ ဝါသနာအထုံ ကျန်ရစ်ပုံချင်း အတူတူပင် ဖြစ်ပါသည်။ ဘုရားရှင်ကား ထိုသို့မဟုတ်၊ ကိလေသာအားလုံးတို့ကို အလျှင်းပယ်သတ်နိုင်ခဲ့မျှမက ဝါသနာအထုံကိုပါ အကုန်အစင် မကျန်ရစ်အောင် အလျှင်းပယ်သတ်တော်မူနိုင်ပါသည်။ ထို့ကြောင့် ဘုရားရှင်၏ စိတ်တော်အစဉ်သည် အမြဲထာဝရ မြင့်မြတ်ကောင်းမွန်၍ အေးမြသန့်စင် ကြည်လင်ဝင်းပတော်မူလျက် ရှိပါသည်။

အချုပ်သဘောအားဖြင့် ဘုရားရှင်၏ သန္တာန်တော်၌ အဆိုးဓာတ်သဘာဝ ကိလေသာများကို အင်္ဂေအသက် အထုံဝါသနာမျှ မကျန်ရအောင် အကြွင်းမဲ့ပယ်လှန်ပြီး ဖြစ်သဖြင့် အကောင်းဓာတ်သဘာဝ အကောင်းစိတ်များသာ ရှိနေသည်ဖြစ်သောကြောင့် ထာဝစဉ် မြင့်မြတ်ကောင်းမွန်၍ အေးမြသန့်စင်ကာ လောကတွင် အမြင့်ဆုံး အမြတ်ဆုံး အအေးမြဆုံး အသန့်ရှင်း အစင်ကြယ်ဆုံး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူလျက်ရှိကြောင်း ကြည်ညိုသဒ္ဓါ ပွားနိုင်ကြပါသည်။

(ခ) အရဟံ = (အ + ရဟံ။ အ = မရှိ+ရဟံ = ဆိတ်ကွယ်ရာ၊ မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုပြုတော်မမူသော မြတ်စွာဘုရား။)

လောက၌ ပညာရှိ သူတော်ကောင်းအများသည်ခဲ့ အချို့ပုဂ္ဂိုလ်ကြီးတို့သည် သူတပါးရွေးမွောက်၌ မကောင်းမှုမပြုသော်လည်း ဆိတ်ကွယ်ရာ၌ကား ပြုတတ်

ကြသေး၏။ ဘုရားရှင်ကား ဆိတ်ကွယ်ရာ၌ပင် မပြု။ (သူတပါးရွေမျှော်က်၌ ပြုပို်ကား အထူးဝေးလေတော့သည်။) မကောင်းမှုအကုသိုလ် ပြုမှုသည် အဆိုး ခေတ်သဘာဝ ကိလေသာ မကင်းသေးသူများ၌သာ ပြုလေ့ ပြုထရှိသော်လည်း အဆိုးခေတ်သဘာဝ ကိလေသာ လုံးဝ မရှိအောင် ပယ်ရှားပြီး ဖြစ်သော ရှင်တော်မြတ်ဘုရားမှာ ဘယ်အခါ ဘယ်ဒေသမှာမှ မကောင်းမှုပြုခြင်း မရှိတော့ပြီ။ အခွါပုဂ္ဂိုလ်တို့မှာ ကိုယ်နှင့် နှုတ်၌ ကာယကံပြစ်မှု ဝစီကံပြစ်မှု မပြစ်အောင် ထိန်းသိမ်းနိုင်သော်လည်း စိတ်၌ကား မကောင်းကြံစည်သော မနောကံပြစ်မှု ဖြစ်တတ်ကြသေး၏။ ဘုရားရှင်ကား စိတ်၌ပင် မကောင်း ကြံစည်မှု မဖြစ်တော့ပါ။ ဘုရားဖြစ်တော်မူပြီးရာ အခါကို မဆိုထားဘိ အလောင်းတော်ဘဝ ဒုက္ကရစရိယာ ကျင့်ဆဲအခါကပင် စိတ်ဓာတ်တော်မှာ အလွန်စင်ကြယ်လျက် ရှိခဲ့ပါသည်။ ဤ၌ ဘုရားနှင့် ယှဉ်တူ၍ ပလွင်လှခဲ့သော မာရ်နတ်ကြီးသည် ဘုရားရှင်အပေါ် အပြစ်အနာရှာရန် ခုနစ်နှစ်ပတ်လုံး (ဘုရားမပြစ်မီ ဒုက္ကရစရိယာကျင့်စဉ် ခြောက်နှစ်နှင့် ဘုရားဖြစ်ပြီး နောက် တစ်နှစ်) ခြေရာချင်းကပ် ထက်ကြပ်မကွာ လိုက်ပါစုံစမ်းခဲ့ရာ မကောင်းမှုပြုမှုကို မဆိုထားဘိ ဘုရားမြတ်အပေါ် အပြစ်ဟူ၍ မြူမှုန်မျှပင် ရှာမရခဲ့ကြောင်း ဝန်ခံပြောဆိုခဲ့ပုံမှာ ဘုရားရှင်၏ စိတ်တော် စင်ကြယ်မှုအတွက် ထင်ရှားသော သာဓကပင် ဖြစ်ပါသည်။

အချုပ်သဘောအားဖြင့် ဘုရားရှင်၏ သန္တာန်တော်၌ အဆိုးဓာတ်သဘာဝ ကိလေသာများကို အငွေ့အသက် အထုံဝါသနာမျှ မကျန်ရအောင် အကြွင်းမဲ့ ပယ်လှန်ပြီးဖြစ်သဖြင့် အကောင်းဓာတ်သဘာဝ အကောင်းစိတ်များသာ ရှိနေသည်ဖြစ်သောကြောင့် ဘုရားရှင် ပြုသမျှ ပြောသမျှ ကြံသမျှတို့သည် မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ အကောင်းချည်းသာ ဖြစ်လျက် ရှိကြောင်း ကြည်ညိုသဒ္ဓါ ပွားနိုင်ကြပါသည်။

(၈) အရဟံ = (အရဟံ = ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။)

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာဟူသမျှ အရဟတ္တာမဂ်ဖြင့် အဆိုးဓာတ်သဘာဝ ကိလေသာများကို အကြွင်းမဲ့ ပယ်သတ်၍ ရှင်းပြီးဖြစ်သောကြောင့် အမြတ်ဆုံးအလှူကို ခံထိုက်သော ပူဇော်ထိုက်သူအရှင်များချည်း ဖြစ်ကြပါသည်။ ယင်းသို့ ပူဇော်ထိုက်သူ အရှင်များအဖြစ် တူညီကြသော်လည်း အထူးခြားဆုံး ပူဇော်ထိုက်သူ (၀ါ) ပူဇော်မှုကို အထူးခြားဆုံး ခံထိုက်သူကား ဘုရားရှင်သာလျှင် ဖြစ်ပါသည်။

ဘုရားရှင်၏ သန္တာန်တော်၌ အဆိုးဓာတ်သဘာဝ ကိလေသာများကို အငွေ့အသက် အထုံ ဝါသနာမျှ မကျန်ရအောင် အကြွင်းမဲ့ ပယ်လွှန်ပြီး ဖြစ်သဖြင့် အပြစ်ဟူသမျှ မြူမျှမရှိဘဲ အကောင်းဓာတ်သဘာဝ အကောင်းစိတ်များသာ အမြဲရှိနေခြင်း၊ ဆိတ်ကွယ်ရာ အရပ်၌ မကောင်းမှုဟူသမျှတို့ကို ပြုတော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော်မမူ၊ ဝါသနာအလျောက်ပင် ပြုမူပြောဆိုကြံစည်ခြင်း ရှိတော်မမူဘဲ ကောင်းသော အမှုတို့ကိုသာ အမြဲပြုလုပ်, ပြောဆို, ကြံစည်တော်မူလျက် ရှိခြင်း၊ အရဟတ္တမဂ်ဖိုလ်ရပြီးသည်နှင့် တပြိုင်နက် ပဋိသန္ဓေဒါ အဘိညာဉ်သမာပတ်စသော ဉာဏ်တန်ခိုးများကိုပါ(တစိတ်တဒေသ အကန့်အသတ်ဖြင့် မဟုတ်ဘဲ) တပါတည်း အပြည့်အစုံ ရတော်မူသည့်အပြင် သီစရာမှန်က တစမကျန် ကေန်သိစ္ဆမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ထူးထုံးခြားခြဲး ရတော်မူခြင်း၊ ထို့ပြင် "အာသယာနုသယဉာဏ်=သတ္တဝါတို့၏ အတွင်းဓာတ်ခံ ကိလေသာအဝုပ်ဓာတ်တို့ကို သိသော ဉာဏ်"စသော တပါးသူ တို့နှင့်မဆိုင် ဘုရားရှင်တို့သာ ရနိုင်သော ဉာဏ်တော်များကို ရခြင်း၊ ဘုရားရှင်တို့သာ ရနိုင်သော "အာဝေဏိက"ခေါ် သီးခြားဂုဏ်တော်များကို ရခြင်းနှင့် တန်ခိုးအာဏာ၌ အကန့်အသတ်မရှိ အဆုံးမရှိ သိနိုင်မြင်နိုင်ခြင်း စသည်တို့မှာ လူနတ်ဗြဟ္မာ မည်သူတစ်ဦးတစ်ယောက်မျှ အတူမပြုနိုင်သော အတုမဲ့ဂုဏ်ရည်တော်အစုမ်းသတ္တိများ ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် ပူဇော်ထိုက်သူတို့တွင် အထူးခြားဆုံး ပူဇော်ထိုက်သူ(၀ါ)ပူဇော်မှုကို အထူးခြားဆုံး ခံထိုက်သူ ဖြစ်တော်မူပါသည်။

ပူဇော်အထူးကို ခံထိုက်၍ ပူဇော်ခဲ့ကြပုံများ

ဘုရားရှင်သည် ပူဇော်ထိုက်သူတို့တွင် အထူးခြားဆုံး ပူဇော်ထိုက်သူ (၀ါ) ပူဇော်မှုကို အထူးခြားဆုံး ခံထိုက်သူဖြစ်သောကြောင့် ဘုရားရှင်ပွင့်တော်မူလာသောအခါ ရန်သင်း၍ အဆင်းလှသော ပန်းကို လူတိုင်းလူတိုင်း မြတ်နိုးပန်ဆင်လိုသကဲ့သို့ သာမန် လူနတ်ဗြဟ္မာတို့ကို မဆိုထားဘိ တန်ခိုးကြီးသော လူမင်းနတ်မင်း ဗြဟ္မာမင်းကြီးတို့ကိုယ်တိုင်ပင် အခြားတပါး၌ ပူဇော်မှုမပြုကြစော့ဘဲ ဘုရားရှင်အပေါ်၌သာ သူထက်ငါ ဝိုင်းအုံ၍ ပူဇော်မှုပြုခဲ့ကြပါသည်။

ဘုရားရှင်သည် ပူဇော်ထိုက်သူတို့တွင် အထူးခြားဆုံး ပူဇော်ထိုက်သူ (၀ါ) ပူဇော်မှုကို အထူးခြားဆုံး ခံထိုက်သူဖြစ်သောကြောင့် ဘုရားရှင်ပွင့်တော်မူလာသောအခါ ရန်သင်း၍ အဆင်းလှသော ပန်းကို လူတိုင်းလူတိုင်း မြတ်နိုးပန်ဆင်လိုသကဲ့သို့ သာမန် လူနတ်ဗြဟ္မာတို့ကို မဆိုထားဘိ တန်ခိုးကြီးသော လူမင်းနတ်မင်း ဗြဟ္မာမင်းကြီးတို့ကိုယ်တိုင်ပင် အခြားတပါး၌ ပူဇော်မှုမပြုကြစော့ဘဲ ဘုရားရှင်အပေါ်၌သာ သူထက်ငါ ဝိုင်းအုံ၍ ပူဇော်မှုပြုခဲ့ကြပါသည်။

ဘုရားရှင်လက်ထက်တော်အခါ၌ "သဟမ္မတိ" ဗြဟ္မာမင်းကြီးက မြင်းမိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းကုံးကြီးဖြင့် ဘုရားရှင်အား ပူဇော်ဖူးလေပြီ။ မင်း, အမတ်, သူဌေး, သူကြွယ် စသည်တို့က မွန်မြတ်သော ခဲဖွယ်, ဘောဇဉ်တို့ဖြင့် ဆက်ကပ်ပူဇော်ဖူးလေပြီ။"မိထွေးတော်ဂေါတမီ"က ကိုယ်တိုင် ကြပ်မတ် ရက်လုပ်အပ်သော သင်္ကန်းလျာဖြင့် ရွှင်လန်းစွာ ပူဇော်ဖူးလေပြီ။

"အနာထပိဏ်" သူဌေးကြီးက "ဇေတဝန်" ကျောင်းတော်ကြီးဖြင့်လည်းကောင်း၊ "ဝိသာခါ" ဒါယိကာမကြီးက "ပုဗ္ဗာရုံ" ကျောင်းတော်ကြီးဖြင့်လည်းကောင်း၊ "ဗိမ္ဗိသာရ" မင်းကြီးက "ဝေဠုဝန်" ကျောင်းတော်ကြီးဖြင့်လည်းကောင်း အသီးသီး ပူဇော်ဖူးလေပြီ။ "ဗိမ္ဗိသာရ" မင်းကြီးနှင့် "ကောသလ" မင်းကြီး စသည်တို့က ထောပတ်, ဆီဦး, ပျား, သကာ စသော ဆေးပစ္စည်းတို့ဖြင့် ပူဇော်ဖူးလေပြီ။ ပရိနိဗ္ဗာန် စံတော်မူပြီးမှလည်း "ဓမ္မာသောက" မင်းကြီးဆည် စေတီပေါင်း ရှစ်သောင်းလေးထောင်, ကျောင်းပေါင်း ရှစ်သောင်းလေးထောင်, ဓရတွင်း ရေကန်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် ဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းပူဇော်ဖူးလေပြီ။ ဘုရားအဖြစ်သို့ ရောက်သောအခါမှသာ လူနတ်ဗြဟ္မာ များက လှူဒါန်းပူဇော်ကြသည် မဟုတ်ပါ၊ ဘုရားအဖြစ်သို့ မရောက်မီ သုမေဓာရှင်ရသေ့ဘဝမှ စ၍ သီဒဋ္ဌမင်းသားဘဝ ဘုရားဖြစ်တော်မူချိန် ကျဖောင် လူနတ်ဗြဟ္မာတို့၏ ပူဇော်မှုကို အခါခါ ဖူးထပ်ထပ် ခံယူခဲ့ရပါသည်။ ဤသို့ ဤပုံ အဖုံဖုံသော ပူဇော်မှုများကို ဓရှားအခါကသာ ခံယူခဲ့ရသည်မဟုတ်၊ ယခုတိုင်ဖောင်လည်း ကမ္ဘာ့အုံဖွယ်တစ်ပါး အပါအဝင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားသော စေတီတော်, ရုပ်ပွား ဆင်းတုတော်များအား ဘုရားရှင်ကို ရည်မှန်း၍ လှူဒါန်းဖွယ်ရာ အပြာပြာ ပူဇော်ဖွယ်ရာ အမျိုးမျိုး တို့ဖြင့် တိုးဝှေ့တိုးဝှေ့သာ အုံဖွယ်သရဲ ပူဇော်နေကြဆဲပင် ဖြစ်ပါသည်။

ပူဇော်နည်း နှစ်မျိုးဖြင့် ပူဇော်ခြင်း

အရဟံ-ဂုဏ်တော်ရှင် မြတ်စွာဘုရားအား ပူဇော်ရာ၌ **အာမိသပူဇော**ဖြင့် ပူဇော်ခြင်း, **ဓမ္မပူဇော**ဖြင့် ပူဇော်ခြင်းဟူ၍ ပူဇော်နည်း နှစ်မျိုးရှိပါသည်—

၁။ **အာမိသပူဇော**=ဆွမ်း, သက်နှံ, ကျောင်း, ဆေးပစ္စည်းလေးပါး (အသုံးအဆောင်များ)ဖြင့် ပူဇော်ထုံ၌ **အရဟံ-ဂုဏ်တော်ရှင်** မြတ်စွာဘုရား၏ စိတ်တော်အစဉ်၌ ကိလေသာ အညစ်အထေး အနောက်အကျုံတို့မှ ကင်းသဖြင့် သန့်ရှင်း ကြည်လင်လျက် ရှိတော်မူပုံ, ဆိတ်ကွယ်ရာ ဘေးရန်၌ပင် မစောင်းမှုဟူသမျှတို့ကို ကိုယ်ဖြင့် ပြုတော်မမူ, နှုတ်ဖြင့် ပြောတော်မမူ, စိတ်ဖြင့် ကြံစည်တော်မမူပုံနှင့် အတူမရှိသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ကုံလုံပြည့်ဝ၍ ပူဇော်မှုကို အထူးခံထိုက်ပုံ စသော ဂုဏ်ရည်တို့ကို ယုံကြည်စွာ မှန်းမျှော်၍ လက်အုပ်ချီ ရှိခိုးလျက် ပန်း, ဓရုချမ်း, ဆွမ်း, ဆီမီး အသီးသီးတို့ကို ကပ်လှူ ပူဇော်ရမည်။ (သရဏဂုံသီလ ခံယူဆောက်တည်၍ လှူဒါန်းလျှင်ကား အာမိသပူဇော ဓမ္မပူဇော နှစ်မျိုးလုံးပင် ဖြစ်နိုင်သည်။)

၂။ ဓမ္မပူဇော—တရားဖြင့် ပူဇော်ထွဋ်မိ မိမိတို့၏ စိတ်အာဇာနိကို ကိလေသာ အညစ်အထေး အနောက်အကျုံတို့မှ ကင်းစင်နိုင်သမျှ ကင်းစင်အောင် ဆေးလျော်သုတ်သင်၍ ဆိတ်ကွယ်ရာ အရပ်၌ပင် မဂကာင်းမှုဟူသမျှတို့ကို ကိုယ်ဖြင့် ပြုခြင်း, နှုတ်ဖြင့် ပြောခြင်း, စိတ်ဖြင့် ကြံစည်ခြင်းတို့မှ ရှောင်ကြဉ်လျက် သီလ, သမာဓိ, ပညာတရားတို့ကို တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားအားထုတ်ကျင့်သုံးရမည်။ ဤသို့ ကြိုးစားအားထုတ် ကျင့်သုံးခြင်းသည်ပင် အရဟံ-ဂုဏ်တော်ရှင် မြတ်စွာဘုရားအား တရားဖြင့် ပူဇော်သည် မည်ပါသည်။ လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ် (ဓမ္မာနုဓမ္မပဋိပတ်)ဖြင့် ပူဇော်ခြင်းဟူသည် ဤနည်းဖြင့် ပူဇော်ခြင်းပင်တည်း။

အာမိသပူဇာနှင့် ဓမ္မပူဇာ နှစ်ပါးတွင် ဓမ္မပူဇာသည် အာမိသပူဇာထက် အဆ ထူထောင်မက မြတ်ကြောင်း၊ အမြတ်ဆုံး ဖြစ်ကြောင်း ကျမ်းကန်တို့၌ ပြဆိုထားပါသည်[၁]။

သူတော်ကောင်းဖြစ်အောင် "အရဟံ"ဂုဏ်ကိုဆောင်

ဘုရားရှင်၏ ဂုဏ်တော်များသည် အနန္တ (အဆုံးမရှိ) ဖြစ်သော်လည်း ဂုဏ်တော်အားလုံးသည် အကျဉ်းအားဖြင့် ဂုဏ်တော်ကိုးပါးဟု အကျုံးဝင်၏။ ဂုဏ်တော်ကိုးပါးတွင်လည်း ကိလေသာမျှားကို ပါးနှာအငွေ့ထသက်မျှ မကျန်ရအောင် အကြွင်းမဲ့ ပယ်သတ်နိုင်သော အရဟံ-ဂုဏ်တော်သည် ပထမဆုံး ဖြစ်၍ မူရင်းပဓာန အကျဆုံးလည်း ဖြစ်၏။ ကိလေသာအားလုံးကိုသာ မပယ်သတ်ရသေးလျှင် "ဘုရား"ဟု ခေါ်ဝေါ်သတ်မှတ်နိုင်မည် မဟုတ်ပါ။ ဘုရားဟု မသတ်မှတ်နိုင်က "အရဟံ" ဂုဏ်ကိုလည်း မရနိုင်၊ အခြား "ဒေမွာ-သမ္ဗုဒ္ဓ"စသော ဂုဏ်တော်များလည်း ရှိလာနိုင်တော့မည် မဟုတ်ပါ။ ဘုရားဟု သတ်မှတ်နိုင်သော ဂုဏ်ဖြစ်၍ အရဟံ-ဂုဏ်သည် ဂုဏ်အားလုံးကို ခြုံမိ၏။ ဤဂုဏ်တစ်ခုတည်းဖြင့်ပင် တလောကလုံး၏ ကိုးကွယ်ပူဇော်မှုကို ခံထိုက်ပါလေပြီ။

"အရဟံ"ဂုဏ်တော်ကို အောက်မေ့ကြည်ညိုသူသည် ဘုရားရှင်၏ စိတ်ထော်အာဉာရှိ ကိလေသာ အနောက်အကျုံတို့မှ ကင်းသဖြင့် သန့်ရှင်းကြည်လင်တော်မူပုံကို ဂဃနဏုဿတိ ပြုပါ၊ ထိုကြည်လင်သော ဂိတ်တော်အစဉ်ကို အတုယူကာ မိမိစိတ်ဓာလည်း လောဘ, ဒေါသ, မာန-စသော ကိလေသာ

၁။ အံ၊ဘ၊ဥဝ၊ဥဒ၊ ဣတိဝုတ်။ ၂၆၀။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၅—ပ-ဖ-သ-စ

အနောက်အကျုံများ ကင်းစင်၍ အမြဲကြည်လင် သန့်ရှင်းအောင် သတိပြုပါ။ တဖန် စိတ်တော်အစဉ် သန့်ရှင်းကြည်လင်နေသည့်အတွက် ဘုရားရှင်သည် ဆိတ်ကွယ်ထွဋ်ပင် မကောင်းမှု ဟူသမျှတို့ကို မပြု, မပြော, မကြံစည်ပုံတို့ကို ထင်မြင်အောင် အာရုံပြုပါ၊ ထိုအပြုအမူကို အတုယူကာ မကောင်းမှုဟူသမျှတို့ကို ဆိတ်ကွယ်ထွဋ်ပင် မပြု, မပြော, မကြံစည်ဘဲ ရှောင်ကြဉ်နိုင်အောင် သတိပြုပါ၊ ကောင်းသော အမှုတို့ကိုသာ ပြုလုပ်, ပြောဆို, ကြံစည်နိုင်အောင် ကြိုးစားပါ။ ဤသို့ အာရုံပြုဖန်များလာလျှင် ထို သန့်ရှင်းကြည်လင်သော စိတ်နှင့် အပြုအမူဓာတ်သဘောများသည် သူတော်ကောင်းနှင့် ပေါင်းသူသည် သူတော်ကောင်းဖြစ်လာသကဲ့သို့ မိမိ၌ ကူးစက်၍ သန့်ရှင်းသော စိတ်ဓာတ်နှင့် အပြုအမူများ တိုးပွားလာပါလိမ့်မည်။ အရဟံ-ဂုဏ်တော်ကို အာရုံပြုကာ မကောင်းသော စိတ်ထားနှင့် မကောင်းသော အပြုအမူများ ရှောင်ကြဉ်နိုင်အောင် သတိပြုပါ၊ ကောင်းသော စိတ်ထားနှင့် ကောင်းသော အပြုအမူများကို ပြုလုပ်ကာ အရဟံ ဂုဏ်ကို ဆောင်၍ သူတော်ကောင်းဖြစ်အောင် ကြိုးစားသင့်ကြပါသည်။

၂။ သမ္မာသမ္မုဒ္ဓဂုဏ်တော်

သမ္မာသမ္မုဒ္ဓ=(သမ္မာ+သံ+ဗုဒ္ဓ။ သမ္မာ=မဖောက်မပြန်(အမှန်) +သံ=ကိုယ်တိုင်၊ ကိုယ်ပိုင် (ထိုးထွင်း၍)+ဗုဒ္ဓ=သိမြင်တော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်သည် "သစ္စဓမ္မ" ခေါ် သစ္စာလေးပါးတရားနှင့် "ဥယျဓမ္မ" ခေါ် ဥယျဓံတရား ငါးပါးတို့ကို မဖောက်မပြန် သိ၏၊ အမှားမရှိ အမှန်အတိုင်း သိတော်မူ၏။ မည်သည့်ဆရာ တစ်ဦးတစ်ယောက်ကမျှ သိနိုင်အောင် နည်းပြဥာဏ်ကြားရခြင်း မရှိ၊ ပါရမီတော် အစုမ်းကြောင့် မိမိဘာသာ ရှာဖွေဘွင့်ရှိ သိတော်မူ၏၊ ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူ၏။ သိရှုမြင်ထွဋ် သေးငယ်သော မြူမှုန်ကို မျက်စိမှုန်သူတို့ကြည့်သောအခါ မှုန်ဝါးဝါး မထင်မရှားမြင်သကဲ့သို့ မှုန်ဝါးဝါးနှင့် မထင်မရှားသိခြင်း, မြင်ခြင်းမျိုးမဟုတ်၊ လင်းလင်းကျင်းကျင်း ထင်ထင်ပေါ်ပေါ် သိမြင်တော်မူ၏၊ မသိသော အရာဟူ၍ မရှိ၊ အားလုံး သိမြင်တော်မူပါသည်။

ဤသို့ သိမြင်တော်မူခြင်းကား "သဗ္ဗညုတဉာဏ်တော်"၏ အစုမ်းတည်း။ ဘုရားရှင်သည် "သဗ္ဗညုတဉာဏ်တော်"ကို ရဖို့ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ကောင်းမှုပါရမီများကို ဖြည့်ကျင့်ဆည်းပူးခဲ့ရ၏။ ၎င်းသို့ ပါရမီများကို ဖြည့်ကျင့်ဆည်းပူးခဲ့သည့်အတွက် ဘဝအဆင့်ဆင့်ရောက်ရှိ၍ လာသော ပညာသည် ဘုရားအဖြစ်သို့ ရောက်သည့်အခါ "သဗ္ဗညုတ

ဉာဏ်တော်”အဖြစ်သို့ ရောက်ကာ လွန်စွာ အစွမ်းသတ္တိ ထက်မြက်ခြင်း ရှိလာပါတော့သည်။ ဘုရားရှင်သည် ဤ “သဗ္ဗညုတဉာဏ်တော်”ဖြင့် သိသင့်သိဖွယ် သိစရာ အသွယ်သွယ်ကို မည်သူနှင့်မျှ ယှဉ်မရအောင် ရှင်းရှင်းလင်းလင်း သိမြင်တော်မူပါသည်။

ဥယျဓံတရား ငါးပါး

ဥယျဓံ=(ဥယျ+ဓမ်။ ဥယျ=သိသင့်သိထိုက်သော+ဓမ်=တရား။) ဃသင့်သိထိုက် သိစရာမှန်သမျှ တရားအားလုံးကို “ဥယျဓံ”ဟု ခေါ်၏။ ယင်းတရားသည် အမျိုးအစားအားဖြင့် ခွဲခြားလျှင် ငါးမျိုးရှိသည်—

၁။ သခ်ါရ (မျှပ်, နာမ်)တရား=ဥပါဒ်, ဌိ, ဘင် (ဖြစ်, တည်, ပျက်) မကင်းသော စိတ်စေတသိက် နာမ်တရားများနှင့် နိပ္ပန္နရူပ် တရားများ၊

၂။ ဝိကာရ (ရူပ်) တရား=နိပ္ပန္နရူပ်အစစ်တရားများ၏ အမူအရာထူး (ဝိကာရ) ရူပ်တရား ငါးပါး၊

၃။ လက္ခဏ (ရူပ်) တရား=နိပ္ပန္နရူပ်အစစ်တရားများ၏ ဥပါဒ်, ဌိ, ဘင် (ဖြစ်,တည်,ပျက်) ဖြစ်သော (လက္ခဏ)ရူပ်တရား လေးပါး၊

၄။ ပညတ်တရား=လူ, နတ်, ဗြဟ္မာ, ဆင်, မြင်း, ကျွဲ, နွား, ကော, တောင်, ရေ, မြေ စသော (သဒ္ဒါ အတ္ထ) ပညတ်ကရားများ၊

၅။ နိဗ္ဗာန်တရား = သခ်ါရ, ဝိကာရ, လက္ခဏ, ပညတ်မှ တပါး ငြိမ်းအေးသော (အသခ်ဟ) နိဏ္ဍာမဓာတ်တရား။

ဤလောကတခုလုံးတွင် အထက်၌ ဖော်ပြခဲ့သော သိသင့်သိဖွယ် သိစရာ အသွယ်သွယ်သော (ဥယျဓံ) တရားငါးမျိုးမှတပါး အခြားသိစရာ တရားဟူ၍ မရှိတော့ပြီ။

[ဤ၌ “ဝိကာရရူပ်”နှင့် “လက္ခဏရူပ်”တို့ကို ရူပ်ချင်း တူပါလျက် ခွဲခြားထားခြင်းသည် ပရမတ်ရူပ်အစစ်မဟုတ်သောကြောင့် ခွဲခြားထားခြင်းဖြစ်၏။ ပရိယေဋ္ဌိ(အကြားအလား)ရူပ်ကား ပညတ်တရား၌ ပါဝင်လေပြီ။ အချုပ်အားဖြင့်ကား ဥယျဓံတရားဟူသည် ပရမတ္ထတရား လေးပါးနှင့် ပညတ်တရားတို့ပင်တည်း။ ဤဥယျဓံတရား ငါးပါးသည် ဇိနာလင်္ကာရဋီကာ အဿာဓာရဏကထာ၌ အကျယ်လာရှိသည်။]

ဤဥယျဓံတရားငါးပါးကို ဘုရားရှင် သိတော်မူထုဟု ဓောက်ပြန်မှားယူင်, :ဆုးသည်ဟူ၍ မရှိ၊ နည်းပေးလမ်းပြသည့် ဆရာလည်း မရှိ၊ ကိုယ်တော်တိုင် သိစေတော်မူပါသည်။ ဘုရားရှင်၏ ကြည်လင်နေသော စိတ်တော် အစဉ်ဝယ် ထာလွန်ထက်မြက်၍ အလုံးစုံကို သိသော သမ္မာညုတဉာဏ်တော်ကြီး တည်ရှိပုံကို အာရုံယုကာ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနိုင်ကြပါသည်။

[ဆန္ဒာလေးပါးတရားကို ဗုဒ္ဓဂုဏ်တော်ပွင့်သို့ ထောက်သောအခါ တွေ့ရပါလိမ့်မည်။]

သိနိုင်ခဲသော ဓာတုကို သိတော်မူခြင်း

လောကဌ် အလွန်နက်သော တောကြီးသို့ မထောက်ပူးသူများသည် ထို တော၏ အခြေအနေကို မသိနိုင်၊ မခန့်မှန်းနိုင်ကြပါ။ တောကြီးသို့ ထောက်ပူး သူများအနေဖြင့်သာ တော၏ အလွန်နက်ရှိုင်းပုံကိုလည်းကောင်း၊ ပန်းမျိုးစုံ, သစ်သီးမျိုးစုံ ဝေဝေဆာဆာနှင့် သာယာနေပုံကိုလည်းကောင်း သိနိုင်ကြ၏။ ထို့အတူ ပိဋကနယ်တွင်းသို့ ဝင်ထောက်၍ မကျင်လည်ပူးသော သူများသည် ဘုရားရှင်၏ ဉာဏ်တော်ကို (အပြည့်အစုံ သိရန် မဆိုထားဘိ) ခန့်မှန်းနိုင်ရန်ပင် မလွယ်ကူလှပါ၊ ပိဋကနယ်တွင်းသို့ ဝင်ထောက်ကျင်လည်ပူးသော ပညာရှိ ပုဂ္ဂိုလ် တို့ကား ဘုရားရှင်၏ ဉာဏ်တော်ကို (အပြည့်အစုံ မဟုတ်သော်လည်း) ခန့်မှန်းရုံ သိရှိတော်မူနိုင်ကြပါသည်။ ဤ၌ ဘုရားရှင်၏ အတုမရှိ သမ္မာညုတဉာဏ်တော် ကြီးကို ခန့်မှန်းသိရှိပြီး ကြည်ညိုသဒ္ဓါပွားနိုင်ရန်အတွက် အရှင်နာဂသေနရဟန္တာ မထေရ်မြတ်၏ ချီးကျူးထုတ်ဖော် မိန့်မြွက်တော်မူချက်ကို အောက်တွင် ဖော်ပြ ထားပါသည်—

အရှင်နာဂသေန မထေရ်မြတ်က မိလိန္ဒမင်းကြီးကို မေးသည်မှာ– "ကံ၀ါ, ယမုနာ-စသော မြစ်ကြီးငါးသွယ်မှ ရေတွေ့ သမုဒ္ဒရာထဲသို့ စီးဝင် ခဲ့ရာတွင် သမုဒ္ဒရာရေနှင့် ရောနေသော ထိုရေမျိုးကို ဤကား ကံ၀ါ မြစ်ရေ, ဤကား ယမုနာ မြစ်ရေ စသည်ဖြင့် ခွဲခြားသိနိုင်ပါမည်လော" ဟူ၍ ဖြစ်၏။

မင်းကြီးက–"ခဲယဉ်းလှပါကြောင်း" ပြန်ကြား လျှောက်ထား၏။

ထိုအခါ အရှင်နာဂသေန မထေရ်မြတ်က ပြန်လည် မိန့်ကြားတော်မူ သည်မှာ–"ဤကား ဖဿ, ဤကား ဝေဒနာ-စသည်ဖြင့် (အကောင် အထည် မရှိသော) နာမ်တရားတို့ကို ခွဲခြားသိမြင်တော်မူသော ဘုရား ရှင်မှာ ထိုရေမျိုးကို ခွဲခြား သိရသည်ကက် အဆပေါင်းများစွာ

ခက်ခဲလှသော ခွဲခြား သိမြင်မှုကြီးဖြစ်ထု တကယ့် သိနိုင်ခဲသော သိမြင်မှုကြီး ခွဲခြားမှုကြီး ဖြစ်ပါပေသည်" ဟူ၍ ဖြစ်ပါသည် (မိလိန္ဒပဉှာ၊ အဂ္ဂပဓမ္မဝဝတ္ထာနဝဂ်၊ ၉၄)။

အကောင်အထည် မရှိသော (စိတ်နှင့် စေတသိက်) နာမ်တရားများ၏ လက္ခဏာ သဘာဝသတ္တိအမျိုးမျိုးကို ထုတ်ဖော်ဟောကြားနိုင်ရန် မဆိုထားဘိ ဤကား "ဖဿ", ဤကား "ဝေဒနာ" စသည့် နာမ်တရားတို့၏ အမည်ကလေး မျှကိုပင် ရွေးခေတ်, ယခုခေတ်တို့၌ ဘုရားမှတပါး မည်သူမျှ မထုတ်ဖော်နိုင်, မဟောပြနိုင်ကြပါ။ အဆိုပါ နာမ်တရားများကို လက္ခဏာ သဘာဝသတ္တိ၄မျိုးမျိုးပြ၍ လိုလေသေး မရှိရအောင် ဘုရားရှင် ကိုယ်တော်တိုင် သိမြင် ထုတ်ဖော် ဟောကြားတော်မူခဲ့သည်မှာ ဘုရားရှင်၏ အတုမရှိ (သဗ္ဗညုတ) ဉာဏ်တော်ကြီးကို ပေါ်လွင်ထင်ရှားစေပါသည်။

မေးသမျှကို မတွေးမဆ ဖြေဆိုတော်မူနိုင်ခြင်း

ပညာရှင် ထိပ်သီးများစွာနှင့် နတ်ပြဟ္မာတို့ ဘယ်သူက မေးမေး တွေးနေရသည် မရှိ၊ လေးကန်ဆုတ်ဆိုင်းနေသည် မရှိ၊ ချွံထိတ်ခြင်း မရှိ၊ ချက်ချင်းပင် ဖြေကြားတော်မူနိုင်သည်မှာလည်း အထင်အရှားပင် ဖြစ်ပါသည်။ ဤအချက်ကို "အဘယမင်းသား" သည် ဘုရားရှင်အား မေးမြန်းလျှောက်ထား၍ အဖြေရှာခဲ့ဖူးရာ သဗ္ဗညုတဉာဏ်တော်ကြီး၏ ထက်မြက်ပုံ အစွမ်းကို အံ့မခန်း ကြည်ညိုခွင့်ရခဲ့ကြပါသည်—

အဘယမင်းသားက–"မြတ်စွာဘုရား.... မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း ပညာရှိတွေ ပြဿနာမေးလျှောက်လာသောအခါ ရှေးကပင် ဘယ်သို့ ဖြေမည်ဟု ကြိုတင် စဉ်းစားထားရပါသလော၊ သို့မဟုတ် တခဏချင်း ဖြေနိုင်ပါသလော" ဟု လျှောက်၏။

ဘုရားရှင်က–"မင်းသား....ဤအချက်၌ သင့်ကိုပင် မေးရပေဦးမည် ရထားအစိတ်အပိုင်းများကို သင်နားလည်သလော" ဟု မေးတော်မူရာ မိမိ နားလည်ကြောင်း လျှောက်၏။ "သင့်ကို တစ်ဦးတစ်ယောက်က ရထားအစိတ်အပိုင်းကို မေးလျှင် ရှေးကပင် ငါဘယ်သို့ ဖြေမည် ဟု ကြိုတင် စဉ်းစားထားရသလော၊ သို့မဟုတ် ချက်ချင်းပင် ပြောနိုင်သလော" ဟု မေးပြန်ရာ—

အဘယမင်းသားက—"တပည့်တော် ရထားမောင်းသူပါ၊ ရထားအစိတ်အပိုင်းတွေအားလုံး နားလည်ထားပြီးဖြစ်၍ စဉ်းစားဖွယ်မလိုပါ၊ ချက်ချင်း ပြောနိုင်ပါသည်" ဟု လျှောက်၏။

ဘုရားရှင်က–"မင်းသား...ငါဘုရားကား သမ္ဗဉ္ဉုတဉာဏ်တော်ကြီးကို ထိုးထွင်းသိမြင်ထားပြီး ဖြစ်ရာ တရားအေးချက်တို့ကို သိပြီးဖြစ်နေသော ငါဘုရားမှာ ကြိုတင်စဉ်းစားဖွယ် မလို၊ ချက်ချင်း ဉာဏ်တော်မှာ ထင်လာရတော့သည်"ဟု မိန့်ကြားတော်မူခဲ့သည် (မဇ္ဈိမ ပဏ္ဏာသ၊ အာဘယရာဇကုမာရသုတ်၊ ၂၇၀)။

ဘုရားရှင်သည် ဓမ္မသမျှကို မတွေးမဆ ဖြေဆိုတော်မူနိုင်သည့်အပြင် တရားဓမ္မတို့ကို ထုတ်ဖော်ဟောပြရာ၌လည်း အမျှားနှားလည် ကျေနပ်အောင် အခြားသူတို့မလှန်နိုင်အောင် အကြောင်းအချက်တို့ကို အကွက်ကွက်ကြ ထုတ်ပြ၍ အမှန်ကိုသာ ဟောပြတော်မူလေ့ရှိပါသည်။ မည်သည့် ပရိသတ်, မည်သည့် ပုဂ္ဂိုလ်မျိုးနှင့်ပင် ကြုံရ ကြုံရ အနည်းငယ်မျှ မပြဿဒါ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား မြတ်စွာဘုရားကသာ အနိုင်ရ, အသာရခဲ့ခြင်းတို့သည် ဘုရားရှင်၏ "သဗ္ဗညုတ ဉာဏ်တော်ကြီး"ကြောင့်ပင် ဖြစ်ရသည်မှာ ထင်ရှားသိသာလှပါသည်။

သမ္မုဒ္ဒ

ဆရာသမားအထောက်အကူမပါ ကိုယ်တိုင်ထိုးထွင်း၍ သိသော ဉာဏ်သည် "သယမ္ဘူဉာဏ်" မည်၏။ "ပစ္စေကဗုဒ္ဓါ" အရှင်မြတ်တို့မှာ သစ္စာတရားတို့ကို ဆရာမရှိ ကိုယ်တော်တိုင် (သယမ္ဘူဉာဏ်ဖြင့်) ထိုးထွင်း၍ သိတော်မူကြသည့် အတွက် "သမ္မုဒ္ဒ"ဟူသော ဂုဏ်ကိုကား ရရှိတော်မူကြ၏။ သို့ရာတွင် သိရှာ၌ အကုန်အစင်မသိ တစိတ်တဒေသသာ သိသောကြောင့် မိမိတို့သိပြီးသောသစ္စာ တရားကို ဓဝါဟာရပညတ်တင်ကာ သူတပါးတို့အား နားလည်အောင် မဟောပြနိုင်သည့်အတွက် "သမ္မာသမ္ဗုဒ္ဓ"ဟူသော ဂုဏ်ကိုကား ရတော်မမူကြပါ။

သမ္မာဒုဒ္ဒ

"အရိယာသာဝက"တို့မှာ ဆရာဘုရား၏ဟောဖော်ညွှန်ပြသည့် နည်းအတိုင်း သူတပါးတို့အား သစ္စာတရားတို့ကို ဟောပြနိုင်သည့်အတွက် "သမ္မာဒုဒ္ဒ" ဟူသော ဂုဏ်ကိုကား ရရှိတော်မူကြ၏။ သို့ရာတွင် သစ္စာတရားတို့ကို မိမိတို့ သာသာ ရှာဖွေတွေ့ရှိ ကိုယ်တိုင် (သယမ္ဘူဉာဏ်ဖြင့်) ထိုးထွင်း၍ မသိနိုင်သည့် အတွက် "သမ္ဗုဒ္ဓ"ဟူသော ဂုဏ်ကိုကား ရတော်မမူကြပါ။

(သမ္မာသမ္ဗုဒ္ဓ

"ဘုရားရှင်" တို့မှာကား ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ကဲ့သို့ မဟုတ်၊ သစ္စာတရားနှင့် ဧည့်ယျမံတရားများကို ကိုယ်တော်တိုင် (သယမ္ဘူဉာဏ်ဖြင့်) ထိုးထွင်း၍ သိတော်မူသည့်အတွက် "သမ္ဗုဒ္ဓ"ဟူသော ဂုဏ်တော်ကို ရရှိတော်

မှု၏။ မိမိသိတော်မူသည့်အတိုင်း သူတပါးတို့အားလည်း အလိုဆန္ဒ (အာသယ ဓာတ်)နှင့် လျော်ညီစွာ ဝေဟာရပညတ်တင်၍ ဟောပြတော်မူနိုင်သည့်အတွက် "သမ္မာဗုဒ္ဓ'ဟူသော ဂုဏ်ကိုလည်း ရရှိတော်မူ၏။ ထို့ကြောင့် ဘုရားရှင်သည် "သမ္မာဗုဒ္ဓ"နှင့် "ဘဂ္ဂဝန္တ"ဟူသော ဂုဏ်တော် နှစ်ရပ်ကို ပေါင်းစပ်ကာ "သမ္မာသမ္ဗုဒ္ဓ=ဉာဏ်ပညာအကြီးမားဆုံး"ဟူသော ဂုဏ်ရည်တော် ဘွဲ့ထူးဖြင့် ချီးကျူးထုတ်ဖော် ထင်ရှားတော်မူခဲ့ပါသည်။

ရှင်သီဝလိမယ်တော် ဆင်ခြင်အောက်မေ့သည့်ဂုဏ်တော်

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို လက်တွေ့အောက်မေ့ဖူးသူကား 'သုပ္ပဝါသာ' ခေါ် "ကောလိယ" မင်းသမီး ဖြစ်၏။ ၎င်းသည် အရှင်သီဝလိမထေရ်ကို ခုနစ်နှစ် တိုင်တိုင် ကိုယ်ဝန်ဆောင်၍ ဖွားမြင်အံ့သော အခါတွင် ခုနစ်ရက်ပတ်လုံး ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတို့ဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရ၏။ မင်းသမီးသည် အကြံအစည် သုံးမျိုးဖြင့် ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါး၏ ဂုဏ်တော်များကို အာရုံပြုလျက် ဒုက္ခဝေဒနာကို သည်းခံဖြေဖျောက်လိုက်ရာ ဒုက္ခဝေဒနာများ အလျင်းပြေပျောက်ပြီး မကြာမြင့်မီ (အရှင်သီဝလိမထေရ် လောင်းလျာ) သားမြတ်ရတနာကို ချမ်းသာလွယ်ကူစွာ ဖွားမြင်ခဲ့လေသည်။ အကြံအစည် သုံးမျိုးဖြင့် ဂုဏ်တော်ကို အောက်မေ့ပုံကား—

၁။ သမ္မာသမ္ဗုဒ္ဓါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။ (ဘုရားဂုဏ်)

[ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဣမဿ ဝေရူပဿ ဒုက္ခဿ၊ ဤသို့သော ဆင်းရဲကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓါ ဝတ၊ မှန်ရာကို ကိုယ်တော်တိုင် သိတော်မူလေစွတကား၊]

၂။ သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။ (သံဃဂုဏ်)

[တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာသည်။ ဣမဿ ဝေရူပဿ ဒုက္ခဿ၊ ဤသို့သော ဆင်းရဲကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ပဋိပန္နော၊ ကျင့်၏။ သော သာဝကသံဃော၊ ထိုတပည့်သံဃာသည်။ သုပ္ပဋိပန္နော ဝတ၊ ကောင်းသော အကျင့်ကို ကျင့်လေစွတကား။]

၃။ သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ နာ သံဝိဇ္ဇတိ။
(တထုးဂုဏ်)

[ယတ္ထ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။ ဣဒံ ဧဝရူပံ ဒုက္ခံ၊ ဤသို့သော ဆင်းရဲသည်း နာ သံဝိဇ္ဇတိ၊ မရှိ။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သုသုခံ ဝတ၊ လွန်စွာချမ်းသာလေစွတကား။]

ဤကား အရှင်သီဝလိမယ်တော်၏ အကြံအစည် သုံးမျိုးဖြင့် ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို အောက်မေ့ပုံတည်း။ ဤတွင် ဘုရားရှင်၏ "သမ္မာသမ္ဗုဒ္ဓေါ"ဟူသော ဂုဏ်တော်သည် တစ်ခုအပါအဝင် ဖြစ်၏။ ဒုက္ခဆင်းရဲမှ လွတ်မြောက်မှုအတွက် လက်တွေ့သာဓကဖြစ်၍ ယုံကြည်စွာ လိုက်နာကျင့်သုံးသူတို့အဖို့ အကျိုးခံစားမှု ရနိုင်ကြစေရန် ဖော်ပြထားပါသည်။

ဉာဏ်ပညာကြီးသူဖြစ်အောင် "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်ကိုဆောင်

အာသိအာလိမှာ ဉာဏ်ပညာဟူသည် အလွန်အရေးကြီး၏။ ပညာသည် လူတို့အတွက် အမြတ်ဆုံး ရတနာဖြစ်၏။ ပညာသင်ရာတွင် ဆရာတစ်ဦးထံမှာ အတူတူသင်ယူပါလျက် အတတ်ချင်း ကွာခြားနေပုံကိုလည်းကောင်း၊ စီးပွားဥစ္စာရှာဖွေဆုတွင် အရင်းအနှီးချင်း တူပါလျက် ဉာဏ်ပညာရှိသူမှာ ကြီးပွားချမ်းသာနည်းသူမှာ မကြီးပွားနိုင်ဘဲ ဉာဏ်ပညာ မရှိသူမှာ ဆုံးရှုံးရပုံကိုလည်းကောင်း၊ မိဘချင်း တူပါလျက် အချို့သားသမီးများက လိမ္မာ၍ အချို့က ယုတ်မာပုံကိုလည်းကောင်း၊ လောကီဆိုင်ရာနှင့် သံသရာရေးတို့၌ ဉာဏ်ပညာရှိသူက ကြီးကျယ်ထွန်းကား၍ ဉာဏ်ပညာမရှိသူက ပျက်ပြား နစ်မွန်းရပုံကိုလည်းကောင်း စဉ်းစားကာ ဤ "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်ကို အာရုံပြုကြည်ညိုပြီး ပညာပါရမီကို ကောင်းစွာ ဖြည့်ဆည်းလျက် "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်ကို ဆောင်၍ ဉာဏ်ပညာကြီးသူဖြစ်အောင် ကြိုးစားသင့်ကြပါသည်။

၄။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဝိဇ္ဇာစရဏသမ္ပန္နော = (ဝိဇ္ဇာ + စရဏ + သမ္ပန္နော။ ဝိဇ္ဇာ = အသိဉာဏ် + စရဏ = အကျင့်တရား နှင့် + သမ္ပန္နော = ပြည့်စုံတော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်သည် ကြည်လင်သန့်ရှင်းသော စိတ်ဟော်အာစဉ်ဝယ် "ဝိဇ္ဇာ"ဟုခေါ်သော ဉာဏ်တော်ရှိ၏။ ထိုဉာဏ်ဖြင့် ဘဝများစွာ၌ ဖြစ်ပျက်ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကိုလည်း သိနိုင်၏။ ရိုးရိုးမျက်စိဖြင့် မမြင်နိုင်သော

၁။ ဥဒါနပါဠိ။၉၃။ ခမမပဒါ၌၂။၄၂၆။

အရာတို့ကိုလည်း မြင်နိုင်၏။ ဒီဂုဏ်တော်အစဉ်၌ ညစ်ညမ်းယုတ်မာ ကိလေသာတို့ကိုလည်း ကုန်စေနိုင်ပါသည်။ ဘုရားရှင်သည် ထိုဥာဏ်တော်များကို အလွယ်တကူနှင့် ရတော်မူသည် မဟုတ်ပါ၊ ထိုဥာဏ်တော်များကို ရနိုင်ဖို့ထူ "စရဏာ" ခေါ်သော အကျင့်တရားကိုလည်း ကြိုးစား၍ ကျင့်တော်မူခဲ့ရပါသည်။ ထိုကိုယ်ကျင့်စရဏာများကား– သီလကို စောင့်ထိန်းခြင်း, မျက်စိ နား စသော ဣန္ဒြေများကို စောင့်စည်းခြင်း, စားသောက်မှု၌ သင့်လျော်ရုံသာ စားသောက်ခြင်း, အအိပ်အနေ နည်းခြင်း, သဒ္ဓါတရား ထက်သန်ခြင်း ဈာနအာဝဇ္ဇန်တစ်ဆယ့်ငါးပါး ရှိပါသည်။ ထိုဝိဇ္ဇာဥာဏ်, အကျင့် စရဏနှင့် ပြည့်စုံတော်မူသောကြောင့် ဘုရားရှင်ဘည် "ဝိဇ္ဇာစရဏသမ္ပန္နေ" ဟူသော ဂုဏ်တော်အာဿဖြင့် ထင်ရှားတော်မူပါသည်။

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး

"ဝိဇ္ဇာ" ဟု ခေါ်သော ဉာဏ်သည် အမျိုးအစားအားဖြင့် သုံးပါး, တန်ဖိုးအားဖြင့် ရှစ်ပါး ရှိ၏—

၁။ ပုဗ္ဗေနိဝါသဉာဏ် = ရှေးရှေးဘဝ၌ တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့နိုင်သော ဉာဏ်၊

၂။ ဒိဗ္ဗစက္ခုဉာဏ် = ဝေးကွာသော အဆင်း, ဖုံးကွယ်သော အဆင်း, သေးငယ်သော အဆင်းတို့ကို နတ်မျက်စိအသွင်ဖြင့် မျက်မှောက်ထင်ထင် သိမြင်နိုင်သော ဉာဏ်၊

၃။ အာသဝက္ခယဉာဏ် = ကိလေသာ အာသဝေါတရားဆိုးတို့ကို အကြွင်းမဲ့ ကုန်စေနိုင်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ဉာဏ်၊

၄။ ဝိပဿနာဉာဏ် = ရုပ်နာမ်တရားအားလုံးကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု သိမြင်နိုင်သော ဉာဏ်၊

၅။ စေတောပရိယဉာဏ် = သူတပါး၏ စိတ်ကို သိနိုင်သော ဉာဏ်၊

၆။ မနောမယိဒ္ဓိဉာဏ် = မိမိခန္ဓာကိုယ်အတွင်း၌ အလားတူ ခန္ဓာကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်၊

၇။ ဣဒ္ဓိဝိဓဉာဏ် = မြေလျှိုး မိုးပျံ စသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်။

[အထက်တွင် ဖော်ပြထားသော ဝိဇ္ဇာရှစ်ပါးတွင် "ပု၊ ဒိ၊ အာ" ခေါ် အစဆုံးဉာဏ် သုံးပါးကို "ဝိဇ္ဇာသုံးပါး" ဟူ၍ ခေါ်၏။ ဝိဇ္ဇာသုံးပါးကို ဘယဘေရဝသုတ်၁၌ ဟောတော်မူ၏။ ဝိဇ္ဇာရှစ်ပါးကို အမ္ဗဋ္ဌသုတ်၂၌ ဟောတော်မူ၏။ ဤသို့ နှစ်နည်းဟောခြင်းကား တထူးနာပုဂ္ဂိုလ်တို့၏ အလိုကျ ဟောတော်မူခြင်းဖြစ်၏။]

စရဏတထူး ၁၅-ပါး

"စရဏ"ဟု ခေါ်သော အကျင့်တထူးသည် အမျိုးအစားအားဖြင့် တစ်ဆယ့်ငါးပါး ရှိ၏—

၁။ သီလသံဝရ=ဆိုင်ရာ ကိုယ်ကျင့်သီလမျှားကို လုံခြုံစွာ စောင့်ထိန်းမှု၊

၂။ ဣန္ဒြိယသံဝရ=မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော ဣန္ဒြေခြောက်ပါးတို့၌ လောဘ, ဒေါသ-စသော အကုသိုလ်တထူးတို့ မဖြစ်ပွားအောင် သတ်ဖြင့် လုံခြုံအောင် စောင့်စည်းမှု၊

၃။ ဘောဇနေမတ္တညုတာ=ဆွမ်း စသော ပစ္စည်းလေးပါးကို ခံယူထူ, သုံးဆောင်ထိုက်သို့၌ အတိုင်းအရှည်ကို သိမှု၊ (သဒ္ဓါ-က အားမျှား၍ လှူစရာက ရှားပါးလျှင် လှူစရာကို ငဲ့၍ အနည်းငယ်သာ ခံယူခြင်း၊ လှူစရာက များ၍ သဒ္ဓါ-က နည်းပါးလျှင် သဒ္ဓါကို ငဲ့၍ အနည်းငယ်သာ ခံယူခြင်း၊ သဒ္ဓါအားကလည်းများ လှူစရာကလည်း များလျှင် မိမိပမာဏကို ချိန်ဆ၍ မျှတရုံသာ ခံယူခြင်းတို့မှာ ခံယူထူ၌ အတိုင်းအရှည်သိမှု ဖြစ်၏။ စားထူ၌ လေးလုတ်, ငါးလုတ် လျှော့၍ စားခြင်း, ပစ္စဝေက္ခဏာတင်၍ ဆင်ခြင် စားခြင်းတို့မှာ သုံးဆောင်ထူ၌ အတိုင်းအရှည်သိမှု ဖြစ်၏။)

၄။ ဇာဂရိယာနုယောဂ=နိုးနိုးကြားကြားအိပ်မှု၊ အအိပ်အနေနည်းမှု၊ (မအိပ်ဘဲ နေရုံမျှကို ဆိုလိုသည်မဟုတ်၊ တစ်နေ့ ၂၄-နာရီတွင် ခန္ဓာကိုယ် အပန်းအနွမ်း ဖြေရုံ ညဉ့် ၁၀-နာရီမှ ၂-နာရီတိုင် အိပ်၍ ကျန် နာရီ ၂၀-ပတ်လုံး ရဟန်းတထူး ပွားများအားထုတ်နေခြင်းကို ဆိုလိုသည်။)

၅။ သဒ္ဓါ—"ကုသိုလ်ကံ, အကုသိုလ်ကံရှိသည်၊ ထိုကံ၏ ကောင်းကျိုး, မကောင်းကျိုးရှိသည်၊ ရတနာသုံးပါးရှိသည်၊ နောင်ဘဝရှိသည်" ဟု ယုံကြည်မှု၊

၁။ မဂ။ ၂၆။ ၂။ ဒီဃ။ ၉၄။

၆။ သတိ - ကုသိုလ်ကောင်းမှုတို့၌ ဒေါမှတ်ရှုမှု၊
၇။ ဟိရိ=မကောင်းမှုဒုစရိုက်တို့မှ ရှက်မှု၊
၈။ ဩတ္တပ္ပ=မကောင်းမှုဒုစရိုက်တို့မှ ကြောက်လန့်မှု၊
၉။ ဝီရိယ=ကုသိုလ်ကောင်းမှုကိစ္စ၌ အားထုတ်မှု၊
၁၀။ သုတ =အကြားအမြင် များမှု၊
၁၁။ ပညာ =အရာရာ၌ တတ်သိလိမ္မာမှု၊
၁၂။ ရူပါဝစရပထမစျာန်နှင့် ပြည့်စုံမှု၊
၁၃။ ရူပါဝစရဒုတိယစျာန်နှင့် ပြည့်စုံမှု၊
၁၄။ ရူပါဝစရတတိယစျာန်နှင့် ပြည့်စုံမှု၊
၁၅။ ရူပါဝစရစတုတ္ထစျာန်နှင့် ပြည့်စုံမှု။

[အထက်တွင် ဖော်ပြထားသော "စရဏတရား" ၁၅-ပါးထဲ၌ "၅။ သဒ္ဓါမှ ၁၁။ ပညာ" အထိ ခုနစ်ပါးကား "သူဇာတ်ကောင်းထားရှိသော ခုနစ်ပါး" တည်း။ ထိုတွင် "သတိ"နှင့် "ဝီရိယ" အစား "သီလ"နှင့် "စာဂ"ကို ထည့်သွင်း၍ ရေတွက်လျှင် "သူတော်ကောင်းဥစ္စာခုနစ်ပါး" ဖြစ်၏။]

ဝိဇ္ဇာ, စရဏ နှစ်ပါးနှင့် ပြည့်စုံတော်မူခြင်း

အသိညာဏ် "ဝိဇ္ဇာ" တရားသည် မျက်စိနှင့် တူ၏။ အကျင့် "စရဏ" တရားသည် ခြေနှင့် တူ၏။ မျက်စိသာ ရှိ၍ ခြေမရှိလျှင်သော်လည်းကောင်း၊ ခြေသာ ရှိ၍ မျက်စိမရှိလျှင်သော်လည်းကောင်း အလိုရှိရာ အရပ်သို့ မရောက်နိုင်သကဲ့သို့ အသိညာဏ် "ဝိဇ္ဇာ"တရားတည်းဟူသော မျက်စိသာ ရှိ၍ အကျင့် "စရဏ" တရားတည်းဟူသော ခြေမရှိလျှင် အလိုရှိရာ နိဗ္ဗာန်ကို မရနိုင်၊ အကျင့် "စရဏ" တရားတည်းဟူသော ခြေသာ ရှိ၍ အသိညာဏ် "ဝိဇ္ဇာ" တရားတည်းဟူသော မျက်စိမရှိလျှင်လည်း လမ်းမှန်သို့ မရောက်ဘဲ ဒုဿီကိုသာ ကျင့်နေသဖြင့် ခရီးမတွင်ဘဲ အလိုရှိရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ထို့ကြောင့် ဝိဇ္ဇာနှင့် စရဏ နှစ်ပါးတို့အောင် ကျင့်ဆောင် အားထုတ်သင့်ပါသည်။

ဘုရားရှင်သည် အလောင်းတော်ဘဝကပင်လျှင် (အာသဝက္ခယဉာဏ်မှ လွဲ၍) ဝိဇ္ဇာနှင့် စရဏတရားတို့ကို ဘဝမျှားစွာတွင် အကြိမ်ကြိမ် အထပ်ထပ် ကြိုးပမ်း ရရှိတော်မူခဲ့ပါသည်။ ဘုရားအဖြစ်သို့ ရောက်သော အခါ၌ကား အထွတ်အထိပ် ဖြစ်သော အာသဝက္ခယဉာဏ်, သမ္မညုတဉာဏ် "ဝိဇ္ဇာ" နှင့် မဟာကရုဏာအဖြစ်သို့ ရောက်သော ကရုဏာဘာဝနာစျာန် "စရဏ" တရား တို့နှင့် ကောင်းစွာကုံလုံ ပြည့်စုံတော်မူခဲ့ပါသည်။

အကြီးမားဆုံး ဝိဇ္ဇာနှင့် အမြင့်မြတ်ဆုံး စရဏရှင် ဖြစ်တော်မူခြင်း

"ဝိဇ္ဇာ"ခေါ် အသိဉာဏ်နှင့် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း ဖြစ်သော "စရဏ"ခေါ် အကျင့်တရားတို့ကား ဘုရားရှင်၌သာ ရှိသည် မဟုတ်၊ အရိယာ သာဝကတို့၌လည်း ရှိကြ၏။ သို့ရာတွင် ဘုရားရှင်၌ ရှိသော "ဝိဇ္ဇာစရဏ"နှင့် အရိယာသာဝကတို့၌ ရှိသော "ဝိဇ္ဇာစရဏ"တို့ကား မတူကြပါ။

ဘုရားရှင်၌ ရှိသော "ဝိဇ္ဇာဉာဏ်"က အာသဝက္ခယခေါ် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်ရခြင်းနှင့်အတူ "သမ္မညုတဉာဏ်ကြီး"ကိုပါ ရသောကြောင့် သမ္မညုတဉာဏ်နှင့် ပြည့်စုံသော "အကြီးမားဆုံး ဝိဇ္ဇာဉာဏ်" ဖြစ်၏။ စရဏ အကျင့်တရား ၁၅-ပါးတို့၌ ပါသော ကရုဏာဘာဝနာဈာန်ကလည်း ဘုရားအဖြစ်သို့ ရောက်ခဲသာအခါ မဟာကရုဏာ (အလွန်ကြီးမြတ်သော ကရုဏာ) အဖြစ်သို့ ရောက်ခဲသောကြောင့် ဘုရားရှင်၌ ရှိသော "စရဏအကျင့်"က မဟာကရုဏာနှင့် ပြည့်စုံသော "အမြင့်မြတ်ဆုံး စရဏ" ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည် အကြီးမားဆုံး ဝိဇ္ဇာနှင့် အမြင့်မြတ်ဆုံး စရဏရှင် ဖြစ်တော်မူရကား "ဝိဇ္ဇာ-စရဏသမ္ပန္နေ"ဟူသော ဂုဏ်တော်ကိုလည်း အခြားပုဂ္ဂိုလ်တို့ မရနိုင်ဘဲ ဘုရားရှင်များသာ မူပိုင်ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဆရာရော တပည့်ပါ ဝိဇ္ဇာ, စရဏနှင့် ပြည့်စုံတော်မူခြင်း

အကြီးမားဆုံး ဝိဇ္ဇာနှင့် အမြင့်မြတ်ဆုံး စရဏရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် "သမ္မညုတဉာဏ်တော်ကြီး"ဖြင့် သတ္တဝါ အာဒုံးတို့၏ အကျိုးရှိမှု, မရှိမှုကို သိတော်မူပြီးလျှင် "မဟာကရုဏာ ဉာဏ်တော်ကြီး"ဖြင့် အကျိုးမရှိမည့်အမှုကို ရှောင်ကြဉ်စေ၍ အကျိုးရှိမည့် အမှုဌာန် ယှဉ်စေတော်မူ၏။ ထို့ကြောင့် ဘုရားမျှင်၏ တပည့်သာဝက မှန်သမျှတို့သည်လည်း ဝိဇ္ဇာနှင့် စရဏ ချုတ်ယှင်း၍ အသိမမှန် အကျင့်မှားသော တိတ္ထိများ, တိတ္ထိတို့၏ တပည့် သာဝကများနှင့် မတူဘဲ ဝိဇ္ဇာနှင့် စရဏ (အသိထော အကျင့်ပါ) ပြောင့်မှန်၍ အသိမှန် အကျင့်မှန်ကြသောကြောင့် "ဆရာကောင်းတပည့် ပန်းကောင်းပန်

နောက်ဆံဟဝင့်ဝင့်”ဆိုသည့်ပမာ ဆရာကောင်း၏ တပည့်ကောင်းများအဖြစ်သို့ ရောက်ကြရပါသည်။ ဆရာရော တပည့်ပါ ဝိဇ္ဇာနှင့် စရဏ ထပ်တူညီမျှ ပြည့်စုံမှု ရှိတော်မူကြသည်ဟု ဆိုလိုပါသည်။

အသိရော ဒ ကျင့်ပါ နှစ်ဖြာပြည့်အောင် “ဝိဇ္ဇာစရဏသမ္ပန္နေ”ဂုဏ်ကိုဆောင်

အရာရာ၌ အသိဉာဏ်ဖြင့် အမှန်ကို ကျင့်ကြံအားထုတ်မှသာ ထမြောက်နိုင်သည်။ အသိ မမှန်က အကျင့်အကြံ လွဲမည်၊ အကျင့်အကြံ လွဲမှားက ကျင့်သလောက် ကြံသလောက် အလွဲအမှားသို့သာ ရောက်ရမည် ဧကန်ဖြစ်၏။ ယခုအခါ၌ကား– ကျင့်ကြံအားထုတ်မှု “စရဏ”များရှိသော်လည်း ကိုယ်ပိုင် အသိဉာဏ်ဖြင့် စဉ်းစားခွင့်ရှိပါလျက် မစဉ်းစားမဆင်ခြင်ဘဲ မျက်စိစုံမှိတ်ကာ ကျင့်မှားမိလျက်သား ရှိနေကြသည်ကို တွေ့ရ၏။ လောကရေး၌ အထင်သေး စရာမဟုတ်ဟု ငြင်းချက်ထုတ်နိုင်သော်လည်း သံသရာရေး၌ကား ဝန်လေးလှ၏။ တဖန် အသိအလိမ္မာဉာဏ်ပညာရှိပါလျက် သိသလို သိသလောက် ကျင့်ကြံအားထုတ်မှု “စရဏ”မရှိပြန်သောကြောင့် လောကီလောကုတ္တရာ နှစ်ဖြာလုံး အတွက် အောက်ကျနောက်ကျ ဖြစ်နေသူတွေလည်း များလှ၏။ ထို့ကြောင့် ဘုရားရှင်၏ “ဝိဇ္ဇာစရဏသမ္ပန္နေ”ဂုဏ်တော်ကို အာရုံပြု ကြည်ညိုကြပြီး “ဝိဇ္ဇာ-စရဏသမ္ပန္နေ”ဂုဏ်ကို ဆောင်၍ အသိရော အကျင့်ပါ နှစ်ဖြာပြည့်အောင် ကြိုးစားသင့်ကြပါသည်။

၄။ သုဂတဂုဏ်တော်

(က) သုဂတ = (သု+ဂတ။ သု=ကောင်းသော စကားကို+ဂတ= ဆိုတော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်သည် “စကားခြောက်ခွန်း၊ လူဝယ်ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတယ်”ဟူသော ပညာရှိများ၏ လက်ဝစကားနှင့်အညီ မှန်သည်ဖြစ်စေ, များသည်ဖြစ်စေ, သူတပါး နှစ်သက်သည်ဖြစ်စေ, မနှစ်သက်သည်ဖြစ်စေ အကျိုးမရှိသော စကားမျိုးကို မပြောမဆိုဘဲ (ပယ်လှန်ပြီး)မှန်ကန်၍ အကျိုး ရှိသော စကားမျိုးသာ ပြောဆိုတော်မူပါသည်။

စကားခြောက်ခွန်း

၁။ မှန်လည်း မမှန် အကျိုးလည်း မရှိ သူတပါးတို့လည်း မနှစ်သက်သော စကားမျိုးကို ပြောတော်မမူ၊ (မြတ်သူကို သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုခြင်းမျိုး။)

၂။ မှန်ပင် မှန်သော်လည်း အကျိုးမရှိ၍ သူတပါးတို့ မနှစ်သက်သော စကားမျိုးကိုလည်း ပြောတော်မမူ၊ (ယုတ်ဆုံးကို သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုခြင်းမျိုး။)

၃။ မှန်လည်း မှန် အကျိုးလည်း ရှိ၍ သူတပါး (အပြောခံရသူ) တို့ကမူ မနှစ်သက်သော စကားမျိုးကို အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ ပြောသင့်က (—ပြော၍ အကျိုးရမည် ဖြစ်က) ပြောတော်မူ၏၊ (ဒေဝဒတ်အား သံဃာကို သင်းခွဲလျှင် အပါယ်ကျမည်ဟု ဒေဝဒတ်မကြိုက်သော စကားကို လွန်စွာ သနားသော (မဟာကရုဏာ) စိတ်ဖြင့် ပြောဆိုခြင်းမျိုး။)

၄။ မှန်လည်းမမှန် အကျိုးလည်းမရှိဘဲလျက် သူတပါးတို့နှစ်သက်သော စကားမျိုးကိုလည်း ပြောတော်မမူ၊ (ဒုစရိုက်ပြုသူကို နတ်ပြည်ရောက်မည်ဟု မဆိုခြင်းမျိုး၊ တိုပြင် ဌာယုံနှင့် ဌာကျား သက်ကယ်ရိုက်သွား စသည်ကဲ့သို့ ယုတ္တိမရှိ ပြောမိ ပြောထု မပြောခြင်းမျိုး။)

၅။ မှန်ပင် မှန်စေသော်လည်း အကျိုးမရှိဘ သူတပါးတို့နှစ်သက်ဆဲ့စသော စကားမျိုးကို ပြောတော်မမူ၊ (တစ်ဦးနှင့်တစ်ဦး အချစ်ဆိတ်သွဉ်း အမုန်းပွားမည့် ကုန်းတိုက်စကားမျိုးကို မဆိုခြင်းမျိုး။)

၆။ မှန်လည်း မှန် အကျိုးလည်း ရှိ၍ သူတပါးတို့လည်း နှစ်သက်အပ်သော စကားမျိုးကို အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ ပြောသင့်က (—ပြော၍ အကျိုးရမည် ဖြစ်က) ပြောတော်မူ၏၊ (ကုသိုလ်ပြုသူ သုဂတိနတ်ပြည်ရောက်လတ္တံ့ စသော အားဖြင့် ဒါန သီလ စသည်တို့နှင့် ပတ်သော စကားမျိုးကို မိန့်ကြားတော်မူခြင်းမျိုး။)

သကားရပြောက်ခွန်း မှတ်ယူယ်လုံးဝ

(က) မမှန်စကား၊ ကျိုးမမျှား၊ နှစ်ပါးနာလို့, မနာလို (သး ၄)

(ခ) မှန်ကန်သော်ငြား ကျိုးမမျှား၊ နှစ်ပါးနာလို့, မနာလို့။ (၂၊ ၅)

(ဂ) ဟုတ်မှန်စကား၊ အကျိုးမျှား၊ နှစ်ပါးနာလို့, မနာလို့။ (၃၊ ၆)

(ဃ) ရွေးလေးဘွန်းပယ်၊ နောက်နှစ်ဆွယ်၊ မှတ်ဖွယ်မျှားလှုပိုလ်။

[လက်ဘ်၏အကြောကို အညွှန်းနံပါတ်မျှားဖြင့်တိုင်း ကြည့်ပြီး သိနိုင်ကြပါပြီ။]

သူတပါးမနှစ်သက်သောစကားကို ဘုရားရှင်ပြောသလော?

ဘုရားရှင်သည် သူတပါးမနှစ်သက် မလိုလားသော စကားဖြစ်နေသော်လည်း မှန်ကန်၍ အကျိုးရှိလျှင် အခါအခွင့်ကို ဆင်ခြင်၍ ပြောကြားတော်မူပါသည်။ ယင်းသို့ ပြောကြားတော်မူခြင်းနှင့် စပ်၍ အဘယမင်းသားက– "ဘုရားရှင်သည် သူတပါးမနှစ်သက်သော စကားကို ပြောသလော" ဟု မေးရာ အဘယမင်းသားအား ၎င်း၏ ရင်ခွင်ထဲမှ သားတော်ကလေးကို သက်သေတင်ကာ ဘုရားရှင် ကိုယ်တိုင် ရှင်းလင်းမိန့်ကြားခဲ့ပုံမှာ လွန်စွာမှတ်သား ကြည်ညိုဖွယ်ကောင်းလှပါသည်—

> ဘုရားရှင်က– "မင်းသား....သင့် ရင်ခွင်ထဲမှာ ရှိသော ဤသားကလေးသည် သင်၏ မေ့လျော့မှုကြောင့်ဖြစ်စေ, အထိန်းစောများ မေ့လျော့မှုကြောင့်ဖြစ်စေ သစ်သားစ၊ သို့မဟုတ် အိုးခြမ်းကဲ့တစ်ခုခုကို မျိုမိ၍ လည်ချောင်းထဲ တစ်ဆို့နေလျှင် သင် ဘယ်လိုလုပ်မည်နည်း" ဟု မေးရာ–
>
> အဘယမင်းသားက–"တပည့်တော် အမြန်ဆုံး ထုတ်ယူမည်သာဖြစ်ပါသည်၊ သာမန်နှင့် မရလျှင် လက်ချောင်းကို ကွေး၍ သွေးသံရဲရဲနှင့်ပင် ဆွဲထုတ်တန် ဆွဲထုတ်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် တပည့်တော်သားအပေါ်မှာ ချစ်သောကြောင့် ဖြစ်ပါသည်" ဟု ပြန်ကြားလျှောက်ထား၏။
>
> ဘုရားရှင်က–"မင်းသား... ထို့အတူ ဘုရားရှင်မည်သည် မှန်လည်းမှန် အကျိုးလည်း ရှိလျှင် သူတပါးတို့ မနှစ်သက်သော စကားပင်ဖြစ်စေကာမူ ပြောသင့်သော အခွင့်အရေး ကြုံလာသောအခါ သတ္တဝါများကို ချစ်မြတ်နိုးသောကြောင့် မိန့်ကြားတော်မူရသည်" ဟု မိန့်ကြားတော်မူပါသည် (မ၊၂။၅၇)။

ဒ.ခချုပ်သဘောအားဖြင့်ကား ဘုရားရှင်၏ စကားတော်ဖြစ်လျှင် နာလိုသည်ဖြစ်စေ, မနာလိုသည်ဖြစ်စေ မှန်ကန်၍ အကျိုးရှိစေသော စကားချည်းသာဖြစ်ကြောင်း ယုံကြည်လေးစား၍ ကြည်ညိုသဒ္ဓါ ပွားသင့်ကြပါသည်။

(ခ) သုဂတ=(သု+ဂတ။ သု=ကောင်းသော နိဗ္ဗာန်သို့+ဂတ=ကြွတော်မူသော မြတ်စွာဘုရား။)

နိဗ္ဗာန်သို့ ကြွတော်မူရာတွင် ဘုရားရှင်မှတပါး အခြား သာဝကများလည်း နိဗ္ဗာန်သို့ ရောက်ကြ၏။ သို့ရာတွင် အရောက်ချင်းကား မတူပါ၊ ဘုရားရှင်၏ ရောက်ခြင်းက ပို၍ ပေါ်လွင်ထင်ရှား၏။

ထင်ရှားပုံမှာ–ဘုရားရှင်သည် နိဗ္ဗာန်သို့ သွားရာလမ်းကို ရှေးဦးစွာ တွေ့ရှိ ထိုလမ်းဖြင့် နိဗ္ဗာန်သို့ အဦးဆုံး ရောက်တော်မူ၏။ ထိုနောက်မှ ဘုရားရှင်၏ ဓမ္မဒေသနာလမ်းပြမှုဖြင့် သာဝကများစွာ နိဗ္ဗာန်သို့ ရောက်ကြရသည်။ နိဗ္ဗာန်သို့ အဦးဆုံးရောက်သူအဖြစ်ဖြင့်လည်းကောင်း၊ နိဗ္ဗာန်သို့ ရောက်အောင် ရှေ့ဆောင်လမ်းပြ ပို့ဆောင်သူအဖြစ်ဖြင့်လည်းကောင်း ဘုရားရှင်၏ နိဗ္ဗာန်ရောက်ခြင်းက ဓမ္မာလွှင်ထင်ရှားလျက် ရှိပါသည်။

ထို့ပြင် နိဗ္ဗာန် ရောက်ချင်း တူသော်လည်း နိဗ္ဗာန် ရောက်ပြီးနောက် ရဟန်းသော (သဗ္ဗညုတဉာဏ်, မဟာကရုဏာ စသော) ဂုဏ်အရာများကလည်း လွန်စွာ ကွာခြားလှပါသည်။ ပစ္စည်းဥစ္စာအရှိချင်း တူသော်လည်း တော်ရုံသာမည သူဌေး ပစ္စည်းဥစ္စာရှိရုံမျှဖြင့် "သူဌေး"ဘွဲ့ မရနိုင်သကဲ့သို့ တစိတ်တဒေသ ဂုဏ်တူရုံမျှဖြင့် အတုမဲ့ ဂုဏ်ရှင် ဘုရားသခင်၏ "သုဂတ"ဟူသော ဂုဏ်အင်ကိုလည်း သာဝကများ ပန်ဆင်နိုင်ဖွယ် မရှိပါ၊ "သုဂတ" ဟူသော ဂုဏ်တော်သည် ဘုရားရှင်နှင့်သာ ထိုက်တန်၍ ဘုရားရှင်အား သာ "သုဂတ" (ကောင်းသော နိဗ္ဗာန်သို့ ကြွတော်မူသော) ဂုဏ်တော်ရှင် ဘုရားသခင်ဟု အများတကာက ချီးကျူးထုတ်ဖော် ပူဇော်ခဲ့ကြခြင်းဖြစ်ပါသည်။

(၈) သုဂတ=(သု+အာဂတ။ သု=ကောင်းစွာ+အာဂတ=လာတော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်သည် ဘုရားဆုပန်တော်မူရာ "ဒီပင်္ကရာ"မြတ်စွာဘုရား၏ ခြေတော်ရင်းမှ စ၍ ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူသည့် တိုင်အောင် သဗ္ဗာဝါများ၏ စီးပွားချမ်းသာအလို့ငှာ "ဒါန, သီလ" စသော ပါရမီများကို အစုံအညီဖြည့်ကျင့်တော်မူခဲ့ပါသည်။ ယင်းသို့ ပါရမီများကို ဖြည့်ကျင့်တော် မူစဉ်အခါ၌လည်း မိုက်မှားသော "ဒိဋ္ဌိ" အယူဘိုးကြီးများကို ကိုယ်တော်၏ စိတ်သန္တာန်၌ တစ်ဆဲ့ချည်ကလေးမျှ မကပ်ငြိရအောင် လေးအသခ်ျနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘဝဆက်တိုင်း လွန်ကဲသော သတိ, ပညာတို့ကို အမြဲလက်ကိုင်ထားကာ ပယ်ရှားတော်မူလျက် "မင္ဂိုမပဋိပဒါ"ခေါ် ကောင်းမြတ်ဖြောင့်တန်းမဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်သို့ အရောက်လှမ်းလျက် သဗ္ဗညုတဉာဏ်၌တော်သခင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဘဝသံသရာကြီးကား ရှည်လျားလွန်းလှ၏။ ဘေးရန်တွေ့ထုံ ပြောသလောက် လမ်းကောက် လမ်းမှားတို့လည်း ပေါများလှ၏။ လွန်စွာ ကူးခပ်မြောက်နိုင်ခဲသော မဟာကန္တာရကြီးပင်တည်း။ ယင်းဘဝကန္တာရကြီးကို ကူးခပ်မြောက်ကြရာတွင်

သာမန်ပုဂ္ဂိုလ်များအဖို့ လိုရာစခန်း တစ်ဖက်ကမ်းသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်ခဲလှသည်။ "သဿတဒိဋ္ဌိ" စွန်း, "ဥစ္ဆေဒဒိဋ္ဌိ" စွန်းတို့သို့ ကပ်ရောက်ကာ လမ်းကောက် လမ်းမှားသို့သာ အရောက်များတတ်ကြပါသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို မဆိုထားဘိ တစ်ကမ္ဘာအတွင်းမှာပင် လမ်းမှား လမ်းလွဲ၍ ချောက်ထဲကျကာ စုံးစုံးမြုပ်ခဲ့ရသော ဘဝပေါင်းမှာ မနည်းလှပေ။

ဘုရားရှင်ကား ယင်းသို့ မဟုတ် နိယတဗျာဒိတ်ပန်း ဆင်မြန်းရသည့် အချိန်မှ စ၍ သဗ္ဗညုတပန်းတိုင်ကြီးကို မျက်ခြည်ပြတ်မခံဘဲ အမြဲတမ်း ဦးတည် မျှော်မှန်း၍ "ကောင်းမြတ် ဖြောင့်တန်း မဂ္ဂင်လမ်း"ဖြင့် လျှောက်လှမ်း လာခဲ့ရာ လမ်းမှား လမ်းလွဲမရောက် အစဉ်လမ်းဖြောင့်ခဲ့၏။ နောက်ဆုံးဠ် ရည်မှန်းချက် အထမြောက်ကာ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် လိုရာစခန်း နိဗ္ဗာန်နန်းသို့ မှန်းသလောက် ပေါက်၍ ဖြောင့်ဖြောင့်တန်းတန်း ဝင်ရောက်နိုင်ရကား "ကောင်းစွာ ကြွချီဆိုက်ရောက်တော်မူခြင်း"တည်းဟူသော "သုဂတ" ဂုဏ်တော် ကြီးကို အခြားသူတို့မရဘဲ ဘုရားရှင်သာ ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။

[သွားရောက်ခြင်းသည် နှစ်မျိုးရှိ၏။ နှစ်မျိုးကား- (၁)ဉာဏဂတိ (ဉာဏ်ဖြင့် သွားခြင်း)နှင့် (၂)ကာယဂတိ(ကိုယ်ဖြင့် သွားခြင်း)တည်း။ ထိုတွင် နိဗ္ဗာန်သို့ သွားရောက်ခြင်းအရ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အာရုံပြုခြင်း "ဉာဏဂတိ"ကို ယူအပ်၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ကား ကိုယ်တော်၏ သွားပုံ(ကာယဂတိ)ကိုလည်း ပုံဖော်ဖွင့်ပြထားပါသေးသည်။]

ဗုဒ္ဓ၏ လမ်းစဉ်တော်

ဗုဒ္ဓ၏လမ်းစဉ်တော်ဟူသည် "မဇ္ဈိမပဋိပဒါ"ခေါ် "အလယ်အလတ်ကျင့်စဉ်" ဖြစ်၏။ အစွန်းနှစ်ဘက်မှ လွှတ်မြောက်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တည်း။ အစွန်းနှစ်ဘက်မှ လွှတ်ခြင်းကား—

(က) (၁) ချမ်းသာသုခကို မရမနေ တမ်းတမ်းစဲ့ ရယူရေး အာရုပ်သားတို့ ကျင့်စဉ် ဖြစ်သော "ကာမသုခလ္လိကာနုယောဂ" ကျင့်စဉ် အစွန်းနှင့်

(၂) ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့် စွန့်လွှတ်ရေးတရား အားထုတ် သူတို့၏ ကျင့်စဉ်ဖြစ်သော "အတ္တကိလမထာနုယောဂ"ကျင့်စဉ် အစွန်းတည်းဟူသော အကျင့်ပဋိပတ် အမှားအစွန်း နှစ်ပါးမှ လွှတ်ခြင်း၊

(ခ)(၁) ရုပ်နာမ်တို့၏ မိနစ်မလပ် စက္ကန့်မလပ် မြစ်ရေအလျဉ်ပမာ ပြောင်းလဲပျက်စီးနေသော အပျက်သဘောကို မမြင်သည့် အတွက် "ဤဘဝ ဤသတ္တဝါ ဤခန္ဓာသည် ဘဝအနေအပြောင် မြေအရေ လဲသကဲ့သို့ တစ်ဘဝပြီး တစ်ဘဝ ပြောင်းလဲနေသော်လည်း အနှစ်သာရအနေဖြင့် မပြောင်းမလဲ အမြဲတည်မြဲနေသည်"ဟု ယူမှားသော "သဿတဒိဋ္ဌိ"ဝါဒစွန်းနှင့်

(၂) ရုပ်နာမ်တို့၏ ကြောင်းကျိုး ဆက်စပ် မပြတ် ဖြစ်နေခြင်းကို မမြင်သည့်အတွက် "ဤဘဝ ဤသတ္တဝါ ဤခန္ဓာအစဉ်သည် ဤဘဝဆုံးလျှင် ပြတ်၏။ နောက်ဘဝ နောက်သတ္တဝါ နောက်ခန္ဓာ အစဉ်သည် အသစ်ဖြစ်ပြန်၏။ 'ဘဝ'ဟူသည် ပုခက်နှင့် လုပ်တိုင်းကုန်းအကြားသာ ဖြစ်၏"ဟု ယူမှားသော "ဥစ္ဆေဒဒိဋ္ဌိ"ဝါဒစွန်းတည်းဟူသော အယူဝါဒအမှား အစွန်းနှစ်ပါးမှ လွတ်ခြင်း၊

(၈) (၁) လောဘ (အချစ်) သဘာဝအစွန်းနှင့်

(၂) ဒေါသ (အမုန်း) သဘာဝအစွန်းဟူသော ဓမ္မသဘာဝ အဆိုးတရား အစွန်းနှစ်ပါးမှ လွတ်ခြင်းတို့ဖြစ်၏။

ဘုရားရှင်သည် လွဲမှားသော အကျင့်တရား အစွန်းများ, မိုက်မှားသော အယူဝါဒအစွန်းများ, ဆိုးညှမ်းသော ဓမ္မသဘာဝအစွန်းများကို မိမိသန္တာန်၌ တစ်ဆစ်ချယ်ကလေးမျှ မကပ်ငြိရအောင် ကြီးစွာသော သတိ, ဝီရိယ, ပညာ တရားတို့ဖြင့် ပယ်ရှားတော်မူလျက် "မဇ္ဈိမပဋိပဒါ"ခေါ် ကောင်းမြတ်ဖြောင့်တန်း အလယ်အလတ် မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်နန်းသို့ အရောက်လှမ်းတော်မူခဲ့ပါသည်။

[မဂ္ဂင်မှစ်ပါးကို ဗုဒ္ဓဂုဏ်တော်၌ တွေ့ရလတ္တံ့။]

သုဂတဂုဏ်တော်ကို အာရုံပြုကာ မနှောင့်ယှက်ဘဲ အမြဲကူညီပါ

"သီလ"တရားဖြင့် မည်သူကိုမျှ နှောင့်ယှက်ခြင်း မပြုဘဲ "ဒါန"တရားဖြင့် မည်သူကို မဆို အမြဲတမ်း အကူအညီပေးလေ့ရှိသည်မှာ ဘုရားရှင်တို့၏ အကျင့်ပါရမီတော်လမ်းစဉ်ဖြစ်၏။ ဘုရားရှင်သည် ဤအကျင့်ပါရမီတော်လမ်းစဉ်ဖြင့် သုမေဓာရသေ့ဘဝမှ စ၍ နိဗ္ဗာန်ရသည့်ဘဝအထိ ဘဝဆက်တိုင်း မိမိ၏ အကျင့်တရားကို အနည်းငယ်မျှ ဆုတ်ယုတ်ပျက်စီးခြင်း မရှိအောင်

ကောင်းစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သည်ဖြစ်ရာ တကယ်ပင် ကောင်းစွာကျင့်, ကောင်းစွာ ကြုံ, ကောင်းစွာ ပြောၦ ကောင်းစွာ လာသူ "သုဂတ" အမှန်ဖြစ်ပါသည်။

ယင်းသို့ ပြုမူပြောဆိုကြုံစည်ၦ လာခဲ့ရာတွင် ဘုရားရှင်သည် ကိုယ်ကျိုးကိုယ့်စီးပွားကို လုံးဝ ရှေးရှုခြင်း မရှိဘဲ ကိုယ်ကျိုး ကိုယ့်စီးပွားကို စွန့်ၦ သူတပါးတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုတော်မူပါသည်။ နောက်ဆုံး အသက် ပေါင်းများစွာ စည်းစိမ်ဥစွာပေါင်းများစွာ မရေမတွက်နိုင်အောင် ပေးစွန့်ၦ ဘုရားအဖြစ်သို့ ရောက်ကာ သဗ္ဗညုတဉာဏ်တော်ကြီးကို ရယူခဲ့ခြင်းမှာလည်း မိမိ၏ ကိုယ်ကျိုး ကိုယ့်စီးပွားမပါ သူတပါး (သတ္တဝါအားလုံး) အကျိုးစီးပွားအတွက် သက်သက်သာ ဖြစ်ပါသည်။ ဘုရားရှင်၏ အကျင့် ပါရမီတော်လမ်းစဉ်ကား အံ့ဖွယ်သရဲ ရှိလှ၏။

၅။ လောကဝိဒူဂုဏ်တော်

လောကဝိဒူ= (လောက+ဝိဒူ။ လောက=လောကအားလုံးကို+ ဝိဒူ= (အကုန်အစင်) သိမြင်တော်မူသော မြတ်စွာဘုရား။)

ကုန်းၦ နေဘော သတ္တဝါ, ရေၦ နေသော သတ္တဝါ, ကောင်းကင်ၦ နေသော သတ္တဝါတို့ကို "သတ္တဓလောက"ဟု ခေါ်၏။ ဘုရားရှင်သည် ထိုသတ္တလောက၏ ဖြစ်ပုံပျက်ပုံ မျိုးဇာတိအစုံကိုလည်း သိတော်မူသည်။ သတ္တဝါတစ်ယောက်၏ ကိုယ်ဘင်းၦ ယခုလက်ငင်း ဖြစ်နေသော စိတ်ကောင်းစိတ်ဆိုး အမျိုးမျိုးကိုလည်း သိတော်မူသည်။

သတ္တဝါတို့၏ တည်ရာဌာန ကမ္ဘာလောကကြီးကို "ဩကာသလောက"ဟု ခေါ်၏။ ဘုရားရှင်သည် ဤဩကာသလောက၏ ဖြစ်ပုံ ပျက်ပုံ တည်နေပုံ အစုံကိုလည်း အကုန်သိတော်မူသည်။

"သတ္တဝါ"ဟု ခေါ်ဆိုရသော သက်ရှိ အရာဝတ္ထုသည် လည်းကောင်း, "ဩကာသ"ဟု ခေါ်ဆိုရသော သက်မဲ့ တည်ရာဌာနသည် လည်းကောင်း စင်စစ်အားဖြင့် အကြောင်းအကျိုးဆက်ၦ ဖြစ်ပျက်နေသော ရုပ်နာမ်အစုသာ ဖြစ်၏။ ထိုရုပ်နာမ်အစုကို "သခ်ါရလောက"ဟု ခေါ်၏။ ထိုသခ်ါရလောက၏ အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်သွယ်နေပုံကိုလည်း စုံစုံလင်လင် သိမြင်တော်မူ၏။ ထိုလောကသုံးပုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရားရှင်သည် "လောကဝိဒူ"ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

[လောကသုံးပါးတွင် "သခ်ၤါရလောက" တစ်ခုတည်းသာ ပရမတ်အနေဖြင့် တကယ်ရှိ, အဟုတ်ရှိသည်။ ကျန် "သတ္တလောက"နှင့် "ဩကာသလောက" နှစ်ခုကား ပရမတ်အနေဖြင့် တကယ်မရှိ, အဟုတ်မရှိ၊ ခေါ်ဝေါ်သမုတ်ရုံမျှသာ ရှိသည်။]

သတ္တလောကကို သိတော်မူခြင်း

ဘုရားရှင်သည် သတ္တလောကကို သိရာ၌ သတ္တဝါအမျိုးမျိုးကို အမျိုးမျိုးအဖုံဖုံ စုံအောင် သိတော်မူ၏။ ခြတောင်ပို့တစ်ခု၌ ခြသတ္တဝါပေါင်း မည်မျှ, ပုရွက်တွင်း တစ်တွင်း၌ ပုရွက်သတ္တဝါပေါင်း မည်မျှ, ငါးဥ တစ်ခု၌ ငါးသတ္တဝါပေါင်း မည်မျှ, လူနတ်ဗြဟ္မာ သတ္တဝါပေါင်း မည်မျှ, ငရဲသတ္တဝါပေါင်း မည်မျှ, ပြိတ္တာသတ္တဝါပေါင်း မည်မျှ ရှိသည် စသည်တို့ကို သိရှိရုံမျှမက သတ္တဝါတစ်ဦး စီ၏ လက်ရှိ ဘာဘဝခြေအနေ ရွေ့ဖြစ်နေဟန်ဖြစ်ဘဝ အခြေအနေတို့ကိုပါ အကန့်အသတ်မရှိ ကောင်းစွာ သိတော်မူ၏။ သို့ရာတွင် ဤအသိမျိုးကား တခြားတန်ခိုးကြီးသော နတ် ဗြဟ္မာ ရဟန်းများလည်း (အကန့်အသတ်မရှိ မသိစေကာမူ) အကန့်အသတ်ဖြင့် သိတန်သလောက် သိနိုင်ကြ၍ ထူးဆန်းလှသော အသိဟုတ်သေးဟု ဆိုသော် ဆိုနိုင်ရာ၏။

မည်သူ တစ်ဦးတစ်ယောက်မျှ လိုက်မမီသော ဘုရားရှင်၏ သူမတူသော အသိတော်ကား- သတ္တဝါတို့၏ အတွင်းဓာတ်ခံ သတ္တိအမျိုးမျိုးကို ခွဲခြားသိနိုင်ခြင်းပင် ဖြစ်၏။ ဘုရားရှင်သည် သတ္တဝါ တစ်ဦးတစ်ယောက်ကို သိရာ၌ "ဤသူသည် စခိုက်အမျိုးမျိုးတွင် မည်သည့်စရိုက်က လွှမ်းမိုးနေ၏။ အနုသယအမျိုးမျိုးတွင် မည်သည့် အနုသယ-က ထက်သန်နေ၏။ ပင်ကိုဆန္ဒ ညွှဲဖျင်း၏၊ သို့မဟုတ် ထက်သန်၏။ သဒ္ဓါ စသော ဣန္ဒြေငါးပါးတွင် မည်သည့် ဣန္ဒြေက ထက်မြက်၍ မည်သည့် ဣန္ဒြေက ညံ့၏ စသည်ဖြင့် အတွင်းဝင်ကြည့်၍ အတိအကျ မြင်ရသူပမာ သေချာစွာ ခွဲခြား၍ ကွဲကွဲပြားပြား သိတော်မူပါသည်။ ယင်းသို့ ဥပါဒ်အနေဖြင့် ဖြစ်ပေါ်မလာသေးဘဲ ဓာတ်သတ္တိအဖြစ်ဖြင့်သာ အတွင်း၌ တည်ရှိနေသော သဘောများကိုပါ သိနိုင်ခြင်းကား သဗ္ဗညုတဉာဏသာ၍ ဘုရားရှင်တို့၏ အထူးသာ ဖြစ်ပါသည်။

သတ္တဝါတို့၏ ဣန္ဒြေရင့်နု အတွင်းဓာတ်ခံသိမှုမှာ ဘုရားရှင်တို့၏ အထူးသာဖြစ်၏၊ သာဝကတို့၏ အဆုံးမဟုတ်။ အရှင်သာရိပုတ္တရာကဲ့သို့ ပညာရှင်ထိပ်သီး မထေရ်မြတ်ကြီးသော်မှပင် တရားအပေးလွှဲခဲ့ရသည်မှာ အတွင်းဓာတ်ခံမသိမှု၏ ထင်ရှားသော သာဓကဖြစ်ပါသည်—

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မိမိတာပည့် ရဟန်းငယ်တစ်ပါးကို "ငယ်ရွယ်သူတို့မှာ ရာဂအဖြစ်မျှားတတ်သည်"ဟု ယူဆကြ၍ ရာဂပျောက်အောင် အသုဘကမ္မဋ္ဌာန်းပေးခဲ့ရာ နိမိတ်မျှပင် မထင်ခရီးမတွင် ဖြစ်ခဲ့၏။ ရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီး အကြောင်းကို လျှောက်ထားရာ ဘုရားရှင်က ထိုရဟန်း၏ ဓာတ်ခံကို ဆင်ခြင်တော်မူ၏။ ထိုအခါ အလှအပ ကြိုက်တတ်သော သတ္တဝါတို့ တွေ့ရသည့်အတွက် အသုဘကမ္မဋ္ဌာန်းနှင့် မလျော်သည်ကို သိတော်မူ၏။ ဆက်လက်၍ ဆင်ခြင်ကြည့်ပြန်သော် ဘဝငါးရာတိုင်အောင် ဌပန်းထိမ်သည်ဖြစ်ခဲ့သည်ကို မြင်ရ၍ ပဒုမ္မာကြာပန်းအနီ ဖန်ဆင်းပေးအပ်ပြီး လောဟိတကမ္မဋ္ဌာန်း စီးဖြန်းစေသောအခါ မကြာမီ ရဟန္တာဖြစ်ခဲ့ရပါသည် (ဓမပဒ၊ဋ္ဌ၊၂။၂၆၆)။

ရဟန္တာ အရှင်မြတ်ကြီး အရှင်မဟာပန္ထကသည် လေးလကြာ ဂါထာတစ်ပုဒ်မျှ မရကောင်းလားဟု ညီတော် စူဠပန္ထကအား နှင်လွှတ်ခဲ့သည်မှာ ဤနွေရင့်နု မသိမှု၏ ထင်ရှားသော သာဓကဖြစ်ပါသည်—

အရှင်မဟာပန္ထက သည် ရဟန္တာအရှင်မြတ်ကြီး ဖြစ်၏။ ၎င်းသည် မိမိညီတော် "စူဠပန္ထက"ကို လေးလကြာသည့်တိုင် ဂါထာလေးတစ်ပုဒ်မျှ မရကောင်းလားဟု နှင်လွှတ်ခဲ့၏။ ဘုရားရှင်နှင့် တွေ့၍ ကမ္မဋ္ဌာန်း ပေးသောအခါ ၎င်းနှင်လွှတ်သည့်နေ့ နံနက်ခင်းမှာပင် ကမ္မဋ္ဌာန်းလမ်းဖြောင့်ကာ ပဋိသမ္ဘိဒါဉာဏ် စျာန်အဘိညာဉ်ရ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပါသည် (အံ၊ဋ္ဌ၊၁။၁၆၈)။

ဖော်ပြပါ သာဓကများမှာ သတ္တဝါတို့၏ ဤနွေရင့်နု အတွင်းဓာတ်ခံ သိမှုအထူတွင် ဘုရားရှင်တို့၏ သူမတူအောင် စွမ်းတော်မူခြင်း၌ ထင်ရှားသော သာဓကများပင် ဖြစ်ပါသည်။

ဩကာသလောကကို သိတော်မူခြင်း

ဘုရားရှင်သည် သက်ရှိ သတ္တလောကကို ပိုင်းခြား ကုန်စင် သိမြင်တော်မူသကဲ့သို့ သက်မဲ့ ဩကာသလောက (စကြဝဠာဘုံဗိမာန်တော်တော်ငစသည်) ထိုကိုလည်း ကြွင်းမဲ့ကုန်စင် သိမြင်တော်မူ၏။

"စကြဝဠာ"ခေါ် "ကမ္ဘာလောကဓာတ်ကြီး"တစ်ခု တည်နေပုံမှာ မြေထု, ရေထု, လေထုသည် မဆုံးနိုင်သော ဟင်းလင်းအပြင် အာကာသခေါ် ကောင်းကင်းကြီးအတွင်း၌ တည်ရှိ၏။ ယင်းသို့ တည်ရှိနေသော မြေထု၏ အထက် ဗဟိုချက်မဝယ် သမုဒ္ဒရာ အလယ်၌ မြင်းမိုရ်တောင်ကြီး ကည်ရှိပြီးနောက် မြင်းမိုရ်တောင်ကြီးကို "သီဒါ"ခေါ် မြစ်ကြီး တစ်ခုစီ ခြားကာခြားကာ တောင်စဉ်ခုနစ်ထပ် ရံပတ်၍ တည်နေ၏။ ထိုကို "သီဒါခုနစ်တန်, သတ္တရဗ္ဘန်တောင်စဉ်ခုနစ်ထပ်"ဟု ပြောစမှတ်ပြုကြ၏။ ထိုမြင်းမိုရ်တောင်ကြီးနှင့် တောင်စဉ်ခုနစ်ထပ်တို့၏ လေးမျက်နှာအရပ်ရှိ ရေလယ်ခေါင်၌ ကျွန်းသေးကျွန်းငယ် အသွယ်သွယ် ခြံရံလျက် ကျွန်းကြီးလေးကျွန်း ပေါ်ထွန်းလျက်ရှိ၏။ မြင်းမိုရ်တောင်၏ အရှေ့ဘက်၌ ပေါ်ထွန်းသော ကျွန်းမြေကို အရှေ့ကျွန်း (=ပုဗ္ဗဝိဒေဟ)၊ တောင်ဘက်၌ ပေါ်ထွန်းသော ကျွန်းမြေကို တောင်ကျွန်း (=ဇမ္ဗုဒီပ)၊ မြောက်ဘက်၌ ပေါ်ထွန်းသော ကျွန်းမြေကို မြောက်ကျွန်း (=ဥတ္တရကုရု)၊ အနောက်ဘက်၌ ပေါ်ထွန်းသော ကျွန်းမြေကို အနောက်ကျွန်း (=အပရဂေါယာန)ဟု အသီးသီး ခေါ်ဝေါ်ကြသည်။

[ယခုခေတ် မျက်မြင်အားဖြင့် ယခု လူအမျိုးမျိုး နေထိုင်ရာမှာ တောင်ကျွန်းသာတည်း။ အနောက်ကျွန်း, အရှေ့ကျွန်း, မြောက်ကျွန်း တို့အား လူမျိုးမရောက်၊ မမြင်ရဟု ဆိုသည်။]

ထိုစကြဝဠာ ကမ္ဘာလောကဓာတ်ကြီးတစ်ခု၌ သတ္တဝါ အမျိုးမျိုးတို့၏ တည်နေရာ ဘုံဌာနပေါင်း သုံးဆယ့်တစ်ဘုံ တည်ရှိ၏။ မြေအပြင်ဝယ် လူတို့ နေထိုင်ရာဘုံနှင့် ဆက်စပ်လျက် "တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသူရကာယ်ဘုံ" ဟူ၍ အပါယ်သုံးဘုံရှိ၏။ မြေအောက်အတွင်း၌ ငရဲငယ်မျိုး ရံလျက် ငရဲကြီး ရှစ်ထပ်ရှိ၏။

မြင်းမိုရ်တောင်၏ ထက်ဝက်လောက် အရပ်၌ စတုမဟာရာဇ်နတ်ဘုံ, မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ဘုံ ရှိ၏။ (ဤနတ်ဘုံ နှစ်မျိုးသည် မြေနှင့် ဆက်စပ်လျက် ရှိသည်။) တာဝတိံသာနတ်ဘုံမှ အထက်၌ကား "ယာမာနတ်ဘုံ, တုသိတာနတ်ဘုံ, နိမ္မာနရတိနတ်ဘုံ, ပရနိမ္မိတဝသဝတ္တီနတ်ဘုံ လေးထပ်နှင့် ဗြဟ္မာဘုံ နှစ်ဆယ်တို့သည် မြေထုနှင့် မဆက်စပ်ဘဲ ကောင်းကင်အရပ်မှာပင် တည်နေကြကုန်၏။ ဤသုံးဆယ့်တစ်ဘုံတည်နေရာ ကမ္ဘာလောကဓာတ်ကြီးတစ်ခုကို "စကြဝဠာ"တစ်ခုဟု ဆိုရာ ဆက်ကာ ဆက်ကာ တည်လျက်

ရှိသော ထိုသို့သော စကြဝဠာပေါင်းမှာ အနန္တ, အပရိမာဏဖြစ်၍ အဆုံးမရှိ မရေတွက်နိုင်အောင် များလှပေသည်။ ဤသို့ဤပုံ စကြဝဠာ အနန္တရှိပုံ အဆုံးမရှိများပြားပုံသဘောကို ဗုဒ္ဓစာပေကသာ ပြောသည်မဟုတ်၊ ယခုခေတ် သိပ္ပံပညာကလည်း လက်ခံပြောဆိုလာကြပြီဖြစ်၍ ယုံမှားမရှိသင့်ကြပါ။

ဘုရားရှင်ကား – ဆိုအပ်ခဲ့ပြီးသော စကြဝဠာ ကမ္ဘာလောကဓာတ်ကြီးတွေကို လိုက်ကြည့်နေရသည်မဟုတ်၊ ထိုင်ရာမထ အလိုရှိသလို အလိုရှိသလောက် သိနေ မြင်နေရ၏။ တချို့တန်ခိုးကြီးသော နတ် ဗြဟ္မာ ရဟန်းများ တစိတ်တဒေသ အကန့်အသတ်ဖြင့် သိမြင်ကြသလို သိမြင်ခြင်းမျိုး မဟုတ်၊ အကန့်အသတ် မထား အပိုင်းအခြား မရှိ ဝေဖန် စိတ်ဖြာ၍ အသေးစိတ် သိမြင်တော်မူခြင်း ဖြစ်ပါသည်။ အဆုံးအစ မရှိ သိမြင်သော အနန္တ ဉာဏ်တော်ရှင် ဖြစ်၍ ကြွင်းမဲ့ကုန်စင် အဆုံးဃစ မရှိ သိမြင်တော်မူခြင်းပင် ဖြစ်ပါသည်။

[အဆုံးအစမရှိ စကြဝဠာအနန္တဖြစ်၍ များသော်လည်း စကြဝဠာတိုင်း၌ ဘုရားမဖြစ်၊ ဤစကြဝဠာ တစ်ခုတည်း၌သာ ဖြစ်၏။ ဤစကြဝဠာတွင်လည်း လူ့ဘုံ၌သာ၊ လူ့ဘုံတွင်လည်း တောင်ကျွန်း မဇ္ဈိမဒေသ၌သာ ဖြစ်၏။ ဖြစ်ပြန်သော်လည်း နှစ်ဆူမဖြစ်၊ တစ်ဆူတည်းသာ ထူးခြားစွာ ဖြစ်ထွန်းတော်မူ၏။ လွန်စွာ ရခဲလေစွတကား။]

သစ်္ဂါရလောကကို သိတော်မူခြင်း

သတ္တလောကနှင့် ဩကာသလောက (ပညတ်)ကို သိကြသည်ဆိုသော ဓာန်ခိုးကြီးပုဂ္ဂိုလ်များပင် သင်္ခါရလောက (ပရမတ်)ကို သိရန်ကား အစွမ်းမရှိကြပါ။ ဘုရားရှင့် သာသနာတော်၌ ဘုရားရှင်၏ အဆုံးအမကို နာခံ၍ ကျင့်ကြံခွင့်ရသဖြင့် ဝိပဿနာဉာဏ် ထက်သန်လျက် ရှိကြသော ယောဂီအရိယာပုဂ္ဂိုလ်များသည် ဝိပဿနာရှုခိုက်၌ ရုပ်နာမ်တို့ကို သိကြ၏။ သို့သော် အလွန်လျင်မြန်စွာ ဖြစ်ပျက်လျက် ရှိသော ရုပ်နာမ်တို့ကိုကား မလွတ်တမ်း တစ်ခုစီ ဝေစ်ခုစီ အကုန်သိမြင်ကြရသည် မဟုတ်ပါ၊ ထင်ပေါ်လာရာ ရုပ်နာမ်များကိုသာ သိမြင်ကြခြင်းဖြစ်၏။ ယင်းသို့ သိမြင်သော ရုပ်နာမ်များ၌လည်း အသေးစိတ် သိကြသည်မဟုတ်ပါ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များပင် ရုပ်နာမ်ကို သိရာ၌ တစိတ်တဒေသကိုသာ သိတော်မူကြ၏။ ယင်းသို့ သိရာ၌လည်း ကိုယ့်သန္တာန်၌ ရှိသော တရားစုကိုသာ သိတန်သလောက် သိကြ၍ သူတပါး သန္တာန်၌ ရှိသော ရုပ်နာမ်နှင့် အပြင် ဗဟိဒ္ဓ တော, တောင် စသည်တို့၌ ရှိသော ရုပ်ခေတ်တရားစုတို့ကိုကား မသိ မမြင်နိုင်ကြပါ။

ယခုခေတ် လောကဓာတ်ဆရာတို့သည် သူတို့၏ မှန်ပြောင်းအားဖြင့် အသေးအမွှားဆုံး ရုပ်မှုန်ကလာပ်များကို မြင်နိုင်ကြ၏။ သို့သော်လည်း ရုပ်ကလာပ် တစ်ခုတည်းကို မြင်ရသည် မဟုတ်၊ ရုပ်ကလာပ်မှုန်ကလေးတွေ အတော်များများ ပေါင်းစပ်နေသည်ကိုသာ မြင်ကြခြင်းဖြစ်၏။ ရုပ်ကလာပ် တစ်ခုတစ်ခု၌ "ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ" ဤရုပ် ရွှစ်ခု စုပေါင်းနေကြောင်း သိဖို့ကား လောကဓာတ်ပညာနှင့် လောကဓာတ် ဆရာတို့၏ အရာမဟုတ်နိုင်တော့ပါ။ ထို့ပြင် ရုပ်ကလာပ်တွေ စုပေါင်းတွေ့ခဲ့ နေသဖြင့် "သတ္တဝါ"ဟု ခေါ်သော ဤခန္ဓာကိုယ်အတွင်း၌ စိတ်, စေတသိက်ဟူသော နာမ်တရားတွေ ရှိသေး၏။ ထိုနာမ်တရား၏ အစွမ်းကြောင့် အဆင်း, အသံ, အနံ့, အရသာ, အတွေ့နှင့် သိဖွယ်ဟူသမျှကို သိမြင်ကြရပေသည်။ ထိုနာမ်တရား၏ အကြောင်းကိုကား လောကဓာတ်ပညာရှိတို့ ထိမိအောင် သိဖို့ကို မဆိုထားဘိ "ဖဿ, ဝေဒနာ, သညာ"စသော နာမည်မျှကိုပင် မသိ မြင်နိုင်ကြပါ။

ဘုရားရှင်ကား– အသေးအမွှား ရုပ်ကလေးများအပြင် ထိုရုပ်ကလေးများ ဖြစ်ပေါ်လာဖို့ အကြောင်းနှင့်တကွ လက္ခဏာ, ကိစ္စတို့ကိုပါ အကုန်အစင် သိမြင်တော်မူ၏။ ကလာပ်စည်း တစ်ခုစီက ရုပ်များကိုလည်း ခွဲခြားနိုင်၏။ နာမ်တရားများကို သိရာ၌လည်း ဖြစ်ပေါ်လာခြင်း၏ အကြောင်းနှင့်တကွ လက္ခဏာ, ကိစ္စတို့ကိုပါ အကုန်အစင် သိမြင်တော်မူ၏။ အလွန်လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို တစ်မုဟုတ် တစ်ခုစီ ခွဲခြား၍ ပြတ်ပြတ်သားသား သိနိုင်၏။ အံ့ခြောင်းအမျိုးမျိုး သတ္တိအဖုံဖုံ စုံဒေါင်ပင် သိတော်မူ၏။ မိမိ သူတပါး မရွေး, အတွင်းအပ သက်ရှိသက်မဲ့မရွေး အားလုံးသော လောကဓာတ် အမျိုးမျိုးကို ခွဲခြားဝေဖန်၍ အကြွင်းအကျန်မရှိ သိတော်မူနိုင်၏။

ထို့ကြောင့် သာမန်လူပညာရှိ ရဟန်းပညာရှိတို့ကို မဆိုထားဘိ လောကကို သိပါသည်ဆိုသော တန်ခိုးကြီးသည့် နတ်မင်း ဗြဟ္မာမင်းကြီးများကပင် ဘုရားရှင်ကို ပိုင်းအုံ၍ လောကအားလုံးကို အကုန်အစင် သိမြင်သူ "လောက-ဝိဒူ"ဟု အားရလေးစားစွာ ပာစ်ကြီးကြသော၍ ကြည်ညိုမြောက်နိုးပူဇော် ခဲ့ကြပါသည်။

အမျှားမသိသေဒ်ထည်း ဘုရားသီသည်

လူတို့သည် ဆိတ်ကွယ်ရာ၌ဖြစ်စေ မှောင်မိုက်သောအခါ၌ဖြစ်စေ မကောင်းမှုဒုစရိုက်ကို ပြုလေ့ရှိကြ၏။ ယင်းသို့ ပြုခြင်းကား မိမိ၏ မကောင်းမှုဒုစရိုက်ကို မည်သူမျှ မသိမမြင်ဟု ယုံကြည်ယူဆ၍ ပြုကြခြင်းဖြစ်၏။ အမှန်စင်စစ်ကား လောက၌ မကောင်းမှုဒုစရိုက်ကို ပြုခြင်းအတွက် ဆိတ်ကွယ်ရာမည်သည်မရှိပါ။ မည်သည့်အရပ် မည်သည့်အခါမျိုး၌ဖြစ်စေ မိမိတို့ပြုသမျှ မကောင်းမှုဒုစရိုက်ကို လူပင် မသိသော်လည်း တန်ခိုးကြီးသည့် နတ်ဗြဟ္မာရသေ့ရဟန်းများသိနေကြ၏။ ဘုရားရှင်သည်ကား- လောကနှင့် စပ်သမျှ တစမကျန် စိတ်အကြံနှင့် အဆိုးဓာတ်ခံသဘာဝများကိုပါ ကျကျနန ပိုင်ပိုင်နိုင်နိုင် သိမြင်တော်မူလျက် ရှိပါသည်။

ယင်းသို့ မကောင်းမှုဒုစရိုက်ပြုခြင်းအတွက် တန်ခိုးကြီးသည့် နတ်ဗြဟ္မာရသေ့ရဟန်းများနှင့် ဘုရားရှင်တို့ သိမြင်နေကြသည်ဖြစ်သောကြောင့် မည်သည့်အခါ မည်သည့်နေရာမျိုး၌ဖြစ်စေ မကောင်းမှုဒုစရိုက်ကို ပြုလုပ်ခြင်းမှရှောင်ကြဉ်သင့်ပါသည်။ လောကကြီးအကြောင်းကို အကောင်းဆုံး သိမြင်၍ လောကကြီးကို ထာဝရ (အသိဉာဏ်) အလင်းဆောင် ပေးလျက် ရှိသော ဘုရားတည်းဟူသော နေမင်း, လမင်းကြီးသည် (သာသနာ မကွယ်ပယောင်းသဖြင့်) ယနေ့တိုင် ထွန်းလင်းလျက်ပင် ရှိပါသည်။ မိမိတို့ပြုသမျှ မကောင်းမှုဒုစရိုက်ကို ဘုရားရှင်က လင်းလင်းကျင်းကျင်း သိမြင်နေပါသည်။

သို့အတွက် လူ့လောကတွင် လူမလိကာမျှဖြင့် ငါလုပ်သမျှ ဟုတ်လှပြီဟု အလင်းဆောင်အောက်တွင် အမှောင်ငှာတ် မခင်းမိစေဘဲ ဘုရားရှင်၏ "လောကဝိဒူ" ဂုဏ်တော်ကို အာရုံပြုကြည်ညိုကာ ငါ၏ မကောင်းမှုဒုစရိုက်ကို အမျှားမသိသော်လည်း ဘုရားသိသည်ဟု အမှန်မြင်ကာ လုံးဝ မပြုလုပ်ဘဲ အရှက်အကြောက်တရား လက်ကိုင်ထား၍ ရှောင်ရှားသင့်ကြပါသည်။

၆။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

အနုတ္တရောပုရိသဒမ္မသာရထိ= (အနုတ္တရော+ပုရိသဒမ္မ+သာရထိ။
ပုရိသဒမ္မ=ဆုံးမထိုက်သော သတ္တဝါများကို+သာရထိ=ဆုံးမမှုဝယ်+
အနုတ္တရော=အတုမရှိ အသာဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်သည် မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမထွန်း တုတ်လက်နက် ဓားလက်နက် အမြောက်သေနတ်စသော လက်နက်များမပါ၊ တရားတော်သက်သက်ဖြင့်သာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူ၏။ ဆုံးမမှုနှင့် ပတ်သက်၍ တလောကလုံး, တကမ္ဘာလုံးဝယ် အသာဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။ တူသောသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပါ။

ဆုံးမ၍ မရလျှင် သတ်ပစ်ခြင်း

သတ္တဝါတို့ကို ဆုံးမတော်မူနှာ၌ ဘုရားရှင်ကိုယ်ဘိုင် မိန့်မြွက်တော်မူခဲ့သော **ဆုံးမနည်း** ၃-မျိုးနှင့် ဆုံးမ၍ မရလျှင် သာ်ပစ်ခြင်းအကြောင်းကို ကောင်းစွာ **မှတ်သားသင့်ပါသည်**—

တခါက "ကေသိ"မည်သော မြင်းဆရာ တစ်ဦး ဘုရားရှင်ထံ မှောက်သို့ ရောက်ရှိလာရာ–

ဘုရားရှင်က– "မြင်းတို့ကို မည်သို့ ဆုံးမသနည်း ကေသိ"ဟု **မေးတော်မူ၏။**

ထိုအခါ မြင်းဆရာ ကေသိ-က "တပည့်တော် အနုနည်းဖြင့်လည်း ဆုံးမပါသည်၊ အကြမ်းနည်းဖြင့်လည်း ဆုံးမပါသည်၊ အကြမ်းနည်း, **အနုနည်း နှစ်မျိုးစုံဖြင့်လည်း ဆုံးမပါသည်၊ ဘယ်နည်းနှင့်မျှ ဆုံးမ၍** မရသောမြင်းကိုမူ သတ်ပစ်လိုက်ပါသည်"ဟု ပြန်ကြားလျှောက်ထား ပြီးလျှင် "အရှင်ဘုရားသည် သတ္တဝါတို့ကို ဘယ်နည်းဘယ်ပုံ ဆုံးမပါ သနည်း"ဟု ပြန်လည်၍ မေးမြန်းလျှောက်ထား၏။

ဘုရားရှင်က– "ကေသိ.... ငါဘုရားလည်း သတ္တဝါတို့ကို အနုနည်း, **အကြမ်းနည်း, အနုနှင့်အကြမ်း နည်းလမ်းသုံးမျိုးတို့ဖြင့်ပင် ဆုံးမ၏။ ဘယ်နည်းနှင့်မျှဆုံးမ မရသော သတ္တဝါတို့ကိုမူ သတ်ပစ်လိုက်ရသည်"ဟု** မိန့်တော်မူရာ–

မြင်းဆရာ ကေသိ-က "အရှင်ဘုရားမှာ ပါဏာတိပါတအမှုကို **မပြုကောင်းသည် မဟုတ်ပါလော"ဟု** လျှောက်၏။

ဘုရားရှင်က– "အေး မှန်ပေသည်၊ ငါ မဆုံးမ, မကံမြစ်ဘဲ လက်လွှတ် **လိုက်လျှင် ထိုသူမှာ သေသည်ပင် မည်တော့သည်"ဟု** ပြန်ကြား **မိန့်တော်မူပါသည်** (အံ၊၁။၄၂၇)။

ဖော်ပြပါ ဆုံးမနည်းများနှင့်အညီပင် ဘုရားရှင်သည် သတ္တဝါတို့ကို ဆုံးမတော်မူရာ၌ မြောက်သင့်သော သတ္တဝါတို့ကို (ကုသိုလ်အကျိုးပြု မြောက်ပင့်၍) အနုနည်းအားဖြင့်လည်းကောင်း, ခြောက်သင့်သော သတ္တဝါတို့ကို (အကုသိုလ်အပြစ်ပြု ခြောက်လှန့်၍) အကြမ်းနည်းအားဖြင့်လည်းကောင်း, အနုနည်းအကြမ်းနည်း နှစ်မျိုးစုံအားဖြင့်လည်းကောင်း သင့်လျော်သလို ဆုံးမတော်မူ၏။ ဤဆင်ကြိုးကို တုတ်မပါ မေတ္တာသက်သက်ဖြင့် ဟန့်ကျေးအောင် ဆုံးမခဲ့ပုံ သာဓကတစ်ခုမှာ—

ဒေဝဒတ်၏ နည်းညွှန်ချက်အရ အဇာတသတ်မင်းက နာဠာဂိရိဆင်ကြီးကို အရက်မူးအောင် အလွန်အကျွံတိုက်ပြီးလျှင် တပည့်သံဃာများနှင့် ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်နှင့်ရင်ဆိုင် လွှတ်လိုက်ရာ ဘုရားရှင်၏ မေတ္တာတော်စွမ်းအားကြောင့် ဆင်ကြီးမှာ ဘုရားရှေ့ဒူးတုပ်လျှောဖြစ်သို့ ရောက်ရ၏။ ထို့နောက် ဘုရားရှင်က တရားဟော ဆုံးမ၍ ဆင်ကြမ်းကြီးမှာ ဆင်လိမ္မာအဖြစ်သို့ ရောက်ရ၏။

ဤဥဒါန်း ကြိမ် တုတ် ခဲ အစားစားတို့ဖြင့် ဆုံးမ၍ပင် မရလောက်အောင် မိုက်မဲလှသော ဆင်ကြမ်းကြီးကို တုတ်မပါ, ခဲးမပါ ဘုရားရှင်၏ မေတ္တာဖြင့် လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ခြင်းကား အံ့ဖွယ်ရှိစွတကား။

ဘုရားရှင်သည် "သစ္စက, အမွှင်ဘ"စသော ပညာရှိပြီး မာနကြီးသူ လူကြမ်းအချို့တို့ကို ဆုံးမတော်မူရာ၌ကား ခပ်ကြမ်းကြမ်းပင် ပြောဆိုနှိမ့်ချ ဆုံးမတော်မူရ၏။ ဝါဒချင်း ပြိုင်လာသောအခါ ၎င်းတို့၏ ဝါဒကို နှိမ့်ကျအောင် နှိမ့်ချပြီးမှ သာယာညင်းပျောင်း တရားကြောင်း ပြ၍ ဆုံးမရ၏။ ထို့ပြင် "ဗကဇုဟ္မာ"စသော တန်ခိုးကြီးမားသည့် နတ်ဗြဟ္မာကြမ်းအချို့တို့ကို ဆုံးမတော်မူရာ၌လည်း တန်ခိုးချင်း ပြိုင်ကာ အနိုင်ရယူပြီး အနုနည်းဖြင့် ဆုံးမတော်မူခဲ့ရပါသည်။

တုဖက်ကင်းအောင် ဆုံးမတော်မူနိုင်ခြင်းအကြောင်း

"လောကဝိဒူ" ဂုဏ်တော်အရ သတ္တဝါတို့၏ အတွင်းခံစိတ် ဒေသဓမ္မများကို ဇွန်နောက်ကုန်စင် အသေအချာ သိမြင်တော်မူခြင်းမှာ တုဖက်ကင်းအောင် ဆုံးမတော်မူနိုင်ခြင်း၏ အကြောင်းဖြစ်၏။ သတ္တဝါတို့ဒေး လိမ္မာယဉ်ကျေးအောင် ဆုံးမနည်းပေးထုံ့ အလွန်ပင် ထိထောက်လှ၏။

ဥပမာ– ဆောဂါ၏ လက္ခဏာကို မသိဘဲ ဆေးပေးလျှင် အနာတခြား ဆေးဖြစ်ကာ လူနာမှာ ဆောဂါမပျောက်ဘဲ တိုးရှိပင် လာတတ်သော်လည်း ဆောဂါ၏ လက္ခဏာနှင့် လူနာ၏ ဓာတ်ခံကို ကောင်းစွာ သိပြီး ဆေးပေးခဲ့လျှင် ကား– လူနာမှာ "အနာနှင့်ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ" ဖြစ်လာရမည်သာ ဖြစ်ပါသည်။

သတ္တဝါတို့၏ သန္တာန်၌ ရှိသော အဆိုးဓာတ်သဘာဝ ကိလေသာတို့ကား တကယ့် အနာဆောဂါဆိုးများတည်း။ ဆိုးဝါးကြမ်းတမ်းသော ကာယကံသောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှု, မနောကံ သောင်းကျန်းမှုများမှာ ထိုကိလေသာအနာဆောဂါဆိုးရှိ၍ ဖြစ်လာသော ဆင့်ပွားဖောက်ပြန်မှုများပင် ဖြစ်၏။

ဘုရားရှင်သည် "သီလသိက္ခာ" အကျင့်ဖြင့် ကြမ်းတမ်းသော ကာယကံ, ဝစီကံတို့ကို ယဉ်ကျေးစေတော်မူ၏။ "သမာဓိသိက္ခာ" အကျင့်ဖြင့် ကြမ်းတမ်းသော မနောကံကို ယဉ်ကျေးစေတော်မူ၏။ "ပညာသိက္ခာ" အကျင့်ဖြင့် ကြမ်းတမ်းသော ကာယကံ, ဝစီကံ, မနောကံတို့ကို အာဆုံးစွန် ယဉ်ကျေးစေတော်မူ၏။ ဘုရားရှင်သည် တုတ် ၁ ချောင်း လက်နက် မကိုင်ရဘဲ "သီလ, သမာဓိ, ပညာ" သိက္ခာသုံးပါး အကျင့်မျှားဖြင့် သတ္တဝါများကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူပါသည်။

ယင်းသို့ ဆုံးမတော်မူထု၌ ပင်ကိုက သီလသိက္ခာ မရှိသူဖြစ်လျှင် သီလသိက္ခာ၌ တည်စေတော်မူ၏။ သီလသိက္ခာရှိပြီး ဖြစ်ပြန်လျှင်လည်း အထက်အထက် စျာန်တရား မဂ်တရားတို့ကို ထိုသူ၏ ပါရမီအားလျော်စွာ တိုးတက်၍ ရရှိအောင် ဆုံးမတော်မူ၏။ ဤဘဝ၌ မည်သည့်တရားထူးကိုမျှ မရထိုက်လျှင် နောက်နောက်ဘဝ၌ အထုံပါအောင် ဆုံးမတော်မူ၏။ ဘုရားရှင်၏ အဆုံးအမကို ခံယူရလျှင် မယဉ်ကျေး မလိမ္မာသူမရှိ၊ ယဉ်ကျေးလိမ္မာသူချည်းသာ ဖြစ်ကြရပါသည်။

ဘုရားရှင်၏ အဆုံးအမကြောင့် ယဉ်ကျေးလိမ္မာပုံ သာဓကများ

"အနုတ္တရော ပုရိသဒမ္မသာရထိ" ဂုဏ်တော်ရှင် ဘုရားသခင်၏ အဆုံးအမတော်ကြောင့် ယဉ်ကျေးလိမ္မာပုံသာဓကများအနက် ထင်ရှားသော သာဓကအမြွက်ကို ဆက်လက်တင်ပြထားပါသည်—

အဇာတသတ်မင်းသည် ခမည်းတော်ကို ပြစ်မှားသတ်ဖြတ်ပြီးနောက် နောင်တကြီးစွာ ရလျက် ဆရာဇီဝက၏ ညွှန်ကြားချက်အရ တခုသော ညချမ်းအခါ၌ သံဃာ့ပရိသတ်များ စုဝေးနေစဉ် ဘုရားရှင်ထံမှောက် ရောက်လာ၏။ (လေငြိမ်ရာ၌ ထွန်းထားသော ဆီမီး၏ ငြိမ်သက်ခြင်းကဲ့သို့) အလွန်တည်ကြည် ငြိမ်သက်လှသော (ဘုရားရှင်၏ တပည့်) သံဃာ့ပရိသတ်ကို မြင်ရလေလျှင် မိမိ၏ သားတော်ကလေးကို အမှတ်ရ၏။ "ငါ့သားတော်လေး 'ဥဒယဘဒ္ဒ' သည် ဤယဉ်ကျေးပုံမျိုး, ငြိမ်သက်ပုံမျိုးရှိသူ ဖြစ်လာပါစေ" ဟုပင် တောင့်တခြင်း ဖြစ်လေသည် (ဒီဃ။ ၄၇)။

ကောသလမင်းကြီးသည် မြတ်စွာဘုရားနှင့် တွေ့ဆုံ ငလျှာက်ထားသော အခါ ဘုရားရှင်၏ အဆုံးအမတော်ကြောင့် ယဉ်ကျေးလိမ္မာပုံကို ဤသို့ ထုတ်ဖော်လျှောက်ထားခဲ့သည်—

"မြတ်စွာဘုရား .... တပည့်ခံတော်သည် သတ်ဖြတ်နိုင်, ဒဏ်တပ်နိုင်သော အာဏာပိုင်တစ်ဦးဖြစ်ပါသည်။ သို့ပါလျက် လွှတ်ရုံးတော်မှာ တပည့်ခံတော်စကားပြောစဉ် ကြားဖြတ် ဝင်ပြောကြသော ပုဂ္ဂိုလ်တို့ကို 'ငါပြောနေစဉ် ဝင်မပြောကြနှင့်' ဟု တားသော်လည်း မရခဲ့ပါ။ မြတ်စွာဘုရား သည် ရာပေါင်းများစွာသော တပည့်ပရိသတ်၌ တရားဟောနေသောအခါ ချဆတ်သံ, ချောင်းဟန့်သံမျှ မကြားရပါ။ တခါက-အရှင်မြတ် တရားဟောနေစဉ် ရဟန်းတစ်ပါး ချောင်းဟန့်မိရာ အနားရှိ ရဟန်းတစ်ပါးက ဒူးနှင့် အသာတို့၍ 'အရှင်....တိတ်တိတ်နေပါ၊ အသံမပြုပါနှင့်၊ ဘုရားရှင် တရားဟောနေပါသည်' ဟု သတိပေးသည်ကို တွေ့ခဲ့ဖူးပါသည်။ တုတ်, ခေးလက်နက်မပါဘဲ ဤမျှ ငြိမ်သက်အောင် ဆုံးမနိုင်သည်ကို တပည့်တော် အံ့သြရပါသည်။ ဤမျှလောက် ယဉ်ကျေးပြီးသောပရိသတ်ကို သာသနာတော်၏ ပြင်ပ၌ မတွေ့ရဖူးပါ။ ထို့ကြောင့် ရှင်တော်မြတ်၏ ဘုရားစစ် ဘုရားမှန် ဧကန်ဖြစ်သည်၏အဖြစ်ကို မှန်းဆကြည်ညိုနိုင်ပါသည်" ဟု လျှောက်ထားခဲ့ပါသည် (မဇ္ဈိမပဏ္ဏာသ။ ၃၂၄)။

ထို့ပြင် မာရ်နတ်မင်း အောင်ပွဲ စသော အောင်ခြင်းရှစ်ပါး အောင်ပွဲများ မှာလည်း ဘုရားရှင်၏ အဆုံးအမတော်ကြောင့် ယဉ်ကျေးလိမ္မာပုံ သာဓကများပင် ဖြစ်ပါသည်။

ဤကား- "အနုတ္တရောပုရိသဒမ္မသာရထိ" ဂုဏ်တော်ရှင် ဘုရားသခင်၏ တပည့်ပရိသတ်တို့အား အယဉ်ကျေးဆုံး အလိမ္မာဆုံး ဖြစ်အောင် ဆုံးမနှိပ်ပုံ အတွက် ထင်ရှားသော သာဓကအမြွက်မျှ ဖြစ်ပါသည်။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "အနုတ္တရ"ဂုဏ်တော် တစ်ပါး, "ပုရိသ-ဒမ္မသာရထိ"ဂုဏ်တော် တစ်ပါးဟု နှစ်ပါးခွဲ၍ တနည်းဖွင့်ပြသေး၏။ ယင်းဖွင့်ဆိုချက်အရ ရေတွက်သော် ဘုရားရှင်၏ ဂုဏ်တော်ပေါင်း ဆယ်ပါးဖြစ်၏။ သတိပြု။]

ယခုဘဝမှ စ၍ ပါရမီဖြည့်ဆည်း

ဘုရားရှင်သည် မယဉ်ကျေးသူတို့ကို ဆုံးမတော်မူရာတွင် တုဖက်ကင်းအောင် ဆုံးမတော်မူနိုင်သော်လည်း တွေ့သမျှ မြင်သမျှ သတ္တဝါတိုင်းကို အကျွတ်တရား ရအောင် ဆုံးမတော်မူသည်ကား မဟုတ်ပါ။ အထိုက်အလိုက် တရားထူး ရလောက်သော ပါရမီအခံ ရှိသူကိုသာ ဉာဏ်တော်ဖြင့် ဆင်ခြင် ကြည့်ရှု၍ ဆုံးမမှုပြုတော်မူပါသည်။

ဘုရားရှင်နှင့် တွေ့တိုင်းသာ အကျွတ်တရား ရနိုင်မည် ဆိုပါက ဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းနှင့် မိဖုရားခေါင်ကြီး မလ္လိကာတို့သည် ဘုရားရှင်၏ ကျောင်းဒကာ ကျောင်းအမဖြစ်၍ ဘုရားကို လွန်စွာ ကြည်ညိုကြသဖြင့် တရားကိုလည်း မကြာမကြာ နာရသောကြောင့် ထရားထူးကို ရ၍ ကျွတ်တမ်းဝင်ခဲ့ကြရာ၏။ တရားဆူးကို ရကြသည်ဟု ကျမ်းဂန်တို့၌ အထင်အရှား မတွေ့ရပါ။

ယခုအခါ "ကိုယ်အားထုတ်မှ ကိုယ်ရနိုင်သည်၊ ကိုယ်သည်သာလျှင် ကိုယ်၏ အတွက် ကိုးကွယ်အားထားရာ ဖြစ်သည်"ဟူသော ဘုရားရှင်၏ အဆုံးအမ စကားတော်ကို အလေးအနက်ပြု၍ ဘုရားရှင်နှင့် တွေ့ထိုက်သူ မြင်ထိုက်သူ ဆုံးမထိုက်သူ ကျွတ်ထိုက်သူ ဖြစ်အောင် ပါရမီအကျင့်ထူးတို့ကို ဆည်းပူးအားထုတ်ခြင်း မပြုဘဲ "ဘုရားရှင်နှင့် ခတ္တလျှင် တရားထူး ဧကန်ရလိမ့်မည်, ဣဒ္ဓိရှင်နှင့် တွေ့လျှင် အလိုလို တန်ခိုးကြီးလိမ့်မည်, သိဒ္ဓိရှင်နှင့် တွေ့လျှင် အလိုလို သိဒ္ဓိပြီးလိမ့်မည်"ဟု အတွေးအမြင်မှားကာ ဖြတ်လမ်းနည်း လိုက်လိုသူတွေ များလှသည်။ ဘုရားရှင်၏ ဝါဒသည် ကယ်တင်ရှင်ဝါဒ မဟုတ်သည်ကို သတိပြုသင့်၏။

"ကံမဲ့ဥာဏ်နဲ့၊ မငဲ့လုံ့မလ၊ နတ် မ-မဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုရော့ရဲသည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်း မ၍၊ တောင့်တကြံဆာ၊ မြန်မကြာလျင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏–

ဟူသော "မဃဒေဝလင်္ဂ"နှင့်အညီ၊ ဘုရားရှင်၏ "အနုတ္တရော ပုရိသဒမ္မသာရထိ"ဟူသော ဂုဏ်တော်ကို အာရုံပြု၍ ဆုံးမထိုက်၊ ကျွတ်ထိုက်သော ပါရမီဓာတ်ခံလုံလောက်ပြီးသူဖြစ်အောင် ယခုကာလ ယခုဘဝမှ စ၍ ပါရမီအားလုံးကို သိမ်းကျုံး၍ အကောင်းဆုံး ဖြည့်ဆည်းသင့်ကြပါသည်။

၇။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်

သတ္ထာဒေဝမနုဿာနံ = (သတ္ထာ + ဒေဝမနုဿာနံ။ ဒေဝမနုဿာနံ = လူနတ်ဗြဟ္မာ (သတ္တဝါအားလုံး)ကို၏ + သတ္ထာ = ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်၏ (မျက်မှောက်အကျိုး, တမလွန်ဘဝကျိုး, မြတ်သော နိဗ္ဗာန်အကျိုး သုံးမျိုးတို့ဖြင့်)ထိုက်တန်သလို သွန်သင်ဆုံးမမှုကို ခံယူရရှိ၍ ယဉ်ကျေးလိမ္မာပြီးကြသော လူနတ်ဗြဟ္မာ (သတ္တဝါအားလုံး) တို့သည် ဘုရားရှင်ကိုပင် မိမိတို့၏ ဆရာသခင်ဟု အစဉ်လေးစားအားထားလျက် ရှိကြပါသည်။ ယင်းသို့ လူနတ်ဗြဟ္မာ (သတ္တဝါအားလုံး)တို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့် "သတ္ထာ ဒေဝမနုဿာနံ" ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

၈။ လောကီဆရာနှင့် လောကုတ္တရာဆရာ

ဆရာဟူသည် တပည့်များအပေါ် မေတ္တာကရုဏာထား၍ ပဲ့ပြင်ဆုံးမ၏။ ဥစ္စာအမွေထက် ထူးမြတ်သော ပညာအမွေကိုလည်း သင်ပေး၏။ ယင်းဆရာသည်—

၁။ အသက်မွေးဝမ်းစာကျောင်းပညာမျိုးကို သင်ပေးသော လောကီဆရာနှင့်

၂။ သံသရာဒုက္ခတွေ့ သိမ်း၍ အငြိမ်းသုခ ရစေနိုင်သော ပဉ္စာမျိုးကို သင်ပေးသော လောကုတ္တရာဆရာ–

ဟူ၍ ဆရာနှစ်မျိုးရှိ၏။ ဘုရားရှင်ကား လောကုတ္တရာဆရာမျိုးဖြစ်၏။ အဆိုပါ ဆရာနှစ်မျိုးတို့သည် ဆရာအမျိုးအစားချင်း မတူသကဲ့သို့ သင်ပြပေးသော ပညာချင်းလည်း ခြားနား၏၊ သင်ပြပုံချင်းလည်း ကွဲပြား၏။

ဆရာချင်း မတူ။ ။လောကီဆရာများသည် လာဘ်ပူဇော်သက္ကာရ အကျော်အစောကို လိုလားတတ်ကြ၏။ အသပြာဆရာများရှိတတ်၏။ ကိုယ်ကျိုးကို ကြည့်တတ်၏။ ။လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်ကား – အလောဘဒေါသဘဝ ပါရမီဖြည့်စဉ်ကပင် လာဘ်စသည်ကို မလိုလား၊ တရားကိုသာ အလေးပေးခဲ့၏။ ထီးနန်းစည်းစိမ်တွေ စွန့်ကာ တောထွက်လာသည့် အခါမှ စ၍ မည်သည့်လူဘ်သပ်ပကာ ကျော်စောမှုကိုမျှ အရေးမထားခဲ့၊ ဘုရားအဖြစ်သို့ ရောက်သောအခါ၌ကား ဆိုဖွယ်ရာ မရှိပြီ၊ ဗုဒ္ဓကိစ္စအတွက် လမ်းဆုံးသို့ ရောက်ခဲ့ပြီး ဖြစ်ရာ ကိုယ်ကိုယ်အတွက် လုံးဝ မရှိတော့ပါ၊ သတ္တဝါများအတွက်သာ တသန်ထဲကားဝန်း၍ နေ့မအား ညမအား ကြိုးစားနည်းပြခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ပါတော့သည်။ ဝဒကယ်မေတ္တာရှင် မဟာကရုဏာရှင် ဆရာကြီးဖြစ်ဟော်မူ၏။

ပညာချင်း ခြားနား။ ။လောကီဆရာများထံမှ ရသော ပညာမှာ တစ်သက်စာမျှ တစ်ဘဝမ်းဝခွံအတွက်သာ ဖြစ်၏။ သံသရာဝဋ်ဒုက္ခမှ လွတ်စေနိုင်သည်မဟုတ်၊ ဘဝများစွာက အခါခါ အထပ်ထပ် ရလာခဲ့ဖူး၏။ အသုံးအဆောန်း ပညာမျိုးမဟုတ်။ လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်ကပေးသော ပညာမှာ သံသရာဝဋ်ဒုက္ခတွေ ငြာတ်သိမ်းခြင်း အငြိမ်းသုခကို ရှုစေနိုင်၏။ ဘဝများစွာက တစ်ခါဖူးမျှ မရခဲ့ မကြုံခဲ့သော ပညာမျိုး ဖြစ်၏။ “ဒေဝတိကရွှေအိုး နွားလိုက်တိုင်းတုံး” ဆိုသကဲ့သို့ ယုတ်လျော့မှုမရှိဘဲ အမြဲတိုးနေ၏။ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို တိုးပွားစေ၏။

သင်ပြပုံချင်း ကွဲပြား။ ။လောကီဆရာများကား မိမိထံမှောက် ရောက်လာသော တပည့်များကိုသာ အများအားဖြင့် သင်ကြားကြ၏။ အပြည်ပြည့်အရှာရှာသို့ စေတနာမေတ္တာအလျောက် အနောက်သွားကာ သင်ပြပေးသူဆိုလို့ မရှိသလောက် ရှား၏။ သူတပါး အသာစံရအောင် ကိုယ်အားနာမခံလိုကြ။ လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်ကား မိမိထံမှောက် ရောက်လာသော တပည့်များသာမက အပြည်ပြည့် အရှာရှာသို့ အရောက်ကြွကာ ဟောပြတော်မူ၏။ နေစဉ် နေတိုင်း ကျောက်ဆိုက်သော သတ္တဝါတွေကို ဂရုတစိုက် ကြည့်ရှုတော်မူလေ့ရှိ၏။ ငွေ့လျှင် တွေ့ချင်း ဘယ်လောက်ပင် ဝေးဝေး မည်သည့် နေရာမျိုး မဆို ယုတ်စွအဆုံး အညစ်အကြေး စွန့်ပစ်ရာ လူသူအများ မသွားမလာချင်သော အရပ်မျိုးပင် ဖြစ်ဖြစ် ကြွတော်မူ၏။ ယင်းသို့ ကြွရောက်တိုင်း တရံတခါ တန်ခိုးဖြင့် ကြွ၍ တရံတခါ ခြေကျင်ပင် လျှောက်လှမ်း

တော်မူ၏။ အခွံကျတ်လွတ်နီးသော သတ္တဝါမျိုးဖြစ်လျှင် နီးနီးကပ်ကပ် တယုတယပင် နည်းပေးစောင့်ရှောက်တော်မူ၏။ အခွံကို အဝေးမှပင် ဇရုပ်ပြ၏။ ရောင်ခြည်တော်လွှတ်၍ အားပေး၏။ မိုးလင်းခါနီးအချိန်တို့ ခဏတာမျှ ကျိန်းစက်၍ နွေရော ညဉ့်ပါ သတ္တဝါများကို နည်းလမ်း ညွှန်ပြ ဆုံးမခြင်းဖြင့် လေးဆယ့်ငါးဝါပတ်လုံး အသက်ထက်ဆုံး ကြိုးစား တော်မူ၏။

လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်၏ မည်သည့်မိဘဆရာတို့နှင့်မျှ မတူအောင် ထားရှိတော်မူသော မေတ္တာ, ကရုဏာ, ပညာဖြင့် မနားမနေ ကြိုးစားသင်ပြတော်မူခြင်းတို့မှာ အဘယ်မျှ အားရကြည်ညို ရှိသေလေးစား ဖွယ်ကောင်းလှပါသနည်း။

ဘုရားရှင်သာ တို့ဆရာ

ဘုရားရှင်သည် "လောကဝိဒူ" ဂုဏ်တော်အရ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အာဇ္ဈာန်းဓာတ်ခံအမျိုးမျိုးကို အသေအချာ သိစွမ်းနိုင်သောကြောင့် "အနုတ္တရော ပုရိသဒမ္မသာရထိ" ဂုဏ်ဟော်အရ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေး လိမ္မာအောင် သွေးဆောင်ဆုံးမတော်မူနိုင်ခြင်း ဖြစ်၏။ ဘုရားရှင်၏ အဆုံး အမကို ခံရသူမှန်က အဘယ်မျှ ရိုင်းစိုင်းနေသူဖြစ်စေ ယဉ်ကျေးလိမ္မာကြသူ ချည်းသာ ဖြစ်ကြရသည်။ တဖန် "အနုတ္တရော ပုရိသဒမ္မသာရထိ" ဂုဏ်တော်အရ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်သော ကြောင့်ပင် "သတ္ထာဒေဝမနုဿာနံ=လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာ" ဟူသော ဂုဏ်တော်ကြီးကို ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ– ဘုရားရှင် ကိုယ်တော်တိုင်က ဆရာအခေါ်ခံလို၍ ဆရာလုပ်လာခဲ့သောကြောင့် ဆရာ အဖြစ်သို့ ရောက်လာရသည် မဟုတ်၊ ဘုရားရှင်၏ အဆုံးအမ ခံရ၍ ယဉ်ကျေး လိမ္မာလာကြသော လူနတ်ဗြဟ္မာတို့ ကိုယ်တိုင်က "ဘုရားရှင်သာ တို့ဆရာ, တို့ဟာ ဘုရားရှင်ရဲတပည့်, ဘုရားသားတော်, သမီးတော်" စသောအားဖြင့် မိမိတို့ဆရာဖြစ်ကြောင်း ရဲဝံ့စွာ ထုတ်ဖော်ခဲ့ကြခြင်းကြောင့် "သတ္ထာ ဒေဝ-မနုဿာနံ" ဂုဏ်တော်ကြီးဖြင့် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာအဖြစ် ထွန်းပေါ် လာရခြင်းဖြစ်ပါသည်။ လွန်စွာ တန်ဖိုးကြီးမားလှသော တရားရတနာ ပညာ ရတနာများကို ဆရာစား ငါစားမချန် စေတနာမေတ္တာလွန်ကဲစွာဖြင့် ပေးအပ် ခဲ့သော ဆရာတစ်ဆူကို အဘယ်သူသည် "ငါ့ဆရာ မဟုတ်ပါ" ဟု ကျေးဇူးမဲ့ ဆိုဝံ့ပါမည်နည်း၊ သူထက်ငါ "ဘုရားရှင်သာ တို့ဆရာ" ဟု ရဲဝံ့စွာ ထုတ်ဖော် နေကြဖို့ရှိပါသည်။ ထို့ကြောင့်လည်း ဘုရားရှင်လက်ထက်တော်မှ စ၍ ယနေ့တိုင် "တို့ဆရာ, တို့ဘုရား" ဟု အများက အသိအမှတ်ပြု ပူဇော်နေကြခြင်း ဖြစ်ပါသည်။

တလောကလုံး၏ အကြီးအမှူး ဦးစီးခေါင်းဆောင်

အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော လှည်းကုန်သည်မှူးကြီးသည် ဘေးရန်တွေ့ ရောယှက်၍ အကူးအသန်း အသွားအလာ အလွန်ခက်လှသော ကန္တာရ=ခရီးဆိုးကြီးမှ လွတ်မြောက်၍ ဘေးလွတ်ကင်းရာသို့ ရောက်အောင် နောက်လိုက်အဖော်ငယ်သား လှည်းကုန်သည်များကိုပို့ဆောင်သကဲ့သို့ ဘုရားရှင် သည်လည်း အိုရမှူး,နာရမှူး,သေရမှူး, စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းဆင်းရဲ တကဲ့တပြား ဖြစ်ရမှူ စသော ဘေးဒုက္ခတို့ဖြင့် မရှောင်သာအောင် ဆိုးသွမ်း လှသော သံသရာတည်းဟူသော ကန္တာရကြီးမှ လူနတ်ဗြဟ္မာ သတ္တဝါများကို ကယ်တင်၍ နိဗ္ဗာန်တည်းဟူသော ဘေးလွတ်ရာ ကမ်းတစ်ဖက်ရောက်အောင် ပို့ဆောင်တော်မူရကား လှည်းကုန်သည်မှူးကြီးနှင့် မခြား အလားတူ ဖြစ်တော်မူပါသည်။ ထို့ကြောင့် ဘုရားရှင်ကို ကန္တာရမှ ကယ်တင်စောင့်ရှောက်တတ်သော လှည်းကုန်သည်မှူးကြီး ဦးစီးပမာပြု၍ "ဒေဝမနုဿာနံ=လူနတ်ဗြဟ္မာ သတ္တဝါတို့၏ (ဝါ) တလောကလုံး၏။ သတ္ထာ=ဦးစီးခေါင်းဆောင် လှည်းကုန်သည်မှူးကြီးနှင့် တူတော်မူသော မြတ်စွာဘုရား" ဟု အနက်တစ်မျိုးဖြင့် တိုး၍ ဂုဏ်ပြုခြီးကျူးခဲ့ကြပါသည်။ ခြီးကျူးမကုန် ဂုဏ်တော်စုံတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား မည်သို့သော အနုက် သဒ္ဒါအလင်္ကာတို့ဖြင့် ဖွင့်ဖော်ခြီးကျူးသော်လည်း ကုန်နိုင်ဖွယ်မရှိ မျှားလှဘိတကား။

တရားမြင်မှ ဘုရားမြင်မည်

ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူလျှင် ကျွတ်ထိုက်သူသတ္တဝါများ အသခြေ့ အနန္တ ကျွတ်တမ်းဝင်ကြရ၏။ သို့ဖြစ်ပါလျက် ဘုရားနောက် မပါ,မျက်နှာလွဲ ကျန်ရစ်ခဲ့ရုံမျှမက ယနေ့အထိ ဘုရားရှင်တံ တပည့်မခံဘဲ မျက်နှာလွဲ ကျောပေး နေသူတို့ ဒုနဲ့ဒေးပင် ရှိနေကြပါသေး၏။ ဝမ်းနည်းစရာပင် ဖြစ်တော့သည်။

အချို့ကား "ဘုရားရှင်ဟာ တို့ဆရာ၊ တို့ဟာ ဘုရားရှင်ရဲ့တပည့်" ဟု ဘုရားတပည့်ခံကြပါ၏။ သို့ရာတွင် ဘုရားရှင် ဆုံးမတော်မူသည့် တရားတော် အတိုင်း နာယူကျင့်သုံးရန်ကား ဆန္ဒမရှိကြ။ ဘုရားရှင်၏ အဆုံးအမကို မခံ့ ဘုရားရှင်၏ အဆုံးအမတော်အတိုင်း မကျင့်ကြံလျှင် ဘုရားတပည့်ဟု ဝန်ခံ နေသော်လည်း တပည့်ခံရကျိုးနပ်ဖွယ်မရှိပါ။ လိမ္မာယဉ်ကျေးသူလည်း ဖြစ်မည် မဟုတ်ပါ။ "ဤနေ့ ဤဆရာ, ထိုနေ့ တိုဆရာ" ဖြစ်ကာ မတည်မမြဲ ဆရာ ပြောင်းလဲနေမည်သာ ဖြစ်ပါသည်။

ခန္ဓာကိုယ် ကျန်းမာရန် ဆရာသမားကောင်းထံ အပ်နှံ၍ အကုအသ ခံသော်လည်း ဆရာတို့က်ကျွေးသည့် ဆေးကို စား၍ ဆရာ့စကားကိုလည်း လေးစားလိုက်နာမှ ကျန်းမာမှုသုခ ကောင်းစွာ ရပြီး ဆရာကိုလည်း အစွဲအမြဲ ယုံကြည်လာနိုင်ဖွယ် ရှိသကဲ့သို့ လိမ္မာယဉ်ကျေး၍ ငြိမ်းအေးသည့် သုခစစ် ရဖို့ရန် ဘုရားရှင်၏ အဆုံးအမတော်အတိုင်း လက်ခံ နာယူ၍ ဘုရားအလို တော်ကျအတိုင်း ကျင့်ကြံ အားထုတ်ကြမှသာ ဘုရားတပည့် ခံရကျိုးနပ်ကာ လိမ္မာယဉ်ကျေး၍ တကယ့်ငြိမ်းအေးသည့် သုခကို ရနိုင်ကြပါမည်၊ ဘုရားရှင် ကိုလည်း အခိုင်အမြဲ ယုံကြည်လာဖို့ရှိပါသည်။

"ငါဘုရား ဟောကြားခဲ့သော 'သုတ်, ဝိနည်း, အဘိဓမ္မာ' တရားတော် များသည် ငါဘုရား မရှိသည့်နောက် သင်တို့အတွက် ဆရာဘုရား အဆူဆူ ဖြစ်ရစ်တော်မူလိမ့်မည်" ဟု အာနန္ဒာမထေရ်မြတ်အား ဘုရားရှင် မိန့်ကြားတော် မူခဲ့ရာ ယခုအခါ တရားကိုပင် ဘုရားရှင်အဖြစ် ပို၍ အလေးအမြတ်ထားကာ ကြိုးစားလိုက်နာ ကျင့်ကြံအားထုတ်သင့်ကြပါသည်။ ဘုရားရှင်၏ တရားတော် အရ ကိုယ်တိုင် ကျင့်၍ ချမ်းသာသုခကို ကိုယ်တိုင် ခံစားရပြီး တရားတော်ကို ကောင်းစွာ သိမြင်ကြလျှင် တရားရှင် ဖြစ်သော ဘုရားကို ကိုယ်တိုင်မြင်၍ ကိုယ်တိုင်ချစ်ခင် ဆရာတင်လာကြမည် အမှန်ဖြစ်ပါသည်။ ထို့ကြောင့် "ဘုရားရှင်ဟာ တို့ဆရာ" ဟု ဘုရားရှင်ကို ဆရာတင်ကြသူတိုင်း "သတ္ထာဒေဝ-မနုဿာနံ" ဂုဏ်တော်ကို အာရုံပြုကြည်ညိုကာ တရားရှင် ဖြစ်သော ဘုရားကို ကိုယ်တိုင်မြင်၍ ကိုယ်တိုင်ချစ်ခင် ဆရာတင်နိုင်ကြအောင် ဘုရားရှင်၏ အဆုံးအမ တရားတော်ကို ကိုယ်တိုင် လိုက်နာကျင့်သုံး၍ ချမ်းသာသုခများကို ကိုယ်တိုင် ခံစားပြီး ကိုယ်တိုင် တရားသိမြင်သူဖြစ်အောင် ကြိုးစားသင့်ကြပါသည်။

၈။ ဗုဒ္ဓဂုဏ်တော်

ဗုဒ္ဓ = (ဗုဒ္ဓ = သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတပါးတို့အားလည်းသိစေတော်မူတတ်, ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။)

ဘုရားရှင်သည် သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင် လက်ဦး ပထမ သိမြင်တော်မူပါသည်။ ထို့နောက် ယင်း သစ္စာလေးပါး အမှန်တရား တို့ကို ပညာဉာဏ်ထက်သန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား သိမြင်အောင် ဟောပြတော်မူပါသည်။ ယင်းသို့ သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော် တိုင် သိမြင်ပြီး သူတပါးတို့အား တဆင့်သိမြင်အောင် ဟောပြနိုင်စွမ်းသော သတ္တိကား ဘုရားရှင်၌သာ ရှိတော်မူ၏။ ထို့ကြောင့် ဘုရားရှင်သည် "ဗုဒ္ဓ" ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

[ရှေးက ပြခဲ့သော "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်နှင့် ယခု "ဗုဒ္ဓ" ဂုဏ်တော်တို့သည် အသီဂုဏ်ချင်း တူ၍ ထပ်နေသည်ဟု ထင်ရ၏။ အထူးမှာ- "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်အရ "သစ္စာလေးပါးကို သိသော ဉာဏ်" ကို ယူ၍ "ဗုဒ္ဓ" ဂုဏ်တော်အရ "သဗ္ဗညုတဉာဏ်" ကို ယူရမည်။ (တနည်း) "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိသော "ပဋိဝေဓဉာဏ်တော်" အစုမ်းကို ပြသည်၊ "ဗုဒ္ဓ" ဂုဏ်တော်ဖြင့် သူတပါးတို့အား ဟောကြားသိစေနိုင်သော "ဒေသနာဉာဏ်တော်" အစုမ်းကို ပြသည်ဟု အထူးမှတ်ယူသင့်ကြောင်း ကျမ်းဂန်တို့၌ ဆို၏။]

"ဗုဒ္ဓ" ဟူသော အမည်ကို ရတော်မူခြင်း

ဘုရားရှင်သည် သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတပါးတို့အားလည်း သိစေတော်မူ၏။ ယင်းသို့ ဆိုသဖြင့် အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူ၏ ဟူသော အနက်လည်း အလိုလို ပြီးနိုင်၏။ အကြောင်းကား "စတုသစ္စဝိဒူနံ မုတ္တော ဓမ္မော နာမ နတ္ထိ=သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ" ဟူသော စကားအရ တရားအားလုံး သစ္စာလေးပါး၌ ပါဝင်သည်ချည်း ဖြစ်သောကြောင့်တည်း။

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည် သစ္စာတရားကို မသိဘဲ ဖြစ်သည်ဟူ၍ မရှိ၊ သစ္စာတရား အားလုံးကို သိခြင်းဖြင့်သာ ဖြစ်ကြရပါသည်။ အချို့မှာ သစ္စာလေးပါးကိုသာ သိ၍ အခြားဂုဏ်များကို ရခြင်းမရှိ၊ အချို့မှာ ပဋိသမ္ဘိဒါဉာဏ်နှင့် အဘိညာဉ်, သမာပတ် စသော ဂုဏ်ထူးများကိုလည်း တပါတည်း ရကြ၏။ ဘုရားရှင်ကား-သစ္စာလေးပါးကို သိသော အရဟာတ္တမဂ်ဉာဏ်, အရဟာတ္တဖိုလ်ဉာဏ် ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ရ၏။ ဒသဗလခေါ် အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့်လည်း ပြည့်စုံ၏။ ဘုရားရှင်တို့သာ ရနိုင်သော အသာဓာရဏ (=သူတပါးတို့နှင့် မဆိုင်သော) ဂုဏ်တော်, ဝေသာရဇ္ဇဉာဏ်တော် စသော ဂုဏ်တော်အားလုံးကိုလည်း သိမ်းကျုံးပိုင်ဆိုင်တော်မူ၏။ ဤသို့အားဖြင့် ဘုရားရှင်နှင့် အခြားပုဂ္ဂိုလ်တို့ သစ္စာတရားသိပုံချင်း တူကြသော်လည်း ရအပ်သော ဂုဏ်ချင်းမှာ အလွန် ကွာခြားလှသောကြောင့် "ဗုဒ္ဓ" ဟူသော အမည်တော်ကို အခြားပုဂ္ဂိုလ်တို့ မရနိုင်ဘဲ ဘုရားရှင်သာ ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။

လောကဌ် "ကျောင်းဒါယကာ, ကျောင်းဒါယိကာမ, ဘုရားဒါယကာ, ဘုရားဒါယိကာမ, သူဌေး သူကြွယ်, ပညာရှိ" စသော အမည်မျိုးသည် တမင် မှည့်ပေးထားရသည်မဟုတ်ဘဲ သူဂုဏ်အရ ခေါ်တွင်လာသော အမည်မျိုး ဖြစ်သကဲ့သို့ ဘုရားရှင်၏ "ဗုဒ္ဓ" ဟူသော အမည်သည်လည်း မယ်တော် ခမည်းတော် ဆွေတော် မျိုးတော် စသည်တို့က မှည့်ခေါ်ရသည်မဟုတ်၊ ဗောဓိပင် ရင်း၌ အရဟာတ္တမဂ်ဉာဏ်, အရဟာတ္တဖိုလ်ဉာဏ်နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကြီးကို ရသည်နှင့် တပြိုင်နက် တရားအလုံးစုံကို အကုန် သိခြင်းကြောင့် အလိုလို တွင်လာရသော အမည်တော်ကြီး ဖြစ်ပါသည်။ သူလို ငါလို သစ္စာသိရုံမျှဖြင့် "ဗုဒ္ဓ" ဟု အမည်တွင်လာခြင်း မဟုတ်ပါ (မဟာနိဒ္ဒေသပါဠိ။၃၆၃)။

ထို့ပြင် ဘုရားရှင်သည် မောဟဖြင့် အိပ်ပျော်နေသော လောကသားထဲမှ အရဟာတ္တမဂ်ဖြင့် မောဟကို ဖျက်ဆီး၍ ပထမဆုံး နိုးကြားခဲ့သူဖြစ်ပြီး မနိုးသေးဘဲ ကျန်ရှိသူ သတ္တဝါများကိုပါ နှိုးပေးတော်မူတတ်သောကြောင့် လည်းကောင်း၊ အချိန်သင့် အခါသင့် ပွင့်သော ပန်းကဲ့သို့ လှလေးသင်္ချိန့်ကမ္ဘာ တစ်သိန်းတိုင်အောင် ပါရမီ ဖြည့်ကျင့်ရာမှ ပါရမီရင့်၍ သစ္စာအမြင် ပွင့်ကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သောကြောင့်လည်းကောင်း ဗုဒ္ဓအမည် ရတော်မူ၏ဟု ဖွင့်ဆိုကြသေးသည်။

သစ္စာလေးပါး အမှန်တရား

လောကဌ် မည်သည့်အခါမျှ မမှားနိုင်သော အမြဲမှန်ကန်သော သစ္စာ လေးပါး တရားဟူ၍ ရှိ၏။ ယင်း သစ္စာလေးပါးကား—

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊
(၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာ-

ဟူ၍ ဖြစ်ပါသည်။

(၁) ဒုက္ခသစ္စာ

ဒုက္ခသစ္စာ=(ဒုက္ခ+သစ္စာ။ ဒုက္ခ = ဆင်းရဲခြင်း + ဃစ္စာ = အမှန် တရား။)

ရုပ်အစု နာမ်အစုကို "ခန္ဓာ" ဟု ခေါ်၏၊ ယင်းခန္ဓာသည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်း အမှန်တရားဖြစ်၏၊ ဤခန္ဓာအစုအဝေးကြီး ရှိခြင်းကြောင့် စားဖို့ သောက်ဖို့ ဝတ်ဖို့ နေဖို့ ရှာဖွေလှုပ်ရှားကြရ၏။ အိုရ, နာရ သေရ, ကျရ၏။ အရှာအဖွေအနေ မတရားသဖြင့် အပါယ်လေးပါးသို့ ကျရောက်ကာ ဒုက္ခဆင်းရဲ ခံရ၏။ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းဆင်းရဲရ၏။ ထောင်တန်းကျ၍

အရှက်တကဲ့အကျိုးနည်းလည်း ဖြစ်ကြရ၏၊ အလွန့်အလွန် စီးပွားတွေ့စုဆောင်းပြီးမှ စွန့်ပစ်ထားခဲ့ရ၏။ မခဲ့ချင်ဘဲနှင့် တကဲ့တပြားစီ ကဲ့ကြရ၏။ ချမ်းသာမှာ တခဏ, ဆင်းရဲဆာ ထာဝရ ဖြစ်ရ၏။ လူ့ပြည်ချမ်းသာနှင့်စာက "အလွန် ချမ်းသာသည်"ဟု ဆိုရသော နတ်ပြည်, ဗြဟ္မာ့ပြည်များ ရှိ၏။ ယင်းနတ်ပြည် ဗြဟ္မာ့ပြည်များသို့ ရောက်ဖို့ရန် အားထုတ်ရသော ဒုက္ခ, ရောက်ပြီးနောက် မပျက်စီးချင်ဘဲ ပျက်စီးရသော ဒုက္ခတို့မှာ ချမ်းသာကြီးသလောက် ဆင်းရဲကြီးလှ၏။ ချမ်းသာနှင့် မမျှအောင် ဆင်းရဲခြင်းကပင် ပိုကြသည်။ ယင်းသို့ ဆင်းရဲကောန် စင်စစ်မှန်သောကြောင့် သတ္တဝါအားလုံး၏ ခန္ဓာအစုအဝေးသည် ဒုက္ခတုံး ဒုက္ခဓဲ ဆင်းရဲခြင်းအမှန် "ဒုက္ခသစ္စာ"ချည်းသာ ဖြစ်သည်။ ဤ "ဒုက္ခသစ္စာ"ကို ပိုင်းခြားရှု သိနိုင်အောင် ကြိုးစားသင့်ပါသည်။ ဘုရားရှင်သည် ပိုင်းခြားရှု သိတော်မူခဲ့ပြီး ဖြစ်ပါသည်။

(၂) သမုဒယသစ္စာ

သမုဒယသစ္စာ= (သမုဒယ+သစ္စာ။ သမုဒယ=ဒုက္ခဖြစ်ကြောင်း +သစ္စာ=အမှန်တရား။)

ဒုက္ခ၏ အကြောင်းရင်းအမှန်ကား "တဏှာလောဘ"ခေါ်သော နှစ်သက်ခုံမင် လိုချင်တောင့်တမှုတည်း။ ယခင်ပြခဲ့သော ဒုက္ခဟူသမျှသည် ဤလိုချင်တောင့်တမှုကို အကြောင်းပြု၍ ဖြစ်၏။ ဤ လိုချင် တောင့်တမှုကြောင့် တခါတရံ မတရားပြုမိ၍ ဤလောကဌာပင် မင်းပြစ်မင်းဒဏ် ခံကြရ၏။ နောင်သံသရာဌာလည်း အပါယ်လေးပါးသို့ ကျရောက်လျက် အတိုင်းမသိ ဆင်းရဲဒုက္ခဒဏ်ကို ခံကြရပြန်၏။ သံသရာဝဋ်ဆင်းရဲမှ မလွတ်ဘဲ တဝဲလည်လည် ဒုက္ခပြီး ဒုက္ခ, ဒုက္ခပြီး ဒုက္ခ ကျင်လည်နေရချက်သည် ထိုထိုဘဝကို လိုချင် တောင့်တသော တဏှာလောဘ၏ စနက်သာ ဖြစ်၏။

ယင်း လိုချင် တောင့်တမှုဟူသော "တဏှာလောဘ"သည် တရားဖြင့် မချုပ်တည်း မထိန်းသိမ်းနိုင်သမျှ သူ့အလိုအလျောက် မည်သည့် အခါမျှ နောက်ဆုတ်ရိုး မရှိခဲ့ချေ။ "သံပရာသီးသည် ကြီးလေ ချဉ်လေ" ဖြစ်သကဲ့သို့ လည်းကောင်း၊ "ငယ်စဉ်က ပေါက်သော နွားဦးချိုသည် ကြီးလေ ရှည်လေ" ဖြစ်သကဲ့သို့လည်းကောင်း၊ မီးသည် "လောင်စာများလေ မီးတောက်ကြီးလေ" ဖြစ်သကဲ့သို့လည်းကောင်း ဤတဏှာလောဘ၏ သဘောသည်လည်း ရလေလိုလေ ရဖန်များလေ တဏှာလောဘ တိုးလာလေပင် ဖြစ်ပါသည်။ တဏှာလောဘ ကြီးလာသလောက်လည်း ဒုက္ခ ပို၍ ကြီးကြီးရောက်ရမည်သာ ဖြစ်ပါသည်။

ဤနေရာဘွင် – "လူသားတစ်ယောက်အဖြစ်ဖြင့် တာဝတိ်သာနတ်ပြည်အထိ ကက်ရောက်၍ ပကတိသိကြားမင်းပေါင်း ၃၆-ယောက်ပြောင်းလဲသွားသည်အထိ အသက်တမ်း ရှည်ကြာစွာ တာဝတိ်သာနတ်ပြည်ကို တစ်ဝက်ခဲ့ကာ နတ်စည်းစိမ်ကို ခံစားနေခဲ့ရသော ဘုရားလောင်း မန္ဓာတ်စကြာမင်းကြီး၏ နတ်ပြည်တစ်ဝက်မျှ အုပ်စိုးရရုံဖြင့် တင်းတိမ် ရောင့်ရဲမှု မရှိနိုင်ဘဲ နောက်ထပ် ရောက်ခါစ (၃၇-ယောက်မြောက်)သိကြားမင်းကို သတ်ဖြတ်ပစ်လိုသော အကြံဆိုးပေါ်ခဲ့၍ ထိုနတ်ပြည်မှ (ချက်ချင်း) ကွယ်ပျောက်ကာ လူ့ပြည်သို့ ပြန်ရောက်ပြီး စုတေပဲ့ ဝင်ခဲ့ရဖူးသော ဖြစ်ရပ်"မှာ တကွာလောဘတရား၏ အလို ကြီးမားပုံကို အထူး ခိုင်လုံစေသော သာဓကပင် ဖြစ်ပါသည်။

ဤ"သမုဒယသစ္စာ"ကို အကြွင်းမဲ့ ပယ်နိုင်အောင် ကြိုးစားသင့်ပါသည်။ ဘုရားရှင်သည် အကြွင်းမဲ့ ပယ်တော်မူခဲ့ပြီး ဖြစ်ပါသည်။

(၃) နိရောဓသစ္စာ

နိရောဓသစ္စာ= (နိရောဓ+သစ္စာ။ နိရောဓ=ဒုက္ခ၏ ချုပ်ငြိမ်းရာ+သစ္စာ=အမှန်တရား။)

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ အမှန်တရားကား နိဗ္ဗာန်တည်း၊ ယင်းနိဗ္ဗာန်၏ ဒုက္ခ မရှိပုံ, မည်ကဲ့သို့ ချမ်းသာပုံကိုမူ နိဗ္ဗာန်ကို မြင်နိုင်သော ဉာဏ်ရမှသာ ကျနစ္စာ သိနိုင်ရာ၏။ ခန္ဓာမှန်းသိ အနေအားဖြင့်ကား မစင်အိုးကြီးကို လေးပင်စွာ ထမ်းရွက်ထားရာမှ ပစ်ချလိုက်ရသည့်အတွက် ချမ်းသာ ပေါ့ပါးသွားရပုံ၊ ပြင်းထန်စွာ ခံစားနေရသော ရောဂါဝေဒနာဆိုးမှ အမြစ်ပြတ် ပျောက်ကင်း၍ ချမ်းသာခြင်းသို့ ရောက်ရပုံ၊ မီးတဟုန်းဟုန်း လောင်ကျွမ်းနေသော ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ရောက်၍ မီးဘေးအန္တရာယ်မှ လွတ်မြောက်ရပုံတို့ကို အာရုံပြုခြင်းဖြင့် နိဗ္ဗာန်၏ ချမ်းသာပုံ သဘောသွားကို သိနိုင်ကြောင်း အဘူပြု ဖော်ပြုကြ၏။ စင်စစ် နိဗ္ဗာန်၏ ချမ်းသာသဘောကား လွန်စွာ အေးမြ၏။မည်မျှအထိ အေးမြ၍ မည်မျှအထိ ချမ်းသာသည် ဆိုခြင်း၌ မည်သည့် အရာမျိုးကဲ့သို့ ဖြစ်ပါသည်ဟု အတူသဘောကို အတိအကျ ဖော်ထုတ် တင်ပြရန်ကား လွယ်ကူလှသည် မဟုတ်ပါ၊ လက်တွေ့ သိမြင်၍ လက်တွေ့ခံစားမှုကိုသာ သာဓက ပမာဏအဖြစ် မှုတ်ယူသင့်ပါသည်။

၁။ ဇာတ်အဋ္ဌကထာ ဒု-တဲ့၊ တိကနိပါတ်၊ မန္ဓာတုဇာတ်။ နှာ-၂၈၁။

သောတာပန်အဖြစ်သို့ ရောက်လျှင်ကား– မီးကို ကိုင်ကြည့်၍ လက်တွေ့ ပမှန်းသိသကဲ့သို့ နိဗ္ဗာန်၏ ချမ်းသာမှု အရသာကို လက်တွေ့သိမြင်နိုင်ပါပြီ။ သောတာပန်များသည် ပုထုဇဉ်ဘက်သို့ ပြန်လည် ဆုတ်နစ်ခြင်း မရှိဘဲ ရဟန္တာအဖြစ်သို့ ရောက်အောင်သာ တိုးတက် အားထုတ်ကြသည်မှာ နိဗ္ဗာန်၏ ချမ်းသာမှုအရသာကို ကျနစ္စာ သိမြင်ပြီး ဖြစ်သောကြောင့် ဖြစ်၏။ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံခါနီးမှာလည်း ရုပ်နာမ်အားလုံး ဒုက္ခတုံးကြီးကို နောက်ဆုံး စွန့်ပစ်ရတော့မည် ဖြစ်၍ ကြည်လင် ရှင်ပျတော် မူနိုင်ကြခြင်း ဖြစ်၏။ အကယ်၍သာ ပုထုဇဉ်တို့ အတွေးမျိုးဖြင့် တွေးဆကာ နိဗ္ဗာန်သည် မချမ်းသာဘဲ ပျင်းရိငြီးငွေ့စရာကြီး ဖြစ်နေလျှင် နိဗ္ဗာန်ဝင်ခါနီး၌ မည်သူမျှ ကြည်လင်ရှင်ပျနိုင်ကြမည် မဟုတ်ပါ။ မိမိတို့ ရောက်ရမည့် နိဗ္ဗာန်၏ လွန်စွာ ချမ်းသာပုံကို အာရုံ၌ ရှင်းရှင်းလင်းလင်း သိမြင်ပြီး ဖြစ်သောကြောင့်သာ ကြည်လင်ရှင်ပျတော်မူနိုင်ကြပါသည်။ ဤ၌—

မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန် ဝင်စံခါနီး၌ နတ်ရော လူပါ လွမ်းဆွတ်တသ ငိုပွဲကြီး ကျင်းပကြသော်လည်း မိထွေးတော်ကား အနည်းငယ်မျှ ဝမ်းနည်းခြင်း မရှိဘဲ “သားတော်, သမီးတော်များ.... ဤအခါမျိုးကား ဝမ်းနည်း ပူဆွေး ငိုကြွေးရမည့် အခါ မဟုတ်၊ ဝမ်းမြောက်ရမည့်အခါ ဖြစ်သည်”ဟု–

တရားချလျက် တန်ခိုးပင် ပြခဲ့သေးသည်မှာ နိဗ္ဗာန်၏ ချမ်းသာပုံအတွက် လေးနက်ခိုင်မာလှသော သာဓကပင် ဖြစ်သည်။ ဤနိရောဓသစ္စာကို ဘုရားရှင်သည် ဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုတော်မူခဲ့ပြီး ဖြစ်ပါသည်။

(၄) မဂ္ဂသစ္စာ

မဂ္ဂသစ္စာ=(မဂ္ဂ+သစ္စာ။ မဂ္ဂ=နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်
လမ်းကောင်း+သစ္စာ=အမှန်တရား။)

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ အမှန်တရားဖြစ်သော နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း အကျင့်လမ်းကောင်းတရားကို “မဂ္ဂ=မဂ်”ဟူ၍ ခေါ်ပြီး ယင်း “မဂ္ဂ=မဂ်”၏ အစိတ်အင်္ဂါများကို “မဂ္ဂင်”ဟူ၍ ခေါ်၏။ မဂ္ဂင်တရားကား အရေအတွက်အားဖြင့် ဖော်ပြလတ္တံ့ပါအတိုင်း ရှစ်ပါးရှိပါသည်—

မဂ္ဂင်ရှစ်ပါး

(က) သမ္မာဒိဋ္ဌိ=မှန်ကန်သော အသိအမြင်၊

သတ္တဝါဟူသမျှ တစ်ဦးတစ်ယောက်၏ အလိုကြောင့် (ဝါ) တစ်ဦး တစ်ယောက်က ဖန်ဆင်းသောကြောင့် ကောင်းကျိုး, မကောင်းကျိုး ခံစားရသည် မဟုတ်၊ မိမိ ပြုအပ်သော ကံနှင့် ဉာဏ်, ဝီရိယတို့၏ ကောင်းမှု မကောင်းမှုကြောင့်သာ ကောင်းကျိုး, မကောင်းကျိုး ခံစားကြရသည်ဟု အမှန်အတိုင်း သိမြင်ခြင်း (ကမ္မဿကတာသမ္မာဒိဋ္ဌိ)၊

ဤခန္ဓာသည် ဖြစ်သည့်အတိုင်း မတည်ဘဲ ပျက်၍ ပျက်၍ နေသောကြောင့် မမြဲ၊ မမြဲသော တရားဟူသမျှသည် ဆင်းရဲ၏၊ မြဲလည်း မမြဲ, ဆင်းရဲလည်း ဆင်းရဲ, ပျက်ခြင်းသဘောလည်း ရှိသော တရားသည် အလို မလိုက်, အကြိုက် မပါ, သူငါ မဟုတ်ဟု အမှန်အတိုင်း သိမြင်ခြင်း (ဝိပဿနာသမ္မာဒိဋ္ဌိ)၊

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အမှန်အတိုင်း သိမြင်ခြင်း (လောကုတ္တရာသမ္မာဒိဋ္ဌိ)တို့ ဖြစ်၏။

တရားကိုယ်မှာ ပညာစေတသိက်တည်း။

(ခ) သမ္မာသင်္ကပ္ပ=မှန်ကန်သော အကြံအစည်၊

ကာမဂုဏ်အာရုံမျှားကို မလိုက်စားဘဲ ဒါနပြုမည်, ဥပုသ် စောင့်မည်, တရားအားထုတ်မည် စသောအားဖြင့် ကြံစည် စိတ်ကူးခြင်း (နေက္ခမ္မသင်္ကပ္ပ)၊

သူတပါးတို့အား ဒေါသဖြင့် မကောင်းမကြံဘဲ မေတ္တာဖြင့် ကျန်းမာ ချမ်းသာစေရန် အကောင်းကိုသာ စိတ်ကူး ကြံစည်ခြင်း (အဗျာပါဒသင်္ကပ္ပ)၊

အောက်လက်ငယ်သား ဆင်းရဲသူမျှားအား သနားညှာတာ ကရုဏာဖြင့် ကူညီကယ်မရန် စိတ်ကူးကြံစည်ခြင်း (အဝိဟိံ-သာသင်္ကပ္ပ)တို့ ဖြစ်၏။

တရားကိုယ်မှာ ဝိတက်စေတသိက်တည်း။

(၇) **သမ္မာဝါစာ**=မှန်ကန်သော စကားကို ပြောဆိုခြင်း၊

လိမ်ညာမပြောဘဲ အမှန်ကိုသာ ပြောခြင်း, ရန်ဖြစ်အောင် ကုန်းမတိုက်ဘဲ သင့်မြတ်မှုရှိအောင် ပြောခြင်း, ကြမ်းတမ်း ယုတ်မာ ဆဲဆိုခြင်း မပြုဘဲ နူးညံ့ ပြေပြစ်စွာ ပြောခြင်း, အကျိုးမဲ့ ရယ်စရာ မောစရာမျှ ဖြစ်သော စကားတို့ကို ရှောင်ရှား၍ အကျိုးများသော စကားတို့ကို ပြောဆိုခြင်းတို့ ဖြစ်၏။

(၈) **သမ္မာကမ္မန္တ**=မှန်ကန်သော အမှုကို ပြုခြင်း၊

သူတပါးတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ရှား၍ သူတပါး အသက်ရှည်အောင် အနာရောဂါကင်း၍ ကျန်းမာခြင်း ရှိအောင် ကူညီခြင်း, သူတပါးဥစ္စာကို နှောင့်ယှက်ဖျက်ဆီး ခိုးယူခြင်းမှ ရှောင်ရှား၍ သူတပါး ဥစ္စာ လုံခြုံအောင် စောင့်ရှောက်ပေးမှု လှူဒါန်းပေးကမ်းမှုပြုခြင်း, သူတပါးတို့၏ ကာမကို မတရား ရယူလိုခြင်းမှ ရှောင်ရှား၍ သူတပါးတို့၏ စိတ်ကြည်နူးအောင် တံမြက်လှည်း, လမ်းပြင် စသည်ဖြင့် ကူညီ ဆောင်ရွက်ခြင်းတို့ ဖြစ်၏။

(၉) **သမ္မာအာဇီဝ**=မှန်ကန်သော အသက်မွေးခြင်း၊

တရားသဖြင့် လယ်ယာလုပ်၍, ရောင်းဝယ်ဖောက်ကား၍, လက်မှုပညာ နှုတ်မှုပညာ အဖြာဖြာကိုဖြင့် ရင်းနှီး၍ အသက် မွေးခြင်း၊ အချုပ်အားဖြင့် ငါးပါးသီလ မပျက်အောင် စောင့်ရှောက်၍ အသက်မွေးခြင်းတို့ ဖြစ်၏။

(၁၀) **သမ္မာဝါယာမ**=မှန်ကန်သော အားထုတ်ခြင်း၊

မတရားသဖြင့် ကြိုးပမ်းအားထုတ်ခြင်းမှ ရှောင်ကွင်း၍ တရားသော နည်းလမ်းဖြင့် ကြိုးပမ်းအားထုတ်ခြင်း ပြုရာ၌ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင်, ဖြစ်ပြီးသော အကုသိုလ်ကို နောက်ထပ်မဖြစ် အသစ်မတိုးပွား ပယ်ရှား နိုင်အောင်, မဖြစ်ဖူးသေးသော ကုသိုလ်ကို ဖြစ်အောင်, ဖြစ်ပြီးသော ကုသိုလ်ကို နောက်မဆုတ်ဘဲ တိုးမြှင့်အောင် ကြိုးပမ်းအားထုတ်ခြင်းများ ဖြစ်၏။ တရားကိုယ်မှာ ဝီရိယ စေတသိက်တည်း။

(ဆ) သမ္မာသတိ=မှန်ကန်သော ဆင်ခြင်အောက်မေ့ခြင်း၊

ကုသိုလ်ကောင်းမှုနှင့် ဆိုင်ရာကို အောက်မေ့ခြင်း, အမှတ်ရခြင်း, မိမိတို့၏ မျက်စိ နား စသည်တို့၌ ထင်လာသမျှ အာရုံများကို ရောနှောခြင်း မရှိဘဲ (မြင်သည့်အခါ မြင်စိတ်, ကြားသည့်အခါ ကြားစိတ်ဟု ခဲ့ခြားမှု) ထင်လာသည့်အတိုင်း တစ်မျိုးစီ တစ်မျိုးစီ အကန့်လိုက် အကန့်လိုက် ပိုင်းခြားမှု သိခြင်း၊ တရားကိုယ်မှာ သတိ စေတသိက်တည်း။ ဟင်းလျာအား လုံး တို့၌ ဆားခတ် ခြင်း ကို အလို ရှိ အပ် သ ကဲ့ သို့ လည်းကောင်း၊ မင်းမှုကိစ္စ အားလုံးတို့၌ ကိစ္စအားလုံးကို ဆောင်ရွက်တတ်သော အမတ်ကို အလို ရှိအပ်သကဲ့သို့ လည်းကောင်း အရာအားလုံးတို့၌ သတိကို အလိုရှိအပ်၏။ သတိသည် ပိုသည်ဟူ၍ မရှိ၊ လိုသည်သာ ရှိသည်။

(၄) သမ္မာသမာဓိ=မှန်ကန်သော တည်ကြည်ခြင်း၊

သစ်ရွက်ခြောက်များ ပြာမှုန်များသည် လေတိုက်သောအခါ အငြိမ်မနေဘဲ ပျံလွှင့်သကဲ့သို့ အာရုံထွေပြား ပျံလွှင့်မနေဘဲ ကျောက်ခဲသံခဲသည့် လေတိုက်သော်လည်း မတုန်မလှုပ် မပျံလွှင့်သကဲ့သို့ အာရုံတစ်ခုတည်းမှာ မပျံ့မလွှင့်တည်နေခြင်း, ကမ္မဋ္ဌာန်းအာရုံ၌ ငြိမ်သက် တည်ကြည်နေခြင်း, သမာဓိ ရနေခြင်း, ကောင်းသော စာပေကို ကြည့်ရှုရေးသားရာ၌ သမာဓိ-ရ တည်ကြည်နေခြင်း, ဒါနကိစ္စ သီလကိစ္စ ဘာဝနာကိစ္စ ကုသိုလ်ကောင်းမှုကိစ္စ စသည်ကို ကြံစည်စိတ်ကူးနေရာ၌ သမာဓိ-ရ တည်ကြည်နေခြင်း စသည်တို့ဖြစ်၏။ တရားကိုယ်မှာ ကေဂ္ဂတာ စေတသိက်တည်း။

အထက်တွင် ဖော်ပြခဲ့သော သမ္မာဒိဋ္ဌိ စသော ရှစ်ပါးကို "မဂ္ဂင်မပဋိပဒါ=အလယ်အလတ်ကျင့်စဉ်" ဟု ခေါ်၏။ ဤတရားရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ နှစ်ပါးသည် "ပညာမဂ္ဂင်" ဖြစ်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သုံးပါးသည် "သီလမဂ္ဂင်" ဖြစ်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သုံးပါးသည် "သမာဓိမဂ္ဂင်" ဖြစ်၏။ ပညာမဂ္ဂင် နှစ်ပါးကို ဒေသိဓမ္မာပိဋကဖြင့် အကျယ်ခဲ့ပြသည်။ သီလမဂ္ဂင် သုံးပါးကို ဝိနည်းပိဋကဖြင့် အကျယ်ခဲ့ပြသည်။ သမာဓိမဂ္ဂင် သုံးပါးကို သုတ္တန်ပိဋကဖြင့် အကျယ်ခဲ့ပြသည်။ စင်စစ်

အားဖြင့် မဂ္ဂင်ရှစ်ပါး(မဂ္ဂသစ္စာ)တရားလမ်းစဉ်သည် ပီဋကသုံးပုံကို အနှစ်ထုတ်၍ အချုပ်သဘော ညွှန်ပြထားသော မုဒ္ဓဝါဒသာသနာ့ လမ်းစဉ်တော်ကြီးပင် ဖြစ်သည်။

ဒုက္ခများစွာ သံသရာဝဋ်မှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်လိုသူတို့သည် ဤမဂ္ဂင်တရား ရှစ်ပါးကို မိမိသန္တာန်၌ ထာဝစဉ် ဖြစ်ပွားအောင် ကြိုးစားရမည်။ ယင်းသို့ ကြိုးစားရာ၌ တစ်နေ့ တစ်ရက် တစ်နံနက် တစ်ခဏမျှ ကြိုးစားရမည် မဟုတ်။ စာအရကျက်သူသည် တစ်ခေါက်ကျက်ရုံမျှဖြင့် မရဘဲ အခေါက်ခေါက် အခါခါ ကျက်ရ၏။ ရပြန်ပါလည်း မကျေမချင်း ထပ်၍ ထပ်၍ အံရ၏။ မမေ့မပျောက်အောင် ထပ်၍ ထပ်၍ ပြန်ရ၏။ ထိုမျှလောက် ကျွက်-အံ-ပြန် ကြိုးစားထားမှ ထိုစာနှင့် ဆိုင်သော အကျိုးတရားကို ရနိုင်သကဲ့သို့ ထို့အတူ "မဇ္ဈိမပဋိပဒါ" မဂ္ဂင် ရှစ်ပါးကိုလည်း မိမိ၏ သန္တာန်၌ ပထမ ဖြစ်အောင် ကြိုးစားရမည်။ ထို့နောက် ထပ်၍ ထပ်၍ ဖြစ်အောင် ကြိုးစားရမည်။ ထို့နောက် အသားကျအောင် ကျေနေအောင် ကြိုးစားရမည်။အထွတ်အထိပ်ရောက်အောင် ကြိုးစားလျှင် ဉာဏ်စက္ခုအလင်း ရ၍ "စက္ခုကရဏီ, ဉာဏကရဏီ" ဖြစ်ကာ တသံသရာလုံး၌ မည်သည့်ဘဝ မည်သည့် အခါကမျှ မသိမမြင်ခဲ့ရဖူးသော "သစ္စာလေးပါး အမှန်တရား"ကို ကောင်းစွာ သိမြင်ပြီး ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြု ဆိုက်ရောက်နိုင်ကြပါလိမ့်မည်။ ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဤမဂ္ဂသစ္စာတရားကို တသန်တည်း တဖြောင့်တည်း နောက်မဆုတ်တမ်း ကျင့်ကြံမှုးများတော်မူခဲ့သည်။

ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရယူပါ

ဘုရားရှင်ကို အာရုံပြု၍ ပုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း ပွားများလျက် (ပုတီးစိပ်) နေသောအခါ, အိပ်ရာဝင် အိပ်ရာထ၌ ဘုရားရှင်ကို အာရုံပြု၍ ရှိခိုးဘွန်တော့သောအခါ, ရေတော် ပန်းတော် ဆီမီးတော် ဆွမ်းတော် စသည်ဖြင့် လှူဒါန်း ပူဇော်နေသောအခါ စသည်တို့၌ ထို့သို့ ပြုလုပ်သော ပုဂ္ဂိုလ်၏ စိတ်အစဉ်ဝယ် မဂ္ဂင်ရှစ်ပါး တရားအားလုံး ပါဝင်နေပါသည်။ ထိုမဂ္ဂင်ရှစ်ပါး တရားများကား နိဗ္ဗာန်ကို (မျက်စိဖြင့် မြင်ရသလို) မျက်မှောက်ပြု နိုင်ကြောင်း လမ်းဖြောင့်လမ်းကောင်း အမှန်ပင် ဖြစ်၏။ မှန်သော လမ်းကို မှန်မှန်သွားနေသူသည် "လမ်းဆုံးလျှင် ရှာတွေ့" ဆိုသကဲ့သို့ ထိုလမ်းအဆုံးတွင် နိဗ္ဗာန်ကို ကောင်းစွာ တွေ့နိုင်ကြမည် အမှန်ဖြစ်ပါသည်။

အကယ်၍ တရားမပေါက် နိဗ္ဗာန်ကို မတွေ့မရောက်ရသေးသော်လည်း မိမိစိတ်ကို အလွန်ထူးခြားသော ဘုရားအာရုံ၌ ချထားရသောကြောင့် အမြဲရှင်လန်းသော ပီတိသောမနဿစိတ်, အမြဲ ကြည်လင်သော သဒ္ဓါစိတ်များ ဖြစ်ပွားနေရကား ထိုသူ၏ ရုပ်ဆင်းအင်္ဂါ မျက်နှာပါ ကြည်လင်၍ ကိုယ်ထောစိတ်ပါ ကျန်းမာချမ်းသာခြင်းကို ရနိုင်ကြပါသည်။ "ဗုဒ္ဓ" ဂုဏ်တော်ကို **အာရုံ**ပြု၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရယူသင့်ကြပါသည်။

၉။ ဘဂဝါဂုဏ်တော်

ဘဂဝါ= (ဘဂ+ဝါ။ ဘဂ=ဘုန်း+ဝါ=ရှိတော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်သည် ဘဝမျှားစွာ သံသရာ၌ စွန့်ကြဲပေးကမ်းခြင်း, ကိုယ်ကျင့်သီလကောင်းခြင်း, မေတ္တာတရား ကြီးမားခြင်း, သည်းခံ ခွင့်လွှတ်ခြင်း, တောထွက်၍ တရားကျင့်ခြင်း စသောအားဖြင့် ကုသိုလ်ကောင်းမှုကံ ပါရမီအစုတို့ကို ဖြည့်ကျင်ဆည်းပူးခြင်း ပြုတော်မူခဲ့သည်။ ယင်းသို့ ပြုတော်မူခဲ့သော ကုသိုလ်ကောင်းမှုကံ ပါရမီအစုများကို ရှေးဘုန်းရှေးကံဟု ခေါ်၏။ ထိုရှေးဘုန်းရှေးကံများသည် ဘုရားရှင်၌ အဆုံးအပိုင်းအခြား မထားနိုင်လောက်အောင် များ၏။ မည်ရွေ့မည်မျှဟု အတိုင်းအဆမရှိ။ ဘုရားရှင်သည် အတိုင်းအဆ မရှိ အဆုံးအပိုင်းအခြား မထားနိုင်လောက်အောင် များသော ကုသိုလ်ကောင်းမှုကံ ပါရမီအစုများကြောင့် (သူတကာတို့ထက်) သာလွန် ထူးကဲသော ဘုန်းတော်များကို ရတော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် "ဘဂဝါ"ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်၊ လွန်စွာ ဘုန်းကြီးတော်မူပါသည်။

ဘုန်းတော်ခြောက်ပါး

ဘုရားရှင် ရတော်မူသော (သူတကာတို့ထက်) သာလွန် ထူးကဲသည့် ဘုန်းတော်များသည် အဆုံးမရှိ (=အနန္တ), အတိုင်းအဆမရှိ(=အပရိမာဏ) ဖြစ်သော်လည်း အမျိုးအစားအားဖြင့် ခွဲခြားလျှင်—

(၁) ဣဿရိယ၊ (၂) ဓမ္မ၊ (၃) ယသ၊
(၄) သိရီ၊ (၅) ကာမ၊ (၆) ပယတ္တ–

ဟူ၍ ခြောက်ပါးရှိပါသည်။

(၁) ဣဿရိယဘုန်းတော်

"ဣဿရိယ"ဟူသည် အစိုးရခြင်းတည်း။ "အစိုးရခြင်း"ဟူသည် မိမိအလိုသို့လိုက်ပါစေနိုင်ခြင်းတည်း။ ဘုရားရှင်သည် မိမိ၏ (လောကီ, လောကုတ္တရာ) စိတ်တော်ကို အလိုရှိသော အာရုံ၌ တည်ငြိမ်အောင် နိုင်နင်းစွာ ထားတော်မူနိုင်၏။ စက်ဆုပ်ဖွယ် အာရုံကို စက်ဆုပ်ဖွယ် မရှိသည်၏ အဖြစ်ဖြင့် ရှုမှု ထားနိုင်၏။ စက်ဆုပ်ဖွယ် မရှိသော အာရုံကို စက်ဆုပ်ဖွယ်အဖြစ်ဖြင့် ရှုမှု ထားနိုင်၏။ စက်ဆုပ်ဖွယ်, မစက်ဆုပ်ဖွယ် အာရုံမှန်သမျှကို ဥပေက္ခာပြု လျစ်လျူရှုမှု ထားနိုင်၏။ ယင်းသို့ ဣဋ္ဌ, အနိဋ္ဌ အာရုံအမျိုးမျိုးကို လိုသလို ရှုမှု ထားရန် မိမိ စိတ်တော်ကို လွှန်စွာ အစိုးရတော်မူ၏။ ထို့ပြင် စျာနသမာပတ်, ဖလသမာပတ် ဝင်စားရာတို့၌လည်း စိတ်တော်ကို ညွတ်ကူးမျှဖြင့် ကျွမ်းကျင်လိမ္မာစွာ ပိုင်ပိုင်နိုင်နိုင် ဝင်စားတော်မူနိုင်၏။ ဤသို့ (လောကီ, လောကုတ္တရာ) စိတ်တော်ကို အစိုးရခြင်းသည် "ဣဿရိယ" ဘုန်းတော် ဖြစ်၏။

ဣဿရိယဘုန်းတော် ရှစ်ပါး

လောက၌ ထင်ရှားကျော်ကြားသော လောကီဘုန်းတန်ခိုးခေါ် "လောကီယ ဣဿရိယဘုန်းတော်" ရှစ်ပါးလည်း ရှိ၏။ ယင်းရှစ်ပါးတို့ကား အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) **အဏိမာဘုန်းတော်**=အဏုမြူမှုန်သဖွယ် အလွန်သေးငယ်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်ဖြစ်၏။ အလွန်သေးငယ်သော မှုန်ညင်းစေ့အတွင်း၌ အဏုမြူမျှ သေးငယ်သော ကိုယ်တော်ကို ဖန်ဆင်းကာ ပရိက္ခရာရှစ်ပါးလွယ်လျက် စင်္ကြံကြွတော်မူနိုင်၏။ မှုန်အတွင်း၌ ထင်သော အရိပ်သဖွယ် ဖူးမြင်နိုင်ကြ၏။ လုံးလုံးလျားလျား မမြင်ရအောင်လည်း ကိုယ်တော်ကို ကွယ်ဖျောက်တော်မူနိုင်၏။ ကွယ်ဖျောက်ပုံ သာဓကမှာ– ငါသာ မြဲသည် ငါသာ တန်ခိုးကြီးသည်ဟု အယူသည်းနေသော ဗကဗြဟ္မာကြီးနှင့် တန်ခိုးပြိုင်ဆု၌ ထင်ရှား၏။

(ခ) **မဟိမာဘုန်းတော်** = မြင်းမိုရ်တမျှ (ထိုထက် အလွန်) ကြီးမားအောင် ဖန်ဆင်းနိုင်သော တန်ခိုးတော် ဖြစ်၏။ အလိုတော်ရှိက စကြဝဠာ လောကဓာတ်ကြီး တခုလုံးကိုပင် ဖုံးအုပ်နိုင်လောက်အောင် ကြီးမားသော ကိုယ်တော်မြတ်ကို

သပ္ပါယ်စွာဖန်ဆင်းတော်မူနိုင်၏။ မြင့်ခေါင်ကြီးမားပုံသဏ္ဌာယူဇနာ လေးသောင်းရှစ်ထောင် အမြင့်ရှိသော ဈာပုအသူရိန်နတ်ကြီး "ဘုရားကို ငုံ့ကြည့်ရလိမ့်မည်"ဟု အထင်ရောက်ပြီး ဘုရားရှင်ထံ မလာရောက်ဘဲ နေခဲ့ရာမှ (မအောင့်အီးနိုင်ဘဲ) ဘုရားထံမှောက် ရောက်၍ လာရာ ဘုရားရှင် လျောင်းနေသည့်ကိုပင် အထက်ပိုင်းအဆုံးကို မမြင်နိုင်အောင် ကြီးမားစွာဖန်ဆင်း၍ အဖူးအမြော်ခံရာ၌ ထင်ရှား၏။

(၇) **လဃိမာဘုန်းတော်** = စိတ်၏ လျင်မြန်ခြင်းကဲ့သို့ ခန္ဓာကိုယ်ကို ပေါ့ပါး လျင်မြန်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်ဖြစ်၏။ မြေပြင်မှာကဲ့သို့ ကောင်းကင်မှာ ပေါ့ပါး လျင်မြန်စွာ (စျာန်ပံ့၍) ကြွသွားတော်မူနိုင်၏။

(၈) **ပတ္တိဘုန်းတော်** = ကြွတော်မူလိုရာ အရပ်သို့ ဆီးတားကယ်ကာခြင်း မရှိ, တခဏချင်း ကြွရောက်နိုင်သော တန်ခိုးတော်ဖြစ်၏။ ဘုရားရှင်သည် ချေချွတ်ထိုက်သော သတ္တဝါကို မြင်လျှင် နတ်ပြည် ဗြဟ္မာ့ပြည်၌ပင် ဖြစ်စေကာမူ ထိုသူ၏ အထံသို့ တခဏခု ဲ အရောက်ကြွတော်မူနိုင်၏။ စိတ်သွားရာ ကိုယ်ပါအံလိုတော်ရှိရာသို့ ရောက်တော်မူနိုင်သည်။

(၉) **ပါကမ္မဘုန်းတော်** = အဆင်းအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးကို တခဏချင်း ဖန်ဆင်းတော်မူနိုင်သော တန်ခိုးတော် ဖြစ်၏။ ဘုရားရှင်သည် တခါတရံ အခြားစကြဝဠာတိုက်သို့ ကြွရောက်၍ ထိုဒေသရှိ ဘုရင်မင်းများပုံဟန်ဖြင့် တရားဟောတော်မူသည်။

(၁၀) **ဣဿိတာဘုန်းတော်** = မိမိစိတ်ကိုလည်းကောင်း, သတ္တဝါတို့ကိုလည်းကောင်း မိမိအလိုသို့ လိုက်ပါစေနိုင်အောင် အစိုးရတော်မူသော တန်ခိုးတော်ဖြစ်၏။ ဘုရားရှင်သည် မိမိစိတ်ကိုလည်း နိုင်နင်း၏။ သတ္တဝါတို့ကိုလည်း မိမိအလိုအကြိုက် လိုက်ပါစေနိုင်၏။ လိုသလို ပိုင်စိုးပိုင်နင်း ပြုလုပ်နိုင်၏။

(၁၁) **ဝသိတာဘုန်းတော်** = တန်ခိုး အမျိုးမျိုး ဖန်ဆင်းတော်မူရာ၌ အလွန်ကျွမ်းကျင် နိုင်နင်းတော်မူသော တန်ခိုးတော် ဖြစ်၏။ ဥရဝေလ နဂါးကြီးကို ဆုံးမတော်မူရာ၌ နဂါးကြီးထက် ကြီးမားသော အခိုးလှုတ်ခြင်း, အလျှံ လှုတ်ခြင်း စသည့် အမျိုးမျိုးပြောင်းလဲပြုလုပ်ရာ၌ ဖန်ဆင်းတော်မူခြင်းမျိုးတည်း။

(၈) **ဃတ္ထကာမာဝသာယိတာဘုန်းတော်**= ကိစ္စတခု ပြုစုနေတုန်း ပြီးဆုံးစေချင်သော် တခဏချင်း ပြီးစေနိုင်သော တန်ခိုးတော် ဖြစ်၏။ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာပြတော်မူရာ၌ အထက်ပိုင်းမှ မီးအလုံ့, အောက်ပိုင်းမှ ရေအလျဉ် (တဖန်) အောက်ပိုင်းမှ မီးအလုံ့, အထက်ပိုင်းမှ ရေအလျဉ် တသွင်သွင် ပြောင်းလဲ နေအောင် ဖန်ဆင်းတော်မူခြင်းမျိုးတည်း။

(၂) ဓမ္မဘုန်းတော်

ဝါဃနာနှင့်တကွ ကိလေသာအားလုံးကို ပယ်သတ်နိုင်သော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာတရားတို့ကို "ဓမ္မ"ဟု ဆိုသည်။ ဤတရားများကို ရှုးပါရမီစု ကောင်းမှုတို့ကြောင့် ရလာခြင်းဖြစ်၏။ ဤတရားများကို ရ၍ ဗုဒ္ဓဂုဏ်အင်များကို စုံလင်စွာ ပိုင်စိုးနိုင်ခဲ့သောကြောင့် ဤဓမ္မကိုးပါးသည် ဘုရားရှင်၏ ဘုန်းတော်များပင် ဖြစ်ပါသည်။

(၃) ယသဘုန်းတော်

ကျော်စောခြင်းနှင့် အခြေအရံများခြင်းကို "ယသ"ဟု ဆိုသည်။ ဘုရားရှင်၏ ကျော်စောသတင်းမှာ လူ၌သာမက နတ်ဗြဟ္မာတိုင် ကျော်ကြားလျက် ရှိ၏။ လောက၌ အသိုင်းအဝိုင်း ခဲ့ထွင် ဖန်တီးမှုများဖြင့် မဟုတ်မမှန် လုပ်ကြံ ကျော်စောရသော ကျော်စောမှုမျိုးလည်း ရှိတတ်၏။ ဘုရားရှင်ကား ယင်းကဲ့သို့ သိုင်းဝိုင်းမှု လုပ်ကြံဖန်တီးမှုမပါ အမှန်အတိုင်းသာ ဖြစ်သော ဂုဏ်တော်များ ကြောင့် အလိုလို ထင်ပေါ် ကျော်စောလာရခြင်းဖြစ်၏။ ဘုရားရှင်၌ မှန်ကန်သော တရားများ, အတုမရှိသော ဂုဏ်တော်များ ရှိခြင်းကြောင့် လက်ထက်တော်က တပည့်အခြေအရံများရာတွင် ဘုရားရှင်ထက်သာသော ဆရာတစ်ဦးတစ်ယောက် မျှ မရှိခဲ့ပါ။ မင်းစိုးရာဇာနှင့် ပညာရှိဆိုသော ပဏ္ဍိတ်ဆရာကြီးများပါ ဘုရားရှင်၏ တပည့်များသာ ဖြစ်ကြသည်။ လူတွင်မက နတ်ဗြဟ္မာများအထိ ဖြစ်၏။ နတ်ပြည် ဗြဟ္မာ့ပြည်၌ကား ဘုရားရှင်ထံ တိုက်ရိုက် တပည့်ခံခဲ့သူ နတ်ဗြဟ္မာများ ယနေ့အထိ ရှိနေကြသေး၏။

ဘုရားရှင်၏ ကျော်စောခြင်း ဂုဏ်သတင်းမှာ ရှေးအခါကသာ ပို့ဆို့ကျော် ကြားခဲ့သည် မဟုတ်၊ ယနေ့အထိ ကမ္ဘာလောကဓာတ်၌ ပဲ့တင်ခတ်လျက် ရှိနေသေး၏။ ယင်းသို့ ကျော်စောခြင်း အဆက်မပြတ် ပဲ့တင်ခတ်လျက် ရှိနေခြင်းမှာ ကောန်ဖြောင့်မှန်၍ အနှစ်သာရနှင့် ပြည့်စုံသော ပိဋကတ်ဓမ္မ တရားမှတ်တိုင် ကြီးများရှိနေသောကြောင့် ဖြစ်၏။ ယခုအခါ ကမ္ဘာအရပ်ရပ်က ပညာရှိ များလည်း ရှေးကထက် ပိုမို၍ လက်ခံယုံကြည်လာသည်ကို တွေ့မြင်နိုင်ပါသည်။

(၄) သီရိဘုန်းတော်

ဖူးမြော်၍ မဝန့်ိုင်အောင် လွန်စွာ သပ္ပါယ်သော ကျက်သရေကို "သီရိ"ဟု ဆို၏။ ဘုရားရှင်၏ ကောင်းမှုပါရမီတော်များသည် လေးသခ်ျိန့်ုင် ကမ္ဘာတစ်သိန်း ကာလပတ်လုံး စုဆောင်း ဆည်းပူးတော်မူခဲ့သောကြောင့် ဤရွှေဤမျှ ရှိ၏ဟု ဂဏန်းချလျက် နှိုင်းဆရေတွက်၍ မရလောက်အောင် များပြားလှ၏။ ကမ္ဘာလောက်၌ ရှိရှိသမျှ သတ္တဝါအပေါင်း၏ ကောင်းမှုပါရမီတွေကို စုပေါင်း၍ အဆတစ်ရာ မြှောက်ပွားပြီးလျှင် တစ်ဆူသော ဘုရား၏ ပါရမီကုသိုလ်တော်နှင့် ပြိုင်ယှဉ်သည်ရှိသော် ဘုရားရှင် တစ်ဆူ၏ ကုသိုလ်ကောင်းမှုမျှားကပင် သာလွန်ဖွယ်ရှိပါသည်။

ထိုမျှလောက် များပြားသော ပါရမီ ကုသိုလ်တော်များသည် ဘုရားရှင်၏ ရူပကာယတော် အရပ်ရပ်၌ ယောကျ်ားမြတ်တို့၏ အမှတ်လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်မျှား, မျက်မှောင်တော် နှစ်သွယ် အလယ်တည့်တည့်၌ အထူးလှပ ဖြူဆွတ်လှသော "ဥဏ္ဏလုံ"ခေါ် မွေးရှင်တော်နှင့် တစ်လံမျှလောက် အမြဲထွန်းတောက်လျက်ရှိသော ရောင်ခြည်တော်ဝန်း အမှတ်တံဆိပ်ကို ခပ်နှိပ်လျက် ခန္ဓာကိုယ်အရေးနှင့် စပ်၍ နောက်ထပ် အကျိုးပေးစရာ မကျန်အောင် အစုံမ်းကုန် အဆုံးစွန် အကျိုးပေး ဖန်ဆင်း ထားပါသည်။

ထို့ကြောင့် ဘုရားရှင်၏ တကိုယ်တော်လုံး ရွှေတုံးရွှေနှစ်ပမာ လူနတ် ဗြဟ္မာ မည်သူနှင့်မျှ မယှဉ်သာအောင် အတင့်တယ်ဆုံး အသပ္ပါယ်ဆုံး အယဉ်ကျေးဆုံး ကျက်သရေအရှိဆုံး ဖြစ်တော်မူရပါသည်။ ကျက်သရေအရှင် ဘုရားသခင်ကို ဖူးမြင်ကြသူ လူနတ်ဗြဟ္မာ သတ္တဝါတို့အဖို့ရာ အချိန်သာကုန်၍ ပြန်ကြရသော်လည်း ဖူးမြင်ကျေကား တင်းမတိမ်, အားမရ, ဖူးမဝန့်ိုင်ဘဲ ထပ်တလဲလဲ ဖူးမြင်ချင်ကြဆဲသာ ရှိပါသည်။

ဘုရားရှင်သည် ကြည့်ရှုချင်စဖွယ် သပ္ပါယ်ရုံမျှသာ မဟုတ်၊ ရွတ်ဖုံတော်တွင် ကိလေသာ အညစ်အထေးမျှား ကင်းစင်၍ အလွန်ကြည်လင်ရှင်းပလျက် ရှိ၏။ သတ္တဝါတို့၏ အကျိုးကို လိုလားသော မေတ္တာတော်နှင့် ကရုဏာ, ပညာတော် တို့ပါ ရွတ်ဖုံတော်အဝှင်း၌ ကပ်နေဝပ်စံပယ်တော်မူလျက် ရှိ၏။ ထို့ကြောင့် ဘုရားရှင်၏ မျက်နှာတော်သည် စန္ဒာလမင်းကဲ့သို့ ပဝင်းရှင်ပျ အေးမြတော် မူလှ၏။ ဘုရားရှင်ကို ကြည့်ရှု ဖူးမြင်ရလျှင် အကောင်းစိတ်တွေ တိုးပွား၍ အကျိုးများလှပြီး ကြည့်ရှု ဖူးမြင်သူတို့၏ စိတ်အစဉ်ကိုပါ ကြည်လင်ရွှင်ပျ အေးမြစေနိုင်ပါသည်။ ဘုရားရှင်၏ ကြည်လင် ရွှင်ပျ အေးမြသော ဓာတ်များ

ဖူးမြင်သူအပေါ် ကူးစက်လာခြင်း ဖြစ်ပါသည်။ ဤနေရာဝယ် ရှပ်ပုံတော်ကို ကြည့်ရှုရခြင်းဖြင့် ညစ်ညူးသော စိတ်ကို ကြည်နူးစေခဲ့သော ဗုဒ္ဓဘာသာ မဟုတ်သူ နိုင်ငံခြင်းဆောင်ကြီး တစ်ဦး၏ အကြောင်းကို သာဓကပြုသင့်ပါသည်—

အိန္ဒိယနိုင်ငံ၏ ထင်ရှားသော ခေါင်းဆောင် တစ်ဦး ဖြစ်သော ဝန်ကြီးချုပ် "ပဏ္ဍိတ်နေရူး" သည် ခပ်ရှယ်ရှယ်က ကျန်းမာရေးအတွက် အနားယူရင်း သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ ဇနီးနှင့် အတူသွား၍ ရှေးဟောင်း အဆောက်အအုံများကို လှည့်လည် ကြည့်ရှုခဲ့သည်။ တနေရာ၌ ဘုရားရှင်၏ ပုံတော်ကို ဧတ္တရ အထူး စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ရာ မိမိ တည်းခိုရာသို့ ပြန်ရောက်သော်လည်း ထိုပုံတော်သည် မျက်စိထဲမှ မပျောက်အောင် အာရုံစူး၍ နေပါသတဲ့။ ဤအကြောင်းကို သီဟိုဠ်မိတ်ဆွေတို့အား ပြန်ပြောင်း၍ ပြောပြခဲ့သည်ဟု ဆို၏။

အိန္ဒိယသို့ ပြန်ရောက်ပြီးနောက် နိုင်ငံရေးနှင့် စပ်၍ ထောင်ထဲသို့ ရောက်နေသည့်အခါ၊ မိမိလုပ်လိုရာ မလုပ်ရသဖြင့် စိတ်ညစ်ညစ်ရှိနေခိုက် (အဘိဓမ္မာသဘောအားဖြင့် ဒေါမနဿဖြစ်နေခိုက်မှာ) သီဟိုဠ်ကျွန်းက မိတ်ဆွေထံမှ ယခင်က ကြည့်နူးစွာ ဖူးတွေ့ခဲ့ရသော ဘုရားရှင်၏ ပုံတော်ကို ဓာတ်ပုံရိုက်၍ ပို့လိုက်သောကြောင့် ထိုပုံတော်ကိုပင် စားပွဲပေါ် တင်၍ ဖူးမြင်နေရခြင်းဖြင့် ညစ်ညူးသော စိတ်ကို ကြည်နူးစေခဲ့သည်ဟု သူ၏ အတ္ထုပ္ပတ္တိ၌ ထည့်သွင်းဖော်ပြထားကြောင်း (ဤရှင် ဇနကာဘိဝံသ၏ အနာဂတ်သာသနာရေးကျမ်း၌) ပြဆိုထား၏။

ဤသို့လျှင် သက်တော်ထင်ရှား ဘုရားရှင်ကို မဆိုထားဘိ ဘုရားရှင်၏ ပုံတော်အတုသည်ပင် ပညာရှင်တို့၏ စိတ်ကို ဤမျှလောက်ပင် ကြည်လင်လာစေနိုင်ပေသေး၏။ သက်တော်ထင်ရှား ဘုရားရှင်သည်ကား မည်မျှအထိ ကြည်လင် အေးမြစေလိမ့်မည်ဟု မှန်းဆ၍သာ ကြည်ညို သဒ္ဓါပွားသင့်ကြပါသည်။

(၅) ကာမဘုန်းတော်

လိုလားတောင့်တတော်မူသည့်အတိုင်း ပြည့်စုံခြင်းကို "ကာမဘုန်းတော်" ဟု ဆိုသည်။ ဘုရားရှင်သည် သုမေဓာ ရသေ့ဘဝတုန်းက ဒီပင်္ကရာ မြတ်စွာဘုရား ကဲ့သို့ ဃတ္တာဝါအများကို ချေခွက် ကယ်တင်နိုင်ဖို့ရန် စိတ်ဖြင့် လိုလား တောင့်တတော်မူ၏။ "ဗုဒ္ဓါ ဟောဓေယျာ=ငါသည် တရားထူးကို သိလို့ရှိလျှင်

ဝေနေယျသတ္တဝါတို့ကိုလည်း သိစေမည်”ဟု နှုတ်တော်ဖြင့် တောင့်တတော်မူ၏။ ယင်း တောင့်တချက်အတိုင်း သမ္မာသမ္ဗောဓိဉာဏ် အထုတ်တပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ဘုရားရှင်သည် ကိုယ်ကျိုး ပြည့်ဝချုံဖြင့် တင်းတိမ် ထောင့်ရဲ ရပ်မနေဘဲ မူလတောင့်တချက်အတိုင်း ကိုယ်ကျိုး ပြည့်ဝပြီးနောက် သူတပါးအကျိုးကိုပါ ဆက်လက် ဆောင်ရွက်တော်မူခဲ့ရာ “ဓမ္မစကြာတရား” ဟောတော်မူသော အခါဌ်ပင် တစ်ဆယ့်ရှစ်ကုဋေသော နတ် ဗြဟ္မာတို့ အကျတ်တရား ရ၍ ဆစ္စာလေးပါးကို သိခဲ့ကြပါသည်။ လိုလား တောင့်တတော်မူသည့်အတိုင်း ကိုယ်ကျိုး, သူကျိုး နှစ်မျိုးလုံး အပြီးအဆုံး ပြည့်စုံအောင်မြင်ခြင်းဟို့ ထောက်ခဲ့ပါသည်။

(၆) ပယတ္ထဘုန်းတော်

အထုတ်အထပ်သို့ ရောက်သော လုံ့လဝီရိယတော်ကို “ပယတ္တဘုန်းတော်” ဟု ဆိုသည်။ ဘုရားရှင်၏ လုံ့လဝီရိယတော်မှာ ဘုရားမဖြစ်မီ ဘဝပေါင်း များစွာကပင် သာမန်ပုဂ္ဂိုလ်တို့ လိုက်မမီအောင် ပြောင်မြောက်ခဲ့၏။ ဘုရား ဖြစ်တော်မူလာသောအခါ တရှိန်တည်း တိုးတက်လာသော လုံ့လဝီရိယတော်မှာ အထုတ် အထိပ်သို့ ရောက်တော့သည်။ ဘုရားရှင်သည် နေ့ဝဉ် နေ့စဉ် ကျတ်ထိုက်သော သတ္တဝါတို့ကို ဉာဏ်တော် ဖြန့်၍ ကြည့်တော်မူလေ့ရှိ၏။ ထိုသူသည် အဝေးအရပ်၌ ရှိနေလျှင် အချိန်အားလျော်စွာ တန်ခိုးဖြင့် ကြွ၍ တရားဓမ္မကို ဟောပြကာ တရားထူးကို ရစေတော်မူ၏။ နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီး၌ ဝမ်းတော် လားသဖြင့် အားနည်းတော်မူလျက်ပင် သုဘဒ္ဒ ပရိဗိုဇ်ကို ခွတ်တော်မူလိုသောကြောင့် ကုသိနာရုံမြို့သို့ အထွေထွေ ကြွတော် မူခဲ့၏။ ဘုရားရှင်၏ လုံ့လဝီရိယတော်ကား အံ့မခန်းရှိလှ၏။

ဘုရားရှင်သည် အနားယူနေသည့် အချိန်ဟု ပြောပလောက်စအောင် မရှိ။ သတ္တဝါများအတွက် နေ့စဉ် မနေမနား ကြိုးစား ဟောပြော ချေချွတ်တော် မူလျက် ရှိ၏။ လောကဌ် အများအတွက် ကြိုးစားနေပါသည်ဆိုသူ မည်သူတစ်ဦး တစ်ယောက်မျှ ဘုရားရှင်၏ လုံ့လဝီရိယတော်ကို မမီနိုင်ကြပါ။ ဤလုံ့လ ဝီရိယတော်ကြီးအတွက် တလောကလုံး၏ အားကိုး အားထား ထေးစား မြတ်နိုးမှုကို အတုမဲ့အောင် ဆောင်ယူ ရရှိတော်မူခဲ့ပါသည်။

အဆင်းရော အချင်းပါ ပြည့်စုံပါစေ

ဘုန်းတော်ခြောက်စုံ တန်ခိုးကုံကျော်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသော နောက်ဆုံးဘဝတွင် လွန်စွာ မျှားပြား ကြီးမားလှသည့် ရွှေဘုန်း ရွှေကံများက သူထက်ငါ စုပြုံဝိုင်းအုံ၍ ဆကျိုး

ပေးလာကြသဖြင့် အဘက်ဘက်က ပြည့်စုံတော်မူလေသည်။ ဘုရားရှင်အတွက် ဆေးကို, လောကုတ္တရာ မည်သည့် အရာမျှ လိုလေသေး မရှိ။ ၃၂-ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, ခြောက်သွယ်သော ဆောင်ခြည်တော်တို့ဖြင့် အတုမဲ့ သပ္ပါယ်သော ရူပနိကာယ (အဆင်း) တော်နှင့် ပြည့်စုံ၏။ မြေလျှိုး မိုးပျံ စျာန် အဘိညာဉ် တန်ခိုး အမျိုးမျိုးတို့ကို အစိုးရတော်မူ၏။ ကိလေသာ အညစ်အထေး ကင်းစင်၍ ကြည်လင်သော စိတ်တော်ဖြင့် အစဉ် အေးမြတော်မူ၏။ လောကသုံးဘုံ အလုံးစုံကို လွှမ်းခြုံ ကျော်ကြား ထင်ရှားတော်မူ၏။ အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းကုံလုံ ပြီးစီး ပြည့်စုံတော်မူ၏။ တလောကလုံး ညွတ်ရုံးကိုးစား အားထား ဖို့ရာ လွန်စွာ ကြီးကုတ် အားထုတ်တော်မူ၏။ ဤသို့ ဤပုံ ဘုန်းဂုဏ်တော် အရည်အချင်းတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်ရာဘား ဘုရားရှင်သည် (ရူပနှင့် ဓမ္မ=) အဆင်းရော အချင်းပါ ဘက်စုံ ပြည့်ဝသော "ဘဂဝါ" ဂုဏ်ထူးရှင် အတုမဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပါသည်။ "ဘဂဝါ" ဂုဏ်တော်ကို အာရုံပြု၍ အဆင်းရော အချင်းပါ ဘက်စုံပြည့်အောင် ဖြည့်ကျင့် ဆည်းပူးသင့်ကြပါသည်။

ကမ္ဘာကုန်သော်လည်း မကုန်နိုင်သော ဂုဏ်တော်များ

လူ နတ် ဗြဟ္မာ သတ္တဝါတို့ ဆောင်လွယ်မှတ်လွယ် သိလွယ်ရုံမျှ ဘုရားရှင်၏ ဂုဏ်တော် ကိုးပါးကို အကျဉ်းချုပ် ဖော်ပြထားခြင်း ဖြစ်၏။ ဤဂုဏ်တော် ကိုးပါးသည် ဘုရားကို ကိုးကွယ် ဆည်းကပ်သူဟို့ ဘုရားစစ် ဘုရားမှန် ဟုတ်, မဟုတ် စစ်တမ်းထုတ် ရွေးချယ်မှုအဘုက် မှတ်တင် စစ်ဆေးရန် စံနှုန်းများပင် ဖြစ်၏။ ဘုရားစစ် ဘုရားမှန် ကောန်ဖြစ်က ဤဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံရ၏။ ဂုဏ်တော်ကိုးပါးနှင့် မပြည့်စုံဘဲ ဘုရားစစ် ဘုရားမှန် မဖြစ်နိုင်၊ ဘုရားတုသာ ဖြစ်နိုင်မည်။ ထိုကဲ့သို့သော ဘုရားမျိုးကို ကိုးကွယ်ဆည်းကပ်ခြင်း မပြုမိရန် သတိပြုရမည်။ ကိုးကွယ်မှုရှုံးလျှင် တသံသရာလုံး မှောက်နိုင်သည်။

စင်စစ် ဘုရားရှင်၏ ဂုဏ်တော်တို့ကား ဤကိုးပါးသာတည်း၊ ဤထက် မပိုဟု ဆိုဖွယ်မရှိပါ။ လေးသခေါ်နှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီဖြည့်ခဲ့သော ဘုရားရှင်, ဂင်္ဂါဝါဠ၊ သဲစုမက ပါရမီဖြည့်ခဲ့သောဘုရားရှင်, ကုသိုလ်ကောင်းမှုနှင့် စပ်၍ မပြုဖူးသော ဘဝ, မပြုဖူးသော ကုသိုလ်ကောင်းမှုဟူ၍ မရှိအောင် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ဘုရားရှင်တို့၏ ဂုဏ်တော်တို့သည် ဤရွေ ဤမျှ ဂဏန်းချ၍ မရေတွက်သာအောင် အဆုံးအစမရှိ များလှ၏။ ဘုရားရှင်တို့၏ ဂုဏ်တော်အထု များမှုနှင့် ပတ်သက်၍ ကျမ်းဂန်တို့၌ မိန့်ဆိုကြသည်မှာ——

ကြွင်းမဲ့ဥဿုံ အသုံးစုံသော ဘုရားဂုဏ်တော်များကို မဆိုထားဘိ တစ်ခုတည်းသော "အရဟံ" ဂုဏ်တော်သည်ပင် အကျယ်ဖွင့်ခဲ့သော် ပိဋကသုံးပုံထက် များဖွယ်ရာ ရှိ၏။

တစ်ဆူသောဘုရားက တစ်ဆူသောဘုရား၏ "အရဟံ" ဂုဏ်တော်ကို အခြား စကားကို မပြောဘဲ တကမ္ဘာပတ်လုံး ကုန်ဆုံးအောင် ချီးတျူး ထုတ်ဖော် ပြောဆိုတော်မူသည့် တိုင်အောင် ကမ္ဘာကာသာ ကုန်ဖွယ်ရာ ရှိ၏။ ဘုရားရှင်၏ "အရဟံ" ဂုဏ်တော်ကား ကုန်ဖွယ်ရာမရှိ–

ဟူ၍ ဖြစ်၏။ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကား အနန္တ, အပရိမာဏ =အဆုံးအစ မရှိ, အတိုင်းအတာ မရှိ မရေမတွက်နိုင်အောင် များလှသည်။ ဂုဏ်တော်များကို ပွားများရာတွင် အဆုံးအစမရှိ,အတိုင်းအတာမရှိ မရေမတွက်နိုင်အောင် အောက်မေ့ ဆင်ခြင် ပွားများနေရမည်သာ ဖြစ်ပါသတည်း။

လက်တွေ့ဂုဏ်တော်ပွားနည်း

ဘုရားရှင်၏ ဂုဏ်တော်များကို အောက်မေ့ ဆင်ခြင် ပွားများခြင်းသည် "ဗုဒ္ဓါနုဿတိဘာဝနာ, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း" တရား ရှုပွားခြင်းပင် ဖြစ်၏။ "ဗုဒ္ဓါနုဿတိဘာဝနာ, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း" နည်းဖြင့် ဘုရားရှင်၏ "အရဟံ" အစရှိသော ဂုဏ်တော်များကို စနစ်တကျ လက်တွေ့ အာရုံပြု ပွားများလို ကြသော အမျိုးသား အမျိုးသမီးတို့သည် ရှေးဦးစွာ "အရဟံ" အစရှိသော ဂုဏ်တော်များကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် အရကျက် နှုတ်တက်ဆောင် ပြီးလျှင် ဂုဏ်တော်ဖွင့်များကို သဘောပေါက် မှတ်မိနေအောင် အထပ်ထပ် လေ့လာထားရမည်။ ထို့နောက် အောက်ပါ အစီအစဉ်အတိုင်း အောက်မေ့ ဆင်ခြင်ပွားများခြင်းကို ပြုရမည်—

၁။ နေရာရွေးချယ်ခြင်း။ ။ဆိတ်ငြိမ်တိတ်ဆိတ်သော နေရာကို ရွေးချယ်ရမည်။ မိမိအိမ်မှာ ဖြစ်လျှင် အားလုံးတိတ်ဆိတ်သော အခါ ဖြစ်စေရမည်။ ရုပ်ပွားစေတီတော် အနီးအပါးဖြစ်လျှင်လည်း ပဲ့လမ်းသဘင် အခါမျိုး မဟုတ်ဘဲ ဆိတ်ငြိမ်သောအခါမျိုး ဖြစ်စေရမည်။ (ဂုဏ်တော် ပွားမှု ကမ္မဋ္ဌာန်းအလုပ်သည် ပဓာနအားဖြင့် စိတ်အလုပ် ဖြစ်၏။ ရဟန်းရှင်လူတွေ့ များသော နေရာ, စကားပြောသံ, စာအံသံ, အာသံခွဲ စက်သံ စသည့် ဆူညံသော နေရာကိုသည် ကမ္မဋ္ဌာန်းအလုပ်ကို များစွာ အနှောင့်အယှက် ဖြစ်ပွားစေတတ်၍ ရှောင်ရှားရသည်။)

၂။ **သီဆစ်ယူဆောက်တည်ခြင်း။** ။၅-ပါးဖြစ်စေ, ၈-ပါးဖြစ်စေ, ၁၀-ပါးဖြစ်စေ သီလများကို ဆောက်တည်၍ အထူးလုံခြုံစွာ စောင့်ထိန်းရမည်။ (ယင်းသို့ ပြုလုပ်ခြင်းသည် ကိုယ်ခံဓာတ်များ စင်ကြယ်သန့်ရှင်းမှု ရှိအောင် သီလဖြင့် ဆေးကြောထားခြင်းဖြစ်၏။ သီလကို အခြေခံသော သမာဓိသည် ပို၍ အစွမ်းထက်မြက်သည်။)

၃။ **ခန္ဓာကိုယ် လှူဒါန်းခြင်း။** ။သီလဖြင့် ဆေးကြော ထားသော မိမိ ခန္ဓာကိုယ်ကို "တပည့်တော်သည် ဤခန္ဓာကိုယ်ကို ဘုရားရှင်အား စွန့်လှူအပ်နှင်းပါသည် ဘုရား" ဟု ဆို၍ ဘုရားရှင်အား လှူဒါန်း ရမည်။ (ယင်းသို့ လှူဒါန်းခြင်းဖြင့် ခန္ဓာကိုယ်သည် ဘုရားပိုင် ဘုရားပစ္စည်းဖြစ်၍ မည်သည့် ဘေးရန်ကမျှ မဖျက်ဆီးနိုင်တော့ပါ။ ထို့ပြင် အနိစ္စ ခန္ဓာကိုယ်ကြီးဖြစ်၍ ဂုဏ်တော်ပုဗ္ဗဝေးများနေခိုက် ပျက်စီး သွားရစေကာမူ ဘုရားအား စွန့်လှူပြီး ဖြစ်၍ ကိုယ်ပိုင် ကိုယ်ဆိုင် မဟုတ်တော့သောကြောင့် "ငါ့ခန္ဓာ" အဖြစ် စွဲလမ်း တွယ်တာခြင်း ကင်းနိုင်ကြပါသည်။)

၄။ **ထိုင်ခြင်း။** ။အမျိုးသားဖြစ်က တင်ပျဉ်ခွေထိုင်ရမည်၊ အမျိုးသမီး ဖြစ်က မိမိတို့ထိုင်နေကျအတိုင်း (တစ်ဝက် တင်ပျဉ်ခွေဖြင့်)ထိုင်ရမည်။ ထိုင်သောအခါ ခါးအထက်ပိုင်းကို ဖြောင့်ဖြောင့်မတ်မတ် (စန့်စန့်) ထားရမည်။ (ခါးကို ကုန်းကုန်း ကွေးကွေး ထားလျှင် ကျောရိုး အဆက်များထိ၍ ထပ်၍ နေသည့်အတွက် ကြာကြာမထိုင်နိုင်ဘဲ ဝေဒနာ အမျိုးမျိုး ဖြစ်လာတတ်သည်။ ကမ္မဋ္ဌာန်း အလုပ်၌ သမာဓိ ရမှုသည် ပဓာနဖြစ်သောကြောင့် မေတ္တာသုတ်တော်လာနည်းအတိုင်း ရပ်, သွား, ထိုင်, လျောင်း ဤရိယာပုထ်များကို လိုအပ်သလို ပြောင်းလျှိလည်း သက်သာသလို နေထိုင် အားထုတ်နိုင်သည်။ ဂုဏ်တော်အာရုံ ပျောက်မသွားအောင်ကား သတိပြုရမည်။)

၅။ **အဓိဋ္ဌာန်ခြင်း။** ။ဂုဏ်တော်များကို ပုဒ်းများထုတွင် အချိန်နှင့် ရက်ကို ကိုယ်တတ်နိုင်သမျှ သတ်မှတ်၍ တစ်နေ့လျှင် ၁၀-မိနစ်, ၁၅-မိနစ်ခန့် စသည် (မည်သည့်အချိန်မှ မည်သည့်အချိန်အထိ) ပုဒ်းမည်ဟု နှုတ်မဂ္ဂိုလ်ဉာဉ် စိတ်ဇဂ္ဂိုလ်ဉာဉ် အဓိဋ္ဌာန်ထားပြီး စွဲစွဲမြဲမြဲ ဇွဲကောင်းကောင်း ဖြင့် ရွတ်ဖတ်ဆင်ခြင်ရမည်။ တော်ရုံနှင့် မပျက်စေရ။ ဤနေထုဝယ် စိုးညွှင်း ထေဘရ ဆရာတော်ဘုရားကြီး၏ အားထုတ်ဆောင်ရွက်ချက်ကို အတုယူ သင့်ပါသည်—

ဆရာတော်သည် မိုးညှင်းတိုက် ရောက်စ ဘုရားအို ဘုရားပျက်များအနီး၌ နေဝင်ရီတရောတွင် ဆောင့်ကြောင့်ထိုင်၍ ဘုရားရှိခိုးနေခိုက် နောက်မှ မြွေပွေးကြီးတစ်ကောင် တရှုးရှုးနှင့် မာန်ဖီနေသံကြားရ၏။ ဆရာတော်က လှည့်မကြည့်။

ထိုမြွေပွေးကြီးသည် မကြာမီ ဆရာတော်၏ ဆောင့်ကြောင့်ထိုင်ရာ တင်ပါးအောက်မှ ရှေ့သို့ ထွက်လာ၏။ ဆရာတော်က ဝတ်တက် မပျက်။

နောက် ဆရာတော် ဝတ်ပြုနေသော ရွှေရှိ ကျောက်ဆင်းတုကိုယ်တော်ကြီး၏ ခေါင်းပေါ်မှ နေ၍ လှမ်းပြီး ရန်လုပ်နေ၏။ ဆရာတော်ကား သူ့အလုပ်မပျက်။ ဤမျှအထိ အသက်စွန့်ကြိုးစား ခဲ့၍ မိုးညှင်းဆရာတော်ကြီးအဖြစ်သို့ ရောက်လာခဲ့ပါသည်။

၆။ ဂုဏ်တော်ပါးများခြင်း။ ။"အရဟံ"အစရှိသော ဂုဏ်တော်များကို ကြိုတင် ကျက်မှတ် လေ့လာထားသည့် အတိုင်း တိုးတိုး သာသာ (တကိုယ်ကြားမျှ) မနှေးမမြန် နှုတ်မြွက်ရွတ်ဆို၍ ဖြစ်စေ, ဖြစ်နိုင်လျှင် စိတ်ထဲကသာ ပြန်လှန်ရွတ်ဆို၍ ဖြစ်စေ စဉ်းစားဆင်ခြင်ရမည်။ ယင်းသို့ အထပ်ထပ် အခါခါ ဆင်ခြင်စဉ်းစား ပွားများနေခြင်းကိုပင် ဂုဏ်တော်ပွားသည်, ရှုသည်, အောက်မေ့သည်, ဆင်ခြင်သည်, အားထုတ်သည်ဟု ဆို၏။

(က) ရှုပွားစဉ် အခြား "အဆင်း, အသံ, အနံ့"စသော အာရုံများကို စိတ်ထဲ၌ ထင်မလာအောင် ဖယ်ရှားရမည်။ မြင်ရ, ကြားရသော် မြင်ကာမတ္တ, ကြားကာမတ္တဖြင့် စိတ်ကို ရပ်စေ၍ ရှေတိုးပြီး မစဉ်းစားဘဲ စောင့်စည်းထားရမည်။

(ခ) ဘုရားရှပ်တု, ရှပ်ပွား, စေတီအာရုံများ ထင်လာတတ်၏။ ရောင်ခြည်တော် ဓာတ်သွယ်နှင့် ဘုရားအာရုံလည်း ထင်လာတတ်၏။ ထိုအာရုံများ ထင်လာရာ၌ အတိုက္ကုဋ္ဌာရုံ နိမိတ်ကောင်းဖြစ်သောကြောင့် အကျိုး မနည်းလှပါ။ ဇရသာ နိမိတ်ကို ဖျက်မပစ်ဘဲ ထိုအာရုံမှ တဆင့် ထက်၍ ဂုဏ်တော်သို့ ထိဆိုက်အောင် သမာဓိစိုက်ပြီး ဆက်လက်၍ ဆင်ခြင်ပွားများရမည်။

(၈) ရွှေဥဒေါင်းပဏာမ သမာဓိ မရသေးမီ ဂုဏ်တော်တစ်ပါးတည်းကိုသာ စွဲမြဲ အထပ်ထပ် ဆင်ခြင် ပွားများသည့်အတွက် စိတ်အနေ ကျဉ်းလွှက် ပျင်းရိ ငြီးငွေ့ ပျံ့လွင့်မှု ရှိနေလျှင် ဂုဏ်တော် ကိုးပါးကို ပြောင်းကာ လှည့်ကာ အာရုံပြု ပွားများနိုင်သည်။ ထိုအခါ "သာယာကျယ်ဝန်း၍ ပန်းမျိုးစုံသော ပန်းဥယျာဉ် ကြီးတွင် ပျော်ပြီးရင်း ပျော်ရင်း ဖြစ်လာနိုင်သကဲ့သို့ ဂုဏ်တော် ပွားသူတို့၏ စိတ်ဓာတ်များလည်း လွှန်လွှန် လူးလူး မပြတ်ကြည်နူး၍ အထူးအားရကာ မကြာမီ သမာဓိ ရလာပြီး ကြက်သီးမွေးညင်း ထလောက်အောင် နှစ်သက် ဝမ်းမြောက်မှု ပီတိတရားများ ဖြစ်ပွားလာပါမည်။ ဉာဏ်ဝိရိယ အခြေအနေလိုက်၍ အနှေးအမြန်ကား မတူနိုင်ကြပါ။

၇။ လက္ခဏာတင်၍ ဆင်ခြင်ခြင်း။ ။နှစ်သက် ဝမ်းမြောက်မှု ပီတိ ဖြစ်လာလျှင် ယင်းပီတိကို "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု လက္ခဏာယာဉ် တင်၍ ရှုဆင်ခြင်ပါ။ ပီတိ မဖြစ်လျှင်လည်း ဘုရားဂုဏ်ကို အာရုံ ပြုသော မိမိစိတ်အစဉ်၏ မမြဲပုံကိုပင် သတိဖြင့် စိုက်၍ "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု လက္ခဏာယာဉ် တင်ပြီး ရှုဆင်ခြင်ပါ။ အဆင့်ဆင့် အဆက်ဆက် ဉာဏ်စဉ်တက်ကာ ဤဘဝမှာပင် နိဗ္ဗာန်သို့ ကောင်းစွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါသည်။

အကယ်၍ လက္ခဏာယာဉ် တင်၍ မဆင်ခြင်လိုလျှင် ကမ္မဋ္ဌာန်း လမ်းဖြောင့်အောင် စွယ်စုံအကျိုးရသော "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်းခေါ် "မေတ္တာ, အသုဘ, မရဏာနုဿတိ" ဘာဝနာများကိုပါ ကြိုးကြား ကြိုးကြား ညွှတ်၍ မပြတ် မလပ် သတိ ကပ်ကာ ရှုမှတ် ပွားများ သင့်ပါသည်။ သို့မှသာ ကမ္မဋ္ဌာန်း လမ်းဖြောင့်၍ လိုအပ်သော အကျိုးများ ပြီးစီးနိုင်ကြပါမည်။ သို့မဟုတ်က ကမ္မဋ္ဌာန်း လမ်းချော် သွားတတ်သည်။

အကယ်၍ လက္ခဏာယာဉ် တင်၍ မဆင်ခြင်လိုလျှင် ကမ္မဋ္ဌာန်း လမ်းဖြောင့်အောင် စွယ်စုံအကျိုးရသော "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်းခေါ် "မေတ္တာ, အသုဘ, မရဏာနုဿတိ" ဘာဝနာများကိုပါ ကြိုးကြား ကြိုးကြား ညွှတ်၍ မပြတ် မလပ် သတိ ကပ်ကာ ရှုမှတ် ပွားများ သင့်ပါသည်။ သို့မှသာ ကမ္မဋ္ဌာန်း လမ်းဖြောင့်၍ လိုအပ်သော အကျိုးများ ပြီးစီးနိုင်ကြပါမည်။ သို့မဟုတ်က ကမ္မဋ္ဌာန်း လမ်းချော် သွားတတ်သည်။

- ဘာဝနာလေးပါးတွင် "ဗုဒ္ဓါနုဿတိဘာဝနာ"ဖြင့် ဘုရားရှင် အပေါ် လေးစားကြည်ညိုမှု သဒ္ဓါတရား အဖြစ်များလာမည်။ သဒ္ဓါ လွှန်၍ တဏှာဘက်သို့ ကျဆုံးမသွားစေရန် "အသုဘ ဘာဝနာ"က တားဆီးပေးနိုင်သည်။

– တဖန် "အသုဘဘာဝနာ" ကြောင့် စိတ်ညှိုးငယ်မှုအဖြစ်များလာပြန်သောအခါ "ဗုဒ္ဓါနုဿတိဘာဝနာ" ဟက်သို့ ပြန်ပြောင်း၍ စိတ်ဓာတ်များ ရှင်လန်း အားတက် လာအောင် အားသစ်လောင်းရသည်။

– ဘာဝနာပွားများမှုအဟုက် အနှောင့်အယှက် အကန့်အကွက် အန္တရာယ် မရှိစေရန်နှင့် ဒေါသ, သောက အပူမီးများငြိမ်းအေးစေရန် "မေတ္တာဘာဝနာ" ကိုလည်း ပွားဖို့ လိုအပ်သည်။

– ယင်း "မေတ္တာဘာဝနာ" သည် သတ္တဝါပညတ်ကို အာရုံပြုရသောကြောင့် အတ္တဒိဋ္ဌိ (အမှားစွဲ)နှင့် နီးစပ်လျက် ရှိပြန်ထို့ထိုအမှားစွဲများ မကပ်ရောက်ဘဲ ဝိပဿနာသို့ အလွယ်တကူ ကူးမြောက်နိုင်စေရန် "မရဏာနုဿတိဘာဝနာ" ကို ပွားခြင်းဖြင့် လမ်းဖြောင့်စေရမည်။

"မရဏာနုဿတိဘာဝနာ" ဖြင့် ခိုင်မာသောသဘော မရှိသော ပရမတ္ထမမှ အသိမှန် ဉာဏ်ပညာကို ရစေနိုင်သော်လည်း ဉာဏ်အမြင်ကဲ၍ သဒ္ဓါမဲ့မှု မရှိစေရန် "ဗုဒ္ဓါနုဿတိဘာဝနာ" က သဒ္ဓါကို ကောင်းစွာ ထက်သန်စေနိုင်သည်။ ဤဘာဝနာလေးပါးကို "စတုရာရက္ခ = အစောင့်အရှောက်လေးပါး" ဟု ကျမ်းဂန်တို်၌ ပြဆိုထားကြ၏။

၈။ နှေစဉ်မှန်မှန် အားထုတ်ခြင်း။ ။ဂုဏ်တော် ပွားရာတွင် အားလျော့ဆုတ်နစ် ပျင်းရိ ငြီးငွေ့ခြင်း မရှိစေဘဲ လုံ့လဝီရိယကို အရှိန်အဟုန်မြှင့်ကာ နှေစဉ်မှန်မှန် ပွားများ အားထုတ်ရမည်။ ဤနေရာဝယ် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ကြီး၏ မိန့်မှာတော်မူချက်ကို အလေးအနက် ထား၍ လိုက်နာသင့်ပါသည်။

ထမင်းကို မှန်မှန်စားသလို ကမ္မဋ္ဌာန်းကိုလည်း မှန်မှန်ကြိုးစားရသည်။ ထမင်းစားချင်၍ စားသော်လည်း မြိန်ချင်မှ မြိန်မည်။ မစားချင်ဘဲ စားချိန်ကျ၍ စားရစေကာမူ စားရင်း စားရင်း မြိန်လာတတ်သည်။ ထို့အတူ စိတ်အားထက်သန်စွာဖြင့် အားထုတ်သော်လည်း အာရုံထင်ချင်မှ ထင်သည်။ စိတ်မထက်သန်ဘဲ အခြိန်ကျလို့ အားထုတ်သောအခါ အရသာရှိရှိ ပီတိဖြစ်လောက်အောင် အာရုံ ဆင်လာတတ်သည်။

[ကုထူးပူးခြင်း, ဘုရားရှိခိုးခြင်း, ဘုရားဝတ်တက်ခြင်း, ဘုရားအဓေနကဇာတင်ခြင်း စသည်တို့မှာလည်း "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း"ပင် ဖြစ်၏။ အနုအရင့်မျှသာ ခြားနား၏။ အာရုံထားနည်း, ယူနည်း တိကျမှန်ကန်ဖို့ အထူးလိုအပ်၏။]

အတုမရှိသော ဘာဝနာ

ဘုရားရှင်၏ ဂုဏ်တော်များကို အလေးဂရုပြု၍ အောက်မေ့ဆင်ခြင်ပွားများခြင်းသည် "ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဘာဝနာ"ပင် ဖြစ်၏။ ယင်းဘာဝနာသည် ဘာဝနာကမ္မဋ္ဌာန်းအားလုံးတွင် အထူးခြားဆုံးသော အတုမရှိသည့် ဘာဝနာတစ်မျိုးဖြစ်၏။

မှန်၏။ ဘာဝနာကမ္မဋ္ဌာန်း လေးဆယ်ရှိရာတွင် ကြွင်းသုံးဆယ့်ကိုးပါးသော ဘာဝနာတို့သည် အားထုတ်ဆဲ ဘဝ၌ စျာန်, မဂ် အပွနာသို့ တက်ခြင်း, ကိလေသာလောကဓံကို သည်းခံနိုင်ခြင်းမှတပါး သံသရာ၌ ဆန်ကြယ်ကြီးမြတ်လိုအပ်သော အကျိုးကို မဖေးနိုင်၊ "ဗုဒ္ဓါနုဿတိဘာဝနာ"ကသာ လောကီဘက်, လောကုတ္တရာဘက် နှစ်ဘက်လုံးတွင် ထက်မြက်ပွားတိုး ဆန်းကြယ်ကြီးမြတ်လိုအပ်သော အကျိုးအမြှုံးမြှုံးတို့ကို ပေးစွမ်းနိုင်ပါသည်။

ထို့ပြင် ဒါန, သီလ စသော အမြှုံးမြှုံးသော ကုသိုလ်တို့၏ ထက်မြက်ကြီးမားသော အကျိုးကို ပေးစွမ်းနိုင်ခြင်း၌လည်း ဘုရားရှင်၏ ဂုဏ်တော်ကို ယုံကြည်သိမြင် ဆင်ခြင်အောက်မေ့နိုင်သော "ဗုဒ္ဓါနုဿတိဘာဝနာ"အရင်းခံရှိမှသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ထေရုပဒါန်ပါဠိတော်၌ "ဗုဒ္ဓါနုဿတိဘာဝနာ"ကို "ဘာဝနာအပေါင်းတို့တွင် အတုမရှိ လွန်ကဲ ထူးမြတ်သော ဘာဝနာဖြစ်၏"ဟု ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးမိန့်မြွက်တော်မူခဲ့ပါသည်။

အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း

အမြတ်ဆုံး ဘုရားရှင်၏ အတု မရှိသော "ဗုဒ္ဓါနုဿတိဘာဝနာ"ကို အောက်မေ့ဆင်ခြင်ပွားများသူသည် အမြတ်ဆုံး ဘုရားရှင်နှင့် အတူတကွ ပေါင်းသင်းနေထိုင်ရသည့်ပမာ ဖြစ်၏။ ယင်းသို့ ဖြစ်သောကြောင့် ဘုရားရှင် ထံမှ အမြတ်ဆုံး ဓာတ်များ ကူးစက်ပြန့်ပွားကာ ဘုရားရှင်ကဲ့သို့ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်နိုင်ခြင်း အကျိုးတရားကို ရနိုင်ပါသည်။

၁။ အပါဒါန၂၆၆

အရှင်သာရိပုတ္တရာ၏ တပည့်များ–အရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီးကြပုံ, **အရှင်မောဂ္ဂလာန်၏** တပည့်များ– အရှင်မောဂ္ဂလာန်ကဲ့သို့ တန်ခိုးအာနုဘော်ကြီးကြပုံ, အရှင်မဟာကဿပ၏ တပည့်များ– အရှင်မဟာကဿပကဲ့သို့ ခါးငဲ်းတိုးသော ဘကျင့်ရှိသူ ဓုတင်ဆောင်ချည်းဖြစ်ကြပုံနှင့် **အရှင်အာနန္ဒာ၏** တပည့်များ– အရှင်အာနန္ဒာကဲ့သို့ အကြားအမြင် များကြပုံ စသည်တို့မှာ **အကောင်းဘက်၌** ဓာတ်ကူးစက်ပုံ၏ ထင်ရှားသော သာဓကများ ဖြစ်သည်။ **ဒေဝဒတ်၏** တပည့်များသည် ဒေဝဒတ်ကဲ့သို့ အလိုဆိုးရှိကြသူချည်း ဖြစ်ပုံ, **ဆဗ္ဗဂ္ဂိရဟန်းတို့၏** အသင်းအပင်းများသည် ဆဗ္ဗဂ္ဂိရဟန်းတို့ကဲ့သို့ ဒုဿီလချည်း ဖြစ်ပုံ စသည်တို့မှာ **မကောင်းဘက်၌** ဓာတ်ကူးစက်ပုံ၏ ထင်ရှားသော သာဓကများဖြစ်ပါသည်။

ဘုရားရှင်ကာလည်း "သတ္တဓါတို့မှာ ဓာတ်တူချင်း နှီးနှောညီညွတ်ကြ၏" ဟူ၍ "**ဓါတုသံသန္ဒနသုတ်**"၌ ဟောတော်မူခဲ့၍ "ယုတ်ညံ့သူကို ပေါင်းလျှင် မိမိမှာ ယုတ်ညံ့သူ ဖြစ်၏။ တန်းတူသူကို ပေါင်းလျှင် မဆုတ်ယုတ်၊ အဆင့်အတန်းမြင့်သူကို ပေါင်းလျှင် လျင်မြန်စွာ တိုးတက် မြင့်မားသူ ဖြစ်၏" ဟူ၍ "**သေဓိဟစ္စသုတ်**"၌ ဓာတ်ချင်း ပေါင်းစပ်ပုံနှင့် ကူးစက်ပြန့်ပွားပုံ သဘောကို ထုတ်ဖော် ဟောပြတော်မူခဲ့ပါသည်။ ထို့ကြောင့် အမြတ်ဆုံး ဘုရားရှင်၏ အတု မရှိသော "**ဗုဒ္ဓါနုဿတိဘာဝနာ**ကို" အောက်မေ့ ဆင်ခြင် ပွားများ၍ အမြတ်ဆုံး ဘုရားရှင်နှင့် အတူတကွ ပေါင်းသင်းနေထိုင်ပြီး ဘုရားရှင်ထံမှ အမြတ်ဆုံးဓာတ်များ ကူးစက်ရယူကာ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစား သင့်ကြပါသည်။

[ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရသူတို့သည် အမြတ်ဆုံးကို ကိုးကွယ်ရသူတို့ မည်ပေ၏။ အမြတ်ဆုံးကို ကိုးကွယ်သူတို့သည် အမြတ်ဆုံးသော အကျိုးကို ရကြ၏။ ဣတိဝုတ်၊ အဋ္ဌကထာသုတ်။ ၂၅၄။]

လက်ငင်းရရှိနိုင်သော ကုဏ်တော်ပွါးကျိုး

၁ ဘုရားရှင်၏ ကုဏ်တော်များကို အမှီပြု၍ အောက်မေ့ဆင်ခြင်ပွားများခြင်းကြောင့် လက်ငင်းရရှိနိုင်သော အကျိုးများမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

၀။ ဣတိဝုတ်။ ၂၄၂။ အံင်္ဃ။ ၁/၂၃။

၁။ ဘုရားရှင်၏ ဂုဏ်တော်ကို အထပ်ထပ် အခါခါ ပွားများရွတ်ဆာညည် ဘုရားရှင်အပေါ်၌ သူမတူအောင် လွန်စွာ ကြည်ညိုလေးစားမှု ရှိသေ ကျိုးနွံမှုရှိသောကြောင့် အရိယာတို့၏ သဒ္ဒါထားနှင့် အလားတူစွာ ခိုင်မာသော "သဒ္ဓါ"တရားရှိခြင်း "ထ၀ီ" တရား ကြီးမားခြင်း, အလွန်နှက်နဲသော "ပညာ"တရား ရှိခြင်း ကုသိုလ်တရား အစဉ်တိုးပွားခြင်း၊

၂။ နှစ်သက်ဝမ်းမြောက်မှု (အနု,အရင့်) ပီတိတရားများ အစဉ် တိုးပွားခြင်း၊

၃။ ဘေးကြီး ဘေးငယ်များနှင့် အကြောက်ကြီး အကြောက်ငယ် များကို သည်းခံ ပယ်ဖျောက်နိုင်ခြင်း၊ (တစုံ တရာ ကြောက်မက်ဖွယ်ရာ ဘေးရန်ကြုံလာလျှင် ငါဘုရားကို သတိရ အောက်မေ့ကြဟု ဟောတော်မူသော ဓဇဂ္ဂသုတ်ပရိတ်ထော် အရ ထင်ရှားပေါ်။)

၄။ ပိန်းကြဖက်တွင် ရေမတင်သကဲ့သို့ ကိုယ်တွင် ကျရောက်မည့် ဆင်းရဲဒုက္ခဟူသမျှကို ပပျောက်စေနိုင်ခြင်း၊

၅။ ဘုရားရှင်နှင့် အတူတကွ နေထိုင်ရသည်ဟု မှတ်ထင်ခြင်း၊ (ဘုရားရှင်နှင့် အတူနေရသဖြင့် မိဘနှင့် အတူနေရစေသာ ကလေးငယ်ပမာ လွန်စွာ အားရှိခြင်း၊)

၆။ ဂန္ဓကုဋီတိုက် စေတီတော်သဖွယ် အပူဇော်ခံထိုက်သူ ဖြစ်ခြင်း၊ (မိမိသန္တာန်၌ ဘုရားဖျင်၏ ဂုဏ်တော်များ ဖြစ်ပွား ကိန်းတည် နေသည့်အတွက် ဓာတ်တော်များ ဌာပနာထားသည့် စေတီ တိုက်အိမ်ကြီးပမာ ဖြစ်နေသည်။)

၇။ ဘုရားရှင်အပေါ် အားကျ၍ ဘုရားဖြစ်လိုစိတ်များ ဖြစ်ပွားကာ ဘုရားဖြစ်ကြောင်း ပါရမီကုသိုလ်ကောင်းတို့ကို အားထုတ်ခြင်း၊

၈။ မိမိရှေ့တွင် ဘုရားရှင် အစဉ်သီတင်းသုံးနေသကဲ့သို့ ရှိ၍ တစုံ တခု မကောင်းမှုပြုလုပ်ရန် ရှက်ရွံ့လျက် ရှိခြင်း၊

၉။ ဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံဉာဏ်ရှုပြု၍ ဝိပဿနာဘာဝနာ တရားကို ပွားများအားထုတ်လျှင် မဂ်ဖိုလ်တရားကို အလွယ်နှင့် ရနိုင်ခြင်း၊

၁၀။ ပါရမီကုသိုလ် မလုံလောက်သေး၍ ယခုဘဝ မင်္ဂိုလ်ကို မရ လျှင်လည်း ကောင်းရာ သုဂတိဘဝသို့ ရောက်ရန် သေချာခြင်း။

ဤကား–"ဗုဒ္ဓါနုဿတိဘာဝနာ"ခေါ် ဘုရားဂုဏ်တော်များကို အောက်မေ့ဆင်ခြင် ပွားများခြင်းကြောင့် ရနိုင်သော အကျိုးတရားများ ဖြစ်၏။ ပွားများလျှင် ပွားများသလောက် အခြိန်အခါမရွေးရရှိနိုင်ကြသော "ဝိသုဒ္ဓိမဂ်ကျမ်းလာ" အကျိုးတရားများဖြစ်ပါသည်။

ဂုဏ်တော်ပွါးကျိုး ၁၇-မျိုး

စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည်နတ်ရွာ၊ ငွေ့ခါသိလွယ်၊ မြတ်နှယ်အမျိုး၊ ရှိ့ကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကာယ, ခံတွင်း၊ ကြိုင်သင်းမွှေးကြ။၊ ကြီးမူပညာ၊ နက်စွာ,ထက်,ရှင်၊ လျင်မြန်, ဆန်းကြယ်၊ ကောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည်...၊ ဘုရားဂုဏ်တော် ပွါးကျိုးတည်း။

ထေရ,ထေရီ ပါဠိတော် အဋ္ဌကထာတို့နှင့်အညီ ရှေးပညာရှိကြီးများ ဖွဲ့ဆို ဖော်ပြအပ်သော အထက်ပါ လက်ံာအရ ဘုရားဂုဏ်တော် ပွားကျိုး ၁၇-မျိုးကို ဆက်လက် ဖော်ပြထားပါသည်—

၁။ စေတီအိမ်နှင့် တူသည်ဖြစ်၍ သူတပါးတို့၏ ရှိခိုးမှုကို ခံထိုက်ခြင်း၊
၂။ စိတ်တည်ကြည်ရဲရင့်ခြင်း၊
၃။ သေခါနီးဦး မတွေ့မဝေ သေရ၍ သေသည်၏ အခြားမဲ့၌ သုဂတိဘဝကို ရခြင်း၊ (လူကောင်း,နတ်ကောင်းဖြစ်ရန် သေချာခြင်း)၊
၄။ နောင် ဘုရားနှင့် တွေ့သောအခါ ဘုရားဟောတရား (သစ္စာလေးပါး)ကို သိလွယ်ခြင်း၊
၅။ အမျိုးမြတ်ခြင်း၊
၆။ သူတပါးတို့၏ အရိုအသေပြုမှုကို ခံရခြင်း၊
၇။ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း၊
၈။ အဆင်းကောင်းခြင်း၊
၉။ ကိုယ်အနံ့ ကြိုင်သင်းခြင်း၊

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၀၆။

၁၀။ ခံတွင်းအနံ့ မွေးပျံ့ခြင်း၊
၁၁။ ကြီးကျယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၂။ နက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၃။ ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၄။ လျင်မြန်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၅။ ရွှင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၆။ ဆန်းကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၇။ စကားကောင်းကို ဆိုနိုင်ခြင်း။

ယင်း ၁၇-ပါးသော အကျိုးတို့ကို အစထား၍ လိုအပ်သမျှ ဆန်းကြယ် ကြီးမြတ်သော အကျိုးတို့ကို ပေးနိုင်,ရစေနိုင်ပါသည်။

ဖော်ပြပါ ကျမ်းဂန်လာ အကျိုးတရားအပြင် ဂုဏ်တော်ရွတ်ပွါး၍ ခရီး သွားလျှင် ရန်သူမျှဉ်းမနှောင့်ယှက်နိုင်၊ ရန်သူမျှား မမြင်အောင် ကာကွယ်နိုင်၏။ ဂုဏ်တော်ကို အမြဲရွတ်ပွားနေလျှင် ကြောက်စိတ်ကင်း၏၊ ကျန်းမာသက်ရှည်၏၊ ထောကါကင်း၏၊ အလုပ်အကိုင် အဆင်ပြေ၏၊ စီးပွားလောဘ်လာဘ တိုးတက်၏၊ မီးဘေးမှ ကာကွယ်၏၊ ဗုံးအမြောက်သေနတ်မျှား မထိမှန်ဘဲ လွတ်ကင်း၏၊ ဂုဏ်တော်မျှား ဆင်ခြင် ပွားမျှား၍ စာအံ စာကျက်လျှင် စာရလွယ်၏၊ စာဖတ်ရှုးလျှင် အဆင်ပြေ၏၊ စာရလွယ်မှု, ကျမ်းပြီးမှုကို ရှုးမှု၍ စာမအံ့မီ ကျမ်းမရှုးမီ ယနေ့တိုင် "နမော တဿ" ပြင့် ဘုရားရှိခိုးသျှက် ရှိကြ၏။ ဤသို့ စသည်ဖြင့် လက်တွေ့ အကျိုးရသူတို့က ဂုဏ်တော်အကျိုးကို ဝန်ခံပြောဆို ခဲ့ကြပါသည်။

စင်စစ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ဆိုသည် မရေမတွက်နိုင်အောင် များလှ၍ ဂုဏ်တော်ကို အောက်မေ့ဆင်ခြင် ပွားများမှုကြောင့် ရနိုင်သော အကျိုးတရားတို့မှာလည်း မရေမတွက်နိုင်အောင် များစွင့်ရှိပါသည်။ လက်တွေ့ပွါးများ၍ လက်တွေ့အကျိုးတရားကို ရယူခံစားသင့်ကြပါသည်။

ဂုဏ်တော်အကျိုးရ သာဓကများ

ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ အကျိုးရသော သာဓကဝတ္ထုတို့ကား လွန်စွာ များလှ၏။ စာဖတ်သူတို့ ပိုမိုရှိ ကြည်ညိုသဒ္ဓါ ဖြစ်ပွားနိုင်ကြစေရန် ထင်ရှားသော သာဓကဝတ္ထု အနည်းငယ်ကို ထုတ်ဖော်တင်ပြထားပါသည်။

ဘုရားရှိခိုးကို ယောင်ယမ်းရွတ်ဆိုမိကာမျှဖြင့်
ဘီလူးဘေးမှ လွတ်ခဲ့ရသော မိစ္ဆာသူငယ်လေးအကြောင်း

ဘုရားရှင် လက်ထက်တော်အခါက ရာဇဂြိုဟ်မြို့၌ "သမ္မာသူငယ်" နှင့် "မိစ္ဆာသူငယ်" နှစ်ယောက်တို့ ရှိကြလေ၏။ ၎င်းတို့သည် နေ့စဉ်မပြတ် ဂေါလီလုံးပစ်၍ ကစားလေ့ရှိကြသည်။ ဂေါလီလုံး ပစ်သောအခါ သမ္မာသူငယ်က "နမော ဗုဒ္ဓဿ=ဘုရားအား ရှိခိုးပါ၏"ဟု ဆို၍ ပစ်၏။ မိစ္ဆာသူငယ်က "နမော အရဟန္တဿံနံ=ရဟန္တာတို့ဘုရား ရှိခိုးပါ၏"ဟု ဆို၍ ပစ်၏။ (တိတ္ထိတို့ကို ရဟန္တာ မဟုတ်ဘဲ ရဟန္တာ-ဟု ထင်ပြီး ရှိခိုးခြင်းဖြစ်၏။) ယင်းသို့ ဆို၍ ပစ်ကြရာ၌ သမ္မာသူငယ်ကသာ နေ့စဉ် နိုင်လေ့ရှိ၏။ ထိုအခါ အမြဲရှုံးသော မိစ္ဆာသူငယ်သည် ကစားရာ၌ နိုင်လိုသဖြင့် သမ္မာသူငယ်ကို အတုယူကာ "နမော ဗုဒ္ဓဿ"အဆိုကို လေ့ကျင့်နေလေသည်။

တနေ့သောအခါ မိစ္ဆာသူငယ်၏ ဖခင်သည် ထင်းခုတ်ရန် လှည်းဖြင့် သွားရာ သူငယ်ကိုပါ ခေါ်၍ သွား၏။ ထင်းခုတ်ရာမှ ပြန်လာသောအခါ မြို့ပြင်ရှိ သုသာန်တစ်ခုအနီး၌ ခေတ္တလှည်းဖြုတ်၍ ထမင်းစားနေစဉ် လွတ်ထားသော နွားနှစ်ကောင်လုံး အခြားနွားများနှင့်အတူ မြို့တွင်းသို့ ဝင်ရောက်လိုက်ပါသွားလေသည်။ ဖခင်သည် ထမင်းစားပြီးနောက် နွားများကို မတွေ့သဖြင့် မြို့တွင်းအထိ လိုက်ရှာစဉ် နေဝင်၍ မြို့တံခါးပါ ပိတ်သွားသောကြောင့် မြို့ပြင်သို့ ပြန်မထွက်နိုင်ဘဲ ရှိလေ၏။ ဖခင်အလောကို မျှော်ရင်း ကျန်ရစ်သော သားငယ်မှာ ခရီးပန်းသည့်အတွက် လှည်းအောက်မှာပင် အိပ်ခဲပျော်သွားလေသည်။

ညဉ့်အချိန် သမ္မာဘီလူးနှင့် မိစ္ဆာဘီလူး နှစ်ယောက်တို့ အတူထွက်လာကြစဉ် အိပ်နေသော သူငယ်ကို တွေ့သဖြင့် သမ္မာဘီလူးက မစားရန် တားမြစ်နေသည့်ကြားမှ တားမရဘဲ မိစ္ဆာဘီလူးက စားရန်အတွက် သူငယ်၏ခြေထောက်ကို သွား၍ ဆွဲလေသည်။ ဆွဲလျှင် ဆွဲချင်း သူငယ်က အိပ်ရာမှ လန့်နိုးပြီး လေ့ကျင့်ရွတ်ဆိုနေကျအတိုင်း "နမော ဗုဒ္ဓဿ"ဟု ယောင်ယမ်းမြည်တမ်းလိုက်၏၊

စားရန် ဆွဲကိုင်သော ဘီလူးသည် သူငယ်၏ အသံကို ကြားလျှင် (ဓာတ်လိုက်သကဲ့သို့ ဖြစ်ကာ) အလွန် ကြောက်ရွံ့ ထိတ်လန့်ပြီး သူငယ်ကို လွှတ်၍ နောက်ဆုတ်ဖဲခွါထွက်ပြေးရန် ကြိုးစား၏ (ပြေးမရ)။ ထိုအခါ—

သမ္မာဘီလူးက- "သင်သည် ရွှေဦးစွာ ငါ တားမြစ်ပါလျက် ငါ့စကားကို မနာယူ၊ ဘုရားရှင်၏ တပည့်သားကို စားရန် ကိုင်ဆွဲ(ပြစ်မှား)သည့်အတွက် ကြီးစွာသော အပြစ်ဒဏ် ခံရဖို့ ရှိလေသည်"ဟု ဆို၏။

မိစ္ဆာဘီလူးလည်း ကြောက်ရွံ့အားကြီးစွာဖြင့် "ကျွန်ုပ် မှားပါသည်၊ ဤအပြစ်ကျေအောင် အဘယ် ဒဏ်ကို ထမ်းဆောင်ရမည်နည်း" ဟု မေး၏။

သမ္မာဘီလူးက "မင်းကြီး (ဗိမ္မိသာရ)၏ နန်းတော်မှ မင်းစား တော်ရွှေခွက်ကို ယူ၍ နတ်ဘောဇဉ်အပြည့်ထည့်ပြီး သူငယ်အား ကျွေးမွေးပြုစုမှု သင့်အဖို့ အပြစ်ဒဏ်လွတ်နိုင်မည်" ဟု ပြော၏။

မိစ္ဆာဘီလူးသည် (သမ္မာဘီလူး ပြောသည့်အတိုင်း) မင်းစားတော် ရွှေခွက်နှင့် နတ်ဘောဇဉ်များကို အပြည့်ယူဆောင်လာပြီး ဘီလူးနှစ်ဦးတို့သည် သူငယ်၏ မိဘများအသွင်ဖြင့် သူငယ်အား ပြုစုကျွေးမွေး၍ "ဤရွှေခွက်ကို နတ်ဘီလူးတို့ ယူဝင်သည်" ဟု မင်းကြီးတစ်ဦးတည်းသာ မြင်နိုင်အောင် ဘီလူးတို့၏ အာနုဘော်ဖြင့် ရွှေခွက်တွင် ကမ္ဘည်းစာထိုးလျက် လွှတ်ထုသို့ ဖယ်သွားကြလေ၏။

နံနက်မိုးသောက် အလင်းသို့ ရောက်လျှင် ပျောက်သော မင်းစားတော်ရွှေခွက်ကို လိုက်လံရှာဖွေကြရာ သူငယ်၏ အနီးဌာ တွေ့သဖြင့် သူငယ်ကို ခိုးသူအဖြစ် မင်းကြီးထံ ဆက်ကြလေ၏။ မင်းကြီးလည်း ရွှေခွက်တွင် ပါလာသော ကမ္ဘည်းစာအရ ခိုးသူမဟုတ်မှန်း သိသော်လည်း မသိဟန်ဆောင်ကာ သူငယ်အား မေးစစ်ရာ "မိမိဘာမျှ မသိကြောင်း, ညက မိဘနှစ်ပါးလာပြီး ဤရွှေခွက်ဖြင့် စားသောက်ဖွယ်များကို ကျွေးမွေးကြောင်း" မင်းကြီးအား လျှောက်တင်စဉ် မိဘနှစ်ပါးတို့လည်း အနားသို့ ရောက်လာကြလေသည်။

မင်းကြီးလည်း အမှုမှန်ကို သိပြီး ဖြစ်၍ (နောက်ထပ် စစ်မေးခြင်းမပြုတော့ဘဲ) သူငယ်အား ရွှေခွက်ကို ပေးသနားပြီးလျှင် အမှုမှန်ကို ပိုမိုထင်ရှားစေရန် ဘုရားရှင်၏ အထံတော်သို့ သူငယ်နှင့်တကွ မိဘနှစ်ဦးလုံးကိုပါ ခေါ်ဆောင်ကာ အကြောင်းစုံကို လျှောက်ထားလေ၏။ ယင်းသို့ လျှောက်သော် "ဇုဒ္ဓါနုဿတိဘာဝနာ" ကြောင့် ဘီလူးဘေးမှ လွတ်၍ ချမ်းသာစွာ အိပ်ရနေရသော မိစ္ဆာသူငယ်ကို အကြောင်းပြု၍ "အစောင့်အရှောက် အရံအတား တရားခြောက်ပါး"ကို ဘုရားရှင်က ဟောကြားတော်မူ၏။ တရားအဆုံး၌ သူငယ်နှင့်တကွ မိဘနှစ်ပါးလုံး မိစ္ဆာအယူမှ လွှဲတ်ကင်း၍ သောတာပတ္တိဖိုလ်၌ တည်ကြ၏။ (နောင်အခါ မိသားစုသုံးယောက်လုံး ရဟန်းပြု၍ ရဟန္တာအဖြစ် ရောက်ကြသည်ဟု။)

၁။ ဓမ္မပဒ။ ၂။ ၂၀၄။

[ဤသာဓကအရ မိစ္ဆာသူငယ်သည် ကစားပဲ့နိုင်ရန် ရည်ရွယ်လေ့ကျင့်ထားသော "နမော ဗုဒ္ဓဿ" ကို ယောင်ယမ်းရွတ်ဆိုမိကာမျှဖြင့် ဤမျှ (ဘီလူးဘေးမှ လွတ်ခြင်း, ဘီလူး၏ အပူဇော်ကို ခံရခြင်း) အကျိုးများ ခံစားရသေး၏။ ဂုဏ်ရည်ကို ယုံကြည်၍ ဘုရားရှင်အား ပူဇော်ပါမူကား အဘယ်ဆိုဖွယ်ရာ ရှိအုံ့နည်း၊ အကျိုးတရားသည် ဤရွေ့ဤမျှသာဟု စိတ်ကူးကြံဆ၍ ကုန်စင်အောင် ပြောပြနိုင်မည့်မဟုတ်ပါ၊ အစိန္တေယျအကျိုးများ ရနိုင်မှည့်သာ ဖြစ်ပါ၏။]

ဘုရားရှင်အား ကြည်ညိုကာမျှ စိတ်ကြောင့်
နတ်ပြည်ရောက်ရသော "မဋ္ဌကုဏ္ဍလီ" အကြောင်း

ဘုရားရှင် လက်ထက်တော်အခါက သာဝတ္ထိမြို့၌ အလွန် နှမြော ကပ်စေးနဲသော "အဒိန္နပုဗ္ဗက" မည်သော ပုဏ္ဏားသူဌေးကြီးမှာ သားကလေးတစ်ယောက် ရှိ၏။ ထိုပုဏ္ဏားသည် ပန်းထိမ်သည်အား လက်ခပေးရမည်စိုးသောကြောင့် သူကိုယ်တိုင် ရွှေပြားခတ်၍ လိပ်ပြီးလျှင် သားကလေးအား နားတောင်း လုပ်ပေးထားလေသည်။ ထိုနားတောင်းကို အကြောင်းပြု၍ "မဋ္ဌကုဏ္ဍလီ"ဟု အမည်တွင်သည်။ (မဋ္ဌကုဏ္ဍလီ=စင်းလုံးချော နားတောင်းရှိသူဟု ဆိုလိုသည်။)

"မဋ္ဌကုဏ္ဍလီ"သည် ၁၆-နှစ်လောက် အရွယ်ရောက်သောအခါ အသားဝါ၍ အဆာမကြောရဂါ ဖြစ်၏။ ကပ်စေးနှဲသော အဘသည် ဆေးဆရာကို မပင့်၊ မိခင်ဖြစ်သူက မနေနိုင်၍ "သားကို ဆေးကုပါဦး"ဟု ပြောသောအခါ "မင်းက ငါ့ဥစ္စာတွေ ကုန်တာကို ကြည့်ချင်လို့လား"ဟု ပြော၏။ ထို့နောက် ပုဏ္ဏားကြီးသည် ဆေးဆရာများထံ သွား၍ ဆေးနည်းကို မေး၏။ ဆေးဆရာတို့သည် သူ၏ ကပ်စေးနှဲပုံကို သိ၍ တော်အောင် လျော်အောင် ဆေးနည်းကို ပြောလိုက်ကြ၏။

ပုဏ္ဏားကြီးသည် ထိုဆေးမီးတိုကလေးများဖြင့် ဆေးကုလေရာ ရောဂါမှာ တိုး၍သာ လာ၏။ ထိုအခါကျမှ ဆေးဆရာတစ်ယောက်ကို ပင့်၍ ပြလေသည်။ ဆေးဆရာသည် လူနာကို အကဲခတ်၍ ကုလို့ မရနိုင်ကြောင်းကို သိသောကြောင့် "ဗိုဗိမှာ ကိစ္စရှိသေး၍ အခြား ဆရာတစ်ဦးကို ပင့်ပါ"ဟု ပြောကာ ပြန်သွားလေ၏။ ပုဏ္ဏားကြီးသည် သူ၏ အိမ်တွင်းပစ္စည်းများကို လူမမာ မေးလာသူတွေ့မြင်မှာ စိုး၍ လူမမာကို အိမ်၏ အပြင်ဘက် ဆင်ဝင်သို့ ထုတ်ထားလေသည်။

ဘုရားရှင်သည် ထိုအကြောင်းကို သိ၍ "မဋ္ဌကုဏ္ဍလိ"အား ကယ်မတော် မူလိုသောကြောင့် ဆွမ်းခံ ကြွတော်မူရင်း ထိုပုဏ္ဏားကြီး၏ အိမ်ပေါက်၌ ရပ်တော်မူ၍ "မဋ္ဌကုဏ္ဍလိ" မြင်လောက်အောင် ရောင်ခြည်တော်ကို လွှတ်၍ ပြတော်မူ၏။ မိစ္ဆာအယူရှိသော သတ္တိသားငယ်သည် ရောင်ခြည်တော်နှင့်အတူ ဘုရားရှင်ကို ဖူးမြင်ရမသာအခါ (လက်အုပ်ချီမိုး ရှိခိုးလိုသော်လည်း) လက်အုပ် ချီနိုင်လောက်အောင် အားမရှိသဖြင့် စိတ်ဖြင့်သာ ကြည်ညိုခွင့်ရရှာ၏။ ယင်းသို့ ကြည်ညိုသော စိတ်အစဉ် မပျောက်မီပင် ဘုရားရှင် ကြွသွား၍ မျက်စိ တဆုံးလောက် အရောက်မှာ သတ္တိသား စုတေ၍ တာဝတိံသာ နတ်ပြည်၌ နတ်သား ဖြစ်ရလေသည်။ ယူဇနာ သုံးဆယ်ရှိသော ရှေ့ဗိမာန်၌ နတ်သမီး တစ်ထောင်ခြံရုံလျက် "မဋ္ဌကုဏ္ဍလီနတ်သား" ဟူသောအမည်ဖြင့်ပင် ထင်ရှား၏။

"မဋ္ဌကုဏ္ဍလီ"နတ်သားသည် သုသာန်တွင် နေ့စဉ် ငိုကြွေးနေသော (လူ့ ဘဝက ဖခင်)ပုဏ္ဏားကြီးအား ကိုယ်ထင်ပြ၍ နတ်သားဖြစ်ရခြင်းအကြောင်းကို ထုတ်ဖော်ကာ အမြင်မှန် ရစေခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦး ဘုရားရှင် ထံမှောက် ရောက်၍ တရားဟူသမျှမှာ စိတ်ကသာ ရှေးသွား ဦးဆောင် ဖြစ်ကြောင်း "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"ဟူသော တရားတော်ကို နာကြားပြီး အဆုံး၌ သားအဖနှစ်ဦးလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ကျန် ပရိသတ် ရှစ်သောင်းလေးထောင်တို့လည်း တရားထူးရကြ၏။

[ဤသာဓကအရ "မဋ္ဌကုဏ္ဍလီ" သတ္တိသားသည် သေခါနီးဆဲဆဲ ရောဂါဖိစီးနှိပ်စက်ခံရ၍ မိမိ၏ခြေလက်ကိုမျှ မသယ်ယူနိုင်ဘဲ ရှိနေခိုက် ဘုရားရှင်အား ကြည်ညိုကာမျှ စိတ်ဖြင့် ဤမျှ (ဘဝမခြား နတ် စည်းစိမ်ကို ခံစားရခြင်း)အကျိုးထူးများ ရရှိသေး၏။ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ဖြင့် အာရုံ နှစ်ခြိုက်စွာ ဘုရားရှင်အား တသက်လုံး ကြည်ညိုဆည်းကပ်ခွင့်ရပါမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ အကျိုး တရားသည် ဤရွေ့ ဤမျှသာဟု စိတ်ကူးကြံဆ၍ ကုန်စင်အောင် ပြောပြနိုင်မည် မဟုတ်ပါ၊ အစိန္တေယျ အကျိုးများ ရနိုင်မည်သာ ဖြစ်ပါ၏။]

ဂုဏ်တော်ပွါး၍ မိုးမျှားကို ငြိမ်းစေခဲ့သော မိဖုရားစောလုံအကြောင်း

ပုဂံပြည်တွင် သက္ကရာဇ် ၆၁၇-ခုနှစ်က "နရသီဟပတေ့"ခေါ် ဘုရင်တစ်ပါး မင်းပြုသည်။ ပုဂံထောင်တွင် နောက်ဆုံးမင်း ဖြစ်၏။ ၎င်းကို "မင်းခွေးချေး"ဟု

၁။ ဓမ္မာဋ္ဌ၁။၁၆။

လည်းကောင်း၊ "တရုတ်ပြေးမင်း" ဟု လည်းကောင်း ခေါ်ကြသေး၏။ ထိုမင်းသည် လွန်စွာ အစားကြူး၏။ ဟင်းခွက်ပေါင်းများစွာ ပွဲတော်တည်လေ ရှိ၏။ (တခါက တရုတ်ရန်ကြောင့် ပုသိမ်မြို့သို့ ထွက်ပြေးရစဉ် ဟင်းခွက်သုံးထု တစ်ခွက်လျှောနေ၍ ငမ်းနည်း ပက်လက် မျက်ရည်ကျခဲ့သည်အထိ ဖြစ်ခဲ့ရဖူး သည်ဟု ဆို၏။) ကစားလည်း ကြူး၏။ နွေလအခါဝယ် ရောဝတီမြစ်ကမ်းတွင် စံနန်းတော် တည်၍ မိဖုရား မောင်းမမီဆံ အခြေအရံများနှင့်အတူ အမြဲတမ်း ရေပက်ဖျန်းကစား လေ့ရှိ၏။

ထိုမင်းတွင် "စောလုံ"ခေါ် အပြစ်ကင်း၍ ကောင်းခြင်းအင်္ဂါ လက္ခဏာ အသွင်အပြင်နှင့် ပြည့်စုံသော မိဖုရားတစ်ဦးရှိ၏၊ အရှက်အကြောက် ကြီး၏၊ အနေအထိုင် ပီရိသိမ်မွေ့၏။ ၎င်းသည် ဘုရင်အမြတ်နိုးဆုံး မိဖုရားတစ်ဦး ပေတည်း။ အခါတပါးဝယ် မိဖုရားစောလုံကို ကျီစယ်လိုသဖြင့် မောင်းမငယ် များအား စကားထည့်၍ မျက်နှာ ဆံပင်ပါမကျန် တကိုယ်လုံး ရွဲရွဲစိုအောင် ရေဖြင့် ပက်စေ၏။ မင်းကြီး ကိုယ်တိုင်လည်း ပက်၏။

မိဖုရားစောလုံသည် ကျီစယ်သည်ကို သည်းမခံနိုင်ရှာဘဲ အရှက်ကြီး၍ အမျက်ကြီး ရန်ငြိုးထားကာ စိတ်အနာကြီး နာသောကြောင့် စားတော်ပွဲတွင် အဆိပ်ခတ်၍ ဘုရင်အား ဆက်သစေလေသည်။ (မိန်းမတို့မမှတာ သာမန် အပြစ်မျိုးဖြင့် အငြိုးကြီးတတ်သည်။) ဘုရင်မင်းလည်း ပွဲတော် မတည်သေးဘဲ ခွေးကို ကျွေးစေထုတ်၍ တခဏချင်း ခွေးသေသည်ကို မြင်၍ ပွဲတော်ဆက်သူကို စစ်ဆေးသောအခါ မိဖုရားစောလုံအပေါ် ကျရောက်၏။ မိဖုရားကို စစ်ဆေး ပြန်ထု—

"ပရိသတ်အလယ်တွင် မိမိအား တကိုယ်လုံး ရွဲရွဲစိုအောင် ရေပက် အရှက်ခွဲသောကြောင့် မကျေနပ်သည့်အတွက် အသက်ကို လုပ်ကြံ ကြောင်း၊ ပေးလိုတဲ့အပြစ်ကို ပေးနိုင်ကြောင်း" ပြတ်တောင်းတောင်း ခပ်မာမာနှင့် ပမာမခန့် သံတော်ဦးတင်လိုက်၏။

ထိုအခါ မင်းကြီးသည် မင်းတို့မျက်စောင်း အကြောင်းမလှေးတတ်သည့် အတိုင်း. ဆိုင်းငံ့စဉ်းစား ထောက်ထားခြင်း မပြုဘဲ ပန်းပဲသမားကို ခေါ်၍ သံကျပ်စင်ကို လုပ်စေပြီးလျှင် "မိန်းမယုတ် စောလုံအား မီးရဲရဲညီးသော သံကျပ်စင်ပေါ် တင်၍ ဖိုကျင်ထိုးသတ်စေ" ဟု အမိန့်ချမှတ်လိုက်သည်။

မိဖုရားစောလုံလည်း ပန်းပဲသမားကို ရှေ့ဆွေမျှားစွာ ပေး၍ ခုနစ်ရက် ကြာအောင် သံကျပ်စင်ကို ပြုလုပ်စေပြီးလျှင် နေ့ရော ညဉ့်ပါ ဘုရား၌ ပန်း, ရေချမ်း ကပ်၍ သရဏဂုံသီလဆောက်တည်လျက် ခုနစ်ရက်ပတ်လုံး ဘုရား ဂုဏ်တော်, တရား ဂုဏ်တော်, သံဃာ ဂုဏ်တော်များကို နှုတ်ပုံးသွင်း ဆင်ခြင် ရွတ်ဖတ် ပူဇော်များကာ အာရုံ ပြုနေလေသည်။ ခုနစ်ရက်စေ့သောအခါ ရဲရဲ ညီးသော သံကျပ်စင်ထက်သို့ မကြောက်မ၌ တက်လေရာ "အလွန်အေးမြ မွေ့ကြိုင်လှသော ဂေါသီတစန္ဒကူးကို ထည့်ခတ်လိုက်သကဲ့သို့" တခါတည်း မီးများ ငြိမ်း၍ သွားလေသည်။

ဤနည်းအတိုင်း ရတနာသုံးပါး၏ ဂုဏ်တော်များကို အာရုံပြု ဆင်ခြင် ပူဇော်များနေမှုကြောင့် သုံးကြိမ်တိုင်အောင် ထပ်ကာ ထပ်ကာ မီးများငြိမ်း ပြီးနောက် "ငါသည် ချမ်းသာခွင့်ရမည် မဟုတ်လျှင် တခဏချင်း လောင်းကျမ်း ပါစေသား" ဟူ စိတ်ကို လျှော့ချ၍ အဓိဋ္ဌာန် လိုက်သည့်အခါ တခဏချင်း ပြာကျရရှာလေသည်။ ထိုအကြောင်းကို မင်းကြီး ကြားသိရသော အခါ ယူကျုံးမရ နောင်တကြီးစွာ ဖြစ်လေ၏။ ကယောင်ကတမ်း မြည်တမ်းရေရွတ်ကာ တဖျစ်တောက်တောက် တမ်းတနေလေသတည်း။

[ဤသာဓကအရ အကျိုးစား သန်လွန်းက အသက်ဆုံးသည် အထိ ရန်မီးပွားတတ်ပုံ, မကောင်းသော ရန်ငြိုးစိတ်ထားနှင့် မကောင်းသော အပြုအမူများသည် မကောင်းကျိုးသာ ရတတ်ပုံတို့ကို သင်ခန်းစာယူ သင့်၏။ မိဖုရားစောလုံ၏ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်လေ့ရှိပုံ, သေရမည့် ဘေးကိုပင် နေ့ရော ညဉ့်ပါ သရဏဂုံသီလ ဆောက်တည်၍ ရတနာသုံးပါး ဂုဏ်ရည်များကို ယုံကြည်စွာ ရွတ်ပူဇော်ဆင်ခြင် အာရုံပြု ခြင်းဖြင့် မကြောက်မ၌ ရင်ဆိုင်ခဲ့ပုံတို့ကို အတုယူသင့်ကြပါသည်။]

ဘုရားဂုဏ်တော်ဖွင့် ပြီး၏။

၁။ သွာက္ခာတဂုဏ်တော်

သွာက္ခာတ= (သု + အက္ခာတ။ သု = ကောင်းစွာ + အက္ခာတ= ဟောကြားအပ်သော တရားတော်။ "သွာက္ခာတ"ကို "သွက်ခါတ" ဟု အသံထွက်ဖတ်ပါ။)

ဘုရားရှင်သည် ဆယ်ပါးသော တရားတော်မြတ်ကို ကိုယ်တော်တိုင် ကျင့်ကြံသိမြင်ပြီး မည်သည့် နှုတ်လူပညာရှိကမျှ ပိုသည်, လိုသည်, မှားသည်ဟူ၍ ဖြည့်စွက်ခြင်း, ပယ်နုတ်ခြင်း မပြုနိုင်အောင် ထက်ဝန်းကျင်ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ဆယ်ပါးသောတရား

(၁)	သောတာပတ္တိမဂ်	မဂ်တရား ၄-ပါး
(၂)	သကဒါဂါမိမဂ်	
(၃)	အနာဂါမိမဂ်	
(၄)	အရဟတ္တမဂ်	
(၅)	သောတာပတ္တိဖိုလ်	ဖိုလ်တရား ၄-ပါး
(၆)	သကဒါဂါမိဖိုလ်	
(၇)	အနာဂါမိဖိုလ်	
(၈)	အရဟတ္တဖိုလ်	
(၉)	နိဗ္ဗာန်ဟရား	၁-ပါး
(၁၀)	ပရိယတ္တိတရား	၁-ပါး

[အမျိုးအစားအားဖြင့် ၄-ပါး၊ အရေအတွက်အားဖြင့် ၁၀-ပါး ရှိ၏။ ထိုတွင် ပိဋကသုံးပုံ ပါဠိတော်, အဋ္ဌကထာကို လေ့လာသင်ယူရမည့် တရားဖြစ်၍ "ပရိယတ္တိတရားတစ်ခု"ဟု ရေတွက်သည်။ ကျန် မဂ်, ဖိုလ်, နိဗ္ဗာန်တရား ကိုးပါးသည် "လောကုတ္တရာတရားများ" ဖြစ်၏။ သင်ယူရုံမျှဖြင့် မရ၊ လက်တွေ့ကျင့်ကြံအားထုတ်မှ ရနိုင်သည်။ "စာအုပ်စာပေ"တို့သည် ထိုတရားတော်များကို မှတ်သားထားရာ "တရားဘဏ္ဍာတိုက်"များဖြစ်၏၊ "ဓမ္မစေတီတော်"ဟုလည်း ခေါ်၏။ ထိုတရားတော်များကို သင်အံပို့ချသော ပဂ္ဂိုလ်များကား တရားဘဏ္ဍာတိုက်များကို စောင့်သော "ဘဏ္ဍာစိုးများ"ဖြစ်၏။]

အစစ်အမှန်တရားတော်

အောက်သို့ ကျ-မသွားအောင် ဆောင်ထားနိုင်သော သဘောကို "ဓမ္မ=တရား"ဟူ၍ ဆိုရ၏။ မည်သည့် ပုဂ္ဂိုလ်က ဟောပြော ညွှန်ပြသည်ဖြစ်စေ ဓမ္မအစစ်အမှန် ဖြစ်လျှင် ထိုဓမ္မအတိုင်း နေထိုင်သူအား အောက်တန်းသို့ ကျ-မသွားအောင် ဆောင်ထားနိုင်သော သတ္တိစွမ်းအား ရှိရမြဲ ဖြစ်ပါသည်။ မှန်ပါသည်။ လောကကြီးပွားရေးကို လိုလား၍ "အသေဝနာ စ ဗာလာနံ" စသော မင်္ဂလာတရားတော်ကို လိုက်နာသူသည် လောက၌ အောက်ကျ နောက်ကျ လူစားမျိုး မဖြစ်ရအောင် တရားတော်က ဆောင်ထားသဖြင့် အဆင့်အတန်း မြင့်သော လူတန်းစားအဖြစ်သို့ ရောက်နိုင်ပါသည်။ အပါယ်ဆင်းရဲကို ကြောက်၍ အထက်တန်းတရားကို လိုက်စားကျင့်ကြံသော ပုဂ္ဂိုလ်သည် ထိုတရား၏ ဆောင်ထားမှုကြောင့် အပါယ်ဆင်းရဲသို့ ကျရောက်ခြင်း မရှိဘဲ အထက်တန်းဘဝဖြင့် နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ပါသည်။ ထို့ကြောင့် သတ္တဝါတို့ကို အောက်ကျ နောက်ကျ မဖြစ်ရအောင် အပါယ်လေးပါးသို့ ကျရောက်ခြင်း မရှိအောင် ဆောင်ထားနိုင်သော "ဓမ္မ=တရား"ကိုသာ တရားအစစ် တရားအမှန်ဟု မှတ်ယူသင့်ပါသည်။

အကောင်းဆုံးတရား ဖြစ်တော်မူခြင်း

အောက်သို့ ကျ-မသွားအောင် ဆောင်ထားနိုင်သော နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်း လမ်းကောင်း တရားများသည် ယခုအခါတွင် ဘုရားရှင်၏ ညွှန်ကြားချက်အတိုင်း မူမပျက် အထင်အရှားရှိနေပါသည်။ ထို့နည်း ထိုလမ်းကို လိုက်သူမှာ တရားတော်က ဆောင်ထားသဖြင့် အဆင့်အတန်း မြင့်သော လူတန်းစားအဖြစ်သို့ ရောက်ကာ ချမ်းသာအမှန် စံရမည် ဖြစ်၍ မလိုက်သူမှာ အောက်ကျနောက်ကျဖြစ်ကာ သံသရာဝဋ်ဒုက္ခများနှင့် မုချရင်ဆိုင်နေရမည်သာ ဖြစ်ပါသည်။ ဤနေရာတွင် ဘုရားရှင်လက်ထက်တော်က ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားကြီး၏ ဘုရားရှင်အား လျှောက်ထားတင်ပြချက်ကို များစွာ မှတ်သားသင့်ပါသည်—

ပုဏ္ဏားကြီး။ ။"အရှင်ဂေါတမ....အရှင်ဂေါတမ၏ အဆုံးအမ ခံရသူ တပည့်များမှာ အကုန်လုံးပင် နိဗ္ဗာန်ရကြပါသလား၊ အချို့ မရဘဲ ရှိကြပါသလား"

ဘုရားရှင်။ ။"အကုန် မဟုတ်၊ အချို့ ရ၍ အချို့ မရကြချေ"

ပုဏ္ဏားကြီး။ ။"အရှင်ဂေါတမ....နိဗ္ဗာန်လည်း ထင်ရှား ရှိ၍ နိဗ္ဗာန်ဆောက် ကြောင်းနည်းလမ်းလည်း အထင်အရှားပင် ရှိ၏၊ နည်းပေး လမ်းပြတတ်သူ အရှင်ဂေါတမလည်း ရှိနေသည်သာတည်း၊ သို့ပါလျက် ဘာ့ကြောင့် အချို့၊ အချို့မရ ဖြစ်ရပါသနည်း"

ဘုရားရှင်။ ။"ပုဏ္ဏားကြီး.... ဤအချက်၌ ဆင့်ကိုပင် မေးရဦးတော့မည်၊ သင် ကြိုက်သလို ဖြေလော့၊ ရာဇဂြိုဟ်ပြည် သွားလမ်းကို သင် သိသလော"

ပုဏ္ဏားကြီး။ ။"သိပါသည်"

ဘုရားရှင်။ ။"ပုဏ္ဏားကြီး....လူတစ်ယောက်သည် ဆင့်အား ရာဇဂြိုဟ်ပြည် သွားရန် လမ်းကို ညွှန်ကြားရန် မေးလာသော် သင်က 'ဘယ်ကနေ ဘယ်သွား, ဘယ်ရောက်လိမ့်မည်'ဟု လမ်းညွှန်ရာ ထိုသူမှာ သင်ညွှန်သည့်အတိုင်း မဟုတ်ဘဲ လမ်းလွဲလိုက်ကာ နောက်သို့ ပြန်လာရာ၏။ တစ်ယောက်ကမူ သင်ညွှန်ကြားသည့် အတိုင်း သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်၏။ ပုဏ္ဏားကြီး.... ရာဇဂြိုဟ်ပြည်လည်း အထင်အရှား ရှိ၏။ ရာဇဂြိုဟ်ပြည်သို့ သွားရာ လမ်းလည်း ရှိနေသည်သာ ဖြစ်၏။ လမ်းညွှန်တတ်သူ သင်လည်း အရှိပင်တည်း၊ သို့ဖြစ်ပါလျက် တစ်ယောက်မှာ ရာဇဂြိုဟ်ပြည်သို့ ရောက်၍ တစ်ယောက်ကား ရာဇဂြိုဟ်ပြည်သို့ မရောက်ဘဲ ရှိသည်မှာ ဘာ့ကြောင့်ပါနည်း"

ပုဏ္ဏားကြီး။ ။"အရှင်ဂေါတမ....တပည့်တော် ဘာလုပ်နိုင်မလဲ၊ တပည့်တော်က လမ်းညွှန်သူသာ ဖြစ်ပါသည်"

ဘုရားရှင်။ ။"ပုဏ္ဏားကြီး....နိဗ္ဗာန်လည်းရှိနေလျက်သာ၊နိဗ္ဗာန်ရောက်ကြောင်း လမ်းလည်း အရှိပင်၊ နည်းပေး လမ်းပြတတ်သူ ငါဘုရားလည်း ရှိသည်သာတည်း၊ သို့ပါလျက် အချို့ နိဗ္ဗာန်ရကြ၏၊ အချို့ကား မရကြ။ ဤအရာ၌ ငါဘုရား ဘာတတ်နိုင်မည်နည်း၊ငါဘုရားကား နည်းပေးလမ်းညွှန်သူသာ ဖြစ်ပေသည်"

ပုဏ္ဏားကြီးသည် ဘုရားရှင်၏ အဖြေစကား တရားတော်ကို ကြားနာရ၍ လွန်စွာ အားရ ဝမ်းသာလှသဖြင့် "အရှင်ဂေါတမ....အမြစ်နှံသာမျိုး မှန်သမျှ တို့၌ ကရမက်ကို အကောင်းဆုံး အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ အနှစ်နှံသာ မျိုးတို့၌ စန္ဒကူးနီကို အထူးခြားဆုံး အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ အပင့် နှံဆာမျိုးတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ ထိုနည်း

တူစွာပင် ယခုခေတ်ပေါ် တရားတို့တွင် အရှင်ဂေါတမ၏ သြဝါဒတရားမှာ အကောင်းဆုံးအမြတ်ဆုံးဖြစ်ပါပေသည်”ဟု ချီးကျူးလေသည်(ဥပရိပဏ္ဏာသ၊ ဂဏကမောဂ္ဂလ္လာနသုတ်။ ၅၂-၇)။

ဘုရားရှင်၏ လမ်းညွှန် ဟောကြားချက်တရားကို ကြားရရုံ သိရရုံမျှဖြင့် ကျေနပ်မနေကြဘဲ နိဗ္ဗာန်ပေါက်ရောက်အောင် ကျင့်ကြံလျှောက်လှမ်း သင့်ကြပါသည်။

ကြားနာရုံမျှဖြင့်ပင် အပူစင် (အစ၏ ကောင်းခြင်း)

ရုပ်နှင့်နာမ် နှစ်မျိုးပေါင်းစပ်မိနေသော အရာကို “သတ္တဝါ”ဟု ခေါ်၏။ လူစသည်တို့ဖြစ်၏။ လူ၏ ခန္ဓာကိုယ်သည် အဓိဝမ်းတွင် ပဋိသန္ဓေနေသည်မှစ၍ ဖွားမြင်သည့်တိုင်အောင် ဇာတိဒုက္ခဖြစ်နေရသဖြင့် “ဇာဝ်မိုး”အလောင် ခံရ၏။ ထို့နောက် ဆာလောင်မွတ်သိပ်ခြင်း, ရထာ မလို, လိုတာ မရဖြစ်ခြင်း, ချစ်သော သူနှင့် ကဲ့နေရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်မှာ ဒုက္ခမိုးပူအမျိုးမျိုး အလောင်ခံရ၏။ ရင့်ရော်အိုမင်းလျှင် “ဇရာမိုး”, သေကျေပျက်စီးလျှင် “မရဏမိုး” အဃိုးသိုး အလောင်ခံနေရ၏။ “လူတစ်ခု ပူမှုဆယ်ကုဋ္ဌေ”ဟုပင် အဆိုပြုကြ၏။ မည်သို့ဆိုစေ သတ္တဝါများကို လောင်ကျွမ်း ပျက်စီးစေတတ်ပြီး ဆင်းရဲခြင်းဘို့ ရောက်စေတတ်သော ဒုက္ခအပူမီးသည် ပိဋကကျမ်းဂန်များအဆိုအရ အကျဉ်းအားဖြင့် တစ်ဆယ့်တစ်မျိုး ရှိပါသည်—

(၁) ရာဂမီး=အလိုရမက်ကြီးမှု၊
(၂) ဒေါသမီး=ပြစ်မှားပုတ်ခတ်မှု၊
(၃) မောဟမီး=အမှန်မသိမှု၊ အမှားကို အမှန်ထင်မှု၊
(၄) ဇာတိမီး=ပဋိသန္ဓေနေရမှု၊
(၅) ဇရာမီး=အိုမင်းရင့်ရော်မှု၊
(၆) မရဏမီး=သေကျေပျက်စီးမှု၊
(၇) သောကမီး=စိုးရိမ်ပူဆွေးမှု၊
(၈) ပရိဒေဝမီး=ငိုကြွေးလှိုက်ငင်မှု၊
(၉) ဒုက္ခမီး=ကိုယ်ဆင်းရဲမှု၊
(၁၀) ဒေါမနဿမီး=စိတ်ဆင်းရဲမှု၊
(၁၁) ဥပါယာသမီး=ဆို့တက်မေ့မြောဖြစ်မှု[1]။

၁။ ဝိ၊ ၃။ ၄၄။ သာရတ္ထ၊ ၌။ ၈၉။

ထိုဒုက္ခအပူမီး တစ်ဆယ့်တစ်မျိုးတွင် "ရာဂ, ဒေါသ, မောဟ" မီးသုံးမျိုးသည် အခြေခံအကျဆုံး မီးများ ဖြစ်၏။ "လောကမှာ ရာဂလောက် ပူလောင်တတ်သော မီးမရှိ၊ ရာဂသည် အပူမလောင်ဆုံးမီး ဖြစ်၏။ ဒေါသလောက် ဖျက်ဆီးတတ်သော တရားမရှိ၊ ဒေါသသည် အဖျက်ဆီးဆုံး တရားဖြစ်၏" စသည်ဖြင့် ပညာရှိများက ဝန်ခံပြောဆိုကြ၏။ အပြင်းအထန် ပစ်ခတ်နေသော စစ်ပွဲကြား၌ ဝင်နဲ့နေရသော စစ်သားတစ်ယောက်သည် အမျိုးမျိုး စစ်ဒဏ်ကို ခံရဘိသကဲ့သို့ ဒုက္ခအပူမီးမျိုးစုံ စုပြုံလောင်ကျမ်းနေသော လောကကြီးဝယ် ဤခန္ဓာကိုယ်ကို ရနေသူမှန်သမျှ ဘုရားရှင်သော်မှပင် လွန်ဆန်မရ မရဏမီး လောင်ကျမ်းခံရသေး၏။

ဘုရားရှင်၏ တရားတော်များသည် ဖော်ပြပါ ဒုက္ခအပူမီး တစ်ဆယ့်တစ်ပါးကို ကြားနာရုံမျှဖြင့် ကင်းစင်အောင် ငြိမ်းစေနိုင်ပါသည်။ ဤနေရာတွင်-

သားလည်းသေ လင်လည်းဆုံး ဥစ္စာဓန အမိအဖတွေပါ အကုန် ပျက်ပြုန်း၍ အရူးလုံးလုံး ဖြစ်ကာ ခန္ဓာကိုယ်မှာပင် အဝတ် မကပ် နိုင်အောင် အပူမီး တောက်နေရှာသော "ပဋာစာရီ" သည် ဘုရား ထံမှောက်ရောက်၍ ဘုရားရှင်၏ တရားစကားကို ကြားနာလိုက်ရုံမျှဖြင့် ဒုက္ခအပူမီးများ ငြိမ်းအေးသွားပုံမှာ ကြားနာရုံမျှဖြင့်ပင် အပူကင်းစင်ပုံ အတွက် ထင်ရှားသော နမူနာတစ်ခု ဖြစ်ပါသည်။

ဤသို့ တရားတော်ကို နာကြားရသူအဖို့ သောက, ပရိဒေဝ စသော ဒုက္ခ အပူမီးများ ကင်းရခြင်းမှာ စိတ်ကို ချမ်းသာအေးမြစေတတ်, ပီတိ ဖြစ်စေ တတ်သော တရားတော်အမှန် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ချီးမွမ်းသံမစဲ ချီးမွမ်းဆဲ

ဘုရားရှင်၏ တရားတော်ကို နာကြားရလျှင် တရားတော်ကို သိခြင်း, အနက်ကို သိခြင်းဖြင့် ပီတိ အထူးဖြစ်ကြရသောကြောင့် ဘုရားရှင် လက်ထက်တော် အခါကပင် တရားတော်၏ ဂုဏ်ပြတ်လှုပ်ကို အမျိုးမျိုးဂုဏ်တင်၍ ချီးမွမ်းခဲ့ကြပါသည်။ ယနေ့တိုင်လည်း ချီးမွမ်းသံမစဲ ချီးမွမ်းဆဲ ရှိနေကြပါသည်။ ချီးမွမ်းသံအများမှ ဘုရားလက်ထက်တော်က ချီးမွမ်းသံတစ်ခုကို ဖော်ထုတ် တင်ပြအပ်ပါသည်။

ဘုရားရှင်လက်ထက်တော်က "ကာရဏပါလီ" မည်သော ပုဏ္ဏားတစ်ယောက် သည် ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့၏ အလုပ်ကို လုပ်နေ၏။ ယင်းသို့ လုပ်ကိုင်နေဆဲ အဝေးမှ လာသော "ပိင်္ဂိယာနီ" မည်သော ပုဏ္ဏားကို မြင်ရသော်-

ကာရဏပါလီ။ ။"အရှင်....ဘယ်က လာသလဲ"

ပိဂိယာနီ ။ ။"ရဟန်းဂေါတမဆံမှ ပြန်လာကြောင်း"ဖြစ်။ ထိုအခါ-

ကာရဏပါလီ။ ။"ရဟန်း ဂေါတမ၏ ပညာအစုမ်းကို အရှင် ဘယ်လို ထင်သလဲ၊ ပညာရှိသူတစ်ဦးပဲ ထင်ပါရဲ့"

ပိဂိယာနီ ။ ။"ကျွန်ုပ်က ဘယ်လိုလူမို့လဲ၊ ဘယ်လောက် တော်တဲ့လူမို့ ရဟန်းဂေါတမ၏ ပညာစုမ်းကို သိနိုင်ရုံမှာလဲ၊ ရဟန်း ဂေါတမ်၏ ပညာစုမ်းကို သိသူမှာ ရဟန်းဂေါတမလို ပုဂ္ဂိုလ် မျိုးသာ ဖြစ်ရပေမပေါ့"

ကာရဏပါလီ။ ။"အရှင်ကား ရဟန်းဂေါတမအား ကောင်းမြတ်မှန်ရည် လှသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းခဲ့၏။ ဘယ်လို အကျိုးထူး မြင်၍ ရဟန်းဂေါတမ၌ ကြည်ညိုရပါသလဲ"

ပိဂိယာနီ ။ ။"အမောင်....အကောင်းဆုံးသော အရသာများဖြင့် ဝအိုနေ သော ယောကျ်ားသည် အခြားညံ့ဖျင်းသော အရသာများကို မလိုလား မနှစ်သက်တော့ပြီ၊ တို့အတူ ရဟန်းဂေါတမ ဘယ်ပုံ ဟောသည်ဖြစ်စေ တရားကို နာရသော် ထိုတရားမှတပါး အခြား သမဏ, ဗြာဟ္မဏတို့၏ အယူဝါဒကို မလိုလား မနှစ်သက်တော့ပါ"

"အမောင်....ဆာလောင်၍ အားနည်းနေသောယောကျ်ား သည် ပျားမုန့်ဆုပ်ကို ရသည် ရှိသော် ဘယ်နေရာမှာ လျက်လျက် ကောင်းမွန်ချိုမြသောအရသာကို ရနေသည်သာ ဖြစ်၏၊ ထို့အတူ ရဟန်းဂေါတမ၏ တရားကို ဘယ်ပုံ နာရ နာရ ထိုတရားမှ နေ၍ နှစ်သက်ခြင်းကို ရနေသည်သာ, စိတ်ကြည်လင်ခြင်းကို ရနေသည်သာ ဖြစ်ပါ၏"

"အမောင်.... စန္ဒကူးဥ္ဆေးဖြစ်စေ, စန္ဒကူးနံ့ဖြစ်စေ စန္ဒကူး တုံးတစ်ခုခုကို ရသော ယောကျ်ားသည် ထိုစန္ဒကူးတုံးကို အရင်း, အဖျား, အလယ် သုံးသွယ်တို့ဝင် ကြိုက်ရာက နမ်းရှုစေ မွှေးကြိုင်သော ရနံ့ကို ရလျက်သာ ရှိသည်။ ထို့အတူ ရဟန်းဂေါတမ၏ တရားကို ဘယ်ပုံ နာရ နာရ ထိုတရားမှ နေ၍ ဝမ်းမြောက်ခြင်း ရလျက်သာ, စိတ်ရှင်ပျခြင်း ရလျက်သာ ဖြစ်ပါ၏"

"အမောင်....အပြင်းအထန်ရောဂါကပ်ရောက်၍ ဒုက္ခရောက်နေသော ယောကျ်ားကို ကျွမ်းကျင်သော ဆေးဆရာသည် တခဏချင်း ရောဂါပျောက်ငြိမ်းစေသကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကို မဆို နာရ ကြားရမူထိုတရားကြောင့် စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းများ ငြိမ်းပျောက်ခြင်းသို့ ရောက်ရသည်သာ ဖြစ်ပါ၏"

"အမောင်.... နွေအပူဒဏ် ခံရ၍ ပင်ပန်း နွမ်းနယ်ကာ ရေဆာလျက်ရှိသော ယောကျ်ားသည် အေးကြည်ချိုမြသော ရေရှိ၍ ဆိပ်ကမ်းသာယာ မွေ့လျော်ဖွယ် ရေကန်သာသို့ ရောက်လာလျက် ထို့ရေကန်သို့ သက်ဆင်းပြီးလျှင် ချိုးရ သောက်ရသော် အပူအပန် မှုန်သမျှ အေးမြ ငြိမ်းစဲခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကို မဆို နာရသူမှာ ထိုတရားကြောင့် အပူအပန် မှုန်သမျှ ငြိမ်းရသည်သာ ဖြစ်ပါသည်"

ဤသို့ ပိဂိယာနိဏ်မှ ဘုရားရှင်၏ ဂုဏ်တော်များကို နာကြားရသောအခါ "ကာရဏပါလိ"သည် နေရာမှ ထကာ လက်ဝဲပခုံးထက် ကိုယ်ရုံတဘက် တင်လျက် လက်ျာဒူးကို မြေမှာ ထောက်ပြီးလျှင် ဘုရားရှင်ရှိရာ လက်အုပ်ချီ၍ "နမော တဿ" ပဏာမဖြင့် သုံးကြိမ် ဥဒါန်းကျူးကာ ကန်တော့ခဲ့ပေသည် (အံ၊ ၂။ ၂၀၆)။

ကျင့်လျှင် ချမ်းသာ (အလယ်၏ ကောင်းခြင်း)

ကြားနာရုံမျှဖြင့်ပင် အပူကင်း၍ စိတ်တွင် အေးမြ ပီတိပဿဒ္ဓိ ဖြစ်ရသော ဘုရားရှင်၏တရားတော်သည် ကျင့်ကြံလိုက်နာရသောအခါ ဆိုဖွယ်ရာ မရှိပြီ။ အကျင့်သီလတစ်ခုဖြင့်ပင် ဘေးကင်းရန်ကင်း ကိုယ်ချမ်းသာ, စိတ်ချမ်းသာခြင်းကို ဖြစ်စေတတ်၏။ အများ၏ချစ်ခင်လေးမြတ်မှုကို ခံရ၏။ မေတ္တာ, ကရုဏာ, မုဒိတာများ ဖြစ်လျက် အလွန်စိတ်အေးချမ်းသာ နေရသည့်အတွက် ရောဂါကင်းလျက် အဆင်းခွန်အား များစွာတိုးကာ အသက်ရှည်စွာ နေရတတ်၏။ ဤဌ် တရားကို ကျင့်ကြံလိုက်နာ၍ တရားတော်က ပြန်လည်စောင့်ရှောက်သည့်အတွက် ချမ်းသာပုံ သာဓကတစ်ခုကို ဆက်လက်တင်ပြထားပါသည်—

ကာသိတိုင်း ဓမ္မပါလရွာမှ "ဓမ္မပါလလုလင်"သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးတံ သားရောက် ပညာသင်ကြားရာတပည့် ငါးရာတို့၏ အကြီးအမှူး တပည့်ကြီးအဖြစ် ရောက်လေ၏။

တနေ့သ၌ ဆရာကြီး၏ သားကြီး သေဆုံးသဖြင့် ထိုအရေးကို ဆွေးနွေးပြောဆိုကြရာမှအစ ဓမ္မပါလထံမှ သူတို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်၌ မသေကြောင်း ကြားရသောအခါ ဆရာကြီးအား ပြောပြကြ၏။ ဆရာကြီးလည်း ဓမ္မပါလကို ခေါ်မေး၍ ဟုတ်မှန်ကြောင်း သိရသောအခါ လွန်စွာ အံ့သြလှသဖြင့် မိမိကိုယ်တိုင် သွားရောက်စုံစမ်းရန် ဆုံးဖြတ်လေ၏။ ထို့နောက် ဆိတ်ရိုးများကို လွယ်အိတ်ထဲထည့်ပြီးလျှင် တပည့်များအား စာပေချပို့ရန် ဓမ္မပါလလုလင်ကို မှာကြားလျက် ထွက်ခွါခဲ့ရာ ဓမ္မပါလရွာ၊ ဓမ္မပါလလုလင်တို့၏ အိမ်သို့ ဆိုက်ရောက်လေ၏။ ဆရာကြီးအား အိမ်သားများက ဝတ္တရားကျေပွန်အောင် ပြုစုကြ၏။ ထမင်းသုံးဆောင်ပြီးနောက် အေးအေးသက်သာနေသောအခါ-

ဆရာကြီးက- ဓမ္မပါလလုလင်၏ ဖခင် ပုဏ္ဏားကြီးအား "ဓမ္မပါလကုယ်လွန်ပြီဖြစ်ကြောင်း, သခါရမှန်သမျှ အနိစ္စချည်း ဖြစ်၍ မစိုးရိမ်ဖို့အကြောင်း" ပြောပြ၏။

ပုဏ္ဏားကြီးလည်း လက်ခုပ်လက်ဝါးတီးလျက် ပြင်းစွာ ရယ်လေ၏။ "ဘာကြောင့် ရယ်သလဲ"ဟု မေးသော် "ကျွန်တော့်သား မသေပါဘူး ဆရာကြီး၊ တခြားသူတစ်ယောက်ယောက် သေတာဖြစ်ပါလိမ့်မယ်"ဟု ဆို၏။ ထိုအခါ-

ဆရာကြီးက- "ယုံပါ ပုဏ္ဏား၊ ဟောဒါ သင့်သားအရိုးတွေပဲ"ဟု အရိုးများထုတ်ပြသော်-

ပုဏ္ဏားကြီးက- "ဆရာကြီး ပြသော အရိုးမှာ ဆိတ်ရိုး၊ ခွေးရိုးတစ်မျိုးမျိုး ဖြစ်ပါလိမ့်မယ်၊ ကျွန်တော့်သား မသေပါဘူး၊ ကျွန်တော်တို့ အမျိုးမှာ အမျိုးခုနစ်ဆက်တိုင်အောင် ငယ်ငယ်နှင့် သေဖူးသည် မရှိပါဆရာကြီး"ဟု ရဲဝံ့စွာ ငြင်းဆို၏။

ဆရာကြီးလည်း အလွန် အံ့သြ၍ "သင်တို့ အမျိုးဌာ ထိုသို့ ငယ်ငယ်ရွယ်ရွယ်နှင့် မသေသည်မှာ အဘယ်ကြောင့်ပါနည်း"ဟု မေး၏။ ပုဏ္ဏားကြီးက ဖော်ပြလတ္တံ့ပါအတိုင်း အကျယ်တဝင့် ပြောပြလေသည်-

ဆရာကြီး.... ကျွန်တော်မျှား တရားကျင့်ကြပါသည်။ အရိယာတို့ကဲ့ရဲ့ဖွယ် မကောင်းမှု မပြုကြပါ။ မသူတော်တရား သူတော်ကောင်းတို့၏ တရား နှစ်မျိုးလုံး နာကြပါသည်။ သူတို့နှင့် မဆန့်ကျင်အောင် နာကြသော်လည်း မသူတော်မျှားတရားကို လက်မခံကြပါ၊ သူတော်ကောင်းမျှားနှင့်သာ ပေါင်းသင်းကြပါသည်။

ကျွန်တော်မျှားသည် မလှူမိလည်း ငမ်းသာ, လှူဆဲလည်း ဝမ်းသာ, လှူပြီးသောအခါလည်း နောင်တမဖြစ်ကြပါ။ ရဟန်း, ပုဏ္ဏား, ခရီးသည်, သူတောင်းစား, ဆင်းရဲသားတို့ကို ထမင်း အဖျော်ပေးကမ်းကြပါသည်။

ကျွန်တော်မျှား၏ ဇနီးမျှားသည် အခြား ယောကျ်ားနှင့် မမှားကြသလို ကျွန်တော်မျှားလည်း အခြား မိန်းမမျှားနှင့် မမှားကြပါ၊ ဖြဟ္မစရိယအကျင့်ကို ကျင့်ကြပါသည်။

ကျွန်တော်တို့သည် အသက် မသတ်ကြ, မခိုးကြ, လိမ် မပြောကြ, အရက် မ့သောက်ကြပါ။

တရားရှိသော ကျွန်တော်တို့၏ ဇနီးမျှားမှ ဝေဒကျမ်းတတ် ပညာရှိသားကောင်းသားမြတ်မျှားသာ မွေးဖွားပါသည်။ အမိအဖ ညီအစ်ကို မောင်နှမ သားမယား ကျေးကျွန်အစေခံ အမှုလုပ်အားလုံး နောင်ဘဝရေးအတွက် တရားကျင့်ကြသူချည်း ဖြစ်ပါသည်။ ဤအကျင့်မျှားမှာ ကျွန်တော်မျှား ငယ်ငယ်နှင့် မသေရခြင်းအကြောင်းမျှား ဖြစ်ပါသည်။

ဓမ္မပါလလုလင်၏ ဖခင် ပုဏ္ဏားကြီး၏ စကားကို ကြားရသောအခါ ဆရာကြီးက မိမိစုံစမ်းလိုရှိ လာခဲ့ကြောင်း, ဓမ္မပါလလုလင်မှာ ကျန်းမာလျက်ရှိကြောင်း ပြောကာ ပုဏ္ဏားကြီး ပြောပြသော အကျင့်တရားမျှားကို မိမိတို့ ကျင့်ရန် ရေးကူးပြီး ပြန်လာခဲ့လေသည်။ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ =တရားကျင့်သူကို တရားက တကယ် ပြန်၍ စောင့်ရှောက်တတ်၏" ဟူသော စကားနှင့်အညီ တရားကျင့်၍ ချမ်းသာရပုံသာဓကဖြစ်ပါသည်ဘု။ အကျင့်သီလထက် မြင့်သော သမာဓိ, ပညာစသော အကျင့်မျှားကို ကျင့်ရပါမူကား ဆိုဖွယ်ရာ မရှိတော့ပါ၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အဆင့်အထိ မြင့်မားသော ချမ်းသာမျှားကို ရရှိနိုင်ကြမည်မှာ ဧကန်မလွဲ ဖြစ်ပါသည်။ ဤကား တရားတော်၏ "ကျင့်သုံးရခြင်း" တည်းဟူသော အလယ်၏ ဂုဏ်ခြင်းတည်း။

၁။ ဇာတ်ဋ္ဌကထာ။ ဓမ္မပါလဇာတ်

ဤသာဓကကို ထောက်၍ ဘုရားရှင်၏ တရားတော်အတိုင်း ကျင့်ကြံလိုက်နာစောင့်စည်းနေရလျှင် စိတ်ကျဉ်းကျပ်ပြီး ဆင်းရဲလိမ့်မည်။ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်သော လောကီအာရုံများကို လိုက်စားနေရမှသာ ပျော်ရွှင်ဖွယ် ရှိသည်ဟု လူများစွာတို့ ထင်မှားနေခြင်းကား မီးရောင်ကို ရွှေတောင်ထင်၍ ဝင်ရောက်တိုးဝှေသော ပိုးပရန်ကောင်များနှင့် တူလှချေ၏ တကား။

ကျင့်ပြီးခါလည်း လွန်စွာ ငြိမ်းချမ်း (အဆုံး၏ ကောင်းခြင်း)

ဘုရားရှင်၏ တရားတော်ကို အစွမ်းကုန်ကျင့်၍ အမြင့်ဆုံး မဂ်ဖိုလ်အကျိုးကို ရသောအခါ တစ်ဆယ့်တစ်ပါးသော ဒုက္ခအပူမီးများ အပြီးသတ် လက်စသိမ်း၍ လွန်စွာ ငြိမ်းချမ်းသော နိဗ္ဗာန်ဓာတ် (သန္တိသုခ) ချမ်းသာမြတ်ကို သိမြင် ိုက်ထောက် မျက်မှောက်ပြုကာ ရယူနိုင်ကြပါပြီ။ ထိုချမ်းသာမြတ်ကို ဘုရား ၇ဟန္တာ အရိယာပုဂ္ဂိုလ်တို့ ဖလသမာပတ်ဖြင့် အထပ်ထပ် အခါခါ သိမြင် ဆိုက်ထောက် မျက်မှောက်ပြုကာ ရယူတော်မူလေ့ရှိပါသည်။

ချမ်းသာဆည်—

(၁) ခံစားရသော ချမ်းသာ "ဝေဒယိတသုခ"နှင့်

(၂) မခံစားရဘဲ ငြိမ်းချမ်းသော ချမ်းသာ "သန္တိသုခ"–

ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် "ဝေဒယိတသုခ"ကား တဏှာရာဂ သမားတို့ ခံစားသော ချမ်းသာဖြစ်၏။ ချမ်းသာစစ်မဟုတ်၊ မခံစားမီလည်း ဆင်းရဲ၏၊ ခံစားပြီးနောက်လည်း ဆင်းရဲ၏၊ ငြိမ်းချမ်းမှုမရှိ။ "သန္တိသုခ"ကား တဏှာရာဂ ကုန်ခန်းမှ ရရှိ၏။ မခံစားရဘဲ အေးငြိမ်းရ၏။ ဒုက္ခဆင်းရဲဟူ၍ မြူမျှ မရှိပါ။ တဏှာရာဂ မကင်းကြသော လူများစွာတို့သည် ခံစားဖူးကြ ခံစားနေရသော "ဝေဒယိတသုခ"ကိုသာ မြင်တွေ့ခံစားနေရသဖြင့် မခံစားရဘဲ ငြိမ်းချမ်းသော ငြိမ်သက်သော ချမ်းသာ"သန္တိသုခ"ကို မယုံကြည်နိုင်ဖြစ်ကာ မလိုမချင် ရှိတတ်ကြသည်။ အမှန်စင်စစ်အားဖြင့်ကား "သန္တိသုခ"သည် အောက်တန်းကျသူတို့ ရရှိနိုင်သော အောက်တန်းစား ချမ်းသာမျိုး မဟုတ်၊ လူထက် လူ, နတ်ထက် နတ်, မြတ်ထက် မြတ် ပုဂ္ဂိုလ်တို့သာ ရရှိနိုင်သော ချမ်းသာမျိုး ဖြစ်၏။ မခံစားဘဲ ချမ်းသာပုံ သဘောကို စဉ်းစား ဆင်ခြင်ကြည့်သူတို့ မှန်းဆ သိမြင်နိုင်ကြပါသည်။

ခွေးဘဝ ရောက်နေလို့သာ မစင်ကို စားချင်သည်။ ခွေးဘဝမှ လွတ်၍ လူဖြစ်သောအခါ စားပါဆို၍တောင် မစင်ကို မစားနိုင်၊ စားချင်စိတ်လည်းမရှိ။ စင်စစ်ကား မြင်ရုံမျှဖြင့် အော့နှလုံးနာကြသည်။

ထို့အတူပင် ခံစားတတ်သော တဏှာ မကုန်သေး၍သာ ခံစားချင်နေသည်။ တဏှာကုန်ခန်း၍ ရဟန္တာဖြစ်သောအခါ ခံစားပါဆိုတောင် မခံစားတော့၊ ခံစားချင်စိတ်လည်း မရှိတော့။ စင်စစ်ကား ကာမဂုဏ်တွေကို စက်ဆုပ်ရွံမုန်း၍ မခံစားဘဲ အေးငြိမ်းသော ချမ်းသာကိုသာ နှစ်သက်နေတော့သည်။ ဤ၌ စားချင်၍ စားရသည့်အတွက် အလိုပြည့် ချမ်းသာရသည်ကား "ဝေဒယိတသုခ"ဖြစ်၏။ မစားချင်သည့်အတိုင်း မစားဘဲနေရသဖြင့် အေးငြိမ်းရသည်ကား "သန္တိသုခ"သဘောတည်း။

"သန္တိသုခ"၏ ခံစားမှုမပါဘဲ ချမ်းသာပုံ သဘောကို မှန်းဆ သိမြင်နိုင်ကြရန် ဥပမာသာဓကတစ်မျိုးဖြင့် တင်ပြပါဦးမည်—

အလွန်စည်းစိမ်ကြီးသော လူချမ်းသာ တစ်ယောက်သည် တိုးကြ, မှုတ်ကြ, ကခုန်ကြနှင့် ယုယဖျော်ဖြေသူကလေးများ၏ အလယ်မှာ ထည်ထည်ဝါဝါ အိပ်ပျော်နေ၏။ ဆင်းရဲသား လယ်သမားလေး တစ်ယောက်ကား နေပူကဲ့တောက် သစ်ပင်အောက်၌ လယ်ကန်သင်းရိုးကို ခေါင်းအုံးကာ တစ်ယောက်တည်း အိပ်ပျော်နေရှာ၏။ အိပ်ပျော်ချိန်၌ ထိုနှစ်ယောက်လုံးပင် ဘာမျှ မခံစားကြရ။ အိပ်ရာမှ နိုးကြသော် ကိုယ်စီကိုယ်ငင် "အိပ်ရတာ ကောင်းလိုက်တာ"ဟု ကျူးရင့်ပြောဆိုကြ၏။ မည်သည့် အရာ ကောင်းပါသနည်း၊ ခံစားမှုမပါ အေးငြိမ်းချမ်းသာသော အကောင်းပင် မဟုတ်ပါလော။

ဘုရားရှင်၏ တရားတော်ကို ကျင့်၍ အမြင့်ဆုံးအဆင့် ရောက်သည့်ဖခါ အမြင့်ဆုံးသော "သန္တိသုခ" နိဗ္ဗာနဓာတ် ချမ်းသာမြတ်ကို ရရှိနိုင်ကြပါသည်။ ဒုက္ခဆင်းရဲဟူ၍ မြူမျှမသန်း လွန်စ်စွာ ငြိမ်းချမ်းလှ၏။ ဤကား တရားတော်၏ "ကျင့်ပြီးခြင်း, အကျိုးရခြင်း"ဟူသော အဆုံး၏ ကောင်းခြင်းတည်း။

အကြိတ်အနယ်ခံနိုင်သော တရားဖြစ်ခြင်း

ဘုရားရှင်၏ တရားတော်များသည် ဗုဒ္ဓဘာသာမှ တပါးသော အယူဝါဒရှိသူ "တိတ္ထိ"တို့၌ ရှိသော အကြောင်းအကျိုးနှင့် မယှဉ်သည့် တရားမျိုး မဟုတ်၊ စိတ်ကူးဉာဏ်ဖြင့် ကြံဆတီထွင် ညှစ်ပြထားသော ဟန်ဆောင်တရားမျိုးလည်း မဟုတ်၊ ကိုယ်တိုင်ကျင့်ကြံ သိမြင်ပြီးမှ ဟောကြားညွှန်ပြထားသော လက်တွေ့ တရားများ ဖြစ်၏။ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်း၏။ မည်သည့် နတ် လူ ပညာရှိကမျှ ပိုသည့်, လိုသည့်, မှားသည်ဟု ဖြည့်စွက်ခြင်း, ပယ်နုတ်ခြင်း မပြုနိုင်၊ လွန်စွာ ခိုင်မာ၏။

တရားတော်က "မလုပ်နဲ့ အပြစ် ရှိသည်" ဟု တားမြစ်ထားသည်ကို လုပ်မိလျှင် တကယ်အပြစ်ရ၍ "လုပ်ပါ အကျိုးကြီးသည်"ဟု တိုက်တွန်းသည်ကို လုပ်ကြည့်လျှင် တကယ် အကျိုးရှိသည်ကို တွေ့ရ၏။ အကျိုးကို အပြစ်ဖြစ်အောင်, အပြစ်ကို အကျိုးဖြစ်အောင်, အကျိုးအပြစ် လုံးဝ မဖြစ်အောင်, ပေါ့သွားအောင်, လေးသွားအောင် မည်သည့် တန်ခိုးရှင်ကမျှ ဖန်တီး ပိတ်ပင်ခြင်း, ကားဆီးခြင်း, ဖယ်ရှားခြင်း စသည်ကို လုံးဝ မပြုနိုင်ပါ။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောခဲ့ပြောခဲ့သော တရားဖြစ်၍ ယခုခေတ် အခြေအနေ, ယခု လူတွေ့နှင့် မဟပ်မိ၊ ရှေးကျနေပြီ၊ ခေတ်မမီ တော့ဟု ဆိုဖွယ်မရှိ။ တရားအားလုံးသည် တကယ့် သဘာဝမမှုချည်း ဖြစ်၍ ခေတ်အဆက်ဆက် နှစ်အဆက်ဆက် အချိန်အခါမရွေး အမြဲတမ်း အမှန်ဆုံး အကောင်းဆုံး ဖြင့်၍ သစ်နေဆဲဖြင့်ပါသည်။ လက်တွေ့ ညွှန်ပြထားသော တရား မျှားဖြစ်သောကြောင့် သဘာဝလိုက်စားသူ ပညာရှိတို့၏ အကြိတ်အနယ် ဝေဖန်ဆွေးနွေးမှု, စိစစ်မှုတို့ကိုလည်း ကောင်းစွာ ခံနိုင်၏။ ပညာရှိလေးလေး အားရကျေနပ်လေလေ ဖြစ်ကြရသည်။ ဤနေရာတွင် ဘုရားရှင်လက်ထက်တော်က ဥပါလိသူကြွယ် ချီးကျူးပြောဆိုခဲ့သော "မျောက်ကလေးကို ပင်မင်း ပေးခိုင်းပို့" ဥပမာစကားသည် တိတ္ထိတို့၏ ဝါဒတရားနှင့် ဗုဒ္ဓဝါဒတရားတို့၏ ခြားနားချက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသိသာစေပါသည်။

ရှေးက ပုဏ္ဏားအိုကြီးတစ်ယောက်၌ မွေးခဲ့နိုး ကိုယ်ဝန်အရင့်အမာ ရှိနေသော ဇနီးငယ်ကလေး တစ်ယောက် ရှိ၏။ ကလေးမျက်နှာ မြင်သောအခါ ကစားဖို့ရာ မျောက်ကလေးအဝယ်ခိုင်း၏။ "ဆိုင်းပါဦး" ဟု ပြောသော်လည်း မရ၊ ဇနီးက အထပ်ထပ် ပူဆာသဖြင့် စျေးသို့သွား၍ မျောက်ကလေး ဝယ်ပေးရသည်။ တဖန် မျောက်ကလေးကို ပင်မင်း (ဆေးဆိုး) ပေးရန် ပူဆာပြန်သောကြောင့် ပင်မင်းဆိုင်သို့သွား၍ မျောက်ကလေးကို ရိုက်နှက်ဖုပ်လျှော်ပြီး ဆေးဆိုးပေးရန် အပ်နှံသည်။ ထိုအခါ ပင်မင်းဆရာက "ခင်ဗျား၏ မျောက်ကလေးမှာ လှအောင် ဆေးဆိုးတော့ ခံနိုင်ပါလိမ့်မည်၊ ဖြူအောင် ဖုပ်လျှော်ဖို့ရာ အထုအရိုက်ကိုတော့ ခံနိုင်မည် မဟုတ်ပါဘူး" ဟု ဆိုသတဲ့။

၁။ မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ်။၃၀၄-၄၆။

ထို့အတူပင် နိဂဏ္ဌတို့၏ ဝါဒတရားမှာ လူမှုက်တို့ အထင်ကြီးရှုမြော်ယံ နားထောင်ကောင်းရုံ ဟန်ဆောင်ဆေးဆိုးပြမှုတော့ ခံနိုင်ပါရဲ့၊ သဘာဝလိုက်စားသူ ပညာရှိတို့၏ အကြိတ်အနယ် ဝေဖန်ဆွေးနွေးမှု, သုံးသပ်မှုကိုတော့ ခံနိုင်ရည် မရှိပါဟု-

တိတ္ထိဆရာကြီး "နိဂဏ္ဌနာဋပုတ္တ"အား တပည့်ဟောင်း ဖြစ်သူ "ဥပါလိ" သူကြွယ်က ပြောပြမဲ့ဖူးလေသည်။ ဥပါလိကား ယခင်က တိတ္ထိတို့၏ ဝါဒကို အသဲစဲ့လက်ခံယုံကြည်ခဲ့သူဖြစ်သော်လည်း ဘုရားရှင်၏ တရားဟော်ကို နာရသော အခါ ပိတ္ထိတို့၏ ဝါဒဌ္ဌ ဘာမျှ အနှစ်ရှာမရ, အလဟဿ ဖြစ်သည်ကို အတိုအကျ သိခဲ့သည်။ ဤသို့ ဖြစ်ရသည်မှာ ဘုရားတရားတော်များ၏ မည်သည့်သာသနာ့ပြင်ပ ဝမ္မနှင့် မဆို ယှဉ်ပြိုင်နိုင်သော ကောင်းမြတ်သည့် ဂုဏ်အရည်အချင်းများ ရှိနေသောကြောင့် ဖြစ်ပါသည်။

၂။ သန္ဒိဋ္ဌိကဂုဏ်တော်

သန္ဒိဋ္ဌိက=(သံ+ဒိဋ္ဌိက။ သံ=ကိုယ်တိုင်+ဒိဋ္ဌိက=သိမြင်အပ်သော တရားတော်။)

အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်ကိုယ်ကျ (သူပြော လူပြော မဟုတ်ဘဲ) လက်တွေ့ဒိဋ္ဌ (မျက်စိဖြင့် မြင်ရသကဲ့သို့) သိမြင်ရသော ဇာရားတော် ဖြစ်၏။ ဘုရားရှင် ဟောတော်မူထားသည့်အတိုင်းသာ ကျင့်ကြံ အားထုတ်ကြလျှင် ကျင့်တိုင်းပေါက်၍ မဂ်,ဖိုလ်အထိ ဆိုက်ရောက်နိုင်၏။ မဂ်,ဖိုလ်ရလျှင် နိဗ္ဗာန်ကို ကိုယ်တိုင် ကိုယ်ကျ သိမြင်နိုင်ကြ၏။ ထို့ကြောင့် အရိယာအပေါင်း သူတော်ကောင်းတို့သည် သူတကာ အပြော ကောင်း၍ ယုံကြည်ကျေနပ် ဆည်းကပ်ကြခြင်း မဟုတ်ဘဲ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးကို တပ်အပ်ထင်ထင် ကိုယ်တိုင်တွေ့ ကိုယ်တိုင် မြင်ပြီး ကိုယ်တိုင်ယုံကြည် ကျေနပ်ဆည်းကပ်ကြခြင်း ဖြစ်ပါသည်။

[" ပရိယတ်တရား "သည် ဘုရားရှင်၏ စကားတော်အစဉ်သာ ဖြစ်၍ ကိုယ်တိုင်ကျင့်ကြံ၍ ကိုယ်တိုင်ဒိဋ္ဌ သိရမြင်ရ ကိုယ့်သန္တာန်၌ ဖြစ်စေရသော တရားမဟုတ်သောကြောင့် ဤ"သန္ဒိဋ္ဌိက"ဂုဏ်တော်၌ မပါခြင်းဖြစ်၏။]

ကိုယ်တိုင်သိမြင်နိုင်သော တရားဖြစ်ခြင်း

ဘုရားရှင်၏ တရားတော်သည် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်လောက်အောင် ထင်ရှားသော ဂုဏ်တော်ရှိ၏။ တရားတော်အတိုင်း ကျင့်လျှင် လောကီစျာန် အဘိညာဉ်တန်ခိုး အမျိုးမျိုးတို့အပြင် လောကီမှ လွန်မြောက်၍ လောကုတ္တရာ မဂ်, ဖိုလ်အထိ ရနိုင်ထောက်နိုင်၏။ အခြားသော ဘာသာတို့၌ ရှိသော တရားများကား ယင်းသို့မဟုတ်၊ စျာန်အဘိညာဉ်တန်ခိုးမျှ ရနိုင်သော အစီအစဉ်မရှိ။ အခြို့မှာ ဈာန်အဘိညာဉ်တန်ခိုးမျှ ရနိုင်လောက်သော အစီအစဉ်ကား ရှိ၏။ ယင်းသို့ ရှိသော်လည်း လောကီမှ လွန်မြောက်၍ လောကုတ္တရာ မဂ်, ဖိုလ်အထိ ရနိုင်ထောက်နိုင်ခြင်းကား လုံးဝ မရှိပါ။ ယင်းတို့တရားများသည် လက်တွေ့နည်းမကျ၊ တကယ်လုပ်၍ အဟုတ်မဖြစ်၊ အပြောဖြင့် မောလျှင် ကျေနပ်နေကြရသည်။

ဘာသာခြားတို့သည် တရားကိုသာ လက်တွေ့ မပြနိုင်ကြသည် မဟုတ်၊ တရားကို ပညတ်ဟောပြ အဆုံးအမပေးခဲ့သော ဘုရားကိုလည်း အထင်အရှားပြနိုင်သောအစွမ်းမရှိကြပါ။ ကောင်းကင်ဘုံမှာ လိုလို, ဟိုမှာ လိုလို, သည်မှာ လိုလိုနှင့် ယီးတီးယားတားဖြင့်သာ ကျေနပ်ကြရသည်။ ၎င်းတို့၏ ဘုရား၌ "ဘုရားဖြစ်ဖို့ရာ မည်သည့်ကောင်းမှုပါရမီကို ဆည်းပူးဖြည့်ကျင့်လျက် မည်သည့် အမျိုးအနွယ်တွင် ဖွားမြင်ပြီးလျှင် မည်ကဲ့သို့ တရားအားထုတ်၍ မည်သည့် အရပ်၌ ဘုရားဖြစ်ပြီးနောက် မည်မျှလောက် ကြာအောင် တရားဟော၍ မည်မျှသတ္တဝါတွေကို အကျွတ်တရား ရစေသည်" ဟု ကျကျနန ခိုင်ခိုင်မာမာ ပြစရာ မရှိပါ။

ဗုဒ္ဓအယူဝါဒ ရှိသူတို့၏ ဘုရားရှင်သည်ကား ထိုကဲ့သို့ မဟုတ်၊ ဖော်ပြပါ အဆိုအဖောက်အားလုံးကို ကုန်ကုန် ကုင်းကုင်း စေ့စေ့ ငင ရှင်းလင်း ပြနိုင်၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ငါးရာကျော်က အိန္ဒိယပြည်၌ ပုဂ်ံထွန်းတော်မူခဲ့ကြောင်းကို ဘုရားရှင်၏ သီတင်းသုံးတော်မူရာ အရပ်နှင့် အဆောက်အအုံ အဆိတ်အပိုင်းများ ယခုတိုင် မျက်မြင် ထင်ရှားရှိသေးသဖြင့် မည်သူမျှ ငြင်းဆန်နိုင်ဖွယ်မရှိပါ။ သို့ဖြစ်၍ ဗုဒ္ဓအယူဝါဒ ရှိသူတို့၏ ဘုရားသည် "လေဖမ်းဒန်းစီး ကောင်းကင်မှာ တိုက်ကြီးတည်သလို" ယီးတီးယားတား ဟိုလိုလို သည်လိုလိုနှင့် လှည့်ပတ်၍ ထားအပ်သော စိတ်ကူးဥာဏ်သာ ရှိသော ဘုရားမဟုတ်ပါ၊ တကယ်ပင် ထင်ရှားပြစ်ခဲ့သော ဘုရားဖြစ်ပါသည်။

ယင်းသို့ ဘုရားရှင် ထင်ရှားပြစ်ခဲ့သလို ဘုရားရှင်၏ တရားတော်များလည်း ယခုတိုင် ထင်ရှား ရှိနေကြဆဲ ဖြစ်၏။ ထိုတရားတော်၌ လာသည့်အတိုင်း ကျင့်ပါလျှင် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်၏။ ကိုယ့်သန္တာန်မှာ မဂ်တရား ဖိုလ်တရား

ဖြစ်ပေါ်နေသည်ကို (သူပြော လူပြော မဟုတ်) ကိုယ်တိုင် သိနိုင်၏။ ထိုမဂ်ဖိုလ်ကို ရသောအခါ နိဗ္ဗာန်ကို ကိုယ်တိုင် မြင်နိုင်၏။ မီးကို ကိုင်ကြည့်၍ ကိုယ်တိုင်ပူမှန်း သိသကဲ့သို့လည်းကောင်း, ဆားကို စားကြည့်၍ ကိုယ်တိုင် ငန်မှန်း သိသကဲ့သို့လည်းကောင်း, သကြားကို မြည်းကြည့်၍ ကိုယ်တိုင် ချိုမှန်း သိသကဲ့သို့လည်းကောင်း ဖြစ်၏။ ဤသို့ ကိုယ်တိုင် သိမြင်နိုင်သော တရားဖြစ်၍ ကိုယ်တိုင်လည်း သိမြင်ကြသောကြောင့် အခြားဘာသာတို့က လောကီဂုဏ်ကို ပြ၍ မည်မျှပင် သွေးဆောင်ကြသော်လည်း တန်ခိုးအရှိန်အဝါပြ၍ မည်မျှပင် ခြိမ်းခြောက်ကြသော်လည်း ကိုယ်ပိုင်ဘာဏ်ကို အသုံးပြု၍ မကြောက်မရွံ့ မတွန့်မဆုတ် ရင်ဆိုင်ဝံ့ကြသည်။ မယိုင်မလဲ ခိုင်မြဲစွာ ခုခံ ကာကွယ်နိုင်ကြသည်။

ကိုယ်တိုင်တရားမြင်လျှင် ဘုရားရှင်အပေါ် သံဃယဝင်

တရားကို ကိုယ်တိုင် မသိမမြင်မီက မိမိကိုးကွယ် အားထားလျက် ရှိသော တရားအပေါ်၌ပင် "ဟုတ်မှ ဟုတ်ပါ့မလား, မှန်မှ မှန်ပါ့မလား" ဟု ယုံမှားသံသယစိတ်များရှိတတ်ကြ၏။ တရားအပေါ်၌ ယုံမှားသံသယစိတ်များ ရှိလျှင် တရားရှင် ဘုရားအပေါ်၌လည်းကောင်း, တရားတော်ကို အစဉ်အဆက် မပျောက် မပျက်အောင် စောင့်ရှောက်လျက်ရှိသော သံဃာတော်အပေါ်၌လည်းကောင်း ယုံမှားသံသယစိတ်များ တိုးပွားနေမည်သာ ဖြစ်၏။ ကိုယ်တွေ့ မျက်မြင် တရားမဟုတ်၍ (၀၊) တရားကို ကိုယ်တိုင်ကိုယ်ကျ မတွေ့ မမြင်၍ တရားမခိုင်သည်နှင့် အမျှ ဘုရားမခိုင်ဖြစ်ကာ မူလ ကိုးကွယ် အားထားနေသည့် ဘုရားအပေါ် မယုံကြည်တော့ဘဲ ဘုရားပြောင်း ဘုရားလဲပင် ဖြစ်တတ်၏။ (ယခုအခါမှာပင် ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ပြောင်းနေသူများ အထင်အရှား ရှိနေကြ၏။) ထိုသူတို့သည် ယုံကြည်မှု မခိုင်မြဲသည်နှင့် အမျှ အကျင့်ထူး ကျင့်သူကို မြင်လျှင် အဆင်ခြင် ကင်းမဲ့စွာ တရားထူး ရှိနေသူဟုပင် အထင်ကြီးတတ်ကြ၏၊ ဆည်းကပ် ကိုးကွယ်တတ်ကြ၏။ ဤ၌ ပါထိဇကျမ်းလာ "သုနက္ခတ္တ" ရဟန်း၏ ဖြစ်ရပ်မှာ လွန်စွာ သင်ခန်းစာယူဖွယ် ကောင်းလှပါသည်။

"သုနက္ခတ္တ" မည်သော ရဟန်းမှာ ဘုရားရှင်၏ တပည့်တော် အလုပ်အကျေး ရဟန်းတစ်ပါး ဖြစ်၏။ ဘုရားရှင်၏ ကျက်သရေနှင့် အကျင့်အမျိုးမျိုး တန်ခိုးကော် ဉာဏ်တော် အမျိုးမျိုးကို မြင်နေရ သိနေရသူလည်း ဖြစ်၏။ ထိုသို့ ကျက်သရေရှင် ဘုန်းရှင် ဉာဏ်ရှင် တန်ခိုးရှင် နောက်က သပိတ်ပုက် လိုက်နေရသူ ဖြစ်ပါလျက် ဖုံခနောက်များ၏ အကြား ပြာပုံထဲမှာ အိပ်လျက် ခွေးလို လေးဘက်ထောက် စား,

ခွေးမျှား၏ အာကျင့်ကို ကျင့်နေသော ကျက်သရေမဲ့လှသည့် "ကောရ-ခတ္တိယ"ခေါ် တက္ကတွန်းကြီးကို တွေ့မြင်သောအခါ လောဘကင်းသော ရဟန္တာ-ဟု အထင်ကြီးလေသည်။

ဘုရားရှင်က ဃိ၍ အပြစ်တင်သောအခါ "မြတ်စွာဘုရား.... သူတပါး၏ အရဟတ္တဖိုလ်ကို ဝန်မတိုပါနှင့်" ဟူ၍ ဘုရားရှင်ကိုပင် ပြန်ငေါ့လိုက်ပေးသည် (ဒီ၊၃၊ပါထိကသုတ်။၄)။

ဤသို့ ဖြစ်ရသည်မှာ တရားတော် (မဂ်, ဖိုလ်, နိဗ္ဗာန်)ကို ကိုယ်တိုင် ကိုယ်ကျ မသိမြင်၍ ပုထုဇဉ်အနေ (ကြားသိ ကံသိ အမြင်မျှသာ) ရှိသောကြောင့် စိတ်ပျက်ဖွယ် အဖြစ်မျိုးနှင့် ကြုံရခြင်း ဖြစ်၏။ မသိမမြင်မှု၏ အပြစ်ကား လွန်စွာ ကြောက်ရွံဖွယ်ကောင်းလှသည်။

တရားမြင်၍ တရားရှင် ဘုရားအပေါ် အကြွင်းမဲ့ ယုံကြည်လေးစားခြင်း

တရားတော်ကို ကိုယ်တွေ့ မြင်ရသော အခါ၌ကား ဤတရားထက် ကောင်းသော တရား မရှိ၊ ဤတရားသည် အကောင်းဆုံးတရား ဖြစ်၏ဟု အတည်ပြု ဆုံးဖြတ်ပြီး တရားတော်အပေါ်၌ "ဟုတ်မှ ဟုတ်ပါ့မလား, မှန်မှ မှန်ပါ့မလား" ဟူသော ယုံမှား သံသယစိတ်များ လုံးဝ ကင်းရှင်းသွားပါသည်။ တရားတော်အပေါ်၌ ယုံမှား သံသယ ကင်းလျင် တရားရှင် ဘုရားအပေါ်၌ ဇာကယ့်ဘုရားအစစ် ဖြစ်ကြောင်းကိုလည်းကောင်း, တရားတော်ကို အစဉ်အဆက် မပျောက် မပျက်အောင် စောင့်ရှောက်လျက် ရှိသော သံဃာတော်အပေါ်၌ တကယ့် သံဃာအစစ် ဖြစ်ကြောင်းကိုလည်းကောင်း ပိုင်ပိုင်နိုင်နိုင် အတည်ပြု ဆုံးဖြတ်၍ အကြွင်းမဲ့ ယုံကြည် လေးစားမှု ပြုနိုင်ပါတော့သည်။ ဤ၌ ဘုရားရှင် လက်ထက်တော်က "ကောသလမင်း"၏ လျှောက်တင်ချက် စကားတစ်ခုမှာ တရားကို မြင်၍ တရားရှင် ဘုရားသခင်အပေါ် အကြွင်းမဲ့ ယုံကြည်လေးစားခြင်း ရှိခဲ့ပုံ သာဓကကို အထူးပေါ် လွင်စေပါသည်—

မြတ်စွာဘုရား.... "ဣသိဒတ္တ" နှင့် "ပုရာဏ" မည်သော လက်သမား ဗိသုကာကြီး နှစ်ယောက်သည် တပည့်တော်၏ အမှုထမ်းများဖြစ်၍ ရင်းတို့၏ အသက်မွေးမှု ရိက္ခာအစုကို တပည့်တော်ကပင် ပေးရပါသည်။ ရင်းတို့ သွားဖို့ရာ ယာဉ်ရထားများလည်း တပည့်တော်၏ ပစ္စည်းပင် ဖြစ်ပါ၏။ သို့ပါလျက် ရင်းတို့သည် ဘုရားရှင်အပေါ် လေးစားသလောက် တပည့်တော်ကို မလေးစားကြပါ။

ရှေးတုန်းက ကိစ္စတစ်ခု ကြုံရဖူးသည်မှာ တပည့်တော်သည် စစ်ထွက်ရသည့်အခါ ၎င်းဟိုကို စုံစမ်းလို၍ ကျဉ်းမြောင်းသော နေရာတစ်ခုဌာန ၎င်းတို့နှင့် အတူ အိပ်ပါသည်။ ၎င်းတို့ နှစ်ယောက် အတော်ညဉ့်နက်အောင် တရားဆွေးနွေးစဉ် တပည့်တော် အိပ်ချင်ယောင်ဆောင်နေပါသည်။

၎င်းတို့ နှစ်ယောက် အိပ်ခါနီးသော် "ဘယ်အရပ်ဆီမှာ ဘုရားရှင် သီတင်းသုံးနေသလဲ"ဟု ၎င်းတို့ချင်း မေးကြ၍ ဘုရားရှင် သီတင်းသုံးရာဘက်နှင့် တပည့်တော် နေရာဘက် တစ်ဘက်စီ ဖြစ်နေကြောင်းကို သိကြသဖြင့် တပည့်တော်ဘက်ကို ခြေပြု၍ ဘုရားရှိရာဘက်သို့ ဦးခေါင်းပြုပြီး အိပ်ကြပါသည်။

ထိုအခါ "အံ့ဖွယ်ရှိပေစ့၊ ဤ 'ဣသိဒတ္တ'နှင့် 'ပုဏ္ဏားစ'တို့သည် ယာဉ် ရထား, ရိုက်ခွာ, အခြေအရံ, အသက်မွေးမှု မှန်သမျှ ငါ့ထံမှ ရနေသူများ ဖြစ်ပါလျက် ဘုရားရှင်ကို ရှိသေ လေးစားသလောက် ငါ့ကို မရှိသေ မလေးစားကြ၊ ကောန်ပင် သူတို့သန္တာန်မှာ တရားထူးတွေ အဆင့်ဆင့် မြင့်ထက် မြင့်ကာ သီလာသောကြောင့်သာဘဲ"ဟု ဘအစ်တသြ တွေးတော အားရမိခဲ့ပါသည်။

ယင်းသို့ အားရဖွယ် ရှိသေလေးစားပုံကို မြင်ရသောကြောင့် ဘုရားရှင်၏ အစစ် အမှန် ဘုရားဖြစ်ကြောင်း, တရားတော်၏ ကောင်းသော တရား ဖြစ်ကြောင်းနှင့် သံဃာတော်၏ အစစ်အမှန် သံဃာဖြစ်ကြောင်း မှန်းဆ ကြည်ညိုနိုင်ခဲ့ပါသည်ဟု-

ဘုရားရှင်အား ကောသလမင်းကြီးက လျှောက်ထားလေသည် (မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတိယသုတ်။၃၂၅။)

၃။ အကာလိကဂုဏ်တော်

အကာလိက = (အ+ကာလ+ဏ္ဍက။ အ = မ+ကာလ=အချိန် (အကျိုးပေးဖို့ ငံ့လင့်ဖင့်နဲ့နေသော အချိန်) + ဏ္ဍက = ရှိသော တရားတော်၊ အကျိုးပေးဖို့ ငံ့လင့်ဖင့်နဲ့နေသော အချိန် မရှိသော တရားတော်၊ အချိန် ဆွဲ၍ ငံ့လင့် ဖင့်နဲ့နေခြင်း မရှိဘဲ အကျိုးကို ပေးတတ်သော တရားတော်၊ ချက်ချင်းလက်ငင်း အခါမလင့် အကျိုးပေးတတ်သော တရားတော်)

ဘုရားရှင် ဟောတော်မူအပ်သော တရားတော်တို့တွင် မင်္ဂလတရားဟူသည် ကုသိုလ်တရားဖြစ်၍ ဖိုလ်တရားကား ထိုကုသိုလ်၏ အကျိုးတရား ဖြစ်၏။ ကုသိုလ်တရားချင်း တူသော်လည်း အခြား ဒါန, သီလ စသော ကုသိုလ်တရားတို့ကား များသောအားဖြင့် နောက်ဘဝ ရောက်မှ အကျိုး ပေးကြ၏။ ဤဘဝမှာပင် အကျိုး ပေးနိုင်စေကာမူ မင်္ဂကုသိုလ်ကဲ့သို့ ခဏမခြားဘဲ တဆက်တည်း အကျိုးမပေးနိုင်ကြ၊ ရက်, လ, နှာရီ ခြားပြီးမှသာ အကျိုးပေးလေ့ရှိကြ၏။ မင်္ဂကုသိုလ်တရားကား ထိုကဲ့သို့ မဟုတ်၊ အချိန်ကာလ ကြာအောင် ဆွဲ၍ ဖင့်နှဲငှဲ့လင့်နေရခြင်း မရှိဘဲ မင်္ဂတရားဖြစ်ပြီး၍ ချုပ်သည်နှင့် တပြိုင်နက် ဖိုလ်တရားအကျိုးကို ပေးနိုင်ပါသည်။ ထို့ကြောင့် သောတာပတ္တိမင်္ဂ, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်-ဟူသော မင်္ဂလေးပါး တရားတော်သည် "အကာလိက" ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

အကောင်းဆုံး အကျိုးရ၍ အမြန်ဆုံး အကျိုးပေးသော တရားတော်

မင်္ဂလေးပါး တရားတော်သည် ကိလေသာတို့ကို တခါတည်း အပြီးအပြတ် သတ်နိုင်သော - အလွန်အားကြီးသည့် အစွမ်းအာနုဘော်ကြောင့် တခြား (ဒါန, သီလ စသော) ကုသိုလ်တို့၏ အကျိုးထက် သာလွန်သော အတုမဲ့ အကျိုးကို ပေးစွမ်းနိုင်၏။ တခြား ကုသိုလ်တို့၏ အကျိုးမှာ ကိလေသာ မကင်းသည်နှင့်အမျှ ဒုက္ခမရှင်းသော အကျိုးများ ဖြစ်၏။ အေးငြိမ်းမှု မရှိကြ။ မင်္ဂကုသိုလ်၏ အကျိုးကား ကိလေသာ ကင်း၍ ဒုက္ခရှင်း၏။ အေးငြိမ်းမှုလည်း ရှိ၏။ ထို့ကြောင့် မင်္ဂကုသိုလ်၏ အကျိုးဖြစ်သော ဖိုလ်ချမ်းသာမှာ အကောင်းဆုံးချမ်းသာ အကောင်းဆုံးအကျိုး ဖြစ်ပါသည်။

အကောင်းဆုံး အကျိုးကို ရစေနိုင်သော မင်္ဂလေးပါး ကုသိုလ်တရားသည် မိမိ ဖြစ်ပြီးလျှင် ပြီးချင်း တဆက်တည်း ဖိုလ်တည်းဟူသော အကျိုးကို အမြန်ဆုံး ပေးစွမ်းနိုင်၏။ မင်္ဂဟူရားဖြစ်သောအခါ ဖိုလ်တရား ဖြစ်မလာရန် တားမြစ်နိုင်သော အန္တရာယ်ဟု တစုံတရာမျှ မရှိနိုင်။ မင်္ဂဟူရား ဖြစ်လျှင် ဖိုလ်တရားမှာ ကိန်းသေ ဖြစ်ကို ဖြစ်ရ၏။ [အဘိဓမ္မာသဘောဟူရားကို လေ့လာဖူးက ပို၍ သဘောကျနိုင်ကြပါမည်။]

မင်္ဂတရား၏ အမြန်ဆုံး အကျိုးပေးရာ၌ အန္တရာယ်ဘေး မရှိပုံနှင့် စပ်၍ မင်္ဂပုဂ္ဂိုလ်ကို တည်နေသော ကမ္ဘာရှိသော (၀၀) ပျက်တော့မည့် ကမ္ဘာကို မပျက်သေးအောင် တန့်ရပ်ထားနိုင်သော "ဌိတကပ္ပီ" ပုဂ္ဂိုလ်မျိုးဟုပင် ကျမ်းဂန်ဝတ္ထို၌ ဂုဏ်ပြုတင်စားခဲ့ကြပါသည်။ ပုဂ္ဂိုလ်ကလည်း မင်္ဂသို့ အဆိုက်

၁။ အဘိ၊ ၄။ ၃။ ၁၀။

ကမ္ဘာကလည်း လောင်ကျမ်းပျက်စီးခါနီး ရောက်နေလျှင် ဖိုလ်မရောက်သေးခင် ကမ္ဘာကတောင် မပျက်ဒသးဘဲ ဆိုင်းငံ့နေရ၏ဟု ဆိုလိုပါသည်။ လုံးလုံးလျားလျား ကမ္ဘာမပျက်အောင် တားနိုင်၍ ဆိုခြင်းကား မဟုတ်၊ သာသနာရှိစဉ် ကမ္ဘာလည်း ပျက်ရိုးမရှိ။ သို့ရာတွင် ဤအဖြစ်မျိုးပင် ဖြစ်စေဦးတော့ မင်္ဂ၏ အကျိုးပေးမှုမှာ အာနုဘော်ကြီးလှ၏၊ လျင်မြန်၏။ အန္တရာယ် မရှိဟု ပြုလို၍ မိန့်တော်မူခြင်း ဖြစ်ပါသည်။ ခါနီးခါအခွင့် မဆိုင်းလင့်ဘဲ ကျင့်လျှင် ကျင့်ချင်း ခုလက်ငင်းချက်ချင်း အကျိုးခံစားရ၏။ "ရော့ ပတ္တမြား, ရော့ နဂါး" ဟု ဖလှယ်နေလျှင် ကြာဦးမည်။ တရားတော်၏ အကျိုးပေးမှုမှာ အလွန်မြန်ဆန်၍ စိတ္တက္ခဏတစ်ခုမျှပင် မခြားပါ။

လက်ငင်းအကျိုးရနိုင်သော "အကာလိက" တရားများ

ဤ"အကာလိက"ဂုဏ်တော်သည် မင်္ဂလေးပါးတရားကို ပဓာနအားဖြင့် ဆိုဓသောကြောင့် စင်စစ် မင်္ဂလေးပါး တရားနှင့်သာ ဆိုင်သော ဂုဏ်တော် ဖြစ်၏။ သို့ရာတွင် "သတိပဋ္ဌာန်, အာနာပါန" စသော ဘာဝနာတရားများလည်း ရှုပွားလျှင် သောက, ဓဒါသ ပျော်ငြိမ်းမှု ချမ်းသာများကို လက်ငင်းဒိဋ္ဌ ရနိုင်ကြသည်သာ ဖြစ်သောကြောင့် ယင်းဘာဝနာတရားများကိုလည်း အပဓာနအားဖြင့် ယူနိုင်ပါသည်။ အခြား "ဒါန, သီလ" စသော ကုသိုလ်တရားများလည်း ပြုလုပ်တိုင်းမှာပင် အပြစ်မရှိ ချမ်းသာဓသော အကျိုး "အနဝဇ္ဇသုခဝိပါက" များကို အတိုင်းအတာ ရှိသမျှ ခံစားရရှိနိုင်ကြသည်သာ ဖြစ်သောကြောင့် တကယ့် "အကာလိကအစစ်" ကုသိုလ်များ မဟုတ်စေကာမူ လက်ငင်း သုခ ရှိသော "အကာလိကကုသိုလ်" များပင် ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။

အချုပ်အားဖြင့်ကား– ဘုရားရှင်၏ တရားတော်သည် ငရဲနှင့် ခြောက်, နတ်ဘုံနှင့်မြောက်ကာ တမလွန်ကိုသာ လက်ညှိုးညွှန်နေသော အခြောက်တရား, အမြောက်တရား မဟုတ်၊ လက်တွေ့ အကျိုးရနိုင်သော "သန္ဒိဋ္ဌိက" တရား, အချိန်မရွေး အကျိုးပေးသော "အကာလိက" တရားများ ဖြစ်ကြောင်း သတိထား၍ အလေးအစားပြုသင့်ကြပါသည်။

၄။ ဟေတုပဋိသန္ဓေတော်

ဟေတုပဋိသန္ဓေ = (ဟေတု+ပဋိသန္ဓေ။ ဟေတု=လာဘမ်းပါ+ပဏီဓာန= ရှုကြည့်စမ်းပါဟူ၍ ဖိတ်ခေါ်ထိုက်သော တရားတော်၊ လာဘမ်းပါ, လိုက်ခဲ့စမ်းပါ, ဤတရားကို ရှုကြည့်စမ်းပါ, ကျင့်ကြည့်စမ်းပါဟူ၍ ရဲရဲတောက် ဖိတ်ခေါ်ပြောကြားထိုက်သော တရားတော်။)

လောကဥ္စ် ဟန်ပန်လုပ်ရှ် အဟုတ်မရှိသော အဆုဝတ္ထု၊ကို "ပယ်လျှင် လာကြည့်ပါ" ဟု မဖိတ်ခေါ်ဝံ့ မပြောဝံ့ မပြုဝံ့ပေ။ ရှိပင်ရှိသော်လည်း အိုရှိသော အဆုဝတ္ထုသည် ကြည့်ချင်ဖွယ်, ရှုချင်ဖွယ် မကောင်းလျှင် ခေါ်ငင်ပြသဖို့ရန် မထိုက်တန်ချေ။ ဘုရားရှင်၏ မက်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော တရားကား ထိုသို့ မဟုတ်ပါ၊ အမှန်အားဖြင့် ထင်ရှားရှိ၍ သန့်ရှင်းစင်ကြယ် ရှုချင်ဖွယ်ကောင်း သောကြောင့် "လာကြည့်စမ်းပါ, ကျင့်ကြည့်စမ်းပါ" ဟု ဖိတ်ခေါ်၍ ပြသ ခြင်းငှါ ထိုက်တန်ပါသည်။ ထို့ကြောင့် ကိုးတန်သောတရားသည် "ဟိပသိက" ဂုဏ်တော်နှင့် ပြည့်စုံခြင်းဖြစ်ပါသည်။

တကယ်ရှိ၍ အဟုတ်စင်ကြယ်သော တရားဖြစ်တော်မူခြင်း

မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်မြတ်သည် အဟုတ် မရှိ, တကယ် မရှိဘဲ ခေါ်ဝေါ်ပြောဆိုကာမျှ ပညတ်ထားသော တရားမျိုး မဟုတ်၊ အဟုတ်ရှိ အမှန်ရှိသည့် ပရမတ္ထတရားမျိုး ဖြစ်၏။ ကိုယ့်သန္တာန်၌ အထင်အရှား ရှိ၍ ကိုယ်တိုင်ကိုယ်ကျ သိနိုင်မြင်နိုင်၏။

ယင်းတရား ကိုးပါးသည် ကျေကျက်စရစ် အိုးခြမ်း ကဲ့ပမာ တန်ဖိုးမဲ့သည့် တရားမျိုး မဟုတ်၊ ကြောက်မက်ဖွယ်ရာ, ရှုံ့ရှာဖွယ်ရာ၊ မကြည့်ဝံ့ မမြင်ဝံ့ မပြုဝံ့သော တရားမျိုးလည်း မဟုတ်၊ တိမ်တိုက်ကင်းစင်သော ကောင်းကင်ပြင်၌ ထွက်ပြူလာသော လပြည့်ဝန်းကြီးကဲ့သို့ လည်းကောင်း, နူးညံ့လှစွာသော ကမ္မလာအဖြူ ကတ္တီပါအဖြူ အထည်ပေါ်၌ ချထားအပ်သည့် ပတ္တမြားရတနာကြီး ကဲ့သို့လည်းကောင်း ကြာလေသော အညစ်အကြေးမတင် လွန်စွာ သန့်ရှင်း စင်ကြယ်၏။ ဘဝမျှားစွာက တခါဖူးမျှ မတွေ့ရဖူးသော တရားမျိုးဖြစ်၏။ တခါ တွေ့လျှင် မေ့မရအောင် အတွေ့အမြင်ထူး၏။ ထို့ကြောင့် ဣမက်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားသည် တကယ်ရှိ၍ အဟုတ်စင်ကြယ်သော တရားတော်ဖြစ်ကြောင်း ယုံမှားမရှိသင့်ချေ။ မည်မျှမှန်ကန် မည်မျှအဖိုးတန်၍ မည်မျှ အကျိုးများသည်ကို ကိုယ်တွေ့သိအောင် ကိုယ်တိုင် ကျင့်ကြည့်သင့်ကြပါသည်။

ဖိတ်ခေါ်ထိုက်၍ ဖိတ်ခေါ်တော်မူခြင်း

အကောင်းဆုံး ဒုက္ခ၌ ရ၍ အမြန်ဆုံး အကျိုး ပေးနိုင်သော ဂုဏ်အရည် အချင်းတို့နှင့် ပြည့်စုံသည့် မဂ်တရားလေးပါးနှင့် ၎င်း၏ အကျိုးရင်း ဖြစ်သော ဖိုလ်တရား, အာခုံဖြစ်သော နိဗ္ဗာန်တရားများ ဖြစ်ပေါ်လာသောအခါ

ဤတရားများသည် ဘဝများစွာက တခါဖူးမျှ မရစဖူး ထူးကဲလှသော "အနုပ္ပန္နဓမ္မ" တရားများဖြစ်သောကြောင့် အံ့သြခြင်း, နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းများ ဖြစ်လာတတ်ပါသည်။

ထိုအခါ လောကဋ္ဌ အထူးအဆန်း ဆိုလျှင် ကိုယ်တိုင်လည်း ကြုံလိုကြ, ကြည့်လိုကြ, မိတ်ဆွေသင်္ဃာ ချစ်ကျမ်းဝင်သူများကိုလည်း အားပါးတရ ဖိတ်ခေါ်ပြသလိုကြသည့် သဘာဝအတိုင်း ဤ မဂ်, ဖိုလ်, နိဗ္ဗာန်တရားများကို မိမိ၏ မိတ်ဆွေသင်္ဃာ ချစ်ကျမ်းဝင်သူများအား မိမိကဲ့သို့ တရားထူး ရစေလို တွေ့စေလို ပြောပြလိုသော ဆန္ဒများ အဟုန်ပြင်းစွာ ဖြစ်ပေါ်လာတတ်ပါသည်။ တကယ်တမ်း ဖိတ်ခေါ်တိုက်တွန်းထိုက်အောင် ချမ်းသာမှုအကျိုး ကေန်ရမည်ကို သိခဲ့သောကြောင့် တရားထူး ရအောင် ကြိုးစားဖို့ "လာပါ၊ လိုက်ခဲ့စမ်းပါ၊ မယုံလျှင် တစ်ပတ်လောက် စမ်းကြည့်ပါ" ဟု မတိုက်တွန်းဘဲ မနေနိုင်အောင် ဖြစ်ကာ ဖိတ်ခေါ်တိုက်တွန်းတတ်ပါသည်။

ဤနေရာတွင် ဘုရားရှင် ကိုယ်တော်တိုင် "လာလှည့် ရှုလှည့် ကျင့်ကြံလှည့်" ဟူသော သဘောဖြင့် ဟောခဲ့ပုံ သာဓကများကို ဆက်လက်ထုတ်ဖော်တင်ပြထားပါသည်—

> "ဤငါဘုရား၏ သာသနာမှာသာ ပထမ သမဏ သောတာပန် ရှိသည်၊ ဒုတိယ သမဏ သကဒါဂါမ်, တတိယ သမဏ အနာဂါမ်, စတုတ္ထ သမဏ ရဟန္တာလည်း ဤငါဘုရား၏ သာသနာမှာသာ ရှိသည်၊ ငါဘုရား၏ သာသနာမှ ပြင်ပ တခြား အယူဝါဒများကား သမဏ လေးပါးတို်မှ ဆိတ်သုဉ်း ကင်းကွာသော ဝါဒများ ဖြစ်ကြသည်" ဟု မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူ၏။
>
> [ဤဒေသနာဖြင့် သမဏအစစ်ဖြစ်ကြောင်းကား မဂ်, ဖိုလ်, နိဗ္ဗာန် တရားတည်း။ ယိုကရားများ ရနိုင်ရန် အကျင့်များသည် တခြားမှာ မရှိ၊ ငါဘုရား၏ သာသနာမှာသာ ရှိသည်၊ မယုံလျှင် လာကြ, ကျင့်ကြည့်ကြဟု မိန့်တော်မူလိုခြင်း ဖြစ်၏။]
>
> ရာဂ စသော ကိလေသာတို့မှ ၿငိကြယ်ရန် "ပူဆွေးမှု သောက, ငိုကြွေးမှု ပရိဝေဒကို လွန်မြောက်ရန်, ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု လုံးဝချုပ်ငြိမ်းရန်, အရိယာမဂ် ရရန်, နိဗ္ဗာန်ကို ကိုယ်တွေ့ မျက်မှောက် သိရန်လမ်းမှာ တကြောင်းတည်းသော ခရီးလမ်းမကြီးသဖွယ်ဖြစ်သော ဤ သတိပဋ္ဌာန်လေးပါး တရားပင်တည်း" ဟု မဟာသတိပဋ္ဌာနသုတ်၌ ဟောတော်မူ၏။

[ဤဒေသနာဖြင့် လာကြ, သတိပဋ္ဌာန်တရားကို ကျင့်လှည့်ကြ။ ကျင့်လျှင် အရိယာမဂ် ရလိမ့်မည်၊ နိဗ္ဗာန်ကို တွေ့ရလိမ့်မည်။ တွေ့လျှင် သောက, ပရိဒေဝတွေ့ ပျောက်မည်၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းများ အလျှင်း ပေါ်မလာ၊ ချမ်းသာကြီး ချမ်းသာလိမ့်မည်ဟု မိန့်တော်မူလိုရင်းဖြစ်၏။]

ဓမ္မပဒပါဠိ တရားဒေသနာများသည် ဘုရားရှင် ကိုယ်တော်တိုင် မိမိတရား၏ "ဟိပဿိက" ဂုဏ်ကို ထုတ်ဖော်၍ မိန့်တော်မူခဲ့သည့် တရားဒေသနာများဖြစ်၏၊ ဤတရားဒေသနာများကဲ့သို့ "ဟိပဿိက" ဂုဏ်ကို ပြသော ဒေသနာများမှာ ပိဋကတော်၌ အများအပြားပင် ရှိ၏။ ဤဒေသနာများဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် မရှိသော သာသနာပြင်ပ အယူဝါဒများ၌ "ဟိ=လာလှည့်၊ ပဿ=ရှုလှည့်"ဟု ဖိတ်ခေါ်ခံနိုင်သောတရား မရှိ။ အပြော အဟောအရ ယုံကြည်ရသော တရားများသာ ဖြစ်ကြောင်း သိစေလိုပါသည်။

"ဟိပဿိက" ဂုဏ်ထူးရထိုက်သော တရားများ

မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားမှာ စာတွေ့တရားမဟုတ်၊ လက်တွေ့တရား ဖြစ်၏။ လက်တွေ့အားထုတ်မှ သိနိုင် မြင်နိုင်၏။ သူပြော လူပြောဖြင့် မယုံကြည်နိုင်ဘဲ သိပ်ပံနည်းကျ လက်တွေ့မှ ယုံကြည်လေ့ရှိသူတို့အဖို့ ကိုယ်တွေ့ သိအောင် ကျင့်ကြည့်သင့်ကြ၏။

ဤ "ဟိပဿိက" ဂုဏ်တော်၌ လောကုတ္တရာတရား ကိုးပါးသာ ကျမ်းဂန်တို့၌ လာ၏။ ပရိယတ္တိတရား မပါရှိချေ။ သို့ရာတွင် ဤလောကုတ္တရာတရားကို သိမြင်နိုင်ကြောင်း အကျင့်ကောင်း အကျင့်မှန်နည်းများကို သင်ကြားနာယူနိုင်ရန် ဖော်ပြထားသော စာပေပရိယတ် တရားတော်မြတ်သည်လည်းကောင်း ဃောင်းပရိယတ်နှင့် ပဋိပတ်အကျင့်တရားများကို ကောင်းမွန်စွာ နာယူသင်ကြားကျင့်ကြံ ပွားများလျက် ရှိသော သံဃာတော်များသည် လည်းကောင်း, ဃောင်းပရိယတ်တရားနှင့် သံဃာတော်တို့၏ တည်ရှိရာ သန့်ရှင်း တင့်တယ်ကြည်ညိုဖွယ် ကောင်းသော စေတီ, တန်ဆောင်း, ကျောင်းကန်များသည် လည်းကောင်း ဤ "ဟိပဿိက" ဂုဏ်တော်ကို အတုလိုက်၍ "လိုက်ခဲ့စမ်းပါ၊ နာကြည့်စမ်းပါ၊ ဖူးမြော်ကြည့်စမ်းပါ" ဟု မိတ်ကောင်းဆွေကောင်းများအား ဖိတ်ခေါ် ပြသထိုက်သော ရတနာများပင် ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။

လက်တွေ့ ကြည့်ရှု နာကြား ကျင့်ကြံ ပွားများခွင့် ရသောအခါ ကိုယ်တိုင် ကိုယ်ကျ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပြီး လွန်စွာ အားရနှစ်သက်ခြင်း ရှိလာနိုင်ကြပါမည်၊ ကြည်ညိုသဒ္ဓါ ဖြစ်ပွားနိုင်ကြပါမည်။

ကိုးကွယ်ရာမှ ဘေးမဖြစ်အောင် သတိပြုသင့်ကြောင်း

ဖိတ်ခေါ်ပြသမှုနှင့် စပ်၍ ယခုကာလ၌ ဘာသာအမျိုးမျိုးက မိမိတို့ဘာသာကိုသာ မှန်ကန်ကြောင်း, ကောင်းကြောင်း, အခြားဘာသာကို မမှန်ကြောင်း, မှားကြောင်း, မကောင်းကြောင်း ဟောပြောတတ်ကြ၏။ ဗုဒ္ဓဘာသာတွင်လည်း "သူတို့ ဂိုဏ်းက ကောင်းကြောင်း, ငါတို့ ဂိုဏ်းက ကောင်းကြောင်း, သူကိုယ်တော်က ကြည်ညိုဖွယ်ကောင်းကြောင်း, ငါ့ကိုယ်တော်က ကြည်ညိုဖွယ်ကောင်းကြောင်း, ငါ့ကိုယ်တော်က စာတတ်ကြောင်း, တရားဟော ကောင်းကြောင်း, တရားပြ ကောင်းကြောင်းတို့အပြင် ဓာတ်ရိုက် ဓဝတ်ဆင် ယတြာပေဒင် ကောင်းကြောင်း, အမြင်အကြား ပေါက်ကြောင်း စသည်ဖြင့် "ဟိ= လိုက်ခဲ့စမ်းပါ၊ ပဿ=ဖူးမြော်လှည့်စမ်းပါ"ဟု သွေးဆောင် ခေါ်ငင်ကာ ကိုယ့်ဂါးချဉ် ကိုယ်ချဉ်လျက် ရှိတတ်ကြသည်။

ဤမျှလောက် ရှုပ်ထွေးသော လောကကြီးဝယ် ဘာသာရေး သာသနာရေးနှင့် စပ်လျဉ် အယုံအကြည် ကြီးလွန်းသည်နှင့်အမျှ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုနိုင်သူက နည်းပါးလှ၏။ ဘာသာ သာသနာနှင့် ဆိုင်ရာဝယ် မျှားစ့ဉာသော ကိစ္စတို့၌ ဘာသာရေး အသိဉာဏ်အင်အား နည်းပါးသည့် လူရည်တတ်မျှားက ခေါင်းဆောင် ဖြစ်နေတတ်ကြ၏။ ဘာသာ သာသနာရေး၌ မျက်လှည့်ပမာ ထူးဆန်းအံ့သြဖွယ်ရာမျှားကို ပြ၍ သူတပါးက မိမိကို ဖြားယောင်းသည်ကိုလည်း ယုံကြည်လွယ်ရုံမက မပြောပလောက်သော ဂုဏ်ကလေးကိုပင် တကယ့် ဂုဏ်ကြီးဟု အထင်ကြီးထင်တတ်ကြ၏။

ထို့ကြောင့် ဘာသာ သာသနာ အသိဉာဏ်အင်အား နည်းပါးသူ လူရည်တတ်မျှား ခေါင်းဆောင်၍ နေသော ဘာသာ သာသနာ ကိစ္စအဝဝတို့၌ မကျွန်မသန့်ရှင်းဘဲ ခွတ်ယွင်းသော အချက်တွေ့ မျှားစွာ ရှိနေတတ်၏။ အမှန်ကို သိသူ ဟောပြလိုသူ အနည်းငယ်တို့မှာလည်း အမျှားမိုးဂါးရေသောက်ကာလကြီးကို မလွန်ဆန်နိုင်ဘဲ လက်မှိုင်ချလျက် ရှိကြ၏။ အာဏာတန်ခိုး စည်းစိမ်အမျိုးမျိုးအောက်မှာ ဒူးထောက်လျက် ရှိကြ၏။ သို့ဖြစ်၍ ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်မျှားကို မှီဝဲဆည်းကပ်မိဖို့ရန်မှာ ရှေးကံကောင်းမှ အကြောင်းလှရတော့မလို ရှိပါသည်။

အချုပ်သဘောအားဖြင့် မှန်ကန်သော ကိုးကွယ် ဆည်းကပ်မှု ရနိုင်ရန် အတွက် ကိုယ်ပိုင်ဉာဏ်ကို အသုံးချလိုလျှင် ပုဂ္ဂိုလ်တစ်ပါးပါးကို ကိုးကွယ် ဆည်းကပ်မိက အသိအလိမ္မာ ဉာဏ်ပညာနှင့် သူတော်ကောင်းစိတ်မျှား တိုးပွား, မတိုးပွား စဉ်းစားဆင်ခြင်ပါ။ တိုးပွားလျှင် ကိုးကွယ်ထူမှာ အမြတ်ရမော်။

ကိုးကွယ်ရကျိုးနပ်၏။ ကုသိုလ်တရား မတိုးပွားဘဲ ဆရာချင်း ပြိုင်, ဒကာချင်း ပြိုင်, ကျောင်းချင်းပြိုင်, ဘုရားချင်းပြိုင်, သူနိုင် ငါနိုင် ပြိုင်ရ ဆိုင်ရ တိုက်ခိုက်ရသဖြင့် မတရားမှု ဒုစရိုက်တွေသာ တိုးပွား၍ အကုသိုလ်တရား များနေပါလျှင် အမြတ်မရဘဲ အရင်းရှုံးဖို့သာ ရှိ၏။ အချို့ကား ဒကာကို ဆရာက မြှောက်ဆရာကို ဒကာက မြှောက်၍ ဆရာချင်း ပေါက်, ဒကာချင်း ပေါက်, ဘုရားချင်း ပေါက်, ကျောင်းချင်း ပေါက်ဖြစ်၍ ရုံးထောက် ဂတ်ရောက် ဖြစ်ကာ ငွေကုန် လူပန်း စိတ်မချမ်းမသာစရာတွေ ဖြစ်ကြရရှာ၏။ ထို့ကြောင့် "ကိုးကွယ်ရာမှာ ဘေးမဖြစ်အောင်" ကြိုးစား၍ သတိပြုသင့်ကြပါသည်။

၅။ သြပနေယျိကဂုဏ်တော်

သြပနေယျိက= (သြပ+နေယျိက။ သြပ=ကပ်၍+နေယျိက= ဆောင်ထိုက်သော တရားတော်၊ မိမိစိတ်၏ သန္တာန်အစဉ်၌ မထောက် ထောက်အောင် မဖြစ် ဖြစ်အောင် ကပ်၍ ဆောင်ထိုက်သော မဂ်တရား ဖိုလ်တရားနှင့် မိမိစိတ်၏ အာရုံအဖြစ်သို့ မထောက် ထောက်အောင် ကပ်၍ ဆောင်ထိုက်သော နိဗ္ဗာန်တရားတော်။)

မဂ်ဖိုလ်နိဗ္ဗာန် တရားတော်များသည် ပုထုဇဉ်တို့သန္တာန်၌ တခါတရံမျှ မဖြစ်ခဲ့ဖူးပါ၊ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်လာလျှင်ပင် အပါယ်လေးပါး၌ ခံစားရမည့် ဝဋ်ဒုက္ခအပူမီးတို့ကို တခါတည်း ငြိမ်းစေနိုင်သော သတ္တိရှိ၏။ ထို့ကြောင့် ကိုယ်၌ ဝတ်ဆင်ထားသော အဝတ်ကို မီးလောင်စေကာမူ၊ သို့မဟုတ် ဦးသျှောင် (ဆံထုံး)ကို မီးလောင်စေကာမူ ထိုမီးကို မငြိမ်းသေးဘဲ အရေးမပြု လျစ်လျူရှုကာ မဂ်ဖိုလ်တရား ရအောင် ကြိုးစားကြိုးထုတ်ထိုက်ပါသည်။ အပြင်မီးကို မငြိမ်းနိုင်၍ လောင်ကျွမ်းခံရလျှင် တစ်ဘဝ တစ်ခါသာ အလောင်ခံရမည်၊ အတွင်း ကိလေသာဝင်္ခမီးများကို မငြိမ်းနိုင်၍ လောင်ကျွမ်းခံရလျှင်ကား မဂ်ဖိုလ်မရသေးသမျှ ဘဝများစွာ လောင်ကျွမ်းခံနေရမည်သာ ဖြစ်ပါသည်။

စိတ်ထဲ၌ ကပ်၍ ဆောင်ထိုက်သော တရားဖြစ်ခြင်း

အို နာ သေရေးနှင့် အပါယ်ဘေးတို့က လွှန်စွာ ကြောက်မက်ဖွယ်ကောင်းလှ၏။ အထူးအားဖြင့် သေရမည့် ဘေးကိုကား သတ္တဝါတိုင်းလိုပင် အလွန်ကြောက်ကြ၏။ မည်မျှပင် ကြောက်စေကာမူ ထွက်လာသော နေသည် ကိန်းသေဝင်ရသလို ဖြစ်လာသူမှန်သမျှ သေဘေးက ပြေး၍ မလွှတ်နိုင်ပါ။ ကွေးသောလက် မဆန့်မီ, ဆန့်သောလက် မကွေးမီ အချိန်မရွေး သေနေကြ၏။ ကြီးသူ ငယ်သူ ရွယ်တူ မည်သူမျှ မသေဟူ၍ မရှိ။ သို့ပါလျက် ကိုယ်သေလှည့်

မထောက်သေး၍ မသေမပျောက် ရှိနေရသည်ကို နှက်ဖြန်သဏ္ဌက် ဆေးထိုးခေါင့် နေရသည်ကို သူတို့သာ သေသည့်, ပျက်သည့်, ငါကား မသေမပျက် ကျန်းမာသည့်, နေကောင်းသည့် စသည်ဖြင့် မာန်စွယ်တက်ကာ သေခြင်းတရားကို မေ့မထားသင့်ကြပါ။ မေ့လျော့ခြင်းသည် မသင့်သော အထူးများကို ကြုံတွေ့ရ၍ မင်္ဂိုလ် ရရေးတွင် အဟန့်အတား ဖြစ်စေပြီး များစွာ ဒေသတွင်းနက်ဇဝေနှိုင် ပါသည်။ ဤနေထွာတွင် အသောကမင်းကြီး၏ ညီတော်ရင်း အိမ်ရှေ့စံ"ဟိဿ" မင်းသားကို သင်ခန်းစာယူသင့်ကြပါသည်—

အသောကမင်း၏ ညီတော် "တိဿ"မင်းသားသည် တောကစား ထွက်စဉ် သားသမင်များ၏ မြူးထူးပျော်ပါးနေကြပုံကို မြင်ရလျှင် "အင်း– မြက်စားနေကြသော သမင်များပင် ဘဝလို၊ ပျော်ဖွယ်ပါးပါး မြူးထူးပေကြသေး၏။ ဘုရင့်အလှူစာ (စားကောင်း သောက်ဖွယ်တွေ)ကို စားကာ အိပ်ထုကောင်း၌ အိပ်နေကြရသော ရဟန်းတော်တွေကား အဘယ်မှာ မမြူးထူးဘဲ နေကြမည်နည်း"ဟု (ကိုယ်နှင့်နှိုင်းချိန်ရိုင်းစိုင်းသော)အတွေးပေါ် ကာ သူ၏ နောင်တော်မင်းကြီးကို ပြောပြမိလေသည်။

မင်းကြီးလည်း ထိုစကားကို ကြားရလျှင် အကျိုးအပြစ်ကို စိစစ်ပြောပြခြင်း မပြုသေးဘဲ အကြောင်းတစ်ခုကို ရှာ၍ စိတ်ဆိုးဟန်ဆောင်ပြီး "ညီတော်....ထီးနန်းစည်းစိမ်ကို လက်ခံ၍ ခုနစ်ရက်မျှ ခံစားပေတော့၊ ခုနစ်ရက် လွန်သောအခါ သင့်ကို သတ်ရလိမ့်မည်"ဟု အာမိန်တော် မှတ်ကာ တိုင်းပြည်ကို လွှဲအပ်ပေသည်။

မင်းသားသည် ခုနစ်ရက်ပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားခွင့်ရပါသော်လည်း (သေရမည့်အရေး တွေးကာ) စံစားချင်စိတ် ပေါ်မလာဘဲ မအိပ်နိုင် မစားနိုင် ဖြစ်နေတော့၏။ ခုနစ်ရက်လည်သောအခါ–

မင်းကြီးက– "ဘယ့်နှယ်လဲ၊ ထီးနန်း စည်းစိမ် စံခဲ့ရတာ ပျော်ရဲ့လား ညီတော်"ဟု မေး၏။

ညီတော်က–"သေရမည့်ဘေး တွေးကြောက်နေရတာ အဘယ်မှာ ပျော်နိုင်ပါ့မလဲ နောင်တော်"ဟု လျှောက်တင်၏။

မင်းကြီးက–"အေး–ညီတော်မှာ ခုနစ်ရက်ကြာမှ သေရမှာကိုပင် သိ၍ ဤမျှ မပျော်မရွှင်နိုင်ရှိလျှင် ရဟန်းတော်များမှာ အသက်ရှူရှင်း ရှိုက်ရှင်း ထွက်သက် ဝင်သက်တိုင်းတွင် အစဉ်မလပ် သေဘေးကပ်နေပုံကို ဆင်ခြင်နေကြရာ အဘယ်မှာ ပျော်ရွှင်နိုင်မလဲညီတော်"ဟု မိန့်တော်မူ၏။

ထိုအခါ ညီတော် တိဿမင်းသားသည် သာသနာကို လွန်စွာကြည်ညိုသဖြင့် နောင်အခါတွင် ရဟန်းပြု၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုကာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ရလေသည် (ဝိ၊ဋ္ဌ၊၁။၎၁)။ ဤသာဓကတွင် ညီတော် တိဿသည် သေမှာ ကြောက်၍ မသေရာ (မဂ်ဖိုလ်နိဗ္ဗာန်)သို့ ရောက်ရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မိမိ၏ နောက်တွင် သေမင်းရောက်နေ့သည့် အလား၊ သို့မဟုတ် မိမိ၏ဆံပင်ကို သေမင်းက နောက်မှ ကိုင်ဆဲ့ခေါ်ငင်နေသည့်အလား သံဝေဇိတ်ထားကား မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ကြိုးစားမယုတ် အားထုတ်ဆောင်ယူထိုက်ပါသည်။ ဤ (မဂ်ဖိုလ်နိဗ္ဗာန်)တရားထက် စိတ်ထဲ၌ ကပ်၍ ဆောင်ထားထိုက်သော "ဩပနေယျိက"တရားမျိုးကား ဤသာသနာမှတပါး အခြား၌ ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်ပါတကား။

အသက်ကို ပဓာနမထားဘဲ မဂ်ဖိုလ်တရားအလေးထားခဲ့သော တိဿမထေရ်အကြောင်း

ရင်ဝကို လှံစူးခံရသူသည် လှံကို မနုတ်သေးဘဲ ဦးခေါင်း မီးလောင်ခံရသူသည် မီးကို မငြိမ်းသေးဘဲ သက္ကာယဒိဋ္ဌိကို ပယ်နိုင်အောင် မဂ်ဖိုလ်တရားထူးကို ရမအောင် ရှေးဦးစွာ ကြိုးစားအားထုတ်သင့်ကြောင်း မြတ်စွာဘုရား ဟောတော်မူပါသည်။ အကြောင်းမှာ ရင်ဝလှံစူး ဦးခေါင်း မီးလောင် ခံရသူ၏ ဒုက္ခမှာ တစ်ဘဝအတွက် ဒုက္ခသာဖြစ်၍ ဘဝမဆုံးသမျှ အသခြေ့ အနှစ်ခံရမည့်ဒုက္ခနှင့် စာလျှင် မပြောပလောက်သောကြောင့် ဖြစ်ပါသည်။ ယင်းသို့ အသက်ကို ပဓာနမထားဘဲ မဂ်ဖိုလ်တရားများကို အလေးထား အားထုတ်ခြင်းသည် ဘုရားရှင်၏ အလိုတော်ကျ အားထုတ်ခြင်းပင် ဖြစ်ပါသည်။ ဤ၌ ဘုရားရှင် လက်ထက်တော်က မဂ်ဖိုလ် ရရေးကို အလေးထား ဆောင်ရွက်တော်မူခဲ့သော "တိဿ"မထေရ်မြတ်အကြောင်းကို ဆက်လက်ဖော်ပြထားပါသည်—

သာဝတ္ထိပြည်၌ "တိဿ" မည်သော သူကြွယ် တစ်ယောက်သည် ရဟန်းဘောင်သို့ ဝင်ပြီးလျှင် တောကျောင်း၌ တရားအားထုတ်နေ၏။ ခယ်မဖြစ်သူ(ညီ့မယား)က ခဲအို ရဟန်းတော် လူထွက်လာလျှင် အမွေ

ခွဲပေးရမည် စိုးသောကြောင့် လူဆိုးများကို အသပြာ ငွေကြေး ပေးလျက် ခဲအိုကို ဖျောက်ဖျက်ခိုင်းလေသည်။ လူဆိုးများက ရဟန်း တော်ထံ သွားရောက်၍ သတ်မည့်အကြောင်းကို ပြောကြရာ-

ရဟန်းတော်က- "သည်တည်ဋ္ဌမျှ ခွင့်ပေးကြပါ၊ အာမခံပေးပါ မည်"ဟု ပြောဆို၍ ခွင့်ပန်၏။ ထိုအခါ-

လူဆိုးများက-"ကိုယ်တော့်ကို အာမခံမည့်သူ အဘယ်မှာ ရနိုင် မှာလဲ"ဟု ပြောကြလေသော် အနီးရှိ ကျောက်တုံးကြီးကို ယူကာ ခြေနှစ်ဖက်ကို ကျောက်တုံးဖြင့် ကိုယ်တိုင် ပေါက်ချိုး၍ ထွက်ပြေးမည့် မဟုတ်ကြောင်းကို အာမခံချက် ပေးလေသည်။

ထို့နောက် သေလုမြောပါး နာကျင်သော ခြေဖျောက်ကို ဂရုမစိုက် ဒေါသဲ့ တပူးကိုသာ ကွင်တွင်ကြီး ဒေါသထုက်ခဲ့ရာ ဒေရဏ်တက်ချိန်မှာ ရဟန္တာအဖြစ်သို့ ရောက်ရပေသည် (ဒီ၊ဋ္ဌ၊၂။၃၃၉)။

ဤသာဓကဋ္ဌ "တိဿ"စထေရ်မြတ်သည် ဤသာသနာဋ္ဌသာ ရနိုင်သော (မဂ် ဖိုလ် နိဗ္ဗာန်တရား) သာသနာ့ အခွင့်ထူးကြီးများကို အဆုံးအရှုံးခံ လက်လွှတ် သွားရလျှင် ပုထုဇဉ် ဘဝဖြင့် တစိုက်မတ်မတ် ထက်ကြပ်မကွာ နောက်မှ လိုက်ပါလာမည့် အပါယ်ဝဋ်ဒုက္ခဘေးဆိုးကြီးများမှာ အသခြေ့ အနှစ်မတွေးဝံ့စရာ ဖြစ်ရပါသည်။ ယင်းဒုက္ခဝဋ်ဘေးများမှလုံးဝ လွတ်ရေးကျွတ်ရေးကို တွေးဆ ဆင်ခြင် ကောင်းကောင်းကြီး သိမြင်၍ ဘုရားရှင် အလိုတော်ကျ မဂ်ဖိုလ်နိဗ္ဗာန် ရရေးကို အလေးထားဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

"ဩပနေယျိက" ဂုဏ်ထူးရထိုက်သောတရားများ

ဤ"ဩပနေယျိက"ဂုဏ်တော်၌ လောကုတ္တရာတရား ကိုးပါးသာ ကျမ်းဂန် တို့၌ လာ၏။ ပရိယတ်တရား မပါရှိပေ။ သို့ရာတွင် ကျင့်နည်း, ကြံနည်း, အားထုတ်နည်းနှင့် သဘာဝဓမ္မအမှန်တရားတို့ကို ဖော်ပြထားသော ပရိယတ် တရားတို့သည်လည်း "ဩပနေယျိက" ဂုဏ်ထူးရ "ကပ်၍ ဆောင်ထိုက်သော တရား"များပင် ဖြစ်ပါ၏။

ဤတရားတော်မှာ လာတိုင်း ရှောင်သင့်သော တရားများနှင့် စပ်၍ တသက် ထာမျှ တဝမ်းဝ အပျော်အပါးနှင့် မော်ကြွားစားသောက်မှု၊ စက်ဆုပ်ဖွယ်ရာ မတရားသော နည်းတို့ဖြင့် ပစ္စည်းဥစ္စာရှာဖွေမှုများကို အရေးတကြီး သတိ ထားလျက် ပယ်ရှား ရှောင်ကြဉ်သင့်ပါသည်။

ဆောင်သင့်သော ကရားများနှင့် စပ်၍ တရားတော် နည်းလမ်းအရ စည်းကမ်းကျအောင် ရွာဖွေစုဆောင်းပြီး တရားသဖြင့် သုံးစွဲကာ မကြာမကြာ လှူဒါန်းခြင်း, ဥပုသ်သီတင်းစောင့်သုံးခြင်းနှင့် တရားဘာဝနာ အားထုတ်ခြင်း စသော သံသရာစိမ်းပွား ပါရမီကုသိုလ်တရားတို့ကို တဆင့်ထက်တဆင့် မြင့်ထက်မြင့်အောင် ကြိုးစားအားထုတ်သင့်ကြပါသည်။

အလှန်တွေ့ခဲ့, ဆုံခဲ့, ကြုံကြိုက်ခဲလှသော ဘုရားရှင်ပွင့်တော်မူရာ သာသနာတော်နှင့် တွေ့ကြုံဆုံရခိုက် "ဆွမ်းကျွေးပဲ့တွေလို့မှ တမင်း မစားရဲ" ဆိုသကဲ့သို့ ဆုံးရှုံး နစ်နာခြင်း မဖြစ်ရလေအောင် သတိဖြင့် ကြံဆောင်၍ ဤ "သြပနေယျိက" ဂုဏ်တော်ကို အာရုံပြုပြီး မိမိသန္တာန်၌ မဂ်ဖိုလ်တရားများ တဖြည်းဖြည်း တိုးပွားစေသင့်ကြပါသည်။

၆။ ပစ္စတ္တံဝေဒိတမ္မဂုဏ်တော်

ပစ္စတ္တံဝေဒိတမ္မ=(ပစ္စတ္တံ+ဝေဒိတမ္မ။ ပစ္စတ္တံ=အသီးအသီး ကိုယ်စီကိုယ်ငါ+ဝေဒိတမ္မ=သိမြင်အပ်, ခံစားအပ်သော ကရားတော်။)

အရိယာ ပညာရှိပုဂ္ဂိုလ်တို့သည် ဆင်ခြင်သော "ပစ္စဝေက္ခဏာဉာဏ်" ဖြင့် မိမိ စိတ်သန္တာန်၌ ပွားများ ရရှိခဲ့သော မဂ်ဖိုလ်တရားကို လည်းကောင်း, ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုခဲ့သော နိဗ္ဗာန်တရားကို လည်းကောင်း ဆင်ခြင် သိမြင်နိုင်ကြ၏။ ဖလသမာပတ် (ဝင်စားခြင်း)ဖြင့် မျက်မှောက်ပြုခဲ့သော နိဗ္ဗာန်၏(နိဗ္ဗုတိအရသာ)ကို အာရုံပြု ခံစားနိုင်ကြ၏။

ယင်းသို့ အရိယာပညာရှိ ပုဂ္ဂိုလ်တို့ အသီးအသီး ကိုယ်စီကိုယ်ငါ သိမြင်ခံစားရသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်သည် "ပစ္စတ္တံဝေဒိတမ္မ" ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

[စာတတ် ပေတတ် ဗဟုသုတ များသော ပညာရှိမျိုးကို အခြားနေရာ၌ "ပညာရှိ" ဟု ဆိုရသော်လည်း ဤ၌ကား (စာတွေ့ပညာရှိတို့၏ အရာမဟုတ်သောကြောင့်) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် (လက်တွေ့) သိသော အရိယာပုဂ္ဂိုလ်တို့ကိုသာ "ပညာရှိ" ဟု ဆိုရသည်။ အခြားစိတ်တွေ့ မပါစေဘဲ ဖိုလ်စိတ်ချည်းသာ ဆက်ကာဆက်ကာ ဖြစ်စေမှုကို "ဖလသမာပတ် ဝင်စားသည်, ဖိုလ်ဝင်စားသည်" ဟု ခေါ်၏။]

ကိုယ်ပိုင်အစစ် တရားတော်ဖြစ်ခြင်း

မင်္ဂလိုနိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်များသည် ကိုယ်တိုင် ကျင့်ကြံ ကိုယ်တိုင်ပွင့်များ၍ ကိုယ်တိုင်ရရှိသော ပုဂ္ဂိုလ်များနှင့်သာ ဆိုင်သော ကိုယ်ပိုင်အစစ် တရားတော်များ ဖြစ်ကြ၏။ မှန်၏။ ဆရာပွင့်များအပ်သော မင်္ဂဖြင့် တပည့်၏ ကိလေသာများကို မပယ်နိုင်၊ ဆရာ၏ ဖလသမာပတ်ဖြင့် တပည့်သည် ချမ်းသာစွာ နေနိုင်သည် မဟုတ်၊ ဆရာကိုယ်တော့် မျက်မှောက်ပြုထားသော နိဗ္ဗာန်ကို တပည့်က ယူ၍ မျက်မှောက်ပြုနိုင်သည်ဟု မရှိ၊ တပည့်ကိုယ်တော့် မျက်မှောက်ပြုထားသော နိဗ္ဗာန်ကိုလည်း ဆရာက အလွယ်တကူ ယူ၍ မျက်မှောက်ပြုနိုင်သည်ဟု မရှိ။

စင်စစ်အားဖြင့်ကား မိမိပွင့်များအပ်သော မင်္ဂဖြင့်သာ မိမိ၏ ကိလေသာများကို ပယ်နိုင်သည်။ မိမိရအပ်,ဝင်စားအပ်သော ဖိုလ်ဖြင့်သာ မိမိချမ်းသာစွာ နေနိုင်သည်၊ မိမိ၏ နိဗ္ဗာန်ကို မိမိသာ မျက်မှောက်ပြုနိုင်သည်။ ကိုယ်လုပ်ပြီး သူမျှားရ, သူမျှားလုပ်ပြီး ကိုယ်ရ စသည်ဖြင့် အကျိုးသွား စိတ်မချရသော လောကီတရားမျိုးကဲ့သို့ မဟုတ်၊ ကိုယ်လုပ် ကိုယ်ရ, သူလုပ် သူရ လွန်စွာ စိတ်ချရသော တရားဖြစ်သည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် ဤလောကုတ္တရာတရား ကိုးပါးသည် သူတပါး၏ ခေါင်းပေါ်၌ ထင်ထားအပ်သော အဆင်တန်ဆာကဲ့သို့ မမှတ်ယူအပ်ဘဲ မိမိတို့ ကိုယ်စီကိုယ်ငြိ မိမိ စိတ်၌သာလျှင် မှတ်ယူသုံးဆောင်အပ်သော ကိုယ်ပိုင်အစစ် တရားတော် ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။

အဖော်မလို တစ်ဦးချင်း ခံစားနိုင်

မင်္ဂချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ (ဝိမုတ္တိသုခ)ကို ခံစားထုံ၌ အဖော် မစုံသေးသည့်အတွက် အပေါင်းအဖော်ကို စောင့်ဆိုင်းရန် မလို၊ ငဲ့ကွက်ရန် မလို၊ တစ်ဦးချင်း ကိုယ်စီကိုယ်ငြ ခံစားနိုင်ပေသည်၊ မှုန်ပေသည်။ လောကီစည်းစိမ် ချမ်းသာကို ခံစားထုံ၌ အပေါင်းအဖော် အခြွေအရံ ပြည့်စုံမှသာ ခံစားနိုင်ကြ၏။ ဥပမာ– ပဲ့လမ်းသဘင် ကြည့်ရှု၍ အရသာ ခံထုံ၌ ကချေသည်, အဆိုတော်, တီးမှုတ်သူ, ပဲ့ကြည့်ပရိသတ် စုံစုံလင်လင် ရှိမှသာလျှင် ခံစားထုံ၌ အရသာ အပြည့်အဝ ပေါ်နိုင်၏၊ သို့မဟုတ်ပါက အရသာ အပြည့်အဝ မပေါ်နိုင်ချေ။ အလားတူပင် အပေါင်းအသင်းများနှင့် စားပွဲ သောက်ပွဲ ကျင်းပထုံ၌ အပေါင်းအသင်း စုံလင်မှ အရသာ အပြည့်အဝ ခံစားရသည်၊ သို့မဟုတ်ပါက တစုံတခု လိုနေသလို ဖြစ်၍ ဟာတာတာ

ခံစား နေရမည် ဖြစ်သည်၊ သို့ဖြစ်၍ လောကီ စည်းစိမ်ချမ်းသာ ခံစားမှုသည် တစ်ကိုယ်တော်တည်း အထီးကျန် ခံစား၍ မရ၊ အသိုင်းအဝိုင်း အခြံအရံ ပါမှ ခံစား၍ ရနိုင်၏။ လောကုတ္တရာချမ်းသာမှာကား တစ်ဦးချင်း တစ်ကိုယ်တော်တည်း အထီးတည်း နေမှသာလျှင် ခံစားနိုင်ခွင့် ရှိ၏။ ထို့ကြောင့် မင်္ဂလာချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ခံစားရာ၌ အဖော် မလို၊ တစ်ဦးချင်း ခံစားနိုင်သဖြင့် "ပစ္စတ္တံဝေဒိတဗ္ဗ" ဂုဏ်တော်ကို ဖော်ထုတ်ပြလိုက်ပါသည်။

ကဇလေးမျှားပင် တွေ့မြင်နိုင်သောထရား

ဘုရားရှင် ဟောကြားတော်မူအပ်သော မင်္ဂဖိုလ် နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်မြတ်သည် ကိုယ်တိုင် ကျင့်ကြံ ပွားများ အားထုတ်ခြင်း မပြုဘဲ တန်ခိုးရှင် တစ်ဦးတစ်ယောက်က ကယ်တင် မစ စောင့်ရှောက်ပေးလို့ ရနိုင်သော တရားမျိုး မဟုတ်ပါ၊ ကိုယ်တိုင် ကျင့်ကြံ ကိုယ်တိုင် ပွားများ၍ ကိုယ်တိုင် သိမြင်ခံစားရသော တရားမျိုး ဖြစ်ပါသည်။

လောက၌ တန်ခိုးအာဏာ ဥစ္စာစည်းစိမ် ဂုဏ်သိန်များစွာ အရှိန်အဝါ တို့သည် အချို့သော လောကီအကျိုးဘို့ကို အတိုင်းအတာ ရှိသမျှ သယ်ပိုး ဆောင်ရွက်နိုင်ကြသော်လည်း လောကုတ္တရာဆိုင်ရာ မင်္ဂဖိုလ် နိဗ္ဗာန်အကျိုး ကိုကား လုံးဝ သယ်ပိုးနိုင်ခြင်း မရှိပါ။

မင်္ဂဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားသည် တန်ခိုးအာဏာ ပြကာ ခြောက်လှန့် ရယူ၍လည်း မရ၊ အသနားခံ တောင်းပန်၍လည်း ပေးမဖြစ်၊ မေတ္တာသက်ဝင် ချစ်ခင်၍ မျဝေ ခံစားခြင်းလည်း မပြုနိုင်၊ ကိုယ်တိုင်ကျင့်မှ ကိုယ်တိုင်ရ၏။ တရားဆိုသည့်အတိုင်း တတယ် တရားမျှတ သမာသမတ်ကျလှ၏။ မျက်နှာကြိုးငယ် မလိုက်၊ ဇာတ်နိမ့်, ဇာတ်မြင့် မခဲခြား၊ အကျိုးတရားကို ခံစားကြရ၏။ ဤတရားမျှသည် ဘုရားရှင်ပင့်မှ ပေါ်လာရသော်လည်း မူလက မရှိဘဲ မိုးပေါ်ကျ ပေါ်လာရသည် မဟုတ်၊ မူလပကတိ ပင်ကိုအရှိတရားမျှပင် ဖြစ်၏။

အကုန်မြူခေတ်အား‌သည် "အိုင်းစတိုင်း" မွေးမှ ရရှိလာသော အင်အား မဟုတ်၊ ရှေးရှေး သိပ္ပံဆရာကြီးများ လက်ထက်ကလည်း ရှိနေခဲ့သည်ပင်၊ သို့ရာတွင် "အိုင်းစတိုင်း"ကဲ့သို့ အပင်ပန်းခံပြီး မရှာနိုင်ကြ၍သာ မတွေ့ခဲ့ကြရခြင်း ဖြစ်သည်။ ဤဥပမာကဲ့သို့ပင် တကယ့် အရှိတရား အစစ်အမှန် ဖြစ်သော မင်္ဂဖိုလ်နိဗ္ဗာန် တရားများကို ယုံယုံကြည်ကြည် ရိုးရိုးသားသားဖြင့် ကြိုးစားကျင့်ကြံ အားထုတ် ပွားများကြလျှင် ကောန်မုချ သိမြင်ခံစားနိုင်ကြပို့

ရှိပါသည်။ ဘုရားရှင် လက်ထက်တော်က [illegible] အရွယ်၊ ခုနစ်နှစ်သားအရွယ်၊ သာမဏေပြဿနာမေးပြီး မဟိုဠ်ဒီဗ္ဗာန်မင်း တရားကို အလွယ်တကူ နားလည်သိမြင်၍ [illegible] ရောက်ခဲ့ရာ တကယ်တမ်း ကျင့်ကြံကြိုးကုတ် အားတုတ်မှားမျိုးလျှင် [illegible] မရနိုင်ဘဲ ရှိပါတော့အံ့နည်း။

ဤနေရာတွင် မိထွေးတော် ဂေါတမီ ပမိုန်ဗွာန်ဝင်စံခါနီး [illegible] ကျူးရင့်ခဲ့သော ဖေဖြူလတ္တံ့ပါ စကားများသည် [illegible] ကောင်းလှပါသည်—

[illegible]

ဘုန်းတော်ကြီးသော မြတ်စွာဘုရား [illegible] ခဲ့ကုန်သော ရှေးရှေးက (ဘုရားဒဿမည်သံ) ပြောကြား [illegible] တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မတွေ့မြင်ခဲ့ကြမူးပါ။

ယခုအခါ၌မူ သားတော်ကြီး၏ ကလေးငယ်ကြောင့် မုနစ်နှစ်သားရွယ် မျှသာ ရှိသေးလော သူငယ်မကလေးများအပေါ် မာန်ဖိုးခြွင်းကို သိမြင်ခံစားနေကြပါပြီ (ဃရီဒ္ဓ။၃၅)။

လှည့်စား၍ မရနိုင်တော့ခြင်း

မဂ်ဖိုလ်နိဗ္ဗာန် ကိုးဆန့်သော လောကုတ္တရာတရားမျှားသည်ဖြစ်စေ သိမြင်ရသော တရားများ ဖြစ်၍ တရားဟောအပေါ် [illegible] ဆုံးဖြတ်နိုင်ကြသောကြောင့် အရိယာပုဂ္ဂိုလ်မှန်သမျှ [illegible] ရတနာ သုံးပါး၌ မတုန်မလှုပ် သက်ဝင် ယုံကြည်မှု ရှိကြပါသည်။ ရတနာသုံးပါးနှင့် စပ်၍ မည်သူ တစ်ဦးတစ်ယောက်ထံမျှ [illegible] လှည့်စား၍ မရပုံအတွက် ထင်ရှားသော သာဓကတစ်ခုမှာ [illegible] အတိုင်း ဖြစ်ပါသည်—

၁။ ၄-နှစ်သား ရဟန္တာသာမဏေ "ကောဒ်ပိယ" (ဇာတကဋ္ဌကထာ)

၂။ ၅-နှစ်သား ရဟန္တာသာမဏေ "ပဥ္စသိလသမာဒါနိယ" (အပဒါန၊ ဗုဒ္ဓဝံသ)၊ "စန္ဒန" (အပဒါန၊ ဖဒ္ဒိ။)

၃။ ၇-နှစ်သား ရဟန္တာသာမဏေ "သံကိစ္စ၊ ပဏ္ဍိတ၊ ဇလာပါဂ၊ မဂ္ဂဒါယက" (မဇ္ဈိမ၊ ၂။၄၁၆။)

"သူရမ္ဘဋ္ဌ" ဆိုသူကား တိတ္ထိတို့၏ တပည့် ဒါယကာတစ်ဦး ဖြစ်၏။ တနေ့သ၌ "သူရမ္ဘဋ္ဌ"အတွက် သောတာပတ္တိမဂ်တရား ရရန် အခြေခံ အကြောင်းကို မြင်တော်မူသော ဘုရားရှင်သည် ဆွမ်းခံချိန်၌ သူ၏ နေအိမ်တံခါးသို့ ကွဲလေ၏။ "သူရမ္ဘဋ္ဌ"လည်း ဘုရားရှင်ကို အိမ်ထဲသို့ ပင့်လျက် ဆွမ်းဆက်ကပ်ပြီးသော် ဘုရားရှင်ဟောသောတရားတော်ကို နာရသောကြောင့် သောတာပန်အဖြစ်သို့ ရောက်လေ၏။

ဘုရားရှင် ပြန်ကြွပြီးနောက် မာရ်နတ်က "သူရမ္ဘဋ္ဌ"အပေါ် မိမိ၏ နယ်ပယ်မှ လွတ်မလွတ် စုံစမ်းလို၍ ဘုရားရှင်နှင့် တူအောင် ဖန်ဆင်းပြီးလျှင် "သူရမ္ဘဋ္ဌ"၏ အိမ်တံခါးသို့ ရောက်လာ၏။

"ဘုရားရှင် ပြန်ကြွလာသည်"ဟူသော အမှတ်ဖြင့် "သူရမ္ဘဋ္ဌ"လည်း ချဉ်းကပ်ကာ ပြန်ကြွလာခြင်း အကြောင်းကို လျှောက်သော် ဘုရားဟန် ဆောင်သော မာရ်နတ်က-

"သူရမ္ဘဋ္ဌ.... ငါ တရားဟောခဲ့စဉ်က တရားတစ်ခုကို သတိမထား အမှတ်တမဲ့ ဟောခဲ့မိသည်၊ ခန္ဓာငါးပါးလုံးကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ဟောခဲ့မိ၏။ သို့သော် ခန္ဓာတွေ့ အကုန်လုံး ဤသဘောချည်း မဟုတ်၊ မပျက်မစဲ ခိုင်မြဲသော ခန္ဓာတချို့ ရှိသေးသည်" ဟု ဆို၏။

ကိုယ်တွေ့တရား သိမြင်ထားသူ မဟုတ်လျှင် ဘုရားပဲဟု အတည် ပြု၍ ဤမာရ်နတ်၏ စကားကို လက်ခံလိုက်မည်သာ ဖြစ်၏။ မဂ် ဖိုလ် နိဗ္ဗာန် တရားကို ကိုယ်တွေ့သိပြီး မတုန်မလှုပ် ယုံကြည် ဆုံးဖြတ်ပြီး ဖြစ်နေသော "သူရမ္ဘဋ္ဌ"ကား ဤအချက်ကို လက်မခံနိုင်၊ ထို့ကြောင့် "သူရမ္ဘဋ္ဌ"အနေဖြင့် စဉ်းစားသည်မှာ-

"ဤစကားသည် အလွန်ဝန်လေးသော စကားဖြစ်၏။ ဘုရားရှင်တို့ မည်သည် အမှတ်တမဲ့ ဟောမှု မရှိနိုင်၊ ဘုရားရှင်၏ ဆန့်ကျင်ဘက်မှာ မာရ်နတ်ဖြစ်၍ ဤသူသည် မာရ်နတ်သာ ဖြစ်ရမည်"ဟု စဉ်းစား ပြီးလျှင် "သင် မာရ်နတ် မဟုတ်လော"ဟု ဆို၏။

မာရ်နတ်လည်း မကွယ်မဝှက်သာဘဲ ဟုတ်မှန်ကြောင်း ဝန်ခံရ၏။ ထိုအခါ "သူရမ္ဘဋ္ဌ"က-

"သင်လို မာရ်နတ်မျိုး အရာအထောင် လာဖျက်သော်လည်း ငါ၏ သဒ္ဓါတရားကို လှုပ်ရှားစေနိုင်မည် မဟုတ်ပါ၊ ဘုရားရှင်သည် "သမ္မေ သခ်ါရာ အနိစ္စာ" ဆိုသော တရားကို ကြားရုံမျှ မဟုတ်၊ ကိုယ်တွေ့ သိမြင်သည်အထိ ဟောကြားခဲ့ပြီး ဖြစ်ရာ သင်လှည့်စား၍ ရမည် မဟုတ်၊ ငါ၏ အိမ်တံခါးမှာ သင် မနေပါနှင့်"ဟု နှင်လေရာ မာရ်နတ်လည်း ထိုနေရာ၌ ကွယ်လေ၏။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော် "သူရမ္ဗဋ္ဌ"ဒါယကာအား ရတနာသုံးပါး အပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်သူများတွင် အထူးချန်ဆုံးပုဂ္ဂိုလ် "အဂ္ဂေါပသန္နတေဒဂ်" အရာဖြင့် မြောက်စား ချီးကျူးတော်မူသည် (အံင္ဂ၊၁။၃၀၅-၆)။

တရားအလှူ တရားပူဇော်နည်း

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးနှင့်စပ်၍ ဆည်းကပ်လှူဒါန်းပူဇော်ကြဖူး၌ ဘုရားရတနာနှင့် သံဃာရတနာမှာ ပုံသဏ္ဌာန် အထင်အရှား ရှိ၍ မြင်သာလှ၏။ အမျှားအားဖြင့် လှူဒါန်းပူဇော်တတ်ကြ၏။ တရားရတနာမှာ မူကား– ပုံသဏ္ဌာန် မထင်ရှားသောကြောင့် မည်သို့ မည်ပုံ လှူဒါန်းရ ပူဇော်ရမှန်း မသိတဲ့ ရှိနေတတ်ကြသည်။

အခု တရားရတနာကို လှူဒါန်းပူဇော်သည့် အနေဖြင့် တရားတော်ကို ရည်မှတ်ကာ ဖော်ပြလတ္တံ့ ပါအတိုင်း လှူဒါန်းပူဇော်ခဲ့ကြပါသည်—

- ပ်ဋ္ဌကသုံးသွယ် နိကာယ်ငါးရပ် ကျမ်းစာမြတ်တို့ကို လှူဒါန်းခြင်း၊
- သာမှ, နာမ္ဂကိစ္စများတွင် ကန်ဟော့ပွဲ သီးခြား အပိုထား၍ တရားဟော ဘုန်းကြီးအား လှူဒါန်းခြင်း၊
- "သမ္မဒါနံ ဓမ္မဒါနံ ဇိနာတိ=ခပ်သိမ်းသော ဒါလှူတို့တွင် တရားအလှူသည် အမြတ်ဆုံး"ဟူ၍ လည်းကောင်း, "အမတံဒေဒါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ= အကြင်ပုဂ္ဂိုလ်သည် တရားဖြင့် ဆုံးမ၏၊ ထိုပုဂ္ဂိုလ်သည် မသေရာ အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏"ဟူ၍လည်းကောင်း ဟောတော်မူသည့်အတိုင်း မိမိတို့သိသမျှ တဆင့်ဟောပြောခြင်း၊ ဟောပြောသည်ကို နာယူခြင်း၊

- ကျမ်းစာများကို ပြုစုရေးသားညွှန်ပြခြင်း၊ ကြည့်ရှုခြင်း၊
- ပရိယတ္တိစာမေးပွဲများ ကျင်းပ၍ မေးခြင်း၊ ဖြေခြင်း၊

- ပိဋကကျမ်းစာမျှားကို သင်ကြားပို့ချခြင်း၊ သင်ယူခြင်း၊
- စုပေါင်းရွတ်ဆို၍ သင်္ဂါယနာတင်ခြင်း၊ပေထက်အက္ခရာ, ကျောက်ထက် အက္ခရာတင်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊
- နှုတ်ဆုံဆောင်၍ ကျက်မှတ်ပြန်ဆိုခြင်း-

စသည်တို့ ဖြစ်၏။ ဤအရာအားလုံးသည် တရားကို ပူဇော်သောအားဖြင့် လှူဒါန်းပူဇော်ခြင်းများပင် ဖြစ်ပါသည်။ ဤနေရာတွင် ဘုရားရှင် လက်ထက်တော်က တရားတော်ကို မလှူဒါန်း မပူဇော်တတ်၍ ပုဏ္ဏားတစ်ယောက် ဘုရားရှင်ထံ လျှောက်ထားမေးမြန်းပြီး လှူဒါန်းပူဇော်ခဲ့ပုံ သာဓကတစ်ခုကို ဆက်လက်တင်ပြထားပါသည်—

"မြတ်စွာဘုရား.... ဘုရားရတနာနှင့် သံဃာရတနာတို့ကို ပူဇော်ရသည်မှာ ထင်ရှားပါသည်၊ တရားရဟနာကို မည်ကဲ့သို့ ပူဇော်ရပါမည်လဲ ဘုရား"ဟု ပုဏ္ဏားကြီးတစ်ယောက် ကျောင်းတော်သို့ လာ၍ လျှောက်၏။ လက်ထဲ၌ တစ်ထောင်တန် တံစိုးရိတ်သက်နှံးလည်း ပါ၏။

ထိုအခါ ဘုရားရှင်က- "ပုဏ္ဏား....တရားတော်ကို ပူဇော်လိုလျှင် တရားတော်ကို များစွာ သိ၍ ဗဟုသုတရှိသော ရဟန်းတော်ကို ပူဇော်လေ"ဟု မိန့်တော်မူ၏။

ယင်းသို့ မိန့်တော်မူသဖြင့် ပုဏ္ဏားကြီးလည်း ကျောင်းတိုက်အတွင်း လှည့်လည်၍ သံဃာတော်များထံ ဗဟုသုတရှိသော ရဟန်းတော်ကို မေးလျှောက်လေရာ"ဓမ္မဘဏ္ဍာဂါရိက=တရားဘဏ္ဍာစိုးကြီး" ဖြစ်သူ "အရှင်အာနန္ဒာ"ကို ညွှန်ပြကြသဖြင့် တရားတော်ကို ရည်မှန်း၍ အရှင်အာနန္ဒာအား တစ်ထောင်တန် တိစီဝရိတ်သက်နှံးဖြင့် လှူဒါန်းပူဇော်လေသည် (ဒီ၊ဋ္ဌ၊၃၊၉၁)။

ဤသာဓကအရ ယခုကာလ၌ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့သည် ကိုယ်စီကိုယ်ငှ ရဟန်းသံဃာများကို ဆည်းကပ် ကိုးကွယ် ပူဇော်ကြရာ၌ ဘုရားရှင် ညွှန်ပြနည်းပေးတော်မူသည့်အတိုင်း စာပေပရိယတ် သင်ယူခြင်း, တတ်မြောက်၍ ပို့ချခြင်း, ဟောပြောခြင်း, ကျမ်းစာများကို ပြုစုရေးသားခြင်း စသည်တို့ဖြင့် သာသနာ့တာဝန်ကို အမြဲ ထမ်းဆောင်နေသော ပုဂ္ဂိုလ်များကို ဆည်းကပ် ကိုးကွယ်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ဖြင့် ထောက်ပံ့လှူဒါန်းနေသူတို့အဖို့ "ငါတို့သည် တရားရော သံဃာပါ တစ်ချက်ခုတ် နှစ်ချက်ပြတ် အမြဲပူဇော်

နေရပေသည်”ဟု မှန်ကန်သော ပူဇော်နည်းဖြင့် တရားတော်ကို ပူဇော်တတ်သော သာသနာ့ဒါယကာ သာသနာ့ဒါယိကာမအဖြစ် ဂုဏ်ယူဝမ်းမြောက်နိုင်ကြပါစေသော်။

တရားတော်ကို ဘုရားရှင်ကိုယ်တိုင် ပူဇော်တော်မူခဲ့ခြင်း

ဘုရားရှင်၏ တရားတော်မှန်က “သွာက္ခာတ”စသော ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံ၏။ ယင်း ဂုဏ်ခြောက်ပါးနှင့် မပြည့်စုံလျှင် ဘုရားရှင်၏ တရား မဟုတ်၊ ဘုရား မဟုတ်သူ ဘုရားအတုတို့၏ တရားအတုသာ ဖြစ်၏။ ထို့ကြောင့် တရားစစ်, မစစ်၊ မှန်, မမှန် ဂုဏ်ခြောက်တန်ဖြင့် တိုက်ဆိုင် စစ်ဆေးကြည့်က သိနိုင်၏။ တကယ် တရားမစစ် တရားမမှန်က ဂုဏ်ခြောက်တန်ဖြင့် မှတ်ကျောက်တင် အစစ်အဆေးခံနိုင်မည် မဟုတ်ပါ။

“သွာက္ခာတ”စသော ဂုဏ်ခြောက်တန်ဖြင့် မှတ်ကျောက်တင် အစစ်အဆေးခံနိုင်သော ဘုရားရှင်၏ တရားတော်အစဉ်တို့ကား လိုက်နာ ကျင့်ကြံပူဇော်ကြသူများအဖို့ ဓမ္မရသကို လက်တွေ့သုံးဆောင် ခံစားကြရ၏။ ပညာရှိ အသိုးသီးတို့ အမျိုးမျိုး ကဲ့ပြားကြသော်လည်း ဓမ္မသဘောကို သိမြင်နားလည်ကြရာ၌ ထပ်တူထပ်မျှ တူညီကြ၏။ ယုံမှားမှုကို လွန်မြောက်နိုင်ကြ၏။ တရားတော်အပေါ်၌ မမှိတ်မသုန် ယုံကြည်မှုကြောင့် လူတိုင်းအား ဖိတ်ခေါ်၍ ပြချင်လောက်အောင် မွန်မြတ် ကောင်းမွန်၏။

ယင်းသို့သော ဂုဏ်အင်္ဂါ အရည်အချင်းတို့နှင့် ပြည့်စုံသော တရားတော်မြတ်ကို မပြတ်မလပ် ဆည်းကပ် ကိုးကွယ် ပူဇော်သူတို့မှာ “ရာဂ, ဒေါသ, မောဟ”စသော ကိလေသာ အပူမီးတို့၏ အပြီးသိမ်းဆည်း၍ ငြိမ်းအေးရာ အမှန် အမတနိဗ္ဗာန်ရသကို ကောင်းစွာ သုံးဆောင် ခံစားနိုင်ကြမည် အမှန် ဖြစ်ပါသည်။ ဤ၌ ဘုရားရှင်ကိုယ်တော်တိုင်သည်ပင် မိမိသိပြီးသား တရားတော်ကိုသာ မှီခိုစရာ ဆရာအရာထား၍ အကြိမ်ကြိမ် အထပ်ထပ် မပြတ်မှီဝဲ ပူဇော်ခဲ့ပုံ သာဓကကို ဆက်လက်တင်ပြတားပါသည်—

“ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ငါးပတ်မျှ အကြာ “အဇပါလ သတ္တာဟ”၌ စံနေတော်မူစဉ် “လောက၌ ရှိသော ကိုင်းညွှတ်ဖို့ရာ အကြီးအကဲ မရှိဘဲ နေခြင်းသည် မသင့်လျော်ချေ၊ ဆင်းရဲဒဏ်တို ဖြစ်၏။ ငါသည် အဘယ် မည်သော သူကို အရှိအသေ အလေးအမြတ် ပြု၍ ဆည်းကပ်နေရပါမည်နည်း”ဟု ဆင်ခြင် စဉ်းစား တော်မူရာ လောကသုံးပါးတွင် ဘုရားရှင်၏ ဆည်းကပ်ရှိသေမှု ခံနိုင်မည့်သူ (ဆရာတင်လောက်သူ)ကို တစ်ဦးတလေမျှပင် မြင်တော်မမူပါ၊ တန်းတူရည်တူသူများကိုလည်း မြင်တော်မမူပါ။

ထိုအခါ "ကိုယ်တော်တိုင် ထိုးထွင်းသိမြင်အပ်ပြီးသော တရားတော်ကိုပင် မှီခိုအားထားရာ ဆရာတစ်ဆူ ပြု၍ အကြိမ်ကြိမ် ဖူးထပ်ထပ် မပြုတ်မှီဝဲ ပူဇော်နေရတော့မည်"ဟု ကြံတော်မူကာ တရားတော်ကိုသာ အရိုအသေ အလေးအမြတ် ပြု၍ ပူဇော်နေတော်မူသည်။ ရှေးရှေး ဘုရားရှင်တို့လည်း တရားတော်ကိုသာ အရိုအသေ အလေးအမြတ် ပြု၍ ပူဇော်နေတော်မူခဲ့သည်ကို မြင်တော်မူ၏[၁]။

ဤသာဓကအရ ဘုရားရှင် (ကိုယ်တော်တိုင်သည်ပင် မှီခိုအားထားရာ ဆရာတစ်ဆူပြု၍ အရိုအသေ အလေးအမြတ်ထားကာ ပူဇော်နေခဲ့သော တရားတော်များကို အမြဲမပြတ် မှီဝဲ ဆည်းကပ် ပူဇော်နေခြင်းဖြင့် ဒုက္ခဟူ၍ မြူမျှပင် မထွေယှက်သော အမြတ်ဆုံးချမ်းသာ သန္တိသုခနိဗ္ဗာနဓာတ်ကြီးကို မျက်မှောက်ထင်ထင် သိမြင်သုံးဆောင်နိုင်ကြပါစေ။ ထို့ပြင် တရားတော်ကို ပြက်ချော်ချော် ဟောပြော ပို့ချခြင်း, အသက်မွေးဝမ်းကျောင်းမှုတစ်ခုကဲ့သို့ လာဘ်ငွေယူ၍ အလှူခံဟောပြောပို့ချခြင်း, သင်ကြား နာယူသူတို့ကလည်း ပေါ့ပေါ့လျော့လျော့ နာယူခြင်း, နာယူစဉ် စကားပြော အိပ်ငိုက်လျက် ရှိခြင်း, လုံးဝမနာယူခြင်း စသော တရားတော်ကို မရိုမသေပြုသည့် စက်ဆုပ်ဖွယ်ကောင်းသော (ဓမ္မအဂါရဝ)အမှုများကို လုံးဝရှောင်ရှား၍ သာသနာတော် ဆုတ်ယုတ်ပျက်ပြားစေမည့် ဘေးမှ တားဆီးကာကွယ်ပေးနိုင်ကြပါစေ။

ဘုရားရှင်ကိုယ်စား တရားတော်များအပေါ် အထူးထားပူဇော်သင့်ခြင်း

"ဘုရား"ဟူသည် တရားကို မသိမီ, တရားမရှိမီက ဘုရားဖြစ်နေသည်မဟုတ်၊ သိဒ္ဓတ္ထမင်းသားသာလျှင် ဖြစ်၏။ သစ္စာလေးပါးတရားကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် သိ၍ ထူးခြားသော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်, မဟာကရုဏာဉာဏ်စသည်တို့ ရှိလာသည့် အချိန်မှ စ၍ "ဂုဏ်ကိုးပါးအရှင် ဘုရားသခင်"ဟူ၍ လောကသုံးပါးတွင် ထင်ရှား ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် မိမိကိုယ်တော်တိုင် ထိုးထွင်း သိပြီးသော (၀၊) မိမိအား ဘုရားအဖြစ်သို့ ရောက်စေခဲ့သော တရားတော်များကို မှီခို အားထားရာအဖြစ် အကြိမ်ကြိမ် အထပ်ထပ် မပြတ်မှီဝဲ ပူဇော်နေခဲ့ပါသည်။

ဘုရားရှင်သည် မိမိတစ်ပါးတည်းသာ တရားတော်ကို အမြဲမပြတ် ပူဇော်နေခဲ့သည် မဟုတ်။ မိမိ၏ တပည့်သာဝကများကိုလည်း (ပုဂ္ဂိုလ် ကိုးကွယ်ဆည်းကပ်မှုကို ဦးစား မပေးဘဲ) မိမိ (ဘုရားရှင်)ကဲ့သို့ပင် တရားတော်ကိုသာ ဦးစားပေး၍ အမြဲမပြတ် မှီဝဲဆည်းကပ် ပူဇော်နေကြရန် တိုက်တွန်း မိန့်ကြားတော်မူခဲ့ပါသည်။

၁။ သံ၊၁။၁၄၀။ အံ၊၁။၃၂၇။ ဗုဒ္ဓဝင်၊ ဒု·တွဲ။ ၃၀၇။

"ရဟန်းတို့....ငါ၏ သင်္ခန်းစွန်းကို ကိုင်ဆွဲ၍ ထက်ကြပ်မကွာ ခြေရာနင်းလျက် ငါ၏ နောက်မှ လိုက်ပါသော်လည်း အလိုရမ္မက်ကြီးသူ, ကာမအာရုံတို့၌ တပ်မက်အားကြီးသူ, စိတ်ဆိုး စိတ်ပျက်သူ, ပျက်လို့ ပျက်ဆီးစိတ်ရှိသူ,သတိလွတ်သူ(အမှတ်မဲ့နေသူ),အဆင်ခြင်ဉာဏ် မရှိသူ, တည်ငြိမ်မှုမရှိ (မျောက်ကဲ့သို့)စိတ်ယောက်ယက်ခတ်သူ (တုန်လှုပ်သူ), ဣန္ဒြေမရှိသူ, ပြကတော့သွင် ပေါ်လွင်သော အမူအရာရှိသူ ဖြစ်ငြားဘုံး။

ထိုရဟန်းသည် ငါဘုရားနှင့် ဝေးသူ မည်၏။ ငါဘုရားသည်လည်း ထိုရဟန်းနှင့် ဝေးသူ မည်၏။ ရဟန်းတို့....အဘယ့်ကြောင့်နည်းဟူမူ-

ထိုရဟန်းသည် စင်စစ် တရားတော်ကို (မြင်ခဲ့အောင် မကျင့်မကြံ မကြည့်၍) မမြင်၊ တရားတော်ကို မမြင်သူသည် ငါဘုရားကို မမြင်နိုင်သောကြောင့်ပင်တည်း (လွတ်ဝုတ်၊ သဃ်ဒဋ္ဌကထာသုတ်။ ၂၅၆)။

ဘုရားရှင်သည် ဖော်ပြခဲ့ပြီးသော နည်းအတိုင်းပင် "အရှင်ဝက္ကလိ"မထေရ်ကိုလည်း မိန့်တော်မူခဲ့ဖူးပါသည် (ဓမ္မ၊ဌ၊၂။၃၇၀)။ ဘုရားရှင်၏ တရားတော်အပေါ် အလေးထားမှုမှာ ဤမျှသာ မဟုတ်ပါ။ နောက်ဆုံး ပရိနိဗ္ဗာန်စံလုနီး ဖာချိန်သို့ ရောက်သော အခါ၌ပင် သာသနာတော်ကို အရှည်ခံ၍ တည်တံ့ထွန်းကားရေးကို ရှေးရှုလျက် မိမိ(ဘုရားရှင်)၏ ကိုယ်တော်စားအဖြစ် တပည့်သာဝကာ ရဟန်းတော် တစ်ပါးပါးကိုမျှ ထားရစ်တော်မူခြင်း မရှိဘဲ တရားတော်ကိုသာ မိမိ(ဘုရားရှင်)၏ ကိုယ်တော်စား ဘုရားအဖြစ် ထားတော်မူခဲ့ကြောင်း (မဟာပရိနိဗ္ဗာနသုတ်၌) အရှင်အာနန္ဒာအား ကိုယ်တော်တိုင် မိန့်မြွက်တော်မူခဲ့ပါသည်—

"ချစ်သား အာနန္ဒာ....ငါဘုရားသည် သုတ်နှင့်အဘိဓမ္မာတရားတော်ကိုလည်း ဟောတော်မူပြီးခဲ့ပြီ၊ ဝိနည်းတရားတော်ကိုလည်း ပညတ်တော်မူပြီးခဲ့ပြီ။ ထို သုတ်,အဘိဓမ္မာ,ဝိနည်း (ပိဋကသုံးပုံ) တရားတော်များသည် ငါဘုရား ပရိနိဗ္ဗာန်စံ၍ မရှိတော့သည့်အခါ သင်ချစ်သားတို့အတွက် ဘုရားအဆူဆူဖြစ်၍ ကျန်ရစ်လိမ့်မည်၊ တရားတော်ကို ဘုရားအဖြစ် မှီဝဲပူဇော်နေရစ်ကြ"ဟု မိန့်တော်မူလိုရင်း ဖြစ်ပါသည်။

ဤစကားတော်များအရ ဘုရားရှင်သည် ပုဂ္ဂိုလ်ရေး အလေးထား ကိုးကွယ်ဆည်းကပ်မှုကို လုံးဝလိုလားတော်မမူဘဲ တရားတော်ကို အလေးထား ကိုးကွယ်ဆည်းကပ်မှုကိုသာ လိုလားတော်မူကြောင်း ထင်ရှားပေါ်လွင်လျက် ရှိပါသည်။ ထို့ကြောင့် ဘုရားရှင်၏ အလိုတော်ကျ ဂုဏ်တော် ခြောက်တန်နှင့် အမှုန်

ပြဿ်ဝဝသော တရားတော်များကို ဟောပြော ပို့ချ ညွှန်ကြားပြသခြင်း, သင်ကြား နာယူ မှတ်သား လိုက်နာခြင်း, ကျင့်ကြံ ပွားများ အားထုတ်ခြင်းတို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် အထူးအလေးထား၍ မပြတ်မှီဝဲပူဇော်သင့်ကြပါသည်။

ယခုအခါ ဘုရားရှင် သက်တော် ထင်ရှား (ပုဂ္ဂလဗုဒ္ဓ) မရှိတော့သဖြင့် ဘုရားရှင်၏ သပ္ပါယ်သော အဆင်းကိုလည်း ဖူးမြင်နိုင်ခွင့် မရှိ၊ သာယာသော အသံတော်နှင့် ဂုဏ်သတင်းကိုလည်း ကြားနာနိုင်ခွင့် မရ၊ ခြိုးခြံသော အကျင့်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ တွေ့နိုင်ကြသည်မဟုတ်၊ ဘုရားရှင်ဟောကြားထား တော်မူခဲ့သော တရားတော်များ (ဓမ္မဗုဒ္ဓ)ကိုသာ စံထားနိုင်သော ခေတ်ဖြစ်၍ ဘုရားရှင်ကိုယ်စား တရားတော်များအပေါ် အထူး အလေးအနက် ထားကာ မပြတ်မှီဝဲ ပူဇော်သင့်ကြပါသည်။

တရားတော်၏ အကျိုးရ သာဓကများ

တရားတော်ကို ပူဇော်ခြင်းဟူသည် အခြား မဟုတ်၊ တရားတော် အကိုင်း ဟောပြောပို့ချညွှန်ကြားပြသခြင်း, သင်ကြား နာယူ မှတ်သား လိုက်နာခြင်း, ကျင့်ကြံပွားများအားထုတ်ခြင်းတို့ ဖြစ်၏။ ယင်းသို့ တရားတော်ကို အမြဲမပြတ် မှီဝဲ ပူဇော်ဆည်းကပ်နေသူတို့သည် နေ၏အပူဒဏ်ကို မိုမိုဆောင်းသော ထီးက အကာအကွယ် ပေး၍ ငြိမ်းအေးစေသကဲ့သို့ တရားတော်၏ ပြန်လည်စောင့် ရှောက်မှုအကျိုးကို ကောင်းစွာ ရနိုင်၏။ တရားတော်အလှူ ပေးခြင်းသည် မသေဆေးကို တိုက်ကျွေးသည်နှင့် တူ၏။ မသေရာ နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်နိုင်၏။ တရားတော်ကို သင်ယူ မှတ်သားနာကြားရသူတို့အဖို့ကား ကြားနာရုံမျှဖြင့်ပင်—

(၁) မကြားဖူးသည်ကို ကြားနာရခြင်း၊

(၂) ကြာဖူးပြီးသောအရာများ ထပ်မံ၍ ရှင်းလင်းခြင်း၊

(၃) ယုံမှားမှုမှ ကင်းလွတ်ခြင်း၊

(၄) အယူအမြင် ဖြောင့်မှန်ခြင်း၊

(၅) စိတ်ကြည်လင်ခြင်း[1]—

ဟူသော အကျိုးငါးပါးကို လက်ငင်းဗိဒ္ဓ ရနိုင်ပြီး သေလွန်သောအခါ နတ်ရွာ သုဂတိသို့ ရောက်နိုင်၏။ တရားတော်ကို ကျင့်ကြံပွားများအားထုတ်လျှင် တရား

၁။ အံ၊ ၂၊ ဓမ္မသဏဝနသုတ်။ ၂၁၆။

ထူးမျှား ရ၍ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ဓာတ် ချမ်းသာမြတ်ကို တပ်အပ် သေချာ ရရှိခံစားနိုင်ကြ၏။ အထူးသဖြင့် ဘုရားရှင် ဟောကြားတော်မူသော် ဗောဇ္ဈင်တရားဖြင့် အရှင်မဟာကဿပနှင့် အရှင်မောဂ္ဂလ္လာန်တို့ ပြင်းထန်သော ဝေဒနာမှ ပျောက်ကင်းမှုအကျိုးကို ရခဲ့ကြ၍ အရှင်စုန္ဒမထေရ် ရွတ်ဖွဲ့သော ဗောဇ္ဈင်တရားဖြင့် ဘုရားရှင် ကိုယ်တော်တိုင်လည်း ပြင်းထန်သော ဝေဒနာမှ ချက်ချင်းလက်ငင်း အမြစ်ပြတ် ပျောက်ကင်းမှုအကျိုးကို ရတော်မူခဲ့ပါသည်'။ ဤအကျိုးတရားများကို တကယ် ရနိုင်, မရနိုင် မယုံလျှင် "ဟိ=လာစမ်းပါ, လိုက်ခဲ့စမ်းပါ၊ ပဿိက=ရှုကြည့်စမ်းပါ, ကျင့်ကြည့်စမ်းပါ"ဟု ရဲရဲတောက် ဖိတ်ခေါ်ထိုက်သော တရားတော်များဖြစ်ပါသည်။

တရားတော်အလှူ၏ မြင့်မြတ်ပုံအကြောင်း

"ဓမ္မဒါန=တရားအလှူ"ဟူသည် မိမိတို့ တတ်သမျှ မှတ်သမျှ တဆင့် ပြန်လည်၍ ဟောပြော သင်ကြား ရေးသား ညွှန်ပြခြင်း, စာပေကျမ်းဂန်များကို သင်ကြားပို့ချခြင်း,တရားတော်နှင့် ဆိုင်ရာပြဿနာကို ဖြေရှင်းခြင် နှင့် ကမ္မဋ္ဌာန်း တရားကို ညွှန်ကြားပြသခြင်းစသည့်(ဓမ္မဒေသနာ)လုပ်ငန်းများဖြစ်၏။ ယင်းသို့ ပြုခြင်းသည် တရားဝေါ်ကို ပူဇော်ခြင်း (ဓမ္မပူဇာ)လည်း မည်၏။ ဤဓမ္မဒါန, ဓမ္မပူဇာကုသိုလ်များ၏ အံကျိုးတရား ထူးခြား ကြီးမြတ်ပုံကို ကျမ်းဂန်ထို့ဖွဲ့ ဖော်ပြလတ္တံ့ပါအံ့တိုင်း ပြဆိုထားပါသည်—

"စကြဝဠာ တခုလုံးပြည့် ဖြာဝှေ့ပြည်တိုင်အောင် သီတင်းသုံးတော်မူကြသည့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့အား အဝတ်သင်္ကန်းများအစေ့အဆင့် ပေးလှူစေကာမူ ယင်းအလှူထက် အစည်းအဝေးတစ်ခု (တရားပွဲတစ်ခု)၌ လေးပါဒရှိ တင်ဂါထာ အနုမောဒနာ တရားအလှူကပင် သာလွန် မြင့်မြတ်သည်။ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ပင် မမီနိုင်။

ဒါနပြုသူဟူသမျှ တရားတော်ကို နာကြရ၍သာ ဒါနပြုကြကုန်၏။ အရှင်သာရိပုတ္တရာ-စသော မထေရ်မြတ်တို့သည်လည်း မိမိတို့ သဘော အခလျောက် သောဘာပတ္တိဖိုလ်စသည်တို့ကို ရကြသည်မဟုတ်၊ "အရှင် အာသဇီ" စသော မထေရ်တို့၏ ဓမ္မဒေသနာကြောင့်သာ ရကြပေသည် (ဓမ္မပဒ၊၄၊၂၅၅)။

၁။ သံ၊၃။၂၃။

တရားတော်နာရှု၍ သောကအပူမီးများ ငြိမ်းပျောက်ရသော မင်းတစ်ပါး

တရားနာခြင်း အကျိုးငါးပါးတွင် "စိတ်ကြည်လင်ခြင်း" အကျိုးမှာ လွန်စွာအရေးပါလှ၏။ စီးပွားရေး, ပညာရေး, ကျန်းမာရေး, ဆွေရေး,မျိုးရေး စသည်တို့ကြောင့် စိတ်မချမ်းမသာ ဖြစ်၍ စိတ်ညစ် စိတ်နောက် သောက ရောက်နေသောအခါကား တရားနာရန် အထူးသင့်လျော်သော အခါတည်း။ ပကတိသော ရေသည် ပကတိသော အပူမီးကို ငြိမ်းအေးစေနိုင်သကဲ့သို့ တရားတည်းဟူသော ရေစင်ရေအေးသည် သောက, ပရိဒေဝ စသော အပူမီး များကို ငြိမ်းသတ်ပေးနိုင်၏။ တရားရေစင်ကို နားတွင် ကြားနာလိုက်ရုံဖြင့် သောက,ပရိဒေဝ-စသော အပူမီးတွေ တခဏချင်း ငြိမ်းအေးပျောက်ကင်းနိုင်၏။ ဤ၌ တရားတော်နာရှု၍ သောကအပူမီးများ ငြိမ်းပျောက်ရသော မင်းတစ်ပါး အကြောင်းကို ဆက်လက်ဖော်ပြထားပါသည်—

"ဆရှင် နာရဒ"မထေရ်သည် "ပါဠလိပုတ်" ပြည်၌ သီတင်းသုံးစဉ် "မုဏ္ဍမင်း"၏ ချစ်မြတ်နိုးအပ်သော မိဖုရား "ဘဒ္ဒါ" စုတေခဲ့၏။ "မုဏ္ဍမင်း"သည် ရေမချိုး, မဖီးမလိမ်း, ဒူးစာ မစား, အလုပ် မလုပ် နေ့ရောညဉ့်ပါ "ဘဒ္ဒါ"၏ အလောင်းဘဲ့သာ နှစ်မျှောနေခဲ့၏။

"ဘဒ္ဒါ"၏ အလောင်းကို ကြာမြင့်စွာ မြင်ရအောင် သံဖြင့်ပြီးသော ဆီစက္ကူးဘဲ့ ထည့်သွင်းကာ အပေါ်က သံစက္ကူးဖြင့် အုပ်ထားရန် ဘဏ္ဍာစိုး "ပိယက" အား အမိန့်ပေးရာ ထိုအတိုင်း ပြုလုပ်ပေး၏။ ထို့နောက် မင်းကြီး သောကပျောက်ဖို့အတွက် အရှင်နာရဒ မထေရ်ထံ ဆည်းကပ်ရန် အကြံပေး လျှောက်ထားရာ မင်းကြီးလည်း သဘောတူ လက်ခံကာ အရှင်နာရဒ မထေရ်ထံမှောက် ရောက်လာလေ၏။

အရှင်နာရဒ-က– "မင်းကြီး.... လောကဘဲ့ ရဟန်း, ပုဏ္ဏား, နတ်, ဗြဟ္မာ ဘယ်သူမျှ မရကောင်းသော အရာဌာန ငါးမျိုးရှိ၏။ ငါးမျိုးမှာ အိုခြင်းသဘောရှိသော အရာ, နာခြင်းသဘောရှိသော အရာ, သေခြင်း သဘောရှိသော အရာ, ကုန်ခန်းတတ်သော သဘောရှိသော အရာ, ပျက်စီးတတ်သော သဘောရှိသော အရာတို့ ဖြစ်၏။ ထိုအရာတို့ကို 'မအို,မနာ,မသေ, မကုန်ခန်း, မပျက်စီးပါနှင့်'ဟု ဘယ်သူမျှ တားမြစ်၍ မရကောင်း"ဟု ဟောတော်မူ၏။

ထို့နောက် ပုထုဇဉ်နှင့် အရိယာတို့ ထိုသဘောမျိုး တွေ့ကြုံရသော အခါ မတူကွဲပြား ခြားနားပုံကို ဆက်လက် ဟောပြတော်မူ၏။

အချုပ်မှာ– ပုထုဇဉ်သည် မိမိနှင့် ပတ်သက်သော အရာဝတ္ထုတို့ ဆိုခြင်း, နာခြင်း, ငေးခြင်း, ကုန်ခန်းခြင်း, ပျက်စီးခြင်းတို့နှင့် ကြုံရသော အခါ ဤ ဆိုခြင်း, နာခြင်း စသည်ဖြာ ငါတစ်ယောက်သာ ကြုံရသည် မဟုတ်၊ အားလုံး ကြုံရသည်ချည်း ဖြစ်၏။ ငါက စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းနေလျှင် အစားပျက်, အလုပ်ပျက်, ရုပ်ဆင်းပျက်ရုံသာ၊ ရန်သူတွေ ဝမ်းသာအားရ, မိတ်ဆွေတွေ ဝမ်းနည်း စိတ်မကောင်း ဖြစ်ကြလိမ့်မည်ဟု မစဉ်းစားတတ်၍ စိုးရိမ်ပူဆွေး ငိုကြွေးကြရ၏။ စိုးရိမ်ပူဆွေးငိုကြွေးခြင်းဖြင့် အဆိပ်လူးထားသော သောကငြောင့်ကြီး အစူးခံကြရ၏။

အရိယာတို့ကား စဉ်းစားတတ်၍ မစိုးရိမ် မပူဆွေး မငိုကြွေးကြဘဲ **သောကငြောင့်ကြီးကို** နုတ်ပစ်နိုင်ကြ၏။

သောကငြောင့်ကြီး စူး၍ ပုထုဇဉ်မှာ ပူရ၏။ သောကငြောင့် စူးခြင်းမှ လွတ်ကင်း၍ အရိယာမှာ ငြိမ်းအေးရသည်။

ဤတရားကို "မုဏ္ဍမင်းကြီး" ကြားနာရသောအခါ "ဒါ ဘာတရား ပါလဲ"ဟု မေးလျှောက်၏။ "သောကငြောင့်နုတ် တရားဟု မိန့်ကြား သော် "တကယ်ပဲ သောကငြောင့်နုတ် တရားပါဘုရား၊ ဤတရား ကြားနာရသည့် အတွက် တပည့်တော်၏ သောကငြောင့်ကြီး နုတ်ပယ်ပြီး ဖြစ်ပါပြီ"ဟု လျှောက်ပြီးနောက် ဘဏ္ဍာစိုး "ပိယက"အား **ဒါမိန့်ပေးသည်မှာ**– "ဘဒ္ဒါ"၏ အလောင်းကို မီးသင်္ဂြိဟ်လိုက်တော့၊ ငါ ယနေ့မှ စ၍ ရေချိုး နံ့သာလိမ်း ပွဲတော်သုံး၍ အလုပ်လုပ် တော့မည်" ဟူ၍ ဖြစ်၏။ (အံ၊ ၂၊ နာရဒသုတ်။ ၅၀-၌ အကျယ် ကြည့်ပါ။)

ဤသာဓကလာ "မုဏ္ဍမင်းကြီး"ကို အစထား၍ ဘုရားရှင်၏ တရားတော် အကြောင်းကို ကောင်းကောင်း သိသူ, တရားတော်ကို နာရ၍ သောက, ပရိဒေဝ ဆွမ်းမြိုးများ ငြိမ်းအေးခွင့်ရသူ အဘယ်လူ အဘယ်နတ် အဘယ် ဗြဟ္မာ အဘယ်သတ္တဝါတို့သည် အဘယ်မှာလျှင် တရားတော်ကို မဆည်းကပ် မကိုးကွယ် မပူဇော်ဘဲ နေနိုင်ပါအံ့နည်း၊ စွမ်းနိုင်သမျှ ဟောပြော သင်ပြခြင်း, သင်ကြားနာယူခြင်း, ကျင့်ကြုံခြင်းတို့ဖြင့် တရားတော်များ တည်တံ့ပြန့်ပွား ထွန်းကားရန် ယုံကြည်လေးမြတ် အသက်အပ်၍ ဆည်းကပ်မြတ်နိုး အမျိုးမျိုး ပူဇော်ထိုက်လှပါသည်။

...ပေတော်စံကျမ်း

...ားတစ်ကောင်အကြောင်း

...သသည်၏ အခြားမဲ့၌ နတ်သား
...ကောင်း အကြောင်းကို ဆက်လက် ဖော်ပြ

...သည် ရဟန်းအပေါင်း ခြံရံလျက်
...ယန်း ကျောင်းတိုက်ကြီးတွင် သီတင်းသုံး
...ားရှင်သည် မိုးသောက်ထအခါ
...တော်မူလေသော် ယနေ့ ညနေချမ်း
...နာသော ဖားငယ်တစ်ကောင်ကို
...သစ္စာလေးပါး တရားသိမြင် ကျတ်တမ်း

...စမ္ပဝါပြည်၊ ဂဂ္ဂရာရေကန်အနီးရှိ
...တ်အပေါင်းတို့အား တရားဒေသနာ

...သည် ရေကန်မှ တက်၍ "ဤအသံကား
...ဖြစ်၏" ဟု တရားသံ၌ အာရုံနိမိတ်
...လျက် နာယူနေသည်။

...သို့ တရားသဘောကို နှစ်နှစ်ကာကာ
...ဖြင့် မသိကြသော်လည်း
...သံ့ ဤအသံကား အဓမ္မသံ=
...မ္မမည်သော်အား" ဟူ၍ "သညာသံ"

...တစ်ယောက်သည် ထိုအရပ်သို့
...ားနေတော်မူသည်ကိုလည်း
...ပြုမ်းချမ်းစွာ တရားနာနေသည်ကို
...တရားနာပရိသတ်သို့ စိတ်အာရုံ
...ပါလာသော တုတ်နှင့်တံ(တုတ်တံ
...ရပ်တည်လေလျှင် ဖားငယ်ကို မကြည့်
...ထောက်ဖိ၍ ရပ်တည်မိလေ၏။

ဖားငယ်သည် ထိုခဏမှာပင် သေလွန်၍ အိပ်စက်ထုမှ နိုးလာသော သူကဲ့သို့ တာဝတိံသာနက်ပြည်၌ နတ်သားဖြစ်ရ၏။ တစ်ဆယ့်နှစ်ယူဇနာဝိုက်သော ရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံလျက် နတ်စည်းစိမ်ကို ခံစားနေရ၏။

ဖားနတ်သားသည် လူမျှားအပေါင်း ကြည့်ရှုနေစဉ် ထိုခဏမှာပင် မျှားစွာသော နတ်သမီး အခြံအရံ, ကြီးစွာသော နတ်အာနုဘော်ဖြင့် ဘုရားရှင်ထံမှောက် လာရောက်၍ အကြောင်းစုံကို လျှောက်ထား ပြီးနောက် ဘုရားရှင်ထံမှ အကျယ်ဟောပြသော တရားဒေသနာကို နာကြားခဲ့ရာ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြကာ ဖားနတ်သားမှာ သောတာပန်အဖြစ်သို့ ရောက်လေသည် (ဝိမာန။ ၂၀၁။ ဝိ၊ဋ္ဌ၊၁။၉၄)။

တရားတော်၏ အကျိုးအာနိသင်ကား အံ့ဖွယ်ရှိစွတကား။

တရားဂုဏ်တော်ဖွင့် ပြီး၏။

သံဃာဂုဏ်တော်ကိုးပါး

၁။ သုပ္ပဋိပန္နဂုဏ်တော်

သုပ္ပဋိပန္နော (သု+ပဋိပန္နော။ သု=ကောင်းစွာ+ပဋိပန္နော=ကျင့်တော်မူသော သံဃာတော်။ "သုပ္ပဋိပန္နော"ကို "သုပ်ပဋိပန်နော"ဟု အသံထွက်ဖတ်ပါ။)

ဘုရားရှင်၏ တပည့်သာဝကသံဃာတော်အပေါင်းသည် ဘုရားရှင်၏ **အဆုံးအမသာသနာတော်ဝယ်** ဆုံးမတော်မူသော တရားဟူသမျှကို **ဆုံးမတော်မူသည့်အတိုင်း** တစ်သဝေမတိမ်း လိုက်နာ၍ ကောင်းစွာ ကျင့်ကြံတော်မူသောကြောင့် "သုပ္ပဋိပန္နော"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူကြပါသည်။

[ဤ၌ ဘုရားရှင်၏ အဆုံးအမတော်အတိုင်း မပယ်မလွှဲ ရှိသေစွာ နာခံသော ပုဂ္ဂိုလ်ကို မြန်မာလို "တပည့်", ပါဠိလို "သာဝက"ဟု ခေါ်၏။ မြန်မာနှင့်ပါဠိ တဲ့၍ "တပည့်သာဝက"ဟုလည်း သုံးကြ၏။

ယင်းတပည့် သာဝကများ၏ အစုအရုံး အသင်းအဖွဲ့ အပေါင်းအစုကို "သံဃာ"ဟု ခေါ်၏။ အယူဝါဒသီလသိက္ခာအားဖြင့် မကဲ့မပြားတူညီကြသော ပုဂ္ဂိုလ်တို့၏ အပေါင်းအစုဟု ဆိုလို၏။ ယင်းသံဃာသည် မင်္ဂလာဖုံလွှမ်း တရားထူးကို ရ၍ အရိယာ အဖြစ်သို့ ရောက်ပြီးသော "အရိယာ သံဃာတော်", အရိယာအဖြစ်သို့ မရောက်သေးသော "ပုထုဇဉ် သံဃာတော်" ဟူ၍ နှစ်မျိုး ကဲ့ပြား၏။ ထိုတွင် အရိယာသံဃာကို "မုချသံဃာ, ပရမတ္ထသံဃာ"ဟု ခေါ်သည်။ ပုထုဇဉ်သံဃာကို ပရိယာယသံဃာ, သမ္မုတိသံဃာ"ဟု ခေါ်သည်။ ပုထုဇဉ်သံဃာတော်များမှာ အရိယာသံဃာတော်များ ကျင့်သည့် အကျင့်သိက္ခာကို ဖြည့်ကျင့်နေခြင်း၊ ဥ တို့စတုတ္ထဈာန်မဝါစာဖြင့် ရဟန်းအဖြစ် သိက္ခာတင်ပေးထားခြင်းဖြင့် သံဃာအဖြစ် သမုတ်ထားသောကြောင့် သမ္မုတိသံဃာ-ဟု ခေါ်ပါသည်။

အရိယာသံဃာတော်သည် ကောင်းသော အကျင့်ကို ကျင့်ခြင်းဟူသော "သုပ္ပဋိပန္နော" ဂုဏ်ကို အမြဲရနေ၏။ ပုထုဇဉ်သံဃာတော်ကား ထမင်တကာ ကြိုးစား၍ ကောင်းသော အကျင့်ကို ကျင့်နိုင်သူသာ "သုပ္ပဋိပန္နော" ဂုဏ်ကို ကောင်းစွာ ရနိုင်၏။ ဤ၌ သံဃာဟူသည် အုပ်ပေါင်းအစု ဆိုကာမျှဖြင့် ရဟန်း ပုဂ္ဂိုလ်တို့၏ အပေါင်း မဟုတ်ဘဲ "သံဃာ" မဖြစ်နိုင်သလို သိက္ခာတင် သိမ်ဝင်မှု မရှိဘဲ လူသာမန်တို့က သမုတ်ကာမျှဖြင့်လည်း "သမ္မုတိသံဃာ" မဟုတ်သည်ကို သတိပြုပါ။]

ဓကာင်းစ္စာ ကျင့်တော်မူခြင်း

"ကောင်းစ္စာ ကျင့်ခြင်း"ဟူသည် ဝိနည်းတော်၌ လာသော သိက္ခာပုဒ် သီလကို မကျိုးမပေါက်ရအောင် ကျင့်ခြင်း, သမထဘာဝနာကမ္မဋ္ဌာန်း တစ်မျိုး မျိုးကို အားထုတ်သောအားဖြင့် သမာဓိ "စိတ်တည်ကြည်မှု" ရအောင် ကြိုးစားခြင်း, ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်သောအားဖြင့် ရုပ်နာမ် ခန္ဓာဖေါ်၌ အသိမှန် အမြင်မှန် ပညာတရား တို့းပွားအောင် ကြိုးစားခြင်း ဤသုံးမျိုးကို ကျင့်နေခြင်း, ကြံစည်နေခြင်း, ကြိုးစားခြင်း, အားထုတ်ခြင်းပင် ဖြစ်၏။ ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကို "ပဋိပတ်" ဟူ၍ ခေါ်၏။

ထို့ပြင် ဘုရားရှင်၏ တပည့် သာဝက ရဟန်း သံဃာတော်များအတွက် ဘုရားရှင် ဟောပြော ဆုံးမသည့် တရားတော်များကို နာယူခြင်း, မှတ်သားခြင်း, မမေ့အောင် ဆောင်ထားခြင်း, တဆင့် ဟောပြသောအားဖြင့် ပို့ချခြင်း စသော အလုပ်များလည်း ရှိ၏။ ဤသို့ သင်ယူ မှတ်သား ဆောင်ထားခြင်းကို "ပရိယတ်"ဟူ၍ ခေါ်၏။ ထိုပရိယတ်အလုပ်ကို စိတ်ကောင်းစေတနာကောင်းဖြင့် ပြုလုပ်နေလျှင် လောဘ, ဒေါသ, မာန်မာန, ဣဿာ, မစ္ဆရိယ စသော အကုသိုလ်တရား အဖြစ်နည်းပါး၍ ကုသိုလ်တရား အဖြစ်များသောကြောင့် ကောင်းစ္စာ ကျင့်သည် မည်၏။

ဘုရားရှင်၏ အမိန့်တော်ကို ထွန်ဆန်တော်မူခြင်း

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော် အပေါင်းသည် တရားသဖြင့် ဆုံးမတော်မူရာ ဘုရားရှင်၏ သာသနာတော်၌ သင့်လျော်အောင် ထုံးပြု၍ ဆုံးမအပ်သော အဆုံးအမ သာသနာကို လုံးဝ ဥဿုံ အကုန်အစင် လိုက်နာ၍ ကောင်းမှန်စွာ ကျင့်ကြံတော်မူကြပါသည်။ အနည်းငယ်မျှ အပြစ်ကလေးကိုပင် အလွန်ကြီးသော အပြစ်ဟု ယူဆလျက် ရှောင်ကြဉ်တော်မူကြပါသည်။

ရစ်မသည်၊ သို့မဟုတ် တိတိတူးဌက်မသည် မိမိ၏ အသက်ကို မငဲ့ဘဲ အဉကို စောင့်ထိန်းသကဲ့သို့လည်းကောင်း, စာမရီသားသည် မိမိ၏ မြီးဆံကို စောင့်ထိန်း သကဲ့သို့လည်းကောင်း, သားတစ်ယောက်သာ ရှိသော မိခင်သည် တစ်ဦး တည်းသော သားချစ်ကို စောင့်ထိန်းသကဲ့သို့လည်းကောင်း, မျက်စိတစ်ဖက်သာ ရှိသူသည် ကျန်တစ်ဖက်ကို စောင့်ထိန်းသကဲ့သို့ လည်းကောင်း, ထို့အတူ ဘုရားရှင် ပညတ်တော်မူထားသော သီလတော်များကို အစဉ် စောင့်ထိန်းသူ

အလှန်ချစ်ခင်သူ, အခါခပ်သိမ်း ရှိသေလိုက်နာသူများ ဖြစ်တော်မူကြပါသည်။ ဤ၌ "အရှင်သာရိပုတ္တရာ၏ ထုံးသာဓက"မှာ လွန်စွာ မှတ်သားကြည်ညိုသဒ္ဓါ ပွားဖွယ် ကောင်းလှပါသည်။

"တရံသောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် အရဟတ္တဖိုလ် ၀င်စားရ၍ အရှင်မောဂ္ဂလ္လာန် မထေရ်ကြီးနှင့်အတူ တောအုပ်တစ်ခုဌာန သီတင်းသုံးနေတော်မူ၏။ တစ်နေ့သောအခါ အရှင်သာရိပုတ္တရာမထေရ် ဖြတ်မှာ လေနာထ၍ ဆင်းရဲဒုက္ခရောက်နေရရှာ၏။

အရှင်မောဂ္ဂလ္လာန် မထေရ်ကြီးသည် ညနေချမ်း အချိန်တွင် အရှင် သာရိပုတ္တရာအား ပြုစုပေးရန် သတင်းမေး ရောက်လာရာ လျောင်းလျက် နေသော အရှင်သာရိပုတ္တရာမထေရ်ကို တွေ့ရ၏။

ရောဂါအခြေအနေကို မေးမြန်းပြီး "နောက်တုန်းက ဘယ်လို ဆေး၀ါးမျိုးဖြင့် ချမ်းသာရာ ရဖူးသလဲ ငါ့ရှင်...."ဟု ဆက်လက် မေးမြန်းသောအခါ–

အရှင်သာရိပုတ္တရာ-က "လူ့ဘ၀က မိခင်ဖြစ်သူ ချက်ကျွေးသော ထောပတ် ပျား သကာ ရောထားသည့် နို့ရည်သန့်သန့် ထမင်း (နို့ဆန)ဖြင့် ချမ်းသာရာ ရခဲ့ဖူးကြောင်း"ပြန်လည်ပြောပြလေသည်။

"ငါ့ရှင်....ဒီလိုဆို ကောင်းပြီ၊ အကယ်၍ ငါ့ရှင်အား လည်းကောင်း, ငါ့အား လည်းကောင်း ကံရှိခဲ့လို့ ရှိလျှင် နက်ဖြန်ပင် ရမျှားရနိုင်လေ မလား မသိဘူး"ဟု အရှင်မောဂ္ဂလ္လာန် မထေရ်ကြီးက အားပေးစကား ပြန်ကြားပြောဆို၏။

ထို မထေရ်နှစ်ပါး (အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်)တို့၏ အပြန်အလှန် ပြောနေကြသောစကားအစုကို အနီးရှိ သစ်ပင်စောင့်နတ် ကြား၍ "နက်ဖြန် အရှင်သာရိပုတ္တရာအတွက် နို့ရည်ဆွမ်း (နို့ဆန)ကို ရအောင် ငါလုပ်မည်"ဟု ကြံကာ မကြာခင်မှာပင် အရှင်သာရိပုတ္တရာ၏ ဆွမ်းဒါယကာအိမ်သို့ သွားပြီး သားကြီး ဖြစ်သူကို ပူးပင် နှိပ်စက်လေသည်။ 'နက်ဖြန် အရှင်သာရိပုတ္တရာအတွက် နို့ရည်ဆွမ်း (နို့ဆန) ချက်ခဲ့လို့ ရှိလျှင် လွှတ်ပေးမည်"ဟုလည်း ပြောသည်။

ဆွမ်းဒါယကာ ဆွေမျိုးများက "ငါတို့ဟာ သင် မခိုင်းသော်လဲ မထေရ်အတွက် ဆွမ်းဝတ် အမြဲပြုနေသူများ ဖြစ်ကြောင်း ပြောကြား၍ နောက်နေ့၌ နတ်ပြောသည့်အတိုင်း နို့ရည်ဆွမ်း (နို့ဃနာ)ကို စီမံကြသည်။

ဖရှင်မောဂ္ဂလ္လာန် မထေရ်ကြီးသည် နောက်နေ့ စောစော သွား၍ အရှင်သာရိပုတ္တရာအား "ငါ့ရှင်.... ဆွမ်းခံရာမှ ငါပြန်လာသည်အထိ ဤအရပ်၌သာ စောင့်နေပါ"ဟု ပြောဆို မှာကြားပြီး ရွာထဲသို့ ဆွမ်းခံဝင်တော်မူသည်။

အရှင်သာရိပုတ္တရာ၏ ဆွမ်းဒါယကာများလည်း ခရီးဦး ကြိုဆို၍ အရှင်မောဂ္ဂလ္လာန်၏ သပိတ်ကို ယူပြီး နို့ဃနာဆွမ်းများ ပြည့်အောင် ထည့်၍ ပေးလှူကြသည်။ မထေရ်ကြီးက ပြန်ကြွမည့် အခြေအနေကို ပြသောအခါ ဆွမ်းဒါယကာများက "အရှင်ဘုရား....ဘုဉ်းပေးတော်မူပါ၊ အခြား တပါးသော နို့ဃနာ ဆွမ်းကိုလည်း လှူလိုက်ပါမည်" ဟု လျှောက်ထား၍ မထေရ်မြတ်ကြီးသည် နို့ဃနာဆွမ်း ဘုဉ်းပေးသည်။ ထို့နောက် နို့ဃနာဆွမ်းများကို သပိတ်အပြည့် ထပ်မံပေးလှူလိုက်သည်။

အရှင်မောဂ္ဂလ္လာန် မထေရ်ကြီးသည် ပြန်ကြွ၍ "ငါ့ရှင် သာရိပုတ္တရာ .... ဘုဉ်းပေးပါ"ဟု ဖိတ်ကြား ဆက်ကပ်၏။ အရှင်သာရိပုတ္တရာ မထေရ်လည်း စိတ်တိုင်းကျ ချက်ပြုတ်ထားသော နို့ဃနာဆွမ်းများကို မြင်လေလျှင် ဘယ်အကြောင်းဖြင့် ဖြစ်သနည်းဟု ဆင်ခြင်ကြံဆတော်မူရာ ဤနို့ဃနာဆွမ်း ဖြစ်လာခြင်း၏ အကြောင်းရင်း ဇာစ်မြစ်ကို မြင်တော်မူပြီးလျှင် အရှင်မောဂ္ဂလ္လာန်အား "နို့ဃနာဆွမ်းသည် မသုံးဆောင်ထိုက်"ဟု မိန့်ကြားတော်မူ၏။

အရှင်မောဂ္ဂလ္လာန်လည်း "ငါလို မထေရ်တစ်ပါး ဆောင်ကြဉ်းလာသော ဆွမ်းကို မသုံးဆောင်ဘဲ ရှိရလေ"ဟု စိတ်ကွက်ခြင်းမျှပင် မဖြစ်ဘဲ တစ်ခွန်းတည်းသော စကားဖြင့်ပင် သပိတ်ကို မျက်နှာဝှေ့ကိုင်ပြီး သင့်တော်သော တစ်နေရာ၌ မှောက်သွန်ပစ်လိုက်လေသည်။ နို့ဃနာဆွမ်း မြေကြီးပေါ်မှာ တည်သည်နှင့် တပြိုင်နက် အရှင်သာရိပုတ္တရာမှာ လေနာပျောက်သွားလေသည်။ ထိုနေ့ ထိုအချိန်မှ စ၍ ၄၅-နှစ်ပတ်လုံး နောက်ထပ် လေနာ ပေါ်မလာတော့ပါ။

ထိုနောက် "ဝစီဝိညတ်ကို မှီပြီး ဖြစ်လာသော (ဝါ) နှုတ်မြွက်မိခြင်းကြောင့်ဖြစ်လာသော နို့ဃနာဆွမ်းကို စားမိသည်ဖြစ်အံ့-ငါ၏ အသက်မွေးခြင်းသည် ကဲ့ရဲ့အပ်သည်ဖြစ်ရာ၏။ ငါ၏အူခွေဃသည် ဆာလွန်းသည့်အတွက် အပြင်သို့ ထွက်၍ အသက်ကို စွန့်ရစေကာမူ သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းကို ငါမဖျက်ပေ" စသော ဥဒါန်းစကားများ ရဲရဲတောက်ကျူးရင့် မြွက်ကြားတော်မူခဲ့ပါသည် (ဝိသုဒ္ဓိ၊ ၁။ ၃၉-၄၀)။

ဤသို့လျှင် ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာသံဃာတော်အပေါင်းသည် အဆုံးအမတော်ကို လုံးဝလိုက်နာလျက် ကျင့်တော်မူကြ၏။ နောက်နောက် ဆရာအစဉ်အဆက်လည်း "ကိုးစွကစ်ခု ကြုံတွေ့လာတိုင်း အသက်ကိုသာ အသေခံပါ၊ သီလသိက္ခာကိုတော့ မပျက်ပါစေနှင့်" ဟု ဆုံးမတော်မူကြခဲ့မျှမက ထိုအတိုင်းပင် လိုက်နာကျင့်ကြံတော်မူခဲ့ကြပါသည်။

၂။ ဥဇုပွဋိပန္နဂုဏ်တော်

ဥဇုပွဋိပန္နော = (ဥဇု+ပဋိပန္နော။ ဥဇု = ဖြောင့်မတ်စွာ + ပဋိပန္နော = ကျင့်တော်မူသော သံဃာတော်။ "ဥဇုပွဋိပန္နော" ကို "ဥဇုပ်ပဋိပန်နော" ဟု အသံထွက် ဖတ်ပါ။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော်အပေါင်းသည် လမ်းလဲလမ်းမှား လိုက်ခြင်းမရှိဘဲ လမ်းဖြောင့်လမ်းမှန်အတိုင်း ဖြောင့်မှန်စွာ ကျင့်တော်မူကြ၏။ စဉ်းလဲ ကောက်ကျစ် လှည့်ဖြားခြင်းများ မရှိဘဲ ရိုးသားဖြောင့်မတ်စွာလည်း ကျင့်တော်မူကြ၏။ ထို့ကြောင့် "ဥဇုပွဋိပန္နော" ဟူသော ဂုဏ်ထောင်နှင့် ပြည့်စုံတော်မူပါသည်။

လမ်းဖြောင့်လမ်းမှန်အတိုင်း ကျင့်တော်မူခြင်း

ဒုက္ခငြိမ်းရန် ရည်သန်၍ ကျင့်ကြသော အကျင့်များတွင်—

(၁) ကာမဂုဏ်ချမ်းသာကို ခံစားသော "ရယူရေး" အကျင့် (ကာမသုခလ္လိကာနုယောဂ)၊

(၂) မိမိကိုယ်ကို ပင်ပန်းအောင် ကျင့်သော "စွန့်လွှတ်ရေး" အကျင့် (အတ္တကိလမထာနုယောဂ)-

ဟု နှစ်မျိုးရှိ၏။

ထိုတွင် ပထမ အကျင့်ကို လျော့လွန်းသော အကျင့်ဟုလည်းကောင်း ဒုတိယ အကျင့်ကို တင်းလွန်းသော အကျင့်ဟုလည်းကောင်း ဆိုရ၏။ ယင်းသို့ လျော့လွန်း တင်းလွန်း တစ်ဖက်စွန်းသို့ ရောက်သော အကျင့်မျိုး ဖြစ်သော ကြောင့် ထို့အကျင့်မျိုးသည် အလိုရိုးမပ်သော ဒုက္ခငြိမ်းချမ်းရေးသို့ မရောက် နိုင်ဘဲ ဒုက္ခဖြစ်ကြောင်း ပွဲားကြောင်းသာ ဖြစ်ကြရ၏။ ထို့ကြောင့် ထိုအကျင့် စခန်း ထိုအကျင့်လမ်းမျိုးသည် ဒုက္ခငြိမ်းရေးအတွက် လမ်းဖြောင့်လမ်းမှန်မျိုး မဟုတ်၊ လမ်းကောက် လမ်းလဲ့ လမ်းမှားမျိုးသာ ဖြစ်ကြပါသည်။

"မဇ္ဈိမပဋိပဒါ" ခေါ် မဂ္ဂင်ရှစ်ပါး တရားလမ်းတော်ကြီးကား မလွေ့ မတင်း အလယ်အလတ်ကျသော အကျင့် ဖြစ်၏။ သန္တိသုခ=နိဗ္ဗာနဓာတ် ချမ်းသာမြတ်ကို ရရှန် ရောက်ရန် ဤ "မဇ္ဈိမပဋိပဒါ" ခေါ် မဂ္ဂင်လမ်းမှ လွဲ၍ တခြားလမ်း တစ်မျိုးမရှိ၊ တဖြောင့်တည်း တကြောင်းတည်းသော လမ်းကောင်း အကျော် လမ်းမှန်တော် ဖြစ်၏။ အားလုံးသော ဘုရားအဆူဆူနှင့် ပစ္စေကဗုဒ္ဓါ အရိယာပုဂ္ဂိုလ် မှန်သမျှတို့သည် ဤလမ်းကောင်း လမ်းမှန်ဖြင့်သာ သံသရာ တစ်ဖက်ကမ်းရောက် ထွက်ရပ်ပေါက်တော်မူခဲ့ကြပါသည်။

ဤအချက်ဖြင့် တကယ့် ဒုက္ခ ငြိမ်းချမ်းရေး, သန့်ရှင်း စင်ကြယ်ရေးကို ဤမဂ္ဂင်လမ်းမှ လွဲ၍ တခြား ရောက်နိုင် ရနိုင်သောလမ်း မရှိကြောင်း သိနိုင် ပါသည်။ ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော် အပေါင်းသည် အထက်ဂဖာ်ပြပါ လမ်းကောက် လမ်းမှားမျိုးသို့ မလိုက်ဘဲ "မဇ္ဈိမပဋိပဒါ" ခေါ် မဂ္ဂင်ရှစ်ပါး တရားလမ်းတော်ဖြင့် ဖြောင့်မှန်စွာ လိုက်ကြ ကျင့်ကြသောကြောင့် တရားထူး တရားမှန်များ ရကာ သန့်ရှင်း စင်ကြယ် အမှန်တကယ် ဖြောင့်မှန်သူ "အရိယာ" ပုဂ္ဂိုလ် အဖြစ်သို့ ရောက်တော်မူခဲ့ကြ ပါသည်။

ရှိုးသားဖြောင့်မတ်စွာ ကျင့်တော်မူခြင်း

မိမိမှာ အပြစ်ရှိပါလျက် အပြစ်မရှိသူထင်အောင် ဖုံးကွယ်မှုကို "မာယာ" ဟု ခေါ် ၏။ လှည့်ပတ်ခြင်းဟု အဓိပ္ပါယ်ရ၏။ ဥပမာ– ယောကျ်ား မသိအောင် အပြစ်ကျူးလွန်မိသော မိန်းမသည် ထိုအပြစ်ကို ဖုံးကွယ်ရန် မာယာဖြင့် လှည့်ပတ်သကဲ့သို့တည်း။

မိမိမှာ ဥစ္စာဂုဏ် မရှိဘဲ ရှိဟန်ဆောင်မှု, သီလဂုဏ် မရှိဘဲ ရှိဟန်ဆောင်မှု စသည်ကို "သာဒ္ဒေယျ" ဟု ခေါ် ၏။ စဉ်းလဲခြင်းဟု အဓိပ္ပါယ်ရ၏။ ဥပမာ– လူမရှိသောအခါ တော်သလို နေ၍ လူလာသောအခါ ဟန်လုပ်နေသူ စာမတတ်

ဘဲနှင့် တတ်ဟန်ဆောင်သူ, အကျင့် မကောင်းဘဲနှင့် ကောင်းဟန်ဆောင်သူ, ထွက်ရပ်ပေါက် မဟုတ်ဘဲ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟန်ဆောင်သူ, တရားထူး မရဘဲ ဟရားထူး ရဟန်ဆောင်သူ စသည်တို့ကဲ့သို့တည်း။

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော် အပေါင်းသည် သူတပါးတို့ အထင်ကြီးအောင် ပစ္စည်းလာဘ်နှင့် ဒါယကာ ဒါယိကာမ ပေါမျှားအောင် ဟန်ဆောင်လှည့်ပတ်မှု ပရိယာယ် မာယာတို့ဖြင့် ပုဖုထစ်ထစ် စဉ်းလဲကောက်ကျစ်ခြင်းမရှိဘဲ နှုမ့ဖာန်လမ်းနှင့် ဖြောင့်တန်းအောင် ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူကြပါသည်။ ယင်းသို့ ဖြောင့်မတ်စွာ လှည့်ပတ် ဖုံးကွယ်ခြင်း, ကောက်ကျစ်စဉ်းလဲခြင်းမရှိ ကျင့်တော်မူခဲ့ကြရာ အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်သောအခါ၌ကား အထူးဆိုဖွယ်ရာ မရှိ၊ အလွန် ရိုးသားဖြောင့်မတ်၍ အပြစ်ရှိ၍ကာ ကွယ်ဝှက်ထားခြင်း အလျှင်း မရှိဘဲ ဖော်ပြတတ်ကြပါသည်။

"ပက်လက် အိပ်တတ်ကာမျှ အရှယ်နုနယ် ကလေးငယ်သည် လက်ဖြင့် ဖြစ်စေ, ခြေဖြင့် ဖြစ်စေ မီးကျီးခဲကို ထိမိသျှင် လျင်မြန်စွာ ရုပ်သိမ်းတတ်သကဲ့သို့ ထို့အတူ ကုစား ထမြောက်နိုင်သော အာပတ် (အပြစ်)တစ်ခုခု သင့်ရောက်ပြီဆိုလျှင် ထိုအာပတ်(အပြစ်)ကို ဘုရားထံ ဖြစ်စေ, သိကြားလိမ္မာသော သီးတင်းသုံးဖော်များထံဖြစ်စေ ထင်ရှားဖော်ပြ ပြောကြားခြင်းမှာ မင်္ဂလာနှင့် ပြည့်စုံသော အရိယာ ပုဂ္ဂိုလ်၏ ဓမ္မတာ (=ပင်ကိုသဘာဝ)ပင် ဖြစ်၏" ဟု–

အရိယာပုဂ္ဂိုလ် သောတာပန်၏ ဂုဏ်ပုဒ်ကို ဘုရားရှင် ကိုယ်တိုင် ထုတ်ဖော် ဟောမိန့်ခဲ့ပါသည် (မူလပဏ္ဏာသ။ ၃၉၈)။

မရိုးမသား ကျင့်သုံးများအကြောင်း

တရားတော်ကို တကယ် လိုလားသော အရိယာ အရှင်တို့မှာ သူတပါး အထင်ကြီးအောင် ပစ္စည်းလာဘ်လာဘ ဒါယကာ ဒါယိကာမ ပေါများအောင် သီလမရှိဘဲ ရှိယောင်ဆောင်မှု, စာမတတ်ဘဲ စာတတ်ဟန်ဆောင်မှု, အကျင့် မကောင်းဘဲ အကျင့်ကောင်းဟန်ဆောင်မှု စသော လှည့်စားမှု အမျိုးမျိုး ပြုလုပ်လေ့ မရှိသော်လည်း ပစ္စည်းကို တွယ်ဘာသူ တရားကို မလေးစား မလိုလား သူများ၌ ထိုကဲ့သို့ မရိုးမသား လှည့်စားမှု လှည့်ပတ်မှု အမျိုးမျိုး ပြုလုပ်လေ့ရှိတတ်ကြပါသည်။

ယခုအခါ မရိုးမသား ကျင့်သုံးမျှားနှင့် ဝမ်းရေးအတွက် သာသနာတော်ကို ပျက်ဆီးတတ်သူမျှား ပေါများစွာ ရှိနေတတ်ကြသဖြင့် စဉ်းစားဆင်ခြင်၍ ရှောင်ရှားနိုင်ကြရန်နှင့် ကိုးကွယ်မှုအသိဉာဏ် ရင့်ကျက်ခိုင်မာမှု ရရှိနိုင်ကြစေရန် ကျမ်းဂန်လာ လှည့်စားပုံသာဓကမျှားကို ထုတ်ဖော် တင်ပြထားပါသည်—

အိုးစရည်းရဟန္တာ

ဘုန်းကြီးတစ်ပါးသည် မိမိအပေါ်၌ လူအမျှား အထင်ကြီးစေလို သောကြောင့် သူနေထူ ကျောင်းခန်းအတွင်းမှာ လူမမြင်နိုင်အောင် အိုးစရည်းကြီး(အိုးအကြီးကြီး)ကို မြုပ်ထားလေ၏။ အပြင်က ဒါယကာ ဒါယိကာမမျှား လာသံကြားလျှင် ထိုအိုးကြီးအတွင်း၌ ဝင်နေ၏။

လူမျှားက– "ဘုန်းကြီး ဘယ်မှာလဲ"ဟု မေးလျှင် တပည့်မျှားက "ကျောင်းခန်းတွင်းမှာ"ဟု ပြော၍ အခန်းတွင်းသို့ ဝင်ကြည့်သော အခါ မတွေ့ရသောကြောင့် "မရှိဘူး၊ ဘယ်ကွဲသလဲ"ဟု မေးမြန်း ပြန်လျှင် "ယခုတင်ဘဲ အခန်းထဲမှာ ရှိပါသေးတယ်"ဟု ပြောသဖြင့် ထပ်၍ ကြည့်ကြပြန်ရာ ညောင်စောင်း (ကုလားထိုင်)ပေါ်မှာ ထိုင်နေ သည်ကို တွေ့ကြရ၍ "ဘယ်ကွဲနေသလဲဘုရား"ဟု လျှောက်ထားလျှင် "ရဟန်းဆိုတာ သည်လိုပဲ၊ အလိုရှိရာ ကွဲနိုင်ကြတယ်"ဟု စျာန်အဘိညာဉ် ရသည့် လေသံဖြင့် ပြောပြလေသော် အားလုံးကပင် "ရဟန္တာ"ဟု အထင်ကြီးကြလေသတတ် (အဘိ၊ဋ္ဌ၊ ၂။၎၅၈)။

ညောင်မြစ်ရဟန္တာ

ရှေးက အုံဖွယ်သရဲထူးကဲဟန်ဆောင်လိုသော ဘုန်းကြီးတစ်ပါးသည် ရွာနှင့် မနီးမဝေး သစ်ရွက်မိုးကျောင်း၌ နေသတတ်။ ကျောင်း၏ နောက်ဘက်၌ နက်စောက်သော ချောက်ကမ်းပါးကြီးရှိရာ ထိုချောက် နှုတ်ခမ်း၌ အမြစ် ရှည်သော ညောင်ကြပ်ပင်ကြီး တစ်ပင်လည်း ရှိလေသည်။ ထိုညောင်မြစ်ကြီးသည် ချောက်ကမ်းပါး နံရံအတိုင်း အောက်သို့ဆင်း၍ ချောက်ကမ်းပါး၏ အောက်ခြေသို့ ထောက်တည်၍ နေ၏။

ဒါယကာ ဒါယိကာမမျှား ကျောင်းသို့ လာ၍ ဆွမ်းစားပင့်လျှင် "ကဲ ကောင်းပြီ၊ သွားနှင့်ကြ"ဟု ဆိုကာ မိမိမှာမူ နောက်မှ သွားလေ့ရှိသည်။ ဒါယကာမျှားမှာ ချောက်ကြီးကို ကွေ့ပတ်၍ လမ်းရှိုးလမ်းရှည်က သွားကြရသဖြင့် ကြာမြင့်နေရာ ဘုန်းတော်ကြီးမှာ

ချောက်ကမ်းပါး နံရံရှိ ညောင်မြစ်ကြီးကို ကိုင်၍ ဆင်းကာ ဖြတ်လမ်းမှ သွားသဖြင့် ရွာပေါက်သို့ ဆယ်ငါးရောက်နေနှင့်၏။ ဒါယကာမဗျဒးက အံ့ဩကာ-

"အရှင်ဘုရား....ဘယ်လမ်းက ကြွလာတော်မူပါသလဲ" ဟုမေးကြလျှင် "ဟာ မသိချင်ကြပါနှင့်၊ ရဟန်းတို့ သွားတဲ့လမ်းကို မမေးကောင်းဘူး၊ ဒီလိုပဲ ရဟန်းဆိုတာ အလို ရှိရာ လမ်းက ကြွတတ်ကြတာပဲ" ပြုံးမိန့်တော်မူလိုက်၏။

နောက်လူတစ်ယောက်က မယုံသင်္ကာ ရှိ၍ စုံစမ်းရာ အကြောင်းစုံတွေ့မြင်ရသဖြင့် အဆိုပါ ညောင်မြစ်ကြီးကို ဖြတ်၍ မသိလိုက်ဘာသာ နဂိုနေမြဲအတိုင်း ထားလိုက်သည်။ ဘုန်းကြီးလည်း တစ်နေ့တွင် ထုံးစံအတိုင်း တန်ခိုးပြရန် ညောင်မြစ်ကြီးပေါ်သို့ တက်လေရာ ဗိုင်းကန် ခချောက်ကြီးထဲသို့ လိမ့်ကျသွားလေ၏။ မြေသပိတ်လည်း ကွဲသွားသည်။

ထိုနေ့မှ စ၍ "အင်း ငါ့အကြောင်း ဒါယကာတွေ သိသွားပြီ"ဟု ဆိုကာ ကျောင်းကလေးမှ ထွက်ပြေးသွားလေတော့သတည်း (အဘိ၊ ဋ္ဌ၊ ၂။၄၅၈)။

"ဥဇုပ္ပဋိပန္နော"ဂုဏ်စတာ်ကို အာရုံပြုကာ ရိုးရိုးကျင့်သုံးဖြစ်ပါစေ

ယခုခေတ်တွင် အတော်အဘန် ပညာရှိပါလျက် "ကြောင်သူတော်"ကဲ့သို့ အတွင်းစိတ်ထား မရိုးသား မဖြောင့်မတ်သူတွေ လွန်စွာပေါများလှ၏။ ပညာ၏ လူတော်ဖြစ်၍ မရိုးသား မဖြောင့်မတ်သူတို့ကား သာမန် မရိုးသားမဖြောင့်မတ်သူများထက်ပင် အစွမ်းထက်၍ ကြောက်မက်ဖွယ် ကောင်းလှ၏။

သို့ရာတွင် မဆင်ခြင် မစဉ်းစား အားထားယုံကြည်လွယ်၍ ကိုးကွယ်မှုပညာ နည်းပါးရှာကြသော မိန်းမယောကျ်ား လူများစုတို့သည် ဆေးဝါးမန္တရား စွမ်းသလို့ သိဒ္ဓိပေါက်သလို့ ထွက်ရပ် ပေါက်သလို့ စာတတ်သလို့ အကျင့်ကောင်းသလို့ပညာ ရှိသလို့ တရားထူး ရသလို နည်းအမျိုးမျိုးဖြင့် ဟန်ဆောင်ညာဝါး လှည့်စားနေသူများကို "မျက်စိကန်း တာစ္ဆေမကြောက်"ဖြင်ကာ မှုံရဲဆည်းကပ်လျက် ကိုးကွယ်နေတတ်ကြပါသည်။

သို့ဖြစ်၍ အရိယာ သံဃာတော်များ၏ "ဥဇုပဋိပန္နော" ဂုဏ်တော်ကို အာရုံပြုကြည်ညိုကာ မိမိတို့ကိုယ်တိုင် ရိုးသား ဖြောင့်မတ်စွာ ကျင့်သူ ဖြစ်အောင်နှင့် မရိုးသား မဖြောင့်မတ်သူ မှန်လျင် ရဟန်းရှင်လူ မည်သူမဆို ထိုသူတို့အား စွမ်းနိုင်သမျှ ဝေးစွာ ရှောင်ရှားနိုင်ကြအောင် သတိဆောင်သင့်ကြပါသည်။

၃။ ဉာယပဋိပန္နဂုဏ်တော်

ဉာယပဋိပန္နော = (ဉာယ+ပဋိပန္နော။ ဉာယ=နိဗ္ဗာန်အလို၌+ပဋိပန္နော= ကျင့်တော်မူသော သံဃာတော်။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော် အပေါင်းသည် ရိုးရိုးလော့ဉ်သော မီးထက် ကြီးကျယ် ပူပြင်းလှသော သံသရာဝဋ်ကြီး ဒုက္ခမီးများကို သိမြင်တော်မူသောကြောင့် ကိုယ်မှာ ဝတ်ထားသော အဝတ်နှင့် ဆံပင်များကို မီးအလောင် ခံရစေကာမူ တစ်ဘဝသာ အပူခံရမည့် ထိုမီးကို မငြိမ်းအား၏ ဘဝပေါင်း များစွာ သံသရာ တစ်လျှောက်လုံး လောင်ကျွမ်း ခံရမည့် သံသရာဝဋ်ကြီး ဒုက္ခမီးတို့၏ အပြီးသတ် ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာ ရရေးကို ဦးစားပေး အလေးထား ကျင့်တော်မူကြပါသည်။ ထို့ကြောင့် "ဉာယပဋိပန္နော" ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

[မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် ထိုးထွင်း၍ သိမြင်အပ်သောကြောင့် နိဗ္ဗာန်ကို "ဉာယ" ဟူ၍ ခေါ်၏။]

နိဗ္ဗာန်ရရေးကို ဦးစားပေးကျင့်တော်မူခြင်း

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော် အပေါင်းသည် လောက ကောင်းစား ချမ်းသာရေးအတွက် ဘာတစ်ခုမျှ လိုလားတော် မမူကြပါ။ အကြောင်းမှာ– လောကုတ္တရာ နိဗ္ဗာန်ကို မျက်မြင်ပြတ်လျက် လောက ကောင်းစားရေးကိုသာ ရှေးရှုလိုလားလျက် ရှိသူများမှာ လာဘ်လာဘ အကျော်အစောကို ခံယူလိုတတ်ကြ၏။ မအပ်မရာ ရှာဖွေကြ၊ တရား, မတရား နည်းမျိုးစုံဖြင့် မရ အရ ပြုလုပ်တတ်ကြ၏။ သီလ, သမာဓိ, ပညာ တရားများကို အရေးထားရမှန်း မသိ၊ သိက္ခာသုံးပါးကို မလိုလား။ စိတ်အားတွေ့လျော့ ပေါ့ဆဆဖြစ်ကာ အပြစ်တွေ့ ဗရပွေဖြင့် ညစ်ပေနေတတ်၏။ ထို့ကြောင့် လောက ကောင်းစားရေးကို ဦးစားပေး ကျင့်တော် မမူကြခြင်း ဖြစ်၏။

နိဗ္ဗာန် ရရေးကိုကား လေးလေးစားစား မနေမနား ကျင့်တော်မူကြသည်။ နိဗ္ဗာန် ရရေးမှ လွဲ၍ တခြားဘာကိုမျှ မလိုလား မတောင့်တကြ။ နိဗ္ဗာန်အတွက် မိမိ ချမ်းသာရေး မှန်သမျှ အကုန် စွန့်လွှတ်နိုင်ကြ၏။ ဆင်းရဲမှုန်သမျှ ခံနိုင်ရည် ရှိကြ၏။ သိက္ခာ သုံးရပ် ကြားမလပ်အောင် မပြတ်မစဲ စွဲမြဲစွာ ကြိုးစားလျက် ရှိသဖြင့် အရှင်မြတ်တို့၏ စိတ်အစဉ်ဝယ် အပြစ် မရှိ, အစွန်းအညစ် မထင် အလွန်ပင် သန့်ရှင်း စင်ကြယ်လျက် ရှိ၏။

ထို့ကြောင့် အပြစ်ကင်း၍ အလွန်သန့်ရှင်းစင်ကြယ်သော အကျင့်ဖြင့်သာ ရနိုင်ထောက်နိုင်သော နိဗ္ဗာန်ကို မိမိတို့လိုလားသည့်အတိုင်း မျက်မှောက်ပြုကာ ဖြူစင်သူအရိယာအဖြစ်သို့ ရောက်ကြရသည်။ နတ်လူတို့၏ ချီးမွမ်းမြတ်နိုးဖွယ်ရာ "သံဃရတနာ" တစ်ဆူ ဖြစ်တော်မူကြရသည်။

နိဗ္ဗာန်ရလိုရေးကြောင့် မီးဘေးကို မရှောင် အလောင်ခံတော်မူခဲ့သော
ရဟန်းတော်တစ်ပါး

တကိုယ်လုံး မီးလောင် ခံရသည့်ကိုပင် လျစ်လျူရှု၍ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူခဲ့သော "ဉာယပ္ပဋိပန္နော" ဂုဏ်တော်ရှင် ရဟန်းဘော် တစ်ပါး၏ ထုံးသာမကကို ကြည်ညိုသဒ္ဓါပွားနိုင်ကြရန် တင်ပြအပ်ပါသည်—

ရဟန်းတော်တစ်ပါး သစ်ပင် ခုတ်ချိုင်ရာ၌ ဘုမ္မစိုးနက်သမီး၏ ကလေးနတ်ငယ်ကို ခုတ်ဖြတ်မိသောကြောင့် နတ်သမီးက ဘုရားထံ လျှောက်ထားသဖြင့် "ယနေ့မှစ၍ သာသနာတော်ထမ်း ရဟန်းမှန်လျှင် သစ်ပင်ကို မခုတ်ရ" ဟု ပညတ်တော်မူသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ရဟန်းကော်တစ်ပါးကို ခိုးသူမျှားက နွယ်ပင်ကလေးဖြင့် တုပ်နှောင်၍ တောထဲ၌ ထားခဲ့စဉ် တောမီးလောင်လာသော် နွယ်ပင်ကို ဖြတ်မည်ဆိုလျှင် ဖြတ်နိုင်လောက်သော်လည်း နွယ်ပင်ကို ဖြတ်လျှင် ဘုရားရှင်၏ ဝိနည်းဥပဒေပညတ်ချက်အရ ပါစိတ်အာပတ် (အပြစ်)သင့်၏။ အာပတ်သင့်လျှင် တရားရကော့မည်မဟုတ်။

ထို့ကြောင့် ဘုရားရှင်၏ ဝိနည်းဥပဒေပညတ်တော်ကို စောင့်စည်းလျက် (နွယ်ပင်ကို ဖြတ်ကောက်ခြင်း မပြုဘဲ တောမီး လောင်လိုက လောင်စေတော့ဟု) တရားကိုသာ နှလုံးသွင်းနေခဲ့ရာ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ရဟန္တာဖြစ်ပြီးနောက် မကြာမီ တောမီးလောင်၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည် (ဝိသုဒ္ဓိ၊ ၁။ ၃၄-၅)။

"ဉာဃပ္ပဋိပန္နော" ဂုဏ်တော်ကို အာရုံပြုကာ နိဗ္ဗာန်ကို သိမြင်နိုင်အောင် ကြိုးစားပါ

လောကဌ် "အသက်တစ်ရာ မနေရသော်လဲ အမှုတစ်ရာ တွေ့နိုင်သည့်၊ လူတစ်ခု ပူမှုဆယ်ကုဋေ ရှိသည်"ဟု ဆိုရိုးရှိသည့်အတိုင်း ဒုက္ခအပူမီးများ အချိန်မရွေး ကြုံလာတတ်၏။ မလွဲသာ မရှောင်သာ ဒုက္ခအပူမီးများ ကြုံလာခဲ့သော် အဆိုပါ "ဒုက္ခအပူမီးများမှ သက်သာရာ ရစေတော့"ဟု ကြဲ၍ မကောင်းမှုမှန်သမျှ မပြုမိအောင် သတိပြုရှောင်ကြဉ်သင့်ပါသည်။

ယင်းသို့ ရှောင်ကြဉ်ကြပြီးနောက် "နိဗ္ဗာန်ဌကား– ဤဒုက္ခအပူမီးများ၏ တည်ရာရုပ်နာမ်ခန္ဓာမရှိ၊ ဤရုပ်နာမ်ခန္ဓာ ရှိနေလို့သာ ဤရုပ်နာမ်ခန္ဓာကို မှီ၍ သားတွေ့ သမီးတွေ့ ဆွေတွေ့ မျိုးတွေ့ ရှိရသည်။ ယင်းသို့ ရှိသောကြောင့်လည်း သားဒုက္ခ, သမီးဒုက္ခ, ဆွေဒုက္ခ, မျိုးဒုက္ခ အပူမီးများကို တွေ့ရသည်။ ထိုရုပ်ထိုနာမ် ထိုခန္ဓာ မရှိသော နိဗ္ဗာန်သည် ကောန် အေးမြပေလိမ့်မည်"ဟု ဒုက္ခဆင်းရဲအမျိုးမျိုးနှင့် တွေ့ကြုံဆုံရသည့်အခါတိုင်း "ဆင်းရဲလေလေ သံဝေရရ" စိတ်ထားလျက် အရိယာ သံဃာတော်များ၏ "ဉာဃပ္ပဋိပန္နော" ဂုဏ်တော်ကို အာရုံပြုကြည်ညိုကာ သူလည်း မပါ ငါလည်း မရှိ သန္တိသုခ လွန်စွာအေးမြလှသည့် နိဗ္ဗာန်ကို ကောန်အမှန် သိမြင်နိုင်အောင် ကြိုးစားသင့်ကြသည်။

၇။ သာမိစိပ္ပဋိပန္နဂုဏ်တော်

သာမိစိပ္ပဋိပန္နော=(သာမိစိ+ပဋိပန္နော။ သာမိစိ=ရှိသေမှုနှင့်+ပဋိပန္နော=(လျော်အောင်) ကျင့်တော်မူသော သံဃာတော်။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူသော အရိယာ သံဃာတော်အပေါင်းသည် လူတို့၏ ရိုသေလေးစားမှုနှင့် ထိုက်တန်အောင် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်တော်မူကြသောကြောင့် "သာမိစိပ္ပဋိပန္နော" ဂုဏ်တော်နှင့် ပြည့်စုံတော်မူကြပါသည်။

ရိုသေလေးစားမှုနှင့် ထိုက်တန်အောင် ကျင့်တော်မူသော "အယျမိတ္တမထေရ်"အကြောင်း

လူ ဒါယကာ ဒါယိကာမတို့သည် မိမိတို့ မဝတ်ရက် မစားရက် မသုံးဆောင်ရက်သော အဝတ်အထည် အစားအသောက် ကျောင်း အိပ်ရာ နေရာများကို အရိယာ ဖြစ်ပြီးသော (အရိယာ ဖြစ်အောင် အားထုတ်နေသော) သံဃာတော်များအား မြတ်မြတ်နိုးနိုး ရက်ရက်ရောရော လှူ၊ ဒါန်းကြ၏။ သံဃာတော်

များကလည်း ရှိသေသမျှပြုအပ်သော လှူဒါန်းမှုများနှင့် ထိုက်တန်လျော်ကန်အောင် ကျင့်ကြံအားထုတ်တော်မူပါသည်။ ဤနေရာ၌ စံထား၍ သာဓကပြုရလောက်အောင် ရှိသေလေးစားမှုနှင့် ထိုက်တန်စွာ ကျင့်တော်မူခဲ့သော "မဟာမိတ္တ"ခေါ် "အယျမိတ္တမထေရ်" အကြောင်းကို ထုတ်ဖော်တင်ပြထားပါသည်—

သီဟိုဠ်သာသနာထွန်းကားစဉ် ရှေးအခါက "ကဿက"ခေါ်သော လိုဏ်ဂူ၌ သီတင်းသုံးနေသော "အယျမိတ္တမထေရ်"ကို ထိုလိုဏ်ဂူကျောင်းနှင့် မလှမ်းမကမ်းရှိ ဆွမ်းခံရွာမှ သူဆင်းရဲ သားအမိက မထေရ်မြတ်အား သားအရင်းတမျှ အမှတ်ထား၍ လေးစားပြုစုနေ၏။

တနေ့သ၌ လုပ်ပန်းဆောင်တာအတွက် နံနက်စောစော တောသို့ သွားခါနီးဝယ်–

"ချစ်သမီး....မည်သည့် နေရာ၌ နှစ်ချို့ ဆန်ကလေးနှင့် နွားနို့, ထောပတ် တင်လဲများရှိရစ်တယ်၊ သမီး မောင်တော် ကြွလာတဲ့အခါ ဆွမ်းချက်၍ ကပ်ပြီးလျှင် သမီးလဲ စားရစ်နော်"ဟု သမီးကို ပြောဆို မှာထား၏။

"မေမေကော ဘာစားမလဲ"ဟု သမီးက မေးရာ "မေမေတော့ ပုံးရည်ဟင်းနှင့် ညက ကျန်တဲ့ ထမင်းကြမ်းကို စားပြီးပြီ"ဟု ပြော၏။ "နွေလယ်စာကော ဘာစားမလဲ မေမေ"ဟု ထပ်၍ မေးလျှင် "နွေလယ်စာတော့ သမီးရယ် ဟင်းရွက်ကလေး ရောပြီး ဆန်ကဲ့ကို ယားဂု ကြိုထားလိုက်တာပေါ့"ဟု ပြောဆို မှာထား၍ တောသို့ ထွက်သွားရှာလေသည်။

ထိုသားအမိ နှစ်ယောက်တို့၏ ပြောဆိုသံကို "အယျမိတ္တမထေရ်" ဆွမ်းခံအလှည့်တွင် ရှာအနီးမှ ကြား၍ မိမိကို မိမိ ပြန်၍ ဆုံးမသည်မှာ "နားထောင်စမ်း အယျမိတ္တ....ဒါယိကာမကြီးမှာ မိမိအတွက် ပုံးရည်ဟင်း ထမင်းကြမ်းနှင့် ဟင်းရွက်တဲ့သည့် ဆန်ကဲ့ယာဂုကို စားသောက်လျက် သင့်အတွက်ကျတော့ နှစ်ချို့ဆန်ကောင်းနှင့် နွားနို့, ထောပတ်, တင်လဲကို ကပ်ဖို့ရန် မှာနေရှာသည်၊ သင့်၏ အပေါ်၌ ဝတ်စားတန်ဆာနှင့် လယ်ယာမိုးမြေ ပစ္စည်းတွေကို မျှော်၍ ယခုလောက် ဂရုစိုက်နေသည် မဟုတ်၊ လူ နတ် နိဗ္ဗာန် ချမ်းသာကို မှန်း၍သာ ဂရုစိုက်ခြင်း ဖြစ်သည်၊ သူရည်ရွယ်တဲ့ ချမ်းသာကို သင် ပေးနိုင်ပါ့

မလား၊ ကိလေသာ အာသဝေါ မကုန်သမျှ ဒါယိကာမကြီးရဲ့ ဆွမ်းကို သင် မစားထိုက်”ဟု ဆုံးမပြီးလျှင် ဆွမ်းခံ မဝင်ဘဲ ပြန်၍ တရားကို အားထုတ်လေရာ ပင်ကိုက စင်ကြယ်သော သီလနှင့် အားထုတ်၍ အာသားကျနေသော ကမ္မဋ္ဌာန်းဘာဝနာ အစွမ်းကြောင့် သိပ်ကြာကြာ အားမထုတ်ရဘဲ ချက်ချင်းပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ထို့နောက် ဆွမ်းခံဖို့ အခွင့် ရှိသေး၍ ဆွမ်းခံ ဝင်လေသော် စောင့်မျှော်နေသော နှမကော်က ဆွမ်းလောင်း အပြီးတွင် အထူး ကြည်လင်သော မျက်နှာကို မြင်လိုက်ရ၍ မိခင် ပြန်လာသော အခါ “မေမေ....ဒီနေ့ မောင်တော်ရဲ့ မျက်နှာ ခါတိုင်းနဲ့ မတူဘဲ လွန်စွာ ကြည်လင်နေပါတယ်”ဟု ပြောပြလေရာ “ယနေ့ ငါ့သားတော်ကြီးမှာ ရဟန်းကိစ္စ ပြီးစီးလေပြီ”ဟု ပြောဆိုကာ ဝမ်းမြောက်မဆုံး ဖြစ်ရှာသည် (ဒီ၊ဋ္ဌ၊၂။၃၇၉။ မ၊ဋ္ဌ၊၁။၂၉၈)။

ဘာဝနာပုဗ္ဗင်္ဂမ ဆွမ်းကို အကျိုးရှိအောင် စားခြင်း

မေတ္တာဘာဝနာ ပုဗ္ဗင်္ဂမခြင်းကို “အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ—ပြည်သူတို့၏ ဆွမ်းကို အချည်းနှီးမဖြစ်အောင် သုံးဆောင်သည် မည်၏”ဟု ဟောတော်မူ၏။

ထို့အတူ ဈာနဘာဝနာ, သတိပဋ္ဌာန်ဘာဝနာ စသော ဘာဝနာများကို ပုဗ္ဗင်္ဂမသော အရှင်များသည် ပြည်သူတို့၏ ဆွမ်းကို အချည်းနှီးမဖြစ်စေဘဲ အကျိုးရှိအောင် သုံးဆောင်သည် မည်ကြောင်းကိုလည်း အင်္ဂုတ္တိရ်ပါဠိတော် (အံ၊၁။၄၁)၌ ဟောတော်မူခဲ့၏။ ဤအချက်ဖြင့် ဘာဝနာ ပုဗ္ဗင်္ဂမမှုမျှမှာ ပြည်သူတို့၏ ဆွမ်းအကျိုးကြီးဖို့ ပုဂ္ဂိုလ်၏ အရည်အသွေးကို မြင့်၍ ဂုဏ်တင် ပေးသည်ဟု သိနိုင်၏။ ဘာဝနာပုဗ္ဗင်္ဂမမှု မပါဘဲ သီလသက်သက်မျှဖြင့် ဆွမ်းအကျိုးကို အလွန်ကြီး ကြီးအောင် မရတတ်သေးဟု ဆိုလို၏။ သီလမျှပင် မရှိလျှင်မူကား ပြည်သူတို့၏ ဆွမ်းကို ဖြုန်းနေသူသာဟု တဆင့်တိုး၍ သိနိုင်ကြပါသည်။

ထို့ကြောင့် မေတ္တာဘာဝနာ, ဈာနဘာဝနာ, သတိပဋ္ဌာန်ဘာဝနာ စသော ဘာဝနာများကို ပုဗ္ဗင်္ဂမသော အရှင်များသည် “အာရဒ္ဓဝိပဿက” ခေါ် ကမ္မဋ္ဌာန်း ကြိုးစားနေသူ ယောဂီဘဝကပင် ပြည်သူတို့၏ ဆွမ်းကို အကျိုး ကြီးမြင့်အောင် ပြု၍ သုံးဆောင်နေသူများ ဖြစ်ကြရာ အရိယာအဖြစ်သို့ ရောက်သော အခါ၌ကား အကျိုးအကြီးမားဆုံး ဖြစ်အောင် ပြုသူ ပုဂ္ဂိုလ်များ အမှန်ပင် ဖြစ်လာကြပါတော့သည်။

"သာမိစိပ္ပဋိပန္နော"ဂုဏ်တော်ကို အာရုံပြုကာ ရွတ်သေစဉ် ကျင့်ပါ

ယခုအခါ၌ ဘာသာမရှိသော ဝါဒ, ဘာသာရှိသော်လည်း အရေးမစိုက်သော ဝါဒ, ဘာသာချင်းချင်း သွေထက်ငါ အကောင်းအဆိုး ပြိုင်နေသော ဝါဒများ တွေ့နေတခြား ထွန်းကားလျှက် ခေတ်စားလာနေသည်ကို သတ်ပြု ဆင်ခြင်ကြလျက် ဒါယကာ, ဒါယိကာမတို့ ကြည်ဖြူ ရွှင်လန်း လျှောဒါန်း ချီးမြှောက်ကြသော ပစ္စည်းလေးပါးအပေါ် အခြေခံ တည်မှီနေကြရသော ရဟန်း သံဃာတော်များသည် လူတို့၏ ရိုသေပြုစုမှုနှင့် ထိုက်ဘန်အောင် ကျင့်ကြံတော်မူခဲ့ကြသော ရွေးရွေးသော သူတော်စင် သူတော်ကောင်း ရဟန်းသံဃာတော်မြတ်အပေါင်း၏ "သာမိစိပ္ပဋိပန္နော" ဂုဏ်တော်ကို အာရုံပြုကာ မိမိတို့ဘက်မှ လစ်ဟင်းမှုမရှိရအောင် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကောင်းစွာ ကျင့်ကြံ အားထုတ်သင့်ကြပါသည်။

လူဒါယကာ, ဒါယိကာမတို့ဘက်မှလည်း ယင်းသို့ သိက္ခာသုံးရပ် ဒအကျင့်မြတ်ကို အရိုးခံအတိုင်း ရှိသေစွာ ကျင့်ကြံ ကြိုးကုတ် အားထုတ်နေကြသော ရဟန်း သံဃာတော်များကိုသာ ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, လက်အုပ်ချီခြင်း, ပစ္စည်းလေးရပ် ဆက်ကပ် လှူဒါန်းခြင်း စသည်တို့ဖြင့် ပိုမို အလေးထား၍ အရိုအသေ အပေး မမှားအောင် မှန်ကန်စွာ သာသနာပြုသင့်ကြပါသည်။ အတူအယောင် ဟန်ဆောင်မှု ပေါ်များသော ခေတ်တွင် "စဉ်းစားမှု ရှိတည့်၍ ယုံကြည်မှု နောက်ထားကာ" ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ အားပေးသင့်ကြပါသည်။

၅။ အာဟုနေယျဂုဏ်တော်

အာဟုနေယျ = (အာ+ဟုန+ယျ။ အာ = အဝေးကပင် ယူဆောင်၍+ဟုန=ပူဇော် လှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကို+ ယျ=ခံယူတော်မူထိုက်သော သံဃာတော်။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော် အပေါင်းသည် လှူဒါန်း ပူဇော်သူတို့အား အတုံ့ပြန်၍ ကြီးကြယ် မြင့်မြတ်သော သံသရာကျိုးကို ပေးစွမ်းနိုင်ကြသဖြင့် အနီးအပါးကို မဆိုထားဘိ တနယ်တကျေး ဝေးသော မြို့ရွာတို့မှသော်လည်း လှူဖွယ်ပစ္စည်းများကို တမင်တကာ ဆောင်ယူ၍ ပေးလှူ ပူဇော်မှုကို ခံယူတော်မူဆိုက်၏။ ထို့ကြောင့် အရိယာ သံဃာတော် အပေါင်းသည် "အာဟုနေယျ" ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

သာသနာပ ဓါနထက် သာသနာတွင်း ဓါနက အဆအရာလွန်ကဲ

စန္ဒကူး, ဇလွပ်, ကြာညို, မြတ်လေး ဤပန်းမွှေးတို့၏ ရနံ့ထက် သီလရနံ့က သာလွန် ထူးမြတ်သည်ဟုလည်းကောင်း, ဇလပ်ပန်းနှင့် စန္ဒကူးပန်းတို့၏ အနံ့မှာ မပြောပလောက်သော ရနံ့သာ၊ သီလရှိသော သူတို့၏ ဂုဏ်ရနံ့မှာမူ နတ်ပြည် ဗြဟ္မာပြည်မျှားဌိပင် ပျံ့လွှင် မွှေးကြိုင်လျက် ရှိပေသည်ဟု လည်းကောင်း ဓမ္မပဒပါဠိတော် (ဓမ္မပဒ။ ၂၁)၌ ဟောတော်မူချက်အရ အရိယာသဓင် သံဃာတော် အရှင်မြတ်တို့၏ သီလဂုဏ်ရနံ့ကြောင့် လူ.ပြည်တခွင် အဝေး အရပ်မှသာမက နတ်ပြည်မျှားကပင် အထူးတလည် လာရောက်၍ ပူဇော် လှူ။ဒါန်းကြ၏။

ဤဌိ ရှေးက ဘုရားရှင်သာသနာနှင့် မကြုံခဲ့ရ၍ သာသနာတွင်း ဒါနပြုခွင့် မရဘဲ သာသနာပ ဒါနကိုသာ ပြုခဲ့ရသော သိကြားမင်းသည် သာသနာတွင်း ဒါနကောင်းမှုရှင် ဣန္ဒကနတ်သားနှင့်အတူ ယှဉ်လိုက်ပါက ဣန္ဒကနတ်သား၏ ကိုယ်ရောင်ကိုယ်ဝါက လွှမ်းမိုးသွားပြီး သိကြားမင်း၏ ကိုယ်ရောင်ကိုယ်စါ မှေးမှိန်သွားပါသည်။ ထို့ကြောင့် သာသနာတွင်း ဒါနပြုနိုင်ရန် သိကြားမင်းကြီး ကိုယ်တိုင် လူ.ပြည်ဆင်းကာ လူအို လူမဲ့ယောင် ဆောင်ပြီး မိဖုရား "သုဇာ"နှင့် အတူ အရှင်မဟာကဿပ မထေရ်မြတ်အား ဆွမ်းလှူ။ဒါန်း ဆက်ကပ်ပုံ သာဓကကို ထုတ်ဖော် တင်ပြထားပါသည်---

အခါတပါး၌ "အရှင်မဟာကဿပ" မထေရ်မြတ် နိရောဓသမာပတ်မှ ထတော်မူပြီးလျှင် ဆင်းရဲသူတို့၏ နေရာ ရပ်ကွက်၌ ဆွမ်းခံ ဝင်တော်မူလရာ သိကြားမင်းနှင့် "သုဇာ" မိဖုရားတို့သည် အိုမင်းသော လူဆင်းရဲ သမီးခင်ပွန်းယောင် ဆောင်၍ ထိုရပ်ကွက်၏ အစဆုံး၌ အိမ်ငယ်တစ်ဆောင်ကို ဖန်ဆင်းလျက် နေနှင့်လေသည်။

"အရှင်မဟာကဿပ" မထေရ်မြတ်လည်း အထူးအထွေ ဆင်ခြင်စဉ်းစားတော် မမူဘဲ- အိမ်ကုပ်ကလေး၌ အဖိုးအိုနှင့် အမယ်အိုတို့ အလုပ်လုပ်နေကြပုံကို မြင်၍ သနားတော်မူသဖြင့် ရပ်တော်မူလေသည်။

အဖိုးကြီးသည် မျက်စိမျှားကို ပွတ်ကာသပ်ကာနှင့် "အိမ်ပေါက်မှာ ကိုယ်တော်တစ်ပါး ဆွမ်းရပ်နေပါကလား, ဒုက္ခ ဒုက္ခ ဘာမှလဲ ရှိမယ် မထင်ဘူး" ဟု ညည်းညူလျက် အနားသို့ လာပြီးလျှင် "အင်း- တို့ကိုယ်တော်ကြီးပါကလား၊ ဟော့ ရှင်မရေ-ဘာမျှား ရှိသေးတုန်း"ဟု မေးရာ-

အမယ်အိုကလည်း ထိုထို့ကျိုက္ကို ရှာဖွေနေဟန်ဖြင့် အတန်ကြာမှ "ရှိသေးရဲ့တော့" ဟု ပြောပြောဆိုဆို လာ၍ ဆွမ်းများ လောင်းလှူလေလျှင် တစ်ရပ်လုံး မွေးကြိုင်သွားလေသည်။

တိုအခါကမှ သိကြားဖြစ်မှန်း သိ၍ "ဆင်းရဲသူကို ချီးမြှောက်လိုသဖြင့် ဆွမ်းခံဝင်ရာ၌ သင်လို သိကြားက လူဆင်းရဲလုပ်ရသလား" ဟု အပြစ်တင်တော်မူလျှင်–

"တပည့်တော်မှာ သာသနာပက ဖြစ်ရတဲ့ သိကြားမို့ စည်းစိမ်မကြီးပါ၊ သာသနာတော်တွင်းမှ ရောက်လာသော နတ်မင်းများလောက် အရှိန်အဝါမတောက်သဖြင့် နတ်ဆင်းရဲ သိကြားဆင်းရဲပင် ဖြစ်ပါသည်" ဟု ပြန်လည်လျှောက်၏။

ထို့နောက် "အဟောဒါနံ ပရမဒါနံ ကဿပေ သုပ္ပတိဋ္ဌိတံ =ဝမ်းမြောက်စရာ အလှူဒါန, အလွန် မြတ်သော အလှူဒါနသည် အရှင်မဟာကဿပ၌ တည်လေပြီ" ဟု ဥဒါန်းကျူးလျက် နတ်ပြည်သို့ တက်သွားလေသည် (ဓမ္မပဒ။ ၂၆၈–၉)။

ဤသို့လျှင် အရိယာ သံဃာတော်များသည် အဝေးရပ်မှ ယူဆောင်၍ ပူဇော်လှူဒါန်းသမျှကို ခံယူတော်မူတိုက်ကြပါသည်။

သမီးမရွေးဘဲ ဆွမ်းအလှူပေးခဲ့သော "မဟာတိဿ" ထင်းရောင်းသမားအကြောင်း

ပေါင်နှံထားသော သမီးကလေးကို ရွေးယူနိုင်ရန် အရပ်တပါးသို့ သွားရောက်၍ ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ပြီး လုပ်အားခ ရရှိခဲ့သောငွေဖြင့် သမီးကို ရွေးရန် ပြန်အလာ လမ်းခရီး၌ ဆွမ်းအလှူ ပေးခဲ့ဖူးသော ထင်းရောင်းသမား တစ်ဦး၏ ဆွမ်းဒါနမှာ ရဟန်းသံဃာတော်တို့၏ "အာဟုနေယျ" ဂုဏ်တော်ကို အထူးပေါ်လွင်စေပါသည်။

"သီဟိုဠ်ကျွန်း မဟာဂါမ၌ ထင်းရောင်းစားသူ "မဟာတိဿ"သည် သမီးလေးကို ငွေအသပြာ ၁၂-ကျပ်ဖြင့် သူတပါးအိမ်တွင် အခစားလုပ်ရန် ပေါင်နှံထားသဖြင့် ယင်းသမီးလေးအား ရွေးယူနိုင်ရန် အရပ်တပါးသို့ သွား၍ အလုပ်လုပ်လေသည်။

လုပ်အားခငွေ ၁၂-ကျပ်ရ၍ သမီးငယ်ကို ရွေးယူရန် ပြန်လာသော အခါတွင် လမ်းခရီးအကြာ၁၌ မထေရ်တစ်ပါး ဆွမ်းမရဘဲ ဆွမ်းချိန် လွန်တော့မည်ကို တွေ့မြင်ရ၏။ ထိုအခါ မိမိတွင် ပါလာသောငွေ ၁၂-ကျပ်ဖြင့် ဆွမ်းကို ဝယ်၍ ကပ်လှူလိုက်၏။

မထေရ်သည် ယင်းဆွမ်းကို မဘုဉ်းပေးမီ ရဟန္တာ အဖြစ်သို့ ရောက်အောင် အားထုတ်တော်မူသည်။ ရဟန္တာအဖြစ်သို့ ရောက်ပြီးမှ ဆွမ်းဘုဉ်းပေးတော်မူသည်။ ထိုမထေရ်သည် နေထိုင်ရာ ကျောင်းတွင် ပမ်ိနိဗ္ဗာန် စံဝင်သောအခါ "ငါ၏ အလောင်းသည် ဆွမ်းဒါနရှင် ထင်းရောင်းသပား၏ လက်ဖြင့် ထိမှ လှုပ်ကြွစေသတည်း" ဟု အဓိဋ္ဌာန် တော်မူခဲ့လေ၏။

"ကာကဝဏ္ဏတိဿ" မှင်းကြီးသည် ယင်းမထေရ်မြတ်၏ အလောင်းကို မီးသင်္ဂြိဟ်ရန် မည်သို့မျှ မတတ်နိုင်သဖြင့် အဆိုပါ ထင်းရောင်းသမား၌ ရှာဖွေစေရ၏။ ထင်းရောင်းသမား ရောက်လာသော အခါတွင် "ကာကဝဏ္ဏတိဿ" မင်းကြီးက "နောင်တော် မဟာတိဿ.... ဤအိုးတန် အဝတ်တန်ဆာကို ဝတ်ဆင်၍ မထေရ်မြတ်၏ အလောင်းကို မီးသင်္ဂြိဟ်ပေးပါ" ဟု တောင်းပန် ပြောဆို၍ မီးသင်္ဂြိဟ်စေပါသည်။ ဆွမ်းဒကာ မဟာတိဿသည် သမီးငယ်ကို ပြန်ရွေးနိုင်၍ သူ့ဌေးဘွဲ့ကိုလည်း ရရှိလေသည် (အံ၊ဋ္ဌ၊၁။၃၉၅-၈)။

ရပ်ဝေးမှ ရိက္ခာထုပ်ဖြင့် လာရောက်ဖူးမြော်ထိုက်ခြင်း

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူသော အရိယာသံဃာတော်များသည် ပူဇော်လှူဒါန်းဖို့ရာသာမက ဖူးမြော်ရုံမျှပင် အဝေးအရပ်မှ အထူးတလည် တမင် လာရောက်၍ ဖူးမြော်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

"တခါက ဘုရားရှင်သည် ဝိသာခါကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဓကျောင်းလွှင်ပြင်၌ လုပြည့် ဥပုသ်နေ့အခါ ဥပုသ်ပဝါရဏာ ပြုရန် ရဟန်းသံဃာများ ခြံရံ၍ ထိုင်နေတော်မူ၏။

ထိုအခါ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ဖြစ်နေသော တပည့် ရဟန်းသံဃာများကို ကြည့်၍ အားရတော်မူသဖြင့် မိမိတပည့် ရဟန်းသံဃာများအား ဂုဏ်တင်စကားဖြင့်-

ဤပရိသတ်မှာ အဖျင်းမပါ အနှစ်အသားပြည့်သော (အရိယာနှင့် ဘာဝနာတရား အားထုတ်လျက် ရှိသူ) ပရိသတ်ချည်း ဖြစ်ကြောင်း, စင်ကြယ်၍ သံလ စသော အနှက်၌ တည်သောကြောင့် အဖျင်းအည့် မရှိ အကောင်းအတိ ဖြစ်သော ပရိသတ်သာ ဖြစ်ကြောင်း, နည်းနည်း လှုပ်လှုပ်ရှားရှား မျှားမျှားရ၍ မျှားမျှားလှုပ်လှုပ် အလွန်မျှားစွာ အကျိုးရစေတတ်သော ပရိသတ်ဖြစ်ကြောင်း, လောကသားတို့အဖို့ ဖူးတွေ့ရခဲသော ပရိသတ်ဖြစ်ကြောင်း, ယူဇနာ ထောင်သောင်း ဝေးကွာသော အရပ်မှ ဦးကွာထုပ် ထမ်းကာ ဖူးမြော်လာထိုက်သော ပရိသတ် ဖြစ်ကြောင်း မိန့်မြွက်ချီးကျူးတော်မူခဲ့ပါသည် (ဥပရိပဏ္ဏာသ၊ အာနာပါနဿတိသုတ်။ ၁၂၃)။

ပညာရှိ သူတော်စင်တို့၏ ထုံးကို နှလုံးမူကာ ကြိုးစ

“အာဟုနေယျ ဂုဏ်တော်ရှင်” ဖြစ်သော အရိယာ သံဃာတော်များသည် လာရောက်ဖူးမြော်သူ ပူဇော် လှူဒါန်းသူတို့အား အတုံ့ပြန်၍ ကြီးကျယ်မြင့်မြတ်သော လောကသံသရာ ကျွိုးနှစ်ပြောကို ကောင်းစွာ ရစေနိုင်သဖြင့် ပညာရှိသူတော်စင်တို့သည် ဘုရားရှင် ပင့်တော်မူရာ သာသနာနှင့် တွေ့ကြုံဆုံရ ခိုက်တွင် ရွေးအခါကပင် အဝေးမှ တမင်လာ၍ သံဃာတော်များအား ကြည်ညို ဖူးမြော် ပူဇော်လှူဒါန်းလျက် ရှိခဲ့ကြပါသည်။

ယခုကာလ စီးပွားရှိ စီးပွားမဲ့ လူတန်းစား အသီးသီးတို့သည် ကံနှင့် ကံ၏ အကျိုးကို နားလည်ကြပါမူ ရွေးရွေးသော ပညာရှိ သူတော်စင်တို့၏ ထုံးကို နှလုံးမူကာ ကုသိုလ်ကောင်းမှုကို အခွင့်အခါသင့်တိုင်း ကြိုးစားပြုလုပ် သင့်ကြပါသည်။

တစ်သက်လျှာမျှ တစ်ဝမ်းဝဖို့ စီးပွားအတွက် ယခုဘဝတွင် မရသေးက ရရှိအောင် ရရှိပြီး ဖြစ်က လက်ရှိ အခြေအနေမှ မလျော့ကျရအောင် နေ့စဉ် ကြိုးစားသကဲ့သို့ တစ်သံသရာလုံး စီးပွားအတွက်၊ အဆက်ဆက် တန်းမြင့်၍ ပါရမီ ရင့်သည်ထက် ရင့်အောင် ကြိုးစားပြုလုပ်သင့်ပါသည်။ ဤလူ့ဘဝသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် အလိုရှိရာ ရနိုင်သော ဘဝပဒေသာ ပင်ကြီး ဖြစ်သည်ကို သတိပြုသင့်ကြပါသည်။

၆။ ပါဟုနေယျဂုဏ်တော်

ပါဟုနေယျ = (ပါဟုန+ယျ။ ပါဟုန = ညှဉ်သည်အလို့ငှါ စီမံအပ်သော ပေးကမ်းဖွယ် ဝတ္ထုအစုစုကို+ယျ = ခံယူတော်မူထိုက်သော သံဃာတော်။)

ခုကာလ ရိုးရာ ဥည့်သည်များသည် တွေ့ကြုံဖို့ လွယ်ကူ၏၊ ဥည့်၀တ် ပြုဖူးသည်း လွယ်ကူ၏။ ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူသော အရိယာ သံဃာတော်များသည် ဘုရားတစ်ဆူ တစ်ဆူ ပွင့်တော်မူမှ ပေါ်လာကြသဖြင့် တွေ့ကြုံဖို့ မလွယ်၊ ဥည့်၀တ် ပြုရန် အထူး ခဲယဉ်းသော ကမ္ဘာ့ ဥည့်သည်တော် ကြီးများ ဖြစ်၏။ ထိုဥည့်သည်တော် အရိယာ သံဃာတော်များသည် ဥည့်သည် များအတွက် စိမံထားအပ်သော ပေးကမ်းဖွယ် ၀တ္ထုအစုစုကို ရိုးရာ ဥည့်သည် များထက် အလျင် ဦးစား ပေးလှူလိုက်၍ လှူသမျှကို ခံယူတော်မူထိုက် ကြပါသည်။ ထို့ကြောင့် အရိယာသံဃာတော်များသည် "ပါဟုနေယျ" ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူကြပါသည်။

ဦးစားပေး ဥည့်၀တ်ပြုရမည့် ကမ္ဘာ့ဥည့်သည်တော်ကြီးများ

ဥည့်သည် (အာဂန္တု)သည် "ရိုးရိုးဥည့်သည်, အထူးဥည့်သည်" ဟူ၍ နှစ်မျိုး ရှိ၏။ ထိုတွင် ရိုးရိုးဥည့်သည် ဆိုသည်မှာ ဆွေမျိုးမိတ်ဆွေ စသော လောက ဥည့်သည် ဖြစ်၍ အထူးဥည့်သည် ဆိုသည်မှာ ဘုရားရှင်များ ပွင့်တော်မူမှသာ ပေါ်လာသော လောကုတ္တရာ ကမ္ဘာ့ဥည့်သည်တော် ရဟန်းသံဃာများ ဖြစ်၏။ လောက ဥည့်သည်များမှာ တွေ့ရ ကြုံရဖန်များ၍ ထူးခြားလှသည် မဟုတ်။ တွေ့ခဲ ကြုံခဲလှသည်လည်း မဟုတ်။ ရဟန်း သံဃာတော်များကား ဘုရားပွင့်မှ ပေါ်လာမြဲ ဖြစ်ရာ ဘုရားရှင်နှင့် ကြုံရဖို့ ဆုံရဖို့ ခဲယဉ်းသကဲ့သို့ တွေ့ဆုံကြုံရဖို့ ခဲယဉ်းလှ၏။ ကမ္ဘာတွေ့ အသခ်ဲ့ လွန်လေသော်လည်း တွေ့ဆုံ ကြုံရဖို့ မလွယ်။

ဥည့်သည်တို့အား ဥည့်၀တ်ပြုစု၍ ရရှိသော အကျိုးချင်းလည်း မတူ ကွဲပြား ခြားနားကြ၏။ လောကဥည့်သည်တို့အား ဥည့်၀တ် ပြုစုရသည်မှာ ဤဘ၀ အကျိုး သာမန်မျှ အတုံ့အလှည့် ပြန်လည် ရရှိတတ်၏။ နောင်ဘ၀အကျိုး သင့်တင့်ရုံမျှသာ ရရှိ၍ ကြီးကြီးမားမား များများစားစား ခံစားရမည် မဟုတ်။ အလှူ၏ အကျိုးကြီးမြတ်မှု ပြုတတ်သော "သုပ္ပဋိပန္နော" စသော ဂုဏ်တို့နှင့် ပြည့်စုံသော ကမ္ဘာ့ဥည့်သည်ခေါ် ရဟန်း သံဃာတော်များအား ဥည့်၀တ် ပြုသောအားဖြင့် လှူရသော ဒါနမှာကား "မြေဆီသြဇာ ပြည့်၀သော မြေကောင်းမှာ လွန်စွာ လတ်ဆတ် သန့်ရှင်းသော မျိုးစေ့ကောင်းကို စိုက်ပျိုး ရလျှင် အလွန်ကောင်းသော အသီးအနှံ အပွင့်မျိုးကို ဖွံ့ဖြိုးပြီးဖြိုး ရနိုင်သကဲ့သို့ ပြောမပြနိုင်လောက်အောင် များပြောင် ဖွံ့ဖြိုးသော အကျိုးတရားများကို ရရှိခံစားရမည်မှာ သေချာလှ၏။

ဂုဏ်အားဖြင့် လောက ညွှဲသည်များမှာ "သုပ္ပဋိပန္နေ"စသော နှစ်သက်ကြည်ညိုဖွယ်ဂုဏ်များမရှိဘဲ ကမ္ဘာ့ညွှဲသည်ဖြစ်သော ရဟန်းသံဃာတော်များမှာသာ "သုပ္ပဋိပန္နေ" စသော နှစ်သက် ကြည်ညိုဖွယ် ဂုဏ်များ ရှိပါသည်။ ထို့ကြောင့် "သံဃသဒိသော ဟိ ပါဟုနကော နတ္ထိ = သံဃာနှင့်တူသော ညွှဲသည် မည်သည် မရှိ" ဟု ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၁။ ၂၁၃)၌ မိန့်ဆိုခဲ့ပါသည်။

ယင်းသို့ တွေ့ခဲ့ ဆုံခဲ့ခြင်း, အကျိုး ကြီးမားခြင်းနှင့် နှစ်သက်ကြည်ညိုဖွယ် ဂုဏ်ရှိခြင်းတို့ကြောင့် ညွှဲဝတ် ပြုခွင့်ကြုံလာလျှင် လောကဋ္ဌ အကောင်းဆုံး ညွှဲဝတ်ပြုထိုက်သည်ဆိုသော ထိတတန်းအကျဆုံး ညွှဲသည်များကိုပင် ညွှဲမခံ ညွှဲဝတ် မပြုသေးဘဲ အသာဆိုင်းထားလျက် ကမ္ဘာ့ ညွှဲသည်တော်ကြီးများ ဖြစ်သော အရိယာသံဃာတော်များကိုသာလျှင် ဦးစားပေး ညွှဲဝတ်ပြုသော အားဖြင့် ပူဇော်လှူဒါန်းထိုက်လေသည်။

ရဟန်းသံဃာ အိမ်ကြွလာ များစွာလာဘ်ကောင်းမှုန်

သီလရှိသော ရဟန်း သံဃာတော်များ မိမိအိမ်သို့ ကြွရောက်လာပါလျှင် လာဘ်ကြီးငါးပါး ရသည်မည်ပုံကို ဘုရားရှင်ဟောတော်မူခဲ့ပါသည်။ လာဘ်ကြီးငါးပါးမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်—

(၁) သီလရှိသော ရဟန်းသည် အိမ်သို့ ကြွသည် ရှိသော် လူတို့မြင်၍ စိတ်ကြည်လင်သောအခါ– ထိုအိမ်သည် နတ်ပြည်ရောက်စေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

(၂) ခရီးဦး ကြိုဆိုကြ, ရှိခိုးကြ, နေရာထိုင်ခင်း ပေးကြသောအခါ– ထိုအိမ်သည် မြင့်မြတ်သော အမျိုးဋ္ဌ ဖြစ်စေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

(၃) နေရာထိုင်ခင်း စသည်၌ နှမြောတွန့်တိုမှု (မစ္ဆရိယ)စိတ်အညစ်အကြေး ကင်းကွာသောအခါ– ထိုအိမ်သည် တန်ခိုးကြီးစေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

(၄) စွမ်းအားရှိသလောက် ခွဲဝေ လှူဒါန်းသောအခါ– ထိုအိမ်သည် ဥစ္စာပေါများစေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

(၅) မေးမြန်း လျှောက်ထား မှတ်သား နာယူကြသော အခါ– ထိုအိမ်သည် အသိဉာဏ်ပညာ ကြီးပွားစေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

ရဟန်းတို့....သီလရှိစေသာ ရဟန်းတို့ ကြွရောက်လာသော အိမ်၌ အိမ်ရှင် ဒါယကာတို့သည် ဤအကြောင်း ငါးမျိုးတို့ဖြင့် မျှားစွာသော ကောင်းမှုကို တိုးပွားစေကြပေကုန်၏ - (အံ၊ ၂၊ကုလသုတ်။ ၂၁၃)။ မြန်မာပညာရှိတို့က "မြင့်မြတ်အမျိုး၊ နတ်, တန်ခိုး၊ ပွားတိုးဥစ္စာ, ဉာဏ်"ဟု လက်ံစီ၍ မှတ်တမ်းပြုထားကြပါသည်။

အရောင်လွန်းလျှင် မကောင်း

သီလရှိသော ရဟန်းတော်များ အိမ်သို့ ကြွရောက်လာလျှင် ကုသိုလ် တိုးပွားရသော်သည်း သတိမူမေ့လျော့အချက်ကား ရှိ၏။ ရဟန်းများ လူတို့နှင့် ချမ်းသာမှဲ့ ဆင်းရဲအတူ (=သဟသောကိ, သဟနန္ဒိ) အဆောင်ခြင်းမျိုး ကိုမူ ဘုရားရှင် လိုလားတော်မမူပါ။ ထို ရဟန်းမျိုးကို (ကုလူပက=အိမ်ကပ် ရဟန်း, လူစော်နံသောရဟန်း)ဟု ခေါ်သည်။ ယင်း ကုလူပကခေါ် အိမ်ကပ် ရဟန်းကား—

(၁) အိမ်သူ အိမ်သား ဒါယကာ ဒါယိကာမများနှင့် အရင်းအချာ ချစ်ခင် ရင်းနှီးသူ မဟုတ်ပါဘဲလျက် အဆောတဝင် ခင်မင် ရင်းနှီးဟန် ဆက်ဆံသော ရဟန်း၊

(၂) မသက်မဆိုင် မပိုင်စိုးဘဲလျက် ပိုင်စိုးပိုင်နင်း စီမံ ခန့်ခွဲသော ရဟန်း၊

(၃) ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသော ရဟန်း၊

(၄) (နားရင်း ကပ်၍) တိုးတိုးပြောလေ့ရှိသော ရဟန်း၊

(၅) အတောင်းအရမ်း ထူသော ရဟန်း-

ဟူ၍ ငါးမျိုးရှိ၏။

ထို ရဟန်းငါးမျိုးကို ဘုရားရှင် နှစ်ခြိုက်တော်မမူချေ။ အဘယ့်ကြောင့် ဆိုသော် လူဒါယကာ ဒါယိကာမတို့၏ ချစ်ခင် မြတ်နိုးခြင်း, လေးစားခြင်း, စိတ်နှလုံးကို တိုးပွားစေခြင်း မရရှိနိုင်သောကြောင့် ပင်တည်း (အံ၊ ၂၊ ကုလူပကသုတ်။ ၁၂၀)။

လူဒါယကာ ဒါယိကာမများ အနေဖြင့်လည်း ရဟန်း သံဃာတော်တို့ထံမှ သီလ, သမာဓိ, ပညာ ကုသိုလ်ရရေးမှတပါး အခြားမြော်လင့်ချက် တစုံတရာဖြင့် မချဉ်းကပ်သင့်ချေ။ လူပေါင်း ပေါင်းလျှင် သာသနာဖျက်ရာရောက်၍ အလှူခံ ရဟန်း မီးလောင်ခံရတတ်သည်။ အလွန် အပြစ်ကြီးလေးသော "သံဃာ ကွဲပြားရေး" ကံကြီးကိုပင် လှုံ့ဆော် ကျူးလွန်မိတတ်သည်။ မီးဟုန်းဟုန်း

တောက်နေသော ရွှေတောင်ကြီးသဖွယ် သဘောထားကာ မကပ်လျှင် ရွှေမရ၊ ကပ်လှန်းလျှင် မီးလောင်ခံရမည် ဖြစ်၍ လှန်စွာရင်းရင်းနှီးနှီး ကပ်လှန်းခြင်း, စိမ်းစိမ်းကားကား ခွါလှန်းခြင်း မပြုမိဖို့ သတိပြုသင့်ကြပါသည်။

၇။ ဒကွိဏေယျဂုဏ်တော်

ဒကွိဏေယျ=(ဒကွိဏာ+ယျ။ ဒကွိဏာ=မြတ်သော အလှူကို+ ယျ=ခံယူတော်မူထိုက်သော သံဃာတော်။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူသော အရိယာ သံဃာတော် အပေါင်းသည် ကောင်းမှုရှင်တို့ ရည်မှန်းတိုင်းသော အကျိုးကို ကောင်းစွာ ရစေနိုင်သောကြောင့် မြတ်သော အလှူကို ခံယူခြင်းငှါ ထိုက်တန်တော်မူကြ၏။ ထို့ကြောင့် "ဒကွိဏေယျ" ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

မြတ်သော အလှူကို ခံတော်မူထိုက်ခြင်း

"ဤပုဂ္ဂိုလ်သည် ငါ့ကို ဆေးကုပေးလိမ့်မည်၊ ငါခိုင်းထားကို လုပ်ပေးလိမ့်မည်" စသောအားဖြင့် အလှူခံပုဂ္ဂိုလ်တို့ထံမှ တစုံတရာ ရလိမ့်မည်ဟု မြော်လင့်တောင့်တခြင်းဖြင့် လှူသော အလှူသည် "ဒကွိဏာ" မည်သော အလှူမျိုး မဟုတ်၊ တမလွန်လောကကို ယုံကြည်၍ ဟမလွန်လောကဌာန် ကြီးပွားချမ်းသာဖို့ အရေးကို မြော်တွေး မှန်းဆ၍ လှူဒါန်းသော အလှူမျိုးသာ "ဒကွိဏာ" မည်သော အလှူမျိုးဖြစ်၏။ ယင်းအလှူမျိုးကိုသာ "အလှူမှန်, အလှူကောင်း" ဟူ၍လည်းကောင်း, "မြတ်သော အလှူ" ဟူ၍လည်းကောင်း ဆိုရ၏။

ဤအလှူမျိုးသည် လက်ငင်းဒိဋ္ဌ အကျိုးရရေးကိုသာ အလေးထားသော ပုဂ္ဂိုလ်တို့အတွက် ပြုရန် မလွယ်ကူပါ၊ နောင်ဘဝသည် မြင်ရသည် မဟုတ် မမြင်ရသည့်အတွက် အခွါကလည်း ရှိသည်ဟု မယုံကြည်၊ "သေလျှင် ပြတ်၏" ဟူ၍ "ဥစ္ဆေဒဒိဋ္ဌိ" အယူမျိုး ရှိကြ၏။ ထိုသူတို့အဖို့ မယုံကြည်သော နောင်ဘဝ ကောင်းစားရေး အလှူကို မည်သည့် နည်းနှင့်မျှ ပြုလိုစိတ် ရှိနိုင်ကြမည် မဟုတ်ပါ။

ထို့ကြောင့် ဤ"ဒကွိဏာ"ဓာ၌ "တမလွန် ကောင်းစားရေး အလှူမျိုး"ကို ပြုရေးအတွက် "ဥစ္ဆေဒဒိဋ္ဌိ"ခေါ် "သေလျှင် ပြတ်၏"ဟူသော အယူမျိုး မရှိဖို့ အယူစင်ကြယ်ဖို့ ရှေးဦးစွာ လိုအပ်ပါသည်။

ဘုရားရှင်၏ အလိုတော်အရ "အဝိဇ္ဇာနှင့် ဘဝတဏှာ"ခေါ် "မသိမှုနှင့် ဘဝကို လိုချင်တောင့်တမှု" သံသရာရေသောက်မြစ် နှစ်ပါး အကြွင်းမဲ့ ပယ်ဖြတ်

ပြီးသော ဘုရားရဟန္တာများမှတပါး ယင်းရေသောက်မြစ်နှစ်ပါး မပြတ်သေးသူ မှန်သမျှ (မိမိတို့၏ စိတ်နှင့် နှုတ်က မည်မျှပင် တမလွန်လောက မရှိဟူ သိစေကာမူ ပြောစေကာမူ) တမလွန်လောကဌ် ဖြစ်လေရဦးမည်သာ ဖြစ်၏။

မှန်ပါသည်။ ရေသောက်မြစ် ပြတ်ပြီးသော သစ်ပင်၏ လာလတ္တံ့သော နောက်နှစ်၌ အသီး မသီးမှုနှင့် ရေသောက်မြစ် မပြတ်သေးသော သစ်ပင်၏ လာဂါတ်တံ့သော နောက်နှစ် နောက်နှစ်များ၌ ရေသောက်မြစ် မပြတ်သေးသမျှ အသီး သီးမှုကို မျက်မြင် ကိုယ်တွေ့ ဥပမာပြု၍ သံသရာ ရေသောက်မြစ် ပြတ်ပြီးသော ဘုရား ရဟန္တာတို့၏ တမလွန်ဘဝ၌ မဖြစ်တော့မှုနှင့် သံသရာ ရေသောက်မြစ် မပြတ်သေးသော (ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်) ပုဂ္ဂိုလ်တို့၏ တမလွန်ဘဝ၌ ထိုက်သင့်သလို ပဋိသန္ဓေ တည်နေ ဖြစ်ပုံးမှုကို ယုံကြည်စွာ မှတ်ယူသင့်ကြပါသည်။

ဤသို့အားဖြင့် "သေလျှင် ပြတ်၏" ဟူသော "ဥစ္ဆေဒဒိဋ္ဌိ" အယူမှား မရှိမှသာ တမလွန်လောက ရှိမှုကို ယုံ၍ တမလွန်လောက ရှိမှုကို ယုံမှလည်း တမလွန်လောက၌ ချမ်းသာစွာ နေရေးအတွက် ဒါနကောင်းမှုကို ပြုလုပ်ဖွယ် ရှိလာနိုင်ပါသည်။ ယင်းသို့ ဘဝယုံကြည်မှု အခြေခံပြီး ပြုလုပ်သော ဒါနမျိုး ဖြစ်မှသာ တမလွန်လောကတွင် လိုအပ်သော အကျိုးကို ဖွဲ့ဖြိုးတိုးတက်နေနိုင်မည် ဖြစ်သောကြောင့် "ဒက္ခိဏာ"ခေါ် "မှန်သော, ကောင်းသော, မြတ်သော အလှူမျိုး" ဖြစ်နိုင်ကြပါမည်။

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူသော အရိယာသံဃာတော်အပေါင်းသည် "သုပ္ပဋိပန္နော"စသော အကြောင်းဂုဏ်တို့နှင့် ကိုယ်တိုင် ပြည့်ဝတော်မူကြသည့် အတွက် အလှူရှင်တို့၏ ရည်မှန်းချက် ဆန္ဒအတိုင်း ကောင်းသော အကျိုးတို့ကို ပြည့်ဝစွာ ရစေနိုင်သောကြောင့် "ဒက္ခိဏာ"မည်သော အလှူမှန် အလှူကောင်း အလှူမြတ်ကို ခံယူတော်မူထိုက်ကြပါသည်။ အချုပ်အားဖြင့် အလှူက သမ္မာဒိဋ္ဌိအယူဖြင့် ကံ ကံ၏ အကျိုးကို ယုံကြည်၍ လှူဒါန်းသော အလှူမျိုး ဖြစ်ပြီး အလှူခံက သီလရှိသော "သီလဝန္တ" အလှူခံပုဂ္ဂိုလ်မျိုး ဖြစ်မှသာ မြတ်သော "ဒက္ခိဏာ"အလှူကို ခံယူတော်မူထိုက်သော "ဒက္ခိဏေယျ"ဂုဏ်နှင့် ပြည့်စုံသည်ဟု ဆိုလိုပါသည်။

အတ္တကျိုးနှင့် ပရကျိုး အလှူနှစ်မျိုး

တမလွန်ကျိုးကို မျော်ကိုးမှုနှင့် စပ်၍ မိမိအတွက် မျော်ကိုးခြင်းနှင့် မိမိနှင့် စပ်သော ကွယ်လွန်သူ မိဘ ဆွေမျိုးများအတွက် မျော်ကိုးခြင်းဟု နှစ်မျိုးရှိရာ "ဒက္ခိဏာ"ခေါ်သော အလှူလည်း—

(၁) မိမိအတွက် ချမ်းသာဖို့ရန် လှူဒါန်းခြင်း တစ်မျိုး၊

(၂) သေလွန်သူ မိဘ ဆွေမျိုးများအတွက် ချမ်းသာဖို့ရန် လှူဒါန်းခြင်း တစ်မျိုး--

ဟူ၍ နှစ်မျိုးရှိရလေသည်။

(၁) မိမိအတွက် လှူဒါန်းခြင်းသည် အခွင့်သာလျှင် သင့်ရာ ဘဝ၌ နိဗ္ဗာန် မရမချင်း အကျိုးပေးမည်။ ယခုအခါ ဗုဒ္ဓဘာသာ မဟုတ်သူတို့ ကောင်းကျိုး ခံစားနေကြရသည်မှာ ၎င်းတို့ သန္တာန်၌ ရှေးအခါက လှူဒါန်းခဲ့သော "ဒကွိဏာ" ခေါ်သော ဘလူမျိုး ပါရှိခဲ့သောကြောင့် ဖြစ်သည်။ ရှေးက ပြုခဲ့သော ကုသိုလ်ကံဟောင်း၏ ကောင်းကျိုးကို ခံစားနေကြရခြင်း ဖြစ်၏။ ယခုဘဝ၌ ပြုမိသော ကောင်းမှု မကောင်းမှုများအတွက် နောက်နောက်ဘဝ၌ အကျိုးပေးမည်သာ ဖြစ်၏။

ယခုဘဝ၌ ကောင်းမှုပြုနေပါလျက် မကောင်းကျိုးခံနေရသူများ, မကောင်းမှုပြုနေပါလျက် ကောင်းကျိုးစံနေရသူများ ရှိ၏။ ထိုသူတို့ကို ကြည့်၍ အခ့ါက ကံအကျိုးပေးမှုအပေါ် အမြင်မရှင်းဘဲ မျက်စိလည်တတ်ကြသည်များလည်း ရှိ၏၊ မျက်စိ မလည်သင့်ပေ။ "ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း" ဟူသော ရှေးသူဟောင်းတို့၏ ဆိုရိုးစကားအတိုင်း ဖြစ်မှုကံသည် ဒဟောင်းဖြစ်၍ ပြုမှုကံသည် အသစ်ဖြစ်သောကြောင့် ကံနှင့်အကျိုး, အကျိုးနှင့်ကံ တစ်ခုနှင့် တစ်ခု ဆက်စပ်မှု မရှိဖြင့်သည်ကို သဘိပြုသင့်ကြပါသည်။

ဝင်စစ် ကောင်းမှုကုသိုလ်ကံသည် အပြစ်မရှိ ချမ်းသာသော အကျိုးကိုသာ ပေးရိုးလက္ခဏာရှိ၍ မကောင်းမှုအကုသိုလ်ကံသည် အပြစ်နှင့်တကွ ဆင်းရဲသော အကျိုးကိုသာ ပေးရိုး လက္ခဏာ ရှိသည်မှာ မည်သည့် အခါမျိုးမှ ပြောင်းလဲရိုး မရှိသော အမှန်သဘာဝဖြစ်ပါသည်။

(၂) ကွယ်လွန်သူ မိဘဆွေမျိုးများအတွက် လှူဒါန်းရာ၌ကား သေသူကဝရဲကျနေသော်လည်းကောင်း, တိရစ္ဆာန်ဖြစ်သော်လည်းကောင်း, အလွန်ဝေးသော တော တောင် မြစ် သမုဒ္ဒရာကမ်း၌ ပြိတ္တာဖြစ်နေခဲ့သော်လည်းကောင်း, အမိဝမ်း၌ ဖြစ်နေခဲ့ရသော်လည်းကောင်း, နတ် ဗြဟ္မာဖြစ်နေခဲ့သော်လည်းကောင်း ကျန်ရစ်သူတို့က လှူဒါန်းသော ကုသိုလ်ကို ယင်းကွယ်လွန်သူတို့မသိနိုင်ကြ၊ သိနိုင်သော်လည်း

သိရှိမျှနှင့် သာခုံမခေါ်လျှင် သူတို့မှာ အကျိုးထူးမရကြ။ သို့ထုတ်ဖွင့် အချည်းနှီးကား မဖြစ်၊ လှူဒါန်းသူတို့အဖို့ကား ကုသိုလ်ကောင်းမှု ရကြသည်သာ ဖြစ်၏။

ကုယ်လုန်သူသည် မိမိအိမ်, ရွာ, မြို့၏ အနီးအပါး အကြီးအကြား၌ သုံးလေးလျက် စားရမဲ့ သောက်ရမဲ့ ပြိတ္တာများ (အစိမ်း, သူရဲဘေဋ္ဌ) ဖြစ်နေလျှင် ကျန်ရစ်သော မိဘ ဆွေမျိုးများက ဆွမ်း သင်္ကန်း စသည်ကို လှူဒါန်း၍–

"ဤအလှူသည် သုံးလေသူ (အမိ အဖ ဆွေမျိုး) အတွက် ဖြစ်ပါစေသတည်း၊ သုံးလေသူ (အမိ အဖ ဆွေမျိုး) မည်သူ မည်ဝါသည် ချမ်းသာပါစေသတည်း၊

ဤကုသိုလ်ကို ဝမ်းမြောက်စွာ သာခုခေါ်ပါလော့ အညီအမျှ ကုသိုလ်ရအောင် အမျှယူပါလော့၊ အမျှပေးဝေပါ၏" ဟု–

ပြောဆို၍ အမျှဝေသောအခါ ထိုပြိတ္တာများ တွေ့မြင် ကြားသို့ သာခုခေါ်လျှင် အဝတ်အစားတို့ကို နတ်သမီး နတ်သားများ ကဲ့သို့ပင် ရရှိနိုင်ကြသည်။ မိမိအတွက် လှူဒါန်းနေသော်လည်း မမြင်မကြားရသဖြင့် သာခုမခေါ်နိုင်လျှင် မရကြသေးပါ။

ထို့ကြောင့် ကုယ်လုန်သူကို ရည်မှန်း၍ "ဒက္ခိဏာ"ခေါ်သော "အလှူ"ကို ပြုသောအခါ မပြုမီကပင် အချို့အရပ်၌ သုသာန် စသည်သို့ သွား၍ "ယနေ့ အလှူဒါန ပြုမှာမို့ လိုက်ခဲ့ပါ"ဟု ဖိတ်မန်ကာ အိမ်သို့ ခေါ်လာကြသည်။ ထိုကုသိုလ်ကို အလှန်ဝေးသော ရှေးရှေးဘဝက ပြိတ္တာဖြစ်နေကြသော မိဘ ဆွေမျိုးဟောင်းများလည်း သာခုခေါ်နိုင်လျှင် အဖို့ဘာဂ ရခွင့်ရှိကြပါသည်။

ပေးကား ပေး၏ မရဖြစ်ခြင်း

ကုယ်လုန်သူ မိဘ ဆွေမျိုးများအတွက် မြော်ကိုးရည်မှန်း၍ လှူဒါန်းအမျှ ပေးဝေမှုအရ "ပေးတိုင်း ရသည်၊ ကျေးတိုင်း ဝသည်" ဟု မမှတ်ယူသင့်ပါ။ အပေးတတ်ဖို့ အကျေးတတ်ဖို့ အထူးလိုအပ်ပါသည်။ ဤ၌ အပေးမတတ်၍ မရဖြစ်ခဲ့ပုံ ကျမ်းဂန်လာ သာဓကကို သတ်ပြုမိကြစေရန် ဖော်ထုတ်တင်ပြထားပါသည်—

"ရှေးအခါက မုဆိုး တစ်ယောက်သည် သေလုန်သွားသော ဆွေမျိုးကို ကုသိုလ်အဖို့ ပေးဝေလို၍ သေသူအား ရည်မှန်းလျက် သီလသိက္ခာမရှိသော "ဒုဿီလ" ရဟန်းတစ်ပါးအား နှစ်ကြိမ်တိုင်အောင်

အလှူပေးခြင်း အမျှပေးဝေသော်လည်း အမျှမရဘဲ ရှိရာ သုံးကြိမ်မြောက်ထပ်မံ၍ ပေးလှူပြန်၏။ ထိုအခါ သေသူ ဆွေမျိုးပြိတ္တာက "ဒုဿီလောမံ ဝိလုမ္ပတိ၊ ဒုဿီလော မံ ဝိလုမ္ပတိ—ငါ့ဖို့ ဥစ္စာကို ဒုဿီလကြီးက လုယူထားသည်"ဟု အော်ဟစ်ရှာသတဲ့ (ဥပရိပဏ္ဏာသ၊ ၌။ ၂၂၀-၇။)

ဤ၌ မုဆိုးက လှူ၍ ဒုဿီလရဟန်းက ယူသောကြောင့် လှူသူ ယူသူ နှစ်ဘက်လုံး စင်ကြယ်မှု မရှိသောကြောင့် "ပေးကား ပေး၏ မရ" ဖြစ်ရခြင်း ဖြစ်၏။ ထို့ကြောင့် သေသူ ဆွေမျိုးဟောင်းကို ရည်မှန်း၍ လှူဒါန်းကြရာ၌ မိမိကိုယ်တိုင် သီလဆောက်တည်လျက် သီလရှိသူအား လှူဒါန်း၍ အမျှပေးဝေမှု အဖို့ဘာဂ ရဖွယ်ရှိကြောင်း ကောင်းကောင်းကြီး သတိပြုသင့်ကြပါသည်။

သီလရှိသော ပုဂ္ဂိုလ်ကို မရွေးချယ်တတ်လျှင် လည်းကောင်း, ရွေးချယ်ရန် မလွယ်ကူလျှင်လည်းကောင်း သံဃာအကုန်ကို ရည်မှန်းလှူဒါန်း၍ အမျှပေးဝေသင့်၏။ "သံဃာ" ဟူရာ၌ ရဟန်းတော်များ စုမိမှ "သံဃာ"ဟု မမှတ်ရ။ ရဟန်းတစ်ပါးတည်းပင် ဖြစ်သော်လည်း မိမိက တလာသနာလုံးရှိ သံဃာတော်အရှင်မြတ်များကို စိတ်ထဲက ရည်မှတ်၍ "သုပ္ပဋိပန္နံ" စသော သံဃဂုဏ်တော်အားလုံးနှင့် ဆိုင်သော ဂုဏ်တော်များကို ဆင်ခြင်၍ "သံဃာအား လှူပါ၏"ဟု သံဃာကို ရည်စူး၍ လှူလျှင် "သံဃိကဒါန" ဖြစ်နိုင်၏။ ပုဂ္ဂိုလ်မရွေးဘဲ ရဟန်းတော်အများကို ပင်၍ လှူရာ၌ကား အထူးပြောဖွယ်မလိုပါ။

အလှူရဲသော်လည်း မဲ့သူမရှိနိုင်ကြောင်း

ဘုရားရှင်သည် ရိက္ခာအတွက် အခက် ကြုံနေရသော ဒုဿိက္ခ ကာလဝယ် "နာဠန္ဒာမြို့"သို့ ရဟန်းတော်များစွာနှင့်အတူ ဒေသစာရီ လှည့်လည်တော်မူရင်း ရောက်တော်မူလေ၏။ ထိုအခါ "နိဂဏ္ဌဆရာကြီး"၏ တပည့်ဖြစ်သော "ဂါမဏီ" သည် (သူဆရာကြီး၏ တိုက်တွန်းချက်အရ) ဘုရားရှင်၏ အထံသို့ လာ၍—

> "အရှင်ဘုရားသည် သတ္တဝါများကို သနားသည်ဟု ဆိုပါလျက် ယခုလို ဒုဿိက္ခအခါဝယ် ရဟန်းအများနှင့် အတူလာ၍ ဆင်းရဲသူများအထံ ဆွမ်းခံစားနေသည်မှာ လူတွေ သေကျေ ပျက်စီးအောင် ဖျက်ဆီးရာ မရောက်ပါသလော"ဟု—

အပြစ်တင်လေသည်။ ထိုအခါ ဘုရားရှင်သည် ထုတ်သက်လေ၏ ပြန်၍ မဝင်မီ အခါနှစ်လောက်၌ ကိုးဆယ့်တစ်ကမ္ဘာအတွင်းဝယ် မိမိတို့ ချက်ပြုံး အစာကို ပေးလှူ၍ မဲ့နေသူ ရှိ,မရှိကို ဆင်ခြင်တော်မူရာ တစ်ယောက်တလေမျှ မရှိကြောင်းကို မြင်တော်မူသောကြောင့်—

"အို ဂါမဏီ....မိမိတို့ စားဖို ချက်ပြုံးသား ထမင်းကို ပေးလှူ၍ မွန်သွားသူဟု ကိုးဆယ်တစ်ကမ္ဘာအတွင်း၌ မကွဲခဲ့ပုံးချေ။ ကြီးပွား ချမ်းသာနေသူတွေမှာ ဒါနကြောင့်, သစ္စာကြောင့်, သီလကြောင့်သာ ဖြစ်ကြပေသည်။ စင်စစ်အားဖြင့် မွဲနေသူတို့မှာ ရန်သူမျိုးငါးပါး ဖျက်ဆီးခံရသူ, ကံ မကောင်းသဖြင့် မြုပ်နှံထားသော ပစ္စည်းများ နေထွေရွှေသွားခြင်း ခံရသူ, မိမိ မကျမ်းကျင်သော အလုပ်အကိုင်ကို လုပ်ကိုင်မိသူ, အနီစုသဘောနှင့် ကြုံတွေ့ရသူ ဤရွစ်မျိုးသာ ရှိနိုင်သည်"ဟု မိန့်တော်မူပါသည် (သံ၊ ၂၊ကုလသုတ်။ ၅၀၇-၉)။

ဘုရားရှင်၏ မိန့်တော်မူချက် စကားအရ နောင်ဘဝအတွက်လည်း ဒါန အကျိုးကို အပြည့်အစုံ ခံစားနိုင်, ဤဘဝ၌လည်း မွဲ၍ မသွားနိုင်, ဆာသနာတော်၏ တာဝန်ကို ထမ်းဆောင်ရာတွင် အရေးအကြီးဆုံးဖြစ်သော အာဟာရကို နေ့စဉ် ထောက်ပံ့မှုလည်း ဖြစ်နိုင်သော "ဒကွိဏာ"ခေါ် သွမ်းဆလှူဒါနကို မမေ့မလျော့ မပေါ့မဆ ပြုသင့်ကြပါသည်။

ဂ။ အဇ္ဈလိကရဏီယဂုဏ်တော်

အဇ္ဈလိကရဏီယ = (အဇ္ဈလိ+ကရဏီယ။ အဇ္ဈလိ=လက်အုပ်ချီမှုကို +ကရဏီယ=ပြုထိုက်ဆော, အပြုခံထိုက်သော သံဃာတော်။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူသော အရိယာ သံဃာတော်အပေါင်းသည် သီလ, သမာဓိ, ပညာ သိက္ခာဂုဏ်ရည် စုံညီပြည့်ဝတော်မူသောကြောင့် လူအပေါင်းက လက်နှစ်ဖက်တို့ကို ဦးခေါင်းထက်၌ တင်ကာ ပြုလုပ်အပ်သော လက်အုပ်ချီမိုး ရှိခိုးမှု, အရိုအသေ ပြုမှုကို ခံယူတော်မူထိုက်ကြပါသည်။ ထို့ကြောင့် အရိယာ သံဃာတော် အပေါင်းသည် "အဇ္ဈလိကရဏီယ"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

ရှိခိုးခံထိုက်သူတို့အား ရှိခိုးခြင်း

လူအပေါင်းတို့က ရဟန်းသံဃာတို့ကို မြင်လျှင် လက်အုပ်ချီမိုး အရိုအသေပြု ရှိခိုးခြင်းသည် အကြောင်းမဲ့ မဟုတ်၊ ကောင်းမှုကုသိုလ်အကျိုးကို အလိုရှိ၍ ရှိခိုးကြခြင်းဖြစ်၏။ ယင်းသို့ ကောင်းမှုကုသိုလ် အကျိုးကို အလိုရှိ၍ ရှိခိုးခြင်းကိုလည်း သိလသိက္ခာမရှိသော သာမန်ပုဂ္ဂိုလ်တို့ ခံထိုက်ကြသည်မဟုတ်၊ သီလ သမာဓိ ပညာ=သိက္ခာ သုံးပါး ဂုဏ်ရည်များနှင့် ပြည့်စုံသူတို့သာ ခံထိုက်ကြပါသည်။ ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာသံဃာတော်

များကား သီလ သမာဓိ ပညာ=သိက္ခာသုံးပါး အကျင့်ဂုဏ်ရည်များနှင့် အပြုထာဝစဉ် ပြည့်စုံလျက် ရှိသောကြောင့် လူတို့၏ ရှိခိုးခြင်းကို ကောင်းစွာ ခံထိုက်ကြပါသည်။

ရှိခိုးခံထိုက်သော အရာတို့သည် သက်ရှိ သံဃာတော် အရှင်မြတ်တို့သာ မဟုတ်ပါ။ သံဃာတော် အရှင်မြတ်တို့ ဝတ်စုံဆင်မြန်းသော အဝတ်သင်္ကန်း များမှာလည်း အာသဝေါကင်းကွာ ရဟန္တာစစ် ဖြစ်လိုသူများ ဝင့်သုံးပါးမှ လွတ်အောင် ရုံးထုတ်ကြရာတွင် ဤသင်္ကန်းကို ဝတ်ရုံ ဆင်မြန်း၍ ကြိုးပမ်း အားထုတ်တော်မူကြပြီး ဤသင်္ကန်းဖြင့်ပင် ကိလေသာခပ်သိမ်း ကင်းဝေးမြဲ စင်ကြယ်မှုကို ရကြသောကြောင့် လမ်းခရီး၌ မစင်များ လိမ်းကျံနေထေသ သင်္ကန်းကိုပင် တွေ့လျှင် လက်အုပ်ချီမိုး ရှိခိုးထိုက်ကြောင်းနှင့် ရဟန်းသံဃာ တော်တို့၏ အသုံးအဆောင် ပရိက္ခရာဟူသမျှ လူတို့အတွက် စေတီအရာ (အမြတ်တနိုး ကိုးကွယ် ပူဇော် ရှိခိုးရာ)၌ တည်၍ စေတီထိုက်လျက် ရှိသောကြောင့် လက်အုပ်ချီမိုး ရှိခိုးထိုက်ကြောင်း[၂] မိန့်ဆိုခဲ့ကြပါသည်။

ထို့ပြင် ပုထုဇဉ်ရဟန်းသည် ရဟန်းအဖြစ်ကို ပြုတတ်ကုန်သော နှစ်ဆယ်သော အကျင့် တရားတို့ကို လည်းကောင်း, နှစ်ပါးသော အဆင့် အပြင်တို့ကို လည်းကောင်း ကျင့်ဆောင်၏၊ သူတပါးကိုလည်း ထိုတရား၌ ကျင့်ဆောင်စေ၏။ "ငါ့အား ထိုရဟန်း၏ ကောင်းသော ကျင့်ဝတ်အလာသည်လည်းကောင်း, ကျင့်ဆောင်စေခြင်းသည်လည်းကောင်း မရှိ"ဟု နှုတ်သွင်း၍ သောတာပန် လူဒါယကာသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်းငှါ, ရိုးဦး ကြိုဆိုခြင်းငှါ ထို၏ ဟူ၍ မိလိန္ဒမင်းကြီးအား အရှင်နာဂသေနထေရ်က မိန့်တော်မူခဲ့ပါသည် (မိလိန္ဒပဉှာ။ ၁၆၃)။

ဤ၌ ရဟန်းသံဃာ ရတနာ မြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို သိ၍ လက်အုပ်ချီမိုး ရှိခိုးခဲ့ကြပုံ သာဓကများကို ကြည်ညို သဒ္ဓါပွား၍ အတုယူ မှတ်သားနိုင်ရန် ဖော်ထုတ် တင်ပြထားပါသည်—

"အနာထပိဏ်သူဌေးကြီး၏ သမီး "စူဠသုဘဒ္ဒါ"သည် မိစ္ဆာဒိဋ္ဌိ "ဥဂ္ဂ" သူဌေးသား"နှင့် အိမ်ထောင်ကျ၍ မိစ္ဆာဒိဋ္ဌိ ဘုန်းကြီးများကို ရှိမခိုးသည့်အတွက် ယောကျ်မလုပ်သူက "သင် ရှိခိုးသော ဘုန်းကြီး များဟာ ဘယ်လို အမျိုးအစားလဲ"ဟု မေးရာ "လောကဓံရှစ်ပါးကြောင့် ပြောင်းလဲခြင်း မရှိပုံ၊ ဟည်ငြိမ် အေးချမ်းပုံ၊ အတွင်းရော အပြင်ပါ

၁။ အပ၁၁။၅၂။ အပဋ္ဌ၁၁၊၃၃၁–၂။ ၂။ ဝိ၁၄၊၂၊၆၇။

ဖြူစင် မြင့်မြတ်ပုံ စသည်မျှားကို ပြန်လည် ဖြေကြားခဲ့ပါဆည်။ (ဓမ္မပဒ၊ဋ္ဌ၊၂။ စူဠသုဘဒ္ဒါဝတ္ထုနှင့် အဂုံတ္တရ၊ဋ္ဌ၊၂။ ကာဠကာရာမသုတ် အဖွင့်ဋ္ဌ အကျယ်ရှုနိုင်ပါသည်)

ထို့ပြင် သိကြားမင်းကြီးသည် ရထားထိန်း မာတလိနှင့် အပျော်ခရီးထွက်ခါနီး ဇဝဇယန္တာ ပြာသာဒ်မှအထွက် ရဟန်း သံဃာတော်များကို လှမ်း၍ ရှိခိုးသည်ကို မြင်၍ မာတလိ-က-

"နတ်မင်းကြီး ဖြစ်ပါလျက် အဓိဝမ်းခါင်း အပုပ်အစပ်အတွင်းမှာ ဇောင်းပြီး ယုတ်ညံ့သော လူသားများကို ဘာလို ရှိခိုးရသလဲ၊ သင် နတ်မင်းကြီး ရှိခိုးတဲ့ သံဃာတော်ဆိုတာ ဘယ်လိုဟာလဲ"ဟု မေးမြန်းလေ၏။

ထိုအခါ သိကြားမင်းက မာတလိအား အောက်ပါအတိုင်း ပြန်လည် ပြောပြလေသည်-

"မာတလိ....သံဃာတော်ဆိုတာ အိမ်ရာ မထောင်ဘဲ တောထဲမှာ နေတယ်၊ အိုး, တောင်း, ကျီကြမထား ဆွမ်းခံစားကြတယ်၊ အညီ အညွတ် ပြောဆိုတိုင်ပင်ကာ ဆိတ်ငြိမ်အေးဆေးစွာ နေထိုင်ကြတယ်။

သတ္တဝါတွေဟာ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွား ဆန့်ကျင်ကြတယ်၊ နတ်တွေတောင်မှ အသုရာတွေနဲ့ ရန်ဖြစ်ကြရသေးတယ်၊ သံဃာတော်တွေဆိုတာ ခိုက်ရန်မမှု လက်နက်ကို စွန့်လွှတ်ထားပြီးသူတွေ ဖြစ်တယ်။

တွယ်တာစရာမျှားလှတဲ့ဘဝ တွယ်တာနေကြသူမျှား အကြားမှာ ဘာကိုမှ တွယ်ဘာခြင်း မရှိကြဘူး မာတလိ၊ ဒါကြောင့် ငါ ရှိခိုးခြင်း ဖြစ်တယ်"ဟု ပြန်လည် ပြောပြဖူးလေသည် (သံ၊၁၊သံဃဝန္ဒနာသုတ်။ ၂၃၇-၈)။

ရှိခိုးခံထိုက်သူမဟုတ်ဘဲ ရှိခိုးခံခြင်း

ပုထုဇဉ် ရဟန်း သံဃာတော်များသည် လက်အုပ်ချီမိုး ရှိခိုးခံထိုက်လောက်အောင် သီလ, သမာဓိ, ပညာ-သိက္ခာသုံးပါးနှင့် ပြည့်စုံသူများရှိသလို ပျက်စီးနေသူများလည်း ရှိတတ်၏။ သီလသိက္ခာ ပျက်စီးနေသူများ ဖြစ်လျှင် လူတို့က အရှိအသေ ပြု၍ လက်အုပ်ချီမိုး ရှိခိုးမှုကြောင့် မိမိတို့အပေါ် ဒုက္ခကြုံးလေးသော တာဝန်များ တက်ရောက်လာဖွယ် ရှိပါသည်။ ဤဥ် အလွန်သံဝေဖြစ်ဖွယ်ကောင်းသော ဘုရားရှင်၏ အဆုံးအမတော် စကားကို သတိထားနိုင်ကြရန် ဖော်ထုတ်တင်ပြထားပါသည်—

ခြေသလုံး နှစ်ဖက်တွင် ခိုင်ခဲ့မာကျောသော သားရေကြိုးဖြင့် ရစ်ပတ်၍ ပွတ်ဆွဲခံရသဖြင့် အရိုး ရိုးတွင်းခြင်ဆီခိုက်အောင် အသားတွေ ပြတ်ကြေရသူ၏ ဒုက္ခဆက် လူတို့ ရှိခိုးခံရခြင်းကြောင့် ဖြစ်ရသောသီလ မရှိသူ၏ ဆင်းရဲက လွန်ကဲလှ၏။

လှံမကြီးဖြင့် ရင်ဝ အထိုးခံရသူ၏ ဆင်းရဲထက် သီလမရှိဘဲ လူတို့ လက်အုပ်ချီ ရှိခိုးမှုခံရသော ရဟန်း၏ ဒုက္ခက သာ၍ ပြင်းထန်လှ၏။

ရဲရဲပြောင်ပြောင် မီးလှုံစွဲလောင်သော သံပြားကြီးကို ကိုယ်ဝယ် လွှမ်းခြုံရသူ၏ ဒုက္ခထက် ဒါယကာတို့ လှူသော သင်္ကန်းကို ဝတ်ရုံခြင်းကြောင့် ဖြစ်သော သီလ မရှိသော ရဟန်း၏ ဒုက္ခက ကြီးလေးလှဘိ၏။

မီးလှုံရဲရဲ သံတွေခဲကြီးကို မျိုရသူ၏ ဒုက္ခထက် ဒါယကာ, ဒါယိကာမတို့ လှူသော ဆွမ်းကို စားခြင်းကြောင့် ဖြစ်ရမည့် သီလ မရှိသော ရဟန်း၏ ဒုက္ခက သာလွန် ဆိုးဝါးလှ၏။

မီးလှုံပြောင်ညီး သံအိုးကြီးထဲ၌ နေရသူ၏ ဒုက္ခထက် ကျောင်း၌ နေခြင်းကြောင့် ဖြစ်ရသော သီလမရှိသော ရဟန်း၏ ဒုက္ခက ကြီးလေး ဆင်းရဲလှ၏ (အံ၊ ၂။၄၉၅။ ဝိသုဒ္ဓိ၊ ၁။၇၂)။

ရှိခိုးခြင်းကြောင့် လှုက်ငင်းရသော အကျိုးများ

ဒေါသမာန်မာနကို နှိမ်ချုံးပယ်သတ်၍ ရဟန်းသံဃာ(ရတနာမြတ်သုံးပါး)ကို ရှိခိုးခြင်း ပဏာမစေတနာကံသည် "ဒိဋ္ဌမ္မဝေဒနီယကံ"ကဲ့သို့ ယခုဘဝ၌ လှုက်ငင်းဒိဋ္ဌ အကျိုးကို ရစေနိုင်၏။ ကံနှစ်ပါး၏ ခြားနားချက်ကား ဒိဋ္ဌမ္မဝေဒနီယကံမှာ—

(၁) အလှူခံပုဂ္ဂိုလ်က အနာဂါမ်, ရဟန္တာ တစ်ပါးပါးဖြစ်ခြင်း၊

(၂) အနာဂါမ်, ရဟန္တာပင် ဖြစ်စေကာမူ ဖလသမာပတ် ၎င်စားထူမှ ထွက်လာခိုက်ဖြစ်ခြင်း၊

(၃) လှူဖွယ်ပစ္စည်းက ကထူးသဖြင့် ရသော (ဓမ္မိယလဒ္ဓ) ပစ္စည်းမျိုး ဖြစ်ခြင်း၊

(၄) မလှူမီ, လှူဆဲ, လှူပြီး ဝမ်းမြောက်ဝမ်းသာ စေတနာသုံးတန် ညီခြင်း—

ဟူသော အကျိုးပေး အာဂံရပ် လေးချက်နှင့် ပြည့်စုံရ၏ဘ။ ရှိခိုးခြင်းပဏာမ စေတနာကံမှာကား အကျိုးပေးအာဂံရပ် လေးချက်အထိ မလို။ (၁) ရှိခိုးခံသူနှင့် (၂) ရှိခိုးသူဟူ၍ အာဂံရပ် နှစ်ချက်သာ ပြည့်စုံရန် လိုသည်၊ ဤကား ခြားနားချက်တည်း။

ထိုတွင် ရှိခိုးခံသူက အတုမရှိသော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသည့် ဘုရား, တရား, သံဃာ=ရတနာမြတ်သုံးပါး ဖြစ်ရန်နှင့် ရှိခိုးသူက အလွန်အလွန် ထက်မြက် ကောင်းမွန်သော စေတနာသဒ္ဓါတရားနှင့် ပြည့်စုံရန်ကား အထူး လိုအပ်၏။ (အခြေခံ သီလတရားလည်း ပြည့်စုံစွာ ရှိထားရမည်သာ။) ဤအင်္ဂါ နှစ်ချက်နှင့် ပြည့်စုံလျှင် စေတနာသဒ္ဓါတရားများ လေးနက် ထက်သန်သည်နှင့် အမျှ အန္တရာယ် ကင်းပျောက် လိုရာ ပြီးမြောက်ခြင်း စသော ကောင်းကျိုးချမ်းသာတရားများ ရရှိခံစားနိုင်ကြမည်မှာ သေချာလှပါသည်။ ကျမ်းတကာတို့၏ အဦးအစ၌ "နမော တဿ" ပဏာမဖြင့် ဘုရားရှိခိုးကြခြင်းမှာလည်း ဤအကျိုးများကို ရလိုရှိ ရှိခိုးကြခြင်းသာ ဖြစ်ပါသည်။ ဤ၌ ရှိခိုးခြင်းကြောင့် လက်ငင်းရသော အကျိုးများကို ဆက်လက်တင်ပြထားပါသည်-

> ဘုဥ်းရှင် လက်ထက်တော်က နေ့ည ချက်ချင်း သေဘေးကြီးဆိုက်ရန် ကံပါလာသော "ဒီဃာယု"ခေါ် သတ္တိသားသည် ဘုရားအမှူးရှိသော သံဃာတော်များကို ရှိခိုးရသဖြင့် သေဘေးမှ လွတ်ကာ အသက်(၁၂၀) ရှည်ခဲ့ပူး၏။

"ဒီဃာယု"သတ္တိသားကဲ့သို့ အသက်သိကွာ ဂုဏ်ဝါကြီးသူနှင့် ဘုရား, တရား သံဃာ=ရတနာမြတ်သုံးပါးအား ရှိခိုးသူတိုင်း—

(၁) အသက်ရှည်ခြင်း (အာယု)၊
(၂) အဆင်းလှခြင်း (ဝဏ္ဏ)၊
(၃) ထောက်ကင်းမျှ ကိုယ်ရောဝိတ်ပါ ချမ်းသာခြင်း (သုခ)၊
(၄) ကိုယ်လက်ကြွခိုင်မြဲ အားခွန်ဗလ ကြီးမားခြင်း (ဗလ)၊
(၅) အသိဉာဏ်ကြီးမားခြင်း (ပဋိဘာဏ)-

ဤအကျိုးငါးပါး ရကြောင်းကိုလည်း ဘုရားရှင် ဟောကြား မိန့်မြွက်တော်မူခဲ့ပါသည် (ဓမ္မပဒဋ္ဌ၊ အာယုဝဏ္ဏသတ္တိသားဝတ္ထု။ ၄၂၃-၄၂၅)။

၁။ ဓမ္မပဒဋ္ဌ၊ ၂၊ သုခသာမဏေရဝတ္ထု။ ၅၉။

၉။ အနုတ္တရပုညက္ခေတ္တဂုဏ်တော်

အနုတ္တရပုညက္ခေတ္တ = (အနုတ္တရ = အတုမရှိ လွန်မြတ်သော+ ပုညက္ခေတ္တ=ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော သံဃာတော်။ "ပုညက္ခေတ္တ"ကို "ပုန်ညက်ခစ်တ"ဟု ဆိုထုံးတော်ပါ။)

ဘုရားရှင်၏ တပည့်အစစ် ဖြစ်ကော်မူသော အရိယာ သံဃာတော် အပေါင်းသည် သီလ, သမာဓိ, ပညာ=သိက္ခာဂုဏ်ရည် စုံညီပြည့်ဝတော်မူသောကြောင့် ကုသိုလ်ကောင်းမှုတည်းဟူသော မျိုးစေ့ဘို၏ စိုက်ပျိုးကြဲချရာ အတုမရှိ ကောင်းမြတ်သော လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏။ ထို့ကြောင့် အရိယာ သံဃာတော် အပေါင်းသည် "အနုတ္တရပုညက္ခေတ္တ" ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

[ဤ "အနုတ္တရပုညက္ခေတ္တ" ဂုဏ်တော်ကို တလောကလုံး၏ (ကောင်းမှုမျိုးစေ့ဘို့ကို စိုက်ပျိုးကြဲချရာ အတုမရှိသော) လယ်ယာမြေနှင့် တူစေတော်မူသောကြောင့် "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဂုဏ်တော်ဟူ၍လည်း အပြည့်အစုံ ခေါ်ဝေါ်သုံးနှုန်းကြ၏။]

လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူခြင်း

အရိယာ သံဃာတော် အပေါင်းသည် လယ်ယာမြေကောင်းနှင့် တူ၏၊ ကောင်းမှုရှင်းကား လယ်သမားနှင့် တူကြ၏။ ကောင်းမှုရှင် ပြုလုပ်သော လှူဒါန်းမှု ဒါနစေတနာသည် အောင်အောင်မြင်မြင် အနှစ်အဆံ ပြည့်ဝသော မျိုးစေ့ကောင်းနှင့် တူကြသည်။

လယ်ယာစိုက်ပျိုးရာတွင် ပေါင်းပင်မြက်ပင်များ ကင်းရှင်း၍ မြေဆီမြေသြဇာ ကြွယ်ဝသော လယ်မြေ၌ စိုက်ပျိုးသော မျိုးစေ့များသည်သာ စည်ပင်ပြန့်ပွား ဖွံ့ထွားကြီးမားသကဲ့သို့ ကောင်းမှုပြုရာတွင်လည်း ကိလေသာ အညစ်အကြေး တို့မှ ကင်းဝေးစင်ကြယ်ပြီး သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံသော အရိယာသံဃာတော်များ၌ လှူဒါန်းမှုပြုလုပ်ကြမှသာ နောင်အချိန်ကျသော အခါ ဆလွန်ကြီးမား ဖွံ့ထွားသော အကျိုးများကို ရရှိခံစားနိုင်ဖို့ ရှိပါသည်။

ထို့ကြောင့် အရိယာသံဃာဟူ၍ သီသီသာသာ မထင်ရှားသော ယခုအခါ မျိုးတွင်သံဃာများနှင့် စပ်ဆိုင်သော ကထိန်သင်္ကန်းလှူဒါန်းမှု, နွေစဉ် ဆွမ်းလောင်းမှု စသော ကိစ္စများ၌ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော အရိယာသံဃာ

တော်မျှားနှင့် တသာသနာလုံးရှိ သံဃာတော်များကို ရည်မှန်း၍ လှူဒါန်း သင့်ကြပါသည်။ တစ်ပါး နှစ်ပါး စသည် လှူဒါန်းရာဌာလည်း သီလ, သမာဓိ, ပညာ ကောင်းစွာ လုံလောက်သော ပုဂ္ဂိုလ်များကို ရွေးချယ် လှူဒါန်းရန် မလွယ်ကူလျှင် တသာသနာလုံးရှိ သံဃာတော်များ၏ ဂုဏ်ကိုသာ ရည်မှန်း၍ လှူဒါန်းခြင်းဖြင့် ဖွံ့ဖြိုးကြီးမား များပြားသော အကျိုးစီးပွားကို ရရှိခံစား နိုင်ကြမည် ဖြစ်ပါသည်။

ရွာဦးကျောင်းဘုန်းကြီးရှိ၍ အကျိုးရပုံအကြောင်း

အရိယာ ဖြစ်ပြီးသော ရဟန်း သံဃာတော်များ မဟုတ်ကြစေကာမူ သီလ သိက္ခာကို ကောင်းစွာ စောင့်စည်း၍ အရိယာဖြစ်ဖို လမ်းကို ကြိုးပမ်းလျှောက် လှမ်းနေကြသော ပုထုဇဉ် သီလဝန္တ ရဟန်း သံဃာတော်များလည်း အများ အပြား ရှိနေကြပါ၏။ ယင်း ပုထုဇဉ် သီလဝန္တ ရဟန်း သံဃာတော်များကို ရွာဦး ရွာထိပ်တွင် ထားပြီး လေးလေးစားစား ကိုးကွယ်ဆည်းကပ် သွားကြ လျှင်လည်း ကောင်းမှုကုသိုလ်များ တိုးပွားနိုင်ကြပါသည်။ ရှေးအခါက မြန်မာ နိုင်ငံ ရပ်တိုင်း ရွာတိုင်း၌ လူကောင်းသူကောင်းများ ပေါများခဲ့ပြီး ယနေ့အထိ သာသနာဆက်နိုင်ခဲ့သည်မှာ ရွာဦးကျောင်း ဘုန်းကြီးများ ရှိ၍ အကျိုးရခဲ့ပုံ သာဓကများပင် ဖြစ်ပါသည်။ ဤစကားကို ပိုမို၍ ယုံကြည်သဒ္ဓါ ပွားနိုင်ကြရန် ဘုရားရှင်၏ မိန့်တော်မူချက် စကားများကို ဆက်လက် တင်ပြအပ်ပါသည်—

ရဟန်းတို့....အကြင်ရွာကို ဖြစ်စေ, အကြင်နိုဂုံး (မြို့)ကို ဖြစ်စေ သီလရှိသော ရဟန်းတို့ မှီတင်း နေထိုင်ကြကုန်၏။ သီလရှိသော ရဟန်း ကောင်းတို့၏ နေထိုင်ရာ ထိုရွာ၌(ထိုနိုဂုံး,ထိုမြို့၌) လူတို့သည် ကိုယ်အနေ အားဖြင့် ကောင်းမှု ကုသိုလ် များစွာ တိုးပွားကြကုန်၏။ နှုတ်အပြော အားဖြင့်လည်း ကောင်းမှု ကုသိုလ် များစွာ တိုးပွားကြကုန်၏။ စိတ်အကြံအားဖြင့်လည်း ကောင်းမှုကုသိုလ် များစွာ တိုးပွားကြကုန်၏ (အင်္ဂုတ္တိုရ် တိကနိပါတ်၊ ပဌမပဏ္ဏာသက၊ ၅-စူဠဥဝဂ်၊ ဆဋ္ဌသုတ်)။

ထို့ပြင် "ကောသလမင်းကြီးက အဘယ်ပုဂ္ဂိုလ်မျိုး၌ လှူအပ်သော အလှူသည် အကျိုးကြီးပါသလဲ"ဟု လျှောက်ထားရာ "သီလရှိသော ပုဂ္ဂိုလ်အား လှူသော အလှူသည် အကျိုးကြီး၍ သီလ မရှိသော ပုဂ္ဂိုလ်အား လှူသောအလှူမှာ ထိုကဲ့သို့ အကျိုးမကြီး"ဟု ဘုရားရှင်က မိန့်တော်မူခဲ့ပါသည် (သံ၊၁၊ဣသိတ္တသုတ်။၉၉)။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၁၄—ပ-မ-သ-စ

ညောင်စေ့လောက်လှူ၍ ညောင်ပင်ကြီးလောက်အကျိုးရ

အရိယာ သံဃာတော်သည် ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချဖို့ဆု အတူမရှိသော လယ်ယာမြေကောင်းနှင့် တူပုံ သာဓကတစ်ခုကို ထုတ်ပြပါဦးမည်—

ဘုရားရှင် လက်ထက်တော်က ဆင်းရဲသူ အမျိုးသမီးတစ်ယောက်သည် လယ်ဧတာ စောင့်ရင်း သရေစာ အဖြစ်ဖြင့် စားဖို့ဆု ကောက်ညှင်း စပါးမျိုးကို လှော်၍ ပေါက်ပေါက် ဖောက်ထား၏။ "အရှင်မဟာကဿပ" မထေရ်မြတ်လည်း နိဂြောဓသမာပတ်မှ ထလျှင် ဆင်းရဲသူမလေးကို မြင်သဖြင့် လယ်တောသို့ ဆွမ်းခံကြွတော်မူသည်။

အမျိုးသမီးလေးသည် မိမိ စားဖို့ဆု ပေါက်ပေါက်ကလေးများကို လာရောက် လှူဒါန်းပြီးလျှင် ဝမ်းမြောက်ဝမ်းသာ မိမိ၏ အလှူကို အောက်မေ့လျက် လယ်စောင့်တဲသို့ ပြန်လေ၏။ ယင်းသို့ အပြန်တွင် ကစင်း (ကန်သင်း)ရိုးမှ မြွေကိုက် ခံရသဖြင့် ချက်ချင်း သေဆုံးရရှာသည်။

ထိုအခါ မိမိ ကုသိုလ်ကို ဝမ်းမြောက်သော စိတ်က စွဲနေသဖြင့် ထိုကုသိုလ်စိတ်ကြောင့် နတ်ပြည်သို့ ရောက်ရကာ ပေါက်ပေါက်ဇာတွဲ တွဲရရှိဆဲနေသော ဘုံဌာ နတ်သမီး ဖြစ်၍ "လာဇာ (ပေါက်ပေါက်) နတ်သမီး" ဟု ထင်ရှားလေသည်။

ထိုနောက် "အရှင်မဟာကဿပ" မထေရ်ကို ကျေးဇူး တင်လှူ၍ ဝတ်ကြီး ဝတ်ငယ် ပြုစုလိုသောကြောင့် "အရှင်မဟာကဿပ"နေရာ လိုက်ဂူသို့ ဆင်းလာသောအခါ "အရှင်မဟာကဿပ"က အပြုအစု မခံသဖြင့် ငိုငိုရှိရှိနှင့် နတ်ပြည်သို့ အပြန်တွင် ဘုရားရှင်က မြင်တော်မူ၍ တရား ဟောပြတော်မူရာ "သောတာပန်" အဖြစ်သို့ ရောက်လေသည် (ဓမ္မပဒ၊ ၎၊ ပါပဝဂ်)။

ဤသာဓကဌာန အနည်းငယ်သော ပေါက်ပေါက်ကလေးများကို လှူဒါန်းမှုကြောင့် နဝ်စည်းစိမ်ကို ရရုံမျှမက သောတာပန် ဖြစ်သည်တိုင်အောင် ကြီးကျယ်သော အကျိုးထူးကို ရခဲ့သည်မှာ ညောင်စေ့ကလေး စိုက်ပျိုးလိုက်၍ ညောင်ပင်ကြီး ထိုးထိုးမားမား ကြီးကြီးထွားထွား ပေါက်လာရသည့်ပမာ ဖြစ်ပါတော့သတည်း။

ကျွန်ဘဝမှ လွတ်မြောက်၍ သင်္ဃဘဝရောက်လာသော သင်္ဃကြီး ပုဏ္ဏအကြောင်း

လယ်ယာမြေကောင်းခြင် စိုက်ပျိုးအပ်သော မျိုးစေ့သာ လိုသလောက် အသီးအနှံကို ရစေနိုင်သကဲ့သို့ သီလရှိသော ပုဂ္ဂိုလ်များခြင် ပြုအပ်သောကုသိုလ်ကောင်းမှု မျိုးစေ့သာ လိုသလောက် အကျိုးကို ဖြစ်ထွန်း ရရှိစေနိုင်ပါသည်။ ရရှိခဲ့ပုံသာဓကတစ်ခုမှာ—

ရာဇဂြိုဟ်ပြည်၌ "သုမနသေဋ္ဌီး"၏ ကျွန်ဖြစ်သော "မောင်ပုဏ္ဏ" သည် နက္ခတ်သဘင်ပွဲနေ့၌လည်း ပျော်ပွဲရွှင်ပွဲသို့ သွားခွင့် မရဘဲ လယ်ထွန်ရာသို့ သွားရ၏။ နံနက်စောစော လယ်ထွန်ရာ အရပ်၌ "အရှင် သာရိပုတ္တရာမထေရ်မြတ်"ကို မြင်၍ ရေနှင့် ဒန်ပူလှူဒါန်း၏။

"မောင်ပုဏ္ဏ"၏ ဇနီးသည်လည်း "မောင်ပုဏ္ဏ"ထံသို့ ထမင်းပို့သွားရာ လမ်းခရီး၌ "အရှင်သာရိပုတ္တရာမထေရ်မြတ်"ကိုပင် မြင်၍ ရှိသေစွာ ရှိခိုးပြီးလျှင် "အရှင်ဘုရား....အကောင်းအဆိုး သဘော မထားဘဲ တပည့်တို့ ကျေးကျွန်တို့အား ချီးမြှောက်တော်မူပါ"ဟု တောင်းပန်၍ "မောင်ပုဏ္ဏ"အတွက် ချက်လာသော ထမင်းကို မထေရ်မြတ်အား အကုန်လှူလိုက်၏။

ထို့နောက် အိမ်ပြန်၍ ထမင်း ချက်ပြီးလျှင် "မောင်ပုဏ္ဏ"ထံသို့ သွားပို့ရာ နေအလွန်မြင့်မှ "မောင်ပုဏ္ဏ"မှာ ထမင်း စားရရှာ၏။ "မောင်ပုဏ္ဏ"သည် ထမင်းပို့နောက်ကျသည်ကို အပြစ်မတင်သည့်အပြင် အရှင်သာရိပုတ္တရာအား လှူလိုက်ရသည့်ဆွမ်းအလှူကို သာဓုခေါ်လျက် ဝမ်းမြောက် ကြည်နူးနေရှာသည်။ ထို့နောက် "မောင်ပုဏ္ဏ"သည် သစ်ပင်ရိပ်၌ အိပ်ပျော်သွား၏လေ။

"မောင်ပုဏ္ဏ"အိပ်ရာမှ နိုးလတ်သော် တမနက်လုံး ထွန်ထားသော ထွန်ချေးခဲမြေတို့သည် အလုံးစုံ ရွှေအတိ ဖြစ်ကုန်၏။ ထိုအဖြစ်ကို ဘုရင်မင်းမြတ်အထိ သိ၍ "မောင်ပုဏ္ဏ"အား "ဗဟုဓနသေဋ္ဌီး"အမည် ပေးကာ သေဋ္ဌီးအဆောင်အယောင်ကို ပေးလေသည်။

တဖန် "မောင်ပုဏ္ဏ"သည် အိမ်ဆောက်ရန် ချုံတစ်ခုကို သုတ်သင်ရှင်းလင်းရာတွင် ရွှေအိုးများစွာ ရပြန်လေ၏။ အိမ်ဆောက်ပြီးသော အခါ ဘုရား အမှူးရှိသော သံဃာတော်များအား ခုနစ်ရက်ပတ်လုံး

အလှူကြီးပေး၏။ ထိုအလှူပွဲ၌ ဘုရားရှင်ဟောတော်မူသော တရားကို နာရှု၍ တားများတော် အဆုံးတွင် မောင်ပုဏ္ဏန္ဒင့် ဇနီး ၎င်းတို့သမီး "ဥတ္တရာ" မိသားစု သုံးဦးလုံး သောတာပန် အဖြစ်သို့ ရောက်ကြလေသည် (ဥပရိပဏ္ဏာသဠ။ ၃-၄)။

ဤ၌ အလှူခံပုဂ္ဂိုလ်၏ ဂုဏ်ကြီးမြတ်မှုကြောင့် ကြီးမြတ်သော အကျိုးကို ရရှိခဲ့ပါသည်။ သံဃာတော် အပေါင်းသည် တလော်ကးလုံး၏ ကုသိုလ်မျိုးစေ့ စိုက်ပျိုးကြဲချရာ ဖြစ်ထွန်းကြီးပွားရာ "အနုတ္တရပုညက္ခေတ္တ" ဂုဏ်ရှင် အမှန်ပင် ဖြစ်ပါသတည်း။

သံဃဉ္စ ဂုဏ်တော်ကိုးပါးနှင့် လေးစုံ=ရှစ်ပါးအရိယာသံဃာတော်များ

မင်္ဂလိုလ်၌ တည်သော (မင်္ဂလိုလ် ရပြီးသော) ပုဂ္ဂိုလ်ကို "အရိယာ"ဟူ ခေါ်၏။ "မြတ်သော သူ" တနည်းအားဖြင့် "ဖြူစင်သော သူ" ဟု အဓိပ္ပာယ် ရ၏။ "စတ္တာရိ ပုရိသယုဂါနိ"ဟူသော စကားအရ အရိယာ ဖြစ်ပြီးသော သံဃာတော်များကို အစုံဖွဲ့၍ ရောဂ့က်လျှင် (သောတာပတ္တိမဂ်ကို ရသော ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်ကို ရသော ပုဂ္ဂိုလ် နှစ်ပါးတဲ့လျှင် တစ်စုံ ဤသို့ စသည်ဖြင့် မဂ်ဖိုလ်ကို ရသော ပုဂ္ဂိုလ်နှစ်ပါးကို တစ်စုံစီ တဲ့လျှင်) အရိယာ လေးစုံဖြစ်၍ အသီးအခြား တစ်ပါးစီ တစ်မျိုးစီ ခဲ့၍ ရောဂ့က်လျှင် "အဋ္ဌပုရိသ-ပုဂ္ဂလာ"အရ ရှစ်မျိုး=ရှစ်ပါး ဖြစ်၏။

မဂ်ပုဂ္ဂိုလ် ၄-မျိုးနှင့် ဖိုလ်ပုဂ္ဂိုလ် ၄-မျိုး

(က) (၁) သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်၊
(၂) သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်။
(ခ) (၁) သကဒါဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်၊
(၂) သကဒါဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်။
(ဂ) (၁) အနာဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်၊
(၂) အနာဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်။
(ဃ) (၁) အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်၊
(၂) အရဟတ္တဖိုလ်၌ တည်သော ပုဂ္ဂိုလ်။

[ဤသို့ လေးစုံ=ရှစ်ပါး အရိယာသံဃာတော်များကို တစ်စုံစီ တဲ့ပြု, တစ်ပါးစီ ခဲ့ပြုခြင်းများသည် မဂ်ကို ရလျှင် ရချင်း ဖိုလ်ရသောကြောင့် မဂ်ပုဂ္ဂိုလ်နှင့် ဖိုလ်ပုဂ္ဂိုလ်တို့၏ တစ်ယောက်တည်းသာ ဖြစ်ကြောင်း သိစေလိုရှိ၍ တဲ့ပြု ခဲ့ပြုခြင်း ဖြစ်ဖွယ်ရှိကြောင်း မိန့်တော်မူကြ၏။ ဤနှစ် အရိယာသံဃာတော်များသည် တစ်ပါး နှစ်ပါး အရေအတွက်အားဖြင့် ထောင်သောင်းမက များသော်လည်း အမျိုးအစားအံ့ဖြင့် အထက် ဖော်ပြပါ ရှစ်မျိုးတွင် အားလုံး ပါဝင်ကြ၏။ "အရိယာပုဂ္ဂိုလ် ရှစ်ပါး, အရိယာပုဂ္ဂိုလ် ရှစ်ယောက်" ဟု ပြောစမှတ် ပြုကြသော်လည်း စင်စစ်မှာ ရှစ်ပါး, ရှစ်ယောက် မဟုတ်၊ ရှစ်မျိုးသာ ဖြစ်ပါသည်။]

လေးစုံ=ရှစ်မျိုး အရိယာ သံဃာတော်များသည် ဖော်ပြခဲ့သော သံဃာ့ဂုဏ်တော် ကိုးပါးနှင့် ကောင်းစွာ ပြည့်စုံတော်မူကြ၏။ သံဃာ့ဂုဏ်တော် ကိုးပါးတို့တွင် ရှေဦးပိုင်း အစဖြစ်သော "သုပ္ပဋိပန္နော" စသော ဂုဏ်တော် လေးပါးကြောင့် "အာဟုနေယျော" စသော နောက်ပိုင်း ဂုဏ်တော် ငါးပါးတို့ ပြီးမြောက်ကြရကား ရှေဦးပိုင်းအစ ဂုဏ်တော် လေးပါးတို့သည် အကြောင်း ဂုဏ်တော်များဖြစ်၍ နောက်ပိုင်းဂုဏ်တော် ငါးပါးတို့မှာ အကျိုးဂုဏ်တော်များ ဖြစ်ပါသည်။

အကြောင်းဂုဏ်တော် လေးပါး ဟူရာ၌လည်း အမည်နာမ ဂုဏ်အားဖြင့် လေးမျိုး ကွဲပြားသော်လည်း ကျင့်ကြံမှုအားဖြင့် လေးမျိုးလေးစား ခွဲခြားရှု ကျင့်ကြံနေရသည် မဟုတ်၊ တစ်ချက်ခုတ် လေးချက်ပြတ်ဟု ဆိုရအောင် အရိယာမဂ်တည်းဟူသော သမ္မာပဋိပတ်ကို ကျင့်ကြံကြလျှင်ပင် ရှေဂုဏ်တော် လေးချက် ပြည့်စုံလာပါသည်။ အကျိုးဂုဏ် ငါးပါးမှာလည်း တစ်ပါးနှင့် ပြည့်စုံက ငါးပါးလုံး တပါတည်း ပြည့်စုံနိုင်ကြမည်သာ ဖြစ်ကြောင်း မှတ်ယူသင့်ကြပါသည်။

ပရမတ္ထသံဃာနှင့် သမ္မုတိသံဃာ

သံဃာတော်သည်—

(၁) ပရမတ္ထသံဃာ၊

(၂) သမ္မုတိသံဃာ-

ဟူ၍ နှစ်မျိုး ရှိ၏။ ထိုတွင် "သုပ္ပဋိပန္နတာ" စသော ဂုဏ်တော်များနှင့် ပြည့်စုံ၍ အရိယာအဖြစ်သို့ ရောက်ပြီးဘော သံဃာတော်များသည် "ပရမတ္ထ" သံဃာတော်မည်၏။ အထက်တွင် ဖော်ပြခဲ့သည့် မဂ္ဂင်္ဂဝန် လေးယောက်နှင့် ဖလင်္ဂဝန် လေးယောက် ယင်း အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည် မုချအားဖြင့်

သံဃာမည်၏။ [ပရမတ္ထ=အစစ်အမှန် မဖောက်မပြန်နိုင်သော (ရဟန်းသံဃာတော်အဖြစ်မှ ပြောင်းလဲ၍ လူဝတ်ကြောင်ဘဝ စသည်သို့ ဘယ်နည်းနှင့်မျှ မလျှောကျနိုင်သော) + သံဃာ=အရိယာ ရဟန်းတော်များ၏ အပေါင်းအစု ဖြစ်သော သံဃာတော်။]

"သုပ္ပဋိပန္နတာ" စသော ဂုဏ်တော်များနှင့် အထိုက်အလျောက် ပြည့်စုံနိုင်၍ အရိယာ သံဃာတော်များနှင့် ဝိနည်းသိက္ခာ အကျင့် တူသောကြောင့် "သံဃာ"ဟု သမုတ်အပ်သော သံဃာတော်သည် "သမ္မုတိ"သံဃာတော်မည်၏။ (သမ္မုတိ=သမုတ်အပ် အသိအမှတ် ပြုအပ်သော+သံဃာ=ပုထုဇဉ် ရဟန်းတော်များ၏ အပေါင်းအစု ဖြစ်သော သံဃာတော်။) သမ္မုတိသံဃာတော်သည် ပုထုဇဉ်မျှသာ ဖြစ်၍ သံဃာအဖြစ်မှ လူဝတ်ကြောင်ဘဝသို့ လျှောကျနိုင်၏၊ အရိယာ သံဃာတော်များနှင့် အကျင့်သိက္ခာ တစ်စိတ်တစ်ဒေသအားဖြင့် တူညီသောကြောင့် တင်စားသောအားဖြင့် သံဃာဟူ၍ ခေါ်ဝေါ် ပညတ် သမုတ်အပ်သည်ဟု ဆိုလိုပါသည်။

အာရုံပြုရာတွင် သရဏဂုံ ဆောက်တည် ကိုးကွယ်ရာ၌ ဖြစ်စေ, သံဃာ့ဂုဏ်တော်များကို ရည်မှန်း၍ "သံဃာနုဿတိ" ကမ္မဋ္ဌာန်း စီးဖြန်းသော အခါ၌ဖြစ်စေ ပရမတ္ထသံဃာခေါ် အရိယာသံဃာတော်များ၏ "သုပ္ပဋိပန္နတာ" စသော ဂုဏ်တော်များကို အာရုံပြုရသည်။ သံဃိကဒါနအဖြစ် ကျောင်း, သင်္ကန်း, ဆွမ်း စသော အလှူ ပြုရာ၌ကား အာရုံပြုရာတွင် ပရမတ္ထသံဃာ, သမ္မုတိသံဃာ နှစ်မျိုးလုံး ပါဝင်ကြပါသည်။ ဥပမာ– ယခုကာလ စေတီ ပုထိုး ရုပ်ပွားဆင်းတုတော်များအား ပူဇော်ကြရာ၌ သင်္ကန်းထင်ရှား ဘုရားရှင် ကိုပါ ရည်စူး၍ ပူဇော်ကြသကဲ့သို့တည်း။

ဘုရားရှင်ကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ

ဘုရားရှင် တည်ထောင်တော်မူခဲ့သော ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်—

(၁) ပရိယတ္တိသာသနာ=ပါဠိတော်နှင့် အဋ္ဌကထာ ကျမ်းစာများ၊

(၂) ပဋိပတ္တိသာသနာ=တရားတော်အတိုင်း ကျင့်ကြံ အားထုတ်မှု၊

(၃) ပဋိဝေဓသာသနာ=သိမြင်ရရှိသော မဂ်ဖိုလ်နိဗ္ဗာန်တရား–

ဟူ၍ သုံးမျိုး ရှိ၏။ သံဃာတော်သည် သာသနာတော် မဟုတ်၊ သာသနာ့ဝန်ဆောင်များသာ ဖြစ်၏။ ယင်းသာသနာ့ဝန်ဆောင် ဖြစ်တော်မူကြသော သံဃာတော်များ၏ တာဝန်ကား ဖော်ပြပါ သာသနာ သုံးမျိုးကို ကိုယ်တိုင်

အားထုတ်ခြင်း, သူတပါးတို့ကို နားလည်အောင် ပို့ချဟောပြခြင်းအားဖြင့် ကွယ်ပျောက်မသွားအောင် စောင့်ရှောက်ရခြင်းဖြစ်၏။

ဤသာသနာတော် သုံးရပ်ကို မကွယ်ပအောင် ဘုရား လက်ထက်တော်မှစ၍ ကျမ်းဂန်ကို တတ်ကျွမ်းသည့် ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အဆင့်ဆင့် လက်ကမ်း၍ အဆက်ဆက် ဆောင်ရွက်တော်မူလာခဲ့ကြပါသည်။

အကယ်၍သာ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကြည့်၍ တရားကိုချည်း အားထုတ်နေကြသော်လည်းကောင်း, ရဟန်း သံဃာများကို အဆင့်ဆင့် အဆက်ဆက် စာပေများ မပို့ချဘဲ တာဝန်မဲ့စွာ အေးအေး နေခဲ့ကြသော်လည်းကောင်း, ဒါယကာ ဒါယိကာမတော့ကိုသာ ဦးစားပေး၍ ဟောရေး ပြောရေးလောက်သာ အလေးထား နေခဲ့ကြသော်လည်းကောင်း ဤသာသနာ သုံးရပ်သည် ဘုရားရှင် ဂရိန်ဗွာန် စံလွန်တော်မူပြီးနောက် မကြာခင် ကွယ်ပျောက်ခဲ့ရာ၏။

စာချဆရာတော်တို့၏ အပင်ပန်းခံလျက် ကျမ်းဂန်ပြုခြင်း, အဆင့်ဆင့် လက်ဆင့်ကမ်း၍ အဆက်ဆက် မပျက်မကွက် စာပေများ ပို့ချခြင်း, နှုတ်တက် အာဂုံ ဆောင်၍ ရွတ်အံ သရဇ္ဈာယ်ခြင်း စသော သာသနာစောင့် လုပ်ရပ်တို့ကြောင့်သာ ယခုတိုင်အောင် သာသနာတော်ကြီးကို အားလုံး ဖူးတွေ့နေကြရပါသည်။ ဤ၌ စာအုပ်ပေစာများ မရှိသေးမီ သီဟိုဠ် သာသနာခေတ်က သာသနာတော် တည်တံ့ရေးအတွက် အားကြိုးမာန်တက် အသက်နှင်းအပ် ဆောင်ရွက်ခဲ့ကြသော သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော် အရှင် မြတ်တို့၏ သာသနာစောင့် လုပ်ငန်းရပ်တစ်ခုကို ကြည့်ညိုသဒ္ဓါ ပွားနိုင်ရန် ဆက်လက် တင်ပြထားပါသည်—

"သီဟိုဠ်ကျွန်းဝယ် "စက္ကာလတိဿ" သူပုန်ဘေးကြီး ဖြစ်ပွားသော အခါ လူအများတို့ လုပ်ကိုင် စားသောက်ခြင်းငှာ မဖြစ်နိုင်သောကြောင့်လည်းကောင်း, မိုးခေါင် ရေရှား ဖြစ်နေသောကြောင့်လည်းကောင်း, ရဟန်းတော်များအတွက် အခက်အခဲကြုံတွေ့ရလေသော် ရဟန်းတော်အများပင် "ဇမ္ဗုဒီပ မင်္ဂါမဒေသ" သို့ ပြောင်းရွှေ့ကြရလေသည်။

ခြောက်ကျိပ်မျှသော ရဟန်းတော်တို့ကား ကမ်းနားသို့ ရောက်ပြီးမှ တစ်ဖက်ကမ်းကူးမည့် ဖောင်ကြီးပေါ် သို့ မတက်ကြဘဲ ထိုင်တော်မူတော်သော သီဟိုဠ်ကျွန်း၌ပင် နေရစ်ကြလေသည်။

ယင်းသို့ နေရစ်ကာ လူအများထံမှ ရသမျှသော သစ်ဥ, သစ်ရွက်, သစ်မြစ်တို့ကို ဘဉ်းပေးစားသောက်ပြီး (စာအုပ် ပေစာ မရှိသေးသော ထိုခေတ်ဝယ်) နှုတ်တက်ရထားသော ပိဋကတ် တရားတော်များကို မေ့ပျောက်မသွားစေရန် နေ့စဉ် ရွတ်အံ၍ နေကြရှာလေသည်။ အခြို့ နေထုများဒ်ကား သစ်ဥ, သစ်ဖုမျှပင် မရကြသောကြောင့် လင်းလျှောက်၍ စာမပြန်နိုင်လျှင် ထိုင်၍ စာပြန်ကြ၏။ ဝမ်းတွင်းဒဉ် အစာမရှိ၍ ပူလောင်လာလျှင် ဝမ်းပိုက်အေးစေရန် သဲတွေ့ စုမျှ သဲပုံပေါ်၌ ဝမ်းလျားမှောက်၍ ကျမ်းစာများကို စိတ်ဖြင့်သာ ရွတ်အံတော်မူကြလေသည် (အံဒ္ဓ၊၁။၇၁)။

ရဟန်း သံဃာတော်များသည် သာသနာတော် တည်တံ့ရေး၏ အခြေခံဖြစ်သော ပရိယတ် တရားတော်ကြီး မကွယ်ပျောက်အောင် ကောင်းစွာ လည်းကျင့် အဆင့်ဆင့်လည်း ဆောင်ရွက်ခဲ့ပါသည်။ ဤ အကြောင်းကို ကောင်းကောင်းသိသူ အဘယ်လူ အဘယ်နတ် အဘယ်ဗြဟ္မာ အဘယ်သတ္တဝါသည် အဘယ်မှာလျှင် စာပေသင်၍ အစဉ်ပို့ချ ရွတ်အံနေကြကာ ကောင်းစွာ ကျင့်နေကြသော ရဟန်း သံဃာတော်များကို မကြည့်ညို မကိုးကွယ်ဘဲ နေနိုင်ပါအုံနည်း။ ထို့ကြောင့် ရဟန်း သံဃာတော်များကို "ဘုရားအရာ ထား၍ ဘုရားရှင် ကိုယ်တော်စား သာသနာပြု ပုဂ္ဂိုလ်များ" အဖြစ် အစဉ်မြဲမြောက်စား ဓလေးစားယုံကြည် ကိုးကွယ်နေကြမည်သာ ဖြစ်ပါသတည်း။

သာသနာတော် အရှည်ခံ၍ တည်တံ့ရေးအတွက်
သံဃာတော်အား အလေးထားသင့်ပုံ

ဗုဒ္ဓမြတ်စွာသည် ညဉ့်အခါဝယ် အမှောင်ထုကြီးကို ပယ်ခွင်း၍ အလင်းကို ဆောင်သော လမင်းနှင့် တူတော်မူ၏။ ရဟန်း သံဃာတော်များကား လမင်း၏ ဝန်းကျင် ဝဲယာ၌ ထွန်းလင်း တောက်ပလျက်ရှိသော ကြယ်တာရာများနှင့် တူတော်မူကြပါသည်။

အစစ်အမှန် ဖြစ်သော "သွာက္ခာတ" စသော ဂုဏ်တို့နှင့် ပြည့်စုံသော စာရားမမွတ်မျှ ဗုဒ္ဓမြတ်စွာ လမင်းမှ ထွန်းလင်းထွက်ပေါ်လာသော အရောင် အဝါများနှင့် တူတော်မူကြ၏။ လမင်းကြီး ဝင်သွားသောအခါ ကြယ်တာရာတို့၏ အလင်းရောင်ကိုသာ အားပြုရတော့သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ လမင်းရကာနှာကြီး ကွယ်ပပြီးရာ ယခုလို အခါ၌ သံဃာရတနာမှ တဆင့် ထွက်ပေါ်လာသော တရားမမွ အရောင်ကိုသာ အားကိုးကြရပါသည်။

"အရှင်မဟာကဿပ" မထေရ်မှ စ၍ သံဃာရတနာဝင် အရှင်မြတ်တို့သည် ယနေ့တိုင်အောင် တရားမမှ အရောင်ကို ထွန်းပြောင်စေတော်မူခဲ့ကြသည့် အတွက် ကျေနပ် အားရဖွယ်ရာ လှုန်စွာ ကျေးဇူး ကြီးမားတော်မူကြပါသည်။

သာသနာတော် အရှည်ခံ၍ တည်တံ့ထွန်းလင်းရေးအတွက် သံဃာတော်၏ အရေးပါမှုကို ကောင်းစွာ သိမြင်တော်မူသောကြောင့် ဘုရားရှင် ကိုယ်တော်တိုင် ရဟန်း သံဃာတော်များကို လှုန်စွာ အရေးထား၍ လေးစားတော်မူခဲ့ပါသည်။ ထင်ရှားသော သာကေတစ်ခုမှာ—

> မိထွေးတော် ဂေါတမီသည် ဗုဒ္ဓရှင်တော်ဘုရားကို သင်္ကန်းလှူလို၍ ရက်ကန်းသည်များကို သီးခြား အမိန့်ပေးကာ ကိုယ်တိုင်လည်း ပါဝင်၍ သင်္ကန်းကို ရက်လုပ်၏။ သင်္ကန်းရက်လုပ်ပြီး၍ ဘုရားရှင်အား လှူဒါန်းသောအခါ–
>
> ဘုရားရှင်က– "သံဃေ တုံ ဂေါတမီ ဒေဟိ၊ သံဃေ တေ ဒိန္နေ. အဟဉ္စေဝ ပုဇိတော ဘဝိဿာမိ သံဃော စ=ဂေါတမီ....သံဃာအား လှူလိုက်လော့၊ သံဃာအား လှူလျှင် ငါ့အားလည်း ပူဇော်ရာရောက် လိမ့်မည်"ဟု မိန့်တော်မူသည် (ဥပရိပဏ္ဏာသ၊ ဧကိဏာဝိဘင်္ဂသုတ်။ ၂၉၉)။

ဤသို့ ဘုရားရှင် မိန့်တော်မူခြင်းမှာ မိထွေးတော် ဂေါတမီအား ဘုရားရှင်၌ စေတနာသုံးတန်, သံဃာတော်၌ စေတနာသုံးတန် စေတနာခြောက်တန်ရှိ၍ ကျေးဇူးများစေလိုသောကြောင့် ဖြစ်၏။ ထို့ပြင် နောင်လာသူ လူအပေါင်းတို့ အနေဖြင့် ရဟန်း သံဃာများအား အလေးပြုစေလိုသောကြောင့် ဤသို့ မိန့်တော်မူခြင်းဖြစ်၏။ ရဟန်း သံဃာများအား အလေးပြုစေလိုပုံမှာ –"ငါ ဘုရားသည် ကြာမြင့်စွာ မကြာမီ၊ ဤသာဝက ရဟန်းသံဃာများသည်သာလျှင် ကြာမြင့်စွာ တည်မည်၊ ငါဘုရား၏ အဆုံးအမ သာသနာသည်လည်း ဤရဟန်း သံဃာတော် အပေါင်းဥာဏ်သာလျှင် နှစ်ပေါင်းငါးထောင် မြားမြောင်ခံရှည် တည်ပေမည်။ ဤရဟန်း သံဃာတော် အပေါင်းသည်လည်း မြတ်သော အလှူကို ခံထိုက်သော ဒက္ခိဏေယျ ပုဂ္ဂိုလ်များပင် ဖြစ်၏။ ဤသို့ နောင်လာသူ လူအပေါင်းတို့ သိရှိ၍ ရဟန်းသံဃာတော်များအား အလေးပြုလျှင် သာသနာတော်သည်လည်း ကြာမြင့်စွာ တည်လိမ့်မည်"ဟူ၍ ဖြစ်ပါသည်။

ဘုရားရှင် ကိုယ်တော်တိုင် ဤသို့ ဤပုံ ဥဒီးစားပေး၍ အလေးထား အာရုံပြုတော်မူခဲ့သော ရဟန်း သံဃာတော်များအား သာသနာတော် အရှည်ခံ၍ တည်တံ့ရေးအတွက် အထူး အလေးထား ဆည်းကပ် ကိုးကွယ်သင့်ကြပါသည်။

ရတနာသုံးပါး ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ပုံ

မကျဉ်းမကျယ် သိလွယ်ရုံမျှ ဖွင့်ပြခဲ့သော ရတနာသုံးပါး ဂုဏ်တော်ဖွင့်ကား အပြီးအဆုံးသို့ ရောက်ပါပြီ။ ဂုဏ်တော် ပူဇော်မှု "ဗုဒ္ဓါနုဿတိဘာဝနာ ဓမ္မာနုဿတိဘာဝနာ, သံဃာနုဿတိဘာဝနာ"နှင့် ပတ်သက်၍—

(၁) ဉာဏ်ဖြင့် ဆင်ခြင်ပူဇော်မှုခြင်း၊

(၂) နှုတ်ဖြင့် ရွတ်ဆိုပူဇော်မှုခြင်း—

ဟူ၍ ပူဇော်မှုပုံ ပူဇော်နည်း နှစ်မျိုး နုစ်ဘေးရှိဆု ဉာဏ်ဖြင့် ဆင်ခြင်ပူဇော်မှုခြင်းမှာ တကယ့် ဘာဝနာစစ် လုပ်ငန်းဖြစ်၍ တကယ်လည်း အကျိုးကြီးမား လှ၏။ ယင်းသို့ ဆင်ခြင် ပူဇော်မှုနိုင်ခဲသဖြင့် ဂုဏ်တော်များ၏ အနက်အဓိပ္ပါယ်ကို သဘောပေါက် သိမြင်မှု ရှိရန် အထူး လိုအပ်၏။ ဤကျမ်းဌာ ဖော်ပြထားသော ဂုဏ်တော်ဖွင့်များသည် အထပ်ထပ် အခါခါ ဖတ်သူတို့အတွက် ဂုဏ်တော်များ၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို သဘောပေါက် သိမြင်နိုင်အောင် အထောက်အကူ ဖြစ်စေနိုင်ပါလိမ့်မည်။

လက်တွေ့ ဆင်ခြင် ပူဇော်မှုလိုသူတို့ အတွက်လည်း "ပူဇော်နည်း"ကို ဘုရားဂုဏ်တော်ဖွင့် အဆုံးခန်း (စ၁-၁၁၇)၌ အသင့် ဖွင့်ဆိုပြထားပြီး ရှိပါ လေပြီ။ ထို၌ ဘုရားဂုဏ်ကို ပဓာနပြု၍ ဖွင့်ပြထားသော်လည်း ထိုနည်းကို စံထား၍ ကျန် တရားဂုဏ်နှင့် သံဃာဂုဏ်များကိုလည်း အလွယ်တကူ ပူဇော်နိုင်ကြပါသည်။

ရတနာသုံးပါး ဂုဏ်တော်များ၏ ပါဠိသက်သက်ကိုသာ ရဲ၍ အနက်အဓိပ္ပါယ် ကို သဘောပေါက် သိမြင်နိုင်မှု မရှိသူတို့အတွက်လည်း စိတ်ပျက်အားငယ်စရာ မရှိပါ။ အနက်အဓိပ္ပါယ်ကိုပင် မသိငြားသော်လည်း ဘုရား၌၎င်း၏ ဂုဏ်တော်, တရားတော်၏ ဂုဏ်တော်နှင့် သံဃာတော်များ၏ ဂုဏ်တော်များကို အာရုံပြု၍ ဂုဏ်တော် ပါဠိများကို နှုတ်က အမြဲမပြတ် ရွတ်ဆိုပူဇော်မှုခြင်း၊ စိတ်ထဲက ရည်မှတ်၍ ရွတ်ဆို ပူဇော်မှုခြင်းကို ပြုလုပ်နိုင်ပါသည်။

ယင်းသို့ အမြဲအစဲ့ ရွတ်ဆို ပူဇော်မှုနေပါလျှင် ကြောက်ရွံ့သော စိတ်များ ပျောက်ကင်းခြင်း၊ လက်နက်ကောင်း, အဖော်ကောင်း ရှိသူသဖွယ် ရဲရင့်ခြင်း၊ နှလုံးသွေးများ ကြည်၍ စိတ်ဓာတ်များ ခိုင်မာ တည်တံ့ခြင်း၊ အစိမ်း, သူရဲ စသော မကောင်းဆိုးဝါးများ မခြောက်မလှန့်နိုင်ခြင်း၊ ရန်သူမျိုး ငါးပါး ဘေးအန္တရာယ်မှ လွတ်ကင်းခြင်း၊ နတ်, လူ သူတော်ကောင်းတို့ ချစ်မြတ်နိုးခြင်း

စသော အကျိုးများကို ယခုဘဝ၌ပင် ရနိုင်ခြင်း၊ နောင်အခါ အလွေအကျင့် အထုံရ၍ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ခြင်း စသော အကျိုးများကို ကောင်းစွာ ရရှိနိုင်ကြပါသည်။

ထို့ပြင် "နှုတ်ဖြင့် ရွတ်ဆိုပူဇော်းများခြင်းသည် စိတ်ဖြင့် ရွတ်ဆိုပူဇော်းများခြင်း၏ အထောက်အပံ့ ဖြစ်၏။ စိတ်ဖြင့် ရွတ်ဆို ပူဇော်းများခြင်းသည် လက္ခဏာကို ထိုးထွင်း သိမြင်ခြင်း၏ အထောက်အပံ့ ဖြစ်၏။ လက္ခဏာကို ထိုးထွင်း သိမြင်ခြင်းသည် မဂ်ဖိုလ် နိဗ္ဗာန်ကို ထိုးထွင်း သိမြင်ခြင်း၏ အထောက်အပံ့ ဖြစ်၏" ဟူ၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်ရှိနိုင်သော ရွတ်ဆို ပူဇော်းများခြင်း၏ အကျိုးတရားကို ဝိသုဒ္ဓိမဂ်နှင့် ဝိဘင်းအဋ္ဌကထာကျမ်း[1]တို့၌ တိုက်ရိုက် ဖွင့်ဆိုချက်များ ရှိပါသည်။

ထို့ကြောင့် ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါစိတ်ထားဖြင့် ထာဝစဉ် ဆင်ခြင်ပူဇော်းများခြင်း, ရွတ်ဆိုပူဇော်းများခြင်း အမှု ပြုလုပ်ကာ ကောင်းကျိုးချမ်းသာ မင်္ဂလာအကျိုးတရားတို့ကို ရရှိ ခံစားနိုင်ကြပါစေ။

သံဃာဂုဏ်တော်ဖွင့် ပြီး၏။

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၃၅။ အဘိဓ၊ ၂။ ၂၁၅။

အခန်း (၆)

ဆုတောင်းခြင်းနှင့် အမျှဝေခြင်း

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ရတနာမြတ်သုံးပါးကို ဦးချရှိခိုးခြင်း၊ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး စသောအားဖြင့် သီလများကို ဆောက်တည်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး အသီးသီး ကပ်လှူ ပူဇော်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းနှင့် ရတနာမြတ်သုံးပါး ဂုဏ်တော်ပွားများခြင်း စသော ကုသိုလ်ကောင်းမှု လုပ်ငန်းများကို နေ့စဉ်လိုလို ပြုလုပ်ကြမြဲ ဖြစ်၏။ ယင်း ကုသိုလ်ကောင်းမှု လုပ်ငန်းများကို အလွယ်တကူ ပြုလုပ်နိုင်ကြရန် ဤကျမ်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီးနောက် ကောင်းမှုရှင် ပုဂ္ဂိုလ်များတွင် အချို့က ရေစက်ချခြင်းနှင့် အတူ "ဆုတောင်းခြင်း၊ အမျှဝေခြင်း" တို့ကို ဆက်လက် ပြုလုပ်လေ့ရှိသော်လည်း အချို့က "ပြုရန် မလိုပါ၊ ရေစက်မချလဲ ကုသိုလ်ရပြီးသားပဲ"ဟု သဘောထားကာ မပြုလုပ်ဘဲ နေတတ်ကြပါသည်။ ပြုလုပ်သူ အချို့ကလည်း ပြုလုပ်ရိုး အစဉ်အလာ ရှိ၍ အရှိန်အဟုန် မပျက် ဆက်လက် လုပ်နေရဖသော်လည်း အကျိုးစီးပွား ရှိ၊ မရှိကိုပင် ဆင်ခြင်မိဟန် မတူပါ။ ဆုတောင်းခြင်းနှင့် ပတ်သက်၍ အမြဲ အမှော်က် မတည့်ဘဲ ရောက်မိ ရောက်ရာ ဆုတောင်းဘုဟူ ပြုမိနေသူတို့လည်း ရှိနေတတ်ကြပါသည်။

အမှန်စင်စစ် ဆုတောင်းခြင်း၊ အမျှဝေခြင်း အလုပ်တို့သည် အချည်းနှီး အကျိုးမဲ့ မဟုတ်ကြပါ၊ သေချာပေါက် အကျိုးစီးပွားများကို တိုးတက် ရယူလိုရှိ၍ အပိုထပ်ကာ အမြတ်ပေါ် အောင် ပြုလုပ်ကြခြင်းသာ ဖြစ်၏။ မလုပ်လျှင် အပြစ်ရမှာမို့ ပြုလုပ်ရခြင်း မဟုတ်ပါ။ သို့ပါလျက် နှည်းစနစ် မှန်ကန်မှုရှိအောင် မလုပ်တတ်လျှင် "ထိုင်နေ အကောင်းသား ထသွား ကျိုးမှန်းသိ"ဖြစ်ကာ အကျိုးမရ အပြစ်ရ၍ အရင်းရှုံးတတ်ကြပါသည်။

သို့ဖြစ်၍ "ဆုတောင်းခြင်း၊ အမျှဝေခြင်း" ဖြင့် သေချာပေါက် အကျိုးများ တိုးပွား ရရှိစေရန်နှင့် သံသရာလမ်း စခန်းဝယ် အမြတ်ဆုံး နိဗ္ဗာန်နှင့် ဖြောင့်တန်းသော လုပ်ငန်းကောင်းတစ်ခု ဖြစ်စေရန် ရည်သန်လျက် ဆုတောင်း ခန်းနှင့် အမျှဝေခန်းတို့ကို လေ့လာသိရှိနိုင်ရန် ဆက်လက် တင်ပြထားပါသည်။

ဆုတောင်းခြင်းအကြောင်း

"ဆုတောင်းခြင်း"ဟူသည် မိမိလိုအပ်သော အကျိုးကို စိတ်ဖြင့် မှန်းဆ၍ ဖြစ်စေ, နှုတ်ဖြင့် တမ်းတ၍ ဖြစ်စေ တောင်းဆိုခြင်း ဖြစ်သည်။ ပါဠိဘာသာလို "ပတ္ထနာ", "ယာစနာ" စသောအားဖြင့် ခေါ်ဝေါ်သုံးနှုန်း၏။ အဘိဓမ္မာတရားကိုယ် သဘောအားဖြင့်ကား "ဆန္ဒစေတသိက်"တည်း။

ယင်းသို့ ဆုတောင်းရာ၌ တောင်းသော ဆုကို ပေးမည့် သူမှာ အခြားသူမဟုတ်၊ မိမိ (ပြိုသောကံ) သာလျှင် ဖြစ်သောကြောင့် ဆုကို တောင်းရုံသာ တောင်း၍ မရနိုင်၊ ကောင်းမှုကုသိုလ်ကိုလည်း ပြုရပေဦးမည်။

တဖန် ကောင်းမှုကုသိုလ်ကို ပြု၍ ဆုမတောင်းခဲ့ပြန်လျှင် အကျိုးရရှိမှု မသေချာနိုင်သောကြောင့် ကုသိုလ်ကောင်းမှု တစုံတခု ပြုတိုင်း ဆုကိုလည်း တောင်းရမည်။

မှန်ပါသည်၊ "အကြင်ပုဂ္ဂိုလ်အား တရားငါးမျိုး (သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ)သာ ရှိ၍ ဆုတောင်းခြင်း မရှိ၊ ထိုပုဂ္ဂိုလ်အား ကောင်းကင်သို့ ပစ်လွှတ်သော လုံတံသည် အရင်း, အဖျား, အလယ် အားပြင့် ကျိုးပါးတွင် ကျချင်ရာ ကျနိုင်သကဲ့သို့ အကျိုးရမှု မသေချာ။ ဆုကိုသာ တောင်း၍ တရားငါးမျိုး မရှိလျှင်လည်း အကျိုးရမှု မသေချာ။ တရားငါးမျိုးလည်းရှိ၍ ဆုလည်းတောင်းသူအား သေချာပေါက် အကျိုးမှန်၏။ ထိုကြောင့် ကုသိုလ်ကောင်းမှု တစုံတခု ပြုတိုင်း ဆုမတောင်းဘဲ မနေသင့် (ဥပရိပဏ္ဏာသဋ္ဌကထာ၊ သခ်ါရုပ-ပတ္တိသုတ်။၁၀၄)။

ဆိုလိုသည်မှာ ကောင်းမှု ကုသိုလ်ကိုလည်း ပြု၊ ဆုကိုလည်း တောင်းပါ။ သို့မှသာ လူရာဆန္ဒ အကျိုးစီးပွားများ အလိုက္ခအတိုင်း သေချာပေါက် ပြီးစီးနိုင်မည်ဟု ဆိုလိုပါသည်။

"ကောင်းမှု ကုသိုလ်"ဆိုရာ၌ "ဆုတောင်းမှု"ကို ပြီးစီး ပြည့်စုံစေနိုင်သော ကောင်းမှု ကုသိုလ်မျိုးမှာ– "သီလရှိသူသည် စင်ကြယ်သူ ဖြစ်သောကြောင့် မိမိ တောင့်တသည့်အတိုင်း ပြည့်စုံရ၏"ဟု (အံ၊၃၊၁၅၊ပဉ္စကနိပါတ်။ ၂၀-၂။ မူလပဏ္ဏာသ။ သာလေယ္ယကသုတ်)စသည်တို့၌ ဘုရားရှင် မိန့်မြွက်တော်မူခဲ့သော ကြောင့် သီလစောင့်စည်းမှု ရှိသူ၏ ကောင်းမှုကုသိုလ်သည်သာ အဓိကအခြေခံ အကျဆုံး ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ ဤတွင် "သီလ"ကို "သမာဓိ =စိတ်တည်ကြည်မှု" နှင့် " ပညာ = ထိုးထွင်းသိမြင်မှု " နှစ်ပါးတို့ဖြင့် အဆင့်ဆင့် မှတ်းထုံပေးနိုင်ကြပါမူကား ဆိုဖွယ်ရာ မရှိ၊ သာ၍ပင် ပြီးပြည့်စုံ

နိုင်ပါသည်။ ဆိုလိုသည်မှာ–သမထ, ဝိပဿနာတရား ပွားများအားထုတ်ဆဲ ဖြစ်သော ယောဂီသူတော်စင်နှင့် အားထုတ်ပြီး ဖြစ်သော အရိယာအရှင်တို့၏ ဆုတောင်းခြင်းမှာ ပို၍ပင် မြင့်မြတ်စင်ကြယ်၏၊ တွယ်တာမှုကင်းသော သိလ ဖြစ်၍ လိုတိုင်း ၇, တ-တိုင်းပြည့် ဖြစ်နိုင်ကြသည်ဟု ဆိုလိုပါသည်။

သေသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေး၍ ရနိုင်ပါသလော?

ဆုတောင်းခြင်းနှင့်စပ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏"ဆုတောင်းခြင်း"၌ ဆုပေးမည့် သူမှာ အခြားသော ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ သီးခြား မရှိပါ။ မိမိအနေဖြင့်သာ မိမိလိုအပ်သမျှကို ဖန်ဆင်းရယူနိုင်ပါသည်။ ဘုရားရှင် အနေဖြင့်ကား "မိမိကို မိမိ ကယ်တင်နိုင်ရန်, မိမိကို မိမိ လိုသလို ဖန်ဆင်းနိုင်ရန်" နည်းလမ်းများကိုသာ ညွှန်ပြပေးတော်မူပါသည်။

အရာရာကို ဘုရားရှင်ကသာ ဖန်ဆင်းပေးသည်ဟု ယုံကြည် ယူဆသူတို့၏ "ဆုတောင်းခြင်း" ၌ကား ဆုပေးမည့် သူမှာ သီးခြား ဖြစ်၍ ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ ရှိ၏။ မိမိဘာသာ မိမိအလိုကျ ဖန်ဆင်းရယူနိုင်ခြင်း မရှိ။ ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းပေးမှသာ ရနိုင်သောကြောင့် ဘုရားထံ အသနားခံ၍ တောင်းယူကြရပါသည်။

ဤ၌ မိမိ လိုအပ်သော ဆုကို ဘုရားရှင်က တောင်းပေး၍ ရနိုင်, မရနိုင် ဟူသော ပြဿနာနှင့် စပ်၍ ဘုရားရှင် ကိုယ်တော်တိုင် ဖြေရှင်း မိန့်မြွက်တော်မူခဲ့ပုံကို လွန်စွာ လေးနက်၍ မှတ်သားနာယူဖွယ် ကောင်းလှပါသည်—

အသိဗန္ဓုက၏သား ရှာသူကြီး တစ်ဦးက– "မြတ်စွာဘုရား... ဗြာဟ္မဏ ဆရာကြီးတို့သည် သေသွားသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေးနိုင်ကြပါသည်၊ အရှင်ဘုရားကော ထိုသို့ ပြုလုပ်ပေးနိုင်ပါသလား" ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက–"ပါဏာတိပါတ စသော ဒုစရိုက်များကို လုပ်၍ သေသွားသူ အတွက် လူအများ စုပေါင်း၍ 'နတ်ပြည် ရောက်ပါစေ' ဟု ဆုတောင်း ပေးသော်လည်း ရေ၌ မြုပ်နေသော ကျောက်ခဲကို 'ကမ်းပေါ် တက်လာပါစေ' ဟု ဆုတောင်း၍ မရသကဲ့သို့ မရနိုင်ချေ။

သူစရိုက် လုပ်ပြီး သေသွားသူအတွက်လည်း 'အပါယ်ကျပါစေ'ဟု ဆုတောင်း ပေးသော်လည်း ထောပတ်ဒန်းကို ရေဦ ချသောအခါ ရေပေါ် ဝဲလာသော ထောပတ်ဆီမျှားကို 'နှစ်မြုပ်ပါစေ' ဟု ဆုတောင်း၍ မရနိုင်သကဲ့သို့ပင် ဖြစ်သည်'ဟု မိန့်တော်မူသည် (သံ၊၂၊ ဒုဿီဗန္ဓကပုတ္တသုတ်။၄၉၇)။

ထို့ပြင် ဆရာ အဂ္ဂညအဆက်ကပင် ဖန်ဆင်းရှင်ကို မြင်လည်း မမြင်ဖူး။ ပည်သည့် နေရာ၌ ရှိသည်ဟူ၍လည်း မသိပါဘဲလျက် ထို့ဖန်ဆင်းရှင် နေရာ ဘုံဌာနသို့ ရောက်ရန် ကျင့်ကြံနေခြင်း ဆုဒကာင်းခြင်းတို့သည်—

မည်သည့်အရပ်၌ ရှိ၍ မည်သည့် အမျိုးအနွယ် အမည်နာမ ရှိသည် မည်ပျှ လုပသည်ဟု မသိမမြင်ဖူးသော (စိတ်ကူးယဉ်) အလှမယ်ကို လိုချင်နေသူကဲ့သို့လည်းကောင်း၊

မည်သည့် အရပ်၌ ရှိ၍ မည်သို့ ဆောက်လုပ်ထားသည် မည်မျှ နိမ့်သည် မြင့်သည်ဟု မသိရသော ဘဆောက်အအုံကြီးကို ထောင်ပြီး တက်ရန် လှေကား ပြုလုပ်နေသူကဲ့သို့လည်းကောင်း၊

ဟိုမှာဘက် မြစ်ကမ်းကြီးကို ဤမှာဘက်သို့ ရောက်လာပါစေဟု ဆုတောင်းနေသူကဲ့သို့လည်းကောင်း–

ဖြစ်၍ အကြောင်းယုတ္တိ မရှိကြောင်း မိန့်တော်မူသည် (ဒီဃ၊တေဝိဇ္ဇသုတ်။၂၂၂)။

ယုံကြည်ချက် ဇဲ့, လုံ့လနှင့် ဆန္ဒအင်အား မည်မျှပင် ကြီးမားထက်သန် စေကာမူ မိမိ ဆန္ဒကသာ ချမှတ်ဖေးထားသော ပန်းတိုင်သည် အမှန်တကယ် ရှိသော ပန်းတိုင် မဟုတ်သောကြောင့် လိုအပ်သော အကျိုးကို မည်သည့် အခါမျှ ပြီးစီးစေနိုင်မည် မဟုတ်သည်ကို သတိပြုသင့်ပါသည်။

တောင်းသော ဆုနှင့် တန်အောင်ပြုရမည်

"ဖလာကဋ္ဌ တစ်ရာတန်ပစ္စည်းကို လိုလျှင် တစ်ရာကျပ်, တစ်ထောင်တန် ပစ္စည်းကို လိုလျှင် တစ်ထောင်ကျပ်" စသောအားဖြင့် တန်ရာ တန်ကြေး ပေးယူမှု မိမိ လိုအပ်သော ပစ္စည်းကို ရနိုင်သကဲ့သို့ ဆုတောင်းရာ၌လည်း တောင်းသောဆုနှင့် တန်အောင် ကုသိုလ် ကောင်းမှုကို ပြုမှ (ကုသိုလ်ကောင်းမှု

ကြေးကို ပြုပေးမှ) လိုအပ်သော အရာကို လိုအပ်သလောက် ရနိုင်ပေမည်။ ဌေတစ်ပြား ပေးရုံမျှဖြင့် တစ်သိန်းတန် ရွှေဖလားကို မရနိုင်သကဲ့သို့ မတောက်တခေါက် ကောင်းမှု ကုသိုလ်လေး ပြုရုံမျှဖြင့်လည်း လိုအပ်သမျှ ဆုတွေ ဇာပုံကြီး တောင်းယူ၍ ရနိုင်ကြမည် မဟုတ်ပါ။

"ဂေါတမ" ဘုရားရှင်သည် မိမိ တောင်းသော ဘုရားဆုနှင့် တန်အောင် လေးသခြေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ ကောင်းမှု ကုသိုလ်စုတို့ကို ပြုလုပ် ဆည်းပူးတော်မူခဲ့ရခြင်း၊ "အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်" တို့သည် မိမိတို့ တောင်းသော အဂ္ဂသာဝကဆုနှင့် တန်အောင် တစ်သခြေနှင့် ကမ္ဘာ တစ်သိန်းတိုင်တိုင် ပါရမီ ကောင်းမှု ကုသိုလ်စုတို့ကို ပြုလုပ် ဆည်းပူးတော်မူခဲ့ ရခြင်း၊ မဟာသာဝကများ ဖြစ်သော "အရှင်မဟာကဿပ", "အရှင်အာနန္ဒာ" တို့နှင့် ထင်ရှားသော ရဟန္တာမကြီးများ ဖြစ်ကြသော "မိဆွေးတော်ဂေါတမီ" "ခေမာထေရီ" စသည်တို့သည်လည်း မိမိတို့ တောင်းသော ဆုမျှားနှင့် တန်အောင် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ ကောင်းမှု ကုသိုလ်စုတို့ကို အသီးသီး ပြုလုပ် ဆည်းပူးတော် မူခဲ့ကြရခြင်းတို့ကို ကြည့်လျှင် ဂုဏ်ထူးရှင်တို့အဖို့ တောင်းသောဆုနှင့် တန်အောင် ကုသိုလ်ကောင်းမှု ပြုရမည်မှာ တနည်းအားဖြင့် မိမိ တောင်းသော ဆုအတွက် တန်ရာ တန်ကြေး ပေးယူရမည်မှာ ထင်ရှား သိသာလှပါသည်။

ဂုဏ်ထူးရှင်အဖြစ် မလိုလားဘဲ သာမည အနေမျိုးဖြင့် နိဗ္ဗာန်ကို အမြန် လိုချင်သူတို့ အဖို့ကား– ကြိုးကြိုးစားစား နိုးနိုးကြားကြားဖြင့် အားထုတ်ပါမူ သာသနာ ထွန်းလင်းခိုက် ဖြစ်၍ ယခု ဘဝမှာပင် နိဗ္ဗာန်ကို ရနိုင်ခွင့် ရှိပါ၏။ အကယ်၍ မရနိုင်သေးလျှင် ဤဘုရားရှင်၏ သာသနာမှာပင် ရခွင့် ရှိ၏။ ပဉ္စင်္ဂတော်မူလတ္တံ့ ဖြစ်သော အရိမေတ္တေယျ ဘုရားရှင်၏ လက်ထက်တော် ကျလျှင်ကား မုချ ရနိုင်စရာ ရှိ၏။

ဆုတောင်းရာ၌ သူများက တောင်းပေးသော ဆုမှာ ကိုယ့်အလိုကျ ဖြစ်ချင်မှ ဖြစ်မည်၊ မဖြစ်ဖို့သာ များသည်။ ထို့ကြောင့် မိမိ အလိုရှိရာ ဆုကို မိမိဘာသာ တောင်းယူခြင်းသာ ပို၍ သဘာဝကျနိုင်ပါသည်။ "နိဗ္ဗာန်ရပါလို၏" စသောအားဖြင့် ဆုတောင်းခြင်းမှာ "နိဗ္ဗာန် ရအောင် အားထုတ်ပါမည်"ဟု မိမိကိုယ်တိုင် ဝန်ခံ ကတိပေးခြင်းတစ်မျိုး ဖြစ်သည်ကို သတိပြုသင့်ကြပါသည်။

ဘုရား မကြိုက်သည့် အဓိဋ္ဌာန်ဆုကို တောင်းခဲ့သော ထူသားစား ပေါရိုဿာဒ

ဘုရားလောင်းအား ဘုရားဖြစ်ခါနီးဝယ် နို့ဃနှာဆွမ်းကို ရွှေခွက်ပါလှူခဲ့သော "သုဇာတာ" သူဌေးသမီးသည် "အပျိုဘဝတုန်းက အမျိုးတူသူဌေးသားနှင့် ရခြံ သားဦး ဖွားအောင် စောင်မလျှင် အရှင်နတ်မင်းအား နှစ်စဉ် ပူဇော်ပါမည်"ဟု ဝန်ခံခဲ့၍ သူဟောင့်တတိုင်း အကျိုး ရသဖြင့် "ယသ" ဟူသော သတို့သားကို ဖွားမြင်ခဲ့သောကြောင့် ညောင်ပင်စောင့်နတ်က မ-စ သည်ဟု ယူဆကာ အနှစ် နှစ်ဆယ်လုံးလုံး အဆိုပါ ညောင်ပင်စောင့်နတ်ကြီးအား ကဆုန်လပြည့်နေ့တိုင်း သွား၍ ပူဇော်ပသခဲ့ပါသည်။

ဤသို့ ဆုတောင်းခြင်း ဆုပန်ခြင်းမျိုးမှာ ရှေးအခါကသာ ရှိခဲ့သည် မဟုတ်၊ ယခုအခါဌ်လည်း ရှိနေကြဆဲပင် ဖြစ်၏။ ယင်းသို့ ပြုလုပ်ခြင်းကို လောက ဝေါဟာရအားဖြင့် "အဓိဋ္ဌာန် ပြုသည်" ဟူ၍လည်း မှားယွင်းစွာ နားလည်နေကြ၏။ စင်စစ် ကံ ကံ၏ အကျိုးကို ယုံကြည်မှု နည်းသူ, အသိဉာဏ် ခေါင်းပါးသူတို့၏ အလေ့အလာသာ ဖြစ်၏။ လူသားတို့ ကမ္ဘာ၌ လူသား အသိဉာဏ် မပြည့်စုံမီ ကြောက်စိတ်ဖြင့် နတ်မျက်ကို ကိုးကွယ်စဉ် ခေတ်က အမူအကျင့်များ ဖြစ်၏။ ဤ အဓိဋ္ဌာန်ဆုမျိုးသည် ရံခါ ကြီးစွာသော အန္တရာယ်ကိုပင် ဖြစ်စေတတ်ပါသည်။ ဤနေရာ၌ "လူသားစား ပေါရိုဿာဒ"၏ အကြောင်းကို ကောင်းစွာ သတိပြုသင့်ကြပါသည်။

ပေါရိုဿာဒသည် တောကြီးအတွင်း ညောင်ပင်ကြီး တစ်ပင်၏ အခေါင်း ပါးပျဉ်းကြားတွင် ပုန်းအောင်းကာ လူများကို လိုက်လံ ဖမ်းယူသတ်စားနေ၏။ တနေ့သ၌ ခြေထောက်တွင် ရှားငုတ် စူးရာ ခြေဖမိုး ပေါက်ထွက်သွား၏။ အစာရှာ မထွက်နိုင်၊ ခုနှစ်ရက်လုံးလုံး ညောင်ပင်ခေါင်းထဲ၌ အောင်းနေရ၏။ ယင်းသို့ ဒုက္ခရောက်နေစဉ် ညောင်ပင်စောင့်နတ်အား အားကိုးစိတ် ဝင်လာကာ-

"အရှင် နတ်မင်းကြီး... ခုနှစ်ရက်အတွင်း ကျွန်ုပ်၏ အနာပျောက်ကင်းအောင် မ-စပါ။ ပျောက်ကင်းလျှင် သင်၏ ညောင်ပင်ကို ဇမ္ဗူဒိပ်အတွင်းရှိ တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် ဆေးလျက် အူများဖြင့် ရှစ်ပတ်ပြီး အာသားဖြင့် ပသ၍ ပူဇော်ပါမည်"ဟု ဆုတောင်းလိုက်သည်။

ခုနစ်ရက်လုံးလုံး အစာ မစားရသဖြင့် သွေးသား ခန်းခြောက်၍ အနာပျောက်သွားသည်ကို ညောင်ပင်စောင့်နတ်က မိမိဆုတောင်းတိုင်း မ-စ သည်ဟု ထင်မှတ်သွားတော့သည်။

ထိုအချိန်မှ စ၍ တစ်ရာ့တစ်ပါးသော မင်းများကို တစ်ယောက်ပြီး တစ်ယောက် ဖမ်းဆီးကာ ညောင်ပင်၌ အသီးသီး ယင်ပူဇော်ရန် ဇောက်ထိုးမိုးမျှော် ချိတ်ဆွဲထား၏။ ပေါရိသာဒသည် မီးဖို၍ အသားကင်ရန် တံစို့များ လုပ်နေသည်ကို မြင်သော ညောင်ပင်စောင့် နတ်မင်းကြီးမှာ မိမိပါ တာဝန်မကင်းဖြစ်ကာ စိုးရိမ်ပူပန်မိနေ၏။

"ငင်း၏ အနာပျောက်ကင်းအောင်လည်း ငါက ကူညီ မ-စ ခဲ့ရသည် မဟုတ်၊ ကိုယ့်စ်တ်နှင့်ကိုယ် အယူမှားပြီး သတ္တဝါတွေ့ ဒုက္ခရောက်ကုန်ကြတော့မည်၊ ငါလဲ မကယ်ဆယ်နိုင်" ဟု စဉ်းစားပူပန်ကာ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်နှင့် သိကြားမင်းတို့ထံသွား၍ ပေါရိသာဒအား ဟန့်တားပေးရန် တောင်းပန်လေသည်။ နတ်မင်းကြီးလေးယောက်နှင့် သိကြားမင်းတို့လည်း မည်သို့မျှ မတတ်နိုင်ရှာကြပေ။

ထို့နောက် ဘုရားလောင်း "မဟာသုတသောမ" မင်း ကြီး ကတရားဟော ဖျောင်းဖျမှု လွှတ်ကင်း ခြမ်းသာမှု ရကြတော့သည် (ဇာ၊၆၊၅၅၊ မဟာသုတသောမဇာတ်။၄၉၅)။

ဘတပြန် ကျားတပြန် သတ်ရန် ဆုကို တောင်းခဲ့ကြသော
မယားကြီး, မယားငယ်

တရံရောအခါက သူကြွယ်၏ သားတစ်ယောက်သည် ဖခင်သေပြီးနောက် မိခင်နှင့် နေ၏။ အရွယ်ရောက်လျှင် မိခင်က မိန်းမရှာ၍ ပေးစား၏၊ ထိုမိန်းမက သားသမီးမရ အမြဲမြံ ဖြစ်နေပြန်သဖြင့် နောက်တစ်ယောက် ထပ်မံ ပေးစားရန် ကြံ၏။

ထိုအကြံကို မိန်းမမြဲက သိ၍ "သူတို့သဘောကျ မိန်းမကို ရှာ၍ ပေးစားက ငါ့အား ကျွန်နေရထား၍ သုံးဆောင်လိမ့်မည်။ ငါကိုယ်တိုင် မိန်းမငယ်တစ်ယောက် ရှာဖွေပေးစားမည်" ဟု ကြံကာ ကိုယ်တိုင်ရှာဖွေပေးစားခဲ့၏။ ထို့နောက် ၎င်းမိန်းမ ကိုယ်ဝန်ရသောအခါ နှစ်ကြိမ်တိုင် ကိုယ်ဝန်ပျက်ဆေး တိုက်ကျွေးပြီး ဖျက်ချခဲ့၏။ သုံးကြိမ်မြောက်တွင် မိခင်ပါ ပြင်းထန်စွာ ဝေဒနာခံစားရပြီး သေရရှာ၏။

သေခါနီးကာလ၌ "အသင်သည် ငါ့ကို ဆောင်ယူလာပြီး အသင်သည်ပင် သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ပျက်စီးလျှောကျစေ၍ သူငယ်တို့ကို ဖျက်ဆီး၏။ ယခုအခါ၌ ငါလဲ ပျက်စီးရတော့အံ့၊ ဤဘဝမှစုတိမနေ သေလွန်သည် ရှိသော် အသင်၏ သား သမီးတို့ကို ဖျက်ဆီးနှိုင်သည်ကို ဖြစ်ရပါလို၏"ဟု ဆုတောင်း၍ သေလွန်လျှင် ထိုအိမ်၌ပင် "ကြောင်မ"ဖြစ်၏။

မိန်းမမြို့မမှာလည်း ဃောကျိုးက ရိုက်နှက်သည့် ဒဏ်ရာကြောင့် သေလွန်ခဲ့ရာ ထိုအိမ်၌ပင် "ကြက်မ" ဖြစ်လေ၏။ ကြက်မက ဥတိုင်း ဥတိုင်း ကြောင်မက စားပစ်ခဲ့ရာ သုံးကြိမ်မြောက်တွင် "ဤဘဝမှ သေခဲ့သည် ရှိသော် သားသမီးနှင့်တကွ ထိုကြောင်မကို စားခြင်းငှာ စွမ်းနိုင်သည်ကို ဖြစ်ရပါလို၏"ဟု ကြက်မသည် ဆုတောင်း၍ သေလွန်၏။

ထို့နောက် ကြက်မက "ကျွဲးသစ်မ"ဖြစ်၍ ကြောင်မက"သမင်မ" ဖြစ်လာ၏။ သမင်မက မွေးတိုင်း ကျွဲးသစ်မက စားပစ်ခဲ့ရာ သုံးကြိမ်မြောက်တွင် "ဤဘဝမှ သေခဲ့သော် ထိုကျွဲးသစ်မကို သားနှင့်တကွ စားရပါလို့၏"ဟု သမင်မသည် ဆုတောင်း၍ သေလွန်၏။ ("သမင်မွေးရင်း ကျွဲးစားရင်း"ဟူသော စကားပုံ ဖြစ်လာခဲ့၏။)

ထို့နောက် သမင်မက "ကာဠ"မည်သောဘီလူးမ ဖြစ်၍ ကျွဲးသစ်မက သာဝတ္ထိပြည်ဝယ် လူအမျိုးသမီး ဖြစ်လာ၏။ ဘီလူးမသည် အမျိုးသမီး အိမ်ထောင်ကျ၍ သားဖွားသောအခါ နှစ်ကြိမ်တိုင် လိုက်၍ ကိုက်စား၏။ သုံးကြိမ်မြောက် ရောက်သောအခါ မွေးဖွားသော သားငယ်ကို စားရန် လိုက်စဉ် ဘုရားရှင်နှင့် တွေ့၍ "အဘယ့်ကြောင့် ခိုက်ရန်ကို ရန်တုံ့မူခြင်း ပြုကြကုန်ဘိသနည်း၊ ခိုက်ရန်တို့မည်သည်ကား ရန်တို့ မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏၊ ရန်တုံ့မူသဖြင့် ခိုက်ရန် ခပ်သိမ်းတို့သည် မငြိမ်းမပျောက်သည်သာလျှင်တည်း"ဟု ရန်ပြေငြိမ်းကြောင်းတရားတော်ကို ဟောပြခဲ့ရာ ရန်မီးမျှား ငြိမ်း၍ ချစ်ခင်ခြင်းသို့ ရောက်သွားကြလေသည် (ဓမ္မပဒ၊ဋ္ဌ၊၁။ ၂၉)။

ဆုတောင်းမှားခြင်းသည် အဘယ်မျှ ကြောက်လန့်ဖွယ်ကောင်းပါသနည်း၊ လူတို့သည် "သူဖြစ်ချင်သလို ဖြစ်နေသည်"ဟု ထင်ကာ အမှုမဲ့ အမှတ်မဲ့ ရေစုန်မျှော၍ လိုက်ပါမနေသင့်ကြပါ။ မိမိတို့ ဖြစ်လိုသော ဆန္ဒ, ဖြစ်ချင်သော စိတ်ကြောင့် ဖြစ်နေကြရသည်သာ အမှန် ဖြစ်သောကြောင့် မကောင်းသော

လိုအင်ဆန္ဒနှင့် အမှားဆုတောင်းခြင်းများကို အစွမ်းကုန် ရှောင်ရှား၍ ကောင်းသော လိုအင်ဆန္ဒနှင့် အမှန်အကောင်း ဆုတောင်းခြင်းများဖြင့်သာ ကောင်းသည်ထက် ကောင်းအောင် ကြိုးစားဆောင်ရွက်သင့်ကြပါသည်။

ဆုတောင်း နှစ်မျိုး

"ဆုတောင်း" သည် လော့, သဘော် စသည်တို့၌ ရှိသော ပဲ့တက်နှင့် တူ၏။ လေသဘော်သည် ပဲ့ဘက်ပါမှ ရေလမ်းခရီးတွင် လိုသော နေရာသို့ တည့်တည့် မတ်မတ် ရောက်စေနိုင်သကဲ့သို့ ကုသိုလ်ကောင်းမှု ပြုသူသည် ဆုတောင်းပါမှ သံသရာ ခရီးလမ်းတွင် အလိုရှိရာကို လိုသလို ရယူနိုင်ပါသည်။ လူ့စည်းစိမ်, နတ်စည်းစိမ်မှ စ၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ မည်သည့် အရာကို မဆို လိုသလို ရနိုင်ယူနိုင်ကြပါသည်။

ယင်းသို့ ဆုတောင်းခြင်းဖြင့် လိုအပ်သော အရာကို လိုသလို ရယူနိုင်သောကြောင့် ဆုတောင်းမှု၌ လိမ္မာ ကျွမ်းကျင်မှုရှိရန် အထူး လိုအပ်ပါသည်။ ဆုကို အတောင်း မတတ်ပါက အမြတ် မပေါ်ရုံမျှမက အရှုံးပင် ရှိနိုင်ကြသောကြောင့် ဆုတောင်းပုံတောင်းနည်းကို လေ့လာ မှတ်သားသင့်ပါသည်။

ဆုတောင်းသည် အမျိုးမျိုးသော အလိုဆန္ဒအရ မီးခိုးမဆုံး မိုးမဆုံး အမျိုးမျိုး တောင်းနေကြသော်လည်း အချုပ်သဘောအားဖြင့် နှစ်မျိုးသာ ရှိ၏။ နှစ်မျိုးမှာ—

(၁) သံသရာဝဋ်ကို မှီသော ဆုတောင်း (ဝဋ္ဋနိဿိတ)၊

(၂) သံသရာဝဋ်ကို မမှီသော ဆုတောင်း (ဝိဝဋ္ဋနိဿိတ)—

တို့ဖြစ်ကြပါသည်။

(၁) ဝဋ္ဋနိဿိတ ဆုတောင်း

ထိုတွင် လူနတ်ဗြဟ္မာ လောကီ စည်းစိမ်ချမ်းသာ အမျိုးမျိုး(ဝဋ္ဋနိဿိတ) ဆုကို တောင်းခဲ့လျှင် နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ တောင်းသလောက်သာ ရ၏။ သံသရာဝဋ်မှ လွတ်မြောက်ရာ, ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်အထိ ရောက်စေနိုင် ရစေနိုင်သည့် အကျိုးမျိုးကို မရနိုင်ပါ။ "တစ်ချက်ခုတ် တစ်ချက်ပြတ်" ဆုတောင်းမျိုးဟု မှတ်ယူ သင့်ပါသည်။ ဤ၌ "ဝဋ္ဋနိဿိတ" ဆုတောင်းနှင့် စပ်၍ ဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြည် ဝိသာခါ ကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းမှ ဥပုသ်သည် အမျိုးသမီးများ၏ ဆုတောင်း ကြပုံများမှာ လွန်စွာ သင်ခန်းစာယူဖွယ် ကောင်းလှပါသည်—

ဝိသာခါ ကျောင်းအမကြီးသည် မိမိနှင့်အတူ ဥပုသ်စောင့်ကြသော အမျိုးသမီးငါးရာထံ သွား၍ "အဘယ် ရည်ရွယ်ချက်ဖြင့် ဥပုသ်စောင့်ကြပါသလဲ၊ ဘယ်လို ဆုမျိုးကို တောင်းကြပါသလဲ" ဟု စနည်းနာ မေးမြန်းကြည့်ခဲ့ရာ–

အဘွားကြီးများက "နတ်ပြည် ရောက်ချင်လို့" ဟူ၍လည်းကောင်း၊

အိမ်ရှင်မများက "လင်တူမယားဘဝ (မယားပြိုင်) မဖြစ်ပါစေနဲ့" ဟူ၍လည်းကောင်း၊

အိမ်ထောင် ပြုစ အမျိုးသမီးများက "သား ယောကျ်ားလေး မွေးပါစေ" ဟူ၍လည်းကောင်း၊

အပျိုမငယ်များက "အချိန်ရှိတုန်း လင်ကောင်း သားကောင်း ရရပါလို၏" ဟူ၍လည်းကောင်း–

အသီးသီး ဆုတောင်းကြပုံကို ပြောပြကြလေ၏။

ဝိသာခါ ကျောင်းအမကြီးက ထိုအကြောင်းစုံကို ဘုရားရှင်အား သွား၍ လျှောက်သဖြင့် အိုဘေး နာဘေးကြီးအကြောင်း ဟောကြား၍ ဆုံးမတော်မူခဲ့ဖူး၏ (ဓမ္မပဒ၊ဋ္ဌ၊၁။၃၇)။

ထို့ပြင် ဆဒ္ဒန်ဆင်မင်းဝတ္ထု၌ "စူဠသုဘဒ္ဒါ"မိဖုရား၏ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့၍ အစွယ်ကို ဖြတ်ကာ သတ်ရလိုကြောင်း ရှေးဆုတောင်း မှားခဲ့ပုံ, ကာဠယက္ခိနီဝတ္ထု၌ မယားကြီး မယားငယ်တို့ ဘဝအဆက်ဆက် ရန်ဘက် ဖြစ်ကာ ဘတပြန်ကျားတပြန် သတ်ကြသည်အထိ ရှေးဆုတောင်း မှားခဲ့ပုံများမှာ ဆုတောင်းမှု၌ မလိမ္မာခြင်း၏ အပြစ်တို့သာ ဖြစ်ပါသည်။

(၂) ဝိဝဋ္ဋနိဿိတ ဆုတောင်း

သံသရာဝဋ်မှ လွတ်မြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာ (ဝိဝဋ္ဋနိဿိတ)ဆုကို တောင်းခဲ့လျှင်ကား တောင်းဖွယ်သာ ဆုအပြင် လူနတ်ပြဟ္မာ စည်းစိမ်ချမ်းသာ လောကီဆုများကိုပါ ရရှိနိုင်ကြောင်း "အံ၊ဌ၊၁၊ပဏိဟိတအစ္ဆဝဂ်။ ၄၂" စသည်တို့၌ ဖွင့်ဆိုထားပါသည်။ "တစ်ချက်ခုတ် နှစ်ချက်ပြတ်" ဆုတောင်း ပျိုးပင် ဖြစ်၏။

၁။ ဇာတ၊ဋ္ဌ၊၂။ ၂။ ဓမ္မပဒ၊ဋ္ဌ၊၂။

ဆုတောင်းထုဉ်မ် တစ်ချက်ခုတ် တစ်ချက်ပြတ် "ဝန္ဒနိဿိတ" ဆုမျိုးကို မတောင်းဘဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် "ဝိဝန္ဒနိဿိတ" ဆုမျိုးကို တောင်းသင့်ကြပါသည်။

["ဝိဝန္ဒနိဿိတ" ဆုတောင်းနည်း ပုံစံမှာ ဤဗုဒ္ဓဘာသာလက်စွဲကျမ်း ဝတ်တက်ဝတ်ကပ် အရကျက်ရန် အခန်း (၃) စာမျက်နှာ ၃၃-၌ ဖော်ပြခဲ့သော ဆုတောင်းများပင် ဖြစ်ပါသည်။]

ဝန္ဒ, ဝိဝန္ဒ နှစ်မျိုးရော ဆုတောင်း

လောကီ လောကုတ္တရာ လိုအပ်ချက် မှန်သမျှကို ပြည့်စုံအောင် "ဝန္ဒ,ဝိဝန္ဒ" နှစ်မျိုး ရော၍လည်း ဆုတောင်းနိုင်ကြပါသည်။ ဤ၌ အလိုရှိသူတို့ အလွယ်တကူ ကျက်မှတ်ရွတ်ဆို ဆုဟောင်းနိုင်ကြရန် ဝန္ဒ, ဝိဝန္ဒ နှစ်မျိုးရော မှတ်သားဖွယ်ရာ ရှေးဆုတောင်း လက်ဝဲကြီးများကို ဖော်ထုတ် တင်ပြထားပါသည်—

ဝန္ဒ, ဝိဝန္ဒ ဆုတောင်းလက်ဝဲကြီး

ဤသို့ပြုရ၊ ကုသလစု၊ ကောင်းမှုအများ၊ အကျိုးအားကြောင့်၊ ဘုရား ၂၈စွေကဗုဒ္ဓါ၊ ရဟန္တာတို့၊ စံထာ မွေလျော်၊ ကိန်းအောင်း ပျော်သည့်၊ ပြည်တော်ဌာန၊ အမတသို့၊ ခဏလျင်ဆော၊ ရောက်စေသော.... (ဝိဝန္ဒနိဿိတ)။

နိဗ္ဗာန်သာခေါင်၊ မြို့ရွှေသောင်သို့၊ လှေဖောင်မဂ္ဂင်၊ သင်္ဘော ယာဉ်နှင့်၊ မဝင်သမျှ၊ ဤနွေကလျင်၊ စဤချမ်းသာ၊ ထောဂဘေးဒဏ်၊ ရန်မာန်ကင်းပျောက်၊ မထောက်သည်သာ၊ ရှင်းရှင်းကွာ၍၊ တစ်ထာသက်ရှည်၊ စည်းစိမ်တည်၍၊ ပေးသည်အလှူ၊ ဖြူသည်နှလုံး၊ သုံးသည်သီလ၊ ချသည် ရေစက်၊ နွေတိုင်းတက်လျက်၊ ဒာသက်ခန္ဓာ၊ စုတေခါလည်း၊ ရတနာသုံးပါး၊ ဦးထိပ်ထား၍၊ မမှားမဖောက်၊ ရွှံ့ကြောက်မထိပ်၊ စုတေစိတ်ဖြင့်၊ အိပ်သောယောကျာ်း၊ နိုးသောလားသို့၊ ဖြစ်ငြားပါချင်–

နောင်တွင် သံသရာ၊ ဘဝမှာလည်း၊ လေးဖြာအပါယ်၊ သုံးသွယ်သောကပ်၊ ရှစ်ရပ်ဌာန၊ ကင်းလွတ်ရ၍၊ ထိုဒေသတွင်၊ မဖြစ်ချင်ပါ၊ လူ့ရွာနတ်ပြည်၊ ကျင်လည်သမျှ၊ ခတ္တိယနှင့်၊ ဗြာဟ္မဏစင်စစ်၊ မျိုးနွယ်ဖြစ်၍၊ နွယ်မြစ်သန့်စင်၊ အမျိုးမှာလည်း၊ ကောင်းစွာသနွေး၊ တိဟိတ်နေ၍၊ ဆူစေ သဒ္ဒါ၊ ပညာကြီးခြင်း၊ သတင်းနှံကျော်၊ မဟော်ဆဝေ၊ ဘုရားလျှောသို့၊ ဖြစ်ပါစေချင်–

ကိုယ်ဘုင်ကျောဂါ၊ သန့်ရှင်းကွာ၍၊ အနာမဲ့သူ၊ ရှင်ဗာဂျူနည်း၊ မမည်း မဖြူ၊ မဆူ မကြုံ၊ လုံးစုံနိမ့်မြင့်၊ ပြစ်မှုိးလွှင့်၍၊ တင့်တယ် ရောင်ဝါ၊ အဆင်းမှာလည်း၊ ငါးဖြာကျော်သီး၊ ရှင်ကစ္စည်းလား၊ ပေါမျှားညစ္စာ၊ စည်းစိမ်မှာလည်း၊ ငါးဖြာရန်သူ၊ လုယူမရ၊ ဇောတိကသို့၊ ရူပနိကာယ်၊ စင်ကြယ်သန့်ရှင်း၊ ဖြည်းညင်းသာယာ၊ အသံမှာလည်း၊ ရောင်ဓါတ္တန်းထိတ်၊ ကရဝိက်ငှက်တူ၊ ဗိုလ်လူတို့နား၊ ကြားက နာဖွယ်၊ အရှယ်မဖောက်၊ ပြိုင်ထောက်မဲ့ပါ၊ ဝိသာခါဟန်၊ လျင်မြန်ပညာ၊ ဇဝနာတိကွာ၊ ဂမ္ဘီရနှင့်၊ ဟာသတစ်ဖုံ၊ ဉာဏ်မျိုးစုံ၍၊ အာဂုံတုလ္ဓတ်၊ ပိဋ္ဌကတ်ဗေဒင်၊ ခပ်သိမ်းအင်ကို၊ မြင်ကာကြားကာ၊ လျင်စွာရွရွ၊ ဌာရသဖေါင်း၊ အလောင်းတကာ၊ တတ်ရာသမျှ၊ ကိစ္စပြီးတိုင်–

ကြီးခိုင်ခွန်အား၊ ခြင်္သေ့လားသို့၊ ရဲအားသတ္တိ၊ စွန်းငြိမထင်၊ သိမြင်လိမ္မာ၊ မေးဖွယ်မှာလည်း၊ ပညာကြွယ်ဝ၊ မိလိန္ဒမင်း၊ ပြေခြင်းတွင်လည်း၊ ရှင်နာဂ်သိန်၊ မတိမ်မမြုပ်၊ အကျွန်ုပ်သည်၊ မယုတ်မာ၊ ရိုသေစွာဖြင့်၊ သဒ္ဓါကြည်ညို၊ တောင်းဆိုသမျှ၊ ဆုကိုရ၍ (ဝဋ္ဋနီဘိတ)။

မုချ ချမ်းသာ၊ နိဗ္ဗုတာသို့၊ မုန်စွာ ထုတ်ချောက်၊ ကေန်ဆောက်၍၊ မျက်မှောက် ပြုရပါ၊လိုသော....ဩကာသ၊ ဩကာသ။

ဝဋ္ဋ, ဝိဝဋ္ဋ "သော"ငါးချက် ဆုတောင်း

(၁) အကုသိုလ်ဆယ်ပါး၊ မပွား ဒုစရိုက်၊ ကိုယ်၌ မီးကြီး၊ ဖျက်ဆီးတတ်ငြား၊ ဤ သုံးပါးကို၊ ရှောင်ရှား ကြဉ်ဖဲ၊ စွန့်ကြဲ ပစ်ခါ နှိုင်စေသော....၊

(၂) ကုသိုလ်ဆယ်ပါး၊ တရားသုစရိုတ၊ သတ္တာအကျော်၊ ခုနစ်ဖော်နှင့်၊ သူတော်ဥစ္စာ၊ မှန်စွာတရား၊ ရှစ်ပါးမဂ္ဂင်၊ မြဲပင်စံနေ၊ မသွေဉပါယ်၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာသည်၊ မကွာ ကိုယ်၌ မြဲစေသော....၊

(၃) အပါယ်လေးပါး၊ မလား ငရဲ၊ ဆင်းရဲတစိ၊ မရှိ ရောဂါ၊ ရှင်းရှင်းကွာ၍၊ အဋ္ဌာရသ၊ သိပ္ပမလပ်၊ ကြွင်းမဲ့တတ်၍၊ ပိဋ္ဌကတ်ဗေဒင်၊ သင်သင်ရရ၊ ကြားကာ မြင်ကာ၊ မကြာခဏ တတ်စေသော....၊

(၄) အမျိုးကောင်းသား၊ ဇယာကျိုးကောင်းစစ်၊ ဆက်တိုင်း ဖြစ်၍၊ မဏာဒ်မှန်စွာ၊ ငါးဖြာချန်သူ၊ မပြုဝံ့ခရှာင်း၊ သူတော်ကောင်းနှင့်၊ အလောင်းတကာ၊ တောင်းကုန်ရာသား၊ ပဋ္ဌနာဆု၊ အာယု, ဝဏ္ဏ၊ သုခ, ဗလ၊ ပဋိဘာန၊ ဘဝမခြား၊ စက်လေးပါးနှင့် ညားစေသော....၊

(၅) ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လှုူတာကစ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊ 'တန်းဘန်း ဖတ်မက်၊ မချွတ်ယွင်ဆော၊ ရောက်စေသော....

မြတ်ရှင်စော သြကာသ၊ သြကာသ။

ဆုတောင်းခြင်း ပြီး၏။

အမျှဝေခြင်းအကြောင်း

"မကောင်းမှု အကုသိုလ်တရားကို မဖြစ်သေးက အသစ်မဖြစ်စေဘဲ ဖြစ်ပြီး ဖြစ်ပါက ပယ်ပစ်ရမည်။ ကောင်းမှု ကုသိုလ်တရားကို မဖြစ်သေးက အသစ် ဖြစ်စေပြီးနောက် ဖြစ်ပြီး ဖြစ်ပါက တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်" ဟု –

ဘုရားရှင် ကိုယ်တော်တိုင် သမ္မပ္ပဓာန် တရားဘော်၌ ဟောကြားတော်မူခဲ့၏။ မကောင်းမှု အကုသိုလ်သည် အပြစ်နှင့်တကွ ဆင်းရဲသော အကျိုးကို ပေးခြင်း (သာဝဇ္ဇ ဒုက္ခဝိပါက) လက္ခဏာ ရှိ၍ ကောင်းမှု ကုသိုလ်သည် အပြစ် မရှိ ချမ်းသာသော အကျိုးကို ပေးခြင်း (အနဝဇ္ဇ သုခဝိပါက) လက္ခဏာ ရှိသောကြောင့် ဆင်းရဲဒုက္ခကို ပယ်ရှား၍ ချမ်းသာသုခတရား ပွားများစေရန် ရည်သန်၍ ယင်းသို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် ဆင်းရဲဒုက္ခကို ပယ်ရှား၍ ချမ်းသာသုခတရား ပွားများလိုသူ တို့သည် မကောင်းမှု အကုသိုလ်တရား မှန်သမျှကို ပယ်ရှား၍ ကောင်းမှု ကုသိုလ်တရားကို တိုးပွားအောင် ကြိုးစားဆောင်ရွက်သင့်ကြပါသည်။

ကောင်းမှုကုသိုလ် ပြုရာ၌ မိမိ ကုသိုလ် ရသကဲ့သို့ အခြား သူတို့ကိုလည်း မိမိနှင့် အညီအမျှ ကုသိုလ်အဖို့ ရစေရန် "အမျှယူတော်မူကြပါ" စသောအားဖြင့် နှုတ်ဖြင့် မြွက်ကြား၍ ဝေငှပေးကမ်းခြင်းသည် "အမျှဝေခြင်း" ဖြစ်၏။ ပါဠိလို "ပတ္တိဒါန" ဟု ခေါ်၏။

ယင်း အမျှဝေသံကို ကြားသူတို့က "တော်ပါပေသည်, ကုသိုလ် ပြုနိုင်ပါပေသည်, စွန့်နိုင်ခဲသော ပစ္စည်းကို စွန့်ကြဲ လှူဒါန်းနိုင်ကြပေသည်" ဟု သဘောထား၍ ဝမ်းမြောက်ဝမ်းသာ "သာဓု, သာဓု" ဟု ခေါ်လျှင် "ပတ္တာနုမောဒန" ကုသိုလ်ဖြစ်၍ ကောင်းမှုရှင်နှင့် အလားတူစွာ ကုသိုလ်အဖို့ ရ၏။ ပြိတ္တာဖြစ်နေသူတို့အဖို့ သာဓု ခေါ်နိုင်ခွင့် ရ၍ သာဓု ခေါ်လျှင် ချက်ချင်းပင် "ထမင်း, အဖျော်" စသည်ကို ရရှိပြီး အကျိုးထူးခံစားရကြောင်း ကျမ်းဂန် တို့၌ တိုက်ရိုက်လာ၏။ (ဝမ်းမြောက်ဝမ်းသာ မဟုတ်ဘဲ ဝတ်ကျေတမ်းကျေ သာဓုခေါ်လျှင် တော်ရုံသာ အဖို့ရ၏။ သူတပါး လှူဒါန်းနိုင်သည်ကို မနာလိုစိတ် ဖြစ်လျှင် "ဣဿာ" အကုသိုလ်ပင် ဖြစ်နိုင်၏။ သတိပြု။) ထို့ကြောင့် အမျှဝေခြင်းသည် ကောင်းမှုကုသိုလ် ပြုသူတိုင်းအား ကုသိုလ်ချမ်းသာ ပွားများ အကျိုးများစေနိုင်ပါသည်။

မှန်ပါသည်။ မီးတစ်တိုင်မှ မီးထောင်ပေါင်းများစွာ ကူးယူသော်လည်း မူလ မီးတိုင်မှာ မီးမကုန်၊ မီးအရှိန် မလျော့၊ ပို၍ပင် မီးပုံး၍ အလင်းအင်အား များလာသကဲ့သို့ ထို့အတူ မူလ ကုသိုလ်ကောင်းမှုဌာန်မှာ အမျှပေးဝေလိုက် မှုကြောင့် မိမိကုသိုလ်ရှိန် လျော့မသွားဘဲ မူရင်း ကုသိုလ်အပြင် "ပတ္တိဒါန" ကုသိုလ်တစ်မျိုး တိုး၍ပင် ရနိုင်သည်။ သူတပါးတို့မှာလည်း ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ရသဖြင့် "ပတ္တာနုမောဒန"ကုသိုလ် ရ၍ အတ္တ-ဇော ပရ-ပါ (မိမိ သူတပါး နှစ်ဦးသားလုံး) အကျိုးရှိစေသော ကောင်းမှုကုသိုလ်မျိုး ဖြစ်ပါသည်။

အမျှရ၍ ပြိတ္တာဘဝမှ လွတ်မြောက်ကြရသော ပြိတ္တာ ရှစ်သောင်းလေးထောင်

ပြိတ္တာ အသူရကာယ်တို့၏ ဘဝသည် လောဘကြီးသူ, မနာလို ဝန်တို ကပ်စေးနဲသူတို့ ရောက်ရသော ဘဝ ဖြစ်၏။ အလိုကြီး၍ အရုနည်းရခြင်း ဖြစ်သည်။ အစာရေစာ ငတ်မွတ်ဆင်းရဲ၏။ ရေသောက်ရန် မြစ်ထဲဆင်းလျှင်ပင် (ပြုခဲ့သော အကုသိုလ်ကံကြောင့်) ရေပျောက်သွားရ၏။ လူတို့ စွန့်ပစ်သော ထမင်းလုံး နှပ် သလိပ် ခွဲခန်းများကိုလာ စားသုံးကြရရှာ၏။

အိပ်ရာထဲ လဲနေသော လူမမာကဲ့သို့ ကံစီမံသည့်အတိုင်း ခံစားနေကြရသဖြင့် "ကံဘုံ"ဟု ခေါ်သည်။ မည်သည့် နည်းနှင့်မျှ မိမိရလိုသော အရာကို ဝိရိယ စိုက်ထုတ်၍ ကြိုးစားလုပ်ယူလို့ ရနိုင်သော အာဉာဏ်အရေးမရှိ။ လူလူချင်း သနားခြစ်ခင်၍ ပေးယူခြင်းကဲ့သို့ ပေး၍ ယူ၍လည်း မရ။ ကျန်ရစ်သူ လူများက သတိရ၍ အမျှအတန်း ပေးဝေမှသာ ရရှိနိုင်ကြသည်။

သားသမီးတို့က မိဘတို့အပေါ် ပြုရမည့် တာဝန်ဝါးခုတွင် ကွယ်လွန်သွားကြသော မိဘတို့အတွက် "ကုသိုလ် ပြု၍ အမျှပေးဝေရန်" တာဝန်ကစ်ခုကို ထည့်သွင်း၍ (သိင်္ဂါလောဝါဒသုတ်တွင်) ဘုရားရှင် ဟောကြားတော်မူခဲ့၏။ ယင်း ဟောကြားတော်မူချက်အရ တာဝန် ရှိ၍ တာဝန် သိသော ကျန်ရစ်သူ သားသမီးများက ကုသိုလ်ပြု၍ အမျှပေးဝေခြင်းသော်လည်း "အချို့ အကုသိုလ် များသော မိဘတို့ ကွယ်လွန်သောအခါ ၎င်း၏ သားသမီးများမှာ ကုသိုလ် ပြု၍ အမျှပေးဝေရန် သတိမရ၊ မေ့လျော့နေတတ်ကြသည်"ဟုပင် ကျမ်းဂန်တို့၌ အဆိုရှိ၏။

ဘုရားပွင့်တော်မူသော (ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ) အခါကောင်း အခွင့်ကောင်း ကြီးနှင့် မကြုံကြိုက်လျှင် ကြုံကြိုက်ပါသော်လည်း တိုက်တိုက်ဆိုင်ဆိုင် သတ်သတ် မှတ်မှတ် ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေမည့်သူများ မရှိလျှင် ကမ္ဘာပေါင်း

အသခ်ျေပင် ပြိတ္တာဘဝမှာ ဆင်းရဲကြီးစွာ ခံစားနေရတတ်ပါသည်။ ဤ၌ ဧ၂-ကမ္ဘာကြာမှ ပြိတ္တာဘဘာမှ လွတ်မြောက်ရသော ပြိတ္တာပေါင်း ရှစ်သောင်း လေးထောင်တို့၏ သာဓကကို ဆက်လက် တင်ပြထားပါသည်—

"ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ဧ၂-ကမ္ဘာထက်၌ "ဖုဿ" မည်သော ဘုရားရှင် ပွင့်တော်မူပါသည်။ ထိုဘုရားရှင်၏ ညီတော် မင်းသား သုံးယောက်တို့သည် စည်းစိမ် ဥစ္စာများကို ဘဏ္ဍာရေး မင်းကြီးနှင့် အခွန်ဝန်အား လွှဲအပ်၍ အရပ်ရပ် ကိစ္စတို့ကို မှာထား ပြီးလျှင် ကွန်ရင်း တစ်ထောင်နှင့်တကွ တစ်ဝါတွင်းလုံး ဆယ်ပါးသီလ စောင့်သုံးလျက် ကျောင်းတော်မှာ နေကြသည်။

လွှဲအပ်သော ဝန်ကြီးများက ဘုရားအမှူးရှိသော သံဃာတော် များနှင့်တကွ မင်းသားတို့၏ အခြေအရံများအတွက်ပါ ချက်ပြုတ်၍ ပြုစုကြရ၏။

ထိုအခါ ကိစ္စကြီးငယ် ရွက်ဆောင်ပြုလုပ် ချက်ပြုတ်ကြသော ဝန်မင်း ဆွေမျိုးတို့သည် ရှစ်သောင်းလေးထောင်ခန့် ရှိသည်ဟု ဆို၏။ ထိုသူတို့သည် သံဃာတော်များ အတွက် ချက်ပြုတ်ထားသော စားသောက်ဖွယ်များမှ သံဃာတော်များ မကပ်ရခင် နွေစဉ်မပြတ် သားသမီးကိုလည်း ကျွေးမွေးကြ, မိမိတို့လည်း စားသောက်မိကြ သဖြင့် ဤကမ္ဘာ၏ အစလောက်ကပင် အားလုံး ပြိတ္တာများ ဖြစ်ကြ၍ စားရမဲ့ သောက်ရမဲ့ နေကြရလေသည်။ (ဒါနပြုရာ၌ ဦးဦးဖျားဖျား မစားမိအောင်, ကလေးများကိုလည်း မကျွေးမိအောင် သတိပြုသင့် ကြ၏။)

ထို့နောက် ပွင့်တော်မူလာသော ရွှေဘုရားရှင်များ အဆံတော်သို့ ချဉ်းကပ်လျက် စားသောက်ရမည့် ကာလကို လျှောက်ထားကြရာ "ဂေါတမဘုရား ပွင့်တော်မူလျှင် သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်း ဖြစ်၍ ဒါနပြုသောအခါ သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါ၌ သင်တို့ စားသောက်ကြရလိမ့်မည်"ဟု မိန့်တော်မူခဲ့သဖြင့် အမျှော်ကြီးမျှော်၍ နေခဲ့ကြရာသည်။ (ကံတရားကို ဘုရားသော်မှ မကယ်မ-နိုင်သည်ကို သတိပြုပါ။)

ထို့နောက် ဂေါတမဘုရားရှင် ပွင့်တော်မူလာ၍ ဗိမ္မိသာရမင်းသည် ရှေးဦးစွာ လှူဒါန်း ကျွေးမွေးသောအခါ အမျှမဝေမီသဖြင့် ကုသိုလ် ကောင်းမှု အဖို့အစု မရ၍ ညဉ့်အခါ အသံပြုလျက် ကိုယ်ထင်ပြကြလေသည်။

"ဗိမ္မိသာရမင်း"လည်း ဘုရားအဆံတော်သို့ လာ၍ အကြောင်းကို လျှောက်ထားရာ အခါကြောင်းစုံကို ဟောပြတော် မူသောကြောင့် နောက်ထပ် "သင်္ကန်း, ဆွမ်း" စသည်တို့ကို လှူ၍ အမျှပေးဝေမှု သာဓု ခေါ်ကြရပြီး ပြိတ္တာဘဝမှ လွတ်မြောက်ကာ နတ်အဝတ် နတ် အစားများ ပေါ်ပေါက်၍ ချမ်းသာမှု ရကြပါလေသည် (ခုဒ္ဒကာဋ္ဌ၊ တိရောကုဋ္ဋသုတ်။၁၆၈)။

[ဤပြိတ္တာတို့၏ သာဓကကို ထောက်၍ သေသူအတွက် ပေးဆွတ်ခင် အခေါင်းထဲသို့ ထမင်းထုပ် ထည့်ပေးခြင်း, ဆန် ထည့်ပေးခြင်း, အဝတ် ပုဆိုးအင်္ကျီ ထည့်ပေးခြင်းနှင့် ပါးစပ်ထဲသို့ ကူးတို့ခ ပိုက်ဆံ ထည့်ပေးခြင်း စသည်တို့သည် ရနိုင်သော ပေးခြင်းများ မဟုတ်ဘဲ ကုသိုလ်ကောင်းမှု အလှူဒါန ပြု၍ အမျှပေးဝေခြင်းသာ ရနိုင်သော ပေးခြင်းမျိုး ဖြစ်ကြောင်း သတိပြုသင့်ကြပါသည်။

ယင်းသို့ ကုသိုလ်ကောင်းမှု အလှူဒါနပြု၍ အမျှပေးဝေသော်လည်း ပေးတိုင်းမရ ဖြစ်တတ်ပုံ သာဓကနှင့် ပေးတိုင်းရခဲအောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည် ဆိုသော အချက်ကိုလည်း ဤကျမ်း "ဒကို့ဇေယျ ဂုဏ်တော်ဖွင့်" စာမျက်နှာ ၂၀၁-၌ ပြန်လှန်ကြည့်ရှု သတိပြု လေ့လာသင့်ကြပါသည်။]

ရေစက်ချခြင်းအကြောင်း

ကုသိုလ်ကောင်းမှု အလှူဒါနပြုကြသောအခါ ဆုတောင်းခြင်း, အမျှဝေခြင်းတို့နှင့်အတူ ရေစက်ချခြင်းကို ပြုလုပ်လေ့ ရှိကြ၏။ ရေဖလား, ရေကရား စသည်၌ ရေထည့်၍ အောက်ခံခွက် တင်ခုံပေါ်မှာ နေတင်စက် တစ်စက် ချရင်း ဘုန်းကြီးက ရွှေဂ ချေပးသော "ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော် တို့သည်" စသော အလှူစာတမ်းကို လိုက်၍ ဆိုခြင်းကိုပင် "ရေစက်ချ" ဟု ခေါ်ကြသည်။

ယင်း "ရေစက်ချ" ခြင်း အလုပ်ကို ယခုမှ ပြုလုပ်ကြသည် မဟုတ်၊ ဘုရားရှင် မပွင့်ပေါ်မီကပင် ပြုလုပ်လာခဲ့ကြောင်း. "သုဂန္ဓောဒကပူရိတံ သုဝဏ္ဏဘိင်္ကာရံ ဂဟေတ္ဝာ ဟတ္ထိသောဏ္ဍံ ဂဟေတ္ဝာ တေသံ ဟတ္ထေ ထပေတ္ဝာ ဥဒကံ ပါတေတ္ဝာ အဒါသိ = နံ့သာရည်ဖြင့် ပြည့်သော ရွှေကရားကို ယူ၍ ဆင်ဖြူတော်၏ နှာမောင်းကို ကိုင်ပြီးလျှင် ထိုပုဏ္ဏားတို့၏ လက်၌ ထည့်၍ ရေကို ကျစေလျက် (ရေစက်ချလျက်) လှူပြီ" ဟူ၍ ဝေဿန္တရာဇာတ် ဆင်ဖြူတော် လှူခန်း၌ လာသော စကားအရ ထင်ရှား သိသာလှပါသည်။ သားတော် သမီးတော်လှူခန်း, မဒ္ဒီမိဖုရားကို လှူခန်းတို့၌လည်း ဤနည်းအတူပင် ဖြစ်၏။

ဗြာဟ္မဏဝဂ်၊ အဂ်ိုတ္တိရ် ဋီကာ (တတိယတွဲ)၌ကား "ဥဒကံ ပါတေတ္ဝာ ဒေန္တီတိ ဒုါရေ ဌိတဿေဝ ဗြာဟ္မဏဿ ဟတ္ထေ ဥဒကံ အာသိဉ္စန္တော.... ဒေန္တီ-တံခါး၌ တည်နေသည်သာလျှင် ဖြစ်သော ပုဏ္ဏား၏ လက်၌ ရေကို လောင်းထည့်၍ (သတ္တိသမီးကို) ပေးလှူကုန်၏" ဟူ၍ ရှေးခေတ် ရေစက်ချပုံကို ပိုမိုပေါ်လွင်အောင် ဖွင့်ပြထားပါသည်။

ယခုခေတ် ရေစက်ချပုံမှာ အောက်ခံခွက် တစ်ခုပေါ်မှာ တစ်စက် တစ်စက် သွန်ချခြင်း ဖြစ်၍ ရှေးခေတ် ရေစက်ချပုံမှာ အလှူခံပုဂ္ဂိုလ်၏ လက်၌ လောင်းထည့် သွန်ချခြင်းဖြင့် ရေသွန်ချပုံ သွန်ချနည်း အနည်းငယ် ကွဲပြားမှု ရှိလေသည်။ သို့ရာတွင် အလှူဒါန ပြုရာ၌ ပေးကမ်း စွန့်ကြဲခြင်းနှင့်အတူ ရေကို စွန့်ချမှု သဘောခြင်းကား မကွဲမပြား တူညီလျက် ရှိပါ၏သည်။

"အလှူရေစက် လက်နှင့်မကွာ" ဆိုသော စကားအရ အလှူဒါန၏ လက္ခဏာသရုပ်ကို ရေဖြင့် အတူပြု၍ ဖော်ထုတ်ခဲ့ခြင်းမှာ လွန်စွာ အဓိပ္ပါယ် ရှိပါသည်—

> "ရေသည် သန့်ရှင်း ကြည်လင်သကဲ့သို့ အလှူဒါနသည် လောဘ, ဒေါသ, မောဟ စသော ကိလေသာ အညစ်အကြေးတို့မှ သန့်ရှင်း ကြည်လင်၏" ဟူ၍လည်းကောင်း၊
>
> "ရေသည် အေးမြသကဲ့သို့ အလှူဒါနသည် ရန်သူမျိုး ငါးပါးတို့မှ လွတ်ကင်း၍ ကြောက်ရွံ့ ပူပန်ရခြင်း မရှိတော့သဖြင့် အေးမြ၏" ဟူ၍လည်းကောင်း၊
>
> "ရေသည် လောင်းချလိုက်သည်နှင့် တပြိုင်နက် ပြန်၍ ကောက်ယူ ရရှိနိုင်ခြင်း မရှိတော့သကဲ့သို့ အလှူဒါနသည်လည်း အလှူခံပုဂ္ဂိုလ်၏ လက်တွင်းသို့ အပ်နှင်းလိုက်သည်နှင့် တပြိုင်နက် ပြန်၍ ရယူနိုင်ရန် မျော်လင့်ခြင်း မရှိတော့" ဟူ၍လည်းကောင်း—

ရေသည် အလှူဒါန၏ သန့်ရှင်း ကြည်လင်ခြင်း, အေးမြခြင်း သဘောလက္ခဏာနှင့် အာလယပြုတ် စွန့်လွှတ်မှု (=စဇ) လက္ခဏာ သဘောကို ကောင်းစွာ ထင်မြင် သဘောပေါက်စေနိုင်ပါသည်။ ထို့ကြောင့် အလှူဒါန ပြုရာတွင် "ရေစက်ချခြင်း"ကို ကောင်းစွာ သဘောပေါက်၍ ပြုလုပ်သင့်ကြပါသည်။

ယင်းသို့ ပြုလုပ်ရာ၌ ဘုန်းကြီးက ပြုလုပ်ပေးခြင်းမှာ အလှူရှင်က ကိုယ်တိုင် မဆိုတတ် မလုပ်တတ်၍ ကိုယ်စား ပြုလုပ်ပေးခြင်း ဖြစ်၏။ စင်စစ် မိမိ၏ အလှူဒါနအတွက် ရေစက်ချ ဆုတောင်းခြင်း, အမျှဝေခြင်းတို့ကို မိမိကိုယ်တိုင် ပြုလုပ်ခြင်းက ပို၍ လမ်းမှန်ကျသောကြောင့် ဗုဒ္ဓဘာသာဝင် တစ်ယောက် အနေဖြင့် ကိုယ်တိုင် ကိုယ်ကျ ရေစက်ချတတ်, ဆုတောင်းတတ်, အမျှဝေ တတ်အောင် လေ့လာထားသင့်ကြပါသည်။ ဤ၌ "မြန်မာသက်သက် ရေစက်ချ စာတမ်း"ကို ဆက်လက် ဖော်ပြထားပါသည်—

မြန်မာသက်သက် ရေစက်ချစာတမ်း

အရှင်ဘုရား....တပည့်တော်တို့သည် ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း အစရှိသော ဆင်းရဲအပေါင်းဘို့၏ မပြတ်နှိပ်စက်ရာ ဤသံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်၍ အလွန် အေးမြ ချမ်းသာလှသော နိဗ္ဗာန်သို့ ရောက်ပါရခြင်း အကျိုးငှာ၊ (ရည်ရွယ်ချက်)

ကောင်းသဖြင့် ပြုအပ်သော ကုသိုလ်ကံ, မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံကိုလည်းကောင်း၊ ထိုကုသိုလ်ကံ, အကုသိုလ်ကံသည် နောင်သံသရာ ဘဝတို်၌ ပေးလတ္တံ့သော ကောင်းကျိုး, မကောင်းကျိုးကိုလည်းကောင်း ယုံကြည်ပါကုန်သည် ဖြစ်၍၊ (ယုံကြည်ချက်)

ဘုရား, တရား, သံဃာ-ဟူသော သုံးပါးသော ကိုးကွယ်ရာ သရဏကုံနှင့်တကွ (ငါးပါး)သော သီလတော်မြတ်ကို ကောင်းစွာ ခံယူ ဆောက်တည် ပြီး၍ ဤ(ဆွမ်း, ရေချမ်း, ပန်း, ဆီမီး)တည်းဟူသော လှူဖွယ်ဝတ္ထုတို့ကို (သက်တော် ထင်ရှား မြတ်စွာဘုရားကို ရည်မှတ်၍ ဤစေတီတော်မြတ်အား) သဒ္ဓါကြည်ဖြူ လှူဒါန်း ဓာက်ကပ်ပါကုန်၏ အရှင်ဘုရား၊ (သီလ၌ တည်၍ လှူဒါန်းခြင်း)

ဤကောင်းမှု၏ စေတနာအစွမ်းကြောင့် တပည့်တော်တို့သည် အို, နာ, သေခြင်း ကင်းရာအမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်ဆောစွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား၊ (ဝိဝဋ္ဋနိဿိတဆုတောင်း)

နိဗ္ဗာန်သို့ မရောက်ရသေးသမျှ ဘဝသံသရာ၌ ကျင်လည်ရသည် ရှိသော် "သင်္ခါ,သိလ,သုတ,စာဂ,ပညာ,ဟိရီ,ဩတ္တပ္ပ" တည်းဟူသော သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာနှင့် ပြည့်စုံ၍ ရတနာသုံးတန် ကဲ့, ကံ၏ အကျိုးကို ယုံကြည်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး ဘဝတိုင်း ဖြစ်ရ၍ အမြဲုက် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်နိုင်ကြောင်း ကောင်းမှုကုသိုလ်ကို မငြိုမငြင် အစဉ်အမြဲ အားထုတ် ပြုလုပ်နိုင်ရပါလိုကုန်၏ အရှင်ဘုရား၊ (ဝဋ္ဋနိဿိတဆုတောင်း)

ဤကောင်းမှုကုသိုလ်၏ အဖိုဘဝကိုလည်း အမိ, အဘ, ဆရာသမား, ဆွေမျိုးဉာတကာ, ရေမြေသနင်း မင်းမှ စ၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော သုခိတ, ဒုက္ခိတ သတ္တဝါအပေါင်းတို့အား ရကြပါစေ အမျှပေးဝေပါကုန်၏၊ ကျွန်ုပ်တို့နှင့် အတူတကွ အမျှရ၍ ချမ်းသာကြသည် ဖြစ်ပါစေကုန်သော....၊ (အမျှဝေခြင်း)

ဝသုန္ဓရေ ဤမြေကြီးသည်လည်း အကျွန်ုပ်တို့၏ သက်သေအရာ၌ ကောင်းစွာ ဘည်သည် ဖြစ်ပါစေသော....၊ (သက်သေတည်ခြင်း)

[သီလ ခံယူ ဆောက်တည်ရာ၌ ရှစ်ပါး, ကိုးပါး, ဆယ်ပါး ဖြစ်လျှင် (ငါးပါး) နေရာ၌ ရှစ်ပါး, ကိုးပါး, ဆယ်ပါး လိုအပ်သလို ပြင်၍ ဆိုပါ။ (ဆွမ်း, ရေချမ်း, ပန်း, ဆီမီး)ဟူရာ၌လည်း မိမိလှူသော အလှူဝတ္ထု၏ အမည်ကိုသာ ထည့်ရန် ဆိုရန် ဖြစ်ပါသည်။ လှူဒါန်းရာ၌ ဘုရား မဟုတ်ဘဲ သံဃာတော်အား လှူဒါန်းလျှင် (ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို စိုက်ပျိုး ကြဲချရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်သော သံဃာတော် အရှင်မြတ်တို့အား)ဟု ဘုရားနေရာတွင် ပြောင်းဆိုပါ။ ရဟန်း သံဃာ သုံးပါး, နှစ်ပါး ဖြစ်လျှင် (အရှင်ဘုရားတို့အား), တစ်ပါးတည်း ဖြစ်လျှင် (အရှင်ဘုရားအား)ဟု လိုအပ်သလို ပြင်ဆင် ပြောင်းလဲ ဆိုရန် လက်သည်းကွင်းဖြင့် ပေါ်ပြထားပါသည်။]

ရေစက်ချ အမျှဝေခြင်း ပြီး၏။

ဤတွင် အပိုင်း(၁) ပြီး၏။

အဓိဋ္ဌာန် (၂)

အခန်း (၇)

ဘုရားဖြစ်ရန် ပါရမီတော်ဖြည့်ကျင့်ခြင်း

ဘုရား တရား သံဃာ ရတနာသုံးပါးတို့တွင် ဘုရားရတနာကို အကြောင်းပြု၍ တရားရတနာနှင့် သံဃာရတနာတို့ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားရတနာသည် ထိုကျန်ရတနာနှစ်ပါးတို့၏ အရင်းမူလဖြစ်သည်။ ထိုဘုရားရတနာ၏ ကြည်ညိုဖွယ်ရာ ယုံကြည်အားထားဖွယ်ရာ ဂုဏ်တော်များကို အကျဉ်းချုပ်မျှ ဖွင့်ဆိုပြခဲ့ပါသည်။ ယင်းဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော ဘုရားအဖြစ်သို့ ရောက်ရှိအောင် မည်သို့မည်ပုံ မည်မျှကြာအောင် ပါရမီတော်များကို ဖြည့်ကျင့်ခဲ့ရသည်ကို သိရှိ နားလည်ရန် လိုအပ်ပေသည်။ ဂေါတမမြတ်စွာဘုရားသည် အလိုအလျောက် အကြောင်းမဲ့ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းမဟုတ်ချေ။ ဘုရားဖြစ်ရန် အကြောင်းကံပါရမီတော်များကို လေးသခေါ်နှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ခြင်းကြောင့် သာလျှင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်သည်။ တန်ခိုးရှင်တစ်စုံတစ်ဦးက ပေးကမ်းချီးမြှောက်ခြင်းကြောင့် ဘုရားအဖြစ်ကို ရရှိခဲ့ခြင်း မဟုတ်သည်ကို သိသင့်လှပေသည်။

အသခေါ်နှစ်ဆယ်

ဗုဒ္ဓဝင်ပါဠိတော်၌ ပါရမီတော်များ ဖြည့်ကျင့်ရာကာလကို လေးအသခေါ်နှင့် ကမ္ဘာတစ်သိန်းဟု ပြဆိုထားပေသည်။ သို့ရာတွင် စူဠဗုဒ္ဓဃောသဆရာ ရေးသားစီရင်သော သောတတ္တကိကျမ်း၌ ဘုရားအဖြစ်ကို စိတ်ဖြင့် ဆုတောင်းခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း ၇-အသခေါ်၊ နှုတ်ဖြင့် မြွက်ဆို၍ ဆုတောင်းခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း ၉-အသခေါ်၊ နှုတ်ဖြင့် ဆုတောင်းရုံသာမက ပါရမီတော်များကို ကိုယ်တိုင်ကိုယ်ကျ ဆည်းပူးဖြည့်ကျင့်ခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း လေးအသခေါ်နှင့် တစ်သိန်း ဖြစ်သည်ဟု ရှင်းလင်းဖွင့်ဆိုထားပေသည်။ ပထမဆင့်အနေဖြင့် ဘုရားဖြစ်လိုသော ဆန္ဒကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန် မဝံ့မရဲသဖြင့် စိတ်ထဲ၌သာ မျှိသိပ်ကာ ဘုရားအဖြစ်ကို တောင့်တခဲ့ရသည်။ ထိုသို့ စိတ်ဖြင့် တောင့်တဖန်များလာသော အခါ ဆန္ဒပြင်းပြမှု စိတ်ဓာတ်ရင့်ကျက်လာမှုကြောင့် ဘုရားဖြစ်လိုကြောင်းကို လူသိရှင်ကြား မြွက်ဟပြောရဲဆိုရဲ ဖြစ်လာသည်။

ဗုဒ္ဓဘာသာလက်စွဲ [illegible]

ထိုအခါ ပုဉ်တော်မူသည့် ဘုရားရှင်မျှားကို ဖူးတွေ့ရတိုင်း ဘုရားဖြစ်ရပါလို၏ဟု နှုတ်မှ မြွက်ဆို ဆုတောင်းလေ့ ရှိခဲ့သည်။ ဤကဲ့သို့ စိတ်ကူးသက်သက် ၃-အသင်္ချေ၊ နှုတ်မြွက်ဆိုမှု ၉-အသင်္ချေ စုစုပေါင်း ၁၆-အသင်္ချေကာလ လွန်မြောက်ပြီးနောက် ဒီပင်္ကရာမြတ်စွာဘုရားထံတော်ရောင်း၌ "ဘုရားစင်စစ် ကောန်ဖြစ်လိမ့်မည်"ဟု နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့ရသော အချိန်ကာလမှစ၍ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်း ပါရမီတော်တို့ကို ကိုယ်နှုတ်စိတ်တို့ဖြင့် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ရသည်။ ဤ၌ အသင်္ချေ ဟူသော ကာလကို ရှင်းပါဦးအံ့။ အသင်္ချေသည်—

၁။ ဂဏနအသင်္ချေ (ဂဏန်းသင်္ချာ၌ အသုံးပြုသည့် အသင်္ချေ)၊

၂။ အနုမာနအသင်္ချေ (တိကျသော အရေအတွက်မရှိဘဲ မှန်းဆရေတွက်အပ်သော အသင်္ချေ)၊

၃။ ကပ္ပအသင်္ချေ (ကမ္ဘာနှင့် ဆက်စပ်ရေတွက်ရသော အသင်္ချေ)၊

၄။ ဗုဒ္ဓအသင်္ချေ (ဂဏန်း အရေအတွက်ဖြင့် ကမ္ဘာပေါင်း မည်မျှရှိ မည်မျှဟု မရေတွက်နိုင်၊ ပုဉ်တော်မူသည့် ဘုရားရှင်တို့၏ အမည်နာမဖြင့် ပိုင်းခြားကန့်သတ်၍ ရေတွက်ရသော ကမ္ဘာအသင်္ချေ)—

ဟူ၍ အသင်္ချေ ၄-မျိုးရှိသည်။

၁။ ဂဏန အသင်္ချေ

အထက်ဖော်ပြပါ အသင်္ချေ ၄-မျိုးအနက် ဂဏနအသင်္ချေဆိုသည်မှာ-၁-ဂဏန်း၏ နောက်၌ သုညပေါင်း ၁၄၀ ရှိသော ကိန်းဂဏန်းတစ်ခုဖြစ်သည်။ သင်္ချာနည်းအားဖြင့် အတိအကျ ဖော်ပြရေတွက်ကောင်းသော အသင်္ချေဖြစ်သည်။

၂။ အနုမာန အသင်္ချေ

ဥပမာ-ဤကမ္ဘာပေါ်၌ သုံးရက်တိုင်တိုင် အဆက်မပြတ် ရွာသွန်းသော မိုးရေပေါက်များ၏ အရေအတွက်မှာ အသင်္ချေဖြစ်သည်ဟူ၍ ခန့်မှန်းပြောဆို ရေတွက်ထု၌ အနုမာနအသင်္ချေ ဖြစ်သည်။

၃။ ကပ္ပ အသင်္ခေ္ယ

ဖဏ္ဍိန်ကာလအပိုင်းအခြားတစ်ခုကို ကပ္ပ=ကပ်ဟု ခေါ်၏၊ ယင်းကပ်မှာ-

(က) အာယုကပ်၊

(ခ) အန္တရကပ်၊

(ဂ) အသင်္ခေ္ယျကပ် (ကပ္ပအသင်္ခေ္ယ)၊

(ဃ) မဟာကပ်-

ဟူ၍ လေးမျိုးရှိသည်။

(က) အာယုကပ်

ထိုလေးမျိုးတို့တွင် သတ္တဝါတို့၏ အသက်အပိုင်းအခြား (သက်တမ်း)ကို အာယုကပ်ဟု ခေါ်သည်။ လူတို့၏ သက်တမ်းမှာ အနည်းဆုံး ၁၀-နှစ်တမ်း၊ အများဆုံး အသင်္ခေ္ယတမ်းတိုင်အောင် ဆုတ်လိုက် တက်လိုက်ရှိသည်၊ တက်ကပ် ၌ ၁၀-နှစ်တမ်းမှ အသင်္ခေ္ယတမ်းတိုင်အောင် တဖြည်းဖြည်း အသက်ရှည်လာကြ၏၊ ဆုတ်ကပ်၌ အသင်္ခေ္ယတမ်းမှ ၁၀-နှစ်တမ်းတိုင်အောင် ဆုတ်ယုတ်လာ၏။

(ခ) အန္တရကပ်

သတ္တဝါတို့၏ လောဘ, ဒေါသ, မောဟ ထူပြောလာသောအခါ သက်တမ်း ဆုတ်ယုတ်လာ၍ လောဘ, ဒေါသ မောဟ နည်းပါးလာပြီး မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ထွန်းကားလာသည့်အခါ အသက်တမ်း ပို၍ ပို၍ ရှည်လာကြသည်။

၁၀-နှစ်တမ်းတွင် လောဘ, ဒေါသ, မောဟတရားများ အစုံမ်းကုန် ထူပြောလာသဖြင့် ဆရာသမား, လူကြီး, မိဘတို့ကို ရိုသေရကောင်းမှန်းမသိ, ကျေးဇူးတရားကို မသိတတ်, ကတိသစ္စာမရှိ, ဗြဟ္မစိုရ်တရားများ ခြောက်ခန်းလာသဖြင့် လူအချင်းချင်း အကျိုးစီးပွား ပျက်ပြားစေရန် အားထုတ်လာကြသည်။ အမျက် ဒေါသ, အာဃာတ ကြီးမားလာ၍ သည်းခံနိုင်ခြင်း, ခွင့်လွှတ်နိုင်ခြင်း မရှိ၊ လက်စားချေရန် သတ်ဖြတ် ဖျက်ဆီးရန် အမြဲတစေ ကြိုးပမ်းလျက် ရှိကြသည်၊ အမျိုးသမီးများကိုလည်း ကွေ့ရာ မြင်ရာ ဌာနဌ် ဖျက်ဆီးကြလေသည်။

ကာမဂုဏ်ထူပြော၍ ကာမဂုဏ်နှင့် စပ်သော အတွေးအခေါ် အပြောအဆို အပြုအမူများကို အမြဲတစေ ပြုလုပ်လျက်ရှိကြသည်။ ထက်မြက်သော လူသတ်လက်နက်များမှာလည်း အလွယ်တကူ အချိန်မရွေး လက်တကမ်းအတွင်းမှာပင် ရယူနိုင်သည့် အခြေအနေ ရှိနေကြသည်။

အချင်းချင်း အပြန်အလှန် လက်စားချေသတ်ဖြတ်မှုများ ထူပြောလာ၍ လူမြင်တိုင်း သံသယစိတ်ဖြင့် စောင့်ကြည့်နေရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ မိမိက အလျင်လက်ဦးမှုရအောင် စိတ်စောနေကြသည်။ တွေ့သမျှ မြင်သမျှ လူများကို ရန်သူသဖွယ် သဘောထားလာကြသည်။ မိမိတို့ ယုံကြည်စိတ်ချရသူအချင်းချင်း အုပ်စုငယ်များဖွဲ့ကာ နေထိုင်ကြရသည်။ ယင်းအုပ်စုအချင်းချင်းလည်း လုယက်တိုက်ခိုက် သတ်ဖြတ်ကြသည်။ တဖန် အုပ်စုတစ်ခု အတွင်း၌လည်း အချင်းချင်း သတ်ဖြတ်ကြပြန်သည်။ ဤနည်းအားဖြင့် လူတို့သည် လူအချင်းချင်း အပြန်အလှန် အမဲလိုက်နေကြသည်။ လူအချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို သားကောင်သဖွယ် သဘောထား လာကြသည်။

အများနည်းတူ ယှဉ်ပြိုင်မသတ်ရဲ မဖြတ်ရဲသော လူအချို့သည် တောတောင် ထူထပ်ရာ ဌာနသို့ ပြေးဝင်ပုန်းအောင်း နေကြရသည်။ ဤကဲ့သို့ သတ်ပဲ့ကြိုး အမဲလိုက်ပဲ့ကြိုး ဖြစ်ပြီးနောက် ဤကမ္ဘာမြေပေါ်တွင် လူသားဟူ၍ မကျန် သလောက် ဖြစ်သွားခဲ့သည်။ ကျန်ရစ်သော လူသားတစ်ယောက်တလေမှာမှ သတ်ဖြတ်မှုများကို ငြီးငွေ့စက်ဆုတ်ရွံရှာလာခဲ့၍ မေတ္တာတရား သည်းခံခြင်း တရားများကို ကျင့်သုံးလာခဲ့သည်။ ထိုကဲ့သို့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မစိုရ်တရားများကို ကျင့်သုံးမှုကြောင့် လူတို့၏ အသက်တမ်းသည် ပြန်လည်တိုးပွား ရှည်လျားလာခဲ့ပြန်၏။ အမြင့်ဆုံးအသခ်ဳိ့တမ်းအထိ အသက်ရှည်ခဲ့ကြသည်။

ထို့နောက် လောဘ, ဒေါသ, မောဟ တရားများ တဖြည်း တဖြည်း အနည်းငယ် အနည်းငယ် ဖြစ်ပေါ်လာပြန်သဖြင့် အသက်အသခ်ဳိ့တမ်းမှ ပြန်လည်၍ ဆုတ်ယုတ် လာပြန်သည်။ ဤကဲ့သို့ ဆုတ်ကပ်နှင့် တက်ကပ်တစ်စုံကို အန္တရကပ်တစ်ခုဟု ခေါ်ဆိုရသည်။

(ဂ) အသခ်ဳိ့ယျကပ် (ကပ္ပအသခ်ဳိ့)

ကပ္ပအသခ်ဳိ့ဟု ခေါ်သော အသခ်ဳိ့ယျကပ်သည် ဤကမ္ဘာကြီး၏ ဖြစ်မှု ပျက်မှုနှင့် ဆက်စပ်လျက် ရှိသည်၊ အသခ်ဳိ့ယျကပ်လေးမျိုး ရှိသည်။

(၁) သံဝဋ္ဋကပ် (ကမ္ဘာပျက်ဆဲကာလ)၊
(၂) သံဝဋ္ဋဌာယီကပ် (အပျက်အတိုင်း တည်နေသောကာလ)၊
(၃) ဝိဝဋ္ဋကပ် (ကမ္ဘာတည်သောကာလ)၊
(၄) ဝိဝဋ္ဋဌာယီကပ် (ကမ္ဘာတည်သည့်အတိုင်း ဆက်လက် တည်ရှိ နေသောကာလ)။

ယင်းအာသခေါ်ယျကပ်တစ်ခုစီ၏ အချိန်ကာလကို နှစ်ပေါင်း မည်မျှ ကြာသည်ဟု ပိုင်းခြားရေတွက်ပြရန် မဖြစ်နိုင်ချေ၊ ထို့ကြောင့် မြတ်စွာဘုရား ရှင်က ဥပမာဆောင်၍ ရေတွက်ပုံ ရေတွက်နည်းတစ်ခုကို ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဥပမာမှာ—

> အလျား ရှစ်မိုင်, အနံ ရှစ်မိုင်, အမြင့် ရှစ်မိုင် ထုထည်ရှိသော တခဲနက် ကျောက်တုံးကြီးတစ်ခုကို အလွန်တရာ နူးညံ့သိမ်မွေ့သော အဝတ်စ၊ သို့မဟုတ် ဂွမ်းစ၊ သို့မဟုတ် ငှက်မွေးတစ်ခုဖြင့် အနှစ် တစ်ထပ်လျှင် တစ်ကြိမ်လာရောက် ထိတို့သဖြင့် အကြိမ်ပေါင်း များလာသောအခါ ယင်းထိတို့မှုကြောင့် ယင်းကျောက်တုံးကြီး ကုန်ခန်း သွားလေရာ၏။ အာသခေါ်ယျကပ် တစ်ခုကား မကုန်ဆုံးသေးချေ။

ယင်းကျောက်တုံးကြီးကို စတင်ထိတို့သည့် အချိန်မှ ကျောက်တုံးကြီး ကုန်ခန်းသည်အထိ မည်မျှကြာမည်ကို ခန့်မှန်းစဉ်းစား ကြည့်စေလိုသည်။ ဤကဲ့သို့ ရှည်လျားလှစွာသော အချိန်ကာလတစ်ခုကို အာသခေါ်ယျကပ်တစ်ခုဟု သတ်မှတ်ရသည်။

(၁) သံဝဋ္ဋကပ် (ကမ္ဘာပျက်ချိန်)

ကမ္ဘာပျက်ခြင်းမှာ မီးဖြင့် ပျက်ခြင်း, ရေဖြင့် ပျက်ခြင်း, လေဖြင့် ပျက်ခြင်း ဟူ၍ သုံးမျိုးရှိသည်။ စကြဝဠာတစ်ခုအတွင်း၌ နေတစ်စင်းသာ ရှိရမည်၊ သို့ရာတွင် ကမ္ဘာပျက်ချိန်တန်သောအခါ နေတစ်စင်းမှသည် နှစ်စင်း, သုံးစင်း နေခုနစ်စင်းအထိ ဖြစ်ပေါ်လာရသည်။ အာကာသအတွင်း၌ သွားလာနေသော ရုပ်ဝတ္ထု အစိုင်အခဲကြီးများ ကြယ်တံခွန်ကဲ့သို့သော ရုပ်ဝတ္ထု အစိုင်အခဲကြီး များသည် အတွင်းခတ်သဘာဝ ဖောက်ပြန် ပြောင်းလဲပြီး နေအဖြစ်သို့ ရောက်ရှိလာကြသည်။ ထိုအခါ စကြဝဠာတစ်ခုအတွင်း၌ နေတစ်စင်းမှသည် နေခုနစ်စင်းအထိ ဖြစ်ပေါ်လာတော့သည်။ နေနှစ်စင်း ဖြစ်လာသည့်အခါ နေဝင်ချိန်ဟူ၍ မရှိတော့ဘဲ ပူပြင်းလာသဖြင့် ရေတွင်း ရေကန် မြစ် ချောင်း အင်း အိုင်များ ခန်းခြောက်သွားတော့သည်။ ထိုအခါ ကောက်ပဲသီးနှံနှင့် အပင်ငယ်များ ခြောက်သွေ့ပျောက်ကွယ်၍ သက်ရှိသတ္တဝါများ သေဆုံးကုန်ကြသည်၊ သတ္တဝါများသည် ကိုယ်ကျင့်တရား တစ်ဆင့်ထက်တစ်ဆင့် မြင့်မားအောင် ကြိုးပမ်း အားထုတ်လာကြ၍ အထက်အထက် ဗြဟ္မာပြည်ဘုံဒေဝဗောက်ရှိ သွားကြသည်။ ကတိုးယနေတစ်စင်း ပေါ်ထွက်လာသောအခါ ဟိမဝန္တာတော သုံးတောင် ခြောက်သွေ့ ပျောက်ကွယ်၍ မြစ်ကြီးများ ခြောက်ခန်းသွားသည်။

စတုတ္ထနေနှင့် ပဉ္စမနေ ထွက်ပေါ်လာသည့်အခါ မဟာသမုဒ္ဒရာလေးစင်းရှိ ပင်လယ်ရေများ ခြောက်ခန်းသွားတော့သည်။ ဆက်လက်ပူလောင်သည့်

အခါ ဤကမ္ဘာတစ်ခုလုံး အစိုဓာတ် အစေးဓာတ် မှန်သမျှ ခြောက်ခန်း၍ ခြစ်ခြစ်တောက် ပူလောင်လာသည်။ သစ်သားစသော သာမန်လောင်စာမှန်သမျှ လောင်ကျွမ်းပြီး ဖြစ်တော့သည်။ ဆင်ခြေနေ ထွက်ပေါ်လာသည့်အခါတွင် ဤကမ္ဘာ ဤစကြဝဠာသည် ရဲရဲတောက်အောင် ပူလောင်လျက် ရှိသည်။ သတ္တမနေ ထွက်ပေါ်လာသည့် အခါတွင်မူ ဤကမ္ဘာ ဤစကြဝဠာသည် မီးတောက် မီးလျှံများ အလျှံပြောင်မပြောင် တောက်လောင်လျက် အခိုး အငွေ့ မြူမှုန်မျှ မကြွင်းအောင် လောင်ကျွမ်းသွားတော့သည်။ ယင်းကဲ့သို့ ကမ္ဘာပျက်နေသော အချိန်ကာလမှာ မည်မျှကြာသနည်းဟုဆိုလျှင် အသင်္ချေယျကပ် တစ်ခုစာကြာ၍ ဤအချိန်ကာလကို သံဝဋ္ဋကပ် (ကမ္ဘာပျက်ချိန်)ဟု ခေါ်သည်။

ဇာတိခေတ်

ဤကဲ့သို့ လောင်ကျွမ်း ပျက်စီးသွားသည့် စကြဝဠာများမှာ ဖြစ်အတူ ပျက်အတူ စကြဝဠာ ကုဋေတစ်သိန်း ရှိသည်။ ယင်းစကြဝဠာ ကုဋေတစ်သိန်းသည် ကမ္ဘာပျက်သည့် အခါတွင် အပူတက္ခ တပြိုင်နက် ပျက်စီး၍ ကမ္ဘာတည်သည့် အခါတွင်လည်း အတူတက္ခ တပြိုင်နက် ပြန်လည် ဖြစ်ပေါ်လာသောကြောင့် ဖြစ်အတူ ပျက်အတူ "ဇာတိခေတ်" တစ်ခုဟု ခေါ်သည်။ (ဇာတိ=ဖြစ်ပေါ်ခြင်း+ခေတ်=နယ်ပယ်။)

ရေဖျက်သော ကမ္ဘာ

ကမ္ဘာပျက်ခြင်းမှာ အထက်တွင် ဖော်ပြပြီးသော မီးလောင်ပျက်စီးခြင်း အပြင် ရေဖြင့် ပျက်စီးခြင်း, လေဖြင့် ပျက်စီးခြင်းဟူ၍ ရှိသေးသည်။ ရေဖြင့် ပျက်စီးပုံမှာ ရွာဦးစွာ မိုးသေးမိုးဖွဲးများ ရွာလာသည်၊ ထို့နောက် မိုးသီး မိုးပေါက်များ ကျလာသည်၊ ကမ္ဘာတစ်ခွင်လုံး ရေမြုပ်သွားတော့သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ရုပ်ဝတ္ထုများ ဖွဲ့စည်းရာ၌ အရည်ဓာတ်လွှန်ကဲလာ၍ ရှိသမျှ ရုပ်ဝတ္ထုများ အရည်ပျော်သွားခဲ့သည်။ ဥပမာအားဖြင့် ဆားခဲ သကြားခဲများသည် အစိုပြန်လာသည့်အခါ ရေမဖျော်ရဘဲ အလိုအလျောက် အရည်ဖြစ်သွားသကဲ့သို့ ဤကမ္ဘာရှိ ကျောက်တုံး ကျောက်ခဲ ကျောက်ဆောင် ကျောက်တောင်ကြီးများသည်ပင်လျှင် တနည်းတဖုံ အရည်ဘဝသို့ ပြောင်းလဲ ဖောက်ပြန် ပျက်စီးသွားတော့သည်။ ဤကဲ့သို့ ရေလွှမ်းမိုး၍ ပျက်စီးခြင်း, ရုပ်ဝတ္ထု မှန်သမျှ အရည်ပျော်၍ ပျက်စီးခြင်း အရည် ပျော်ပြီးနောက် အခိုးအငွေ့ဘဝ ရောက်ရှိ ပျောက်ကွယ် ပျက်စီး သွားခြင်းကို ရေဖျက်သော ကမ္ဘာဟု ဆိုရသည်။

လေဖျက်သော ကမ္ဘာ

ဤကမ္ဘာကြီး တည်ရှိရာ ဤကမ္ဘာ စကြဝဠာနှင့် အတူတကွ ဖြစ်ပျက်လေ့ရှိသည့် စကြဝဠာ ကုဋေတစ်သိန်းအတွင်း၌ လေဓာတ် လွှန်ကဲ ပြင်းထန်ဖောက်ပြန်လာ၏၊ လေမုန်တိုင်းများ များစွာ ဖြစ်ပေါ်လာ၏၊ မုန်တိုင်းဒဏ်ကြောင့် ရုပ်ဝတ္ထု အစိုင်အခဲ အချင်းချင်း ထိခိုက် ရိုက်ခတ်မိ၍ အစိုင်အခဲများ ပြိုကွဲကြေမွသွားကြသည်။ ကြယ်တာရာ နက္ခတ်များ ကမ္ဘာဂြိုဟ်များ, နေများ, လများ အချင်းချင်း ကမ္ဘာဖျက် လေဒဏ်ကြောင့် ရိုက်ခတ် တိုက်ခိုက် ပြိုကွဲ ကြေမွကုန်ကြရ၏။ နောက်ဆုံးတွင် အစိတ်စိတ် အမှုန်မှုန် မကျန်ရအောင် ပျက်သုံးသွားတော့သည်။

မီး, ရေ, လေဖြင့် ကမ္ဘာပျက်ခြင်း သုံးမျိုးတို့တွင် မီးဖျက်ခြင်းထက် ရေဖျက်ခြင်းက ပို၍ ပြင်းထန်၏၊ ရေဖျက်ခြင်းထက် လေဖျက်ခြင်းက ပို၍ ပြင်းထန်၏။ မီးဖျက်သည့်အခါ ပဌမစျာန် ဗြဟ္မာ့ဘုံကုန်အောင် မီးလောင်ကျွမ်း၏၊ အာဘဿရာဗြဟ္မာ့ဘုံအောက် ကုန်အောင် လောင်ကျွမ်းသည်။ ရေဖျက်သည့်အခါ ဒုတိယစျာန် ဗြဟ္မာ့ဘုံကုန်အောင် ပျက်စီး၏၊ သုဘကိဏ္ဍာ ဗြဟ္မာ့ဘုံအောက် အကုန်ပျက်စီးသည်။ လေဖျက်သည့်အခါ တတိယစျာန် ဗြဟ္မာ့ဘုံ ပါဝင်သွား၍ ဝေဟပ္ဖိုလ် ဗြဟ္မာ့ဘုံအောက် အကုန်ပျက်စီး၏။

မီးခုနစ်ကြိမ်ဖျက်ပြီးသောအခါ ရှစ်ကြိမ်မြောက်၌ ရေဖျက်သည်၊ ဤကဲ့သို့ ရှစ်ကြိမ်ပြည့်၍ (၈×၈=၆၄) ၆၄-ကြိမ်မြောက်၌ လေတစ်ကြိမ် ဖျက်သည်။

(၂) သံဝဋ္ဋဒဿီကပ်

မီး, ရေ, လေ တစ်ခုခုသော အကြောင်းကြောင့် ဤကမ္ဘာ ဤစကြဝဠာ ကုဋေ တစ်သိန်း ပျက်စီးပြီးသောအခါ အပျက်အစီးအတိုင်း ဆက်လက် တည်ရှိနေသော အချိန်ကာလမှာလည်း အသင်္ခ်ေယျကပ်တစ်ခု ကြာမြင့်ခဲ့သည်။ ယင်းအသင်္ခ်ေယျကပ်ကို သံဝဋ္ဋဒဿီကပ်ဟု ခေါ်သည်။ (သံဝဋ္ဋ= ပျက်စီးခြင်း+ဒဿီ=ဆက်လက်တည်ရှိခြင်း။)

(၃) ဝိဝဋ္ဋကပ်

ဤကမ္ဘာ ဤစကြဝဠာ ကုဋေတစ်သိန်း ပြန်လည် တည်ဆောက်ချိန် ရောက်ရှိလာသည့်အခါ ကမ္ဘာပြုမိုးကြီး ရွာလာခဲ့သည်။ ရှိရှိသမျှ ရုပ်သဘာဝ ရုပ်ခတ်များသည် အစိုင်အခဲအဖြစ်သို့ ဖွဲ့စည်းခြင်း မပြုနိုင်မီ ရွှေးဦးစွာ အရည်အဖြစ်သို့ ပြောင်းလဲရသည်။

အရည်ဖြစ်ပြီးနောက် ကျစ်လျစ်သိပ်သည်းသော ရုပ်ဝတ္ထု အစိုင်အခဲများ ထပ်ဆင့်ဖွဲ့စည်းလာရသည်၊ ထို့ကြောင့် ကမ္ဘာတည်ထွဉ် ရေးဦးစွာ ကမ္ဘာပြိုမိုး ရွာခြင်းဟု ဆိုအပ်သော အရည်ဘဝ ဖွဲ့စည်းခြင်း ဖြစ်ပေါ်လာသည်။ အရည်များသည် စကြဝဠာကုဋေတစ်သိန်း အပြည့်အဝ တည်ရှိ၍ နေနှင့်လများ ကြိုဟ်နက္ခတ်တာရာများ ဖွဲ့စည်းဖြစ်ပေါ်လာပြီး စကြဝဠာရေထု (အရည်)သည် ထဖြည်းဖြည်း လျှော့နည်းသွားသည်။ ကျစ်လျစ် သိပ်သည်းသော ရုပ်ဝတ္ထု အစိုင်အခဲများ ဖွဲ့စည်းဖြစ်ပေါ်လာမှုကြောင့် အရည်ထုထည် နည်းပါးပြီး အစိုင်အခဲ တိုးပွားလာခဲ့သည်။ ထို့နောက် တဖြည်းဖြည်း အပင်များ သစ်တောများ ရေသတ္တဝါနှင့် ကုန်းသတ္တဝါများ ဖြစ်ပေါ်လာခဲ့ကြသည်။

ဤကဲ့သို့ ကမ္ဘာထည်နေသော အချိန်ကာလကို ဝိဝဋ္ဋကပ်ဟု ခေါ်၍ ကြာမြင့်သော အချိန်ကာလမှာ အသင်္ချေယျကပ် တစ်ခုရှိသည်။

(၄) ဝိဝဋ္ဋဒေယကပ်

ကမ္ဘာတည်ပြီးနောက် အထက်ပြဟ္မာဘုံ၌ ရှိသော ပြဟ္မာများသည် မိမိတို့ ပြုလုပ် ဆည်းပူးခဲ့သော ကုသိုလ်ကံ အရှိန်အဟုန် ကုန်ဆုံးလာသည့်အခါ မူလလာခဲ့ကြသည့် နေရာဌာနသို့ စိတ်ညွှတ်ကိုင်းသဖြင့် အချို့သည် ကာမာဝစရ နတ်ဘုံများသို့ ရောက်ရှိကြသည်။ အချို့သည် မိမိတို့ အတိတ်ကံအလျောက် ငရဲဘုံ တိရစ္ဆာန်ဘုံများသို့ ဆင်းသက်ရောက်ရှိကြသည်။ အချို့သည် လူ့ဘုံသို့ ရောက်ရှိလာကြသည်။ ရှေးဦးစွာ ဖြစ်ပေါ်လာကြသော လူများ, တိရစ္ဆာန်များသည် ဥပပါတ်နှင့် သံသေဒဇများ ဖြစ်ကြသည်။ အဓိပ္ပါယ်မှာ ယခုလက်ရှိ လူများနှင့် တိရစ္ဆာန်များသည် အမိဝမ်းတွင်း၌ ပဋိသန္ဓေနေ၍ မွေးဖွားကြရသည်။ ကမ္ဘာဦးကာလတွင်မူ ဤကဲ့သို့ ပဋိသန္ဓေ နေရခြင်း မရှိဘဲ ရုတ်တရက် ဘဲ့ဘားခနဲ့ ခြေလက်အင်္ဂါ အပြည့်အစုံဖြင့် ၁၆-နှစ်အရွယ် လူသားအသွင်ဖြင့် ဖြစ်ပေါ်လာခဲ့သည်။ တိရစ္ဆာန်များမှာမူ အပင်များနှင့် အညစ်အကြေးများကို မှီတွယ်ကပ်ငြို၍ ကြီးထွား ဖြစ်ပေါ်လာကြသည်၊ သံသေဒဇ-ဟု ခေါ်သည်။

ကမ္ဘာဦး လူသားတို့မှာ ကိလေသာ နည်းပါးသူများ ဖြစ်ကြသည်။ နတ်ပြဟ္မာနှင့်မခြား ကိုယ်ရောင် ကိုယ်ဝါရှိပြီး ကောင်းကင်၌ သွားနိုင်ကြသည်။ ယင်းကမ္ဘာဦးလူသားများအထဲမှ လျှပ်ပေါ်လော်လီသည့် လူတစ်ယောက်သည် အနုံအရသာနှင့် ပြည့်စုံသော မြေသင်းခဲကို စုံစမ်းသည့်အနေဖြင့် လျှက်ကြည့်မိသည်။ ရသတဏှာဖြစ်ပေါ်လာ၍ ထပ်ကာ ထပ်ကာ စားသုံးသည်။ အတ္တလိုက်၍ အခြားသော ကမ္ဘာဦး လူများလည်း စားသောက်ကြသည်။ ထိုအခါ

ကမ္ဘာဦး လူတို့၏ ခန္ဓာကိုယ်များသည် လေးလံလာ၍ နတ်တို့ကဲ့သို့ ကောင်းကင်၌ မသွားနိုင်၊ မြေပြင်၌သာ ခြေကျင်သွားနိုင်ကြတော့သည်။ ရသတဏှာ တိုးပွားမှုကြောင့် ကိုယ်ရောင် ကိုယ်ဝါများ ကွယ်ပျောက်၍ တန်ခိုးကြီးဒိပါဒ် မရှိတော့ချေ။ မြေသင်းခဲမှာ ဆီဥ ထောပတ် ပျားသကာကဲ့သို့ အနံ့အရသာနှင့် ပြည့်စုံသော အာဟာရတစ်ခု ဖြစ်သည်။

တဖြည်းဖြည်း ကမ္ဘာဦး လူသားတို့သည် ရုပ်ဆင်းအင်္ဂါ လှုပမှုနှင့် မလှုပမှု အဆင့်အတန်း ကွဲပြားလာခဲ့သည်။ ထိုအခါ လှုပသူကို ဝိုင်းဝန်း ငြူစူကြ၍ မလှုပသူကို မထီမဲ့မြင် ပြုလာကြသည်။ ထိုအခါ မေတ္တာတရား ပျက်ပြားလာသည်။ ထို့ကြောင့် မြေသင်းခဲ မြေဆီလွှာသည် ကမ္ဘာမြေထုအတွင်းသို့ ငုပ်လျှိုးပျောက်ကွယ်သွားတော့သည်။ ထို့နောက် ကမ္ဘာဦး လူသားတို့သည် အလိုအလျောက် ဖြစ်ပေါ်နေသော နမသလေးဆန်များကို ရယူစားသုံးကြသည်။ ထိုအခါ အစာအာဟာရသည် အကြမ်းစားဖြစ်လာ၍ ဝမ်းမီးဖြင့် ကုန်စင်အောင် ချေချက်ခြင်း မပြုနိုင်၊ ကြွင်းကျန်သော အစာကြမ်းများကို စွန့်ထုတ်နိုင်ရန် ကျင်ငယ်ပေါက် ကျင်ကြီး ပေါက်များ ဖြစ်ပေါ်လာရသည်။ ထိုအချိန်တွင် ကမ္ဘာဦးလူတို့သည် အထီးနှင့်အမ ကွဲပြားလာတော့သည်။ ယောကျ်းနှင့် မိန်းမ အချင်းချင်း တပ်မက်၍ အိမ်ထောင်ပြုရာမှ လူသားများအဆင့်ဆင့် ပေါက်ပွားကာ ဆုတ်ကပ် တက်ကပ်များ ဖြစ်ပေါ်လာသည်။ ဆုတ်ကပ်တက်ကပ်တစ်စုံကို အန္တရကပ်တစ်စုံ ခေါ်ကြောင်း အထက်၌ ပြဆိုခဲ့ပါပြီ။ ယင်းအန္တရကပ် ၆၄-ကပ် ပြည့်သောအခါ ကမ္ဘာပျက်မည်။ ထို့ကြောင့် ဝိဝဋ္ဋဒယီကပ်ဘစ်ခုကို အန္တရကပ် ၆၄-ကပ်ဖြင့် ပိုင်းခြားလေ့ရှိကြသည်။

(ဃ) မဟာကပ်ကမ္ဘာ

အထက်ဖော်ပြပါ သံဝဋ္ဋအသင်္ချေယျကပ်၊ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ ဝိဝဋ္ဋအသင်္ချေယျကပ်၊ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟူသော အသင်္ချေယျကပ် ၄-ကပ်ကို မဟာကပ်ဘစ်ခုဟု ခေါ်ဆိုရသည်။ ယင်းမဟာကပ် တစ်ခုကို တစ်ကမ္ဘာဟု အချိန်ကာလသတ်မှတ်ရသည်။ ထို့ကြောင့် တစ်ကမ္ဘာဟူသည် အသင်္ချေယျကပ် ၄-ကပ်မျှ ကြာမြင့်ကြောင်း သိအပ်၏။

၄။ ဗုဒ္ဓ အသင်္ချေ

မြတ်စွာဘုရားတစ်ဆူ၏ ပါရမီဖြည့်ကျင့်ရာကာလကို ရေတွက် ပိုင်းခြားရာ၌ အတိအကျ ဂဏန်းချ၍ မရေတွက်နိုင်သောကာလကို ဗုဒ္ဓအသင်္ချေဟု ခေါ်၏။ ဗုဒ္ဓနှင့် စပ်လျဉ်း၍ ရေတွက်မရသော အချိန်ကာလဟု ဆိုလို၏။ ယခင် ပြဆို

ခဲ့သည့် မဟာကပ်ကမ္ဘာပေါင်း မည်ရွေ့မည်မျှဟူ၍ မရေတွက်နိုင်သော အချိန်ကာလကို ဗုဒ္ဓအသင်္ခေတစ်ခုဟု ခေါ်ရ၏။ ယင်း အသင်္ခေကာလ၏ အစနှင့် အဆုံးကို ဗုဒ္ဓဘုရားရှင် ပဋိဘောမူခြင်းဖြင့် သတ်မှတ် ပိုင်းခြားရသောကြောင့် ဗုဒ္ဓအသင်္ခေါ်ဟု ခေါ်ခြင်းဖြစ်၏။ ဂေါတမဘုရားအလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝက ဒီပင်္ကရဘုရားထံမှောက်၌ "ဘုရားကောန်ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့ရသည်။

ထိုဒီပင်္ကရ မြတ်စွာဘုရားနောက်၌ မဟာကပ်ကမ္ဘာပေါင်းမျိုးစုံ ဘုရားမပွင့်ဘဲ သုညကမ္ဘာချည်းသက်သက် ရှိခဲ့သည်။ ယင်းသုညကမ္ဘာမျိုးမှာ ထောင် သိန်း သန်း ကုဋေ စသည်ဖြင့် မရေမတွက်နိုင်သောကြောင့် အသင်္ခေါ်တစ်ခုဟု သတ်မှတ်ရသည်။ ထို့ကြောင့် ဂေါတမမြတ်စွာဘုရား ပါရမီဖြည့်ကျင့်တော်မူရာ ကာလကို သတ်မှတ်ဖော်ပြရာ၌ ဒီပင်္ကရမြတ်စွာဘုရားမှ ခောဏ္ဍညမြတ်စွာဘုရားအထိ ၁-အသင်္ခေါ်ဖြစ်သည်။

ထို့နောက် ဘုရားမပွင့်သည့် သုညကမ္ဘာပေါင်း မျိုးစုံ ရှိခဲ့ပြန်ရာ ခောဏ္ဍညဘုရားမှ မင်္ဂလဘုရားအထိ ကြားကာလသည် ဒုတိယမြောက် ၁-အသင်္ခေါ် ဖြစ်သည်။

ထို့နောက် ဘုရားမပွင့်သည့် သုညကမ္ဘာများ မရေမတွက်နိုင်အောင် ရှိနေပြန်၍ မင်္ဂလဘုရား ပွင့်တော်မူသည့် ကမ္ဘာမှ အနောမဒဿီဘုရားပွင့်တော်မူသည့် ကာလအထိ ကြားကာလသည် တတိယမြောက် ၁-အသင်္ခေါ်ဖြစ်သည်။

ထို့နောက် ဘုရားမပွင့်သည့် သုညကမ္ဘာ များစွာ ရှိပြန်၍ အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူသည့် ကမ္ဘာမှ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသည့် ကမ္ဘာထိ ကြားကာလ မဟာကပ် ကမ္ဘာ သိန်း သန်း ကုဋေစသည်ဖြင့် မရေမတွက်နိုင်သော ကမ္ဘာများကို စတုတ္ထမြောက် ၁-အသင်္ခေါ်ဟု ဆိုအပ်၏။

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသည့် ကမ္ဘာမှ လက်ရှိ ဘဒ္ဒကပ်ကမ္ဘာတိုင်အောင် မဟာကပ်ကမ္ဘာ ၁-သိန်းရှိသည်။

ဤသို့အားဖြင့် ပါရမီဖြည့်ကျင့်တော်မူရာ ကာလသည် လေးအသင်္ခေ်နှင့် ကမ္ဘာ တစ်သိန်းရှိသည်။

ကမ္ဘာ ၆-မျိုး

ဘုရားပွင့်မှု, မပွင့်မှုနှင့် စပ်လျဉ်း၍ ကမ္ဘာအမျိုးအစား ၆-မျိုးရှိသည်။

၁။ သုညကမ္ဘာ =သဗ္ဗညုဘုရားရှင် လုံး၀ ပေါ်ထွန်းမှု မရှိသော ကမ္ဘာ၊

၂။ သာရကမ္ဘာ =သမ္ဗညူဘုရားရှင်တစ်ဆူ ပွင့်သည့်ကမ္ဘာ၊
၃။ မဏ္ဍကမ္ဘာ =သမ္ဗညူဘုရားရှင်နှစ်ဆူ ပွင့်သည့်ကမ္ဘာ၊
၄။ ဝရကမ္ဘာ =သမ္ဗညူဘုရားရှင်သုံးဆူ ပွင့်သည့်တမ္ဘာ၊
၅။ သာရမဏ္ဍကမ္ဘာ=သမ္ဗညူဘုရားရှင်လေးဆူ ပွင့်သည့်ကမ္ဘာ၊
၆။ ဘဒ္ဒကမ္ဘာ =သမ္ဗညူဘုရားရှင်ငါးဆူ ပွင့်တော်မူသည့်ကမ္ဘာ။

ကမ္ဘာအာမည်များနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပွင့်ထွန်းခဲ့ရာ ကာလများကို စုပေါင်း၍ လေးသင်္ခေ်နှင့် ကမ္ဘာတစ်သိန်း ရေတွက်ကြရသည်။

တစ်ဖက်တွင် ဖော်ပြထားသော ဇယားကို လေ့လာကြည့်ရှုပါက လေးသင်္ခေ်နှင့် ကမ္ဘာတစ်သိန်း ရေတွက်ပုံကို ရှင်းလင်းစွာ သိနိုင်ပေသည်...

ခြေ	နှစ်ပွဲလုံးပေါင်းအမှတ်- ဘုံးဆုံးအမှတ်ရသူ- ဘုံးဆုံးဂိုးပေးသူ	ဘုံးဆုံးဂိုးပေးချိန်	အသင်းအဖွဲ့အမည်	စဉ်
၄၄	ကိုကိုလှ	၉-၁၀	ဘယ်ယက	၁
၄၂	ကိုအောင်မြင့်	၁၁-၁၂	ဘယ်ဖက်ဆင်	၂
၃၉	ကိုမင်းသိန်း	၂၃-၂၄	ဘယ်ပွဲစုံ	၃
၃၇	ကိုသန်းဝင်း	၃၀-၃၁	ဘယ်ပွဲစုံ	၄
၃၅	ကိုမြင့်ဇော်	၃၃-၃၄	ဘယ်ပွဲစုံ	၅
၃၂	ကိုဝင်းမြင့်	၄၁-၄၂	ဘယ်ပွဲစုံ	၆
၂၉	ကိုဘုန်းကြီး	၅၀-၅၁	ဘယ်ပွဲစုံ	၇
၂၆	ကိုစိုးမြင့်	၅၅-၅၆	ဘယ်ပွဲစုံ	၈
၂၃	ကိုအောင်ကြီး	၆၂-၆၃	ဘယ်ပွဲစုံ	၉
၂၀	ကိုမြင့်ဆွေ	၇၀-၇၁	ဘယ်ပွဲစုံ	၁၀
၁၇	ကိုသိန်းဝင်း	၇၆-၇၇	ဘယ်ပွဲစုံ	၁၁
၁၄	ကိုမြင့်ကြီး	၈၂-၈၃	ဘယ်ပွဲစုံ	၁၂

ဂုဏ်ယူတဲ့အနေနဲ့ ကျွန်တော်တို့ ဘုံးအသင်းကြီးက ဒီနေ့ ဒီပွဲမှာ ရရှိခဲ့တဲ့ ဆုကြေးငွေ ၂၀၀၀၀ ကို

					(ဦးသန်းထွဋ်)
* ၂၉	အရှေ့ပိုင်းဘုရား	}	၅-ဆင့်	(ထပ်) ငရုတ်ဆီး	ငရုတ်
၂၈	ရတနာပုံ				
၂၇	ဂဃနဏ				
၂၆	နန်းတော်ယာယီ				
၂၅	ဧရာဝတီ	}	၂-ဆင့်	(ထပ်) ငရုတ်ယိမ်း	ငရုတ်
၂၄	ဦးထွန်း				
၂၃	ဦးဂဝေါ		၁-ဆင့်	(ထပ်) ငရုတ်ပင်ထား	ငရုတ်
၂၂	ဦးဂဝေါ				
၂၁	ထင်ဝေ	}	၂-ဆင့်	(ထပ်) ငရုတ်ယိမ်း	ငရုတ်
၂၀	ထင်ဝေ				
၁၉	သီရိဦး		၁-ဆင့်	(ထပ်) ငရုတ်ပင်ထား	ငရုတ်
၁၈	ထွန်းကိစ	}	၁-ဆင့်	(ထပ်) ငရုတ်ပဝ	ငရုတ်
၁၇	ထွန်းထိုက်				
၁၆	ထွန်းကွဲ				

၁၀၀၀၀၀	ငရုတ်	၃-အောင်ခြင်းထား-ပ
၃၄	ငရုတ်	
၁၅	ငရုတ်	
၁၄	ငရုတ်	
၁၃	ငရုတ်	
၁၂	ငရုတ်	
၁၁	ငရုတ်	
၁၀	ငရုတ်	
၉	ငရုတ်	
၈	ငရုတ်	
၇	ငရုတ်	
၆	ငရုတ်	
၅	ငရုတ်	
၄	ငရုတ်	
၃	ငရုတ်	
၂	ငရုတ်	
၁	ငရုတ်	

နိယတဗျာဒိတ်ခံယူခြင်း

ယခုပြဆိုခဲ့သည့် ကမ္ဘာပေါင်း လေးသခြေ်နှင့် တစ်သိန်း ကာလသည် နိယတဗျာဒိတ်ခံယူပြီးနောက် ပါရမီတော် ၁၀-ပါးကို ဖြည့်ကျင့် ဆည်းပူးခဲ့ရသော အချိန်ကာလ ဖြစ်သည်။ ဤမျှ ရှည်လျား ကြာမြင့်လှစွာသော ကာလ တစ်လျှောက် ပါရမီတော် ၁၀-ပါးကို ဖြည့်ကျင့် ဆည်းပူးရမည် ဆိုခြင်းမှာ လူသာမန်တို့ စိတ်ကူးရုံပင် ကြည့်ရဲမည် မဟုတ်ချေ။ ဇဲ့ သတ္တိ လုံလ ဝီရိယ ပညာဉာဏ် ကြီးမား‌သော မဟာပုရိသ ယောကျ်ားမြတ်တို့သာလျှင် ဘုရား‌ဆုကို တောင်းယူဝံ့ကြပေသည်။ လေးသခြေ်နှင့် ကမ္ဘာ တစ်သိန်း ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့် ဆည်းပူးရန် ဆုံးဖြတ်ရဲပေလိမ့်မည်။ ဘုရား ဖြစ်လိုသည့်ဆန္ဒ မည်မျှ ထက်သန်ရမည်ကို ဖော်ပြရပါလျှင် ဤစကြဝဠာကြီး တစ်ခုလုံး မီးကျီးခဲ ရဲရဲဖြင့် ပြည့်နှက်နေ၍ ယင်းမီးကျီးခဲများပေါ် တွင် ဒူး‌ထောက်လျက် စကြဝဠာတစ်ဖက်သို့ ရောက်အောင် သွား‌နိုင်ပါက ဘုရား အဖြစ်ကို ရရှိနိုင်မည်ဟု ဆိုငြား‌အံ့၊ ယင်း‌အဆိုအမိန့်အတိုင်း မီးကျီးခဲများ ပေါ် တွင် ဒူး‌ထောက်လျက် စကြဝဠာတစ်ဖက်သို့ သွား‌ရောက်ပြီး ဘုရား‌အဖြစ်ကို ရယူမည်ဟု စိတ်ဆန္ဒ ပြင်းပြရမည်။ တနည်း‌ဆိုရလျှင် အလွန်ထက်မြက်သော ဓား‌သွား လုံသွား‌များ ထောင်ထား‌သည့် စကြဝဠာကြီးကို ဖြတ်သန်း၍ သွား‌နိုင်ပါက ဘုရား‌အဖြစ်ကို ရရှိနိုင်မည် ဆိုငြား‌အံ့၊ ယင်း‌ဒါး‌လုံအပြည့် စကြဝဠာကြီးကို ဖြတ်သန်း‌သွား‌မည် ဟူသော ပြင်းပြသည့် စိတ်ဆန္ဒမျိုး ရှိရပေမည်။ ထိုကဲ့သို့ ဘုရား‌အဖြစ် ရရှိရန် ဆန္ဒပြင်းပြသော မဟာပုရိသ ယောကျ်ားမြတ်တို့သည်သာလျှင် ရဲဝံ့စွာ ဘုရား‌ဆုကို တောင်းယူဝံ့ကြသည်။

ဘုရားလောင်း ၃-မျိုး

ပြဆိုခဲ့သည့် လေးသခြေ်နှင့် ကမ္ဘာ တစ်သိန်းကာလသည် အချိန်ကာလ အတိုဆုံး ပါရမီဖြည့်ကျင့်ခြင်းဖြင့် ပညာဓာတ်ခံ အား‌ကြီး‌သော ဘုရား‌လောင်း များသာလျှင် လေးသခြေ်နှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ကျင့်ရသည်။ ထို့ကြောင့် ပညာ သဒ္ဓါ ဝီရိယလွန်ကဲမှု အခြေခံပြု၍ ဘုရား‌လောင်း ၃-မျိုး ရှိသည်။

၁။ ပညာဓိကဘုရား‌လောင်း=ပညာပါရမီ ကြီးရင့်၍ လေးသခြေ်နှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ရသည်။

၂။ သဒ္ဓါဓိကဘုရား‌လောင်း=သဒ္ဓါတရား‌လွန်ကဲ၍ပညာပါရမီအား‌နည်း သောကြောင့် ရှစ်သခြေ်နှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ရသည်။

၃။ ဝိရိယာဓိကဘုရားလောင်း=လုံ့လဝိရိယအားကြီး၍ သဒ္ဓါနှင့် ပညာ ပါရမီ အားနည်းသောကြောင့် ၁၆-သခြေ့နှင့် ကမ္ဘာ တစ်သိန်း ပါရမီ ဖြည့်ကျင့်ရသည် (သုတ္တနိ၊ ဋ္ဌ၊ ၁။ ၄၃)။

နိယတဗျာဒိတ် ခံယူထိုက်သော အင်္ဂါ ၈-ပါး

ဘုရားစင်စစ် ကေန် ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ် ခံယူနိုင်ရန် ရှေးရှေး ဘုရားအဆူဆူတို့၏ အထံတော်၌ စိတ်ဖြင့်လည်းကောင်း, နှုတ်ဖြင့်လည်းကောင်း ဆုတောင်းခဲ့၍ ပါရမီကုသိုလ်များကို ဖြည့်ကျင့်ဆည်းပူးခဲ့ရသည်။ ဤဘဝမှာပင် နိဗ္ဗာန် မင်္ဂုံလ်ကို မျက်မှောက်ပြု၍ ရဟန္တာအဖြစ်သို့ ရောက်နိုင်သော ပညာဉာဏ် ပါရမီ ထက်မြက်သော ယောကျ်းမြတ်တို့သည်သာလျှင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနိုင်ပေသည်။ ထို့ကြောင့် အစဦးစွာ နိယတဗျာဒိတ်ကို ခံယူမည့် မဟာပုရိသယောကျ်းမြတ်သည် နိယတဗျာဒိတ် ခံယူနိုင်ရန် အောက်ဖော်ပြပါ ဂုဏ်အင်္ဂါရှစ်ချက်နှင့် ပြည့်စုံရပေမည်—

(၁) လူဿား စင်စစ်ဖြစ်ခြင်း၊
(၂) ယောကျ်း စင်စစ်ဖြစ်ခြင်း၊
(၃) ထိုဘဝမှာပင် ရဟန္တာအဖြစ်သို့ ရောက်နိုင်သော ပါရမီကုသိုလ် ထူးနှင့် ပြည့်စုံခြင်း၊
(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊
(၅) ရသေ့ / ရဟန်းဖြစ်ခြင်း၊
(၆) အဘိညာဉ် သမာပတ်နှင့် ပြည့်စုံခြင်း၊
(၇) လူသာမန်တို့ ပြုနိုင်ခဲသော ပါရမီကုသိုလ်အထူးကို ပြုလုပ်နိုင်ခြင်း၊
(၈) ဘုရားအဖြစ်ကို ရရှိရန် ဆန္ဒအလွန်ပြင်းပြခြင်း။

ရှင်းလင်းချက်

လူသားစင်စစ်ဖြစ်မှသာ နိယတဗျာဒိတ်ကို ခံယူနိုင်သည်။ နဂါး ဂန္ဓုန် နတ် ဗြဟ္မာဘဝ၌ နိယတဗျာဒိတ်ကို မခံယူထိုက်။ အကြောင်းမူ လူ့ပြည် လူ့ရွာ၌သာလျှင် ပါရမီတော် ၁၀-ပါး အပြား(၃၀)ကို စေ့စေ့ငင ပြည့်ပြည့်ဝဝ ဖြည့်ကျင့်နိုင်စွင့်ရှိသည်။

တဖန် လူအဖြစ်ကို ရငြားသော်လည်း ယောကျ်ားစင်စစ် ဧကန်ဖြစ်မှသာလျှင် နိယတဗျာဒိတ်ကို ခံယူခွင့်ရှိသည်။ အမျိုးသမီးများနှင့် နပုံး ပဏ္ဍုက်များ ဥဘတောဗျည်းများမှာ နိယတဗျာဒိတ်ကို မခံယူထိုက်ချေ။ ထို့ကြောင့် အမျိုးသမီးတစ်ဦးတစ်ယောက်အနေဖြင့် ဘုရားဆုပန်လိုပါက ရှေးဦးစွာ ယောကျ်ားအဖြစ်ကို ရရှိအောင် ဆုတောင်းရမည်။

လူယောကျ်ား ဖြစ်ငြားသော်လည်း အတိတ်ကုသိုလ်ကံနည်းပါး၍ သုဂတိအဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေ အမျိုးအစားဖြစ်ပါက ဘုရားဆုနှင့် မထိုက်တန်ချေ။ ဉာဏ်ပညာထက်မြက်သည့် တိဟိတ်ပဋိသန္ဓေတို့သာလျှင် နိယတဗျာဒိတ်ဘုရားဆုကို ခံယူထိုက်ပေသည်။ အဘယ်မျှ ဉာဏ်ပညာထက်မြက်ရမည်ဆိုပါမူ ဤဘဝမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ရဟန္တာအဖြစ်သို့ ရရောက်နိုင်သော ပါရမီကုသိုလ်ထူးနှင့် ပြည့်စုံသူဖြစ်ရပေမည်။ ပါရမီကုသိုလ်ထူးရှိသော ပုဂ္ဂိုလ်များသည် ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးငယ်နှင့် ပြည့်စုံကြသည်။

ထို့ပြင် ပစ္စေကဗုဒ္ဓါ ဘုရားငယ်ထံ၌ လည်းကောင်း, ဗုဒ္ဓသာဝကများအထံ၌ လည်းကောင်း, စေတီပုထိုး ဇောဓိပင်၌လည်းကောင်း ဘုရားဆုတောင်းပါက နိယတဗျာဒိတ်ကို မရနိုင်။ သက်တော်ထင်ရှား မြတ်စွာဘုရားအထံ၌ ဆုတောင်းမှသာလျှင် နိယတဗျာဒိတ်ကို ရရှိနိုင်သည်။

တဖန် ကံ့ကံ၏ အကျိုးကို မယုံကြည်သည့် ပုဂ္ဂိုလ်များ ဆုတောင်းပါကလည်း နိယတဗျာဒိတ်ကို မခံယူနိုင်။

လူဝတ်ကြောင်ဘဝသည် ဘုရားအဖြစ်နှင့် မလျော်ကပ်တတ်သောကြောင့် ရဟန်းဘဝဖြင့် ဆုတောင်းမှသာ နိယတဗျာဒိတ်ကို ရရှိနိုင်သည်။ ရဟန်းမှာ သာသနာတွင်း ရဟန်း, သာသနာပ ရဟန်းဟူ၍ ၂-မျိုးရှိသည်။ သာသနာတွင်း ရဟန်းမှာ အထူးရှင်းပြရန်မလိုပေ။ သာသနာပ ရသေ့ ရဟန်းများမှာမူ ကံ့ကံ၏ အကျိုးကို ယုံကြည်လက်ခံသော ရသေ့ ရဟန်းများသာလျှင် နိယတဗျာဒိတ်ကို ခံယူနိုင်သည်။

ယင်းရသေ့ ရဟန်းများသည် အဘိညာဉ် ၅-ပါး သမာပတ် ၈-ပါးနှင့် ပြည့်စုံမှသာလျှင် နိယတဗျာဒိတ်ကို ရရှိနိုင်သည်။ အကြောင်းမူ–နိယတဗျာဒိတ် ရရှိပြီးသော ဘုရားအလောင်းတော်သည် ပါရမီတော် ၁၀-ပါးကို မိမိအလိုအလျောက် စူးစမ်းဆင်ခြင် ရှာဖွေနိုင်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။ အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များမှာ အတိတ်အနာဂတ် ဘဝများကို သိမြင်ခြင်း၊ လက်ရှိ ပစ္စုပ္ပန်လောကဌ် ဖြဟ္မာ့ပြည်မှ ငရဲပြည်အထိ ဖောက်ထွင်းသိမြင်ခြင်းကြောင့် အကြားအမြင် အတွေ့အကြုံ အသိပညာ လွန်စွာ ကျယ်ဝန်း နက်ရှိုင်းလှသည်။ အဘက်ဘက်မှ ချိန်ထိုး၍ ပြည့်ပြည့်စုံစုံ

စဉ်းစားတော်သည်။ ထို့ကြောင့် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျှားသည်သာလျှင် ပါရမီတော် ၁၀-ပါးတို့ကို မှန်မှန်ကန်ကန် စူးစမ်း ဆင်ခြင်ရှာဖွေနိုင်စွမ်းရှိခြင်းကြောင့် နိယတဗျာဒိတ်ပန်းကို ခံယူနိုင်စွမ်းရှိကြသည်။

ထို့ပြင် လူသာမန်တို့ ပြုနိုင်ခဲသော ပါရမီကုသိုလ်အထူးကို ပြုလုပ်နိုင်သော ပုဂ္ဂိုလ်မှသာလျှင် ဘုရားအဖြစ်ကို ရရှိနိုင်ပေမည်။ သာမန်လုပ်ရိုးလုပ်စဉ် ဂတ်တက်ဝတ်ကပ် ဆွမ်းလှူ၊ ပန်းလှူ၊ ဒါန သီလ ဘာဝနာမှုမျှဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ချေ။ ဒါနအရာတွင် သူတကာ မပြုလုပ်နိုင်သော သားသမီးအလှူ၊, မယားဖအလှူ၊, မျက်လုံးအလှူ၊မျှား, သီလအရာတွင် သေလုနီးပါးနှိပ်စက် ညှဉ်းပန်းခံ၍ စောင့်ထိန်းမှု ပြုခြင်းဘို့သည် ဘုရားအလောင်းတော်တို့သာလျှင် ပြုနိုင်သော ပါရမီကုသိုလ်ထူးမျှား ဖြစ်ကြသည်။

ဘုရားဖြစ်ရန် ဆန္ဒပြင်းပြမှုမှာ အထက်တွင် ရှင်းလင်း ဖော်ပြပြီးဖြစ်ပေသည်။

သုမေဓာရှင်ရသဲ့ နိယတဗျာဒိတ်ခံယူခြင်း

လွန်ခဲ့သော လေးသခေါ်နှင့် ကမ္ဘာတစ်သိန်းကာလတွင် အမရဝတီနေပြည်တော်၌ သုမေဓာအမည်ရှိသော ပုဏ္ဏားသေဋ္ဌေး တစ်ဦး ရှိခဲ့သည်။ ငယ်စဉ်အခါကပင် မိဘများ ကွယ်လွန်ခဲ့၍ ဘဏ္ဍာစိုး ဖြစ်သူက ရွှေ ငွေ ရတနာများဖြင့် ပြည့်နေသော ရတနာတိုက်ခန်းများကို ဖွင့်လှစ်၍ စာရင်းနှင့်တကွ အပ်နှံလေသည်။ ဤပစ္စည်းကား အမိဘက်မှ ဆင်းသက်လာသော ပစ္စည်းတည်း၊ ဤပစ္စည်းကား အဘဘက်မှ ဆင်းသက်လာသော ပစ္စည်းတည်း၊ အထက်ဘိုးဘေးဘီဘင် ဆွေမျိုး ၇ ဆက်တိုင်အောင် ဆင်းသက်လာခဲ့သော ပစ္စည်းဥစ္စာများကို ပြောပြအပ်နှံလေသည်။ ထိုအခါ သုမေဓာ သတ္တိသားသည် ပညာဉာဏ် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသူဖြစ်၍ ငါ၏ ဘိုးဘွားမိဘများကား ဤပစ္စည်းများကို တစ်ပြားတစ်ကျပ်မျှ ယူဆောင်မသွားနိုင်ဘဲ စွန့်ပစ်ထားခဲ့ကြရကုန်၏၊ ငါသည်မူကား "ဤပစ္စည်းဥစ္စာတို့ကို အလှူဒါနပြုလုပ်၍ နောင်ဘဝသို့ အပါယူဆောင်အံ့" ဟု စဉ်းစားဆင်ခြင်လျက် မည်သူမဆိုအလိုရှိသမျှ လာရောက်အလှူခံယူကြရန် စည်ထိုးကြေညာ၍ အလှူကြီးပေးတော်မူလေသည်။ ထိုသို့အလှူပေးပြီးနောက် ရသေ့ရဟန်းပြုသည်။ ဟိမဝန္တာတောအရပ်၌ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် သီတင်းသုံး နေထိုင်လျက် အလိုလို ကြွေကျသော သစ်သီးများကိုသာ စားသုံးပြီး လဲလျောင်းခြင်း လုံးဝ မပြုဘဲ ထိုင်ခြင်းရပ်ခြင်း စင်္ကြံသွားခြင်းဟူသော ဣရိယာပုထ် ၃-ပါးဖြင့်သာ ကမ္မဋ္ဌာန်းတရားကို မနေ မနား အားထုတ်တော်မူသည်ရှိသော် ၇-ရက် အတွင်းမှာပင် သမာပတ် ရှစ်ပါးနှင့် အဘိညာဉ် ငါးပါးတို့ကို ရရှိလေသည်။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၁၇—ပ-မ-သ-စ

ထိုအချိန်တွင် ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် ရဟန္တာလေးသိန်းခြံရုံလျက် ဒေသစာရီ ကြွချီတော်မူရာ ရမ္မဝတီပြည်သို့ ရောက်ရှိတော်မူသည်။ နောက် တစ်နေ့တွင် မြတ်စွာဘုရားရှင်နှင့် တပည့်ရဟန္တာများ ရမ္မဝတီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသည်ဖြစ်ရာ ရမ္မဝတီ ပြည်သူပြည်သားတို့သည် မဏ္ဍပ်ကန့်ထိုးခြင်း၊ အုမ္မိုက်သရိုက်ရှင်းလင်းခြင်း မြေညှိခြင်း၊ မြေဖို့ခြင်း၊ သဲဖြူခင်းခြင်း၊ ဌက်ပျော်ပင်ရှင် ကြုံပင်ရှင်စိုက်ခြင်း၊ ရေပြည့်အိုးများ တည်ထားခြင်း၊ တံခွန်ကုက္ကား မုလေးပဲ့ားတို့ကို စိုက်ထူခြင်းဖြင့် ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမည့် လမ်းတစ်လျှောက်ကို ပြုပြင် မွမ်းမံတန်ဆာဆင်ယင်လျက် ရှိကြသည်။ ထိုအခါ ဂေါတမဘုရားအလောင်းတော် ဖြစ်သော သုမေဓာရှင်ရသေ့သည် စျာန်အဘိညာဉ်ဖြင့် ရမ္မဝတီပြည်ကို ကောင်းကင်ခရီးဖြင့် ဖြတ်သန်းသွားစဉ် လမ်းဖို့ လမ်းပြင်နေကြသော ပရိသတ်များကို တွေ့မြင်လေသည်။ မြတ်စွာဘုရား ကြွလာရန်အတွက် လမ်းပြင်နေကြောင်း ကြားသိရသည့်အခါ သုမေဓာရှင်ရသေ့သည် ဂမ်းမြောက်ဝမ်းသာစွာ လမ်းပြင်ရန် တစ်နေရာတောင်းဆိုလိုက်သည်။ လူအပေါင်းတို့က ရှင်ရသေ့၏ တန်ခိုးတေဇော် အာနုဘော်ကို ယုံကြည်အားကိုးကြသဖြင့် ပြင်ဆင်ရန် ခက်ခဲသည့် ရှုံ့ပုက် တစ်နေရာကို သတ်မှတ်ပေးလိုက်ကြသည်၊ သုမေဓာရှင်ရသေ့ကား တန်ခိုးအစွမ်းကို အသုံးမပြုဘဲ ကိုယ်တိုင်ကိုယ်ကျ အဝေးမှ မြေတို့ကို တူးယူ ထမ်းပိုး သယ်ဆောင်၍ ရှုံ့ပုက်ကြီးကို ဖို့တော်မူ၏၊ သုမေဓာရှင်ရသေ့ လမ်းနေရာ ပြုပြင်ဖို့လုပ်၍ မပြီးသေးမီပင် ဒီပင်္ကရာမြတ်စွာဘုရားသည် ရဟန္တာ လေးသိန်းနှင့် တကွ ကြွချီတော်မူလာ၏။

သုမေဓာရှင်ရသေ့သည် ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် နှစ်သက်စဖွယ် တင့်တယ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရား၏ ရူပကာယတော်ကို **မျက်တောင်မခတ် စူးစိုက်**ကြည့်ရှုဖူးမြင်ပြီးလျှင် "ယနေ့ ငါသည် အသက်ကို စွန့်တော့မည်၊ မြတ်စွာဘုရားနှင့် ရဟန္တာများသည် ညွှန်ပျောင်းခွ် ဆင်းရဲစွာ နင်းကြွတော်မမူပါစေလင့်၊ **ငါ၏** ကျောပြင်ကို နင်း၍ကြွတော်မူပါစေသတည်း" ဟု ကြံစည်ဆုံးဖြတ်၍ ညွှန်ပျောင်းထက်၌ အလျားမှောက်၍ တံတားခင်းလိုက်သည်။ ထို့နောက် သုမေဓာရှင်ရသေ့သည် "ငါသည် ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်အောင် ကြိုးပမ်းအားထုတ်ပါအံ့၊ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ပါအံ့" ဟု စိတ်အကြံတော် ဖြစ်၍ ဘုရားဆုကို ပန်တော်မူလေသည်။

ထိုအခါနှင်တွင် သုမိတ္တာ အမည်ရှိသော ပုဏ္ဏားမင်းယ် တစ်ယောက်သည် ကြာပန်းရွှစ်ခိုင်ကို ယူဆောင်၍ လာခဲ့ရာ သုမေဓာရှင်ရသွေ့ကို မြင်လျှင် မြင်ချင်း ဓမတ္တာဓာတ် သက်ဝင်၍ ကြာပန်းငါးခိုင်ကို ရှင်ရသွေ့လက်သို့ ပေးအပ်ပြီး ကြာပန်းသုံးခိုင်ကို မိမိလက်၌ ကိုင်လျက် "အကျွန်ုပ်သည် အရှင်ရသွေ့နှင့် ပါရမီ ဖြည့်ဖက် ဖြစ်ပါစေသတည်း"ဟု ဆုပန်ခဲ့လေသည်။ သုမေဓာရှင်ရသွေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်ကို ယင်း ကြာငါးခိုင်တို့ဖြင့် ပူဇော်လျက် ဘုရားဆုကို ပန်ဆိတော်မူလေသည်။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် သုမေဓာရှင်ရသွေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူလျက် ကျိုရှင်ရသွေ့ကား နောင်အခါဝယ် ဘုရားစင်စစ် ကောန် ဖြစ်လတ္တံ့ စသည်ဖြင့် ဂေါတမဘုရားရှင်၏ ဘွဲ့အမည်တော်, နေပြည်တော်, မယ်တော်, ဆမည်းတော်, အဂ္ဂသာဝက, အဂ္ဂသာဝိကာ အမည်နှင့်တကွ ဗောဓိပင် အမည်တို့ကို တိကျသေချာစွာ ဖော်ပြညွှန်းလျက် ဗျာဒိတ်စကားကြားတော်မူလေသည်။

ဒီပင်္ကရ မြတ်စွာဘုရားရှင်သည် သုမေဓာရှင်ရသွေ့အား ဗျာဒိတ်စကား မြွက်ကြားပြီးနောက် ရဟန္တာပေါင်း လေးသိန်းနှင့်အတူ သုမေဓာရှင်ရသွေ့ကို လက်ယာဘက်ထားကာ ကြွသွားကြကုန်၏။

ထို့နောက် သုမေဓာရှင်ရသွေ့သည် အလျားမှောက်ရာမှ ဝမ်းမြောက်စွာ ထပြီးလျှင် နတ်, လူတို့ ကြဲဖြန့်ပူဇော်သော ပန်းပုံထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင် နေလျက် ဖြည့်ကျင့်ဆည်းပူးရမည့် ပါရမီတော်တို့ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်တော်မူသည်။ (ပါရမီ=ပရမ+ဏျ=ပရမ=မြင့်မြတ်သူတို့၏+ဏျ= လုပ်ငန်းစဉ်။)

ပါရမီ ၁၀-ပါး

သုမေဓာရှင်ရသွေ့ စူးစမ်းဆင်ခြင်တွေ့ရှိရသော ပါရမီတော် ၁၀-ပါးမှာ အောက်ပါအတိုင်း ဖြစ်သည်—

၁။ ဒါနပါရမီ =ပေးကမ်းလှူဒါန်းစွန့်ကြဲမှုကို ဖြည့်ကျင့်ခြင်း၊
၂။ သီလပါရမီ =သီလစောင့်ထိန်းမှုကို ဖြည့်ကျင့်ခြင်း၊
၃။ နေက္ခမ္မပါရမီ =ကာမဂုဏ်မှ ထွက်မြောက်မှုကို ဖြည့်ကျင့်ခြင်း၊
၄။ ပညာပါရမီ =ဉာဏ်ပညာတိုးပွါး ရင့်ကျက်မှုကို ဖြည့်ကျင့်ခြင်း၊
၅။ ဝီရိယပါရမီ =ဇွဲလုံ့လစွမ်းပကားကြီးမားစေရန် ဖြည့်ကျင့်ခြင်း၊

၆။ ခန္ဓိပါရမီ = သည်းခံခွင့်လွှတ်မှုကို ဖြည့်ကျင့်ခြင်း၊

၇။ သစ္စာပါရမီ = အမှန်အတိုင်း ပြောဆို၍ ပြောသည့်အတိုင်း လိုက်နာ ပြုကျင့်မှုသစ္စာကို ဖြည့်ကျင့်ခြင်း၊

၈။ အဓိဋ္ဌာနပါရမီ = စိတ်ဆုံးဖြတ်ထားသည့်အတိုင်း ခိုင်မြဲစွာ လိုက်နာ ကျင့်သုံးမှုကို ဖြည့်ကျင့်ခြင်း၊

၉။ မေတ္တာပါရမီ = သူတပါးအကျိုးစီးပွါး လိုလားမှုကို ဖြည့်ကျင့်ခြင်း၊

၁၀။ ဥပေက္ခာပါရမီ = ချစ်ခြင်း မုန်းခြင်းမရှိ ကောင်းဆိုးနှစ်တန်ကို ခံနိုင် ရည်ရှိစေရန် ဖြည့်ကျင့်ခြင်း။

ပါရမီ ၁၀-ပါး အပြား ၃၀

ပါရမီ ၁၀-ပါးကိုပင် ထပ်ဆင့်၍ ဥပပါရမီ ၁၀-ပါး၊ ပရမတ္ထပါရမီ ၁၀-ပါး ပွားလျှင် ပါရမီ (၃၀) ဖြစ်လေသည်။

မူလပါရမီ ၁၀-ပါးမှာ မိမိခန္ဓာကိုယ်နှင့် ဆက်စပ်မှု မရှိဘဲ သား, မယား, ရွှေ, ငွေ အစရှိသော ဿက်ရှိ သက်မဲ့ ပစ္စည်းမျှားကို စွန့်လွှတ်၍ ဖြည့်ကျင့်ခြင်းသည် မူလပါရမီ ဖြစ်သည်။

ခြေ, လက်, နား, နှာခေါင်း စသော အင်္ဂါကြီးငယ် တစ်ခုခုကို စွန့်လွှတ်၍ ဖြည့်ကျင့်ခြင်းသည် ဥပပါရမီ မည်၏။

အသက်ကိုပင် စွန့်လွှတ်၍ ဖြည့်ကျင့်ရသော ပါရမီသည် ပရမတ္ထပါရမီ မည်၏။

၁။ ဒါနပါရမီ ဖြည့်ကျင့်ခြင်း

ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း သံသရာခရီး တစ်လျှောက် ဆက်လက်သွားရဦးမည်ဖြစ်၍ ဒါနရိကွာ ပါရှိပါမူ ထိုထိုဘဝတို့၌ လိုရာ အသုံးအဆောင်မျှားနှင့် ပြည့်စုံ၍ မိမိ အားထုတ်လိုသော ကုသိုလ် ကောင်းမှုမျှားကို အားထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်း တော်မျှားသည် ဒါနပါရမီကို အဦးအစ ထား၍ ဖြည့်ကျင့်ဆည်းပူးကြရသည်။ ဤကဲ့သို့ သံသရာခရီးတစ်လျှောက် စွဲမြဲစွာ ဆောက်တည် ဖြည့်ကျင့်ရမည်ဖြစ်၍ ဒါနပါရမီကို ရှေးဦးစွာ ဖော်ပြရခြင်း ဖြစ်သည်။

လောက၌ ပေးကမ်းခြင်းဟူသမျှ သာမန်အားဖြင့် "ဒါန"ဟု ခေါ်ဆိုနိုင်သော်လည်း ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးကမ်းခြင်းကိုသာ "ဒါနပါရမီ"ဟု ခေါ်ဆိုနိုင်မည်။ သဒ္ဓါတရားမပါဘဲ ချစ်ကြိုက်၍ ပေးခြင်း၊ စိတ်ဆိုး၍ အရဲ့တိုက်ပေးခြင်း၊ ကြောက်ရွံ့၍ ပေးခြင်း၊ မသိနားမလည်၍ အလိမ်အညာခံရ၍ ပေးခြင်းတို့သည် ဒါနပါရမီနှင့် မသက်ဆိုင်ချေ။

ဘုရားအလောင်းဟော်သည် ဖြစ်လေရာ ဘဝတိုင်း၌ ဒါနပါရမီကို ဖြည့်ကျင့်ခဲ့သည်။ ဒါနဥပပါရမီကော်ကို သိဝိမင်းကြီးဘဝ၌ မျက်လုံးကို ထုတ်၍ လှူခြင်းစသည်ဖြင့် ဖြည့်ကျင့်ခဲ့သည်။ ဒါနပရမတ္ထပါရမီတော်ကို ယုန်မင်းဇာတ်တော်၌ အလှူခံပုဏ္ဏား စားသုံးနိုင်ရန် ယုန်မင်းသည် မိမိကိုယ်ကို မီးပုံတွင်းသို့ ခုန်ချ၍ အသက်စွန့် လှူဒါန်းခြင်းဖြင့် ဖြည့်ကျင့်ခဲ့သည်။ ဝေဿန္တရာမင်းကြီးဘဝတွင် မလှူဖူးသော အလှူဟူ၍ မရှိ၊ အလှူမျိုးစုံအောင် လှူခဲ့သည်။

၂။ သီလပါရမီ ဖြည့်ကျင့်ခြင်း

ငါးပါးသီလ ရှစ်ပါးသီလနှင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ် သိက္ခာပုဒ်များ စောင့်ထိန်းခြင်း သီလ၊ မျက်စိ စသော ဣန္ဒြေကို စောင့်ထိန်းခြင်း သီလ၊ စင်ကြယ်စွာ အသက်မွေးမှု သီလ၊ ပစ္စည်းလေးပါး သုံးဆောင်ရာ၌ စိတ်ထား စင်ကြယ်မှု သီလ စသည်ဖြင့် လူများ ဖြည့်ကျင့်ရမည့် သီလ၊ ရဟန်းများ ဖြည့်ကျင့်ရမည့် သီလများကို ပါရမီမြောက်အောင် ဖြည့်ကျင့်ဆည်းပူးရသည်။ ယင်းကဲ့သို့ သီလများကို သာမန်အားဖြင့် ဖြည့်ကျင့်ဆည်းပူးရာ၌ မူလသီလပါရမီ ဖြစ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို စွန့်လွှတ်၍ ဖြည့်ကျင့်ရသော သီလသည် သီလဥပပါရမီ ဖြစ်သည်။

ဘူရိဒတ်နဂါးမင်းနှင့် စမ္ဗဴဿုနဂါးမင်းဘဝ၌ ဘုရားအလောင်းတော်သည် အသက်ကို စွန့်လွှတ်၍ ဥပုသ်သီတင်းသီလ စောင့်သုံးရသောကြောင့် ယင်း သီလသည် သီလပရမတ္ထပါရမီ မည်၏။

၃။ နေက္ခမ္မပါရမီ ဖြည့်ကျင့်ခြင်း

ဘုရားအလောင်းတော်သည် ဘဝပေါင်း များစွာတို့၌ လောက အာရုံကာမဂုဏ်တရားများကို စွန့်ပယ်၍ တောထွက်ကာ ရသေ့ရဟန်း ပြုတော်မူခဲ့သည်၊ ဥပမာအားဖြင့် မဟာဇနကဇာတ်တော်၌ ဇနကမင်းကြီး တောထွက်ခြင်း၊ မဃဒေဝဇာတ်တော်၌ မဃဒေဝမင်းကြီး တောထွက်ခြင်း၊ ဟတ္ထိပါလဇာတ်တော်၌ ဟတ္ထိပါလ မင်းသားညီနောင်တို့ တောထွက်ခြင်း စသည်ဖြင့် ကာမဂုဏ်တရားမှ ထွက်မြောက် ကျွတ်လွတ်ရန် ဖြည့်ကျင့်တော်မူခဲ့သည်။

ရသေ့ ရဟန်း ပြုပြီးသောအခါတွင်လည်း ဘဝသံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဘာဝနာကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်၍ နေကွမ္မ ပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးခဲ့သည်။

ဟတ္ထိပါလမင်းသား အယောဃရမင်းသားတို့ တောထွက်ခြင်းမှာ လူပျိုဘဝ ဖြစ်၍ အခက်အခဲ မရှိသဖြင့် မူလနေကွမ္မပါရမီ အဆင့်မျှသာ ဖြစ်သည်။ မဟာဇနကမင်းကြီး တောထွက်ခြင်းနှင့် မဃဒေဝမင်းကြီး တောထွက်ခြင်း တို့သည် မိဖုရား မောင်းမ မိဿဒတို့ ငိုယိုတားဆီး တောင်းပန်နှောင့်ယှဉ်ကြသည်ကို အနှောင့်အဖွဲ့ မခံဘဲ စွန့်လွှတ် ထွက်ခွါနိုင်ခြင်းကြောင့် နေကွမ္မဥပပါရမီဟု ဆိုသင့်သည်။

စဉ္ဇသုတသောမမင့်း ဘဝ၌ တောထွက်ခြင်းကို နေကွမ္မပရမတ္ထပါရမီဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။ စဉ္ဇသုတသောမမင်းသည် မိဖုရား မောင်းမ မိဿဒ မယ်တော် ခမည်းတော် သားတော် ဗိုလ်ပါ ပရိသတ် အပေါင်းတို့က ငိုကြွေးတောင်းပန်နေစဉ်မှာပင် ထိုတောင်းပန်မှုကို လျစ်လျူ။ ပြုကာ ဟိမဝန္တာတောအရောက် ဝေးကွာစွာ ထွက်ခွါတော်မူခဲ့သည် ဖြစ်၍ ပိုမိုခက်ခဲသဖြင့် နေကွမ္မပါရမီအရာ ပရမတ္ထပါရမီဟု ခေါ်ဆိုရသည်။

၄။ ပညာပါရမီ ဖြည့်ကျင့်ခြင်း

ဘုရားအလောင်းတော်သည် ဉာဏ်ပညာ ကြီးကျယ်တိုးပွား ရင့်ကျက်လာစေရန် အကြားအမြင် ဗဟုသုတများကို သင်ယူဆည်းပူးခြင်း သုတမယပညာ၊ ထိုးထွင်းကြံဆမှု တီထွင်မှုပြုလုပ်ခြင်း စိန္တာမယပညာ၊ ကိလေသာကို ပယ်ခွါနိုင်ရန် သမထဝိပဿနာ ပွားများ အားထုတ်၍ ဉာဏ်ပညာ ရင့်ကျက်ကင်းမြောက်အောင် ပညာပါရမီကို ဆည်းပူးတော်မူခဲ့သည်။

မဟောသဓာဇာတ်တော်၌ သုဝဏ်မယပညာ စိန္တာမယပညာများကို အထူတ် အထိပ်ရောက် ဖြည့်ကျင့် ဆည်းပူးခဲ့၍ ဘာဝနာမယပညာကိုမူ ဘဝတိုင်း ဘဝတိုင်း မိမိကိုယ်ပိုင် ဆင်ခြင်တုံတရားဖြင့် ရှုမြင်သုံးသပ်ခြင်း ဘုရားသာသနာတော်နှင့် ကြုံကြိုက်သည့်အခါ ဘုရားတရားတော်ကို နာယူ၍ ဝိပဿနာဉာဏ်စဉ် ၁၀-ပါးတို့တွင် သခါရုပေက္ခာဉာဏ်တိုင်အောင် ပွားများ ရှုမှတ် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သည်။

၅။ ဝီရိယပါရမီ ဖြည့်ကျင့်ခြင်း

ဇဉ်လုံလ ဝီရိယကို အလျော့မပေးဘဲ မနေမနား ကြိုးစားအားထုတ်ခြင်းသည် ဝီရိယပါရမီတော်ကို ဖြည့်ကျင့်ခြင်းဖြစ်သည်။

မဟောသဓဇာတ်တော်၌ မဟောသဓသုခမိန်သည် နှစ်ဦးနှစ်ဖက်သော တိုင်းသူပြည်သားများ သေကြေပျက်စီးမှု မရှိစေရန် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ခြင်းဖြင့် လုံလုံခိုရိယစွမ်းအားကို ပြတော်မူခဲ့သည်။

ထို့ပြင် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းထုပ်၌ လုံလုံခိုရိယ ထက်သန်ခိုင်မာမှု သာလျှင် သမာဓိရအောင် ဉာဏ်အမြင်ပေါက်အောင် အားထုတ်နိုင်ကြသည်။ လုံလုံခိုရိယ နည်းပါးသူများမှာ ဘာဝနာကမ္မဋ္ဌာန်း အားထုတ်ရာ၌ ငိုက်မျဉ်း မွေ့လျော့ အိပ်ပျော်သွား၍ အပွနာသမာဓိရောက်အောင် စွမ်းဆောင်နိုင် လိမ့်မည် မဟုတ်ချေ။

ဝီရိယပါရမီ ဖြည့်ကျင့်ရာ၌ မဟာဇနကဇာတ်တော်ကို ဖော်ညွှန်းပြသလေ့ ရှိကြသည်။ မဟာဇနကမင်းသားသည် သဘော်ပျက်သည့် အချိန်၌ ငိုကြွေး မြည်တမ်းခြင်း၊ နတ်များအား တမ်းတခြင်း လုံးဝ မပြုလုပ်ဘဲ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးကို အားအစွမ်းရှိသရွေ့ ကူးခပ်နိုင်ရန် ကြိုတင် ပြင်ဆင်မှု ပြုလုပ်ခဲ့သည်။ ရက်ပေါင်းများစွာ အဆာခံနိုင်စေရန် ထောပတ်ဆီဥ များကို စားသုံး၍ မိမိကိုယ်ကို ပင်လယ်ဆားငန်ရေ ဖောက်ထွင်းစိမ့်ဝင်မှု မရှိစေရန် တကိုယ်လုံး ထောပတ်သုတ်လိမ်းသည်၊ တံဆားသော ပုဆိုး ခါးတောင်းကြိုက်ကိုလည်း ထောပတ် အပြည့်သုတ်လိမ်းလိုက်သည်။ ထို့နောက် သဘော်ပျက်သည့် နေရာမှ အဝေးဆုံး နေရာသို့ ရောက်ရှိစေရန် လင်းယဉ်တိုင် ထိပ်ဖျားသို့ တက်၍ ဝေးနိုင်သမျှ ဝေးအောင် ခုန်ချလိုက်သည်။

ထို့နောက် ၇-ရက်တိုင်တိုင် မလျှော့သောဇဲ့ လုံလဖြင့် မရပ်မနား ကူးခပ် နေတော့သည်။ ယင်း၏ လုံလဝီရိယကို ဂုဏ်ပြုချီးမြှောက်သည့် အနေဖြင့် ပင်လယ်စောင့်နတ်သမီး မဏိမေခလာသည် ကယ်တင်ခဲ့ရသည်။ ထို့ကြောင့် ဝီရိယပါရမီအရာ၌ မဟာဇနကဇာတ်တော်ကို ဖော်ညွှန်းလေ့ရှိကြသည်။

၆။ ခန္တီပါရမီ ဖြည့်ကျင့်ခြင်း

သူတပါးတို့၏ ကြမ်းကြုတ်စွာ ဆဲဆိုခြင်း နှုတ်ဖြင့် ကျူးလွန်မှု၊ ရက်စက်စွာ ထိပါးပုတ်ခတ် နှိပ်စက်ခြင်း ကိုယ်ဖြင့် ကျူးလွန်ခြင်းတို့ကို သည်းခံခြင်းသည် ခန္တီပါရမီကို ဖြည့်ကျင့်သည် မည်၏။

ခန္တီဝါဒီဇာတ်တော်၌ ကလာဗုမင်းက အလောင်းဟော် ခန္တီဝါဒီရသေ့ကို နားရွက်ဖြတ်ခြင်း၊ လက်, ခြေ ဖြတ်ခြင်း ပြုလုပ်နှိပ်စက်သည့်ကို အမျက် မထွက်ဘဲ ခွင့်လွှတ်သည်းခံခဲ့သည်။ အလားတူပင် မာတင်္ဂဇာတ်တော်၌ မာဝကဒေ

ရသေ့သည် မဇ္ဈတိုင်း မင်းချင်းတို့ ဖမ်းဆီး နှိပ်စက် သတ်ဖြတ်သည်ကို သည်းခံတော်မူခဲ့သည်။ စူဠဓမ္မပါလ ဇာတ်တော်၌ မဟာပတာပမင်း၏ အမိန့်ဖြင့် သူသတ်တို့က ဓမ္မပါလသားငယ်၏ လက်, ခြေတို့ကို ဖြတ်ခြင်း၊ သန်လျက်ပန်း ကစားခြင်းကို ပြုလုပ်ခံရသော်လည်း သည်းခံခွင့်လွှတ်ခြင်း : ပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်။

၇။ သစ္စာပါရမီ ဖြည့်ကျင့်ခြင်း

မိမိ၏စည်းစိမ်ဥစ္စာ နာမည်ဂုဏ်သတင်း ထိခိုက်မည့်ကိစ္စများနှင့် တွေ့ကြုံလာသည့်အခါ အမှန်အတိုင်း ပြောဆိုဝံ့သူ ရှားပါးလှသည်။ လိမ်ညာ၍လည်းမပြော လိုသဖြင့် အမှန်အတိုင်း သက်သေမခံဘဲ ရှောင်လွဲ ရှောင်တိမ်းနေမှုများကို ကြည့်ရှု၍ အမှန်ကို အမှန်အတိုင်း ထုတ်ဖော်ပြောကြားရန် မည်မျှခက်ခဲသည်ကို သိနိုင်ပေသည်။

ထိုဆက်ပိုမို၍ အသက်ဘေးနှင့် ရင်ဆိုင်ရသည့်အခါ အမှန်အတိုင်း ပြောဆိုဝံ့သူ မရှိသလောက် ရှားပါးလှပေသည်။ ဘုရားအလောင်းတော်များသည် စည်းစိမ်၊ အင်္ဂါခြေလက်၊ အသက်ဘေးရန်နှင့် ကြုံနေရသော်လည်း အမှန်အတိုင်းသာလျှင် ပြောဆိုပြုမူခြင်းဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်ကြသည်။

သစ္စာပါရမီမှာ တစုံတခုသော အကျိုးကို မမျှော်လင့်ဘဲ ဘေးရန်ကို မကြောက်မလန့်ဘဲ မုသာဝါဒမှ ရှောင်ကြဉ်လျက် အမှန်အတိုင်း ပြောဆိုသည့် သစ္စာနှင့် တစုံတခု အကျိုးရှိရန် သစ္စာဆိုခြင်းဟူ၍ နှစ်မျိုးရှိသည်။

ဝိဓူရဇာတ်တော်၌ ကောရဗျမင်းကြီးသည် ဝိဓူရအမတ်ကြီးကို သူ-မပိုင်ဟု ငြင်းဆိုသည်။ ထိုအခါ ဝိဓူရအမတ်ကြီးအား "သင်သည် ကောရဗျမင်း၏ ကျွန်ဟုတ်, မဟုတ် ဖြေဆိုပါ!" ဟု ပုဏ္ဏကဘီလူးက မေးသည်။ ဝိဓူရအမတ်ကြီးသည် မိမိသေရမည့် ဘေးကို သိလျက် "ငါသည် ကောရဗျမင်းကြီး၏ ကျွန်ဖြစ်သည်။ ကောရဗျမင်းကြီးသည် ငါ့ကို ပိုင်သည်" ဟု အမှန်အတိုင်း ပန်ခံပြောဆိုလေသည်။

ထိုမှတပါး မှန်သော သစ္စာစကားကို ဆို၍ ဤသစ္စာစကားကြောင့် မည်သို့မည်ပုံ အကျိုးထူးတရား ဖြစ်ထွန်းပါစေဟု သစ္စာဆိုခြင်းသည်လည်း သစ္စာပါရမီ၌ အကျုံးဝင်၏။

သုပ္ပါရကဇာတ်တော်၌ ဘုရားလောင်း သုခမိန်သည် ငါးပါးသီလကို မလွန်ကျူးဖူးကြောင်း သစ္စာဆို၍ သင်္ဘောကို ပင်လယ်ဝါမုခဝဲသြဃမှ ဖြန်လည် ဆုတ်နှစ်စေခဲ့သည်။

ငုံးမင်းဇာတ်တော်၌ ဘုရားအလောင်းငုံးမင်းသည် မှန်သောသစ္စာစကားကို ဆို၍ မီးကွင်းအောင် ပြုနိုင်ခဲ့သည်။

ငါးရုံမင်းဘဝ၌လည်း သစ္စာဆို၍ မိုးရွာစေနိုင်ခဲ့သည်။

ဤသို့ သစ္စာပြုကာ ဆုတောင်းခြင်းသည်လည်း သစ္စာပါရမီ၌ အကျုံးဝင်သည်။ သစ္စာဓိဋ္ဌာန်ပြုသည်ဟုလည်း သုံးနှုန်းကြသည်။

၈။ အဓိဋ္ဌာနပါရမီ ဖြည့်ကျင့်ခြင်း

အဓိဋ္ဌာနကို မြန်မာဘာသာ၌ အဓိဋ္ဌာန်ပြုသည်၊ သို့မဟုတ် ဓိဋ္ဌာန်သည်ဟု သုံးနှုန်းလေ့ ရှိကြသည်။ အဓိဋ္ဌာန ပါဠိကို တိုက်ရိုက် မြန်မာပြန် ဆိုပါက ဆောက်တည်ခြင်းဟု ပြန်ဆိုကြသည်။ အဓိပ္ပါယ်မှာ-မိမိစိတ်ကို ဆုံးဖြတ်ထား၍ ထိုဆုံးဖြတ်ထားသည့်အတိုင်း တိတိကျကျ လိုက်နာ ကျင့်သုံးမှုကို အဓိဋ္ဌာန်ဟု ခေါ်သည်။

သိဝိဇာတ်တော်၌ သိဝိမင်းကြီးသည် ငါ၏ မျက်စိကို လာရောက်အလှူခံသူအား လှူဒါန်းမည်ဟု ဆောက်တည်၍ စိတ်၌ စွဲမြဲစွာ ထားသည်။ ထိုအခါ သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ မျက်စိတစ်ဖက်ကို အလှူခံသည်။ သိဝိမင်းကြီးသည် မျက်စိနှစ်ဖက်လုံးကို စွန့်လှူတော်မူလိုက်သည်။

တေမိယဇာတ်တော်၌ တေမိမင်းသားသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည်ကို ကြောက်လန့်သဖြင့် ဆဋ္ဌမ အယောင် ဆောင်နေရန် အဓိဋ္ဌာန်ပြု ဆောက်တည်ခဲ့သည်။ မီးဖြင့် ခြောက်လှန့်ခြင်း၊ ဆင်ဖြင့် ခြောက်လှန့်ခြင်း၊ မြွေဖြင့် ခြောက်လှန့်ခြင်း၊ အစားအသောက်ဖြင့် မြှူဆွယ်ခြင်း၊ အပျိုကညာဖြင့် မြှူဆွယ်ခြင်း ပြုသော်လည်း မိမိအဓိဋ္ဌာန်အတိုင်း ဆဋ္ဌမ အယောင် ဆောင်နိုင်ခဲ့သည်။ နောက်ဆုံးတွင် ခမည်းတော်က သေမိန့်ချမှတ်လိုက်သည်။ သေမိန့်ချမှတ်ခံရသည့်တိုင်အောင် ၁၇-နှစ်လုံးလုံး အကြမ်းနည်း အနုနည်းစမ်းသပ်မှုကို ခံယူလျက် အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းပူးခဲ့သည်။

၉။ မေတ္တာပါရမီ ဖြည့်ကျင့်ခြင်း

မေတ္တာတရားသည် သူတပါး၏ အကျိုးစီးပွားကို လိုလား တောင့်တ၏။ သို့ရာတွင် တွယ်တာ ကပ်ငြိခြင်း မရှိ၊ မိမိနှင့် အတူနေရသည် ဖြစ်စေ, ကွဲကွာနေသည်ဖြစ်စေ ထိုသူ၏ စီးပွါးချမ်းသာကို အမြဲ လိုလား တောင့်တနေ၏။ ထိုသူနှင့်အတူ မနေရသည့်အတွက် ခက်ခဲဝန်လေးခြင်း မရှိ၊ စီးပွါးချမ်းသာဖြစ်နေသည်ဟု သိရလျှင် စိတ်ထဲ၌ ကျေနပ်နေ၏။

ဘုရားအလောင်းတော်သည် သုဝဏ္ဏသာမဘဝ၌ ခြင်္သေ့, သစ် ကျားမျှားနှင့် လည်းကောင်း၊ တောကျွဲ, တောဝက်, သမင်ဘို့နှင့် လည်းကောင်း ခြံရုံလျက် တောထဲမှာ နေခဲ့သည်။ တိရစ္ဆာန်တစ်ကောင်မျှ သုဝဏ္ဏသာမကို ကြောက်လန့် ခြင်းမရှိပေ။ သုဝဏ္ဏသာမသည်လည်း မည်သည့်တိရစ္ဆာန်ကိုမျှ မကြောက်လန့် ချေ။ မေတ္တာစွမ်းအားကြောင့် အချင်းချင်း ချစ်ခင်စွာ နေထိုင်ခဲ့ကြသည်။

ကသာဇဂါတ်၊ သေယျဇာဘ်နှင့် မဟာသီလဝဇာတ်ဘို့၌ ဘုရားအလောင်း တော် ဗြဟ္မဒတ်မင်းကို ခိုးသူမင်းသည် ဖမ်းဆီးချုပ်နှောင်၍ ထီးနန်းစည်းစိမ်ကို လုယူလိုက်သည်။ ဘုရားအလောင်းတော် ဗြဟ္မဒတ်မင်းသည် မိမိထီးနန်း စည်းစိမ်ကို လုယူခံရသည့်အပြင် ချုပ်နှောင်နှိပ်စက် ခံနေရပါလျက် ရန်သူမင်း အပေါ် မေတ္တာစစ်စစ် ထားနိုင်ခဲ့သည်။ ဤကား မေတ္တာပါရမီ ဖြည့်ကျင့်ပုံတည်း။

၁၀။ ဥပေက္ခာပါရမီ ဖြည့်ကျင့်ခြင်း

ဥပေက္ခာကို သဒ္ဒါနည်းအားဖြင့် မြန်မာပြန်ဆိုရာ၌ သင့်တင့်အောင် ရှုခြင်းဟု ပြန်ဆိုရသည်။ ဆင်းရဲ, ချမ်းသာ နှစ်မျိုးကွဲပြားရာ၌ တစ်ဖက်သတ် ဘက်မလိုက်ဘဲ ဆင်းရဲခြင်းနှင့်လည်း သင့်တင့်အောင်၊ ချမ်းသာခြင်းနှင့်လည်း သင့်တင့်အောင် ရှုခြင်းဟု ဆိုလိုသည်။ ရှေးပညာရှိများက "လျစ်လျူရှုခြင်း" ဟု ပြန်ဆိုခဲ့ကြသည်။

အချို့က ဥပေက္ခာကို ဥပြစ်ခါထားသည်ဟု ပြောဆိုကြသည်။ လုံးဝ အာရုံမစိုက်တော့ဘဲ ပစ်စလက်ခတ်သား၍ ဘေးချိတ်ထားသည်ဟု အဓိပ္ပာယ် နားလည်နေကြသည်။ အမှန်စင်စစ် ဥပေက္ခာဆိုသည်မှာ ချစ်ခြင်း, မုန်းခြင်းကို ရှောင်၍ မချစ်မမုန်း ပုံမှန်နေထိုင် ဆက်ဆံပြုမူခြင်း ဖြစ်သည်။

တစုံတယောက်နှင့် ဆက်သွယ်ရာ၌ တစ်ဖက်သတ် လိုက်၍ အကျိုးစီးပွား ဆောင်ရွက်ခြင်းမပြု၊ မုန်းတီး၍ နစ်နာအောင် အကျိုးမဲ့ကိုလည်း မပြု။ မိမိ တာဝန်ဝတ္တရား ရှိသည့်အတိုင်း အပြည့်အဝ တာဝန်ကျေအောင် တည်ကြည်စွာ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ချီးမွမ်းပူဇော်မှုနှင့် တွေ့ကြုံရသည့်အခါတွင်လည်း တက်ကြွမှု မရှိစေရ၊ ကဲ့ရဲ့ပြစ်တင် ရှုတ်ချခံရသည့်အခါတွင်လည်း စိတ်အားငယ် စိတ်ခၽတ်ကျဆင်းမှု မရှိစေရ၊ နှိပ်စက်မှုဘေးရန်နှင့် ကြုံရသည့်အခါတွင်လည်း ကြောက်လန့်အားငယ်မှု မဖြစ်စေရ၊ အရာရာကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်သည့် သဘောကို ဥပေက္ခာဟု ဆိုသည်။ ထိုသို့ ဥပေက္ခာပြုနိုင်ရန်မှာ လောက၏ သဘောတံဆွာ ဓမ္မတာများကို နားလည်သဘောရမည်။ နိယာမတရားများကို

နားလည်ထားရမည်။ သတ္တဝါတို့သည် ကံသာ အမိ၊ ကံသာ အဘ၊ ကံသာ ဆွေမျိုးရှိသည်ဟု နားလည်ထားရမည်။ သို့မှသာလျှင် ဥပေက္ခာဟု ခေါ်သော တည်ငြိမ်မှုကို ရရှိနိုင်သည်။

ဥပေက္ခာသည် အမြင့်ဆုံးတရား အခက်ဆုံးတရား ဖြစ်သည်။ လက်တွေ့ကျင့်သုံးနိုင်ရန် မဆိုထားဘိ ဥပေက္ခာအကြောင်းကို ရိပ်စားမိရန်ပင် ခက်ခဲလှပေသည်။

ဘုရားအလောင်းဒတ်သည် လောမဟံသ ဇာတ်တော်၌ ကြွေကြွမ်းဟော့ရမ်း၊ သော့သွမ်းသော လူငယ်တစ်စုက တံတွေးထွေး နှပ်ပစ်ကြသည့် အခါ မတုန်လှုပ်သကဲ့သို့ ကြည်ညိုသော ပုဂ္ဂိုလ်များက လာရောက်ပူဇော်ကြသည့်အခါတွင်လည်း တုန်လှုပ်တက်ကြွမှု မရှိခဲ့။ မတုန်မလှုပ် တည်ငြိမ်နေသဖြင့် လှုပ်ရှားလာစေရန် လူငယ်တစ်စုက ချိုင်းကြားကို ကလိထိုးကြသည်။ နားတွင်းကို ကြက်တောင်ဖြင့် ကျပ်ကြသည်။ စိတ်ဆိုးခြင်း, အမျက်ထွက်ခြင်း မရှိ၊ ရယ်အောင် လုပ်သော်လည်း ရယ်ရွှင်ခြင်း မရှိ၊ အေးဆေးတည်ငြိမ်စွာ စိတ်ကို ထိန်းသိမ်းနေနိုင်ခဲ့သည်။

ဥပေက္ခာပါရမီတော်ကို ဖြည့်ဆည်းပူးရာ၌ ဤ လောမဟံသ ဇာတ်တော်ကို ဖော်ညွှန်းလေ့ရှိကြသည်။

ဘဝဆက်တိုင်း ပါရမီစုံလင်စွာ ဖြည့်ကျင့်ရခြင်း

သဗ္ဗညုတဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်ရှိနိုင်ရန် ပါရမီတော်များကို ဖြည့်ကျင့်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတည်းဟူသော ရှည်လျားကြာမြင့်စွာသော ကာလပတ်လုံး ဖြည့်ကျင့်ပွားများရသည်ကို ပြဆို ခဲ့ပြီး ဖြစ်ပါသည်။ ထို့မျှ ရှည်လျားလှစွာသော ဘဝသံသရာတစ်လျှောက်လုံး နိယတဗျာဒိတ်ရသည်မှ ဘုရားဖြစ်တော်မူသည်အထိ တစ်ဘဝမျှ မလစ်လပ်စေဘဲ ဖြည့်ကျင့်တော်မူခဲ့ရသည်။ ထိုသို့ ဖြည့်ကျင့်ရာ၌ ရှိသေစွာ ဖြည့်ကျင့်ပွားများ အားထုတ်ရုံမျှမက ပါရမီတော် ၁၀-ပါး အပြား (၃၀)တို့ကို တစ်ခုမကျန် စုံလင်အောင် ဖြည့်ကျင့်ပွားများ အားထုတ်တော်မူခဲ့ရသည်။

၁ စွန့်ခြင်းကြီး ၅-ပါး

ဒါနပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးရာ၌ နက်နဲခက်ခဲမှုနှင့် မလွယ်ကူမှုကို အကြောင်းပြု၍ ဘုရားအလောင်းတော်ဘို၏ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းကို

ပဋ္ဌမဟာဝပရိစ္ဆာဂ (စွန့်ခြင်းကြီး ငါးပါး) ဟူ၍ အဆင့်ငါးဆင့် ခွဲခြားဖော်ပြလေ့ ရှိသည်။ ယင်းတို့မှာ—

(၁) ဓနပရိစ္ဆာဂ=သူဌေးသူကြွယ်စည်းစိမ်, မင်းစည်းစိမ်ဟုဆိုအပ်သော ပစ္စည်းဥစ္စာရတနာတို့ကို စွန့်လွှတ် လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၂) ပုတ္တပရိစ္ဆာဂ=သား သမီးကို စွန့်လွှတ် လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၃) ဘရိယပရိစ္ဆာဂ=မယားကို စွန့်လွှတ် လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၄) အင်္ဂပရိစ္ဆာဂ=လက်, ခြေ, မျက်စိ စသော အင်္ဂါကြီးငယ်ကို စွန့်လွှတ် လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း၊

(၅) ဇီဝိတပရိစ္ဆာဂ=ကိုယ်အသက်ကို စွန့်လွှတ်၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း။

စရိယ ၃-ပါး

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘုရားအဖြစ်သို့ ရောက်ရှိရန် ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးခြင်းသည် ဗုဒ္ဓတ္ထစရိယာ မည်၏။

ထို့ပြင် ဖြစ်လေရာ ဘဝ၌ အဆွေအမျိုးတို့၏ စီးပွားချမ်းသာ အလို့ငှာ ဆောင်ရွက်တော် မူခြင်းသည် ဉာတတ္ထစရိယာ မည်၏။ ငါးရာ ငါးဆယ် ဇာတ်တော်၌ ငါးရံ့မင်းဘဝတွင် ငါးအပေါင်းတို့ မပျက်စီးစေရန် သစ္စာပြု၍ မိုးရွာစေခဲ့ခြင်း၊ ဘုရင်၏ စီးတော်ဆင် အနာကို ကျီးဆီဖြင့် ကုသရမည်ဟု ပုဏ္ဏားတို့၏ အကြံပေးချက်အရ ကျီးများကို ဖမ်းဆီး သတ်ဖြတ်၍ အဆီ ထုတ်ယူသော ဘုရင်အား ကျီးမျိုးခွဲ အဆီမရှိနိုင်ကြောင်း ဘုရင့်ထံမှောက် ဝင်ရောက် ပြောဆိုလျက် ဆွေမျိုးတို့၏ အသက်ကို ကယ်တင်ခဲ့ခြင်း၊ ငုံးမင်း ဘဝ၌ ငုံးတို့ကို ညီညွတ်အောင် ပြုလုပ်၍ မုဆိုးရန်မှ ဆွေမျိုးတို့၏ အသက်ကို ကယ်တင်ခဲ့ခြင်းစသော ကျင့်သုံးမှုများသည် ဉာတတ္ထစရိယာ မည်၏။

တောသုံးထောင်ကို အစိုးရသော ဂေသရာဇာ ခြင်္သေ့မင်းဘဝတွင် ဥဿျစ်သီးမှည့် ကြွေသည်ကို ကမ္ဘာမြေကြီး ပြိုသည်ဟု ကြောက်လန့်ထွက်ပြေး လာသော တောတိရစ္ဆာန်အပေါင်းကို မဟာသမုဒ္ဒရာအတွင်းသို့ ကျဆင်းမသေ စေရန် ကယ်တင်ခဲ့ခြင်း၊ ဗာဆုဏသိပြည် ဗြဟ္မဒတ်မင်း ဖြစ်စဉ်က တိုင်းသူ

ပြည်သားကို့သည် ဆိတ် ကြွက် ဝက် စသည်တို့ကို သတ်ဖြတ်ပြီး ယင်္ဂနတ် ပူဇော်လေ့ရှိရာ ယင်္ဂနတ် ပူဇော်မှုကို စွန့်လွှတ်စေရန် ဥပါယ်ဘံမျှဉ်ဖြင့် ဆောင်ရွက်တော်မူခဲ့ခြင်း၊ မဟာသုပိနဇာတ်တော်၌ အိပ်မက်ဆိုး မြင်မက်သော ဗြဟ္မဒတ်မင်းကြီးသည် သတ္တဝါတို့ကို သတ်ဖြတ်၍ ယင်္ဂပူဇော်ရန် စီမံနေစဉ် ဘုရားအလောင်းတော်ရဟန်းသည် ယင်္ဂပူဇော်ခြင်း မပြုရန် တားမြစ်၍ သတ္တဝါအပေါင်း အသက် ချမ်းသာစေရန် ဆောင်ရွက်တော်မူခဲ့ခြင်း စသည်တို့သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွါးကို ဆောင်ရွက်တော်မူခဲ့ခြင်းကြောင့် လောကတ္ထစရိယာ မည်၏။

အခန်း (၈)

နှစ်ကျိပ်လေးဆူသော ဘုရားများထံ၌ ဗျာဒိတ်ခံယူခြင်း

၁။ ဒီပင်္ကရမြတ်စွာဘုရား

ဂေါတမဘုရား အလောင်းတော်သည် ဒီပင်္ကရ မြတ်စွာဘုရား ခြေတော် ရင်း၌ သုမေဓာရှင်ရသေ့ ဘဝဖြင့် နိယတဗျာဒိတ်ပန်း ခံယူတော်မူခဲ့ပြီးနောက် ကမ္ဘာပေါင်း မည်ရွေ့မည်မျှဟူ ဂဏန်းချ၍ မရေတွက်နိုင်လောက်အောင် များလှစွာသော ကမ္ဘာအသင်္ချေသည် ဘုရားတစ်ဆူမျှ ပွင့်တော်မမူသဖြင့် သုညကမ္ဘာများ ဖြစ်ကြကုန်၏။

၂။ ကောဏ္ဍညမြတ်စွာဘုရား

ယင်းသုညကမ္ဘာ အသင်္ချေ ကုန်လွန်ပြီးနောက် တစ်ဆူသော ကမ္ဘာတွင် ကောဏ္ဍညမြတ်စွာဘုရား ပွင့်တော်မူလာသည်။

ထိုအခါ ဂေါကမဘုရား အလောင်းတော်သည် ဝိဇ္ဇာဝိ အမည်ရှိသော စကြာမင်း ဖြစ်ခဲ့၍ အလှူဒါန ပြုလုပ်ခြင်း, ထီးနန်းစွန့်၍ ရဟန်း ပြုခြင်း, အဘိညာဉ် သမာပတ်တို့ကို ရရှိအောင် အားထုတ်ခြင်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၃။ မင်္ဂလမြတ်စွာဘုရား

ထို့နောက်ဂဟဖန် ဘုရားမပွင့်သည့် သုညကမ္ဘာများ အသင်္ချေ ကုန်လွန်ပြီးသောအခါ တစ်ခုသော ကမ္ဘာ၌ မင်္ဂလမြတ်စွာဘုရား, သုမနမြတ်စွာဘုရား, ရေဝတမြတ်စွာဘုရား, သောဘိတ မြတ်စွာဘုရားဟူ၍ ဘုရားလေးဆူပွင့်တော်မူသည့် သာရမဏ္ဍ ကမ္ဘာသို့ ရောက်ရှိခဲ့သည်။ မင်္ဂလမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် သုဖူစိ အမည်ရှိသော ပုဏ္ဏား ပညာရှိ ဖြစ်လာ၍ ကုဋေ တစ်သိန်းမျှသော ရဟန်း သံဃာတော်များအား ပစ္စည်းလေးပါး လှူဒါန်း၍ ဗျာဒိတ် ခံယူတော်မူခဲ့သည်။ ထို့နောက် စည်းစိမ်ဥစ္စာတို့ကို စွန့်၍ ရဟန်းပြုပြီးလျှင် ပဋိကသုံးပုံကို သင်ယူ၏။ အဘိညာဉ်ငါးပါး သမာပတ် ရှစ်ပါးတို့ကို ရရှိအောင် အားထုတ်၍ ပါရမီဖြည့်ကျင့်တော်မူခဲ့သည်။

၄။ သုမနမြတ်စွာဘုရား

မင်္ဂလဘုရားနောက်၌ ဆက်သက်ပွင့်တော်မူသော သုမနဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် အတုလနဂါးမင်းဖြစ်၍ မြတ်စွာဘုရားအား ဆွမ်းသင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၅။ ဇရဝတမြတ်စွာဘုရား

သုမန မြတ်စွာဘုရားနောက် ပဉ္စင်္တော်မူသည့် ရေဝတ မြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ပတိဒေဝ အမည်ရှိ ပုဏ္ဏား ပညာရှိ ဖြစ်ခဲ့၍ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ဂါထာတစ်ထောင်ဖြင့် ချီးကျူးပူဇော်ခြင်း, အသပြာတစ်ထောင်တန်သော အပေါ်ရုံဖြင့် ပူဇော်ခြင်း ပြုလုပ်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၆။ သောဘိတမြတ်စွာဘုရား

ရေဝတမြတ်စွာဘုရားနောက် ပဉ္စင်္တော်မူလာသည့် သောဘိတ မြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် သုဇာတအမည်ရှိ ပုဏ္ဏားပညာရှိ ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝါတွင်း သုံးလပတ်လုံး ကြီးစွာသော အလှူဒါနကို ပေးလှူလျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၇။ အနောမဒဿီမြတ်စွာဘုရား

ထို့နောက် ဘုရားမပဉ္စင်သည့် သုညကမ္ဘာများ မရေတွက်နိုင်လောက်အောင် ကမ္ဘာအသင်္ချေ လွန်လေပြီးသောအခါ အနောမဒဿီ မြတ်စွာဘုရား, ပဒုမ မြတ်စွာဘုရား, နာရဒ မြတ်စွာဘုရားဟူ၍ ဘုရားသုံးဆူ ပဉ္စင်္တော်မူသော ဝရကမ္ဘာသို့ ရောက်ရှိခဲ့သည်။ အနောမဒဿီ မြတ်စွာဘုရားလက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ဘီလူးစစ်သေနာပတိ ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်များအား ၇-ရက်ပတ်လုံး ဆွမ်းအဖျော်တို့ဖြင့် ပေးလှူ၍ ဗျာဒိတ် ခံယူတော်မူခဲ့သည်။

၈။ ပဒုမမြတ်စွာဘုရား

အနောမဒဿီဘုရားရှင်နောက် ဆက်လက်၍ ပဉ္စင်္တော်မူသော ပဒုမ်မြတ်စွာ ဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ခြင်္သေ့မင်း ဖြစ်၍ ၇-ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားတော်မူနေသော မြတ်စွာဘုရားကို အလွန်ဝမ်းမြောက် ကြည်ညိုစိတ်ဖြင့် အသက်စွန့်လှူကာ ဆည်းကပ်ခြင်း ကုဋေ များစွာသော ရဟန်းတော်တို့အပေါ်၌ ကြည်ညိုစိတ် ဖြစ်လျက် ဗျာဒိတ်ခံယူ တော်မူခဲ့သည်။

၉။ နာရဒမြတ်စွာဘုရား

ထို့နောက် ဝရကမ္ဘာတွင် ပဌင့်တော်မူသော ဘုရားသုံးဆူအနက် နောက်ဆုံးဖြစ်သော နာရဒဘုရားရှင် လက်ယက်တော်တွင် ဂဂါတမဘုရားလောင်းသည် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရသော ရဿေ့ ဖြစ်၍ မိမိ၏ သခ်ၤမ်းကျောင်းသို့ ကြွလာသော ဘုရားရှင်နှင့်တကွ ရဟန္တာပေါင်း ကုဋေရှစ်ဆယ်, အနာဂါမ်ဥပါသကာပေါင်း တစ်သောင်းတို့ကို သခ်ၤမ်းကျောင်းများ ဖန်ဆင်းပေး၍ တစ်ညဥ့်ပတ်လုံး ဘုရား·ရှင်၏ ဂုဏ်တော်တို့ကို ချီးကျူးလွှက် ဘုရားနှင့်တကွ သံဃာပရိသတ်, ဥပါသကာပရိသတ်တို့အား ဆွမ်းစသော အစာအာဟာရတို့ကို လှူဒါန်းခြင်း၊ မြတ်စွာဘုရားအား စန္ဒကူးနံ့သာနီကို လှူဒါန်းမြင်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၀။ ပဒုမုတ္တရမြတ်စွာဘုရား

အနောမဒဿီ, ပဒုမ, နာရဒ တည်းဟူသော ဘုရားသုံးဆူတို့ ပဌင့်တော်မူရာ ဝရကမ္ဘာကြီးကုန်ဆုံးပြီးနောက် မည်ရွေ့မည်မျှကာန်းခါ၍ မရေတွက်နိုင်အောင်များပြားလှစွာသော ဘုရား မပဌင့်သည့် သုညကမ္ဘာပေါင်း (တစ်သခြေ့)ကို လွန်မြောက်ပြီးသော် ဤကမ္ဘာမှ ပြန်၍ ရေတွက်ပါက ကမ္ဘာ တစ်သိန်း အထက်၌ ပဒုမုတ္တရ တစ်ဆူတည်းသော ဘုရားပဌင့်ပေါ်မူသည့် သာရကမ္ဘာသို့ ရောက်ရှိခဲ့သည်။ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် ကုဋေပြားစွာ ဥစ္စာကြွယ်ဝသော ဇဋိလအမည်ရှိသော တိုင်းကျပ်မင်းဖြစ်၍ ဘုဂုးအမှူးရှိသော သံဃာအပေါင်းအား ဆွမ်း ခဲဖွယ် ဘောဇဉ်နှင့်တကွ သက််နန်းလျာအထည် အလှူကြီး ပေးလှူ၍ ဗျာဒိတ် ခံယူတော်မူခဲ့သည်။

၁၁။ သုမေဓမြတ်စွာဘုရား

ထို့နောက် သုညကမ္ဘာပေါင်း ခုနစ်သောင်း ကုန်လွန်ပြီးနောက် သုမေဓမြတ်စွာဘုရားနှင့် သုဇာတမြတ်စွာဘုရားနှစ်ဆူ ပဌင့်တော်မူရာ မဏ္ဍကမ္ဘာသို့ ရောက်ရှိခဲ့သည်။ သုမေဓမြတ်စွာဘုရား လက်ထက်တွင် ဂေါတမဘုရားလောင်းသည် ဥတ္တရအမည်ရှိ လုလင်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကုဋေရှစ်ဆယ်မျှသော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းခဲ့သည်၊ မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သရဏဂုံ သုံးပါးတို့၌ တည်၍ ရဟန်းပြုပြီးလျှင် ဗျာဒိတ် ခံယူတော်မူခဲ့သည်။

၁၂။ သုဇာတမြတ်စွာဘုရား

သုစမာ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဆက်လက်၍ ပွင့်တော်မူသော သုဇာတမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် စကြာမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်ကိုအား ရတနာခုနစ်ပါးတို့နှင့် တကွ ထီးနန်းစည်းစိမ်ကြီးကို လှူဒါန်း၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၃။ ပိယဒဿီမြတ်စွာဘုရား

သုမေဓ မြတ်စွာဘုရားရှင်နှင့် သုဇာတ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူရာ မဏ္ဍကမ္ဘာကုန်ဆုံးပြီးနောက် ပိယဒဿီမြတ်စွာဘုရား, အတ္ထဒဿီမြတ်စွာဘုရား, ဓမ္မဒဿီမြတ်စွာဘုရားဟူ၍ ဘုရားသုံးဆူ ပွင့်တော်မူရာ ဝရကမ္ဘာသို့ ထွက်ရှိခဲ့သည်။

ပိယဒဿီမြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ဗေဒင်သုံးရပ် တတ်ကျွမ်းသော ကဿပပုဏ္ဏားလုလင်ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို နာရ၍ သဒ္ဓါတရား အလွန်ဖြစ်လျက် ကုဋေတစ်သိန်းသော ဥစ္စာကို စွန့်ပြီး သံဃာ့အာဏာမ်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း, သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသီလကို မြဲစွာ ဆောက်တည်ခြင်းပြုလျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၄။ အတ္ထဒဿီမြတ်စွာဘုရား

ပိယဒဿီမြတ်စွာဘုရားနောက် ဆက်လက် ပွင့်တော်မူသည့် အတ္ထဒဿီမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် သုသီမအမည်ရှိရဿေ့ဖြစ်၍ မြတ်စွာဘုရား၏ တရားကို နာယူပြီး နှတ်ပြည့်သူ သူ့ားရောက်၍ နှတ်ပြည့်မှ ထင်ရှားပန်းစသည်ကို ယူဆောင်ကာ ပန်းမဏ္ဍပ်ကြီး ဆောက်လုပ်ပြီး ဘုရားရှင်အား ကပ်လှူပူဇော်ခြင်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၅။ ဓမ္မဒဿီမြတ်စွာဘုရား

ထို့နောက် ပွင့်တော်မူလာသော ဓမ္မဒဿီမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် သိကြားမင်းဖြစ်၍ စတုမဟာရာဇ်, တာဝတိံသာဟူသော နှစ်ပြည်ထောင်နတ်အပေါင်းတို့ ခြံရံလျက် မြတ်စွာဘုရားအား နတ်၌ဖြစ်သော နံ့သာပန်း, တူရိယာတို့ဖြင့် ပူဇော်လျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၆။ သီဒ္ဓတ္ထမြတ်စွာဘုရား

ထဖန်ကမ္ဘာပေါင်းတစ်ထောင့်ခုနစ်ရာခြောက်ကမ္ဘာ လွန်မြောက်ပြီးနောက် ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ကိုးဆယ့်လေးကမ္ဘာထက်၌ ပဒုံတော်မူလာသော သီဒ္ဓတ္ထ မြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် မင်္ဂလပုဏ္ဏားဖြစ်၍ သူဆင်းရဲတို့အား ကုဋေပေါင်း များစွာသော ဥစ္စာစုကို စွန့်လွှတ်ပြီး ရသေ့ပြုသည်။ ရသေ့အဖြစ်ဖြင့် စျာန်အဘိညာဉ်တို့ကို ရလျက် မြတ်စွာဘုရား အမှူးရှိသော ကုဋေကိုးဆယ်သော သံဃာတော်တို့အား ၎မမ္ဂ သပြေသီးမှည့်တို့ဖြင့် ဆက်ကပ် လှူဒါန်း၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၇။ တိဿမြတ်စွာဘုရား

သီဒ္ဓတ္ထမြတ်စွာဘုရားပဒုံတော်မူရာ ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားမပွင့်သော သုညကမ္ဘာ တစ်ခုခြား၌ ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ ပဒုံတော်မူသော တိဿမြတ်စွာဘုရားလက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် သုဇာတမင်းဖြစ်၍ မိမိပိုင်သော ကုဋေပေါင်း များစွာသော ဥစ္စာဘဏ္ဍာစု, နှစ်သက်ဖွယ် အခြွေအရံကောင်းများနှင့် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ ရသေ့ပြုသည်။ တန်ခိုးကြီးမားသော ရသေ့အဖြစ်ဖြင့် မြတ်စွာဘုရားအား နတ်ပန်းများနှင့် ပဒုမာကြာပန်းထီးကို လှူဒါန်းပူဇော်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၈။ ပုဿမြတ်စွာဘုရား

ထို့နောက် ဆက်လက်ပဒုံတော်မူသော ဖုဿမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမ ဘုရားလောင်းသည် ဝိဇိတာဂီ အမည်ရှိ စကြာမင်းကြီး ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် မြတ်စွာဘုရား၌ လွန်စွာ ကြည်ညို၍ အလှူကြီးပေးကာ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဘုရားရှင်ထံ၌ ရဟန်းပြု၏။ ရဟန်းဘဝဖြင့် ပိဋကသုံးပုံဆောင်ခြင်း, လူတို့အား တရားဟောခြင်း, သီလပါရမီကို ကောင်းစွာ ဖြည့်ခြင်းတို့ကို ပြုလျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၁၉။ ဝိပဿီမြတ်စွာဘုရား

တိဿမြတ်စွာဘုရားနှင့် ဖုဿမြတ်စွာဘုရား ပဒုံတော်မူရာ ကမ္ဘာ ကုန်ဆုံးပြီးနောက် ကိုးဆယ့်တစ်ကမ္ဘာမြောက် ပဒုံတော်မူသော ဝိပဿီမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် အတုလနဂါးမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ပူဇော်သက္ကာရပြုပြီးလျှင် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၂၀။ ဝိပဿီမြတ်စွာဘုရား

တိဿမြတ်စွာဘုရားနှင့် ဖုဿမြတ်စွာဘုရား ပဒုံတော်မူရာ ကမ္ဘာ ကုန်ဆုံးပြီးနောက် ကိုးဆယ့်တစ်ကမ္ဘာမြောက် ပဒုံတော်မူသော ဝိပဿီမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမဘုရားလောင်းတော်သည် အတုလနဂါးမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ပူဇော်သက္ကာရပြုပြီးလျှင် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၂၀။ သိခီမြတ်စွာဘုရား

ဝိပဿီမြတ်စွာဘုရား ပဋ်တော်မူထု ကပ်ကမ္ဘာကုန်ဆုံး၍ သုညကမ္ဘာပေါင်း ၎င်းဆယ့်ကိုးကမ္ဘာ လွန်မြောက်ပြီးနောက် ဤကမ္ဘာမှ ပြန်၍ ရေသည် ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ သိခီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရားရှင် နှစ်ဆူ ပဋ်တော်မူထု မက္ကကမ္ဘာသို့ ရောက်ရှိခဲ့သည်။ သိခီမြတ်စွာဘုရားရှင် လက်ထက်တော်၌ အရိန္ဒမမင်း ဖြစ်၍ မြတ်စွာဘုရားအမှူးရှိသော သံဃာတော် တို့အား နန်းတော်သို့ ပင့်၍ ခုနစ်ရက်ပတ်လုံး အလှူဒါနကြီး ပြုလုပ်၍ မင်္ဂလာဆင်တော်ကို မြတ်စွာဘုရားအား လှူဒါန်းပြီး ထိုဆင်တော်ကို တန်ဖိုးဖြတ်၍ တန်ဖိုးနှင့် ညီမျှသော အပ်စပ်သည့် ပစ္စည်းဝတ္ထုတို့ဖြင့် ဘုရားအမှူးပြုသော သံဃာတော်မျှားအား လှူဒါန်းပူဇော်လျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၂၁။ ဝေဿဘူမြတ်စွာဘုရား

ထို့နောက် သိခီမြတ်စွာဘုရားပဋ်တော်မူသည့် မက္ကကမ္ဘာမှာပင် ဆက်လက်၍ ပဋ်တော်မူခဲ့သော ဝေဿဘူမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမဘုရားလောင်း သည် သုဒဿန အမည်ရှိ မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား သက်၌းစသော အလှူဒါန, မြတ်စွာဘုရားအာဘွက် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် ရဟန်းဟော်ဘို့အတွက် ကျောင်းပေါင်း တစ်ထောင်လှူဒါန်းခဲ့သည်။ ထို့နောက် မင်းစည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းဘဝဖြင့် မုတင် တစ်ဆယ့်သုံးပါး ကျင့်ဆောင်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၂၂။ ကကုသန္ဓမြတ်စွာဘုရား

ထို့နောက် ဘုရားမပဋ်သော သုညကမ္ဘာပေါင်း နှစ်ဆယ့်ကိုးကမ္ဘာ လွန်မြောက်ပြီးနောက် ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား, ကဿပ မြတ်စွာဘုရား, ဂေါတမ မြက်စွာဘုရား, အရိမေတ္တေယျ မြတ်စွာဘုရား တည်းဟူသော ဘုရားငါးဆူပဋ်တော်မူရာ ဤဘဒ္ဒကမ္ဘာသို့ ရောက်ရှိခဲ့သည်။ ထိုဘုရားငါးဆူတို့တွင် ရှေးဦးစွာ ပဋ်တော်မူသော ကကုသန်မြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် ခေမအမည်ရှိ မင်းဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား သက်၌း, ဆွမ်း, ဆေးစသော လှူဖွယ်တို့ကို လှူဒါန်းသည်။ ထို့နောက် ရဟန်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၂၃။ ကောဏာဂမနမြတ်စွာဘုရား

ထို့နောက် ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ မိထိလာမြို့၌ ပဗ္ဗတ အမည်ရှိသောမင်း ဖြစ်၍ မိထိလာမြို့သို့ ကြွတော်မူလာသော မြတ်စွာဘုရားနှင့်

ရဟန်းအပေါင်းအား အလှူဒါနကြီး ပြု၍ ဝါတွင်း သုံးလပတ်လုံး ဝါကပ် သီတင်းသုံးစေတော်မူလျက် ပြုစုလုပ်ကျွေးခြင်း, သက်နှံးလျှောမျှား လှူဒါန်း ပူဇော်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

၂၄။ ကဿပမြတ်စွာဘုရား

ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူရာ ဤဘဒ္ဒကမ္ပာမှာပင် ဆက်လက် ပွင့်တော်မူသော ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် ဇောတိပါလ လုလင်ဖြစ်၍ ကဿပ မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်သော အနာဂါမ် ဃဋီကာရ ဥပါသကာနှင့် မိတ်ဆွေဖြစ်၍ မြတ်စွာဘုရားနှင့် ရင်းနှီးခင်ရသဖြင့် ဘုရားရှင် ထံတော်၌ ရဟန်းပြု၏။ ရဟန်းဘဝ၌ ပိဋကသုံးပုံကို သင်အံကြိုးကုတ် တတ်မြောက်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

ဤကား ပဒုမုတ္တရဘုရားရှင် ရှေတော်မှောက်၌ ပထမဆုံး နိယတဗျာဒိတ် ခံယူခဲ့ပြီးနောက် လေးသခ်ၤေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း၌ ပွင့်တော် မူသော သဗ္ဗညုမြတ်စွာဘုရား ၂၄-ဆူတို့ထံ၌ ပါရမီတော်တို့ကို ဘဝအဆက်ဆက် ဖြည့်ကျင့် ဆည်းပူး၍ ထပ်ကာထပ်ကာ ဗျာဒိတ်ခံတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားမပွင့်သည့် သုညကမ္ဘာပေါင်း လေးသခ်ၤေ၌လည်း ဘဝတိုင်း ဘဝတိုင်း ပါရမီတော် ၁၀-ပါးတို့ကို အဆက်မပြတ် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ရသည်။ ဤကဲ့သို့ ရှည်လျားလုစွာသော ကမ္ဘာအသခ်ၤေတို့ ကာလပတ်လုံး ဘဝဆက်တိုင်း ပါရမီတော်တို့ကို ရိုသေစွာ ဖြည့်ကျင့် ဆည်းပူးပြီးနောက်မှသာလျှင် သဗ္ဗညု ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ရသည်ကို မှန်းဆကြည့်ရှုနိုင်ရန် အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်ပါသည်။

အပိုင်း (၃)

အခန်း (၉)

ဒါနပြုရန် တိုက်တွန်းခြင်း

ပေးကမ်းခြင်း အောင်စေထာ

လောကဌ် ပေးနိုင် ကမ်းနိုင်လျင် မျက်နှာပွင့်သည်၊ အထာခပ်သိမ်းကို အောင်မြင်နိုင်သည်။ "ဒါနံ သဗ္ဗတ္ထသာဓကံ=ဒါနသည် လောကီလောကုတ္တရာ ခပ်သိမ်းသော အကျိုးကို ပြီးစီးစေနိုင်သည်"။ လုပ်ငန်းကိစ္စများကို ဆောင်ရွက် ထာဌ် ပေးကမ်းခြင်းကို ရှေသွးပြုပါက အောင်မြင်မှု ဆုလာဘ်ကို မလွဲမသွေ ရရှိနိုင်ပေသည်။ ပေးကမ်းခြင်းဖြင့် မေတ္တာနှောင်ကြိုး ပွဲချည်နိုင်ဆည်။ ရှိပြီးသော မေတ္တာနှောင်ကြိုးကို ပိုရှဲ ခိုင်မြဲစေနိုင်သည်။ မုန်းစိတ်ကို ပျောက်စေရှဲ ချစ်စိတ် ထောက်စေနိုင်သည်။

မေတ္တာ၏ ရုပ်သွင်

ပေးကမ်းခြင်းသည် မေတ္တာ၏ရုပ်သွင်ဖြစ်သည်။ မေတ္တာတရားကို ကာယကံ, ဝစီကံတို့ဖြင့် ပီပီပြင်ပြင် ပုံဖော်ခြင်း ဖြစ်သည်။ မေတ္တာရှိမှသာလျင် ပေးနိုင် ကမ်းနိုင်သည်၊ ကျေးနိုင် မွေးနိုင်သည်။ မေတ္တာစောတ် လုံးဝ မရှိသူသည် ပေး လို ကမ်းလိုစိဟ် မရှိ၊ ကျေးလို မွေးလိုစိတ် မရှိ။ သူတပါးအား ကျေးလို မွေးလိုစိတ်, ပေးလို ကမ်းလိုစိတ်သည် မေတ္တာတရားကို အကောင်အထည် ဖော်နေခြင်း ဖြစ်သည်။

မေတ္တာစောတ် နည်းပါးသူသည် ကလေးငယ်များ, ခွေးငယ် ကြောင်ငယ် များကို ယုယခြင်းမရှိ၊ ကျေးလိုမွေးလိုစိတ် မရှိ၊ ယင်းကဲ့သို့ ကလေးငယ်များနှင့် တိရစ္ဆာန်ငယ်များကိုပင် မချစ်တတ်သူ တစ်ဦးထံမှ လူအိုလူမင်းများ လူမမာ များကို ပြုစုယုယလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ မရှိပေ။

ထို့ကြောင့် ထိုင်ပါဦး၊ နားပါဦး၊ စားပါဦး၊ သောက်ပါဦး၊ ယူပါဦး စသည်ဖြင့် ပြောဆိုခြင်းသည် ဝစီကံ မေတ္တာကို သရုပ်ဖော်ခြင်း ဖြစ်သည်။ လက်တွေ့ ပေးကမ်း ထောက်ပံ့ ကျေးမွေးခြင်းသည် ကာယကံ မေတ္တာကို သရုပ်ဖော်ခြင်း ဖြစ်သည်။

ဒါနပြုရန် ဓက်ခဲခြင်း

သတ္တဝါတို့၏ ပင်ကိုသဘာဝသည် မိမိပစ္စည်းကို မငဲ့မလို, နှမြောဝန်တို တတ်၏။ ပေးရမည်ဆိုလျှင် တွန့်တိုလေ့ရှိသည်။ ယင်းဝန်တိုမှုကို "မစ္ဆရိယ"ဟု ခေါ်သည်။ မစ္ဆရိယကို နှိုင်နှင်းအောင် မန့်မ်နင်းနိုင်က ပေးကမ်းမှုဒါန အထမမြောက်နိုင်ချေ။ မစ္ဆံရိယရန်သူကို အနိုင်ယူပြီးမှသာလျှင် အလှူဒါန အထမြောက်နိုင်သည်။

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်တွင် ဆင်းရဲသား ပုဏ္ဏား လင်မယားရှိသည်။ လင်မယားနှစ်ယောက်ပေါင်းမှ အပေါ်ရုံ ပုဆိုး (ခြုံထည်) တစ်ထည်သာ ရှိသည်။ ပွဲလမ်းသဘင်သို့ လင်သွားလျှင် မယားအိမ်မှာ နေရစ် ရ၍ မယားသွားလျှင် လင်အိမ်မှာ နေရစ်ရသည်။ ခြုံထည်တစ်ခုကိုပင် တလှည့်စီ ခြုံ၍ ပွဲတိုးရသည်။ ပုဏ္ဏားကြီးသည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား တရားဟောတော်မူသည်ကို သွားရောက်နာယူသည့်အခါ စေတနာ သဒ္ဓါတရား တဖွားဖွား ပေါ်ပေါက်လာ၍ အပေါ်ရုံပုဆိုးကို မြတ်စွာဘုရားအား လှူဒါန်းရန် စိတ်ကူးလိုက်သည်။ လှူလိုက်ပါက လင်ရော မယားပါ ပွဲတိုးစရာ ခြုံထည် မရှိတော့မည်ကို တွေးတောမိပြန်၍ လှူရန် စိတ်ကူးကို ပယ်ဖျက်လိုက်ပြန်သည်။ တဖန် လှူချင်စိတ် ပေါ်လာပြန်သည်။ သို့ရာတွင် နှမြောစိတ်က တားလိုက်သည်။ အလှူစိတ်ကူး ပျက်သွားပြန်သည်။ ဤသို့ဖြင့် ညဉ့်သုံးယာမ်ပတ်လုံး တရားပွဲ မပြီးမချင်း လှူရန် စိတ်ကူးလိုက်, နှမြောစိတ်က နှောင့်ယှက်လိုက် ချီတုံချတုံ ဖြစ်နေခဲ့သည်။

တရားပွဲပြီးခါနီးသောအခါ "**မရှိလို့ မလှူ၊ မလှူလို့ မရှိ**"ဟု ကဲ့သို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်နှင့် ကြုံတွေ့ကြုံခဲ့ ကြုံရခဲ့ကတ်တွင်မှ မလှူလိုက်နိုင်လျှင် မိုက်ထုကျ တော့မည်ဟု ဆင်ခြင်စဉ်းစား၍ အပေါ်ရုံပုဆိုးကို မြတ်စွာဘုရားအား လှူဒါန်း ရန် ယတ်ပြတ် ဆုံးဖြတ်လိုက်တော့သည်။ ဆုံးဖြတ်ပြီးနောက် အပေါ်ရုံ ပုဆိုးကို သေသပ်စွာ ခေါက်၍ မြတ်စွာဘုရား **လက်တော်အထောက်** ကပ်လှူပြီးလျှင် "အောင်ပြီ၊ အောင်ပြီ" ဟု စစ်ပွဲကြီးကို နှိုင်ခဲ့သော ဗိုလ်ချုပ်ကြီးတစ်ဦးကဲ့သို့ ဝင့်ကြွားသော အသံဖြင့် သုံးကြိမ်ဘိုင်တိုင် ကြွေးကြော်လိုက်တော့သည်။

ဤဝတ္ထုကြောင်းကို သုံးသပ်ကြည့်ပါက အလှူဒါနတစ်ခု အထမြောက် နိုင်ရန် မည်မျှ ခက်ခဲသည်ကို ရိပ်စားမိလောက်ပေပြီ။

ဒါနကို ထောက်ခြင်းငှါ

ထို့ကြောင့် စကား မပီတပီ လူမမည်ကလေးအရွယ်ကပင် စတင်၍ ပေးလို စိတ်ကို လေ့ကျင့်ပေးရသည်။ ပေးချင်စိတ် ဖြစ်ပေါ်လာအောင် သင်ကြား ပေးရသည်။ ကလေးငယ်၏ လက်တွင်းရှိ မုန့်ပဲသရေစာကို "ပေးစမ်းပါ" ဟု တောင်းသူက တောင်း၍ မိဘအုပ်ထိန်းသူက "စားပါဦးလို့ ပြောလိုက်၊ ယူပါဦးလို့ ပြောလိုက်" စသည်ဖြင့် တိုက်တွန်းသင်ပြလေ့ရှိကြသည်။ စကားပီ နားလည်၍ အသိဉာဏ် အသင့်အတင့် ရှိလာသည့်အရွယ်တွင် သားငယ် သမီး ငယ်များကို ဘုရားရှင်အား ဆွမ်းကပ်, ပန်းကပ်, ရေကပ်, ဆီမီးကပ်လှူခိုင်းခြင်း၊ ဆွမ်းခံဘုန်းကြီးအား ဆွမ်းလောင်းခိုင်းခြင်း၊ သီလရှင်များအား ဆွမ်းဆန် လောင်းလှူခိုင်းခြင်းဖြင့် အလှူဒါနပြုလုပ်မှုကို လက်တွေ့ သင်ကြား လေ့ကျင့် ပေးရသည်။ တို့ပြင် ဖုန်းတောင်း ယာစကာများနှင့် ခိုကိုးရာမဲ့သူများအား ပေးကမ်းစွန့်ကြဲမှု ပြုလုပ်စေခြင်းဖြင့်လည်း ဒါနပြုမှုအလေ့အကျင့် ရရှိစေသည်။ မိဘများက စေခိုင်းပေးရသည်။ ငါးပြား ဆယ်ပြားမှ စ၍ မိမိအလှူကို ဂုဏ်ယူတတ်စေရန် အလှူရှင်အဖြစ်ကို ခံယူတတ်စေရန် လေ့ကျင့်သင်ကြား ပေးကြရသည်။

မိမိကိုယ်တိုင် လေ့ကျင့်ခြင်း

အမျိုးသားနှင့် အမျိုးသမီးတို့တွင် အမျိုးသမီးများသည် အလှူဒါနအရာ၌ အမျိုးသားများထက် ပြုလွယ်ကြသည်။ အမျိုးသားများမှာ အသေးစားဒါနမှု များကို ပြုလုပ်လိုခြင်းမရှိဘဲ ဘုရားတည် ကျောင်းဆောက် အကြီးစားဒါနပြုခြင်း ဘုရားဒကာ ကျောင်းဒကာအဖြစ် ခံယူလိုကြသည်။ သို့ရာတွင် ဘုရားတည် ကျောင်းဆောက်လှူဒါန်းရန်မှာ ငွေပေါင်း သိန်းနှင့်သန်းနှင့်ချီ၍ ကုန်ကျရမည် ဖြစ်ရာ ထိုကဲ့သို့ အကြီးစား ဒါနမျိုးလည်း မလုပ်နိုင်။ နေ့စဉ်ပြုရမည့်အသေးစား ဒါနမှုများကိုလည်း မလုပ်ဖြစ်။ နောက်ဆုံးတွင် အိုမင်းမစွမ်း အရွယ်ရောက်လာ၍ ဒါနကုသိုလ် ထုထုထည်ထည် မစုဆောင်းမိဘဲ သေရာ ဧည်ဝင်စောင်း လဲလျောင်းသည့်အခါ အားကိုးရာမဲ့ ဖြစ်ကြရသည်။

ထို့ကြောင့် အထူးသဖြင့် အမျိုးသားများအား တိုက်တွန်းလိုသည်မှာ အလှူ ဒါနအမျိုးမျိုးတို့တွင် အလွယ်ကူဆုံး စရိတ်စကအနည်းဆုံးဖြစ်သော မိမိအိမ်ရှိ မြတ်စွာဘုရားအား ရေချမ်းကပ်လှူခြင်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးကပ်လှူခြင်း၊ ဆွမ်းတော် ကပ်လှူခြင်း၊ ဆွမ်းခံကိုယ်တော်အား ဆွမ်းလောင်းလှူခြင်း တို့ကို နေ့စဉ်နေ့တိုင်း အမြဲတစေ နိစ္စဓုဝ ဝတ္တရား တစ်ခုအဖြစ် သတ်မှတ်ထား၍ ပြုလုပ်သင့်ကြသည်။ သေးငယ်သော ဒါနအမှုဟူ၍ အထင်မသေးသင့်၊ နေ့ပေါင်း

ရက်ပေါင်း, လပေါင်း, နှစ်ပေါင်းများလာသောအခါ ဒါနကုသိုလ် အထုပ်အထည် စုမိဆောင်းမိ ဖြစ်လာနိုင်သည်။ တစ်နေ့လျှုသော ဧရတစ်ဖန်ခွက်သည် နှစ်ပေါင်း သုံးလေးဆယ် ကြာလာသောအခါ ရေဂါလံထောင်ပေါင်းများစွာ လှူပြီးဖြစ် ဖတ္တာသည်။ တစ်နေ့ပန်းတစ်ပွင့် လှူသူသည် နှစ်ပေါင်း သုံးလေးဆယ်ကြာလာသောအခါ ပန်းပွင့်ပေါင်း သောင်းကျော် ဖြစ်လာမည်။ တစ်နေ့လျှင် ဆုမ်းတစ်ဇွန်းမျှ ကပ်လှူလောင်းလှူသူသည် နှစ်ပေါင်း သုံးလေးဆယ် ကြာလစဉ်သောအခါ ဆန်အတောင်း ငါးဆယ်ခြောက်ခန့် ကပ်လှူလောင်းလှူပြီး ဖြစ်တော့သည်။ ဤကား လှူဖွယ်ဝတ္ထုပစ္စည်းအနေဖြင့် စုဆောင်းမိသည့် ထုထည်ပမာဏကို စဉ်မှန်းတွက်ချက်ခြင်းဖြစ်သည်။ နေ့စဉ်ပွားများအားထုတ်ခဲ့ရသော ဒါနကုသိုလ် စေတနာ ဖြစ်ပေါ် ခဲ့သည့်အကြိမ်များကား သိန်းသန်းကုဋေမက မရေမတွက်နိုင် ကုသိုလ်စေတနာပေါင်း အသင်္ချေ အသင်္ချာ စုဆောင်းမိတော့သည်။ ထိုဟုဂ္ဂိုလ် သည် ဇရာထောင်းခ် သေရာညောင်စောင်း လဲလျောင်းရသည့် အခါ မိမိ ပြုခဲ့သည့် ဒါနကုသိုလ်အစုစုကို အားကိုးအားထား ရရှိထားပြီး ဖြစ်၍ ရိက္ခာထုပ် အပြည့်အဝဖြင့် ခရီးထွက်ရသော ယောကျ်ားသည် ရှေဆက်ရမည့် လမ်းခရီး အတွက် စိုးရိမ်ကြောင့်ကြမှုမရှိ ပျော်ရွှင်စွာ ခရီးထွက်နိုင်သကဲ့သို့ ဒါနကုသိုလ်မှု ထုထုထည်ထည် စုဆောင်းပြီး ဖြစ်၍ တမလွန်ဘဝသို့ ကူးပြောင်းရာ၌ သေခြင်း တရားကို ရဲရဲဝံ့ဝံ့ ပြုံးပြုံးရွှင်ရွှင် ရင်ဆိုင်နိုင်လေသည်။

ထို့ကြောင့် နေ့စဉ် ပြုလုပ်ရမည့် ဒါနမှု တံစ်ခုခုကို ဝတ္တရားတစ်ခုအဖြစ် သတ်မှတ်၍ မိမိတို့ကိုယ်တိုင် မိမိကိုယ်ကို ဆုံးမပဲ့ပြင်၍ ကုသိုလ်ဒါန ဆည်းပူးသင့်ကြပေသည်။

အိမ်တွင်းဒါန

လောကလူ့ဘောင် အိမ်ထောင်ရှင်တို့၏ တာဝန် ဝတ္တရားအရ မိဘကို လုပ်ကျွေးခြင်း၊ သားမယားကို ကျွေးမွေးခြင်း၊ အိမ်မွေးတိရစ္ဆာန်များအား ကျွေးမွေးခြင်းပြုရာ၌ မေတ္တာတရားရှေထား၍ ကျွေးမွေးပါက ဒါနမြောက်သည်။ မိမိ အကျိုးစီးပွားကို ရှေတန်း မဘင်ဘဲ သူတပါး ကောင်းကျိုး အဓိက ထားသည့် စိတ်စေတနာဖြင့် ကျွေးမွေးပြုစုပါက အလှူဒါနပင် ဖြစ်ဘော့သည်။ မိမိအိမ်မှ နွားကို အစာကျွေးထား၌ နွားကို ခိုင်းစားလိုစိတ် အဓိကမထားဘဲ လောလောဆယ် မိမိနွားအား ကောင်းကောင်းမွန်မွန် ဝဝလင်လင် စားစေ လိုသော စေတနာထား၍ ကျွေးမွေးလျှင် ဒါနဖြစ်သည်။ အလားတူ မိမိအိမ်ရှိ ခွေးများကို ကျွေးမွေးထား၌ အိမ်ကို စောင့်ရှောက်ပေလိမ့်မည်ဟူသော မျှော်လင့် ချက်ကို ရှေတန်းမတင်ဘဲ လောလောဆယ် သတ္တဝါများ ဝဝလင်လင် စားစေ လိုသော စေတနာသန့်သန့်ဖြင့် ကျွေးမွေးလျှင် ဒါနပင်ဖြစ်တော့သည်။ မိမိသား

မယားကို ကျွေးမွေးထောက်ပံ့ထုဉ် စေတနာသန့်သန့် စေတနာကောင်းကောင်း ပြုစင်သောစိတ်ဖြင့် ထောက်ပံ့ကျွေးမွေးပါက ဒါနပင်ဖြစ်တော့သည်။ မိခင်သည် ကလေးငယ်အား နို့တိုက်ထဉ် ကလေးငယ် ဝဝလင်လင်ရှိ၍ ချမ်းသာစေလိုသော မေတ္တာစေတနာဖြင့် တိုက်ကျွေးခြင်းဖြစ်၍ စင်ကြယ်သောဒါနပင် ဖြစ်လေသည်။

ဤကဲ့သို့ အိမ်တွင်းဒါနပြုထုဉ် စိုတ်ထားတတ်ဖို့ မျှားစွာ အရေးကြီးပေသည်။ မေတ္တာတရားရှေ့မထားဘဲ သံယောဇဉ်အနှောင်အဖွဲ့ကို ရှေ့ဆောင်မှု ပြုမိလျှင် ဒါနမစြောက်ဘဲ သာမန်အားဖြင့် ပေးကမ်းခြင်း တစ်မျိုးသာ ဖြစ်နိုင်ပေသည်။ ဤအချက်ကို သတိမပြုမိသော ပုဂ္ဂိုလ်မျှားသည် မိမိသား မယား ဆွေမျိုး သားချင်းမျှားကိုသာ ကျွေးမွေး ထောက်ပံ့ ပေးကမ်းခြင်းသည် ဒါနမြောက်သည်ဟု ယူဆ၍ သူစိမ်းတရံဆံဖြစ်သော အလှူခံပုဂ္ဂိုလ်မျှားအား လှူဒါန်းခြင်း ပေးကမ်းထောက်ပံ့ခြင်း မပြုတော့ဘဲ သားမယား ကောင်းစားရေး ဆွေမျိုး ကောင်းစားရေးကိုသာ သဲကြီးမဲကြီး လုပ်နေတော့သည်။

ဌင်း၏ အိမ်းတွင်းဒါနမှာ သံယောဇဉ်တရား ရှေ့ဆောင်နေသဖြင့် ဒါန မမြောက်ဘဲ သာမန်ပေးကမ်းခြင်း အဆင့်မျှသာ ရှိတော့သည်။ မိမိစိတ်ကို မိမိလှည့်စားတတ်ကြသည်။ အမှန်စင်စစ် အိမ်တွင်းဒါနမှာ စင်ကြယ်သောဒါန ဖြစ်ရန် ခက်ခဲ၍ အားကိုးလောက်သော ဒါနကုသိုလ်မျိုး မဟုတ်ပေ။ သို့ရာတွင် တာဝန်အရ မလွဲမရှောင်သာ ပြုလုပ်ကြရာဉ် မေတ္တာစေတနာ သဒ္ဓါတရား ဖြစ်ပေါ်နိုင်အောင် စိတ်ကို ပြုပြင်လျှင် ဖြစ်နိုင်ကြောင်း နည်းလမ်းပြခြင်းမျှသာ ဖြစ်တော့သည်။

အလှူခံ ရပါဝေ

အချို့သော ပုဂ္ဂိုလ်မျှားသည် မိမိအိမ်သို့ လာရောက် အလှူခံသည်ကို မနှစ်သက်ကြချေ။ အချင်းချင်း လှူရန် တိုက်တွန်းသည်ကိုလည်း မနှစ်သက်ကြချေ။ "ကိုယ်ဇစတနာ ရှိလျှင် ကိုယ်လှူမည်၊ လာရောက် တိုက်တွန်းရန် မလို၊ ဟောပြောရန် မလို" ဟု ဆိုလေ့ရှိကြသည်။ အမှန်စင်စစ် ထိုကဲ့သို့ လာရောက်အလှူခံသူအား ကျေးဇူးတင်တတ်ရမည်၊ အလှယ်တကူ အလှူထမြောက်အောင် လာရောက်ကူညီသည်။ ကုသိုလ်တရားဖြစ်ပွားရန် လာရောက်ကူညီသည်ဟု သဘောထားရမည်။ ကုသိုလ်လုပ်ဖြစ်အောင် လာရောက်သူဖြစ်၍ ရှေ့ ငွေ့ ကျောက်သံ ပတ္တမြား ရတနာထုပ်ကြီးကို အိမ်အရောက်လာပို့သည်ဟု ယူဆရမည်။ ဒါနကုသိုလ်သည် ဘဝဆက်တိုင်း အကျိုးခံစားရမည်ဖြစ်၍ ရှေ့ငွေ့ ရတနာတို့ထက် ပိုမိုအဖိုးတန်သော ရတနာဖြစ်သည့် အလှူခံပုဂ္ဂိုလ်သည် အဖိုးတန်ရတနာများကို လှည့်လည် ပေးဝေနေသည်ဟု သဘောထားလျက်

အိမ်စဉ်လှည့်လည် အလှူခံရမည်။ သတ္တဝါသည် ပဋိသန္ဓေ စတည်ကတည်းက ဘဝနိကန္တိကလောဘဇောဖြင့် စတင်၍ တဲ့ယ်တာကပ်ငြိခဲ့သည်။ လောဘ တဲ့ယ်တာမှု, မစ္ဆရိယ နှမြောဝန်တိုမှုတို့ဖြင့် လူ့ဘဝကို စတင်ခဲ့ရ၍ စကား ပြောတတ်ကာစ ကလေးငယ်သည် "ပေးဘူး၊ ပေးဘူး" ဟူ၍သာ ဟစ်အော် ခဲ့သည်။ နှမြောဝန်တိုမှု မပေးလိုမှုကို သင်ကြားပေးရန် မလို၊ တိုက်တွန်းရန် မလိုချေ။ နှမြောဝန်ကိုမှု လျော့နည်းသွားအောင် ပေးလိုသည့်စိတ် ဖြစ်ပေါ်အောင် တိုက်တွန်းရန် လိုသည်။

ထို့ကြောင့် အလှူခံခြင်းသည် နှမြောဝန်တိုခြင်း နည်းပါးသွားစေရန်, တဲ့ယ်တာမှု နည်းပါးသွားစေရန်, ပေးကမ်းစွန့်လွှတ်နိုင်စေရန် တိုက်တွန်းခြင်း ဖြစ်၍ မွန်မြတ်သော ဆောင်ရွက်ချက် ဖြစ်သည်။ အလှူခံ၍ ရသည်ဖြစ်စေ, မရသည်ဖြစ်စေ မွန်မြတ်သော လုပ်ငန်းကို ဆောင်ရွက်ရခြင်း ဖြစ်သည်။ တက်တက်ကြွကြွ စိတ်ပါလက်ပါ ဆောင်ရွက်သင့်ကြပေသည်။

ဒါနကုသိုလ်အမှုကို သူတပါးအား မတိုက်တွန်းဘဲ လှုံ့ဆော်စည်းရုံးခြင်း မပြုဘဲ မိမိတစ်ဦးတည်းသာ ပြုလုပ်လျှင် နောင်တမလွန်ဘဝ၌ အကျိုးပေးသည့် အခါ ခြွေခ်ာသင်းပင်း ကင်းမဲ့၍ တစ်ယောက်ဘာည်း အထီးကျန်စွာ စည်းစိမ် ခံစားရသည်။ မိမိကိုယ်တိုင်လည်း ပြုလုပ်၍ သူတပါးကိုလည်း တိုက်တွန်း နှိုးဆော်စည်းရုံး လုပ်ဆောင်သော ပုဂ္ဂိုလ်သည် နောင်တမလွန်တွင် အကျိုး ပေးသည့်အခါ ခြွေရံသင်းပင်း ပြည့်စုံစွာဖြင့် စည်းစိမ်ခံစား ရသည်။

မြတ်စွာဘုရား လက်ထက်တော်က ပါယာသိစော်ဘွားကြီးသည် သံဃာတော် များအား ဆွမ်းဆက်ကပ် လှူဒါန်းရန် မိမိ၏ တပည့် ဥတ္တရလုလင်အား လွှဲအပ်ထားသည်။ ဥတ္တရလုလင်သည် ဆွမ်းအလှူဒါနကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်သည့်အပြင် မိမိလက်အောက်ငယ်သားများကိုလည်း တိုက်တွန်းနှိုးဆော်၍ ပြုလုပ်စေခဲ့သည်။ ၎င်းတို့ ကွယ်လွန်၍ တမလွန်ဘဝ ရောက်ကြသောအခါ ပါယာသိစော်ဘွားကြီးမှာ အခြွေအရံမရှိ။ တစ်ဦးတည်းအထီးကျန်စွာ နတ်ဗိမာန် တစ်ခုဌာ နတ်စည်းစိမ် ခံစားရသည်။ ဥတ္တရလုလင်မှာမူ စော်ဘွားကြီးထက် တဆင့်မြင့်သော နတ်ပြည်ဌာ ခြွေရံပရိသတ် စုံလင်စွာဖြင့် နတ်စည်းစိမ်ကို ခံစားရသည်။

အခန်း (၁၀)

ဒါနအဓိပ္ပါယ် ဖွင့်ဆိုခြင်း

ဒါန-ဟူသော စကားသည် ပါဠိစကား ဖြစ်၏။ ပါဠိနှင့် နီးစပ်သော ဗုဒ္ဓဘာသာ မြန်မာမျိုးအဖို့ ဒါနဆိုလျှင် မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟု သဘောပေါက် နားလည်ကြ၏။ ပါဠိစကားလုံး ဖြစ်စေကာမူ မြန်မာစကားအဖြစ် နားလည်နေကြပြီ ဖြစ်သည်။ ထို့ကြောင့် ဒါန ဟူသည် အလှူခံပုဂ္ဂိုလ်၏ အစီးအပွားကို အလိုရှိခြင်း, ပူဇော်သောအားဖြင့် မိမိပစ္စည်းဥစ္စာကို အလှူခံ ပုဂ္ဂိုလ်တို့အား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းပင် ဖြစ်၏ဟု ကျမ်းဂန်တို့၌ ဖွင့်ဆိုတော်မူကြ၏ (သာရတ္ထ၊ဒု"၁၉၃။ ဒီ၊ဋ္ဌ၊ ၂။၆၈။ မ၊ဋ္ဌ၊၃၇။ အံ၊ဋ္ဌ၊၃။၂၂၁)။

စင်စစ်အားဖြင့် ဒါန-ဟူသည် ပစ္စည်းဥစ္စာကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း သာမက သတ္တဝါတို့အား ဘေးမဲ့ပေးခြင်း၊ သတ္တဝါတို့၏ အသက်, စည်းစိမ်, အိုးအိမ်ကို သတ်ဖြတ် လုယက် ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဘေးရန် အမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်ခြင်းများလည်း ဒါနပင် ဖြစ်သည် (စရိယာ၊ဋ္ဌ။၂၉၇)။

ဒါန၏ အမည်ခဲ့များ

ယင်းဒါနသည် ဆောက်တည်အပ်သော အကျင့်တစ်မျိုးဖြစ်၍ "ဝတ" လည်း မည်၏။ ပညာရှိများ ပညတ်ထားအပ်သောကြောင့် မြတ်သော အကျင့်, ဘုရားအစရှိသော သူတော်သူမြတ်တို့၏ အကျင့် ဖြစ်သောကြောင့် "ဗြဟ္မစရိယ" လည်း မည်၏။ ဟစ္စုပ္ပန် တမလွန်, နှစ်တန်သော ဘဝတို့၌ လောကီစည်းစိမ် ချမ်းသာနှင့် စျာန်ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာချမ်းသာကို ပေးတတ်, ဆောင်နှင်းတတ်သောကြောင့် "နိဒါန" လည်း မည်၏။ လူ့စည်းစိမ်, နတ်စည်းစိမ်တို့၏ အခြေခံအကြောင်းရင်း ဖြစ်၍ "မူလ" လည်း မည်၏။ သုံးဆောင်ခံစားအပ်သော နှစ်သက်ဖွယ် အာရုံတို့ကို မှီ၍ ဖြစ်ပေါ်လာသော ချမ်းသာတို့၏ တည်နေရာ ခိုင်မာသော ဌာနဖြစ်၍ "ပတိဋ္ဌာ" လည်း မည်၏။

ဒါနသည် တစုံတရာ အခက်အခဲ အကျပ်အတည်းနှင့် တွေ့ကြုံ ဆုံဆည်းနေသူတို့၏ အကာအကွယ် အစောင့်အရှောက် အထောက်အကူ ဖြစ်၍ မိုဃ်ရာ, ထောက်တည်ရာ, လားရာ, ကိုးကွယ်ရာ လဲလျောင်းရာ ဖြစ်သောကြောင့်

"တာဏ, လေဏ, ဂတိ, ပရုယဏ" တို့လည်း မည်၏။ သတ္တဝါတို့၏ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ တိုးတက်ကြီးပွားကြောင်းဖြစ်၍ "ဒက္ခိဏာ" လည်း မည်၏။ ပူဇော်အပ် ပူဇော်ကြောင်း ဖြစ်၍ "ယညေ, ယဘဂ" တို့လည်း မည်၏။

ကျမ်းဂန်လာ ဒါန၏ ဥပမာများ

ဒါနသည် သတ္တဝါတို့၏ အားထားမှီခိုရာ ဖြစ်သောကြောင့် "သီဟာသန ပလ္လင်ကြီး"နှင့် တူ၏။ ဖြစ်လေရာရာ ဘဝတိုင်း၌ ထောက်တည်ရာကို ပြစေတတ်သောကြောင့် "မဟာပထဝီ=မြေကြီး"နှင့်လည်း တူ၏။ သတ္တဝါတို့သည် မြဲမြံတင်းကျပ်စွာ ကိုင်ထားအပ်သော တရားဖြစ်၍ "အာလမ္ဗဏရဇ္ဇု=လက်ကိုင်ကြိုးတန်း"နှင့်လည်း တူ၏။ ဒုဂ္ဂတိဘဝ ဆင်းရဲဒုက္ခ အမျိုးမျိုးမှ ထုတ်ဆယ်ကယ်တင်တတ်သော တရားဖြစ်၍ "နာဝါ=လှေသင်္ဘော" နှင့်လည်း တူ၏။ လိုချင်တပ်မက်မှု "လောဘ"၊ နှမြောဝန်တိုမှု "မစ္ဆရိယ" စသော ဆန့်ကျင်ဘက် ရန်သူဘေးမှ သက်သာရာကို ရစေတတ်သော တရားဖြစ်၍ "သင်္ကာမသူရ=စစ်မြေပြင်ထောက် စစ်သူရဲကောင်း" နှင့်လည်း တူ၏။ ဆင်းရဲနွမ်းပါး ဥစ္စာရွှားပါးခြင်း၏ ဘေးရန်မှ စောင့်ရှောက် ကာကွယ်တတ်သော တရားဖြစ်၍ "သုသန်တနဂရ=ကောင်းစွာ တည်ဆောက်အပ်သော မင်းနေပြည် မြို့တော်" နှင့်လည်း တူ၏။ နှမြောဝန်တိုမှု "မစ္ဆရိယ"၊ မိမိပစ္စည်း တပ်မက်မှု "လောဘ" စသော စိတ်၏ အညစ်အကြေးတို့ မလိမ်းမကပ်ငြိနိုင်သော တရား ဖြစ်၍ "ပဒုမ=ပဒုမွာကြာပန်း" နှင့်လည်း တူ၏။

ထို့ပြင် ဒါနသည် ကိလေသာ လောင်စာ အမှိုက်တို့ကို လောင်မြိုက်တတ်သော တရားဖြစ်၍ "အဂ္ဂိ=မီး" နှင့်လည်း တူ၏။ သဒ္ဓါနည်းပါး၍ မစ္ဆရိယမျှားသူကို ချဉ်းကပ်နိုင်ခဲသော တရားဖြစ်၍ "အာသိဝိသ=ဖာဆိပ်ထန်သော မြွေ"နှင့်လည်း တူ၏။ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ဘဝတို့၌ ကြောက်ရွံ့ဖွယ်ကင်း ရဲတင်းခသော တရားဖြစ်၍ "သိဟ=ခြင်္သေ့မင်း" နှင့်လည်း တူ၏။ ဒါနသည် ဒါနပြုသူ အလှူရှင်အား ယခု မျက်မှောက်ဘဝ၌ လိမ္မာယဉ်ကျေးသော ခြွေရံသင်းပင်းနှင့် ပြည့်စုံစေ၍ နောင်တမလွန်ဘဝ၌ သူတပါး တို့ထက် ခွန်အားသာလွန် ကောင်းမွန်စေတတ်သော တရားဖြစ်၍ "ဟတ္ထိ=ဆင်ပြောင်ကြီး" နှင့်လည်း တူ၏။ ခုရော နောင်ပါ နှစ်ဖြာသော ဘဝတို့၌ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော မဂ်လာဟု ဘုရားရှင်တို့ သမုတ်အပ်သော တရားဖြစ်၍ "သေတဉ္ဉဘ=ငွေတောင်အတူ ကိုယ်လုံးဖြူသော နွားလား ဉသဘ"နှင့်လည်း တူ၏။ ဘေးရန် ထူပြောလှသော ဒုဂ္ဂတိဘဝမှ ဘေးရန်

ကုန်ခန်း ငြိမ်းချမ်းသာယာသော သုဂတိဘဝသို့ ပို့ဆောင်တတ်သော တရား ဖြစ်၍ "ဝလာဟကအာဿထုဇာ=မြင်းပျံရထနာ" နှင့်လည်း တူ၏ (ဒီဃ၊ ၂။၆၂။ မဇ္ဈ၊ ၃။၆၄ စသည်)။ အလှူရှင်၏ သို့မဟုတ် သိမ်းဆည်းထားအပ်သော "နိဟိတ-ဘဏ္ဍကာ=ဥစ္စာဘဏ္ဍာထုပ်" နှင့်လည်း တူ၏ (သံ၊ ၁။၁၁)။

ပေးကမ်း စွန့်ကြဲ,ပေးကမ်း လှူဒါန်းခြင်းသည် စစ်တိုက်ခြင်းနှင့်လည်း တူ၏ (သံ၊ ၁။၂၀ စသည်)။ လောက၌ သေရမှာကြောက်ရွံ့သောသူသည် စစ်မတိုက်ဝံ့သကဲ့သို့ မိမိပစ္စည်းဥစ္စာကုန်မှာ ကြောက်ရွံ့သော သူသည်လည်း မပေးမလှူနိုင်အသက်ကို မငဲ့မကွက်ဘဲ "သေချင်သေပါစေ"ဟု ဆိုကာ စွန့်လွှတ်နိုင်မှသာ စစ်တိုက်နိုင်သကဲ့သို့ "ပစ္စည်းဥစ္စာကုန်သော်လည်း ကုန်ပါစေ"ဟု ဆိုကာ ပစ္စည်းဥစ္စာ၌ တွယ်တာကပ်ငြိမှု "အာလယ" ပြတ်မှသာ ပေးလှူနိုင်၏။

ထို့ပြင် စစ်တိုက်ရာ၌ စစ်သည် အနံ့်,အမျှားသည် လိုရင်းပဓာနမဟုတ်ဘဲ ရဲစွမ်းသတ္တိ ရှိ,မရှိသာ လိုရင်းပဓာနဖြစ်၏။ စစ်သည်အင်အား နည်းပါသော်လည်း ရဲစွမ်းသတ္တိရှိလျှင် ရန်သူစစ်သည်အင်အား အမျှားကို အနိုင်ရနိုင်သကဲ့သို့ ယုံကြည်မှုသဒ္ဓါစသည်တို့နှင့် ပြည့်စုံသူသည် အနည်းငယ်သော လှူဖွယ်ဝတ္ထုကို လှူသော်လည်း မျှားစ္စာသော ဒုမြောဝန်တို့မှ "မစ္ဆရိယ"ရန်သူကို နှင်းချနိုင်၏။ ထို့ကြောင့် "ပေးလှူခြင်းသည် စစ်တိုက်ခြင်းနှင့် တူသည်"ဟု ဆိုပါသည်။

ယင်းဒါနသည် ပုညကိရိယ ဝတ္ထုတရား ၃-ပါး၊ ပုညဘိသန်ဒါရတရား ၃-ပါး၊ သင်္ဂဟတရား ၄-ပါး၊ ရာဇဥပါယ်ဘရား ၄-ပါး၊ မင်းကျင့်တရား ၁၀-ပါး၊ ပါရမီအကျဉ်း ၁၀-ပါး, အကျယ်-၃၀၊ မင်္ဂလာတရား ၃၈-ပါး တရားအစု အသီးသီးတွင် တစ်ပါးအပါအဝင် ဖြစ်၏။

ဒါန၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

ဒါနသည် အလှူဝတ္ထု ပေးစွန့်ခြင်းလျှင် မှတ်ကြောင်း "လက္ခဏာ"ရှိ၏။ ပေးလှူအပ်သော ဝတ္ထု၌ တပ်မက်လိုခြင်း "လောဘ"ကို ဖျက်ဆီးခြင်းလျှင် သာယာအပ်သော "ကိစ္စရသ"ရှိ၏။ ပေးလှူအပ်သော အလှူဝတ္ထု၌ မကပ်ငြိမတွယ်တာခြင်းလျှင် ရှေးရှုထင်လာသော အခြင်းအရာ "အာကာရပစ္စုပဋ္ဌာန်" ရှိ၏၊သို့မဟုတ် ဘဝစည်းစိမ်ဘို၏ ပြည့်စုံခြင်းလျှင် အကျိုး"ဖလပစ္စုပဋ္ဌာန်"ရှိ၏၊ စွန့်လွှတ်ပေးလှူအပ်သော အလှူဝတ္ထုပစ္စည်းစုလျှင် နီးစွာသော အကြောင်း "ပဒဋ္ဌာန်"ရှိ၏ (စရိယာ၊ဋ္ဌ။၂၇၃)။

ဒါနသည် ပဂ္ဂိုလ်တိုင်းအတွက် အရေးကြီး

ဒါနသည် ပဂ္ဂိုလ် အတန်းအစား မရွေး အလေးထား၍ ဖြည့်ကျင့် ဆည်းပူးရမည့် တရားဖြစ်၏။ သံသရာခရီးသည် အားလုံးနှင့် သက်ဆိုင်၏။ သံသရာခရီးသည်ဘိုင်း မဖြစ်မနေ သယ်ဆောင်သွားရမည့် ရိက္ခာလည်း မည်၏။ လျှောက်လှမ်းရမည့် သံသရာခရီး ရှည်လျှင် ရှည်သလောက် ဒါနရိက္ခာထုပ် များများ ပါသွားဖို့ အရေးကြီး၏။ ကမ္ဘာအသေးချုပ်၍ သံသရာခရီးကို လျှောက်လှမ်းတော်မူကြရသည့် ဘုရားအလောင်းတော်ကြီးများ အရေးတကြီး ကျင့်ဆောင်ရမည့် ပါရမီအကျင့်တရားများကို ဆင်ခြင်တော်မူကြရာ၌ ဒါန ပါရမီကို ရှေးဦးစွာ တွေ့မြင်တော်မူကြသည်။

ဒါနအတွက် အခက် ၄-ပါး

ဒါနသည် ကျွမ်းမျှအရေးကြီးသော်လည်း မိမိပိုင်ပစ္စည်းဝတ္ထုကို စွန့်ကြဲပေးကမ်း လှူဒါန်းနိုင်ရန်အတွက် သက္ကဝါဝိုင်းအဖို့ အဟန့်အတားတွေက များလှ၏။ ယင်းအဟန့်အတားဘရားများကား သံသရာနှင့် ချီ၍ အမတေဘည့်နေကြပြီး ဖြစ်ရာ ယင်းအဟန့်ဘရားများ ကျော်လွှား၍ ပေးလှူနိုင်ရန် ခက်ခဲလှ၏။ ထို့ကြောင့် ဒါနအတွက် အခက် ၄-ပါးဟု ရှေးပညာရှိများ သတ်မှတ်တော် မူခဲ့ကြသည်။

(၁) မိမိ နှစ်သက်သော ပစ္စည်းဥစ္စာကို သဒ္ဓါကြည်ဖြူစွာ ပေးလှူအံ့ဟု စိတ်ထဲမှာ ကြံဖို့ရာ ခက်ခဲလှ၏။

(၂) ယင်းသို့ စိတ်ထဲမှာ ကြံဘားသည့်တိုင် ပေးလှူအံ့ဟု နှုတ်ထွက်စကား ပြောဆိုနိုင်ခြင်းသည် ၃၃-လက်သစ်ရှိသောသန်လျက်ကို မျိုရခြင်းထက် ခက်ခဲ၏။

(၃) ယင်းသို့ ပေးလှူအံ့ဟု နှုတ်ထွက်စကား ပြောကြားနိုင်ခြင်းထက် ရက်ရက်ရောရော လက်ဖွင့်ပေးလှူနိုင်ဖို့က ပို၍ ခက်၏။

(၄) ယင်းသို့ ရက်ရက်ဆောရော လက်တွေ့ ပေးလှူနိုင်ခြင်းထက် ပေးလှူ ပြီးနောက် နောင်တတရားဖြစ်ခြင်း မပွားပစ်ဖို့က ပို၍ ခက်ခဲလှ၏။

ဤအကြောင်းနှင့် စပ်၍ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက—

> မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရဲကြောင့်၊ ကြံခဲစွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မန္တန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆယ့်သုံးဘုံ၊ လက်သစ်ပြုန်သည့်

သန်လျက်ခေါင်းကို၊ ထင်ရှားပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ ပေးမည်မြွက်ခဲ့၊ မြွက်တပဲလျက်၊ ရဲရဲရင့်ရင့်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တမပူ၊ ခဲစွဲဟူ၍"ဟု–

ဒါနအတွက် အခက် ၄-ပါးကို စပ်ဆိုတော်မူခဲ့၏ (မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခေါင်း။ အဘိဒ်ရေ-၂၈၅)။

ပေးလှူလိုသည့် စိတ်ကို ဟန့်တားတတ်သည့် တရားများ

ပေးလှူလိုစိတ်ကို ညစ်နွမ်းစေတတ် ဟန့်တားတတ်သော တရားတို့ကား များပြားလှ၏။ သတ္တဝါတိုင်းအဖို့ သံသရာက ထုနှင့် ထည့်နှင့် ပါလာကြ၏။ ယင်းတို့ကား လိုချင်တပ်မက်မှု "လောဘ"၊ အမျက်ထွက်မှု "ဒေါသ"၊ ပေးလှူခြင်း၏အကျိုး ရှိ, မရှိကို မသိတတ်မှု "မောဟ"၊ ငြူစူမှု"ဣဿာ"၊ နှမြောဝန်တိုမှု "မစ္ဆရိယ"၊ ထောင်လွှားတက်ကြွမှု "မာန" စသည်တို့ ဖြစ်၏ (ဒီဃနိ၊ ဘေရဝ ၂၉။ သီလဋ္ဌသစ်၊ ၂။ ဥဘဝ)။

မလှူဒါန်းနိုင်ခြင်း အကြောင်းရင်း

နှမြော ဝန်တိုဿူဟူသည် ပစ္စည်းဥစ္စာ များစွာ ရှိသော်လည်း မလှူရက် မဒါန်းရက်ကြ၊ မစ္ဆေရပြောထူ နှမြောဝန်တိုသူတို့သည် သူတော်ကောင်းတို့၏ လှူပုံလှူနည်းကို အတုလိုက်၍ မလှူနိုင်ကြကုန်(သံ၊၁။၁၈)။ ယင်းသို့ မလှူနိုင်ခြင်းသည် အလှူခံပုဂ္ဂိုလ်တို့ အပေါ်၌ အမျက်ထွက် မုန်းတီးခြင်း၊ လှူဖွယ်ဝတ္ထု၌ တပ်မက်ခင်တွယ်ခြင်းတို့ကြောင့် ဖြစ်တတ်၏ (ဣတိဝုတ်၊၌။ ၂၂၇)။

ထို့ပြင် ပေးလှူလိုက်လျှင် ကုန်သွားလိမ့်မည်၊ ငါနှင့်တကွ ငါ့အိမ်သူအိမ်သားများ စားကြရတော့မည် မဟုတ်ဟု နှမြော ဝန်တိုမှု "မစ္ဆရ"၊ မေ့လျော့မှု "ပမာဒ"ဟူသော အကြောင်း ၂-ပါးကြောင့်လည်း ဖြစ်ထတ်၏ (သံ၊၁။၁၇ စသည်)။

အငတ်ဘေးကြောက်သူ များများလှူ

နှမြောဝန်တိုသူ မှန်သမျှသည် ငတ်မည့်ဘေး ကြောက်၍ မပေးမလှူဘဲ ရှိတတ်ကြရာ ထို့ကြောက်စရာ ထိုသူထံသို့ မကြာမီ ဆိုက်ရောက်လာတတ်၏။ ထို့ကြောင့် နှမြောငန်တိုမှု "မစ္ဆရိယ"သည် စည်းစိမ်ဥစ္စာကို ရနိုင်ခြင်း၏ အကြောင်းဖြစ်သော ပေးကမ်း လှူဒါန်းမှုကို တားမြစ်တတ်ရကား ယင်း မစ္ဆရိယလောက် ယုတ်ညံ့သောတရားဆိုးမရှိဟုဖွင့်ပြတော်မူ၏ (သံ၊၌၊၁။၁၂၄)။ အမှန်စင်စစ် ငတ်မည့်ဘေး ကြောက်လျှင် နှမြောဝန်တိုမှု "မစ္ဆရ"ကို ပယ်ဖျောက်ကာ စွန့်ကြဲပေးကမ်း လှူဒါန်းကြရာ၏ (သံ၊၁။၁၀၊၃၀ စသည်)။

ဒါနမြောက်အောင် အထူးရှစ်များ ဆင်ခြင်ဖွယ်

အလှူဒါန၏ အနှောင့်အယှက် အဟန့်အတား အပိတ်အပင် ဟူသမျှကို ကျော်လွှားကာ အလှူဒါန အထမြောက်အောင် နှလုံးသွင်း ဆင်ခြင်တတ်ဖို့ အရေးကြီး၏၊ ဘုရားအစရှိသော သူတော်ကောင်းကြီးများ၏ ဆင်ခြင်နှလုံးသွင်းမှုကို အတုယူကြရာ၏။

ချမ်းသာကြွယ်ဝ လိုတိုင်း ရစေရန် အလိုငှါ ပစ္စည်းဥစ္စာ အသုံးအဆောင် ဘဏ္ဍာများကို အလျှံတပြောင်ပြောင် မီးတွေလောင်နေသော အိမ်ကြီးထဲမှ ဆွဲထုတ်ယူငင်သကဲ့သို့ အိုမှု သေမှု စသော မီး ၁၁-ပါးတို့ တောက်လောင် ခံနေရသော လောကကြီးထဲမှ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနဖြင့် သံသရာ့ဝိုက်မှာ ကုသိုလ်ထုပ်ကြီးကို ဆွဲဆုတ်ယူငင်နိုင်ပေပြီဟု နှလုံးသွင်းထာ၏ (သံ၊၁။ ၂၉ စသည်)။

ပေးလှူမှုဖြင့် အရယူလိုက်သော ကုသိုလ်သည်သာ ချမ်းသာသော အကျိုးကို ပေးစွမ်းနိုင်၏။ မပေးမလှူမိသော ပစ္စည်းဥစ္စာများသည် ရန်သူမျိုး ၅-ပါး နှိပ်စက်ဖျက်ဆီး၍ ပျက်စီး ဆုံးရှုံးတတ်၏။ ကျန်ပစ္စည်းစုများကိုလည်း သေလွန်၌ မုချ စွန့်ပစ်သွားရမည်ကို ပညာဉာဏ်ဖြင့် ဆင်ခြင်၍ မသေခင်က ကြိုတင်ပေးလှူသင့်ကြ၏။ သို့မှသာ ဝေဿန္တရာမင်း စသည်တို့ကဲ့သို့ နတ်ရွာသုဂတိသို့ လားရောက်ကြရပေမည် (သံ၊၁။ ၂၉ စသည်)။

လယ်ယာ ဧရွာ ငွေ စသော ကိုယ်ပိုင် ပစ္စည်းဥစ္စာများကို တပ်မက် ခင်တွယ် သောစိတ် ရှိသူများအဖို့ အလှူဒါန ပြုလုပ်ဖြစ်အောင် အောက်ပါအတိုင်း နှလုံးသွင်း ဆင်ခြင်သင့်ကြပေသည်—

လိုလားတောင့်တ နှစ်သက်အပ်သော ပစ္စည်းဥစ္စာများသည် ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံနေ၏။ ငြင်းခုံခြင်း၏ အကြောင်းဖြစ်၏။ ခိုက်ရန် ပြုနိုင်၏။ အန္တစ်သာရ မဲ့၏။ ရရှိဖို့ အရေး, စောင့်ရှောက်ဖို့ အရေးတို့၌ သူတပါးကို ညှဉ်းဆဲမှု ဖြစ်မည်ဆိုလျှင် ညှဉ်းဆဲရခြင်း၏ အကြောင်းဖြစ်၏။ ယင်းပစ္စည်းများ ပျက်စီး ဆုံးရှုံးခဲ့သော် စိုးရိမ်ပူဆွေးရခြင်း စသော ဆင်းရဲအမျိုးမျိုးနှင့် ရင်ဆိုင်ရ တွေ့ကြုံရတတ်၏။ ပစ္စည်းဥစ္စာများအပေါ် တပ်မက်မှုကြောင့် မစ္ဆေရစိတ် ဖွဲ့သူတို့မှာ အပါယ်သို့ လားရောက်နိုင်၏။ "ပြိတ္တာတို့ဘောင် ဥစ္စာဆောင်"ဟု ဆိုရိုးစကား ပြုကြ၏။ ဤသို့ စသည်ဖြင့် ကိုယ်ပိုင်ဝတ္ထု ပစ္စည်းစုတို့သည် အကျိုးမဲ့ အမျိုးမျိုးသာ ဆောင်နိုင်ကုန်၏။ ယင်းပစ္စည်း ဝတ္ထုတို့ကို စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း တစ်ခုတည်းသည်သာ ချမ်းသာကြောင်း အမှန်ဖြစ်ပေသည်။

အလှူခံပုဂ္ဂိုလ် မိမိထံမှောက် ရောက်လာသည့်အခါ အကုသိုလ် မဖြစ်ဘဲ ကုသိုလ်တိုးပွားရ အကျိုးများအောင် အလှူဒါနမြောက်အောင် ဆင်ခြင်တတ်ဖို့ အရေးကြီးပြန်၏။ အလှူခံပုဂ္ဂိုလ်တို့သည် လှူဖွယ်ဝတ္ထုကို ဘယ်အခါများ လာယူကြပါကုန်မည်နည်း။ ဘယ်ပုံ ဘယ်နည်း ငါသည် အလှူခံပုဂ္ဂိုလ်တို့ ချစ်မြတ်နိုးသူ ဖြစ်ရပါအံ့နည်း။ အဘယ်သို့လျှင် အလှူခံပုဂ္ဂိုလ်တို့က မတောင်းရဘဲ အလိုက်သိစွာ ပေးလှူနိုင်ရာ ပါအံ့နည်း။ ပစ္စည်းဥစ္စာနှင့် အလှူခံပုဂ္ဂိုလ် ၂-ပါးစုံ ရှိပါလျက် မစွန့်မလှူခြင်းသည် ငါ့အဖို့ ကြီးစွာသော သွည့်စားမှုပင် ဖြစ်၏ (စရိယာ၊ဋ္ဌ။ ၂၈၄-စသည်)။

အလှူဒါနပြုရာ၌ တောင်းခံလာသော အလှူခံပုဂ္ဂိုလ်သည် မိမိချစ်ခင်သော (ပိယ) ပုဂ္ဂိုလ်ဖြစ်လျှင် ငါချစ်အပ်သော သူက ငါ့ကို တောင်းခံလာပေသည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမည်၊ သို့မဟုတ် ချစ်လည်း မချစ်, မုန်းလည်း မမုန်းအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်ဖြစ်လျှင် ငါ့ကို တောင်းခံလာသော ဤသူသည် ယခု စွန့်လှူခြင်းဖြင့် မိတ်ဆွ ဖြစ်ရပေတော့မည်ဟု နှလုံးသွင်း ဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမည်၊ သို့မဟုတ် ရန်သူဖြစ်သော (ဝေရီ) ပုဂ္ဂိုလ်က တောင်းခံလာခဲ့သော် ငါ၏ ရန်သူသည် ငါ့ကို တောင်းခံလာပေသည်။ ငါ့ကို တောင်းဝံလာသော ဤရန်သူသည် ယခု ငါပေးလှူခြင်းဖြင့် ကောန်မုချ ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်ဖြစ်ရပေတော့မည်ဟု နှလုံးသွင်း ဆင်ခြင်၍ အထူးသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမည်။ ပေးလှူတော်သူကို အလှူခံပုဂ္ဂိုလ်များ ချစ်မြတ်နိုးကြ၏။ ဤပြခဲ့သောနည်းဖြင့် ချစ်အပ်သော ပိယပုဂ္ဂိုလ်၌ကဲ့သို့ မဇ္ဈ, ဝေရီ ပုဂ္ဂိုလ်တို့၌လည်း မေတ္တာရှေးသွားရှိသော ကရဏာကို ဖြစ်စေ၍ ပေးလှူကြရမည်။

လှူဖွယ်ဝတ္ထု ပြည့်စုံပြီး အလှူခံပုဂ္ဂိုလ်လည်း မိမိမျက်မှောက်၌ ထင်ရှား ဆိုက်ရောက်နေပါလျက် အချို့ပုဂ္ဂိုလ်များမှာ ပေးလှူလိုစိတ် မဖြစ်ပေါ်ဘဲ ရှိတတ်သည်။

ယင်းသို့ဖြစ်သော် "ငါသည် ကောန်မုချ ရှေးဘဝကပေးလှူခြင်း၌ အလေ့အထ မပြုလုပ်ခဲ့သည့်အတွက် ယခုအခါ ငါ့သန္ဓာန်မှာ ပေးလှူလိုစိတ် ဖြစ်ပေါ်မလာခြင်းဖြစ်သည်"ဟု ဆုံးဖြတ်၍ "နောက်နောင် ပေးလှူလိုစိတ် ဖြစ်ပေါ်လာအောင် ယနေ့မှ စ၍ ပေးလှူတော့အံ့၊ ငါသည် ရှေးမဆွကပင် ကြိုတင်၍ ကိုယ်တိုင် ဝတ္ထုပစ္စည်းစုကို အလှူခံများအား စွန့်လှူထားအပ်ပြီ မဟုတ်ပါလော"ဟု နှလုံးသွင်းဆင်ခြင်၍ ပေးလှူဖြစ်အောင် ပေးလှူကြရာ၏။

ဗုဒ္ဓဘာဆာလင်္ကာရကျမ်း ၁၉—ပ

လှူဖွယ်ဝတ္ထုက ချို့တဲ့ နည်းပါးနေပြန်လျှင်လည်း ပေးလှူလိုစိတ်က မဖြစ်ပေါ်ဘဲ ရှိတတ်သည်။ ယင်းသို့ ဖြစ်ခဲ့သော် "ငါသည် ဖြူးဘဝမျှားစွာက မပေးလှူခဲ့သည့်အတွက် ယခုအခါ ပစ္စည်းဥစ္စာ ချို့တဲ့နွမ်းပါးရခြင်း ဖြစ်သည်။ မရှိလို့ မလှူ၊ မလှူလို့ မရှိ ဖြစ်ချေတော့မည်။ သို့အတွက် ယခုအခါ ငါသည် နည်းသည်ဖြစ်စေ, ညံ့သည်ဖြစ်စေ ရသမျှ လှူဖွယ်ဝတ္ထုဖြင့် ဖျစ်ညှစ်၍ ပေးလှူသင့်ကြ၏။

အခန်း (၁၁)

ဒါနအမျိုးမျိုး

အလှူဒါန၏ သဘော၊ အလှူဒါန ပြုနိုင်ရန် ခက်ခဲပုံနှင့် အလှူဒါန မြောက်အောင် နှလုံးသွင်းဆင်ခြင်ပုံ စသည်များ သိရှိပြီးနောက် ဒါနအမျိုးမျိုး သိရှိထားရန် လိုအပ်ပေသည်။ လှူဖွယ်ဝတ္ထုပစ္စည်းစုသည် ဒါနကံမြောက်ဖို့ရန် အရေးကြီးသော အကြောင်းဖြစ်၏။ သို့အတွက် ပစ္စည်းဝတ္ထုကို အကြောင်းပြုကာ ကျမ်းဂန်တို့၌ ဒါနအမျိုးမျိုး ခွဲခြားပြဆိုထား၏။

ဝိနည်း ဒေသနာတော် အလိုအားဖြင့် ဆွမ်းအလှူဒါန၊ သင်္ကန်း အလှူဒါန၊ ကျောင်းအလှူဒါန၊ ဆေးအလှူဒါနဟူ ၄-ပါး ရှိကြောင်း ဖွင့်ပြထား၏။ ဝိနည်းဒေသနာတော်မှာ ဒါန ၄-ပါးပြလိုရင်း မဟုတ်သော်လည်း ရဟန်းတော်များ သုံးဆောင်ရန် ပစ္စည်းလေးပါးကို မြတ်စွာဘုရားခွင့်ပြုတော်မူသည့်အတွက် လှူဒါန်းရာမှာလည်း လေးမျိုးဖြစ်သင့်ရကား ဝိနည်းအလို ဒါနလေးမျိုးရှိသည်ဟု ဖွင့်ဆိုတော်မူကြ၏။

အဘိဓမ္မာဒေသနာတော်အလိုအားဖြင့် လောက၌ ရှိရှိသမျှသော တရားအားလုံးကို သိမ်းကျုံးမိအောင် အာရုံ ၆-ပါးဖြင့် ပိုင်းခြားဝေဖန်၍ ဟောကြားထားရာ အဆင်းကို လှူဒါန်းခြင်း ရူပဒါန၊ အသံကို လှူဒါန်းခြင်း သဒ္ဒဒါန၊ အနံ့ကို လှူဒါန်းခြင်း ဂန္ဓဒါန၊ အရသာကို လှူဒါန်းခြင်း ရသဒါန၊ အတွေ့ကို လှူဒါန်းခြင်း ဖောဋ္ဌဗ္ဗဒါန၊ တရားသဘောကို လှူဒါန်းခြင်း ဓမ္မဒါန-ဟူ ၆-ပါးရှိကြောင်း ဖွင့်ပြတော်မူကြ၏ (ဒီ၊ဋ္ဌ၊၃၊၁၈၀။ အဘိ၊ဋ္ဌ၊၁။ ၂၀၁။ အံ၊ဋ္ဌီ၊ ၃။ ၂၃၇-၈)။

ဤအထူဋ္ဌ အဘိဓမ္မာဒေသနာတော်တွင် ဒါန ၆-ပါးကို တိုက်ရိုက် ဟောပြခြင်း မဟုတ်သော်လည်း အာရုံ ၆-ပါးကို ဟောပြလိုက်သဖြင့် ထိုအာရုံတို့ကို အသီးသီး လှူဒါန်းလျှင် အာရုံအပြားသို့ လိုက်၍ ဒါနခြောက်ပါး အပြား ရှိသည်ဟု အနက်ထွက်ရကား အဘိဓမ္မာအလို ဒါနခြောက်မျိုးရှိကြောင်း ကျမ်းဂန်တို့၌ ဖွင့်ပြတော်မူကြသည်။

သုတ္တန်ဒေသနာတော် အလိုအားဖြင့် စားဖွယ်အမျိုးမျိုး လှူဒါန်းခြင်း အန္နဒါန၊ သောက်ဖွယ်အမျိုးမျိုး လှူဒါန်းခြင်း ပါနဒါန၊ အဝတ်အထည်

အမျိုးမျိုးလှူဒါန်းခြင်း ဝတ္ထုဒါန၊ စီးနင်းစရာ ယာဉ်လှူဒါန်းခြင်း ယာနဒါန၊ ပန်းအမျိုးမျိုး လှူဒါန်းခြင်း မာလာဒါန၊ နံ့သာအမျိုးမျိုး လှူဒါန်းခြင်း ဂန္ဓဒါန၊ လိမ်းခြယ်စရာ အမျိုးမျိုးလှူဒါန်းခြင်း ဝိလေပနဒါန၊ ညောင်စောင်း အင်းပျဉ် အိပ်ရာနေရာကို လှူဒါန်းခြင်း သေယျဒါန၊ အိမ်ကျောင်း စသော နေရာအဆောက်အဦ လှူဒါန်းခြင်း အာဝသထဒါန၊ မီးထွန်းရန် ဆီ စသည်ကို လှူဒါန်းခြင်း ပဒီပေယျဒါနအားဖြင့် ဒါန ၁၀-ပါး ရှိကြောင်း ဖွင့်ပြတော်မူကြ၏။

ဤဒါန ဝတ္ထု ဆယ်မျိုးသာ ဘုရားဟောသည်ဟု အကြောင်းပြကာ ဤဆယ်မျိုးကိုသာ လှူကောင်းသည်၊ အခြားဝတ္ထုတို့ကို မလှူကောင်းဟု မမှတ်ယူအပ်။ လောကဥစ္စာ ယေဘုယျအားဖြင့် အလှူများရာကို လိုက်၍ ဤဆယ်မျိုးကို ဒါနဝတ္ထုဟု ဟောတော်မူခြင်း ဖြစ်သည်။ တနည်းအားဖြင့် အရာဝတ္ထုဟူသမျှကို ဤဆယ်ပါးဥပင် သဘောတူရာ သွတ်သွင်း သိမွတ်နိုင်မည် ဖြစ်သောကြောင့် ဤဆယ်မျိုးကို ပြလိုက်သဖြင့်ပင် သူတော်ကောင်းများ သုံးစွဲနေကျဖြစ်သော အရာဝတ္ထုတို့ကို လှူဒါန်းနိုင်သည်ဟု သိမွတ်ရာ၏။

ပေးလှူမှုဒါနကို အလှူရှင်, အလှူခံ, လှူဖွယ်ဝတ္ထု, လှူပုံ အခြင်းအရာ, လှူရာအခါနှိန်အခါ, လှူကြောင်းဒါန စေတနာ စသည်ကို အကြောင်းပြု၍ ၂-ပါးတွဲ ဒါနစု၊ ၃-ပါးတွဲဒါနစု စသည်ဖြင့် ခွဲခြမ်းဝေဖန်ကာ ပိဋကတ်တော်ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ ဟောပြ ဖွင့်ဆိုတော်မူကြ၏။

နှစ်ပါးတွဲ ဒါနစုများ

အာမိသဒါန၊ ဓမ္မဒါန

ဆွမ်းစသောပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် အာမိသဒါနမည်၏။ (အာမိသနှင့် ပစ္စယအတူတူပင် ဖြစ်၍ ပစ္စယဒါနဟုလည်း ခေါ်နိုင်၏။) သူတပါးတို့အား ကရုဏာဟောခြင်း စသည်ဖြင့် တရားကို ပေးလှူခြင်းသည် ဓမ္မဒါနမည်၏။ ဤဒါန ၂-မျိုးတွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်၏။ ဤနှစ်မျိုးကို အာမိသပူဇော, ဓမ္မပူဇော-ဟူ၍လည်း ခေါ်အပ်၏။ အမည်မျှသာ ကွဲသည် အဓိပ္ပာယ်မူ အတူတူပင် ဖြစ်သည်။

လောကဥစ္စာ အများအားဖြင့် အနိမ့်က အမြင့်ကို ပြုလုပ်ရာမှာ (ငယ်သူက ကြီးသူအား ပေးရာမှာ) ပူဇော်သည်ဟူသော စကားကို သုံးလေ့ရှိကြ၏။ ဤအဓိပ္ပာယ်ကို ယူဆပြီး ဒါနသည် ပူဇောဒါန, အနုဂ္ဂဟဒါန-ဟု ၂-မျိုးခွဲသင့်၏။

မြတ်စသော ပုဂ္ဂိုလ် ကြီးသောပုဂ္ဂိုလ်အား ငယ်သူက ပူဇော်သောအားဖြင့် ပေးလှူခြင်းသည် ပူဇာဒါန မည်၏။ ကြီးမြတ်သူက ငယ်ရွယ်သူအား ချီးမြှောက်သောအားဖြင့် ပေးလှူခြင်းသည် အနုဂ္ဂဟဒါနမည်၏။ (ဤပူဇာဒါန, အနုဂ္ဂဟဒါန နှစ်ပါးခွဲခြင်းမှာ ဇာတ်ဆရာ မဟုတ်ပါ၊ လောကဝေါဟာရ အသုံးအနှုန်း များရာသို့ လိုက်၍ ခွဲခြင်းဖြစ်သည်။)

အဇ္ဈတ္တိကဒါန၊ ဗာဟိရဒါန

ကိုယ်တွင်းဆိုင်ရာ အင်္ဂါကြီးငယ် အသက်ခန္ဓာတို့ကို လှူဒါန်းခြင်းသည် အဇ္ဈတ္တိကဒါနမည်၏။ အပြင်ပဖြစ်သော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် ဗာဟိရဒါနမည်၏။

ဝတ္ထုဒါန၊ အဘယဒါန

ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် ဝတ္ထုဒါနမည်၏။ အသက်စည်းစိမ်ကို ဘေးမဲ့ ပေးခြင်းသည် အဘယဒါနမည်၏။ (ဤအဘယဒါနသည် အထူးသဖြင့် ရှင်ဘုရင်မျှားနှင့် သက်ဆိုင်၏။)

ဝဋ္ဋနိဿိတဒါန၊ ဝိဝဋ္ဋနိဿိတဒါန

ဝဋ်ဆင်းရဲ၌ ဖြစ်သော လောကီစည်းစိမ် ချမ်းသာကိုသာ တောင့်တ၍ လှူအပ်သော အလှူသည် ဝဋ္ဋနိဿိတဒါနမည်၏။ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ လှူအပ်သော အလှူသည် ဝိဝဋ္ဋနိဿိတဒါနမည်၏။

သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန

သားငါး စသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေး လှူဒါန်းအပ်သော ဒါနမျိုးသည် (အပြစ်နှင့်တကွဖြစ်သောကြောင့်) သာဝဇ္ဇဒါနမည်၏။ သားငါး စသော သတ္တဝါများကို သတ်ဖြတ်မှုမှ ကင်းရှင်းသော ဒါနမျိုးသည် (အပြစ်မရှိသောကြောင့်) အနဝဇ္ဇဒါနမည်၏။ အကုသိုလ် ခြုံရုံလွှက် ရှိသော ဒါန, အကုသိုလ် မခြုံရုံသော ဒါနဟု ဆိုလိုသည်။

မှတ်ချက်။ ။ယခုလောက၌ အချို့သူတို့သည် တံငါအလုပ်ဖြင့် ဥစ္စာကြွယ်ဝ ချမ်းသာပြီးနောက် "ငါသည် မကောင်းမှုကို မပြုဘဲ တံငါအလုပ်ကို စွန့်ပြီးလျှင် စင်ကြယ်သော အလုပ်ဖြင့်သာ လုပ်ကိုင်အသက်မွေးတော့မည်"ဟု နေဆိုင်လျှင် စည်းစိမ်ဥစ္စာ ဆုတ်ယုတ်သွားတတ်၏။ တဖန်ထိုတံငါအလုပ်ကို ပြန်၍ လုပ်ကိုင်သောအခါ ကြွယ်ဝလာပြန်၏။ ဤသို့ ဖြစ်ရခြင်းမှာ

ရှေးဘဝက ပြုခဲ့သော သာဝဇ္ဇဒါနကံ အကျိုးပေးသည့်အတွက် ဖြစ်သည်။ ကံပြုစဉ်က ပါဏာတိပါတကံနှင့် တွဲဖက်၍ ပြုခဲ့သောကြောင့် အကျိုးပေးရာ မှာလည်း ပါဏာတိပါတကံနှင့် တွဲဖက်ရမှ အကျိုးပေးသန်သည်။ မတွဲဖက်ရလျှင် ထိုကံအကျိုးမပေးနိုင်၍ ဆင်းရဲသွားရပြန်သည်။

သာဟတ္ထိကဒါန၊ အာဏတ္တိကဒါန

ကိုယ်တိုင် ကိုယ်ကျ မိမိလက်ဖြင့် ကိုင်တွယ် လှူဒါန်းအပ်သော ဒါနသည် သာဟတ္ထိကဒါနမည်၏။ သူတပါးကို စေခိုင်း (ကိုယ်စားလှယ်ထား)၍ လှူဒါန်း အပ်သော ဒါနသည် အာဏတ္တိကဒါနမည်၏။

ပါယာသိမြို့စား၏ အလှူပွဲ၌ ယင်းဒါနတို့ကို ဥတ္တရလုလင်သည် ကိုယ်စား အဖြစ်ဖြင့် ပေးလှူရသော်လည်း မိမိပစ္စည်းကဲ့သို့ သဘောထားကာ အားစိုက်၍ ပေးလှူခဲ့သောကြောင့် တာဝတိံသာနတ်ပြည်သို့ လားရောက်ရ၏။ အလှူရှင် ဖြစ်သော ပါယာသိမြို့စားသည်ကား မရိုမသေ တော်စ့ လျော်စ့ ပေးလှူခဲ့ သောကြောင့် အောက်တန်းကျသော စတုမဟာရာဇ် နတ်ပြည်၌ အခြံအရံ နတ်သမီး, နတ်သား ကင်းမဲ့သော သေရီသကနတ်ဗိမာန်၌ ဖြစ်ရ၏။ (အကျယ်ကို ဒီဃနိကာယ်၊ မဟာဝဂ်၊ ပါယာသိသုတ်မြန်မာပြန်၌ ရှုပါ။)

သက္ကစ္စဒါန၊ အသက္ကစ္စဒါန

လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ ပြုပြင်၍ လှူဒါန်းအပ်သော ဒါနသည် သက္ကစ္စဒါနမည်၏။ လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ မပြုပြင်ဘဲ လှူဒါန်း အပ်သော ဒါနသည် အသက္ကစ္စဒါန မည်၏။

ပန်းပင်မှ ပန်းမျှားကိုခူးပြီး ရေဆေး၍ မလှ-လှအောင် မတင့်တယ်-တင့်တယ် အောင် အကုံး အခိုင်စသည်ဖြင့် ကောင်းစွာ ပြုလုပ်ပြီးမှ လှူဒါန်းခြင်းသည် သက္ကစ္စဒါန၊ ဤသို့ မပြုပြင်ဘဲ ပန်းပင်မှ ခူးခဲ့ရင်းအတိုင်းသာ (ဘုရားအား အလှူမြောက်လျှင် ပြီးရောသဘောမျိုးဖြင့်)လှူဒါန်းခြင်းသည် အသက္ကစ္စဒါနဟု ဆိုလိုကြောင်း မှတ်သားရာ၏။

ဉာဏသမ္ပယုတ္တဒါန၊ ဉာဏဝိပ္ပယုတ္တဒါန

လှူဒါန်းရာ၌ ကံ,ကံ၏အကျိုးစသည်ကို သိမြင်၍ လှူဒါန်းခြင်းသည်(ဉာဏ်နှင့် ယှဉ်သည့်အတွက်) ဉာဏသမ္ပယုတ္တဒါန မည်၏။ ကံ, ကံ၏ အကျိုးစသည်ကို မသိ,မမြင်ဘဲ သူတပါးတို့၏ အတုအပမျှသာ လှူဒါန်းခြင်းသည် (ဉာဏ်နှင့် မယှဉ်သောကြောင့်) ဉာဏဝိပ္ပယုတ္တဒါန မည်၏။

သသင်္ခါရိကဒါန၊ အသင်္ခါရိကဒါန

တိုက်တွန်းခြင်း ရှိ၍ ပြုအပ်သော ဒါနသည် သသင်္ခါရိကဒါန မည်၏။ တိုက်တွန်းခြင်း မရှိဘဲ ပြုအပ်သော ဒါနသည် အသင်္ခါရိကဒါန မည်၏။

သောမနဿဒါန၊ ဥပေက္ခာဒါန

စိတ်နှလုံးချမ်းသာစွာ လှူဒါန်းအပ်သော ဒါနသည် သောမနဿဒါန မည်၏။ ဝမ်းလည်းမသာ ငမ်းလည်းမနည်း အလယ်အလတ် ခံစားခြင်းသဘော ရှိ၍ လှူဒါန်းအပ်သော ဒါနသည် ဥပေက္ခာဒါန မည်၏။ (လှူဒါန်းသောအခါ သောမနဿဝေဒနာနှင့် ယှဉ်လျှင် သောမနဿဒါန, ဥပေက္ခာဝေဒနာနှင့် ယှဉ်လျှင် ဥပေက္ခာဒါနဟု ဆိုလိုသည်။)

ဓမ္မိယဒါန၊ အဓမ္မိယဒါန

တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ဓမ္မိယဒါန မည်၏။ တိုက်ခိုက်ခိုးဝှက် မတရားသဘောဖက်၍ ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် အဓမ္မိယဒါန မည်၏။

ဒါသဒါန၊ ဘုဇိဿဒါန

လောကီစည်းစိမ် ချမ်းသာကို တောင့်တ၍ လှူဒါန်းအပ်သော ဒါနသည် ဒါသဒါန မည်၏။ (တကျာသခင် အရှင်အကြိုက် အလိုလိုက်၍ တကျာ၏ ကျွန်အဖြစ်ဖြင့် လှူဒါန်းခြင်းဟု ဆိုလိုသည်။) လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ လှူဒါန်းအပ်သော ဒါနသည် ဘုဇိဿဒါန မည်၏။ (တကျာသခင် အရှင်ကို တော်လှန်၍ လှူဒါန်းခြင်းဟု ဆိုလိုသည်။)

ထာဝရဒါန၊ အထာဝရဒါန

နေထိုင်နေသည့် ဘုရား တန်းဆောင်း ကျောင်း ဇရပ် ရေတွင်း ရေကန် စသည်တို့ကို လှူဒါန်းခြင်းသည် ထာဝရဒါန မည်၏။ ခဏ ခေတ္တမျှသာ သုံးဆောင်ရသော ဆွမ်းသင်္ကန်းစသည့် ပစ္စည်းကို လှူဒါန်းခြင်းသည် အထာဝရဒါန မည်၏။

သပရိဝါရဒါန၊ အပရိဝါရဒါန

အဓိကအားဖြင့် သင်္ကန်းကို လှူလိုရာမှာ သင်္ကန်းတွင်ဆာမက အခြားလှူဖွယ်ဝတ္ထုများနှင့် ပွယ်ပွယ်ရာရာ စီစဉ်ခြုံရုံ၍ လှူဒါန်းခြင်းသည် အခြံအရံနှင့်တကွ လှူဒါန်းခြင်းဖြစ်သောကြောင့် သပရိဝါရဒါန မည်၏။ (ဤ သပရိဝါရမ

ဒါနကြောင့် အလောင်းတော်ကြီးများမှာ စက်လက္ခဏာပါရှိခြင်း အကျိုးရ၍ အခြံအရံများခြင်း အကျိုးဆက်ကို ရရှိတော်မူကြသည်။) အခြံအရံ မပါဘဲ သက်နှံးချည်းယက်သက် လှူခဲ့ပါလျှင် အပရိဝါရဒါန မည်၏။ (တပါးသော ပစ္စည်းတို့ကို လှူရာ၌လည်း ဤနည်းအတိုင်းပင် သိရာ၏။)

နိဗဒ္ဓဒါန၊ အနိဗဒ္ဓဒါန

နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲမပြတ် ပြုလုပ်အပ်သော ဒါနသည် နိဗဒ္ဓဒါနမည်၏။ နေ့ဝင်မဟုတ်ဘဲ တတ်နိုင်သည့်အခါ ပြုလုပ်အပ်သော ဒါနသည် အနိဗဒ္ဓဒါန မည်၏။

ပရာမဋ္ဌဒါန၊ အပရာမဋ္ဌဒါန

တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်သော ဒါနသည် ပရာမဋ္ဌဒါန မည်၏။ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ဒါနသည် အပရာမဋ္ဌဒါန မည်၏။

ဥစ္ဆိဋ္ဌဒါန၊ အနုစ္ဆိဋ္ဌဒါန

အကြွင်းအကျန် အညှံ့အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် ဥစ္ဆိဋ္ဌဒါနမည်၏။ အကြွင်းအကျန် အညှံ့အဖျင်း မဟုတ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် အနုစ္ဆိဋ္ဌဒါနမည်၏။ (အကောင်းအမြတ်ပစ္စည်းရှိပါလျက် အကောင်းအမြတ်ကို မလှူဘဲ အညှံ့အဖျင်းကို လှူမှုသာ ဥစ္ဆိဋ္ဌဒါန=အကြွင်းအကျန် အညှံ့အဖျင်းအလှူဖြစ်သည်ဟူ၍ မှတ်ယူရာ၏။)

သဇီဝဒါန၊ အစ္ဆယဒါန

မိမိအသက် ထင်ရှားရှိစဉ် လှူဒါန်းအပ်သော ဒါနသည် သဇီဝဒါနမည်၏။ ငါသေပြီးနောက် ဤငါ့ပစ္စည်းစုကို မည်သူအား ငါပေးခဲ့သည် ထိုသူယူ၍ အလိုရှိတိုင်း သုံးဆောင်လော့ဟု သေသည့်နောက်အခါကို ရည်မှန်း၍ ပေးကမ်းခြင်းသည် အစ္ဆယဒါနမည်၏။

မှတ်ချက်။ ။ရဟန်းတော်များမှာ ဤအစ္ဆယဒါနမျိုးဖြင့် ပေးခြင်းသည် အပေးလည်း မကြွေက်၊ အပေးခံရသူမှာလည်း မပိုင်ဆိုင်၊ ရဟန်းတစ်ပါး ပိုင်ဆိုင်သော ပစ္စည်းကို ထိုရဟန်း အသက်ထင်ရှားရှိစဉ် အခြား တစ်ဦးဦးအား ပေးလျှင် အပေးခံရသူ အပိုင်ရ၏၊ သို့မဟုတ် ထိုပစ္စည်းရှင် ရဟန်း အသက်ရှင်စဉ်ပင် အခြား တစ်ဦးဦးအား ဝိဿာသဂ္ဂါဟ=(အကျမ်းဝင် ခင်မင်၍ ယူခြင်းမျိုး)ဖြင့် ယူလည်း ထိုသို့ ယူသူ အပိုင်ရနိုင်၏၊ သို့မဟုတ်

ထိုပစ္စည်းရှင်ရဟန်း အသက်ရှင်စဉ် အခြားတစ်ဦးဦးနှင့် ဒိဿန္တကာ=(နှစ်ဦးဆိုင် ပစ္စည်းပြုလုပ်လျှင်လည်း ပစ္စည်းရှင် ရဟန်းသေလျှင် ကျန်တစ်ဦး ရ၏။ ထိုသို့ မဟုတ်သော ရဟန်းပိုင် ပစ္စည်းတို့မှာ ထိုရဟန်းသေလျှင် သံဃိကာ=သံဃာ ပိုင်သော ပစ္စည်းဖြစ်သည်။ သို့ဖြစ်၍ ပစ္စည်းရှင် ရဟန်းက "ငါသေလျှင် ငါပိုင် ပစ္စည်း အရပ်ရပ်ကို မည်သူ့အား ပေးပါ၏၊ မည်သူ ယူရစ်လော့" ဟု ဆို၍ ပေးခြင်းမျိုးသည် သံဃိကဖြစ်မှ ယူရစ်တော့ဟု ဆိုရာကျသဖြင့် ထိုအစွယ်ဒါန မျိုးဖြင့်ပေးသော ရဟန်းက ပေးသော်လည်း အပေးမမြောက်။ အပေးခံ ပုဂ္ဂိုလ်မှာလည်း ပိုင်ဆိုင်ခွင့်မရှိ။ လူတို့မှာမူကား ဤကဲ့သို့သော အစွယ်ဒါနမျိုး အသုံးဝင် ဟရူးဝင် အတည်ဖြစ်နိုင်သည်။

ပုဂ္ဂလိကဒါန၊ သံဃိကဒါန

ပုဂ္ဂိုလ် ကစ်ဦးနှစ်ဦး စသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်းသည် ပုဂ္ဂလိကဒါန မည်၏။ သံဃာတော်အား ရည်မှန်း၍ လှူဒါန်းခြင်းသည် သံဃိကဒါန မည်၏။

ကာလဒါန၊ အကာလဒါန

ကထိန်လျှားသကိန်း လှူဒါန်းခြင်း၊ ဝါဆိုသကိန်း လှူဒါန်းခြင်း၊ ဂိလာန ဘတ်ခေါ် မကျန်းမမာသောရဟန်းတို့အား ဆွမ်းလှူခြင်း၊ အာဂန္တုကဘတ်ခေါ် ည့်သည်ရဟန်းတို့အား ဆွမ်းလှူခြင်း၊ ဂမိကဘတ်ခေါ် ခရီးထွက်မည့် ပုဂ္ဂိုလ် တို့အား ဆွမ်းလှူခြင်း စသည်တို့သည် အချိန်အခါနှင့် တိုက်ဆိုင်အောင် စီမံ လှူဒါန်းအပ်သည် ဖြစ်၍ ကာလဒါန မည်၏။ ဤသို့ အချိန်အခါကို ရွေးချယ် ရခြင်း မရှိဘဲ လှူလိုသည့်အခါ လှူလိုက်နိုင်သော ဒါနမျိုးသည် အကာလဒါန မည်၏။

မှတ်ချက်။ ။ဤ၌ အကာလဒါနထက် ကာလဒါန-က အကျိုးထူး၏။ ထူးပုံမှာ လှူဒါန်းစဉ်အခါ အချိန်နှင့် သင့်လျော်ညီညွတ်အောင် လှူဒါန်း ရသည့်အတိုင်း အကျိုးပေးထုမှာလည်း အချိန်အခါနှင့် ညီညွတ်အောင် အကျိုး ပေးစွမ်းနိုင်သည်။ ထူးသောအစာ, ထူးသော အဝတ်များ စားလို ဝတ်လိုသည့် အခါ ထူးသောအစာ, ထူးသောအဝတ်များ အဆင်သင့်ဖြစ်ပေါ် လာတတ်သည်။

ပစ္စက္ခဒါန၊ အပစ္စက္ခဒါန

မျက်မြင်ကိုယ်တွေ့ ဖြစ်သော ဒါနသည် ပစ္စက္ခဒါန မည်၏။ မိမိမျက်ကွယ်၌ လှူအပ်သော ဒါနသည် အပစ္စက္ခဒါန မည်၏။

သဒိသဒါန၊ အသဒိသဒါန

အံလှူဒါန ပြုကြဏ္ဍမှာ တန်းတူညီမျှ ရနိုင်စကောင်းသော အလှူဒါန မျိုးဆည် သဒိသဒါန မည်၏။ အချင်းချင်း အပြိုင်အဆိုင် လှူဒါန်းကြဏ္ဍမှာ တစ်ဖက်သားများ မတုပနိုင်အောင် အနိုင်ယူ၍ လှူဒါန်းအပ်သော အလှူဒါန မျိုးသည် အသဒိသဒါန မည်၏။

မှတ်ချက်။ ။ဤအသဒိသဒါန အလှူရှင်သည် ဘုရားတစ်ဆူ တစ်ဆူတို့၏ လက်ဂက်တော်မှာ တစ်ဦးတစ်ဦးသာလျှင် ပေါ်ပေါက်သည်ဟု ဓမ္မပဒအဋ္ဌကထာ ၁၃-ခုမြောက် လောကဝဂ် အသဒိသဒါနဝတ္ထုဌ္ဌ ပြဆိုထား၏။ ဂေါတမ ဘုရားရှင်လက်ထက်တော်မှာ အသဒိသဒါန အလှူရှင်သည် ကောသလမင်းကြီး ဖြစ်၏။

သုံးပါးတွဲ ဒါနစုမျှား

ဣဏပယောဇနဒါန၊ ဣဏမောက္ခဒါန၊ နိဓိဒါန

မိဘတို့က သားသမီးတို့ကို နောင်အခါတွင် ငါတို့အား ဤကဲ့သို့ပင် ပြန်လည် ကျေးမွေးလိမ့်မည်ဟု ရည်မှန်း၍ သားသမီးကို့အား ကျေးမွေးခြင်းသည် ကျေးသစ္စာသည်နှင့် တူသောကြောင့် ဣဏပယောဇနဒါန မည်၏။ သားသမီး တို့က အိုမင်းဖျင်းရှိသည့် မိဘတို့ကို ငါတို့ ငယ်စဉ်က ကျေးမွေးခဲ့သော မိဘများပေတည်း ဤကျေးဇူးဆပ်သောအားဖြင့် ပြန်လည် ကျေးမွေးခြင်းသည် ကြွေးခြေသည်နှင့် ပူးပေါသောကြောင့် ဣဏမောက္ခဒါန မည်၏။ ရဟန်းပုဏ္ဏားမှ စ၍ အပေါင်း ငါးပါးအများအား လှူဒါန်း ကျေးမွေးခြင်းသည် သံသရာတွင် စားသုံးဖို့ရန် ရွှေအိုးမြုပ်သည်နှင့် တူသောကြောင့် နိဓိဒါန မည်၏။

ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါန

ဒါနပြုရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဤတရား ၄-ပါးတို့ အညံ့စားဖြစ်လျှင် ဟီနဒါန= ညံ့သောအလှူ ဖြစ်၏၊ ထိုတရားလေးပါးတို့ အလတ်စားဖြစ်ခဲ့လျှင် မဇ္ဈိမဒါန အလတ်စားအလှူ ဖြစ်၏။ ထိုဟူး ၄-ပါးတို့ အမြတ်စား ဖြစ်ခဲ့လျှင် ပဏီတဒါန=မြတ်သော အလှူ ဖြစ်၏။

မှတ်ချက်။ ။ကျွဲ၌ ကုသိုလ်၏ အယုတ်, အလတ်, အမြတ် ဖြစ်ရခြင်းမှာ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဤဓာတုး ၄-ပါးတို့ကို အစဲပြု၍ ဖြင်ရ၏။ လိုလားမှု သဘောသည် ဆန္ဒ မည်၏၊ ပိုင်းခြားရှု သိမြင်မှု သဘောသည် စိတ္တ မည်၏။ အားတုတ်မှုသဘောသည် ဝီရိယ မည်၏။ ထိုးထိုးထွင်းထွင်း သိမြင်မှု သဘောသည် ဝီမံသ မည်၏။

တနည်းအားဖြင့် အကျော်အစောကို တောင့်တ၍ ပြုအပ်သော ဒါနသည် ဟီနဒါန မည်၏။ လူချမ်းသာ နတ်ချမ်းသာဟူသော အကျိုးကို တောင့်တ၍ ပြုသော ဒါနသည် မဇ္ဈိမဒါန မည်၏။ အရိယာတို့၏ အလေ့အကျက်, အလောင်းလျာတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ လှူသော ဒါနသည် ပဏီတဒါန မည်၏။

မှတ်ချက်။ ။ထိုထို ဝိဋ္ဌကတ် ပါဠိတော်များ၌ နှောင်းခေတ် ကုသိုလ်လိုလား သူတို့ ဒိဋ္ဌဓမ္မဂတိ အတုရရှိ လှူဒါန်းနိုင်ကြရန် ရည်သန်၍ ပထမသင်္ဂါယနာတင် အရှင်မြတ်တို့သည် အနာထပိဏ်သူဌေး၏ ကျောင်းအာရာမ်၊ ဃောသိတာ သူဌေး၏ ကျောင်းအာရာမ် စသည်ဖြင့် ကမ္ဘည်းစာတမ်း ထိုးဓတ်မှုခဲ့ကြသည်ကို နှလုံးမူ၍ ယခုခေတ် အလှူရှင်များလည်း ကမ္ဘည်း စာတမ်းထိုး မှတ်တမ်းတင်ကြရာ ကျော်စောလိုသောစိတ် မဖြစ်ပေါ်အောင် သတိဖြင့် ထိန်းချုပ်ကာ နှောင်းခေတ်ပုဂ္ဂိုလ်များ အတုယူ လှူဒါန်းနိုင်ရန်သာ ရည်သန်သော စိတ်ဖြင့် အထူးသတိချပ်သင့်ကြ၏။

တနည်းအားဖြင့် လူချမ်းသာ နတ်ချမ်းသာတို့ကို တောင့်တ၍ လှူသော ဒါနသည် ဟီနဒါန မည်၏။ သာဝကဗောဓိ, ပစ္စေကဗောဓိဉာဏ်ကို တောင့်တ၍ လှူသော ဒါနသည် မဇ္ဈိမဒါန မည်၏။ သမ္မာသမ္ဗောဓိ (သဗ္ဗညုတ) ဉာဏ်ကို တောင့်တ၍ လှူသော ဒါနသည် ပဏီတဒါန မည်၏။

မှတ်ချက်။ ။မဟ်ဉာဏ် ၄-ပါးကို ဗောဓိဟု ခေါ်၏၊ တစုံတခု ကုသိုလ်ပြုတိုင်း ဝိဝဋ္ဋနိဿိတ ကောင်းမှုမျိုးဖြစ်ရန် ရည်သန်၍ "ကုသိုလ်ပြုလျှင် အမှတ်တမဲ့ မပြုရ၊ ဗောဓိ သုံးပါးတွင် တစ်ပါးပါးကို ရည်သန် တောင့်တရမည်" ဟု ရှေးသူတော်ကောင်းတို့ ဆုံးမညွှန်ကြားတော်မူကြ၏။

ဒါနဒါသ၊ ဒါနသဟာယ၊ ဒါနသာမိ

လောက၌ မိမိကိုယ်တိုင် ကောင်းမွန်သော အဝတ်အစားတို့ကို သုံးဆောင်၍ အောက်လက် ကျေးကျွန်များကိုကား ယုတ်ညံ့သော အဝတ်အစားတို့ကိုသာ ပေးသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား သုံးဆောင်သော ပစ္စည်းမျိုးအောက်

ယုတ်ညံ့သော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ဒါနဒါသ မည်၏။ (ကျွန်အား ပေးသည်နှင့် တူသော အလှူဟု ဆိုလိုသည်။)

လောကဌ် မိတ်ဆွေများ လာရောက်သောအခါ မိမိသုံးဆောင်သည်နှင့် တူမျှသော အသုံးအဆောင်တို့ကိုသာ သုံးဆောင်စေသကဲ့သို့ အလှူခံပုဂ္ဂိုလ် တို့အား မိမိသုံးဆောင်နေကျအတိုင်းသာ တတန်းစားတည်း လှူဒါန်း ခြင်းသည် ဒါနသဟာယ မည်၏။ (မိတ်ဆွေသင်္ဂဟအား ပြုသည်နှင့် တူသော ဒါနဟု ဆိုလိုသည်။)

လောကဌ် မိမိ၏ အရှင်သခင်များအား မိမိ သုံးဆောင်သည်ထက် ပိုမို မြင့်မြတ်သော အသုံးအဆောင်တို့ကိုသာ ပေးပို့ရသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိ သုံးဆောင်သည်ထက် မြင့်မြတ်သော ပစ္စည်းဝတ္ထုတို့ကိုသာ လှူဒါန်း ခြင်းသည် ဒါနသာမိ မည်၏။ (အရှင်သခင်အား ပေးပို့သည်နှင့် တူသော ဒါနဟု ဆိုလိုသည်။)

ဒုက္ကရဒါန၊ မဟာဒါန၊ သာမညဒါန

ဒါရုဘက္ကာက တိသဿသည် မိမိရင်သွေး သမီးကလေးကို ရွှေးထုတ်ရန် ခြောက်လ တိုင်တိုင် အပင်ပန်းခံ၍ ရှာဖွေမှု ရရှိခဲ့သော ငွေဆယ့်နှစ်ကျပ်ကို ရဟန်းစားသော ဆွမ်းတစ်နပ်အတွက် မတွန့်မတို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လှူဒါန်းနိုင်ခြင်းသည် ဒုက္ကရဒါန မည်၏။

သုခသာမဏော အလောင်းသည် သူဆင်းရဲ ဖြစ်စဉ်အခါ ဂန္ဓသူဌေးကြီး၏ ထမင်းတစ်နပ်စာကို စားလိုသည့်အတွက် သုံးနှစ်တိုင်တိုင် အခစား လုပ်မှု ရရှိလာသော ထမင်းဟစ်နပ်စာကို စားမည့်ဆဲဆဲတွင် ပစ္စေကဗုဒ္ဓါ ကြွလာသဖြင့် မတွန့်မတို လှူဒါန်းလိုက်ခြင်းသည်လည်း ဒုက္ကရဒါနပင်ဖြစ်၏။ (ဝတ္ထုအကျယ်ကို ဓမ္မပဒဋ္ဌ၂၊၂။နှာ-၁-၌ ရှုပါ။)

ထို့ပြင် ပဏ္ဍာသနိပါတ် ဥမ္မာဒန္တီဇာတ်လာ ဥမ္မာဒန္တီအလောင်း သူဆင်းရဲ မလေး သုံးနှစ် အခစားလုပ်မှု ရရှိသည့် ဝတ်ပန်းဆိုးသော အဝတ်ကို ဝမ်းသာ အားရ ပတ်တော့မည့် ဆဲဆဲတွင် လူဆိုးများ သက်နှံးအလုခံရသော ကဿပ မြတ်စွာဘုရား ကပည့် ရဟန်းနှင့် တွေ့ကာ မိမိအလှန်တရာ ဝတ်ချင်လှသော အဝတ်ကို မဝတ်ဘဲ လှူဒါန်းလိုက်ခြင်းသည်လည်း ဒုက္ကရဒါနပင် ဖြစ်၏။

အကြီးအကျယ် အုံဩလောက်အောင် လှူဒါန်းခြင်းသည် မဟာဒါန မည်၏။ သီရိဓမ္မာသောကမင်းကြီး၏ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်အား ပူဇော်လှူဒါန်းပဲ့ကြီးသည် အလွန်တရာ ကြီးကျယ်သော မဟာဒါနကြီးပင် ဖြစ်၏။

ပြုလုပ်ရန် ခဲယဉ်းသည်လည်း မဟုတ်, ကြီးကျယ်များပြားလှသည်ဟု ပြောဆို ဖွယ်ရာလည်း မရှိဒေသာ အလှူဟူသမျှသည် သာဓကညဒါနချည်းသာ ဖြစ်၏။

ဓမ္မိကဒါန ၃-ပါး

(၁) သံဃာတော်အား လှူဒါန်းမည်ဟု နှုတ်မြွက် ညွှတ်ကိုင်း ထားပြီးသော ပစ္စည်းကို ညွှတ်ကိုင်းရင်း သံဃာတော်အား လှူဒါန်းခြင်း၊

(၂) စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက် ညွှတ်ကိုင်း ထားပြီးသော ပစ္စည်းကို ညွှတ်ကိုင်းရင်း စေတီအား လှူဒါန်းခြင်း၊

(၃) ပုဂ္ဂိုလ် တစ်ပါးပါးအား လှူဒါန်းမည်ဟု နှုတ်မြွက် ညွှတ်ကိုင်း ထားပြီးသော ပစ္စည်းကို ညွှတ်ကိုင်းရင်း ပုဂ္ဂိုလ်အားသာ လှူဒါန်းခြင်း။

လေးပါးတဲ့ ဒါနစုံများ

ကျမ်းဂန်တို့၌ ဒါန ၄-ပါးကို တိုက်ခိုက်မပြဆိုသော်လည်း ဝိနည်းဒေသနာတော် အလို ပစ္စည်း ၄-ပါး ရှိသဖြင့် လေးပါးစုဒါနကို အောက်ပါအတိုင်း မှတ်သား နိုင်၏—

(၁) စီဝရဒါန=အဝတ်သင်္ကန်း လှူဒါန်းခြင်း၊

(၂) ပိဏ္ဍပါတဒါန=ဆွမ်းခဲဖွယ်ဘောဇဉ် လှူဒါန်းခြင်း၊

(၃) သေနာသနဒါန=ကျောင်းအိပ်ရာနေရာ လှူဒါန်းခြင်း၊

(၄) ဘေသဇ္ဇဒါန=ဆေးပစ္စည်း လှူဒါန်းခြင်း။

ထို့ပြင် ဒက္ခိဏာဝိသုဒ္ဓိ=အလှူ၏ စင်ကြယ်ခြင်းနှင့် စပ်လျဉ်း၍ ဒါနလေးပါး ရှိကြောင်းကိုလည်း မှတ်သားနိုင်ပြန်၏။

(၁) လှူသူ သီလရှိ၍ ခံယူသူ သီလ မရှိသော ဒါန၊

(၂) ခံယူသူ သီလရှိ၍ လှူသူ သီလ မရှိသော ဒါန၊

(၃) လှူသူ ခံယူသူ နှစ်ဦးလုံးပင် သီလ မရှိသော ဒါန၊

(၄) လှူသူ ခံယူသူ နှစ်ဦးလုံးပင် သီလ ရှိသော ဒါန။

ငါးပါးတဲ့ ဒါနစုမျှား

ကာလဒါနငါးပါး

(၁) ည့်သည်အာဂန္တုအား လှူဒါန်းခြင်း၊
(၂) ခရီးသွားမည့် ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၃) မကျန်းမာသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၄) တော်မွတ်ခေါင်းပါးခေသာအခါ လှူဒါန်းခြင်း၊
(၅) လုပ်ကိုင် ရရှိသော ကောက်ပဲသီးနှံတို့မှ ဦးဦးဖျားဖျားကို သီလဝန္တ ပုဂ္ဂိုလ်များအား လှူဒါန်းခြင်း။

မှတ်ချက်။ ။ဤဒါငါးခုမြောက်ဒါနမှာ တောင်သူလယ်သမားအား ရည်ရွယ်၍ ဟောထားသော်လည်း လယ်သမားမဟုတ်သော သူတို့မှာလည်း မိမိဆိုင်ရာ အလုပ်အကိုင်မှ ရရှိသော ပစ္စည်း ဦးဦးဖျားဖျားများကို လှူဒါန်းခြင်းသည်လည်း သဘောတူပင် ဖြစ်သည်။

အသပွုရိသဒါနငါးပါး

(သူတော်ကောင်း မဟုတ်သူတို့၏ လှူခြင်း ငါးမျိုး)

(၁) လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်ခြင်းမျိုး မရှိဘဲ လှူဒါန်းခြင်း၊
(၂) စိတ်ထဲမှာ ရိုသေလေးမြတ်မှုမရှိဘဲ လှူဒါန်းခြင်း (လှူဖွယ်ဝတ္ထုကို ဂရုမစိုက် စိတ်၌ မထားဘဲ လှူဒါန်းခြင်း)၊
(၃) မိမိကိုယ်တိုင် ကိုင်တွယ်၍ လှူဒါန်းသင့်ပါလျက် ကိုင်တွယ်၍ မလှူဒါန်းခြင်း (ပါဃာသီ မင်းကဲ့သို့ ကိုယ့်ပစ္စည်းကို ကိုယ်တိုင် မလှူ၊ ဥတ္တရလုလင်ကို့ကဲ့သို့ အစေအပါးတို့ကို လှူစေခြင်း)၊
(၄) ထမင်းကြွင်း ဟင်းကျန်စသည့် စွန့်ပစ်အပ်သော ပစ္စည်းကဲ့သို့ လှူဒါန်းခြင်း၊
(၅) ဤလှူဒါန်းမှုကြောင့် နောက်အခါဝယ် ကောင်းကျိုးကောန် ထောက်လာလိမ့်မည်ဟု သိရှိသော ကမ္မဿကတာပညာ မရှိဘဲ လှူဒါန်းခြင်း (အံ၊ ၂။၁၅.၂။ အံ၊ဋ္ဌ၊၃၃၊ အံ၊ဋီ၊၃။၅၀)။

သပ္ပုရိသဒါန ငါးပါး (သူတော်ကောင်းတို့၏ လှူခြင်း ငါးမျိုး)

(၁) လှူဖွယ်ဝတ္ထုကို ဧင်ကြွယ် ကောင်းမွန်အောင် စီမံ ပြုပြင်၍ လှူဒါန်းခြင်း၊

(၂) စိတ်ထဲမှာ ရှိသေလေးမြတ်မှုရှိ၍ လှူဒါန်းခြင်း (လှူဖွယ်ဝတ္ထုကို ဂရုတစိုက် စိတ်၌ ထား၍ လှူဒါန်းခြင်း)၊

(၃) မိမိကိုယ်တိုင် ကိုင်တွယ် လှူဒါန်းခြင်း (အစမထင် သံသရာ တခွင်၌ လက်ခြေကို မရသည့်ဘဝကား မျှားလှပြီ၊ လက်ခြေ အင်္ဂါ ပြည့်စုံသည့် ယခု ဘဝဝယ် ရသော လက်ဖြင့် ဘဝလွတ်မြောက် ရေးကို အားထုတ်မည်ဟု ဆင်ခြင်၍ ကိုယ်တိုင် ကိုင်တွယ်၍ လှူဒါန်းခြင်း)၊

(၄) ထမင်းကြွင်း ဟင်းကျန် ငသည့် စွန့်ပစ်အပ်သော ပစ္စည်းမျိုးကို ကဲ့သို့ မဟုတ်ဘဲ ဂရုတစိုက် လှူဒါန်းခြင်း၊

(၅) ဤလှူဒါန်းမှုကြောင့် နောက်ဘဝဝယ် ကောင်းကျိုးကေန် ဆောက်လိမ့်မည်ဟု သိရှိသော ကမ္မဿကတာပညာ ရှေသွားပြု၍ လှူဒါန်းခြင်း။

(တနည်း) သပ္ပုရိသဒါန ငါးပါး

(၁) သဒ္ဓါဒါန=ကံ,ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် လှူဒါန်းခြင်း၊

(၂) သက္ကစ္စဒါန=လှူဖွယ်ဝတ္ထုကို စင်ကြွယ်မွန်မြတ်အောင် ကောင်းစွာ ပြုလုပ်၍ လှူဒါန်းခြင်း၊

(၃) ကာလဒါန = အချိန်အခါနှင့် သင့်လျော်စွာ လှူဒါန်းခြင်း၊ သင့်လျော် လျောက်ပတ်သော အချိန်၌ လှူဒါန်းခြင်း (ဆွမ်းလှူသင့်သော အချိန်၌ ဆွမ်းကို လှူခြင်း၊ သင်္ကန်းလှူသင့်သော အချိန်၌ သင်္ကန်းကို လှူခြင်း စသည်)၊

(၄) အနုဂ္ဂဟဒါန=အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသောစိတ်ထားဖြင့် လှူဒါန်းခြင်း (အနုဂ္ဂဟိတဒါန= မစဲလင်းဘဲ လွတ်လွတ်စွန့်ကြဲလိုသော စိတ်ဖြင့် ပေးလှူခြင်းဟု မူကွဲရှိ၏)၊

(၅) အနုပဟစ္စဒါန=မိမိ သူတပါး မည်သူအားမျှ ဂုဏ်ပျက်ပြားစေရာင် အစွန်းအငြိ အထိအခိုက် မရှိစေဘဲ လှူဒါန်းခြင်း။

ယင်းဒါနငါးမျိုး၏ အကျိုးတရားများ

ဤအလှူဒါန ငါးမျိုးလုံးကြောင့်ပင် ကြွယ်ဝ ချမ်းသာ ဥစ္စာ စီးပွားများပြားခြင်းအကျိုးကို ရနိုင်၏။ အထူးအားဖြင့်—

(၁) သဒ္ဓါဒါနကြောင့် အဆင်းလှခြင်း၊

(၂) သက္ကစ္စဒါနကြောင့် သားမယား ကျေးကျွန် အစေခံအလုပ်သမား စသော အခြေအရံ ပရိသတ်များ မိမိစကားကို လိုက်နာခြင်း၊

(၃) ကာလဒါနကြောင့် လိုအပ်သော အချိန်ကာလဝယ် လိုအပ်သော အကျိုးတရားတို့ကို ရနိုင်ခြင်း (အိုမင်းရင့်ရော်ချိန်မှ မဟုတ်၊ သင့်လျော်လျောက်ပတ်ရာ ငယ်ရွယ်စဉ်အခါကပင်လျှင် ဖွံ့ဖွံ့ဖြိုးဖြိုးများစွာသော အကျိုးထူးကို ရရှိနိုင်သည်ဟု ဆိုလိုသည်)၊

(၄) အနုဂ္ဂဟဒါနကြောင့် ရရှိသော စည်းစိမ်တို့ကို ရန်သူမျိုးငါးပါးတို့ အထိအပါး မခံရခြင်း တည်းဟူသော အကျိုးထူး အသီးသီးကို ရရှိနိုင်ကြောင်း မှတ်သားရာ၏ (အံ၊ ၂၊၁၅၂၊ အံ၊ဋ္ဌ၊၃၊၅၃)။

အထက်ပါ သပ္ပုရိသဒါန ငါးမျိုးကို အပြန်ယူလျှင် အသပ္ပုရိသဒါနငါးမျိုး ဖြစ်နိုင်၏။ ပါဋိတော်မူရင်းဌ် တိုက်ရိုက် ပြောင်းပြန်လှန်၍ ဟောထားချက်မရှိသော်လည်း ဖြစ်သင့်သမျှ ပြောင်းပြန် လှန်၍ ယူလျှင် အောက်ပါအတိုင်း ဖြစ်၏—

(၁) အသဒ္ဓိယဒါန=ကံ, ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရား မရှိဘဲ အကဲ့ရဲ့ လွဲတ်ရုံမျှ လှူဒါန်းခြင်း (ဤဒါနကြောင့် စည်းစိမ်ဥစ္စာ ရှိပါသော်လည်း အင်္ဂါအဆင်း မပြည့်စုံဘဲ ရှိတတ်သည်)၊

(၂) အသက္ကစ္စဒါန= လှူဖွယ်ဝတ္ထုကို စင်ကြယ် မွန်မြတ်အောင် ကောင်းစွာမပြုဘဲ ဖြစ်ကတတ်ဆန်း လှူဒါန်းခြင်း(ဤဒါနကြောင့် စည်းစိမ်ဥစ္စာ ရှိပါသော်လည်း အခြေအရံ ပရိသတ်များ မိမိစကားကို မလိုက်နာဘဲ ရှိတတ်သည်)၊

(၃) အကာလဒါန=အချိန်အခါ မဟုတ်ဘဲ လှူဒါန်းခြင်း (ဤဒါန ကြောင့် စည်းစိမ်ဥစ္စာ ရှိပါသော်လည်း လိုအပ်သော အချိန်အခါ၌ လိုအပ်သော အကျိုးတရားတို့ကို မျှားမျှား မရနိုင်ဘဲ ရှိတတ်သည်)၊

(၄) အနုဂ္ဂဟဒါန=အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသော စိတ်မရှိဘဲ ဝတ်ကျေတမ်းကုန် လှူဒါန်းခြင်း (ဤဒါနကြောင့် စည်းစိမ်ဥစ္စာ ရှိပါသော်လည်းမွန်မြတ်သောအသုံးအဆောင်တို့ကိုသုံးဆောင်ရန် စိတ်ဆန္ဒ မရှိ၊ မသုံးဆောင်ရဘဲ ရှိတတ်သည်)၊

(၅) ဥပဟာစ္စဒါန=မိမိဂုဏ်ကို ဖြစ်စေ, သူတပါးဂုဏ်ကို ဖြစ်စေ စွန်းငြိ ထိပါး၍ လှူဒါန်းခြင်း (ဤဒါနကြောင့် စည်းစိမ်ဥစ္စာ ရပါသော်လည်း ရဲန်သူမျိုးငါးပါးတို့ ဖျက်ဆီး၍ ပျက်စီးတတ်သည်)။

လူတို့က ကုသိုလ်ကောင်းမှုဟု သမုတ်အပ်သော်လည်း စင်စစ်မှာ အကုသိုလ် မကောင်းမှုသာ ဖြစ်နေသော ဒါန ၅-မျိုး ရှိသေး၏၊ ၎င်းတို့မှာ—

(၁) မင်္ဂဒါန=ယေရည်အရက်အလှူ၊

(၂) သမင်္ဂဒါန=ပွဲသဘင်အလှူ၊

(၃) ဣတ္ထိဒါန=မည်သူမဆို အလိုရှိသော သူများ သွားလာကြရန် ပြည့်တန်ဆာမများကို ငှားထားသော အလှူ၊

(၄) ဥဿဘဒါန=နွားမများ ရှိရာသို့ နွားသိုးကို အလိုရှိသလို မြူးထူး ပျော်ပါးရန် လွှတ်ပေးခြင်းအလှူ၊

(၅) စိတ္တကမ္မဒါန=မသင့် မလျော်သော ရုပ်ပုံများကို ရေးသား လှူဒါန်းခြင်းအလှူ (ဝိ၅။ ၂၃၁။ ပါဠိ၄။ ၁၇၃)။

မှတ်ချက်။ ။ကျွဲငါးမျိုးကို လှူဒါန်းရာ၌ စိတ်စေတနာကောင်း ထားနိုင်ဖွယ် မရှိသောကြောင့် မကောင်းမှု အကုသိုလ်သာ ဖြစ်သည်ဟု ဟောတော်မူခြင်းဖြစ်၏။ လူအများအားနေဖြင့် အရက်ပြုတ်လပ်၍ သေတော့မည် ဖြစ်နေသော အရက်သမားကို တွေ့ရသည့်အခါ အရက်မသောက်ရလျှင် ကောန် သေမည် ဖြစ်သောကြောင့် သူ၏ အသက်ကို ဆက်ပေးလိုသော စေတနာဖြင့် အရက်တိုက်ပေးလိုက်လျှင် ဇီဝိတဒါန ကုသိုလ်ဖြစ်သည်ဟု ထင်မှတ်တတ်၏။ အမှန်စင်စစ် ကုသိုလ်စိတ် မဖြစ်နိုင်။ မသောက်သင့်သော အရက်သေစာကို သောက်စေလိုခြင်းသည် ကုသိုလ်စိတ် မဖြစ်၊ အကုသိုလ်စိတ်သာ ဖြစ်သည်။

အလောင်းတော် ဝေဿန္တရာမင်းကြီးသည် မဟာဒါနကြီးကို ပေးလှူရန် လှူဖွယ်ဝတ္ထု ခင်းကျင်းစီစဉ်ရာ၌ သရဏ်အရက်ကိုပင် မကျန်ရအောင် စီစဉ်ထားသည်ဟု အဋ္ဌကထာ၌ ဖွင့်ပြထား၏။ ဤအချက်၌ အပြင်ပ လိမ်းကျံခြင်း စသော ကိစ္စအတွက် အလိုရှိသူများအား လှူဒါန်းခြင်းကြောင့် ထည့်သွင်းထားခြင်း ဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။

မဟာဒါန ငါးပါး

အင်္ဂုတ္တိရ်ပါဠိတော် အဋ္ဌကနိပါတ် လေးခုမြောက် ဒါနဝဂ် နဝမသုတ်၌ ငါးပါးသီလကိုပင် မဟာဒါနကြီး ငါးပါးဟူ၍ အကျယ်ဟောကြားတော်မူ၏။

မှတ်ချက်။ ။ဤပါဠိတော်၌ ငါးပါးသီလကိုပင် မဟာဒါနကြီး ငါးပါးအဖြစ် အကျယ်ဟောထားသည့်အတွက် သီလကိုပင် ဒါနခေါ်သည်ဟု မမှတ်ယူအပ်။ မြတ်စွာဘုရားကလည်း ဒါနနှင့် သီလတရားကို နှစ်ခုမပြား တစ်သားတည်းအနေဖြင့် ဟောတော်မူလိုသည်မဟုတ်။ သီလဟူသည် ကိုယ်နှုတ် နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းခြင်း ဖြစ်၍ ဒါန ဟူသည်ကား တစုံတရာ ပေးစွန့်ခြင်းဖြစ်သည်။ ထို့ကြောင့် သီလကိုပင် ဒါနခေါ်သည်ဟု မမှတ်ယူအပ်။ စင်စစ်ကား ပါဏာတိပါတ ဝိရတိ သိက္ခာပုဒ်ကို ဆောက်တည်၍ သီလနှင့် ပြည့်စုံလျှင် ထိုသီလရှိသော သူတော်ကောင်းသည် သတ္တဝါတို့ကို သတ်ဖြတ်ခြင်း အမှု မပြုလုပ်တော့ဘဲ အဘယဒါန=သတ္တဝါတို့အား ဘေးကင်းစေခြင်း အမှုကို ပေးသည် မည်၏။။ . ဤနည်းအတိုင်း သိက္ခာပုဒ်ငါးပါးလုံးကို စောင့်ထိန်းလိုက်သဖြင့် သတ္တဝါတို့အား ဘေးကင်းစေခြင်းအမှုကို ပေးလျှင် သီလအရင်းခံရှိသော ဒါနကိစ္စ ပါဝင် ပြီးစီးသွားသောကြောင့် သီလငါးပါးကို မဟာဒါနငါးပါးဟု မြတ်စွာဘုရား ဟောတော်မူသည်။

ခြောက်ပါးတွဲ ဒါနစုများ

ခြောက်ပါးအပြားရှိသော ဒါနကို ပါဠိတော်၌ တိုက်ရိုက်ဟောပြခြင်း မရှိသော်လည်း အဘိဓမ္မာ ပရိယာယ်အားဖြင့် အာဂု' ၆-ပါးကို ခွဲ၍ ထိုအာဂု ၆-ပါးကို ဒါနဝတ္ထုပြုကာ—

(၁) ရူပဒါန=အဆင်းအလှူ၊
(၂) သဒ္ဒဒါန=အသံအလှူ၊
(၃) ဂန္ဓဒါန=နံ့သာအလှူ၊
(၄) ရသဒါန=အရသာအလှူ၊
(၅) ဖောဋ္ဌဗ္ဗဒါန=အတွေ့အထိအလှူ၊
(၆) ဓမ္မဒါန=တရားအလှူ—

ဟူ၍ ၆-ပါးရှိကြောင်း(ဒီ၊ဋ္ဌ၊၃။ဘဂ၀။ အဘိ၊ဋ္ဌ၊၁။ ၂၀၁)၌ အကျယ်ဖွင့်ပြထား၏။

ဆချိန်မရွေး ကုသိုလ်တိုးသော အလှူ ၆-မျိုး

(၁) အာရုံမရောပဒါန=ပန်းအာရုံမ် သစ်သီးအာရုံမ်ကို စိုက်ပျိုး၍ လှူဒါန်းခြင်း၊

(၂) ဝနရောပဒါန = အရိပ်ကောင်းသော သစ်ပင် စသည်တို့ကို စိုက်ပျိုး၍ လှူဒါန်းခြင်း၊

(၃) သေတုကာရကဒါန=တံတားခင်း၍ လှူဒါန်းခြင်း၊

(၄) ပပါဒါန=ရေအိုးစင် တည်၍ လှူဒါန်းခြင်း၊

(၅) ဥဒပါနဒါန=ရေတွင်း ရေကန် ရေမြောင်း တူး၍ လှူဒါန်းခြင်း၊

(၆) ဥပဿယဒါန = စရပ် တန်ဆောင်း ဂူ ကျောင်း ပြာသာဒ် လှူဒါန်းခြင်း-

ဟူ၍ ၆-ပါးရှိ၏။ ယင်းအလှူခြောက်ပါးတမျိုးမျိုးကို လှူသော အလှူရှင်သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်တရား ပွားများ၍ သေလျှင် နတ်ပြည်သို့ လားရောက်ရ၏ (သံ၊၁။၃၀၊၃၁။ သံ၊၄၊၁။၈၃။ သံ၊၅၊၁။၁၂၃)။

ခုနစ်ပါးတဲ့ ဒါနစုများ

ဤ ၇-ပါးတဲ့ ဒါနအစုကို ပါဠိဟော်တိုက်ရိုက် ဟောပြခြင်း မရှိသော်လည်း သံဃိကဒါန ခုနစ်ပါးကိုပင် ခုနစ်တဲ့ ဒါနအစုအဖြစ် မှတ်ယူနိုင်ပါသည်။

(၁) ဗုဒ္ဓပမုခဥဘတောသံဃိကဒါန = မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်အခါ ဘုရားအမှူးရှိသော ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာအား လှူဒါန်းခြင်း၊

(၂) တထာဂတေ ပရိနိဗ္ဗုတဥဘတောသံဃိကဒါန = မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာအား လှူဒါန်းခြင်း၊

(၃) ကေတော ဘိက္ခုသံဃိကဒါန=ဘိက္ခုသံဃာ တစ်မျိုးအားသာ လှူဒါန်းခြင်း၊

(၄) ကေတော ဘိက္ခုနီသံဃိကဒါန=ဘိက္ခုနီသံဃာ တစ်မျိုးအားသာ လှူဒါန်းခြင်း၊

(၅) ဥဘတောသံဃဥဒ္ဒိဿသံဃီကဒါန – ဤမျှ အတိုင်းအရှည်ရှိထော ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့ကို သံဃာထဲမှ ညွှန်းချပါဟု လျှောက်ထား၍ နှစ်ဖက်သံဃာက ညွှန်းချသူအား လှူဒါန်းခြင်း၊

(၆) ကေတောဘိက္ခုသံဃဥဒ္ဒိဿသံဃီကဒါန = ယခင်နည်းတူ ရဟန်းယောကျ်ားကို လျှောက်ထား၍ ညွှန်းချရာ ရဟန်းယောကျ်ားအား လှူဒါန်းခြင်း၊

(၇) ကေတော ဘိက္ခုနီသံဃဥဒ္ဒိဿ သံဃီကဒါန= ယခင်နည်းတူပင် ရဟန်းမိန်းမကို လျှောက်ထား၍ ညွှန်းချရာ ရဟန်းမိန်းမအား လှူဒါန်းခြင်း (မ၊၃။၂၉၈။ မ၊၆၊၄။၂၂၄-၅။ မ၊၆၊၃။၄၁၁)။

ရှစ်ပါးတဲ့ ဒါနစုများ

(၁) အာသင္ဒဒါန=အလှူခံထောက်လာလျှင် ကြွနှုံကြွ၍ မနေစေရဘဲ အရေးတယူ လှူဒါန်းခြင်း၊

(၂) ဘယာဒါန = အကဲ့ရဲ့ ခံရမည်ကိုလည်းကောင်း, အပါယ်သို့ ကျရောက်မည်ကိုလည်းကောင်း ကြောက်၍ လှူဒါန်းခြင်း၊

(၃) အဒါသိ မေ ဒါန=ဤသူသည် ရှေးက ငါ့အား ဤမည်သော ဝတ္ထုကို ပေးကမ်းဖူးပြီဟု နှလုံးသွင်း၍ အတုံ့ပြန်သောအားဖြင့် လှူဒါန်းခြင်း၊

(၄) ဒဿတိ မေ ဒါန=ယခု ငါက ပေးလှူလိုက်လျှင် နောင်အခါ ငါ့အား ပြန်၍ ပေးလိမ့်မည်ဟု ရည်ရွယ်၍ ပေးလှူခြင်း၊

(၅) သာဟုဒါန=လှူဒါန်းခြင်းဟူသည် ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းအပ်သည်ဖြစ်၍ ကောင်းသောအလုပ် ဖြစ်သည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

(၆) အဒါတုံ နာရဟာမိ ဒါန=ငါသည်ချက်ပြုတ်စားနေသူဖြစ်ပါလျက် မချက်မပြုတ်နေသော သူအား မလှူဒါန်းဘဲ စားသုံးခြင်းငှာ မသင့်ပေဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

(၇) သီလောကပတ္ထနာဒါန = ဤအလှူကို ငါလှူလိုက်လျှင် ငါ၏ ကောင်းသတင်း ကျော်စောသံ လွှမ်းမိုး ပျံနှံ့သွားလိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

(ဂ) စိတ္တာလင်္ကာရဒါန=သမထ, ဝိပဿနာ ဘာဝနာစိတ် တည်ကြည်စေရန် ရည်ရွယ်၍ စိတ်၏ အဆင်းတန်ဆာ အခြံအရံအဖြစ် ပေးလှူခြင်း။

ဤရွှစ်ပါးတွင် နောက်ဆုံး ရွှစ်ခုမြောက် ဒါနသည်သာ အမြတ်ဆုံးဖြစ်သည်။ သမထ, ဝိပဿနာ ဘာဝနာတရားအားထုတ်ထွန်း စိတ်တည်ကြည်လာအောင် အားပေးအားမြောက်ပြုကာ စျာန်မဂ်ဖိုလ်ရကြောင်း သမထဝိပဿနာတို့အား ကျေးဇူးများသော ဒါနထူး ဖြစ်သောကြောင့် အမြတ်ဆုံးဖြစ်သည် (အံ၊ဥ။၆၈။ အံ၊ဋ္ဌ၊၃။ ၂၂၉)။

(တနည်း) ဒါန ၈-ပါး

(၁) ဆန္နာ ဒါန=ချစ်ခင်စေလိုသဖြင့် ပေးလှူခြင်း၊

(၂) ဒေါသာ ဒါန=မလှဲမရှောင်သာသည့် အတွက် မုန်းလျက်နှင့်ပင် ဆောင့်ဆောင့်အောင့်အောင့် ပေးလှူခြင်း၊

(၃) မောဟာ ဒါန=အကြောင်း အကျိုး မသိဘဲ မိုက်မဲ တွေဝေ၍ ပေးလှူခြင်း၊

(၄) ဘယာ ဒါန=အမျှားကဲ့ရဲ့မည်ကိုလည်းကောင်း, အပါယ်ကျမည်ကို လည်းကောင်း, ထလှူခံ ဟိုဂိုလ်က တစုံတထွာ ရန်ပြုမည်ကို လည်းကောင်း ကြောက်၍ ပေးလှူခြင်း၊

(၅) ဟာပေထုံ နာထုဟာမီ ဒါန=ငါ၏ မိဘ ဘိုးဘွားများအဆက်ဆက် ကပင် ပေးကမ်းလှူဒါန်းခဲ့သည်။ ဤမိဘ ဘိုးဘွားတို့၏ ထဆက် အနွယ် ပဓေနီကို ယုတ်လျော့ခြင်းငှာ မသင့်လျော်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

(၆) သဂ္ဂလောကပတ္ထနာဒါန=ဤအလှူကို လှူ၍ သေလွန်ပြီးနောက် နတ်ပြည်သို့ ထောက်ရန် ရည်သန်၍ ပေးလှူခြင်း၊

(၇) စိတ္တပသာဒဒါန=ဒါနပြုလျှင် စိတ်ကြည်လင်မည်၊ နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လိမ့်မည်ဟု စိတ်နှစ်သက် ဂုဏ်လန်းမှုကို ရှုမျှော်၍ ပေးလှူခြင်း၊

(၈) စိတ္တာလင်္ကာရဒါန=သမထ ဝိပဿနာစိတ် တည်ကြည်စေရန် ရည်ရွယ်၍ စိတ်၏ အဆင်းတန်ဆာ အခြံအရံအဖြစ်ပေးလှူခြင်း။

ဤရွှစ်ပါးတွင်လည်း ရွှစ်ခုမြောက် ဒါနသာ အမြတ်ဆုံးဖြစ်၏ (အံ၊ဥ။၆၉။ အံ၊ဋ္ဌ၊၃။ ၂၂၉)။

သပ္ပရိသဒါန ၈-ပါး

(၁) သုစိဒါန=ပစ္စည်းဝတ္ထုကို သန့်ရှင်းစင်ကြယ် တင့်တယ်လှပအောင် ပြု၍ လှူဒါန်းခြင်း၊

(၂) ပဏီတဒါန=မွန်မြတ်သော အထူးကို လှူဒါန်းခြင်း၊

(၃) ကာလဒါန=သင့်လျော်လျောက်ပတ်သော အခါ၌ လှူဒါန်းခြင်း၊

(၄) ကပ္ပိယဒါန=အလှူခံ ပုဂ္ဂိုလ်တို့နှင့် အပ်စပ်သော ပစ္စည်းကိုသာ လှူဒါန်းခြင်း၊

(၅) ဝိစေယျဒါန=အလှူခံ ပုဂ္ဂိုလ်နှင့် လှူဖွယ်ဝတ္ထုကို ရွေးချယ် စိစစ်ပြီး လှူဒါန်းခြင်း၊

(၆) အဘိက္ခဒါန=မိမိစွမ်းနိုင်သမျှ မပြတ်မလပ် ပေးလှူခြင်း၊

(၇) စိတ္တာပသာဒဒါန= ပေးလှူစဉ်အခါ စိတ်ကို ကြည်လင်စေ၍ ပေးလှူခြင်း၊

(၈) အတ္တာမနဒါန = လှူဒါန်းပြီးနောက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရအောင် ပေးလှူခြင်း (အံ၊၃၊၇၄။ အံ၊၄၊၃၊၂၃၁)။

မှတ်ချက်။ ။ဤ၌ "ဝိစေယျဒါန"ဟူသည် အလှူခံကို ရွေးချယ်ခြင်း, လှူဖွယ်ဝတ္ထုကို ရွေးချယ်ခြင်းဟု ရွေးချယ်ခြင်း နှစ်မျိုးရှိ၏။ ထိုတွင် လုံးဝသီလမရှိသော ဗဟိဂတ ဆလှူခံပုဂ္ဂိုလ်တို့ကို ပယ်ရှား၍ သီလ စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သာသနာတွင်းသား အလှူခံများအား လှူဒါန်းခြင်းသည် အလှူခံကို ရွေးချယ် လှူဒါန်းခြင်း မည်၏၊ မိမိ၌ ကောင်းကောင်းဆိုးဆိုး လှူဖွယ်ဝတ္ထု နှစ်မျိုး ရှိနေရာဝယ် ယုတ်ညံ့သော လှူဖွယ်ဝတ္ထုကို ပယ်ရှား၍ ကောင်းနိုးထူထူ လှူဖွယ်ဝတ္ထုကို လှူဒါန်းခြင်းသည် ဝတ္ထုကို ရွေးချယ်လှူဒါန်းခြင်း မည်၏။

အသပ္ပုရိသဒါန ၈-ပါး

ဤနေထူ၌ အသပ္ပုရိသဒါနဟူ၍ **သီးခြား မဟာဇသင်္ခလည်း** တိုက်ရိုက်ဟောသည့် သပ္ပုရိသဒါန ရှစ်ပါးကို ပြောင်းပြန် လှန်လိုက်လျှင် အသပ္ပုရိသဒါန ရှစ်ပါး ဖြစ်နိုင်၏။

(၁) မစင်မကြယ် မဖွယ်မထူ လှူဒါန်းခြင်း

(၂) အညှဲစားများကိုသာ လှူဒါန်းခြင်း၊

(၃) သင့်လျော်သည့်အခါ မဟုတ်ဘဲ လှူဒါန်းခြင်း၊

(၄) အလှူခံတို့နှင့် မအပ်စပ်သော ပစ္စည်းကို လှူဒါန်းခြင်း၊

(၅) အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ပစ္စည်းကို မရွေးချယ်ဘဲ လှူဒါန်းခြင်း၊

(၆) စွမ်းနိုင်ပါလျက် စွမ်းနိုင်သမျှမလှူဘဲ ပြတ်တောင်း ပြတ်တောင်း လှူဒါန်းခြင်း၊

(၇) လှူစဉ်အခါ စိတ်မကြည်လင်ဘဲ လှူဒါန်းခြင်း၊

(၈) လှူပြီးနောက် စိတ်မနှစ်လို တွန့်တိုနေခြင်း။

ကိုးပါးတွဲ ဒါနစုများ

ဤ၌ ၉-ပါးစုဒါနနှင့် စပ်၍ ဝိနည်း ဟရိဝါပါဠိတော်၌ အဓမ္မိကဒါန ၉-ပါး ရှိကြောင်း ဟောကြားတော်မူ၏။ ယင်း ၉-ပါးအကျယ်ကို အဋ္ဌကထာ၌ အကျယ် ဖွင့်ထား၏။ ၉-ပါး သရုပ်မှာ—

(၁) သံဃဝတော်အား (လှူပါသည်ဟု နှုတ်မြွက် ဝန်ခံထားသဖြင့်) ညွတ်ကိုင်းထားပြီးသော လာဘ်ကို ညွတ်ကိုင်းရင်း သံဃာမှ တပါး အခြားသော သံဃာတော်အား ညွတ်ကိုင်း လှူစေခြင်း (ကျောင်းတိုက်တစ်ခုရှိ သံဃာအား လှူရန် ရည်ရွယ်ပြီး ပစ္စည်း ဝတ္ထုကို ရည်ရွယ်ရင်း ကျောင်းတိုက်မှ အခြားကျောင်းတိုက်ရှိ သံဃာအား လှူပါဟု အလှူရှင်အား မပြောဆိုကောင်းဟု မှတ်ပါ)၊

(၂) ယင်းနည်းတူ သံဃာအား ညွတ်ပြီးသော လာဘ်ကို စေတီ တော်အား ညွတ်ကိုင်းလှူစေခြင်း၊

(၃) ယင်းနည်းတူ သံဃာအား ညွတ်ပြီး လာဘ်ကိုပင် ပုဂ္ဂိုလ်အား ညွတ်ကိုင်း လှူစေခြင်း၊

(၄) စေတီတော်အားညွတ်ကိုင်းထားပြီးသောလာဘ်ကို ညွတ်ကိုင်းရင်း စေတီမှတပါး အခြားစေတီတစ်ဆူဆူအား ညွတ်ကိုင်းလှူစေခြင်း (စေတီတစ်ဆူအတွက် သတ်မှတ်၍ စိုက်ပျိုးအပ်သော ပန်းခြံမှ ပန်းပွင့်ကို အခြားစေတီ တစ်ဆူဆူ၌ မတင်မလှူကောင်း၊ စေတီ တစ်ဆူအား လှူပြီးသော ထီးတံခွန်တို့မှ အကြွင်းအကျန် အပို အလျံကိုမူ အခြားစေတီ တစ်ဆူဆူအား လှူစေကောင်း၏)၊

(၅) ယင်းနည်းတူ စေတီတော်အား ညှတ်ပြီးသော လာဘ်ကို ဆံဃာအား ညှတ်ကိုင်း လျှူစေခြင်း၊

(၆) ယင်းနည်းတူ စေတီညှတ်ပြီး လာဘ်ကိုပင် ပုဂ္ဂိုလ်တပါးပါးအား ညှတ်ကိုင်းလျှူစေခြင်း၊

(၇) ပုဂ္ဂိုလ်အား ညှတ်ကိုင်းထားပြီးသော လာဘ်ကို ညှတ်ကိုင်းရင်း ပုဂ္ဂိုလ်မှတပါး အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ညှတ်ကိုင်းလျှူစေခြင်း (ယုတ်စွအဆုံးခွေးတစ်ကောင်အား ကျွေးဖို့ရန်ရည်ရွယ်ထားသော ဝတ္ထုကို ရည်ရွယ်ရင်း ခွေးမှတပါး အခြားခွေးတစ်ကောင်အား သော်မှ ပြောင်းလဲ့ကဲ့ မကျွေးစေကောင်း၊ သင့်လျော်ထုံ ညွှန်ပြပါဟု အလှူရှင်က ပြောဆိုပါမူ ညွှန်ပြကောင်းသ်)၊

(၈) ယင်းနည်းတူ ပုဂ္ဂိုလ်ညှက်ပြီး လာဘ်ကို သံဃာတော်အား ညှတ်ကိုင်းလျှူစေခြင်း၊

(၉) ယင်းနည်းတူ ပုဂ္ဂိုလ်ညှတ်ပြီး လာဘ်ကို စေတီတော်အား ညှတ်ကိုင်းလျှူစေခြင်း။

အဓမ္မိကဒါန ၉-ပါးနှင့် စပ်၍ မှတ်သားဖွယ်အချက်များ

ဤ ၉-ပါးစု ဒါနသည် ရဟန်းတော်များနှင့် ပတ်သက်၍ ပရိဝါပါဠိတော် အဋ္ဌကထာတို့၌လာသော ဒါနအမျိုးအစားများဖြစ်၏။ ယင်း ၉-ပါး ဟောကြား ရခြင်း၏ အကြောင်းဝတ္ထုများသည် ပါဏဇာတ်၊ ပါဠိတော်နှင့် ပါစိတ္တိယ ပါဠိတော်တို့၌ လာရှိ၏။ အကြောင်းရင်းဝတ္ထု အကျဉ်းချုပ်မှာ—

> မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူခိုက် သာဝတ္ထိပြည်တွင်း အသင်းအဖွဲ့တစ်ခုက "သံဃာတော် အား ဆွမ်းကျွေးပြီးလျှင် သင်္ကန်းကိုပါ လှူကုန်အံ့"ဟု တိုင်ပင် ဆွေးနွေးပြီး သံဃာတော်အတွက် လှူဒါန်းရန် သင်္ကန်းရောဆွမ်းပါ ပြင်ဆင်ထား၏။
>
> ထိုအခါ-ဆပ္ပဂ္ဂီရဟန်းတို့သည် ထိုအသင်းရှိရာသို့ သွားရောက်၍ မိမိတို့အား ထိုစီမံပြီး သင်္ကန်းများကို လှူဒါန်းရန် အတင်းအကျပ် မငြင်းဆန်နိုင်အောင် ပြောဆို အလှူခံကြသဖြင့် သင်္ကန်းများကို ဆပ္ပဂ္ဂီ ရဟန်းတို့အား လှူ၍ သံဃာတော်အား ဆွမ်းကိုသာ လှူကြ ရမတော့သည်။

ထိုအကြောင်းကို ရဟန်းတော်များ သို၍ မြတ်စွာဘုရားအား လျောက်ထားကြရာ မြတ်စွာဘုရားရှင်က "သံဃာတော်အား လှူမည်ဟု နှုတ်မြွက် ပြောဆို၍ ညွှတ်ပြီးသော လာဘ်ကို သိလျက် မိမိအား ညွှတ်စေသော ရဟန်းအား နိဿဂ္ဂိယပါစိတ်သင့်စေ" ဟု သိက္ခာပုဒ် ပညတ်တော်မူ၍ ယင်းသိက္ခာပုဒ် အကျယ် ပဒဘာဇနီ၌ ဤအဓမ္မိကဒါန ၉-ပါးကို ဟောကြားတော်မူ၏။

ဤ၌ အကြောင်းရင်းဝတ္ထုကို ကြည့်ခြင်းအားဖြင့် အလှူပွဲစား ကြားသမား တို့ ဝင်ရောက်စွက်ဖက်မှုကြောင့် အလှူမှာ အဓမ္မိကဒါနအမည်ကို ရရှိခြင်း ဖြစ်၏။ မှန်၏၊ သံဃာအားဖြစ်စေ, စေတီအားဖြစ်စေ, ပုဂ္ဂိုလ်အားဖြစ်စေ ဤဝတ္ထုကို ပေးလှူအံ့ဟု အလှူရှင်က နှုတ်မြွက်ပြောဆိုပြီး ဖြစ်လျှင် ထိုဝတ္ထုသည် နှုတ်မြွက်ပြောကြားခြင်း ခံရသော သံဃာ, စေတီ, ပုဂ္ဂိုလ်တစ်မျိုးမျိုးတို့၏ ဥစ္စာတစ်ဝက်တစ်ပျက် ဖြစ်လေပြီ။

ဤသို့ သံဃာ, စေတီ, ပုဂ္ဂိုလ်တစ်မျိုးမျိုးအား ညွှတ်ပြီးမှန်း သိလျက် ညွှတ်ကိုင်းရင်း သံဃာ, စေတီ, ပုဂ္ဂိုလ်မှ အခြား သံဃာ, စေတီ, ပုဂ္ဂိုလ်အား လှူဒါန်းရန် ဝင်ရောက်စွက်ဖက် လှူဒါန်းစေသောအခါ ကြားသမားတို့၏ မတရားစွက်ဖက်ခြင်း ခံရသဖြင့် အဓမ္မိကဒါန ဖြစ်ရတော့သည်။

ဤအဓမ္မိကဒါန ၉-ပါးကို ခံယူခြင်း, သုံးဆောင်ခြင်းမျှားလည်း အဓမ္မိက ချည်းဖြစ်၍ အဓမ္မိကပင်ဋ္ဌဟ ၉-ပါးနှင့် အဓမ္မိက ပရိဘောဂ ၉-ပါးကို ဆက်လက် ဟောကြားတော်မူ၏။

ဤ၌ ကြားသမားတို့ မတရား စွက်ဖက်ပြောဆို ညွှတ်ကိုင်းစေသဖြင့် ညွှတ်ကိုင်းရင်း သံဃာ, စေတီ, ပုဂ္ဂိုလ်မှ အခြား သံဃာ, စေတီ, ပုဂ္ဂိုလ်အား လှူဒါန်းခြင်းကိုသာ အဓမ္မိကဟု မှတ်ယူရမည်။ ထို့ကြောင့် မူလ ညွှတ်ကိုင်းရင်းမှ တပါးတခြားသို့ တရားသဖြင့် ညွှတ်ကိုင်းစေခြင်းနှင့် အလှူရှင်ကိုယ်တိုင် အာသိမ္ပန်ရ၍ မူလ ညွှတ်ကိုင်းရင်းမှ အခြားတပါးသို့ ပြောင်းလွှဲလှူဒါန်းခြင်း တို့ကို အဓမ္မိကဟု မဆိုထိုက်ပါ။

သို့ဖြစ်၍ မြတ်စွာဘုရားအား လှူအံ့ဟု နှုတ်မြွက်ညွှတ်ကိုင်း၍ ရက်လုပ်သော မိဏ္ဍေးတော် မဟာပဇာပတိ ဂေါတမီ၏ သင်္ကန်းအစုံကို သံဃာအား လှူဒါန်းရန် မိန့်တော်မူရာ၌လည်းကောင်း၊ ပသေနဒီကောသလမင်းကြီး တိတ္ထိတို့ ထံမှ အသပြာတစ်သိန်း လာဘ်စား၍ ဇေတဝန်ကျောင်းတိုက်အနီး တိတ္ထိကျောင်း ဆောက်လုပ်ရန် မြေနှင့် သစ်ဝါးချပေးရာမှ မြတ်စွာဘုရား မိန့်တော်မူချက်အရ

မင်းကြီးအမြင်မှန်ရှိ၍ မူလပေးရင်းမြေနှင့် သစ်ဝါးမျှားကိုပါ မင်းဘဏ္ဍာအဖြစ် သိမ်းယူ၍ မြတ်စွာဘုရားအား လှူဒါန်းထုံ၌ လည်းကောင်း အဓမ္မိကဒါန မဖြစ်ကြောင်း မှတ်သားကြရာ၏။

ဆယ်ပါးတဲ့ ဒါနစုမျှား

ဤဆယ်ပါးတဲ့ ဒါနစုမှာလည်း လေးပါးစု၊ ခြောက်ပါးစု၊ ခုနစ်ပါးစုဒါနတို့ကဲ့သို့ ဒါန၏သဘောရင်းအားဖြင့် ၁၀-ပါးရှိကြောင်း ပါဠိတော်မျှား၌ တိုက်ရိုက် အဟောမရှိသော်လည်း သုတ္တန်နည်းဖြင့် အလှူမျှား၌ ထင်ရှားသော ဒါနဝတ္ထု ဆယ်မျိုးရှိသည်ကို အစဲပြုကာ အနုဒါန၊ ပါနဒါနစသော ဒါနဝတ္ထု ၁၀-ပါးကို ၁၀-တဲ့ ဒါနစုအဖြစ် မှတ်သားနိုင်၏။ (ယင်း ၁၀-ပါး သရုပ်ကို အခန်း(၁၁)၊ ဒါနအမျိုးမျိုးပြရာ စာမျက်နှာ ၂၉၁-၂ ၌ ပြခဲ့ပြီ။)

အပါယ်ချမည့် ဒါန ၁၀-မျိုး

(၁) မဇ္ဇဒါန =သေရည်အရက်ကို ပေးလှူခြင်း၊

(၂) သမဇ္ဇဒါန =ပဲ့သဘင်ဖြင့် လှူဒါန်းပူဇော်ခြင်း၊

(၃) ဣတ္ထိဒါန =မိန်းမကို ပေးလှူခြင်း၊

(၄) ဥသဘဒါန =နွားမအပေါင်း၏ အလယ်၌ နွားလားဥသဘကို လွှတ်ပေးခြင်း၊

(၅) စိတ္တကမ္မဒါန =မိန်းမ,ယောကျ်ားတို့၏မေထုန်မှီဝဲဟန်ပုံသဏ္ဌာန်စသော ကိလေသာဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပန်းချီဆေးရေးကားချပ် ပေးလှူခြင်း၊

(၆) သတ္ထဒါန =လက်နက်ကို ပေးလှူခြင်း၊

(၇) ဝိသဒါန =အဆိပ်ကို ပေးလှူခြင်း၊

(၈) သန်လီကဒါန =သံခြေချင်းကို ပေးလှူခြင်း၊

(၉) ကုက္ကုဋ္ဌသူကရဒါန=ကြက်ဝက်တို့ကို ပေးလှူခြင်း၊

(၁၀) တုလာကူဋ္ဌမာနကူဋ္ဌဒါန = ချိန်စဉ်းလဲ, တောင်းစဉ်းလဲကို ပေးလှူခြင်း။

ဤ ၁၀-ပါးကို လောကဋ္ဌ အလှူစာရင်း မသွင်းသင့်သည်ဖြင် လှူသူမှာ အပါယ်ကျနိုင်သည် (မိလိန္ဒ။၂၇၀)။

အလှူခံ တစ်ကျိပ်ထေး

ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ မြတ်စွာဘုရားဟောကြား တော်မူသော ပုဂ္ဂလိကဒါန ၁၄-ပါးနှင့် စပ်၍ ၁၄-ပါးတဲ့ ဒါနစုကို အောက်ပါ အတိုင်း မှတ်သားနိုင်၏—

(၁) မြတ်စွာဘုရားအား လှူဒါန်းခြင်း၊

(၂) ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းခြင်း၊

(၃) ဘုရားတပည့်သား ရဟန္တာပုဂ္ဂိုလ်အား၊ သို့မဟုတ် အရဟတ္တဖိုလ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံနေသော ပုဂ္ဂိုလ်၊ သို့မဟုတ် အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၅) အနာဂါမ်ပုဂ္ဂိုလ်၊ သို့မဟုတ် အနာဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလိအား လှူဒါန်းခြင်း၊

(၆) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသော ပုဂ္ဂိုလ်၊ သို့မဟုတ် အနာဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၇) သကဒါဂါမ် ပုဂ္ဂိုလ်၊ သို့မဟုတ် သကဒါဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၈) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံနေသော ပုဂ္ဂိုလ်၊ သို့မဟုတ် သကဒါဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၉) သောတာပန်ပုဂ္ဂိုလ်၊ သို့မဟုတ် သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံနေသောပုဂ္ဂိုလ်၊ သို့မဟုတ် သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

(၁၁) သာသနာတော်ပအာခါ စျာန်အဘိညာဉ်ရသော ရသေ့တို့အား လှူဒါန်းခြင်း၊

(၁၂) သီလရှိသော သီလဝန္တ လူပုထုဇဉ်တို့အား လှူဒါန်းခြင်း၊

(၁၃) သီလမရှိသော (ဒုဿီလ) လူပုထုဇဉ်တို့အား လှူဒါန်းခြင်း၊
(၁၄) တိရစ္ဆာန်တို့အား လှူဒါန်းခြင်း။

[ဆောင်] ဘုရားမြတ်စွာ၊ ပစ္စေကာဒ္ဓနှင့်၊ ရိယာရှစ်ဝ၊ ဈာန်ရ ဗာဟီ၊
ဖွစ်လီပုထုဇန်၊ တိရစ္ဆာန်၊ လှူခံတစ်ကျိပ်လေး။

အခန်း (၁၂)

ဒါနအကျိုးတရားများ

ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ တူသော အကျိုးပေးတတ်၏။ သူတပါးကို သတ်သော ပါဏာတိပါတကံကြောင့် ဖြစ်ရာ ဘဝ၌ အသတ်ခံရတတ်၏၊ ရောဂါ များတတ်၏။ ဤသို့ စသည်ဖြင့် မိမိ ပြုလုပ် ဆည်းပူးအားထုတ်သော ကောင်းမှု, မကောင်းမှုကို၏ ကောင်းမွေ, ဆိုးမွေကို ခံကြရ၏။ ထိုကောင်းကံ ဆိုးကံတို့၏ အရှိန်သတ္တိဒဏ္ဍ မိမိတို့၏ သန္တာန်၌ အကြောင်းတိုက်ဆိုင် အခွင့်သင့်ရာ အချိန်ဝယ် အကျိုးပေးရန် အမြဲ လိုက်ပါနေ၏။ ထိုစေတနာကံသည် ဥပါဒ်, ဌိ, ဘင် အရ ချုပ်ပျောက်သွားသော်လည်း ထိုစေတနာကံ၏ သတ္တိကား မိမိတို့ ခန္ဓာအစဉ်ဝယ် အမြဲ လိုက်ပါတည်ရှိနေ၏။ မိမိ ပြုလုပ်သော ကုသိုလ်ကံ၏ သတ္တိသည် မိမိသန္တာန်မှာ (လူသွားထာသို့ အရိပ်လိုက်ပါသလို) မိမိကို စောင့်ရှောက်ဖို့ရန် အမြဲလိုက်ပါ၏။ မိမိပြုအပ်သော အကုသိုလ်ကံ၏ သတ္တိများလည်း (လှည်း၌ တပ်အပ်သော နွား၏ နောက်သို့ လှည်းဘီးပါသကဲ့သို့) မိမိနှိပ်စက်ဖို့ရန် အမြဲလိုက်ပါနေ၏။

စွန့်ကြဲပေးကမ်း လှူဒါန်းသောအခါ အလှူခံပုဂ္ဂိုလ်ကို စားစေချင်, ကောင်းကောင်းမွန်မွန် ဝတ်စေချင်, နေစေချင်သော စေတနာသည် ဒါနမည်၏။ ထို ဒါနကြောင့် ဖြစ်လေရာ ဘဝ၌ ကောင်းကောင်းမွန်မွန် စားရဝတ်ရနေထိုင်ရဝေသာ အကျိုးတံရားများ ရရှိခံစားရမည်မှာ သိသာထင်ရှား၏။ "မနာပဒါယီ လဘတေ မနာပံ=မြတ်နိုးဖွယ်ရာ အရာဝတ္ထုကို ပေးလှူသူသည် မြတ်နိုးဖွယ် အရာဝတ္ထုကို ရရှိနိုင်၏" ဟူသော ဒေသနာတော်အရ ဒါန၏ တူညီသော အကျိုးတရားကို ရရှိခံစားရမည်မှာ သေချာလှ၏။

ဒါနသည် အလှူပေး အလှူခံ ၂-ဦးလုံး၏ စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ပြုနိုင်၏။ မလိမ္မာ မယဉ်ကျေးသောသူကို လိမ္မာယဉ်ကျေးစေနိုင်၏။ မိမိစကားကို နားမထောင်သူကိုလည်း နားထောင်စေနိုင်၏ (ဒီ၊ဋ္ဌ၊၃။ ၂၂၇-စသည်)။

မိမိသူတပါး ၂-ဦးသား၏ အကျိုး, ပစ္စုပ္ပန်လောကအကျိုး, တမလွန်လောကအကျိုး အမျိုးမျိုးကို ပြီးစေနိုင်၏။ အခြံအရံ အကျော်အစော, ကျက်သရေ, စည်းစိမ်ချမ်းသာတို့ကိုလည်း ပေးစွမ်းနိုင်၏။ တရားသဖြင့် ရသော ပစ္စည်းဝတ္ထုကို တရားထူးရသော ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ငရဲကြီး ရှစ်ထပ်

ငရဲငယ် ၁၆-ထပ်တို့ကို လွန်မြောက်၍ နတ်ပြည်သို့ လားရောက်နိုင်၏ (သံ၊၁။ ၂၀-စသည်)။ လွန်ကဲ ထူးခြန်မှန်မြတ်သော လောကီစည်းစိမ် လောကုတ္တရာစည်းစိမ် အားလုံးကိုလည်း ဖြစ်ထွန်း ပေါ်ပေါက်လာစေနိုင်၏ (ဒီ၊ဋ္ဌ၊ ၂။၆၀-စသည်)။

ထို့ပြင် သိကြားမင်းစည်းစိမ်, မာရ်နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်, စကြာမင်းစည်းစိမ် စသော လောကီစည်းစိမ်, သာဝကပါရမီဉာဏ်, ပစ္စေကာ ဗောဓိဉာဏ်, အာဘိသမ္မောဓိဉာဏ်ဟူ ဆိုအပ်သော လောကုတ္တရာစည်းစိမ် တို့ကိုလည်း ပေးစွမ်းနိုင်၏ (ဒီ၊ဋ္ဌ၊ ၂။၆၃-စသည်)။ ယင်းဒါနကြောင့် လူ့ပြည်, နတ်ပြည်သို့ လားရောက်နိုင်သည်မှာ ထင်ရှားလှ၏။ ဗြဟ္မာ့ပြည်သို့မူကား ပေးလှူကာမျှဖြင့် မလားရောက်နိုင်။ သို့ရာတွင် ဒါနစေတနာသည် သမထ, ဝိပဿနာ စိတ်၏ အခြံအရံ တန်ဆာဖြစ်၍ ပေးလှူပြီးနောက် ရန်ငြိုးဖွဲ့တတ်သော ရန်သူဌာသော်လည်း နှုးညံ့သောစိတ် ပေါ်ပေါက်လာပြီးလျှင် ဗြဟ္မဝိဟာရ ခေါ်သော ဗြဟ္မစိုရ်တရားတို့ကို များများ အားထုတ်ခဲ့ပါမူ ဗြဟ္မာ့ပြည်သို့ လားရောက်စေနိုင်သည် (ဒီ၊၃။ ၂၁၄-၅-စသည်)။ ဒါနသည် စျာန်, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာအားလည်း အားကြိုးသော မှီရာအကြောင်း အထောက်အပံ့ ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်၏။

လှည်းဘီးသည် လှည်းကို ဆွဲသောနွား နောက်သို့ ကပ်၍ လိုက်သကဲ့သို့ ဒါနသည် အလှူရှင်နောက်သို့ တကောက်ကောက် ကပ်၍ လိုက်၏။ ပစ္စုပ္ပန် လောကဌဖြစ်စေ, တမလွန်လောကဌ ဖြစ်စေ ပေးလှူသူ ဒါယကာသို့ အစဉ် လိုက်၍ အကျိုးပေးလေသည် (သံ၊၁။၃၀-စသည်)။

သူတပါးကို နှိပ်စက်၍ မတရားသဖြင့် ရထားသော အသပြာ ၁၀-ကုဋေတန် အလှူသည် တောင်းရမ်း၍, ကောက်သင်းကောက် ရှာဖွေ၍ သားမယားကို လုပ်ကျွေးမွေးမြူသော ဆင်းရဲသား တစ်ယောက်၏ အသပြာ တစ်ကျပ်တန် အလှူကို ၂၅၆·ပုံ ပုံ၍ တစ်ပုံမျှ မမီနိုင်။ လှူဖွယ်ဝတ္ထုတန်ဖိုး နည်းသော်လည်း သဒ္ဓါစေတနာ ထက်သန် များပြားလျှင် ထောင်ပေါင်းများစွာ တန်ဖိုးရှိသော အလှူနှင့် ထပ်တူထပ်မျှ အကျိုးရနိုင်၏။

သောတာပန်ပမာ လားရာဂတိ မြဲစေနိုင်သည့် အလှူဒါနများ

သောတာပန်ပမာ လားရာဂတိ မြဲစေနိုင်သော အကျိုးတရားကို ပေးစွမ်းနိုင်သည့် အလှူဒါနများလည်း ရှိသေး၏။ ဗာရေးတံမဲ လက်မှတ်၌ ဆွမ်း ဒါယကာ၏ နာမည်ကို ရေး၍ သံဃာထဲမှ မဲကျသော ရဟန်းများအား

လှူဒါန်းအပ်သော သလာကဘတ် အလှူ၊ လဆန်း လဆုတ် ၅-ရက်, ၈-ရက်, ၁၄-ရက်, ၁၅-ရက်နေ့ များ၌ ဥပုသ်စောင့်သုံးကာ လှူဒါန်းအပ်သော ပက္ခိကဘတ် အလှူ၊ ဝါဆိုသင်္ကန်းအလှူ, ရေကန်အလှူနှင့် ကျောင်းအလှူ များကို လှူဒါန်းသော အလှူရှင်များသည် အမြဲမပြတ် နိဗ္ဗာန်ကုသိုလ်ကို ပြုထူထောက်သောကြောင့် သောတာပန်နှင့်မခြား အလားတူကြ၏။ သောတာပန် ပမာ လားထုဂတိ မြဲသော အကျိုးကို ရရှိနိုင်သော အလှူဒါနများ ဖြစ်၍ သူတော်စင်များ အထူးအားကျဖွယ် ကောင်းလှ၏ (အံ၊ဌ၊၃၇၊၂၆၅)။

ဆုတောင်း၍ လှူရန်

ထို့ပြင် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ-ဟူသော တရား ၅-ပါး တည်ရှိ၍ ဆုတောင်းမှုလည်း ရှိသော သူ၏ လားထုဂတိသည် မြဲ၏။ ဆုတောင်းမှု မရှိခဲ့ မူကား အထက်ကောင်းကင်သို့ မြှောက်တင်ပစ်လွှင့်အပ်သော တုတ်လုံတံသည် အောက်မြေပြင်သို့ အဖျားပိုင်းဖြင့် ကျမည်၊ အလယ်ပိုင်းဖြင့် ကျမည်ဟု တိတိကျကျ မှတ်သား၍ မရနိုင်သကဲ့သို့ လားထုဂတိ မမြဲနိုင်ပေ။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစ်ခုခုပြုခဲ့သော် သုဂတိဘုံဌာန တစ်ခုခုသို့ ဆုတောင်း၍ ပြုသင့်ကြပေသည် (မ၊ဌ၊၄၊၁၀၄)။

ဒါန၏ မျက်မှောက်အကျိုး ငါးပါး

ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော စုလစ်မှမ်းချွန် အထွတ်တပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဟစစ်သူကြီး မေးလျှောက်ချက်အရ ဒါန၏ မျက်မှောက်လက်ငင်းအကျိုး ၅-မျိုးကို ဟောတော်မူ၏။

ဒါနဝတ္ထုလှူဒါန်းသော အလှူရှင်သည်—

(၁) လူအများတို့ မျက်နှာမြင်လျှင် ချစ်ခင်နှစ်သက်ခြင်း၊
(၂) သူတော်ကောင်းတို့ မှီခို ဆည်းကပ်လာခြင်း၊
(၃) ဂုဏ်ကျေးဇူးသတင်း ပျံ့နှံ့ကျော်ကြားခြင်း၊
(၄) ပရိသတ် ၄-ပါးသို့ ရဲရဲရဲခြင်းကင်း ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊
(၅) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ခြင်း—

ဟူသော အကျိုးထူးတို့ကို ရရှိခံစားရ၏ (အံ၊၂၂၊၃၃-၅)။

ထို့ပြင်—

(၁) ကိလေသာကင်းကွာ ရဟန္တာအရှင်မြတ်တို့၏ အချိုးအမြောက်ကို ရှေးဦးစွာ ခံယူရရှိခြင်း၊

(၂) ရဟန္တာအရှင်မြတ်တို့ ရှေးဦးစွာ ချဉ်းကပ်ခံရခြင်း၊

(၃) လှူဖွယ်ဝတ္ထုကို ရှေးဦးစွာ လှူဒါန်းခွင့်ရခြင်း၊

(၄) တရားတော်ကို ရှေးဦးစွာ နာယူခွင့်ရခြင်း၊

(၅) ကောင်းသော ဂုဏ်သတင်း ပျံ့သင်းကျော်ကြားခြင်း၊

(၆) ပရိသတ် ၄-ပါးသို့ ရဲဝံ့စွာ ချဉ်းကပ်နိုင်ခြင်း၊

(၇) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ရခြင်း—

ဟူသော အကျိုးထူးတို့ကို ရရှိခံစားရ၏ (အံ၊ ၂။၄၅၇-၉)။

သင်္ကန်းလှူရကျိုး

"လူမှာအဝတ် တောင်းမှာအကုပ်" ဆိုသကဲ့သို့ အဆင်းလှသူပင် ဖြစ်စေကာမူ ဟောင်းနွမ်းညစ်ပေသော အဝတ်ကို ဝတ်ဆင်ခဲ့သော် လည်းကောင်း, လုံးဝ အဝတ် မဝတ်ဘဲ နေခဲ့သော် လည်းကောင်း, အဆင်းဖောက်ပြန် အကျည်းတန်အရုပ်ဆိုး၏။ အဝတ်အဆင်လှလှ ဝတ်ဆင်ရလျှင် အရုပ်ဆိုးသူပင် ဖြစ်စေကာမူ နတ်သားတမျှ တင့်တယ်လှပနိုင်သောကြောင့် အဝတ်အထည်ကို လှူဒါန်းခြင်းသည် အဆင်းကို လှူဒါန်းသည်နှင့် တူ၏(သံ၊၁။ ၂၉။ သံ၊ဋ္ဌ၊၁။၇၈)။ **မိန်းမများ** သင်္ကန်းလှူလျှင် ရတနာ ၇-ပါးဖြင့် စီခြယ်မှုံမှိုင်းမဲ့ ထားအပ်သော မဟာလတာ တန်ဆာကို ရနိုင်၏။ **ယောကျ်ားများ** သင်္ကန်းလှူလျှင် တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းကို ရနိုင်၏ (ဓမ္မ၊ဋ္ဌ၊၁။၂၄၉)။

ထင်ရှားသော သင်္ကန်းအလှူရှင်များ

ကျောင်းအမကြီး ဝိသာခါသည် မြတ်စွာဘုရား သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က မြတ်စွာဘုရားထံ ဆုရှစ်မျိုးကို တောင်းခံ၍ မြတ်စွာဘုရား၏ ခွင့်ပြုချက်ဖြင့် သံဃာတော်တို့အား မိုးရေခံ သင်္ကန်းကို လှူဒါန်းခဲ့ပါသည် (ဝိ၊၃။၄၀၆၊၄၁၀)။

ကျောင်းအမကြီး ဝိသာခါလောင်းလျှာသတို့သမီးသည် ကဿပဘုရားရှင် လက်ထက်တော်က ရဟန်းဟော် နှစ်သောင်းတို့အား မိမိပိုင်ဥစ္စာဖြစ်သော အပ်ချည်, အပ်, ဆိုးရည်အပါအဝင် သက်နှံးလျှာ အဝတ် (သက်နှံးချုပ်စရာ အဝတ်)ကို လှူဒါန်းခဲ့ပါသည် (ဓမ္မ၊ဌ၊၁။၂၄၉)။

သမားတော်ကြီး ဇီဝကသည် မြတ်စွာဘုရားရှင်အား ကမ္မလာသက်နှံးကို လှူဒါန်းခဲ့ပါသည် (ဝိ၊၃။၃၉၃)။

ဝေရဉ္ဇာပြည်သား ဥဒယပုဏ္ဏားသည် သံဃာတော်အပါး ငါးရာအား တစ်ပါးလျှင် သက်နှံးတစ်စုံကျစီ လှူဒါန်းခဲ့ပါသည်(ဝိ၊၁။၁၂။ ဝိ၊၆၊၁။၁၆၇-ဂ)။

အပေါ်ရုံ တင်ထည်တည်းသာ ရှိ၍ ဧကသာဋကအမည်ရသော ပုဏ္ဏားသည် မိမိ၏ အပေါ်ရုံကို ဘုရားရှင်အား လှူဒါန်း၍ "ဇိတံ မေ၊ ဇိတံ မေ=ငါ အောင်ပွဲရပြီ၊ ငါ အောင်ပွဲရပြီ"ဟု ဟစ်အော်ကြွေးကြော်သံကို ပသေနဒီ ကောသလမင်း ကြား၍ မေးမြန်းရာတွင် ထောင်ပေါင်းများစွာသော မစ္ဆရိယ "နှမြောဝန်တိုမှုကို အောင်ပွဲရပြီ"ဟု ကြွေးကြော်ခြင်း ဖြစ်ကြောင်း အဖြေ ပေးရာ သဘောကျ၍ ချီးမြှင့်အပ်အော ဝတ်စုံတို့တွင် နောက်ဆုံးရအပ်သော တစ်ဆယ့်ခြောက်စုံမှ မိမိအတွက် တစ်ထည်, ပုဏ္ဏားမအတွက် တစ်ထည်မျှကိုသာ လက်ခံ၍ ကျန်အထည် သုံးဆယ်တို့ကို ဘုရားရှင်အားသာ လှူဒါန်းခဲ့ပါသည် (ဓမ္မ၊ဌ၊၂။၂)။

မေဏ္ဍကသူဌေးလောင်းလျှာ အဝထွေး သူကြွယ်သည် အဆူးထူး မှုန်းမံ ခြယ်လှယ်ကာ ကုဋေရသာလာမည်သော ကျောင်းဆောင်တော်ကို ဆောက်လုပ် စေပြီးနောက် ရဟန်းတော်ပေါင်း ခြောက်သန်း ရှစ်သိန်းနှင့်တကွ ဝိပဿီ မြတ်စွာဘုရားအား လေးလပတ်လုံး အလှူကြီး ပေး၍ နောက်ဆုံးနေ့၌ တိစီဝရိတ်သင်္ကန်းကို လှူဒါန်းခဲ့ပါသည် (ဓမ္မ၊ဌ၊၂။၂၃၂-၃)။

ဥမ္မာဒန္တီလောင်းလျှာ သူဆင်းရဲ အမျိုးသမီးသည် ကြာမြင့်စွာ ကျွန်ခံမှု ရအပ်သော နီမြန်းသော ဝတ်ပန်းအဝတ်ကို ကဿပဘုရားရှင်၏ သာဝက ရဟန်းတော် တစ်ပါးအား "အရှင်ဘုရား–တပည့်တော်မသည် ဘဝတိုင်း လှပသူ ဖြစ်ရပါလို၏၊ တပည့်တော်မကို မြင်လျှင် ယောကျ်ားအားလုံး တည်တည်ငြိမ်ငြိမ် မနေနိုင်ပါစေသတည်း၊ ရူးပါစေသတည်း"ဟု ဆုတောင်း၍ လှူဒါန်းခဲ့ပါသည် (ဇာ၊ဌ၊၅။၂၂၃)။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၂၁—ပ-မ-သ-စ

မလွမ်းသား ပုက္ကုသ သည် သိဒ္ဓိရွှေအဆင်းရှိသော သင်္ကန်းတစ်စုံကို မြတ်စွာဘုရားရှင်နှင့် အရှင်အာနန္ဒာတို့အား လှူဒါန်းခဲ့ပါသည် (ဒီ၊ ၂။၁၁၀)။

ဆွမ်းယှူရကျိုး

အလွန် ကာယခွန်အား ကြီးမားသူပင် ဖြစ်စေကာမူ အစာ ၂-ရက်, ၃-ရက် စသည် မစားရလျှင် နေရာမှ မထနိုင်သည်အထိ အားအင်ချိနဲ့လာ၍ အစာစားရလျှင် ကာယခွန်အား နည်းပါးသူပင် ဖြစ်စေကာမူ အားခွန်ဗလ ပြည့်ဝလာသောကြောင့် ဆွမ်းကို လှူဒါန်းခြင်းသည် ကာယခွန်အားကို လှူဒါန်းသည်နှင့် တူ၏ (သံ၊၁။၂၉။ သံ၊ဋ္ဌ၊၁။၇၈)။

ထင်ရှားသော ဆွမ်းအလှူရှင်များ

မြတ်စွာဘုရား ဝေရဉ္ဇာမြို့ ဝါကပ်တော်မူစဉ်က ဝေရဉ္ဇာမြို့သည် ဒုဘိက္ခန္တရကပ် (စာနပ်ရိက္ခာ ရှားပါးခြင်းဘေး)ဆိုက်ရောက်လျက် ရှိရာ ဘုရားမှူးရှိသော ရဟန်းတော်ငါးရာတို့ ဆွမ်းခံမရ ဖြစ်ကြသည်။ ထိုအခါနှင်၌ ဥတ္တရာပထတိုင်းသား မြင်းကုန်သည်တို့သည် ဝေရဉ္ဇာမြို့၌ မိုးလေးလ မိုးခိုနေကြရင်း ရဟန်းတော်များအား တစ်စလယ် တစ်စလယ်စီသော ရိက္ခာမုယောဆန်ကို ဆွမ်းအတွက် လှူဒါန်းကြသည်။ ထိုဥတ္တရာပထတိုင်းသား မြင်းကုန်သည်တို့ လှူဒါန်းသော မုယောဆွမ်းကို ဘုရားနှင့် ရဟန်းတော်များ ဘဉ်းပေးတော်မူကြပါသည် (ဝိ၊၁။၇။ ဝိ၊ဋ္ဌ၊၁။၁၄၆)။

ဗာရာဏသီမြို့၌ နေထိုင်ကြသော သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာ ဇနီးမောင်နှံတို့သည် သောတာပန်များဖြစ်ကြသည်။ အလှူအတန်းဝါသနာပါ၍ သံဃာ့အလုပ်အကျွေးများဖြစ်ကြ၏။ သုပ္ပိယာဥပါသိကာမသည် ကျောင်းတိုက်များသို့ သွားရောက်ကာ တစ်ကျောင်းတက်ဆင်း လှည့်လည်၍ ရဟန်းတော်များထံ ချဉ်းကပ်ပြီး "အာဘယ်ရဟန်း နေထိုင်မကောင်းပါသလဲ၊ အာဘယ်ဟန်း အတွက် ဘာကို လာရောက်လှူဒါန်းရပါမလဲ"ဟု လျှောက်ထားမေးမြန်းလေ့ရှိသည်။ ထိုအခါနှင်၌ ရဟန်းတစ်ပါးက စုပ်ပြုတ်အလိုရှိကြောင်း ပြောရာ ပုံသကူအသား ရှာမရသဖြင့် မိမိပေါင်သားကို လှီးဖြတ်ပြီး စုပ်ပြုတ်လုပ်၍ လှူဒါန်းသည်။ ထိုပေါင်၌ ဖြစ်သော ဝေဒနာလည်း ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် တပြိုင်နက် အသားနုတ်၍ ပျောက်ကင်းလေ၏ (ဝိ၊၄။၃၁၁)။

မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ ဘေသကဋ္ဌတော၌ သီတင်းသုံးတော်မူစဉ် ဗောဓိမင်းသားသည် သူ၏ လတ်တလော ဆောက်လုပ်ပြီးစ ကောကနဒပြာသာဒ်သို့ ပင့်၍ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ် လှူဒါန်းခဲ့သည် (ဝိ၊၆။၂၆၆)။

အနာထပိဏ် သူဌေးကြီးသည် လှည်းငါးရာနှင့် အတူ ကုန်ပစ္စည်းများ တင်ဆောင်၍ ရာဇဂြိုဟ်မြို့ရှိ သူငယ်ချင်းအိမ်သို့ သွားရာ ဘုရားပွင့်တော်မူကြောင်း သိရ၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီး တရားတော်များ နာယူရသဖြင့် သောတာပန်ဖြစ်သည်။ နောက်တစ်နေ့တွင် ရာဇဂြိုဟ်ရှိ သူငယ်ချင်းအိမ်မှာပင် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်၍ အကြီးအကျယ်လှူဒါန်း ပူဇော်ခဲ့သည် (အံ၊ဋ္ဌ၊၁။ ၂၉၆)။

အရှင်အနုရုဒ္ဓါအလောင်း ဒေန္ဒဘာရ ဆင်းရဲသားသည် ဂန္ဓမာဒနတောင်မှ နိရောဓသမာပတ်ဝင်စားပြီး ကြွလာသော ဥပရိဋ္ဌပစ္စေကမုဒ္ဓါ အရှင်မြတ်အား မိမိအတွက် ချန်ထားသော ထမင်းကို လှူဒါန်းခဲ့သည့် (အံ၊ဋ္ဌ၊၁။၁၄၅)။

ဝိသာခါ ကျောင်းအမကြီးသည် ဘုရားရှင်ထံ ဆုရှစ်မျိုးကို တောင်းရာ ဘုရားရှင်ခွင့်ပြုတော်မူသဖြင့် အာဂန္တုရဟန်း သံဃာတော်များ၊ ခရီးသွားရဟန်း သံဃာတော်များ၊ ဂိလာနရဟန်း သံဃာတော်များနှင့် ဂိလာနပြုစုသောရဟန်း သံဃာတော်များအတွက် ဆွမ်းဝတ်အသီးသီးကို အမြဲလှူဒါန်းပူဇော်သည်။

ကျောင်းလှူရကျိုး

ကျောင်းကို လှူဒါန်းခြင်းသည် ကာယခွန်အား, အဆင်း, ချမ်းသာ, မျက်စိတို့ကို လှူဒါန်းသည် မည်၏ (သံ၊၁။ ၂၉၊ ဝိ၊ဋ္ဌ၊၄။၅၁)။ မှန်၏၊ ရွာ ၂-ရွာ ၃-ရွာ ဆွမ်းခံ လှည့်လည်၍ ဆွမ်းတစ်ဇွန်းမျှ မရဘဲ ပြန်လာရသော်လည်း အေးမြသော ရေကန်ဦး ရေမိုးချိုးပြီးနောက် ကျောင်းသို့ ဝင်ရောက်ကာ တစ်မုဟုတ်မျှ အိပ်စက် နားနေလိုက်ရလျှင် ကိုယ်ခန္ဓာဦး ကာယခွန်အား တောင့်တင်းလာမြဲ ဖြစ်၍ ကျောင်းကို လှူဒါန်းခြင်းသည် ကာယခွန်အားကို လှူဒါန်းသည် မည်၏။

ကျောင်းပြင်ပဦး လှည့်လည် သွားလာ၍ လေပူ, နေပူတို့ဖြင့် လောင်မြိုက် ခံရသောအခါ ရုပ်အဆင်း ဖောက်ပြန်လာ၏။ ကျောင်းတွင်းသို့ ဝင်၍ တံခါး ပိတ်ကာ တစ်မုဟုတ်မျှ လျောင်းစက်နေလိုက်လျှင် ဝိသဘာဂရုပ်စဉ်ငြိမ်းပျောက်၍ သဘာဂရုပ်စဉ် သက်ဆောက်ပြီးလျှင် ရုပ်ဆင်းကြည်လင်လာမြဲဖြစ်၍ ကျောင်းကို လှူဒါန်းခြင်းသည် အဆင်းကိုလည်း လှူဒါန်းသည် မည်၏။

ကျောင်းပြင်ပဦး လှည့်လည် သွားလာလျှင် ခြေဦး ဆူးစူးခြင်း၊ သစ်ငုတ်, ခလုတ် ထိခိုက် တိုက်မိခြင်း၊ မြေ, သူခိုး စသော ဘေးရန်တို့နှင့် တွေ့ကြုံရခြင်း အန္တရာယ်တို့ ဖြစ်ပေါ်တတ်၍ ကျောင်းသို့ ဝင်ကာ တံခါးပိတ်၍ လျောင်းစက်

နားနေလိုက်လျှင် ယင်းဘေးရန်တို့ မဖြစ်ပေါ်နိုင်သဖြင့် ကိုယ်ချမ်းသာမှု ရခြင်း၊ တရားကျန်းကန် ရွတ်အံ သရဇ္ဈာယ်နေလျှင် တရားဥ္စ ဒုစ်သက်သော ဓမ္မပီတိ ချမ်းသာ ဖြစ်ပေါ်ခြင်း၊ ကမ္မဋ္ဌာန်း နှလုံးသွင်းနေလျှင် အကုသိုလ်ဘေးတို့ ငြိမ်းအေးမှု (ဥပသမာ) ချမ်းသာကို ရခြင်းဟူသော ဂုဏ်ကျေးဇူးကို ရသော ကြောင့် ကျောင်းကို လှူဒါန်းခြင်းသည် ချမ်းသာကိုလည်း လှူဒါန်းသည် မည်၏။

ကျောင်းပြင်ဘက်၌ လှည်းလည် သွားလာလျှင် ကိုယ်ခန္ဓာမှ ချွေးကျခြင်း၊ မျက်စိ တုန်လှုပ်ခြင်းတို့ ဖြစ်တတ်၍ ကျောင်းတွင်းသို့ ဝင်လျှင် ဝင်ချင်း ဘာမျှ မမြင်ရသော်လည်း တစ်မုဟုတ်မျှ ထိုင်နေလိုက်လျှင် မျက်စိကြည်လင်လာ ခြင်းကြောင့် ကျောင်းကို လှူဒါန်းခြင်းသည် မျက်စိကိုလည်း လှူဒါန်းသည် မည်၏(သံ၊၌၊၁၈၇-၉။ ဗုဒ္ဓဝံ၊၌။၂၆။ သာရတ္ထ၊၃။၃၉၄။ ဒီ၊ဋ္ဌ၊၁။၃၃၁ စသည်)။

ကျောင်းအလှူ၏ အကျိုးအာနိသင်ကြီးမားပုံကို ဘုရားရှင်မှတပါး အဘယ် သူသည် ကုန်စင်အောင် ဟောပြစ်မှီးနိုင်ပါအံ့နည်း။ ပါးစပ်ပေါင်း တစ်သောင်း ရှိသော ပဂိုလ်သော်မှ ကုန်စင်အောင် မဟောပြစ်မှီးနိုင် (ဗုဒ္ဓဝံ၊၌။၂၅)။

ထင်ရှားသော ဇရပ်တန်ဆောင်း ကျောင်းအလှူရှင်များ

ရာဇဂြိုဟ်သူဌေးသည် ဘုရားရှင် ကျောင်း ခွင့်မပြုရသေးသဖြင့် "တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံ"ဟူသော ထိုထိုအရပ်များ၌ ရဟန်းတော်များ နေထိုင်ကြသည်ကို တွေ့မြင်လေရာ ကျောင်းဆောက် လှူဒါန်းလိုသော သဒ္ဓါတရားပေါက်၍ ရဟန်းတော်များမှ တဆင့် ဘုရားရှင်ထံ ကျောင်းဆောက် လှူဒါန်းခွင့် လျှောက်ထားသောအခါ ခွင့်ပြုတော်မူသဖြင့် တစ်နေ့တည်းဖြင့် ကျောင်းပေါင်း ခြောက်ဆယ် ဆောက်လုပ်လှူဒါန်းခဲ့သည် (ဝိ၊၄။၂၉၁)။

အနာထပိဏ်သူဌေးကြီးသည် ၅၄-ကုဋေ အကုန်အကျ ခံ၍ ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းသည်။ ကျောင်းမြေဝယ်ရာ၌ ၁၈-ကုဋေ၊ ကျောင်းဆောက်ရာ၌ ၁၈-ကုဋေ၊ ကျောင်းပူဇော်ပွဲ၌ ၁၈-ကုဋေ အားဖြင့် စုစုပေါင်း ၅၄-ကုဋေ အကုန်အကျ ခံ၍ ဆောက်လုပ် လှူဒါန်းသည်။

ဝိသာခါသည် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ၂၇-ကုဋေ အကုန်အကျ ခံ၍ ဆောက်လုပ်လှူဒါန်းသည်။ ကျောင်းမြေဝယ်ရာ၌ ၉-ကုဋေ၊ ကျောင်းဆောက် ရာ၌ ၉-ကုဋေ၊ ကျောင်းပူဇော်ပွဲ၌ ၉-ကုဋေအားဖြင့် စုစုပေါင်း ၂၇-ကုဋေ အကုန်အကျ ခံ၍ ဘုရားသာသနာတော်၌ စွန့်လွှတ်လှူဒါန်းသည်။

သီရိဓမ္မာသောက မင်းကြီးသည် နိဂြောဓထေရ်ကို အကြောင်းပြု၍ သာသနာတော်၌ သက်ဝင် ယုံကြည်ကာ အသောကာရုံကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းသည်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိ၍ တရားတော်ကို ပူဇော်သောအားဖြင့် တစ်နေ့တည်း ၉၆-ကုဋေ အကုန်အကျ ခံကာ တစ်မြို့လျှင် တစ်ကျောင်းကျစီ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ်လှူဒါန်းသည်။

ဗိမ္မိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များ သီတင်း သုံးရန် သင့်လျော်လျောက်ပတ်သည့် သူ၏ ဝင္ဆုံပန်ဥယျာဉ်ကြီးကို ကျောင်း တိုက်အဖြစ် လှူဒါန်းသည်။

နန္ဒိယသူဌေးသားသည် ကျောင်းဆောက်လှူဖါန်းခြင်း၏ အကျိုးအာနိသင် ကို ကြားနာရ၍ ဣသိပတန မိဂဒါဝုန်တောအတွင်း၌ ကျောင်းတော်ကြီး ဆောက်လုပ်၍ ခုတင်ညောင်စောင်းမျာ်းပါ ဘုရားအမှူးရှိသော သံဃာတော် မျာ်းအား လှူဒါန်းသည်။ ရေစက်သွန်းချသည့်နှင့် တပြိုင်နက် တာဝတိံသာ နတ်ပြည်၌ အကျယ် ၁၂-ယူဇနာ, အမြင့် ယူဇနာ ၁၀၀-ရှိ၍ (ရတနာ ၇-ပါး) အတိပြီးသော နတ်ဆိမ်းဗေဠင်း အခြံအရံပါရှိသည့် နတ်ဘုံပြာသာဒ်ပေါ် ထွက် ခဲ့သည် (ဓမ္မ၊၌၊၂။၁၈၉–၁၉၀)။

အရှင်အနုရုဒ္ဓါမထေရ်၏ နှမ ရောဟိနီ သဒၶိဝင်မင်းသမီးသည် မထေရ် မြတ်၏ စီမံပေးချက်အရ နှစ်ထပ်ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းသည်။ ဆွမ်းစားဆောင်အောက်ထပ် ရဟန်းတော်များ ဆွမ်းဘုဉ်းပေးရာ အရပ်၌ အမြဲ တံမြက်လှည်း၍ နေရာခင်းကျင်းသည်။ ရဟန်းတော် များအတွက် သောက်ရေအမြဲခပ်သည်။ ထိုကုသိုလ်ကြောင့် ကိုယ်ရေပြားရောဂါပျောက်ကင်း သည် (ဓမ္မ၊၌၊၂။၁၉၂)။

မဂဓတိုင်း မစလရွာသား မာဃလုလင် အမှူးပြုသော ၃၃-ယောက်သော အမျိုးသားတို့သည် လမ်းခင်းခြင်း၊ လမ်းပြင်ခြင်း၊ လမ်းဆုံလမ်းမများ၌ လူအများ အပန်းဖြေ နားနေနိုင်ရန် ဇရပ်များ ဆောက်လုပ်လှူဒါန်းခဲ့ကြသည် (ဓမ္မ၊၌၊၁။၁၆၉)။

ဆေးလှူရကျိုး

ဆေးကို လှူဒါန်းခြင်းသည် အသက်ကို ရှည်စေနိုင်၏။ အသက်ရှည်ခြင်း အကြောင်းတရားများတွင် ဆေးလှူခြင်းလည်း အကြောင်းတစ်ပါးဖြစ်သည်။ ထို့ကြောင့် မန်လည် ဆရာတော်ဘုရားကြီးက—

"ရေစစ်, ဆေး, ကျောင်း၊ အဟောင်း ပြုပြင်၊ ပဉ္စင် အဌ၊ ဤငါးဝကား၊ လောကလူပေါင်း၊ သက်ရှည်ကြောင်းတည်း" ဟု-
မိန့်ဆိုတော်မူခဲ့ပါသည်။

ဆေးကို လှူဒါန်းခြင်းသည် ခွန်အားကြီးခြင်း အကျိုးကိုလည်း ရရှိစေနိုင်သည်။ ဘုရားရှင် ခွင့်ပြုသည့် ဆေးများတွင် ထောပတ်ဆီဦး စသော ဆေးများသည် အားအင်ကို ပြည့်ဖြိုးစေနိုင်သော ဆေးများ ဖြစ်သည်။ အလှူရှင်များလည်း ထိုကဲ့သို့ တူညီသော အကျိုးကို ရရှိစေနိုင်သည်။

ဆေးလှူဒါန်းခြင်းသည် ပညာဉာဏ်ကြီးခြင်း အကျိုးကိုလည်း ရရှိစေနိုင်သည်။ အားအင် ချိနဲ့နေသော ဂိလာနပုဂ္ဂိုလ်သည် နက်နဲသော အဓိပ္ပာယ်များကို မကြံစည် မဆင်ခြင်နိုင်။ အားအင်ကို ဖြစ်စေနိုင်သည့် ဆေးကို သုံးဆောင်ရသည့်အခါ အားအင် ပြည့်ဖြိုးပြီး အသိဉာဏ်များ ပွင့်လင်းလာ၏။ နက်နဲသော အနက် အဓိပ္ပာယ်များကိုလည်း ကြံစည် စဉ်းစားနိုင်လာ၏။ ဆေးအလှူရှင်များလည်း ထိုကဲ့သို့သော တူသောအကျိုးကို ရရှိစေနိုင်သည်။ ဆေးလှူခြင်း အကျိုးများကား ပိဋကတ်တော်၌ များစွာ ရှိ၏။ ဆေးလှူခြင်းကြောင့် အဆင်းလှခြင်း, အခြံအရံများခြင်း စသော အကျိုးတရားများစွာကိုလည်း ရရှိနိုင်ပါသည်။

ထို့ပြင်—

(၁) အသက်ရှည်ခြင်း၊
(၂) ခွန်အားကြီးခြင်း၊
(၃) ပညာကြီးခြင်း၊
(၄) အဆင်းလှခြင်း၊
(၅) အခြံအရံများ၍ ကျော်စောခြင်း၊
(၆) ဆင်းရဲကင်း၍ ချမ်းသာခြင်း၊
(၇) ဘေးဥပဒ် ကင်းခြင်း၊

(၈) ရောဂါရန်မန် ကင်းခြင်း၊
(၉) လူ, နတ်တို့၏ အပူဇော်ကို ခံရခြင်း၊
(၁၀) ချစ်သူနှင့် မကွဲမကွာရခြင်း–
ဟူသော အကျိုးထူးများကို ခံစားရသည်။

ထင်ရှားသော ဆေးအလှူရှင်များ

မြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာနာမ် သာကီဝင်မင်းသည် သံဃာတော်များအား လေးလပတ်လုံး ဆေးပစ္စည်းလှူဒါန်းခွင့် ဘုရားရှင်အား တောင်းရာ ဘုရားရှင်ခွင့်ပြုတော်မူ၍ ဆေးပစ္စည်းများ လေးလပတ်လုံး လှူဒါန်းခဲ့သည် (ဝိ၊ ၂။၁၃၅)။

သီရိဓမ္မာသောကမင်းကြီး ဘိသိက်ခံပြီး၍ ရှစ်နှစ်မြောက် အချိန်တွင် ကောန္ဓပုတ္တတိဿထေရ်သည် လေနာရောဂါ ကုစားရန်အတွက် တစ်လက်ဖက်မျှသော ထောပတ်ကို မရခြင်းကြောင့် ထိုလေနာရောဂါဖြင့်ပင် ပရိနိဗ္ဗာန်စံတော်မူရကြောင်း မင်းကြီးကြားသိရာ "ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုး တိုင်းပြည်အုပ်ချုပ်မင်းလုပ်စဉ် ရဟန်းတော်များ ဤကဲ့သို့ ပစ္စည်းလေးပါး ရှားပါးခြင်း မဖြစ်သင့်"ဟု ကြံ၍ မြို၏ တံခါးလေးပေါက်တို့တွင် လေးထောင့်ကန်ကြီးများ ပြုလုပ်ပြီး ဆေးအပြည့်ထည့်၍ လှူဒါန်းစေခဲ့သည် (ဝိ၊ဋ္ဌ၊၁။၃၉)။

စိတ္တအမတ်ကြီးသည် သူ၏ အိမ်သို့ ကြွရောက်လာသော ရဟန်းတော်များအား ပစ္စည်းလေးပါး ချို့တဲ့မှု မရှိရလေအောင် စီမံထားသည်။ တစ်နေ့ ဆေးဖိုးခြောက်ဆယ် အကုန်အကျ ခံ၍ လှူဒါန်းသည် (အဘိ၊ဋ္ဌ၊၂။၃၂၇)။

အရှင်ဗာကုလအလောင်း ရသေ့သည် အနောမဒဿီဘုရားရှင် လေနာရောဂါ ဖြစ်တော်မူရာ ဟိမဝန္တာတောင်ခြေမှ ဆေးအမျိုးမျိုး ယူဆောင်၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းဆေးကို ဘုဉ်းပေးရသဖြင့် လေနာရောဂါ ပျောက်ကင်းပြီး ချမ်းချမ်းသာသာ ဖြစ်နေသော ဘုရားရှင်ထံ ချဉ်းကပ်၍ "ဤဆေးလှူရသည့်အကျိုးကြောင့် ဖြစ်လေရာဘဝ၌ နှီတစ်ညှစ်စာ အချိန်မျှ ဘုရားတပည့်တော်၏ ကိုယ်၌ အနာရောဂါ မဖြစ်ပါစေသတည်း"ဟု ဆုတောင်းခဲ့သည်။ ယင်းဆုတောင်းပြည့်သဖြင့် "အနာမဲ့သူ ရှင်ဗာကူ"ဟု စကားတွင်ခဲ့သည် (အံ၊ဋ္ဌ၊၁။၂၃၆)။

ကျောင်းအမကြီး ဝိသာခါသည် ဂိလာန ရဟန်းတော်များအတွက် လျောက်ပတ်သော ဆေးဝါးပစ္စည်းကို မရလျှင် ရောဂါဝေဒနာသော်လည်း တိုးနိုင်သည်၊ ကွယ်လွန်သော်လည်း ကွယ်လွန်နိုင်သည်။ ထို့ကို မဖြစ်စေရန် အတွက် သံဃာတော်များအား အသက်ထက်ဆုံး ဆေးပစ္စည်း လှူဒါန်းသည် (ဝိ၊၃။၄၀၇)။

အလှူဒါနအမျိုးမျိုး၏ အကျိုးတရားများ

အလှူဒါနအမျိုးမျိုး၏ အကျိုးတရား အမျိုးမျိုးကို ထိုထိုပါဠိတော်များ၌ ဟောကြားထားရာ ဤနေရာ၌ အကျိုးတရား အကျဉ်းချုပ် သရုပ်မျှကို ဖော်ပြဦးအံ့။ အကျယ်ကို အလိုရှိပါက ထိုထိုပါဠိတော် ကျမ်းဂန်တို့မှ ယူကြပါကုန်။

ဆွမ်းလှူရကျိုး ၄-ပါး

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ချမ်းသာကြီးခြင်း၊
(၄) ခွန်အားကြီးခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဆွမ်းလှူရကျိုး ၅-ပါး

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ချမ်းသာကြီးခြင်း၊
(၄) ခွန်အားကြီးခြင်း၊
(၅) ဉာဏ်ပညာကြီးခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဈာပတ်ပုဆိုး ထုတ်ရကျိုး ၆-ပါး

(၁) ဖြစ်လေရာ ဘုံဘဝတို့၌ ရွှေနှင့် တူသော အဆင်းရှိခြင်း၊
(၂) အညစ်အကြေး ကင်းစင်ခြင်း၊
(၃) ကိုယ်ထောင်ထွက်ခြင်း၊
(၄) နူးညံ့ပျော့ပျောင်းသော ကိုယ်ရှိခြင်း၊
(၅) ဦးခေါင်းထက်၌ အထောင် အမျိုးမျိုး ရှိသော ပုဆိုးပေါင်း တစ်သိန်းတို့ မိုးကာခြင်း၊
(၆) ပိုးထည်, ကမ္မလာထည်, ဖဲထည်, ဝါထည် ပုဆိုးတို့ကို အလိုရှိသမျှ ရနိုင်ခြင်း–

ဟူသော ဈာပကျိုးထူးများကို ခံစားရသည်။

ထီး လှူရကျိုး ၈-ပါး

(၁) အဆျမ်း အပူ မခံရခြင်း၊
(၂) ဖုံမြူ အညစ်အကြေး မလိမ်းမကပ်ခြင်း၊
(၃) ဘေး ဥပဒ္ဒဝေါ မရှိခြင်း၊
(၄) ထောဂါရန်မန် ဒဏ်အမျိုးမျိုးတို့မှ ကင်းရှင်းခြင်း၊
(၅) လူ, နတ်အပေါင်းတို့၏ အပူဇော်ကို ခံရခြင်း၊
(၆) အရေအသား နူးညံ့သိမ်မွေ့ခြင်း၊
(၇) စိတ်နှလုံး သန့်ရှင်းကြည်လင်ခြင်း၊
(၈) သံသရာတခွင်၌ တန်ဆာဆင်အပ်သော ထီးပေါင်း တစ်သိန်းတို့ မိုးကာခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

သပိတ် လှူရကျိုး ၈-ပါး

(၁) ရွှေခွက်, မြခွက်, ငွေခွက်, ပတ္တမြားခွက်တို့ကို ရရှိ သုံးဆောင်ရခြင်း၊
(၂) ဘေးဥပဒ် မရှိခြင်း၊
(၃) ထောဂါရန်မန် ကင်းရှင်းခြင်း၊

(၄) လူ, နတ်အပေါင်းတို့၏ ပူဇော်မြတ်နိုးသည်ကို ခံရခြင်း၊
(၅) လာဘ်မျှားခြင်း၊
(၆) စည်းစိမ်ချမ်းသာ မပျက်စီးနိုင်ဘဲ တည်ခိုင်ခြင်း၊
(၇) စိတ်နှလုံး တည်တံ့ခြင်း၊
(၈) ကိလေသာ အာသဝေါ နည်းပါးစွာနှင့် အမြတ်ကထူးကိုသာ လိုလားခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ပဲကွပ်လှူရကျိုး ၇-ပါး

(၁) ရဲရင့်ခြင်း၊
(၂) ထိတ်လန့် တုန်လှုပ်မှု ကင်းခြင်း၊
(၃) ရဲရင့်မှု ဝေဿာရဇ္ဇဂုဏ်နှင့် ပြည့်စုံခြင်း၊
(၄) မယိမ်း မယိုင် ခိုင်ခံ့ခြင်း၊
(၅) ဝီရိယစွမ်းအင် ထက်သန်ခြင်း၊
(၆) စိတ်နေစိတ်ထား မြင့်မားခြင်း၊
(၇) ကိလေသာကို ဖြတ်နိုင်သော အရဟတ္တမဂ်ဉာဏ်နှင့် ပြည့်စုံခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ခေးငယ်လှူရကျိုး ၅-ပါး

(၁) မိတ်ဆွေကောင်းကို ရရှိခြင်း၊
(၂) ဝီရိယစွမ်းအင် ထက်သန်ခြင်း၊
(၃) သည်းခံခြင်း ဂုဏ်နှင့် ပြည့်စုံခြင်း၊
(၄) မေတ္တာလက်နက်ကို ကိုင်ဆောင်ရခြင်း၊
(၅) ဝရဇိန်လက်နက် မိုးကြိုးစက်နှင့် တူသည့် အရဟတ္တ မဂ်ဉာဏ် လက်နက်ကို ရရှိခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

လက်သည်းလိုးခြင်း လုပ်ရကျိုး ၅-ပါး

(၁) ကျန်မိန်းမ, ကျန်ယောကျ်ားတို့ကို ရရှိခြင်း၊

(၂) နွား, မြင်း အစရှိသည့် ယာဉ် တိရစ္ဆာန်များကို ရရှိခြင်း၊

(၃) အလုပ်သမားတို့ကို ရရှိခြင်း၊

(၄) မှီခို ခစားလာသော သူတို့ကို ရရှိခြင်း၊

(၅) ဆတ္တာသည်, တင်းပြင်သမား, တင်းချက်သမားတို့ကို ရရှိခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

အပ်လုပ်ရကျိုး ၃-ပါး

(၁) မိမိကိုယ်တိုင် ယောင်ယောင်ဝါးဝါးနှင့် ယုံမှားတွေဝေမှု မရှိခြင်း၊

(၂) သူတပါးတို့၏ ယုံမှား သက်သာကို ပယ်ဖျောက်နိုင်ခြင်း၊

(၃) အဆင်းလှခြင်း၊

(၄) စည်းစိမ် ချမ်းသာ များပြားခြင်း၊

(၅) ပညာထက်မြက်ခြင်း၊

(၆) နက်နဲ သိမ်မွေ့သည့် သဘော ဘုံဝိပွာယ်တို့ကို လွယ်ကူစွာ သိမြင်နိုင်ခြင်း၊

(၇) မောဟမှောင်ကြီးကို ဖျက်ဆီးနိုင်သော အရဟတ္တမဂ်ဉာဏ်ကို ရရှိခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

နှီး/ထန်းရွက် ယပ်တောင်လုပ်ရကျိုး ၃-ပါး

(၁) အချမ်း အပူဖြင့် မတွေ့ထိရခြင်း၊

(၂) သူတပါးအတွက်လည်း မပူရ, မိမိအတွက်လည်း မပူရ, စိတ်နှလုံး ချမ်းမြေ့ခြင်း၊

(၃) ရာဂမီး, ဒေါသမီး, မောဟမီး, မာနမီး, ဒိဋ္ဌိမီး မီးအမျိုးစုံ အကုန် ချုပ်ငြိမ်းခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဓမ္မကရိဏ်း, ရေစစ် လျှူရကျိုး ၄-ပါး

(၁) နတ်ပြည်၌ ဖြစ်ရသောအခါ အခြားနတ်တို့ထက် သာလွန်သော နတ်သက်ကို ရရှိခြင်း၊

(၂) ခိုးသူနှင့် ရန်သူတို့ မနှိပ်စက်နိုင်ခြင်း၊

(၃) ဓား, လုံ, သေနတ် ပြိုးစိုးခြင်း၊

(၄) ဥပစ္ဆေဒကကံမျိုးဖြင့် မသေနိုင်ခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဆီကျည်တောက်–ဆီဗူးလျှူရကျိုး ၅-ပါး

(၁) ရုပ်အဆင်း တင့်တယ်ခြင်း၊

(၂) ကြန်အင်လက္ခဏာ ကောင်းခြင်း၊

(၃) စိတ်နေ စိတ်ထား ကြီးမား မြင့်မြတ်ခြင်း၊

(၄) စိတ် မပျံ့လွင့်ခြင်း၊

(၅) အစောင့်အရှောက်တို့ဖြင့် လုံခြုံစွာ စောင့်ရှောက်အပ်ခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

အပ်ကျည်–အပ်ဗူးလျှူရကျိုး ၃-ပါး

(၁) စိတ်၏ ချမ်းသာခြင်း၊

(၂) ကိုယ်၏ ချမ်းသာခြင်း၊

(၃) ဣရိယာပုထဲလေးပါးစုံ အကုန်ချမ်းသာခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ပခုံးလွယ်ကြိုး (အံသကိုဋ်) လျှူရကျိုး ၃-ပါး

(၁) သူတော်ကောင်းဂုဏ်တို့၌ ထောက်တည်ရာ ရရှိနိုင်ခြင်း၊

(၂) ဖြစ်ပြီး ဖြစ်လတ္တံ့သော ဒုတိယဘဝကို သိမြင်နိုင်ခြင်း၊

(၃) အရေအဆင်း ကောင်းခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ခါးပန်းကြိုး လျှော်ရကျိုး ၆-ပါး

(၁) သမာဓိ မပျက်စီးခြင်း၊
(၂) သမာဓိကို စိုးပိုင်ခြင်း၊
(၃) ပရိသတ် မပြိုမကွဲခြင်း၊
(၄) သူတပါးတို့ နားဝင်အောင် ပြောဆိုနိုင်ခြင်း၊
(၅) သတိ ခိုင်မြဲခြင်း၊
(၆) ထိတ်လန့် တုန်လှုပ်မှု မရှိခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

သပိတ်ခြေ လျှော်ရကျိုး ၅-ပါး

(၁) မတုန်မလှုပ်ခြင်း၊
(၂) အကြားအမြင် များခြင်း၊
(၃) သတိညာဏ်တို့ဖြင့် အဖန်ဖန် နှိုးဆော်၍ ပေးနိုင်ခြင်း၊
(၄) အကြားအမြင် ဟူသမျှ မပျက်စီးဘဲ ခိုင်မြဲခြင်း၊
(၅) ဆုံးဖြတ်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

အိုးလျှော်ရကျိုး ၃-ပါး

(၁) ရွှေအိုး, မြအိုး, ဖန်အိုး, ပတ္တမြားအိုးတို့ကို ရရှိခြင်း၊
(၂) ချစ်ဖွယ်ကောင်းသော မယား, ကျွန်ယောကျ်ား, ကျွန်မိန်းမတို့ကို ရရှိခြင်း၊
(၃) လင်၏ အကြိုက် အလိုလိုက်သော မိန်းမကို ရရှိခြင်း၊
(၄) ပစ္စည်း ပရိဘောဂ အသုံးအဆောင် အမျိုးမျိုးကို ရရှိခြင်း၊
(၅) ဝိဇ္ဇာတို့နှင့် သက်ဆိုင်သော ဂါထာမန္တန် အမျိုးမျိုးတို့ကို တတ်ကျွမ်းခြင်း၊
(၆) ယုတ္တိအာဂုံ အမျိုးမျိုးတို့ကို ရရှိခြင်း၊
(၇) တစ်ဆယ့်ရှစ်ရပ်သော အဂတ်အမျိုးမျိုးကို တတ်ကျွမ်းခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ခွက်ထွေးရကျိုး ၂-ပါး

(၁) ရွှေခွက်, မြခွက်, ဖန်ခွက်, ပတ္တမြားခွက်, ခရုသင်းခွက်တို့ကို ရရှိခြင်း၊

(၂) ကျင့်ဝတ် ပဋိပတ်နှင့် ပြည့်စုံခြင်း-

ဟူသော ဒကျိုးထူးများကို ခံစားရသည်။

ဖိနပ်လှူရကျိုး ၄-ပါး

(၁) ဆင်ယာဥ်, မြင်းယာဥ်, ထမ်းစင် သန်လျင်းပေါင်း ခြောက်သိန်း ရရှိခြင်း၊

(၂) ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း မြခြေနင်း, ကမ္မလာခြေနင်း, ရွှေခြေနင်း, ငွေခြေနင်းတို့က ဖဝါး လှမ်းတိုင်း လှမ်းတိုင်း ခံလာရခြင်း၊

(၃) သံသရာမှ ထွက်မြောက်ရာ ဖြစ်သော လမ်းသို့ သတိတရား ပြေးသွားခြင်း၊

(၄) အာကျင့်စင်ကြယ်အောင် သုတ်သင်ခြင်းငှါ သတိပြန်လာခြင်း-

ဟူသော အကျိုးထူးများကို ခံစားရသည်။

ခြေနင်းလှူရကျိုး ၁-ပါး

တန်ခိုးခြေနင်းကို တက်စီးပြီး အလိုရှိသလို နေနိုင်ခြင်း-

ဟူသော အကျိုးထူးကို ခံစားရသည်။

ရေသုတ်ပဝါလှူရကျိုး ၆-ပါး

(၁) ရွှေအဆင်းနှင့် တူသော အဆင်းရှိခြင်း၊

(၂) အညစ်အကြေး ကင်းစင်ခြင်း၊

(၃) ကိုယ်ရောင်ကိုယ်ဝါ ထွက်ခြင်း၊

(၄) တန်ခိုးရှိန်စော် အာနုဘော်ကြီးခြင်း၊

(၅) ကိုယ်ရေကိုယ်သား နူးညံ့ပျော့ပျောင်းခြင်း၊

(၆) ကိုယ်၌ ဖုံမြူမလိမ်း မကပ်ခြင်း-

ဟူသော အကျိုးထူးများကို ခံစားရသည်။

တောင်ဝှေးလှူရကျိုး ၆-ပါး

(၁) သားကောင်းရတနာများ ထွန်းကားခြင်း၊
(၂) ကြောက်ရွံ့ထိတ်လန့်မှု မရှိခြင်း၊
(၃) သူတကာတို့ မနှိပ်စက်နိုင်ခြင်း၊
(၄) အလုံးစုံသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်အပ်ခြင်း၊
(၅) ချွတ်ချော်တိမ်းပါးမှု မရှိခြင်း၊
(၆) စိတ်ခိုင်မြဲခြင်း–

ဟူသော အကျိုးထူးမျိုးကို ခံစားရသည်။

မျက်စဉ်းဆေးလှူရကျိုး ၈-ပါး

(၁) လှပကျယ်ဝန်းသော မျက်လုံးကောင်းကို ရရှိခြင်း၊
(၂) မျက်စိ၌ ဖြူသင့်ရာ ဖြူခြင်း၊
(၃) မျက်စိ၌ ဝါသင့်ရာ ဝါခြင်း၊
(၄) မျက်စိ၌ နီသင့်ရာ နီခြင်း၊
(၅) အလွန်ကြည်လင်သော မျက်လုံးကို ရရှိခြင်း၊
(၆) ရောဂါခပ်သိမ်းမှ ကင်းရှင်းခြင်း၊
(၇) နတ်မျက်စိနှင့် တူသော မျက်စိကို ရရှိခြင်း၊
(၈) အတုမရှိသော ပညာမျက်စိကို ရရှိခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

သေ့လှူရကျိုး ၁-ပါး

နိဗ္ဗာန်တံခါးကို ပွင့်စေနိုင်သော ဉာဏ်တည်းဟူသော သေ့ကို ရရှိခြင်း–

ဟူသော အကျိုးထူးကို ခံစားရသည်။

သေဉ့အိမ်– သေဉ့ခလောက် လှုံ့ရကျိုး ၂-ပါး

(၁) အမျက်ဒေါသ နည်းပါးခြင်း၊

(၂) မပင်ပန်းခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

အာယောဂပတ်လှုံ့ရကျိုး ၅-ပါး

(၁) ပဌမစျာန်စသော သမာဓိတို့၌ မတုန်လှုပ်ခြင်း၊

(၂) ပဌမစျာန်စသော သမာဓိတို့၌ အလေ့အကျင့်ရှိသူ ဖြစ်ခြင်း၊

(၃) ပရိသတ် မပြိုကွဲခြင်း၊

(၄) အခါခပ်သိမ်း မိမိစကားကို လေးစားလိုက်နာကြခြင်း၊

(၅) စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဆေးလိပ်, ဆေးတံလှုံ့ရကျိုး ၃-ပါး

(၁) ဖြောင့်မတ်သော သတိရှိခြင်း၊

(၂) ကောင်းစွာ ဖွဲ့အပ်သော အကြောရှိခြင်း၊

(၃) နတ်မျက်စိနှင့် တူသော မျက်စိကို ရရှိခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဆီမီးတိုင်လှုံ့ရကျိုး ၃-ပါး

(၁) အမျိုးမြတ်ခြင်း၊

(၂) ကြန်အင်လက္ခဏာနှင့် ပြည့်စုံခြင်း၊

(၃) ပညာကြီးခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ရုပ်ပုံသဏ္ဌာန်ဗေဒ ဘာသာရပ်ကို ဘာကြောင့် လေ့လာရသလဲ။

ရုပ်ပုံသဏ္ဌာန်ဗေဒ ဘာသာရပ်ကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့ ဘာတွေ ရရှိနိုင်သလဲ။

ရုပ်ပုံသဏ္ဌာန်ဗေဒ ဘာသာရပ်ကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့ ဘာတွေ ရရှိနိုင်သလဲ။

(၁) ရုပ်ပုံသဏ္ဌာန်ဗေဒကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့ ရရှိနိုင်သော အကျိုးကျေးဇူးများ-

(ဂ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဃ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(င) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(စ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဆ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဇ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဈ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ည) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဋ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဌ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဍ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဎ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဏ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(တ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ထ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဒ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဓ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(န) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ပ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဖ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဗ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဘ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(မ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ယ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ရ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(လ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဝ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(သ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဟ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဠ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(အ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဣ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဤ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဥ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဦ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဧ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဩ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဪ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ါ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ာ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ိ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ီ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ု) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ူ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ေ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဲ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ံ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(့) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(း) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(္) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(်) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ျ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ြ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ွ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ှ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(ဿ) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၀) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၁) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၂) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၃) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၄) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၅) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၆) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၇) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၈) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၉) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

(၁၀) ကျွန်ုပ်တို့ ဘဝတွင် အသုံးဝင်စေသည်။

မေ့ဖျောက်ထုံးရကျိုး ၁-ပါး

ကိလေသာကို နုတ်ပယ်နိုင်သော သန့်စင်သော အတုမဲ့ဉာဏ်ကို ရရှိခြင်း-ဟူသော ဖောကျိုးထူးကို ခံစားရသည်။

နှာနုပ်တံ လှူရကျိုး ၈-ပါး

(၁) သဒ္ဓါတရားရှိခြင်း၊
(၂) သီလရှိခြင်း၊
(၃) ဟိရိရှိခြင်း (မကောင်းမှုမှ ရှက်ခြင်း)၊
(၄) ဩတ္တပ္ပရှိခြင်း (မကောင်းမှုမှ လန့်ခြင်း)၊
(၅) ဗဟုသုတ ရှိခြင်း၊
(၆) စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊
(၇) သည်းခံခြင်း၊
(၈) ပညာဉာဏ်ရှိခြင်း-
ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

အင်းပျဉ် လှူရကျိုး ၅-ပါး

(၁) အာမျိုးမြတ်ခြင်း၊
(၂) ပစ္စည်းဥစ္စာ ပေါမျှားခြင်း၊
(၃) သူခပ်သိမ်းတို့၏ အပူဇော်ကို ခံယူရခြင်း၊
(၄) ကောင်းသတင်း ကျော်စောခြင်း၊
(၅) ကမ္ဘာတစ်သိန်းပတ်လုံး ရတနာပလ္လင်၌ စံနေရခြင်း-
ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ဘုံလျှိမွေ့ ရာလှူရကျိုး ၆-ပါး

(၁) ပြေပြစ်ညီညွတ်သော ခန္ဓာကိုယ် ရှိခြင်း၊

(၂) အပူဇော်ခံရခြင်း၊

(၃) နူးညံ့သူ ဖြစ်ခြင်း၊

(၄) ရှုချင်စဖွယ် လှပတင့်တယ်သူ ဖြစ်ခြင်း၊

(၅) အခြံအရံနှင့် တကွဖြစ်သော ဉာဏ်ကို ရခြင်း၊

(၆) ကောင်းမွန်သော အခင်း အမျိုးမျိုးကို ရရှိ၍ စျာန်တည်း ဟူသော ညောင်စောင်းကို ရခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ခေါင်းအုံးလှူရကျိုး ၆-ပါး

(၁) သားမွေး သွတ်သော ခေါင်းအုံး, ပဒုမ္မာဝတ်ဆံ သွတ်သော ခေါင်းအုံး, စန္ဒကူးအဆာသွတ်သော ခေါင်းအုံးတို့ကို အုံးရခြင်း၊

(၂) မင်္ဂိုလ်အကြောင်းကို သိခြင်း၊

(၃) ပေးကမ်းရမှန်း, ဣန္ဒြေမျှားကို ဆုံးမရမှန်း, ကိုယ်နှုတ် နှလုံးတို့ကို စောင့်စည်း ရမှန်း သိ၍ ဗြဟ္မဝိဟာရတရား လေးပါးနှင့် ရှုပစျာန်မျှား အကြောင်းကို သိခြင်း၊

(၄) ဝတ်ဆင်ကျင့်, သီလစသော ဂုဏ်, အလေ့အကျင့်တို့ကို တတ်သိ နားလည်ခြင်း၊

(၅) စကြံသွားနည်း, ကမ္မဋ္ဌာန်း အားထုတ်နည်း, ဝိရိယအကြောင်း ဗောဓိပက္ခိယ ဟရုားအကြောင်း သိနိုင်ခြင်း၊

(၆) (လောကုတ္တရာ) သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်တို့ကို သိရ၍ ချမ်းသာစွာ နေရခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ပျဉ်ချပ်အင်းပျဉ်လှူရကျိုး ၂-ပါး

(၁) ရွှေပလ္လင်, ပတ္တမြားပလ္လင်တို့ကို ရခြင်း၊

(၂) များစွာသော ဆင်စွယ်ပလ္လင်, စန္ဒကူးပလ္လင်တို့ကို ရခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ခြေဆေးအင်းပျဉ်လှူရကျိုး ၂-ပါး

(၁) မျှားစွာသော ယာဉ်တို့ကို ရခြင်း၊

(၂) အာစေခံမျှား, ဇနီးမျှား, မိုဃို နေသူမျှားက ကောင်းစွာ လုပ်ကျွေးခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ခြေနယ်ဆီလှူရကျိုး ၅-ပါး

(၁) အနာရောဂါကင်းခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) လျင်စွာ တရားကို ပူးစမ်းနိုင်ခြင်း၊

(၄) ထမင်းအဖျော်တို့ကို လွယ်ကူစွာ ရခြင်း၊

(၅) အသက်ရှည်ခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

ထောပတ်ဆီ လှူရကျိုး ၅-ပါး

(၁) ခွန်အားကောင်းခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) အခါခပ်သိမ်း ရွှင်လန်းသော မေ့းညင်းရှိခြင်း (အခါခပ်သိမ်း ရွှင်လန်းတင့်တယ်သော ကိုယ်ရှိခြင်း)၊

(၄) အနာရောဂါ ကင်းခြင်း၊

(၅) သန့်ရှင်းခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

သွားတိုက်ဆေး လှူရကျိုး ၅-ပါး

(၁) လည်ချောင်း သန့်ရှင်းခြင်း၊

(၂) အသံ သာယာခြင်း၊

(၃) ချောင်းဆိုးရောဂါ ကင်းခြင်း၊

(၄) ပန်းနာရောဂါ ကင်းခြင်း၊

(၅) ခံတွင်းမှ ကြာညှိုနံ့ သင်းခြင်း–

ဟူသော အကျိုးထူးမျှားကို ခံစားရသည်။

နို့ဓမ်းလျှူရကျိုး ၂-ပါး

(၁) ကာယဂတာသတိကို ရခြင်း၊

(၂) ကောင်းမြတ်သော အာဟာရကို ရခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ပျားရည်လျှူရကျိုး ၁-ပါး

အရဟာတတ္တဖိုလ်ကို ရခြင်း–

ဟူသော အကျိုးထူးကို ခံစားရသည်။

အရသာရှိသော အဟာရ လျှူရကျိုး ၁-ပါး

ဖိုလ် ၄-ပါးကို ရခြင်း–

ဟူသော အကျိုးထူးကို ခံစားရသည်။

ထမင်းအဖျော်လျှူရကျိုး ၁၀-ပါး

(၁) အသက်ရှည်ခြင်း၊

(၂) ခွန်အားကောင်းခြင်း၊

(၃) တည်ကြည်ခြင်း၊

(၄) အဆင်းလှခြင်း၊

(၅) အခြံအရံများခြင်း

(၆) ချမ်းသာကြီးခြင်း

(၇) ထမင်းကို ရခြင်း၊

(၈) အဖျော်ကို ရခြင်း၊

(၉) ရဲရင့်ခြင်း၊

(၁၀) အခါခပ်သိမ်း ပညာရှိသူ ဖြစ်ရခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

အဓမ္မဒီုင် အခိုးအလှဲလျှူရကျိုး ၁၀-ပါး

(၁) ကိုယ်အနှံမွေးသူ ဖြစ်ရခြင်း၊

(၂) အခြံအရံများသူ ဖြစ်ရခြင်း၊

(၃) သွက်လက် လျင်မြန်သော ဉာဏ်ပညာရှိသူ ဖြစ်ရခြင်း၊

(၄) ကျော်စောသူ ဖြစ်ရခြင်း၊

(၅) ထက်မြက်သော ပညာရှိသူ ဖြစ်ရခြင်း၊
(၆) မြေကြီးအထုနှင့် တူသော ပညာရှိသူ ဖြစ်ရခြင်း၊
(၇) ရှင်သော ပညာ(ဟာသပညာ)ရှိသူ ဖြစ်ရခြင်း၊
(၈) နက်နဲသော ပညာရှိသူ ဖြစ်ရခြင်း၊
(၉) ပြန့်ပြော(ကျယ်ပြန့်)သော ပညာရှိသူ ဖြစ်ရခြင်း။
(၁၀) နိဗ္ဗာန်ချမ်းသာကို ရခြင်း–
ဟူသော အကျိုးထူးများကို ခံစားရသည်။

တံတားလှူရကျိုး ၁၀-ပါး

(၁) ချောက်ကမ်းပါး၊ တောင်၊ သစ်ပင်များမှကျသော်ထောက်တည်ရာ တစ်ခုခုရနိုင်ခြင်း၊ စုတေသော် သုဂတိဘဝကိုရခြင်း၊
(၂) ရန်သူဘို့က မနှိပ်စက်နိုင်ခြင်း၊
(၃) ခိုးသူတို့က မနှိပ်စက်နိုင်ခြင်း၊
(၄) မင်းတို့က မထိမဲ့မြင် မအောက်မေ့ခြင်း၊
(၅) ရန်သူခပ်သိမ်းတို့ကို လွန်မြောက်ခြင်း၊
(၆) လွင်တီးခေါင်၌ နေစေကာမူ ကြမ်းတမ်းဖေသော နေပူက မနှိပ်စက်နိုင်ခြင်း၊
(၇) နတ်ပြည်၌ဖြစ်စေ၊ လူ့ပြည်၌ဖြစ်စေ လိုလားရာအခါ၌ ကောင်းစွာ ဖန်ဆင်းအပ်သော ဆင်ယာဉ် ပေါ်လာခြင်း၊
(၈) လေကဲ့သို့ လျင်မြန်သော သိန္ဓောမြင်း စာစ်ထောင် ညအခါ နံနက်အချိန်များ၌ ချဉ်းကပ်လာခြင်း၊
(၉) ဆင်ပျံရတနာဖြင့် ကောင်းကင်၌ သွားနိုင်ခြင်း၊
(၁၀) အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုရခြင်း–
ဟူဓသော အကျိုးထူးများကို ခံစားရသည်။

ယာဂုလှူရကျိုး ၁၀-ပါး

(၁) တာဝတိံသာနတ်ပြည်သို့ ရောက်ရခြင်း၊
(၂) ပဉ္စာမြားနတ်ဗိမာန်၌ နတ်သမီးများနှင့် အတူ ဝမ်းမြောက် ဝမ်းသာ ပျော်မွေ့ရခြင်း၊

(၃) သုံးဆယ့်သုံးကြိမ် သိကြားမင်း ဖြစ်ရခြင်း၊

(၄) အကြိမ် သုံးဆယ် စကြဝတေးမင်း ဖြစ်ရခြင်း၊

(၅) ပဓဒသဏ္ဍမင်း စည်းစိမ်ကို အပိုင်းအခြား မရှိအောင် ခံစား ရခြင်း၊

(၆) နောက်ဆုံးဘဝ၌ ရဟန်းပြုရ၍ ဆဲချသည်နှင့် တပြိုင်နက် တရား ထူးကို ရခြင်း၊

(၇) ဘဝသစ်၌ သိက္ခာပုဒ်ကို မဆောက်တည်ရသေးမီ (သရဏကို မဆောက်တည်ရသေးမီ) အရဟတ္တဖိုလ်ကို ရခြင်း၊

(၈) နိဗ္ဗာန်သို့ ရောက်ရခြင်း၊

(၉) စိုးရိမ် ငိုကြွေးမှု မဖြစ်ရခြင်း၊

(၁၀) ဖျားနာမှု မဖြစ်ရခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ယဒဂ္ဃုလ္လရကျိုး ၅-ပါး (တနည်း)

(၁) အနာထောကာ ကင်းခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) တရားကို လျင်မြန်စွာ သိခြင်း၊

(၄) ထမင်း အဖျော်ကို လွယ်ကူစွာ ရခြင်း၊

(၅) အသက်ရှည်ခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဒါနပြုသူ, မပြုသူတို့ ကွာခြားပုံ

ဒါနပြုသူ ဒါနရှင်သည် လူဖြစ်ခစ, နတ်ဖြစ်စေ ဖြစ်လေရာ ဘဝတိုင်း၌ ဒါန ပြုသူ ဒါနရှင်ကသာ ဒါနမဲ့သူထက် အာယု, ဝဏ္ဏ, သုခ, ယသ, အာဓိပတေယျ (အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်ချမ်းသာခြင်း, အခြံအရံအကျော် အစောများခြင်း, အစိုးရခြင်း)ဟူသော အကျိုးငါးပါးဖြင့် ထူးကဲသာလွန်၏။ ဓာတုကိုယ်ကြောင့် လူနတ်ဖြစ်ချင်း တူသော်လည်း ဒါနရှင်ကသာ သာလွန် မြင့်မြတ်သည်။

ပေးလှူသူနှင့် မပေးလှူသူတို့ဆိုသည် ဘဒ္ဒါ, သီလ, ပညာ တို့မျှကြဆော်လည်း နတ်လူပြဟ္မာနိုး အာပြုစ်တို့ဌ် မတူကြဘဲ ဒါနရှင်ကသာ ဒါနမဲ့သူထက် အကျိုး ၅-မျိုးဖြင့် ထူးကဲသာလွန်၏။

ထူးကဲသာထွန်ပုံ

နတ်ဖြစ်ခဲ့သော် နတ်၌ ဖြစ်သော အသက်, အဆင်း, ချမ်းသာ, အခြံအရံ (အကျော်အစော) အစိုးရခြင်းဟူသော ဤအကြောင်း ၅-မျိုးဖြင့် ပေးလှူသူက မပေးလှူသူထက် ထူးကဲသာလွန်၏။

လူဖြစ်ခဲ့သော် အရှင်မဟာကဿပ, အရှင်ဗာကုလ, အရှင်အာနန္ဒာတို့ကဲ့သို့ အသက်ရှည်ခြင်း၊ အရှင်မဟာကစ္စည်းမထေရ်, ဥပ္ပလဝဏ်ထေရ်, ဧမောဒေရီ, ဇနပဒကလျာဏီတို့ကဲ့သို့ အဆင်းလှခြင်း၊ ရဋ္ဌပါလသင်္ဘီသား, သောဏ သူဌေးသား, ယသ သတ္တိသားတို့ကဲ့သို့ ချမ်းသာကြီးခြင်း၊ ဓမ္မာသောကမင်းကဲ့သို့ အခြံအရံ (အကျော်အစော) များခြင်း, အစိုးရခြင်းဟူသော ဤအကြောင်း ၅-မျိုးတို့ဖြင့် ပေးလှူသူ ဒါနရှင်က မပေးမလှူသူ ဒါနမဲ့ထက် ထူးကဲသာလွန်၏။

ရဟန်းဖြစ်ခဲ့သော် အရှင်ဗာကုလ, အရှင်သီဝလိ, အရှင်အာနန္ဒာ စသည်တို့ကဲ့သို့ "အလှူခံတော်မူပါ"ဟု တောင်းပန်ခံရသည် ဖြစ်၍ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးကို သုံးဆောင်ရသည်က များပြီး တောင်းပန်မခံရဘဲ သုံးဆောင်ရသည်က နည်းပါးခြင်း၊ ချစ် နှစ်လိုဖွယ်သော ကိုယ်, နှုတ်, စိတ်, အမူရာတို့ဖြင့် ပြောဆို ဆက်ဆံကြသော သီတင်းသုံးဖော်တို့နှင့်သာ အတူတကွ နေထိုင်ရခြင်းဟူသော ဤအကြောင်း ၅-မျိုးတို့ဖြင့် ပေးလှူသူက မပေးလှူသူထက် ထူးကဲသာလွန်၏ (အံ၊ ၂။ ၂၇။ အံ၊ ဋ္ဌ၊ ၃၊ ၁၇)။

ဒါနပြုသူ, မပြုဘူး နှစ်ဦးတို့ ကွာခြားသည့် သာဓကဝတ္ထုမှာ ကဿပဘုရားရှင် လက်ထက်တော်အခါတုန်းက မိတ်ဆွေ ရဟန်း ၂-ပါးရှိရာ တစ်ပါးက ဓါနရှင် တစ်ပါးက ဒါနမဲ့ ဖြစ်ခဲ့ကြ၏။ ၂-ပါးလုံးပင် သီလပြည့်စုံသဖြင့် ကျွန်ုပ်တို့ ဂေါတမဘုရားလက်ထက်တိုင်အောင် လူ့ပြည် နတ်ပြည်ကျင်လည်ရာဝယ် ဒါနရှင် ကသာ အထက်တန်းကျခဲ့၏။ နောက်ဆုံးဘဝ၌ ကောသလမင်း၏ နန်းတော်တွင် ထိုမိတ်ဆွေရင်း ၂-ဦး တွေ့ဆုံကြပြန်ရာ ဒါနရှင်က မင်းသား၊ ဒါနမဲ့သူက အဆိုန်းတော်သား ဖြစ်၍ ပုခက် ၂-လုံးတွင် ဒါနရှင်က ထီးဖြူဆောင်းလျက် ရွှေပုခက်၊ ဒါနမဲ့က သစ်သား ပုခက်ကို စီးကာ ထိုကဲ့သို့ အမျည်အချင်း ကွာခြားစွာဖြင့်ပင် ကျွတ်တမ်းဝင်ကြလေသည်။

၈ရာကျိုး ၁၀- ပါး

(၁) သန့်ရှင်းကြည်လင်ခြင်း၊

(၂) ကျေနပ်စေးထင်ရှားခြင်း၊

(၃) အခြံအရံ ပေါများခြင်း၊

(၄) လျင်မြန်ပျံတ်လတ် သွက်လက်ပေါ့ပါးခြင်း၊

(၅) ရောတ်မှတ်သိပ်မှု ကင်းဝေးခြင်း၊

(၆) ဆာသက်ရှည်ခြင်း၊

(၇) အဆင်းလှခြင်း၊

(၈) ကြီးမှားချမ်းသာခြင်း၊

(၉) ဝှန်အားကြီးမားခြင်း၊

(၁၀) ပညာဉာက် ကြီးမှားခြင်း။

၈ရာလုံရကျိုး

"ထမင်းအသက် ဝှန်စ်ရာက်၊ ရေအသက် တစ်မနက်" ဆိုသကဲ့သို့ ထမင်းကို ဝှန်စ်ရက် မစားဘဲ နေနိုင်မသော်လည်း၊ ရောက်မှု တင်မနက်မျှ မဝေသာက်ရလျှင် မနေနိုင်ပေ။ တနိုပ်း မပြတ်နိုင်သော စိန်ရွှေရတနာ ထောင်ပေါင်းများစွာ ဟိုသည် ရေရှားပါးသော သဲကန္တာရ ခရီးခဲတွင် လူ၏ အသက်ကို မကယ်တင်နိုင်ဘဲ ရောတ်စ်ရက် ဆည်သာ လူ၏ အသက်ကို ကယ်တင်နိုင်ပေသည်။ ထို့ကြောင့် ရောကို လှူဒါန်းခြင်းသည် အသက်ကို လှူဒါန်းသည်နှင့် တူ၏။ ဟုတိ ရောသည် ဗဟိဒ္ဓ အညစ်အကြေးမှန်သမျှကို စင်ကြယ်စေနိုင်သကဲ့သို့ ရောကို လှူဒါန်းခြင်း ဟူသော ကုသိုလ်စေတနာသည် အင္ဂါတ္တကိလေသာ အညစ်အကြေး အားလုံးကို စင်ကြယ်နိုင်ပေသည်။ ရောကိုလှူခြင်းလျှင်—

(၁) နှတ်မင်းအပေါင်းထက် ပြတ်သော နှတ်ဆပြစ် အကြိမ်များစွာ ပြစ်ရခြင်း၊

(၂) စကြဝဠေးမင်းအပြစ် အကြိမ်များစွာ ပြစ်ရခြင်း၊

(၃) အပါယ်လေးပါးသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ရခြင်း၊

(၄) ထောက်လေထာအခါ၌ ရေမျှားခြင်း၊

(၅) ရောဂါကင်း၍ အဆင်းလှခြင်း၊

(၆) ဆောင်းရာသီ, နွေရာသီများ၌ လိုအပ်၍ တော်တ်တလျှင် ကြီးစွာသော မိုးကို ရွာသွန်းစေနိုင်ခြင်း၊

(၇) ကိလေသာတည်း ဟူသော မြူကင်းခြင်း–

ဟူသော အကျိုးထူးများကို ခံစားရသည် (အပ၊ ၂။၁၉၇)။

ထင်ရှားသော ရေအလှူရှင်များ

ဥဒကဒါယက မထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်က အမြတ်ဆုံး ဖြစ်သော ရဟန်းသံဃာ၌ ကြည်ညို ဝမ်းမြောက်သောစိတ် ရှိသည် ဖြစ်၍ သောက်ရေ သုံးရေတို့ကို လှူဒါန်းသည် (အပ၊ ၂။၇၈)။

ဥဒက ဒါယိကာ မထေရ်မသည် ဂေါတမ မြတ်စွာဘုရား မပွင့်ပေါ်မီ ကံုးဆယ်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်က ဗန္ဓုမတီမည်သော ပြည်တွင် ရေခပ်ခြင်းဖြင့် အသက်မွေးမြူရသော သူဆင်းရဲမတစ်ယောက် ဖြစ်ခဲ့၏။ ဗန္ဓုမတီမြို့၌ သူဌေး သူကြွယ် မူးမတ် အိမ်ရှေ့မင်း ပြည်ရှင်မင်းတို့ သူ့ထက်ဒါ အလှူဒါန ပြုကြသည်ကို တွေ့မြင်ရသော ထိုသူဆင်းရဲမသည်—

> "အော်– သူဘကာတွေမှာတော့ ပစ္စည်းဥစ္စာ ပြည့်စုံသဖြင့် အလှူဒါန ပြုနိုင်ကြပေသည်၊ ငါ့မှာတော့ လှူစရာ ပစ္စည်းဥစ္စာ မရှိပါတကား။ လှူစရာမရှိ၍ အမှုမဲ့ အမှတ်မဲ့ နေခဲ့သော် နောင်ဘဝ သံသရာတစ်လျှောက်လုံး၌ သည်ထက်မက ဆင်းရဲဒုက္ခ ကြုံတွေ့ရတော့မည်"·

ဟု စိတ်အကြံ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ဆိုင်းနှင့် ရေအိုးကို ယူ၍ မြစ်မှ ရေကို ခပ်ပြီးလျှင် ကျောင်းတိုင်း ကျောင်းတိုင်း၌ သောက်ရေ သုံးရေတို့ကို အဆက်မပြတ် လှူဒါန်းခဲ့၏ (အပ၊ ၂။၁၉၇)။

အခန်း (၁၃)

ဒါနစေတနာ သုံးတန်

ဒါနပြုထုဉ် ပြုနည်းမှန်ကန်မှ အကျိုးပေး ထက်သန်နိုင်၏။ အလှူပေး ပုဂ္ဂိုလ်အတွက် အင်္ဂါ ၃-ပါးနှင့် အလှူခံ ပုဂ္ဂိုလ်အတွက် အင်္ဂါ ၃-ပါး ကျွတ်အောင်ပြည့်စုံမှသာ အလှူပေး, အလှူခံ ပြည့်စုံမည့် အင်္ဂါ ၆-ပါးရှိ၏။ ယင်းအင်္ဂါ ၆-ပါးနှင့် ပြည့်စုံသော ဒါနသာ ပြုနည်းမှန်ကန်သော ဒါနဟု ဆိုအပ်၏။ အလှူပေး, အလှူခံ နှစ်ဘက်စလုံး တာဝန်ကျေသော ဒါနလည်းမည်၏။

အလှူပေးပုဂ္ဂိုလ် အလှူဒါယကာဘက်၌ အလှူဒါနကစ်ခုကို ပြုရာတွင်—

- ပုဗ္ဗစေတနာ၊
- မုဉ္ဇစေတနာ၊
- အပရစေတနာ-ဟု အင်္ဂါ ၃-ပါးရှိ၏။

ပုဗ္ဗစေတနာ

မလှူမီ ရှေးအဖို၌ လှူဖွယ်ဝတ္ထုကို စုဆောင်းရှာဖွေရာ အခါမှ ၎င်း"ငါသည် လောကီ, လောကုတ္တရာ မျှားစွာသော စည်းစိမ်တို့၏ အကြောင်းဖြစ်သော အနုဂါမိက (ဘဝစဉ်ဆက် လိုက်တတ်သော) အလှူမျိုးကို လှူရတော့မည်"ဟု ဝမ်းမြောက်ခြင်း ကုသိုလ်စေတနာသည် ပုဗ္ဗစေတနာမည်၏။ ဤ ပုဗ္ဗစေတနာ ဖာခိုက်၌ အလှူဒါနကို အကြောင်းပြု၍ အလှူ.ဒကာ အလှူ.အမ-ဟု ထင်ရှား ကျော်စော်လိုသော စိတ်နှင့် မိမိလှူနိုင်ကြောင်း ကြွားဝါလိုသောစိတ်မျှား မဖြစ်ပေါ်အောင် သတိပြုရမည်။ လှူဖွယ်ဝတ္ထု ပစ္စည်းစုခိုက် အိမ်သားအချင်းချင်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း မကျေမနပ်မှု ဒေါသ စသော အကုသိုလ်မျှား မဖြစ်စေဘဲ အလှူအတွက် တစုံတခုကြောင့် တွန့်တိုစိတ်ပျက်သော မလှူလို ဝန်တိုမစ္ဆရိယစိတ်မျှား အလျဉ်းမဖြစ်အောင် အထူးသတိနှင့် စောင့်ထိန်းလျက် လှူဖွယ်အရပ်ရပ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ စီစဉ်နိုင်လျှင် ပုဗ္ဗစေတနာအတွက် ပြည့်စုံနေပြီဟု မှတ်ယူနိုင်၏။

မုဉ္ဇစေတနာ

လှူဖွယ်ဝတ္ထု ပစ္စည်းစုကို အလှူခံပုဂ္ဂိုလ်၏ လက်ထဲသို့ ထည့်၍ စွန့်လွှတ် လှူဒါန်းဆဲ လှူဒါန်းတုန်းအခိုက်၌ "အနှစ်သာရ မရှိသော ဟူည်းညာဏ

ဖန်စစ်သာရရှိသော ကုသိုလ်မျိုးစေ့ကို ထုတ်ယူနေပါတကား" ဟု စိတ်ကြည်လင်ရွှင်ပျသော ကုသိုလ်စေတနာသည် မုဉ္ဇစေတနာ မည်၏။ ဤ မုဉ္ဇစေတနာအခိုက်၌လည်း ဖော်ပြခဲ့သော အကုသိုလ်စိတ်မျိုးနှင့် အလှူခံပုဂ္ဂိုလ်အပေါ် ထုယ်တာသော တဏှာလောဘစိတ်မျိုး မဖြစ်စေဘဲ ယခု လှူဒါန်းလိုက်သည့် အတွက် မိမိကိစ္စကို ကူညီ ဆောင်ရွက်လိမ့်မည်ဟု လောကီအကျိုးတစုံတရာကို မမျှော်လင့်ဘဲ ရက်ရက်ရောရော လှူဒါန်းနိုင်ပါလျှင် "မုဉ္ဇစေတနာ အတွက် ပြည့်စုံနေပြီ" ဟု မှတ်ယူရမည်။

အပရစေတနာ

အလှူဒါနပြုပြီးနောက် "ငါဆည် ပညာရှိတို့ ချီးမွမ်းအပ်သော လှူဒါန်းမှုကို အတုလိုက်၍ ပြုလုပ်ရပေပြီ၊ ကောင်းလေစ့" ဟု အဖန်ဖန် အထပ်ထပ် အောက်မေ့ အမှတ်ရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းသည် အပရစေတနာ မည်၏။ အလှူဒါန ပြုပြီးနောက် ထိုအလှူဒါနကို သတိရတိုင်း ထပ်ကာ ထပ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပြန်လျှင် အပရစေတနာကုသိုလ်တွေ ထပ်မံတိုးပွား၏။ ထိုသို့ မဟုတ်ဘဲ အလှူပေးပြီးနောက် ပစ္စည်းပျက်ပြုန်း၍ ဖြစ်စေ, အလှူခံ ပုဂ္ဂိုလ်အပေါ် မကျေနပ်၍ ဖြစ်စေ "လှူမိတာ မှားလေစ့" ဟု အပရစေတနာပျက်လျှင် ထိုအလှူနှင့်စပ်၍ မကျေနပ်မှု ဒေါသအကုသိုလ်တွေ ဖြစ်ပွားတတ်သေးသဖြင့် ထိုအဖြစ်မျိုးမှ လွတ်ကင်းဖေ့ဝင် သတိနှင့် ထိန်းသိမ်းကြရာ၏။

အလှူပေးပုဂ္ဂိုလ်၌ ဖော်ပြပါ စေတနာ ၃-မျိုးနှင့် ပြည့်စုံလျှင် အလှူပေး ပုဂ္ဂိုလ်ဘက်က အင်္ဂါရုပ်ပြည့်စုံပြီဟု ဆိုနိုင်၏။

ထို့အတူ အလှူခံပုဂ္ဂိုလ်ဘက်၌လည်း—

(၁) ရာဂကင်းမှု၊ သို့မဟုတ် ရာဂကင်းရန် ကျင့်မှု၊

(၂) ဒေါသကင်းမှု၊ သို့မဟုတ် ဒေါသကင်းရန် ကျင့်မှု၊

(၃) မောဟကင်းမှု၊ သို့မဟုတ် မောဟကင်းရန် ကျင့်မှု အင်္ဂါ ၃-ပါး—

ဤသို့အားဖြင့် အလှူပေး, အလှူခံ အင်္ဂါ ၆-ပါးရှိ၏။ သမုဒ္ဒရာရေ အတိုင်းအရှည် ပမာဏကို ကွမ်းစား၀တစ်ရာ, ကွမ်းစား၀တစ်ထောင် ကွမ်းစား၀တစ်သိန်း ရှိ၏ဟု မရေတွက် မမှန်းဆနိုင်သကဲ့သို့ ပြဆိုခဲ့ပြီးသော အင်္ဂါ ၆-ပါးနှင့် ပြည့်စုံသော အလှူဒါန၏ အကျိုးအာနိသင် အတိုင်းအရှည် ပမာဏကိုလည်း ဤမျှ-ဤမျှ ရှိ၏ဟု မရေတွက် မမှန်းဆနိုင်။ စင်စစ်အားဖြင့် မဟာသမုဒ္ဒရာ၌

ရှိသော ရေအစုကို မရေမတွက်နိုင်သော ရေအစုဟုသာ (လက်လျှော့ကာ) ခေါ်ဆိုရသကဲ့သို့ ထို့အတူ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ဖာလှူကိုလည်း အတိုင်းမသိအောင် အကျိုးပေးခြင်းရှိသော အလှူဟူ၍သာ ခေါ်ဆိုရသည်။

ဤအင်္ဂါ ၆-ပါးနှင့် ပြည့်စုံလျှင် ဒါနအာနုဘော် ကြီးမြင့်သည်။ ဤအင်္ဂါ ၆-ပါး ယုတ်လျော့လျှင် ဒါနအာနုဘော် ဆုတ်ယုတ်သည်ဟု မှတ်ယူအပ်၏။

စေတနာသုံးတန် ညီညွတ်ခြင်း၏ လက်ငင်းအကျိုး

ဒဿကနိပါတ် မဟာဓမ္မပါလ ဇာတ်တော်၌ ခမည်းတော် သုဒ္ဓါဒန မင်းကြီး၏ အလောင်းဖြစ်သော မဟာဓမ္မပါလပုဏ္ဏားကြီးကို ဒိသာပါမောက္ခ ဆရာကြီးက "သင်တို့၏ မဟာဓမ္မပါလ အမျိုးဌာ အဘယ့်ကြောင့် အသက်တမ်း မပြည့်ဘဲ ကလေးသူငယ်များ မသေကြသနည်း" ဟူသော အမေးကို ဖြေကြား ထာ၌—

"ငါတို့သည် မလှူမီ ရှေးအဖိုက ကောင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါကုန်၏၊ လှူဆဲမှာလည်း စင်စစ်နှစ်သက်ဝမ်းမြောက်သော စိတ်ရှိကြပါကုန်၏၊ လှူပြီးသည့်နောက်မှာလည်း စင်စစ် တွန့်တိုပူပန်ခြင်း မရှိကြပါကုန်။ ဤအကြောင်း သုံးရပ်ကြောင့် ငါတို့၏ မဟာဓမ္မပါလ အမျိုးဌာ (အသက်တမ်း မပြည့်ဘဲ) ကလေးသူငယ်များ မသေကြကုန်"ဟု—

ဖြေကြားသည်ကို ထောက်ထား၍ ဤ "စေတနာသုံးတန် ညီညွတ်ခြင်းသည် လက်ငင်းဒိဋ္ဌ အသက်ရှည်ခြင်း" ဟူသော အကျိုးပေးနိုင်သည့် အာနုဘော် ရှိကြောင်းကိုလည်း အထူးမှတ်သားကြရာ၏။

စေတနာသုံးတန် ပျက်ပြယ်လျှင် ဆက်နွယ်လာမည့် အပြစ်များ

အလှူဒါနပြုလုပ်ကြသူတို့သည် မလှူမီ, လှူဆဲ, လှူပြီး သုံးဌာနတို့တွင် တစ်ပါးပါး၌ စေတနာ ပျက်ကွက်လှုပ်ရှား တတ်ကြ၏။ ပုဗ္ဗ, မုဉ္ဇ, အပရစေတနာ သုံးပါးလုံး မလွှမ်းမိုးနိုင် ကြံခိုင်စွာ တည်တံ့ပါမှ အလှူဒါနသည် အကျိုးများ၏ (ဒီဃ။ ၂၆၇-၈)။

ထိုသို့ မဟုတ်ဘဲ မလှူမီ ရှေးအဖို့ ပုဗ္ဗစေတနာ အခိုက် တွန့်တိုဆုတ်နစ်မှု မစွန့်ရိယ စသည်များဖြစ်ကာ ပုဗ္ဗစေတနာချို့တဲ့ ပျက်စီးပါက အလှူယ်သုံးပါးတွင် ပထမအလှူယ်၌ စီးပွားဥစ္စာ ချို့တဲ့နှမ်းပါးတတ်၏။ ရုပ်လက္ခဏာအားဖြင့် မဟာကုသမင်းနှင့် ပဥ္စပါပီ မိဖုရားတို့ကဲ့သို့ ချို့တဲ့ပျက်စီးတတ်၏။

လှူဆဲ လှူတုန်း မှဉ္ဆစေတနာအခိုက်၌ အလှူအပေါ် တန့်တိုဆုတ်နစ်ကာ မဉ္ဆေစေတနာ ချို့တဲပျက်စီးခဲ့သော် အင်္ဂါငြိလက် ချို့တဲခြင်း၊ ဂုဏ်မဲ့သော အမျိုးအနွယ်၌ ဖြစ်ရခြင်းနှင့် တန်ခိုးအရှိန်အဝါ သေးနုတ်ခြင်း စသော မကောင်းကျိုးများ ဖြစ်ပေါ်တတ်၏။

ပေးလှူပြီးနောက် အပရစေတနာအဖို့၌ တွန့်ဆို ဆတ်နစ်၍ စိတ်မချမ်း မသာ ပူပန်မှု ဖြစ်ခဲ့သော် လူဖြစ်လာ၍ ချမ်းသာ ကြွယ်ဝသော အမျိုး၌ ဖြစ်ရစေကာမူ ထူးထွေ ကောင်းမြတ် သာယာ နှစ်သက်အပ်သော စားဖွယ် သောက်ဖွယ် အဝတ်တန်ဆာ, အသုံးအဆောင် ဘဏ္ဍာတို့ကို သုံးဆောင် ခံစားလိုစိတ် မဖြစ်ပေါ်တတ်ခြင်း, သုံးဆောင်ခစားဖို့ရန် စိတ်မညွတ်တတ်ခြင်း, သုံးဆောင်ခံစားလိုစိတ်ဖြင့် သုံးဆောင် ခံစားနေသော စည်းစိမ် ဥစ္စာများ ရုတ်တရက် ဆုတ်ယုတ်ပျက်စီးတတ်ခြင်း, ရာထူး အချခံရတတ်ခြင်း, အိုမင်းသည့် အခါ ဆင်းရဲဒုက္ခ အမျိုးမျိုး ခံစားရခြင်း စသော အနိဋ္ဌအကျိုး အမျိုးမျိုးကို ခံစားရတတ်၏။ သာဓကအဖြစ် သာဝတ္ထိမြို့သား ပထမ အပုတ်တကသူဌေး (သံ၊ဝ။၉၀)၊ ဒုတိယ အပုတ်တက သူဌေး (သံ၊ဝ။၉၂-၃ စသည်)၊ ဗာရာဏသီ မင်း၏မိဖုရား ပဒုမဝတီ(အံ၊ဋ္ဌ၊၁။၂၇၀-၁။ ထေရီ၊ဋ္ဌ၊၁၉၃-၄)တို့ကို မှတ်ယူရာ၏။

များသောအားဖြင့် အလှူရှင်တို့အား နောင်ကတဖန် ပြင်းစွာ ပူပန်မှု ဖြစ်ရခြင်းသည် အလှူခံပုဂ္ဂိုလ်ကြောင့် ဖြစ်ရတတ်၏။ အလှူပေးမည့် သူသည် ပညာရှင်တို့နှင့် တိုင်ပင် ဆွေးနွေးပြီးမှ ပေးလှူသင့်၏။ ပညာရှင်တို့နှင့် မတိုင်ပင် မဆွေးနွေးဘဲ လှူဒါန်းမှု ပြုလိုက်လျှင် နောင်အခါ၌ "မှားလေစ"ဟု နောင်တ ရတတ်၏ (ဒီ၊ဋ္ဌ၊၁။၂၆၄)။

ထို့ကြောင့် အလှူပေးသောအခါ နောင်တတဖန် ပူပန်မှု "ဝိပ္ပဋိသာရ" မဖြစ်ရလေအောင် သီလ မရှိသော ဒုဿီလအလှူခံ ပုဂ္ဂိုလ်တို့ကို မရည်မှန်း အာရုံမပြုဘဲ သီလရှိသော "သီလဝန္တ" အလှူခံ ပုဂ္ဂိုလ်တို့ကိုသာ ရည်မှန်း အာရုံပြု၍ လှူဒါန်းရမည်။ သို့မှသာ ဇစဝါနာ တိုးပွား၍ အကျိုးများပေလိမ့်မည်။

ဒါနဟူသည်၊ ပြုအံ့ရည်သော်၊ မူနည်ယုတ်မြတ်၊ မမှတ်အညှိ၊ လာရောက်ပြီတိုင်၊ ဒုဿီသုသီ၊ အလင်္ဂီက၊ လင်္ဂီမကြွင်း၊ မချန်ခြင်းဘဲ၊ ဝမ်းတွင်းခိုင်ကျည်၊ သူမည်မည်၌၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မတုန်မလှုပ်၊ ထိန်းအုပ်မစ္ဆာ၊ မတွန့်စေနှင့်၊ လှူဖော်ရွေးဖို၊ ဉာဏ်မဲ့ချို၍၊ တွန့်တိုတုံက၊ ပထမရွယ်၊ နောင်ခါဝယ်၌၊ နှမ်းနယ်ချမ်းသာ၊ ဆိုးရွပ်ဝါနှင့်၊ မဟာကုသ၊ ပဉ္စပါပီ၊ မဟေသီသို့၊ ယက္ခီ ယက္ခ၊ တူတမျှဖြင့်၊

ရှုပလက္ခဏာ၊ ပျက်တတ်စွာ၏၊ နောက်မှာ တွန့်ငြား၊ သားဆီးမဲ့၊ ချို့တဲ့ယုင်းယို၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိမ်နိမ့်ကျ၊ ဖြစ်တတ်ကြ၏။ ပဒုမဝတီ၊ ဒေဝီနေမြတ်၊ သန္ဓေနတ်နှင့်၊ ပညာဘိမည်ထုတ်၊ အပုတ္တက၊ သူဌေး စသည့်၊ ထိုမျှဝတ္ထု၊ အစုစုကို၊ မျော်ရှုနိုင်းဆ၊ ထောက်အပ်စွာ့ရှင့်၊ မုဉ္ဇအခါ၊ တွန့်တိုပါသော်၊ အင်္ဂါချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏တန်ခိုး၊ မပြည့်ဖြိုးသည်။ ။နွမ်းညှိုးယော်ရမည်ကိုကား (မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း။ အပိုဒ်ရေ ၂၀၅)။

စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနကုသိုလ်နှင့် စပ်၍ ပုဗ္ဗ, မုဉ္ဇ, အပရ စေတနာဟု စေတနာသုံးမျိုး ခွဲခြားနားလည်ပြီးနောက် ဒိဟိတ်ကုသိုလ်, တိဟိတ်ကုသိုလ်, ဩမကကုသိုလ်, ဥက္ကဋ္ဌကုသိုလ်မျိုး ဖြစ်ပုံကိုလည်း ခွဲခြားနားလည်သင့်၏။ ထိုသို့ နားလည်ပြီး ပြုသော ကုသိုလ်မှသာ ဘုရားသာသနာတော်နှင့် ကြုံကြိုက် ရကျိုး နပ်ပေလိမ့်မည်။

မှန်၏၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုကို ဗုဒ္ဓသာသနာတော်အတွင်း ၌လည်း ပေးလှူကြ၏။ ဗုဒ္ဓသာသနာတော် အပြင်ပ၌လည်း ပေးလှူကြ၏။ ဗုဒ္ဓသာသနာတော် ကြုံကြိုက်ပါလျက် တိဟိတ်ကုသိုလ် ဥက္ကဋ္ဌကုသိုလ်မျိုးဖြစ်အောင် နှလုံးမသွင်းတတ် မဆင်ခြင်တတ်လျှင် သာသနာတော်နှင့် ကြုံကြိုက်ရကျိုးမနပ်ပြီ၊ သာသနာတော်နှင့် ကြုံရကျိုးနပ်အောင် ခွဲခြားနားလည်အောင် လေ့လာမှတ်သားသင့်၏။

ဒိဟိတ်, တိဟိတ်ကုသိုလ် ခွဲခြားပုံ

အာဘိဓမ္မတ္ထသင်္ဂြိုဟ် စေတသိကပိုင်း၌ လာသော အလောဘ, အဒေါသ, အမောဟ (ပညာ) စေတသိက် ၃-ပါးကို ပါဠိလို "ဟေတု" မြန်မာလို "ဟိတ်" ဟု ခေါ်၏။ ဤနေရာ၌ "ဟေတု" သဒ္ဒါသည် "အခြေအမြစ်" ဟူသော အနက်ကို ဟော၏။ သစ်ပင်၌ ရေသောက်မြစ်သည် သစ်ပင်တစ်ပင်လုံး ခိုင်မြဲ စည်ကားကြီးထွားအောင် ပြုသကဲ့သို့ အလောဘ စသော ထို ဟိတ်တရားများလည်း မိမိတို့နှင့် ယှဉ်ဖက်စိတ်ကို ခိုင်မြဲစည်ကား အကျိုးများအောင် ပြုနိုင်ကြပေသည်။ ထို့ကြောင့် ကုသိုလ်စိတ်ကို ဟိတ် ၂-ပါးနှင့် ယှဉ်လျှင် ဒိဟိတ် ကုသိုလ်စိတ်၊ ဟိတ် ၃-ပါးနှင့် ယှဉ်လျှင် တိဟိတ်ကုသိုလ်စိတ်ဟု ခွဲခြားမှတ်သားရမည်။

ဒိဟိတ်ကုသိုလ်စိတ်

အလောဘ, အဒေါသ, ဟိတ် ၂-ပါးနှင့် ယှဉ်သော ကုသိုလ်စိတ်သည် ဒွိဟိတ် ကုသိုလ်စိတ် မည်၏။ အမောဟ ဆိုသည်မှာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ကံ, ကံ၏ အကျိုး ကောန် ရှိ၏ဟု ယုံကြည်သော ဉာဏ်ပညာတည်း။ ထိုဉာဏ်ကိုပင် "ကမ္မဿကတာဉာဏ်" ဟု ခေါ်၏။ ကလေးသူငယ်မျှားနှင့် ကံ, ကံ၏ အကျိုး နားမလည်သော ပုဂ္ဂိုလ်မျှား ပစ္စည်းဝတ္ထု တစုံတခုကို ပေးလှူရာ၌ "ယခု ပြုသော ပေးလှူမှု ကုသိုလ်ကံသည် မိမိသန္တာန်မှာ အကျိုးပေးရန် သတ်တိရှိနေ၏။ ထို ကံကြောင့် နောင်အခါ အကျိုးခံစား ရမည်"ဟု သိသော (သမ္မာဒိဋ္ဌိ=ကမ္မဿကတာဉာဏ်) အမောဟဟိတ် မပါ၊ အလောဘ, အဒေါသ ဟိတ် ၂-ပါးသာ ပါ၏။ ထို့ကြောင့် ထိုကုသိုလ်စိတ်မျိုးကို "ဒွိဟိတ်ကုသိုလ်စိတ်=ဉာဏ်မပါသော ကုသိုလ်စိတ်"ဟု ခေါ်ကြရသည်။

ယခုအခါ အချို့ ဗုဒ္ဓဘာသာဝင်မျှားလည်း ကံ့ ကံ၏အကျိုးကို နားမလည်ကြဘဲ သူမျှားလှူလို့ လှူကြရသူတွေ့ မျှားစွာ ရှိ၏။ ထိုသူမျှား၏ ကုသိုလ်စိတ်လည်း ဒွိဟိတ်ကုသိုလ်ပင် ဖြစ်၏။ ပင်ကိုဉာဏ် ရှိသူ (တတ်သိနားလည်သူ) ဖြစ်သော်လည်း အမှတ်တမဲ့ ပေးကမ်း လှူဒါန်းရာ၌ ဒွိဟိတ်ကုသိုလ်စိတ်ပင် ဖြစ်တတ်၏။ အချုပ်အားဖြင့် ကုသိုလ်ပြုတုန်း ဉာဏ်ပညာ မပါလျှင် ဒွိဟိတ် ကုသိုလ်ချည်းသာ မှတ်ယူရမည်။

တိဟိတ်ကုသိုလ်စိတ်

အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါးနှင့် ယှဉ်သော ကုသိုလ်စိတ်သည် တိဟိတ်ကုသိုလ်စိတ်မည်၏။ ကုသိုလ်ပြုနေတုန်းအခါ ကံကိုလည်းကောင်း, ကံ၏ အကျိုးကို လည်းကောင်း နားလည်သော ကမ္မဿကတာဉာဏ်ပါလျှင် တိဟိတ်ကုသိုလ်စိတ် ဖြစ်သည်။ တစုံတခုပစ္စည်းကို ပေးလှူသောအခါ ထိုပစ္စည်းသည် ရုပ်ကလာပ်အစုသာ ဖြစ်သည်။ ထိုရုပ်ကလာပ်ကား အနှီစွဲ, ဒုက္ခ, အနတ္တပါတကား။ ငါ, သူတပါး, ယောကျ်ား, မိန်းမစသော ပုဂ္ဂိုလ်စွဲ အတ္တစွဲကို ပယ်ဖျောက်၍ အလှူပေး, အလှူခံ ပုဂ္ဂိုလ်တို့သည် ရုပ်နာမ် အစုမျှသာ ဖြစ်သည်ကို ထင်မြင်အောင် ရှု၍ ထိုရုပ်နာမ်တို့သည် အနှီစွဲ, ဒုက္ခ, အနတ္တတို့ပါတကားဟု ဝိပဿနာတင်၍ လှူတတ်လျှင် တိဟိတ်ကုသိုလ် ဖြစ်ကြောင်း အထူးပြောဖွယ် မလိုတော့ပါ၊ အလွန်ကောင်းသော တိဟိတ်ကုသိုလ် ဖြစ်ပါတော့သည်။ ထိုကုသိုလ်မျိုးဖြစ်အောင် ဆရာတော် သံဃာတော်မျှားက အလှူပေးခါနီး, ရေစက်ချခါနီး၌ ကံ့ ကံ၏ အကျိုးကိုလည်းကောင်း, အနှီစွဲ, ဒုက္ခ, အနတ္တ အကြောင်းကိုလည်းကောင်း နားလည်အောင် ပြောလေ့ ရှိတော်မူကြပါသည်။

ဥက္ကဋ္ဌ, သြမကကုသိုလ် ခဲ့ခြားပုံ

(ဥက္ကဋ္ဌ=အမြတ်။ သြမက=အညံ့)

ပြခဲ့ပြီးသော ဒိဟိတ်, တိဟိတ် ကုသိုလ်စိတ်တို့၌ ရှေအဖို့ ပုဗ္ဗစေတနာ အခိုက်တုန်းက ဖြစ်စေ၊ လှူပြီးနောက် အပရစေတနာ အခိုက်မှာ ဖြစ်စေ ကုသိုလ်စေတနာ ခြံရုံလျှင် (အကုသိုလ် မဖြစ်ဘဲ ကုသိုလ်စိတ်တွေ ရှေနောက် ပါနေလျှင်) မြင့်မြတ်သော ဥက္ကဋ္ဌကုသိုလ် ဖြစ်၏။ မလှူမီရှေအဖို့နှင့် လှူပြီး နောက်အဖို့၌ အကုသိုလ်မျှား ခြံရုံနေလျှင် ညံ့ဖျင်းသော သြမကကုသိုလ် ဖြစ်၏။

ဤ၌ "ရှေးနောက် ကုသိုလ်, အကုသိုလ် ခြံရုံ"ဟူရာဝယ် ထိုကုသိုလ်နှင့် စပ်၍ ပုဗ္ဗစေတနာ, အပရစေတနာတို့ အခိုက်မှာ ကုသိုလ်စိတ်ဖြစ်မှု၊ အကုသိုလ် စိတ်ဖြစ်မှုကို "ခြံရုံသည်"ဟု ဆိုလိုသည်။ ထိုကုသိုလ်နှင့် မစပ်ဘဲ အလွတ် သက်သက် ဖြစ်သော ကုသိုလ်, အကုသိုလ်တို့ကိုမူ "ခြံရုံ"ဟု မဆိုရပါ။

ဤစကားအရ အချုပ်အားဖြင့် ပုဗ္ဗစေတနာ, အပရစေတနာ ထက်သန်သော တိဟိတ်ကုသိုလ်သည် "တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်" ဖြစ်၏။ ပုဗ္ဗစေတနာဖြစ်စေ, အပရစေတနာဖြစ်စေ တစ်ခုခုခြိုတဲ့လျှင် "တိဟိတ် သြမက ကုသိုလ် "ဖြစ်၏။ စေတနာ ၂-ခုလုံး ခြိုတဲ့လျှင် သာ၍ပင် "တိဟိတ် သြမက" ဖြစ်၏။ ဒိဟိတ် ဥက္ကဋ္ဌ, ဒိဟိတ်သြမက ဖြစ်ပုံကိုလည်း ဤနည်းအတိုင်း မှတ်ယူပါ။ အကျဉ်းချုပ် မှတ်သားနိုင်ရန် အောက်ပါ ဆောင်ပုဒ်လက်ဝမျှား ကျက်မှတ်ထားပါ——

[ဆောင်] ၁။ ကုသိုလ် ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ် ကုသိုလ်ခေါ်။

၂။ ကုသိုလ် ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်မရှိ၊ ဒိဟိတ် ကုသိုလ်ခေါ်။

၃။ ရှေနောက်နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌ အမြတ်ခေါ်။

၄။ ရှေနောက်နှစ်တန်၊ အကုခြံ၊ ညံ့ဖျင်း သြမကခေါ်။

အခန်း (၁၄)

အလှူခံပုဂ္ဂိုလ် ရွေးချယ်နည်း

အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့် တူကြောင်း ပေတဝတ္ထုပါဠိတော်၌ ဟောကြားတော်မူထား၏၊ သို့ဖြစ်ရာ လယ်ယာမြေသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းရှိသကဲ့သို့ အလှူခံပုဂ္ဂိုလ်ဟူသော လယ်ယာမြေများသည် အတန်းအစား အမျိုးမျိုးရှိ၏။ လယ်ယာမြေတို့၌ မြက်စသော အနှောင့်အယှက်မရှိလေ အပင်သန်လေ ဖြစ်သကဲ့သို့ ထို့အတူ အလှူခံရာဌာနလည်း ရာဂဒေါသ မောဟနည်းလေ လှူရသူမှာ အကျိုးများလေ ဖြစ်၏။ လယ်ယာတို့၌ ခာတ်မြေဩဇာများ၍ ရေဒၠဆင်ဘင့်လေ ကောက်ပင်သန်လေ ဖြစ်သကဲ့သို့ အလှူခံပုဂ္ဂိုလ်များ၌လည်း သီလ သမာဓိ ပညာကြီးလေ လှူရသူ၌ အကျိုးများလေ ဖြင့်၏။

ဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါတော် ၁၅-ဝါ(သံဃိ၊ ၁။၂၀၁)။ တနည်း ဝါ-၂၀ (ဝိဒ္ဓ၊၁။၁၇၉)အတွင်းဟု ဆိုအပ်သော ပထမဗောဓိ၌ ဘုရားရှင်နှင့် တပည့်ရဟန်းအပေါင်းအား လာဘ်သပ်ပကာ ပူဇော်သက္ကာရ ပေါများလာသည်နှင့် အမျှ တိတ္ထိတို့မှာ လာဘ်သပ်ပကာ ဆုတ်ယုတ်လာကြသဖြင့် တိတ္ထိဘို့က "ရဟန်းဂေါ်ဘမသည် ငါနှင့် ငါ့ဘပည့်သားတို့အား သာလှူသင့်လှူထိုက်၏၊ အခြားပုဂ္ဂိုလ်များအား မလှူသင့် မလှူထိုက်၊ ငါနှင့် ငါ့တပည့်တို့အား လှူမှသာ အကျိုးများမည်၊ အခြား ပုဂ္ဂိုလ်များအား လှူခြင်းသည် အကျိုးမများ အလကားပင် ဖြစ်သည်"ဟု ပြောဆိုနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းလွှင့်ကြသည်၊ ပသေနဒီကောသလမင်းကြီး ကြား၍ ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က "မိမိဝိတ်ကြည်သူရာ ပုဂ္ဂိုလ်အား လှူသင့်ကြောင်း၊ သို့နာတင် သီလရှိသော ပုဂ္ဂိုလ်အား လှူခြင်းသည် အကျိုးများ၍ နိဝရဏတရား ၅-ပါးကို ပယ်စွန့်ပြီးသော ပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ပစ္စဝေက္ခဏာဉာဏ်ဟူသော လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား လှူမှ အကျိုးများစွာ ရနိုင်ကြောင်း" ဟောကြားတော်မူသည် (သံ၊ ၁။၉၉၊၁၀၀ စသည်)။

အလှူခံရွေးချယ်မှုနှင့် စပ်၍ ဝါဒအမျိုးမျိုး

အလှူခံပုဂ္ဂိုလ်ရွေးချယ်မှု, မရွေးချယ်မှုနှင့် စပ်လျဉ်း၍ အထူဌာနအား ဓလျော်စွာ ခွဲခြားပြီး ကျမ်းဂန်တို့၌ ဟောကြားတော်မူထား၏။ ဗုဒ္ဓဝင်ပါဠိတော်၌

"သဗ္ဗညုတဉာဏ်တော်ကို လိုလားသော ဘုရားအလောင်းတော်ကြီးများအဖို့ အလှူခံပုဂ္ဂိုလ်ကို အယုတ် အလတ် အမြတ် မရွေးဘဲ ပေးလှူသင့်ကြောင်း" ဟောကြားတော်မူ၏။

မှန်ပါသည်၊ ဘုရားအလောင်းတော်ကြီးများသည် ရည်ရွယ်ရင်းကပင် သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန် ရည်ရွယ်ရင်းဖြစ်သည်။ ယင်းသဗ္ဗညုတဉာဏ်တော်သည် အယုတ် အလတ် အမြတ်ဟူ၍ မရှိ၊ တစ်မျိုးတစ်စားတည်းသာ ဖြစ်သည်။ သို့ဖြစ်၍ မိမိလှူဖွယ်ပစ္စည်းကို ရောက်လာသမျှသော အလှူခံတို့အား အယုတ် အလတ် အမြတ်မရွေး လှူဒါန်းရန်သာ ဖြစ်သည်။ သို့ဖြစ်၍ အလှူခံကို မရွေးချယ်ဘဲ လှူဒါန်းခြင်းသည် သဗ္ဗညုတဉာဏ်တော်ကို လိုလားသော ဘုရားအလောင်းတော်ကြီးများ၏ ဓလေ့ပင် ဖြစ်၏။

ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်နှင့် ပေတဝတ္ထုပါဠိတော်စသည် တို့၌ကား သာမညနတ်လူတို့အတွက် ရည်ရွယ်၍ ဟောတော်မူထားခြင်း ဖြစ်ရာ လောကီစည်းစိမ်အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ်၍ လှူဒါန်းလိုကြသော နတ်လူသာမန်တို့အဖို့ အကောင်းဆုံးသော အလှူခံကို ရွေးချယ်ရမည်သာ ဖြစ်၏။

အလှူခံပုဂ္ဂိုလ်ရွေးချယ်ရန် အရေးကြီးပုံ

အလှူခံပုဂ္ဂိုလ်ရွေးချယ်ရန် မည်မျှ အရေးကြီးကြောင်း အင်္ဂုတ္တရနတ်သား၊ ဣန္ဒကနတ်သားတို့၏ ဖြစ်ရပ်များက သက်သေထူလျက် ရှိ၏။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူရန် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ သီတင်းသုံး နေတော်မူသောအခါ ဣန္ဒကနတ်သားနှင့် အင်္ဂုတ္တရနတ်သားတို့ လာရောက် ဆည်းကပ်ကြရာတွင် အင်္ဂုတ္တရနတ်သားမှာ တန်ခိုးကြီးသော နတ်များ လာတိုင်း လာတိုင်း နေရာ ဖယ်ပေးကာ နောက်သို့ ဆုတ်၍ ဆုတ်၍ ပေးရသဖြင့် မြတ်စွာဘုရားနှင့် ၁၀-ယူဇနာ ဝေးကွာသော အရပ်မှ နေ၍သာ ဆည်းကပ်ရလေ၏။

ဣန္ဒကနတ်သားမှာမူကား ပထမလာရောက်နေရင်း နေရာမှ ဖယ်ရှားရခြင်းမရှိ ပကတိနေမြဲအတိုင်း နေနိုင်၏။ ဤသို့ ဖြစ်ရခြင်းမှာ အင်္ဂုတ္တရနတ်သားသည် အသက်တစ်သောင်းတမ်း၌ ကာလရှည်လျားစွာ ၁၂-ယူဇနာ ရှည်လျားသော ခုံလောက်တန်းကြီးဖြင့် ချက်ပြုတ် ကျွေးမွေး လှူဒါန်းခဲ့သော ဒါနရှင်ကြီး ဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်တွေ့မှာ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေသာ ဖြစ်သည်။ ဣန္ဒကနတ်သားမှာမူ အရှင်အနုရုဒ္ဓါ ရဟန္တာမထေရ်မြတ်ကို ဆွမ်းတစ်ဇွန်းမျှ လောင်းလှူဖူး၏။

ကျိုသို ဣန္ဒကနတ်သား၏ အလှူမှာ ဆုမ်းတစ်ဇွန်းမျှ အနည်းငယ်ပင် ဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်က ရဟန္တာဖြစ်၍ မြင့်မြတ်သော ကောင်းမှု ဖြစ်သောကြောင့် နေမြဲနေရာမှာပင် ဆက်လက် နေနိုင်သည်။ အကုံရနတ်သား မှာကား အလှူဝတ္ထုပြင်မျှားသော်လည်း အလှူခံတွေ့က သာမန်ပုထုဇဉ် မျှားသာ ဖြစ်၍ ကုသိုလ်အာနုဘော် နည်းပါးသောကြောင့် တန်ခိုးကြီးသော နတ်မျှား လာတိုင်း လာတိုင်း နောက်သို ဆုတ်၍ ပေးနေရသည်။ သို့ဖြစ်၍ ပေတဝတ္ထုပါဠိတော်၌ "ဝီစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ=အလှူအဂါန လှူလိုလျှင် အကျိုးကြီးမားမည့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူဒါန်းရမည်" ဟု ဟောကြားတော်မူခဲ့သည်။

သံဃာသည် ဒုဿီလမဟုတ်

အလှူခံရွေးချယ်မှုနှင့် စပ်လျဉ်း၍ ယခုကာလ အလှူရှင်များသည် ဣန္ဒက နတ်သားလောင်းလျာကဲ့သို ရဟန္တာအရှင်မြတ်တည်းဟူသောအလှူခံပုဂ္ဂိုလ်နှင့် တိုက်ဆိုင်ဖို ခဲယဉ်း၏။ ထိုကဲ့သို့သော အလှူခံ ပုဂ္ဂိုလ်ထူးကြီးများကား သာမန် သဒ္ဓါတရား ရှိရုံမျှဖြင့် ကြွေ့ကြော်တွေ့မြင်ရလေ့ မရှိကြပါ။ သို့အတွက် ပုဂ္ဂလိက ဒါနအဆု၌ အတော်ရွေးချယ်တတ်မှသာ သင့်တင့်သော အလှူခံပုဂ္ဂိုလ်ကို ရနိုင်စရာရှိ၏၊ သို့ဖြစ်၍ လောကီစည်းစိမ် အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ်၍ လှူဒါန်းလိုကြသော ပုဂ္ဂိုလ်များအဖို့ ပုဂ္ဂလိကဒါန မပြုဘဲ သံဃိကဒါနကိုသာ ပြုသင့်ကြသည်။ ထို့ကြောင့် သုတ္တန်ပါတ်ပါဠိတော် ၃၇၀-၌ ကောင်းမှုလိုသော သူတို့သည် သံဃာအား လှူရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။

မှန်၏၊ ပုဂ္ဂိုလ်သာ ကောင်း, မကောင်း အမျိုးမျိုးရှိ၏။ သံဃာတော်သည် တစ်မျိုးတစ်စားတည်းသာ ရှိ၏။ ဘုရားတပည့်သား အရိယာအပေါင်းမှာ အယုတ် အမြတ်ဟူ၍မရှိ၊ မြတ်သော သံဃာချည်းသာ ဖြစ်သည်။ သံဃာမှန်လျှင် ဒုဿီလဟူ၍ မရှိနိုင်=သံဃော ဟိ ဒုဿီလော နာမ နတ္ထိ (မ၊၆၊၄။၂၂၅)။

သံဃာဟူသည် အစုအပေါင်း၏ အမည်ဖြစ်၏။ သံဃာတော် ဆိုသော စကားဌာန အရိယာပုဂ္ဂိုလ်ဟူသမျှ အားလုံးပါဝင်၏။ ထို့ကြောင့် မျက်မှောက်ရှိ ပုဂ္ဂိုလ်တို့ကို အာရုံမပြုဘဲ သံဃာအစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှ သံဃိကဒါန မြောက်နိုင်၏။ သို့ဖြစ်၍ သံဃိကဒါန ပြုလုပ်လိုသော ပုဂ္ဂိုလ်တို့သည် စင်ကြယ်သော သံဃိကဒါန ဖြစ်ရန် အဂ်္ဂတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဂဟပတိဝဂ်၊ ဒုတိယသုတ်လာ ဥဂ္ဂသူကြွယ်၏ ကျင့်နည်းကို အတုယူကြရာ၏။

သံဃိကဒါနမြောက်အောင် နှလုံးသွင်းပုံ

အခါတပါးဌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်းအဝင်အပါ ဆောင်ရွာဌ် သီတင်းသုံးတော်မူစဉ် ရဟန်းတော်များအား ဆင်ရွာဌ် နေသော ဥဂ္ဂသူကြွယ်သည် အုံဖွယ်ရှစ်ပါးနှင့် ပြည့်စုံသောသူဟူ၍ မှတ်ယူကြရမည်ဟု အကျဉ်းချုပ် မိန့်ကြား၍ ကျောင်းတော်သို့ ဝင်တော်မူလေသည်။

ထို့နောက် ရဟန်းတော်တစ်ပါးသည် နံနက်အခါ ဥဂ္ဂသူကြွယ်အိမ်သို့ ကြွ၍ "သူကြွယ်....သင့်ကို မြတ်စွာဘုရားက အုံဖွယ်ရှစ်ပါးနှင့် ပြည့်စုံသူဟူ၍ ဟောကြားထားရာ ယင်းအုံဖွယ် တရားရှစ်ပါးတို့ကား အဘယ်တို့နည်း" ဟု မေးမြန်းရာတွင် ဥဂ္ဂသူကြွယ်က "တပည့်တော်အား မြတ်စွာဘုရား ဟောကြားသည့် အုံဖွယ်တရားတို့ကား အဘယ်မည်သော အုံဖွယ်တရားမျှားဟု အတိအကျ မသိရသော်လည်း တပည့်တော်မှာ ထင်ရှားရှိသော အုံဖွယ်တရား ရှစ်ပါးတို့ကို အရှင်ဘုရား နာကြားနှုံးသွင်းတော်မူပါ" ဟု လျှောက်ထားပြီးလျှင် အုံဖွယ်တရားရှစ်ပါးလုံး အပြည့်အစုံ အကျယ်လျှောက်ထား၏။ ယင်းလျှောက်ထားသည့် အုံဖွယ်တရား ရှစ်ပါးတွင် ၆-ခုမြောက် အုံဖွယ်မှာ အောက်ပါအတိုင်း ဖြစ်၏——

တပည့်တော်အိမ်သို့ လှူဒါန်းရန် သံဃာတော်ကို ပင့်ဖိတ်လိုက်လျှင် နတ်မျာ က ကြိုတင်လာရောက်၍ "သူကြွယ်....ဤမည်သော ပုဂ္ဂိုလ်ကြီးများကား အရိယာကြီးများ ဖြစ်ကြ၏။ ဤမည်သော ပုဂ္ဂိုလ်တို့ကား ပုထုဇဉ် သီလဝန္တကြီးများ ဖြစ်ကြ၏။ ဤမည်သော ပုဂ္ဂိုလ်ကား ဒုဿီလ ဖြစ်၏" ဟု အလျင်လကဲဉီး ပြောကြားလာကြသည်။ ထိုသို့ နတ်များ ကြိုတင် ပြောကြားလာခြင်းမှာ တပည့်တော်အဖို့ အုံဖွယ်မဟုတ်ပါ။ အုံဖွယ်ကောင်းသော အကြောင်းမှာကား တပည့်တော်သည် သံဃာအား လှူဒါန်းသောအခါ သံဃာကို ဆွမ်းပြုသောအခါ ဤပုဂ္ဂိုလ်အား အရိယာသီလဝန္တဖြစ်သည့်အတွက် များများလှူမည်။ ဤပုဂ္ဂိုလ်အား ဒုဿီလဖြစ်သည့်အတွက် နည်းနည်းလှူမည်ဟူ၍ စိတ်ဖြစ်ခြင်း အလျဉ်းမရှိပါ။ စင်စစ်မှာ အရိယာ သီလဝန္တ ဒုဿီလဟူ၍ မခြားနားဘဲ တူမျှသော စိတ်ရှိ၍သာ တပည့်တော် လှူပါသည်။ ဤကား ၆-ခုမြောက် အုံဖွယ်ဖြစ်ပါသည်။

ဤဥဂ္ဂသူကြွယ် လျှောက်ထားအပ်သည့် အုံဖွယ်ရှစ်ပါးတို့အနက် ၆-ခုမြောက် အုံဖွယ်တရားဌ ဥဂ္ဂသူကြွယ်သည် အရိယာ သီလဝန္တ ဒုဿီလ သုံးမျိုးလုံးဌ တူညီသော စိတ်ထားဖြင့် လှူဒါန်းသည်ဟု လာရှိရာ အဘယ်သို့သော နည်းဖြင့် တူမျှနိုင်သည်ကို သိရှိရန် လိုအပ်၏။ တူမျှနိုင်ခြင်း၏ အကြောင်းရင်း နှလုံးသွင်းပုံမှာ——

ပင့်ဖိတ်ရင်းအခါက သံဃာကို ပင့်ဖိတ်သည့်အတိုင်း ရဟန္တာကြီးများအား လှူဒါန်းသည့်အခါမှာလည်း ရဟန္တာကြီးများ၏ မျက်နှာကို မကြည့်၊ ရဟန္တာပုဂ္ဂိုလ်ကြီးများအား ငါလှူရသည် အမှတ်မထား၊ ဘုရားတပည့်သား အရိယာအပေါင်းတည်းဟူသော သံဃာတော်အားသာ ငါလှူသည်ဟု သဘောထားပြီးလျှင် ဒုဿီလအား လှူဒါန်းသော အခါမှာလည်း ဒုဿီလပုဂ္ဂိုလ်၏ မျက်နှာကို မကြည့်၊ ငါသည် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းရသည်ဟု သဘောမထား။ ဘုရားတပည့်သား အရိယာအပေါင်း တည်းဟူသော သံဃာတော်မြတ်အားသာ ငါလှူဒါန်းသည်–

ဟူ၍ သဘောထားဖြင့် စိတ်သဘောထားခြင်း တစ်ထပ်တည်း တူညီနိုင်ပေသည်။

ဤ ဥဂ္ဂသူကြွယ်၏ ထုံးကို နှလုံးမူ၍ မြင့်မြတ်သော သံဃိကဒါန ဖြစ်ရန် အတွက် ပုဂ္ဂိုလ်မျက်နှာကို ကြည့်ခြင်း၊ ပုဂ္ဂိုလ်စဲ့ စဲ့ခြင်းကို လုံးဝ ပယ်ဖျောက်ပြီး သံဃာ့အာရုံသို့ စိတ်ဖြောင့်မတ်စွာ သက်ရောက်အောင် အားထုတ်သင့်လှပေသည်။

မှန်၏၊ သက်နှံးလည်ရောက် အမည်ခံလောက်သာ ဖြစ်သည့် ဒုဿီလပုဂ္ဂိုလ် တို့၌ပင်သော်လည်း သံဃာကို အာရုံပြု၍ သံဃိကဒါနမြောက်အောင် လှူဒါန်းနိုင်ပါမူ အသခ်ျေယျ အပ္ပမေယျ အကျိုးများ ရကြောင်း ဒက္ခိဏာဝိဘင်္သုတ်၌ မြတ်စွာဘုရား တိုက်ရိုက်ဟောထားပေသည်။ သံဃာ၌ အရိုအသေပြုခြင်းငှာ စုံမ်းနိုင်လျှင် သံဃိကဒါနမြောက်တော့သည်။ ထိုသို့ သံဃာ၌ အရိုအသေပြုရန်ကား လွယ်ကူလှသောအရာ မဟုတ်ပေ။

မလွယ်ကူပုံ

ပုဂ္ဂိုလ်တစ်ယောက်သည် "သံဃိကအလှူကို လှူဒုံး" ဟု ကြုံ၍ လှူရန် ဝတ္ထုများကို စီမံပြီးလျှင် ကျောင်းတိုက်သို့ သွားရောက်ကာ "သံဃိကအလှူကို လှူလိုပါ၍ သံဃာတော်မှ တစ်ပါးကို ညွှန်ကြားတော်မူပါ" ဟု လျှောက်ထား တောင်းပန်သဖြင့် သံဃာမှ အလှည့်ကျသည့် သာမဏေကို ညွှန်ကြား၍ ရခဲ့လျှင် နှလုံးမသာမယာ ရှိတတ်၏။ မထေရ်ကြီးကို ရလျှင်လည်း "ငါသည် မထေရ်ကြီးကို ရအပ်လေပြီ" ဟု အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ပုဂ္ဂိုလ်စဲ့ဖြင့် ဖြစ်တတ်၏။ ထိုသူတို့၏ ပုဂ္ဂိုလ်မျက်နှာကို ကြည့်၍ လှူအပ်သော အလှူများသည် သံဃိကဒါန မမြောက်နိုင်ပါ။

စင်စစ်အားဖြင့် သာမဏေကိုဖြစ်စေ, ရဟန်းကိုဖြစ်စေ, ရဟန်းငယ်ကိုဖြစ်စေ, မထေရ်ကြီးကိုဖြစ်စေ, ပညာမရှိသော ရဟန်းကိုဖြစ်စေ, ပညာရှိသော ရဟန်းကို

ဖြစ်စေ တစ်ဦးဦးကို သံဃာက သံဃာ့ကိုယ်စား အလှည့်ကျသဖြင့် ညွှန်ကြားခြင်း ရလာလျှင် တွေ့ရာစဉ်းစား ယုံမှားခြင်း မရှိဘဲ "သံဃာတော်အား ငါသည် လှူ၏"ဟု နှုတ်လုံးသွင်းခြင်း သံဃာ၌ ရှိသေခြင်းကို ပြုနိုင်သော်လည်း အလှူမှသာလျှင် သံဃိကဒါနမြောက်သည်။

ကျောင်းဒါယကာတစ်ဦး၏ဝတ္တရ

ဤနေရာ၌ ကျောင်းဒါယကာ တစ်ဦး၏ ဖြစ်ရပ်ကို ဝတ္တရသာဓကအဖြစ် မှတ်သားသင့်၏။ ဇမ္ဗူဒီပ်ကျွန်း၌ တစ်ဦးသော ကျောင်းဒါယကာ သူကြွယ်သည် သံဃိကအလှူ လှူမည်ဟု အစစအရာရာ စီမံပြီး သံဃာ့ထံသို့ သွားရောက်၍ "သံဃာဘော်မှ ညွှန်ကြား၍ ရဟန်းတစ်ပါးကို ပေးတော်မူပါ"ဟု တောင်းလေသည်။ ထိုသူကြွယ်သည် သံဃာတော်မှ ဆွမ်းအလှည့်ကျသော ဒုဿီလ ရဟန်းတစ်ပါးကို ရခဲ့၍ (ဒုဿီလမှန်း သိလျက်)နေရာထိုင်ခင်း သန့်ပြန့်စွာ ခင်းကျင်းသုတ်သင် အထက်က မျက်နှာကြက် ဗိတာန်ကိုကြက်၍ နံ့သာပန်းမာလ်အခိုးအထုံတို့ဖြင့် ပူဇော်ပြီးလျှင် ထိုဒုဿီလရဟန်း၏ ခြေတို့ကို တရိုတသေ ဆေးကြောသုတ်သင် ဆီလိမ်းပေးခြင်း စသည်ဖြင့် မြတ်စွာဘုရားအား အရိုအသေပြု သကဲ့သို့ပင် သံဃာ၌ အရိုအသေပြုခြင်းဖြင့် လှူဖွယ်ဝတ္ထုကို လှူခဲ့လေသည်။

မှန်းလွဲသောအခါ ထိုဒုဿီလရဟန်းသည် အိမ်သို့ လာ၍ "ကျောင်းပြင်လို၍ ပေါက်တူးခဏပေးပါ"ဟု ပြောဆိုပြီး အိမ်တံခါးဝ၌ ရပ်လာသည်တွင် ကျောင်းဒါယကာက ပကတိနေမြဲတိုင်းကပင် မထဘဲ ပေါက်တူးကို ခြေဖြင့် ကော်ဇင်း၍ ပေးလိုက်လေသည်။ အိမ်နေလူများက "အရှင်တို့သည် နံနက်က ထိုရဟန်းအား ပြုအပ်သော ပူဇော်သက္ကာရများကား ပြော၍ မကုန်နိုင်အောင် ရှိပေသည်။ ယခုသော်ကား နံနက်က ပူဇော်ရှိသေမှု၏ ဝေစိတ်တဒေသမျှ ပြောပဖွယ်မရှိပါတကား၊ ဤကဲ့သို့ နံနက်က တမျိုး ယခု တမျိုး ပြုပုံသည် ဘယ်လိုဟာမျိုးပါနည်း"ဟု မေးမြန်းကြသည်တွင် ကျောင်းဒါယကာက "အမောင်တို့.... နံနက်ကပြုခဲ့သော ရှိသေမှုကား သံဃာအား ပြုခဲ့သော ရှိသေမှုသာ ဖြစ်သည်။ ဤဒုဿီလရဟန်းအား ပြုသော ရှိသေမှု မဟုတ်"ဟု ပြောကြားလေသည်။

ဤဖြစ်ရပ်ကို ထောက်၍ အလှူဒါနပြုရာ၌ သံဃာအပေါ် အာရုံပြုတတ်, နှုတ်လုံးသွင်းတတ်ဖို့ အထူး အဇရေးကြီးလှပါသည်။ သို့မှသာ ဒါနလှူ ပြုရကျိုး နပ်ပေမည်။

အခန်း (၁၅)

ဒါနအရာ စံထားထိုက်သည့် ဝတ္ထုသာဓကများ

လှူဒါန်းပေးကမ်းမှုအရာ စံထားရမည့် အနာထပိဏ်သူဌေးကြီး

ဘုရားရှင် သာသနာတော်အား ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ကြသူတို့သည် ဘုန်းရှင် သမ္ဘာရှင်တို့ချည်း ဖြစ်ကုန်၏။ ဘုန်းကံပါရမီ ဆည်းပူးခဲ့ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သာ ပစ္စည်းလေးပါးဖြင့် လဲ့ည်းကောင်း၊ ဓမ္မဖြင့်လည်းကောင်း ချီးမြှောက်ခွင့်ရရှိကြပေသည်။ ကျွန်ုပ်ဘို့ ဂေါတမဘုရားရှင် လက်ထက်တော်၌ သာသနာတော်အား ပစ္စည်းလေးပါးဖြင့် သူ-မတူအောင် စွန့်ကြဲ ပေးကမ်း လှူဒါန်းနိုင်သော အမျိုးကောင်းသား ဥပါသကာမှာ ဗုဒ္ဓဘာသာဝင်များ သိပြီး ဖြစ်ကြသည့် အနာထပိဏ်သူဌေးကြီးပင် ဖြစ်၏။

ပါရမီဘုန်းကံနှင့် လာသောသူ

အနာထပိဏ်သူဌေးလောင်း ဘူတော်ကောင်းသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၍ ဘုရားရှင်၏ တရားစကား နာယူစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်အား "အလှူအတန်း၌ မေ့လျော့ကြသူ ဥပါသကာတို့တွင် အသာဆုံး အမြတ်ဆုံး ဖြစ်ရာ" ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရသဖြင့် အားကျနှစ်သက်ကာ အဓိကာရကောင်းမှုကုသိုလ်ကို ပြု၍ ထိုဖြစ်ရာထူးကို ဆုတောင်း ပတ္ထနာ ပြုခဲ့လေသည်။

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည် နတ်ပြည် အဖန်ဖန်ကျင်လည်ခဲ့၍ အကျွန်ုပ်တို့ ဘုရားသာသနာ ခေတ်အခါ၌ သာဝတ္ထိပြည် သုမနသူဌေးကြီး၏သားဖြစ်လေသည်။ မိဘများက သူ၏အမည်ကို သုဒတ္တ-ဟု မှည့်ခေါ်ကြ၏။

အနာထပိဏ် အမည်ရခြင်း

သုဒတ္တသူဌေးသားသည် အိမ်ရာကို စိုးအုပ်၍ ဥစ္စာစီးပွါးလုပ်နေစဉ် ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်း ပေးကမ်းစွန့်ကြဲမှု၌ မေ့ဓလျော့သူဖြစ်၍ ထိုဂုဏ်ကို အစဲပြုကာ "အနာထပိဏ္ဍိက=ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်း ပေးကမ်းသော သူဌေး" ဟု အမည်တွင်လေသည်။ (အနာထ=ကိုးကွယ်ရာမဲ့သူတို့အား +ပိဏ္ဍိက=အစာထမင်း ပေးကမ်းသော သူဌေး၊ အနာထပိဏ်သူဌေး။)

အနာထပိဏ် သူဌေးသည် တစ်နေ့တွင် လှည်းအစီး ငါးရာဖြင့် ကုန်ရောင်း ကုန်ဝယ် ကိစ္စအတွက် မိမိသူငယ်ချင်း ရာဇဂြိုဟ်သူဌေးအိမ်သို့ ရောက်ရာ ထိုရာဇဂြိုဟ်မြို့၌ မြတ်စွာဘုရားရှင် ပဉ္စဝဂ္ဂန်းတော်မူကြောင်း သဇင်းကောင်း ကြားသိရတာ မိုးသောက်အားကြီး လင်းခါနီး၌ နတ်တို့ အာနုဘော်ဖြင့် ဟင်းလင်းပွင့်သော မြို့တံခါးမှ ထွက်၍ မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ် ထရားနာရှု၍ သောတာပန်ဖြစ်လေသည်။

နောက်တစ်နေ့တွင် ဘုရား အမှူးရှိသော သံဃာအား ကြီးစွာသော အလှူ ဒါနကြီး ပေးလှူပြီးလျှင် ဘုရားရှင်အား သာဝတ္ထိမြို့သို့ ကြွရောက်တော်မူရန် လျှောက်ထား၍ ပြန်ခဲ့ပြီးနောက် ဆုဇဂြိုဟ်နှင့် သာဝတ္ထိ ၄၅-ယူဇနာ ခရီး အကြားဝယ် တစ်ယူဇနာ တစ်ယူဇနာလျှင် အသပြာတစ်သိန်း၊ တစ်သိန်း ထိုက်ထန်သည့် စံကျောင်းတော်များ ဆောက်လုပ်ရန် မိမိ မိတ်ဆွေများအား အပ်နှံခဲ့၍ သာဝတ္ထိမြို့သို့ ရှေးဦးစွာ ပြန်ခဲ့လေသည်။

သာဝတ္ထိမြို့ ရောက်သောအခါ ဇေတမင်းသား၏ ဥယျာဉ်မြေကို ရွှေအင်္ဂါး အသပြာချင်း အစုန်းချင်းထိအောင် ခင်း၍ တစ်ဆယ့်ရှစ်ကုဋေဖြင့် ဝယ်ယူပြီး တစ်ဆယ့်ရှစ်ကုဋေပင် အကုန်အကျ ခံကာ ကျောင်းကိုက်ကြီး တည်ဆောက် ပြီးသောအခါ နံနက်ရော ညနေပါ အလိုရှိအပ်ရာ အလှူဒါနကို ပေးလှူလျက် တစ်ဆယ့်ရှစ်ကုဋေကုန် ဓကျောင်းရေစက်ချ အလှူပွဲကြီး ကျင်းပလေသည်။

တေဒင်္ဘဲထူးဖြင့် ချီးမြှောက်ခံရခြင်း

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် စုံစုံပေါင်း ငါးဆယ့်လေးကုဋေ သော ဥစ္စာကို ဘုရားသာသနာတော်၌ စွန့်လှူပြီးနောက် မိမိအိမ်၌ နေစဉ်ဒအမြဲ အောက်ပါအလှူဒါနများကို ပြုလေသည်—

(၁) စာဓရေးတံဆွမ်း ငါးရာ၊
(၂) ပက္ခိကဆွမ်း ငါးရာ၊
(၃) စာရေးတံယာဂုဆွမ်း ငါးရာ၊
(၄) ပက္ခိကယာဂုဆွမ်း ငါးရာ၊
(၅) နိစ္စဘတ်ဆွမ်း ငါးရာ၊
(၆) အာဂန္တုကဆွမ်း ငါးရာ၊
(၇) ဂမိကဆွမ်း ငါးရာ၊
(၈) ဂိလာနဆွမ်း ငါးရာ၊
(၉) ဝိလာနုပဋ္ဌာကဆွမ်း ငါးရာ။

ထို့ပြင် အနာထပိဏ်သူဌေးကြီးအိမ်၌ ရဟန်းသံဃာ ထိုင်နေရန်အတွက် နေထောင်းရာတို့ကို အမြဲတမ်း ခင်း၍ ထားအပ်ကုန်၏။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်သည် နောင်တစ်ချိန်ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဇာတ်ရာထူး ထားတော်မူရာ—

"ရဟန်းတို့....စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် အနာထပိဏ်သို့က အမည်ရသော သုဒတ္တသူကြွယ်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"ဟု–

ချီးကျူးမိန့်မြွက်တော်မူကာ ပေးလှူတတ်သူ ဒါယကာအရာဝယ် အသာဆုံး အမြတ်ဆုံး "ဇာဒင်"ရာထူး၌ ထားတော်မူလေသည်။

ဤအနာထပိဏ်သူဌေးကြီး၏ ဖြစ်စဉ်ကို လေ့လာလျှင် ဘုရားရှင်သာသနာတော်အား ပစ္စည်း လေးပါးဖြင့် ချီးမြှောက်နိုင်ရန် ကမ္ဘာ တစ်သိန်းကြာ ပါရမီတွေ့ ဆည်းပူးခဲ့ရကြောင်း တွေ့ရ၏။ ထို့ကြောင့် ဘုန်းကံရှိသူမျှားသာ သာသနာတော်ကို ချီးမြှောက်နိုင်ကြောင်း သတိချပ်ကြရာ၏။

လှူဒါန်းပေးကမ်းမှုအရာ စံထား၊ရမည့် ဝိသာခါကျောင်းအမကြီး

ဘုန်းကံ ပါရမီ ဆည်းပူးခဲ့ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သာ ဘုရားမျှင် သာသနာကောင်အား ပစ္စယ, ဓမ္မတို့ဖြင့် ချီးမြှောက်ခွင့် ရရှိနိုင်ကြသည်ဟု ဆိုခဲ့ရာ အမျိုးသမီးမျှား နယ်ပယ်၌ ဘုန်းကံပါရမီ ထူးခြားသော ကျောင်းအမကြီး ဝိသာခါ အကြောင်းကိုလည်း အထူးမှတ်သား ကြည်ညို လေ့လာသင့်ကြ၏။

ပဒုမုတ္တရဘုရားရှင်ထံ ဆုထူးပန်

ဤဝိသာခါအလောင်း အမျိုးကောင်းသမီးသည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော် အခါ၌ ဟံသာဝတီ မင်းနေပြည်ဝယ် သူဌေးသမီး ဖြစ်လတ်၍ မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာရစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်အား "အလှူအတန်း ပေးကမ်းခြင်း၌ မွေ့လျော်သောအရာဝယ် အသာဆုံး အမြတ်ဆုံး ဇာဒင်"ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရ ကောင်းမှုကုသိုလ်ပြုပြီးလျှင် ထိုဇာဒင်ရာထူးကို ဆုတောင်း ပတ္ထနာပြုခဲ့လေသည်။ မြတ်စွာဘုရားကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။

ကိကိမင်းကြီး၏ သမီးထွေးဘဝ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည် လူ့ပြည် အဖန်ဖန်ကျင်လည်ခဲ့၍ ဤဘဒ္ဒကမ္ပာ ကဿပဘုရားရှင် လက်ထက်တော်အခါ၌ ကာသိတိုင်းရှင် ဘုရင်ကိကိမင်းကြီး၏ ရွှေနန်းတော်ဝယ် ဘုရင့်သမီးတော် ညီအစ်မခုနစ်ဖော်တို့အနက် အငယ်ဆုံး အထွေးဆုံး ဖြစ်ခဲ့လေသည်။

နောက်ဆုံးဘဝ ဝိသာခါဖြစ်လာခြင်း

ကိကိမင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့တွင် အငယ်ဆုံး အထွေးဆုံးဖြစ်သူ သံဃဒါသီမင်းသမီးသည် ဗုဒ္ဓန္တရအသင်္ခေ်ယျ တစ်ကပ်ပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ကာ ကျွန်ုပ်တို့ မြတ်စွာဘုရားရှင် ပွင့်တော်မူရာ ကာလဝယ် အင်္ဂတိုင်း ဘဒ္ဒိယမြို့ မေဏ္ဍကသူဌေးကြီး၏သား ဓနဥ္ဇယသူဌေးကြီး၏ အဂ္ဂမဟေသီ သုမနဒေဝီ သူဌေးကတော်ကြီး ဝမ်းကြာတိုက်၌ ကိန်းပိုက်သန္ဓေတည်နေလေသည်။ မိဘများက ဝိသာခါဟု မှည့်ခေါ်ကြ၏။

ဝိသာခါသူဌေးသမီး ခုနစ်နှစ်အရွယ် ရှိသောအခါ မြတ်စွာဘုရားသည် သေလပုဏ္ဏား အစရှိသော ဝေနေယျသတ္တဝါတို့ကို ချေချွတ်တော်မူရန် ရဟန်းအပေါင်း ခြံရုံလျက် အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ ခရီးဒေသစာရီ ကြွချီတော်မူလေသည်။ ထိုသတင်းကို အဖိုးဖြစ်သူ မေဏ္ဍက သူဌေးကြီး ကြားသိရ၍ အဖိုးဖြစ်သူ၏ တိုက်တွန်းချက်အရ အားရဝမ်းသာဖြင့် ရံရွှေဖော် သတို့သမီး ငါးရာနှင့်အတူ ရထားအစီး ငါးဆယ်တို့ကို ကိုယ်စီကိုယ်ငှ စီး၍ ကျွန်မငါးရာ ခြံရုံကာ မြတ်စွာဘုရားအထံတော်သို့ သွားရောက် ရှိခိုး ခရီးဦး ကြိုဆိုကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ဝိသာခါအား တရားဟောကြားလေရာ တရားတော်အဆုံး၌ ရံရွှေဖော် ငါးရာနှင့်အတူ သောတာပန်အရိယာ ဖြစ်လေသည်။

ဝိသာခါ သူဌေးသမီးသည် အရွယ်ရောက်သောအခါ သာဝတ္ထိမြို့ မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎန သတို့သားနှင့် ထိမ်းမြားလက်ထပ်ကာ သာဝတ္ထိမြို့သို့ လိုက်သွားရခါနီး ဓနဥ္ဇယသူဌေးကြီးသည် သမီး ဝိသာခါအား သြဝါဒ ၁၀-ချက်ကို ဆုံးမသင်ကြားပေးလိုက်လေသည်။

သူဌေးကြီးသည် သမီး ဝိသာခါအား သြဝါဒ ၁၀-ပါးကို ပေးပြီး နောက်တစ်နေ့၌ အသင်းအပင်း အားလုံးကို စုဝေးစေ၍ မင်း၏ စစ်တပ်အလယ်၌ ပညာရှင် သူကြွယ်ရှစ်ဦးတို့ကို "အကယ်၍ ထောက်ထာအရပ်၌ ကျွန်ုပ်၏ သမီးအာဘုက် အပြစ်တစုံတရာ ဖြစ်ရှိခဲ့သော် ဖြေရှင်းပေးကြပါလေ"ဟု အာမခံ

ယူစေ၍ မိမိ၏သမီး ဝိသာခါအား ကိုးကုဋ္ဌေတန်သော မဟာလတာ တန်ဆာဖြင့် တန်ဆာဆင်စေလေသည်။ သမီးအား နံ့သာမှုန့်ဖိုးအနေဖြင့် လှည်းအစီးပေါင်း တစ်ရာ့ငါးဆယ်လေးစီးတိုက် ဥစ္စာကို ပေးလေသည်။ သမီးနှင့်အတူ အမြဲမပြတ် သွားလာလှည့်လည်ကြမည့် ကျွန်မ ငါးရာ၊ အာဇာနည် မြင်းကသော ရထားအဖီးငါးရာနှင့် အသုံးအဆောင် အမျိုးစုံကိုလည်း တစ်မျိုး တစ်မျိုးလျှင် တစ်ရာစီ တစ်ရာစီ ပေးလေသည်။

ဝိသာခါ သာဝတ္ထိမြို့ ဝင်ပုံ

ဝိသာခါ သူဌေးသမီးသည် ခြံရံများစွာဖြင့် သာဝတ္ထိမြို့သို့ ထွက်ခွါခဲ့ရာ မြို့အဝင် မြို့တံခါးဝသို့ ရောက်သောအခါ သာဝတ္ထိပြည်အလုံးအား မိမိကိုယ်ကို ထင်ရှားပြလျက် ရထား၌ ရပ်တည်ကာ မြို့တွင်းသို့ ဝင်လေ၏။ မြို့သူမြို့သား အားလုံးတို့သည် ဂိသာခါ၏ အသရေကို မြင်ကြရ၍ "ဝိသာခါ သူဌေးမ ဆိုသည်မှာ ဤအမျိုးသမီးတဲ့၊ ဤသို့ပင် အဆင်းရုပ်ရည် အသရေနှင့် ပြည့်စုံပါဘိ၏၊ ဤ စည်းစိမ် အသရေသည်လည်း ဤ အမျိုးသမီးအားသာလျှင် သင့်လျော် လျောက်ပတ်လှပါပေ၏"ဟု ပြောဆိုချီးမွမ်းကြလေ၏။ ဤသို့လျှင် ဝိသာခါသူဌေးမသည် ကြီးစွာသော စည်းစိမ်အသရေဖြင့် မိဂါရသူဌေးအိမ်သို့ ရောက်ရှိလေသည်။

ဝိသာခါအမျိုးသမီး ရောက်သော နေ့မှာပင် မြို့သူမြို့သား အားလုံးတို့သည် မိမိတို့ စွမ်းအားရှိသမျှလောက် လက်ဆောင်ပစ္စည်းများကို ဝိသာခါထံသို့ ပို့သကြ၏။ ဝိသာခါသည် ပို့တိုင်း ပို့တိုင်းသော လက်ဆောင်ပစ္စည်းများကို ထိုမြို့မှာပင် အခြားအခြားသော အိမ်တို့၌ အလုံးစုံ နှံစပ်အောင် ပေးစေပြန်၏။ ဤသို့လျှင် ဝိသာခါသည် ရောက်သည့် နေ့မှာပင် ပေးကမ်းခြင်း ဒါနသင်္ဘာတရားဖြင့် မြို့သူမြို့သားများ၏ စိတ်နှလုံးကို ယူကျုံးမိလေ၏။

ပုဗ္ဗာရုံကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

ထို့နောက် ဝိသာခါ အမျိုးသမီးသည် ဇေတဝန်ကျောင်းတော်၌ မွေ့ကျန်ခဲ့သော မဟာလတာ တန်ဆာကြီးကို မဆင်မြန်းတော့ဘဲ ရွှေပန်းထိမ်သည်များကို ခေါ်၍ တန့်ဖိုးဖြတ်စေရာ ရွှေပန်းထိမ်သည်များက "ဤတန်ဆာသည် ကိုးကုဋ္ဌေထိုက်တန်၍ လက်ခကား တစ်သိန်းထိုက်တန်၏"ဟု တန့်ဖိုးဖြတ်ကြလေရာ တစ်ဦးတစ်ယောက်မျှ ဝယ်ယူခြင်းငှါ မစွမ်းနိုင်သဖြင့် မိမိကိုယ်တိုင် သာလျှင် မဟာလတာတန်ဆာ၏ အဖိုး(ကိုးကုဋ္ဌေနှင့် တစ်သိန်း)ကို ပေး၍ ထိုကိုးကုဋ္ဌေနှင့်တစ်သိန်းသောအသပြာတို့ကို လှည်း၌ ဘင်ဖေ၍ ကျောင်းတော်သို့

ယူဆောင်ပြီး ဘုရားရှင်အား အာဘယ်ပစ္စည်းဖြင့် လှူဒါန်းရလျှင် ကောင်းပါမည်နည်းဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် သာဝတ္ထိမြို့ အရှေ့တံခါးအနီး၌ သံဃာတော်များ နေထိုင်ရန် ကျောင်းဆောက် လှူဒါန်းသင့်ကြောင်း မိန့်တော်မူရာ အားရဝမ်းမြောက်လျက် ပုဗ္ဗာရုံကျောင်း မြေနေရာကို ကိုးကုဋေသောအသပြာတို့ဖြင့် ဝယ်ယူ၍ အခြား ကိုးကုဋေသော ဥစ္စာတို့ဖြင့် ကျောင်းတိုက်ကြီးကို တည်ဆောက်လေ၏။

ကျောင်းရေစက်ချပဲ့ကြီး ၄-လကြာ ကျင်းပခြင်း

ကျောင်းတိုက်ကြီး တည်ဆောက်ရာ၌ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏ အကူအညီ အစောင့်အရှောက် ခံယူရသည့်အတွက် ၉-လဖြင့် ပြီးစီးလေသည်။ ဝိသာခါသည် မိမိ၏ ကျောင်းတိုက်၌ ဘုရားရှင်နှင့် သံဃာတော်များအား မိုးခလေးသပတ်လုံး သီတင်းသုံးစေပြီးနောက် ဘုရားအမှူးရှိသော သံဃာတော်များအား ကြိုးစွာသော အလှူကို လှူဒါန်းလေ၏။ နောက်ဆုံး တန်ဆောင်မုန်းလပြည့်နေ့၌ ရဟန်းသံဃာအား သင်္ကန်းလျှာ အထည်အဝတ်ကို လှူဒါန်းရာ အငယ်ဆုံး သံဃာရအပ်သော သင်္ကန်းလျှာ အဝတ်သည်ပင် အဖိုးတစ်ထောင်ထိုက်တန်၏။ အားလုံးသော ရဟန်းတို့အား သပိတ်နှင့် အပြည့်ထည့်၍ စတုမဓုဆေးကို လှူဒါန်းလေ၏။ လေးလကြာ ကျောင်းလှတ်ပူဇော်ပွဲကျင်းပရာ ကိုးကုဋေသော အသပြာတို့ကုန်လေ၏။

[ဤသို့လျှင် ကျောင်းမြေခွာ ဝယ်ရာ၌ ကိုးကုဋေ၊ ကျောင်းဆောက်စေရာ၌ ကိုးကုဋေ၊ ကျောင်းရေစက်ချပဲ့ လေးလကြာ ကျင်းပရာ၌ ကိုးကုဋေအားဖြင့် စုစုပေါင်း ၂၇-ကုဋေသော ဥစ္စာတို့ကို ဝိသာခါကျောင်းအမကြီးသည် ဘုရားသာသနာ၌ စွန့်ကြဲလှူဒါန်းခဲ့လေသည်။ အမျိုးသမီးအဖြစ်၌ တည်လျက် မိစ္ဆာဒိဋ္ဌိအယူရှိသူ ယောကျွမအိမ်နေထိုင်ပြီး ဤမျှကြီးစွာသော စွန့်ကြဲလှူဒါန်းမှုမည်သည့် အံ့ဖွယ်ဟာစ်ရပ်ဖြစ်သည်။]

တေဒဂ်ဘဲ့ထူး ချီးမြှင့်ခံရခြင်း

ကျောင်းအမကြီးဝိသာခါ၏ အိမ်သည်ကား နံနက်အခါဝယ် (သံဃာ အဝင်အထွက်များလှသောကြောင့်) သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်းထွန်းလင်းလျက် ရှိသည့်ပြင် အဝင်အထွက် သံဃာတော်တို့ သွားလာလှုပ်ရှားသဖြင့် ဖြစ်ပေါ်လာသောလေ ဖန်ရည်ရနံ့တို့ဖြင့် သင်းပျံကြိုင်လှိုင်လျက် ရှိပေ၏။

အနာထပိဏ်သူဌေးအိမ်မှာကဲ့သို့ ကျောင်းအမကြီးဝိသာခါ၏ အိမ်မှာလည်း အာဂန္တုဆွမ်း, ခရီးသွားဆွမ်း အစရှိသော ဆွမ်းမျိုးစုံဘို့သည် အသင့်စီမံ ချက်ပြုတ်ပြီးသာလျှင် ရှိကုန်၏။

ကျောင်းအမကြီးသည် နံနက်အခါဝယ် ရဟန်းသံဃာအား ဆိုင်ရာ ဆိုင်ရာ ဆွမ်းများ လှူဒါန်းဆက်ကပ်ပြီးနောက် နေမှန်းလွဲသောအခါ မိမိ၏ တပည့် များကို ထောပတ်, ဆီဥ, ပျား, ဆီ, တင်လဲဟူသော ဆေးပစ္စည်းများနှင့် သပြေ, သရက် စသော အဖျော်ရွှစ်မျိုးကို ယူဆောင်စေပြီး ဘုရားကျောင်း တော်သို့ သွားရောက်ကာ ရဟန်းသံဃာအား လိုအပ်ရာရာ ဆေးပစ္စည်း အဖျော်ယမကာများကို ဆက်ကပ် လှူဒါန်းလေသည်။ ထို့နောက်မှ တရားတော် နာယူပြီး အိမ်သို့ ပြန်လာလေ့ရှိသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဥပါသိကာ ဒါယိကာမ များကို အစဉ်အတိုင်း စေတဒ်ရာထူး ထားတော်မူရာ၌ ဝိသာခါကျောင်း အမကြီးကို—

> "ရဟန်းတို့...စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၌ နှစ်ခြိုက်မွေ့လျော် ကြသည့် ငါဘုရား၏ တပည့်မ=သာဝိကာမ ဥပါသိကာမတို့တွင် မိဂါရမာတာ ဝိသာခါသူဌေးကတော်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"ဟု—

ချီးကျူး မိန့်မြွက်တော်မူကာ လှူဒါန်းခြင်း၌ မွေ့လျော်သော အရာဝယ် အသာဆုံး အမြတ်ဆုံး "စေတဒ်"ရာထူး၌ ထားတော်မူလေ၏။

အလှူခံပုဂ္ဂိုလ်မရွေးလျှင် ဒါနအထမြောက်နိုင်

အလှူဒါန ပြုရာတွင် ပုဂ္ဂိုလ်အတန်းအစား မရွေး လှူဒါန်းလိုသော အသိဉာဏ်ပညာ သဒ္ဓါတရားရှိမှ အလှူအတန်းထမြောက် အောင်မြင်၏။ မိမိ၌ ရှိသောပစ္စည်းကိုလည်း နှမြောဝန်တို တွန့်တိုခြင်းမရှိမှုလည်း ပါဝင်၏၊ ထိုတရား နှစ်ပါးရှိမှ သာလျှင် အလှူအတန်းထမြောက် အောင်မြင်လေသည်။

အကယ်၍ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ် စိစစ်နေပါလျှင် အလှူအတန်း ထမြောက် အောင်မြင်ခဲ့၏၊ မိမိပစ္စည်းပေါ်၌ နှမြောဝန်တိုမှု မစ္ဆရိယဖြစ်ပေါ် နေလျှင်လည်း အလှူအတန်း ထမြောက်အောင်မြင်ခဲ့၏။ ထို့ကြောင့် ထိုအလှူခံ ပုဂ္ဂိုလ်ကို သုံးသပ်ခြင်း မပြုဘဲ မိမိ၏ အသိဉာဏ်ပညာ သဒ္ဓါတရားကို အခြေခံ၍ ပစ္စည်းအပေါ်၌လည်း မစင်၌ ဘင်ပုပ်လောက်ကို ရှုရှာသကဲ့သို့ ခင်တွယ်မှု

မရှိမှသာလျှင် အလှူအတန်း အောင်မြင်လွယ်၍ အကျိုးကျေးဇူးလည်း များပါသည်၊ အလှူခံပုဂ္ဂိုလ် မိမိထံမှောက် ရောက်လာလေအခါတွင်လည်း အလှူပေးမှူ ထမြောက် အောင်မြင်ပါသည်။

ဤသို့သော စိတ်ရှိရန် အသိဉာဏ်ပညာ သဒ္ဓါတရားရှိရန်မှာလည်း သာမန် အသိဉာဏ်, သာမန် သဒ္ဓါတရားတို့ဖြင့် မဖြစ်နိုင်ပေ၊ အာဘယ့်ကြောင့်ဆိုသော် လူများသည် မိမိတို့ ပြုလုပ်လိုက်သော အလုပ်တစ်ခုအတွက် အကျိုးကို မျော်ကိုးလေ့ရှိလောကြောင့်ပင် ဖြစ်ပါသည်၊ အကျိုးကို မျော်ကိုးလိုက်သည်နှင့် တပြိုင်နက် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်လာ၏၊ အလှူခံပုဂ္ဂိုလ် ရွေးချယ်လိုက်သည်နှင့် တပြိုင်နက် မိမိပစ္စည်းပေါ်၌ ငြိကပ်ဘဲယဉ်တာမှု မစ္ဆရိယကလည်း ဒီပုဂ္ဂိုလ်ဖြင့် မလှူသင့်ပါဘူး, ထိုပုဂ္ဂိုလ်မှ လှူပါ စသည်ဖြင့် သဒ္ဓါအသွင်ဖြင့် ပါဝင်လာပါသည်။ ထိုအခါ အလှူအတန်း ထမြောက် အောင်မြင်မှု နည်းပါးသွားတော့သည်။

ထို့ကြောင့် မြတ်စွာဘုရားသခင်က အလှူအတန်းကို မည်သည့်ပုဂ္ဂိုလ်အား မဆို လှူဒါန်းသင့်ကြောင်း ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောကြားတော်မူထားပါသည်။ အလှူအကျိုးများမှု, နည်းမှုသာ ကွာခြားပါသည်။

လှူဒါန်းပေးကမ်းရာ၌ စံထားရမည့် ပုဂ္ဂိုလ်မှာ သာဝတ္ထိပြည် သုမနသူဌေးကြီး၏သား ငယ်မည် သုဒတ္တ၊ အမျှားသီအမည် အနာထပိဏ်သူဌေးပင် ဖြစ်ပါသည်။ ငယ်မည်ပျောက်၍ အနာထပိဏ်သူဌေးဟု အမည်တွင် နေသည်မှာ ဆင်းရဲ ချမ်းသာ မရွေး၊ အသိပညာ ရှိ, မရှိ မရွေး၊ သီလ ရှိ, မရှိ မရွေး မိုခိုအားထားရာ မရှိသော ဆင်းရဲသားများမှ စ၍ သီလ, သမာဓိ, ပညာရှိ၍ ဘုရားဘမူးရှိသော ရဟန်းတော်များအထိ လှူဒါန်းလေ့ ရှိသောကြောင့် အနာထပိဏ်သူဌေးဟု အမည်တွင်ပါသည်၊ လှူဒါန်း ပေးကမ်းသည်မှာလည်း တစ်နေ့သာ မဟုတ်ဘဲ နေ့စဉ် နာရီနှင့်အမျှ လှူဒါန်းပေးကမ်းခြင်း ဖြစ်ပါသည်။ ထို့ကြောင့်—

မြတ်စွာဘုရားရှင်က "လှူဒါန်း ပေးကမ်းသော ပုဂ္ဂိုလ်များတွင် အနာထပိဏ်အမည်တွင်သော သုဒတ္တသူဌေးသည် အလွန်ဆုံး အမြတ်ဆုံး ဖြစ်သည်" ဟု—

စတဒဂ်ထားတော်မူပါသည်။

ထို့ကြောင့် အသိပညာ သဒ္ဓါတရားနှင့် ပြည့်စုံသော သူမျှားသည် မိမိရမည့် အကျိုးကျေးဇူးကြီးမားမှုကို မရည်ရွယ်ဘဲ နိဗ္ဗာန်ကို ရည်မျှော်၍လည်းကောင်း, သဗ္ဗညုတဉာဏ်ကို ရည်မှော်၍လည်းကောင်း လှူဒါန်းလေ့ရှိကြပါသည်။ မြတ်စွာဘုရား အလောင်းတော်သည် ဝေလာမပုဏ္ဏား ဖြစ်စဉ်အခါက သာသနာပ အချိန်တွင် အလှူခံပုဂ္ဂိုလ် အယုတ် အလတ် အမြတ်မရွေးဘဲ မိမိ၏ အသိဉာဏ်ပညာ သဒ္ဓါတရားဖြင့် လှူဒါန်းခဲ့လေသည်။

ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း ဖြစ်စဉ်အခါကလည်း ယုတ်ညံ့သော သောနုတ္တိုရ်မုဆိုးအား မိမိ၏ ဆင်စွယ်ကို ဖြတ်၍ လှူဒါန်းပြီး သဗ္ဗညုတဉာဏ်ကို ဆုတောင်းခဲ့ပါသည်။ ဝေဿန္တရာမင်းကြီး ဖြစ်စဉ် ကာလဒ္ဒီလည်း စူဇကာပုဏ္ဏားအား မိမိ၏ ရင်သွေး ကဏှာနှင့်ဇာလိတို့ကို လှူဒါန်း၍ သဗ္ဗညုတဉာဏ်ကို ဆုဝောင်းခဲ့ပါသည်။ ဤသို့ အလှူခံပုဂ္ဂိုလ်၏ သီလ သမာဓိ ပံညာမရွေး လှူဒါန်းနိုင်မှုသည် အလှူပေး ပုဂ္ဂိုလ်၏ အသိဉာဏ်ပညာသဒ္ဓါတရားကြီးမား သောကြောင့်သာ ပေးလှူနိုင်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အလှူခံပုဂ္ဂိုလ်၏ စင်ကြယ် မြင့်မြတ်မှုထက် မိမိ၏ သန္တာန်၌ အသိဉာဏ်ပညာ ကြွယ်ဝပြီး သဒ္ဓါတရားနှင့် ပြည့်စုံပြီးလျှင် နိဗ္ဗာန်ကို ရည်မှန်း၍ လည်းကောင်း, သဗ္ဗညုတဉာဏ်တော်ကို ရည်မျှော်၍ လည်းကောင်း ပေးလှူပါလျှင် အကျိုးကျေးဇူး မျှားစွာ ရှိနိုင်ပါသည်။

အလှူခံပုဂ္ဂိုလ် ရွေးချယ်ခြင်း

အလှူခံ ပုဂ္ဂိုလ်သည် တိရစ္ဆာန်၊ ဒုဿီလ၊ သီလဝန္တ၊ ရသေ့ ပရိဗိုဇ်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရားအားဖြင့် တစ်ကျိပ်လေးယောက် ရှိ၏။ ဘုရားအလောင်းတော်များကား အယုတ် အလတ် အမြတ် မရွေး အလှူခံ တစ်ကျိပ်လေးယောက်တို့အား လှူဒါန်းကြ၏။ သာမန်ပုဂ္ဂိုလ်များ အနေဖြင့်မူ အလှူခံပုဂ္ဂိုလ် အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကို လှူဒါန်းမှသာလျှင် မိမိတို့ လိုအပ်သော လောကီ လောကုတ္တရာ အကျိုးကျေးဇူးများ ပြည့်စုံနိုင်ပေသည်။

ယင်းသို့ လှူဒါန်းရာ၌လည်း ပုဂ္ဂိုလ်ကို မရည်မှန်းဘဲ သံဃာကို ရည်မှန်းပြီး လှူဒါန်းမှသာလျှင် ပို၍ အကျိုးများသည် အဘယ့်ကြောင့်ဆိုသော် သံဃာမှာ ဒုဿီလသံဃာ ဟူ၍ မရှိပေ၊ သံဃာမှန်လျှင် အားလုံး သီလဝန္တ ဖြစ်၏။ ပုဂ္ဂိုလ်အနေနှင့်သာ ဒုဿီလ၊ သီလဝန္တ ကွဲပြား၏။ ထို့ကြောင့် သံဃာကို ရည်မှန်း၍ လှူဒါန်းမှသာလျှင် ပို၍ အကျိုးကြီးမားပေသည်။

ဘုရားရှင်သည် ၄၅ ဝါ ကာလပတ်လုံး ဝါသနာ စရိုက် အကြိုက် အမျိုးမျိုး ရှိကြသော သတ္တဝါဝေနေ ဗိုလ်ခြေ အနန္တတို့အား နေ့ညမလပ် ချေချွတ်တော် မူထိုင်း ဒါနကထာ, သီလကထာ စသော အနုပုဗ္ဗီကထာ ဒေသနာ မြောက်မြား စွာကို ဟောကြား၍ချေချွတ်တော်မူရာ ဒါနအကြောင်းအရာ(ဒါနကထာ)လည်း မြောက်မြားစွာ ပါလျက် ရှိ၏။

ထိုမျှ များပြားလှသော ဒါနအကြောင်းအရာ (ဒါနကထာ) များသည် ထိုထို ပိဋကတ် ပါဠိတော် နိကာယ်တို့၌ နေရာအနှံ့ ကျယ်ဝန်းများပြားစွာ ပါရှိရာ ဤဗုဒ္ဓဘာသာလက်စွဲကျမ်း၌ ထုတ်ပြချက်ကား ဒါနသဘောကို လိုရင်း အကျဉ်းချုပ် သိနှင့်ရုံသာ ဖြစ်ပါ၏။ ကျယ်ကျယ်ဝန်းဝန်း သိမြင်လိုကြသော သူတော်စင်များအဖို့(ဤကျမ်းတွင် ဖော်ပြထားသော ကျမ်းညွှန်းများအတိုင်း) ထိုထို ပိဋကတ် ပါဠိတော် နိကာယ်ကျမ်းများကို ဆက်လက် လေ့လာကြရန် တိုက်တွန်းရင်း ဤမျှသော စကားအစဉ်ဖြင့် ဖော်ပြအပ်သော ဒါနအကြောင်း (ဒါနကထာ)ကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည်။

ဤတွင် အပိုင်း(၃) ပြီး၏။

အဓိဋ္ဌာန် (၄)

အခန်း (၁၆)

သိလစောင့်ထိန်းခြင်း

သိလ၏ အဓိပ္ပါယ်

သိလ၏ အဓိပ္ပါယ်မှာ ကောင်းသောအကျင့်ဟု ဆိုလိုသည်။ ကောင်းသော အကျင့် ဆိုသည်မှာလည်း—

- ကောင်းစွာ ထားရှိခြင်း၊
- ကောင်းစွာ လုပ်ဆောင်ခြင်း–

ဟူ၍ ၂-မျိုးရှိသည်။

ကောင်းစွာ ထားရှိခြင်း

ကာယကံမှ ဝစီကံမှတို့ကို ဖရိုဖရဲမရှိစေရန် ကောင်းစွာထားခြင်း ဖြစ်သည်။ သိလမဂ်စောင့်ထိန်းသော သူ၏ ကာယကံ, ဝစီကံတို့သည် အဆိန်းမရှိသော ချည်ခင်ကဲ့သို့ ဖရိုဖရဲ ဖြစ်နေတတ်သည်။ သိလစောင့်ထိန်းသောသူ၏ ကာယကံမှု, ဝစီကံမှုတို့လည် ဖရိုဖရဲမဖြစ် တည်ငြိမ်စွာ ရှိနေတတ်သည်။ ဥပမာအားဖြင့် စိတ်နေစိတ်ထား ခက်ထန်ကြမ်းတမ်းသူ တစ်ဦးသည် သိလဆောက်တည်ထားစဉ် အခြားသူတစ်ယောက်က မခံနိုင်လောက်အောင် လာရောက်ပြောဆို ပြုမူလာသော်လည်း အတွံ့အပြန် လက်စားချေမှု ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှုမျိုး မဖြစ်ရအောင် ကောင်းစွာ ထားနိုင်မည် ဖြစ်သည်။ အကယ်၍ ထိုသူသည် သိလ ဆောက်တည် မထားပါက ယင်း၏ ကာယကံမှု, ဝစီကံမှုတို့သည် တားမရ ဆီးမရ ဖရိုဖရဲ သောင်းကျန်းမှု, လွန်ကျူးမှု ပြုလုပ်ရန် ဝံသေချာသလောက် ဖြစ်ပေသည်။

ကောင်းစွာ လုပ်ဆောင်ခြင်း

ကုသိုလ်တရား မှန်သမျှသည် သိလနှင့် ကင်း၍ မဖြစ်နိုင်၊ သိလရှိသူ၏ သန္တာန်၌သာ ကောင်းစွာ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် သိလသည် ကုသိုလ်ဟူသမျှတို့၏ မူလအကြောင်းအရင်းဖြစ်၍ ကုသိုလ်တရားတို့ ဖြစ်ပွားအောင် လုပ်ဆောင်တတ်သည်။ ဒါန, သိလ, ဘာဝနာ ဟူသော အကျင့်လမ်းစဉ်၌ ဒါနကို

ရှေးဦးထား၍ ဖော်ပြထားသော်လည်း သီလကို အခြေခံ၍ ပြုလုပ်သော ဒါနကုသိုလ်သည် ပိုမို၍ အကျိုးပေးထက်သန် စည်ပင်ပြန့်ပြောသည်။ ထို့ကြောင့် အလှူအတန်းများဌ ရေစက်မချမီ ငါးပါးသီလ, ရှစ်ပါးသီလ တစ်ခုခု ခံယူဆောက်တည်ပြီးမှ အလှူဒါနကို ရေစက်ချပေးသည့် အစဉ်အလာရှိပါသည်။

အကျဉ်းချုပ်အားဖြင့် သီလ အဓိပ္ပါယ်မှာ ကာယကံမှု, ဝစီကံမှုတို့ကို ရွန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပြုဘဲ နူးညံ့သိမ်မွေ့အောင် ကောင်းစွာထားတတ်သောကြောင့် လည်းကောင်း, ကုသိုလ်တရားတို့ကို အဆင့်ဆင့် တိုးပွားအောင် ကောင်းစွာ လပ်ဖဆောင်တတ်သောကြောင့်လည်းကောင်း သီလဟု ခေါ်ဆိုရသည်။

တနည်းအားဖြင့် သီသ= ဦးခေါင်းဟူသော စကားမှ ရွေ့လျောလာ၍ သီသမှ သီလဟု ပြောင်းလဲလာခဲ့သည်။ သတ္တဝါများမှာ ဦးခေါင်းပြတ်သွားလျှင် တစ်ကိုယ်လုံး ပျက်စီးရတော့သကဲ့သို့ သီလတရား ပျက်စီးလျှင် ကုသိုလ်တရားအလုံးစုံ ပျက်စီးသွားတော့သည်ဟု ဆိုလိုသည်။ တနည်းအားဖြင့် လောကဥ်အပ္ပဋ္ဌိမ်းအေးခြင်းကို သီတလ-ဟု ခေါ်၍ သီတလမှ အလယ်အကွာဏု(တဝမ်းပု) ပြုတ်၍ သီလ-ဟု ဖြစ်လာသည်။ သတ္တဝါတို့၏သန္တာန်၌ ကိလေသာ အပူဟူသမျှ ငြိမ်းအေးစေတတ်သောကြောင့် သီလဟု ခေါ်ဆိုခြင်း ဖြစ်သည်။

သီလ၏ တရားကိုယ်

သီလကို အဘိဓမ္မာနည်းအားဖြင့် တရားကိုယ် ကောက်ပြုရလျှင်—

(၁) စေတနာသည် သီလမည်၏ (စေတနာသီလ)၊

(၂) ဝိရတိစေတသိက် ၃-ပါးသည် သီလမည်၏ (ဝိရတိသီလ)၊

(၃) အလောဘ, အဒေါသ, အမောဟ စေတသိက် ၃-ပါးသည် သီလမည်၏ (အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ)၊

(၄) စောင့်စည်းသူ၏ ကုသိုလ်စိတ် စေတသိက်တို့သည် သီလမည်၏ (သံဝရသီလ)၊

(၅) မလွန်ကျူးအောင် စောင့်ထိန်းသော အခါ၌ဖြစ်သော ကုသိုလ် စိတ်နှင့် စေတသိက်တို့သည် သီလမည်၏ (အဝီတိက္ကမသီလ)။

စေတနာသိလ

— ပါဏာတိပါတာ=သူ့အသက်ကို သတ်ခြင်း၊

— အဒိန္နာဒါန=သူ့ဥစ္စာကို ခိုးယူခြင်း၊

— ကာမေသုမိစ္ဆာစာရ = မိမိမပိုင်သော ဝတ္ထုကာမတို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်း–

၌သုံးပါးကို ကာယဒုစရိုက် ၃-ပါးဟု ခေါ်သည်။

— မုသာဝါဒ=မဟုတ်မမှန် ပြောဆိုခြင်း၊

— ပိသုဏဝါစာ=ကုန်းတိုက်စကား ပြောဆိုခြင်း၊

— ဖရုသဝါစာ=ကြမ်းတမ်း ယုတ်မာ တိုင်းထွာ ဆဲရေးခြင်း၊

— သမ္ဖပ္ပလာပဝါစာ=အကျိုးမရှိပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း–

၌ ၄-ပါးကို ဝစီဒုစရိုက် ၄-ပါးဟု ခေါ်သည်။

ယင်း ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်သော စေတနာသည် စေတနာသိလ မည်၏။ မိဘဝတ်, ဆရာဝတ် စသည်တို့ကို ဖြည့်ကျင့်သောအခါ ဖြစ်ပေါ်သော စေတနာသည်လည်း စေတနာသီလမည်၏။

ဝ ဝ ဓ

ဝရတသိလ

မကောင်းမှုမှ ရှောင်ကြဉ်ခြင်းကို ဝိရတီဟု ခေါ်သည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ရာ၌ အသက်မွေးမှုနှင့်ပတ်သက်ခြင်းမရှိလျှင် သမ္မာကမ္မန္တဝိရတီဖြစ်သည်။ (သမ္မာ=ကောင်းသော+ကမ္မန္တ = အလုပ်အကိုင်+သမ္မာကမ္မန္တ= ကောင်းသော အလုပ်အကိုင်၊ မကောင်းသော အလုပ်အကိုင်မှ ရှောင်ကြဉ်ခြင်း။) ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းသည် အသက်မွေးမှုနှင့် ပတ်သက်ခြင်းမရှိလျှင် သမ္မာဝါစာဝိရတီမည်၏။ (သမ္မာ=ကောင်းသော+ဝါစာ=စကား။)

အထက်ဖော်ပြပါ ကာယ ဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းသည် အသက်မွေးမှုနှင့်ပတ်သက်မှုရှိလျှင် သမ္မာအာဇီဝဝိရတီဟု ခေါ်သည်။(သမ္မာ=ကောင်းသော+အာဇီဝ=အသက်မွေးမှု။) ဥပမာအားဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်သေးသော ကျောင်းသူ ကျောင်းသားများ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာဝိရတီမည်၏။ ရွှေနေ ရွှေရပ်များ

တရားခွင်၌ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝဝိရတီမည်၏။ မုဆိုး တံငါမျှား သူ့အသက် သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝဝိရတီမည်၏။ ကလေးငယ်မျှား ဖားသတ်ခြင်း ကြွက်သတ်ခြင်း စသော ပါဏာတိပါတကံမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တဝိရတီမည်၏။

ယခုပြဆိုခဲ့သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတည်းဟူသော ဝိရတိစေတသိက် သုံးပါးသည် ဝိရတိသီလမည်၏။

အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ

သူတပါးစည်းစိမ်ကို ကြည့်၍ ဤစည်းစိမ်ဥစ္စာသည် ငါ၏ စည်းစိမ်ဥစ္စာ ဖြစ်ပါမူ ကောင်းလေစွဟု လောဘဖြင့် ကြံစည်မှုကို အဘိဇ္ဈာဟု ခေါ်သည်။ အဇာတသတ်မင်းသားသည် ငယ်စဉ်အခါက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးနှင့် အတူ ဇောတိကသူဌေးကြီး၏ ပတ္တမြားဗိမာန်သို့ သွားရောက်လည်ပတ်သည့်အခါ "ငါ၏ခမည်းတော်ကြီးသည် ညှဲဖျင်းလေစ့၊ ငါသာ ရှင်ဘုရင်ဖြစ်ပါမူ ဇောတိက၏ ပတ္တမြားဗိမာန်ကြီးကို သိမ်းပိုက်လိုက်မည်ဟု ကြံစည်လိုက်သည်၊ အဘိဇ္ဈာပ္ပဒေါသ ဖြစ်သည်။ ယင်းအဘိဇ္ဈာသည် တရားကိုယ်အားဖြင့် လောဘတရားဖြစ်သည်။ ထိုကဲ့သို့ အဘိဇ္ဈာမနောဒုစရိုက် မဖြစ်ရအောင် အဘိဇ္ဈာမနောဒုစရိုက်ကို ပယ်ရှားသော အလောဘစေတသိက်သည် သီလမည်၏။ မိမိနှင့် ပြိုင်ဘက်ရန်သူ ပျက်စီးပါစေသေပါစေ စသည်ဖြင့် ကြံစည်ပြစ်မှားခြင်းသည် ဗျာပါဒ မနောဒုစရိုက်မည်၏။ ဗျာပါဒ၏ တရားကိုယ်မှာ ဒေါသစေတသိက် ဖြစ်၏။ ယင်းဗျာပါဒကို ပယ်ရှားသော အဒေါသစေတသိက်သည် သီလမည်၏။

ကံ့ကဲ၏အကျိုးမရှိ၊ နောက်ဘဝမရှိ၊ အလှူဒါနမှာ အကျိုးမရှိ စသည်ဖြင့် မှားယွင်းဖောက်ပြန်သော အယူအဆသည် မိစ္ဆာဒိဋ္ဌမနောဒုစရိုက်မည်၏။ ယင်း၏ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ဖြစ်သည်။ ထိုမိစ္ဆာဒိဋ္ဌိကို ပယ်ရှားသော အမောဟစေတသိက်သည် သီလမည်၏။

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနော ဒုစရိုက် ၃-ပါးရှိလျှင် ကာယဒုစရိုက်, ဝစီဒုရိုက်တို့ကို လွန်ကျူးမှုများ ဖြစ်ပေါ်နိုင်သည်။ အဘိဇ္ဈာကို ပယ်ရှားနိုင်မှုသည် အနဘိဇ္ဈာမည်၏။ ဗျာပါဒကို ပယ်ရှားနိုင်မှုသည် အဗျာပါဒမည်၏။ မိစ္ဆာဒိဋ္ဌိကို ပယ်ရှားနိုင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏၊ ယင်းအနဘိဇ္ဈာ, အဗျာပါဒ၊ သမ္မာဒိဋ္ဌိဟူသော မနောသုစရိုက် ၃-ပါးကို သီလဟု ခေါ်ဆိုသည်။

သံဝရသီလ

ရဟန်းတော်များ သီလစောင့်ထိန်းမှုကို သံဝရ-ဟု ခေါ်သည်။ ရဟန်းတော်များနှင့်သာ အထူးသက်ဆိုင်သော သီလ ဖြစ်သည်။ ယင်း သံဝရမှာ ငါးမျိုး ရှိသည်။

(၁) ပါတိမောက္ခ သံဝရ=၂၂၇-သွယ်သော သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း၊

(၂) သတိသံဝရ=မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော ဣန္ဒြေ ၆-ပါးကို အာကုသိုလ် မဝင်နိုင်စေရန် သတိဖြင့် စောင့်ကြပ်ခြင်း၊ ဣန္ဒြေကို စောင့်ထိန်းခြင်း၊

(၃) ဉာဏသံဝရ=ဉာဏ်ပညာဖြင့် စောင့်ထိန်းခြင်း၊ တဏှာ, မာန, ဒိဋ္ဌိ, အဝိဇ္ဇာ ကိလေသာကြောင့်တို့ မဖြစ်ပွားရအောင် စောင့်ထိန်းရသော ဉာဏ်ပညာဖြစ်သည်။ ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ကိလေသာ မဖြစ်အောင် ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း၊

(၄) ခန္တီသံဝရ=အချမ်း အပူ စသည်တို့ကို သည်းခံလျက် အကုသိုလ်တရား မဖြစ်ပွားအောင် စောင့်ထိန်းခြင်း၊

(၅) ဝီရိယသံဝရ = ကာမဂုဏ်နှင့် ပတ်သက်သော ကြံစည်မှု၊ သူတပါး ပျက်စီးအောင် ကြံစည်မှု၊ ညှဉ်းဆဲရန် ကြံစည်မှုများကို မကြံစည်မိအောင် အင်အားစိုက်ထုတ်၍ စောင့်ထိန်းခြင်း ဖြစ်သည်။ အထူးသဖြင့် အာသက်မွေးဝမ်းကျောင်း စင်ကြယ်အောင် လုံ့လစိုက်ထုတ်၍ စောင့်စည်းခြင်း ဖြစ်သည်။

အဝိတိက္ကမသီလ

ဆောက်တည်ထားအပ်သော သိက္ခာပုဒ်တို့ကို ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူးခြင်းသည် အဝီတိက္ကမသီလ မည်၏။

ဝိရတီ ၃-မျိုး

ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်မှု (ဝိရတီ)သည် အောက်ပါအတိုင်း ၃-မျိုးရှိသည်—

(၁) သမာဒါနဝိရတိ=ရှောင်ကြဉ်ရန် ဆောက်တည်ခြင်း၊
(၂) သမုစ္ဆေဒဝိရတိ=ရင်ဆိုင်တွေ့သည့်အခါ ရှောင်ကြဉ်ခြင်း၊
(၃) သမုစ္ဆေဒဝိရတိ=အကြွင်းမဲ့ ဖြတ်တောက်ပယ်ခွါ၍ ရှောင်ကြဉ်ခြင်း။

သမာဒါနဝိရတိ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ လည်းကောင်း, ရဟန်းသံဃာရှေ့၌ လည်းကောင်း သူ့အသက် သတ်ခြင်းမှု ရှောင်ကြဉ်သည့် သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ သူ့ဥစ္စာ ခိုးခြင်းမှု ရှောင်ကြဉ်သည့် သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ ကျိုသို့စသည်ဖြင့် ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ စသည်တို့ကို ခံယူဆောက်တည်ခြင်းသည် သမာဒါနဝိရတိမည်၏။ လွန်ကျူးရမည့်အကြောင်း ဝတ္ထု မတွေ့မီ ကြိုတင်ဆောက်တည်ခြင်း, ကြိုတင်၍ စိတ်ကို ဆုံးဖြတ်ထားခြင်းသည် သမာဒါနဝိရတိ မည်၏။

သီဟိုဠ်ကျွန်းတွင် ဥပါသကာတစ်ယောက်သည် နွားပျောက်သဖြင့် နွားရှာရာ တောအုပ်အတွင်း၌ စပါးကြီးမြေကြီးဘစ်ကောင်နှင့် ရင်ဆိုင်တွေ့သည်။ စပါးကြီးမြေသည် ဥပါသကာကို လာဆောက်ရစ်ပတ်သည်။ ဥပါသကာသည်လက်တင်း၌ ပါလာသောထင်းခုတ်ခေားဖြင့် ခုတ်ဖြတ်ရန် ချိန်ရွယ်ပြီးမှ မိမိခံယူဆောက်တည်ထားသော ပါဏာတိပါတာ ဝေရမဏိသီလကို သတိရ၍ "အသက်သေလိုက သေပါစေ၊ သူတပါး အသက်ကို မသတ်တော့ပြီ" ဟု ဆုံးဖြတ်ချက်ချကာ ခေားကို လွှင့်ပစ်ပြီး မိမိသီလကိုသာ ဆင်ခြင်အောက်မေ့ နေလိုက်သည်။ စပါးကြီးမြေသည် ဥပါသကာ၏ သီလတန်ခိုးကြောင့် ဆက်လက်ရစ်ပတ်ခြင်းမပြုနိုင်တော့ဘဲ ထွက်ခွါသွားတော့သည်။

ကျိုကဲ့သို့ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော်လည်း မိမိဆောက်တည်ထားသည့် သီလကို စောင့်ထိန်းနိုင်ခြင်းသည် သမာဒါနဝိရတိ ဖြစ်သည်။

သမ္ပတ္တဝိရတိ

လွန်ကျူးစရာအကြောင်း ကြုံလာခဲ့သော် လွန်ကျူးစရာ ဝတ္ထုနှင့် ရင်ဆိုင်တွေ့လာခဲ့သော် မလွန်ကျူးမိအောင် စောင့်ထိန်းခြင်း, ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ပုဆုဇဉ်ပုဂ္ဂိုလ်များမှာ သမာဒါနဝိရတိနှင့် သမ္ပတ္တဝိရတိသီလ ၂-မျိုးရှိနိုင်ခွင့်ရှိပါသည်။ သမာဒါနဝိရတိသီလမှာ ဗုဒ္ဓဘာသာဝင်တိုင်း သီလခံယူ ဆောက်တည်ဖူးကြသည်။ သီလခံယူချိန်၌ စေတနာသီလသာ ဖြစ်သေးသည်၊ ဝိရတိအဆင့်သို့ မရောက်သေးချေ။ ဝိရတိသီလဖြစ်ရန် ခက်ခဲသည်။ အငွေ့ကို ရှောင်နိုင်သော်လည်း အတွေ့ကို ရှောင်နိုင်ခဲသည်။ လောဘ အမှောင် ဒေါသ အမှောင် ဖုံးအုပ်ကာ အတွေ့ကို မရှောင်နိုင်ဖြစ်တတ်သည်။

မြောက်ကျွန်းသူ မြောက်ကျွန်းသားမှာ တမင်တကာ သီလခံယူဆောက်တည်ထားခြင်းမရှိ၊ သူ့အသက် သတ်ခြင်း စသော ဒုစရိုက်မှုမျှားမှ ရှောင်ကြဉ်ကြခြင်းသည် ပင်ကိုပကတိအားဖြင့် သီလကို စောင့်ထိန်းခြင်းဖြစ်သည်။ သမ္မတ္တဝိရတီသီလဟု ခေါ်ဆိုနိုင်သည်။ သီလကို ကြိုတင်ဆောက်တည်မှုမရှိဘဲ ကျူးလွန်စရာ အာရုံစတွေ့နှင့် ရင်ဆိုင်တွေ့သည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်နိုင်မှုသည် သမ္မတ္တဝိရတီမည်၏၊ သီဟိုဠ်ကျွန်း၌ စက္ကနဉ္ဇပါသကာသည့် မိခင်အား ဓာတ်စာကျွေးရန် ယုန်ငယ်တစ်ကောင်ကို မိ၍ သတ်ရန် ကြံစည်ပြီးမှ အာကုသိုလ်ဖြစ်မည်ကြောက်၍ မသတ်ဘဲ လွှတ်လိုက်သည်၊ ဤကား သမ္မတ္တဝိရတီဖြစ်သည်။

သမုဒ္ဆေဒဝိရတိ

ကာယ ဒုစရိုက် ၃-ပါး၊ ဝစီ ဒုစရိုက် ၄-ပါး၊ မနော ဒုစရိုက် ၃-ပါး ဤဒုစရိုက် ၁၀- ပါးတို့ကို ကျူးလွန်မှု ပြုခြင်းသည် **လောဘ**, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသော ကိလေသာ အရင်းခံကြောင့် ဖြစ်သည်။ မူလအကြောင်းရင်းဖြစ်သော ယင်းကိလေသာတရားများကို အရိယာမဂ်ကို ရရှိသည့်အခါ အကြွင်းမဲ့အမြစ်ပြတ် ပယ်ရှားလိုက်သည်။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သည်။ ဤသို့စသည်ဖြင့် မဂ်ဉာဏ်ဖြင့် ကိလေသာ တရားတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်းသည် သမုဒ္ဆေဒဝိရတီ မည်၏။

ပဟာန် ၄-ပါး

လောကီ သီလသည် ကိလေသာတရားများကို အခိုက်အတန့် ယာယီထိန်းချုပ်ထားနိုင်စွမ်း ရှိသည်။ လောကုတ္တရာ သီလသည် ကိလေသာတရားများကို အကြွင်းမဲ့ ပယ်နိုင်သည်။ ကိလေသာ ပယ်မှုကို ပဟာန=ပဟာန်ဟု ခေါ်သည်။ ကိလေသာ ပယ်မှုနှင့် စပ်လျဉ်း၍ ပဟာန် ၄-ပါးကို မှတ်သားသင့်သည်။

(၁) တဒင်္ဂပဟာန် = ခဏတာခဏ ပယ်ခြင်း၊

(၂) ဝိက္ခမ္ဘနပဟာန် = အခိုက်အတန့် ပယ်ခွါထားခြင်း၊

(၃) သမုဒ္ဆေဒပဟာန် = အကြွင်းမဲ့ ဖြတ်တောက်၍ ပယ်ခွါခြင်း၊

(၄) ပဋိပဿမ္ဘနပဟာန်=ငြိမ်းအေးစေမှု ပြု၍ ပယ်ခွါခြင်း။

တဒင်္ပဟာန်

ဘုရားရှိခိုးနေသော သူ၌ ကုသိုလ်စိတ်များသာ ဖြစ်ပေါ်နေ၍ အကုသိုလ်စိတ်များ မဝင်ရောက်နိုင်အောင် ပယ်ရှားထားခြင်းသည် တဒင်္ပဟာန် မည်၏။ အလားတူပင် အလှူဒါန ပြုလုပ်သည့်အခါ ဥပုသ်သီလ စောင့်သုံးသည့်အခါ ဝေယျာဝစ္စ ပြုလုပ်သည့် အခါတို့၌ ကုသိုလ်တရားများ ဖြစ်ပွားနေ၍ အကုသိုလ်တရားများ ဝင်ရောက် မလာနိုင်ခြင်းသည် ခဏတ္တခဏ အကုသိုလ် ပယ်ခြင်း ဖြစ်၍ တဒင်္ပဟာန် မည်၏။ (တဒင်္ဂ=တခဏ။)

ဝိက္ခမ္ဘနပဟာန်

သမာဓိဈာန် ဝင်စားနေသည့် အချိန်တွင် ၁-နာရီ၊ ၂-နာရီ၊ သို့မဟုတ် ၁-ရက်၊ ၂-ရက် စသည်ဖြင့် အကုသိုလ်တရားများ ဝင်ရောက်ဖြစ်ပေါ်ခြင်း မရှိစေရန် အခိုက်အတန့်အား ဖြင့် ပယ်ခွါထားခြင်းကို ဝိက္ခမ္ဘနပဟာန်ဟု ခေါ်သည်။ ဈာန်ရသော ပုဂ္ဂိုလ်များ ဈာန်ဝင်စားနေသော ပုဂ္ဂိုလ်များသည် ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေသာဘို့ကို ပယ်ခွါထားသည် မည်၏။ (ဝိက္ခမ္ဘန=ပယ်ခွါခြင်း။)

သမုစ္ဆေဒပဟာန်

အကုသိုလ် ဒုစရိုက်တရားတို့၏ အကြောင်းရင်းမူလ ဖြစ်သော ကိလေသာတရားတို့ကို တခါတည်း အမြစ်ပြတ်အောင် မဂ်ဉာဏ်ဖြင့် ပယ်သတ်ခြင်းသည် သမုစ္ဆေဒပဟာန် မည်၏ (သမုစ္ဆေဒ=သံ+ဥ+ဆေဒ=ကောင်းစွာဖြတ်ခြင်း။)

ပဋိပဿမ္ဘနပဟာန်

ကိလေသာအပူမီးကို မဂ်ဉာဏ်ဖြင့် ပယ်သတ်ပြီးသောအခါ ကိလေသာအကြွင်းအကျန် မရှိတော့သော်လည်း ယင်း၏ အဇ္ဈတ္တသက် အရှိန်အဝါ ကျန်ရစ်နေသေး၏။ ယင်းအဇ္ဈတ္တသက်အရှိန်အဝါများကို အေးငြိမ်းချုပ်ငြိမ်းသွားအောင် ဖိုလ်ဉာဏ်က စွမ်းဆောင်နိုင်၏။ ယင်း ဖိုလ်ဉာဏ်၏ ကိလေသာအပူရှိန် အဇ္ဈတ္တသက် ငြိမ်းအေးစေမှုသည် ပဋိပဿမ္ဘနပဟာန် မည်၏။ (ပဋိ=တဖန်+ပဿမ္ဘန=ငြိမ်းစေခြင်း။)

တဒင်္ပဟာန်ဖြင့် ကိလေသာပယ်ပုံကို မှော်ထဲသို့ ခဲပစ်ချသည်နှင့် နှိုင်းယှဉ်ကြသည်။ ကန်ရေပြင်ကို ရေမှော်များ ဖုံ.အုပ်လျက် ဦးရာ ခဲတစ်လုံး ပစ်ချလိုက်လျှင် မှော်များသည် နံဘေးသို့ ရှဲ၍ ရေမျက်နှာပြင် ပေါ်လာမည်။ မကြာမီပင် မှော်များ ပြန်လည် ဖုံးအုပ်သွားမည်။ ဤကဲ့သို့ မှော်ပျားကို ခဏတ္တခဏ ပယ်ရှားခြင်းသည် တဒင်္ပဟာန် ပယ်နည်းနှင့် တူ၏။

ဝိကွမ္ဘနပဟာန် ပယ်ပုံကို သစ်ပင်ခုတ်သည့် ဥပမာနှင့် နှိုင်းခိုင်းကြသည်။ အဆိုပ်ပင် တစ်ပင်ကို အသီးမသီး စေလိုသဖြင့် အကိုင်းအခက်များ ချိုင်ပစ်လိုက်သည်။ တစ်နှစ်, ခုစ်နှစ်ခန့် မသီးဘဲ နေသော်လည်း သုံးနှစ်ခန့် ကြာသောအခါ အခက်အလက်များ ပြန်လည်ဝေဆာလာ၍ အဆိပ်သီးများ သီးပြန်သည်။ ထိုကဲ့သို့ အခိုက်အတန့်မျှ ပယ်ခွါခြင်းကို ဝိကွမ္ဘနပဟာန်ဟု ခေါ်သည်။

ယင်း အဆိပ်ပင်ကြီးကို အမြစ်ပါ နုတ်၍ အမှန်ကြိတ် ပြာချ လေမှာ လွှင့်လိုက်သောအခါ နောက်ထပ် အဆိပ်သီး မသီးနိုင်တော့ချေ။ ဤဥပမာဖြင့် သမုစ္ဆေဒပဟာန်ကို အဓိပ္ပါယ်ရှင်းပြကြသည်။

ပဋိပဿမ္ဘနပဟာန်မှာ မီးတောက် မီးလျှံနှင့် မီးကျီးခဲများ ငြိမ်းသွားသော်လည်း ပြာပူကျန်ရစ်နေသေးသည်။ ယင်း ပြာပူငြိမ်းအောင် လုံးဝအခိုးသေအောင် ထပ်မံ၍ ရေဖျန်းပက်ခြင်းသည် ပဋိပဿမ္ဘနပဟာန် မည်၏။

အဘိဓမ္မာနည်းအားဖြင့် ရှင်းပြရသော် ကာမာဝစရ ကုသိုလ် သီလသည် တဒင်္ဂပဟာန် မည်၏။ ရူပါဝစရ အရူပါဝစရ ကုသိုလ်သီလသည် ဝိကွမ္ဘနပဟာန် မည်၏။ မဂ်ကုသိုလ် သီလသည် သမုစ္ဆေဒပဟာန် မည်၏။ ဖိုလ်သီလသည် ပဋိပဿမ္ဘနပဟာန် မည်၏။

သီလ၏ အကြောင်း

သီလသည် မကောင်းမှုမှရှောင်ခြင်း (ဟိရီ)နှင့် မကောင်းမှုမှ ကြောက်ခြင်း (ဩတ္တပ္ပ) တရားနှစ်ပါး အကြောင်းခံပို၏။ သူတော်ကောင်းတရားကို နာကြားရခြင်း စသည်ကြောင့်လည်း သီလနှင့် ပြည့်စုံတတ်သည်။ အရှက်အကြောက် (ဟိရီ,ဩတ္တပ္ပ) တရားနှစ်ပါးရှိမှ သီလကို စောင့်ထိန်းနိုင်သည်။ သီလကို လုံခြုံစွာ စောင့်ထိန်းနိုင်ရေးအတွက် အကုသိုလ်အမှုပြုရန် ရှက်ခြင်း(ဟိရီ)နှင့် အကုသိုလ် အမှုမှ ကြောက်ခြင်း (ဩတ္တပ္ပ)ရှိရန် လိုအပ်သည်။

သီလရနုံ ကြိုင်သင်းပျံ

သီလသည် အဆင်းမရှိ သော်လည်း သီလစောင့်ထိန်းသူအား လှပတင့်တယ်စေ၏။ သီလသည် အနံ့မရှိသော်လည်း လေအောက်လေညာ အရပ်မျက်နှာအားလုံးသို့ မွှေးကြိုင်ပျံလှိုင်စေ၏။ သီလရှိသော သူတော်ကောင်းတို့၏ ကုဏ်သတင်းသည် အရပ်မျက်နှာအားလုံးကို မွှေးကြိုင်စေ၏။ ထို့ကြောင့် ဘုရားရှင်က ဓမ္မပဒပါဠိတော်၌—

"စန္ဒကူးအနုံသည်လည်းကောင်း၊ တောင်ဇလပ်ပန်း အနုံသည်လည်းကောင်း၊ ကြာညိုပန်းအနုံသည်လည်းကောင်း၊ မြလေးပန်းအနုံသည်လည်းကောင်း ရှိ၏။ ထိုပန်းရနုံ အမျိုးမျိုးတို့ထက် သီလအနုံသည်သာ အတုမရှိမြတ်၏။

တောင်ဇလပ် စန္ဒကူးပန်းတို့၏ အနုံသည် မပြောပလောက်၊ အနည်းငယ်မျှသာ ဖြစ်၏၊ သီလရှိသော သူတို့၏ သီလအနုံသည်သာ ထူးကဲလွန်မြတ်သည် ဖြစ်၍ နတ်ပြည်တို့၌ လိုင်၏။

ပန်းအနုံသည် လေညာသို့ မသွား၊ စန္ဒကူးပန်း, တောင်ဇလပ်ပန်း, စပယ်ကြက်ရုံးပန်းတို့၏ အနုံသည်လည်း လေညာသို့ မသွား၊ သူတော်ကောင်းတို့၏ အနုံသည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏"ဟု-ဟောတော်မူသည်။ ယောဘုယျအားဖြင့် ကိုယ်ကျင့်သီလနှင့် ပြည့်ဝသူကို လောကၠ၌ သူတော်ကောင်းဟု ခေါ်ဝေါ် သမုတ်ကြ၏။ သီလ ရှိသူတို့၏ ကိုယ်နုံကိုလည်း နတ်တို့က မစက်ဆုပ်ကြောင်း သိကြားမင်း ကိုယ်တိုင် ကျောင်းသခ်မ်း၌ တရားအားထုတ်နေသော ရသေ့ကြီးထံ လာရောက် လျှောက်ထားဖူးသည်။

သိကြားမင်းက ရှိခိုးရသူ

သိကြားမင်းသည် ဥယျာဉ်တော်သို့ ထွက်ရန် ဝေဇယန္တာ ပြာသာဒ်မှ သက်ဆင်းပြီးနောက် ရထားပေါ်သို့ တက်ခါနီး၌ အရပ်ရှစ်မျက်နှာတို့ကို လှည့်လည်ရှိခိုးနေသည်။ ထိုအခါ—

မာတလိနတ်သားက "အရှင် သိကြားမင်း.... အဘယ်သူမျှားကို ရှိခိုးနေပါသနည်း"ဟု မေးမြန်းရာ—

သိကြားမင်းက "အချင်း မာတလိ...အကြင်လူတို့သည် ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိကုန်၏၊ သီလနှင့်လည်း ပြည့်စုံကြကုန်၏၊ ရတနာသုံးရပ်ကိုလည်း ကိုးကွယ်ဆည်းကပ်ကြကုန်၏၊ တရားသဖြင့် သားမယားတို့ကိုလည်း မွေးမြူကြကုန်၏၊ ထိုလူတို့ကို ငါရှိခိုးပါ၏" ဟု-ဖြေကြားလေသည်။

ဓာရိတ္တနှင့် ဝါရိတ္တ (ဆောင်ရန်နှင့် ရှောင်ရန်)

သီလသည် လူတို့ နေ့စဉ်ပြုလုပ်ဖြည့်ကျင့်ဆောင်ရွက်ရမည့် ဓာရိတ္တသီလနှင့် မလုံမသွေရှောင်ကြဉ်ရမည့် ဝါရိတ္တသီလဟူ၍ နှစ်မျိုးရှိ၏။

စာရိတ္တသီလ (ဆောင်ရန်)

စာရိတ္တသီလဆိုသည်မှာ ကောင်းသော လုပ်ငန်းတာဝန်များ ဝတ္တရားများကို ပြုကျင့်လိုက်နာခြင်း ဆောင်ရွက်ခြင်း ဖြစ်၏။

သိဂ်ါလောဝါဒသုတ်၌ မြတ်စွာဘုရားရှင် ဟောကြားတော် မူအပ်သော သားသမီးကျင့်ဝတ်, မိဘကျင့်ဝတ်, တပည့်ကျင့်ဝတ်, ဆရာကျင့်ဝတ်, လင်ကျင့်ဝတ်,မယားကျင့်ဝတ်စသည်တို့သည် စာရိတ္တသီလများပင်ဖြစ်ပေသည်။

ထို့ပြင် လူကြီးသူမကို ရိုသေလေးစားခြင်း၊ အပြောအဆို လိမ္မာ ယဉ်ကျေးခြင်း၊ အသွားအလာအနေအထိုင် နူးညံ့သိမ်မွေ့ခြင်း၊ ရဟန်းသံဃာ, ဆရာ,မိဘ လူကြီးသူမတို့ ရှေမှောက်၌ မိုးတိုးမတ်တတ်မသွားဘဲ ကိုယ်ကို ကိုင်းညွတ်၍ သွားခြင်း၊ ဆရာမိဘတို့ အလျင်စားဦးစားဖျားကို မစားခြင်း၊ ရဟန်းသံဃာ ဆရာမိဘ စသူတို့ရှေ့၌ ဒူးထောင်ပေါင်ကား ကိုးရိုးကားရားထိုင်ခြင်း မပြုဘဲ ပုဆစ်တုပ် (ဒူးတုပ်)၍ နေခြင်းစသည့် ယဉ်ကျေးမှုလူ့ကျင့်ဝတ်များသည်လည်း စာရိတ္တသီလများပင် ဖြစ်ပေသည်။

စာရိတ္တသီလဘင် ပါဝင်သော ကျင့်ဝတ်များကို အကြောင်းမညီညွတ်၍ မပြုလုပ်ဘဲ နေခဲ့သော်လည်း အကုသိုလ်အပြစ်မရှိပေ။ ပြုလုပ်လျှင်ကား သီလကို ပို၍ ပြည့်ဝဖြူစင်စေသည်။ အပြစ်မရှိဟု ဆိုထား၌ ထိုကျင့်ဝတ်များ ပျက်သော ကြောင့် တမလွန်ဘဝတွင် အပါယ်မကျခြင်းကို ဆိုသည်။ သို့သော် အကြောင်း ညီညွတ်ပါလျက် ပြုလုပ်နိုင်ပါလျက် ကျင့်ဝတ်ပျက်လျှင်ကား ထိုသူအား ပညာရှိ သူတော်ကောင်းများက ကဲ့ရဲ့ပြစ်တင်ဖွယ်ရာ ဖြစ်သည်။

စာရိတ္တသီလကို ယုံကြည်မှုသဒ္ဓါတရားနှင့် မပျက်မရိ ပြုလုပ်နိုင်မှု ဝီရိယတရား ဤတရားနှစ်ပါးနှင့် ပြည့်စုံသူမှသာ ဖြည့်ကျင့် ဆောင်ရွက်နိုင်သည်။ ဤအကျင့်ကို ကျင့်လျှင် ကောင်းသော အကျင့်ဖြစ်၍ နောင်အခါ ကောင်းကျိုး ရနိုင်သည်ဟု ယုံကြည်မှု သဒ္ဓါတရား၊ မပျက်မရိ စိတ်ရှည်လက်ရှည် အားထုတ် လုပ်ကိုင်မှု ဝီရိယတို့နှင့် ပြီးစီးအောင် အားထုတ်လုပ်ကိုင်နိုင်မှုသာ စာရိတ္တ သီလနှင့် ပြည့်စုံသည်ဟု ဆိုနိုင်သည်။

ဝါရိတ္တသီလ (ရှောင်ရန်)

ဝါရိတ္တသီလဆိုသည်မှာ မြတ်စွာဘုရားက ဤအမှုမျိုးကို မပြုကျင့်ရ မပြုကျင့်ကောင်းဟု တားမြစ်ဆုံးမ ဟောကြားထားသော သူအသက်သတ်ခြင်း သူဥစ္စာခိုးခြင်းစသည့် ဒုစရိုက်မှုများမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

ဒုစရိုက်မှုများကို ကမ္မပထမြောက် ကျူးလွန်ပါက မုချအပါယ်ကျစေနိုင်သည်။ ယင်းဒုစရိုက်များကို မပြုလုပ်မိအောင် ရှောင်ကြဉ်ပါက နတ်ရွာသုဂတိသို့ မုချရောက်သည်။

ဝါရိတ္တသီလဟု ခေါ်သော ငါးပါးသီလကို ပြည့်စုံအောင် စောင့်ထိန်းခြင်းသည် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ကောင်းသော ကုသိုလ်ကံမည်၏။ ယင်းငါးပါးသီလကို ကမ္မပထမြောက်ကျူးလွန်ဖောက်ဖျက်ခြင်းသည် အပါယ်သို့ မုချရောက်ကြောင်း မကောင်းသော အကုသိုလ်ကံ မည်၏။

စာရိတ္တသီလဟု ခေါ်သော တာဝန်ဝတ္တရားများကို ဖြည့်ကျင့်ဆောင်ရွက်သူသည် ဝါရိတ္တသီလဟု ခေါ်သော အကုသိုလ်ဒုစရိုက်မှုများမှ ရှောင်နိုင်သည်၊ တာဝန်မကျေပွန်သူ ဝတ္တရားမကျေသူများသည် ဝါရိတ္တသီလခေါ် ရှောင်ကြဉ်ရမည့်သီလကို ဖြည့်နိုင်ခဲ့၏၊ အကုသိုလ်ဒုစရိုက်မှ ရှောင်နိုင်ခဲသည်၊ ထို့ကြောင့် စာရိတ္တသီလပြည့်စုံမှ ဝါရိတ္တသီလပြည့်စုံနိုင်မည်ဟု မှတ်ချမည်။

ငါးပါးသီလ

ငါးပါးသီလကို အခါခပ်သိမ်း သာဃနာတော်တွင်း သာသနာတော်ပဋ္ဌာ လူတို့ခါးဝတ် ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းအပ်သော သီလဖြစ်သောကြောင့် "နိစ္စသီလ"ဟု ခေါ်ကြသည်။ (နိစ္စ=အမြဲ။) တသက်လုံး မကျိုးမပေါက်ရအောင် သူတော်ကောင်းတို့ အဓလေးအမြတ်ပြုရမည့် အကျင့်ဖြစ်သောကြောင့် "ဂရုမမ္မသီလ" ဟူ၍လည်း ခေါ်ကြ၏။ (ဂရု=အလေးပြုအပ်သော။) အရိယာသူတော်ကောင်းတို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် "အရိယကန္တသီလ" ဟူ၍လည်း ခေါ်ရ၏။ အရိယ=အရိယာ + ကန္တ=နှစ်သက်ခြင်း။) အိမ်ရာတည်ထောင်လူဝတ်ကြောင်မှန်သမျှ စောင့်ထိန်းအပ်သော သီလဖြစ်သောကြောင့် "ဂဟဋ္ဌသီလ"ဟူ၍လည်းခေါ်ကြ၏။(ဂဟ=အိမ်၊ ဂဟဋ္ဌ=အိမ်နေသူ လူဝတ်ကြောင်။) ထိုသီလသည် ကိုယ်နှုတ် နှစ်ပါးလုံးကို မကောင်းမှုများ မပြုမိအောင် စောင့်ထိန်းခြင်း, ရှောင်ကြဉ်ခြင်း ဖြစ်သောကြောင့် "ဝိရတိသီလ" ဖြစ်သည်။

သီလခံယူတည်ဆောက်ပုံ

သိက္ခာ=ကုသိုလ်အကျင့်၊ ပဒ=တည်ရာ၊ ကုသိုလ်အကျင့်တို့၏ တည်ဆာကို သိက္ခာပုဒ်ဟု ခေါ်၏၊ သိက္ခာပုဒ်တစ်ပါး လုံခြုံလျင် ကိုယ်ကျင့်တရားများ များစုံတို့တက်မည် ဖြစ်သောကြောင့် များစုံသော ကုထိုလ်တရား၏ တည်ရာအခြေခံဖြစ်သော အကျင့်သိက္ခာဟု ဆိုလိုပါသည်။

ဆောက်တည်ပါ၏ဟူသည် သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမည်ဟု စိတ်ထဲ၌ နှလုံးသွင်းထားခြင်းကို ဆောက်တည်သည်ဟု ခေါ်သည်။ အိမ်ကြီးတိုက်ကြီးများခိုင်မြဲဒေါင် မြေ၌ အုတ်မြစ်ချ စိုက်ထူထားသကဲ့သို့ ဖြစ်ပေသည်။

သီလသိက္ခာပုဒ်ကို သူတပါးထံ မသွားဘဲ မိမိဘာသာ "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟု ပါဠိလို ရွတ်ဆို၍ဖြစ်စေ, သူအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ဟု မြန်မာလို ရွတ်ဆို၍ဖြစ်စေ ဆောက်တည်နိုင်ပါသည်။ အလောင်းတော်ဇနကမင်းသားသည် ပင်လယ်ရေကြောင့် သင်္ဘော ပျက်၍ မျောနေစဉ် ကိုယ်ဘာသာကိုယ် သီလဆောက်တည်၍ ၇-ရက်ပတ်လုံး ဥပုသ်သီလ ဆောက်တည်ကြောင်း မဟာဇနကဇာတ်တော်၌ ဖော်ပြထားသည်။

ယခုခေတ်လူတို့ကား ဘုရားရှေ့, ရဟန်းသံဃာတော်များရှေ့၌ ဆောက်တည်မှ သီလရသည်ဟု ထင်နေကြ၏၊ အမှန်မှာ မိမိဘာသာ အဓိဋ္ဌာန်ဆောက်တည်၍ စောင့်ရှောက်နိုင်လျှင်လည်း သီလရပါသည်။ သို့သော် သစ်ကျုတ်၏ ဥပဒေသကဲ့သို့ မခိုင်ခံ့ ပျက်လွယ်တတ်သည်ဟု ဒီပဲယင်းဆရာတော်က မိန့်ကြားခဲ့သည်။

မြစ်ကမ်းငယ်ကျန်းတစ်ခု၌ နေသော သစ်ကျုတ်သည် ညအခါ မြစ်ရေတိုးသဖြင့် ကျွန်းကို ရေပိုင်း၍ အရာရှာ မသွားနိုင်လတ်သော် ယနေ့ ငါအစာငတ်တော့မည်၊ အချည်းအနှီး မရှိစေနှင့်တော့ဟု အဓိဋ္ဌာန်ဥပုသ် စောင့်ပြီးလျှင် ဝပ်ကျင်းမှာ တည်ကြည်စွာ ဝပ်လေ၏၊ ကျွန်းစောင့်နတ်ကား လို၍ စမ်းလိုသောကြောင့် ဆိတ်ယောင်ဆောင် အသံပေးသော် မော်ကြည့်၍ ဆိတ်ကို မြင်လျှင် ယနေ့ ဥပုသ်ရှိစေတော့, နောက်မှ စောင့်တော့မည်ဟု ဆိတ်ကို လိုက်ဖမ်း၏၊ အတန်ပမ်း၍ ဆိတ်ကွယ်ပျောက်သော် ပြန်လာ၍ ငါ၏ ဥပုသ်သည် မကျိုးသေးဟု စောင့်မြဲတိုင်း စောင့်ပြန်လေသည်။

ထို့ကြောင့် အလေးအမြတ် ပြုအပ်သော ဘုရားရှေ့, စေတီတော်, ရုပ်ပွားတော်ရှေ့ ရဟန်းသံဃာတော်များရှေ့, လေးစားအပ်သော လူများရှေ့၌ နှုတ်မြွက်၍ ဆောက်တည်ခြင်းက ဇာတိပုဂ္ဂိုလ်များအား ရှိသေလေးစား အလေးထားသဖြင့် သာ၍ ခိုင်မြဲနိုင်ပါသည်။

အလေးအမြတ်ပြုအပ်သော လူပုဂ္ဂိုလ်ထံ၌လည်း သီလခံယူကောင်းပါသည်။ ဘုရားရှင်လက်ထက်တော်က အနာထပိဏ်သူဌေး၏ စာရင်းငှါးအလုပ်သမားများသည် အနာထပိဏ်သူဌေးထံ၌ သီလခံယူဆောက်တည်ကြသော ဝတ္ထုကို ထောက်၍ လူပုဂ္ဂိုလ်ထံ၌ သီလခံယူနိုင်ကြောင်း မှတ်သားရပါသည်။

သီကွာပုဒ် တစ်ခုချင်း ဆောက်တည်ပုံ

"ပါဏာတိပါတံ ပရိဝဇ္ဇေမိ" စသည်ဖြင့် လည်းကောင်း၊
"ပါဏာတိပါတံ နကရောမိ" စသည်ဖြင့် လည်းကောင်း၊
"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့်
လည်းကောင်း–

ဆောက်တည်နိုင်ပါသည် (ခုဒ္ဒကပါဌပါဠိတော်၊အဋ္ဌကထာ၊မဏိသာရမဉ္ဇူသာ)။

ပုဒ်အက္ခရာ ချို့ယွင်းသော်လည်း အနက်အဓိပ္ပါယ်ကို ဖြောင့်မှန်စွာ စိတ်ဖြင့် နှလုံးသွင်း ဆောက်တည် ခံယူလျှင် သမာဒါနဝိရတိမြောက်ပါသည်။အဋ္ဌသာလိနီ အဋ္ဌကထာ၌ နှုတ်မြွက်၍ ခံယူခြင်းငှါ မစ္ဆမ်းနိုင်သော သူသည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ပါ၏ဟု သိက္ခာပုဒ်တို့ကို လက်ဖြင့် ညွှန်ပြ၍ ခံယူစေသောအခါ၌ ကုသိုလ်ကာယကံသည် ကာယဒွါရ၌ ဖြစ်သည်ဟု ဖော်ပြထား၏၊ ပါဠိဘာသာဖြင့် ဆောက်တည်ခြင်းငှါ မစ္ဆမ်းနိုင်လျှင် အခြားဘာသာစကား တစ်ခုခုဖြင့် ဆောက်တည်နိုင်သည်။

တပေါင်းတည်း ဆောက်တည်ပုံ

ပဉ္စ သိက္ခာပဒါနိ သမာဒိယာမိ၊
အဋ္ဌ ဥပေါသထင်္ဂါနိ သမာဒိယာမိ၊(လယ်တီ)။
ပဉ္စင်္သမန္နာဂတံ သီလံ သမာဒိယာမိ၊ (ဦးဗုဒ္ဓ)။

တပေါင်းတည်း ဆောက်တည်ပါက တစ်ပါးပျက်လျှင် ကြွင်းသော သိက္ခာပုဒ်များပါ ပျက်၏၊ အကြောင်းမှာ အင်္ဂါငါးပါးရှိသော သီလကို (အင်္ဂါရှစ်ပါးရှိသော် သီလကို) ဆောက်တည်ပါ၏ဟု ဝန်ခံသည်နှင့်အညီ မတည်ယုံင်းကွက်တပါးပါး ခွဲ့ါတဲ့သဖြင့် ဝန်ခံဆောက်တည်ခြင်းပျက်လေသောကြောင့် ဖြစ်သည်။ ယင်းသို့ တပါးပါး ပျက်လျှင် ကြွင်းသော သိက္ခာပုဒ်များ ပျက်သော်လည်း ကမ္မပထ (ကံမြောက်မှု)ငါးပါးလုံး ဖြစ်သည်မဟုတ်၊လွန်ကျူးသော သိက္ခာပုဒ်၏ အကုသိုလ်အမှုသာ ကံမြောက်သည်။

အသီးသီး ဆောက်တည်လိုသော် သိက္ခာပုဒ် တစ်ခုချင်း နှုတ်မြွက်၍ ဆောက်တည်ရမည်။ အသီးသီး ဆောက်တည်သော ပုဂ္ဂိုလ်အား တပါးပျက်သော်လည်း ကြွင်းသော သိက္ခာပုဒ်များ မပျက်၊ သို့ဖြစ်၍ လွန်ကျူးမိသော သိက္ခာပုဒ်ကို တဖန် ဆောက်တည်လျှင် အင်္ဂါငါးပါး, အင်္ဂါရှစ်ပါး စသည် ပြန်လည် ပြည့်စုံလေတော့သည်။

ဧါးဖါးသီလ ဆောက်တည်ပုံ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အနက်

(၁) ပါဏာတိပါတာ၊ သူကပါး၏ အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ-သိက္ခာပဒံ၊ ရှောင်ကြဉ်ရခြင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ် ရခြင်း၊ ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကျင့်သုံးခံယူဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ ကဲရဲထိုက်စွာ ယုတ်မာသော အကျင့်မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ် ရခြင်း၊ ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကျင့်သုံးခံယူဆောက်တည်ပါ၏။

(၄) မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏိ-သိက္ခာပဒံ၊ ရှောင်ကြဉ်ရခြင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ပေါ့ဆခြင်း၏ အကြောင်း စင်စစ် မူးယစ်စေတတ်သော သေရည်သေရက်ကို သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရခြင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

ပါဏာတိပါတအဖွင့်

"သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဆိုရာ၌ သူတပါးအသက်ဟူသည် မိမိမှဘပါး အားလုံးသော သက်ရှိသတ္တဝါများ၏ အသက်သည် သူတပါးအသက်ပင် ဖြစ်သည်၊ ထို့ကြောင့် လူ၏ အသက်သာမက သက်ရှိ

သတ္တဝါများဖြစ်ကြသော ပိုးရွှေချပုန်း, ကြမ်းပိုး, သန်းဥ, ခရု, ယောက်သွေး ကဲ့, နွား, တိရစ္ဆာန် စသည်တို့၏ အသက်ကို မသတ်ရပေ၊ သတ်လျှင် ပါဏာတိပါတဖြစ်၏။

ပါဏာတိပါတကံ့ဒ္ဒ အောက်ဖော်ပြပါ အင်္ဂါ ၅-ပါး ရှိသည်၊—

(၁) သတ္တဝါလည်း မှန်ခြင်း၊

(၂) သတ္တဝါဟူသော အမှတ်ရှိခြင်း၊

(၃) သေစေလိုသော စိတ်ရှိခြင်း၊

(၄) လှုံ့လလည်း ပြုခြင်း၊

(၅) သေလည်း သေခြင်း(ခုဒ္ဒကဒ္ဒ။ ၂၂)။

ဤအင်္ဂါ ၅-ပါးနှင့် ညီလျှင် ပါဏာတိပါတ ကမ္မပထမြောက်လေသည်၊ ကမ္မပထဆိုသည်မှာ အပါယ်သို့ ရောက်ဖို့ရန် လမ်းကြောင်း ဖြစ်သောကံဟု ဆိုလိုသည်။ ပါဏာတိပါတ ကမ္မပထမြောက်လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေကျိုး ပေးနိုင်သော ဇနကသတ္တိကောန်ရှိ၏၊ ကမ္မပထမမြောက်လျှင် ပဋိသန္ဓေကျိုး ပေးရန် ကိန်းသေမဟုတ်ပေ။

အင်္ဂါ ၅-ပါး အနက် တစ်ခုခုချို့တဲ့လျှင်သော် လည်းကောင်း၊ သေစေလို သော စိတ်မရှိခြင်း၊ လှုံ့လပြုမှုမရှိခြင်း၊ ဥပမာ–လမ်းသွားရင်းနှင်းမိ၍ ပိုးကောင် ငယ်များ သေရာ၌ ပါဏာတိပါတကံ့မထိုက်။ ရှေအင်္ဂါ ၄-ပါးစံသော်လည်း နောက်ဆုံး အင်္ဂါတစ်ပါး ဖြစ်သော သေဆုံးခြင်းဟူသော အင်္ဂါချို့တဲ့လျှင် ပါဏာတိပါတကံ့ မမြောက်ပါ။

အပြစ်ကြီးမှု အပြစ်ငယ်မှု

သတ္တဝါတို့၏ ကိုယ်ကာယ အကြီးအငယ်ကို လိုက်၍ လည်းကောင်း, သတ္တဝါတို့၏ အကျင့်သီလ ဂုဏ်သိက္ခာကို လိုက်၍ လည်းကောင်း အပြစ်အကြီးအငယ် ကဲ့ပြားသည်။

သတ္တဝါက ကိုယ်ခန္ဓာကြီးလျှင် လှုံ့လ ပယောဂ စိုက်ထုတ်ရမှု များသော ကြောင့် အပြစ်ကြီး၏၊ သေးလျှင် ပယောဂ စိုက်ထုတ်ရမှု နည်းသောကြောင့် အပြစ်ငယ်၏၊ ဥပမာ–ဆင်ကြီးသတ်လျှင် လှုံ့လပယောဂစိုက်ထုတ်ရမှု များ၏၊ ကြမ်းပိုးသတ်လျှင် လှုံ့လပယောဂ အားထုတ်ရမှု မများပေ။ ထို့ကြောင့် အပြစ် အကြီးအသေး ကွာခြား၏။

အကျင့်သီလ သိက္ခာကုန်ရှိသော သူကို သတ်လျင် ထိုသူ၏ အကျင့်သီလ သိက္ခာကုန်ကြောင့် အပြစ်ကြီး၏၊ ဥပမာ– ပုထုဇဉ်တစ်ယောက် သတ်မှုမှာ ရဟန္တာသတ်မှုလောက် သိပ်အပြစ်မကြီးသော်လည်း အကျင့်သီလနှင့် ပြည့်စုံပြီး ဖြစ်သော ရဟန္တာကို သတ်လျင် ဇလွန် အပြစ်ကြီး၏။ ပဋ္ဌာနန္တရိယကံ ထိုက်သည်။

ကံကြီးငါးပါး (ပဋ္ဌာနန္တရိယကံ)

သတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ အသတ်ခံရသူ၏ သီလ သမာဓိ စသော ဂုဏ်ကျေးဇူး ကြီးမားမှုကို အကြောင်းပြု၍ အလွန် ကြီးလေးသော အပြစ် ဖြစ်ရသည်။ ယင်း အပြစ်များကို ဂရုကံ=ကြီးလေးသော ကံဟု ခေါ်သည်။ ကံကြီးငါးပါး၊ ပဋ္ဌာနန္တရိယကံဟု ခေါ်ကြသည်။ (ပဋ္ဌ=ငါးပါး+အနန္တရ– နောက်ဘဝ၊ အနန္တရိယ=နောင်ဘဝ၌ သေချာပေါက် အဝီစိငရဲ ကျရောက် မည့်ကံ။)

ယင်း ကံကြီးငါးပါးမှာ—

(၁) မာတုဃာတက=အမိသတ်ကံ၊

(၂) ပိတုဃာတက=အဖသတ်ကံ၊

(၃) အရဟန္တဃာတက=ရဟန္တာသတ်ကံ၊

(၄) လောဟိတုပ္ပါဒက=မြတ်စွာဘုရားအား သွေးစိမ်း တည်စေအောင် ပြုသောကံ၊

(၅) သံဃဘေဒက=သံဃာသင်းခွဲသောကံ။

မှတ်ချက်။ ။နောက်ဆုံးဖြစ်သည့် သံဃဘေဒက ကံမှာ ပါဏာတိပါတကံ၌ အကျုံးမဝင်၊ ရှေ့ကကြီး ၄-ပါးသာလျင် ပါဏာတိပါတကံ၌ အကျုံးဝင်၏။

ကိုယ်ကာယ အကောင်အထည်လည်း တူညီ, အကျင့်သီလ ဂုဏ်သိက္ခာချင်း တူနေလျင် သတ်သောအခါ၌ လုံ့လပယောဂ စိုက်ထုတ်မှုကြီးက အပြစ်ကြီး၍ လုံ့လပယောဂနည်းက အပြစ်ငယ်ပေသည်။ လုံ့လပယောဂစိုက်ထုတ်မှုနှင့် ပတ်သက်၍ ပယောဂ ၆-ပါး ရှိသည်။

(၁) သာဟတ္ထိကပယောဂ=ဓားဖြင့် ခုတ်, တုတ်ဖြင့် ရိုက် စသည်ဖြင့် ကိုယ်ထိလက်ရောက် သတ်ဖြတ် ပုတ်ခတ်မှု၊

(၂) အာဇာတိကပယောဂ=နွှတ်ဖြင့် ဖြစ်စေ, စာဖြင့် ဖြစ်စေ အရိပ်နိမိတ်ပြ၍ဖြစ်စေ အသတ်ခိုင်းမှု၊

(၃) နိဿဂ်ိယပယောဂ=လေး မြား လက်နက် သေနတ် စသည်ဖြင့် ပစ်ခတ်၍ သတ်ဖြတ်မှု၊

(၄) ဆာဝရပယောဂ = အမြဲ ထာဝရ တည်ရှိသော လမ်းခရီးဥစ္စာသမျှ လူမျှား ကျသေအောင် တွင်းတူး ညှောင့်ထောင်ထားမှု၊ သတ်ဖြတ်ရန် ခား, လှံ, သေနတ် လက်နက် စသည်များကို လုပ်ကိုင်ထားမှု၊

(၅) ဝိဇ္ဇာမယပယောဂ = အင်းအိုင် ခါးလှည့် လက်ဖွဲ့ မန္တန် စသည်များဖြင့် သူတပါးသေအောင် ဆောင်ရွက်ပြုလုပ်ထားမှု၊

(၆) ဣဒ္ဓိမယပယောဂ=ကံကြောင့် ဖြစ်သော တန်ခိုးဖြင့် သတ်ဖြတ်မှု။

သီဟိုဠ်ကျွန်းတွင် ပိတုမင်းအမျက်ထွက်၍ မိမိအစ့ယ်ကို ခေါက်လိုက်ရုံမျှဖြင့် စူဠသုမနသူဌေး ချက်ချင်း သေခြင်း၊ ဝေဿဝဏ်နတ်မင်း (အရိယာမဖြစ်မီက) မျက်စောင်းထိုးလျှင် ဘီလူးများ သေကြရခြင်း၊ ဤသို့ အစ့ယ်ခေါက်မှု, မျက်စောင်းထိုးမှုများသည် ဣဒ္ဓိမယပယောဂမည်၏ (သဂ္ဂီဟ်ဘာသာဋီကာ။ ၃၁၅)။

အာဇာတိကပယောဂ၌ သတ်အပ်သော သူ(ဝတ္ထု)၊ သတ်ရာအချိန် (ကာလ)၊ သတ်နာဒေသ (ဩကာသ)၊ သတ်ကြောင်းလက်နက်(အာဝုဓ)၊ သတ်ဆဲဣရိယာပုတ်(ဣရိယာပထ)၊ သတ်ဟန်အမူအရာ(ကိရိယာဝိသေသ)၊ ဤခြောက်ပါးတို့ကို မှတ်၍ စေခိုင်းခဲ့သော် စေခိုင်းတိုင်း သတ်လျှင် ခိုင်းသော သူ ပါဏာတိပါတကံ မြောက်သည်၊ သတ်သော သူလည်း ပါဏာတိပါတကံ မြောက်သည်၊ ထိုခြောက်ပါးကို မှတ်၍ စေခိုင်းသော် စေခိုင်းသည့်အတိုင်း မသတ်ဘဲ ချွတ်ယွင်းလျှင် သတ်သော သူသာ ပါဏာတိပါတဖြစ်၏၊ ခိုင်းသော သူမဖြစ်။ စေခိုင်းသည့် အခါ သတ်လိုသောစေတနာနှင့် ဖေါသည်သာလျှင် ပဓာနဖြစ်၏။

ပါဏာတိပါတ၏ အထူးမှတ်ဖွယ်

သတ္တဝါအများကို တချက်တည်းဖြင့် အသေသတ်လျှင် ပါဏာတိပါတကံ တစ်ချက်မဟုတ်, ကိုစ့၏ အစ့မ်းဖြင့် အများဖြစ်၏၊ မင်္ဂဏ်၌ သတိတစ်ခု, ဝီရိယဘစ်ခုဘည်းပင် ဖြစ်သော်လည်း ကိစ့အစ့မ်းဖြင့် သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး ဖြစ်သကဲ့သို့ဟု သာရတ္ထဒီပနီဋီကာ(ဒုတိ။ ၂၆၆)၌ ပြဆိုထား၏။

ရည်မှန်း၍ သတ်ရာ၌ ရည်မှန်းသောပုဂ္ဂိုလ် မသေဘဲ မရည်ရွယ်သောပုဂ္ဂိုလ် သေလျှင် ပါဏာတိပါတက် မထိုက်ပေ၊ ဥပမာ–ကြက်နှစ်ကောင် အစာစား၍ နေရာ လက်ဝဲကြက်ကို သတ်အံ့ဟု နှလုံးသွင်းပြီး တုတ်ဖြင့် ပစ်ရာ လက်ယာဘက် ကြက်သေ၏။ ပါဏာတိပါတက် မထိုက်ဟု ကခ်ါအဋ္ဌကထာ (၁၂၁)၌ ပြဆိုသည်။ မရည်မှတ်ဘဲ သတ်၍ အမှတ်မရှိသောသူ သေရာ၌ ပါဏာတိပါတက် ဖကန်မုချထိုက်၏။

အမိအိပ်နေစဉ် အဘအိပ်နေစဉ် မှောင်မဲမဲ၌ သိုးဟု ထင်မှတ်၍ အမိ,အဘကို သတ်မိအံ့၊ သေလျှင် အာနန္တရိယကံထိုက်၏၊ မာတုဃာတကကံ, ပိတုဃာတကကံ ထိုက်ကြောင်း ပါရာဇိကဏ်အဋ္ဌကထာ (ဒုတ္ထဝဏ္ဏ)၌ လာသည်။

, တိရစ္ဆာန်ဖြစ်သော သားသည် လူဖြင်သောအမိကို သတ်လျှင် မာတုဃာတကကံ မထိုက်ပေ၊ လူသားဖြစ်သော အမိရင်းကို လူသားဖြစ်သော သူကသာ သေစေလိုခြင်သာ စိတ်စေဘနာဖြင့် သတ်မှ အာနန္တရိယကံ ဖြစ်သည်၊ မာတုဃာတကကံ ထိုက်၏ဟု ဝိနည်းမဟာဝါအဋ္ဌကထာ (၃၀၄)၌ ပြ၏။

အမိကိုတွိလိင်မှ ပုလ္လိင်ဖြစ်၍ နေစဉ် သတ်သော် အာနန္တရိယကံ ထိုက်၏။ ခန္ဓာအစဉ်ကို ဇီဝိတိန္ဒြေမှ ချခြင်းကြောင့် အသတ်ခံရသောသူသည် ဝေါဟာရအားဖြင့် မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အာနန္တရိယကံမှ မလွတ်သောကြောင့် လိင်ပြန်သော်လည်း အာနန္တရိယကံထိုက်၏ဟု သာရတ္ထဒီပနီဋီကာ (ဒုတ္ထဝ။၂၆၉)၌ ပြဆိုလေသည်။

ပုထုဇဉ်အဖြစ်၌ ပုထုဇဉ်ပုဂ္ဂိုလ်ကို ပုတ်ခတ်၍လည်းကောင်း, အဆိပ်ပေး၍ လည်းကောင်း သတ်ရာ ထိုပယောဂကြောင့် ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်မှ သေအံ့၊ ထိုသတ်သော ပုဂ္ဂိုလ်သည် အရဟန္တဃာတကကံထိုက်၏ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ (၄၀၈)၌ ပြလေသည်။

နတ်ရဟန္တာကို သတ်လျှင် အရဟန္တဃာတကကံ မထိုက်ပါ၊ အကြောင်းမှာ လူဇာတ်ဖြစ်သော ရဟန္တာကို သတ်မှသာလျှင် အရဟန္တဃာတကကံ ထိုက်သောကြောင့် ဖြစ်၏ (ဝိနည်းမဟာဝါအဋ္ဌကထာ။၃၀၅)။

တိရစ္ဆာန်သည် လူရဟန္တာကို သတ်လျှင် အရဟန္တဃာတကကံမထိုက်ချေ၊ အကြောင်းမှာ လူသားဖြစ်သော သူက လူသားရဟန္တာကို သတ်မှသာလျှင် အရဟန္တဃာတကကံ ထိုက်၏။

ပါဏာ၊ဘ်ပါတ၏ အပြစ်များ

ပါဏာတိပါတကံကို လွန်ကျူးခြင်းကြောင့် ဖအောက်ဖော်ပြပါ အပြစ်များ ခံစားရသည်။ ဆိုခဲ့ပြီးသော ပါဏာတိပါတကံတို့တွင် ပဉ္စာနန္တရိယကံဖြစ်သော–

- မာတုဃာတကကံ (အမိစစ်သတ်ခြင်း)၊
- ပိတုဃာတကကံ (အဘစစ်ကို သတ်ခြင်း)၊
- အရဟန္တဃာတကကံ (ရဟန္တာစစ်ကိုသတ်ခြင်း)–

တို့ကြောင့် အဝီစိငရဲ၌ ခံစားရကြောင်း မူလဋီကာ၌ ဖော်ပြထားပါသည်။

[မြတ်စွာဘုရားမှာ ပရိနိဗ္ဗာန်စံတော်မူပြီး ဖြစ်၍ ယခုအခါ ဤကံ မထိုက်နိုင်ပါ၊ သံဃဘေဒကကံလည်း ဤသီကွာပုဒ်နှင့် မဆိုင်ပါ။ ရဟန်း သူတော်မြတ်ကို သတ်ခြင်းကြောင့် ကာလသုတ်ငရဲ၌ ခံစားရကြောင်း ပါဠိတော်တော်၌ ဖော်ပြထားပါသည်။]

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ နေတော် မူစဉ် တောဒေယျပုတ္တကား၏ သားဖြစ်သော သုဘလုလင်က အသက်ရှည်မှု အသက်တိမှု အကြောင်း မေးလျှောက်ရာ မြတ်စွာဘုရားက သူတပါး အသက် သတ်လျှင် သေပြီးနောက် အပါယ်ငရဲကျတတ်ကြောင်း၊ အပါယ် ငရဲ မကျလျှင် အသက်တို၍ ရောဂါများတတ်ကြောင်း ဟောကြားတော် မူသည်။ ထိုအပြင် ဝဋ်လိုက်သောအားဖြင့် ဖြစ်လေရာ ဘဝတို၌ အနာရောဂါ များခြင်း၊ အင်္ဂါ ချို့တဲ့ခြင်း စသော အပြစ်များကို ခံစားရလေသည်။

သူတပါး အသက်ကို သတ်လျှင် ငရဲကျပြီးနောက် လူဖြစ်လာလျှင်လည်း အောက်ပါ အပြစ်များကို ခံစားရလေသည်။

(၁) မျက်စိ နား နှာ အင်္ဂါခြေလက် ချို့ယွင်းခြင်း၊
(၂) ဖြစ်ရာ ဘဝ၌ ရုပ်အဆင်းအသွင်အပြင် မဲ့ခြောက်၍ စိုစိုပြည်ပြည် မရှိခြင်း၊
(၃) အားအင်ချို့ယွင်းခြင်း၊
(၄) လျင်မြန်ဖျတ်လတ်မှု ကင်းဝေးခြင်း၊
(၅) ဘေးရန်ဇပါပေါက်လျှင် ကြောက်ရွံ့တတ်ခြင်း၊

(၆) သူတပါးအသတ် ခံရတတ်ခြင်း၊ မိမိကိုယ်တိုင် အဆိပ်သောက်၊ ကြိုးဆွဲချ သေရတတ်ခြင်း၊

(၇) အနာရောဂါများတတ်ခြင်း၊

(၈) ဘဝြေအရံ ပျက်စီးတတ်ခြင်း၊

(၉) အသက်တိုတတ်ခြင်း-

ဟူသော အပြစ်များကို ခံစားရတတ်လေသည်။

မှတ်ရန်လက်ခ

ပါဏာတိပါတာ၊ သူအသက်သတ်က၊ ချိုတတ်အင်္ဂါ၊ မဲ့ပြာရှဉ်သုင်၊ အားအင်ချိုယွင်း၊ လျင်ခြင်းလည်း ၀ဝး၊ ဘေးကို ကြောက်ဘတ်၊ အသတ်ခံရ၊ အနာများလျက်၊ ဘြဲရုံပျက်၏၊ အဆုတ်တိုလျ၊ ပြစ်များစာ၏။

ပါဏာတိပါတ၊ စသည့်ငါးတန်၊ စောင့်ထိန်းမှန်လည်း၊ အပြန်ထိုမှ၊ ကောင်းကျိုးရဟု၊ သာရတ္ထသင်္ဂဟ၊ ကျမ်းဆိုပေသည်၊ ငါးထွေသိလ၊ ကျိုးပြစ်တည်း(မဟာဝိသုဒ္ဓါရုံ ဆရာတော်)။

သူတပါး၏ အသက်ကို မသတ်ခြင်းကြောင့် လူ့ပြည် နတ်ရွာ သုဂတိဘုံဝ ရောက်ရလေသည်၊ လူဖြစ်သောအခါတွင်လည်း အနာရောဂါကင်းရှင် အသက် ရှည်ခြင်း စသည်နှင့် ပြည့်စုံရလေသည်။

ယင်းတို့မှာ—

(၁) မျက်စိ နား နှာ အင်္ဂါခြေလက် မချို့တဲ့ခြင်း၊

(၂) ဖြစ်ရာဘဝ၌ ရုပ်အသွင် ညှိုးခြောက်ခြင်းမရှိဘဲ စိုစိုပြည်ပြည်ရှိခြင်း၊

(၃) အားအင်ပြည့်ဖြိုးခြင်း၊

(၄) လျင်မြန်ဖျတ်လတ်ခြင်း၊

(၅) ဘေးရန်ပေါပေါက်လျင် ရုန်းခြင်

(၆) သူတပါး၏ လှုံလပယောဂကြောင့် မသေခြင်း၊(ဥပစ္ဆေဒကံမှ လွတ်ခြင်း)၊

(၇) အနာရောဂါကင်းခြင်း၊
(၈) အခြေအရံ ပြည့်စုံခြင်း၊
(၉) အသက်ရှည်ခြင်း–

ဟူသော ကောင်းကျိုးများကို ခံစားရပါသည်။

ဒုဒ္ဓကပါဠ-အဋ္ဌကထာ စာမျက်နှာ(၂၂)၌မူ ပါဏာတိပါတာမှ ရှောင်ကြဉ်ခြင်း အကျိုး ၂၃-မျိုးလာ၏၊ မရှောင်ကြဉ်လျှင် ၎င်းအပြစ်များကို ရရှိမည်ဖြစ်ပေသည်။

အပြစ်များမှာ—

(၁) ကိုယ်အင်္ဂါချို့တဲ့ခြင်း၊
(၂) ကိုယ်အင်္ဂါအချိုးအစား မကျခြင်း၊
(၃) နှုန့်နွေးလေးဖင့်ခြင်း၊
(၄) ခြေဖဝါးလက်ဖဝါး မညီညွတ်ခြင်း၊
(၅) မလှပ မတင့်တယ်ခြင်း၊
(၆) အရောင်အဆင်းမပြောင်ဝင်းခြင်း၊
(၇) အသားအရေကြမ်းတမ်းခြင်း၊
(၈) ကြောက်ရွံ့ထိတ်လန့်ခြင်း၊
(၉) ခွန်အားဗလ နည်းပါးခြင်း၊
(၁၀) စကားပြေပြစ်စ္ဓာ မပြောတတ်ခြင်း၊
(၁၁) လူအများ မုန်းခြင်း၊
(၁၂) မိမိပရိသတ် အကြိမ်ကြိမ် ပျက်စီးခြင်း၊
(၁၃) ထိတ်လန့်တတ်ခြင်း၊
(၁၄) လက်နက်ဘေး, အဆိပ်ဘေး သင့်တတ်ခြင်း၊
(၁၅) သူတပါးပယောဂကြောင့် သေရတတ်ခြင်း၊
(၁၆) ဟွေဝေမိုက်မဲခြင်း၊

(၁၇) ခြွေရံပရိသတ် နည်းပါးခြင်း၊
(၁၈) ရွံရှာဖွယ်သော ရုပ်အဆင်းရှိခြင်း၊
(၁၉) ကုန်းကောသော ကိုယ် ရှိခြင်း၊
(၂၀) အနာထောဂါ များခြင်း၊
(၂၁) စိုးရိမ်ကြောင့်ကြမှု များခြင်း၊
(၂၂) ချစ်ခင်သော သားသမီးတို့နှင့် ကွဲကွင်းရခြင်း၊
-(၂၃) ဖြစ်လေရာ ဘဝ၌ အသက်တိုခြင်း-
တို့ဖြစ်ပါသည်။

သူအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်လျှင် နတ်ရွာသုဂတိသို့ ရောက်ပြီး လူဖြစ်လျှင်လည်း ခုဒ္ဓကပါဠ အဋ္ဌကထာ စာမျက်နှာ(၂၃)၌ ဖော်ပြထားသော အကျိုး ၂၃-မျိုးကို ခံစားရတတ်ပါသည်။ ယင်းအကျိုးများမှာ——

(၁) အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း၊
(၂) အလုံးအရပ်အချိုးအစား ကျခြင်း၊
(၃) လျင်မြန်ဖျတ်လတ်ခြင်း၊
(၄) ညီညွတ်သော ခြေဖဝါးလက်ဖဝါး ရှိခြင်း၊
(၅) တင့်တယ်ပြေပြစ်ခြင်း၊
(၆) အသားအရေ နူးညံ့သိမ်မွေ့ခြင်း၊
(၇) စင်ကြယ်သန့်ရှင်းခြင်း၊
(၈) ရဲရင့်ခြင်း၊
(၉) ခွန်အားဗလကြီးခြင်း၊
(၁၀) စကားပြေပြစ်ချောမောခြင်း၊
(၁၁) လူအများ ချစ်ခင်မြတ်နိုးခြင်း၊
(၁၂) မိမိပရိသတ် မဟုတ်စီးဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိခြင်း၊
(၁၃) ကြောက်ရွံ့ခြင်း ကင်းခြင်း၊
(၁၄) အဆိပ်အတောက် မသင့်နိုင်ခြင်း၊
(၁၅) သူတပါး လုံလပယောဂကြောင့် မသေရခြင်း၊
(၁၆) တော့ဝေမိန်းမောမှု မရှိခြင်း၊
(၁၇) အခြံအရံ ပရိသတ်များခြင်း၊
(၁၈) အဆင်းလှခြင်း၊
(၁၉) ကောင်းသော ရုပ်ရည် သဏ္ဌာန်ရှိခြင်း၊

(၂၀) အနာဇောဂါ ကင်းခြင်း၊
(၂၁) စိုးရိမ်ကြောင့်ကြမှု မရှိခြင်း၊
(၂၂) ချစ်ခင်မြတ်နိုးသူများနှင့် အတူနေရခြင်း၊
(၂၃) အသက်ရှည်ခြင်း–
ဟူသော အကျိုးများကို ခံစားရပါသည်။

မြတ်စွာဘုရား၏ ကျောင်းဒါယိကာမ ဖြစ်သော ကောသလမင်းကြီး၏ ဗီဟုရား မလ္လိကာ အလောင်းသည် ရှေးအခါက သတ္တိသမီး ဖြစ်၍ မိတ်ဆွေ စည်းသည်အတွက် ချက်ပြုတ်ကျွေးရန် ဟင်းလျာမရှိသောကြောင့် အိမ်မှာ ရှိသော ဆိတ်မကလေးကို လည်လှီးသတ်၍ ချက်ပြုတ်ကျွေးခဲ့၏၊ ထိုမကောင်းမှု ပါဏာတိပါတဘံကြောင့် သေသောအခါအဝီစိငရဲ၌ ဆိတ်မွေးအရေအတွက်နှင့် အမျှ နှစ်ပေါင်းများစွာ ခံစားရ၏၊ ငရဲမှ လွတ်သောအခါ၌လည်း ဘဝပေါင်း များစွာ သူတပါးက လည်ချောင်းကို နှင်း၍ အသတ်ခံခဲ့ရသည်။

စုန္ဒိဝက်ထိုးသမား

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည့် ဝေဠုဝန်ကျောင်းတော်၌ သီတင်း နေတော်မူစဉ် စုန္ဒမည်သော သူသည် ဝက်များကို မွေးမြူသတ်ဖြတ်၍ အသက်မွေး၏၊ တစ်နေ့တွင် စုန္ဒဝက်သတ်သမားသည် အနာဇောဂါ ဖြစ်ပြီး အသက်ရှင်စဉ်ပင် အဝီစိငရဲမီး အလောင်ခံရ၍ ငက်ကဲ့သို အိမ်တွင် လှည့်လည် အော်မြည်နေရလေ၏၊ ၇ ရက်မြောက်သော နေ့တွင် သေ၍ အဝီစိငရဲ၌ ခံစားရ လေသည်။

နန္ဒနွားသတ်သမား

နန္ဒနွားသတ်သမားလည်း ငါးဆယ့်ငါးနှစ်တို့ပတ်လုံး နွားတို့ကို သတ်၍ အသက်မွေး၏၊ သေသည်၏ အခြားမဲ့၌ မဟာအဝီစိငရဲသို့ ကျရောက် လေသည်။

ဝမ္မဒိန္နာ

ဓမ္မဒိန္နာသည် ဗာဇာဏသီပြည်၌ သူဆင်းရဲမဖြစ်၍ သွေ့သည့်ကျွေးမွေးရန် ဆိတ်မ၏လည်ကိုလှီး၍ ကျွေးမွေးလေသည်၊ သေသည်၏ အခြားမဲ့၌ အဝီစိ၌ မများစွာ ခံရပြီးမှ လည်ချောင်းကို နှင်း၍ အသတ်ခံရသော ဆိတ်မ၏အဖြစ် ဖြင့် ဆိတ်မွေးနှင့်အမျှ ခံရလေသည်။

ပုတိဂတ္တထေရ်

ပုတိဂတ္တမထေရ်သည် ငှက်မုဆိုးဖြစ်ခဲ့ဖူး၍ ငရဲ၌ ဆင်းရဲမျိုးစုံကို ခံစားပြီးလျှင် နောက်ဆုံးဘဝ၌ အရိုးအဆစ်ကျိုးပဲ့သည့် ဝေဒနာနှင့်တကွ နိဗ္ဗာန်ဝင်မှုလေသည်။

မဏ္ဍူဗျရသေ့

မဏ္ဍူဗျရသေ့သည် လက်သမားဖြစ်စဉ်အခါက သစ်သားချောင်းဖြင့် ယင်ငယ်တို့ကို ထိုးသတ်ဖူးသောကြောင့် ငရဲ၌ ဆင်းရဲမျိုးစုံ ခံစားရပြီးရသေ့ဘဝ၌ တံကျင် လျှို့ခံရလေသည်။

အဘသတ်သော အဇာတသတ်မင်း

သောတာပန် တည်ပြီး၍ ဇာရုးသဖြင့် မင်းပြုသော ကျေးဇူးရှင် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်မိသောကြောင့် အဇာတသတ်မင်းသည် ၄ မက်ဖိုလ် ရထိုက်သော ကံပါသော်လည်း မက်ဖိုလ်မရဘဲ ငရဲသို့ကျရသည်၊ ဘခမည်းတော် အား ပြစ်မှားမိသော အပြစ်ကိုဖော်ပြ၍ မြတ်စွာဘုရားအား ကန်တော့သောကြောင့်သာ အဝီစိငရဲ၌ မကျခံရဘဲ ဧလာဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်း ခံရလေသည်။

ဒေဝဒတ်

ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်ပေါ်မှ ကျောက်ယန္တရား ဆင်၍ ကျောက်တုံးလှိမ့်ချခြင်းဖြင့် မြတ်စွာဘုရားအား သွေးစိမ်းတည့်အောင် ပြုသောကြောင့် အဝီစိငရဲ၌ ခံစားရလေသည်။

နာဠဂိရိမင်း

ကလိင်္ဂတိုင်း နာဠဂိရိမင်းသည် ရသေ့ငါးရာတို့ထံ တရားနာရာ ရသေ့ကြီးက သူ့အသက်ကို မသတ်မကောင်း၊ သတ်လျှင် ငရဲခံရတတ်သည်၊ အသက်တိုရသည် စသည်ဖြင့် ငါးပါးသီလ မလုံခြင်း၌ အပြစ်ကို ပြ၍ ဟောလေရာ ရသေ့တို့သည် ငါ့ကို စောင်းချိတ်၍ တရားဟောသည်ဟု ရန်ငြိုးဖွဲ့၍၊ ဆွမ်းစားပင့်ဖိတ်ပြီး ရသေ့တို့ ကြွလာသောအခါ မစင်တို့ကို ရှေ့တွင် ထား၍ စားပါသောက်ပါဟု ဆိုရာ ရသေ့တို့ စက်ဆုပ်၍ ပြန်သော် ခွေးတို့ဖြင့်ကိုက်စေ၍ မင်းချင်းတို့အား ရှာနှစ်တုတ်တို့ဖြင့် အသေရိုက်နှက် စေ၏၊ ဤသို့ ပြစ်မှားသည့်အတွက် လက်နက်မိုးရွာ၍ တတိုင်းတပြည်လုံး သေကြေပျက်စီးကြလေသည် (ဟရမတ္ထ စက္ခု။ ၂၄၄)။

ရှင်မောဂ္ဂလ္လာန်

ရှင်မောဂ္ဂလ္လာန်သည် ရှေးက အမိအဘကို သတ်ခဲ့ဖူးသော အကုသိုလ်ကံကြောင့်ခိုးသားငါးရာ၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံရသည်မှာ ပါဏာတိပါတကံ၏အကျိုး ဖြစ်လေသည်။

ကလာဗုမင်း

ကလာဗုမင်းသည် အရက်မူး၍ မောင်းမတစ်ဦး၏ ရင်ခွင်၌ အိပ်ပျော်နေစဉ် ကချေသည် ရံရွှေဖေဘ်များက ကုဇ္ဈာလကုမာရ ရသေ့ထံ တရားနာယူနေကြသည်၊ နိုးလာသောအခါ အမျက်ဒေါသ ခြောင်းခြောင်းထွက်၍ ရသေ့ကံလေးကို အာဏာပါးကွက်သားတို့အား အမျိုးမျိုး နှိပ်စက်စေသည်၊ ရသေ့ကလေးသည် ခန္တီတရား လက်ကိုင်ထား၍ ပြန်၍ အမျက်မထွက်၊ ထိုအကုသိုလ်ကံကြောင့် ထိုနေ့မှာပင် မြေမျိုခြင်း အဝီစိငရဲကျလေသည် (ဇာ ဋ္ဌ၊၃။၃၇-၄၀)။

ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၏ အကျိုး

သီဟိုဠ်ကျွန်း၌ စက္ကန ဥပါသကာသည် ငက်ရွယ်စဉ်က မကျွန်းမမာသော မိခင်အတွက် လတ်ဆတ်သော ယုန်သား ဓာတ်စာ ကျသောကြောင့် လယ်ခတာသို့ သွားရာ ကောက်နုကို စားရန် လာသော ယုန်ငယ်ကို အဆင်သင့်ဖမ်းမိ၍ သတ်တော့မည်ဟု ကြံပြီးမှ ပါဏာတိပါတအပြစ်ကို သတိရသဖြင့် မသတ်ဘဲ လွှတ်လိုက်သည်၊ အိမ်သို့ ရောက်လျှင် မိခင်ထံမှောက်၌ "ကျွန်ုပ်သည် နားလည်သော အရွယ်မှ စ၍ သူ၏ အသက်ကို မသတ်ဖူးပါ" ဟု ဆိုသဖြင့် မိခင်ရောဂါ ပျောက်ကင်းခဲ့လေသည်၊ ပါဏာတိပါတမှ မျောင်ကြဉ်ခြင်း၏ အကျိုးဖြစ်လေသည် (အဘိ၊ဋ္ဌ၊၁။၁၄၆)။

ရှေးအခါက ဥပါသကာ တစ်ယောက်သည် သီလဆောက်တည်ပြီး၍ လယ်ထွန်ပြီးနောက် ပျောက်သောနွားတို့ကို ရှာစဉ် ဥတ္တရဝဟုမဒန တောင်ပေါ်၌ စပါးကြီးမြေက ရုစ်ပတ်လေသော် လက်၌ ပါသော ပဲကွပ်ဖြင့် ခုတ်သတ်ရန် ကြံပြီးမှ ဆောက်ဘည်ခဲ့သော သီလကို သတိရ၍ ပဲကွပ်ကို လွှင့်ပစ်လေသည်၊ သီလဟန်ခိုးကြောင့် မြေလည်း လွှတ်သွားလေသည် (အဘိ၊ဋ္ဌ၊၁။၁၄၆)။

ရှေးအခါက ဝိယဿီမြို့တော်စွာဘုရား လက်ထက် ဗန္ဓုမဟိပြည်၌ သူကပါး၏ အစေခံကျွန်မ အမျိုးသမီး တစ်ယောက်သည် တကြိမ်တခါ ဥပုသ်သီလကို ခံယူဆောက်တည်ခဲ့ဖူးသော ကုသိုလ်ကံကြောင့် သိကြားမင်းအဖြစ် (၆၄)ကြိမ်

ကိုယ်သားကိုယ်ရေ ရွှေအဆင်းနှင့် ပြည့်စုံခြင်း၊ ဘဝဆက်တိုင်း တုဖက်ကင်းခြင်း စည်းစိမ်ချမ်းသာကို ခံစားရပြီး ဂေါတမဘုရားရှင် လက်ထက်တော်၌ သာဝတ္ထိပြည် သူဌေးတစ်ဦး၏ သမီးဖြစ်၍ အရွယ်ရောက်သော် ဃရာဝါသ ကိစ္စမှ ရှောင်ကြဉ်၍ ဘုရားရှင် သာသနာတော်၌ ရဟန်းပြုကာ ရဟန္တာဖြစ်၍ ဓာတု-ပေါသထ ဘိက္ခုနီဟု ထင်ရှားလေသည်။

အဒိန္နာဒါနအဖွင့်

"သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏" ဆိုရာ၌ သူတပါးဟူသည် မိမိမုတပါး အခြားသော လူ နတ် တိရစ္ဆာန် ဟူသမျှကို သူတပါးဟု ဆိုပါသည်၊ ထိုသူတပါးတို့က ကိုယ်ဖြင့် ဖြစ်စေ, နှုတ်ဖြင့် ဖြစ်စေ, စာဖြင့် ဖြစ်စေ မပေးအပ်သော ဥစ္စာကို ခိုးယူခြင်း, ဓားပြတိုက်ယူခြင်း, လိမ်ညာခြင်း, လှည့်ပတ်ယူခြင်း, အရောင်းအဝယ် ပြုလုပ်ရာ၌ အလေး တင်း တောင်း ချိန်စသည်တို့ကို မမှန်မကန်ပြုခြင်း၊ ရောင်းကုန်တိုးအောင် ရေထိုးခြင်း စသော မရိုးမသားပြုလုပ်ယူခြင်း မှန်သမျှ အဒိန္နာဒါနချည်း ဖြစ်သည်။ ဝိနည်းတော် အလိုအားဖြင့် တိရစ္ဆာန်၏ ဥစ္စာကို ယူရာ၌ အာပတ်မသင့်သော်လည်း အဘိဓမ္မာ သဘော သုတ္တန်သဘောအားဖြင့် အဒိန္နာဒါနပင် ဖြစ်၏။

အဒိန္နာဒါနကံ၌ အောက်ဖော်ပြပါ အင်္ဂါ ၅-ပါး ရှိ၏—

(၁) သူတပါး၏ ဥစ္စာဖြစ်ခြင်း၊

(၂) သူတပါး ဥစ္စာဟု သိခြင်း၊

(၃) ခိုးယူလိုသော စိတ်ရှိခြင်း၊

(၄) ခိုးယူကြောင်းဖြစ်သော ကိုယ်မှု နှုတ်မှု လုံ့လ တစ်ခုခုကို ပြုခြင်း၊

(၅) ခိုးယူခြင်း (ခုဒ္ဒကာ၌။ ၂၁။ အင်္ဂသာလိနီ အင်္ဂကထာ။ ၁၄၁)။

ဖော်ပြပါ အင်္ဂါ ၅-ပါးစုံလျှင် အဒိန္နာဒါနကံ အထမြောက်၏၊ သိက္ခာပုဒ် ပျက်၏၊ ကံမြောက်လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုး ပေးနိုင်သော (ဇနက) သတ္တိ ကောန်ရှိ၏၊ ကံမမြောက်လျှင် ပဋိသန္ဓေကျိုးပေးရန် ကိန်းဝှေမဟုတ်ပေ။ ဤ အင်္ဂါ ၅-ပါး မညီညွတ်ပါက ကံ မမြောက်ပါ။

အာဒိန္နာဒါနဒ္ဒ လုံ့လပြုမှုပယောဂမှာ ပါဏာတိပါတဒ္ဒ ပြုခဲ့သော ၆-မျိုးပင် ဖြစ်၏။

(၁) သာဟံတ္ထိကပယောဂ = ကိုယ်တိုင် ခိုးယူခြင်း၊

(၂) အာဏတ္တိကပယောဂ = သူတပါးကို နှုတ်ဖြင့် ဖြစ်စေ, စာဖြင့် ဖြစ်စေ အခိုးခိုင်းခြင်း၊

(၃) နိဿဂ္ဂိယပယောဂ = သင်းကုန်ထုတ်ကုန်ကို အကောက်ခွန်ကင်း ကျော်လွန်စေမှန် လှည့်ပတ်၍ ခိုးယူခြင်း၊

(၄) ထာဝရပယောဂ =ပစ္စည်းကို ပုံမပျက် အနေအထား မပျက်စေဘဲ ခိုးခြင်း၊ (ဥပမာ– ထောပတ် ဆီအိုး စသည်တို့၌ ပုဆိုး, ဂွမ်း စသည်ချ၍ ခိုးခြင်း)၊

(၅) ဝိဇ္ဇာမယပယောဂ = အင်းအိုင် ခါးလှည့် လက်ဖွဲ့ မန္တန် စုပ်၍ ခိုးယူခြင်း၊

(၆) ဣဒ္ဓိမယပယောဂ = တန်ခိုးဖြင့် ခိုးယူခြင်း—

တို့ဖြစ်ပါသည်။ ဤပယောဂ ၆-မျိုးတွင် တစ်မျိုးမျိုးဖြင့် ယူသော် ကံမြောက်၏။

ခိုးခြင်း ၂၅-ပါး

အဒိန္နာဒါနကို ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာကျမ်းမျှားဌ၌ ခိုးယူသည့် ပစ္စည်း အချိန်ကာလ, နေရာဒေသ, အခြေအနေနှင့် ခိုးပုံ ခိုးနည်းမျှားအရ ခိုးခြင်း ၂၅-ပါးကို ခွဲခြားရေတွက် ဖော်ပြထားသည်ကို အောက်ပါအတိုင်း မှတ်သားနိုင်သည်—

၁။ မတရားအမှုဆောင်၍ ရယူခြင်း

သူတပါးပိုင်သော တိုက်တာ, အိမ်မြေ, ခြံမြေ, လယ်ယာ, ဥယျာဉ်, စျေးဆိုင်, ရွာငွေ့စသော(သက်မဲ့)ပစ္စည်းမျှားကို မတရားအမှုဆောင်၍ တရားစွဲပြီး ရယူခြင်း၊ တရားရုံးက ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်အဖြစ်ဖြင့် အနိုင်ပေး၍ ဆုံးဖြတ်သောအခါ ပိုင်ရှင်က လက်လျော့လျှင် ခိုးမှုမြောက်၏၊ ပိုင်ရှင်က လက်မလျော့ဘဲ အယူခံတက်နေသေးလျှင် ခိုးမှုမမြောက်သေး၊ အယူခံမှု ပြီးဆုံး၍ ပိုင်ရှင်လက်လျော့လျှင် ခိုးမှုမြောက်၏။ (အာဒိယန)

၂။ ကိုယ်တိုင်သယ်ယူနေစဉ် ခိုးခြင်း

သူတပါးပိုင်(သက်မဲ့)ပစ္စည်းကို ကိုယ်တိုင် သယ်ယူပို့ဆောင်မှု ပြုသောအခါ ပိုင်ရှင်ထံသို့ ရောက်အောင် မပို့ဘဲ လမ်းခရီး၌ ခိုးယူခြင်းမျိုးဤသို့ ခိုးယူရာ၌ ခိုးလိုသောစိတ်ဖြင့် မိမိသယ်ဆောင်လာသော ပစ္စည်းကို နေရာရွှေ့ပြောင်းလျှင် ဥပမာ–ခေါင်းဖြင့် ရွက်လာခဲ့သော ပစ္စည်းကို ခိုးလိုစိတ်ဖြင့် ပခုံးပေါ် သို့ ပြောင်းရွှေ့လျှင်၊ သို့မဟုတ် အမှန်သွားရောက်ရမည့် လမ်းကြောင်းမှ ဘေးဖဲ့၍ လမ်းကြောင်းပြောင်းသွားခဲ့လျှင် ဒုတိယခြေလှမ်း၌ ခိုးမှုမြောက်၏။ (ဟရဏ)

၃။ ငြင်းကွယ်၍ ခိုးခြင်း

မိမိထံ ယုံကြည်သဖြင့် အပ်နှံထားသော (သက်မဲ့)ပစ္စည်း၊ မိမိက ချေးငှားယူငင်ထားသော ပစ္စည်းကို ပိုင်ရှင်က ပြန်လည်တောင်းခံသည့်အခါ ပြန်မပေးလိုသဖြင့် မသိဘူး, မရှိဘူးဟု ငြင်းကွယ်ခြင်း၊ ဤသို့ ငြင်းကွယ်၍ ခိုးရာ၌ ပိုင်ရှင်ဖြစ်သူက သူပစ္စည်းဆုံးပါပြီဟု လက်လျော့သည့် အချိန်၌ (ဝန်ချသည့် အချိန်၌) ခိုးမှုမြောက်သည်။ (အဝဟာရ)

၄။ သယ်ဆောင်သူကို လမ်းကြောင်းပြောင်းစေခြင်း

ခိုးသူသည် သူတပါးပိုင် (သက်မဲ့) ပစ္စည်းကို သယ်ဆောင်လာသည့် လူတစ်ဦးကို ဖြားယောင်းသွေးဆောင်၍ ဖြစ်စေ, ခြိမ်းခြောက်၍ ဖြစ်စေ, အခြားတနည်းနည်းနှင့်ဖြစ်စေ ပိုင်ရှင်ထံသို့ မပို့စေဘဲ အခြားကစဲနေရာသို့အပို့ခိုင်းသည်၊ ထိုသို့ ခိုင်းလည့်အတိုင်း ပစ္စည်းသယ်ဆောင်သူလည် အမှန်သွားရောက်ရမည့် လမ်းကြောင်းမှ ပြောင်းလဲ၍ အခြား လမ်းကြောင်းသို့ သွားလျှင် ဒုတိယခြေလှမ်း၌ ခိုးမှုမြောက်၏။ (ဣရိယာပထဝိကောပန)

၅။ နေရာရွှေ့ပြောင်း၍ ခိုးခြင်း

ခိုးလိုသောစိတ်ဖြင့် ရွှေ့ ငွေ့ ဆန်စပါး ဒဿရှိသော သူတပါးပိုင် (သက်မဲ့) ပစ္စည်းတစုံတခုကို ပိုင်ရှင်ထားသည့်နေရာမှ ဆန့်ခြည်တစ်ပင်စာမျှ ရွှေ့ရှားအောင် ပြုလုပ်လျှင် ခိုးမှု အဏမြောက်သည်။ ထို့ကြောင့် ဂဟန်းတော်များအား သူတပါးပိုင် ပစ္စည်းတစုံတခုကို အမှတ်တမဲ့ ကောက်ယူ ကိုင်တွယ်ကြည့်ရှုခြင်း မပြုလုပ်ရန် ဝိနယဂရုက ဆရာတော်ကြီးများက ဆုံးမတော်မူကြသည်။ မူလက ရိုးသားသောစိတ်ဖြင့် ကိုင်တွယ်ကြည့်ရှုနေစဉ် လိုချင်တပ်မက်သောစိတ် ဖြစ်ပေါ်လာ၍ မမျိုးသားသောစိတ်ဖြင့် ပစ္စည်းကိုင်ထားသောနေရာမှ လှုပ်ရှားရွှေ့ပြောင်းမိပါက ထိုရဟန်းကိုယ်တိုင် မသိလိုက်ရဘဲ ပါရာဇိက ကျသွားတတ်သည်။ ထို့ကြောင့် ဒုတိယပါရာဇိကသိက္ခာပုဒ်တော်သည် အလွန်နူးညံ့သိမ်မွေ့ကြောင်း

ပါရာဇိကကျမှန်းမသိ ကျတတ်ကြောင်း ရှေးဆရာစဉ်ဆက် မိန့်တော်မူခဲ့သည်။ (ဌာနာစာဝဝန)

မှတ်ချက်။ ။နံပါတ် ၁-မှ နံပါတ် ၅-အထိ ခိုးခြင်းငါးပါးနှင့် နံပါတ် ၆-မှ နံပါတ် ၁၀-အထိ ခိုးခြင်းငါးပါးသည် တူညီကြ၍ သက်ဖို့ပစ္စည်းနှင့် သက်ရှိပစ္စည်းအဖြစ်သာ ကွဲခြားမှု ရှိသည်။

၆။ မတရားအမှုဆင်၍ ရယူခြင်း

သူတပါးပိုင် ဆင်, မြင်း, ကျွဲ, နွား အစရှိသော (သက်ရှိ) ပစ္စည်းများကို မတရားအမှုဆင်၍ တရားစွဲပြီး ရယူခြင်း၊ တရားရုံးက ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်အဖြစ်ဖြင့် အနိုင်ပေး၍ ဆုံးဖြတ်သည့်အခါ ပိုင်ရှင်က လက်လျှော့လျှင် ခိုးမှုမြောက်သည်။ အထက်အပိုဒ် (၁)နှင့် တူပြီ။ (အာဒိယန)

၇။ ကိုယ်တိုင် သယ်ယူနေစဉ် ခိုးခြင်း

သူတပါးပိုင် ကျွဲ၊ နွားအစရှိသော (သက်ရှိ) ပစ္စည်းတို့ကို ကိုယ်တိုင် သယ်ယူပို့ဆောင်မှု ပြုသောအခါ ပိုင်ရှင်ထံသို့ ရောက်အောင် မပို့ဘဲ လမ်းခရီးဦး ခိုးယူခြင်း၊ ဤသို့ ခိုးယူရာ၌ ခိုးယူသည့် တိရစ္ဆာန်ကို အမှန်သွားရမည့် လမ်းကြောင်းမှ ပြောင်းရွေ့သွားစေခဲ့လျှင်၊ သို့မဟုတ် ထမ်းသယ်ဆောင်လာခဲ့သော ကြက်, ဝက် စသည်ကို မူလနေရာမှ ရွှေ့ပြောင်းလျှင် ခိုးမှုမြောက်သည်။ (ဟရဏ)

၈။ ငြင်းကွယ်၍ ခိုးခြင်း

မိမိအား ယုံကြည်သဖြင့် အပ်နှံထားသော၊ သို့မဟုတ် ငှါးရမ်းထားသော ကျွဲ, နွား, ကြက်, ဝက် စသော (သက်ရှိ)ပစ္စည်းများကို ပိုင်ရှင်က ပြန်လည် တောင်းခံသည့်အခါ ငြင်းကွယ်၍ ခိုးခြင်း၊ ဤသို့ ခိုးရာ၌ ပိုင်ရှင်က သူပစ္စည်း ဆုံးပါပြီဟု လက်လျှော့သည့်အချိန်၌ (ဝန်ချသည့်အချိန်၌) ခိုးမှုမြောက်သည်။ (အဝဟရဏ)

၉။ သယ်ဆောင်သူကို လမ်းကြောင်းပြောင်းစေ၍ ခိုးခြင်း

သူတပါးပိုင် ကျွဲ, နွား စသော (သက်ရှိ) ပစ္စည်းကို သယ်ဆောင်လာသည့်လူကို ဖြားယောင်း သွေးဆောင် ခြိမ်းခြောက်၍ ပိုင်ရှင်ထံသို့ မပို့စေဘဲ မိမိအလိုရှိရာသို့ သယ်ဆောင်ခိုင်းခြင်း၊ ထိုသို့ ခိုင်းသည့်အတိုင်း တိရစ္ဆာန်

သယ်ဆောင်လာသူသည် အမှန်သွားရောက်မည့် လမ်းကြောင်းမှ ပြောင်းလဲ၍ အခြား လမ်းကြောင်းသို့ သွားလျှင် ဒုတိယခြေလှမ်း၌ ခိုးမှုမြောက်သည်။ (ဣရိယာပထ ဝိကောပန)

၁၀။ နေရာချေပြောင်း၍ ခိုးခြင်း

ကျွဲ,နွား, ကြက်,ဝက်စသော (သက်ရှိ) သတ္တဝါတို့ကို ခိုးယူလိုသောစိတ်ဖြင့် **ပိုင်ရှင်ထားသည့် နေရာမှ ချေပြောင်း ယူဆောင်၍ ခိုးခြင်း၊ ပိုင်ရှင်လားရှိသည့် နေရာမှ** ချေသည်နှင့် တပြိုင်နက် **ခိုးမှုမြောက်သည်။** (ဌာနာစာဂန)

မှတ်ချက်။ ။နံပါတ် ၁-မှ ၁၀-အထိ **ခိုးခြင်း** ၁၀-ပါးမှာ ခိုးသည့် ပစ္စည်း၏ အနေအထားကို ပြဆိုခြင်း ဖြစ်သည်။

၁၁။ ကိုယ်တိုင် ခိုးခြင်း

သူတပါးကို မခိုင်းစေဘဲ **ကိုယ်တိုင် ကိုယ်ကျ ခိုးယူခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ခေးပြောင်ကုက်ခြင်း၊ လုယက်ခြင်း၊ ပစ္စည်းကို ယူရန် လှမ်းကိုင်လျှင် ထိုပစ္စည်းသည် မူလနေရာမှ** ချေလျှင် **ခိုးမှုမြောက်၏။** (သာဟတ္ထိက)

၁၂။ သူတပါးအား ခိုးစေခြင်း

ကိုယ်တိုင် မခိုးဘဲ **သူတပါးကို အခိုး ခိုင်းခြင်း၊ လုယက် ခိုင်းခြင်း၊ ခိုးထုပါ၊ ပစ္စည်းမှန်းသိလျက် လက်ခံခြင်း၊ သူခိုးနှင့်ခါးပိုက်နှိုက်များကိုသိလျက် သဘောတူ လက်ခံထားရှိခြင်း၊ ခေးပြ မေးထားခြင်း၊ သူတပါးကို အခိုးခိုင်းကုဋ္ဌ အခိုင်း ခံရသောပုဂ္ဂိုလ်က ထိုပစ္စည်းကို ခိုးလျှင် နှစ်ဦးလုံး ခိုးရာရောက်၏။** (အာဏတ္တိက)

၁၃။ ကိုယ်လွတ်လက်လွတ် ခိုးခြင်း (ကိုယ်နှင့် ကင်းလွတ်အောင် ပြုပြု ခိုးခြင်း)

ခိုးသူသည် ခိုးလိုသည့်ပစ္စည်းကို မိမိနှင့် တပါတည်း ယူဆောင်ခြင်း မပြုဘဲ **အစောင့်အရှောက် ကင်းလွတ်သည့် နေရာ၌ ချထား၍ ပြစ်စေ,လှမ်းပစ်၍ပြစ်စေ ပြုလုပ်ပြီးလျှင် ခိုးသူကိုယ်တိုင်က အပေါင့်အရှောက်များ၏ ရှေ့မှောက်တွင် ကိုယ်လွတ်လက်လွတ် ပြတ်သန်းသွား၍ ခိုးသည်။** ဥပမာ - စက်ရုံ အလုပ် ရုံနှင့် ရုံများ၌ ပစ္စည်းများခိုးယူက် ခိုးသွင်းခြင်း မပြုနိုင်စေရန် အဝင်အထွက် ပြုသူများကို လုံခြုံရေး အစောင့်၏ ရှေ့မှောက်မှ ဖြတ်သန်းသွားစေရန် စီစဉ် ထားရှိသည်၊ ခိုးသူသည် ထိုစက်ရုံ အလုပ်ရုံ၊ သို့မဟုတ် ရုံးသို့ ကိစ္စတခုဖြင့် သွားရောက်စဉ် မိမိခိုးလိုသည့် ပစ္စည်းကို အစောင့်နှင့် ဝေးကွာသည့် ခြံစည်းရိုး တံတိုင်း၏ ပြင်ပသို့ လွှင့်ပစ်ခြင်း၊ ချထားခြင်း၊ ပြင်ပရှိ အဝင်ဖယ်သို့ လှမ်းပစ် ပေးခြင်း ပေခုခုပြုလုပ်၍ လုံခြုံရေးကင်းကို ဖြတ်သန်းသွားပြီးလျှင် ဒေပြင်

ဆောက်မှ မိမိလှမ်းပစ်သောပစ္စည်း ချထားသော ပစ္စည်းကို ရယူ၍ ခိုးခြင်းမျိုး ဖြစ်သည်။ ပစ္စည်းကို ပစ်လိုက်ရာ၌ လက်မှ လွတ်လျှင် ခိုးမှုမြောက်၏။

ရှေးခေတ်က နယ်ခြားကင်း ကြည်းကင်း ရေကင်းချထား၍ အခွန်ကောက်ခံလေ့ရှိ၏၊ ဤခေတ်၌ ပြည်ပလေဆိပ် သဘော်ဆိပ်နှင့် နယ်စပ် အကောက်ခွန်ဌာနတို့၌ ပြည်ပမှ တင်သွင်းသော ပစ္စည်းများကို အခွန်ကောက်ယူလေ့ရှိသည်၊ ထိုအကောက်ခွန်ဌာနကို ဖြတ်သန်းသွားသောအခါ အခွန်ဆောင်ရမည့် ပစ္စည်းကို အကောက်ခွန်ဌာနကို ကျော်လွန်သွားအောင် ပြင်ပသို့ လှမ်းပစ်ခြင်း၊ ချထားခြင်း၊ အကောက်ခွန်ဌာနကို ဖြတ်ကျော်သွားမည့် ယာဉ်တခုခု၌ တင်ဆောင်ပေးလိုက်ခြင်း ပြုလုပ်၍ မိမိသည် ကိုယ်လွတ် လက်လွတ် အကောက်ခွန်ဌာနကို ဖြတ်ခကျော်သွား၏၊ ထို ပစ္စည်းကို လှမ်းပစ်လိုက်သော အခါ လက်မှ လွတ်သော ခဏ၌ ခိုးမှုမြောက်သည်။

(က) ယဉ်ပါးသော ခွေးစသော တိရစ္ဆာန်တစ်ကောင်၏ လည်ပင်း၌ အခွန်မလွတ် ပစ္စည်းကို ဆွဲထား၍ မိမိက အကောက်ခွန်ဌာန၏ တစ်ဖက်သို့ ကိုယ်လွတ် လက်လွတ် ဖြတ်ကျော်သွား၏၊ အပြင် ရောက်သောအခါ ထိုတိရစ္ဆာန်ကို ခေါ်ယူ၏၊ ထိုတိရစ္ဆာန်သည် အခွန်တော်ဌာနကို ဖြတ်ကျော်ခသော ခဏ၌ ခိုးမှုမြောက်၏။

(ခ) သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားရှိခွင့်မပြုသော ကျောက်စိမ်း, ဘိန်းကဲ့သို့သော တရားမဝင် ပစ္စည်းများကို ပြောင်းရွှေ့ သယ်ဆောင်ရာ၌ စီးပွားရေး လောဘဖြင့် မူလရှိနေရာမှ ရွှေ့စေလျှင်၊ သို့မဟုတ် လက်ခံသိမ်းဆည်း သိုဝှက်ထားလျှင် ခိုးမှုမြောက်၏။ (နီဟာရိုပါ)

၁၄။ ခိုးရန်အချိန်နှင့် နည်းလမ်း မသတ်မှတ်ဘဲ အခိုးခိုင်းခြင်း

ခိုးရန်အချိန်နှင့် ခိုးရန်နည်းလမ်းကို သတ်မှတ်ခြင်း မပြုဘဲ သင့်လျော်သည့် အချိန်, ဖြစ်နိုင်သည့် နည်းဖြင့် ခိုးယူရန် စေခိုင်းသည်၊ အခိုင်းခံရသူသည် တချိန်ချိန်တွင် အမှန်တကယ် ခိုးယူပါက ခိုင်းသော ပုဂ္ဂိုလ်သည် ခိုင်းသည့် အချိန်မှာပင် ခိုးမှုကျူးလွန်ရာရောက်သည်။ (အတ္ထသာဓက)

၁၅။ ပိုင်ရှင်လက်လျှော့အောင် ပြု၍ ခိုးခြင်း

ယုံကြည်၍ အပ်နှံထားသော ပစ္စည်းကို ပိုင်ရှင်က ပြန်လည် တောင်းခံသော အခါ မိမိထံ၌ မအပ်နှံဖူးကြောင်း ငြင်းကွယ်၍ ခိုးသည်။ ပစ္စည်းရှင်က ငါ့ပစ္စည်း

ပြန်မရလောဘဟု စိတ်ဆုံးဖြတ် လက်လျှော့သောအခါ ခိုးသူသည် ခိုးမှုအထမြောက်၏၊ ငှားရမ်းပစ္စည်း ပြန်မပေးခြင်း၊ ချေးငှေကို ပြန်မဆပ်ခြင်း၊ သူတပါးပစ္စည်း ထိခိုက် နစ်နာမှုအတွက် အစားပေးလျော်ရမည်ကို မလျော်ဘဲ နေခြင်း၊ လောင်းကစားရာ၌ ဂူးတိအတိုင်း အလျော်အစားမပြုဘဲ ကတိ ပျက်ကွက်ခြင်း၊ ပစ္စည်းပိုင်ဆိုင်မှုအတွက် မတရားအမှုဆင်၍ တရားစွဲရာ၌ ပိုင်ရှင်ဘက်က တရားရှုံးခြင်း၊ သူတပါးပစ္စည်းကို ပိုင်ရှင် ရှာမတွေ့စေရန် ပိုင်နှင်ထားသည့် နေရာမှာပင် တခုခုဖြင့် ဖုံးဖိဝှက်ထားခြင်းတို့၌ ပစ္စည်းရှင်က "သူပစ္စည်း ဆုံးပါပြီ၊ ရတော့မှာ မဟုတ်ပါဘူး" ဟု စိတ်ဒုံးဒုံးချ လက်လျှော့သည့်အချိန်၌ ခိုးသူမှာ ခိုးမှုမြောက်သည်။ (ဓုရနိက္ခေပ)

မှတ်ချက်။ ။ဤခိုးခြင်းမှာ အမှတ်စဉ် (၁)၊ (၃) (၆) (၈)နှင့် (၂၄)တို့၌ ဖော်ပြထားသည့် ခိုးခြင်းတို့နှင့် တူညီသည်။ ၎င်းတို့မှာ ခိုးသူဘက်မှ ခိုးနည်းကို ဖော်ပြထားခြင်း ဖြစ်၍ ဤအမှတ်စဉ် (၁၅)မှာ ပိုင်ရှင်ဘက်မှ စိတ်နေစိတ်ထားကို ဖော်ပြခြင်း ဖြစ်ပါသည်။

၁၆။ မခိုးမီက ခိုးမှုအထမြောက်ခြင်း

သူတပါးအား အခိုးခိုင်းခြင်း, လုယက်ခိုင်းခြင်း ပြုရာ၌ အခိုင်းခံရသူက ခိုးခြင်း, လုယက်ခြင်း ကောန်ပြုလုပ်မည်ဖြစ်ပါက ခိုင်းသောပုဂ္ဂိုလ်သည် ခိုင်းသောခဏာ၌ ခိုးမှုမြောက်သည်။ ခိုးခြင်းကိစ္စ မပြုလုပ်မီကပင် ခိုးမှုမြောက်လေသည်။ အခိုင်းခံရသူက မကျူးလွန်လျှင်မူ ခိုးမှုမမြောက်ချေ။ (ပုဗ္ဗပယောဂ)

၁၇။ ချက်ချင်း ခိုးမှုမြောက်ခြင်း

ရွှေပြောင်းနိုင်သော ပစ္စည်းများကို ခိုးယူရာ၌ နေရာရွှေ့သည်နှင့် တပြိုင်နက် ခိုးမှုမြောက်သည်၊ မရွှေ့ပြောင်းနိုင်သော ဥယျာဉ် ခြံမြေ၊ လယ်ယာမြေကို ခိုးယူရာ၌ ခြံစည်းရိုးတိုင်ကို သူတပါးပိုင် မြောက်သို့ ရွှေ့ပြောင်းစိုက်လျှင် ခြံစည်းရိုးတိုင် မြေသို့ ထိသည်နှင့် တပြိုင်နက် ခိုးမှုမြောက်သည်။ မြေတိုင်းသူအရာရှိအား လာဘ်ထိုး၍ သူကပါး မြောက်သို့ တိုးချဲ့တိုင်းစေ၏။ မြေတိုင်းသူက ပေကြိုးဆွဲပြီး ငုတ်တိုင် ရိုက်သောအခါ ပထမတစ်ချက် ရိုက်ချိန်၌ ခိုးမှုအထမြောက်သည်။ လယ်ကန်သင်းရိုးကို မိမိဘက်က တူးဖြို၍ သူတပါးဘက်သို့ ကန်သင်းရှိုး ရွှေ့ပြောင်းပါက မြေခိုးမှုဖြစ်သည်။ ကန်သင်းရိုးကို ထွန်စောင်းကိုက်ခြင်း၊ လမ်းမြောက်သို့ ခြံဝင်းတိုးချဲ့ခြင်း အမှုများသည် ခိုးခြင်း (၂၅) ပါး၌ ပါဝင်နေသည်ကို သတိပြုသင့်ကြသည်။ (သဟပယောဂ)

၁၈။ တိုင်ပင်ညှိနှိုင်းခြင်း (ကြံရာပါ)

ပစ္စည်းတစ်ခုကို အခွင့်သာသူက ခိုးစတမ်းဟု လူနှစ်ယောက် သုံးယောက် စသည် တိုင်ပင် ညှိနှိုင်းထား၏။ ၎င်းတို့အထဲမှ တစ်ဦးဦးက ခိုးလျှင် တိုင်ပင် ညှိနှိုင်းရာ၌ ပါဝင်သော လူအားလုံးသည် ခိုးမှု လွှန်ကျူးရာ ရောက်သည်။ ကိုယ်တိုင် မခိုးဘဲလျက် သူတပါး ခိုးသည်ကို သဘောတူသည့်အတွက် သူခိုးအဖြစ်သို့ ရောက်ရသည်။ (သံဝိဓာဝဟာရ)

၁၉။ သတ်မှတ်၍ အခိုးခိုင်းခြင်း

အချိန်ကာလကို လည်းကောင်း, ခိုးပုံ ခိုးနည်းကိုလည်းကောင်း, ခိုးရမည့် ပစ္စည်းကိုလည်းကောင်း သတ်မှတ်ပေး၍ အခိုးခိုင်းခြင်း ဖြစ်သည်။ ယနေ့ အခိုးခိုင်းသည်ကို နက်ဖန်မှခိုးလျှင် ခိုးခိုင်းသူမှာ အပြစ်မရှိချေ။ တဖန် ခိုင်းသည့် ပစ္စည်းကိုမခိုးဘဲ အခြားပစ္စည်းကို ခိုးလျှင် ခိုင်းသူမှာ အပြစ်မရှိချေ။ သို့ရာတွင် ဝိနည်းရှောင်သည့် အနေဖြင့် ဉာဏ်နီဉာဏ်နက်သုံး၍ အချိန်နှင့် ပစ္စည်းကိုသတ်မှတ် အခိုးခိုင်းရာ၌ ခိုင်းသူမှာ ခိုးခြင်းအပြစ်မှ မလွတ်ချေ။ (သင်္ကေတကမ္မ)

၂၀။ အချက်ပြ၍ အခိုးခိုင်းခြင်း

မျက်စိမှိတ်ပြခြင်း, မျက်စပစ်ပြခြင်း, လက်လှုပ် ခြေလှုပ် ပြခြင်း, မီးဖြင့် အချက်ပြခြင်း၊ မှန်ဖြင့် အချက်ပြခြင်း၊ လေချွန်သံ၊ တံုးခေါက်သံ စသော အသံဖြင့် အချက်ပြခြင်း ဤသို့စသည် အချက်ပြနည်း တခုခုဖြင့် အခိုးခိုင်းခြင်း၊ လုယက်ခိုင်းခြင်း ဤသို့ ခိုးဃူလုယက်စေပြုရာ၌ အချက်ပြသော ပုဂ္ဂိုလ်သည် အချက်ပြသည့်အချိန်၌ ခိုးမှုမြောက်၏။ (နိမိတ္တကမ္မ)

မှတ်ချက်။ ။နံပါတ် ၁၆-မှ ၂၀-အထိ ခိုးခြင်း ၅-ပါးမှာ ခိုးမှုမြောက်သည့် အချိန်ကို ဖော်ပြသည်။

၂၁။ ပသိအောင် ခိုးခြင်း

ပစ္စည်းရှင်မသိအောင် ဖောက်ထွင်းခိုးယူခြင်း၊ အလစ်သုတ်ခြင်း၊ ခါးပိုက် နှိုက်ခြင်း၊ ငွေစက္ကူအတု ပြုလုပ်ခြင်း၊ ငွေအတု ပြုလုပ်သုံးစွဲခြင်း၊ အဂ္ဂိရတ် ဓနုရှိအတု ပြုလုပ်သုံးစွဲခြင်း၊ ငင်ငွေခွန် (အမြတ်တော်ကြေး) မပေးရအောင် ဝင်ငွေစာရင်း လိမ်ပြခြင်း၊ အလေး တင်း တောင်း လိမ်ခြင်း စသော နည်းလမ်း တခုခုဖြင့် ပိုင်ရှင်မသိအောင် ခိုးယူလျှင် ခိုးမှုမြောက်သည်။

(က) အလေးလိမ်ခြင်း။ ။မျက်မြင်အားဖြင့် တူညီသောအလေး နှစ်ခု ပြုလုပ်ထား၍ ယူသည့်အခါ အလေးကြီးဖြင့်, ချိန်၍ ပေးသည့်အခါ အလေးငယ်ဖြင့် ချိန်ခြင်း၊ ဆီစိမ်ထားသော ရွေးစေ့ဖြင့် ရှေ့ကို ချိန်၍ ယူခြင်း၊

(ခ) ချိန်ခွင်လိမ်ခြင်း။ ။ချိန်ခွင်ကို တစ်ဖက်လေး တစ်ဖက်ပေါ် ပြုလုပ်ထား၍ မိမိက ပေးသည့်အခါ လေးသည့်ဘက်၌ ပစ္စည်း ထည့်ချိန်ခြင်း၊ ချိန်ခွင်ပေါင်ကို တစ်ဖက်တို့ရှည်ထား၍ မိမိက ပေးသည့်အခါ ရှည်သည့်ဘက်၌ ပစ္စည်းထည့်၍ ချိန်ခြင်း၊ ချိန်ခွင်ပေါင်ကို အခါခါင်းဖောက်ထား၍ အခေါင်းထဲ၌ သံမှုန့် များထည့်ထားပြီး လေးစေလိုသည့်ဘက်ကို သံမှုန့်များ လျော့ကျသွားအောင် ချိန်ခွင်ပေါင်ကို စိုက်ထောင်. မ-ယူ၍ ချိန်တွယ်ခြင်း၊ ချိန်ခွင်လျာထွက်အောင် လက်ဖြင့် ကောဲပေး ခြင်း၊ ချိန်ခွင်လျာကို ကန့်လန့် (ဂလန့်) တပ်သည့်နေရာ၌ ရှည်မျောမျော အပေါက်ဖောက်ထားပြီး ချိန်တွယ်သည့်အခါ၌ မိမိလိုသည့်ဘက်သို့ ချိန်ခွင်လျာ၏ အပေါက်ကို ရွှေ့ပြောင်း၍ တစ်ဖက်ဖက်သို့ ကပ်ပေးသည်၊

(ဂ) တင်းတောင်းလိမ်ခြင်း။ ။ကောက်ပဲသီးနှံကို တင်းတောင်းဖြင့် ခြင်ရာ၌ပေါက်နေအောင် စတုတ်တိုက်ခြင်း၊ခွက်ဝင်သွားအောင် စတုတ်တိုက်ခြင်း၊ အဝင်နည်းအောင် မြန်မြန်လောင်းထည့်ခြင်း၊ ပိုမိုပင်အောင် ဖြည်းဖြည်းလောင်းထည့်ခြင်း၊ ယူသည့်အခါ တောင်းကြီးဖြင့်ယူ၍ ပေးသည့်အခါ တောင်းငယ်ဖြင့်ပေးခြင်း၊

(ဃ) ခြင်ခွက်လိမ်ခြင်း။ ။ဆီ, ရေနံဆီ စသည်တို့ကို ရောင်းဝယ်ရာ၌ ယူသည့်အခါ ခွက်ကြီးဖြင့်ယူ၍ ပေးသည့်အခါ ခွက်ငယ်ဖြင့် ပေးခြင်း၊ အဝင်နည်းအောင် မြန်မြန် လောင်းထည့်ခြင်း၊ ပိုရှိဝင်အောင် ဖြည်းဖြည်း လောင်းထည့်ခြင်း၊ ခြင်ခွက်ဖင်ကို ဖောက်ထား၍ ခွက်ပြည့်ခြင်ပြီးနောက် အောက်ခံခွက်ထဲ၌ ယိုစီမ့်ကျအောင် ကြာရှည်ထား၍ ခြင်ခြင်း၊ ခြင်ခွက်ဖင်ကို အတွင်းချိုင့်အောင် ပြုထားခြင်း၊

(င) အခြားလိမ်နည်းအမျိုးမျိုး။ ။မသိနားမလည်သူများအား အဆမတန် စျေးတင်ရောင်းခြင်း၊ ပစ္စည်းအတုကို အစစ်ဟု ပြော၍ ရောင်းချခြင်း၊ ဖဲသုံးချင်လိမ်နည်း၊ ငွေပွားနည်း၊

အာဂိရတ်ရွှေလုပ်နည်းစသော လိမ်နည်းများဖြင့် လိမ်ယူခြင်း၊ ဘုရားအတုတ် ကျောင်းအတုတ်ဟု အကြောင်းပြု၍ အလှူခံပြီးလျှင် မိမိကိုယ်ကျိုးသုံးစွဲခြင်း၊ ခရီးစရိတ် ကုန်ကျသည်ဟုဆ (တရားဝင် ခွင့်ပြုသည်ထက်)ပိုမို ထုတ်ယူခြင်း၊ ဤခိုးနည်းများမှာ ပိုင်ရှင်မသိအောင် ခိုးခြင်းဌာ ပါဝင်၏။

မြို့သားလူလည်နှင့် တောမူဆိုး ပုံဝတ္ထု

ပိုင်ရှင်မသိအောင် ခိုးယူခြင်းနှင့်စပ်လျဉ်း၍ အဋ္ဌကထာဌာ ဖော်ပြထားသော လိမ်လည်နည်း ပုံဝတ္ထုတစ်ခုကို ထုတ်ဆောင်ပြသပါဦးမည်၊

တောမှ မူဆိုးတစ်ယောက်သည် သမင်ကြီးတစ်ကောင်နှင့် သမင်ငယ်တစ်ကောင်ကို ရောင်းချရန် မြို့သို့ ယူဆောင်လာသည်။ လမ်းခရီးဌာ မြို့သားလူလည်က စျေးနှုန်းကိုမေးရာ မူဆိုးက သမင်ကြီး ၂/- သမင်ငယ် ၁/-ဟု ပြောလည်။ မြို့သားလူလည်သည် ငွေ ၁/-ပေး၍ သမင်ငယ်ကို ဆဲယူသွားသည်၊ အဘန်ငယ်သွား၍ ပြန်လာပြီးလျှင် မူဆိုးအား "ယခင် မိမိပေးခဲ့သော ငွေ ၁/- ယခု ဤသမင်ဈေးကို ၁/-ဖြင့် တန်ဖိုးထား၍ ပြန်ပေးမည်။ စုစုပေါင်း ၂/-ဖြစ်၍ သမင်ကြီးကို ပေးရမည်"ဟု ပြောသည်။ တောသား မူဆိုးသည် မျက်စိလည်၍ သမင်ကြီးကို ပေးလိုက်သည်။ ဤပုံဝတ္ထုမှာကဲ့သို့ ခိုးသူသည် လူတစ်ယောက်ထံမှ ပစ္စည်းကို လိမ်လည်လှည့်ဖြားယူလျှင် ခိုးမှုမြောက်၏။ (ထေယျာဝဟာရ)

၂၂။ အနိုင်အထက် လုယက်ယူခြင်း

လက်နက်အင်အား၊ လူအင်အား၊ ပစ္စည်းအင်အားတခုခုဖြင့် ခြိမ်းခြောက်၍ သူတပါးပစ္စည်းကို ရယူခြင်း၊ အကြပ်ကိုင် ငွေညှစ်ခြင်း၊ လပ်တောင်းခြင်း၊ လက်စားခြင်း၊ ပစ္စည်းရှင်က မကျေနပ်ဘဲ ကြောက်လန့်၍ ပေးရသောကြောင့် ခိုးခြင်းတစ်မျိုးအဖြစ် သတ်မှတ်ရသည်။ (ပဿယျာဝဟာရ)

၂၃။ ရည်ရွယ်သတ်မှတ်၍ ခိုးခြင်း (သံသယစိတ်ဖြင့် ခိုးခြင်း)

ပစ္စည်းတခုကို စတင်ယူဆောင်စဉ်က ခိုးမည်ဟု ယတိပြတ် စိတ်ဆုံးဖြတ်ချက်မချဘဲ အခွင့်သာလျှင် ခိုးမည်။ အခွင့်မသာလျှင် ပြန်ပေးမည်၊ မိမိအလိုရှိသော ပစ္စည်းဖြစ်က ခိုးမည်၊ အလိုမရှိသော ပစ္စည်းဖြစ်က ပြန်ထားမည်ဟု ရည်ရွယ်သတ်မှတ်ချက်ဖြင့် ခိုးခြင်းမျိုး ဖြစ်သည်။

လူတစ်ယောက်သည် လူပြတ်လပ်နေသော အိမ်တစ်အိမ်သို့ ဝင်၍ ပစ္စည်းတစ်ခုကို အထင်အရှား ယူဆောင်ခဲ့သည်။ ပိုင်ရှင်မြင်လျှင် ပြန်ဝှေးမည်၊ ပိုင်ရှင်မမြင်လျှင် ခိုးမည်ဟူသော ကြံရွယ်ချက်ဖြင့် ပစ္စည်းကို သယ်ဆောင်လာသည်။ အိမ်တံခါးပေါက်၏ အပြင်ဘက်သို့ ထွက်သည်နှင့် တပြိုင်နက် ထိုလူမှာ ခိုးခြင်းမြောက်သည်။ အကယ်၍ ထိုပစ္စည်းကို အစကတည်းက ဖုံးဖိသိုပ်ပက် ယူဆောင်လာလျှင် အိမ်တံခါးပေါက်ကို ကျော်လွန်သည်ဖြစ်စေ၊ မကျော်လွန်သည်ဖြစ်စေ၊ ထိုအိမ်အတွင်းမှာပင် ပစ္စည်းကို ကိုင်သောခဏ၌ ခိုးမှု ကျူးလွန်ပြီးဖြစ်၍ ခိုးမှုမြောက်လေသည်။

တဖန် လူတယောက်သည် အိမ်တစ်အိမ်သို့ ဝင်ရောက်ခိုးယူရာ အမှောင်ထဲ၌ အဝတ်တစ်ထည်ကို တွေ့ရှိ၍၊ ထိုလူ့စိတ်ထဲ၌ ပုဆိုးဖြစ်လျှင် ယူမည်။ ထမီဖြစ်လျှင် မယူဟု ကြံစည်၍ ထိုအဝတ်ကို အိမ်အပြင်သို့ ယူခဲ့ဆောင်လာသည်။ ပုဆိုးဖြစ်ပါက သူ၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အတွက် စတင်ယူစဉ်ကပင် ခိုးမှုမြောက်သည်။ အကယ်၍ ထိုယူလာသော အဝတ်သည် ထမီဖြစ်နေသဖြင့် မယူတော့ဘဲ ထားခဲ့လျှင် ခိုးမှုအထမမြောက်ချေ။ "ယူမိမှဟော့ မထူးပါဘူး ရတာပဲ ယူသွားတော့မယ်"ဟု စိတ်ကို ဆုံးဖြတ်လိုက်လျှင် ထိုအချိန်၌ ခိုးမှုမြောက်လေသည်။ (ပရိကပ္ပါဝဟာရ)

၂၄။ ဖုံးဖိဝှက်ထား၍ ခိုးခြင်း

ရေချိုးဆိပ်၊ သို့မဟုတ် ရေဘုံဘိုင်၌ ရေချိုးသူတစ်ဦးသည် လက်စွပ်ကို ချွတ်၍ မလှမ်းမကမ်း၌ ချထား၍ ရေချိုးနေသည်။ လူတစ်ယောက်ဆည် ပိုင်ရှင်ရှာမတွေ့စေရန် ခိုးလိုစိတ်ဖြင့် ထိုလက်စွပ်ကို မြက်သစ်ရွက် တစ်ခုခုဖြင့် ဖုံးအုပ်ခဲ့သည်။ ပစ္စည်းရှင်သည် ရှာမတွေ့၍ ပြန်သွားသောအခါ ခိုးသူသည် ထိုလက်စွပ်ကို လာယူသည်။ ပိုင်ရှင်ဖြစ်သူက သူ့လက်စွပ် မဒူတွေ့ပါဟု လက်လျှော့သည့်အချိန်၌ ခိုးမှုမြောက်သည်။ အကယ်၍ ခိုးသူသည် ထိုလက်စွပ်ကို ပိုင်ရှင်ပြန်မတွေ့စေရန် ဖုံထဲ့ရုံထဲ့ နစ်မြုပ်သွားအောင် ဖိနှင်းခဲ့သော် သို့မဟုတ် နေရာရွှေ့အောင် ခြေဖြင့်ခတ်ပစ်ခဲ့သော ထိုအခိုက်အတန့်မှာပင် ခိုးမှုအထမြောက်သည်။ (ပဋိစ္ဆန္နဝဝဟာရ)

၂၅။ စာအုပ်ဘံဆိပ်ပြောင်းလဲ၍ ခိုးခြင်း

ပစ္စည်းများကို မဲမျှဝေဌာန၌ မိမိရသော မဲလိပ်နှင့် သူတပါးမဲလိပ်ကို မသိအောင် လဲလှယ်ခြင်း၊ ကြိုတင်၍ ပေါက်မဲကို ရယူဝေးခြင်း၊ နာမည်အတု၊ တံဆိပ်အတု ပြုလုပ်၍ ကုန်ပစ္စည်းများ ထုတ်လုပ်ကောင်းခြင်း၊ သူတပါး၏

စာမေးပွဲဒေါင်လက်မှတ်ဖြင့် ရထူးအဆင့် တစ်ခုရအောင် နာမည်လိမ်ဖြင့် အယောင်ဆောင် ပုံမှားရိုက်ခြင်း၊ တန်ဖိုးရှိသော သူတပါးပစ္စည်းကို မယူရန် အတွက် ထိုပစ္စည်းနှင့် အလားတူ ပစ္စည်းတစ်ခုပြုလုပ် အတူယှဉ်တဲ့ထားပြီးလျှင် လဲလှယ်ခိုးယူခြင်း၊ သူတပါးပိုင်ပစ္စည်းမှ အမှတ်အသားစာလုံး၊ တံဆိပ်တို့ကို ဖျက်ဆီး၍ မိမိပစ္စည်းဖြစ်စေရန် အသစ်ပြင်ရေးခြင်း။ (ကုသ၁၀ဟာရ)

မှတ်ချက်။ ။နံပါတ် ၂၁-မှ ၂၅-အထိ ခိုးခြင်း ၅-ပါးမှာ ခိုးနည်းမျှားကို ဖော်ပြသည်။

ဤဖော်ပြပါ ခိုးခြင်း ၂၅-ပါးဟူင် ကစ်ပါးပါးကို ကျူးလွန်ပါက ခိုးမှု အလမြောက်သည်။ (အဒိန္နာဒါနသိက္ခာပုဒ်ကို ကျူးလွန်ရောက်သည်။)

အပြစ်ကြီးမှု အပြစ်ငယ်မှု

အပြစ်ကြီးမှု အပြစ်ငယ်မှုမှာ ဥစ္စာရှင်၏ အကျင့်သီလဂုဏ်သိက္ခာကို လိုက်၍ လည်းကောင်း၊ ဥစ္စာ၏ တန်ဖိုးအနည်းအမျှားကို လိုက်၍လည်းကောင်း ဖြစ်၏။

ပစ္စည်းဥစ္စာရှင်သည် အကျင့် သီလ သိက္ခာဂုဏ်နှင့် ပြည့်စုံ၍ ထိုသူ၏ ဥစ္စာကို ခိုးယူပါက အပြစ်ကြီး၏၊ အကျင့်သီလသိက္ခာဂုဏ် နည်းပါးသူ၏ ပစ္စည်းကို ခိုးယူခဲ့သော် အပြစ်နည်း၏၊ ဥပမာ– ကျောင်းဒကာပစ္စည်း ခိုးယူခြင်းသည် အပြစ်ကြီး၍ သူခိုးလက်မှ သူဌက်လုခြင်းဖြစ်ပါမူ အပြစ်နည်း၏။ ထို့ပြင် လူလွှပယောဂခွန်အားကြီးစွာ စိုက်ထုတ်ခိုးရာ၌ အပြစ်ကြီး၍ လှယ်ကူသက်သာစွာ ခိုးရာ၌ အပြစ်သေးငယ်၏၊ ပစ္စည်းတန်ဖိုးကြီးလျှင် အပြစ်ကြီး၍ တန်ဖိုးငယ်လျှင် အပြစ်သေး၏၊ တန်ဖိုးကြီးမှု ငယ်မှုမှာလည်း ခေတ်ကာလ အလျောက်၊ ဒေသအလျောက်၊ အသုံးဝင်မှုအလျောက်ဖြစ်ရသည်။ ထို့ကြောင့် ကာလံ၊ ဒေသံ၊ အဂ္ဃံ၊ ဓနံ-ဟူ၍ ဆိုးရိုးပြုကြသည်။

ကာလံ=ကာလအလိုက်၊

ဒေသံ=ဒေသအလိုက်၊

အဂ္ဃံ=တန်ဖိုးအလိုက်၊

ဓနံ=ပစ္စည်းဥစ္စာအလိုက် အပြစ်ကြီးမှု ငယ်မှုကို သတ်မှတ်ရသည်။

နတ်သိကြား တိရစ္ဆာန်တို့၏ပစ္စည်းဥစ္စာကို ခိုးယူသော် အဒိန္နာဒါန်မထိုက်ဟု ပါထောဋီကာ၏ အဋ္ဌကထာကို ကိုးကား၍ လယ်တီဆရာတော်ကြီး ဆုံးဖြတ်တော်မူခဲ့သည်။

အဒိန္နာဒါန၏ အပြစ်များ

သူတပါး ဥစ္စာကို ခိုးယူသော သူသည် ငရဲဘုံ ပြိတ္တာဘုံတို့၌ ဖြစ်ရ၍ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရသည်၊ ထို့ပြင် ဝဋ်လိုက်သောအားဖြင့် ဖြစ်ရာဘဝတိုင်း၌ ပစ္စည်းဥစ္စာ ရှာပါးခြင်း စသော အောက်ဖော်ပြပါ ဆိုးကျိုးတရားများကို ခံစားရပါသည်—

(၁) မွဲတေခြင်း၊
(၂) ဆင်းရဲပင်ပန်းခြင်း၊
(၃) တော်မှတ်ခေါင်းပါးခြင်း၊
(၄) လိုရာမရနိုင်ခြင်း၊
(၅) စည်းပွားရွာပေါ့နေစဉ်မှာပင် စီးပွားပျက်တတ်ခြင်း၊
(၆) ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံသားသမီးဆိုးဟူသော မုန်သူမျိုး ငါးပါးကြောင့် စီးပွားဥစ္စာ ပျက်စီးခြင်း။

မှတ်ရန်လက်ဝ

သူများဥစ္စာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမဲ့၊ ဆင်းရဲငတ်ထ၊ လိုမရနှင့်၊ ဘောဂဟျက်စီး၊ ရေ,မီး,သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုး ငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ဂရုဝံစါ ဇာတ်ပြန် ကကျိုးတည်း (ပိသုဒ္ဓါခွန်သရာတော်)။

ဃဒိန္နာဒါန်ကို ရှောင်ကြဉ်သူသည် နတ်ရွာသုဂတိသို့ လားပေါက်၍ နတ်စည်းစိမ် ခံစား၏၊ ဘဝဆဆက်ဆက်တွင်လည်း ဖောက်ပြပါ ကောင်းကျိုးများ ခံစားရ၏—

(၁) ဗဟုည်းဥစ္စာ ပေါကြွယ်ဝခြင်း၊
(၂) မပင်မပန်း ချမ်းသာခြင်း၊
(၃) အစာရေစာ ပေါများခြင်း၊
(၄) အလိုရှိသော ပစ္စည်းကို အလွယ်တကူ ရရှိခြင်း၊
(၅) ကူးသန်းရောင်းဝယ်မှု စသည် ကျွမ်းကျင်လိမ္မာ၍ စည်းစိမ်ဥစ္စာ တိုးပွားခြင်း၊
(၆) ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး စသော ရန်သူမျိုးငါးပါး၏ ဖျက်ဆီးမှု မခံရခြင်း။

ခုဒ္ဒကပါဌအဋ္ဌကထာ၌မူ အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၏ အကျိုး ၁၁-ပါးကို ပြထားပါသည်။

(၁) များမြတ်မသာ ဥစ္စာရှိခြင်း၊
(၂) စပါး၊ ဆန်၊ ရေ၊ ဧရာ၊ ငွေ၊ ဥစ္စာ ပေါများခြင်း၊
(၃) ဃုံးချိမကုန်နိုင်သော စည်းစိမ်နှင့် ပြည့်စုံခြင်း၊
(၄) မဖြစ်သေးသော စီးပွားဥစ္စာများ ဖြစ်ပွားလာခြင်း၊
(၅) ရရှိပြီးသော စည်းစိမ်ဥစ္စာ ရတနာများ ကြာရှည်စွာ အမြဲတည်ခြင်း၊
(၆) အလိုရှိအပ်သော ပစ္စည်းဥစ္စာများကို လျင်မြန်စွာ ရရှိခြင်း၊
(၇) ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်သော ဥစ္စာရှိခြင်း၊
(၈) သူတစ်ပါးနှင့် မဆက်ဆံသော စီးပွားဥစ္စာ ရရှိခြင်း၊
(၉) လောကုတ္တရာတရားကို ရခြင်း၊
(၁၀) မရှိသည်ကို မသိရခြင်း၊
(၁၁) ချမ်းသာစွာ နေထိုင်ရခြင်း (ခုဒ္ဒကာ၊ဋ္ဌ။ ၂၂၉)။

အဒိန္နာဒါန ကျူးလွန်သူသည် အောက်ပါ မင်္ဂလာင်းကျိုးများကို ခံစားရကြောင်း ဖော်ပြထားပါသည်—

(၁) များမြတ်သော ဥစ္စာ မရနိုင်ခြင်း၊
(၂) စပါး၊ ဆန်၊ ရေ၊ ဧရာ၊ ငွေ၊ ဥစ္စာ ရှားပါးခြင်း၊
(၃) စည်းစိမ်ဥစ္စာ နှမ်းပါးခြင်း၊
(၄) စီးပွားအသစ်များ မဖြစ်ခြင်း၊
(၅) ရရှိပြီးသော စည်းစိမ်ဥစ္စာ၊ ရတနာများ အမြဲ မတည်ခြင်း၊
(၆) အလိုရှိအပ်သော ဥစ္စာကို မရနိုင်ခြင်း၊
(၇) ရန်သူမျိုးငါးပါးနှင့် ဆက်ဆံတွေ့ကြုံရခြင်း၊
(၈) အများနှင့်ဆိုင်သော စီးပွားဥစ္စာသာ ရရှိခြင်း၊
(၉) လောကုတ္တရာဥစ္စာကို မရရှိနိုင်ခြင်း၊
(၁၀) မရှိစကားကို ကြားနေရခြင်း၊
(၁၁) ချမ်းသာစွာ မနေထိုင်ရခြင်း (ခုဒ္ဒကာဋ္ဌ။ ၂၄)။

သတ္တိသူဒနဇရဲ

နေမိဇာတ်တော်၌ နေမိမင်းကြီးသည် ငရဲပြည်သို့ နတ်ရထားဖြင့် သွား၍ ကြည့်ရာ သတ္တိသူဒနဇရဲ၌ အရှင် မပေးသော သူတပါး၏ ဥစ္စာကို ခိုးယူသော ပုဂ္ဂိုလ်သည် အလှျံပြောင်ပြောင် တောက်လောင်နေသော လှံမတို့ဖြင့် နံပါးနှစ်ဘက် ထိုးသွင်းမှုကို ခံနေရသည်ကို တွေ့မြင်ရကြောင်း ဖော်ပြထားသည်။

ဈေးသည်မ ၄-ယောက်

ရှေးအခါက ဈေးသည်မ ၄-ယောက်တို့သည် အလေးချိန်ခွင် စဉ်းလဲခြင်း စသည်ဖြင့် ပစ္စည်းများကို စုဆောင်းပြီးနောက် အရွယ်ကောင်းချိန်မှာပင် သေကြပြီး ပြိတ္တာဖြစ်လေ၏၊ မိမိတို့၏ ရှေးဟောင်း နေ့ဘင်းဖြစ်များကို မြင်ရုံမက ကျန်ရစ်သော ယောကျ်ားတို့က နောက်မယားယူ၍ မိမိတို့ စုဆောင်းထားခဲ့သော ပစ္စည်းများကို သုံးဖြုန်းနေကြသည်ကိုပါ မြင်ရ၍ မခံနိုင်သဖြင့် “ဝါရုံးရော့, မဝါရုံးရော ငါတို့ စုဆောင်းထားသော ပစ္စည်းတွေကို နောက်သား နောက်မယားတွေက အပင်းဆို့နေကြသဝဲ့၊ ငါတို့တော့ ဒုက္ခရောက်ကုန်ပြီ”ဟု မြို့ရိုးပေါ်က ဟစ်အော်ကြသည် (ရတနာဂုဏ်ရည် စာမျက်နှာ ၁၅၃)။

နတ်သမီး တစ်ဦး

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်သား ကုန်သည် ခုနစ်ရာတို့သည် သဘော်ဖြင့် သွားကြသောအခါ ဆန်းကြယ်သော ဗိမာန်တစ်ခုခု၌ ထမီအဝတ် မဝတ်ရသော နတ်သမီးကို တွေ့မြင်ကြရ၍ ရှေးက ပြုလုပ်ဖူးသည်ကို မေးရာ နတ်သမီးက ပြန်ဖြေသည်မှာ ရဟန်းတစ်ပါးအား နှမ်းဖတ်လှူခဲ့သောကြောင့် ဤနတ်သမီး ဗိမာန်၌ ခံစားရကြောင်း၊ သူဝတ်ပါး၏ အဝတ်ပုဆိုးကို ခိုးယူခဲ့သောကြောင့် ထမီ အဝတ်ကို မရကြောင်း၊ အကုသိုလ်ကံ မကုန်သေး၍ လေးလမြောက်လျှင် အဝီစိငရဲ၌ ခံရဦးမည် ဖြစ်ကြောင်းတို့ကို နတ်သမီးက ပြောဆိုလေသည်။

ခုပိပါသ ပြိတ္တာ

ကိုးဆယ့်နှစ်ကမ္ဘာသုက် ဖုဿဘုရားပွင့်တော်မူစဉ် ဖုဿဘုရား၏ အဖေတူ အမေကွဲ ညီတော်သုံးယောက်တို့သည် ကျောင်းဆောက်လှူဒါန်း၍ ဘုရားရှင်နှင့် သံဃာတော်များထံ ဝါဘင်းသုံးလပတ်လုံး ဥပုသ်ဆောက်တည်ကြ၏၊ ဘဏ္ဍာဗိုးအား ဆွမ်းဝတ်ချက်၍ကပ်လှူစေရန် တာဝန်ပေးထား၏၊ ဘဏ္ဍာဗိုး

လင်မယားတို့ကား သဒ္ဓါတရားဖြင့် ဆောင်ရွက်ကြ၏၊ ဘဏ္ဍာစိုး၏ တပည့်များအနက် အချို့သော လူများသည် ဘုရားရှင်နှင့် သံဃာတော်များအား လုပ်ကျွေးရန် ရည်သန်ထားသော ဆီ ဆန် ထောပတ်စသည်တို့ကို ခိုးယူစားသုံးပြီးလျှင် လှောင်ထားရာ ကျီကြကို မီးတိုက်ကြကုန်၏၊ ထိုလူများသည် ခိုးမှုလွန်ကျူးသောကြောင့် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး ငရဲမှာ သေ၍ ငရဲ၌သာ ဆက်ကာ ကျလေ၏၊ ဤဘဒ္ဒကမ္ဘာတွင် အဝတ်အချည်းအနှီး အစာရေစာ ဆာလောင်ဖွတ်သိပ်သော ခုပ္ပိပါသပြိတ္တာများ ဖြစ်ကြသည်။

ရှေးဦးစွာ ကကုသန်မြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုပြိတ္တာများသည် တပည့်တော်တို့ ဘယ်အခါ အစာစားကြရပါမည်နည်းဟု မေးလျှောက်ကြ၏၊ မြတ်စွာဘုရားရှင်က ငါ၏ညီတော် ကောဏာဂုမ်ဘုရား ပွင့်သောအခါ မေးရစ်ကြလော့ဟု မိန့်တော်မူ၏၊ ပြိတ္တာများမှာ ဆာလောင်မွတ်သိပ်စွာဖြင့် ကာလအာသခ်ျေ စောင့်ဆိုင်းနေကြပြီး ကောဏာဂုမ်ဘုရား ပွင့်တော်မူလာသော အခါ၌ ချဉ်းကပ်မေးမြန်းပြန်ရာ ငါ၏ညီတော် ကဿပဘုရားပွင့်သောအခါ မေးရစ်ကြလော့ဟု မိန့်တော်မူ၏၊ ထို့နောက် ကာလအာသခ်ျေကြာသောအခါ ကဿပဘုရားပွင့်တော်မူ၍ မေးလျှောက်ကြသောအခါ ငါ၏ညီကော် ဂေါတမဘုရားလက်ထက်၌ သင်တို့၏ ဆွေမျိုးဖြစ်ခဲ့သူ ဘဏ္ဍာစိုးသည် ဗိမ္မိသာရမင်းအမည်ရှိသော မင်းကြီး ဖြစ်လတ္တံ့၊ ထိုမင်းသည် ဂေါတမဘုရားရှင်အား ဝေဠုဝန်ကျောင်းတော်ကြီး ရေစက်ချပဲ့ပြုလုပ်၍ အမျှဝေသောအခါ သင်တို့စားကြရလိမ့်မည်ဟု မိန့်တော်မူ၏၊ ပြိတ္တာများသည် နက်ဖြန်စားရတော့မည်ဟုပင် ထင်ကြ၏၊ သို့ရာတွင် ဝေဠုဝန်ကျောင်းတော်ကြီး ရေစက်ချပဲ့တွင် ဗိမ္မိသာရမင်းကြီးသည် သတိမေ့လျော့၍ ထိုပြိတ္တာများအား ရည်ညွှန်း၍ အမျှမဝေမိခြေ၊ ခဲလေသမျှ သဲရေကျဖြစ်ရသော ပြိတ္တာများသည် မကျေမနပ်ဖြစ်ကြ၍ ညအချိန်တွင် ဗိမ္မိသာရမင်းကြီး၏ နန်းတော်အထဲသွား၍ စူးစူးဝါးဝါး ဟစ်အော်ကြ၏၊ မင်းကြီးလည်း မြတ်စွာဘုရားထံ မေးလျှောက်၍ အကျိုးအကြောင်း သိရှိသည့်အခါ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား အလှူကြီး ပေး၍ အမျှပေမှ သာဓုခေါ်ရသဖြင့် ဝဝလင်လင် စားကြရလေသည် (ပေတ၊ဋ္ဌ။၁၇။တိရောကုဋ္ဋပေတဝတ္ထု)။

ကာမေသုမိစ္ဆာစာရအဖွင့်

"ကာမဂုဏ်တို့၌ ဖောက်ပြန်မှားယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု သီလဆောက်တည်ထားသူ အမျိုးကောင်းသားသည် မိမိ၏ သီလ မကျိုး မပေါ်က်စေရန် အောက်ပါ အဂမနီယဝတ္ထု=မသွားလာအပ်သော မိန်းမ (၂၀)ကို ရှောင်ကြဉ်ရပေမည်—

(၁) မာတုရက္ခိတ=မိခင်အုပ်ထိန်းသောမိန်းမ၊
(၂) ပိတုရက္ခိတ=ဖခင်အုပ်ထိန်းသော မိန်းမ၊
(၃) မာတာပိတုရက္ခိတ=မိဘနှစ်ပါးအုပ်ထိန်းသော မိန်းမ၊
(၄) ဘာတုရက္ခိတ=မောင်ကြီး, မောင်ငယ်အုပ်ထိန်းသော မိန်းမ၊
(၅) ဘဂိနီရက္ခိတ=အစ်မ, ညီမ စောင့်ထိန်းသော မိန်းမ၊
(၆) ဉာတိရက္ခိတ=သေးသားစပ်သူ ဆွေမျိုးအုပ်ထိန်းသောမိန်းမ၊
(၇) ဂေါတ္တရက္ခိတ=အမျိုးအနွယ်က အုပ်ထိန်းသော မိန်းမ၊
(၈) ဓမ္မရက္ခိတ=တရားကျင့်ဖော်ချင်း အုပ်ထိန်းသော မိန်းမ၊
(၉) သာရက္ခ=ကိုယ်ဝန်ကတည်းက မှတ်သား သိမ်းဆည်းခံရသော မိန်းမ (ပြောဆိုခြောင်းလမ်းပြီးသော မိန်းမ)၊
(၁၀) သပရိဒဏ္ဍ=ဤမိန်းမကို သူားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထုတ်ထားသော မိန်းမ (တော်ကောက်ထားသော မိန်းမ)၊
(၁၁) ဓနက္ကိတ=ဥစ္စာဖြင့် ဝယ်ယူပေါင်းသင်းနေသော မိန်းမ၊
(၁၂) ဆန္ဒဝါသိနီ=အလိုတူ၍ပေါင်းသင်းနေသော မိန်းမ၊
(၁၃) ဘောဂဝါသိနီ=ဥစ္စာစည်းစိမ်အပ်နှင်း၍ ပေါင်းသင်းနေသော မိန်းမ၊
(၁၄) ပဋဝါသိနီ=အဝတ်တန်ဆာ ဆင်ပေး၍ ပေါင်းသင်းနေသော မိန်းမ၊
(၁၅) ဩဒပတ္တကိနီ=လူကြီးစုံရာ လက်ထပ်ပေါင်းသင်းရသော မိန်းမ၊
(၁၆) ဩဘဋ္ဌစုမ္ဗဋ္ဌာ=ထင်းခွေရေခပ် လုပ်ကိုင်ရသော မိန်းမအား ထိုအလုပ်ကို မလုပ်စေဘဲ မယားအဖြစ်ပေါင်းသင်းသောမိန်းမ၊
(၁၇) ဒါသီဘရိယာ=ကျွန်လည်း ဟုတ်၊ မယားလည်း ဟုတ်သော မိန်းမ (မယားပြုခံရသော ကျွန်မ)၊
(၁၈) ကမ္မကာရီ=အလုပ်သမားလည်းဟုတ်၊ မယားလည်းဟုတ်သော မိန်းမ (မယားပြုခံရသော အလုပ်သူမ)၊
(၁၉) ဓဇာဟဋာ=မယားအဖြစ်ပေါင်းသင်းခံရသော သုံ ပန်းမိန်းမ၊
(၂၀) မုဟုတ္တိကာ=ခေတ္တဌားရမ်းပေါင်းသင်းသော မိန်းမ (ပြည့်တန်ဆာမ)၊

မှတ်ချက်၊ ။အမှတ်စဉ်(၁)မှ (၈)အထိ မိန်းမ ၈-ဦးသည် အုပ်ထိန်းခြင်း မကင်းသူဖြစ်သော်လည်း ကာမပိုင်မရှိ။ အမှတ်စဉ် (၉) မှ (၂၀) အထိ မိန်းမ ၁၂-ဦးသည် အုပ်ထိန်းခြင်း မကင်းသူ ဖြစ်သည့်အပြင် ကာမပိုင်ရှိသူများလည်း ဖြစ်ကြ၏။

မာတုရက္ခိတမှ ဓမ္မရက္ခိတအထိ (၁-မှ ၈) မိန်းမရှစ်မျိုးကို မိဘစသူတို့က အုပ်ထိန်းသည်ဆိုရာ၌ မိဘစသူတို့သည် ထိုမိန်းမတို့၏ "ဖဿ"အတွေ့အထိ အာရုံခံစားမှုကို အစိုးလည်းမရ၊ ပိုင်ဆိုင်မှုလည်းမရှိသဖြင့် မစောင့်ရှောက်နိုင်၊ ဖဿကို စောင့်ရှောက်ကြသည်မဟုတ်၊ အမှန်မှာ ယုတ်မာသောအကျင့်၊ ယောကျ်ားတပါးနှင့် သွားလာနေထိုင်မှု၊ သူတပါးစော်ကားမှုကိုသာ တားမြစ် မစောင့်ရှောက်နိုင်ကြသည်။

ထို့ကြောင့် ထိုမိန်းမရှစ်မျိုးတို့သည် အရွယ်ရောက်သူဖြစ်နေပါက ကာမပိုင် လင်ယောကျ်ားမရှိသောကြောင့် ယောကျ်ားတပါးနှင့် နှစ်ဦးသဘောတူပြုမူ ကြလျှင် ကာမေသုမိစ္ဆာစာရက် မထိုက်ပေ၊ သို့ရာတွင် ယင်းမိန်းမရှစ်မျိုးတို့သည် ကာမပိုင်လင်ယောကျ်ား မရှိသောကြောင့် ကာမေသုဒိစ္ဆာစာရက် မထိုက်သော်လည်း ကာမဖောက်ပြန်သော အကုသိုလ်ကံဖြစ်၏။ မိဘဆွမျိုး အရှက်တကဲ့ အကျိုးနည်းဖြစ်ရ၏။ ပူပန်သောကရောက်ရ၏။ ထိုအကုသိုလ်ကံကြောင့် အပါယ်ကျရောက်ရန် အကြောင်းလုံလောက်၏။ သာရက္ခ,သပရိဒဏ္ဍ(၉-၁၀) မိန်းမနှစ်မျိုးမှာ ရည်စူးသတ်မှတ်ထားသူ ရှိသောကြောင့် ယောကျ်ားတပါးနှင့် ဖောက်ပြန်လျှင် ကာမေသုမိစ္ဆာစာရက်ထိုက်၏။

အထက်ပါမိန်းမ (၂၀)မျိုးတို့တွင် သာရက္ခမှ မုဟုတ္တိကာ-အထိ (၉-မှ ၂၀) မိန်းမ (၁၂)မျိုးတို့သည် ကာမပိုင်ရှိသော်ကြောင့် ကာမပိုင်မှတစ်ပါး အခြားယောကျ်ား၊ သို့မဟုတ် တိရစ္ဆာန်ထီးများနှင့် ကာမဖောက်ပြန်လျှင် ကာမေသုမိစ္ဆာစာရက်ထိုက်၏။ အဘယ်ကြောင့်ဆိုသော် လင်ပိုင်ဆိုင်ထားသော ကာမဂုဏ်အတွေ့အထိ ဖဿကို တိတ်တိတ်ခိုး၍ သူတစ်ပါးအား ပေးအပ်မွေလျော်စေသောကြောင့် ဖြစ်သည်။ မုဟုတ္တိကာမိန်းမ (ပြည့်တန်ဆာမ)သည် မိမိအား ငွေပေးထားသောယောကျ်ားအား တာဝန်မကျေသေးဘဲ အခြားယောကျ်ားတစ်ဦးကို လက်ခံလိုက်ပါက ကာမေသုမိစ္ဆာစာရက်ထိုက်၏။

ယောကျ်ားများရှောင်ကြဉ်ရန်

ယောကျ်ားများမှာမူ အုပ်ထိန်းခြင်းမကင်းသော မိန်းမ (၂၀)မျိုးအနက် တစ်ယောက်ယောက်နှင့် ကာမဖောက်ပြန်လျှင် ကာမေသုမိစ္ဆာစာရက်ထိုက်၏။ ထို့ကြောင့် ရှေးပညာရှိကြီးများက "မိန်းမနှစ်ကျိပ်၊ ဓပျာ်ကြောင်းသိပ်လည်း၊ မအိပ်လေရာ"ဟု ဆုံးမခဲ့ကြသည်။

ဤသီကွာပုဒ်၌လည်း သီလမရှိသူ၌ လွန်ကျူးလျှင် အပြစ်နည်း၏။ သီလရှိသူ၌ လွန်ကျူးလျှင် အပြစ်ကြီး၏၊ သီလမရှိသူအပေါ်၌လည်း အနိုင် အထက် လွန်ကျူးလျှင် အပြစ်ကြီး၏။ နှစ်ယောက်အလိုတူအလိုပါ လွန်ကျူး လျှင် အပြစ်နည်း၏။ မှားယွင်းလိုသောစေတနာလည်းမရှိ အလိုလည်းမတူဘဲ အနိုင်အထက် ကျူးလွန်ခံရသူမှာ ကာမေသုမိစ္ဆာစာရကံမဖြစ်၊ ကျူးလွန် သူမှာသာ ဖြစ်၏။

အမှောင်ခန်းထဲ၌ အိပ်နေစဉ် အခြားယောကျ်ား လာရောက်ဆက်ဆံသည်ကို မိမိလင်မှတ်၍ သာယာသောမိန်းမအား လည်းကောင်း၊ မိမိမယား နှင့်အတူ အိပ်နေသူ အမျိုးသမီးအား မိမိမယားမှတ်၍ မှားယွင်းမိသော ယောကျ်ား အား လည်းကောင်း ကာမေသုမိစ္ဆာစာရကံ မထိုက်ပေ။

ကာမကျူးလွန်ခြင်း အင်္ဂါ ၄-ပါး

ကာမေသုမိစ္ဆာစာရကံမြောက်ရန် အောက်ပါအင်္ဂါ ၄-ပါးနှင့် ညီညွတ် ရပေမည်။ ၎င်းအင်္ဂါများမှာလည်း ယောကျ်ားများအတွက်သာ ဖြစ်လေ သည်—

(၁) မသွားလာအပ်သော မိန်းမ–၂၀ (အဂမနီယဝတ္ထု)ဖြစ်ခြင်း၊

(၂) အဂမနီယဝတ္ထု၌ မှီဝဲလိုစိတ်ရှိခြင်း၊

(၃) လုံ့လပြုခြင်း၊

(၄) သာယာခြင်း။

ကာမကျူးလွန်ခြင်း၏ အပြစ်များ

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူသည် သေပြီးနောက် အဝီစိငရဲနှင့် လောဟကုမ္ဘီငရဲတို့၌ ပြင်းထန်စွာ ခံစားကြရသည်။ ငရဲမှလွတ်မြောက်၍ လူ့ဘဝသို့ ရောက်လာပါလျှင်လည်း ဖော်ပြပါအပြစ်များကို ခံစားရ၏။ ကာမေသုမိစ္ဆာစာရကံ လုံခြုံလျှင်ကား ထိုအပြစ်များ၏ ပြောင်းပြန်ဖြစ်သော ကောင်းကျိုးများကို ခံစားကြရသည်။

(၁) လူမုန်းများခြင်း၊

(၂) ရန်သူများခြင်း၊

(၃) ဟစ္စည်းလာဘ်လာဘ ရှားပါးခြင်း၊

(၄) ချမ်းသာသုခမှ ကင်းဆိတ်ခြင်း
(၅) မိန်းမဖြစ်ရခြင်း၊
(၆) မ-မဟုတ် ကျား-မဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း (ပေါကျိုးရှာ၊ မိန်းမရှာဖြစ်ရခြင်း)၊
(၇) အမျိုးယုတ် ဖြစ်ရခြင်း၊
(၈) မျက်နှာပျက်အရှက်တကွဲဖြစ်ရခြင်း၊
(၉) ခြေလက်ဒူးဂုံ၀ါ မျက်စိ နား နှာ ဣန္ဒြေများ ချို့ယွင်းသေးသိမ်ခြင်း၊
(၁၀) စိုးရိမ်ဝေဒနာအားကြီးရခြင်း၊
(၁၁) ချစ်သူနှင့်ကွဲရခြင်း။

မှတ်ရန်လက်ဝ

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြေအများ၊ ရန်သူပဋိဃား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏။ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေ့ချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွဲသည်၊ ရှောင်ခါးပြန်အကျိုးတည်း။

ဒု-သ-နု-သော

ကောသလမင်းကြီးသည် လူသူတိတ်ဆိတ်၍ အိပ်ကြသောညအချိန်တွင် "ဒု"ဟု အော်သောအသံ၊ "သ"ဟု အော်သောဒုတိယအသံ၊ "နု"ဟု အော်သော အသံ၊ "သော"ဟု အော်သောအသံကို အမှတ်မထင် ကြားလိုက်ရ၏။ မင်းကြီးသည် ထို "ဒု-သ-နု-သော"ဟူသော အသံကို ကြားရသောကြောင့် မိမိအတွက် အန္တရာယ်လော၊ တိုင်းပြည်အတွက် အန္တရာယ်လောဟု စိုးရိမ်စိတ် ဖြစ်ပေါ်လာ၏။ သဘေးအန္တရာယ်မှ ကြောက်သောကြောင့် ထိုညအဖို့ ထိုင်လျက်သား မိုးလင်းခဲ့ရသည်။

နံနက်လင်းသောအခါ ပုဏ္ဏားပုရောဟိတ်တို့အား ထိုဒကြောင်းကိုပြော၏၊ အကျိုးအပြစ်ကို မေး၏။ ပုဏ္ဏားတို့က ဆင်လေးစီး၊ မြင်းလေးစီး၊ နွားလေးကောင်၊ လူလေးယောက် စသည်တို့ဖြင့် လေးခုတဲ့ ယဇ်ကြီးပူဇော်လျှင် ချမ်းသာသုခ ရနိုင်ကြောင်း လျှောက်ထားကြ၏။

ထို့နောက် မင်းကြီးသည် မိဖုရားကြီးမလွိကာအား ထိုသို့ ယင်္ဂပူဇော်မည့် အကြောင်းကို ပြောပြ၏၊ မိဖုရားကြီးက ဗုဒ္ဓဘုရားရှင်အား ထိုအသံနှင့် ပတ်သက်၍ လျှောက်ထားမေးမြန်းသင့်ကြောင်း အကြံပေး၏။ ထိုအခါ မင်းကြီးသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံ ရထားဖြင့် သွားရောက်၍ "ဒု-သ-နှ-သော" ဟူ၍သော အသံကြားပုံ၊ ပုဏ္ဏားတို့က လေးခုတဲ့ယင်္ဂပူဇော် သင့်ကြောင်း ပြောကြားပုံ လျှောက်ထား၍ ထိုအသံတို့ကို ကြားရခြင်းကြောင့် မိမိအတွက် မည်သို့ဖြစ်နိုင်သည်ကို ဘုရားရှင်အား မေးမြန်းလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ထိုအသံမျှားကြားရခြင်းမကြောင့် သင်မင်းကြီးမှာ ဘာအန္တရာယ်မျှမရှိကြောင်း၊ ရှေးမင်းမျှားလည်း ကြားဖူးကြကြောင်း၊ထိုအသံသည် ရှေးဘဝက သူတပါး သားမယားကို ပြစ်မှားကျူးလွန်မှု ကာမေသုမိစ္ဆာစားရက်ကို ကျူးလွန်ခဲ့ကြသော သူ့ဝေးသား လေးယောက်တို့၏ အသံဖြစ်ကြောင်း၊ သူတို့သည် ထိုကံကြောင့် အဝီစိငရဲ၌ ကျ၍ အဝီစိငရဲမှ လွတ်ပြီးနောက် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်း ကျခံနေကြရကြောင်း၊ ငရဲဒုက္ခကို ခံစားရင်း လောဟကုမ္ဘီငရဲအိုး၏ မျက်နှာပေါက်ကို မြင်၍ ဟစ်အော်ကြကြောင်း စသည်ဖြင့် အတိတ်ဇာတ်ကို ဆောင်၍ ဟောကြားတော်မူသည်။

ကာမဂုဏ်မှားယွင်းမှု အပြစ်မျှား

ထို့ပြင် နေမိမင်းကြီးသည် နတ်ရထားဖြင့် ငရဲပြည်သို့ သွားရောက်ကြည့်ရှုရာ ရုပ်ဆင်းအင်္ဂါ စက်ဆုပ်ဖွယ်အတိဖြစ်ပြီး သွေးပြည်မျှား ယိုစီးလျက် ယင်ကောင်တလှော်းလှော်း ဝိုင်းအုံကာ သံမြေပြင်၌ ခါးတိုင်အောင် နစ်မြုပ်နေပြီး ရဲရဲတောက်နေသော သံတောင်ကြီး လေးလုံးတို့ဖြင့် ကြိတ်ခြေခြင်းခံနေရသော မိန်းမကို မြင်၏။ အဘယ်ကြောင့် ဤကဲ့သို့ ခံနေရသနည်းဟု မေးရာ ကာမေသုမိစ္ဆာစာရက်ကို ကျူးလွန်ခြင်းကြောင့်ဟု ဖြေ၏။

ဆက်လက်၍ သွားပြန်ရာ အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးကျီးတွင်းငရဲအိုး၌ ဇောက်ထိုးကျနေသော ယောကျ်းများကို မြင်၏။ အဘယ့်ကြောင့် ဤကဲ့သို့ ခံနေရသနည်းဟု မေးရာ ကာမေသုမိစ္ဆာစာရက်ကို ကျူးလွန်ခြင်းကြောင့်ဟု ဖြေကြ၏။

ကာမေသုမိစ္ဆာစာရက်၏ အပြစ်ကား လွန်စွာပင် ကြောက်မက်ဖွယ်ရာကောင်းလှ၏။ ထိုကံနှင့် ပတ်သက်၍ ပိဋကတ်စာပေတွင် ဖော်ပြထားသော သာဓကမျှားစွာရှိ၏။ ထိုသာဓကမျှားကို သံဝေဂယူလျက် ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်အပ်လှပေသည်။

ဣသိဒါသိဇေရီ

ပရဒါရကံကို ကျူးလွန်လျှင် ဖြည့်ကျင့်ပြီးသော ပါရမီအဆင့်ရှိသော ယောကျ်ားပင်လျှင် မိန်းမဖြစ်ရတာဘ်သည်၊ လင်၏ စွန့်ပစ်ခြင်းကိုလည်း ခံရတတ်သည်၊ ငရဲဒဏ်လည်း နှစ်ပေါင်းများစွာ ခံရတတ်သည်၊ ဖြစ်လေရာ ဘဝ၌လည်း ဆင်းရဲခြင်းကို ခံစားရတတ်သည်။

ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ အဝန္တိတိုင်း ဥဇ္ဇေနီပြည် သူဌေးတစ်ဦး၌ ဣသိဒါသိမည်သော သမီးတစ်ယောက် ရှိ၏၊ အရွယ်ရောက်သောအခါ သာကေတသူဌေးသားနှင့် တိမ်းမြား၏၊ လင်နောက်လိုက်၍ တာဝန်ကျေပွန်စွာ ပြုစုလုပ်ကျွေးသည်၊ သို့သော် တစ်လချို့လျှင် လင်၏ နှင်ထုတ်ခြင်းကို ခံရသည်။

-ထို့နောက် ကြွယ်ဝသော အမျိုးသားတစ်ယောက်နှင့် ထိမ်းမြား၏၊ တစ်လရှိလျှင် မိဘထံ ပြန်ပို့ခံရ၏၊ ထို့နောက် ထမင်းတောင်းစားသော အိုထီးကျန်နှင့် ပေးစား၏၊ ထိုသူလည်း လဝက်တွင် သူမကို စွန့်ပစ်ပြန်၏၊ သာသနာ့ဘောင်သို့ ဝင်၍ တရားအားထုတ်ရာ ရဟန္တာထေရီမ အဖြစ်သို့ ရောက်ရှိခဲ့၏၊ ထိုမကောင်းမှုကံမှာ တစ်ခုသောဘဝ ဧရကစ္ဆပြို ဥစ္စာကြွယ်ဝသော ရွှေပန်းထိမ်သည် ဘဝ၌ ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းမိ၍ သူတပါးမယား လွန်ကျူးမိခဲ့သောကြောင့် အဝီစိငရဲ၌ နှစ်ပေါင်းများစွာ ခံစားရ၏၊ ငရဲမှ လွတ်သော် မျောက်ဖြစ်သောအခါ၌ ဝှေးစေ့အထုတ်ခံရ၏၊ မျောက်ဘဝမှလွတ်၍ သိန္ဓဝတိုင်း တောအရပ်၌ ကန်းလည်းကန်း ခွင်လည်းခွင်သော ဆိတ်မဝမ်း၌ ပဋိသန္ဓေနေ၍ အရွယ်ရောက်လျှင် ဝှေးစေ့အထုတ်ခံရသည်၊ ဆိတ်ဘဝမှ စုတေ၍ နွားဖြစ်ပြန်သည် ဝှေးစေ့အထုတ်ခံရသည်၊ သန္ဓိပါရဏိုင်း၌ ကျွန်မ၏ဝမ်း၌ နပုံးပဏ္ဍုက် ဖြစ်ခဲ့ရပြန်သည်၊ ထိုမှ စုတေ၍ ကြွေးမြီးအားကြီးသော ယုည်းကုန်သည်၏ သမီးဖြစ်ခဲ့၏၊ အရွယ်ရောက်လာသောအခါ လှည်းကုန်သည်တစ်ဦး၏သား ဂိရိဒါသ-က မယားအဖြစ် သိမ်းပိုက်သည်၊ ဂိရိဒါသ၌လည်း သီလနှင့် ပြည့်စုံသော မယားကြီးရှိ၏၊ ထို မယားကြီးကို လင်နှင့်မုန်းအောင် ကုန်းတိုက်ခဲ့မိလေသည်၊ ထိုအကျိုးဆက် များကြောင့် ထိုကဲ့သို့ ခံစားဖြစ်ပျက်ရကြောင်း၊ ဗောဓိထေရီမကို ဣသိဒါသိ ထေရီမက အတိတ်ဇာတ်ကြောင်း ပြန်ပြောင်း ပြောပြလေသည် (ထေရီ မြန်မာပြန်။ ၂၄၂။ ထေရီ။၄၂၅၊၄၂၈။ ထေရီ၊ဋ္ဌ။ ၂၆၇-၂၇၇)။

အရှင်အာနန္ဒာအလောင်း

အရှင်အာနန္ဒာ အလောင်းသည် ကမ္ဘာ၀ယ်သိန်းမျှ ပါရမီဖြည့်ပြီးနောက် ကျက်တမ်း၀င်ကောင်းမည့် ဤကမ္ဘာ၌ပင် တစ်ခုသော ဘ၀၌ ရွှေပန်းထိမ်သည် သားဖြစ်၏၊ ထိုဘ၀၌ လူယုတ်မာများနှင့် ပေါင်းမိ၍ ကာမဂုဏ်စွဲစာရက်ကို ကျူးလွန်မိလေသည်။ ထိုအကုသိုလ်ကံကြောင့် ရောရ၀င်ရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲခံစားရ၏၊ ထိုင်ရဲမှ လွတ်မြောက်သောအခါ မျောက်ဖြစ်၍ ၀ဲငုးစေ့ထုတ်ခံရ၏၊ ထိုနောက်ဘ၀၌ နွားဖြစ်၍ သင်းကွပ် (၀ဲငုးစေ့ထုတ်) ခံရ၏၊ ထို့နောက် လူဖြစ်သော် ပလ္လာကဖြစ်ရ၏၊ ထို့နောက် ၅-ဘ၀မြောက်၌ ကုသိုလ်ကံအခွင့်ရ၍ ´ နတ်ပြည်၌ သိကြားမင်း၏ မိဖုရားလေးကြိမ်၊ ဇ၀နနတ်သား၏ မိဖုရား တစ်ကြိမ် ဖြစ်ရခြင်းအားဖြင့် ၅-ဘ၀လုံးလုံး နတ်သမီး ဖြစ်ရ၏၊ ထို့နောက် လူ့ပြည်၌ မိဘ္ဘီလာပြည် အဂ်ိတိမင်းကြီး၏ ရှင်ဘမည်သော သမီးဟော်ဖြစ်ရသည်ဟု နာရေးဇာတ်၊ တော်၌ ဟောတော်မူ၏၊ ထို့နောက်မှ ယောကျ်ားဘ၀ကို ပြန်လည်ရရှိလေသည်။ ဤသို့လျှင် ကာမဂုဏ်စွဲစာရက်ကြောင့် ပါရမီရှင်ကြီးသော်မှ ငရဲကျ၍ ဘ၀များစွာ ဆင်းရဲခံရလေသည်။

ရှေ့အခါက ထင်ကြိုဟ်ပြည်၌ တစ်ယောက်သော မိန်းမသည် အမြောင်လင်ငယ်ထား၍ နေခဲ့ပုံသော မိစ္ဆာစာရကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲခံစားပြီးနောက် ဖောင့်ပုအဝတ္ထုကို ပျော်မွေ့ခဲ့သည့်အတွက် ဂိဇ္ဈကူဋ်တောင်၌ လင်းတ သိန်း စွန်တို့၏ ထိုးဆွမ်းကို ခံရလျက် အပေါ်ယံအရေမရှိသော နိစ္စဝိကပြိတ္တာမ ဖြစ်လေသည်။

ကာမဂုဏ် ဖောက်ပြားမှု မရှိသော ပုဂ္ဂိုလ်များ

ဥဒယဘဒ္ဒ မင်းသားနှင့် ဥဒယဘဒ္ဒ မင်းသမီးတို့သည် သုဂ္ဂန္ဓနုပြည်ကြီးကို အုပ်ချုပ်လျက် မင်းပြုကြ၏၊ ဘတ္တမိကဲ့မောင်နှမ ဖြစ်ကြသည်အားလျော်စွာ ပါရမီရင့်ကျက်၍ အသိအလိမ္မာ ရှိသောကြောင့် လူ့ကိစ္စ လူ့အာရုံတို့၌ စိတ်မညှတ်ကြပေ၊ နန်းဆောင် တစ်ခန်းတည်းမှာပင် ဖွဖွစင်စင် စံတော်မူကြလေသည်။

အိမ်ထောင်စုံ ၄-မျိုး

(၁) ယောကျ်ားက သီလလုံခြုံ၍ အိမ်သူမယားက သီလမလုံခြုံလျှင် နတ်သားလင်နှင့် သူသေမယားတို့ ပေါင်းသင်းခြင်းနှင့် တူ၏၊ သီလမရှိသူသည် အသက်ရှင်နေသော်လည်း သူသေနှင့် တူ၏။

(၂) ယောကျ်ားက သီလမစင်ကြယ်ဘဲ အိမ်ရှင်မက သီလစင်ကြယ်နေလျှင် သူသေလင်နှင့် နတ်သမီးတို့ ပေါင်းသင်းခြင်းနှင့် တူ၏။

(၃) ယောကျ်ားနှင့် အိမ်ရှင်မူ နှစ်ယောက်လုံး သီလ မစင်ကြယ်ပါမူ သူသေလင်နှင့် သူသေမယားတို့ ပေါင်းသင်းခြင်းနှင့် တူ၏။

(၄) ဇနီးမောင်နှံ နှစ်ဦးလုံး သီလစင်ကြယ်လျှင် နတ်သား နတ်သမီး ဇနီးမောင်နှံတို့ ပေါင်းသင်းခြင်းနှင့် တူ၏။

နှစ်ဦးလုံး သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပ-ဟူသော သူတော်ကောင်းဥစ္စာ ၇-ပါးနှင့် ပြည့်စုံ၍ စိတ်တူ သဘောတူ ကြည်ကြည်ဖြူဖြူ နေထိုင်ကြလျှင် ယခုဘဝ၌လည်း စည်းစိမ်ဥစ္စာ ပြည့်ဖြိုးလျက် နောက်သံသရာ မှာလည်း ကောင်းကျိုးများ ခံစားရပေသည်။

မုသာဝါဒအဖွင့်

"မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏" ဟု ဆောက်တည် ထားသူသည် မမှန်မကန် လိမ်ညာပြောဆိုခြင်း မပြုသင့်ချေ၊ မုသားစကားဆိုရာ၌ နှုတ်ဖြင့် ဖြစ်စေ, စာဖြင့် ဖြစ်စေ, ကိုယ်လက် လှုပ်ပြ၍ ဖြစ်စေ လိမ်ညာမှု မှန်သမျှသည် မုသာဝါဒ ဖြစ်၏၊ သို့သော် နှုတ်ဖြင့် ပြောရသော မုသားက များ၍ ဝစီကံဒုစရိုက်၌ ထည့်သွင်းရ၏။

လိမ်လည်ပြောဆိုသော် သူတပါးအကျိုးစီးပွား ပျက်စီးအောင် လိမ်ညာ ပြောဆိုသော မုသားမျိုးသာ အပါယ်ရောက်ကြောင်း ဖြစ်သည်၊ ကိုယ့်ဥစ္စာ မပေးလိုသဖြင့် လိမ်လည် ပြောဆိုသော မုသားမျိုး၊ မိမိအပြစ် လွှတ်အောင် လိမ်ရသော မုသား၊ ပြောင်လှောင် ပြက်ရယ် လိုသဖြင့် ပြောသော မုသား၊ သားသမီးများ ပွဲလမ်း မသွားချင်အောင် လှည့်ပတ်ပြောဆိုသော မိဘတို့၏ မုသားမျိုးသည် အပြစ်မကြီးလှချေ၊ သို့သော် ဆောက်တည်ထားသည့် သီကွာပုဒ်ကား ပျက်၏သည်။

သူတပါးချမ်းသာစေခြင်း အကျိုးငှာ မုသားပြောဆိုရာ၌ ကံမမြောက်ချေ၊ ငယ်မှတ်သည့်အခါ၌လည်းကောင်း, ရောဂါရောက်၍ ရောဂါပျောက်စေခြင်းငှာ လည်းကောင်း ရဟန်းတော်တို့အား မအပ်သော ခွေးသား, မြင်းသား, ဆင်သားတို့ကို နွားသား ကဲ့သားပါဘုရား၊ ဆိတ်သား သမင်သားပါဘုရားဟု လိမ်လည် လျှောက်ထားသည်ကို ယုံကြည်၍ ဘုဉ်းပေးသော ရဟန်းအား အပြစ်မရှိ၊ လျှောက်ထားသူ ဒါယကာအားလည်း မုသားမဖြစ်၊ ကုသိုလ်သာ

ဖြစ်၏ဟူ၍ မင္ဂလာသုတ္တာဒိသ အဋ္ဌကထာ၌ ဆို၏၊ မပေးလိုသော်လည်း ကောင်း, ခိုးသူ လုယက်မည်မှ ကြောက်သော်ကြောင့် လည်းကောင်း မိမိ၌ ရှိသော ဥစ္စာကို မရှိပါဟူ၍ ပြောဆိုရခြင်းနှင့် မကင်းနိုင်သောကြောင့် ဤသို့ဆိုခြင်းကို ဝဇ္ဇနမုသာဝါဒ ခေါ်သည်၊ ယင်းမုသာဝါဒသည် ကံမမြောက်ဟူ၍ အဋ္ဌကထာ, ဋီကာတို့၌ ဆိုသည်။ သိက္ခာပုဒ်ကို ခံယူဆောက်တည်သော သူတို့မှာ မမှန်ခြုတ်လဲသော စကားကို ပြောဆိုလိုသော စိတ်, ပြောဆိုမိခြင်း အင်္ဂါ ၂-ပါး စုံညီလျှင် မုသာဝါဒဖြစ်၍ သီလသိက္ခာပုဒ် ပျက်စီး၏။ ရယ်ရွှင်မြူးထူးလို၍ ပြောခြင်း၊ စကားပို စကားလျှံ ပြောခြင်း ပြုရာ၌ အပြစ်နည်း၏။

ဥပမာ–ရဟန်းတစ်ပါး ဆွမ်းခံရာမှ ဆီအနည်းငယ် ရခဲ့၍ "ယနေ့ ရွာထဲမှာ ဆီတွေ့ မြစ်ရေကဲ့သို့ စီးနေသည်"ဟု ပြောခြင်းမျိုးသည် စကားပို စကားလျှံ ဖြစ်၍ အပြစ်နည်း၏။

လူယုတ်မာတို့၏ စကား ၈-ခွန်း

မည်သည့် အကြောင်းအရာကို မဆို "မမြင်ဘဲ မြင်၏၊ မကြားဘဲ ကြား၏၊ မတွေ့ဘဲ တွေ့၏၊ မသိဘဲ သိ၏၊ မြင်လျက် မမြင်၊ ကြားလျက် မကြား၊ တွေ့လျက် မတွေ့၊ သိလျက် မသိ" ဟု ပြောဆိုသော လူယုတ်မာတို့၏ စကား (အနရိယဝေါဟာရ) ရှစ်မျိုးတို့တွင် တမျိုးမျိုးကို ပြောလျှင် အပြစ် ရှိ၏။ မဟုတ်မမှန်ပြောဆို၍ သံဃာကို အသင်းခဲ့သော (ရဟန်းအချင်းချင်း စိတ်ဝမ်းကွဲစေသော) မုသာဝါဒသည် ပို၍ အပြစ်ကြီး၏။

ဘုရားအလောင်းတော်များ မုသားမဆို

ရှေးဘုရားအလောင်း သူတော်ကောင်းကြီးများသည် သံသရာဘဝကျင်လည်စဉ် သတ်မှု, ခိုးမှု, ကာမကျူးလွန်မှု, အရက်သေစာ သောက်စားမှုတို့ကို ပြုလုပ်မိခဲ့ကြသော်လည်း သူတပါး အကျိုးစီးပွား ပျက်စီးစေလိုသော စိတ်ဖြင့် မုသားကို လုံးဝ မပြော မဆိုခဲ့ကြပေ။ သူတပါး အကျိုးစီးပွား မထိခိုက် မပျက်စီးသော မုသားမျိုးကိုမူ ပြောဆိုခဲ့ကြဖူးသည်။

ဥပမာ– ဒုကနိပါတ် သံသုမာရဇာတ်၌ သံသုမာရမိဖုရားကြီးက ဘုရား အလောင်း ဝါနရိန္ဒမျောက်မင်း၏ အသည်းနှလုံးကို တောင်းသောအခါ မျောက်မင်းက "ငါတို့ မျောက်မျိုး၏ အသည်းနှလုံးကား ကိုယ်ထဲ၌ မရှိ၊ ရေသဖန်းပင်၌ ချိတ်ထားသည်"ဟု ပြော၍ နှိုက်ရဲနေသော ရေသဖန်းသီးကို လက်ညှိုးညွှန်ပြခဲ့ဖူး၏။ ပရိယာယ်ဖြင့် ပြောခြင်း ဖြစ်၍ မုသာဝါဒကံမထိုက်။

ကေနိပါတ် ပဉ္စာဝုဓဇောတ်၌လည်း အလောင်းတော် ပဉ္စာဝုဓ မင်းသားက သိလေသလောမဘီလူးအား "ငါ့ဝမ်းထဲ၌ ဝရဇိန်လက်နက်ရှိ၏၊ ငါ့ကို နှင်စားသော် အစာမကြေဘဲ အူအသည်း အပိုင်းပိုင်း ပြတ်၍ သေမည်'ဟု ပြောခဲ့ဖူး၏။ ပညာတည်းဟူသော ဝရဇိန်လက်နက်ကို ရည်ရွယ်၍ ပြောသောကြောင့် မုသာဝါဒကံမထိုက်။

မျက်မှောက်လောက၌ လူတို့သည် မိမိထံတွင် ငွေကြေးစသည် ချေးငှားလာသူအား ပြန်ရမည်မထင်၍ "မရှိပါ"ဟု ပြောလိုက်၏၊ မုသာဝါဒကံမဆိုက်။ မုသာဝါဒအဆုံး၌ သူတပါးအကျိုးစီးပွား ပျက်စီးမှုသာ ကံမြောက်သည်။ အကျိုးစီးပွား မပျက်စီးလျှင် မုသာဝါဒမျှသာ ဖြစ်၏။ အခြို့ မုသာဝါဒသည် အပါယ်ပဋိသန္ဓေ အကျိုးကို ပေးစေနိုင်သော်လည်း အခြို့မှာကား အပါယ် ပဋိသန္ဓေအကျိုးကို မပေးစေနိုင်ပါ၊ ဥပမာအားဖြင့် ငွေလာချေးသူအား မချေးလိုသဖြင့် မရှိပါဟု လိမ်ပြောခြင်းမျိုးသည် သူတပါးကို မထိခိုက်စေဘဲ မိမိအပြစ် လွတ်အောင် ပြောခြင်း, မိဘမျှားက သားသမီးမျှားအား ဥပါယ်တံမျဉ်ဖြင့် ဆုံးမခြင်း စသည်တို့မှာ အပြစ်မရှိပေ။

မုသားအင်္ဂါ ၄-ပါး

(၁) မဟုတ်မမှန်သောအကြောင်း ဖြစ်ခြင်း၊
(၂) မဟုတ်မမှန် ပြောလိုစိတ် ရှိခြင်း၊
(၃) ပြောလည်း ပြောခြင်း၊
(၄) လိမ်လည်သည်ဟု သူတပါး သိခြင်း။

မုသာဝါဒ၏ အပြစ်များ

သူတပါးအကျိုးစီးပွား ပျက်လောက်အောင် မုသာဝါဒ ကျူးလွန်သူသည် သေပြီးနောက် အပါယ်သို့ ကျရောက်ရပြီး အပါယ်မှ လွတ်မြောက်၍ လူဘဝ ရောက်လာပါလျှင် ဖျော့ပြပါအပြစ်များကို ခံစားရ၏။ မုသာဝါဒလုံခြုံလျှင်ကား ထိုအပြစ်များ၏ ပြောင်းပြန်ဖြစ်သော ကောင်းကျိုးများကို ခံစားရ၏။

(၁) စကားမပီသခြင်း၊
(၂) သွားများ မညီညာခြင်း၊
(၃) အာဟုပ်နှုံ နံစော်ခြင်း၊

(၄) ကိုယ်သားကိုယ်ရေ မစိုပြည် ခြောက်ကပ်ခြင်း၊
(၅) မျက်စိစသော ဣန္ဒြေများ နောက်ကျခြင်း၊
(၆) ကိုယ်နေကိုယ်ဟန်မသွ ပုံပန်းသဏ္ဌာန် ဖောက်ပြန်ခြင်း၊
(၇) ဩဇာအာဏာ မညှောင်းခြင်း၊
(၈) နှုတ်ထွက်စကား ကြမ်းတမ်းခြင်း၊
(၉) လျှပ်ပေါ်သော စိတ်ခတ်ရှိခြင်း။

သူတပါး အကျိုးစီးပွား မပျက်စီးလောက်သော မုသာဝါဒ မဟုတ်သော်လည်း ကြီးလေးသော မုသာဝါဒများ ဖြစ်ပါက ထိုအပြစ်များကို ခံစားကြရပေမည်။

ပုတ်ရန်လက်ဝ

မုသားစကား၊ ပြောဆိုခြင်းမူ၊ စကားမပီ၊ သွားမညီကြဲ၊ ပုပ်ညို ပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံးယွင်းဖောက်၍၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်မည် အပြုန်အကျိုးတည်း။ (၈)

ဤမုသာဝါဒ ပြောဆိုမှုကို ရှောင်ကြဉ်ပါက ကောင်းသောလာဘ နတ်ရွာသုဂတိသို့ ရောက်ရှိ၍ လူဖြစ်သောအခါ အောက်ဖော်ပြပါ အကျိုးများ ခံစားရ၏—

(၁) ယခုဘဝ၌ စကားပြောပီသ ပြတ်သားခြင်း၊
(၂) သွားများညီညာခြင်း၊
(၃) ခံတွင်းမွှေးကြိုင်ခြင်း၊
(၄) ကိုယ်ရေအသား ဖြာ်ဖိုးခြင်း၊
(၅) မျက်စိ, နား စသော ဣန္ဒြေများ ကြည်လင်ခြင်း၊
(၆) ပုံသဏ္ဌာန်ကိုယ်ရေ လှပခြင်း၊
(၇) သူတပါးအပေါ် ဩဇာအာဏာရှိခြင်း၊
(၈) အပြောအဆို နှုတ်စအာစကောင်းခြင်း၊
(၉) စိတ်တည်ငြိမ်ခြင်း (အကြီးအကဲဖြစ်ရတတ်ခြင်း)။

တနည်း မုသာဝါဒမှ ရှောင်ကြဉ်ခြင်းအကျိုး ၁၄-မျိုးရှိသည်။

(၁) အလွန်ကြည်လင်သော ဣန္ဒြေရှိခြင်း၊

(၂) သန့်ရှင်းချိုသာသော စကားကို ပြောဆိုတတ်ခြင်း၊

(၃) ညီညာဖြူဖွေးသော သွားရှိခြင်း၊

(၄) အလွန်ကြီး မဝလွန်းခြင်း၊

(၅) အလွန်ကြီး မပိန်လွန်းခြင်း၊

(၆) မနိမ့်လွန်း မပုလွန်းခြင်း၊

(၇) အလွန်မမြင့်လွန်းခြင်း၊

(၈) အသားအရေ အတွေ့အထိ နူးညံ့ခြင်း၊

(၉) ခံတွင်းမှ ကြာညိုပန်းနံ့သင်းခြင်း၊

(၁၀) ပရိသတ်များ ကြားနာချင်စဖွယ်သော အသံရှိခြင်း၊

(၁၁) ယုံကြည်ထိုက်သော စကားရှိခြင်း၊

(၁၂) ကြာပွင့်ချပ်ပမာ နူးညံ့ပျော့ပျောင်း ရှည်သွယ်သောလျှာရှိခြင်း၊

(၁၃) တွန့်တို ဆုတ်နစ်မှု မရှိခြင်း၊

(၁၄) လျှပ်ပေါ် လောလည်မှု မရှိခြင်း (ခုဒ္ဒကာဋ္ဌ။ ၂၄)။

မုသာဝါဒ ပြောဆိုသော သူသည် အောက်ပါ မကောင်းကျိုးများကို ခံစားရသည်—

(၁) ကြည်ညိုဖွယ်သော ဣန္ဒြေမရှိခြင်း၊

(၂) နားမချမ်းသာသော အသံရှိခြင်း၊

(၃) သွား မညီညာခြင်း၊

(၄) ဆူလွန်း ဝလွန်းခြင်း၊

(၅) ကြုံလွန်း ပိန်လွန်းခြင်း၊

(၆) နိမ့်လွန်း ပုလွန်းခြင်း၊

(၇) မြင့်လွန်း ရှည်လွန်းခြင်း၊

(၈) အသားအရေ အတွေ့အထိ ကြမ်းတမ်းခြင်း၊

(၉) ခံတွင်းပုပ်ခြင်း၊
(၁၀) သူတပါး မယုံကြည်ခြင်း၊
(၁၁) ပရိသတ်များ မကြားလိုသော အသံရှိခြင်း၊
(၁၂) ကြမ်းတမ်းသော တိုသော ယျောရှိခြင်း၊
(၁၃) တွန့်တို ဆုတ်နစ်ခြင်း၊
(၁၄) လျပ်ပေါ် လော်လည်ခြင်း (ခုဒ္ဒကာ၊ဋ္ဌ။ ၂၄)။

ရှင်ဗေဝစတ်

အရှင်ဒေဝဒတ်သည် သံဃာကို အသင်းခွဲထွဋ် မှသားပြောင် ခွဲရ၏၊ ထို မှသာဝါဒကြောင့် အဝီစိငရဲသို့ ထောက်ရလေသည်၊ ဤသို့လျှင် မှသာဝါဒသည် ငရဲသို့ ပစ်ချနိုင်လောက်အောင် သတ္တိကြီးမားလေသည်။

မှသာဝါဒကံသည် အဒိန္နာဒါနကံ စသော ကံတစ်ပါးတို့၏ ရှေသွားဖြစ်၏၊ သူတပါးဥစ္စာ ခိုးယူမည် ကြံစည်ကပင် နောင်အခါ ဥစ္စာရှင် စသော သူတပါး တို့က ဤဝတ္ထုကို သင် ခိုးသလောဟု မေးမှ ငါမခိုးဟု လှည့်ဖျားကွယ်ဝှက် ဆိုရအံ့သော မှသာဝါဒကံ ဖြစ်၏၊ တစ်ပါးသော အကုသိုလ်ကံတို့၏ ရှေ့၌ တည်၍ ကိုးစားထု အားပေးရှေသွား အဖြစ်နှင့် တည်လေသည်။ မှန်၏၊ သူတပါး ဥစ္စာကို ခိုးယူပြီးလျှင် ဥစ္စာရှင်ဟူက မေးမှ မှသားမဆိုခဲ့လျှင် မခိုးတော့ပြီး။

ထို့ကြောင့် မှသာဝါဒကံသည်—

– မျက်မှောက်ဘဝ၌ပင် ကောင်းသောသတင်း ကျော်စောခြင်းကို ကွယ်ပျောက်စေခြင်း၊
– လောကပါလ စသော နတ်ကောင်း နတ်မြတ်တို့ မစောင့်ရှောက်ခြင်း၊
– သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌သာလျှင် များစွာသော ဆင်းရဲကို ခံစားရခြင်း–

တို့ကို ဖြစ်စေတတ်ကုန်၏။

အပါယ်ဘုံမှ လွတ်၍ လူဖြစ်ငြားသော်လည်း—

- ကိုယ်ခံတွင်းမှ ပြင်းပြသော အပုပ်နံ့တို့ လှိုင်စေခြင်း၊
- အ ခြင်း, ဆွံ့ခြင်း များစွာ ဖြစ်ရခြင်း၊
- သားယောကျ်ား မဖွား, သမီး မိန်းမသာ များစွာ ဖွားရခြင်း၊
- သားမြေး ကျေးကျွန်တို့ မိမိ စကားကို မလိုက်နာခြင်း၊ သားမြေး ကျေးကျွန်တို့ မိမိစကားကို မလိုက်နာဘဲ ပြုကျင့်သဖြင့် ကြီးစွာသော ဆင်းရဲကိုသာ သံသရာဘဝ အတန်တန်တို့၌ အဖန်ဖန် တွေ့ရခြင်း -

စသော ဆိုးကျိုးများကို ခံစားရပြန်လေသည်။

မုသားအစ စေတိယမင်းက

ဤ ကမ္ဘာတွင် စေတိယတိုင်း သောတ္ထိယမြို့၌ ဥပဝရခေါ် စေတိယမင်း၏ မုသားကား ပထမဆုံး မုသားဖြစ်၏၊ အပြစ်လည်း အလွန်ထင်ရှား၏၊ ကမ္ဘာဦး ကာလဖြစ်၍ တစ်စုံတစ်ယောက်မျှ မုသားစကား မပြောသေးသော အချိန်, သစ္စာတည်သောအချိန်၌ ပြောသော မုသားဖြစ်၍ ဖြူစင်သော ပဝါ၌ ဆီချေးစွန်းသကဲ့သို့ ဖြစ်၏။

စေတိယမင်းသည် သာမန်မင်း မဟုတ်ခေ၊ ကောင်းကင်ပျံနိုင်ခြင်း၊နတ်သား လေးယောက် စောင့်ရှောက်ရခြင်း၊ ကိုယ်မှ စန္ဒာကူးနံ့မွှေးခြင်း၊ ခံတွင်းမှ ကြာညိုနံ့မွှေးခြင်း တန်ခိုး ၄-မျိုးနှင့် ပြည့်စုံသူ ဖြစ်၏၊ တက္ကသိုလ် ပညာသင်ချိန်က ပုရောဟိတ်ကြီး ကပိလ၏ ညီဖြစ်သော ကောရကလမ္ဘနှင့် အကျမ်းဝင်၍ ဘုရင်ဖြစ်လျှင် ပုရောဟိတ်ရာထူးပေးမည်ဟု ကတိပြုခဲ့၏၊ ပုရောဟိတ်ဟောင်း ကပိလသည် သားအား ရာထူးပေး၍ ရသေ့ပြုသွား၏၊ ပုရောဟိတ်ရာထူးသည် ထိုခေတ်က အကြီးနှင့်သာ ဆိုင်၍ အငယ်နှင့် မဆိုင်ပေ၊ ထို့ကြောင့် ပုရောဟိတ်ရာထူး ပေးနိုင်ရေးအတွက် စေတိယမင်းက ကောရကလမ္ဘကို အကြီး, ကပိလ ရသေ့ကို အငယ်ဟု မုသားပြောဆိုရန် စီစဉ်ထားသည်။

ထိုသို့ မုသား ပြောဆိုလိမ့်မည်ကို ကြား၍ ပုရောဟိတ်ဟောင်း ကပိလရသေ့ လာပြီး စေတိယ မင်းအား မုသားမဆိုရန် တားမြစ်၏၊ မုသာဝါဒသည် လွန်စွာ အပြစ်ကြီး၏၊ ရှိသမျှဂုဏ် ဖျက်ဆီးပစ်ရုံမက အပါယ်သို့ပင် ချတတ်၏၊ မုသားပြောဆိုသူမှန်လျှင် ကိုယ်ကျင့်တရားကို ဖျက်ဆီးရာ ရောက်၏၊ မုသား ပြောဆိုသူအား ကိုယ်စောင့်နတ်များလည်း မစောင့်လိုကြ၊ ခံတွင်းကလည်း အပုပ်နံ့ထွက်တတ်၏၊ ရာထူးလျှောတတ်သည်၊ သာဏ္ဍဝါများ ဆင်းရဲခြင်း၊ မြွေလို

လျှာနှစ်ခွဖြစ်ခြင်း၊ ဖြစ်လေရာဘဝ၌ စကားပီပီသသ မပြောနိုင်ခြင်း၊ ဖြစ်လေရာဘဝ၌ သားရတနာ မထွန်းကားဘဲ သမီး မိန်းမသာ ရတတ်ခြင်း၊ သားသည်မိဘစကား နားမထောင်တတ်ခြင်း အပြစ်တို့ ဖြစ်တတ်ရသည် စသည်ဖြင့် ဟောကြားလေသည်။ သို့သော် ဓမ္မစေတီယမင်းသည် ရသေ့၏ စကားကို မလိုက်နာဘဲ သင်ရသေ့က အငယ်, ကောရကလမ္မ-က အကြီးဟု သိလျက်နှင့် မုသားဆိုလိုက်သည်နှင့် တပြိုင်နက် ဘုရင့်စောင့်နေကျ နတ်သား ၄-ယောက်တို့ သန်လျက်ကို ပစ်ချ၍ ကွယ်ပျောက်သွားတော့၏၊ ဘုရင်၏ ခံတွင်းမှ ကြာညှိနှံ ကွယ်ပျောက်၍ ကြက်ဥ ပုပ်နံ့ ထွက်လာ၏၊ ကိုယ့်မှလည်း စန္ဒကူးနံ့ကွယ်ပျောက်၍ အိမ်သာနံ့ကြီးပေါ်လာ၏၊ ကောင်းကင်မှာလည်း မသွားနိုင်တော့ဘဲ မြေပေါ်သို့ ကျရောက်လေ၏၊ ဤကား ပထမ မုသား၏ အပြစ်တည်း။

ထိုအခါ ရသေ့က အပြစ်ပြ၍ ဆုံးမပြန်၏၊ မင်းသည် မနာယူဘဲ နှစ်ကြိမ်မြောက် မုသားဆိုပြန်၏၊ ခြေမျက်စိထိအောင် ခြေ ၂-ချောင်း မြေသို့ ဝင်၏၊ ထို့နောက် သုံးကြိမ်မြောက် ဆိုပြန်လျှင် ဒူးဆစ်ထိအောင် မြေသို့ ဝင်လေ၏၊ လေးကြိမ်မြောက် ပြောဆိုလျှင် ခါးတိုင်အောင် မြေသို့ ဝင်၏၊ ငါးကြိမ်မြောက် ဆိုလျှင် ချက်ထိအောင် မြုပ်သွား၏၊ ခြောက်ကြိမ်မြောက် ပြောလျှင် သားမြတ်တိုင်အောင် မြုပ်သွား၏၊ ခုနှစ်ကြိမ်မြောက် မုသားအပြောတွင် မဟာပထဝီမြေကြီးသည် ဟင်းလင်းပေါက် ဖြစ်၍ အပိစိဝရဲမှ မီး ၇တောက် မီး လျှံ မျှားထွက်လာပြီး စေတီယမင်းကို အဝီစိတိုင်အောင် ယူဆောင်သွားလေသည်၊ စေတီယမင်းသည် အဂတိလိုက်၍ မုသားပြောဆိုခြင်းကြောင့် မြေမျိ၍ မဟာအဝီစိငရဲ၌ ကျရလေသည်။ (အဋ္ဌက နိပါတ်၊ စေတိယဇာတ်။၄၃၁။ ဇာဋ္ဌ၊၃။ ၄၃၁)။

ဗျာန်မဂ်ဖိုလ် မရဘဲ ဗျာန်မဂ်ဖိုလ် ရ၏ ဟု လိမ်လည် လှည့်ဖြားပြောဆို ကုန်သော ရဟန်းတို့သည် သေသည်၏ အခြားမဲ့၌ အလျှံ ပြောင်ပြောင် တောက်လောင်သော မီးကျီးငရဲ၌ သက်နှံးကို လည်ပင်းရောက်လျက် ခံရကုန်၏ (ဝိဘင်းပါဠိတော်)။

စိဉ္စမာလ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ တရားဟောနေတော်မူစဉ် စိဉ္စမာဏသည် တိတ္ထိတို့၏ စကားကို နာယူ၍ သစ်သားပျဉ်ချပ် ဝမ်းဗိုက်ပတ်လျက် ကိုယ်ဝန်ယောင်ဆောင်ပြီးလျှင် ပရိသတ်လေးပါးအလယ်၌ ဝင်ရောက်ပြီး မြတ်စွာဘုရားနှင့် ပေါင်းသင်းရ၍ ကိုယ်ဝန်

ရသည်ဟု မဟုတ်မတရား မုသားစကားဖြင့် စွပ်စွဲလေသည်၊ နတ်သား လေးယောက် ကြွက်ဟန်ဆောင်၍ သစ်သားပျဉ်ချပ် ဝမ်းဌဲဖွဲ့ထားသော ကြိုးကို ကိုက်ဖြတ်သဖြင့် ပျဉ်ချပ်ပြုတ်ကျလာ၏၊ အပေါ်ရုံ ပုဆိုးသည် လေလွင့်၍ ပါသွား၏၊ ထိုအခါ စိဉ္ဆမာဏ၏ အလိမ်ပေါ်၍ ပရိသတ်အပြင်သို့ မောင်းထုတ် ကြကုန်၏၊ ဘုရားရှင် မျက်ကွယ်သို့ဆောက်လျှင် မဟာပထဝီ မြေကြီးသည်လည်း နှစ်ဖြာခွဲ၍ အပေါက် ဟင်းလင်းဖြစ်၏၊ ထိုအပေါက်မှ အဝီစိငရဲ မီးလျှံ တက်လတ်၍ စိဉ္ဆမာဏကို လောင်မြိုက်ကာ ယူသွားလေသည်၊ မဟာအဝီစိငရဲ၌ ကျရလေသည်။

တရားသူကြီး

ရာဇဂြိုဟ်ပြည်မှ တရားသူကြီး တစ်ဦးသည် ကောက်ကျစ်စဉ်းလဲသော တရားသူကြီးဖြစ်၍ နိုင်ရမည့်သူကို အရှုံးပေး၍ ရှုံးရမည့် သူကို အနိုင်ပေးကာ လိမ်ညာခဲ့ဖူးသော မကောင်းမှုကြောင့် ငရဲ၌ ဆင်းရဲကြီးစွာ ခံစားရ၏၊ ထို့နောက် ယင်းကံကြွင်းကြောင့် ဂိဇ္ဈကူဋ်ကောင်၌ ဝှေးစေ့ကြီးသော ပြိတ္တာကြီး ဖြစ်၍ ၁၀၀သောအခါ ဝှေးစေ့ကို ထမ်းသွားရပြီး ထိုင်သောအခါ ဝှေးစေ့ပေါ်မှာ ထိုင်ရလေသည် (ဓမ္မပဒ)။

သုရာမေရယအဖွင့်

"သေရည် သေရက်သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု ဆောက်တည်ထား သူသည် သေရည်သေရက်သာမက ယခုကာလသုံးစွဲနေကြသော ဘိန်း, ဘင်း, ကစော်, လှော်စာ, ကုတ်ကင်း, ဆေးခြောက်, မာဖီယား, ဘိန်းဖြူစသော မူးယစ်စေတတ်သည့် ပစ္စည်းများကို မမှီဝဲ မသုံးဆောင်ရ၊ ထို မူးယစ်စေတတ်သော သေရည်သေရက် ဘိန်းစသည်များကို သောက်စားမှုသည် ကုသိုလ်ကောင်းမှု တို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သောကြောင့် ပမာဒဋ္ဌာနမည်၏။

ဤသိက္ခာပုဒ်လာ ပါဠိပုဒ်များကို တစ်ပုဒ်စီ ခွဲခြားလိုက်ပါက သုရာ+မေရယ +မဇ္ဇ+ပမာဒ+ဋ္ဌာန-ဟူ၍ ဖြစ်၏၊ သုရာ=ရဲရင့်ခြင်း၏ အကြောင်းဖြစ်သော အရက် သေရည်၊ မေရယ=မူးယစ်စေသည့်စိမ်ရည်၊ မဇ္ဇ=မာန်မူတက်ကြွခြင်း၊ ပမာဒ=ကုသိုလ်တရား၌ မေ့လျော့ခြင်း၊ ဋ္ဌာန=အကြောင်းတရား၊ သေရည် အရက် မူးယစ်ဆေးဝါး သုံးစွဲမှုသည် မာန်မူတတ်၍ ကုသိုလ်တရား၌ မေ့လျော့ ခြင်း၏ အကြောင်းတရားဖြစ်သည်ဟု ဆိုလိုသည်။

ယင်းသိက္ခာပုဒ်ပျက်စီးရန် အင်္ဂါကား—

(၁) သုရာစသည် တစ်ပါးပါးလည်း ဖြစ်ခြင်း၊
(၂) သောက်စားလိုသော စိတ်ရှိခြင်း၊
(၃) သောက်ဖြစ်အောင် လုံ့လပြုခြင်း၊
(၄) သောက်စားခြင်း -

ဟူ၍ ဣတိဝုတ်အင်္ဂကထာနှင့် သမ္မောဟဝိနောဒနီ အင်္ဂကထာ၌ လာ၏။ သံယုတ်အင်္ဂကထာ၌မူ—

(၁) သုရာစသည် တစ်ပါးပါးလည်း ဖြစ်ခြင်း၊
(၂) သောက်စားလိုခြင်း၊
(၃) သောက်ခြင်း၊
(၄) မူးယစ်ခြင်း -

ဟူ၍ ၄-မျိုး လာသည်။ ဝိနည်းသုရာပါနသိက္ခာပုဒ်၌ကား—

(၁) သေရည်သေရက် တစ်ပါးပါးဖြစ်ခြင်း၊
(၂) သောက်စားခြင်း ဟု—

အင်္ဂါ ၂-ပါး လာပါသည်။ ထိုအင်္ဂါ ၂-ပါး ပြည့်စုံလျှင် ရဟန်းတော်များမှာ အာပတ်သင့်သည်။

သုရာငါးမျိုး

ယင်း သိက္ခာပုဒ်၌ "သုရာ = သေ" ဟူသည်မှာ ဆန်မှုန့် စသည်ကို ပြုပြင် စီမံချက်လုပ်အပ်သော အရည်များကို သုရာ = သေအရက်ဟု ခေါ်သည်။ ယင်းသုရာမှာ အောက်ပါအတိုင်း ၅-မျိုးရှိသည်—

(၁) ဆန်မှုန့်ကို ပြုလုပ်သော ပိဋ္ဌသုရာ၊
(၂) မုန့်ကို ပြုလုပ်သော ပူဝသုရာ၊
(၃) ထမင်းကို ပြုလုပ်သော သြဒနသုရာ၊
(၄) တဆေးမှုန့်ခေါ် သေရည် မျိုးစေ့ကို ထည့်၍ ပြုလုပ်အပ်သော ကိဏ္ဏပက္ခိတ္တသုရာ၊
(၅) ဖန်ခါးသီး, မုန်ညင်းစေ့စသော ဆေးမည်များကို ထောစပ်၍ ပြုလုပ်အပ်သော သမ္ဘာရသံယုတ္တသုရာ။

မေရယဒါးမျိုး

မေရယ=စိမ်ရည် ဟူသည်မှာ အပွင့်အသီးတို့ကို ထောင်းထု၍ ရသော အရည်ဖြင့် ကြာရှည်စွာ စိမ်အပ်သော အရည်မျိုးကို မေရယ=စိမ်ရည်ဟု ခေါ်ပါသည်၊ ယင်း မေရယမှာ အောက်ပါအကိုင်း ၅-မျိုးရှိသည်—

(၁) သစ်မည်စည်ပွင့်, ထန်းပွင့်, အုန်းပွင့်, စသော အပွင့်တို့ကို ထောင်းထု၍ ရသော အရည်ကို ကြာမြင့်စွာ စိမ်၍ ပြုလုပ်သော ပုပ္ပါသဝ၊

(၂) အာသီး စိမ်ရည်ဟူသော ဖလာသဝ၊

(၃) မုဒရက်ခေါ် သပျက်သီး စိမ်ရည်ဟူသော မဓွာသဝ၊

(၄) ကြံရည် ထန်းရည်ကို ပြုလုပ်သော ဂုဋ္ဌာသဝ၊

(၅) ဖန်ခါးသီး စသော အဆောက်အဦ အမျိုးမျိုးတို့၏ စိမ်ရည်ဟူသော သမ္ဘာရသံယုတ္တာသဝ(အဘိ၊၆၊၂၊၃၆၅။မူလဋီ၊၂။၁၈၉)။

သေရည်သေရက် သောက်မူအမျိုးမျိုး

မူးယစ်စေတတ်သော သေရည်အရက်ကို သောက်ရာ၌ သောက်စားမှု အမျိုးမျိုး ရှိပေသည်။

(က) ဆေးဝါးတွင် ပါ၍ သောက်မှု၊

(ခ) ဆေးဝါးအဖြစ် သူချည်းသက်သက် သောက်မှု၊

(ဂ) အရသာခံစားလို၍ တမင်ကို သောက်ချင်၍ သောက်မှု၊

(ဃ) မကောင်းမှုဒုစရိုက်ကို ပြုကျင့်လို၍ ရဲဆေးအဖြစ်သောက်မှု—

ဟူ၍ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သောက်စားမှုအမျိုးမျိုး ရှိလေသည်။

ဆေးဝါးအဖြစ် သောက်မှုမျိုး၌ အပြစ်မရှိ သိလမပျက်ဟု ဆိုသည်၊ ယခုခေတ် အင်္ဂလိပ်ဆေးများတွင် အရက်ပါသည်က များလေသည်၊ထိုဆေးရည်များကို ရဟန်းရော ရှင်လူပါ ထောဂါအားလျော်စွာ သောက်ကြရပေသည်။

အရက်ကို ဆေးအဖြစ် သောက်မှုမျိုးဌ် သားသမီးဖွားပြီးစ အချိုမိခင် အမျိုးသမီးများသည် အရက်ကို ဆေးဝါးအဖြစ်ဖြင့် သောက်သုံးလေ့ ရှိကြပေသည်။ သို့သော် ကျန်းမာ၍ ရောဂါကင်းသော လူများမှာ "အရက်" မှန်း သိလျက်သောက်လျှင် သီလပျက်သည်သာ၊ "အရက်"မှန်းမသိ၍ သောက်မိပါက သီလမပျက်။

တမင်ကို သောက်မျှင်လှ၍ သောက်မှုကား ရသာရုံကာမဌ္ဌ မှားယွင်းစွာ ကျင့်သုံးမှု ဖြစ်သောကြောင့် အပြစ်ကြီးလှပေသည်။ ဤအပြစ်ကြောင့် ငရဲဌ္ဌလည်း ဖြစ်နိုင်၍ တိရစ္ဆာန်ပြိတ္တာ အသူးလည်း ဖြစ်နိုင်သည်ဟု အင်္ဂုတ္တိုရ်ဂါဠ်တော်ဌ္ဌ ဟောတော်မူ၏။

ရဲဆေးတင်ရန် သောက်မှုမျိုးကား အပြစ်အကြီးဆုံး ဖြစ်လေသည်၊ ရသာရုံ ခံစားလိုသာ မဟုတ်ဘဲ မကောင်းမှု ဒုစရိုက် အကုသိုလ်ပြုလုပ်ရန် သောက်ခြင်းမျိုး ဖြစ်သောကြောင့်တည်း။

ကုမ္ဘဇာတ်တော်ဌ္ဌ ကာသိတိုင်းမှ သုရမုဆိုးနှင့် ဝရကာရသေ့တို့သည် မိမိတို့ သောက်ရုံသာ မဟုတ်ဘဲ စီးပွားဥစ္စာ ရနိုင်ရန် အခြားသူများ ဆင်းရဲဒုက္ခ ရောက်စေနိုင်သည့် သေရည် အရက် ဖြန့်ဖြူးမှုလုပ်ငန်း လုပ်ဆောင်ခဲ့သည်၊ နောက်ဆုံး သာဝတ္ထိပြည် သဗ္ဗမိတ္တာမင်း၏ အဆုံးစီရင်ခြင်းကို ခံရပေသည်။

ပါဏာတိပါတ စသော ဒုစရိုက်မှု တစ်ခုခု ပြုရာဌ္ဌ အရက်ဖောက်စသော သောက်စားသည့် စေတနာသည် ဒုစရိုက်မှု၏ ရှေ့ပြေး ပုဗ္ဗစေတနာ ဖြစ်သည်။ ထို့ကဲ့သို့ ပုဗ္ဗစေတနာများသည် အပါယ်သို့ ချနိုင်လေသည်။

ကံမြောက်မှုနှင့် မမြောက်မှု အယူအဆများ

သေရည် သေရက် သောက်မှုကို အကုသိုလ် ကံမြောက်၏ဟူ၍ တိုက်ရိုက် မဆိုပေ။ ဋီကာကျော်ကျမ်း ၁၇၂-တွင် ကာမအတွေ့သည် ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်ဖြစ်၍ သေရည်သေရက်သည် ရသာရုံ ကာမဂုဏ်ဖြစ်သည်၊ ဖောဋ္ဌဗ္ဗာရုံ ကဲ့မဂုဏ်ဌ္ဌ မှားယွင်းစွာ ပြုကျင့်ခြင်းသည် ကဲ့ရဲ့ထိုက်သကဲ့သို့ ရသာရုံ ကာမဂုဏ်ကို သောက်စားခြင်းသည်လည်း ကဲ့ရဲ့ထိုက်၏၊ ထို့ကြောင့် ယုတ်မာသောအကျင့် မိစ္ဆာစာရ တစ်မျိုးပင် ဖြစ်၍ ကာမေသုမိစ္ဆာစာရနှင့် သဘောတူ ယူဆပြီး သုရာပါနကို ကာမေသုမိစ္ဆာစာရဌ္ဌ ထည့်သွင်းရသည်။ မူလဋီကာတွင် သုရာပါနကို ကာမေသုမိစ္ဆာစာရဌ္ဌ သွင်းရံသာမက ဒုစရိုက် ၁၀-ပါးလုံးကို ကျေးငှားပြုတတ်သောကြောင့် ဒုစရိုက်ကံ ၁၀-ပါးလုံးဌ္ဌ ထည့်သွင်းလေသည် (မူလဋီ၊ ၂။၁၈၉)။

ငသရည်သေရက် သောက်စား၍ မရမ်းကား, ဟစုံတခုသော ဒုစရိုက်မှုကို မကျူးလွန်ဘဲ နေသော သူ၏ သုဂတပါနကံကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူရလေသည်၊ အကြောင်းမှာ ကာမဝတ္ထုတို့၌ လွန်ကျူးခြင်း သဘာဝအားဖြင့် တူသောကြောင့် ဖြစ်၏။

သေရည်သေရက် သောက်စား မူးယစ်၍ ပါဏာတိပါတ စသော ဒုစရိုက်တပါးပါးကို ကျူးလွန်သောသူ၏ အရက်သောက်မှုကံကို ထိုကျူးလွန်သော ပါဏာတိပါတကံ စသည်တို့၌ ထည့်သွင်း ယူရသည်။ ဥပမာ–သေရည်ကို သောက်စားမူးယစ်ပြီး သူအသက် သတ်ပါက အရက်သောက်မှုကို ပါဏာတိ-ပါတကံ၌ သွင်းယူရသည်။ သောက်စားမူးယစ်ပြီး ခားပြတိုက်မှု လွန်ကျူး ပါက အရက်သောက်မှုကို အဒိန္နာဒါနကံ၌ သွင်းယူရသည်။

အကုသိုလ်ကံမြောက်သည်ဟု ယူဆပုံ

အင်္ဂုတ္တရပါဠိတော် (၇၈) ၌ အရက်သေစာ မှီဝဲလျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ မျိုး၌ ဖြစ်စေနိုင်၏၊ အငယ်ဆုံးအပြစ်မှာ လူဖြစ်လျှင် အရူးအနှမ်း ဖြစ်ရ၏ဟု ဟောတော်မူသည်။ သိက္ခာပဒဝိဘင်း အဋ္ဌကထာ (၃၆၄) ၌ ပါဏာတိပါတ စသော ကံငါးပါးကို အပါယ်သို့ ရောက်ကြောင်း ကံဟု ပြဆိုထား၏၊ ထို့ကြောင့် ပါဏာတိပါတ စသော ရွေလေးပါးနှင့်အတူ အပါယ်ရောက်ကြောင်း အကုသိုလ်ကံ ဖြစ်သည်ဟု ယူဆကြလေသည်။

အကုသိုလ်ကံမမြောက်ဟု ယူဆပုံ

အင်္ဂုတ္တိရ် ပါဠိတော်၌ အရက်သေစာ သောက်စားမှုအကြောင်း ပြဆို ခြင်းသည် ကံမြောက်ကြောင်းပြဆိုခြင်းမဟုတ်၊ ငရဲစသည်၌ ဖြစ်စေနိုင်ကြောင်း ကိုသာ ပြဆိုယော ပါဠိဖြစ်သည်၊ ငရဲ စသည်၌ ဖြစ်စေနိုင်ခြင်းမှာလည်း ဆေးဝါးအမှုတ် သောက်ရုံဖြင့် ငရဲကျနိုင်သည်ဟု မယူသင့်၊ "ယံ ပိဝိတ္ဝာ ဒုစ္စရိတံ စရန္တိ" စသော ကုမ္ဘဇာတ် ပါဠိတော်နှင့်အညီ သေရည်သေရက် သောက်ပြီးနောက် မကောင်းမှုပြုမှသာ ငရဲသို့ ကျနိုင်သည်ဟု ယူသင့်၏။

သိက္ခာပဒဝိဘင်း အဋ္ဌကထာ (၃၆၄) မှာလည်း အကုသိုလ်ကံမြောက် ကြောင်းကို ပြသော စကားမဟုတ်၊ ပါဏာတိပါတ စသည်တို့သည် စျာန်ခန်း၌ မပါ၊ ကံမြောက်မှုအခန်း၌ ပါသည်ဟူသော အခန်းကဏ္ဍ ခဲ့ပြသော စကား

မျှသာ ဖြစ်သည်ဟု ယူဆကြ၏၊ ခုဒ္ဒကအဋ္ဌကထာ(၂၂)၌ အရက်သောက်မှုသည် ကံမမြောက်၊ သာမန် ကာယကံမျှသာ ဖြစ်ကြောင်း ပြဆိုထားသည်၊ ဤကား ကမ္မပထ မမြောက်ဟု ယူဆသော ဆရာတို့၏ ရှင်းလင်းချက်တည်း (သင်္ဂြိဟ် ဘာသာဋီကာ။ ၃၆၈)။

အရှင်ဇနကာဘိဝံသ၏ အယူအဆ

ဆရာဝေါ် အရှင်ဇနကာဘိဝံသ-ကမူ ဖော်ပြခဲ့ပြီးသော သာဓကတို့အရ အရက်သောက်မှု သက်သက်မှာ အကုသိုလ်ကံ မမြောက်သည်ကား သေချာ၏၊ အကုသိုလ်ကံ မြောက်လျှင် အပါယ်ပဋိသန္ဓေကျိုး ပေးနိုင်သည့် သတ္တိကောန် ရှိရမည်၊ ယခုမူ ကောန်မဟုတ်၊ အချို့သူ၏ သောက်စားမှုသည် အပါယ်ပဋိသန္ဓေကျိုးကို မဖြစ်စေနိုင်၊ အချို့သူ၏ သောက်စားမှုသည် အပါယ်ပဋိသန္ဓေကျိုးကို ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်ဟူ၍ ဆုံးဖြတ်ချက် ချလေသည်။ ယင်းဆုံးဖြတ်ချက်မှာ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ (ပဋိသံ၊ဋ္ဌ၊၁။ ၂၇၃)နှင့် ညီညွတ်သည်။

ဒီပဲယင်း ဆရာတော်၏ အယူအဆ

ဒုတိယ ဝိသုဒ္ဓါရုံ (ဒီပဲယင်း) ဆရာတော်ကလည်း ပရမတ္ထစက္ခုကျမ်း စာမျက်နှာ ၂၁၇-တွင်—

သုရာပါနကို ပဋိသန္ဓေကျိုးကို ပေးထုံ့ အနေကန္တိက ဖြစ်၍ ကမ္မပထဒေသနာ၌ ဟောတော်မမူ၊ ကမ္မပထဒေသနာ၌ မပါဝင်၊ ကမ္မပထမမြောက်၊ မမြောက်သော်လည်း ပဋိသန္ဓေကျိုးကို မပေးနိုင်ဟူ၍ မမှတ်အပ်၊အထူးသို့ လိုက်၍ ပဋိသန္ဓေကျိုးကို ပေးနိုင်သည်လည်း ရှိ၏၊ မပေးနိုင်သည်လည်း ရှိ၏၊ အပြစ်ကြီးသည်လည်း ရှိ၏၊ အပြစ်ငယ်သည်လည်း ရှိ၏၊ ယင်း သုရာပါနသည် ပဝတ္တိကျိုးကိုကား ကေန္တိက ပေးနိုင်သည်၊ ပဝတ္တိကျိုး ဆိုသည်ကား ငရဲမှ လွတ်သော အခါ ဖြစ်ရာဘဝ၌ ဉာဏ်ပညာကင်း သိမ်ဖျင်းညံ့ယုတ် သေးနုပ်ထိုင်းမှိုင်း ရခြင်း၊ အာအာ, အဆွံ့ ဖြစ်ရခြင်း၊ ခွေးရူး ဝက်ရူး ကြက်ရူး လူရူး များစွာ ဖြစ်ရခြင်း စသည်တို့ကို ဆိုသည်။

ပစ္စက္ခဋ္ဌလည်း သုရာပါနလောက် အပြစ်များသော မကောင်းမှု မည်သည် မရှိ။ ထိုစကားမှန်၏၊ သုရာပါနကို ကျူးလွန်သော သူသည် ဒုစရိုက် ၁၀-ပါးလုံး ပြုရမည်ကို ဝန်မလေး၊ ပြုလွယ်တော့သည်သာ၊

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၂၇—ပ-မ-သ-ဖ

မိမိအန္တရာယ်, သူတပါး အန္တရာယ်ကိုလည်း ပြုနိုင်တော့သည်သာ၊ စီးပွားချမ်းသာ ပျက်စီးခြင်း၏ အကြောင်းလည်း ဖြစ်တော့သည်သာ။ ဤသို့သော အပြစ်တွေ များလှ၏၊ ဌီကာကြီး, ဌီကာငယ် စသော ကျမ်းတို့၌ကား သုရာပါနကို ကမ္မပထအတွင်းသို့ အလျော်သွင်း၍ ဖွင့်ပြတော်မူကြကုန်၏ဟု—

ဖော်ပြလေသည်။

လယ်တီဆရာတော်ဘုန်းကြီးကမူ သီလဝိနိစ္ဆယပေါင်းချုပ်ကျမ်း (၁၂၆)၌ သုရာမေရယကံသည် ကမ္မပထမြောက်, မမြောက်နှင့် ပတ်သက်၍ ဖြေထားသည်မှာ—

ဣဿာ, မစ္ဆရိယ, ဝိစိကိစ္ဆာတရား တို့သည် ကမ္မပထတရား ၁၀-ပါး၌ မပါသော်လည်း အပါယ်ပဋိသန္ဓေကို ပေးသည် ဖြစ်၍ ကမ္မပထမြောက်သောကြောင့် ကမ္မပထ ၁၀-ပါးတို့တွင် သင့်လျော်ရာ သွင်းယူရာသကဲ့သို့ ထို့အတူ သုရာမေရယကံသည်လည်း အပါယ်ပဋိသန္ဓေကို ပေးသည် ဖြစ်၍ ကမ္မပထ မြောက်သောကြောင့် သင့်လျော်ရာသို့ သွင်းယူရမည်ဟု မှတ်ရမည်ဟု လယ်တီဆရာတော် ယူဆလေသည်။ (ယုဝတီဒဋ္ဌီ။)

၎င်းအပြင် "ကောဋ္ဌာသတောတိ ပဉ္စပိ ကမ္မပထမော" ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ။ "ပါဏာတိပါတော နာမ နိရယ-သံဝတ္တနိကော ပေတ္တိဝိသယသံဝတ္တနိကော၊ တထာ အဒိန္နာဒါနာဒီနိ" ဟူသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ၂-ရပ်ကို ထောက်ဆ၍ မုချဆတ်ဆတ် ကမ္မပထမြောက်၏ဟု မှတ်ရမည်ဟု လယ်တီဆရာတော် ယူဆလေသည်။ (အာဂမဒဋ္ဌီ။)

အရိယာတို့သည် အသက်သေမည့် အကြောင်းပင် ဖြစ်သော်လည်း ပါဏာတိပါတ စသော သီလငါးပါးကို မလွန်ကျူး မဖျက်ဆီးကုန်၊ ကိုသုရပါနကို သောက်စားလွန်ကျူး ယစ်မူး ရူးသွပ်သော်သူသည် ပါဏာတိ-ပါတ စသော ကံလေးပါးတို့၏ ပျက်ကြောင်းဖြစ်သော ဝဓက (သတ်ခြင်း)၊ ထေယျ (ခိုးခြင်း)၊ သေဝန (မှိုဝဲခြင်း)၊ ဝိသံဝါဒနဝတ္ထု (လိမ်လည်စရာ အကြောင်း)တို့နှင့် တွေ့လျှင် တွေ့သမျှသော ဝတ္ထုကို တားစ်ခုမကျန် ဖောက်ပြန် ကျူးလွန်လျက် သီလကို အကြွင်းမဲ့ ဖျက်ဆီးတတ်ကုန်၏၊ ထို့ကြောင့် ကြွင်းသော ကံလေးပါးတို့ထက် လွန်ကဲစွာ အပြစ်ကြီး၏၊ ခုဒ္ဓကအဋ္ဌကထာ၌ ဆိုဆို၏ဟု သီလဖလုပ္ပတ္တိကျမ်း၌ ဆရာတော် ဦးဗုဒ္ဓ မိန့်ကြားခဲ့သည်။

အရက်သေစာသောက်ခြင်း အပြစ် ၆-ပါး

အရက်သေစာ သောက်ခြင်းကြောင့် မျက်မှောက်ပစ္စက္ခဋ္ဌ အပြစ် ၆-ပါး ဖြစ်နိုင်ကြောင်း မြတ်စွာဘုရားရှင်သည် ဒီဃနိကာယ် ပါထေယျဝဂ် သိင်္ဂါလသုတ်၌ သိင်္ဂါလသတို့သားအား ဟောကြားတော်မူ၏။

ထိုအပြစ် ၆-ပါးကား—

(၁) စီးပွားဥစ္စာ ပျက်စီးကုန်ခန်းခြင်း၊

(၂) ခိုက်ရန်မျှားခြင်း၊

(၃) ရောဂါအမျိုးမျိုး ဖြစ်ပွားတတ်ခြင်း၊

(၄) ကျော်စောသတင်း ကင်းမဲ့ခြင်း၊

(၅) အရှက်အကြောက် ကင်းခြင်း၊

(၆) အဆီပညာဉာဏ် အားနည်းအောင် ပြုတတ်ခြင်း—

တို့ဖြစ်သည်။

စီးပွားပျက်ခြင်း

မူးနေသော အရက်သမားသည် မိမိပစ္စည်းကို စောင့်ရှောက်ရမှန်း မသိဖြစ်နေ၍ ခိုးယူလုယက်ခြင်း ခံရတတ်သဖြင့် ပစ္စည်းဥစ္စာ ပျက်စီး ကုန်ခန်းလေသည်။

ရှေးက မဟာဓန သူဌေးသားသည် အရက်သမားဖြစ်၍ ရှိသမျှ ပစ္စည်းဥစ္စာ ကုန်၍ ခွက်လက်စဲ့ တောင်းစားရလေသည်။ ထိုအခါ ယင်း၏ ဖခင် ဖြစ်ခဲ့ဖူးသော သိကြားမင်းက အလိုခပ်သိမ်း ပေးတတ်သော အိုးကို ပေးသည်။ သူဌေးသားသည် အရက်မူးမူးနှင့် မြောက်ကစား၍ အိုးကွဲလေသည်၊ နောက်ဆုံး ကိုးကွယ်ရာမဲ့ သေဆုံးရလေသည် (ဇာ၊၄၊၂။၃၈၈)။

ခိုက်ရန်မျှားခြင်း

အင်္ဂုတ္တိရပါဠိတော် ဒုစ္စဂိတဝိပါကသုတ် (အံ၊၃။၇၈)၌ အရက်သောက်မှု၏ အသေးဆုံး အပြစ်မှာ အရူးအနှမ်းဖြစ်ခြင်းဟု ဟောကြားတော်မူ၏၊ အရူးမည်သည် သူတပါးအား ဆဲရေးတတ်, ရိုက်ပုတ်တတ်သကဲ့သို့ အမူးသမား သည်လည်း ကိုယ်နှုတ်နှစ်ပါးဖြင့် ရမ်းကားသူ ဖြစ်သည်၊ ထို့ကြောင့် မင်းပြစ်မင်းဒဏ် သင့်ခံရတတ်၏။

ရောဂါဖြစ်ခြင်းအကြောင်း

အရက်သောက် များလျှင် ရောဂါ အမျိုးမျိုး ဖြစ်တတ်ကြောင်းကို ဆေးပညာရှင်များက ဆိုကြသည်၊ တိကဂုတ္တရ (၂၆၃)၌ အရက်သမားသည် အရက်သောက်မှုကို မထောင့်ရဲနိုင်ဟု ဟောတော်မူ၏၊ များသောအားဖြင့် မူးယစ်ဆေးဝါး စွဲသူတို့သည် ဖြတ်ရန် ပြောသော်လည်း မဖြတ်နိုင်ဘဲ သေသည် အထိ စွဲသွားလေသည်။

ကျော်စောသတင်း ကင်းမဲ့ခြင်း

အရက်မူးသမားသည် မပြုံဝံ့သော ဒုစရိုက်ဟု မရှိ၊ ထို့ကြောင့် ဆရာ,မိဘ, သားသမီး, ဇနီးတို့ကို ရိုက်နှက်နိုင် သတ်နိုင်၏။ နောက်ဆုံးတွင် လူများ ကဲ့ရဲ့ ခံရခြင်းဖြစ့် နိုဂုံးချုပ်ရ၏။

အရှက်အကြောက်ကင်းခြင်း

အရက်သမားများသည် အရှက်အကြောက် ဟိရီ, ဩတ္တပ္ပ ကင်း၏။ ထို့ကြောင့် လှစ်မပြဝံ့သော အင်္ဂါဇာ့ဂူ၌ မရှိ၊ သာမန်ပုဂ္ဂိုလ်မဆိုထားဘိ စျာန်အဘိညာဉ်ရ တန်ခိုးကြီးသော အရှင်သာဂတလို ပုဂ္ဂိုလ်ပင် အရက်သောက်မိ၍ မြို့တံခါးဝ၌ လဲ၏၊ ကျောင်းတော်ထောက်ရာ ဘုရားဘက်လှည့်၍ ခြေပြု၏၊ ဤသို့ ရှိသေရမှန်း ရှက်ကြောက်ရမှန်း မသိတော့ပေ (ဝိ၊၂။၁၄၅)။

အသိပညာနည်းအောင် ပြုခြင်း

အသိဉာဏ်ပညာဟူသည် သတိ, သညာတို့နှင့် တွဲလျက် ရှိရာ သညာကင်းနေသော အရက်မူးသမား၌ သတိကောင်းစွာမရှိ၍ အသိဉာဏ်မညာလည်း အားနည်းရတော့၏၊ အရှင်သာဂတသည် အသိဉာဏ်ကင်းလျက် မရှက်မကြောက် မရှိမသေ ဖြစ်ရလေသည်။

သုရာမေရယ၏ အပြစ်များ

သုရာမေရယကံ လွန်ကျူးသော ပုဂ္ဂိုလ်သည် ငရဲ, တိရစ္ဆာန်,ပြိတ္တာဘဝ၌ ဖြစ်၍ အကြိမ်ကြိမ် ဆင်းရဲကို ခံစားရ၏၊ လူဖြစ်သော်လည်း မူးခြင်း, ဆ-ခြင်း ဖြစ်ရ၏ (အံ၊၃။၇၈)။ ဘဋ်လိုက်သောအားဖြင့် ဖြစ်လေရာဘဝ၌ ဖြစ်ရသော အကျိုးများကား—

(၁) အရေးအခွင့် သင့်, မဲသင့်ကို မသိတတ်ခြင်း၊

(၂) ပျင်းရိတတ်ခြင်း၊

(၃) မေ့လျော့မှုးရွဲးတတ်ခြင်း၊

(၄) သူတပါးပြုဖူးသော ကျေးဇူးကို မသိတတ်ခြင်း၊

(၅) ဟိရီ, ဩတ္တပ္ပ ဟူသော အရှက်အကြောက်မှ ကင်းခြင်း၊

(၆) သေရည်သေရက်သောက်မိလျှင် မည်သည့် အကုသိုလ်မှ မရှောင်ကြဉ်ဘဲ အလုံးစုံသော မကောင်းပြုကို ပြုလုပ်မိခြင်း-

တို့ဖြစ်သည်။

မှတ်ရန်လက်ံာ

သေရည်သောက်လင့်၊ သင့် မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမိုက်ရွဲး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခမင်းများထို၊ အကုသိုလ်ကို၊ မငြိုလုပ်စွာ၊ ပြုကျင့်ရာ၏၊ ရှောင်ခါ အပြန်အကျွံးတည်း။

ပါဏာတိပါတ်၊ စသည်ငါးတန်၊ စောင့်ထိန်းမှန်လည်း၊ အပြန်ထိုမှ၊ ကောင်းကျိုးရဟူ၊ သာဓကထ်ဟော၊ ကျမ်းဆိုပေသည်၊ ငါးထွေးသီလ အကျိုးတည်း (မဟာဝိသုဒ္ဓါရုံဆရာတော်)။

ဤအရက်သေစာကို ရှောင်ကြဉ်ပါက ကောင်းသော နတ်ရွာသုဂတိသို့ ရောက်ရှိ၍ လူဖြစ်သောအခါ——

(၁) အရေးအခွင့် သင့် မသင့်ကို သိခြင်း၊

(၂) လှုံလဝီရိယ ရှိခြင်း၊

(၃) သတိနှင့် ပြည့်စုံခြင်း၊

(၄) သူများပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း၊

(၅) ဟိရီ, ဩတ္တပ္ပ ဟူသော အရှက်အကြောက်ရှိခြင်း၊

(၆) သေရည်သေရက်မသောက်၍ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်း-

တို့ဖြစ်ပါသည်။

ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ၌ သုရာမေရယမှ ရှောင်ကြဉ်ခြင်း၏ အကျိုး ၃၀-ကို ဖော်ပြထားသည်။

(၁) ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော အမှုကိစ္စတို့၌ အလျင်အမြန် သိလုပ်ခြင်း၊

(၂) အမြဲမပြတ် သတိရှိခြင်း၊

(၄) အရွးအနှမ်း မဖြစ်ခြင်း၊
(၄) ဉာဏ်ပညာ ရှိခြင်း၊
(၅) မပျင်းရိ လုံ့လဝီရိယ ရှိခြင်း၊
(၆) ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ မဖြစ်ခြင်း၊
(၇) ပဋိသန္ဓေအားဖြင့် ဆွံအ-သူ မဖြစ်ခြင်း
(၈) မတွေဝေခြင်း၊
(၉) မမေ့လျော့ခြင်း၊
(၁၀) အာသီပညာ မနည်းခြင်း၊
(၁၁) ကိုယ်လက်ခက်ထရော် မရှိခြင်း၊
(၁၂) ဘေးရန် ကင်းခြင်း၊
(၁၃) ကြောင့်ကြ ကင်းခြင်း၊
(၁၄) မှန်ကန်သောစကားကို ဆိုလေ့ရှိခြင်း၊
(၁၅) ကုန်းချောစကား မပြောဆိုခြင်း, ကြမ်းတမ်းစ့ာ မပြောဆိုခြင်း, အကျိုးမဲ့သောစကား စသည်ကို မပြောဆိုခြင်း၊
(၁၆) နေ့ညမပြတ် မပျင်းမရိ လုံ့လရှိခြင်း၊
(၁၇) သူ့ကျေးဇူးကို သိခြင်း၊
(၁၈) ပြုပြီးသော ကိစ္စကို သိခြင်း၊
(၁၉) ဝန်တိုမှု မရှိခြင်း၊
(၂၀) စွန့်ကြဲပေးကမ်းမှု ရှိခြင်း၊
(၂၁) သီလနှင့် ပြည့်စုံခြင်း၊
(၂၂) ဖြောင့်မတ်ခြင်း၊
(၂၃) ဒေါသအမျက် နည်းပါးခြင်း၊
(၂၄) မကောင်းမှုကို ပြုရမည်ကို ရှက်ခြင်း၊
(၂၅) မကောင်းမှုကို ပြုရမည်ကို ကြောက်ခြင်း၊
(၂၆) မှန်ကန်ဖြောင့်မတ်သော အယူရှိခြင်း၊

(၂၇) ကြီးမြတ်သော ကောင်းမှုရှိခြင်း၊
(၂၈) ပညာရှိခြင်း၊
(၂၉) ပညာရှိ ဖြစ်နိုင်ခြင်း၊
(၃၀) အကျိုးရှိသည့်, မရှိသည့်၌ လိမ္မာခြင်း -
ဟူသော အကျိုးများကို ခံစားရသည်။

ထို့မှ ပြန်သောအားဖြင့် သုရာမေရယသိက္ခာပုဒ်ကို လွန်ကျူးသော သူသည် မဇ္ဈိမကာင်းကျိုး ၃၀-ကို ခံစားရသည်။

ဧရက်သောက်ခြင်း၏ အပြစ်

ရှေးအခါက အရက်စဲ့နေသော ဗာရာဏသီမင်းကြီးသည် အသားဟင်းလျာ မပါဘဲ ပဲ့တော်တည်လေ့မရှိပေ။ သူ၏ တိုင်းပြည်တွင် အစဉ်အလာအရ ဥပုသ်နေ့များ၌ သားငါးများကို သတ်ဖြတ်ရောင်းချခြင်း မပြုလုပ်ရပေ။ ထို့ကြောင့် စားဖိုမှူးသည် အသားများကို ဥပုသ်နေ့မတိုင်မီ တစ်ရက်ကြိုတင် ဝယ်ယူထား ရသည်။

ရက်မစုံ လကွယ် ၁၄-ရက် ဥပုသ်နေ့အဲတွက် တစ်ဆယ့်သုံးရက်(အဖိတ်)နေ့ တွင် အသားများကို ဝယ်ယူထားရသည်၊ ယင်းအသားများကို လုံခြုံစွာ မထားမိ သဖြင့် ခွေးစားသွားသည်။ စားဖိုမှူးသည် ဥပုသ်နေ့ နံနက်တွင် အသားဝယ် မရတော့သဖြင့် မိဖုရားကြီးထံ ဝင်၍ အပူကပ်ရတော့သည်။

မိဖုရားကြီးသည် ဘုရင်ကြီးက သားတော်ငယ်လေးအား အလွန်ချစ်မြတ် နိုးမှန်း သိသဖြင့် သားတော်လေးအား တန်ဆာဆင်၍ ဘုရင်ကြီးရင်ခွင်၌ ပေးထားမည်။ ထို့အခါ ပဲ့တော်စာကို ဆက်သပါဟု ပြောလေသည်။ ဘုရင်ကြီး သည် ရင်ခွင်ထဲ၌ သားတော်ကလေးကို ကျိစယ်ရွှင်မြူးနေစဉ် စားဖိုမှူးသည် ပဲ့တော်စာ ဆက်သလိုက်သည်။

အရက်မူးနေသော ဘုရင်ကြီးသည် ပဲ့တော်စာတွင် အသားဟင်းမပါသဖြင့် အသားဟင်း ဘယ်မှာလဲဟု မေးသည်။ စားဖိုမှူးက ယနေ့ ဥပုသ်နေ့ ဖြစ်သဖြင့် အမဲဟင်းလျာများ ဝယ်၍ မရပါကြောင်း လျှောက်ထားသည်။ ထို့အခါ ဘုရင်ကြီးသည် "ငါလိုဘုရင်အတွက် အမဲဟင်းလျာ ခဲယဉ်းရသလော"ဟု ဆိုပြီး ပေါင်ပေါ်တွင်ရှိနေသော သားငယ်၏လည်ပင်းကို လိမ်ချိုးသတ်လိုက်ပြီး

"ရော့–အမြန်ချက်ပြီး ယူလာခဲ့"ဟု ပြောဆို၍ စားဖိုမှူးရှေ့သို့ ပစ်ချပေးလိုက်သည်။

စားဖိုမှူးသည် အလျင်အမြန် ချက်၍ ဆက်သလိုက်သည်။ ဘုရင်ကြီးသည် သားတော်လေး၏ အသားဟင်းလျာဖြင့် ထိုနေ့ညစာအတွက် ပဲတော်တည်သည်။ စားသောက်ပြီးနောက် အိပ်ပျော်ခြင်းသို့ ရောက်၍ နံနက်မိုးသောက် သောအခါ"သားတော်လေးကို ဆောင်ယူခဲ့ပါ"ဟု ဆို၏။ ထိုအခါ မိဖုရားကြီးက ငိုယိုလျက် အဖြစ်အပျက်ကို တင်လျှောက်လိုက်လေသည်။

ထိုအခါ ဘုရင်ကြီးသည် အလွန်ထိတ်လန့် တုန်လှုပ်သွားပြီး အရက်သောက် ခြင်း၏ အပြစ်ကို သိမြင်ကာ ငိုယိုလျက် "အရဟာတ္တဖိုလ်သို့ မရောက်သေးသမျှ အရက်မသောက်တော့ပါပြီ"ဟု မြေမှုန့်ကို ယူ၍ မျက်နှာကုပ်တော်လျက် အဓိဋ္ဌာန် ပြုလိုက်သည်။ ဘုရင်ကြီးသည် ထိုနေ့မှ စ၍ နိဗ္ဗာန်ရောက်သည့်ဘဝအထိ အရက် မသောက်တော့ချေ (ဇာတ်။ ၂။ ၂၇၇)။

ငါးပါးသီလစောင့်ထိန်းမှု အတုယူရန်

ဇာတကပါဠိ ပထမတွဲ တိကနိပါတ် ဂရုမမူဇာတ်တော်လာ အလောင်းတော် ဓနဥယကောရဗျမင်းနှင့် ပုဂ္ဂိုလ် ၁၀-ဦး၏ ငါးပါးသီလစောင့်ထိန်းပုံမှာ အလွန်အတုယူစရာကောင်း၏။

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့၌ ဘုရားအလောင်းတော်သည် ဓနဥယကောရဗျအမည်ဖြင့် မင်းကျင့်တရား ၁၀-ပါးနှင့် အညီ တိုင်းပြည်ကို အုပ်ချုပ်၏၊ ငါးပါးသီလ ဂရုမမူတရားကို အထူးလုံခြုံအောင် စောင့်ထိန်း၏၊ ဂရုမမူဆိုသည်မှာ ငါးပါးသီလပင် ဖြစ်သည်။ ဓနဥယကောရဗျမင်းနည်းတူ အောက်ပါပုဂ္ဂိုလ် ၁၀-ဦးသည်လည်း သီလကို စင်ကြယ်စွာ အထူးလုံခြုံအောင် စောင့်ထိန်းကြသည်—

(၁) ဘုရင်မင်းမြတ်၏ မယ်တော်၊
(၂) ဘုရင်မင်းမြတ်၏ မိဖုရားကြီး၊
(၃) ညီတော်အိမ်ရှေမင်း၊
(၄) ပုရောဟိတ်ပုဏ္ဏား၊
(၅) ကြိုးဆွဲအမတ် (မြေတိုင်းအမတ်)၊
(၆) ရထားထိန်း၊

(၇) သူဌေးကြီး၊
(၈) ပြည်သို့စိုးအမတ် (တည်သည်အမတ်)၊
(၉) တံခါးစောင့် (တံခါးမှူး)၊
(၁၀) ပြည်တန်ဆာမ။

မင်းကြီးသည် မြို့တံခါး ၄-မျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါး၊ ဤ ၆-ဌာနမှာ အလှူမဏ္ဍပ် ၆-ခု ဆောက်လုပ်ပြီး နေစဉ် တစ်နေ့လျှင် ၆-သိန်းဖိုး အလှူဒါန ပြုလုပ်သဖြင့် ဇမ္ဗူဒိပ်ကျွန်းလုံး ချီးမွမ်းသတင်း ပျံ့နှံ့ကျော်စောသည်။

ထိုအခါန်ဘွင် ကာလိင်္ဂတိုင်း ဒန္တပူရမြို့၌ ကာလိင်္ဂမင်း အုပ်စိုးသည်။ ထိုတိုင်းပြည်မှာ မိုးမရွာ၊ မိုးခေါင်သဖြင့် တိုင်းသူပြည်သားများ ငတ်မွတ် ခေါင်းပါးပြီး ဒေဝါဘယ ဖြစ်သည့်အတွက် ပြည်သူများစုရုံးပြီး နန်းတော် တံခါးဝ သွားရောက် ဟစ်အော်ကြသည်။

ထိုအခါ ဘုရင်ကြီးသည် ရှေးမင်းများ ကျင့်စဉ်အတိုင်း အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်ခြင်းတို့ ပြုလုပ်၍ ကျက်သရေရှိသော တိုက်ခန်း၌ မြေဇာမြက်ခင်း၍ အိပ်သည်၊ ထိုသို့ တရားကျင့်သော်လည်း မိုးမရွာ ချေ၊ ငန်ကြီးများက ကုရုတိုင်း မနုဿယကောရဗျမင်းထံမှ အဋ္ဌနဝဏ္ဏမင်္ဂလာ ဆင်တော်ကို ဆောင်ယူရလျှင် မိုးရွာပါလိမ့်မည်ဟု လျှောက်ထားကြ၏၊ ဘုရင် မင်းမြတ်လည်း ပုဏ္ဏားတော် ဂ-ယောက် ရွေးချယ်၍ ဆင်ဖြူတော်ကို အလှူ ခံစေသည်၊ ဆင်ဖြူတော်ရရှိလာသော်လည်း မိုးမရွာချေ၊ မိုးခေါင်မြဲ ခေါင်နေ သည်၊ တဖန် အမတ်များနှင့် တိုင်ပင်ထု မနုဿယကောရဗျမင်းသည် ဂရုဓမ္မ (ငါးပါးသီလ)ကို ကျင့်၏၊ ထို့ကြောင့် လခွဲတစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ် မင်း၏ အာနုဘော်ကြောင့် မိုးရွာ၏၊ ဆင်တော်ကြောင့် မဟုတ်ကြောင်း လျှောက်ထားသော် ဆင်တော်ကို ပြန်ပို့စေပြီး · မနုဿယကောရဗျမင်း စောင့်ထိန်းသည့် ဂရုဓမ္မတရားကို ဧန္ဒပြား၌ ရေး၍ ယူခဲ့ကြလော့ဟု မိန့်၏။

ကာလိင်္ဂမင်း၏ အမိန့်တော်အရ ပုဏ္ဏားတော်များနှင့် အမတ်များသည် မနုဿယကောရဗျမင်းထံသွား၍ ဂရုဓမ္မတရားတောင်းခံကြ၏၊ မနုဿယကောရဗျ မင်းသည် တစ်ကြိမ်က ကြတ္တိကာနက္ခတ်ပွဲသဘင်၌ မြားပစ်တမ်း ကစားရာ မြားတစ်စင်းသည် ရေထဲကျသွားသည်၊ ရေထဲ၌ ငါးများကို မြားထိသွား သလားဟု သံသယဖြစ်နေ၏၊ ထို့ကြောင့် သူ၏ ဂရုဓမ္မမှာ မစင်ကြယ်ဈေး၊ စင်ကြယ်စွာ စောင့်ထိန်းနေသော မယ်တော်ထံ သွားရောက် ကူးယူရန် မိန့်ကြား

သည်။ အမတ်များက သေစေလိုသော စေတနာမရှိသည့်အတွက် ပါဏာတိပါတ ကံ မှထိုက်နိုင်ပါဟု ဆိုပြီး ရေးကူးခွင့်တောင်းရာ မင်းကြီးက—

– သတ္တဝါကို မသတ်အပ်၊
– အရှင်မပေးသော ဥစ္စာကို မခိုးယူအပ်၊
– ကာမဂုဏ်၌ မှားသော အကျင့်ကို မကျင့်အပ်၊
– မုသာဝါဒကို မဆိုအပ်၊
– ယစ်မျိုးကို မသောက်စားအပ်ဟု–

ဂရုမမှကို ရေးသားစေ၏။

အမတ်တို့သည် မယ်တော်ထံ သွားရောက်၍ ဂရုမမှတရား တောင်းရာ မယ်တော်က ဂရုမမှ စောင့်ထိန်းသည်ကား မှန်၏၊ သို့သော် နိုင်ငံခြား မင်းတစ်ပါးက သားတော် ဓနဥယကောရဗျမင်းကို အဖိုးတစ်သိန်းတန် စွန့်ကူး နှံသာနှစ် တစ်ခုနှင့် တစ်ထောင်တန် ရွှေပန်းခိုင်တစ်ခု လာဆက်ရာ သားတော်က မယ်တော်အား နှစ်မျိုးလုံး ပူဇော်သည်၊ မယ်တော်သည် ချွေးမ နှစ်ယောက်ကို ခွဲဝေပေးရာ ဘုရင့်မိဖုရားကြီးအား ဘုန်းကြီးသည်ဟု ဆို၍ တစ်ထောင်တန် ရွှေပန်းခိုင်ကို ပေး၏၊ အိမ်ရှေမင်းမိဖုရားကိုမူ ဘုန်းနည်းသည်ဟု ဆိုပြီး တစ်သိန်းတန် စွန့်ကူးနှံသာနှစ်ကို ပေးမိ၏၊ ပေးပြီးမှ တဖန် စဉ်းစားမိသည်မှာ ဘုန်းကြီးမှု, မကြီးမှုသည် အဓိကမဟုတ်၊ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိအားဖြင့် ကြီးသော သူကိုသာ ဦးစားပေးရန် အစဉ်အလာရှိသည်၊ ငါ၏ လုပ်ဆောင်မှုကြောင့် ဂရုမမှ ပျက်ဆုံးလေမည်လောဟု သံသယဖြစ်မိကြောင်း၊ ထို့ကြောင့် ဘုရင့်မိဖုရားကြီးထံ သွားရောက် ကူးယူရန် ပြောကြားပါသည်။ ကာလင်္ဂအမတ်များလည်း မိမိပိုင်ပစ္စည်းမို့ မိမိနှစ်သက်သလို ပေးနိုင်ကြောင်း ပြောပြီး မယ်တော်ထံမှ ဂရုမမှတရား ကူးယူပြီး မိဖုရားကြီးထံ သွားကြသည်။

မိဖုရားကြီးကလည်း ဂရုမမှစောင့်ထိန်းပါသော်လည်း မိမိသီလကို မကျေနပ်ဟု ပြော၏၊ တစ်ကြိမ်က မောင်တော်မင်းမြတ်သည် အိမ်ရှေမင်းနှင့် အတူ ဆင်တော်စီးပြီး မြို့တော်ကို လှည့်လည်ကြည့်ရှုရာတွင် အိမ်ရှေမင်းကို မျက်စိ ကျပြီး သူဘုရင်ဖြစ်သည့်အခါ ငါ့ကို မိဖုရားဆက်မြောက်လျှင် ဘယ်လောက် ကောင်းလိုက်မလဲဟု တွေးမိပါသည်၊ နောက်မှ ကာမပိုင် လင်ရှိလျက်နှင့် ယောကျ်ားတပါးကို မတပ်မက်ထိုက်ဟု သတိရပြီး မိမိသီလ ပျက်လေပြီလောဟု သံသယဖြစ်နေသည်။ ထို့ကြောင့် မတ်တော် အိမ်ရှေမင်းထံမှ ကူးယူရန် ပြောကြားပါသည်။

ကာလိင်္အမတ်များကလည်း ကာမေသုမိစ္ဆာစာရဆိုတာ စိတ်က ကြံစည်ရုံဖြင့် မဖြစ်ပါဟုဆို၍ ရှေပြား၌ ကူးယူပြီး အိမ်ရှေ့မင်းထံ သွားကြသည်။

အိမ်ရှေ့မင်းသည် ဘုရင်မင်းမြတ်နန်းတော်သို့ ရထားဖြင့် သွားလေ့ရှိသည်၊ နန်းတော်၌ အိပ်မည်ဆိုလျှင် ကြိုးနှင့် နှင်တံကို ရထားဦးမှာ ချိပ်ထားခဲ့သည်၊ ထိုအမှတ်ဖြင့် ရထားထိန်းနှင့် နောက်လိုက်များ ပြန်လေ့ရှိသည်၊ နန်းတော်၌ မအိပ်ဘဲ ချက်ချင်းပြန်လာမည်ဆိုလျှင် ကြိုးနှင့် နှင်တံကို ရထားတွင်းမှာထားခဲ့သည်၊ ထိုအခါ နောက်လိုက်များမပြန်ဘဲ စောင့်နေရသည်၊ တစ်နေ့သောအခါ ချက်ချင်းပြန်မည်ဟု စိတ်ကူးပြီး ကြိုးနှင့် နှင်တံကို ရထားတွင်း၌ ထားခဲ့ရာ ရုတ်တရက် မိုးကြိုးရွာချ၍ ဘုရင်မင်းမြတ်က နန်းတော်၌ အိပ်ရမည်ဟု အမိန့်ရှိသဖြင့် နန်းတော်မှာ အိပ်ရသည်၊ နံနက်လင်းသောအခါ ရထားထိန်းနှင့် အိမ်ရှေ့မင်း နောက်လိုက်နောက်ပါများ မိုးရေထဲ စိုစိုစွတ်စွတ်နှင့် စောင့်နေကြသည်ကို တွေ့ရသဖြင့် လူများ ပင်ပန်းအောင်ပြုမိသည်၊ ဂရုဓမ္မများ ပျက်လေမလားဟု သံသယ ဝင်နေသည်၊ ထို့ကြောင့် ပုရောဟိတ်ပုဏ္ဏားထံ တောင်းယူရန် ပြောသည်။

ကာလိင်္အမတ်များက စိတ်စေတနာ မရှိသည့်အတွက် အပြစ်မရှိနိုင်ပါဟု ဆို၍ ရှေးနည်းတူ ရှေပြား၌ ရေးကူးပြီး ပုရောဟိတ်ပုဏ္ဏားထံ သွားကြသည်။

ပုရောဟိတ်ပုဏ္ဏားကြီးက တစ်ကြိမ်က မင်းကြီးထံ အခစားသွားရာ လမ်း၌ အခြားမင်း၏ သံတမန်များသည် မနုဿယကောရဗျမင်းကြီးအား ဆက်သရန် ယူလာသော နေလုလင်ရောင်ကဲ့သို့ တောက်ပသော ရထားတစ်စီးကို မြင်၍ ငါအရွယ်ကြီးပြီ၊ မင်းမြတ်က ဤရထားကို ငါ့အားပေးလျှင် သိပ်ကောင်းမည်ဟု အကြံဖြစ်မိပါသည်၊ နန်းတော်ရောက်၍ ဘုရင်မင်းမြတ်အား "ဇယတု ဘဝံ မဟာရာဇ"ဟု ဆို၍ ခစားမိသည်နှင့် တပြိုင်နက် သံတမန်များက ရထားကို ဆက်သရာ ဘုရင်မင်းကြီးက ရထားက သိပ်ကောင်းနေတယ်၊ ဆရာနှင့် တော်တယ်ဟုဆို၍ ငါပုရောဟိတ်အား ပေးပါသည်၊ အကြိမ်ကြိမ်ငြင်းခဲ့ပါသည်၊ ငါသည် ဂရုဓမ္မကို စောင့်ထိန်းသူဖြစ်ပါလျက် သူတပါးပစ္စည်းကို လောဘရမ္မက်တပ်ပြီး ကြံစည်မိသည်၊ ဤအတွက် သီလပျက်ပြီလားဟု သံသယဖြစ်မိကြောင်း ပြောပြ၍ မြေတိုင်းအမတ် (ကြိုးဆွဲအမတ်)ထံ သွားရန် ပြောပါသည်။

ကာလိင်္အမတ်များလည်း လောဘဖြစ်ခါမျှနှင့် သီလမပျက်နိုင်ပါဟု ပြော၍ ရှေးနည်းတူ ရှေပြား၌ကူးယူပြီး မြေတိုင်းအမတ်ထံ သွားကြသည်။

မြေတိုင်းအမတ်သည် တစ်ကြိမ်က သူကြွယ်တစ်ဦး၏ လယ်မြေကို တိုင်းရ၏၊ ကြိုးစွန်းနှစ်ဖက်ကို လှံတံနှစ်ချောင်းခွ် ချည်ဖွဲ့၍ တစ်ခုသော လှံတံကို လယ်ရှင်အား ကိုင်စေပြီး တစ်ခုသော လှံတံကို မြေတိုင်းအမတ် ကိုင်ရ၏၊ အမတ်ကိုင်သော လှံတံအဖျားသည် တစ်ခုသော ပုစွန်တွင်းဝတည့်တည့် ကျရောက်၏၊ ပုစွန်တွင်းသည် လှံတံစိုက်ရမည့် နေရာတည့်တည့်ဖြစ်၏၊ ပုစွန်တွင်းခွ် စိုက်လျှင် ပုစွန်သေအံ့၊ ပုစွန်တွင်း၏ ထိုကစ်ဖက်မှာ လှံတံစိုက်လျှင် မင်း၏ဥစ္စာနစ်နာမည်၊ ပုစွန်တွင်း၏ ဤတစ်ဖက်မှာ လှံတံစိုက်လျှင် လယ်ရှင်သူဌေး နစ်နာမည်၊ ဤသို့ဖြစ်စဉ် ပုစွန်တွင်းမှာ ပုစွန်ရှိလျှင် ထင်ရှားရမည်၊ ပုစွန်ထွက်လာရမည်ဟု ဆုံးဖြတ်၍ ပုစွန်တွင်းခွ်သာလျှင် လှံတံစိုက်၏၊ ပုစွန်သည် "ကရိ" ဟူသော အသံမည်လာ၏၊ ထို့ကြောင့် လှံတံသည် ပုစွန်၏ကျောပေါ် ကျဟန်တူ၏၊ ပုစွန်သေအံ့ထင်၍ ဂျုဝမ္မသိလပျက်သွားပြီလောဟု သံသယဖြစ်ကြောင်း ပြောပြပြီး ရထားထိန်းထံ သွားရန်ပြောသည်။ ကလိင်္ဂအမတ်များကလည်း ပုစွန်ကို သေစေလိုသော စိတ်စေတနာမရှိ၍(ပါဏာတိပါတ)ကံ မမြောက်ပါဟု ဆို၍ရှေးနည်းဟူရွေ့ပြား၍ ကူးယူပြီး ရထားထိန်းထံ သွားကြ၏။

ရထားထိန်းက သူ၏ သီလကို မကျေနပ်သေးဟု ဆို၏။ ရထားထိန်း၏ သီလွန်မြင်းများသည် သေသေချာချာ သင်ကြားထား၍ အလွန်လိမ္မာ ကြ၏၊ အချက်သိ၏၊ တစ်ကြိမ်က ဘုရင်မင်းမြတ်သည် ရထားဖြင့် ဥယျာဉ်တော်ကစားထွက်တော်မူရာ ညနေစောင်းတွင် မြို့တော်သို့ မရောက်မီ နေဝင်၍ မိုးတိမ်များ တက်လာ၏၊ မင်းကြီးမိုးစိုမည်ကို စိုးရိမ်ပြီး သိန္ဓောမြင်းများကို နှင်တံဖြင့် အချက်ပြလိုက်၏။ သိန္ဓောမြင်းများ လျင်မြန်စွာ ပြေးသွားကုန်၏၊ ထိုအခါမှစ၍ ဥယျာဉ်တော်သို့ သွားသောအခါဖြစ်စေ၊ ဥယျာဉ်တော်မှပြန်လာသောအခါဖြစ်စေ၊ ထိုနေရာသို့ ရောက်တိုင်း သိန္ဓောမြင်းများသည် အလျင်အမြန် ပြေးကုန်၏။ ဤနေရာ၌ ဘေးအန္တရာယ် ရှိ၍သာ ရထားထိန်းက သူတို့အား အချက်ပေးသည်ဟု ယူဆပြီး အလျင်အမြန် ပြေးကြသဖြင့် ပင်ပန်းကြကုန်၏။ ထို့အတွက် မိမိဂရုမမွေလ ပျက်ပြီလောဟု သံသယ ဖြစ်မိ၍ ထို့ကြောင့် သူဌေးကြီးထံ သွားရောက် ကူးယူကြရန် ပြောသည်။

ကာလိင်္ဂအမတ်များသည် သိန္ဓောမြင်းများကို ပင်ပန်းစေလိုသော စိတ်စေတနာမျိုးဖြင့် အချက်ပြခြင်း မဟုတ်၍ စေတနာမပါသော အမှုသည် ကံမမြောက်ဟု ပြောပြီး ရှေးနည်းတူ ရွေ့ပြား၍ ကူးယူပြီး သူဌေးကြီးထံ သွားကြလေသည်။

သူဌေးကြီးသည် တစ်ကြိမ်က သူပိုင်သော လယ်တောသွား၍ အပြန်တွင် ကောက်နှံပန်းကို ပန်ဆင်လိုသဖြင့် သလေးစပါးနှံ တစ်နှံကို ယူ၍ ဦးသျှောင်၍

ပန်၏၊ နောက်မှ စဉ်းစားမိသည်မှာ မင်းအတွက် အခွန်မပေးရသေးသော လယ်မှ သလေးနှံ တစ်ဆုပ်ကို ယူခဲ့မိသည်၊ ဤအတွက် စောင့်ထိန်းထားသော ဂရုဓမ္မသီလမျှား ပျက်လေပြီလားဟု သံသယဝင်မိပါသည်။ ထို့ကြောင့် ပြည်စိုးမင်းထံ သွားရောက်ကူးယူရန် ပြောပါသည်။

ကာလိင်္ဂအမတ်များသည်၊ သူ့ဌေးကြီးမှာ ခိုးလိုစိတ် မရှိသဖြင့် အပြစ်မရှိ နိုင်ပါဟု ဆို၍ ရှေးနည်းအတူ ဌေပြား၌ ရေးကူးပြီး ပြည်စိုးအမတ်ထံ သွားကြလေသည်။

မှတ်ချက်။ ။ပြည်စိုးအမတ်ဆိုသည်မှာ ဆန်ခြင်သော် ပြည်တော်ဝင်းကို အုပ်စိုးရသော အမတ်ဖြစ်၏၊ ရှေးနိဿယတို့၌ တင်းခြင်အမတ်ဟု ရေး၏၊ သီလဖလုပ္ပတ္တိကျမ်း၌ တည်သည်အမတ်ဟု ဖော်ပြ၏၊ ကုန်းဘောင်ခေတ် ကျိဝန်အမတ်နှင့် တူ၏၊ ပုဂံခေတ်တွင်မူ ပြည်စိုးအမတ် ဝေဟာရရှိ၏၊ ယင်းအမတ်မှာ မြို့ရွာအုပ်ချုပ်ရေး၌ ပါဝင်ရ၏။

ပြည်စိုးအမတ်သည် တစ်ကြိမ်က ဘုရင်မင်းမြတ်၏ အဖို့ဖြစ်သော စပါးများကို ခြင်စေပါသည်၊ ထိုသို့ ခြင်တုယ်သောအခါ မခြင်ရသေးသည့် စပါးပုံထဲမှ စပါးများကို ယူပြီး ဂရို့အဖြစ် အသုံးပြုပါသည်၊ မကြာမီ မိုးရွာသဖြင့် ဂရို့အဖြစ်ယူထားသော စပါးများကို အမှတ်တမဲ့ စပါးပုံတစ်ခုထဲသို့ ထည့်လိုက်မိသည်၊ ဤသို့ထည့်ပြီး မိုးခိုရန် ကျီထဲဝင်နေလိုက်သည်၊ ထို့နောက် ပြန်လည် စဉ်းစားသောအခါ ဂရို့ချိုးရန် စပါးစုကို မင်း၏ စပါးပုံထဲ ထည့်မိသလော, မခြင်ရသေးသည့် စပါးပုံထဲ ထည့်မိလေသလောဟု သံသယ ဖြစ်မိ၏၊ မင်း၏ စပါးပုံထဲ ထည့်မိလျှင် မင်းဘဏ္ဍာတော်ကို မတရားသဖြင့် တိုးအောင် လုပ်ရာကျ၍ လယ်သမားတို့၏ ဘဏ္ဍာကို ဖျက်ဆီးရာ ကျ၏၊ မိမိသီလကို သံသယဖြစ်မိသောကြောင့် တံခါးမှူးထံ သွားရောက်ကူးယူရန် ပြောသည်။

ကာလိင်္ဂ အမတ်များက ခိုးယူလိုသောစိတ် မရှိ၍ အပြစ်မရှိ နိုင်ပါ၊ အဒိန္နာဒါနကံ ဆိုသည်မှာ ခိုးယူလိုသော စိတ်ရှိမှ ဖြစ်ပါသည်ဟု ဆို၍ ရှေးနည်းတူ ဌေပြား၌ ရေးကူးပြီး တံခါးမှူးထံ သွားကြသည်။

တံခါးမှူးသည် တစ်ကြိမ်က ညချမ်းအခါ မြို့တံခါးကို ပိတ်မည်ဟု သုံးကြိမ် တိုင်တိုင် ကြေးကြော်ပြီး ပိတ်ခါနီးဆဲဆဲ၌ ဆင်းရဲသား တစ်ယောက်နှင့် မိန်းမပျိုလေးတစ်ဦးတို့ အရေးတကြီး မြို့ထဲဝင်ရန် ရောက်လာကြသည်၊ ထိုအခါ တံခါးမှူးက မင်းမဲ့တိုင်းပြည်မဟုတ်၊ အချိန်နှင့် တံခါးပိတ်မည်ကို မသိသလော၊ မိန်းမကို ခေါ်ပြီး တစ်နေ့လုံး ကာမဂုဏ်အပျော်ကြူးနေသည်မှာ မကောင်းဟု

မာန်မဲပြောဆိုလိုက်သည်၊ ထိုအခါ ဆင်းရဲသားက ထိုကလေးမသည် သူ၏ နှမဖြစ်ကြောင်း ပြန်ပြောသည်၊ ဤတွင် မမှန်မကန် ပြောဆိုမိသည့်အတွက် ဂရုမမူသိလ ပျက်သွားပြီဓလာဟု သံသယဖြစ်မိ၏၊ထို့ကြောင့် ပြည့်တန်ဆာမထံ သွားရောက်ကူးယူရန် ပြောသည်။ ကာလိင်္ဂအမတ်များလည်း တံခါးမှူး၏ စိတ်ထဲမှာ မယားထင်မိလို့ ပြောခြင်း ဖြစ်၍ သိလျက်နှင့် မုသားပြောခြင်း မဟုတ်သဖြင့် မုသာဝါဒမဖြစ်၊ အပြစ်မရှိပါဟု ပြောပြီး ရှေးနည်းတူ ရွှေပြားခွံ ရေးကူးပြီး ပြည့်တန်ဆာမထံ သွားကြသည်။

ပြည့်တန်ဆာမသည် တစ်ကြိမ်က လှုလင်ပျိုတစ်ယောက် လာလတ်၍ ကျွန်ုပ်လာပါအုံဟုဆိုကာ ငွေတစ်ထောင်ပေးပြီး ထွက်သွားသည်၊ သီလပျက်မှာ စိုးသဖြင့် အခြားသော ယောကျ်ားထံမှ ကွမ်းတစ်ရာမျှ မယူဘဲ ၃-နှစ် ကြာအောင် စောင့်နေခဲ့ပါဘည်၊ ပြည့်တန်ဆာမသည် ဝင်ငွေမရှိ ဆင်းရဲ၍ အသက်မွေး ကြပ်တည်းလာသဖြင့် တရားသူကြီးထံ အဆုံးအဖြတ် ခံပါသည်၊ ငွေတစ်ထောင်ပေးသော ယောကျ်ားသည် သေသည် မသိ၊ ရှင်သည် မသိ၊ မလာသည်မှာ ၃-နှစ်တိုင် ရှိပါပြီ၊ မည်သို့ပြုရမည်ကို အဆုံးအဖြတ်ပေးပါရန် လျှောက်၏၊ တရားသူကြီးလည်း ယနေ့မှ စ၍ အခြားယော်ကျ်ား လက်ခံခွင့် ရှိသည်ဟု အဆုံးအဖြတ် ပေး၏၊ တရားရုံးမှ ထွက်လာသောအခါ ယော်ကျ်း ထစ်ယောက် ငွေတစ်ထောင် လာပေးသည်၊ ငွေတစ်ထောင်ကို ယူမည်ဟု လက်ကို ဖြန့်လိုက်စဉ် လွန်ခဲ့သော သုံးနှစ်က ငွေတစ်ထောင်ပေးခဲ့သော လှုလင်ပျိုသည် ရုတ်တရက် ပေါ်လာသည်၊ ထိုအခါ ငွေလက်ခံရန် ဖြန့်ထားသော လက်ကိုပြန်ရုပ်သိမ်းလိုက်သည်၊ထိုလှုလင်ပျိုလည်း နတ်သိကြားဖြစ်၍ တက်သစ်စ နေလှုလင်ကဲ့သို့ ထွန်းပလျက် ကောင်းကင်၌ တည်၏၊ တစ်မြို့လုံး လူများစုဝေး လာ၏။ သိကြားမင်းက ဤပြည့်တန်ဆာမ၏ သီလကို စုံစမ်းလိုသည့်အတွက် လွန်ခဲ့သော ၃-နှစ်က လှုလင်ပျိုဟန်ဆောင်ပြီး ငွေတစ်ထောင် ပေးခဲ့သည်၊ သီလစောင့်သော သူသည် ဤပုဂ္ဂိုလ်ကဲ့သို့ သီလစောင့်ရမည်၊ စံယူရမည်ဟု ဆုံးမသြဝါဒပေး၍ ပြည့်တန်ဆာမ၏ တစ်အိမ်လုံးကို ရတနာ ၇-ပါးဖြင့် ပြည့်စေသျက် ဆုံးမသြဝါဒပေး၍ ပြန်သွားသည်၊ သို့ရာတွင် လက်ခံယူထား ပြီးသော ငွေအတွက် တာဝန်မကျေမိ အခြားလူတစ်ယောက်ထံမှ ငွေယူရန် လက်ဖြန့်ခံမိခြင်းအတွက် မိမိသီလကိုမနှစ်သက်သဖြင့် ဂရုမမူသီလကို မပေးလိုဟု ငြင်းဆိုသည်၊ ကာလိင်္ဂအမတ်များလည်း လက်ဖြန့်ရုံဖြင့် သီလမပျက်နိုင်ပါဟု ဆို၍ ရေးကူးခွင့်ပန်ကြားပြီး ပြည့်တန်ဆာမ၏သီလကို ရှေးနည်းတူ ရွှေပြားခွံ ရေးကူးယူကြကုန်၏။

ဤသို့ကာလိင်္ဂအမတ်များသည် တစ်ကျိပ်တစ်ယောက်သော သူတို့၏ ဂရုဓမ္မသီလကို ရှေးပြား၌ ရေကူးယူပြီး ကာလိင်္ဂတိုင်း ဒန္တပုရမြို့ ကာလိင်္ဂမင်းအား ဆက်သကြကုန်၏၊ ကာလိင်္ဂမင်းနှင့်တကွ အမတ်များ တိုင်းသူ ပြည်သားများသည် ရှေးပြား၌ပါသည့် ဂရုဓမ္မခေါ် ငါးပါးသီလကို စင်ကြယ်အောင် စောင့်ထိန်းကုန်၏၊ ထိုခဏ၌ ကာလိင်္ဂတစ်တိုင်းပြည်လုံး မိုးရွာ၍ ဆာလောင်မွတ်သိပ်သော ဘေး၊ ရောဂါထူပြောသော ဘေး၊ အစာမရှိသောဘေး ဟူသော ဘေးသုံးပါးမှ လွတ်မြောက်ပြီး သာယာဝပြောလာခဲ့သည် (ဇာ၁၁။ဂ၁။ ဇာ၁၄၊၂။၃၃၀–၃၄၂)။

ငါးပါးသီလ၏ အကျိုးကျေးဇူးများ

ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းသော ပုဂ္ဂိုလ်သည် အောက်ပါ အကျိုးငါးပါးကို ခံစားရသည်ဟုမြတ်စွာဘုရားသည် ပါဠိလိရွာသား ဥပါသကာများကို ဟောကြားတော်မူခဲ့သည်၊ သီလရှိ၍ မမေ့မလျော့ သတိရှိသူသည်—

(၁) များမြတ်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရခြင်း၊

(၂) ကောင်းသော ဂုဏ်သတင်း ကျော်စောမှုရှိခြင်း၊

(၃) မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်တို့ အလယ်၌ ရဲရင့် တည်ကြည် ရှင်းလန်းသော မျက်နှာရှိ၍ ချဉ်းကပ်ရခြင်း၊

(၄) သေသောအခါ မတွေဝေဘဲ စိတ်ကြည်ကြည်လင်လင် သေရခြင်း၊

(၅) သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ ရောက်ရခြင်း—

အကျိုးကျေးဇူးများကို ခံစားရသည် (ပဥ္စင်္ဂုတ္တရပါဠိတော် သီလသုတ်။ ဝိနယမဟာဝဂ္ဂ ဘေသဇ္ဇက္ခန္ဓကပါဠိလိင်္ဂါမဝတ္ထု။ ခုဒ္ဒကနိကာယ ဥဒါနပါဠိတော် ပါဠိလိင်္ဂါမိယဝတ္ထု)။

ပဥ္စသီလသမာဒါနိယထေရ်

ဤကမ္ဘာမှ ပြန်၍ရေသော် ၁၀၈-ကမ္ဘာထက်၌ အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူ၏၊ ထိုဘုရားရှင်လက်ထက် ဗန္ဓုမတီပြည်၌ သူဆင်းရဲယောကျ်းသည် စာရင်းငှါးလုပ်၍ အသက်မွေးရ၏၊ ထိုသူဆင်းရဲယောကျ်းသည် ရဟန်းလည်းမပြုနိုင်, လှူဖွယ်ဝတ္ထု မရှိခြင်းကြောင့်လည်း ဒါနမပြုနိုင် ငါးပါးသီလကို သာလျှင် လုံခြုံအောင် စောင့်ထိန်းတော့မည်ဟု ဆုံးဖြတ်၍ နိသဘမထေရ်ထံ ငါးပါးသီလ ခံယူ၍ အနှစ်တစ်သိန်း ကာလပတ်လုံး ဆောက်တည်၏၊ ထို

ငါးပါးသီလကို စောင့်ထိန်းမှုကြောင့် သေလွန်သောအခါ တာဝတိံသာ နတ်ပြည်၌ နတ်သမီးအပေါင်း ခြံရုံလျက် သိကြားမင်းဖြစ်ရလေသည်၊ သိကြားမင်းအဖြစ် အကြိမ် ၃၀၊ လေးကျန်းလုံးကို အစိုးရသော စကြဝတေးမင်းအဖြစ် ၇၅-ကြိမ်၊ ပဒေသရာဇ် ဧကရာဇ်မင်းအဖြစ်ကိုမူကား မရေမတွက်နိုင်အောင် ခံစားရလေသည်။ဂေါတမဘုရားရှင် လက်ထက်တွင် ဝေသာလီပြည် စည်းစိမ်ဥစ္စာကြွယ်ဝသော မဟာသာလ သူကြွယ်မျိုး၌ ဖြစ်၍ ငါးနှစ်သားအရွယ်ရောက်သောအခါ မိဘတို့နှင့် အတူ ကျောင်းသို လိုက်၍ ငါးပါးသီလ ခံယူလေသည်၊ ရွှေးကောင်းမှုနှင့်လျော်စွာ ငါးနှစ်သားအရွယ်ကပင် ရဟန္တာဖြစ်၍ ရှင်ရဟန်းပြုလေသည်။ ငါးပါးသီလကို ဆောက်တည်ခဲ့ဖူးသောကြောင့် ပဥ္စသီလ သမာဒါနိယထေရ်ဟု ထင်ပေါ်ကျော်ကြားသည်။

အနှစ်တစ်သိန်း ဆောက်တည်၍ အကျိုးကြီးသည်ကို မဆိုထားဘိ တခဏာတာမျှ ဆောက်တည်ရသောကြောင့် အကျိုးကြီးပုံကို ဤသို့မှတ်အပ်၏။

ဆတ္တမာဏဝ လုလင်

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သေတဗျမြို့မှ ဆင်းရဲသား ဆတ္တမာဏဝလုလင်၏ ငါးပါးသီလတည်အံ့သည်ကို မြင်တော်မူ၍ ဆတ္တမာဏဝလုလင် လာရာ၌ ကြွရောက်နေတော်မူသည်။

ဆတ္တမာဏဝလုလင်သည် သေတဗျမြို့မှ ဥက္ကဋ္ဌမြို့ရှိ မိမိအား အတတ်သင်ပေးသော ပေါက္ခရသာတိပုဏ္ဏားကြီးထံ ဂရုဒက္ခိဏာ=ပညာသင်ကြေး(ဆရာခ) ပေးရန်အသွားတွင် လမ်းခရီး၌ မြတ်စွာဘုရားအား တွေ့လေ၏၊ မြတ်စွာဘုရားရှင်က ဆတ္တမာဏပ လုလင်အား သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဟောကြားတော်မူရာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုဆောက်တည်၍ ခရီးဆက်သွား၏၊ လမ်းတွင် စောင့်နေလော ဓားပြများက လူကိုသတ်၍ ပစ္စည်းကို ယူသွားကြလေ၏၊ ဆတ္တမာဏဝလုလင်သည် သရဏဂုံနှင့်ငါးပါးသီလ ဆောက်တည်ခြင်းအကျိုးကြောင့် တာဝတိံသာနတ်ပြည်၌ ယူဇနာ ၃၀-ကျယ်သော ဗိမာန်၌ နတ်သားဖြစ်လေ၏။

ပဥ္စသီလကို လွန်ကျူးရာ၌ အပြစ်ကို ပြခြင်း

မြတ်စွာဘုရား တားမြစ်အပ်သော ဝါရိတ္တဟု ဆိုအပ်သော ငါးပါးသီလမှ ပေါက်ကြားကျူးလွန်ခဲ့မူ ထမ်းဆောင်၍လာသော ဝန်ထုပ်ကြီးကို ပစ်ချသကဲ့သို့ ထို့အတူ သေသည်၏ အခြားမဲ့၌ အပါယ်ဝရဲကျစေတတ်၏။

(၁) သီလပျက်၍ မေ့လျော့ခြင်းလျှင် အကြောင်းရှိသော မျှားစွာသော စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း၊

(၂) မကောင်းသတင်း ကျော်စောခြင်း၊

(၃) ကြောက်ရွံ့ထိတ်လန့် မရှင်ပြသော မျက်နှာရှိသည်ဖြစ်၍ ပရိသတ်မျှားသို့ ချဉ်းကပ်ရခြင်း၊

(၄) ပြင်းစွာ တွေဝေမိန်းမောသည် ဖြစ်၍ သေရခြင်း၊

(၅) သေသည်၏ အခြားမဲ့၌ အပါယ်သို့ ရောက်ရခြင်း-

ဟူသော ဆိုးကျိုးမျှားကို ခံစားရပါသည်။

ဖါဏာတိပါတစသော သိက္ခာပုဒ်တော်တို့ကို မစောင့်ရှောက်ဘဲ ကျူးလွန်သောသူတို့သည် ငါးပါးသော ဒုစရိုက်နှင့် ပြည့်စုံရကား ဝေးသော အရပ်မှ ထမ်းဆောင်လာသော ဝန်ထုပ်ကို ပစ်ချဘိသကဲ့သို့ ထို့အတူ အပါယ်ဝရဲ့၌ မိမိကိုယ်ကို ပစ်ချလေ၏၊ ထို့ကြောင့် ပါဏာတိပါတ စသော ဒုစရိုက်တရား ငါးပါးတို့သည် ပြစ်မှားကျူးလွန်သောသူ၏ အတွင်းရန်လည်း မည်၏၊ သံသရာရှည်ဝေး ဒုက္ခပေးသောကြောင့် ဘေးဘယလည်း မည်၏၊ ထို့ဘေးတို့ကို မပယ်လှန်ဘဲ သိမ်းပိုက်၍ ဒုစရိုက်တရားငါးပါး ပွားများသောသူကို ဒုဿီလဟူ၍လည်း ဆိုအပ်၏၊ ငါးပါးသီလကို လွန်ကျူးသော ဒုဿီလပုဂ္ဂိုလ်သည် ပုံပန်းရုပ်အို ထန်းငုတ်တိုကဲ့သို့ အမြင်မကောင်း ဉီးခေါင်းမရှိသော သူနှင့်လည်း တူ၏၊ ဉီးခေါင်းမရှိသောသူသည် ကျက်သရေ ကင်းပြတ်၍ ပရိသတ်အလယ်၌ မတင့်တယ်၊ မင်္ဂလာ ကျက်သရေလည်း မရှိ၊ သိသူ ကြားသူ ခပ်သိမ်းတို့သည် ရွှောင်ရှားကြကုန်၏၊ အပေါင်းအသင်း မပြုကြကုန်၊ အသက်ရှင်လျက်လည်း လူတွင် နုပ်သေး ပုပ်ဆွေးသည် မည်၏၊ ထို့လူပုပ် လူဆွေး လူနုံမမွေးသောသူသည် သေသောအခါလည်း ဟန်မရ၊ ရှင်သောအခါလည်း ဆင်းရဲရ၏၊ စုတိပြတ်ကြွေသေသောအခါ၌လည်း ကိုးကွယ်ဆုမရ ဒုဂ္ဂတိလေးသွယ် အပါယ်လေးပါးသို့သာ လားရလေသည်။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၂၉—ပ-မ-သ-စ

ဗြဟ္မစရိယငါးပါးသီလ

(အပျိုစင် လူပျိုစင်တို့၏ ကျင့်စဉ်)

ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို မဆောက်တည်ဘဲ ယင်းအစား မေထုန်အကျင့်မှ ရှောင်ရှားခြင်း အဗြဟ္မစရိယ သိက္ခာပုဒ် ဆောက်တည်သည်ကို အမျိုးသမီးများ၌ "ကောမာရီဗြဟ္မစရိယ"ဟု ခေါ်၍ အမျိုးသားများ၌ "ကောမာရဗြဟ္မစရိယ" ဟု ခေါ်သည်။ (ကုမာရ= လူပျိုစင်၊ ကောမာရ=လူပျိုစင် ကျင့်စဉ်၊ ကုမာရီ=အပျိုစင်၊ ကောမာရီ= အပျိုစင် ကျင့်စဉ်။)

အဗြဟ္မစရိယ အဓိပ္ပါယ်

"မေထုန်အကျင့်မှ ရှောင်ကြဉ်၏"ဟူ၍ဖြစ် မေထုန်ဟူသည် မိန်းမယောကျ်ားနှစ်ဦးသားတို့၏ ပျော်မြူးပေါင်းဖက် ဆက်ဆံခြင်းကို မေထုန်အကျင့်ဟု ခေါ်ပါသည်၊ ယင်းမေထုန်အကျင့်ကို အဗြဟ္မစရိယ=မမြတ်သော အကျင့်ဟု ခေါ်ပါသည်၊ ယင်းအဗြဟ္မစရိယမှ ရှောင်ကြဉ်ခြင်း ဖြစ်သည်၊ ဇနီးခင်ပွန်းချင်း ပေါင်းသင်း ဆက်ဆံမှုကိုသော်မှ ရှောင်ကြဉ်ရသော အကျင့် ဖြစ်လေသည်။ (အ+ဗြဟ္မ+စရိယ = ဗြဟ္မ = မြင့်မြတ်သော+စရိယ=အကျင့်= ဗြဟ္မစရိယ =မြတ်သောအကျင့်၊ အဗြဟ္မစရိယ=မမြတ်သောအကျင့်= မေထုန်အကျင့်။)

ကာမေသုမိစ္ဆာစာရ၌ မိမိတို့ဇနီးခင်ပွန်း အချင်းချင်း ပေါင်းသင်းဆက်ဆံခွင့်ရပါသည်၊ ယောကျ်ားတို့မှာ အုပ်ထိန်းသူရှိသော မိန်းမ ၂၀-တို့၌ မကျူးလွန်ရ၊ ကာမပိုင်ရှိသော အမျိုးသမီး ၁၂-ယောက်တို့မှာ ယောကျ်ားများနှင့် ပေါင်းဖော်ခွင့် မရပါ၊ ပေါင်းဖော်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။

မေထုန်အကျင့်သည် လူဘဝ၌သာ ရှိသည် မဟုတ်၊ နတ်ပြည်မှာလည်း ရှိလေသည်။ အောက်ဆုံးအဆင့် တိရစ္ဆာန်များမှာလည်း ရှိ၏၊ မျက်စိဖြင့် မမြင်နိုင်လောက်သော သေးငယ်သော ပိုးမွှားကလေးများ၌လည်း ရှိ၏၊ ဤအကျင့်ကိုမစွန့်နိုင်သရွေ့ သံသရာဆင်းရဲ၌ တဝဲလည်လည် ခံစားနေရမည်သာ ဖြစ်ပါသည်၊ ဆင်းရဲခြင်း ဟူသမျှသည် ဤအကျင့်ကို မရှောင်နိုင်မှုမှ စ၍ ဖြစ်လေသည်။

ဥဒယဘဒ္ဒမင်းသားနှင့် မင်းသမီး

ဘုရားအလောင်းနှင့် ယသောဓရ အလောင်းတို့သည် ဥဒယဘဒ္ဒမင်းသားနှင့် ဥဒယဘဒ္ဒမင်းသမီးဟူသော အမည်ဖြင့် သုဂတုန္နနပြည်ကြီးကို မင်းမိဖုရားအဖြစ်ဖြင့် အုပ်ချုပ်ခဲ့လေသည်။ သူတို့သည် ဘတူမိကဲ့ မောင်နှမဖြစ်ကြ၏။ အသိလိမ္မာဉာဏ်ပညာ ရင့်သန်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည့် ပါရမီရှင်များ ဖြစ်ကြသည်အားလျော်စွာ မင်းမိဖုရားအဖြစ်ဖြင့် နေကြသော်လည်း ကာမဂုဏ်၌ စိတ်မညွတ်ကြဘဲ နှန်းတော်ဆောင် တစ်ခန်းတည်းမှာပင် စင်စင်ကြယ်ကြယ် စံတော်မူကြပါသည်။ ကျူးလွန် ဖောက်ပြားခြင်း မရှိ၊ ပကတိဖြူစင်သော မေတ္တာဖြင့်သာလျှင် အသက်ထက်ဆုံး စောင့်စည်း နေထိုင်ကြသည်။

ပိပ္ပလိလုလင်နှင့် ဘဒ္ဒါကာပိလာနီ

ဘဒ္ဒါကာပိလာနီနှင့် ရှင်မဟာကဿပ အလောင်း ပိပ္ပလိလုလင်တို့သည် လက်ထပ်ထိမ်းမြား၍ ဇနီးမောင်နှံ ဘဝ ရောက်သော်လည်း ကာမဂုဏ်ဆက်ဆံမှုဖြင့် မဒေပါင်းသင်းဘဲ သန့်ရှင်းသော မောင်နှမစိတ်ဖြင့် နေထိုင်ကြ၏ (ထေရီ မြန်မာပြန်။ ၂၆)။

သုဝဏ္ဏသျှာမ်ဇာတ်တော်၌ ဒုက္ကူလနှင့် ပါရိကာတို့သည် ငြိဟ္ဗစရိယဖြင့် သီလကို ဆောက်တည်ခဲ့ကြသည်။

ကိကီမင်းကြီး၏ သမီးတော် ၇-ယောက်

ကဿပဘုရားရှင် လက်ထက်တော်၌ ကာသိတိုင်း ဗာရာဏသီပြည့် ကိကီမင်းကြီး၌ သမီးတော် ၇-ယောက် ရှိ၏၊ ခေမာဓရီ အလောင်း သမဏီ၊ ဥပ္ပလဝဏ်အလောင်း သမဏဂုတ္တာ၊ ပဋာစာရီအလောင်း ဘိက္ခုနီ၊ ကုဋ္ဌလကေသာအလောင်း ဘိက္ခုဒါသိကာ၊ ကီသာဂေါတမီ အလောင်း ဓမ္မာ၊ ဓမ္မဒိန္နာအလောင်း သုဓမ္မာ၊ ဝိသာခါအလောင်း သံဃဒါယိကာတို့ ဖြစ်ကြ၏ (အပ၊ ၂။ ၂၂၄၊ ၂၃၃၊ ၂၄၁၊ ၂၄၅၊ ၂၄၆)။

အဂ်ုတ္တိရ် အဋ္ဌကထာ အတွဲ(၁)နှင့် ဇာတက အဋ္ဌကထာ အတွဲ(၇)တို့၌ကား ကီသာဂေါတမီ အလောင်း ဘိက္ခုဒါယိကာ၊ ဓမ္မဒိန္နာအလောင်း ဓမ္မာ၊ မဟာမာယာအလောင်း သုဓမ္မာဟု ဆိုလေသည်။

ယင်းကိကီမင်းကြီး၏ သမီးတော် ၇-ယောက်တို့သည် ငယ်ရွယ်စဉ်ကပင် အနှစ် ၂-သောင်းတိုင်အောင် ငယ်သွေးငယ်မှု ဖြူဖြူစင်စင်ဖြင့် ဤငြိဟ္ဗစရိယသီလကို ပုဒ်စောင့်သုံးလျက် အသက်ထက်ဆုံး နေထိုင်ခဲ့ကြလေသည်။ ဤအကျင့်မျိုးကို ကောမာရီငြိဟ္ဗစရိယ(အပျိုစင်အကျင့်)ဟု ခေါ်၍ ကောမာရငြိဟ္ဗစရိယ(လူပျိုစင်အကျင့်)ဟု ခေါ်လေသည်။

ယင်းသီလကို အောက်ပါပုဂ္ဂိုလ်များ ဆောက်တည်ခဲ့ကြောင်း သာဓက ရှိပါသည်—

ပုဏ္ဏာ ဥပါသကာ

ဂေါတမဘုရားရှင်လက်ထက် ဗြဟ္မစရိယ ငါးပါးသီလကို **ပုဏ္ဏာဥပါသကာ** ဆောက်တည်ကြောင်း အင်္ဂုတ္တရ ဆက္က နိပါတ် မိဂသာလာသုတ် (၃၀၅) တွင် ဖော်ပြထားသည်၊ ယင်းဥပါသကာသည် သကဒါဂါမ်အဖြစ်ရောက်၍ တုသိတာ နတ်ပြည်၌ ဖြစ်၏။

ဂဝေသီဥပါသကာ

ပဋ္ဌဂုံတ္တရပါဠိတော် ဂဝေသီသုတ် (၁၀၉)၌ ကဿပ မြတ်စွာဘုရားလက်ထက် တော်အခါက ဂဝေသီ ဥပါသကာသည် ဤ သီလကို စောင့်ထိန်းကြောင်း လာရှိသည်။

ဥဂ္ဂသူကြွယ်

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်း၌ သီတင်းသုံးတော်မူစဉ် အုံဖွယ် ဂ-ပါးနှင့် ပြည့်စုံသော ဝေသာလီပြည်ဆား ဥဂ္ဂသူကြွယ်နှင့် ဝင်္ဂီတိုင်း ဟတ္ထိဂါမရွာနေ ဥဂ္ဂသူကြွယ်တို့သည် ဗြဟ္မစရိယ ငါးပါးသီလကို ဆောက်တည်ကြောင်း အင်္ဂုတ္တရ ပါဠိတော် (၉၂)၌ ဟောကြားခဲ့သည်။

နကုလမာတာနှင့် နကုလပိတာ

မြတ်စွာဘုရားရှင်သည် ဘဂ္ဂတိုင်း သုသုမာရဂိရိပြည် ဘေသကဋာတော၌ သီတင်းသုံးနေတော်မူစဉ် အုံဖွယ် ဂ-ပါးနှင့် ပြည့်စုံသော နကုလမာတာနှင့် နကုလပိတာတို့သည် ဗြဟ္မစရိယ ငါးပါးသီလကို ဆောက်တည်ကြောင်း အင်္ဂုတ္တရ ပါဠိတော် (၉၅)၌ ဟောကြားခဲ့သည်။

ဗြဟ္မစရိယ ငါးပါးသီလ ခံယူဆောက်တည်ပုံ

သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ ကောမာရကဗြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမွိ အဟံ ဘန္တေ....စသည်ဆက်ဆိုပါ။

တတိယမွိ အဟံ ဘန္တေ....စသည်ဆက်ဆိုပါ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ) သည်။ တိသရဏေန၊ သရဏကုံ သုံးပါးနှင့်။ သဟ၊ တက္ခ။ ပဉ္ဇကောမာရဖြဟ္မစရိယ-သီလံ၊ ငါးပါးသော ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ မြတ်သော ငါးပါးသော အကျင့်သီလဟု ဆိုအပ်သော။ ဓမ္မံ၊ သိက္ခာပုဒ်တရားတော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော် (တပည့်တော်မ) အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား – စသည် ဆက်ဆိုပါ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား – စသည် ဆက်ဆိုပါ။

ဤငါးပါးသီလကို ခံယူဆောက်တည်ရာ၌ "ကာမေသု မိစ္ဆာစာရာ ဝေရမဏိ-သိက္ခာပဒံ သမာဒိယာမိ" ဟု ဆိုရမည့်နေရာ၌ "အဖြဟ္မစရိယာ ဝေရမဏိ-သိက္ခာပဒံ သမာဒိယာမိ"ဟု ဆို၍ သီလခံယူ ဆောက်တည်ရသည်။

ကေဘတ္တိကဆက္ကသီလ

(ညစာမစား ၆-ပါးသီလ)

ကေဘတ္တိက ဆိုသည်မှာ တစ်ထပ်တည်းသာ စားလေ့ရှိ၍ နေလွဲ ညစာ မစားသော ပုဂ္ဂိုလ်မျိုးကို ဆိုပါသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် ၆-ခု သော သိက္ခာပုဒ်ကို ဆောက်တည်ပါသည်၊ ၆-ခုသော သိက္ခာပုဒ်မှာ—

၁။ ပါဏာတိပါတာ
၂။ အဒိန္နာဒါနာ
၃။ အဖြဟ္မစရိယာ
၄။ မုသာဝါဒါ
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ
၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

} ဖြဟ္မစရိယငါးပါး သီလနှင့်တူ၏။

၆။ ဝိကာလဘောဇနာ၊ နေလွဲအခါ အစာ စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူဆောက်တည်ပါ၏။

ဤခြောက်ပါးသီလကို ဓမ္မိကဥပါသကာ, နန္ဒမာတာဟူ အသက်ထက်ဆုံး ကျင့်သုံးကြကြောင်း သုတ္တနိပါတ် အဋ္ဌကထာ ဒုတိယတွဲ (၁၀၁)၌ လာ၏။

ကဿပဘုရားရှင် လက်ထက် သီထင်းသည် ငါးရာနှင့်တကွ ဂဝေသီ ဆရာ ကြီးသည် ဗြဟ္မစရိယ ငါးပါးသီလနှင့် ဤ ခြောက်ပါးသီလတို့ကို ဆောက်တည် ကြောင်း ပဉ္စဂုတ္တရ ပါဠိတော် ဂဝေသိသုတ် (၁၈၃)၌ လာသည်။

အခန်း (၁၇)

ရှစ်ပါးသီလ

ရှစ်ပါးသီလသည် အမြဲတစ်နိုင်လျှင် အမြဲ၊ ရံခါတစ်နိုင်လျှင် ရံခါ စောင့်ထိန်းရသော အနိစ္စသီလဖြစ်သည်။ လူတို့နှင့် အထူးသင့်လျော်သော သီလလည်း ဖြစ်သည်။ ငါးပါးသီလနှင့် ခြောက်ပါးသီလကို ရှေးဓရား သူတော်ကောင်းတို့သည် နေ့ထူးနေ့မြတ် သတ်မှတ်ပိုင်းခြား၍ ကျင့်သုံးလေ့မရှိကြပေ၊ ဤရှစ်ပါးသီလကိုသာ လဆန်း လဆုတ်(၈)ရက်နှင့်လပြည့် လကွယ်ဓနေ့များ၌ ဥပုသ်နေ့အဖြစ် သတ်မှတ်ပိုင်းခြား၍ ကျင့်သုံးလေ့ရှိကြသည်။ ထို့ကြောင့် ဤရှစ်ပါးသီလကိုသာ "အင်္ဂဂ်ဥပုသ်သီလ"ဟု အဂ်ါရှစ်ပါးရှိသော ဥပုသ်သီလအဖြစ် ဓေဝါပြထားသည်။

ဤရှစ်ပါးသီလကို သာမန်စောင့်ရှိးစောင့်စဉ်ရက်များတွင် မကာ အကြိုအပို စောင့်သုံးသောအားဖြင့် အဖိတ်နေ့နှင့် ဥပုသ်အဆွက် ရက်များကိုပါ စောင့်သုံးလေ့ရှိကြသည်။

ဤရှစ်ပါးသီလကို ကျင့်သုံးဆောက်တည်ခြင်းသည် ဘုန်းတန်ခိုး အရှိန်အဝါ စည်းစိမ်ဥစ္စာ တိုးတက် မြင့်မားစေနိုင်သည်။ စကြာမင်း ဧကန်ဖြစ်မည့် စကြာမင်းလောင်းသည်ပင် ရှစ်ပါးသီလ ဆောက်တည်မှသာ စကြာရတနာ ဆိုက်ရောက်လာပြီး စကြာမင်းဘဖြစ်သို့ ရောက်ရှိနိုင်သည်။

ဤရှစ်ပါးသီလကို ဆောက်တည် ကျင့်သုံးခြင်းကြောင့် ဘဝသံသရာ၌ ကောင်းရာသုဂတိသို့ ရောက်ရှိကာ လူနတ်စည်းစိမ်ချမ်းသာ အမျိုးမျိုးကို အကြိမ်ကြိမ် ခံစားရပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ အဆင့်ဆင့်သော အကျိုးတရားများ ရရှိနိုင်ကြောင်း အထူးပြောဖွယ်မလိုတော့ချေ။ ယခု မျက်မှောက်ဘဝမှာပင် ရှစ်ပါးသီလစောင့်သုံးသူအား အကျင့်သိလသိက္ခာရှိသော လူတော် လူကောင်း တစ်ယောက်အဖြစ် အသိအမှတ်ပြုခံရပြီး အများ၏ ချစ်ခင်လေးစားယုံကြည် အားထားမှု စည်းစိမ်ဥစ္စာတိုးတက်ကြီးပွားမှုစသော အကျိုးများရရှိနိုင်သည်။

သီလခံယူပုံ

အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဂ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ....စသည်ဆက်ဆိုပါ။

တတိယမ္ပိ အဟံ ဘန္တေ....စသည်ဆက်ဆိုပါ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ) သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အင်္ဂဂ်သမန္နာဂတံ၊ ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလ တည်းဟူသော။ ဓမ္မံ၊ သိက္ခာပုဒ်တရားတော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်(တပည့်တော်မ)အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား....စသည်ဆက်ဆိုပါ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား....စသဆည်က်ဆိုပါ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို တောင်းပါ၏၊ တပည့်တော်အား သနားသော အားဖြင့် သီလပေးတော်မူပါဘုရား။

နမော တဿ ၃-ခေါက်ဆိုပါ။

သရဏဂုံသုံးပါး ၃-ခေါက်ဆိုပါ။

ရှစ်ပါးသီလဆောက်တည်ပုံ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ-မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၈) ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ရှစ်ပါးသီထအနက်

(၁) ပါဏာတိပါတာ၊

(၂) အဒိန္နာဒါန၊

(၃) အဗြဟ္မစရိယ၊

(၄) မုသာဝါဒ၊

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာန၊

မှတ်ချက်။ ။ကျွှေသိက္ခာပုဒ် ၁-မှ ၅-ထိ အနက်များကို အာနန်း (၁၆) နှာ-၃၈၃ ငါးပါးသီလ၌ ပေါ်ပြခဲ့ပြီး ဖြစ်ပါသည်။

(၆) ဝိကာလဘောဇနာ၊ နေလွဲ ညစာ စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရွှောင်ကြဉ် ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏမဏ္ဍန-ဝိဘူသနဋ္ဌာနာ၊ အကုသိလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက် တံကျင်ပမာ ပီလာ ဖြစ်ဆော ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာပျော်း နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံ ခြယ်လှယ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရွှောင်ကြဉ် ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူဆောက်တည်ပါ၏။

(၈) ဥစ္စာသယနမဟာသယနာ၊ မြင့်သောနေထု, မြတ်သောနေထုံ၌ အိပ်ခြင်း, နေထိုင်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရွှောင်ကြဉ် ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူဆောက်တည်ပါ၏။

မြန်မာမြန်

၁။ သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏။

၄။ လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ သေရည်အရက် သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၆။ နေလွဲ ညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏။

၇။ အကုသိုလ်ပွားကြောင်းဖြစ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် ငြောင့်တံကျင်ပမာဖြစ်၍ ကြည့်ရှု နားဆင်ခြင်းမှ လည်းကောင်း, ပန်းပန်ခြင်း, နံ့သာပျော်း, နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံခြယ်လှယ်ခြင်းမှ လည်းကောင်း ရှောင်ကြဉ်ပါ၏။

၈။ မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်ခြင်း, နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

ဝိကာလဘောဇနအဖွင့်

နေလွဲညစာစားခြင်းမှ ရှောင်ကြဉ်ခြင်း

"နေလွဲအခါ အစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏"ဟူရာ၌ နေ့လယ်မွန်းတည့် ၁၂-နာရီအချိန်မှ နောက်ပိုင်းကို နေလွဲ, မွန်းလွဲဟု ခေါ်၏။ ထိုနေလွဲသည်မှ စ၍ နောက်နေ့နံနက် အရုဏ်တက်သည်တိုင်အောင် ထမင်းဟင်းလျာ, မုန့်ပဲသရေစာ သစ်သီး စသည့် စားသောက်ဖွယ်ရာ ဟူသမျှကို မစားရပါ၊ ယင်းအစားအစာများကို စားလျှင် ဝိကာလဘောဇန သိက္ခာပုဒ်ပျက်သည်။ ဆာလောင်မွတ်သိပ်မှုဖြစ်ခဲ့သော် ဖျော်ရည်တစ်မျိုးမျိုးကို သောက်ကောင်း၏။

လေနာခြင်း စသော ရောဂါတစ်ခုခု ခံစားနေရ၍ ထိုရောဂါသက်သာစေရန် အတွက် ရည်ရွယ်၍ ဆီးဖြူသီး, ဖန်ခါးသီး, ကြစုသီး, စတုမမှ, ထန်းလျက်, သကြားလုံး, ဂျင်းနှင့် ကြက်သွန်သုပ်တို့ကို ဆေးအဖြစ် သုံးဆောင်ခွင့်ရှိသည်။ ဤသိက္ခာပုဒ်တော်ကို စောင့်ထိန်းရာတွင် သံပုရာသီးကို ညှစ်၍ ဖျော်ရည်ပြုလုပ်ရာ၌ အရည်အိတ် (အဖတ်)များကို စစ်ထုတ်ပြီးမှ ဖျော်ရည်ဖျော်စပ်ရမည်။ ယင်းအရည်အိတ် (အဖတ်)များ ပါနေပါက ဆရာတော်ကြီးများသောက်သုံးတော်မမူကြပေ။

လူများ အစာအာဟာရအဖြစ် စားသုံးကြသော သားငါး, ဆန်, ဂျုံ, ပြောင်း, အာလူး, ဂဇုန်းဥတို့ဖြင့် ပြုလုပ်ထားသော ထမင်း, မုန့်, အကြော်, အလှော်, အပြုတ်, အဖုတ်, အကင်, အသုပ်များ, ဟင်းချိုရည်, ဟင်းရွက်ပြုတ်ရည်,

လက်ဖက်ရည်, ကော်ဖီ, နွားနို့, ချော့ကလက်တို့ကို မှန်းလို့ပြီးနောက် သောက်သုံးခွင့်မရှိချေ။ ဝိနယစကရုကဖြစ်သော ပုဂ္ဂိုလ်မျာ်းမှာ ရေနွေးကြမ်း (လက်ဖက်ခြောက် အဖန်ရည်)ကိုပင် မသောက်ကြချေ။ ဘီလကို ဖြည့်ကျင့်ရာ၌ ရှောင်နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။

လယ်လုပ်သာ်းဥပုသ်သည်ဝတ္ထု

အနာထပိဏ်သူဌေးကြီး၏ လယ်လုပ်သာ်း တစ်ဦးသည် ညနေစောင်းတွင် လယ်တောမှ ပြန်လာခဲ့ရာ သူဌေးကြီးမိသာ်းစု ဥပုသ်စောင့်သည်ကို တွေ့ရှိရ၍ သူသည်လည်း နေ့ထက်ဝက်ဥပုသ်စောင့်၏၊ ထိုလယ်လုပ်သာ်းအား ညဘခါ လေနာရောဂါ အပြင်းအထန် ဖြစ်လေသည်၊ သူဌေးကြီးသို့ စေတုမဓုသောက်ရန် ပေးသော် အရှင်တို့သောက်ကုန်သလောဟု မေး၏၊ ငါတို့မှာ အနာရောဂါမရှိ၍ မသောက်ကြဟု ဆိုလေသော် တစ်နေ့လုံး ဥပုသ်စောင့်ရသော အရှင်တို့မှ မသောက်ကြသည်ကို နေ့ထက်ဝက်မျှ ဥပုသ်စောင့်သော အကျွန်ုပ် မသောက် ပါပြီဟု ငြင်းဖျယ်လေ၏၊ ထိုညဉ့်ပင် လေနာရောဂါဖြင့် သေဆုံး၍ ရက္ခစိုးနတ် ဖြစ်လေသည့် (သီလဝိနိစ္ဆယပေါင်းချုပ်။ ၁၅၈)။

ညစာ မစားခြင်းအကျိုး

ညစာမစားဘဲ ရှောင်ကြဉ်ခြင်းဆည် အက်ါရှစ်ပါးရှိသော ဥပုသ်သီလတွင် တစ်ပါးမျှသာ ဖြစ်၏၊ ညစာ မစားမှု တစ်ခုတည်းကို ဥပုသ်စောင့်သည်ဟု မဆိုနိုင်ပါ။ ဤသိက္ခာပုဒ်၏ ရည်ရွယ်ချက်မှာ—

(၁) ကိစ္စနည်း၍ တရားအာရုံပြုဖို့ရန် အချိန်မျာ်းစွာ ရစေခြင်း၊

(၂) လောကီအာရုံကာမဂုဏ်၌ စိတ်မဝင်စာ်းအောင် ထိန်းချုပ်ပြီး ဖြစ်စေခြင်း—

တို့ ဖြစ်၏။

ညစာ စာ်းလျှင် ညစာ စာ်းဖို့အတွက် ချက်စရာ ပြုတ်စရာ ရှာရဖွေရ, ချက်ပြုတ်ရ စသည်ဖြင့် အလွန်ကိစ္စမျာ်း၏၊ ထိုအလုပ်မျာ်းကို လုပ်ကိုင်နေရလျှင် ဘုရားတရား အာဒုံပြုရန် အချိန်နည်းသွာ်းမည်၊ ထို့ကြောင့် ညစာ မစာ်း ခြင်းသည် အလုပ်ကိစ္စနည်း၍ တရားအာရုံပြုဖို့ရန် အချိန်မျာ်းစွာ ရစေခြင်း အကျိုးရှိပါသည်။

ညစာ စာ်းမှုဖြင့် အာ်းအင်ပြည့်ဖြိုး၍ လောကီအာရုံကာမဂုဏ်ဘက်၌ စိတ် ညွတ်စေပါသည်၊ ထို့ကြောင့် မေထုန်မှုမှုရှောင်ကြဉ်ခြင်း အပြဟ္မစရိယ သိက္ခာ ပုဒ်ကို စောင့်ထိန်းရာ၌ ညစာ စာ်းမှုကို ရှောင်ကြဉ်မှသာ သင့်လျော်မည် ဖြစ်သည်။

ကဿပဘုရားရှင် လက်ထက်တော်က ဂဝေသီဆရာကြီးနှင့် သီတင်းသည် ငါးထုတ်သည် ဖြဟ္မစရိ ယင်းပါးသီလနှင့် ဤဝိကာလဘောဇန သိက္ခာပုဒ်ကို ဆောက်တည်၍ ခြောက်ပါးသီလ ထိန်းသိမ်းကြောင်း ပဉ္စဂုံတွဲရ ပါဠိတော် ဂဝေသီသုတ် (၁၀၉)၌ လာရှိသည်။

ဓမ္မိကဥပါသကာ၊ နန္ဒမာတာဘို့လည်း ဖြဟ္မစရိယ ငါးပါးသီလ၌ ဝိကာလ ဘောဇန သိက္ခာပုဒ်ထည့်၍ ခြောက်ပါးသီလကို အသက်ထက်ဆုံး ကျင့်သုံး ကြကြောင်း လာရှိသည် (သုတ္တန်၊ ၎၊ ၂။၁၀၁။ ဓမ္မိကသုတ်)။

နစ္စဂီတသိက္ခာပုဒ်အဖွင့်

ဤသိက္ခာပုဒ်ပါဠိကို အောက်ပါအတိုင်း တစ်ပုဒ်စီ ခွဲရမည်—

နစ္စ+ဂီတ+ ဝါဒိဘ+ ဝိသူကဒဿန+ မာလာ+ ဂန္ဓ+ ဝိလေပန+ ဓာရဏ+မဏ္ဍန+ဝိဘူသန+ ဌာန။

နစ္စ=ကခုန်ခြင်း၊

ဂီတ=သီဆိုခြင်း၊

ဝါဒိတ=တီးမှုတ်ခြင်း၊

ဝိသူကဒဿန=ဆန့်ကျင်ဘက်ကို ကြည့်ရှုနားထောင်ခြင်း၊

မာလာ=ပန်း၊

ဓာရဏ=ဆောင်ခြင်း၊

မာလာဓာရဏ=ပန်းပန်ခြင်း၊

ဂန္ဓဓာရဏာ=ရေမွှေးဆွတ်ခြင်း၊ အမွှေးအကြိုင်ပေါင်ဒါမှုန့်ဖြူးခြင်း၊

ဂန္ဓဝိလေပနမဏ္ဍန=နံ့သာသနပ်ခါး၊ နံ့သာပျော့၊ မိတ်ကပ်တို့ဖြင့် နှိမ့်ရာ၌ ဖို့ခြင်း၊ မျက်နှာပေါင်းတင်ခြင်း၊

မဏ္ဍန=ကြည်လင်စေခြင်း၊ အလှပြုပြင်ခြင်း၊

ဂန္ဓဝိလေပနဝိဘူသန = နံ့သာ, နံ့သာပျော်း, မိတ်ကပ်တို့ဖြင့် တန်ဆာဆင် အလှူပြုခြင်း၊

ဝိဘူသန=တန်ဆာဆင်ခြင်း။

နစ္စ=ကခြင်း

ကခြင်းနှင့် ပတ်သက်၍ ကိုယ်တိုင် ကခုန်ခြင်း မပြု၊ သူတပါးအား အကခိုင်းခြင်းလည်း မပြုရ၊ အောက်ထစ်ဆုံး တိရစ္ဆာန်များကိုပင် အကမခိုင်းရ၊ ယင်းကပွဲများကို သွားရောက်ကြည့်ရှုခြင်းလည်း မပြုရ၊ ခရီးသွားနေစဉ် လမ်းခရီး၌ ယင်းကပွဲများနှင့် မတော်တဆ တိုက်ဆိုင်မိ၍ "မကြည့်ချင် မြင်လျက်သား" အဖြစ်မျိုးနှင့်ကြုံရ၍ ကြည့်မိမြင်မိလျှင် ဤသိက္ခာပုဒ်သီလ မပျက်ချေ၊ သို့ရာတွင် ယင်းသို့ ကြုံရသည်ကို တမင်တကာ အခွင့်အရေးယူပြီး ဆက်လက်ရပ်ကြည့်နေလျှင် မူလသီလပျက်တော့သည်။ အလားတူပင် မိမိနေရာ မိမိရှေ့မှောက်သို့ လာရောက်ကနေသည်ကို ကြည့်မိ မြင်မိပါက သီလမပျက်ချေ။

ဂီတ=သီဆိုခြင်း

ကိုယ်တိုင်သီဆိုခြင်း, သူတပါးကို သီဆိုခိုင်းခြင်း မပြုရ၊ စည်းကိုက်ဝါးကိုက် အသံကို ဆွဲငင်လျက် ပါဠိဂါထာများကို ရွတ်ဖတ်ခြင်း, ဓမ္မတေးကဗျာများ ရွတ်ဆိုခြင်း မပြုရ၊ ဘုရားရှိခိုးထွန်ပင် သီချင်းသံပေါက်အောင် ဆွဲဆွဲငင်ငင် မဆိုရချေ။ ကိုယ်တိုင်မဆိုရုံသာမက သူတပါးကိုလည်း သီဆိုခိုင်းခြင်း မပြုရ၊ သူတပါးသီဆိုသည်ကို သွားရောက် နားထောင်ခြင်း မပြုရ၊ နားထောင်လျှင် သီလပျက်၏၊ လမ်းကြုံ၍ ကြားရခြင်း၊ မိမိနေရာ၌ နေစဉ် သူတပါးက လာရောက် သီဆို၍ ကြားခြင်းတို့ကြောင့် သီလမပျက်ချေ။

ဝါဒိတ=တီးမှုတ်ခြင်း

စည်း စောင်း ညင်း ပတ်သာ စသော တူရိယာငါးမျိုးကို ကိုယ်တိုင် လည်း မတီးမခတ်ရ၊ သူတပါးကိုလည်း အတီးမခိုင်းရ၊ တီးမှုတ်သံကိုလည်း နားမထောင်ရ၊ လမ်းကြုံ၍ ကြားရခြင်း၊ မိမိနေရာ၌ နေလျက်ပင် သီဆိုသံကို ကြားရခြင်းကြောင့် သီလပျက်စီးမှု မရှိချေ၊ တမင်လွန်ကျူးမှသာ သီလပျက်၏။

ဝိသုကဒဿန=ဆန်ကျင်ဘက်ကို ကြည့်ရှုခြင်း

ကပြသီဆိုတီးမှုတ်မှုများသည် လောကီအမြင်အားဖြင့် အနုပညာတစ်ရပ်အဖြစ် ချီးကျူးဖွယ်ရာ ဖြစ်ပေသည်။ သို့ရာတွင် လောကုတ္တရာအမြင်ဖြင့် လေ့လာစိစစ်ကြည့်ပါက ကာမဂုဏ်အာရုံခံစားမှုကို အားပေး အားမြှောက်ပြုရာ ရောက်၏။ ထို့ကြောင့် နစ္စဂီတဝါဒိတအရ ကပြ သီဆို တီးမှုတ်ခြင်းများကို ကြည့်ရှုနားထောင်ခြင်းများသည် ဝိသုကဒဿန သာသနာတော်၏ ငြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်မှုဟု ခေါ်၏။ (ဝိသုက=ဆန့်ကျင်ဘက်+ဒဿန=ကြည့်ရှုနားထောင်ခြင်း။)

မာလာဓာရဏ=ပန်းပန်ခြင်း

ဥပုသ်စောင့်ချိန်၌ ပန်းပွင့် ပန်းခိုင် ပန်းကုံးများကို ပန်ဆင်ခြင်း၊ သူတပါးအား အပန်ခိုင်းခြင်းများ မပြုလုပ်ရ၊ ပြုလုပ်လျှင် သီလပျက်၏။

ဂန္ဓဓာရဏ=အမွှေးရနံ့ဓာတ်ခြင်း

ရေမွှေးနံ့သာဆီဆွတ်ဖျန်းခြင်း၊ နံ့သာမှုန့် (ပေါင်ဒါမှုန့်) လိမ်းကျံခြင်း၊ ဖြူးခြင်း၊ ထုံမွှမ်းခြင်းများ မပြုရ၊ သူတပါးအားလည်း မခိုင်းရ၊ ပြုလုပ်လျှင် သီလပျက်စီးသည်၊ အကြောင်းထူး မရှိဘဲ ရေမွှေးဆပ်ပြာ မဆုံးရ၊ ချွေးနံ့ကိုယ်နံ့ ပျောက်စေရန် ရေမွှေးဆပ်ပြာသုံးခြင်း၊ ပေါင်ဒါမှုန့် ဖြူးခြင်းကိုမူ ခွင့်ချက်ပြုထားသည်။

ဂန္ဓဝိလေပနမဏ္ဍန=နံ့သာ, နံ့သာပျောင်း သုံးစွဲခြင်း

အမွှေးရနံ့ကို နံ့သာဟု ခေါ်၍ သနပ်ခါးရည်, အလှဆီ, မိတ်ကပ်တို့ကို နံ့သာပျောင်းဟု ခေါ်သည်၊ ယင်းနံ့သာ, နံ့သာပျောင်းကို လိမ်းကျံခြယ်သခြင်း၊ နီမှုန့်ဖြင့် ဖို့ခြင်း၊ မျက်နှာပေါင်းတင်ခြင်း၊ သူတပါးအား လိမ်းကျံခိုင်းခြင်းများ မပြုလုပ်ရ၊ ပြုလျှင် သီလပျက်စီး၏။

မဏ္ဍန=အလှပြင်ခြင်း

ကျောက်ပေါက်မာ, မွှေခြောက်, ဝက်ခြံ, တင်းတိပ်, ညှင်း ပျောက်စေရန် ဆေးလိမ်းခြင်း၊ ဆံပင်အလှပြင်ခြင်း၊ တုန့်ခြင်း၊ ကောက်ခြင်း၊ ပုံသွင်းခြင်း၊ လက်သည်းအလှပြင်ခြင်း၊ ခြေသည်း လက်သည်း ဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်း၊ မျက်တောင်အတု တပ်ခြင်း၊ မျက်ခုံးမွေးနှုတ်ခြင်း၊ မျက်စိအဆောင်ခြယ်(ကာခြယ်)ခြင်း စသည်ဖြင့် အလှပြင်ခြင်း (မဏ္ဍန) တို့ကို မပြုရ၊ ပြုလျှင် သီလပျက်၏၊ သာမန်အားဖြင့် ခေါင်းဖီးခြင်း၊ လက်သည်းခြေသည်းရှည်၍ လှီးဖြတ်ခြင်းတို့မှာမူ အပြစ်မရှိ၊ သီလမပျက်ချေ။

ဂန္ဓဝိလေပနဝိဘူသန

နံ့သာ, နံ့သာပျော်း မိတ်ကပ်တို့ဖြင့် တန်ဆာဆင် အလှပြင်ခြင်း၊ ဂန္ဓ (နံ့သာ)ဖြင့် အနံ့မွှေးအောင် ဝိလေပန (နံ့သာပျော်း)ဖြင့် အသားအရေလှပအောင် လိမ်းကျံ ခြယ်လှယ်ခြင်း မပြုရ၊ ပြုလျှင် သီလပျက်၏။

ဝိဘူသန=တန်ဆာဆင်ခြင်း

စိန်ရွှေငွေ လက်ဝတ်လက်စား များ ပန်ဆင်ဝတ်ဆင်ခြင်း၊ အဝတ်အထည်ကို သာမန် တန်းစေ့လမ်းစေ့ ဝတ်ဆင်မှုမျိုးမဟုတ်ဘဲ အလှအပ တန်ဆာဆင်သည့် အနေဖြင့် အဆင်ဆန်း ပုံဆန်း အဝတ်များ ဝတ်ခြင်း၊ ဖိနပ်အလှ စီးခြင်း၊ ထီးအလှဆောင်းခြင်း စသည်တို့သည် တန်ဆာဆင်မှုဖြစ်၍ ပြုလုပ်လျှင် သီလပျက်၏။ ထို့ကြောင့် ဥပုသ်သည်များသည် အဝတ်ကို ရိုးရိုးယဉ်ယဉ် လူတန်းစေ့ ရုံမျှသာ ဝတ်ဆင်၍ သာမန်စီးနေကျ ဖိနပ်, ဆောင်းနေကျ ထီးကို အသုံးပြုကြရမည် ဖြစ်သည်။

ဌာန=အကြောင်းတရား

ဤပန်းပန်မှု စသော အလှပြင်တန်ဆာဆင်မှုများသည် ကိလေသာတရား တိုးပွားခြင်း၏ အကြောင်းဖြစ်၍ ရှောင်ကြဉ်ကြရမည်။

ဥစ္စာသယနမဟာသယနအဖွင့်

မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်ခြင်း, နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဘုရား၌—

ဥစ္စာသယန —မြင့်သော နေရာ၊

အခြေတစ်တောင်ထွာထက်ရှည်သောအိပ်ရာခုတင်၊ ကုလားထိုင်ကြီးများ၌ မထိုင်ကောင်း၊ မအိပ်ကောင်း။

မဟာသယန =မြတ်သော နေရာ၊

စည်းစိမ်ခံစားလေ့ရှိသော လူချမ်းသာများ၏အိမ်၌ လက်လေးသစ်မက အမွေးရှည် ကော်ဇော၊ သားမွေးအင်း၊ ခြင်္သေ့၊ သစ်ကျား အရုပ်များဖြင့် ခမ်းနားဆန်းကြယ်သော သားမွေးအင်း ရွှေချည် ငွေချည် တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအင်း၊ လဲမွေ့ထု၊ ဂွမ်းမွေ့ထုများကို မသုံးကောင်း၊ အသုံးပြုလျှင် ဤသိက္ခာပုဒ် ပျက်သည်။

အုန်းဆံသွတ်မွေ့ရာကိုကား သုံးကောင်းပါသည်။ သင်ဖြူးချော၊ ကော်ဇောအမွေးတို့ စသည်တို့ကို ဤသိက္ခာပုဒ်အရ မြတ်သောနေရာဟု မဆိုထိုက်ချေ။

ဥပုသ်စောင့်သောအခါ "ငါးပါးသီလတွင် "ကာမေသုမိစ္ဆာစာရာ ဝေရမဏိ" ဟု ဆောက်တည်၍ ယင်းအစား အဖြဟ္မစရိယ သိက္ခာပုဒ်ကို ထည့်၍ ဆောက်တည်ရ၏။ ယင်း အဖြဟ္မစရိယ သိက္ခာပုဒ်ကို ဖြုတ်စင်စ့ာ ဖြည့်ကျင့်နိုင်ရန် ဝိကာလဘောဇန သိက္ခာပုဒ်၊ နစ္စဂီတ သိက္ခာပုဒ်၊ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်များကို ဆောက်တည်ရ၏။ ဤသိက္ခာပုဒ် ၄-ပါးကို ခြုံ၍ လေ့လာလျှင် ဥပုသ်စောင့်သောအခါ အကုသိုလ်စိတ်များ မဖြစ်ရအောင် ထိန်းသိမ်းရမည် ဖြစ်ကြောင်း ထင်ရှားသည်။ ထိုအကုသိုလ်စိတ်များကား ကာမဂုဏ်စိတ် (ကိလေသာတဏှာစိတ်) ပင် ဖြစ်ပါသည်။ ညစာ ထမင်းစားခြင်း၊ ဖီးလိမ်းပန်ဆင်ခြင်း၊ ကပြသီဆိုတီးမှုတ်ခြင်း၊ ခမ်းနားသော အိပ်ရာနေရာ၌ အိပ်စက်နေထိုင်ခြင်းသည် ကိလေသာတဏှာ တိုးပွားကြောင်း ကာမဂုဏ်စိတ်ကို သွေးဆောင်ခေါ်ယူသော အပြုအမူများ ဖြစ်ပါသည်။ ထို့ကြောင့် ကိလေသာတဏှာလောဘ ကာမဂုဏ်စိတ်များကို ပိတ်ဆို့ရန်အတွက် ဝိကာလဘောဇန သိက္ခာပုဒ်ဖြင့် ညစာထမင်းစားမှုကို တားမြစ်၏။ နစ္စဂီတ သိက္ခာပုဒ်ဖြင့် ကပြသီဆို တီးမှုတ်မှုနှင့်တကွ ဖီးလိမ်းပန်ဆင်မှုများကို တားမြစ်၏။ ဥစ္စာသယန သိက္ခာပုဒ်ဖြင့် ခမ်းနားသော အိပ်ရာနေရာတို့၌ အိပ်စက် နေထိုင်ခြင်းကို တားမြစ်ခြင်း ဖြစ်၏။ ထိုသိက္ခာပုဒ် ၃-မျိုးဖြင့် ကာမစိတ်ကို ပိတ်ဆို့မှသာ အဖြဟ္မစရိယသိက္ခာပုဒ်အရ မေထုန်အမှုမှ ရှောင်ကြဉ်နိုင်မည် ဖြစ်သည်။

ဥပုသ်စောင့်ပုံ အစီအစဉ်

ဥပုသ်စောင့်ပုံ

ဥပုသ်ဟူသော စကားသည် ဥပေါသထပါဠိကို မြန်မာမှုပြုထားခြင်း ဖြစ်၏၊ (ဥပ+ဝသထ)ဟု နှစ်ပုဒ်ခွဲပါ၊ ဥပ=အကျင့်ကောင်းနှင့် ပြည့်စုံ၍၊ ဝသထ=နေထိုင်ခြင်း။

အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်, တရားဂုဏ်တော် စသော ဂုဏ်တော်များကို ပွားလျက် အကုသိုလ်စိတ်များ မဖြစ်စေဘဲ စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို ဥပုသ်စောင့်သည်ဟု ခေါ်သည်။

ဥပုသ်စောင့်ပုံ အစီအစဉ်

၁။ နက်ဖြန် ဥပုသ်စောင့်မည်ဟု ကြံစည်သော ပုဂ္ဂိုလ်သည် ဥပုသ်စောင့်ခိုက်၌ အိမ်မှုကိစ္စများကို ဆောင်ရွက်ရန် မသင့်လျော်သောကြောင့် ယနေ့လို အချိန်အခါကပင် အိမ်မှုကိစ္စများကို ပြီးစီးအောင် စီမံဆောင်ရွက်ထားရာ၏။

၂။ ချက်ပြုတ် ကျွေးမွေးမည့်သူ အဆင်သင့်ရှိလျှင် နက်ဖြန် စားသောက်မှု အတွက် ပြောပြစီစဉ်ထားရာ၏။ ချက်ပြုတ် ကျွေးမွေးမည့်သူ မရှိလျှင် နက်ဖြန် ကိစ္စနည်းအောင် စားဖွယ်သောက်ဖွယ်မျိုးကို ပြီးစီးအောင် စီစဉ်ထားရာ၏။

၃။ ဥပုသ်နေ့ နံနက်အရုဏ်တက်ချိန်ကပင် ကိုယ်လက်များကို သန့်စင်ကာ စင်ကြယ်အောင် ပြု၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသော အဝတ်ကို ဝတ်ရာ၏။

၄။ ပန်းပန်မှု, နံ့သာလိမ်းမှုတို့ဖြင့် အထူးတလည် ပြင်ဆင်ပူဇော်ရာ။ ထို့နောက် ခပ်စောစောကပင် သီလဆောက်တည်ရာ၏။ သီလဆောက်တည် ပြီးလျှင် ကျွေးမွေးလှူဒါန်းဖွယ် ကိစ္စရှိပါက ထိုကိစ္စကို ပြုလုပ်၍ မရှိက မိမိ အတွက် သင့်တင့်ရုံသာ စီမံ၍ စားသောက်ရာ၏။

၅။ ကျွေးမွေးစားသောက်ပြီးလျှင် ကိုယ်လက်မစင်ကြယ်က ရေချိုးရာ၏။ ထို့နောက် မိမိတစ်ကိုယ်တည်း နေသင့်သူ ဖြစ်လျှင် တစ်ကိုယ်တည်း နေ၍ အဖော်နှင့် နေသင့်သူဖြစ်က သဘောတူအဖော်နှင့် အထူးတက္ကသင့်ရာသော ဆိတ်ငြိမ်ရာအရပ်၌ ဘုရားဂုဏ်တော်ကို အာရုံပြု၍ နေရာ၏။

၆။ ကြာရှည်စွာ ဆင်ခြင်၍ မနေနိုင်လျှင် တရားစာကိုလည်း ကြည့်ရှုရွတ်ဖတ် နေရာ၏။ နည်းလမ်းကျကျ ဟောပြမည့် ပုဂ္ဂိုလ်ရှိလျှင် တရားနာရာ၏။ အချင်းချင်းလည်း တရားစကား ဆွေးနွေးမေးမြန်း စုံစမ်းရာ၏။

၇။ ညအချိန် ရောက်သောအခါ မိမိ၏ သီလကို ပြန်၍ ဆင်ခြင်ပြီးလျှင် အရိယာသူတော်ကောင်း ရဟန္တာအပေါင်းတို့နှင့် ယနေ့ဘတ်က် တူမျှပုံကို အောက်မေ့ရာ၏။

၈။ နံနက် အရုဏ်တက်ချိန်၌ မိမိရည်မှန်းထားသော အချိန် စေ့သောအခါ အလိုအလျောက် ရှစ်ပါးသီလ မရှိတော့ဘဲ ငါးပါးသီလသာ ကျန်တော့သည်၊ ဥပုသ်ထွက်ပြီ ဖြစ်တော့သည်။

ဥပုသ်စောင့်ခြင်း အကျိုး

ကျန်စွာစောင့်သုံးအပ်သော ဥပုသ်၏ အကျိုးမှာ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးကို အစိုးရသောမင်းစည်းစိမ် (စကြဝတေးမင်းစည်းစိမ်)ထက် ကြီးကျယ် မြင့်မြတ်သည်။ မှန်၏၊ ဇမ္ဗူဒီပ်ကျွန်းကို အစိုးရခြင်းမှာ လူ့စည်းစိမ်သာ ဖြစ်၍

နတ်စည်းစိမ်နှင့် နှိုင်းစာလျှင် အောက်ကျနောက်ကျ ဖြစ်သည်။ ထိုစည်းစိမ် များလည်း တစ်ဘဝသာ ဖြစ်သည်၊ စောင့်ထိန်းအပ်သော ဥပုသ်အကျိုးကား လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ် အကြိမ်ကြိမ် ခံစားရမည် ဖြစ်၏။

ဥပုသ်စောင့်ဆုဌ် သိက္ခာပုဒ်ရှစ်ပါးကို မလွန်ကျူးရုံမျှဖြင့် အကျိုးများသင့် သလောက် မများသေး။ မိမိစိတ်ကို စင်ကြယ်အောင်ထား အားထုတ်နိုင်မှ သာလျှင် ပို၍ အကျိုးများသည်။ ဥပမာ—တန်ဆာဆင်လိုသော အမျိုးသမီး သည် ဆံပင်ကို စင်ကြယ်အောင် ခေါင်းလျှော်ရ၏။ ခေါင်းမလျှော်ဘဲ ဖီးလိမ်း ပြင်ဆင်လျှင် အနှံ့မကောင်း၊ ထို့အတူ သီလတန်ဆာဖြင့် ဆင်ထားသူသည် မိမိ၏ စိတ်ကို လောဘ, ဒေါသ, မာန် မာန, ဣဿာ, မစ္ဆရိယ စသော ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်အောင် ပြု၍ စောင့်သုံးနိုင်မှသာ ရသင့်သမျှ အကျိုးကို အပြည့်အစုံ ရနိုင်သည်။

ဥပုဏ်အမျိုးမျိုး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ ဝိသာခါအား ဥပုသ်သုံးမျိုးကို ဟောတော်မူ၏၊ ယင်း ဥပုသ်သုံးမျိုးမှာ—

- ဂေါပါလဥပုသ်၊
- နိဂဏ္ဌဥပုသ်၊
- အရိယာဥပုသ်-

ဟူ၍ သုံးမျိုးဖြစ်သည်။

ဂေါပါလ နွားကျောင်းသားဥပုသ်

နွားကျောင်းသားတို့ ကြုံစည်ခြင်းကဲ့သို့ အစားအသောက်နှင့် လောကီ ရေးရာကိုသာ ကြုံစည်၍ စောင့်သုံးသော ဥပုသ်ကို နွားကျောင်းသားဥပုသ်ဟု ခေါ်သည်၊ ဥပုသ်ကို မကျိုးမပေါက် မပြောက်မကျားအောင် ကျွန်သေချာစွာ မစောင့်သုံးဘဲ "ယနေ့ မည်သည့်နေရာ၌ နွားများ မြက်စား၍ မည်သည့်နေရာ၌ နွားများ ရေသောက်လိမ့်မည်" ဟု နွားကျောင်းသားများ ကြုံစည်သကဲ့သို့ "ယနေ့ မည်သည့် စားဖွယ် သောက်ဖွယ်ကို စား၍ နက်ဖြန် မည်သည့် စားဖွယ် သောက်ဖွယ်ကို စားသောက်မည်" ဟု အစားအသောက်နှင့် လောကီရေးရာကိုသာ ကြုံစည်နေသော ဥပုသ်သည်၏ သီလကို ဂေါပါလဥပုသ် နွားကျောင်းသား ဥပုသ်ခေါ်သည်။ (ဂေါ=နွား+ပါလ=ထိန်းကျောင်းခြင်း။) ယင်း နွားကျောင်းသား ဥပုသ်သည်လည်း လုံးဝအကျိုးမရှိသည် မဟုတ်၊ ထိုက်သင့်သလောက် အကျိုးရှိသည်။ သို့ရာတွင် ကြီးမြတ်သော အကျိုးမရှိ။

နိဂဏ္ဌာတက္ကတွန်းဥပုသ်

တိတ္ထိ ဘက္ကတွန်းတို့အဆုံးအမအတိုင်း စောင့်သုံးကြသော ဥပုသ်ဖြစ်သည်။ ယင်းဥပုသ်မှာ "ယူဇနာ တစ်ထာ ပြင်ပ၌ တည်သော သတ္တဝါတို့ကို မသတ်အံ့"ဟု ဆောက်တည်သော သီလမျိုး ဖြစ်သည်။

အရိယာဥပုသ်

အရိယာသူတော်ကောင်းတို့ ကျင့်သုံးအပ်သော မြတ်သော ဥပုသ်ကို ဆိုလိုသည်၊ ယင်းအရိယာဥပုသ်သည်—

(၁) ဗြဟ္မဝိဟာရသထ=ဘုရားဂုဏ်ကို အာရုံပြုနေခြင်း (ဗြဟ္မဥပုသ်)၊
(၂) ဓမ္မဝိဟာရသထ=တရားဂုဏ်ကို အာရုံပြုနေခြင်း (ဓမ္မဥပုသ်)၊
(၃) သံဃဝိဟာရသထ=သံဃာ့ဂုဏ်ကို အာရုံပြုနေခြင်း (သံဃာ့ဥပုသ်)၊
(၄) သီလဝိဟာရသထ=သီလကို ဆင်ခြင်နေခြင်း (သီလဥပုသ်)၊
(၅) ဒေဝတာဝိဟာရသထ=နတ်တို့ကို ဘက်သေပြု၍ နေခြင်း(နတ်ဥပုသ်)၊
(၆) အဋ္ဌင်္ဂိကဝိဟာရသထ=ရှစ်ပါးသီယထိန်းခြင်း (အဋ္ဌင်္ဂိကဥပုသ်)—

ဟူ၍ ၆-မျိုးရှိ၏။

ဗြဟ္မဥပုသ်

ဘုရားရှင်သည် ဗြဟ္မမည်တော်မူ၏၊ ရှစ်ပါးသီလကို ယူပြီးလျှင် ထို ဗြဟ္မာမည်သော ဘုရားရှင်၏ ဂုဏ်ကို အာရုံပြု၍ နေခြင်းကို "ဗြဟ္မဥပုသ်"ဟု ခေါ်၏။

ဓမ္မဥပုသ်

ဥပုသ်သီလကို ခံယူပြီးလျှင် ထာရုံးဂုဏ်တော်ကို အာရုံပြု၍လည်းကောင်း, တရားဂုဏ်အဖွဲ့ဝင်ကို ကြည့်ရှု ရွတ်ဖတ်၍လည်းကောင်း နေခြင်းကို "ဓမ္မဥပုသ်"ဟု ခေါ်သည်။

သံဃဥပုသ်

ဥပုသ်သီလကို ခံယူပြီးလျှင် သံဃာ့ဂုဏ်တော်ကို အာရုံပြု၍ လည်းကောင်း, သံဃာ့ဂုဏ်တော်အဖွဲ့ဝင်ကို ကြည့်ရှု ရွတ်ဖတ်၍လည်းကောင်း နေခြင်းကို "သံဃာ့ဥပုသ်"ဟု ခေါ်သည်။

သီလဥပုသ်

သီလယူပြီးလျှင် မိမိ၏ သီလ မကျိုး, မပေါက်, မပြောက်, မကျားသော ဂုဏ်ကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာစွာ နေထိုင်ခြင်းကို "သီလဥပုသ်"ဟု ခေါ်ပါသည်။

သီလကျိုးခြင်း

ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အစ သိက္ခာပုဒ်သော် လည်းကောင်း, အဆုံးသိက္ခာပုဒ်သော်လည်းကောင်း ပျက်စီးလျှင် ဥပုသ်သီလ ကျိုးသည် မည်၏။ ထိုသို့ မကျိုးအောင် စောင့်ထိန်းရမည်။

မပေါက်

အဝတ်၌ အလယ်က ပေါက်သကဲ့သို့ သိက္ခာပုဒ် ဂ-ပါးတွင် အလယ်က တစ်ပါးပါးပျက်လျှင် ပေါက်သည်ဟု ခေါ်၏၊ ထိုသို့ မပျက် မပေါက်ရအောင် စောင့်ထိန်းရမည်။

မပြောက်

ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အစဉ်အတိုင်း တဆက်တည်းလည်း မဟုတ်ဘဲ အဒိန္နာဒါနနှင့် မုသာဝါဒသော်လည်းကောင်း, အဖြဟ္မစရိယနှင့် သုရာမေရယ သော်လည်းကောင်း နှား၍ စါစေ့ပြောက်ကဲ့သို့ နှစ်ခုသုံးခု ပြောက်ကြား ပြောက်ကြားပျက်သည်ကို ပြောက်သည်ဟု ခေါ်သည်။ ယင်းသို့ မပြောက်အောင် စောင့်ထိန်းရမည်။

မကျား

ရှစ်ပါးသောသိက္ခာပုဒ်တို့တွင် သိက္ခာပုဒ် နှစ်ခုသုံးခုဆက်၍ ပါဏာတိပါတနှင့် အဒိန္နာဒါန လည်းကောင်း, အဖြဟ္မစရိယနှင့် မုသာဝါဒလည်းကောင်း ကျွံသို့ နှစ်ပါးသုံးပါးဆက်၍ ပျက်သည်ကို, နှားကြောင် နှားကျားကဲ့သို့ ပျက်သည်ကို အစင်းအကျားထင်သော ဥပုသ်ဟု ခေါ်ပါသည်။ ထိုသို့ မကျားအောင် စောင့်ထိန်းရမည်။

နတ်ဥပုသ်

သီလယူပြီးလျှင် နတ်တို့ကို သက်သေထား၍ မိမိသန္တာန်၌ ရှိသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ-ဟူသော သူတော်ကောင်းတရား ဂုဏ်ကျေးဇူးကို အောက်မေ့၍ စောင့်ရှောက်အပ်သော ဥပုသ်ကို "နတ်ဥပုသ်"ဟု ခေါ်သည်။

နတ်တို့ကို သက်သေအရာထားပုံ

နတ်ပြည် ဗြဟ္မာပြည်၌ ရှိသော နတ်ဗြဟ္မာတို့သည် လူ့ပြည်နေစဉ်က သဒ္ဓါသီလ စသော သူတော်ကောင်းတရားနှင့် ပြည့်စုံကြသောကြောင့် ဘဝသစ်ကူးသောအခါ နတ်ပြည် ဗြဟ္မာပြည်၌ ဖြစ်၍ ချမ်းသာစွာ နေရ၏၊ ထိုသို့သော သူတော်ကောင်းဥစ္စာများသည် ငါ၌လည်း ရှိ၏၊ မြတ်စွာဘုရား၏ တရားတော်နှင့်အညီ မိဘဆရာသမားများ၏ အဆုံးအမကြောင့် ဤသို့ သူတော်ကောင်းဖြစ်ရခြင်းသည် နောင်ရေးအတွက် စိတ်ချရ၍ လူဖြစ်ကျိုး နပ်ပေစွဟု ဆင်ခြင်နေထိုင်မှုမျိုး ဖြစ်၏၊ ဤသို့ နတ်တို့ကို သက်သေထား၍ မိမိ၏ သူတော်ကောင်းဖြစ်ပုံကို ဗောရုံပြု ဝမ်းမြောက်နေခြင်းသည် နတ်ဥပုသ် မည်၏။

အဋ္ဌင်္ဂိကဥပုသ်

ယခုကာလ စောင့်ကြရိုး ရှစ်ပါးသီလသည် အဋ္ဌင်္ဂိကဥပုသ် မည်၏။ ဤကဲ့သို့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်, မိမိ၏ သီလနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့ကို အောက်မေ့ဆင်ခြင်လျက် ဥပုသ်စောင့်သုံးခြင်းကို အရိယာဥပုသ်ဟု ခေါ်သည်။

ဥပုသ်ရက်ကို ရေတွက်ရာ၌—

- ပကတိဥပုသ်၊
- ပဋိဇာဂရဥပုသ်၊
- ပါဋိဟာရိယဥပုသ်–

ဟူ၍ သုံးမျိုးရှိပါသည်။

ပကတိဥပုသ်

လောက၌ လူတို့ ပြုကျင့်လေ့ အရိုးအစဉ်သို့ လိုက်၍ ပကတိအတိုင်း သတ်မှတ်ထားသော ဥပုသ်နေ့များသည် ပကတိဥပုသ် မည်၏။

ပကတိဥပုသ်နေ့ ၄-ရက်

(၁) လဆန်း ဂ-ရက် ဥပုသ်နေ့၊

(၂) လဆန်း ၁၅-ရက် လပြည့်ဥပုသ်နေ့၊

(၃) လဆုတ် ဂ-ရက် ဥပုသ်နေ့၊

(၄) လဆုတ် ၁၄-ရက်၊ သို့မဟုတ် ၁၅-ရက် လကွယ် ဥပုသ်နေ့–

ဟူ၍ တစ်လလျှင် လေးသီတင်း လေးဥပုသ် ရှိကြ၏။ မိမိကိုယ်တိုင် ဥပုသ်မစောင့်နိုင်သည်တိုင်အောင် ထိုနေ့များကို ဥပုသ်နေ့ဟု အသိအမှတ်ပြုကြသည်။

ပကတိဥပုသ်နေ့ ၆-ရက်

အင်္ဂုတ္တိုရ်ပါဠိတော် စတုမဟာဇာနသုတ် (၁၄၂) ၌ ပကတိဥပုသ်ရက်ကို တစ်လလျှင် ၆-ရက်ရှိကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်—

(၁) လဆန်း ၈-ရက် အင်္ဂမီဥပုသ်၊
(၂) လဆုတ် ၈-ရက် အင်္ဂမီဥပုသ်၊
(၃) လဆန်း ၁၄-ရက် စာတုဒ္ဒသီဥပုသ်၊
(၄) လဆုတ် ၁၄-ရက် စာဘုဒ္ဒသီဥပုသ်၊
(၅) လဆန်း ၁၅-ရက် ပန္နရသီဥပုသ်၊
(၆) လဆုတ် ၁၅-ရက် ပန္နရသီဥပုသ်–

ဟူ၍ ဖြစ်ပါသည်။

လဆုတ် ၁၅-ရက် ဥပုသ်နေ့သည် ရက်မစုံလ၌ လဆန်း ၁-ရက်နေ့ ကျရောက်သည်၊ သံယုတ်ပါဠိတော်၊ ဝိမာန၀တ္ထု၊ နေမိဇာတ်၊ သုတ္တန်ပါတ် စသော ထိုထို ပါဠိတော်များ၌လည်း ဤ ဥပုသ်နေ့ ၆-ရက် လာရှိသည်။

ပကတိ ဥပုသ်နေ့ ၈-ရက်

အင်္ဂုတ္တရအဋ္ဌကထာ၌မူ အထက်ဖော်ပြပြီး ပကတိဥပုသ်နေ့ ၆-ရက်၌—

(၁) လဆန်း ၅-ရက် ပဉ္စမီဥပုသ်နေ့၊
(၂) လဆုတ် ၅-ရက် ပဉ္စမီဥပုသ်နေ့–

ဤ(၂)ရက်ကို ထည့်၍ တစ်လလျှင် ပကတိဥပုသ်နေ့ (၈)ရက်ရှိကြောင်း ဖွင့်ဆိုထားသည် (အံ၊ဋ္ဌ၊ ၂"၁၂၂)။

ပဋိဇာဂရ (အကြိုအပိုဥပုသ်)

ဘုရားရှင်လက်ထက်မှာပင် လူတိုင်း မစောင့်သုံးကြဘဲ သတိတရားကြီးမား၍ ကုသိုလ်တရား၌ နိုးနိုးကြားကြားရှိသော သူများသာ စောင့်ထိန်းသောကြောင့် ပဋိဇာဂရဥပုသ်ဟု ခေါ်ပါသည်။ (ပဋိဇာဂရ=နိုးကြားခြင်း။)

ယင်းပဋိဇာဂရ အကြိုအပိုဥပုသ်နေ့များမှာ ပကတိဥပုသ် (၈)ရက်ကို ပဓာနထား၍ အကြိုဥပုသ်နှင့် အပိုဥပုသ်များကို ထည့်ပြီး တစ်လ၌ (ရက်စုံလ၌) ဥပုသ်ရက်-၂၀၊ ရက်မစုံလ၌ ပန္နရသီမရှိ၍ ဥပုသ်ရက် ၁၉-ရက်သာ ရှိလေသည်။

ဥပုသ်ရက် (၂၀)

(၁) ပကတိဥပုသ်၊ (တွက်ပြပြီး) ၈-ရက်

(၂) ပဉ္စမီ (၅-ရက်နေ့)ဥပုသ်အကြိုအပို
လဆန်းလဆုတ် (၄)ရက်နှင့် (၆)ရက် ၄-ရက်

(၃) အဋ္ဌမီ (၈-ရက်နေ့) ဥပုသ်အကြိုအပို
လဆန်းလဆုတ် (၇)ရက်နှင့် (၉)ရက် ၄-ရက်

(၄) စာတုဒ္ဒသီ (၁၄)ရက်ဥပုသ်အကြို
လဆန်းလဆုတ် (၁၃)ရက် ၂-ရက်

(၅) ပန္နရသီ (၁၅-ရက်နေ့)ဥပုသ်အပို
လဆုတ် (၁)ရက်နှင့် လဆန်း (၁)ရက် ၂-ရက်

စုစုပေါင်း ၂၀-ရက်

[ရက်မစုံလ၌ ဝန္နရသီဥပုသ်မရှိ၍ ၁၉-ဥပုသ်သာ ရှိသည်။]

ပါဋိဟာရိယဥပုသ် (နိဗ္ဗဥပုသ်)

ရခဲလှသော လူဘဝကို ရကြပြီး ကြုံကြိုက်ခဲလှသည့် သာသနာတော်ကြီးနှင့် ကြုံကြိုက်ခိုက် သီလပါရမီ ဖြည့်သောအနေဖြင့် တစ်လ တန်သည်, ၁၅-ရက် တန်သည်, ၅-လတန်သည် စသည်ဖြင့် ရက်ရှည်အမြဲစောင့်သုံးသော ဥပုသ်ကို ပါဋိဟာရိယဥပုသ်ဟု ခေါ်ပါသည်၊ ယင်း ပါဋိဟာရိယ ဥပုသ်ကိုပင် နိဗ္ဗဒ္ဓါပေါ်-သဏ=အမြဲမပြတ် ဝဆက်တည်းစောင့်သုံးလေ့ရှိသော ဥပုသ်ဟု ခေါ်ပါသည်။ ယင်းပါဋိဟာရိယ ဥပုသ်နေ့များကို ရေတွက်ပုံမှာ ကျမ်းဂန်များ၌ ကဲ့ပြားမှု ရှိသည်။

အင်္ဂုတ္တရအဋ္ဌကထာ စတုမဟာရာဇသုတ်၌ ဝါတွင်းသုံးလ၊ သို့မဟုတ် ဝါကျွတ်ပြီး နောက်တစ်လ(သီတင်းကျွတ်လပြည့်ကျော် ၁-ရက်မှတန်ဆောင်မုန်း လပြည့်နေ့အထိ)၊ သို့မဟုတ် ဝါကျွတ်ပြီးနောက် ၁၅-ရက် (သီတင်းကျွတ် လပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ် လကုယ်နေ့အထိ)ဟု ၃-မျိုး ဖော်ပြ ထားသည်။

ဤဖော်ပြပါ နေ့ရက်များ၌ ရက်ရှည်ဥပုသ်စောင့်သုံးခြင်းကို ပါဋိဟာရိယ ဥပုသ်ဟု ခေါ်သည် (အံ၊၄၊၂။၁၂၃)။

သုတ္တန်ပါတ်အဋ္ဌကထာ ဒုတိယတွဲ ဓမ္မိကသုတ်၌ ဝါဆိုလဆန်း ၁-ရက်နေ့မှ တန်ဆောင်မုန်းလကုန်နေ့အထိ ၎င်းလ၊ သို့မဟုတ် ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ–ဤသုံးလတို့၌ ဥပုသ်ရက်ရှည် စောင့်သုံးခြင်းကို ပါဋိဟာရိယဥပုသ်ဟု ခေါ်သည် (သုတ္တန်၊ ၎၊ ၂။၁၀၈)။

သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ သာနုသုတ်၌ အောက်ဖော်ပြပါ နေ့ရက်များ၌ စောင့်သုံးသော ဥပုသ်ကို ပါဋိဟာရိယဥပုသ်ဟု ခေါ်၏—

(က) အဋ္ဌမီဥပုသ်၏ အကြိုဖြစ်သော လဆန်း ၇-ရက်၊ လဆုတ် ၇-ရက်နေ့များနှင့် အဋ္ဌမီဥပုသ်၏ အပိုဖြစ်သော လဆန်း ၉-ရက်၊ လဆုတ် ၉-ရက် ဥပုသ်နေ့များ၊

(ခ) စာတုဒ္ဒသီ ဥပုသ်၏ အကြိုဖြစ်သော လဆန်း ၁၃-ရက်၊ လဆုတ် ၁၃-ရက်နေ့များ၊

(ဂ) ပန္နရသီဥပုသ်၏ အပိုဖြစ်သော လဆုတ် ၁-ရက်နှင့် လဆန်း ၁-ရက်နေ့များ၊

(ဃ) သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ်လကုန် နေ့တိုင်အောင် ၁၅-ရက်။

ဤပါဋိဟာရိယဥပုသ်ကိုပင် ပကၠဥပုသ်ဟု ခေါ်သေး၏ (သံ၊ ၂၊ ၁။ ၂၀၁)။

ယင်းသို့ အဋ္ဌကထာတို့၌ နည်းအမျိုးမျိုးဖြင့် ဖွင့်ပြထားခြင်းမှာ လောကလူသားတို့ ကျင့်သုံးလေ့ရှိသည့် အရိုးအစင်သို့ လိုက်၍လည်းကောင်း, ကျင့်သုံးနိုင်လျှင် ကောင်းမြတ်၏ဟု နှလုံးသွင်း၍လည်းကောင်း ဖွင့်ပြခြင်းဖြစ်သည်၊ အဋ္ဌကထာချင်း မတူဟူ၍ မမှတ်ယူရ၊ ကြွင်းသော ရက်တို့၌လည်း ဥပုသ် မစောင့်ရဟူ၍ မမှတ်ယူသင့်။

"ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္သမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗံ"ဟူသော သုတ်မဟာဝါ မဟာသုဒဿနသုတ် ဋီကာ (၁၉၂)နှင့်အညီ နေ့ရက်ဟူသမျှ ဥပုသ်စောင့်ကောင်း၏၊ စောင့်နိုင်သမျှ အကျိုးရှိ၏ဟု မုချမြစ္စာ မှတ်ကုန်ထု၏။

ဘခန်း (၁၈)

ကိုးပါးသီလနှင့် ဆယ်ပါးသီလ

ကိုးပါးသီလ

သီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ....စသည်ဆက်ဆိုပါ။

တတိယမ္ပိ....စသည်ဆက်ဆိုပါ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ)သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ နဝင်္ဂသမန္နာဂတံ၊ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော။ ဥပေါဝါထသီလံ၊ ဥပုသ်သီလတည်းဟူသော။ ဓမ္မံ၊ သီကွာပုဒ် အကျင့်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း....စသည်ဆက်ဆိုပါ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း....စသည်ဆက်ဆိုပါ။

(အာမ ဘန္တေ)

နမော တဿ ၃-ခေါက်ဆိုပါ။

သရဏဂုံသုံးပါး ၃-ခေါက်ဆိုပါ။

ကိုးပါးသီလ ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန-
ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗဝန္တံ လောကံ ဖရိတ္ဝာ
ဝိဟရာမိ။

အနက်

၁-မှ ၈-အထိ (၈)ပါးသီလနှင့် တူသည်။

၉။ ယထာဗလံ၊ စွမ်းနိုင်သလောက်၊ ၊မေတ္တာသဟဂတေန၊ မေတ္တာနှင့်
တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗဝန္တံ၊ အလုံးစုံသတ္တဝါ
အပေါင်းရှိသော။ လောကံ၊ သတ္တလောကကို။ ဖရိတ္ဝာ၊ ပျံ့နှံ့စေ၍။
ဝိဟရာမိ၊ နေပါအံ့။

မြန်မာပြန်

၁-မှ ၈-အထိ (၈)ပါးသီလနှင့် တူသည်။

၉။ စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါတို့အပေါ် ၌ ဖြန့်၍ နေပါမည်။

နဝင်္သီလအဓိပ္ပါယ်

အင်္ဂါကိုးပါးရှိသော သီလကို နဝင်္သီလဟု ခေါ်သည်။ နဝင်္ဂုပုသ်ဟုလည်း ခေါ်၏။ ရှစ်ပါးသီလတွင် မေတ္တာဘာဝနာကို ထည့်၍ ကိုးပါးသီလဖြစ်၏။ ဤ နဝင်္သီလဥပုသ်မှာ နဝင်္ဂံတွင်ရပါဠိတော် (၁၉၂)၌ တိုက်ရိုက်လာ၏။ မေတ္တာကို အခိုကထား၍ တည်ဆောက်ရသော ဥပုသ်သီလဖြစ်၏။ထိုခေတ်က ဥပုသ်သည်တို့ အလိုက္ယ ထည့်ထားခြင်းဖြစ်ပေသည်။ ထိုဥပုသ်သီလကို ဘုရားရှင် လက်ထက်တော်မှာပင် အခွိုပုဂ္ဂိုလ်များ ကျင့်သုံးဆောက်တည်ကြ၏။ မေတ္တာကို အာမုံးတင်၍ စောင့်အပ်သော ဥပုသီသီလသည် ရိုးရိုးဥပုသ်သီလထက် အကျိုးများ လေသည်။

ဆရာတော် ဦးဗုဒ္ဓ၏ ဒါနဖလုပ္ပတ္တိကျမ်း (၂၀၉)၌မူ ဤ နဝင်္သီလကို စကြာမင်းလောင်းဘို့သည် စကြာရတနာရောက်လာစေရန် ကောင်းမှုန်စွာ စောင့်ရှောက်အပ်သော သီလဟု ဖော်ပြထားပါသည်။

မေတ္တာကို သီလအဖြစ်ဆောက်တည်နေခြင်း

နဝင်္သီလကို ဆောက်တည်သည့်အခါ ပြဆိုခဲ့သည့်အတိုင်း "ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗဝန္တံ လောကံ ဖရိတ္ဝာ ဝိဟရာမိ" ဟူ၍ ဆောက်တည်ကြသည်။ ဆရာတော် ဦးဗုဓိနှင့် ဝိသုဒ္ဓါရုံ ဆရာတော်တို့ကား "မေတ္တာသဟဂတေန စေတသာ သမ္ဘပါဏာဘူတေသု ဖရိတ္ဝာ ဝိဟရဏံ သမာဒိယာမိ" ဟု ဆောက်တည်ရန် ရေးသားတော်မူခဲ့၏။

ဤသို့ သီလအဖြစ် ခံယူ ဆောက်တည်ခြင်းသည် အစဉ်အလာတစ်ခု ဖြစ်နေသည်။ မေတ္တာသည် ပါဏာတိပါတာ စသော သိက္ခာပုဒ်များကဲ့သို့ ရှောင်ကြဉ်ရမည့် သီလသိက္ခာပုဒ်မဟုတ်ပါ၊ ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏ဟု ဆောက်တည်ရုံဖြင့် တစ်နေ့လုံး ရှောင်ကြဉ်နိုင်သကဲ့သို့ မေတ္တာဖြင့် နေပါမည်ဟု ဆောက်တည်သူသည် တစ်နေ့လုံး မေတ္တာစိတ်ဖြင့် မနေနိုင်သောကြောင့် သိက္ခာပုဒ်မဟုတ်ခြေ၊ မိမိနှင့် မတည့်သူများကို မြင်ရတွေ့ရလျှင် ဒေါသဖြစ်ရ၏၊ မေတ္တာသည် ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖြစ်လျှင် မေတ္တာပျက်၏။ ထို့ကြောင့် အချို့ဆရာများက မေတ္တာသည် သိက္ခာပုဒ်လည်း မဟုတ်၊ သီလလည်း မဟုတ်၍ ဆောက်တည်ဖွယ်မလိုဟု ဆိုကြ၏။ မေတ္တာသည် ဘာဝနာသာဖြစ်၍ နဝင်္သပုဿီ စောင့်သူသည် ရှစ်ပါးသီလ ဆောက်တည်ပြီးနောက် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေလျှင် နဝင်္သီလ, နဝင်္သပုဿီဆောက်တည်ပြီး ဖြစ်တော့သည်။

အင်္ဂုတ္တရပါဠိတော်၌ "မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ" ဟူ၍ ဆိုသည်မှာ အရပ်မျက်နှာကို မမှတ်ဘဲ ပွားများခြင်းထက် အရပ်မျက်နှာကို မှတ်၍ ပွားများခြင်းက သာလွန်ထိရောက်သည့် အကြောင်းပြလို၍ ဖြစ်သည်။

ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့်တွင် နဝင်္သီလကို ပြဆိုရာ၌ အင်္ဂဂ်သီလတွင် ဗြဟ္မဝိဟာရလေးပါးတည်းမှ မိမိထိန်းလိုရာ တစ်ပါးပါးကို ထည့်သွင်း ထိန်းသိမ်းစောင့်ရှောက်ရမည်၊ သီလ မဟုတ်သော သမာဓိကိုပင် ပုဂ္ဂိုလ်အကြိုက် လိုက်ခလျာလျက် သီလပြုလုပ်၍ ဟောတော်မူသည်၊ ကောင်းမှုဟူသမျှကို သီလပြုလုပ်၍ ဆောက်တည်ကောင်းသည်ကို ပြတော်မူ၏ဟု မှတ်ချက်ပြုထားသည်။

ဗြဟ္မစိုရ်တရားလေးပါးရှိပါလျက် မေတ္တာကိုသာအထူးထုတ်၍ ရှစ်ပါးသီလနှင့် တဲ့စပ်ကာ နဝင်္သပုဿီအနေဖြင့် ဟောတော်မူခြင်းမှာ မေတ္တာတရားက အကျိုးကြီးမားသောကြောင့် ဟောတော်မူခြင်း ဖြစ်သည်ဟု မဟာဗုဒ္ဓဝင်ပထမတွဲ

(ပထမပိုင်း) အနုဒိပနီ(ထော)၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဲ့ ဆရာတော် မိန့်ကြားတော်မူသည်၊ မြတ်စွာဘုရားရှင် ဟောကြားသော မေတ္တာသုတ် ဒေသနာသည် ခုဒ္ဒကပါဋ ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်တို့၌ ထင်ရှား ရှိ၏၊ အဂုံတိုရ်ပါဠိတော် ဧကာဒသကနိပါတ်၌ မေတ္တာအကျိုး တစ်ဆယ့်တစ် မျိုးကို အောက်ပါအတိုင်း ဟောကြားတော်မူသည်—

မေတ္တာအကျိုး ၁၁-မျိုး

(၁) ချမ်းသာစွာ အိပ်ရခြင်း၊

(၂) ချမ်းသာစွာ နိုးရခြင်း၊

(၃) မကောင်းသောအိပ်မက် မမြင်မက်ခြင်း၊

(၄) လူများ ချစ်ခင်ခြင်း၊

(၅) နတ်ဘီလူးများ ချစ်ခင်ခြင်း၊

(၆) နတ်များ စောင့်ရှောက်ခြင်း၊

(၇) မီးလောင်မှု အဆိပ်သင့်မှု လက်နက်စူးဝင်မှု မရှိခြင်း၊

(၈) စိတ်တည်ကြည်လွယ်ခြင်း၊

(၉) မျက်နှာအဆင်း ကြည်ကြည်လင်လင် ရှိခြင်း၊

(၁၀) သေချိန်ကျသောအခါ မတွေမဝေ သေရခြင်း၊

(၁၁) ယခုဘဝ၌ မဂ်ဖိုလ်ကို ထိုးထွင်း သိမြင်နိုင်၏၊ အကယ်၍ မသိနိုင် သေးလျှင် ဗြဟ္မာပြည်သို့ လားရခြင်း။

ဤသို့ ဟောကြားတော်မူသောကြောင့် မေတ္တာတရားက သီလထက် ပိုမို၍ တန်ခိုးအာနိသင် ကြီးမားကြောင်း သိသာထင်ရှားသည်။

ထိုမေတ္တာအကျိုး တစ်ဆယ့်တစ်မျိုးနှင့် ပတ်သက်၍ မင်းကွန်းတောင်ရိုး ပဉ္စမြောင်းဆရာတော် ဘဒ္ဒန္တဇာဂရ (အဂ္ဂမဟာပဏ္ဍိတ)က အောက်ပါအတိုင်း လက်ဝဲသီကုံးထားခဲ့ပါသည်—

အဂုံတ္တရ၊ ကော်ဒသဋ္ဌ၊ ဗုဒ္ဓမြတ်စွာ၊ မိန့်တော်မှာသည်၊ မေတ္တာ အကျိုး၊ ဆယ့်တစ်မျိုးမှာ၊ ချမ်းသာအိပ်,နိုး၊ အိပ်မက်ဆိုးကို၊ မြင်ရိုး မထင်၊ လူ,နတ်ပင်ချစ်၊ နတ်လျှင်စောင့်ငြား၊ အဆိပ်များနှင့်၊ မီး ဓား

မဝင်၊ ဘေးမမြင်တည်း၊ စိတ်လျှင်တည်ကြည်၊ မျက်ဆင်းကြည်၏၊ သမည်မတွေ့၊ ဖြဟွာ့ပြည်သို့၊ ထောက်လေမိန့်မှာ၊ မော်ကွန်းဖြာသည်၊ လေ့လာလူတို့ မှတ်ဖွယ်တည်း။

ဆယ်ပါးသီလ

သီဃတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ....စသည် ဆက်ဆိုပါ။

တတိယမ္ပိ အဟံ ဘန္တေ....စသည် ဆက်ဆိုပါ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ) သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ဒသ ဂဟဋ္ဌသီလံ၊ လူတို့၏ ဆယ်ပါးသီလ ဖြစ်သော။ ဓမ္မံ၊ သီကွာပုဒ်တရားတော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ မေ၊ တပည့်တော် (တပည့်တော်မ) အား။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း....စသည် ဆက်ဆိုပါ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း ...စသည် ဆက်ဆိုပါ။

(အာမ ဘန္တေ)

နမော တဿ ၃-ခေါက် ဆိုပါ။

သရဏဂုံသုံးပါး ၃-ခေါက် ဆိုပါ။

ဆယ်ပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စဂီတဝါဒိတဝိသူကဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အနက်

အမှတ်စဉ် ၁-မှ အမှတ်စဉ် ၉-အထိ အနက်တူပြီ။

၁၀။ ဇာတရူပရဇတပဋိဂ္ဂဟဏာ၊ ရွှေငွေကိုကိုင်ခြင်း, ခံယူခြင်း, စီမံခြင်းမှ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူဆောက်တည်ပါ၏။

မြန်မာပြန်

၁။ သူအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ မမြတ်သောမေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏။

၄။ လိမ်လည်လှည့်ပတ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

၆။ နေလွဲအခါ ညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏။

၇။ အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို သာသနာတော်၏ ဆန့်ကျင်ဘက် ငြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၈။ ပန်းပန်ခြင်း, နံ့သာလိမ်းကျံခြယ်လှယ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၉။ မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်စက်နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၁၀။ ငွေရွှေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ပါ၏။

ဆယ်ပါးသီလအဖွင့်

ပါဏာတိပါတာမှ ဥစ္စာသယနမဟာသယနထိ သိက္ခာပုဒ်မျှားကို (၈)ပါး သီလ၌ ဖွင့်ဆိုခဲ့ပြီ။

နစ္စဂီတနှင့် မာလာဂန္ဓဝိရတြင်းအကြောင်း

နစ္စဂီတသိက္ခာပုဒ်အရ ကခြင်း သီဆိုခြင်းတီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်း တို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေသည်။ ထို့ကြောင့် ထိုအမှုမျှားမှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တစ်ပါးအဖြစ် ခဲ့ခြားခြင်းဖြစ်သည်။

မာလာဂန္ဓသိက္ခာပုဒ်အရ

ပန်းပန်မှု, နံ့သာလိမ်းကျံမှု စသည်ဘို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေသည်၊ ထို့ကြောင့် ထိုအမှုမျှားမှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ် တစ်ပါးအဖြစ် ခဲ့ခြားထားသည်၊ နစ္စဂီတသိက္ခာပုဒ်၌ ပါဝင်သော အမှုမျှားနှင့် မာလာဂန္ဓသိက္ခာပုဒ်၌ ပါဝင်သော အမှုမျှားကား တစ်ခုနှင့်တစ်ခု သဘောချင်း မဆက်သွယ်လှပါ၊ ထို့ကြောင့် နစ္စဂီတဆိုင်ရာနှင့် မာလာဂန္ဓဆိုင်ရာကို ခဲ့ခြားရ သိက္ခာပုဒ် ၂-ပါး ဖြစ်ရပေသည်။

သိက္ခာပုဒ်နှစ်ရ ခဲ့ခြင်း တွဲခြင်း

ရှစ်ပါးသီလ၌ နစ္စဂီတသိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ်တို့ကို ပေါင်းစပ် ထားရသည်။ ၉-ပါးသီလ၌မူ နစ္စဂီတနှင့် မာလာဂန္ဓသိက္ခာပုဒ်နှစ်ခုကို ခဲ့ခြား ထား၏၊ သို့သော် ရှစ်ပါးသီလ၌ ရှေးရိုးစဉ်လာ ထုံးစံအားဖြင့် ထို (၈)ပါးတွင် အားလုံးစုံပါဝင်နိုင်ရန် နစ္စဂီတနှင့် မာလာဂန္ဓကို ပေါင်း၍ သိက္ခာပုဒ်တစ်ခုတည်း အဖြစ် ခုဒ္ဒကအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် မဟာဋီကာတို့၌ မိန့်တော်မူအပ်သည်။ ထို့ကြောင့် ရှစ်ပါးသီလကို ဆောက်ဘည်ထု၌ နစ္စဂီတနှင့် မာလာဂန္ဓနှစ်ပါးကို တစ်ပါးတည်း ပြုလုပ်တွဲဖက်၍ ခံယူဆောက်ဘည်ခြင်း ဖြစ်သည်။ နစ္စဂီတ အမှုလည်း ကာမဂုဏ်အရာ၌ လျှပ်ပေါ်သောအမှု၊ မာလာဂန္ဓသည်လည်း ထို့အတူ ကာမဂုဏ်အရာ၌ လျှပ်ပေါ်သောအမှုဖြစ်၍ ဥပုသ်သီလနှင့် ဆန့်ကျင်၏၊ ဘာဝနာပွားများခြင်းနှင့်လည်း ဖြောင့်ဖြောင့်ဆန့်ကျင်၏။ ဤသို့ ဆန့်ကျင် ဘက်ချင်း တူသည်အဖြစ်ကြောင့် တစ်ပါးတည်း ပူးတွဲထားခြင်း ဖြစ်သည်။

ဆယ်ပါးသီလဆောက်တည်ရာ၌ နစ္စဂီတသိက္ခာပုဒ်သည် ကိုယ်တိုင် ကခုန် တီးမှုတ်ခြင်း၊ သူတပါးတို့ကို ကခုန်တီးမှုတ်စေခြင်း စသည်ဖြင့် ကာယဒွါရ, ဝစီဒွါရ, ကာယက်, ဝစီက် ကိုယ်တိုင် ပြုခြင်း၊ စေခိုင်းခြင်း အစုစုတို့နှင့်

ဆက်ဆံသော သိက္ခာပုဒ်အထူးတည်း၊ မာလာဂန္ဓသိက္ခာပုဒ်သည် မိမိကိုယ်တိုင် ပန်းပန်ခြင်း အစရှိသည်တို့ဖြင့် ပြုအပ်သည်ဖြစ်ရကား ကာယဒုဋ္ဌ, ကာယကံကိုယ်တိုင် ပြုခြင်း တစ်မျိုးနှင့်သာ ဆက်ဆံသော သိက္ခာပုဒ်အကူးတည်း။ ဤသို့အားဖြင့် သိက္ခာပုဒ်နှစ်ပါးတို့၏ကံဒုဋ္ဌရုပယောဂအားဖြင့် မတူထူးခြားသော သဘောလက္ခဏာရှိသောကြောင့် ဆယ်ပါးသီလအဆုဥ်း ခဲ့ခြား၍ ရှစ်ပါးသီလ အဆုဥ်းသာ တပေါင်းတည်း တဲ့ထားခြင်းကို ပြု၏ဟု တပ်အပ်သေချာမှတ်ယူဆု၏ (ပရမတ္ထသရုပအနုဝဏ္ဏနာ၊ဒုတိယတဲ့။၄၆၀)။

လုံးတော် ဆရာတော်ကြီးကား အဌင်္ဂသီလဥ် လောကီလူတို့ ရာဂလျှင် ပြဋ္ဌာန်းခြင်း အကြောင်းရင်းရှိသည်ဖြစ်၍ ဖြစ်သောအကုသိုလ်စေတနာတစ်ခုကို သာလျှင် ရည်ရွယ်တော်မူ၍ နစ္စဂိတသိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ်ကို တစ်ပါးတည်း တစ်ခုတည်း ပြုတော်မူ၏၊ ဆယ်ပါးသီလဥ်ကား ကစားမြူးထူးလိုမူ စေတနာကို ရည်ရွယ်၍ နစ္စဂိတသိက္ခာပုဒ်တစ်ခု၊ အလှပြင်လိုသည့်စေတနာကို ရည်ရွယ်၍ မာလာဂန္ဓသိက္ခာပုဒ်တစ်ခု ဤသို့ သိက္ခာပုဒ်နှစ်ပါးခဲ့ခြား၍ ပြတော်မူ၏ဟူ၍ မိန့်တော်မူသည်။

ဇာတရူပသိက္ခာပုဒ်အဖွင့်

ဇာတရူပအရ ရွှေတုံးရွှေခဲသာမက ရွှေဖြင့် ပြုလုပ်ထားသော အဝတ် တန်ဆာအားလုံး အကျုံးဝင်သည်။

ရဇတအရ ဘော်သာခွါငွေကိုသာမက ရောင်းဝယ်မှု သုံးစွဲရှိးဖြစ်သော ငွေစက္ကူအားလုံး အကျုံးဝင်သည်။

ပဋိဂ္ဂဟဏအရ လက်ဖြင့် ကိုင်ခြင်း, ခံယူခြင်းသာမက ရှောင်ကြဉ်ဖွယ် (၅)မျိုးကိုပါ ဆိုလိုသည်။ယင်း ၅-မျိုးကို လယ်တီဆရာတော်ဘုရားကြီး၏ သီလဝိနိစ္ဆယ (၉၉) ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်—

ရှောင်ကြဉ်ဖွယ် ၅-မျိုး

(၁) ကိုယ်တိုင်ခံယူခြင်း၊
(၂) သူတပါးအား ခံယူခိုင်းခြင်း၊
(၃) အဝေးအနီး၌ ထား၍ လှူသည်ကို သာယာခြင်း၊
(၄) မလျော်သော စီမံခြင်း၊
(၅) ကိုင်တွယ်ထိတွေ့ သုံးသပ်ခြင်း။

ဆယ်ပါးသီလစောင့်ထိန်းသူတို့မှာ ထို ၅-ပါးသောအမှုတို့ကို လွတ်ကင်းစေရမည် နဂိုက ရှိနေသော ရွှေငွေရတနာတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ (ငါ့ရွှေ ငါ့ငွေဟု) သာယာသော်လည်း အပြစ်မရှိ သိက္ခာပုဒ်မပျက်။

ဤအချက်ကို ထောက်ဆ၍ ဆယ်ပါးသီလစောင့်သူ လူတို့သည် မိမိ၌ ရှိသော ရွှေငွေကို ယုံကြည်လောက်သော သူထံ အပ်နှံထားရသည်၊ ဆယ်ပါးသီလစောင့်ထိန်းထားသည့်အတောအတွင်း ထိုရွှေငွေကို မကိုင်ရ၊ ဘယ်လိုထားလိုက်ပါ၊ သိမ်းဆည်းထားလိုက်ပါဟုလည်း မပြောရ၊ ထိုရွှေငွေဖြင့် ဘာဝယ်လိုက်ပါစသည်လည်း မပြောရ၊ မိမိအသုံးလိုသော ပစ္စည်းကိုသာ "ဘာလိုချင်သည်, ဘာစားချင်သည်" စသည်ဖြင့် ပြောဆိုရမည်။ သူတပါးက ငွေလာပေးခဲ့သော် ထိုငွေကို ကိုယ်တိုင် မယူရ၊ သူမျှားကိုလည်း မခိုင်းရ၊ မိမိအိမ်သူအိမ်သားတစ်ယောက်ယောက်က အလိုက်သိပြီး ယူထားလျှင် မိမိမှာ အပြစ်မရှိ။ စာတိုက်မှ မန်းနီးအော်ဒါဖြင့် ငွေလာလျှင် ငွေရရှိကြောင်း လက်မှတ်ထိုးခဲ့မှုဖြင့် အပြစ်မရှိ၊ လက်မှတ်ထိုးပြီးနောက် စာပို့သမားက ပေးသော ငွေကို ကိုယ်တိုင် မယူရ၊ သူမျှားကိုလည်း အယူမခိုင်းရ၊ နားလည်သူ တစ်ဦးဦးက အလိုက်သိလက်ခံယူထားလျှင် အပြစ်မရှိ၊ ဆယ်ပါးသီလစောင့်ထိန်းနေသောအခါ ရွှေငွေသာမက စိန် ကျောက် ပုလဲ ပတ္တမြားစသော ရတနာမျှားကိုလည်း မကိုင်ရချေ။ ဤကား လယ်တီဆရာတော်ဘုရား၏ သီလဝိနိစ္ဆယ (၁၀၀)မှ ထုတ်နုတ်ချက်တည်း။

ဆယ်ပါးသီလ စောင့်ကောင်းသလော

အခု၌က ဆယ်ပါးသီလကို ရှင်သာမဏေများသာ စောင့်ထိန်းအပ်၏၊ လူများမှာ သစ်ခေါက်ဆိုး ဝတ်၍ အမြဲစောင့်နိုင်မှ စောင့်ကောင်းသည်ဟု ဆိုကြ၏၊ အခု၌ကလည်း မိမိ၌ ရှိနေသော ရွှေငွေဥစ္စာများကို စွန့်ပစ်နိုင်မှ စောင့်ကောင်းသည်ဟု ဆိုကြ၏၊ သို့သော် ဖုဿဘုရားရှင်၏ ညီတော်မင်းသားသုံးယောက်သည် မိမိ၌ ရှိနေသော ရွှေငွေပစ္စည်းများကို ဂဓါတည်းပြတ်အောင် သူတပါးအား အပိုင်မပေးကြဘဲ သက်ဆိုင်ရာ ဘဏ္ဍာစိုးအား အပ်နှံထားပြီး တစုံတရာ စီမံခြင်း မပြုကြတော့ဘဲ ဆယ်ပါးသီလ စောင့်ကြောင်း လာရှိပါသည်။

ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ၉၂-ကမ္ဘာထက်၌ ဖုဿမည်သော ဘုရားရှင်ပွင့်တော်မူပါသည်။ ထိုဘုရားရှင်၏ ညီတော် မင်းသားသုံးယောက်တို့သည် စည်းစိမ်များကို ဘဏ္ဍာစိုးနှင့်အခွန်ဝန်အား လွှဲအပ်၍ ကိစ္စအရပ်ရပ်ကို မှာထားပြီးလျှင် ကျွန်ရင်းတစ်ထောင်နှင့်တကွ ဝါတွင်းသုံးလပတ်လုံး ဆယ်ပါး

သီလစောင့်ထိန်းလျက် ကျောင်းတော်မှာ နေကြပါသည်။ လွဲအပ်ခဲ့သော ဘဏ္ဍာစိုးက ဘုရားအမှူးရှိသော သံဃာတော်များနှင့်တကွ **မင်းသား၊ မင်းသား** တို့၏ အခြေအရံများအတွက်ပါ ချက်ပြုတ်ပြုစုကြရ၏ (အံ၊ဌ၊၁။၂၃၁)။

ထုဟုလာ စသော အလောင်းမင်းသား သုံးပါးတို့သည် ရွှေ ငွေ စပါး ဥစ္စာ ဖြစ်ပွားအောင် ပြုတတ်သော သူတို့ကို အလှူတင်းကုပ်၌ ထားခဲ့ပြီး၍ မိမိတို့မှာ ကျောင်းတော်သို့ သွား၍ ဆယ်ပါးသီလစောင့်ထိန်းနေကြကြောင်း အကုံတို်ရ်အဋ္ဌကထာ၌ လာရှိသည် (အံ၊ဌ၊၁။၂၀၁)။

ထို့ကြောင့် ဆယ်ပါးသီလကို လူဝတ်ကြောင်များ စောင့်ထိန်းကောင်းသည်ဟု မှတ်ရမည်။

အခန်း (၁၉)

အာဇီဝဋ္ဌမကသီဃ

အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဥစ္စာရှာဖွေရသော အလုပ်အကိုင် ဟူသမျှကို ပါဠိလို "အာဇီဝ"ဟု ခေါ်၏။ မတရားသော ပစ္စည်းဥစ္စာ ရှာဖွေ အသက်မွေးမှုကို "မိစ္ဆာဇီဝ"ဟု ခေါ်သည်။ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ တရားသဖြင့် ပစ္စည်းဥစ္စာရအောင် ရှာဖွေ အသက်မွေးမှုကို "သမ္မာအာဇီဝ"ဟု ခေါ်သည်။ မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှု သီက္ခာပုဒ်သည် ရှစ်ပါးမြောက်သီက္ခာပုဒ် ဖြစ်သည်။ ထိုအာဇီဝသီက္ခာပုဒ်ရှစ်ပါးမြောက် ရှိသော သီလကို "အာဇီဝဋ္ဌမက သီလ"ဟု ခေါ်၏။

အာဇီဝဋ္ဌမက=အာဇီဝ+အဋ္ဌမ+က။

အာဇီဝ=အသက်မွေးမှု၊

အဋ္ဌမ=ရှစ်ခုမြောက်၊

က=ရှိသော၊

=အသက်မွေးမှုလျှင် ရှစ်ခုမြောက်ရှိသော သီလ၊

အာဇီဝဋ္ဌမကသီလစတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ....စသည် ဆက်ဆိုပါ။

တတိယမ္ပိ....စသည် ဆက်ဆိုပါ။

အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ) သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အာဇီဝဋ္ဌမကသီလံ၊ အာဇီဝဋ္ဌ-မကသီလ တည်းဟူသော။ ဓမ္မံ၊ သီက္ခာပုဒ် အကျင့်ကို။ ယာစာမိ၊ တောင်းပန် ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း ...စသည် ဆက်ဆိုပါ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း ...စသည် ဆက်ဆိုပါ။

သီလစံယူပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ ပိသုဏဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ
၆။ ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အနက်

၁။ ပါဏာတိပါတာ
၂။ အဒိန္နာဒါနာ
၃။ ကာမေသုမိစ္ဆာစာရာ
၄။ မုသာဝါဒါ
} ငါးပါးသီလ အတိုင်း

၅။ ပိသုဏဝါစာ၊ ချေပစ်ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

၆။ ဖရုသဝါစာ၊ ကြမ်းတမ်းစွာ ဆဲဆိုပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

၇။ သမ္ဖပ္ပလာပဝါစာ၊ အကျိုးမရှိသော ဒဏ္ဍာရီ စသော ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

၈။ မိစ္ဆာဇီဝါ၊ မတရားစီးပွားရှာ အသက်မွေးခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

မြန်မာပြန်

၀။ သူတပါးအသက်ကို သဲတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ သူနှစ်ဦး ကွဲပြားအောင် ချောပစ်ကုန်းတိုက်သော စကားကို ပြောဆို ခြင်းမှ ရှောင်ကြဉ်ပါ၏။

၆။ ကြမ်းတမ်းယုတ်မာ ကျိန်ဆဲသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ် ပါ၏။

၇။ အကျိုးမရှိသော ဒဿာရိပုံပြင်စသော ပြိန်ဖျင်းသော စကားကို ပြောဆို ခြင်းမှ ရှောင်ကြဉ်ပါ၏။

၈။ မတရားစီးပွားရှာ အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏။

ဤအာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်, အဋ္ဌကထာတို့၌ တိုက်ရိုက်မပြကြပါ၊ ငါးပါးသီလ, ရှစ်ပါးသီလ စသည်ဆောက်တည်ပုံကို နည်းယူ၍ ရှေးပညာရှိကြီးများ ဆောက်တည်ပုံကို ရေးသားထားပါသည်။ "ပါဏာတိပါတာ ဝိရမာမိ" စသည်ဖြင့်လည်း ဆောက်တည်နိုင်ကြောင်း လယ်တီဆရာတော်ကြီးက သီလဝိနိစ္ဆယပေါင်းချုပ်ကျမ်း (၁၄၅)၌ ဖော်ပြထားပါသည်။

ငါးပါးသီလ, ရှစ်ပါးသီလ တစ်မျိုးမျိုးကို ဆောက်တည်ပြီးမှ ဤ အာဇီဝဋ္ဌမကသီလကို ဆက်လက်ဆောက်တည်ထုဉ်ကား "မုသာဝါဒါ ဝေရမဏိ" တိုင်အောင် ရှေးသီလများ၌ ပါဝင်ပြီး ဖြစ်၍ နောက်ထပ် ဆောက်တည်ဖွယ် မလိုပါ၊ "ပိသုဏာဝါစာ ဝေရမဏိ"မှ စ၍ နောက်သိက္ခာပုဒ် ၄-ပါးကိုသာ ဆက်လက်၍ ဆောက်တည်နိုင်ပါသည်။

ဤအာဇီဝဋ္ဌမကသီလသည် တစ်ကြိမ်ဆောက်တည်ထားပြီးဖြစ်လျှင် အသက် မွေးမှုစင်ကြယ်နေသမျှ ပိသုဏာဝါစာ စသည်ကို မပြောဆိုသမျှ သီလမပျက် သောကြောင့် နေ့စဉ်ဆောက်တည်ဖွယ် မလိုပါ၊ အခြားသော ငါးပါးသီလ, ရှစ်ပါးသီလများလည်း မကျိုးမပျက်သမျှ ထပ်၍ ဆောက်တည်ဖွယ် မလိုပါ၊ သို့သော် ထပ်၍ ဆောက်တည်ခြင်းကြောင့် အပြစ်မရှိပါ။

ဤသိက္ခာပုဒ် ရှစ်ပါးတွင် နံပါတ်(၁)မှ စ၍ (၇)အထိ သိက္ခာပုဒ်တို့မှာ သုစဋ္ဌိက်ဆယ်ပါးတွင် ကာယကံ ၃-ပါးနှင့် ဝစီကံ ၄-ပါးတို့ဖြစ်သည်။ ထိုရှစ်ပါး လုံခြုံပြီးသော သူ၌ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော အထောင်းအဝယ် အလုပ်အကိုင်များ စင်ကြယ်ပါမူ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပြီးသား ဖြစ်ပါသည်၊ ဆောက်ဘည်သည် ဖြစ်စေ, မဆောက်တည်သည် ဖြစ်စေ လုံခြုံပြီးသား ဖြစ်ပါသည်။ ဆောက်ဘည်လျှင်ကား ဆောက်တည်မှုအတွက် သမာဒါနစိတ်ရတိကုသိုလ် ဖြစ်ပါသည်။

ဤအာဇီဝဋ္ဌမကသီလ ၈-ပါးအနက် အမှတ်စဉ်(၁) ပါဏာတိပါတမှု အမှတ်စဉ်(၄) မုသာဝါဒအထိ သိက္ခာပုဒ် ၄-ပါး၏ အနက်အဓိပ္ပာယ်ကို ၅-ပါးသီလခန်း၌ အကျယ်ဖွင့်ဆိုပြီး ဖြစ်၍ ကျန်သိက္ခာပုဒ် ၄-ပါးကို ဆက်လက် ဖွင့်ဆိုရှင်းလင်းပါမည်။

ပိသုဏဝါစာအဖွင့်

သူနှစ်ယောက်တို့၏ ညီညွတ်နေမှုကို ကွဲပြားအောင် တစ်ယောက်၏အပြစ်ကို တစ်ယောက်ထံ ပြောကြားခြင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် အချစ်ပြယ်၍ ညီညွတ်မှုကွဲပြားလေသည်၊ ထိုသို့ ကုန်းတိုက်သောစကား ပြောဆိုမှုမှု ရှောင်ကြဉ်မှုသည် ပိသုဏဝါစာဝေရမဏိ ဖြစ်၏။

ပိသုဏဝါစာကံမြောက်ရန် အင်္ဂါ ၅-ပါးရှိ၏၊ ယင်းတို့မှာ—

(၁) ညီညွတ်သူနှစ်ဦး ရှိခြင်း၊
(၂) ကွဲပြားစေလိုသောစိတ်ရှိခြင်း, မိမိကို ချစ်စေလိုသော စိတ်ရှိခြင်း၊
(၃) ကွဲပြားအောင် လှုံ့လှုံ့ဆော်အားထုတ်ခြင်း၊
(၄) ထိုသို့ ပြောသည်ကို သူနှစ်ဦးတို့က နားလည်ခြင်း၊
(၅) ကွဲပြားခြင်း—

ဟူ၍ အင်္ဂါ ၅-ပါးရှိပါသည်။ မိမိအား ချစ်စေလိုသော စိတ်မပါသော်လည်း သူနှစ်ဦးတို့ ကွဲပြားလျှင် ပိသုဏဝါစာ ဖြစ်သည်။

မိတ်ဆွေ နှစ်ယောက်၏ ညီညွတ်မှုကို ကွဲပြားအောင် ကုန်းတိုက်သော သူသည် သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာ ခံရ၏။ အပါယ်လေးပါးမှ လွတ်ပြီးနောက် လူ့ဘဝရောက်သော အခါတွင်လည်း အောက်ပါ ဆိုးကျိုးများကို ခံစားရလေသည်—

(၁) ဇာဆွေခင်ပွန်း ချစ်ကျမ်းဝင်သောသူတို့နှင့် စိတ်ဝမ်းကွဲပြားရခြင်း၊
(၂) သူတပါးလှုံလကြောင့် ခန္ဓာကိုယ်ပျက်စီးရခြင်း၊
(၃) အခြံအရံ မဲ့ခြင်း၊
(၄) သူတော်ကောင်းတရားဌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရား မရှိခြင်း၊
(၅) မိတ်ဆွေအပေါင်းအသင်း မတည်မြဲခြင်း၊
(၆) လူအမျှား အမုန်းခံရခြင်း၊
(၇) စိတ်ခတ် ညစ်ညမ်းခြင်း။

ကဿပမြတ်စွာဘုရားလက်ထက်တော်၌ ခါက ဇလိုကြီးသောရဟန်းတစ်ပါး သည် ချောင်းယ်တစ်ခုဌ် ကျောင်းအာဝါသကို အလိုရှိသည့်အတွက် မထေရ်နှစ်ပါးကို ကုန်းတိုက်ကာ ခဲ့လေသည်၊ ဘင်ပြောင်းသောအခါ ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့၏ အကြားဌ် အဝီစိငရဲဌ် ဆင်းရဲကြီးစွာ ခံစားရ၏၊ ဂေါတမဘုရားလက်ထက်တော်ဌ် ရာဇဂြိုဟ်ပြည်အနီးဌ် ပူတိမုခပြိုတွာဖြစ်ရလေ၏၊ ကာယကံ စောင့်ထိန်း၍ ကိုယ်မှာ ရွှေအဆင်းနှင့် တူပြီး နှုတ်မစောင့် ကုန်းတိုက်သောကြောင့် ခံတွင်းပုပ်၏၊ ခံတွင်းမှ ပိုးလောက်မျှားလည်း ထွက်လေသည် (ဓမ္မ၊ဌ၊၂။၂၅၈။သူကရပေတဝတ္ထု)။

သူနှစ်ယောက်တို့၏ ညီညွတ်မှုကို ကဲ့ပြားအောင် ကုန်းတိုက်သော စကားကို ပြောဆိုခြင်း (ပိသုဏဝါစာ)မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ဖြစ်လေရာ ဘဝတိုင်းဌ် အောက်ပါအကျိုးတရားများ ခံစားရသည်—

(၁) သူတပါးလုံ့လကြောင့် ခန္ဓာကိုယ် မပျက်စီးခြင်း၊
(၂) စည်းစိမ်အခြံအရံ မြဲခြင်း၊
(၃) သဒ္ဓါတရား မပျက်ခြင်း၊
(၄) အဆွေခင်ပွန်း မိတ်ဆွေ မပျက်စီးနိုင်ခြင်း၊
(၅) လူအများ ချစ်ခင်ခြင်း၊
(၆) စိတ်ခတ် မညစ်ညူးခြင်း။

ဖရှသဝါစာအဖွင့်

ဖရှသဝါစာ-ဟူသည် မကြားဝံ့ မနာသာ အယုတ်တမာ ဆဲဆိုမှု, ကျိုးတ်၍ ဆေပါစေ, ကားတိုက်၍ သေပါစေ မြွေကိုက်၍ သေပါစေ ယုတ်ညံ့သော အင်္ဂါနှင့် နှိုင်းခြင်း စသည်ဖြင့် ကျိန်ဆဲမှုမျိုးတည်း၊ တရားကိုယ်အား ဖြင့် ဆဲဆိုကြောင်း စေတနာသည် ဖရှသဝါစာမည်၏၊ ပရမတ္ထစက္ခုကျမ်း စာမျက်နှာ (၂၁၂)၌ ဒီပဲယင်းဆရာတော်ကြီးက "ဖရှသဝါစာ-၌ နှုတ်ထွက်ကြမ်းသည်ဖြစ်စေ, ချိုသာသည်ဖြစ်စေ စေတနာကြမ်းသည်ကိုသာ အကြမ်းဟု ဆိုရသည်၊ ထို့ကြောင့် မိဘတို့က သားသမီးတို့ကို ကျိန်ဆဲရာ၌ ဖရှသဝါစာမဖြစ်၊ ဘုရင်မင်းတို့သည် လူတစ်ယောက်ကို သတ်စေရာ၌ "ချမ်းသာစွာ အိပ်ပါစေ" ဟု ဆိုသည်၊ စကား ချိုသာသော်လည်း "ဖရှသဝါစာ" ဟူ၍ မိန့်တော်မူသည်။ ထိုဖရှသဝါစာ မှ ရှောင်ကြဉ်မှသည် ဖရှသဝါစာ ဝေရမဏိ ဖြစ်၏။ ဖရှသဝါစာကံမြောက်ရန် အင်္ဂါ ၃-ပါးရှိ၏၊ ယင်းတို့မှာ—

(၁) အဆဲခံရသူ ရှိခြင်း၊

(၂) အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း၊

(၃) ဆဲရေးခြင်း—

တို့ဖြစ်ပါသည်။

ဖရှသဝါစာ ကံ၏ အပြစ်များ

ကြမ်းကြုတ်သော စကားကို ဆိုသော သူသည် သောသည့် အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာခံစားရ၏၊ အပါယ်လေးပါးမှ လွတ်ပြီးနောက် လူ့ဘဝ ရောက်သောအခါတွင်လည်း အောက်ပါဆိုးကျိုးများကို ခံစားရလေသည်—

(၁) မနှစ်သက်သော အသံကို ကြားရခြင်း၊

(၂) အများ အမုန်းခံရခြင်း၊

(၃) ကဲ့ရဲ့ပြစ်တင် ခံရခြင်း၊

(၄) ဆင်းဆင်းရဲရဲ နေထိုင်ရခြင်း၊

(၅) သာယာနာပျော်ဖွယ်သောအသံ မရှိခြင်း၊

(၆) အလုံးစုံသော အသံအင်္ဂါ ပျက်စီးခြင်း (ဆွံ့အခြင်း)။

ဗာဇူဏသိပြည် နန္ဒိယဥပါသကာ သေလွန်ပြီးနောက် ဇနီးဖြစ်သူ ရေဝတီသည် ဒါနဝတ်ကို ဖြုတ်၍ အလှူခံ ပုဂ္ဂိုလ်တို့အား လူသွားပမာ ကြွမ်းကြုတ်သော စကားဖြင့် ဆဲရေးခြင်းကြောင့် ဘီလူးနှစ်ယောက် လာရောက်ဆွဲယူပြီး အသူတစ်ရာ နက်သော ဘင်ပုပ်ငရဲ၌ ပစ်ချသည်၊ အနှစ် နှစ်ထောင်ခံရ၏။

ကဿပဘုရား၏ သာသနာတော်၌ ရဟန်းတစ်ပါးသည် ရဟန်းများကို ကြွမ်းကြုတ်စွာ ဆဲဆိုသည့်အတွက် ဘုရားနှစ်ဆူ ကြားကာလတွင် ငရဲ၌ ကြီးစွာ ဆင်းရဲခံစားရ၏၊ ဂေါတမဘုရားလက်ထက် ရောက်သောအခါ ဂိဠာကုဋ်ရွာတောင်ခြေ၌ ကာယကံ စောင့်ခဲ့၍ ဇရာအဆင်းနှင့် တူသောကိုယ်, ဝစီကံ မစောင့်၍ ဝက်နှုတ်သီးနှင့် တူသော ပါးစပ်ရှိသော ပြိတ္တာဖြစ်ရလေသည်။

နန္ဒိဝိသာလနှား

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဆင္ဇဂိုရဟန်းတို့ကို အကြောင်းပြု၍ ဖရုသဝါစာ (ကြမ်းတမ်းသော စကား)ကို တိရစ္ဆာန်များပင် မနှစ်သက်ကြောင်း မိန့်ကြားတော်မူပါသည်။

ရှေးအခါက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ဂန္ဓာရမင်းလက်ထက် ပုဏ္ဏားတစ်ယောက်၏ အိမ်တွင် ဘုရားလောင်းသည် နွားမျိုး၌ ဖြစ်၍ "နန္ဒိဝိသာလ"ဟု အမည်ရ၏။ ဘုရားလောင်းနွားသည် အရွယ်ရောက်သောအခါ ပုဏ္ဏားကြီးအား ကျေးဇူးဆပ်လိုသဖြင့် ဂေါဝိတ္တကသူဌေးထံသွားပြီး ငါ၏နွားလားသည်လုည်းအစီး တစ်ရာကို တစ်ကြိမ်တည်း ရွန်းနိုင်ကြောင်းပြော၍ အသပြာတစ်ထောင်လောင်း လော့ဟု ပြောလေသည်၊ ပုဏ္ဏားလည်း ဘုရားလောင်းနွား ခိုင်းသည့်အတိုင်း ပြု၏၊ လှည်းအစီးတစ်ရာကို သဲ့ကျောက်စရစ်, ကျောက်ခဲတို့ဖြင့် ပြည့်စေ၍ နန္ဒိဝိသာလနွားကို ပန်းနံသာတို့ဖြင့် လိမ်းကျံပြီး ပထမဆုံးလှည်း၏ ရှေ့၌ထား၏၊ နှင်တံကို မြှောက်၍ "ဂစ္ဆ ကုဋ္ဌ၊ ဝဟာသု ကုဋ္ဌ=ကောက်ကျစ်သောနွားသွားလော့, ကောက်ကျစ်သောနွား ရုံးလော့"ဟု ဆို၍ မောင်းနှင်ရာ မရွှန်းဘဲ နေသဖြင့် အသပြာတစ်ထောင် ရှုံးလေသည်။ ဤသည်မှာ ဖရုသဝါစာ၏ အကျိုးပင် ဖြစ်လေသည်။ တဖန် နောက်တစ်ကြိမ် အသပြာနှစ်ထောင်လောင်းတမ်းပြုလုပ်၍ ချိုသာသောစကားဖြင့် နွားလားဥသဘကြီးကို ချော့မော့စေခိုင်းပြန်ရာ လှည်းများကို ရွှန်းပေးလိုက်သည်။ ပုဏ္ဏားကြီးမှာ အသပြာနှစ်ထောင်အနိုင်ရရှိခဲ့သည်၊ ဤကား ဖရုသဝါစာမှ ရှောင်ကြဉ်မှု၏ အကျိုးဆက်ဖြစ်သည် (ဇာ၊၄၊၁။ ၂၀၇)။

မကြားဝံ့မနာသာ ကြမ်းကြုတ်သော စကားကို ပြောဆိုခြင်း ဖရုသဝါစာမှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ဖြစ်လေရာ ဘဝတိုင်း၌—

(၁) လူသတ္တဝါအများ ချစ်ခင်ခြင်း၊

(၂) လူသတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေနိုင်ခြင်း၊

(၃) ချမ်းသာစွာ နေရခြင်း၊

(၄) သာယာနာပျော်ဖွယ်သော စကား ရှိခြင်း၊

(၅) လူအများ ချီးမွမ်းခံရခြင်း၊

(၆) ဆင်ခြင်ဉာဏ်ပါးရှိသော အသံနှင့် ပြည့်စုံခြင်း–

တို့ကို ခံစားရသည်။

သမ္မပ္ပလာပဝါစာအဖွင့်

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော စကား, အနက်အဓိပ္ပါယ် မရှိ ပြိန်ဖျင်းသော စကားကို ဆိုကြောင်းဖြစ်သော စေတနာသည် သမ္မပ္ပလာပဝါစာ မည်၏၊ အနက်ဆံကင်း ပြိန်ဖျင်းသော စကားနှင့် ပတ်သက်၍ ပရမတ္ထစက္ခုကျမ်း (၂၁၂)၌ ဒီပဲယင်းဆရာတော်ကြီးက—

"အနက်ဆ်ကင်းဆိုသည်မှာ ရာမမင်း၏ သီတာမိဖုရားကို ခေါင်းဆယ် လုံးရှိ ဘီလူးမင်း ခိုးယူသည်၊ ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ် သွားကြသည် ဤသို့ စသည့် ရွေးက မဖြစ်ဖူး မရှိဖူးသည်ကို ဖြစ်ဖူး ရှိဖူးသကဲ့သို့ သူတပါး ထုဂပ်ဂားရန်, ဖေါသပ်ဂားရန်, မောဟပ်ဂားရန် ကြံဖန်၍ ပြောကြသော စကားဟူသမျှ စပါးဖျင်းကဲ့သို့ အနက်ဆံဒြပ် မပါသည်ကို ဆိုသည်၊ သူ့ကို ဆုံးမရာ တရားဓမ္မ ဟောရာ ပြောရာ ထင်လွယ် မြင်လွယ်အောင် ဥပမာပုံပြု၍ ထည့်သွင်း ပြောဆိုရာတို့၌ သမ္မပ္ပလာပ မဖြစ်"ဟု မိန့်တော်မူသည်။

သမ္မပ္ပလာပဝါစာတွင် အင်္ဂါ ၃-ပါး ရှိ၏၊ ယင်းတို့မှာ–

(၁) အနက်ဆံကင်း ပြိန်ဖျင်းသော စကားကို ဆိုလိုသော စိတ်ရှိခြင်း၊

(၂) ပြိန်ဖျင်းသော စကားကို ဆိုခြင်း၊

(၃) သူတပါး ယုံကြည်ခြင်း–

တို့ဖြစ်ပါသည်။

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော စကား, အနက်အဓိပ္ပါယ် မရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုသော သူသည် ခန္ဓာပျက်သည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာ ခံစားရ၏၊ အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူ့ဘဝထွက်သော အခါတွင်လည်း အောက်ပါ ဆိုးကျိုးများကို ခံစားရလေသည်—

(၁) မိမိပြောဆိုသော စကားကို သူတပါး မယုံကြည်ခြင်း၊

(၂) မိမိကို လူထများ မုန်းတီးခြင်း၊

(၃) လူထများတို့က မိမိကို အလေးမထားခြင်း၊

(၄) အများယုံကြည်ဖွယ်ဖြစ်အောင် မပြောတတ်ခြင်း၊

(၅) လာဘ်လာဘ နည်းပါးခြင်း၊

(၆) ဘုန်းတန်ခိုးရှိန်စော် အာနုဘော် နည်းပါးခြင်း၊

(၇) ပညာသေးသိမ် မေးမှိန်ခြင်း။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးထော် မူစဉ် ကချေသည်များသည် လူတို့ကို လောဘ, ဒေါသ, မောဟသို့ ရောက်၍ မိုက်မဲအောင် ဖြားယောင်းသွေးဆောင် ကပြ သီဆိုသောကြောင့် စုတေသော အခါ ပဟာသငရဲ၌ ဆင်းရဲကြီးစွာ ခံစားကြကုန်၏ဟူ၍ တာဋ္ဌပုဋ္ဌ ကချေဘည် မှူးအား ဟောကြားတော်မူသည်။

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော စကား, အနက်အဓိပ္ပါယ် မရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း သမ္မပ္ပလာပဝါစာမှ ရှောင်ကြဉ်ရမည်။ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ဖြစ်လေရာ ဘဝတိုင်း၌ အောက်ပါ ကောင်းကျိုးများကို ခံစားရလေသည်—

(၁) လူသတ္တဝါအများ ချစ်ခင်ခြင်း၊ လေးမြတ်ခြင်း၊ နှစ်သက်ခြင်း၊

(၂) လူသတ္တဝါတို့၏ စိတ်နှလုံး တိုးပွားစေနိုင်ခြင်း၊

(၃) ယုံကြည်ဖွယ်သော စကားရှိခြင်း၊

(၄) ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊

(၅) အမေးပုစ္ဆာ ပြဿနာများကို ခဏချင်း ဖြေဆိုနိုင်ခြင်း။

မိစ္ဆာဇီဝါအဖဉ်

မုဆိုး တံငါအလုပ်တို့ဖြင့် သူအသက်သတ်ခြင်း (ပါဏာတိပါတ)အမှုကို ပြု၍ ပစ္စည်းရှာဖွေခြင်း၊ သူခိုး ဓားပြ (အဒိန္နာဒါန)လုပ်၍ ပစ္စည်းရှာဖွေခြင်း၊ ငွေကြေးပစ္စည်း ရလိုမှုအတွက် ကာမေသုမိစ္ဆာစာရကံ လွန်ကျူးမှု၊ မတရား ရွှေနေ၊ မတရား သက်သေလိုက်၍ ဖြစ်စေ, လိမ်လည် လှည့်ပတ်ရောင်းဝယ်၍ဖြစ်စေ မုသာဝါဒဖြင့် ပစ္စည်းရှာရမှု၊ ကုန်းတိုက်ပေးခြင်း၊ ပိသုဏဝါစာမှုဖြင့် ပစ္စည်းရှာဖွေမှု၊ ဆဲရေးတိုင်းထွာ ဖရုသဝါစာဖြင့် ပစ္စည်းရှာဖွေမှု၊ ကွက်စိပ်ပြောဆရာ, လူချင်တော်အလုပ်တို့ဖြင့် မဟုတ်မမှန် အကျိုးမရှိသော ဒဏ္ဍာရီပုံပြင်များ သမ္ဖပ္ပလာပမှုဖြင့် စီးပွား ရှာဖွေမှုများသည် မိစ္ဆာဇီဝမှုများ ဖြစ်ကြသည်။

ဤမိစ္ဆာဇီဝအမှုမျိုးကို "ပါဏာတိပါတာ ဝေရမဏိ" စသော ရှေးသိကွာပုဒ် ၇-ပါးဖြင့် ရှောင်ကြဉ်ပြီး ဖြစ်ပါသည်။ သို့သော် "မြဲရာသံပတ်" ဆိုသကဲ့သို့ ရှေးသိကွာပုဒ်များဖြင့် ရှောင်ကြဉ်ရုံဝယ် သာ၍ ခိုင်မြဲအောင် ဤ "မိစ္ဆာဇီဝါ ဝေရမဏိ" သိကွာပုဒ်ကို ထပ်မံ ဆောက်တည်ရသည်။

မိစ္ဆာအာဇီဝ ၅-မျိုး

ရှေးသိကွာပုဒ် ၇-ပါးဖြင့် မရှောင်ကြဉ်ရသေးသော မိစ္ဆာဇီဝများလည်း ရှိသေးသည်။ ယင်းမိစ္ဆာဇီဝများမှာ "လက်နက်, လူ, သား၊ သေ, ဆိပ်, ငါး၊ ရောင်းစားမပြုကောင်း" ဟူ၍ ၅-မျိုး ရှိ၏။

(၁) သတ္ထဝါဏိဇ္ဇာ=ဓားလုံ သေနတ်ပိုက်ကွန် စသော လက်နက်ရောင်းမှု၊

(၂) သတ္တဝါဏိဇ္ဇာ = လူ, သတ္တဝါကို သွေးဆောင်၍ သူတပါးကံ ကျွန်အဖြစ် ရောင်းဝယ်မှု (ပြည့်တန်ဆာမျှား မွေး၍ ခေါင်းလုပ်မှု)၊

(၃) မံသဝါဏိဇ္ဇာ=နွား, ကျွဲ, ဝက်, ဆိတ်, ကြက်, ငှက် စသည်တို့ကို မွေးမြူ၍ အသားစားဖို့ရာ သတ်ဖြတ်သူအား ရောင်းမှု၊ သတ်ပြီးသော သားငါး အစိုအခြောက်ရောင်းဝယ်မှု၊

(၄) မဇ္ဇဝါဏိဇ္ဇာ=ထန်းရည်, အရက်, ဘိန်း စသည့် မူးယစ်ဆေးဝါး ရောင်းမှု၊

(၅) ဝိသဝါဏိဇ္ဇာ=အဆိပ်ရောင်းမှု (အံ၊ ၂။၁၈၃)။

ယင်း ၅-မျိုးသည် မိစ္ဆာဇီဝဖြစ်၏၊ ရတနာသုံးပါး ကိုးကွယ်သူ ဥပါသကာများ မပြုကောင်းပေ၊ ထို့ပြင် မြင်းလောင်း၊ နွားလောင်း ကဲ့တို့က် ဖဲရိုက်၍ ပစ္စည်းရှာမှုမျိုးလည်း မိစ္ဆာဇီဝပင် ဖြစ်၏၊ မိမိကိုယ်တိုင် မိစ္ဆာဇီဝမှုဖြင့် ပစ္စည်းမရှာပါသော်လည်း စီးပွားတူဖြစ်သော ညီအစ်ကိုမောင်နှစ်မျာ၏ မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူလျှင် မိစ္ဆာဇီဝပင် ဖြစ်၏၊ သဘောမတူလျှင် မိစ္ဆာဇီဝမဖြစ်ပေ။

သမ္မာအာဇီဝ ၂-မျိုး

သမ္မာအာဇီဝသည် သုတ္တန်ပါဠိတော်၌ လာသော သမ္မာအာဇီဝ၊ အဘိဓမ္မာပါဠိတော်၌ လာသော သမ္မာအာဇီဝ ဟူ၍ ၂ မျိုးရှိ၏။ ထိုတွင် တရားသဖြင့် ရအပ်သော ပစ္စည်းမျာ်းကို စားသောက်သုံးစွဲခြင်း၊ တရားနည်းလမ်းအတိုင်း ပစ္စည်းဥစ္စာရှာဖွေခြင်းသည် သုတ္တန်သမ္မာအာဇီဝ မည်၏။

မတရားသဖြင့် ပစ္စည်းရဖို့ အခွင့်ကြုံလာသော်လည်း မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် အဘိဓမ္မာသမ္မာအာဇီဝ မည်၏။

မတရားရှာဖွေရရှိထားသော ပစ္စည်းမျာ်းကို စားသုံးနေ၍ မတရား စီးပွားရှာမှု ဆက်လက်မလုပ်လျှင် သုတ္တန်နည်း သမ္မာအာဇီဝပျက်၍ အဘိဓမ္မာနည်း သမ္မာအာဇီဝ မပျက်ပါ။

သုတ္တန် သမ္မာအာဇီဝ မဖြစ်အောင် မတတ်နိုင်ပါလျှင် အဘိဓမ္မာ သမ္မာ-အာဇီဝ ဖြစ်အောင် နောက်ထပ် မတရားပစ္စည်းဥစ္စာရှာမှုမှ ရှောင်ကြဉ်ရန်အတွက် အာဇီဝဋ္ဌမကသီလကို တိန်းသိမ်းရာ ရောက်ပါသည်။

သမ္မာအာဇီဝ

ဖော်ပြခဲ့သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ တရားသဖြင့် ရရှိသော ပစ္စည်းမျာ်းကို "ဓမ္မိယလဒ္ဓ ပစ္စည်း" ဟု ခေါ်ပါသည်၊ ယင်းပစ္စည်းမျိုးမှာ

–မိဘ၊ ဘိုးဘွား စသူတို့ထံမှ အမွေအနှစ် ရသော ပစ္စည်း၊
–စာရေး စာချီစသော အမှုထမ်းလုပ်၍ ရသော ပစ္စည်း၊
–လက်မှုပညာဖြင့် ရသော ပစ္စည်း၊
–လယ်ယာလုပ်၍ ရသော ပစ္စည်း၊
–တရားသဖြင့် ရောင်းဝယ်ဖောက်ကား၍ ရသော ပစ္စည်း၊
–ကာယလုပ်အားဖြင့် လုပ်၍ ရသော ပစ္စည်း–

ဤပစ္စည်းမျာ်းသည် မျာ်းသောအားဖြင့် ဓမ္မိယလဒ္ဓပစ္စည်းမျာ်း ဖြစ်ပါသည်၊ ထိုပစ္စည်းမျာ်းဖြင့် အသက်မွေးဝောဟာရသည် သမ္မာအာဇီဝ ဖြစ်ပါသည်။

အချို့သော လူမျိုးသည် နားမလည်မီ အချိန်က မတရားသဖြင့် စီးပွားရှာ၍ တရားသဘော နားလည်လာသောအခါ ထိုပစ္စည်းမျိုးကို ဆက်လက် စားသောက်နေထိုင်မှုသည် သမ္မာအာဇီဝ မြဲလေသလား, မမြဲလေသလားဟု သံသယဝင် စဉ်းစားလာတတ်ကြပေသည်။ ယင်းနှင့် ပတ်သက်၍ သမ္မာအာဇီဝ ၂-မျိုးကို သိထားသင့်ပေသည်။

လယ်တီဆရာတော်ဘုရားကြီးက သီလဝိနိစ္ဆယပေါင်းချုပ်ကျမ်း (၇၄)တွင် "အဓမ္မိယလဒ္ဓပစ္စည်း ဝတ္ထုကို သုံးစွဲရလျက် ရှိနေသော်လည်း ဒုစရိုက်မှုမှ ကြဉ်ရှောင်တော့မည်ဟု စိတ်ပြင်ဆန်းချက်နှင့် ခံယူဆောက်တည်မှု ပြုခဲ့သော် အဘိဓမ္မာ သမ္မာအာဇီဝ ဝိရတိမူကား ဖြစ်ပါ၏၊ သမ္မာအာဇီဝ ဝိရတိ ဖြစ်လျှင်လည်း ထိုပစ္စည်းဝတ္ထုကို သုံးစွဲရသည့်အတွက် ထိုသူမှာ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ဖြစ်ခွင့်မရှိပေပြီ" ဟု မိန့်တော်မူပါသည်။

ဘုရားရှင် လက်ထက်တော်၌ အဂုံလိမာလထေရ်သည် တော အရပ်၌ တစ်ကိုယ်တည်း ဓားပြဝိုလ်ကြီး ပြုလုပ်၍နေရာ မြတ်စွာဘုရား ကြွသွား၍ ခြေချုတ်တော်မူသဖြင့် အကျွတ်တရားရတော်မူသည်။

တမ္မဒါဋ္ဌိက မည်သော သူသတ် ယောကျ်ားကြီးသည် သူသတ်အလုပ်နှင့် အသက်မွေးမှုပြု၍ ရအပ်သော ပစ္စည်းဝတ္ထုကို သုံးစွဲလျက်နှင့်ပင် အရှင် သာရိပုတ္တရာ တရားကို နာကြား၍ ထိုနေ့၌ပင် သေ၍ တုသိတာ နတ်ပြည်၌ ဖြစ်၏ (ဓမ္မ၊ဋ္ဌ၊၁။၄၀၅-၄၀၇)။

ကုက္ကုဋမုဆိုး

ဘုရားရှင် လက်ထက်တော်က ကုက္ကုဋမုဆိုးသည် တစ်သက်လုံး မုဆိုးအလုပ်ကို လုပ်၍ အသက်မွေးခဲ့သောကြောင့် သူ၏ အသက်မွေးမှုသည် မိစ္ဆာဇီဝ ဖြစ်ပါသည်၊ သို့သော် ဘုရားနှင့် တွေ့သောအခါ တရားတော်ကို နာရ၍ သား ၃-ယောက်၊ ချွေးမ ၃-ယောက်နှင့် အတူ သောတာပန် ဖြစ်လေသည် (ဓမ္မ၊ဋ္ဌ၊ ၂။၁၅-၁၇)။ ထိုသူတို့သည် ရှေးက မိစ္ဆာဇီဝဖြင့် ရခဲ့သော ပစ္စည်းမျိုးကို စွန့်ပစ်သည်ဟု ကျမ်းဂန်တို့၌ မလာချေ၊ စွန့်ပစ်မည်လည်း မဟုတ်ပေ၊ ထို့ကြောင့် တတ်သိ နားလည်သော အခါမှစ၍ မိစ္ဆာဇီဝကို ရှောင်ကြဉ်လျှင် အာဇီဝဋ္ဌမကသီလ လုံခြုံသည်ဟု ဆိုနိုင်ပေသည်။ မိစ္ဆာဇီဝဖြင့် ရရှိသော ပစ္စည်းမျိုးကို လှူဒါန်း ပေးကမ်းထား၍လည်း ထိုက်တန်သမျှ အကျိုးရပါသည်၊ သို့သော် ဓမ္မိယလဒ္ဓပစ္စည်းလောက်တော့ အကျိုးကြီးမည်မဟုတ်ချေ။

ရဟန်းတော်များ၏ သမ္မာအာဇီဝ

ရဟန်းတော်များဌာကား မတရားသဖြင့် ရအပ်သော ပစ္စည်းများကို လုံးဝ စွန့်ပစ်နိုင်မှသာ သမ္မာအာဇီဝဖြစ်၏၊ ဆေးကုမှု, ဗေဒင်ဟောမှု, ကြည့်ညှိအောင် ဟိတ်ဟန်ဆောင်မှု စသော မတရားမှုဖြင့် ရအပ်သော ပစ္စည်းကို သုံးစွဲ နေလျှင် သုံးစွဲတိုင်း သုံးစွဲတိုင်း အာပတ်သင့်ရုံမက ထိုပစ္စည်းများကို အခြား ရဟန်းတော်များ သုံးဆောင်လျှင်လည်း အာပတ်သင့်၏၊ ထို့ကြောင့် ရဟန်း တော်များ၏ မိစ္ဆာဇီဝသည် လူတို့၏ မိစ္ဆာဇီဝထက် ပို၍ အပြစ်ကြီး၏။

ရဟန်းတော်များ၏ အာဇီဝပါရိသုဒ္ဓိကို ပြဆိုရာ၌ အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သီကွာပုဒ် တို့မှာ အောက်ပါအတိုင်း ဖြစ်၏—

(၁) အသက်မွေးမှုဟူသော အကြောင်းကြောင့် ယုတ်မာသော အလို ဆိုးဖြင့် မိမိ၌ ထင်ရှားမရှိသော စျာန်, မဂ်, ဖိုလ်တရားကို ရှိသယောင် ဟောပြောအံ့၊ ပါရာဇိကအာပတ်သင့်၏။

(၂) အသက်မွေးမှုဟူသော အကြောင်းကြောင့် အောင်သွယ်မှု ပြုအံ့၊ သံဃာဒိသေသ်အာပတ်သင့်၏။

(၃) အသက်မွေးမှုဟူသော အကြောင်းကြောင့် ထိုကျောင်း၌ နေသော ရဟန်းသည် ရဟန္တာထည်းဟု ပြောဆိုသည်ကို ဝန်ခံအံ့၊ ထုလ္လစ္စည်း အာပတ်သင့်၏၊

(၄) အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းသည် မနာဖျား ဘဲလျက် မိမိအကျိုးငှာ မွန်မြတ်သော ဘောဇဉ်အာဟာရကို နှုတ် မြွက်တောင်းရမ်း၍ သုံးဆောင်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

(၅) အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းမိန်းမသည် မနာ ဖျားဘဲလျက် မိမိအကျိုးငှာ မွန်မြတ်သော ဘောဇဉ် အာဟာရကို တောင်း၍ သုံးဆောင်ငြားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

(၆) အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းသည် မနာဖျား ဘဲလျက် ဟင်းကိုဖြစ်စေ, ထမင်းကိုဖြစ်စေ မိမိအကျိုးငှါ တောင်း၍ သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတော်များမှာ ထိုကိစ္စများစင်ကြယ်မှ သမ္မာအာဇီဝဖြစ်၏၊ ထို့ကြောင့် ထကယ်တမ်း သူတော်ကောင်းစင်စစ် ဖြစ်လိုသူ မှန်လျှင် လူဖြစ်စေ, ရဟန်းဖြစ်စေ

မိစ္ဆာဇီဝကို အထူးရှောင်ကြဉ်လျက် သမ္မာအာဇီဝဖြစ်အောင် အသက်မွေးမြူကာ အာဇီဝဋ္ဌမကသိလကို စောင့်ထိန်းမှသာလျှင် အစစ်အမှန် သူတော်ကောင်းဟု ဆိုထိုက်၏၊ အာဇီဝဋ္ဌမကသိလ လုံခြုံမှုလည်း မဂ်ဖိုလ်ရနိုင်၏၊ မလုံခြုံလျှင် မဂ်ဖိုလ်မရနိုင်ပေ၊ ထို့ကြောင့် အာဇီဝဋ္ဌမကသိလကို လုံခြုံအောင် စောင့်ထိန်းကြပါဟု တိုက်တွန်းလိုက်ရပါသည်။

အာဒိဗြဟ္မစရိယ=အကျင့်မြတ်၏ အစ

ငါးပါးသီလကို ဆောက်တည်သည် ဖြစ်စေ, မဆောက်တည်သည် ဖြစ်စေ လွန်ကျူးလျှင် အပြစ်ရှိသကဲ့သို့ ဤအာဇီဝဋ္ဌမကသိလကိုလည်း ဆောက်တည်သည်ဖြစ်စေ, မဆောက်တည်သည်ဖြစ်စေ လွန်ကျူးလျှင် အပြစ်ရှိ၏၊ ငါးပါးသီလသည် သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် နိစ္စသီလ ဖြစ်သကဲ့သို့ ဤအာဇီဝဋ္ဌမကသိလသည်လည်း သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့် နိစ္စသီလဖြစ်သည်။ ဤသီလ မလုံခြုံလျှင် မဂ်ဖိုလ်ကို မရနိုင်ပါ၊ ဤအာဇီဝဋ္ဌမကသိလလုံခြုံမှ မဂ်ဖိုလ်ကို ရနိုင်သဖြင့် ဤသီလကို မဂ်တည်းဟူသော မြတ်သောအကျင့်၏ အစ အခြေခံသီလ ဖြစ်၍ "အာဒိဗြဟ္မစရိယသီလ"ဟု ကျမ်းဂန်တို့၌ ခေါ်သေးသည်။ (အာဒိ=အစ+ဗြဟ္မစရိယ=အကျင့်မြတ်။)

လယ်တီဆရာတော် ဘုရားကြီးက သူ၏ သီလဝိနိစ္ဆယပေါင်းချုပ်ကျမ်း (၁၄၇)၌ အောက်ပါအတိုင်း ဖော်ပြထား၏—

> ဤ အာဇီဝဋ္ဌမကသီလသည် မြတ်စွာဘုရား သာသနာတော်၌ အခြေခံ အမာခံ ရောတည် တရားဖြစ်၍ အာဒိဗြဟ္မစရိယသီလ မည်၏၊ နေထွက်လိုသည်ရှိသော် ရှေးဦးစွာ ဖြစ်ပေါ်၍ လာသော နေအရောင်နှင့် တူသည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။

စောင့်ထိန်းရန် သင့်, မသင့်

ဤသီလကို စောင့်ကောင်း, မစောင့်ကောင်း အငြင်းပွားကြ၏၊ မစောင့်ကောင်းစရာ အကြောင်းမရှိဟု ဆရာတော်ကြီးများ မိန့်တော်မူကြပါသည်။ ပါဠိတော်၌ တိုက်ရိုက်သီလအဖြစ်ဖြင့် မပြသော်လည်း အာဇီဝ အသက်မွေးမှု စင်ကြယ်မှုနည်းလမ်းနှင့် အာဇီဝ စင်ကြယ်ခြင်း၏ (သမ္မာဇီဝ ဖြစ်ခြင်း၏) အကျိုးကို များစွာ ပြထားပါသည်၊ ထို့ပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၁၂)၊ ဋီကာတို၌လည်းကောင်း, ဥပရိပဏ္ဏာသပါဠိ (၃၃၇)၌ လည်းကောင်း **အာဇီဝဋ္ဌမကသီလကို—**

ပုဗ္ဗေဝ ဒေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ—

ဟူသော ပါဠိတော်အရ အကျယ်ထုတ်ပြလျက် ရှိ၏၊ ထို့ကြောင့် အာဇီဝဋ္ဌမက သီလကို အမြဲလုံခြုံအောင် စောင့်ထိန်းသင့်ကြပေသည်။

ဗုဒ္ဓဘာသာသင်္ဂဟကျမ်း ၃၂-ပမ-သာ-ဓ

အခန်း (၂၀)

သီလအမျိုးမျိုး

ပြဆိုခဲ့ပြီးသော သီလမျာ်းကို ကျင့်သုံးသည့် အချိန်နှင့် ပုဂ္ဂိုလ်အမျိုးအစား ကျင့်သုံးပုံ ပြင်းထန်မှု လျော့နည်းမှုနှင့် အကျိုးသုဉး မတူညီမှုမျာ်းကို အကြောင်းပြု၍ သီလနှစ်မျိုး, သီလသုံးမျိုး စသည်ဖြင့် ခွဲခြာ်းနိုင်ပေသည်။

နှစ်ပါးစု သီလ

သီလကို အကျဉ်းအာ်းဖြင့် အောက်ပါအတိုင်း နှစ်မျိုးစီ ခွဲခြာ်းနိုင်သည်—

(၁) စာရိတ္တသီလနှင့် ဝါရိတ္တသီလ (ဆောင်ရန် သီလနှင့် ရှောင်ရန် သီလ)၊

(၂) အာဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိယသီလ (အမှမ်းတင် သီလနှင့် မူလအစ အရိုးခံသီလ)၊

(၃) ဝိရတိသီလနှင့် အဝိရတိသီလ (ရှောင်ရန်သီလနှင့် စေတနာသီလ)၊

(၄) နိဿိတသီလနှင့် အနိဿိတသီလ (မှီတွယ်ထုရှိသီလနှင့် မှီတွယ်ထုမဲ့ သီလ)၊

(၅) ကာလပရိယန္တသီလနှင့် အာပါဏကောဋိကသီလ (အချိန်ပိုင်း သီလနှင့် ထာသက်ပန်သီလ)၊

(၆) သပရိယန္တသီလနှင့် အပရိယန္တသီလ (အပိုင်းအခြာ်းရှိ သီလနှင့် အပိုင်းအခြာ်းမဲ့ သီလ)၊

(၇) လောကိယသီလနှင့် လောကုတ္တရသီလ (လောကီသီလနှင့် လောကုတ္တရာသီလ)၊

(၈) ဂဟဋ္ဌသီလနှင့် ပဗ္ဗဇိတသီလ (လူဝတ်ကြောင်သီလနှင့် ရှင်ရဟန်း သီလ)။

စာရိတ္တသီလနှင့် ဝါရိတ္တသီလ

မြတ်စွာဘုရားပညတ်တော်မူအပ်သော ဆရာကျင့်ဝတ်, တပည့်ကျင့်ဝတ် စသောအကျင့်မျာ်းကို မြတ်စွာဘုရာ်းရှင် အလိုတော်ကျအတိုင်း လိုက်နာပြုလုပ် ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ မည်၏၊ မကျင့်သော်လည်း အပြစ်မရှိ၊ ကျင့်လျှင် တိုးတက်၍ သီလဖြူစင်နိုင်သည်။ ကိုးပါးသီလတွင် ဝိကာလဘောဇန စသော နောက်လေးပါးဖြစ်သည်။

သူအသက်သတ်မှုကို မပြုကျင့်ရဟူ ဘုရားအစရှိသော သူတော်ကောင်းများက တားမြစ်ထားသည့် အမှုများကို မပြုလုပ်ဘဲ ရှောင်ကြဉ်လျက် သီကွာပုဒ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဝါရိတ္တသီလ မည်၏၊ မြတ်စွာဘုရားက တားမြစ်ထားသော အမှုကို အသက်ကိုပင် စွန့်ရသော်လည်း မလွန်ကျူးဘဲ စောင့်ထိန်းကြရမည် ဖြစ်သည်။ ဤသီကွာပုဒ်များကို ကျူးလွန်ပါက အပါယ်ဝရဲသို့ ကျရောက်စေနိုင်သည်။ ငါးပါးသီလသည် ဝါရိတ္တသီလ၌ ပါဝင်သည်။

အာဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိယသီလ

မဂ်ဖိုလ်ကို ရနိုင် ရောက်နိုင်စေရန် ဟောကြားတော်မူအပ်သော ကောင်းမြတ်သော အကျင့်သီလသည် **အာဘိသမာစာရိကသီလ** မည်၏။ အခြေခံသီလပေါ်၌ အပိုဆောင်း၍ အချောကိုင် အမှတ်းတင် ကျင့်ခြင်းဖြစ်သည်။ (အာဘိသမာစာရိက=အဘိ+သံ+အာစရ = အပိုအလွန် + ကောင်းသော + အကျင့်။) အာဇီဝဋ္ဌမကသီလမှ ကြွင်းသော သီလများ ဖြစ်ကြသည်။

အစကနဦး ကျင့်သုံးရမည့် သီလ၊ မူလအခြေခံသီလသည် အာဒိဗြဟ္မစရိယသီလမည်၏။ (အာဒိ=အစ+ဗြဟ္မ=မြတ်သော+စရိယ=အကျင့်။) အာဇီဝဋ္ဌမကသီလသည် **အာဒိဗြဟ္မစရိယသီလ** မည်၏။

ဝိရတိသီလနှင့် အဝိရတိသီလ

အသက်မွေးဝမ်းကျောင်းမှုနှင့် မသက်ဆိုင်သော ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း သမ္မာကမ္မန္တဝိရတိ၊ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း သမ္မာဝါစာဝိရတိနှင့် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း သမ္မာအာဇီဝဝိရတိ၊ ယင်းဝိရတိသုံးပါးသည် **ဝိရတိသီလ** မည်၏။ ယင်းဝိရတိသီလမှ ကြွင်းသော စေတနာ သီလနှင့် သဒ္ဓါ, ဝီရိယဖြင့် ပြုလုပ်သော အကျင့် သီလများသည် **အဝိရတိသီလ** မည်၏။

နိဿိတသီလနှင့် အနိဿိတသီလ

တဏှာကိုဖြစ်စေ, ဒိဋ္ဌိကိုဖြစ်စေ အမှီပြု၍ စောင့်သုံးအပ်သော သီလသည် **နိဿိတသီလ** မည်၏။ ဤသီလကြောင့် နောင်ဘဝတွင် ကောင်းမြတ်သော ဘဝ၊ ကောင်းမြတ်သော စည်းစိမ်ချမ်းသာကို ရပါလိုခြင်းဟု စည်းစိမ်ချမ်းသာကို တောင့်တ၍ ကျင့်သုံးအပ်သော သီလသည် တဏှာဖြင့် မှီတွယ်သော သီလ

မည်၏၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့၏ အကျင့်သီလမျှားသည် ဒိဋ္ဌိကို မှီတွယ်သော သီလ မည်၏ဟု ဆိုအပ်ခဲ့ပြီးသော တဏှာ ဒိဋ္ဌိ နှစ်ပါးကို အမှီမပြုဘဲ မြတ်သော အကျင့်သီလကို ကျင့်မည်ဟူ၍ နှလုံးသွင်း၍ စောင့်သုံးအပ်သော သီလသည် **အနိဿိတသီလ** မည်၏။ မဂ် ဖိုလ် နိဗ္ဗာန် ရရန် လောကမှ ထွက်မြောက်ရန် ကျင့်သုံးသည့်သီလ ဖြစ်သည်။

ကာလပရိယန္တသီလနှင့် အာပါဏကောဋ္ဌိကသီလ

ဤလိုရှိသလောက် အချိန်ကာလကို ပိုင်းခြား၍ စောင့်သုံးအပ်သော သီလသည် **ကာလပရိယန္တသီလ** မည်၏။ အချိန်ကာလကို မပိုင်းခြားဘဲ အသက်ထက်ဆုံး စောင့်သုံးအပ်သော သီလသည် **အာပါဏကောဋ္ဌိကသီလ** မည်၏။

မြတ်စွာဘုရားရှင် လက်ထက်တော်က **ဆုဇဂြိုဟ်**ပြည်၌ တစ်ယောက်သော မုဆိုးသည် သားသမင်တို့ကို သတ်ဖြတ်၍ အသက်မွေးမှု ပြု၏။ ထိုမုဆိုး၏ မိတ်ဆွေတစ်ယောက်သည် "သူငယ်ချင်းမုဆိုး....တစ်နေ့လုံး သီလမဆောက်တည် နိုင်လျှင် ညအချိန်၌ ဆောက်တည်ပါ"ဟု တိုက်တွန်းသဖြင့် မုဆိုးသည် နေ့အခါ၌ သီလမဆောက်တည်နိုင်ဘဲ ညအခါ၌ သီလဆောက်တည်ခဲ့သည်၊ သေလွန်သော အခါ ဆုဇဂြိုဟ်အနီး၌ ဝေမာနိကပြိတ္တာ ဖြစ်၍ နေ့အခါ၌ ဆင်းရဲဒုက္ခကြီးစွာ ခံစားရသော်လည်း ညဉ့်အခါ၌ နတ်စည်းစိမ် ချမ်းသာကို ခံစားရလေသည် (မိဂလုဒ္ဒက ပေတဝတ္ထု)။

သပရိယန္တသီလနှင့် အပရိယန္တသီလ

ဆောက်တည်ထားသော သီလကို သတ်မှတ်အချိန် မကုန်ဆုံးသေးဘဲ ဥစ္စာပစ္စည်း, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ, အသက် ဤ ၅-ပါးတို့တွင် တစ်ပါးပါးကြောင့် ချိုးဖျက်လိုက်ရသော သီလသည် **သပရိယန္တ(အဆုံးအပိုင်းအခြား ရှိသော)သီလ** မည်၏။ တစ်နေ့တာမျှသာ, တစ်လတာမျှသာ စသည်ဖြင့် ကာလ အားဖြင့် ပိုင်းခြား၍ သီလကို စောင့်ထိန်းခြင်း၊ ကိုယ့်အသားကို မထိမိ, ကိုယ့်အသက်ကို အန္တရာယ်မပြုမိ သီလကို ထိန်းမည်၊ ကိုယ့်အသက် ထိလာလျှင် ပြန်ချရမည်ဟု အပိုင်းအခြား ပြု၍ သီလကို ဆောက်တည်ခြင်း ဖြစ်သည်။

ဥစ္စာပစ္စည်း, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ, အသက် ဤ ၅-ပါးတို့တွင် တစ်ပါးပါးကြောင့်မျှ အပျက်အစီးမခံဘဲ ရည်မှန်းထားသည့်အတိုင်း ကောင်းစွာ စောင့်သုံးအပ်သော သီလသည် **အပရိယန္တ (အပိုင်းအခြား အကန့်အသတ် မရှိသော)သီလ** မည်၏။ အသက်ကိုပင် စွန့်လွှတ်၍ ဆောက်တည်သောသီလ ဖြစ်သည်။

ဧလောကိယသီလနှင့် လောကုတ္တရသီလ

ပုထုဇဉ်တို့ ကျင့်သုံးသော သီလသည် လောကိယသီလ မည်၏။ အရိယာပုဂ္ဂိုလ်တို့ ကျင့်သုံးသော သီလသည် လောကုတ္တရသီလ မည်၏။ ထိုနှစ်ပါးတွင် လောကီသီလသည် လူ့ဘဝ, နတ်ဘဝ (ဘဝသမ္ပတ္တိ)ကို ဆောင်ရွက်တတ်၏။ ဘဝမှ လွတ်မြောက်ခြင်း၏ အကြောင်းလည်း ဖြစ်၏(ဝိ၊၅။ ၂၇၈)။ လောကုတ္တရာသီလကား ဘဝမှ လွတ်မြောက်ခြင်း (နိဗ္ဗာန်)ကို ဆောင်တတ်၏။ ပစ္စဝေက္ခဏာဉာဏ်၏ တည်ရာအာရုံလည်း ဖြစ်၏။

ဂဟဋ္ဌသီလနှင့် ပဗ္ဗဇိတသီလ

လူဝတ်ကြောင်များ လိုက်နာကျင့်သုံးရမည့် ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ, အာဇီဝဋ္ဌမကသီလများသည် ဂဟဋ္ဌသီလမည်၏။ (ဂဟ=အိမ်+ဋ္ဌ=နေသူ။)

လိင်ဆယ်ပါး, ဒဏ်ဆယ်ပါး, သေခိယသိက္ခာပုဒ် (၂၅)ပါး စသည်တို့သည် ရှင်သာမဏေတို့ လိုက်နာကျင့်သုံးရမည့် သီလဖြစ်သည်။ နှစ်ရာ့နှစ်ဆယ် ခုနစ်သုယ်သော သိက္ခာပုဒ်များသည် ရဟန်းတော်များ ကျင့်ရမည့် သီလများဖြစ်သည်။ ယင်းသီလများကို ပဗ္ဗဇိတသီဏ-ဟု ခေါ်၏။

သုံးပါးစု သီလ

တဖန် ယင်းသီလများကို အောက်ပါအတိုင်း ၃-မျိုးစီ ခွဲခြားနိုင်သည်—

(၁) ဟီနသီလ၊ မဇ္ဈိမသီလ၊ ပဏီတသီလ(အယုတ်သီလ၊အလတ်သီလ၊ အမြတ်သီလ)၊

(၂) အတ္တာဓိပတေယ္မသီလ၊လောကာဓိပတေယ္မသီလ၊ဓမ္မာဓိပတေယ္မသီလ (မိမိကို အလေးပြု သီလ၊ လောကကို အလေးပြု သီလ၊ တရားကို အလေးပြု သီလ)၊

(၃) ပရာမဋ္ဌသီလ၊ အပရာမဋ္ဌသီလ၊ ပဋိပဿဒ္ဓိသီလ (အစဲ့ရှိ သီလ၊ အစဲ့ကင်း သီလ၊ ငြိမ်းအေး သီလ)၊

(၄) ဝိသုဒ္ဓိသီလ၊ အဝိသုဒ္ဓိသီလ၊ ဝေမတိကသီလ(စင်ကြယ်သောသီလ၊ မစင်ကြယ်သောသီလ၊ သံသယသီလ)၊

(၅) သေက္ခသီလ၊ အသေက္ခသီလ၊ နေဝသေက္ခနာသေက္ခသီလ၊ (ကျင့်ဆဲ သီလ၊ ကျင့်ပြီး သီလ၊ လောကီသီလ)။

ဟီနသီလ၊ မဇ္ဈိမသီလ၊ ပဏီတသီလ

အညံ့စားဖြစ်သော စိတ်, ဆန္ဒ, ဝီရိယ ပညာတို့ဖြင့် ကျင့်သုံးဆောက်တည်အပ်သော သီလသည် **ဟီနသီလ**(အညံ့စားသီလ)မည်၏။ အလတ်စားဖြစ်သော စိတ်, ဆန္ဒ, ဝီရိယ, ပညာတို့ဖြင့် ကျင့်သုံးဆောက်တည်အပ်သော သီလသည် **မဇ္ဈိမသီလ(အလတ်စားသီလ)**မည်၏။ မြင့်မြတ်သော စိတ်, ဆန္ဒ, ဝီရိယ, ပညာတို့ဖြင့် ကျင့်သုံးဆောက်တည်အပ်သော သီလသည် **ပဏီတသီလ(အမြတ်စားသီလ)**မည်၏။

(တနည်း) သူတပါးတို့ ချီးမွမ်းအံ့သြ အလျော်အစော ဂုဏ်သတင်း(ဂုဏ်ပကာသန)ကို လိုလားသဖြင့် ကျင့်သုံးဆောက်တည်အပ်သော သီလသည် **ဟီနသီလ** မည်၏။ ဘဝချမ်းသာကို လိုလားတောင့်တ၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် **မဇ္ဈိမသီလ** မည်၏။ ဂုဏ်ပကာသနကိုလည်း မလိုလား၊ နောင်ဘဝ စံစားရမည့် အကျိုးကိုလည်း မလိုလားဘဲ "သီလမည်သည်ကား အရိယာသူတော်ကောင်းတို့ ပြုအပ်သော မြင့်မြတ်သော တရား ဖြစ်၏။ ဤမြင့်မြတ်သော အကျင့်ကို ငါကျင့်အပ်သည်သာတည်း"ဟု တရား၏ မြင့်မြတ်မှုကိုသာ နှလုံးသွင်းလျက် ကျင့်သုံးဆောက်တည်အပ်သောသီလသည် **ပဏီတသီလ** မည်၏။

(တနည်း)"ငါသည်သာ သီလနှင့်ပြည့်စုံ၏၊ငါမှုတပါးသော သူတို့သည်ကား သီလမရှိကုန်၊ ယုတ်ညံ့သော အကျင့်ရှိကုန်၏"ဟု မိမိကိုယ်ကို ချီးမြှောက်ခြင်း(အတ္တုက္ကံသန), သူတပါးတို့ကို ရှုတ်ချခြင်း (ပရဝမ္ဘန)ပြု၍ စောင့်ထိန်းသော သီလသည် **ဟီနသီလ** မည်၏။ ထိုစိတ်ထားမျိုး ကင်းလျက် ဆောက်တည်သော သီလသည် **မဇ္ဈိမသီလ** မည်၏၊ မဂ်ဖိုလ်နှင့် ယှဉ်သော လောကုတ္တရာသီလသည် **ပဏီတသီလ** မည်၏။

(တနည်း) တဏှာ၏ အစွမ်းဖြင့် ဘဝချမ်းသာကို လိုချင်တောင့်တ၍ ကျင့်သုံးဆောက်တည်အပ်သော သီလသည် **ဟီနသီလမည်၏**။ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရန် ကျင့်သုံးတောင့်တ၍ ဆောက်တည်အပ်သော သီလသည် **မဇ္ဈိမသီလ** မည်၏။ အလုံးစုံသော သတ္တဝါတို့ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်စေရန် ရည်သန်၍ ပါရမီမြောက် ကျင့်သုံးဆောက်တည်အပ်သော(ဘုရားလောင်းတို့၏) သီလသည် **ပဏီတသီလ** မည်၏။

အတ္တာဓိပတေယျသီလ၊ လောကာဓိပတေယျသီလ၊ ဓမ္မာဓိပတေယျသီလ

မိမိနှင့်မသင့်လျော် မလျောက်ပတ်သော အကျင့်အကြံများကို ပယ်စွန့်လိုသဖြင့် မိမိကိုယ်ကို အလေးအမြတ် ပြု၍ ကျင့်သုံး ဆောက်တည်အပ်သော သီလသည် **အတ္တာဓိပတေယျသီလ** မည်၏၊ လူအများက ကဲ့ရဲ့ရွဲတ်ချမည်ကို ပယ်စွန့်လိုသဖြင့် လူအများ (လောက)ကို အလေးဂရုပြု၍ ကျင့်သုံးဆောက်တည်အပ်သော သီလသည် **လောကာဓိပတေယျသီလ** မည်၏၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်သည် နိယျာနိကအစစ် ဖြစ်၍ မှန်မြတ်၏၊ ထိုတရားတော်ကို အကျင့်သီလဖြင့်သာ ပူဇော်အပ်ပေ၏ဟု တရားတော်၏ မြင့်မြတ်သော ဂုဏ်ကျေးဇူးကို အလေးဂရုပြု၍ ကျင့်သုံး ဆောက်တည်အပ်သော သီလသည် **ဓမ္မာဓိပတေယျသီလ**မည်၏။ (အဓိပတေယျ=အလေးဂရုပြုအပ်သော။)

ပရာမဋ္ဌသီလ၊ အပရာမဋ္ဌသီလ၊ ပဋိပဿဒ္ဓိသီလ

တဏှာဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အမှားများ သုံးသပ်အပ်သော သီလသည် **ပရာမဋ္ဌသီလ** မည်၏။ မင်္ဂလာဏုပုထုဇ္ဇဉ်တို့ ကျင့်သုံးဆောက်တည်အပ်သော သီလသည်လည်းကောင်း, မင်္ဂလာဏုပုထုဇ္ဇဉ်တို့ ယှဉ်တွဲ၍ ဖြစ်သော သီလသည်လည်းကောင်း တဏှာဒိဋ္ဌိတို့ဖြင့် မသုံးအပ်သောကြောင့် **အပရာမဋ္ဌသီလ** မည်၏၊ အရိယာပုဂ္ဂိုလ်တို့၏ ဖိုလ်စိတ်လေးပါးနှင့် ယှဉ်သော သီလသည် ကိလေသာအပူမီး အပြီးငြိမ်းအေးပြီး ဖြစ်သောကြောင့် **ပဋိပဿဒ္ဓိသီလ** မည်၏။ (ပရာမဋ္ဌ=မှားယွင်းစွာ သုံးသပ်ခြင်း။)

ဝိသုဒ္ဓသီလ၊ အဝိသုဒ္ဓသီလ၊ ဝေမတိကသီလ

စင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် **ဝိသုဒ္ဓသီလ** မည်၏၊ အာပတ်မသင့်စေဘဲ ဖြည့်ကျင့်အပ်သော သီလသည်လည်းကောင်း, အာပတ်သင့်သော်လည်း အာပတ်ကို ကုစားပြီးသော ပုဂ္ဂိုလ်၏ သီလသည်လည်းကောင်း **ဝိသုဒ္ဓသီလ** မည်၏။ မစင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် **အဝိသုဒ္ဓသီလ** မည်၏၊ အာပတ်သင့်ပြီးနောက် မကုစားဘဲထားသော သီလသည် **အဝိသုဒ္ဓသီလ** မည်၏၊ အပြစ်ရှိသည့်အမှု, အာပတ်သင့်မည့် အမှုများကို မဝေခွဲနိုင်ဘဲ ယုံမှားဖြစ်နေသော သူ၏ သီလသည် **ဝေမတိကသီလ** မည်၏။ (ဝိသုဒ္ဓ=စင်ကြယ်သော၊ **အဝိသုဒ္ဓ=မစင်ကြယ်သော၊ ဝေမတိက=ယုံမှားရှိသော။**)

သေက္ခသီလ၊ အသေက္ခသီလ၊ နေဝသေက္ခနာသေက္ခသီလ

လေးပါးသော အရိယာမဂ်တို့နှင့်လည်းကောင်း, သုံးပါးသော အရိယာဖိုလ်တို့နှင့်လည်းကောင်း ယှဉ်သောသီလသည် **သေက္ခသီလ**မည်၏။ အရဟတ္တဖိုလ်နှင့် ယှဉ်သော သီလသည် **အသေက္ခသီလ** မည်၏၊ ထိုမှ ကြွင်းသော လောကီသီလစုသည် **နေဝသေက္ခနာသေက္ခသီလ** မည်၏။ (သေက္ခ=ကျင့်ဆဲ၊ အသေက္ခ=ကျင့်ပြီး၊ နေဝသေက္ခနာသေက္ခ=ကျင့်ဆဲလည်း မဟုတ်၊ ကျင့်ပြီးလည်း မဟုတ်။) ပုထုဇဉ်ပုဂ္ဂိုလ်များကို နေဝသေက္ခနာသေက္ခပုဂ္ဂိုလ်ဟု ခေါ်၏၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ရှိသည့်အနက် ရဟန္တာ ပုဂ္ဂိုလ်ကို အသေက္ခ (ကျင့်ပြီး) ပုဂ္ဂိုလ်ဟု ခေါ်၏၊ ကျန်အရိယာပုဂ္ဂိုလ် ၇-ယောက်ကို သေက္ခ (ကျင့်ဆဲ) ပုဂ္ဂိုလ်ဟု ခေါ်၏။

လေးပါးစု သီလ

တနည်းအားဖြင့် သီလကို အောက်ပါအတိုင်း လေးမျိုးစီ ခွဲခြားနိုင်၏—

(က) **စွမ်းရည်အားဖြင့် (၄)မျိုး**

(၁) ဟာနဘာဂိယသီလ=ဆုတ်ယုတ်သော သီလ၊

(၂) ဌိတိဘာဂိယသီလ=တည်တံ့သော သီလ၊

(၃) ဝိသေသဘာဂိယသီလ=တရားထူးရနိုင်သည့် သီလ၊

(၄) နိဗ္ဗေဓဘာဂိယသီလ=ဖောက်ထွင်းနိုင်သော သီလ။

(ခ) **ပုဂ္ဂိုလ်အားဖြင့် (၄)မျိုး**

(၁) ဘိက္ခုသီလ=ရဟန်းယောကျ်ားတို့၏ သီလ၊

(၂) ဘိက္ခုနီသီလ=ရဟန်းမိန်းမတို့၏ သီလ၊

(၃) အနုပသမ္ပန္နသီလ=ရှင်သာမဏေတို့၏ သီလ၊

(၄) ဂဟဋ္ဌသီလ=လူဝတ်ကြောင်တို့၏ သီလ။

(ဂ) **သဘာဝအားဖြင့် (၄)မျိုး**

(၁) ပကတိသီလ=နဂိုမူလ သီလ၊

(၂) အာစာရသီလ=မျိုးရိုးအကျင့် သီလ၊

(၃) ဓမ္မတာသီလ=ဖြစ်ရိုးဖြစ်စဉ် သီယ၊

(၄) ပုဗ္ဗဟေတုကသီလ=ပါရမီဓာတ်ခံ သီလ။

(ဃ) ဝိနည်းကြောင်းအရ (၄)မျိုး

(၁) ပါတိမောက္ခသံဝရသီသ=၂၂၇-သွယ်သော ရဟန်းသီလ၊

(၂) ဣန္ဒြိယသံဝရသီလ=ဣန္ဒြေကို စောင့်ထိန်းခြင်း၊

(၃) အာဇီဝပါရိသုဒ္ဓိသီလ=အသက်မွေးမှု စင်ကြယ်ခြင်း၊

(၄) ပစ္စယသန္နိဿိတသီလ = ပညာဖြင့် ဆင်ခြင်၍ ပစ္စည်းကို မှီဝဲသုံးဆောင်ခြင်း။

ဟာနု၊ ဌိတိ၊ ဝိသေသ၊ နိဗ္ဗေဓဘာဂိယသီလ

အကြင်သူသည် ဒုဿီလပုဂ္ဂိုလ်ကိုသာ ပေါင်းသင်း၍ သီလရှိသော ပုဂ္ဂိုလ်ကို မဆည်းကပ် မပေါင်းသင်း အပြစ်ဖြစ်ခြင်း၏ အကြောင်း မကောင်းသော အမှုကို လွန်ကျူးခြင်း၌ အပြစ်ကို မမြင် မသိ၊ မကောင်းသော အမှုကိုသာ များစွာ ကြံစည်စိတ်ကူးလေ့ရှိပြီး မျက်စိ စသော ဣန္ဒြေများကို စောင့်ထိန်းခြင်း မရှိ၊ ထိုပုဂ္ဂိုလ်၏ သီလသည် ရွေ့သို့ မတိုးတက်ဘဲ တစ်နေ့ထက် တစ်နေ့ ယုတ်လျော့၍ သွား၏၊ ထိုသို့ ယုတ်လျော့ခြင်း အပို့ရှိသော သီလသည် **ဟာနဘာဂိယသီလ** မည်၏။

အကြင်သူသည် သီလနှင့် ပြည့်စုံခြင်းကိုသာ နှစ်သက် ဝမ်းမြောက်နေ၏၊ ကမ္မဋ္ဌာန်းအလုပ်ကို တိုးတက် အားထုတ်လိုသောစိတ် မရှိပေ၊ ထိုသို့ သီလအကျင့်မျှဖြင့်သာ အားရတင်းတိမ်နေ၍ အထက်ဖြစ်သော စျာန်မဂ်ဖိုလ် တရားထူးကို ရရန် အားထုတ်ခြင်း မရှိသော ပုဂ္ဂိုလ်၏ သီလသည် မတိုးပွါး ရပ်တန့်နေသော **ဌိတိဘာဂိယသီလ** မည်၏။

အကြင်သူသည် သီလနှင့် ပြည့်စုံပြီးနောက် သီလမျှဖြင့် ရောင့်ရဲတင်းတိမ်မနေဘဲ စျာန်သမာဓိ ရခြင်းအကျိုးငှါ ကြိုးစားအားထုတ်နေ၏၊ ထိုသူ၏ သီလသည် ထူးမြတ်သော အပို့ရှိသော **ဝိသေသဘာဂိယသီလ** မည်၏။

အကြင်သူသည် သီလမျှဖြင့် ရောင့်ရဲတင်းတိမ်မှုနေဘဲ သခ်ါရ ဒုက္ခတို့မှ ငြီးငွေ့မှုဖြစ်၍ အားကောင်းသည့် ဗလဝဝိပဿနာဉာဏ်ကို ရရန် ကြိုးစား အားထုတ်နေ၏၊ ထိုသူ၏ သီလသည် ကိလေသာအစိုင်အခဲကို ဖောက်ဖျက်ခြင်း အပို့ရှိသော **နိဗ္ဗေဓဘာဂိယသီလ** မည်၏။

ဘိက္ခုသီဃ၊ ဘိက္ခုနီသီလ၊ အနုပသမ္ပန္နသီလ၊ ဂဟဋ္ဌသီဃ

ရဟန်းယောကျ်ားများအတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များနှင့် ရဟန်းမိန်းမများ အတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များထမှ ရဟန်းယောကျ်ားနှင့် သက်ဆိုင်သော သိက္ခာပုဒ်အချို့သည် ဘိက္ခုသီဃ မည်၏။

ရဟန်းမိန်းမတို့အတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များနှင့် ရဟန်းယောကျ်ားများအတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များထဲမှ ရဟန်းမိန်းမနှင့် သက်ဆိုင်သော သိက္ခာပုဒ်အချို့သည် ဘိက္ခုနီသီလ မည်၏။

သာမဏေယောကျ်ား, သာမဏေမိန်းမများ စောင့်ထိန်းကျင့်သုံးအပ်သော လိင်ဆယ်ပါး, ဒဏ်ဆယ်ပါး စသော သိက္ခာပုဒ်များသည် အနုပသမ္ပန္နသီလ မည်၏။

ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့မှာ အမြဲစောင့်ရှောက်အပ်သော ငါးပါးသီလ၊ စွမ်းနိုင်လျှင် ရှစ်ပါးသီလ, ဆယ်ပါးသီလတို့သည် လူဝတ်ကြောင်တို့ ကျင့်သုံးအပ်သော သီလဖြစ်၍ ဂဟဋ္ဌသီလ မည်၏။

ပကတိသီလ၊ အာစာရသီလ၊ ဓမ္မတာသီလ၊ ပုဗ္ဗဟေတုကသီလ

မြောက်ကျန်းခြံ နေကုန်သောလူတို့သည် ငါးပါးသီလကို မလွန်ကျူးကြကုန်၊ ၎င်းတို့၏ သီလသည် ပကတိသီလ မည်၏၊ မြောက်ကျန်းသားတို့သည် ငါးပါးသီလကို ဆောက်တည်ခြင်း မပြုသော်လည်း ကျူးလွန်စရာအကြောင်း တွေ့ကြုံလာသောအခါ ရှောင်ကြဉ်နိုင်ကြသည်။

အမျိုးအားဖြင့် ဖြစ်စေ, အရပ်ဒေသအားဖြင့် ဖြစ်စေ, အယူဝါဒအားဖြင့် ဖြစ်စေ မိမိတို့၏ ရှေးလူကြီးများက ထားခဲ့သော စည်းကမ်း အပိုင်းအခြား ဓလေ့ထုံးစံအတိုင်း လိုက်နာကျင့်သုံးခြင်းသည် **အာစာရသီလ** မည်၏။

ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေသည့် အခါမှစ၍ မယ်တော်၏ သန္ဓာန်ဝယ် ယောကျ်ားများ၌ ကာမဂုဏ်အတွက် နှစ်သက် မက်မောမှု မရှိခြင်းသည် ဓမ္မတာသီလ မည်၏။

ရှေးရှေးဘဝတို့က ဖြည့်ကျင့်ခဲ့ဖူးသော ပါရမီသီလ အကြောင်းရင်းခံ၍ ယခုဘဝတွင် မည်သူကမျှ မဟောပြောရဘဲ အလိုအလျောက် သီလစောင့်ထိန်းမှု ဖြစ်ပေါ်လာသော သီလသည် ပုဗ္ဗဟေတုကသီလ မည်၏။

အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်၊ မဟာသီလဝမင်း၊ တေမိမင်း စသော ဘုရားအလောင်းတော်ကြီးများမှာ ဟောကြားပြသူ မရှိဘဲ အလို အလျောက် သီလစောင့်သုံးလိုသော သမ္မာဆန္ဒ ဖြစ်ကာ သီလကို စောင့်သုံး ခြင်းမျိုးသည် ပုဗ္ဗဟေတုကသီလ ဖြစ်သည်။ ရှေးပါရမီအကြောင်းရင်းခံသော သီလဖြစ်သည်။ (ပုဗ္ဗ=ရှေး+ဟေတုက=အကြောင်းရှိသော။)

ပါတိမောက္ခသံဝရသီလ

ရဟန်းတော်များအတွက် (၂၂၇)သွယ်သော သိက္ခာပုဒ်များနှင့် ရဟန်းမိန်းမ များအတွက် (၃၁၁)ပါးသော သိက္ခာပုဒ်များသည် စောင့်ထိန်းသူကို အပါယ် ဆင်းရဲတို့မှ လွတ်မြောက်စေတတ်သောကြောင့် ပါတိမောက္ခသံဝရသီလ မည်၏။ (ပါတိ = စောင့်ထိန်းသူကို + မောက္ခ = လွတ်မြောက်စေနိုင် + သံဝရ = စောင့်ထိန်းမှု။)

ဣန္ဒြိယသံဝရသီလ

မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဤ ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။ (ဣန္ဒြိယ=ဣန္ဒြေခြောက်ပါး+ သံဝရ=စောင့်ရှောက်ခြင်း။)

ဣန္ဒြေတို့ကို စောင့်စည်းပုံမှာ မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သောအခါ မြင်သည့်အတိုင်းသာ (ရူပါရုံအနေဖြင့်သာ) စိတ်ထဲ၌ တည်ရှိစေရမည်၊ ထိုမြင် သည့်အတိုင်း (ရူပါရုံအနေ)ထက် ပို၍ မိန်းမဖြစ်သည်၊ ယောကျ်ားဖြစ်သည်၊ လှပတင့်တယ်သည် စသည်ဖြင့် ကိလေသာပူဒားများကြောင်း နိမိတ်တို့ကို မမှတ် ယူရ၊ ထိုမှတစ်ဆင့်တက်၍ လက်ခြေလှုပ်ခြင်း၊ စကားပြောခြင်း၊ တစောင်း ကြည့်ခြင်း စသည်များကို မမှတ်ယူရ၊ မှတ်ယူမိပါက ကိလေသာအာသဝေါ တရားများ တိုးပွားလေတော့သည်။

မဟာတိဿထေရ်

မဟာတိဿထေရ်၏ စက္ခုန္ဒြေစောင့်စည်းပုံမှာ များစွာအတုယူဖွယ်ကောင်း သည်၊ မဟာတိဿထေရ်သည် သီဟိုဠ်ကျွန်းစေတိယတောင်မှ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွရာ လင်ယောကျ်ားနှင့် ရန်ဖြစ်၍ မိဘရပ်ထံပြန်မည်ဟု ထွက်လာသော

အမျိုးသမီးတစ်ယောက်သည် မထေရ်ကို မြင်လျှင် ဤရဟန်းကို ဆွဲဆောင်မည် ဟူသောဖြာကြံဖြင့် အသံကျယ်လောင်စွာ ရယ်လိုက်သည်၊ မထေရ်သည် ထိုဖမျိုး သမီး၏ သွားတို့ကို ကြည့်၍ အရိုးစုအမှတ်သညာကို ရရှိ၍ တရားပွားများရာ ရဟန္တာ ဖြစ်လေသည်။ သူမ၏ယောကျ်ားသည် မယားကို ခေါ်မည်ဟု လိုက်လာခဲ့ရာ မထေရ်ကို တွေ့ရသဖြင့် "အရှင်ဘုရား....လမ်းတွင် မိန်းမတစ်ယောက်ကို တွေ့မြင်ပါသလော" ဟု မေးရာ ဤအရပ်မှ သွားသော သူကို ယောကျ်ားဟူ၍ လည်းကောင်း, မိန်းမဟူ၍လည်းကောင်း ငါမသိလိုက်ပါ၊ စင်စစ်အရိုးစုကြီးတစ်ခု သွားသည်ကိုသာ မြင်၏ဟု မိန့်တော်မူလိုက်သည်။ ဤသို့လျှင် မိန်းမအဆင်းကို မြင်သော်လည်း မြင်ရုံမျှသာ ဖြစ်၍ မိန်းမဖြစ်သည့်အမှတ် မထားဘဲ ကမ္မဋ္ဌာန်း တရား ပွားများသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်လေသည်။ (ဤဖြစ်ရိုယသံဝရသီလဆောက်တည်ပုံ။)

အာဇီဝပါရိသုဒ္ဓိသီလ

ဝိနည်းဒေသနာတော်လာ အသက်မွေးခြင်းတည်းဟူသော အကြောင်းနှင့် စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ် ၆-ခုတို့မှ ရှောင်ကြဉ်ခြင်း၊ အခြားယုတ်ညံ့သော အကျင့်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းသည် **အာဇီဝပါရိသုဒ္ဓိသီလ** မည်၏။

အသက်မွေးမှုနှင့် စပ်ဆိုင်သော သိက္ခာပုဒ်ခြောက်ပါးတို့မှာ—

(၁) ယုတ်မာသော အလိုဆိုးရှိသည် ဖြစ်၍ မိမိ၌ ထင်ရှား မရှိသော ဈာန်မဂ်ဖိုလ်တရားတို့ကို ရှိလေဟန် ဝါကြွား ပြောဆိုခြင်း မပြုရ၊ ပြောဆိုပါက ပါရာဇိကအာပတ် သင့်၏။

(၂) မိန်းမ ယောကျ်ား နှစ်ဦးသားတို့အား စေ့စပ်အောင်သွယ် ပေးပါက သံဃာဒိသေသ်အာပတ်သင့်၏။

(၃) မိမိကိုယ်ကို ရဟန္တာဟု တိုက်ရိုက် မပြောဘဲ "သင်၏ ကျောင်းမှာ နေသော ရဟန်းသည် ရဟန္တာဖြစ်၏" ဟု ပြော၍ ဒကာက နားလည်လျှင် ထုလ္လစဉ်း အာပတ်သင့်၏။

(၄) မြတ်သော ခဲဖွယ်ဘောဇဉ်ကို ကျန်းမာပါလျက် မိမိအတွက် နှုတ်မြွက်၍ တောင်းစားလျှင် ပါစိတ်အာပတ်သင့်၏။

(၅) မြံတ်မှန်သော ခဲဖွယ်ဘောဇဉ်ကို ကျန်းမာပါလျက် မိမိအတွက် နှုတ်မြွက်၍ တောင်းစားသော ဘိက္ခုနီမအား ပါဋိဒေသနီယ အာပတ် သင့်၏။

(၆) သာမန် ဟင်းကို ဖြစ်စေ, ဆွမ်းကို ဖြစ်စေ ကျန်းမာပါလျက်နှင့် မိမိ အတွက် နှုတ်မြွက်၍ တောင်းစားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ထို့ပြင်—

- သူတပါး အထင်ကြီးအောင် ဟန်ဆောင်ခြင်း (ကုဟန)၊
- ပစ္စည်းလှူရေး လမ်းကြောင်းပေး၍ ပြောဆိုခြင်း (လပန)၊
- လှူလိုစိတ်ပေါ်အောင် အရိပ်နိမိတ်ပြုခြင်း (နေမိတ္တိကတာ)၊
- မလှူဘဲ မနေသာအောင် အကျပ်ကိုင်ပြောဆိုခြင်း (နိပ္ပေသိကတာ)၊
- ရပြီးပစ္စည်းဖြင့် မျှား၍ အလှူခံယူခြင်း (လာဘေန လာဘံ နိဇိဂီ-သနတာ)—

ဤသို့ အစရှိသော ယုတ်ညံ့သော အပြုအမူ အပြောအဆိုဖြင့် အသက်မွေးခြင်းကို မိစ္ဆာဇီဝဟု ခေါ်၏၊ ယင်းမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် **အာဇီဝပါရိသုဒ္ဓိ သီလ** မည်၏။

ပစ္စယသန္နိဿိတသီလ

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပညာဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင်ခြင်းသည် **ပစ္စယသန္နိဿိတသီလ** မည်၏။

သုံးဆောင်ခြင်း (၄)မျိုး

ပစ္စည်းလေးပါးကို သုံးဆောင်ထုဉ် အောက်ပါအတိုင်း ၄-မျိုးရှိ၏—

(က) ခိုးယူသုံးဆောင်ခြင်း (ထေယျပရိဘောဂ)၊

(ခ) ကြွေးယူသုံးဆောင်ခြင်း (ဣဏပရိဘောဂ)၊

(ဂ) အမွေခံအဖြစ်ဖြင့် သုံးဆောင်ခြင်း (ဒါယဇ္ဇပရိဘောဂ)၊

(ဃ) ပိုင်ရှင်အဖြစ်ဖြင့် သုံးဆောင်ခြင်း (သာမိပရိဘောဂ)။

သီလမရှိသော သူ၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် သံဃာ့အလယ်မှာ နေ၍ သုံးဆောင်စေကာမူ ခိုးယူသုံးဆောင်သည်နှင့် တူ၏။ သီလရှိသော ပုဂ္ဂိုလ်မျှားအား ရည်စူး၍ လှူဒါန်းသည်ကို သီလမရှိဘဲလျက် စားသုံးခြင်းကြောင့် ဖြစ်သည်။

သီလရှိသော်လည်း ပစ္စေကဗုဒ္ဓာဆင်ခြင်မှု မပြုဘဲ သုံးဆောင်ခြင်းသည် အကြွေးယူသုံးဆောင်ရာ ရောက်၏။ စားသုံးနေစဉ် မဆင်ခြင်မိပါက နုံနက် အရက်မတက်မီ ဆင်ခြင်ရဲ၏။ ဤကဲ့သို့ အတိုးချ၍ ပစ္စေကဗုဒ္ဓာဆင်ခြင်မှုကို ပြုရသဖြင့် ကြွေးယူမှုဖြင့် နှိုင်းခိုင်းထားခြင်း ဖြစ်သည်။

သီလရှိသော ပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးကို ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် အမွေခံအဖြစ်ဖြင့် သုံးဆောင်ခြင်း မည်၏။

ကိလေသာ အာသဝေါတရား ကုန်ခန်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် ပိုင်ရှင်အဖြစ်ဖြင့် သုံးဆောင်ခြင်း မည်၏။

ဤသုံးဆောင်ခြင်း ၄-မျိုးတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂ နှစ်ပါးကိုသာ ပြုသင့်၏။ ဣဏပရိဘောဂနှင့် ထေယျပရိဘောဂ မဖြစ်စေရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

ဤသို့လျှင် ဆိုအပ်ပြီးသော နှည်းအတိုင်း ပစ္စည်းလေးပါးတို့ကို ပစ္စေကဗုဒ္ဓာ ဆင်ခြင်၍ သုံးဆောင်သဖြင့် ပစ္စယသန္နိဿိတသီလကို ပြည့်စုံစေရာ၏။

သီလစင်ကြယ်နည်း ၄-မျိုး

ထိုသီလလေးပါးတို့ ညစ်နွမ်းနေပါက စင်ကြယ်အောင် နည်း (၄)နည်းဖြင့် ဆောင်ရွက် နိုင်ပေသည်။ ထိုတွင် ပါတိမောက္ခသံဝရသီလ၌ သင့်သော အာပတ်ကို သက်ဆိုင်ရာကုစားနည်းဖြင့် ဒေသနာကြားလျှင်စင်ကြယ်စေနိုင်၏။ (ဒေသနာဝိသုဒ္ဓိ။)

ဣန္ဒြိယသံဝရသီလ၌ နောက်ထပ်တဖန် ဤသို့ မပြုလုပ်တော့ပြီဟု စိတ်ကို ဆုံးဖြတ်ကာ စောင့်စည်းခြင်းဖြင့်သာလျှင် စင်ကြယ်စေနိုင်၏။ (သံဝရဝိသုဒ္ဓိ။)

အာဇီဝပါရိသုဒ္ဓိသီလ၌ မအပ်သော ရှာမှီးခြင်းကို ပယ်ရှားပြီးလျှင် တရားနှင့် အညီသာ ပစ္စည်းကို ရှာမှီးသုံးဆောင်ခြင်းဖြင့် စင်ကြယ်စေနိုင်၏။ (ပရိယေဋ္ဌိသုဒ္ဓိ။)

ပစ္စယသန္နိဿိတသီလ၌ ပညာဖြင့် ဆင်ခြင်မှုကို ပြန်လည်အတိုးချ ဆင်ခြင်မှု ပြုမှသာ စင်ကြယ်စေနိုင်လေသည်။ (ပစ္စေကဗုဒ္ဓာဿုဒ္ဓိ။)

အသက်ကိုပင် စွန့်လွှတ်၍ သီလကို ဖြည့်ကျင့်ကြသော မထေရ်များ

ရှေးအခါက သီဟိုဠ်ကျွန်း မဟာဝတ္တနိမည်သော တောအုပ်ကြီး၌ မထေရ် တစ်ပါးကို ခိုးသူများဖမ်း၍ နှယ်ငန်းပြင့် နှောင်ဖွဲ့ထားကုန်၏။ မထေရ်သည် ရုန်းထွက်နိုင်သော်လည်း ရုန်းထွက်က နှယ်ငန်းပြတ်၍ (ဘူတဂါမပါစိတ်) အာပတ်သင့်မည်ကို စိုးရိမ်သောကြောင့် မရုန်းမကန်ဘဲ ထားခဲ့သည့်အတိုင်းပင် နေလျက် ခုနစ်ရက်ပတ်လုံး ဝိပဿနာပွားနေခဲ့သည်၊ အနာဂါမ်ဖိုလ်သို့ ရောက်ပြီးလျင် ထိုနေရာ၌ပင် ကွယ်လွန်သွား၍ ပြဟ္မာ့ပြည်၌ ဖြစ်လေ၏။

သီဟိုဠ်ကျွန်း၌ မထေရ်တစ်ပါးကို ခိုးသူများက ဆင်သမန်နှယ်ဖြင့် တုတ်နှောင်ကာ မထနိုင်အောင် တုံးလုံးလဲထားခဲ့ကုန်၏။ ထိုမှတစ်ဖန် တောမီးလောင်ရာ မထေရ်သည် ယင်းနှယ်ကို ဖြတ်မည်ဆိုက ဖြတ်နိုင်သော်လည်း အာပတ် သင့်မည်ကို စိုးရိမ်သဖြင့် နှယ်ကို မဖြတ်ဘဲ ဝိပဿနာတရား ပွားများနေခဲ့သည်။ အသက်ကုန်ခြင်းနှင့် ကိလေသာ ကုန်ခန်းခြင်းတို့ တပြိုင်နက်ဖြစ်သည့် သမသီသီခေါ် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံလွန်တော်မူသည်။ ဤသို့လျင် ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် အသက်စွန့်၍ စောင့်ထိန်းကြသည်။

စိတ္တဂုတ္တမထေရ်

ဣန္ဒြိယသံဝရသီလကို သတိဖြင့် စောင့်ထိန်းပုံကို ပြဦးအံ့—

သီဟိုဠ်ကျွန်း ကုရဏ္ဍကလိုဏ်ဂူကြီး၌ စိတ္တဂုတ္တမထေရ်ကြီး သီတင်းသုံး၍ တရားအားထုတ်နေ၏။ ယင်းလိုဏ်ဂူ၌ ဝိပဿီအစရှိသော ဘုရားရှင် ခုနစ်ဆူတို့၏ တောထွက်ခန်းကို အဆန်းတကြယ် ပန်းချီဆေးရေးထား၏။ အာဂန္တုရဟန်း များသည် ကျောင်းစဉ်လျှောက်၍ ကြည့်ရှုသောအခါ ပန်းချီဆေးခြယ်ထားသည့် တောထွက်ခန်းကို မြင်ကြ၍ မထေရ်မြတ်ထံ ဝင်ပြီး အရှင်ဘုရားသီတင်းသုံးရာ လိုဏ်ဂူ၌ ရေးခြယ်ထားသည့် တောထွက်ခန်း ရုပ်ပုံတော်များသည် အလွန် နှစ်သက်ဖွယ်ရှိပါကုန်၏ဟု လျှောက်ကြ၏။ မထေရ်မြတ်က "ငါ့ရှင်တို့... ငါသည် အနှစ်ခြောက်ဆယ်ကျော် ဤလိုဏ်ဂူ၌ နေထိုင်ခဲ့သော်လည်း ပန်းချီဆေးရေး ရုပ် ရှိသည်, မရှိသည်ကို ငါမသိ၊ ယနေ့မှ သင်တို့ပြောကြား၍ သိရသည်"ဟု မိန့်ကြားခဲ့သည်။

ထိုသတင်း ကြား၍ ဘုရင်က ပင့်သဖြင့် ဘုရင့်နန်းတော်ရောက်သောအခါ ၌လည်း မင်းက ရှိခိုးသည်ဖြစ်စေ, မိဖုရားက ရှိခိုးသည်ဖြစ်စေ "မင်းကြီး ချမ်းသာခြင်းရှိပါစေ"ဟူ၍သာ မိန့်တော်မူ၏။ မင်းဟူ၍လည်းကောင်း, မိဖုရား ဟူ၍လည်းကောင်း ပိုင်းခြားမှတ်သားခြင်းမပြုပေ။ လိုဏ်ဂူသို့ ပြန်ကြွ၍ ဝိပဿနာ ဆက်လက်ရှုပွားတော်မူရာ ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

မဟာမိတ္တာထေရ်

မဟာမိတ္တာထေရ်၏ မိခင်၏ရင်သားတွင် အဆိပ်ရှိသော အိုင်းအနာပေါက်၏။ သမီးဖြစ်သူမှာ ဘိက္ခုနီမဖြစ်သည်၊ သမီးကို ခေါ်ပြီး သင့်မောင်ထံသွား၍ ငါ့မှာ အနာပေါက်နေကြောင်း လျှောက်ထား၍ ဆေးတောင်းယူခဲ့လွှဘူး မှာကြား၏၊ ဘိက္ခုနီမ၏ လျှောက်ထားချက်အရ မထေရ်ကြီးက ငါသည် ဆေးချက်ရန် နည်းလမ်းကို မသိပေ။ ငါသည် ရဟန်းဖြစ်ချိန်မှ စ၍ ယနေ့အထိ တပ်မက်သော လောဘစိတ်ဖြင့် ဣန္ဒြေကို ဖျက်ကာ ဝိသဘာဂဖြစ်သော မိန်းမအာရုံကို တစ်ကြိမ်မျှ မကြည့်စဖူး၊ ဤသစ္စာစကားကြောင့် ငါ၏ မိခင် ကျန်းမာချမ်းသာခြင်း ဖြစ်ပါစေ”ဟု သစ္စာစကားကို မှာကြားလိုက်၏။ ယင်းမှာသည့် အတိုင်း နှမဖြစ်သူသည်၊ သစ္စာစကားကို ရွတ်ဆို၍ မိခင်ကို သုံးသပ်ရာဇာဆိပ်ရှိသော အိုင်းအမာသည် ပျောက်ကင်းလေ၏။ ဣန္ဒြေယသံဝရသီလဖြင့် သစ္စာဆိုကာ ကုသခြင်း ဖြစ်သည်။

အရှင်သာရိပုတ္တရာမထေရ်

အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်နှင့်အတူ တစ်ခုသော တောအုပ်၌ သီတင်းသုံးနေတော်မူစဉ် လေနာရောဂါစွဲကပ်၍ အလွန်ပင်ပန်း နွမ်းနယ်တော်မူ၏။ အရှင်မဟာမောဂ္ဂလ္လာန်က ငါ့ရှင် ရှေးအခါက လေနာရောဂါဖြစ်သောအခါ အဘယ်ဆေးဖြင့် ချမ်းသာရာ ရပုံးသနည်းဟု မေး၏။ အရှင်သာရိပုတ္တရာမထေရ်က ထောပတ်၊ ပျားသကာ စသည်ထည့်၍ ကြိုသော ရေမရောသည့် နို့ဃနာဖြင့် လေနာရောဂါ ချမ်းသာဖူးပါသည်ဟု မိန့်တော်မူ၏။ ဤသို့ မထေရ်နှစ်ပါးအချင်းချင်း စကားနှီးနှော ပြောဆိုနေကြသည်ကို စကြံဦးရှိ ရဟန္တာစုံးနှတ် ကြား၍ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏ ဆွမ်းဒကာအိမ်သို့ သွားပြီး သားကြီး ကိုယ်၌ ပူးဝင်နှိပ်စက်လေ၏၊ နက်ဖြန် အရှင်မဟာမောဂ္ဂလ္လာန်ထေရ်အား နို့ဃနာဆွမ်းလှူလျှင် သူ့ကို ငါလွှတ်မည်ဟု၍ ဆို၏။ နောက်နေ့တွင် ဆွမ်းမျိုးများသည် ရေမရောသော နို့ဃနာဆွမ်းကို ချက်၍ အရှင်မဟာမောဂ္ဂလ္လာန်ထေရ် ဆွမ်းခံလာသောအခါ ဆက်ကပ် လှူဒါန်းကြကုန်၏၊ အရှင်မဟာမောဂ္ဂလ္လာန်လည်း အရှင်သာရိပုတ္တရာအား ဆက်ကပ်လေ၏၊ အရှင်သာရိပုတ္တရာသည် ထို နို့ဃနာဆွမ်းကို မဘုဉ်းပေးမီ စဉ်းစား ဆင်ခြင်သော် ရွက္ခစိုးနတ်ကြောင့် ဤ နို့ဃနာဆွမ်း ရတော်မူသည်ကို မြင်၍ ဤ နို့ဃနာဆွမ်းသည် မအပ်ဟူ၍ ဆို၏၊ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် သပိတ်အနားစွန်းကို ကိုင်၍ မှောက်သွန်ပစ်လိုက်ရာ နို့ဃနာဆွမ်းမြေပေါ်သို့ ကျသည်နှင့် တပြိုင်နက် အရှင်သာရိပုတ္တရာ လေနာပျောက်ကင်းလေ၏။

အမွခါဒက မဟာတိဿမထေရ်

သီဟိုဠ်ကျွန်း စိရဂုမ္ဗအရပ်၌ သီတင်းသုံးနေသော မဟာတိဿထေရ်သည် ငတ်မွတ်ပေါင်းပါးခြင်းဘေး ဆိုက်ရောက်လာသောအခါ ခရီးသွားစဉ် ဆွမ်းပြတ်လတ်၍ အားပြတ်နေသဖြင့် အသီးရှိသော သရက်ပင်ရင်း၌ သီတင်းသုံးနေ၏၊ သရက်သီးမှည့်တို့သည် မထေရ်၏ အနီး၌ ကြွေကျကုန်၏၊ လွန်စွာဆာလောင်မွတ်သိပ်သော်လည်း ကောက်ယူသုံးဆောင်ခြင်း မပြုခဲ့၊ လူအိုတစ်ယောက်လာပြီး သရက်ဖျော်ရည်လုပ်၍ ဆက်ကပ်၏၊ ထို့နောက် မထေရ်ကို မိမိကျောပေါ်၌ တင်၍ လိုရာခရီးသို့ ပို့ဆောင်လေသည်။ လူအို၏ ကျောပေါ်၌ နေလျက် မိမိသီလကို ဆင်ခြင်ကာ ဝိပဿနာပွားများသူ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

အရိယာပုဂ္ဂိုလ်တို့၏ သီလသည် ဒိဋ္ဌဖြင့် မသုံးသပ်အပ်၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သီလသည် ရာဂဖြင့် မသုံးသပ်အပ်၊ ထို့ကြောင့် ဤသီလများသည် အပရာမဋ္ဌသီလမည်၏။ သီဟိုဠ်ကျွန်း၌ သူကြွယ်သားဖြစ်သော တိဿမထေရ်၏ သီလမျိုးပင်တည်း။

သီဟိုဠ်ကျွန်းတွင် သူကြွယ်တစ်ဦး၌ သားနှစ်ယောက် ရှိ၏။ မိဘတို့ကွယ်လွန်သောအခါ သားအကြီးဖြစ်သူ တိဿလုလင်သည် ပစ္စည်းများကို ညီငယ်အား ပေးခဲ့ပြီး ရဟန်းပြု၍ တောကျောင်း၌ တရားအားထုတ်နေ၏။ ထိုအခါ ညီ၏ မယား (ခယ်မ)ဖြစ်သူက အစ်ကို တိဿ လူထွက်လာလျှင် ပစ္စည်းများ ထက်ဝက်ခွဲပေးရမည် စိုးရိမ်သဖြင့် လူဆိုးတို့အား ပစ္စည်းဥစ္စာ ပေးကမ်းပြီး အသတ်ခိုင်းလေ၏၊ လူဆိုးများသည် တောကျောင်း၌ မထေရ်ကို ဖမ်းဆီးကြကုန်၏၊ မထေရ်က ငါ့မှာ ပစ္စည်းမရှိဟု ပြောရာ လူဆိုးများက သတ်ရန် လာခဲ့ကြောင်း ပြော၏။ သီလကို မှီ၍ အရဟတ္တဖိုလ် ရယူလိုသဖြင့် တစ်ညတာမျှ တရားအားထုတ်ခွင့်ပေးရန် တောင်းဆို၏။ လူဆိုးများ ယုံကြည်စေရန် ကြိုးစားသော ကျောက်ခဲဖြင့် ဒူးနှစ်ဖက်ကို ကိုယ်တိုင်ထုနှက်၍ ရိုက်ချိုးလိုက်၏၊ ဒူးနှစ်ဖက်လုံး သွင်သွင်ကျိုးသောအခါ လူဆိုးတို့က တရားအားထုတ်ခွင့်ပေးသဖြင့် မိမိ၏သီလကို ဆင်ခြင်လျက် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

မဟာသံဃရက္ခိတမထေရ်

ဝါတော်ခြောက်ဆယ်ရှိ မဟာသံဃရက္ခိတမထေရ်သည် သေမည့် ညောင်စောင်း၌ လဲလျောင်းနေစဉ် ရဟန်းသံဃာများက မေးသဖြင့် ငါမှာ ရပြီးဆော

လောကုတ္တရာတရားမရှိဟု မထေရ်မြတ်က ဖြေကြား၏။ ပုထုဇဉ် အဖြစ် သေသွားလျှင် တစ်ဆယ့်နှစ်ယူဇနာအတွင်းရှိ လူမျှား စိတ်မချမ်းမသာဖြစ်ရ တော့မည်ဟု လျှောက်ကြ၏။ ငါသည် မေတ္တေယျဘုရားကို ဖူးမြော်အံ့ဟု အောက်မေ့ကာ ဝိပဿနာတရား အားမထုတ်ဘဲ နေခဲ့သည်။ ဤသို့ဖြစ်လျှင် ငါ့ကို ထူမ-ပေး၍ တရားနှလုံးသွင်းရန် ခွင့်ပြုကြလော့ဟု မိန့်၏။ ရဟန်းငယ်က မထေရ်ကို ထူမ-ပေးပြီးလျှင် အပြင်သို့ တွက်ပေးသည်နှင့် တပြိုင်နက် ရဟန္တာ အဖြစ်သို့ ရောက်၏၊ မထေရ်ကြီးက ငါ့အရှင်တို့ ဤသို့ သေခါနီးဆဲဆဲမှာ လောကုတ္တရာတရား ဖြစ်စေခြင်းငှာ မခဲယဉ်းပါ၊ ခဲယဉ်းသော အမှုမှာ ရဟန်း ဖြစ်သော ကာလမှ စ၍ သတိသမ္ဗောဇ္ဈင်မပါဘဲ မပြုလုပ်မိစေရန် စောင့်ထိန်း ရခြင်း ဖြစ်၏။ သတိပညာ မလွတ်ကင်းအောင် နေနိုင်ခြင်းသည်သာလျှင် ခဲယဉ်းလှပေသည်ဟု မိန့်တော်မူ၏။

သီလညစ်ညူးခြင်း

သီလကျိုးခြင်း, ပေါက်ခြင်း, ပြောက်ခြင်း ကျားခြင်းတို့သည် ပစ္စည်း ဥစ္စာ, အခြံအရံ, ဆွေမျိုး, အသက်, အကျော် အစော စသည်တို့ကြောင့် ဖြစ်ပေါ်၍ သီလညစ်ညူးခြင်း ဖြစ်ရသည်၊ ထို့ပြင် ခုနစ်ပါးသော မေထုန်ငယ် တရားတို့နှင့် ယှဉ်တွဲခြင်းကြောင့် သီလညစ်ညူးခြင်းဖြစ်ရ၏။

ရဟန်းတစ်ပါးသည် အာပတ်ခုနစ်ပုံရှိသည့်အနက် ပစ္စည်းဥစ္စာကို လိုချင်ခြင်း, အကျော်အစောဂုဏ်ကို ရလိုခြင်း စသည်တို့ကြောင့် အစဖြစ်သော အာပတ် အစုဥဖြစ်စေ, အဆုံးဖြစ်သော အာပတ်အစုဥဖြစ်စေ သင့်ရောက်၍ သိက္ခာပုဒ် ပျက်စီးငြားအံ့၊ ထို့ရဟန်း၏ သီလသည် အနားစွန်းဥ ပြတ်သော အဝတ်ကဲ့သို့ ပြတ်သည် ကျိုးသည် မည်၏။

ရဟန်းတစ်ပါး၏ သီလသည် အလယ်ဥ ဖြစ်သော အာပတ်စုဥ ပျက်စီး ငြားအံ့၊ ထို့ရဟန်း၏ သီလသည် အလယ်ဥ ပေါက်သော အဝတ်ကဲ့သို့ ပေါက်သည် မည်၏။

ရဟန်းတစ်ပါး၏ သီလသည် အစဉ်အတိုင်း သိက္ခာပုဒ်နှစ်ပါး, သုံးပါးပျက်စီး ငြားအံ့၊ ထို့ရဟန်း၏ သီလသည် ကျောဥ ဖြစ်စေ, ဝမ်းဥ ဖြစ်စေ အညိုအနီ စသော ကျားသော အဆင်းရှိသော နွားကဲ့သို့ ကျားသော သီလမည်၏။

ရဟန်းတစ်ပါး၏ သီလသည် သိက္ခာပုဒ်တစ်ခုကျော်, နှစ်ခုကျော် စသည်ဖြင့် ခုန်ကျော်လျက် ပျက်စီးငြားအံ့၊ ထို့ရဟန်း၏ သီလသည် အကြားအကြားဥ မတူသော အဆင်းဖြင့် အပြောက်အပြောက်ရှိသော နွားကဲ့သို့ ပြောက်သော သီလမည်၏။

ဤသို့လျှင် သီလ၏ကျိုးပြတ်ခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်း များသည် သီလ၏ ညစ်ညူးမှုပင် ဖြစ်သည်။

ထို့ပြင် အောက်ဖော်ပြပါ မေထုန်ငယ် ခုနစ်ပါးကြောင့်လည်း သီလ ညစ်ညူးခြင်း ဖြစ်သေး၏—

(၁) အမျိုးသမီး၏ အနှင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်း၊
(၂) အမျိုးသမီးနှင့်တကွ ရယ်ဖွယ်ရွှင်ဖွယ် ကျီစယ်ပြောဆိုသာယာခြင်း၊
(၃) အမျိုးသမီးနှင့် အချင်းချင်း စိန်းစိန်းစိုက်စိုက် ကြည့်ရှု သာယာခြင်း၊
(၄) အမျိုးသမီး၏ အသံကို အနီးအဝေးက ကြားရ၍ သာယာခြင်း၊
(၅) ရှေးရှေးသောအခါက အမျိုးသမီးနှင့် ပျော်ပါးပူးသည်ကို အမှတ်ရ၍ တအောက်မေ့မေ့ သာယာခြင်း၊
(၆) တပါးသောသူတို့ အမျိုးသမီးနှင့် ပျော်မြူးနေသည်ကို မြင်၍ကြား၍ သာယာခြင်း၊
(၇) ယခုစောင့်ထိန်းသော ဥပုသ်သီလ၏ အကျိုးအဖြစ်ဖြင့် နောင် နတ်သမီး နတ်သားဖြစ်၍ ခံစား စံစားလိုမူ၌ စိတ်ညွတ်ခြင်း—

ဤ ၇-ပါးတွင် တစ်ပါးပါးနှင့် စွန်းငြိသော သီလသည် သီလညှိုး, သီလကျိုး, သီလပျက် မည်၏။

ထို့မှတပါးလည်း အောက်ဖော်ပြပါ ယုတ်ညံ့သော တရားများကြောင့်လည်း သီလညစ်နွမ်းရ၏—

ကောဓ=အမျက်ထွက်ခြင်း၊
ဥပနာဟ=ရန်ငြိုးဖွဲ့ခြင်း၊
မက္ခ=သူဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊
ပဠာသ=အပြိုင်ပြုခြင်း၊
ဣဿာ=သူစည်းစိမ်ကို မနာလိုခြင်း၊
မစ္ဆရိယ=မိမိစည်းစိမ်ကို နှမြောဝန်တို လျှို့ဝှက်ခြင်း၊
မာယာ=မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း၊
သာဌေယျ=မိမိ၌ထင်ရှားမရှိသောဂုဏ်ကို ထင်ပေါ် အောင် ပြုလုပ်ခြင်း။

သီလစင်ကြယ်ခြင်း

ထိုသို့ မကျိုး မပေါက် မပြောက် မကျဲးသော သီလသည် စင်ကြယ်သည် ဖြစ်၍ တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်မှုကို ပြုတတ်သောကြောင့် ဘုဇိဿ သီလ မည်၏၊ ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့် ဝိညူပသတ္ထ သီလလည်း

မည်၏၊ ငါ့သီလသည် အလွန်တရာ စင်ကြယ်သည် ဖြစ်၍ နောင်သောအခါ ကြီးကျယ်သော စည်းစိမ်ချမ်းသာများကို ရရှိစေလိမ့်မည် စသည်ဖြင့် တပ်မက်မောခြင်း ရာဂ (ငါ့သီလသည် အလွန်စင်ကြယ်၏၊ ငါ့သီလမျိုး အခြားသူမှာ မရှိ) စသည်ဖြင့် သက္ကာယဒိဋ္ဌိတို့ဖြင့် အသုံးသပ် မခံရခြင်းကြောင့် **အပရာမဋ္ဌ သီလ**လည်း မည်၏၊ ဤသီလမျိုးသည် ရှေးသို့ တစ်ဆင့်တက်ကာ စျာန်နှင့် နီးကပ်သော သမာဓိ၊ စျာန်နှင့် ယှဉ်သော သမာဓိတို့ကို ဖြစ်စေနိုင်သောကြောင့် **သမာဓိသံဝတ္တနိကသီလ** လည်း မည်ကုန်၏။

ဤသို့ ပြဆိုခဲ့ပြီးသော အတိုင်း သီလသည်—

(၁) မကျိုးမပြတ်ခြင်း၊
(၂) မပေါက်ခြင်း၊
(၃) မကျားခြင်း၊
(၄) မပြောက်ခြင်း၊
(၅) တဏှာကို တော်လှန်နိုင်ခြင်း၊
(၆) ပညာရှိတို့ ချီးမွမ်းအပ်ခြင်း၊
(၇) ဘဏှာ ဒိဋ္ဌိတို့ဖြင့် အသုံးသပ် မခံရခြင်း—

ဤဆင်ခါခုနစ်ပါးသည် သီလစင်ကြယ်ကြောင်းတရားတို့ ဖြစ်ကုန်၏၊ ထိုခုနစ်ပါးနှင့်ပြည့်စုံသော သီလသည်သာ အထက်ဖြစ်သော သမာဓိနှစ်ပါးကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် သမာဓိကို ရယူလိုသော ပုဂ္ဂိုလ်မြတ်သည် မိမိ၏ သီလကို ဤအင်ဆင်ခါခုနစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်ရာ၏။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သောသီလကို ရစ်မသည် မိမိအသက်ကို စွန့်ကာ ဥကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း, စာမရီသားကောင်သည် အသက်ကို စွန့်ကာ မြီးဆံကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း, သားတစ်ယောက်တည်းသာ ရှိသော သူသည် မိမိ၏ တစ်ဦးတည်းသော သားကို ယုယုယယ စောင့်ရှောက်သကဲ့သို့ လည်းကောင်း, မျက်စိတစ်ဖက်ကန်းသူသည် ကျန်သော မျက်စိတစ်ဖက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့လည်းကောင်း ထို့အတူ သီလကို စောင့်ထိန်းကုန်သော သူတို့သည် အရှယ်သုံးပါးလုံး၌ပင် သီလကို အလေးထားကာ စောင့်ရှောက် ထိန်းသိမ်းကြရာသတည်း။

ဤတွင် အပိုင်း (၄) ပြီး၏။

အပိုင်း (၅)

အခန်း (၂၁)

ဗုဒ္ဓမန္တန်တော်များ

အန္တရာယ်ကင်းဂါထာများ

ဤစာအုပ်တွင် အန္တရာယ်ကင်းဂါထာများ ရွတ်ဖတ်နည်းအညွှန်းနှင့် အကျိုးသုံးများကို ဖော်ပြပါဦးမည်။

ယင်းကဏ္ဍကို ဖော်ပြရခြင်းမှာ ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်များအတွက် အလွယ်တကူ ကျက်မှတ်စေလိုသော စေတနာဖြင့် စီစဉ်ထားခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အတွက် "ဗုဒ္ဓါ မေ သရဏံ အညံ နတ္ထိ=ဘုရားမှလွဲလျှင် ကိုးကွယ်ရာ အားထားရာ မရှိပေ"၊ သို့သော် လူသားတို့သည် စီးပွားရေး လူမှုရေး လုပ်ငန်းတို့ဖြင့် ဌာနအသီးသီး ဒေသအရပ်ရပ်သို့ လှည့်ပတ်သွားလာ၍ နေကြရသည်။ အန္တရာယ်ထူပြောသော ဒေသကိုလည်း မလွဲသာ မရှောင်သာ သွားကြရသည်။ တခါတရံ အန္တရာယ်များသော အရပ်၌ နေထိုင်ကြရသည်။ ယင်းအခါမျိုးတွင် ပုထုဇဉ်သဘာဝ စိတ်အားငယ်တတ်ကြသည်။

ထိုအခါမျိုးတွင် စိတ်အားတက်စရာ အားကိုးစရာများကို ရှာတတ်ကြသည်။ ဘာသာရေးဟူသည် ယင်းသို့ စိတ်အားငယ်သည့် အခါ ဘာသာတရားသည် အားကိုးရာအစစ် ဖြစ်သည်။ အန္တရာယ်များလှသော လူသားများအတွက် အားကိုးရာတစ်ရပ်အနေဖြင့် ဗုဒ္ဓမန္တန်များကို စီစဉ်ဖော်ပြထားပါသည်။

ယခု ဖော်ပြမည့် ဗုဒ္ဓမန္တန်များမှာ ပိဋကတ်စာပေလာ ဂါထာ စုဏ္ဏိယများနှင့် ရှေးဆရာတော်ကြီးများ ရေးသားစပ်ဆိုတော်မူခဲ့သော ရတနာသုံးပါး ဆိုင်ရာ ဂါထာနှင့် စုဏ္ဏိယများသာ ဖြစ်ပေသည်။ အခါန်များများ ပေး၍ ပိဋကတ်တော်လာ ပါဠိတော်များကို ဟပ္ပတ်ဖတ် မသရဇ္ဈာယ်နိုင်ပါက အကျဉ်းချုပ်မန္တန်များကို ရွတ်ဖတ်ကြရန် ဖြစ်ပေသည်။

"နမော တဿ" အာနန္ဒရာယ်ကင်းမနဲ့နှိမ်မှာလည်း ဘုရားရှိခိုးပင် ဖြစ်ကြောင်း အားလုံးသိပြီးဖြစ်သည်။ ယင်းဘို့ ဘုရားကို ရှိခိုးသော ပဏာမစေတနာသည်ပင် အာနန္ဒရာယ်ကင်းရှင် ကျန်းမာချမ်းသာခြင်းကို ဖြစ်စေနိုင်သည်မှာ သံသယဖြစ်ဖွယ် မလိုတော့ပေ။ "သဝေမပါ ကိုးဂါထာ"မှာလည်း သရဏဂုံပါဠိပင် ဖြစ်သည်။ စိတ်တော်ဖြင့် ကျူးရင့်သော ဥဒါန်းဂါထာ၊ နှုတ်တော်ဖြင့် ကျူးရင့်သော ဥဒါန်း ဂါထာ, သဗ္ဗဇယမင်္ဂလာ ဂါထာတော် စသော ဂါထာများမှာလည်း ဘုရားဟောသော ပါဠိတော်များမှ ထုတ်နုတ်ကားခြင်းပင် ဖြစ်သည်။

ဤဂါထာ ပါဠိများကို ရွေးအစဉ်အဆက်ဆက်ကပင် အာနန္ဒရာယ်ဂျင်း အနေ အားဖြင့် ရွတ်ဖတ်ပွားများခဲ့ကြသည်၊ ယုံကြည်ခဲ့ကြသည်။ ယုံကြည်သည့် အတိုင်းလည်း လက်တွေ့အကျိုး ခံစားရသူများ အများအပြားပင် ရှိခဲ့သည်။

အောင်ခြင်းရှစ်ပါးဂါထာ, သမ္မုဒ္ဓဂါထာဟိုမှာလည်း ဘုရားဂုဏ်တော်နှင့် စပ်၍ ရွေးဆရာတော်များ ရေးသားထားခဲ့ရာ ယနေ့တိုင် အစဉ်အလာအားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကြပေသည်။

ထို့ကြောင့်ပင် ဤကျမ်းဌ ဗုဒ္ဓမန္တန်များ အခန်းကို သီးခြား ဖော်ပြထားခြင်း ဖြစ်သည်။မြတ်ဗုဒ္ဓကို ယုံကြည်သော သဒ္ဓါတရားရှိသူများအဖို့ ဤဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ရွရခြင်းသည် သမာဓိတည်ငြိမ်မှုဖြင့် ရွတ်ဆိုနေခိုက်မှာပင် စိတ်ချမ်းသာမှုကို အပြည့်အဝ ခံစားကြရပေမည်။ စိတ်၏ စွမ်းအင်, သဒ္ဓါတရား၏ စွမ်းအင် သတ္တိကြောင့် အာနန္ဒရာယ်ကင်းနိုင်ခြင်းကိုကား သံသယဝင်ဖွယ် မလိုတော့ပေ။

ဤအကျိုးများကို ရယူလိုသူများအတွက် အခက်အခဲမရှိစေရန် တစ်စု တစ်ပေါင်းတည်းဖြစ်စေရန် ဗုဒ္ဓမန္တန်များကို စီစဉ်တင်ပြထားခြင်း ဖြစ်ပေသည်။

၁။ "နမော တဿ" အာနန္ဒရာယ်ကင်းဂါထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဗုဒ္ဓဂုဏ်အင် စုံလင်ခဲ့ရာ ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ အလှူတော်မှန် အပူဇော်ကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အမှန်အတိုင်းသာ ဆရာမပြ သဘာဝဖြင့် ဓမ္မအဖုံဖုံ တရားစုံကို အကုန်အစင် သိမြင်တော်မူပြီးထဲသော။ တဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုး ဂုဏ်နှင့် ပြည့်စုံပေငြား ထိုမြတ်ဗုဒ္ဓဘုရားအား။ နမော၊ ကာယဝစီ မနောချီလျက် သုံးလီဒွါရ ပမာဏဖြင့် ကြည်စွသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤ"နမော တဿ"အစချီသော ဘုရားရှိခိုးသည် ဗုဒ္ဓဘာသာဝင်သူတော်စင်အဆက်ဆက်တို့ ရွတ်ဆိုရှိခိုးခဲ့ကြသည်။ ကျမ်းစာရေးသူတို့သည် ကျမ်းဦးအစ၌ဤ"နမောတဿ"ဖြင့် ပဏာမအစချီလေ့ရှိကြသည်။ဤဘုရားရှင်လက်ထက်တွင် သာမက ရှေးရှေးသော ဘုရားရှင်တို့လက်ထက်ကပင် ပေါ်ပေါက်နေခဲ့သော ဘုရားရှိခိုးလက်ဟောင်း ဖြစ်သည်။

၉၂.ကမ္ဘာမှ ဘုရားရှိခိုး

လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာ၌ ဖုဿဘုရားရှင် ပွင့်တော်မူရာ ဖုဿဘုရားရှင်၏ ဘခမည်းတော် မဟိန္ဒမင်းကြီးသည် မြတ်စွာဘုရားရှင်ကို လွန်စွာကြည်ညိုလှသဖြင့် "နမော တဿ"ဘုရားရှိခိုးကို သုံးကြိမ်ရွတ်ဆို ကျူးရင့်လျက် ဘုရားရှိခိုးလေ့ရှိခဲ့သည်။

သိကြားမင်း၏ ဘုရားရှိခိုး

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့၏ အရှေ့ဘက် ဂိဇ္ဈကူဋ်တောင်ခြေရှိ ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် မိုးလင်းလိုသည့် အချက်များကို လာရောက်မေးလျှောက်၏၊ ယင်းအမေးကို ပြန်ဖြေသည်ဖြေကြားသည့် တရားတော်ကို သက္ကပဉ္ဉာသုတ်ဟု ခေါ်၏။ သက္ကပဉ္ဉာသုတ်ကို ဟောတော်မူရာ သိကြားမင်းသည် လွန်စွာနှစ်ထောင်းအားရ ကြည်ညိုလှသဖြင့် ဤ"နမော တဿ" အစချီသော ဘုရားရှိခိုးကို သုံးကြိမ်တိတိ ရွတ်ဆိုရှိခိုးလေသည်။

ကောသထမင်းကြီး၏ ဘုရားရှိခိုး

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အချစ်ကြောင့် ဒုက္ခဆင်းရဲဖြစ်ရသည်ဟု မြတ်စွာဘုရား ဟောကြားသည့် ဒေသနာတော်နှင့် စပ်လျဉ်း၍ ကောသလမင်းကြီး၏ နန်းတော်၌ အငြင်းပွားကြ၏။ ကောသလမင်းကြီးက အချစ်ကြောင့် ပျော်ရွှင်ချမ်းမြေ့မှု၊ နှစ်သက်ဝမ်းမြောက်မှု ဖြစ်ရသည်ဟု ယူဆပါကြည်နှေ့၏။ ထိုအခါ မလ္လိကာ မိဖုရားကြီးသည် နာဋ္ဌိဂင်္ဂံအမည်ရှိသော ပုဏ္ဏားအား စေလွှတ်၍ မေးမြန်းလျှောက်ထားစေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း ဆင်းရဲဒုက္ခများသည် အချစ်ကြောင့် ဖြစ်ရသည်။ လင်မယားအချစ်ကြောင့် လင်သေမယားသေ ငိုကြွေးရ၏၊ သားသမီးအ[illegible] သားသမီးသေသည့်အခါ ငိုကြွေးရ၏ စသည်ဖြင့် တောကြားပေးတော်မူ၏။ ပုဏ္ဏားသည် မလ္လိကာ မိဖုရားကြီးအား ပြန်လည်လျှောက်ထား၏။ မလ္လိကာမိဖုရားသည် ကောသလမင်းကြီးအား သမီးတော်ကလေး ဝဇီရိကို ချစ်[illegible]လားဟု မေး၏၊ အသက်တမျှချစ်ခင်ကြောင်း

ဖြေကြား၏။ အကယ်၍ သမီးတော်ကလေး ဝဇီရိသေဆုံးခဲ့ပါမူ အရှင်မင်းကြီး သည် စိုးရိမ်ပူဆွေး ငိုကြွေးမှုပြု, မပြု မေးရာ ကောသလမင်းကြီးက စိုးရိမ်ပူဆွေး ငိုကြွေးရုံသာမက သေပင် သေဆွေးနိုင်သည်ဟု ဆို၏။ ဤသို့ ဆိုပါက အချစ်ကြောင့် ဆင်းရဲဒုက္ခ ဖြစ်ရသည်ဟူသော အချက် မှန်, မမှန် မေးလျှောက်၏။ မင်းကြီးသည် သဘောပေါက် နားလည်သွား၍ မိမိနှုတ်အာခံတွင်းကို ပလုတ်ကျင်း ဆေးကြော်ပြီး လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ရုံကို တင်လျက် ဘုရားရှိရာဘက်သို့ မျက်နှာမူကာ လက်အုပ်ချီ၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ်ရွတ်ဆို ဥဒါန်းကျူးရင့်ရှိခိုးလေသည်။

အာရာမဒတ္တပုဏ္ဏား၏ ရှိခိုးခြင်း

အာရာမဒတ္တ ပုဏ္ဏားကြီးသည် အရှင်မဟာကစ္စည်းထေရ်အား ဤသို့ လျှောက်၏၊ အိမ်ရာတည်ထောင် လူဘောင်၌ နေသူများသည် အချင်းချင်း အဘယ်ကြောင့် ငြင်းခုန်ကြပါသနည်း။ အရှင်မဟာကစ္စည်းမထေရ်က "အာရုံငါးပါး ကာမဂုဏ်တရားကြောင့် ငြင်းခန်းကြရသည်" ဟု ဖြေဆို၏၊ အိမ်ရာမထောင်ရဟန်းဘောင်၌ နေသူများ အချင်းချင်း အဘယ်ကြောင့် ငြင်းခုန်ကြရပါသနည်းဟု မေးပြန်ရာ ဒိဋ္ဌိအယူဝါဒကို အကြောင်းပြု၍ ငြင်းခုန်ကြရသည်ဟု ဖြေဆို၏၊ ဤသို့ ဆိုပါက ဤလောကဝယ် ကာမဂုဏ် ငြိတွယ်မှု ဒိဋ္ဌိအယူဝါဒ ငြိတွယ်မှု ကင်းသူ ရှိပါသေးသလားဟု မေးလျှောက်ရာ အရှင်မဟာကစ္စည်းမထေရ်က "အမှန်တကယ် ရှိသည်၊ ထိုပုဂ္ဂိုလ်မှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ သင့္ဘည္ဥ ဘုရားရှင် ဖြစ်သည်" ဟု ဖြေဆို၏၊ ထိုအခါ ပုဏ္ဏားကြီးသည် လွန်စွာ ကြည်ညိုသဒ္ဓါပွား၍ နေရာမှ ထကာ အင်္ဂေါ်ရုံကို လက်ကတော့တင်ပြီး လက်ယာဘက် ဒူးကို မြေကြီးပေါ်၌ ထောက်လျက် "နမော တဿ" အစချီသော ဘုရားရှိခိုးကို သုံးကြိမ်ရွတ်ဆို ရှိခိုးလေသည်။

ဓနဉ္ဉာနီ ပုဏ္ဏားမကြီး ရှိခိုးခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဟာဇဂ္ဂိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏၊ ဟာဇဂ္ဂိုဟ်မြို့တွင် ဘာရဒ္ဝါဇ ပုဏ္ဏားကြီးသည် ပုဏ္ဏား အယူဝါဒကို စွဲလမ်းယုံကြည်၏၊ ယင်း၏ ဇနီးဖြစ်သူ ဓနဉ္ဉာနီ ပုဏ္ဏားမသည် သောတာပန် အရိယာ ဖြစ်နေ၏၊ ဓနဉ္ဉာနီသည် "နမော ဗုဒ္ဓဿ" ဟူ၍လည်းကောင်း, "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ လည်းကောင်း အမြဲမပြတ် ရွတ်ဆိုလေ့ရှိသည်ကို ပုဏ္ဏားကြီးက လုံးဝ မကြားချင်၊ အထူးသဖြင့် အခြားပုဏ္ဏားများ ရှေ့မှောက်၌ မယားဖြစ်သူက "နမော တဿ" ဟု ဆိုလိုက်ပါက အပြင်သေး ခံရမည်ကို ကြောက်၏။

တနေ့သောအခါ ဘာရဒ္ဒါဇသည် ပုဏ္ဏား ၅၀၀-ကို အိမ်သို့ ပင့်ဖိတ်ကျေးမွေးတော်။ ဇနီးမယားဖြစ်သူအား "နမော ဗုဒ္ဓဿ" မဆိုရန် ပေစ်ရက် ကြိုတင်၍ ချော့မော့တောင်းပန်တော်၊ ဇနီးဖြစ်သူက "နမော ဗုဒ္ဓဿ"ကို မဆိုရမနေနိုင်ဟု ပြန်ပြောတော်၊ ပုဏ္ဏားကြီးစိတ်ဆိုးမာန်ဆိုးဖြစ်ကာ အိမ်နံရံတွင် ချိတ်ဆွဲထားသော ဓားကြီးကို ကိုင်မိုးလျက် "ဟေ့ ဓနဥ္ဇာနီ....ဒီမှာကြည့်စမ်း နက်ဖြန် ငါ့ပုဏ္ဏားတော်လာချိန်မှာ နင့်ကတုံးကြီးကို ရှိခိုးရင် ဒီဓားနှင့် ခြေဖျားက ခေါင်းထိအောင် နုတ်နုတ်ပါအောင် တောက်တောက်စင်းပစ်လိုက်မယ်" ဟု ကြိမ်းမောင်းလိုက်သည်။ ထိုအခါ ဓနဥ္ဇာနီက "သတ်ချင်သတ်လိုက်၊ 'နမော ဗုဒ္ဓဿ'လို့ မဆိုဘဲ မနေနိုင်" ဟု ဇောင်းမာစွာ ပြန်ပြောလိုက်သည်။ ဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် လက်လျော့လိုက်ရကော့သည်။

နောက်တစ်နေ့ ပုဏ္ဏား ၅၀၀ ကို ကျေးမွေးနေစဉ် ဓနဥ္ဇာနီသည် ငိုင်းဝန်းကူညီလုပ်ကိုင်ပေးနေ၏၊ မိမိလင်ယောကျ်ားအတွက် နို့ထမင်းခွက်ကို ယူလာစဉ် ဓနဥ္ဇာနီသည် ခလုတ်တိုက်ပြီး လဲသွားသည်။ နှုတ်မှ အကျင့်ပါနေ၍ ရုတ်တရက် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု ရွတ်ဆို၍ ဘုထုးရှိခိုးလိုက်သည်။ ဗုဒ္ဓအသံ ကြားရသည်နှင့် တပြိုင်နက် ဧည့်သည်ပုဏ္ဏားများသည် စိတ်ဆိုးကာ ထပြန်သွားကြလေသည်။

ကာရဏပါလိပုဏ္ဏားကြီး ရှိခိုးခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချန်တပ်သော ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ မြတ်စွာဘုရား ကျောင်းတော်မှ ပြန်လာသောပိင်္ဂိယာနီအား ကာရဏပါလိပုဏ္ဏားကြီးက "ရဟန်းဂေါတမ၏ပညာစွမ်းရည်အသို့နည်း၊ ရဟန်းဂေါတမကို ပညာရှိဟု ယူဆပါသလား" ဟု မေး၏။ ပိင်္ဂိယာနီက "ရဟန်းဂေါတမ၏ ပညာစွမ်းရည်ကို ကျွန်ုပ်တို့ ဘယ်လိုသိနိုင်မလဲ၊ ရဟန်းဂေါတမကို ရဟန်းဂေါတမလို ပုဂ္ဂိုလ်ကသာ အကဲဖြတ်နိုင်ပေလိမ့်မည်၊ ရဟန်းဂေါတမ၏ တရားကို နာရသူများသည် သောက ပရိဒေဝ အားငြိမ်းသွားကြသည်" ဟု ဖြေကြားလိုက်သည်။ ထိုအခါ ကာရဏပါလီ ပုဏ္ဏားကြီးသည် ထိုင်ရာမှထပြီး အပေါ်ရုံကို လက်ကတော့ကင်၍ လက်ယာဘက်ဒူးကို မြေပေါ်ထောက်လျက် မြတ်စွာဘုရားရှိရာဘက်ကို မျက်နှာမူ လက်အုပ်ချီပြီး "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ်ရွတ်ဆို ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

ဇာကုသောဏိပုဏ္ဏားကြီး ရှိခိုးခြင်း

သာဝတ္ထိပြည်နေ ဇာကုဝေါဏိပုဏ္ဏားကြီးသည် ပိလောတိကပရိဗိုဇ်ကြီး၏ မြွတ်စွာဘုရားဂုဏ်တော်များကို ချီးကျူးပြောကြားမှုကို ကြားနာရသဖြင့် "နမော တဿ" စသည်ဖြင့် သုံးကြိမ်ရွတ်ဆို ရှိခိုးလေသည်။

ဗြဟ္မာယုပုဏ္ဏားကြီး ရှိခိုးခြင်း

ဗြဟ္မာယုပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင် ကျောစေသတင်းကို ကြားရ၍ ကျေဉ်စောသည့်အတိုင်း ဟုတ်, မဟုတ်စုံစမ်းရန် မိမိ၏တပည့် ဥတ္တရလုလင်ကို စေခိုင်းလိုက်သည်၊ ဥတ္တရလုလင်သည် (၇)လတိုင်တိုင် မြတ်စွာဘုရားနောက်မှ တကောက်ကောက်လိုက်လျက် မြတ်စွာဘုရား၏ ခွတ်ယွင်းချက် အပြစ်အနာအဆာများကို ရှာကြံခဲ့သည်။ အပြစ်အနာအဆာ မတွေ့ရသည့်အပြင် ချီးမွမ်းစရာ အချက်များကိုသာ တွေ့ရသည်။ ဥတ္တရလုလင်က ပုဏ္ဏားကြီးအား မြတ်စွာဘုရားရှင် ဂုဏ်တော်များကို ထုတ်ဖော်ချီးကျူးပြောကြားရာ ဗြဟ္မာယုပုဏ္ဏားကြီးသည် ဘုရားရှိရာဘက်သို့ မျက်နှာမူလက်အုပ်ချီလျက် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ်ရွတ်ဆို ရှိခိုးလေသည်။

ဤ"နမော တဿ"စသည့် ဘုရားရှိခိုးကို ရွတ်ဖတ်ပူဇော်လျှင် နှောင့်ယှက်ဖျက်ဆီးလာမည့် ကိုယ်တွင်းကိုယ်ပ အန္တရာယ်များကို ကာကွယ်နိုင်ခြင်း၊ လိုအပ်သော , အလုပ်ကိစ္စ အပြီးအဆုံးသို့ ရောက်နိုင်ခြင်း အစရှိသော ကောင်းကျိုးချမ်းသာများကို ခံစားရသည်။

၂။ သဝေမပါ ကိုးဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊ သစ္စာ ၄-ပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်မြင်၍ မြင်စေဟောဖော် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ သရဏံ၊ ဘေးရန် ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ် ဆုံးသော ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသောတရားတော် မြတ်ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ဘုရား။

သံဃံ၊ သမ္မုတိ, အရိယာ နှစ်ဖြာသော သံဃာတော်မြတ် အပေါင်းကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ဘုရား။

ဤသဝေမပါ ကိုးဂါထာကို ယုံကြည်စွာ ရွတ်ဖတ်ပူဇော်လျှင် ဘေးရန် အန္တရာယ် အမျိုးမျိုးမှ လည်းကောင်း, ကပ်ဘေး သုံးပါးမှ လည်းကောင်း လွန်မြောက်၍ လာဘ်လာဘ ပေါများခြင်း အကျိုးများ ခံစားရမည်။

အရိယာ သာဝိတ္တိဂါထာတော်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။ (အနက်ရှေအတိုင်းပေးပါ။)

ဤဂါထာမှာလည်း သရဏကုံ သုံးပါးပင် ဖြစ်၍ ဆန်းကိုက်းအနေအား ဖြင့် အမည်တစ်မျိုးပေးထားခြင်း, ဖြစ်သည်၊ အမြဲမပြတ် ယုံကြည်စွာ ရွတ်ဖတ် ပူဇော်လျှင် ကျရောက်ဆဲ ကျရောက်ပြီး ကျရောက်လတ္တံ့သော ဘေးရန်တို့မှ လွတ်မြောက်ပြီး စီးပွားချမ်းသာဂုဏ်အသရေ တိုးတက်ကာ ယခုဘဝရော နောင်ဘဝပါ ကောင်းကျိုးများ တိုးပွားပြီး နိဗ္ဗာန်သို့ပင် ရောက်စေနိုင်ပါသည်။ သရဏကုံမြဲသူသည် အပါယ်ငရဲသို့ မကျရောက်ရဘဲ သုဂတိဘဝသို့ ကိန်းသေ လားရပေသည်။

၃။ အစိန္တိယာဂါထာ (အစိန္တေယျ အကျိုးပြ)

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့မည်သည်။ အစိန္တိယာ၊ မကြံစည်အပ်ကုန်။ ဗုဒ္ဓဓမ္မာ၊ ဘုရားရှင်တို့၏ တရားတော်တို့သည်လည်း။ အစိန္တိယာ၊ မကြံစည် အပ်ကုန်။ အစိန္တိယေ၊ မကြံစည်အပ်သော အရာ၌။ ပသန္နာနံ၊ ကြည်ညို ဆည်းကပ်ကြသူတို့၏။ ဝိပါကော၊ အကျိုးသည်လည်း။ အစိန္တိယော၊ မကြံစည်နိုင်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

ဤကဲ့သို့ကို ရွတ်ပတ်ပူဇော်လျှင် မကြုံစည်အပ် မကြုံစည်နိုင်သော အကျိုးတရားများကို ရရှိခံစားရသည်။ မည်သည့် အကျိုးကို မည်ရွေ့ မည်မျှသာ ရရှိနိုင်သည်ဟု အကန့်အသတ် မရှိဘဲ အကျိုးတရားများကို ရရှိခံစားရသည်။

၄။ ဥဒါန်းဂါထာတော်နှစ်ပုဒ် (ဗိတ်တော်ဖြင့်ကျူး)

(က) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(ခ) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခိတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(က)' ပုနပ္ပုနံ၊ ဘဝသံသရာ ဖန်ခါခါလျှင် ခန္ဓာဝင်္ဂဇာတ် အမြစ်မပြတ်နိုင်ဘဲ။ ဇာကို၊ ယောနိလေးထွေ၊ လှည့်ပတ်ဖွဲ့လျက် သန္ဓေစွဲမှီ တည်နေဖြစ်ပွားရခြင်းသည်။ ဒုက္ခာ၊ သန္ဓေဇာတိ ခန္ဓာရှိလျှင် ဗျာဓိဇရာ မရဏာတို့ မကွာနောက်ဆက် ဝင်နှိပ်စက်သဖြင့် သက်သက်ချမ်းသာ မဟုတ်ပါဘဲ လွန်စွာညှဉ်းနှမ်း ပင်ပန်းဆင်းရဲ လှဘိ၏။ (တသွာ၊ ထို့ကြောင့်။) အဟံ၊ ဘုရှင့်အလျာ သူမြတ်ငါသည်။ ဂဟကာရံ၊ ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ် ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ လက်သည်စစ်စစ် ဘယ်သူဖြစ်ဟု စိစစ်ထောက်လှမ်း စူးစမ်းရှာဖွေလျက် (ဝါ) စူးစမ်းရှာဖွေသော ဘုရှင့်အလျာ သူမြတ်ငါသည်။ အနိဗ္ဗိသံ အနိဗ္ဗိသန္တော၊ တဏှာ ယောကျ်ား လက်သမားကို ပိုင်းခြားထင်ထင် လင်းလင်းမြင်သည့် သဗ္ဗညုတာ ဉာဏ်မဟာကို သမ္ဘာနုကွေး ငါမရသေးသည်ဖြစ်၍ (ဝါ) မရသေးသောကြောင့်။ အနေကဇာတိသံသာရံ၊ ဘဝမျှားစွာ သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ၊ ခန္ဓာငါးချက် ဒုက္ခစက်ကို။ ကြောက်လျက်ပင်လျှင် ငါမခင်ဘဲ သံသရာဝင်္ဂ ချားရှောတ်၍ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။

(ခ) ဂဟကာရက၊ ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောကျ်ား ဟယ်....လက်သမား။ ဇာဒါနိ၊ ဘုရားဖြစ်လာ ယခုအခါ၌။ တုံ၊ သင်ဟာဏှာယောကျ်ား လက်သမားကို။ ဒိဋ္ဌော၊ သဗ္ဗညုတဉာဏ်ကို ရသဖြင့် ဒိဋ္ဌထင်ထင် ငါမြင်အပ်သည်။ အသိ၊ ဖြစ်ပေ၏။ တုံ၊ သင်တဏှာ

ယောကျိး လက်သမားသည်။ ဂေဟံ၊ ဒုက္ခယုက်လိမ် ခန္ဓာကိုယ် အတ္တဘော တည်းတူသော အိမ်ကို။ ပုန နာ ကာဟသိ၊ နှင့်ခြေနှင့်လက် နှင့်အသက်ကို လေးမက်လှဲရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့် သစ်ငုတ် တိုဟန် နှင်ဖြစ်ပြီမှန်သောကြောင့် တဖန်ထပ်လျောက် နှင်ဆောက်နိုင်တော့ မည်မဟုတ်ချေ။ တေ၊ သင်တဏှာယောကျိး လက်သမား၏။ ထဗွာ၊ တစ်ခု မကြွင်း ခပင်းဥသုံ အလုံးစုံကုန်သော။ ဖာသုကာ၊ အခိုင်အမာတည်ဆောက် ခန္ဓာအိမ်တည်းဟူသော ဘုံကွန်းပြောက်၏ ထုပ်လျောက် ဒိုင်း မြား ကိလေသာ တရားတို့ကို။ ဘဂ္ဂါ၊ ဝါသနာ အင်္ဂေအသက်နှင့်တကွ အနုသယသတ္တိ ကျန် မရှိအောင် စိစိကြေညက် ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋ်၊ သစ္စာလေးအင် နိဗ္ဗာန်လှင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးကန့်လန့် တားဟန့်ပိတ် ကာ အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ်ကို။ ဝိသခ်္ခံတံ၊ မှုန့်မှုန့်ကြွမှ ငါဖျက်ချ အပ်လေပြီ။ စိတ္တံ၊ ကိလေသာဟူ မြူအညစ်အကြေး ကင်းဝေးဖြူလွှင် ငါဘုရား၏ စိတ်အစဉ်သည်။ ဝိသခ်ါရုံ၊ သခ်ါစက်ကွင်း ဒုက္ခခပင်းမှ လွတ်ကင်းရာဒုမ္မန် နန်းနိဗ္ဗာန်သို့။ ဂတံ၊ အာရုံမျက်မှောက် သန္တိခေါတ် သိဒ္ဓိပေါက်သဖြင့် ဆိုက်ရောက်သက်ဝင် မိလေပြီ။ အဟံ၊ သုံးလောကထွတ်ထား ငါဘုရားသည်။ တဏှာနံ ခယံ၊ တဏှာတရား ရဟန္တာပါး၏ ပျက်ပြားကုန်ခန်းရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့။ ဂတေ၊ စက္ကဝါရိုက်ခြောင်း တိုက်တစ်သောင်းမှ နတ်ဗျာပါင်း ဗြဟ္မာ ကောင်းတင်းငြောလျက် ကြည်သာဝမ်းမြောက် ငါဆိုက်ရောက်ခဲ့ လေပြီ (မဟာဗုဒ္ဓဝင်၊ဒုတွဲ။၃၅၂)။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး၍ ဆင်ခြင်တော်မူရာ၌ ခန္ဓာအိမ် တည်ဆောက်သည့် တဏှာယောကျိး လက်သမားကို အရဟတ္တမဂ် ဉာဏ် သန်လျက်ဖြင့် ပယ်ဖြတ်တော်မူပြီး၍ ခန္ဓာအိမ်ကို အဆောက်မခံရတော့သဖြင့် လွန်စွာဝမ်းမြောက်ကာ စိတ်တော်ဖြင့် ဤဂါထာကို ကျူးရင့်တော်မူသည်။ ဘုရားရှင်ကို အာရုံပြု၍ ရွတ်ဖတ်ပူဇော်လျှင် ကောင်းကျိုးတရားများ ရရှိခံစား ရပြီး စိတ်၏ ကြည်နူးဝမ်းမြောက်မှုကို အမြဲမပြတ် ခံစားကြရပေမည်။ ရန်သူ မှန်သမျှကို အောင်နိုင်သည်၊ နွေညမပြတ် ရွတ်ဖတ်ပူဇော်ကြပါကုန်။

၅။ ဥဒါန်းဂါထာတော်သုံးပုဒ် (နှုတ်တော်ဖြင့်ကျူး)

(က) ယဒါ ဟဝေ ပါတုဘဝန္တီ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထ'ဿ ကင်္ခါ ဝပယန္တီ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အာဘာပိနော၊ တစ်ထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ်ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံလ ဝီရိယလည်းရှိပေထသော။ စျာယတော၊ အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အလုံးစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စဒုက္ခ အနတ္တ ခြင်းရာလက္ခဏာကို အပွနာခိုက် စျာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။ (၀၊) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏာဿ၊ မကောင်းမှု ဟူသမျှကို အပယ်ပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ ယဒါ၊ အကြောင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး တို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏။ ယတော၊ ယင်းသို့သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ သဟေတုမ်မွဲ၊ အဝိဇ္ဇာ အစရှိသော အကြောင်းတရားဘို့နှင့်တကွ သခ်ါရ အစရှိသော အကျိုးတရားထု ဒုက္ခအစုကို။ ပဇာနာတိ၊ ပိုင်းခြားထင်ထင် သိမြင်လေ၏။ အထ၊ ထိုသို့ ပဋိစ္စခတ် သမ္မပ္ပါဒ်ကို အတပ်ထင်ထင် လင်းလင်းမြင်သောအခါ၌။ အဿ၊ ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ၊ တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကခ်ါ၊ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ်တရားတို့ကို မသိမြင်ခြင်းကြောင့် ကာလသုံးပါးဝယ် ဖြစ်ပွားသည့် ရုပ်နာမ်တရားဟို၌ ယုံမှားခြင်းတရား တစ်ဆယ့်ခြောက်ပါးတို့သည်။ ဝပယန္တိ ဝိအပယန္တိ၊ နေလျှံရှိန်ကြောက် ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်းကြကုန်၏။

(ခ) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာဘာပိနော စျာယတော ဗြာဟ္မဏာဿ။
အထ'ဿ ကခ်ါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

(ပထမ၊ ဒုတိယ ပါဒများအနက် ရှေးအတိုင်းပေးပါ။) ယတော၊ ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ခန်းရာမှန် အသခ်တ နိဗ္ဗာန်ကို။ အဝေဒိ၊ ထိုးထွင်းထင်ထင် သိမြင်တော်မူလေ၏။ အထ၊ ထိုသို့ ပစ္စယက္ခယ အမည်ရသည့် အသခ်တဓာတ် နိဗ္ဗာန်ပရမတ်ကို အတပ်ထင်ထင် လင်းလင်း မြင်သောအခါ၌။ အဿ၊ ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ၊ တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကခ်ါ၊ နိဗ္ဗာန်ကို ထိုးထွင်း မသိခြင်းကြောင့် ကိုယ်တွင်းဌမ္ဘာ ဖြစ်ပေါ်လာမည့် ကခ်ါယုံမှား တရားအစုတို့သည်။ ဝပယန္တိ-ဝိအပယန္တိ၊ နေလျှံရှိန်ကြောက် ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်းကြကုန်၏။

(၈) ယဒါ ဟဝေ ပါတုဘဝန္တီ ဓမ္မာ၊
အာဇာပိနော စျာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယော၀ ဩဘာသယ မန္တလိက္ခံ။

(ပထမ၊ ဒုတိယပါဒများ အနက် ရှေးအတိုင်းပေးပါ။) သူရိယော၊ ယုဂန္ဓိုရ် တောင်စွန်းမှ ပေါ်ထွန်း ထွက်ပြ။ ဥဒယ်မူသော နေမင်းသည်။ အန္တလိက္ခံ၊ အဇ္ဈာပြင် မိုးကောင်းကင်ကို။ ဩဘာသယံ- ဩဘာသယန္တော၊ မိမိအရောင် ခြည်တစ်ထောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ထွန်းလင်းတောက်ပလျက်။ တိဋ္ဌတိ ဣ၀၊ တည်သကဲ့သို့။ (သော ဗြာဟ္မဏော၊ ထိုရဟန္တာသခင် အရှင်မြတ်သည်။ တေဟိ ဓမ္မေဟိ၊ ထိုဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ဖြင့်။) မာရသေနံ၊ ကာမဆုဂ စသည်ဆယ်ထပ် မာရ်စစ်တပ်ကို။ ဝိဓူပယံ- ဝိဓူပယန္တော၊ မှုန်မှုန် ညက်ညက် တိုက်ဖျက်ပယ်ဖျောက်လျက်။ တိဋ္ဌတိ၊ ပညာတန်ဆောင် ဉာဏ်တော် ရောင်ဖြင့် ထွန်းပြောင်ထိန်းလက် ပြိုးပြိုးပြက်လျင်း နေစက်နှုန်းတူ တည်တော် မူ၏ (မဟာဗုဒ္ဓဝင်၊ ဒုတွဲ။၃၅၇)။

[ဤဂါထာများကို ရွတ်ဖတ်ပူဇော်လျှင် စိတ်ညစ်စရာများ ပပျောက်၍ စိတ်၏ ကြည်လင်မှုကို ရရှိနိုင်ပြီး ကျက်သရေမင်္ဂလာများ တိုးတက် မြင့်မားနိုင်သည်။]

၆။ သဗ္ဗဒယမင်္ဂလဂါထာ (တစ်ထောင်တန် "ဒိဝါ တပတိ" ဂါထာ)

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိ ံ၊ ဗုဒ္ဓါ တပတိ တေဇသာ။

အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌လာလျှင်။ တပတိ၊ ထွန်းလင်းတောက်ပ၏။ စန္ဒိမာ၊ လမင်းကြီး သည်လည်း။ ရတ္တိ ံ၊ ညဉ့်အခါ၌သာလျှင်။ အာဘာတိ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်မှသာလျှင် ထွန်းလင်းတောက်ပနိုင်၏။ ခတ္တိယော၊ ရေမြေသနင်း ပြည့်ရှင်မင်းသည်လည်း။ သန္နဒ္ဓါ၊ မင်းမြှောက် တန်ဆာကို ဝတ်ဆင်မှသာလျှင်။ တပတိ၊ မင်းတို့ကျက်သရေ ထွန်းလင်း တောက်နိုင်ပေ၏။ ဗြာဟ္မဏော၊ ကိလေသာကုန်းခန်းသည့် ရဟန္တာအရှင်မြတ် သည်ပင်လျှင်။ ဈာယီ၊ အာရမ္မဏူ လက္ခဏူဟု နှစ်ဆူဈာန်မြတ် သမာပတ်ကို ဝင်စား၍ နေမှသာလျှင်။ တပတိ၊ ရဟန်းတို့ကျက်သရေ ထွန်းလင်းတောက်ပ နိုင်ပေ၏။ အထ၊ ထိုမှတပါး။ ဗုဒ္ဓါ၊ မြတ်စွာဘုရားရှင်သည်သာလျှင်။ သဗ္ဗံ

အဟောရတို့၊ နွေရောညှဉ်ပါ အခါခပ်သိမ်း။ တေဇသာ၊ ပညာ သီလ ဂုဏ်ဓမ္မနှင့် ပုညတေဇော် ငါးမျိုးခသာ အာနုဘော်တို့ဖြင့်။ တပတိ၊ စိန်ဓဋ္ဌ မြရောင် နေလရောင်ထက် အခေါင်ဟက်၍ ပြောင်လျက်ထိန်ဝေ ယုန်းလင်းတောက်ပ နိုင်ပါပေ၏။

ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အရာခပ်သိမ်း လောကီ လောကုတ္တရာ ကျွက်သရေမင်္ဂလာ တိုးတက်စေနိုင်သည်။ ဥစ္စာစီးပွား ကြီးပွားတိုးတက်ပြီး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကာ အရာရာကို အောင်မြင်နိုင်သည်။

သီဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက် ပညာရှိအမတ်ကြီး ဟစ်ဉီးသည် မင်းတရားကြီးက ပိဋကသုံးပုံထဲက ရတနာသုံးပါးလုံးပါတဲ့ ဇယမင်္ဂလာ အောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါ ခိုင်းရာ ဤ "ဒိဝါ တပတိ" ဂါထာကို ရွတ်ဖတ်ပူဇော်ရာ မင်းတရားကြီးက ဆုတော်ငွေ(၁၀၀ဂို)ချီးမြှောက်ခဲ့သည်။ ထို့ကြောင့် ဤဂါထာကို "တစ်ထောင်တန် ဒိဝါတပတိဂါထာ" ဟုလည်း အမည် တွင်လျက်ရှိသည်။ ဤဂါထာကို နေ့စဉ်မှန်မှန် ရွတ်ပါက ရာထူးတိုးခြင်း၊ အတက် လူကြီး၏ မျက်နှာသာပေး မြောက်စားခြင်းခံရမည်။

၇။ အချုပ်အနှောင်မှ လွတ်မြောက်စေသည့် ဂါထာ

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တော'သိ သဗ္ဗဓိ။
သမ္မာဓပ္ပဋိပန္နော'သ္မိ၊ တာဃ မေ သရဏံ ဘဝ။

ဝီရ၊ ကြီးမြတ်သော လုံလဝီရိယရှိတော်မူသော။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်ဟော်မြတ်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ (တုံ၊ ရှင်တော်မြတ်ဘုရားသည်။) သဗ္ဗဓိ၊ ကိလေသာစသော ဒုက္ခအနှောင်အဖွဲ့ အားလုံးတို့မှ။ ဝိပ္ပမုတ္တောသ်၊ အပြီးတိုင် လွတ်မြောက်တော်မူပေ၏။ အဟံ၊ ဘုရားတပည့်တော်သည်။ သမ္မာဓပ္ပဋိပန္နော၊ အကျင့်အကျပ်သို့ ရောက်၍ နေရသည်။ အသ္မိ၊ ဖြစ်ပါ၏။ (တုံ၊ ရှင်တော်မြတ်ဘုရားသည်။) တာဃ မေ၊ အကျင့်အကျပ်ရောက်၍ နေသော ဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာသည်။ ဘဝ၊ ဖြစ်တော်မူပါ။

ဤဂါထာကို လနှတ်သား, နေနှတ်သားတို့သည် အသူရိန် နတ်မင်းကြီး၏ အဖမ်းအဆီး အချုပ်အနှောင်ကို ခံရသဖြင့် ကကယ်ကို စိတ်ထဲက ဘုရားအာရုံ ရောက်ပြီး ဘုရားရှင်အား အားကိုးအားထား ပြုပြီး ရွတ်ဖတ်ပူဇော်ခဲ့ကြ၍ ရာဟုအသူရိန်ရန်မှ လွတ်မြောက်ခဲ့ကြသည်။ စိတ်ထဲမှာ ဘုရားအာရုံရောက်ပြီး ဘုရားမှတပါး ကိုးကွယ်အားထားရာ မရှိပါကလားလို့ အားကိုးမှု အပြည့်အဝနှင့် ရွတ်လျှင် အနှောင်အဖွဲ့က လွတ်မြောက်နိုင်ရုံတွင်မက ဘဝ အခက်အခဲ အကျပ်

အတည်း ပြဿနာ အရှုပ်အထွေး အားလုံးတို့မှလည်း လွတ်မြောက်နိုင်ပါသည်။ ယုံကြည်စွာ ရွတ်ဖတ်ပူဇော် ကြစေလိုပါသည်။

၈။ ရာဟုအသူရိန်နတ်ကြီး ကြောက်လန့်ထွက်ပြေးပေါ ဂါထာ

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စသု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

ရာဟု၊ ရာဟုခေါ်လတ် အို–အာသူရိန်နတ်။ စန္ဒိမာ၊ လနတ်သားသည်။ အရဟန္တံ၊ ကိလေသာခပ်သိမ်း ငြိမ်းသက်တော်မူပြီးသော။ တထာဂတံ၊ ငါဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သူပေတည်း။ ရာဟု၊ ရာဟုခေါ်လတ် အို– အာသူရိန်နတ်။ စန္ဒိမံ၊ လနတ်သားကို။ ပမုဉ္စသု၊ နှောင့်ယှက်မပြု မေတ္တာရှု၍ လွှတ်လိုက်ပါလော့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့မည်သည်။ လောကာနုကမ္ပကာ၊ သတ္တဝါအားလုံးကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန်၏း

ဤဂါထာကို မြတ်စွာဘုရား မိန့်တော်မူလိုက်သောအခါ ရာဟုအသူရိန်နတ်ကြီးသည် ချက်ချင်း လနတ်သားကို လွှတ်ပြီး ထွက်ပြေးရသည်။ မြတ်စွာဘုရားရှင်တို့၏ အာဏာစက်သည် ဤမျှကြီးကျယ်တော်မူ၏။ ဒကယ်၍ ဘုရားရှင်အာဏာကို ဖီဆန်ပြီး လနတ်သားကို ဆက်လက်၍ ဖမ်းဆီးချုပ်နှောင်ထားလျှင် ရာဟုအသူရိန်နတ်ကြီးသည် ဦးခေါင်း ခုနစ်စိတ်ကွဲပြီး သေပွဲဝင်ရပေမည်။ ဤကဲ့သို့ အရှိန်အဝါကြီးမားတော်မူသည့် ဘုရားရှင်၏ အာဏာစက်ကို အာရုံပြု၍ ယုံကြည်စွာ ရွတ်ဆိုပါလျှင် ဖမ်းဆီးချုပ်နှောင်မှုမှ လွတ်မြောက်နိုင်ပါသည်။

၉။ လက်နက်ကိုးဖြာ အောင်ဂါထာ

ဝါတံ ဝဿာဠှ ပါသာဏံ၊ အာဝုဓံ ဝါဠှကံ် တထာ။
ကုက္ကုဠံ် ကလလဂ်ါရုံ၊ အန္ဓကာရန္တိ မေ နဝ။
သတ္တေ မာရေန ဝိသာဒ္ဓေ၊ ဝိဇယန္တံ် ဇိနံ် နဓမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ် သဗ္ဗမာယုဓေ။၊

[တောင်တွင်းကြီး ဆရာတော် ခင်ကြီးပျော် ရေးသားသည်။၊]

(၁) ဝါတံ၊ လောကထွတ်ထား တို့ဘုရားလျှင် ငါးပါးမာရ်ခြေ ပလ္လင်ခွေ၌ စံနေခိုက်ခါ မာရ်နတ်လာလျက် စက္ကဝါတိုက် တောင်နှင့်ရိုက်၍ ပန်းမိုက်မြို့စု သေးပွဲနှုန်သို့ မှုန်မှုန်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟည်း မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို ချေမှုန်းဖြတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မိုင်းလေဆိုး မုန်တိုင်းမျိုးကို လည်းကောင်း။

(၂) ဝဿာ၌၊ အဟုန်ဒီးဒီး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှီဖွယ်ကင်းမည် သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံးဖျားနှင့် တောင်ဖျားမျခေါင် အမြင့်ဆောင်သား ရှစ်ဘောင်ရပ်ပြည့် မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကိုလည်းကောင်း။

(၃) ပါသာဏံ၊ ကျောက်ဖြင့်ကြိတ်ဖျက် မှုန့်မှုန့်ညက်လျှင် အိပ်စက်စေရန် တစ်မည်ဖန်၍ နဘံမိုးလုံး ထစ်ချုန်းခြိမ့်ညံ တိုက်ခတ်သံနှင့် အလှုပ်ဖြိုးဖြိုး ကျောက်ခဲကျောက်စိုင် မိုးကိုလည်းကောင်း။

(၄) အာဝုဓံ၊ အသွေးတခြား အသားတစ်ထွေ အရေတစ်မျိုး အရိုးတစ်ဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလှုပ်ပြုးပြက် မိုးလုံးလက်အောင် တစ်ဖက်အသွား နှစ်ဖက်သွားဟု လုံခြားစသည် အမည်မည်လျှင် စုံစီဖန်ပျိုး လက်နက်မျိုးကိုလည်းကောင်း။

(၅) ဝါဠုကံ တထာ၊ ထွက်လေ ဝင်လေ နှစ်ထွေမရှိ သဲဖြင့်ပိ၍ မချိသေအောင် ပြုဆောင်ဖန်ပျိုး သဲထုမိုးကိုလည်းကောင်း။

(၆) ကုက္ကုဋ်၊ တစိမ့်စိမ့်ပူ သေအောင်ဟူ၍ သူအကြံပျိုး ပြာပူမိုးကို လည်းကောင်း။

(၇) ကလလံ၊ ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရှဲညွှန်မိုးကို လည်းကောင်း။

(၈) အင်္ဂါရံ၊ တခဏချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကိုလည်းကောင်း။

(၉) အန္ဓကာရံ၊ ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက်စိတ်ဝင်၍ အလျှင်သေရန် သဏ္ဌာန်ပြုဆောင် အမိုက်မှောင်ကိုလည်းကောင်း။

ဣတိ၊ ဤသို့။ မာရေန ဝိဿဋ္ဌေ၊ မာရ်နတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော။ ဣမေ နဝ သတ္တေ၊ လေ,မိုး,ကျောက်သဲ, ညွှန် မီးခဲနှင့် ပြာမဲ့, မိုက်မှောင် ပြောင်ပြောင်လက်နက် ဆောင်ပြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့ကို။ ဝီဇယန္တံ၊ ဗိုလ်ပါအပေါင်း သောင်းကုဋေအား ဆောင်နိုင်ငြားလည်း ရိုက်လားပုတ်လား အာဘအပါးဝယ် ဆိုးရွားဟန်မူ သားငယ်တူသို့ သီတဂ္ဂန္ဓန်း ကြည်နှလုံးဖြင့် ပြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူကြီး အောင်တော်မူ ထသော (၀၊) အောင်တော်မူသောကြောင့်။ ဇိနံ၊ ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်စွာဘုရားကို။ နမေ နမာမိ၊ ကိုယ်နှုတ်နှလုံး သုံးပါးပျော်ငြေ့ပျော့ မာန်ကိုလျှော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။ အဟမ်္ပိ၊ စတုသမုဒ္ဒာန် ပြုလုပ်ဖန်သည် ရုပ်နာမ်ပေါင်းချုပ် အကျန်ပ်သည်လည်း။

တေန ပုညေန၊ လက်နက်မျိုးကို ဖျက်ချိုးနှိမ်ခွေး ဂုဏ်ကျေးဇူးဖြင့် ချီးကျူး ဝန္ဒနာ စေတနာပဏာမ မြတ်ပုညကြောင့်။ သဗ္ဗမာယုဓေ၊ သေနတ်လေးမြား လှံဓားမီးပေါက် အမြောက်စိန်ဗုံး ခေျမှုန်းခွင်းဖြတ် အကျဉ်းမှတ်သော် လှတ်အပ်, မလှတ်အပ် နှစ်ရပ်ကျူံးခြုံ အလုံးစုံသော လက်နက်မျိုးတို့ကို။ ဝိဇေယျံ၊ ယနေ့ကစ နိဗ္ဗာန်ရသည့် ကာလတစ်ခွင် သံသရာပြင်ဝယ် မမြင်ရ မကြားရ အဝေးကပင် အောင်ရနိုင်ရ အောင်နိုင်ရသည့်ကိုယ် ဖြစ်ပါလို၏ မြတ်စွာဘုရား (မဟာဗုဒ္ဓဝင်၊ ဒုတိ။ ၂၉၁)။

[ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လက်နက်အန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်နိုင်သည်။ သတ္တန္တရကပ်ကို ကျော်လွန်နိုင်သည်။ မည်သည့် လက်နက်ဘေးကြောင့်မျှ အသက် မသေနိုင်။ ယုံကြည်အားကိုးစွာ ရွတ်ဖတ်ပူဇော်ကြပါလေ။]

၁၀။ အတွင်းအောင်ခြင်းရွှစ်ပါး ဂါထာပါဠိအနက်

[ဂါထာပါဠိကို ရွေးဆရာတို့ ရေးဖွဲ့၍ အနက်ကို ညောင်တုန်းမြို့၊ ရွှေဟာသံဘုံကို၊ စံကျောင်းဆရာတော်ဘုရားကြီး ရေးသားပူဇော်သည်။]

၁။ အဝိဇ္ဇာအဏ္ဍကောသမှိ၊ သတ္တော တဏှာဇလာဗုဇော။
တမှာ ဌာနာ နိက္ခာမေသိ၊ ဒေသနာဉာဏတေဇသာ။
ဇတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သော ဇိနော၊ ဒေဝပုတ္တ စသည့်တသင်း ရန်ခပင်းကို နှိမ်နင်းအောင်မြင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည်။ အဝိဇ္ဇာအဏ္ဍကောသမှိ၊ သ စွာလေးချက် တရားနက်ကို ကွယ်ဝှက်ပိတ်ကာ အဝိဇ္ဇာတည်းဟူသော ဥခွံတင်း၌။ ဌိတော၊ သခါရကံ စီမံပေစ်ထား၍ ဖြစ်ပွားတည်နေကြကုန်သော။ တဏှာဇလာဗုဇေ၊ ဝတ္ထုကိလေ နှစ်ထွေကာမ နှစ်ဝအာရုံ အလုံးစုံ၌ ခုံမင်နှစ်သက် တပ်မက်သာယာခြင်း တဏှာတရားတည်းဟူသော အချင်းအိမ်၌ ဖြစ်ကုန်သော။ သင်္ကော၊ လူ နတ် ဗြဟ္မာ သင်္ဘော်ဝါဟူ သုံးဘုံသူတို့ကို။ ဒေသနာဉာဏတေဇသာ၊ ကိလေသာစက် သုံးထောင်ဝက်ကို နှင်းတက်ဖျက်ဖြို မင်္ဂဖိုလ်လေးတန် ဒေသနာဉာဏ်တည်းဟူသော အလင်းရောင်ဖြင့်။ တမှာ ဌာနာ၊ ထိုးဖိုပိတ်ကာ အဝိဇ္ဇာနှင့် တဏှာအချင်း ဖြစ်ပွားရင်းဟူသော တည်ရာအရပ်မှ။ နိက္ခာမေသိ၊ မင်္ဂဉာဏ် ဖိုလ်ညောက် ကောင်းစွာပေါက်၍ ထွက်မြောက်တော်မူစေပြီ။

ဧတေန သစ္စဝဇ္ဇေန၊ ဣသိဖေဿထုတ် ဂုဏ်တော်ပုဒ်ကို ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊ ဉာဏာလောကေန သော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သော ဇိနော၊ ဒေဝပုတ္တ စသည်တသင်း ရန်ခပင်းကို နှိမ်နင်းအောင်မြင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည်။ မဟာမောဟန္ဓကာရေန၊ သစ္စာလေးချက် တရားနက်ကို ကွယ်ဝှက်ပိတ်ဆိုး ကြီးစွာသော မောဟတည်းဟူသော အမိုက် မှောင်သည်။ အဘိဘူတေ၊ သံသရာဝဋ္ဋ ဘဝညွတ်မှ မလွတ်စေဘဲ ဆွဲကိုင်နှိပ်စက် အပ်ကုန်သော။ မဟာဇနေ၊ လူနတ်ပြဟ္မာ အစဖြာသား မျိုးစွာသော သတ္တဝါတို့ကို။ ဉာဏာလောကေန၊ တရားဥဿုံ အလုံးစုံကို အကုန်သိမြင် ဉာဏ်၌ထင်သည့် သဗ္ဗညုတ ဉာဏတန်ဆောင် အလင်းရောင်ဖြင့်။ ပညာစက္ခုံ၊ ကိလေသာစက် သုံးထောင်ဝက်ကို နှင်းတက်ဖျက်ဖို့ မဂ်ဖိုလ်လေးတန် ပညာ ဉာဏ်တည်းဟူသော မျက်စိကို။ လဘာပေသိ၊ ပါရမီရင့် သမ္ဘာမြင့်၍ အသင့် လွယ်ကူ ရစေတော်မူပြီ။

ဧတေန သစ္စဝဇ္ဇေန၊ ဣသိဖေဿထုတ် ဂုဏ်တော်ပုဒ်ကို ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၃။ ရာဂါဒိအဂ္ဂိဇာလေဟိ၊ ဒုဒ္ဒုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊ အဒ္ဒမဂ္ဂင်္ဂဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

နရနာထော၊ လူနတ်ပြဟ္မာ သတ္တဝါမျိုး သုံးဘုံသားတို့၏ ကိုးစားမှီခိုရာ အစစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိအဂ္ဂိဇာလေဟိ၊ ရာဂ ဒေါသ စသည်မည်သီး မီးတောက်မီးလျှံတို့ဖြင့်။ ဒုဒ္ဒုကာယံ၊ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်တုံမြဲဟု စွဲ၍လောင်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ လူနတ် ပြဟ္မာ အစဖြာသား မျိုးစွာသော သတ္တဝါအပေါင်းကို။ အဒ္ဒမဂ္ဂင်္ဂဝါရိနာ၊ သမ္မာဒိဋ္ဌိ

စတိုမည်တွင် မဂ္ဂင်ရှစ်ပါး တရားအကျင့်တည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသီ၊ ကျင့်ကြံစေသော မေတ္တာဇောဖြင့် ဟောကြားဆုတ်ဖျန်း၍ ငြိမ်းချမ်းတော်မူစေပြီ။

[ဧတေန သစ္စဝဇ္ဇေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၄။ စတုရောဃေဟိ ဝုယ္ဟန္တေ၊ ဂမ္ဘီရေ သံသာရကန္တာရေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မဟာဝီရော၊ သမ္မပ္ပဓာန ဝီရိယဓာတ်ဖြင့် ကြီးမြတ်သော လှုံ့လရှိတော်မူသော။ နာယကော၊ လူနတ်ဗြဟ္မာ သတ္တဝါဟူ သုံးဘုံသူတို့ကို နိဗ္ဗာန်အောင်မြို့လှေဖောင်သို့လျင် ဆောင်ပို့ကယ်တင်တော်မူတတ်သော မြတ်စွာဘုရားသည်။ ဂမ္ဘီရေ၊ ကျင်လည်ပြေးသွား ဖြစ်သေားအားဖြင့် ရှည်လျားနက်နဲစွာသော။ သံသာရကန္တာရေ၊ ပဋိစ္စသမုပ္ပါဒ် ရဟတ်စကြာ သံသရာတည်းဟူသော သမုဒ္ဒရာကြီး အတွင်း၌။ စတုရောဃေဟိ၊ ကာမဘဝ မောဟဒိဋ္ဌိ လွှမ်းဘိထွေပြားလေးပါးသော ရေအလျဉ်တို့ဖြင့်။ ဝုယ္ဟန္တေ၊ နှစ်တုံပေါ်တုံ တမှုံမှားမှား မျောပါကြကုန်သော သတ္တဝါဘို့ကို။ ဓမ္မနာဝါယ၊ သမ္မာဒိဋ္ဌိ စရှိမည်တွင် မဂ္ဂင်ရှစ်ပါး တရားအကျင့်တည်းဟူသော လှေဖြင့်။ ဥတ္တာရေသိ၊ နိဗ္ဗာန်ပြည်ခွင် သွားရောက်ဝင်ဖို့ ကယ်တင်ထုတ်ချောက် ကူးမြောက်စေတော်မူပြီ။

[ဧတေန သစ္စဝဇ္ဇေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၅။ သံသာရစာရကံ ဓလာကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သော ဇိနော၊ ဒေဝပုတ္တ စသည်တသင်း ရန်ခပင်းကို နှိမ်နင်းအောင်မြင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည်။ သံသာရစာရကံ၊ သံသရာခွင် နယ်အပြင်၌ အစဉ်မပြတ် လှည့်ပတ်ကျင်လည်တတ်သော။ ဒုက္ခေန၊ ဇာတိဒုက္ခ စသည်ထောင်သောင်း ဆင်းရဲအပေါင်းသည်။ နိစ္စံ၊ မပြတ်မစဲ နှေးညှဉ်စုံ၍ အမြဲသာလျှင်။ ပီဠိတံ၊ အို နာ သေရေး ဒုက္ခဘေးဖြင့် မအေးရှည်ကြာ ကမ္ဘာဘာဝ၌ မကွာစဉ်ဆက် နှိပ်စက်အပ်သော။ လောကံ၊ လူနတ်ဗြဟ္မာ သတ္တဝါဟူ သုံးဘုံသူအပေါင်းကို။ ယာနတ္တယေန၊ အနိစ္စ,ဒုက္ခ အနတ္တဟူ မှတ်ယူဆင်ခြင်ခြင်းတည်းဟူသော ယာဉ်သုံးပါးတို့၏ အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊

ဇာတိဒုက္ခ စသည်ခပ်သိမ်း ကင်းငြိမ်း အောင်မြင်ရာဖြစ်သော နိဗ္ဗာန်ပြည် မြတ်သို့။ ပါပေသိ၊ မင်္ဂြိုဟ်,ဗုဒ္ဓဟူးသောက် ကောင်းစွဲဝေါက်၍ ကူးမြောက်စေတော်မူပြီ။

[ဧတေန သစ္စဝဇ္ဇေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၆။ ကဋ္ဌမုခါဒိသပ္ပေဟိ၊ ဥဒုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဝီရော၊ နာထော တိလောကဝဇ္ဇကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မဟာဇီရော၊ သမ္မပ္ပဓာန ဝီရိယဒါဂ်ဖြင့် ကြီးမြတ်သော လုံ့လရှိတော်မူသော။ တိလောကဝဇ္ဇကော၊ လူ နတ် ဗြဟ္မာ သတ္တဝါများ သုံးဘုံသားတို့၏ ဆေးသမားတော်လည်း ဖြစ်တော်မူသော။ နာထော၊ မြတ်စွာဘုရားသည်။ ကဋ္ဌမုခါဒိသပ္ပေဟိ၊ ကဋ္ဌမုခ မည်ရတွင်ငြား မြွေလေးပါးတို့သည်။ ဥဒုကာယံ၊ တောင့်တင်းခိုင်မာ ဖဲ့စည်းကာဖြင့် ကြီးစွာပူအေး လှုပ်ရှားပေးလျက် ဖေးမထောက်ခံ ဖောက်ပြန်ပြောင်းလဲ တည်မမြဲဘဲ ကိုက်ခဲအပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ လူနတ်ဗြဟ္မာ အစဖြာသား များစွာသော သတ္တဝါအပေါင်းကို။ နိဗ္ဗာပေသိ၊ အဆိပ်ပြေဆေး မှိုက်ရေအေးဖြင့် တိုက်ကျွေး ဆွတ်ဖျန်း ငြိမ်းချမ်းတော်မူစေပြီ။

[ဧတေန သစ္စဝဇ္ဇေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ၊]

၇။ သံသာရဒုက္ခကန္တာရာ၊ ကိလေသစောရပီဠိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္ထဝါဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သတ္ထဝါဟော၊ သံသရာဖဲ့ ခရီးခဲမှ ကယ်ဆွဲထုတ်တင် ကျေးဇူးအင်ကြောင့် ယဉ်ဉာဏ်ဖူးသဖွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါဟူ သုံးဘုံသူတို့ကို နိဗ္ဗာနဘောင်မြို့ လှေဖောင်သို့လျှင် ဆောင်ပို့ကယ်တင်ဟော်မူကတ်သော ဖြတ်စွာဘုရားသည်။ ကိလေသစောရပီဠိတံ၊ ဆုံးညစယုတ်မာ ကိလေသာဟူသော ခိုးသူတို့၏ လုယူအာဂင်း ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံနေကြရကုန်သော သတ္တဝါအပေါင်းကို။ သံသာရဒုက္ခကန္တာရာ၊ မရပ်မနား ဆုံလည်နွှားသို့ ပြေးသွားကျင်လည်ရာ သံသာရဝဋ်ဆင်းရဲဟူသော ခရီးခဲမှ။ ခေမန္တဘူမိံ၊ ကိလေသာဟူ မြို့မှုန်ဘေးဘျမ်း မေ့းမသန်းသဖြင့် အေးချမ်းရာမှန်သော နိဗ္ဗာန်ပြည်မြတ်သို့။ တာရေသိ၊ သာမွာဒီဋ္ဌိ စရှိမည်တွင် မင်္ဂလာဉ်ဖြင့် ကယ်တင်ထုတ်ခေါက် ကူးမြောက်စေတော်မူပြီ။

[ဧတေန သစ္စဝဇ္ဇေန- စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၇။ ပဥ္စဝါလီသဝဏ္ဏာနံ၊ ဌတ္ဝါ သောကံ သဒေဝကံ။
ပိဝယိတ္ဝာ ဓမ္မရသံ၊ နိဗ္ဗုတော သော သသာဝကော။
ဇေတေန သစ္စဝင်္ဂေန၊ ဟောတု မေ ဇယမင်္ဂလံ။

သော ဇိနော၊ ဒေဝပုတ္တ စသည်တသင်း ရန်ခပင်းကို နှိမ်နင်းအောင်မြင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည်။ ပဥ္စဟာလီသဝဏ္ဏာနံ၊ သခ်္ခါတ္ထက်ဖွဲ့လေးဆယ့်ငါးဝါ ရှည်ကြာသမျှ ကာလပတ်လုံး။ ဌတ္ဝာ၊ တရားစည်ကြီးခြိမ့်ခြိမ့်တီး၍ မငြီးရှင်ဧပျော် တည်တော်မူပြီး၍။ သဒေဝကံ၊ နတ် ဗြဟ္မာနှင့် တကွသော။ လောကံ၊ လူမျိုးအပေါင်းကို။ ဓမ္မရသံ၊ သမ္မာဒိဋ္ဌိ စရိုက်မည်တွင် မဂ္ဂင်ရှစ်ပါး တရားအရသာကို။ ပိဝယိတ္ဝာ၊ သနားညှာတာ ကရုဏာနှင့် မေတ္တာပင့်ထောက် သောက်စေတော်မူပြီး၍။ သသာဝကော၊ တပည့်သားသံဃာတော် အပေါင်းနှင့်တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ဆိုမြို့၍ ငြိမ်းတော်မူလေပြီ။

[ဇေတေန သစ္စဝင်္ဂေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၁၁။ အပြင်အောင်ခြင်းရှစ်ပါး ဂါထာပါဠိအနက်

[ဂါထာပါဠိကို ရွှေးဆရာတို့ ရေးဖွဲ့၍ အနက်ကို ကျီးသဲလေးထပ် ဆရာတော် ရေးဖွဲ့ပူဇော်သည်။]

မာရ်နတ်သားကို အောင်ခြင်း

၁။ ဗာဟုံသဟဿမဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သဿေနမာရုံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

ယော မုနိန္ဒော၊ အကြင်ရဟန်းတို့၏ ဦးစွန်းမှန်ကင်း မြတ်သောမင်းသည်။ အဘိနိမ္မိတံ၊ စတုမဟာ တာဝတိံသာနှင့် ယာမာနတ်တို့ထက် ကဲဆတက်၍ အဘက်မဲ့အောင် ဖန်ဆင်းဆောင်ထသော။ သာဝုဓန္တံ၊ သေနတ်မီးစေါက် အမြောက်စိန်ပြောင်း ချန်းတောင်လုံမ လေးမြားစသား လက်နက်များနှင့် တကွသော။ ဗာဟုံသဟဿံ၊ လက်ဝဲငါးရာ လက်ယာငါးရာ ညီညာဖန်ဆောင် တစ်ထောင်မျှလောက်သော လက်ရုံးရှိသဆော။ ဂိရိမေခလံ၊ ယူဇနာ တစ်ရာ့ငါးဆယ် မြင့်သွယ်ကြီးဘီ တောင်လုံးရှိသော ဂိရိမေခလာ ဆင်ကြီးစွာကို။ ဥဒိတံ၊ ရဲမာန်စွင့်စွင့် စိုက်ထူးလွှင့်ကို အသင့်တက်စီးပြီးထသော။ ဃောရံ၊ ကြောမြင့်သူ နတ်လူဗြဟ္မာ သူရုနဂါး ကြည်းရေသားတို့ လန့်ကြောက်ရွံဖွယ်

လည်းရှိထသော။ သသေနမဲ့ရံ၊ ဘီးလူးကုမ္ဘဏ် ဂန္ဓမူနတ် ဘုတ်ကျတ်တစ္ဆေ ရှိလေသရွေ့ ခြသေ့်သစ်ကျား ကျဲနွားကြံဆင် သမင်မျောက်လှောင် စသော စစ်သည်ဗိုလ်ခြေနှင့် တကွသော မာရ်နတ်မင်းကို။ ဒါနာဒီမွေဝိမိနာ၊ သခ်ျ့ လေးထပ် တစ်သိန်းကပ်လုံး ပေးအပ်သမျှ လှူဒါနကို မြွက်ဟလှစ်ဖော် ကောင်းကြီးခေါ်သော အစီရင်ဖြင့်။ ဇီတဝါ၊ ဓားလှံမဆောင် ကြိုးမနှောင်ဘဲ အောင်တော်မူလေပြီ။

တံတေဇသာ၊ ထိုမာရ်နတ်မင်းကို နှိပ်နင်းလွယ်ကူ အောင်တော်မူသော အောင်သူများထွတ် သုံးလူနတ်၏ ကြီးမြတ်တေဇော် အာနုဘော်ကြောင့်။ မေ၊ အကျွန်ုပ်အား။ အင်္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာရ် ခပင်း ရှိမဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

အာဠဝကဘီလူးကို အောင်ခြင်း

၂။ မာရာတိရေကမဘိယုဇ္ဈိတ သင္ဗုဒ္ဓတ္တိံ၊
ဃောရံ ပနာဠဝကမက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီသုဒန္တဝိမိနာ ဇိတဝါ မုနိန္ဒေါ၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

ယော မုနိန္ဒေါ၊ အကြင် သေက္ခ အသေက္ခ အာဂါရိက အနဂါရိက ပစ္စေက မုနိအားဖြင့် ငါးပါးသော မုနိတို့၏ အထွတ်ရဟန္တာ သမ္မာသမ္ဗုဒ္ဓ မဟာမုနီ ဖြစ်တော်မူသော သုံးလူ့သော်ခနင်း ရဟန်းမင်းသည်။ မာရာတိရေက်၊ စောင်းမှန်ကြီးကြား မာရ်နတ်သားထက် အမျက်ပြင်းထန် ငြိုးထားမှန်နှင့် အလွန်အားထုတ်ခြင်းရှိထသော။ သင္ဗုဒ္ဓတ္တိံ၊ ညဉ့်ဦးသန်းခေါင် သောက်ရောင် လင်းလျှံ ညဉ့်သုံးယာမ်ပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်အကဲ အနဲနဲဖြင့် သဲပူ ညွန်ပူ ပြာပူဇာပျက်ကြွေ လေကြီးမှောင်မျိုး လက်နက်မိုးတို့ဖြင့် ထစ်ကြိုး သည်းစွာ ရွာလတ်စေလျက် ကြောက်မက်ဖွယ်သော စစ်ထိုးခြင်းရှိထသော။ ဃောရံ၊ ဟောဝန်သမုဒ္ဒရာ အဖြာဖြာ၌ များစွာနေကြ ယက္ခရက္ခသာ နတ်ဘကာတို့၏ ပြင်းစွာကြောက်လန့်ခြင်းကိုလည်း ပြုတတ်ထသော။ အကွမံ၊ လူနတ်နဂါး သူတပါးတို့သည် သည်းခံခြင်းငှာ ခဲယဉ်းစွာထသော။ ထဒ္ဓံ၊ ကြမ်းကြောခက်ထန် စောင်းမှန်လွန်ကျူးခြင်းရှိထသော။ အာဠဝက်၊ အာဠဝကရွာစား နတ်မင်းသားဖြစ်၍ အာဠဝကအမည်ရသော။ ယက္ခံ ပန၊ လေးထောင့်သုံးရာ သုံးဆယ်သာအောင် များစွာလူသား လူရိုးစားသည့်

သနားကောင်းကြ။း နတ်ဘီလူးကိုလည်း။ ခန္ဓီသုဒန္တဝီဓိနာ၊ နှစ်သိန်းလေးလီ ဤမြေထပ်ရှိ သည်းခံချီလျက် ဆိုဘိဆုဆု လိုက်နာ၍ ကောင်းစွာယဉ်ကျေးသော အစီအရင်ဖြင့်။ ဇိတဝါ၊ မျက်ငြိုးမဖန် ဓားလုံမပြုင် လေးမင်ဘဲ ဖောင်မြင် တော်မူလေပြီ။

တံတေဇသာ၊ ထိုအာဠဝကာ နတ်ယက္ခကို ချမ်းမြေ့လှယ်ကူ အောင်တော် မူသော အောင်သူများထီး စောဘုန်းမီး၏ ကြီးမြတ်တေဇော် အာနုဘော် ကြောင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ဆောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိမဲ့လျင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာ သည်။ ဘဂတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

နာဠာဂိရိဆင်ကို အောင်ခြင်း

၃။ နာဠာဂိရိံ ဂဇဝရံ အတိမဒ္ဒဘူတံ၊
ဒါဝဂ္ဂိစက္ကမသနိဝ သုဒါရုဏန္တံ။
မေတ္တာမူသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဂတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော၊ အကြင်ဥေယျငါးပါး မြတ်တရားကို ပိုင်းခြားကုန်စင် လွန်သိမြင်သော သဗ္ဗညုတ စရှိဖြိုးဖြိုး ဉာဏ်မျိုးမျိုးကို အစိုးရဟော်မူသော မြတ်စွာဘုရားသည်။ အတိမဒ္ဒဘူတံ၊ တစ်ဆယ့်မြောက်အိုး မောက်ဖြိုးပြည့်နှက် သေအရက်ကို သောက်လျက်ပြင်းထန် ကြမ်းကြုတ်လွန်အောင် အလွန်ယစ်မူး စွာထသော။ ဒါဝဂ္ဂိစက္ကမသနိဝ၊ တောက်လောင်ညီးညဲး မြည်သံဟည်းသည့် တောမီး မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊ အလွန်ခက်ထန် မျက်စောင်းမာန်နှင့် သွန်သွန်ကြမ်းကြုတ်ခြင်းရှိထသော။ နာဠာဂိရိ ၊ နာဠာဂိရိအမည်ရှိထသော။ ဂဇဝရံ၊ အဇာတသတ် လောကနတ်၏ မပြတ်စီးရာ ဆင်ယာဉ်သာဖြစ်၍ လိမ္မာ လှစွာသော နာဂတန်ဆောင် မြတ်ဆင်ပြောင်ကို။ မေတ္တာမူသေကဝိဓိနာ၊ ရင်သွေးရတနာ ရာဟုလာကဲ့သို့ မေတ္တာရေချမ်း စွတ်စွတ်ရွှမ်းကို သွန်းလောင်း တော်မူသော အစီအရင်ဖြင့်။ ဇိကဝါ၊ အိမ်ခေးလက်နက် သန်လျက်မဆောင် မေတ္တာနှောင်ဖြင့် အောင်မြင်တော်မူလေပြီ။

တံတေဇသာ၊ ထိုနာဠာဂိရိ ဆင်ဟတ္ထိကို မရှိပြိုင်သူ အောင်တော်မူသော အောင်သူများထီး စောဘုန်းမီး၏ ကြီးမြတ်တေဇော် အာနုဘော်ကြောင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ဆောဂါဘေးဒဏ် ရန်မာရ် ခပင်း ရှိမဲ့လျင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

အင်္ဂုလိမာလကို အောင်ခြင်း

၄။ ဥက္ခိတ္တာခဂ္ဂမဘိဟတ္ထသုဒါရုဏန္တံ၊
ဓာဝံ ကိယောဇနပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓိဘိသင်္ခတမနော ဇိကဝါ မုနိန္ဒော၊
တံကေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

ယော မုနိန္ဒော၊ အကြင်မုနိငါးမျိုး ခေါင်းကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် ဟုရူးမြတ်စွာ သုံးလူ့ ဆရာသည်။ ဥက္ခိတ္တာခဂ္ဂမဘိဟတ္ထသုဒါရုဏန္တံ၊ လွတ်မြောက်ဖမ်းကာ စက်ပမာလို ချာချာပတ်လည် ဝင့်ကာချီလျက်၊ အလွန် ထက်သာ သန်လျက်လက်မှာ စွဲကိုင်ကာဖြင့် လွန်စွာကြမ်းကြုတ်ခြင်းရှိထမြဲသော။ တိယောဇနပထံ၊ သုံးယူဇနာ ရှည်စွာအခန်း ဧရိယာကြမ်းကို။ ဓာဝံ၊ မဟန့်မနား ယိရှားမဆင် မပန်းပင်ဘဲ လျင်ထန်ပြင်းခုန် တဟုန်တည်းပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ ဟစ်ထောင်ကျော်အောင် သူတော်ယုတ်လတ် လူတိုင်း သဘ်၍ ဖြတ်ယူလက်ညှိုး ကြိုးဖြင့်သီရုံး ပန်းကုံးလည်တွင် တန်ဆာဆင်သော ပြောင့် အင်္ဂုလိမာလအမည်ရသော စောရမိုက်ကြူး ခိုးသူထူးကို။ ဣဒ္ဓိဘိသင်္ခတ-မနော၊ တန်ခိုးတော်ဖြင့် အသင့်ကြံဆင် ဖန်စီရင်အပ်သော နှလုံးတော်မြတ် ရှိသူ ဖြစ်၍။ ဇိတဝါ၊ မင်ငါက်မင်းမ် မကြမ်းမချော် တန်ခိုးတော်ဖြင့် အောင်တော်မူလေပြီ။

ဘံတေဇသာ၊ ထိုအင်္ဂုလိမာလ မည်ရတွင်ပြီး ခိုးသူကြီးကို အပြီးလွယ်ကူ အောင်တော်မူသော အောင်သူများထိး စောဘုန်းမိုး၏ ကြီးမြတ်တေဇော် တန်ခိုးတော်ကြောင့်။ မေ၊ အကျွန်ုပ်အား။ အင်္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာန်ခပင်း ရှိမဲ့လျင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

စိဉ္စမာဏဝိကာကို အောင်ခြင်း

၅။ ကတ္တာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
လဒ္ဓန္တန ဆောမဝိစိနာ ဇိတာဝါ မုနိန္ဒော၊
တံဇေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

ယော မုနိန္ဒော၊ အကြင် အာဂါရိက စသည်အပြား မုနိများ၏ ဥိးဖျား ပရမေ သုံးလူ့ ဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဂဗ္ဘိနိယံ၊ ဆယ်လ တည်နေ သန္ဓေရင့်ပြီး ဖွားခါနီးဘော။ ဥဒရံ ဣဝ၊ ကိုယ်ဝန်စွဲလမ်း ဗိန်းမဝမ်းကဲ့သို့။ ကဋ္ဌံ၊ သစ်သားကို။ ကတ္တာန၊ လိပ်ခွံတံတစ် ပြေပြစ်ခုံးခုံး

လုံးပုစ္ဆာ ကြိုးလေးမြောတို့ဖြင့် ကောင်းစွာဆိုင်းပတ် ဝမ်းကိုကပ်လျက် မြင်လတ်သည်ရှု ခပ်သိမ်းလူသား ယုံမှားစေမှု လုပ်ကြံပြု၍။ ဇနကာယမဇ္ဈေ၊ ဥပါသကာ ဥပါသကီ ဘိက္ခုဘိက္ခုနီတည်းဟူသော လူပရိသတ် လေးရပ်တို့ ဤလယ် သပွါယ်ခင်းလတ် မြတ်သောပလ္လင် နေရာပြင်ထက် ရွှေခြေသေ့လား တရားဟောကာ နေတော်မူရာ၌။ စိဉ္ဆာယ၊ မန်ကျည်းပင်မှ သံသေဒဇ ဖွားမြင် ရ၍ နာမသညာ စိဉ္ဆာခေါ်ထုတ် မိန်းမယုတ်၏။ ဒုဋ္ဌဝစနံ၊ သင့်ကြောင့်ငါ့မှာ သန္ဓေလာ၍ ဖွားခါနီးပြီ ယီးယောင်ပြုလတ် ရဟန်းမြတ်သည် လူနတ် ကိုအား တဆုံးဟောကာ မဂ်နလာနှင့် အိမ်ရာဆောက်မှု လုံ့လပြုဟု အမှု ဖွဲ့ရှာ စွပ်စွဲလာသော ယုတ်မာညစ်ညမ်း စကားသွမ်းကို။ သန္ဓေန၊ မျက်နှာ မလှည့် မကြည့်မမျှော် လျှပ်ပေါ်မဲ့ထွေ ငြိမ်သက်နေသော။ သောမဝိမနာ၊ ထို စိဉ္ဆာအား မေတ္တာဆပွား မုန်းထားမထင် လွှန်ဖြူစင်သော အစိအရင်း ဖြင့်။ ဇီတဝါ၊ မခြောက်မခြိမ်း ဟိန်းဟဲမလုပ် ဓားဟုတ်မကိုင် သင်းကြိုင် မေတ္တာ ကရဏာဖြင့် ကောင်းစွာအောင်တော်မူလေပြီ။

တံတေဇသာ၊ ထိုစိဉ္ဆမာဏ မည်ရသမုဂ် မိန်းမယုတ်ကို အောင်တော်မူသော မြတ်စွာဘုရား၏ ဟန်ခိုးတော်အား ဖြင့်။ မေ၊ အာကျန့်ပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ဗျိုမဲ့လျင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

သစ္စကပရိဗိုဇ်ကို အောင်ခြင်း

၆။ သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

ယော မုနိန္ဒော၊ အကြင်ရဟန်းတို့ဥက္ကဋ္ဌ ဘုရားမြတ်သည်။ သစ္စံ၊ သတ္တလောက ဘုံသုံးဝကို ဒုနိစ္စဒုက္ခာ အနတ္တာဟု မြတ်စွာဘုရား ဟောကြား မိန့်သံ စကားမှန်ကို။ ဝိဟာယ၊ စိတ်ကလည်းပယ် ပျက်ပြယ်သမှု နှုတ်လည်း ပြု၍။ အတိသစ္စကဝါဒကေတုံ၊ နိစ္စသုခါ အတ္တသာဟု သညာဖောက်ပြန် ယုတ်မာဉာဏ်ဖြင့် မမှန်သည်ကို မှန်၏ဆိုသော မိစ္ဆာဝါဒတည်းဟူသော ပုန်ကင်းလည်း ရှိထသော။ ဝါဒါဘိရောပိတမနံ၊ တပါးသောသူ အယူ မှောက်လှန် ငါသာမှန်ဟု ဖောက်ပြန်စိတ်တွင် သူကိုထင်လျက် နှုန်းချင်သော နှလုံးလည်းရှိထသော။ အတိအန္ဓဘူတံ၊ သူတထူးထက် ကျူးကျူးလွန်လွန် မျက်ဂုဏ်မာန်ဖြင့် အလွန်မိုက်လှသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပဇလိတော၊

ပညာတော်တည်းဟူသော ဆီမီးတန်ဆောင် ညီးညီးပြောင်ကို ညှိထောက် ထွန်းတော်မူသည် ဖြစ်၍။ ဇီတဝါ၊ ဟိန်းဟဲမလုပ် ခေးတုတ်မမိုး ကြိမ်ကြိုး မပြု ဓမ္မသြဝါ ဒေသနာဖြင့် ကောင်းစွာအောင်ဓတ်မူလေပြီ။

တံတေဇသာ၊ ထိုသစ္စကပရိဗိုင် အလွန်မိုက်ကို နှစ်ခြိုက်လွယ်ကူ အောင်တော်မူသော ထိုမြက်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ် အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိမဲ့ လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်း

၇။ နန္ဒောပနန္ဒဆုဇင် ဝိဝိဓံ မဟိဒ္ဓိ၊
ပုတ္တောန ထေရဘုဇင်ေန ဓုနာပယန္တော။
ဣဒ္ဓုပဓေသဝိဓိနာ ဇီတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

ယော မုနိန္ဒော၊ အကြင်ရဟန်းတို့သေဋ္ဌနင်း တရားမင်းသည်။ ဝိဝိဓံ၊ နှစ်သိန်း ငါးသောင်း ချင့်ပေါင်းနှစ်ထောင် လုံးဝန်းဆောင်သား မြင်းမိုရ် တောင်မြတ်ကို ခုနစ်ပတ်တိုင်အောင် ပတ်ရစ်နှိုင်ခြင်း, ကိုးယူဇနာ ဆယ်ယူဇနာ ခံတွင်းအားဖြင့် အလွန်ခြောက်ခြိမ်း မိုးလုံးဟိန်းညံ် စောင်းမာန်သွန်သွန် အဆိပ်ပျံ့ခြင်း အာဇ္ဈသော အထူးထူးအပြားပြားလည်း ရှိထသော။ မဟိဒ္ဓိ၊ ကြောက်လန့်စဖွယ် ကြီးကျယ်သော တန်ခိုးလည်း ရှိထသော။ နန္ဒောပနန္ဒ-ဘုဇင်၊ နန္ဒောပနန္ဒ အမည်ရသော တေဇထန်ပြင်း နဂါးမင်းကို။ ပုတ္တောန၊ သုံးလူ့ထွတ်ထား မြတ်ဘုရား၏ သားတော်အကြီးလည်း ဖြစ်ထသော။ ထေရ-ဘုဇင်ေန၊ အရှင်မောဂ္ဂလ္လာန် ထေရ်မြတ်မှန်လျှင် ဖန်ဆင်းအပ်သော ဆင့်ဆင့် ကြီးမား နဂါးအသွင်ဖြင့်။ ဓုနာပယန္တော၊ တုန်လှုပ်ကြောက်ငြင် ပူပင် ချောက်ချားစေလျက်။ ဣဒ္ဓုပဓေသဝိဓိနာ၊ တန်ခိုးအတန်တန် ဖန်ဆင်းရန်ကို နည်းညွှန်ပေလတ် မြတ်ခသာ အစီအရင်ဖြင့်။ ဇီတဝါ၊ ဗိုလ်ပါမဖက် ရဲမက် မခေါ် သားတော်မောဂ္ဂလ္လာန် ဘိညာဉ်စျာန်ဖြင့် ချိုးနှံ့အောင်စေတော်မူပြီ။

တံတေဇသာ၊ နန္ဒောပနန္ဒ မည်ရထင်ရှား နတ်နဂါးကို ချောက်ချား လွယ်ကူ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိမဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

ဗကဗြဟ္မာကို အောင်ခြင်း

၈။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇင်္ဂေန သုဒ္ဓဋ္ဌဟတ္ထော်၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိံ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော၊ အကြင်ရဟန်းတို့သေဋ္ဌနင်း တရားမင်းသည်။ ဒုဂ္ဂါဟဒိဋ္ဌိ-ဘုဇင်္ဂေန၊ ယုတ်မာညစ်ညမ်း စွဲလမ်းယူဘီ သဿတဒိဋ္ဌိ အကိရိယဒိဋ္ဌိတည်း ဟူသော မြွေလေးစင်းသည်။ သုဒ္ဓဋ္ဌဟတ္ထော်၊ အလွန်အမြဲ ကိုင်ဆဲအပ်သော လက်ရှိထသော။ သုတံ၊ နတ်လူဗြဟ္မာ သုံးဘုံရှာ၌ လွန်စွာကျော်ကြား ထင်ရှားစွာထသော။ ဇုတိမဟိဒ္ဓိံ၊ တောက်ပသော တန်ခိုးလည်း ရှိထသော။ ဗကာဘိဓာနံ၊ နေရပ်မြင့်စွာ ဗြဟ္မာ့ရှာ၌ သညာထွန်းပ ခေါ်ညွှန်းကြသည့် ဗကအမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာအပေါင်း ဝပ်သောင်းခယ ပျပ်ဝပ်ကြသော ဗြဟ္မာမင်းကို။ ဉာဏာဂဒေန ဝိဓိနာ၊ ဆုံးစမမြင် ကမ်းမထင်သော သဗ္ဗညုတ စသည်ဉာဏ်တော် ဆေးမြတ်ကျော်ကို ပေးတော်မူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အမြောက်စိန်ပြောင်း ခွန်းဘောင်းလုံခက် သန်လျက်လေးမြား မဆိုထားဘိ လက်ဝါးမထောင် မျက်မှောင်မငြို့ သင်္ဂိုဟ်မေတ္တာ မဂ်ပညာဖြင့် ကောင်းစွာလွယ်ကူ အောင်တော်မူလေပြီ။

တံတေဇသာ၊ ဗကမည်သာ ထိုဗြဟ္မာကို ပညာဆေးကျော် အမှိုက်ရေ ဘော်ဖြင့် ဖော်လှော်မကူ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုး တော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ ရောဂါ ဘေးဒဏ် ရန်မာရ်ခပင်း ရှိမဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

မြတ်စွာဘုရား၏ အတွင်းအောင်ခြင်း(၈)ပါး၊ အပြင်အောင်ခြင်း(၈)ပါးကို ဖွဲ့ဆိုထားသည့် ဤဂါထာများကို ယုံယုံကြည်ကြည် လေးလေးနက်နက် ရွတ်ဖတ် ပူဇော်ပါက မိမိတို့ လိုရာကိစ္စ ပြီးစီးအောင်မြင်နိုင်သည်။ အတွင်းရန် အပြင်ရန် အားလုံး အောင်မြင်နိုင်သည်။ နောက်ဆုံးတွင် ဗုဒ္ဓဘာသာဝင်တို့၏ အဓိက ပန်းတိုင်ဖြစ်သည့် ကိလေသာအာသဝေါတရားတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ပင် ဆိုက်ရောက်၍ အမြင့်မြတ်ဆုံးသော အောင်မြင်မှုကို ရရှိနိုင်သည်။

၁၂။ အပြင်အောင်ခြင်းရှစ်ပါး အချုပ် ၂-ဂါထာ

၁။ မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာဏ္ဏဉ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟော်တု မေ ဇယမင်္ဂလံ။

ဇီနေ၁၊ မြတ်စွာဘုရားသည်။ မာရံ၊ မာရ်နတ်သားကိုလည်းကောင်း။ ယက္ခံ၊ အာဠဝက ဘီလူးမင်းကိုလည်းကောင်း။ ဂဇံ၊ နာဠာဂိရိ ဆင်ကိုလည်းကောင်း။ စောရံ၊ အင်္ဂုလိမာလ သူခိုးကျော်ကိုလည်းကောင်း။ စိဉ္စမာဏ္ဝ၊ စိဉ္စမာဏာ မိန်းမယုတ်ကိုလည်းကောင်း။ သစ္စကံ၊ သစ္စကပရိဗ္ဗိုဇ်ကိုလည်းကောင်း။ နာဂံ၊ နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း။ ဗကံ၊ ဗကဗြဟ္မာကြီးကိုလည်းကောင်း။ ဇိနံ၊ အောင်မြင်တော်မူလေပြီ။ (ဇေတန သစ္စဝဇ္ဇန၊ ကျိမ္ဖန်ကန်သော သစ္စာစကားကြောင့်။) မေ၊အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ ဖြာဖြာသည်။ ဟောတု၊ မုချမဇ္ဈ ဖြစ်ပါစေသတည်း။

၂။ မာရံ အာဠဝကံ ဟတ္ထိ၊ အင်္ဂုလိမာလ စိဉ္စမာ၁။
ကဏ္ဍဒန္တံ နာဂရာဇံ၊ ဗကံ အဇိနိ ဇေဇသာ၁။

ဇီနေ၁၊ မြတ်စွာဘုရားသည်။ မာရံ၊ မာရ်နတ်သားကိုလည်းကောင်း။ အာဠဝကံ၊ အာဠဝကဘီလူးမင်းကိုလည်းကောင်း။ ဟတ္ထိ အင်္ဂုလိမာလ စိဉ္စမာကဏ္ဍဒန္တံ၊ နာဠာဂိရိဆင်, အင်္ဂုလိမာလသူခိုးကျော်, စိဉ္စမာဏမိန်းမယုတ်, ကဏ္ဍဒန္တမည်သော သစ္စက ပရိဗ္ဗိုဇ်ကိုလည်းကောင်း။ နာဂရာဇဉ္စ၊ နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း။ ဗကံ၊ ဗကဗြဟ္မာကြီးကိုလည်းကောင်း။ ဇေဇသာ၁၊ တန်ခိုးတော်ဖြင့်။ အဇိနိ၊ အောင်မြင်တော်မူလေပြီ။

ဤဂါထာ ၂-ပုဒ်မှာ အဓိပ္ပာယ်အတူပင် ဖြစ်သည်။ မြတ်စွာဘုရားအပြင်အောင်ခြင်းရှစ်ပါးကို အောင်မြင်တော်မူပုံကို ဖွဲ့ဆိုထားသော ဂါထာများဖြစ်သည်။

ယင်းဂါထာ နှစ်ပုဒ်ကို ဘားမဲ့ဆရာတော် ချီးမြှင့် ပေးသနားတော်မူ၍ ညောင်ရမ်းမင်းသားသည် နေ့စဉ်အမြဲ ရွတ်ဖတ်ခဲ့သည်ဟု ဆိုသည်။ ထို့သို့ ရွတ်ဖတ်ပူဇော်မှုအကြောင်း အဒေါက်အပုံကြောင့်ပင် ညောင်ရမ်းမင်းသားသည် ဇာတ်ဝင်၌ ထင်ရှားခဲ့ကြောင်း ရာဇဝင်သမိုင်း မှတ်တမ်းများက ဆိုသည်။

သို့ဖြစ်ရာ ဘဝတစ်လျှောက် အောင်မြင်မှု အထွေထွေကို ရယူလိုသူများနှင့် အခက်အခဲ ဟူသမျှကို ကျော်လွှားရှိ အောင်မြင်လိုသူများသည် ဘုရားရှင် အပြင်အောင်ခြင်းရှစ်ပါး အောင်မြင်တော်မူပုံကို အာဂုံပြု၍ အမြဲမပြတ် ရွတ်ဖတ်ပူဇော်ကြရန် ဖြစ်သည်၊ လောက အခက်အခဲ ဟူသမျှ အားလုံးကို အောင်မြင်နိုင်သည်။

၁၃။ အောင်ဂါထာတော်

ဇယန္တော ဗောဓိယာ မူလေ၊ သက္ယာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

သက္ယာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်လိုခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ ဇယန္တော ယထာ၊ မာရ်ငါးပါးကို အောင်တော်မူလေသကဲ့သို့။ ဧဝမေဝ၊ ထို့အတူငင်း။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော မင်္ဂလာ၌။ တဝ၊ သင့်အား။ ဇယဿု၊ အောင်စေသတည်း။

သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏။ အဘိသေကေ၊ ဗုဒ္ဓါဘိသေကမင်္ဂလာကို ခံယူရာဖြစ်ထသော။ ပုထုဝိပုက္ခလေ၊ မြေပြင်၌ အထူးတင့်တယ်ထသော။ သီသေ၊ မြေပြင်၌ ဦးထိပ်လည်းဖြစ်ထသော။ အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကို အောင်မြင်သော ပလ္လင်တော်၌။ အဂ္ဂပ္ပတ္တော၊ လူသုံးပါးတို့ထက် မြတ်သော သဗ္ဗညုတဉာဏ်ကျေးဇူးသို့ ရောက်တော်မူသော မြတ်စွာဘုရားသည်။ ပမောဒတိ၊ ဝမ်းမြောက်တော်မူ၏။

[ဤ ဂါထာကို စွဲမြဲစွာ ရွတ်ဆိုပါက ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်သည်၊ မိမိအား နှိပ်စက်လှုပ်မိုးလာသူ ရန်သူမှန်သမျှ လွင့်စင်ပပျောက်ရလေသည်၊ အခက်အခဲဟူသမျှမှ ကျော်လွှားနိုင်၏၊ ယုံကြည်စွဲမြဲစွာ ရွတ်ဖတ်ပါလေ။]

၁၄။ သစ္စာပန္နက် အောင်ရွှစ်ချက်ဂါထာ

ဇယစင်္ကော ဇယန္တော ယော၊ ဇယိတမ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသီနံ၊ ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယစင်္ကော၊ ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇယာသနေ၊ အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိပင်ရင်း၌။ ဇယိတမ္ဗေ၊ အောင်အပ်သည့်တရားမာရ်ငါးပါးအပေါင်းတို့ကို။ ဇယန္တော၊ ပါရမီတော်စက် ဘုန်းလက်နက်ဖြင့် အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြိုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသီနံ၊ မြတ်နိဗ္ဗာန်အောင်ခန်းနှင့် အောင်ဘိသိက် ပန်းမဂ်ဖိုလ်ကို မျှားထိုထိုဝင်္ဂအတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာနေကြကုန်သော သူတို့အား။ ဇယာပေသိ၊ ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ခူ၍ ထွတ်အင္ဂ အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူလေပြီ။

ဇယုတ္တရော၊ **စ**အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင် ထွတ်ခေါင်မြတ်သရဖူ သယမ္ဘူမကိုဋ္ဌထိး အောင်ပဲ့ဝင်ပုဂ္ဂိုလ်ကြီးဖြစ်ပေထသော။ သော ဇယစကွော၊ ထိုအောင်စက်သခင် ဘုရားရှင်သည်။ မေ၊ အောင်ဆုလိုငြား တပည့်ဟော်အား။ ဇယံ၊ အောင်ပန်းဝေမြိုင် အောင်ဖူးတွေ့ ကြိုင်လိုင်သည့် အောင်သိဒ္ဓိပန်းခိုင်ကြီးကို။ ဒေတု၊ ကရုဏာ ရွှေထား၍ ပေးသနားတော်မူပါအရှင်ဘုရား။

ဤ ဂါထာသည် "ဇယ = အောင်ခြင်း" ဟု ရှစ်ကြိမ်တိတိ ပါ၍ "အောင်ရှစ်ချက်ဂါထာ"ဟု အမည်တွင်သည်။ လူသားတို့သည် နေ့စဉ်နှင့်အမျှ စီးပွားရေး ကျန်းမာရေး ပညာရေးစသည့် လူမှုရေးရာ ကိစ္စအဖြာဖြာအတွက် သွားလာလှုပ်ရှားနေကြရသည်။ လှုပ်ရှားလုပ်ကိုင်ရသည့် ကိစ္စတိုင်းကိုလည်း အောင်မြင်လိုကြသည်။

ဤ အောင်ရှစ်ချက်ဂါထာသည် ဘုရားရှင် ဗောဓိပင်နှင့် ဇရပလ္လင်၌ အောင်သင့် အောင်ထိုက်သော အရာမှန်သမျှကို ကိုယ်တော်တိုင် အောင်မြင်၍ အောင်မြင်မှုကို ရယူလိုသူများကိုလည်း အောင်မြင်စေပုံကို ဖော်ညွှန်းထားသော ဂါထာဖြစ်သည်။ ယင်းဖော်ညွှန်းချက် အနက်အဓိပ္ပာယ်ကို အလေးအနက် အာရုံယူ၍ ဤဂါထာကို ရွတ်ဖတ် ပူဇော်လျှင် မိမိတို့ ဆောင်ရွက်နေသော လူမှုကိစ္စအဝဝ အောင်မြင်ရုံမျှမက ကိလေသာတရားအားလုံးကိုပါ အောင်မြင်၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ ဆိုက်ရောက်အောင်မြင်နိုင်သည်။

၁၅။ မာရ်နတ်ကို အောင်မြင်ပြီးနောက် ဗြဟ္မာ နတ် နဂါး ဂဠုန်တို့၏ ကြွေးကြော်သည့်ဂါထာများ

(က) ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အာယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဠွေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

(ခ) ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဏ္ဍေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

(ဂ) ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဏ္ဍေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယ တဒါ နာဂဂဏာ မဟေသိနော။

(ဃ) ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဏ္ဍေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော။

(က) အယံ၊ ဤအောင်ပွဲသည်။ သိရိမတော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူပေသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဇယော၊ အောင်ပွဲတည်း။ ပါပိမတော၊ ယုတ်မာသမျှ ထူးခွန်လှသဖြင့် သူယုတ်မာဘွဲ့ရသော။ မာရဿ စ၊ မာရ်နတ်မင်းကိုလည်း။ ပရာဇယော၊ ရှုံးစေအပ်ပြီ။ တဒါ၊ ထိုအောင်ပွဲဆဆခါ၌။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ ပမောဒိတာ၊ ဝမ်းမြောက်ကြကုန်သော။ ဖြဟ္မဂဏာ၊ ဖြဟ္မာအပေါင်းတို့သည်။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဇယံ၊ အောင်မြင်မှု အပေါင်းကို။ ဥဏ္ဍေါသယုံ၊ အားပေးကြွေးကြော်ကြကုန်ပြီ။

(ခ) ဒေဝဂဏာ၊ နတ်အပေါင်းတို့သည်။

(ဂ) နာဂဂဏာ၊ နဂါးအပေါင်းတို့သည်။

(ဃ) သုပဏ္ဏဂဏာ၊ ဂဠုန်အပေါင်းတို့သည်။

[ကျန်သောအနက်များ ရှေးနှင့် တူပြီ။]

[ဘုရားဖြစ်တော်မူခါနီး ဗောဓိမဏ္ဍိုင်၌ မာရ်နတ်ကို အောင်မြင်ချိန် ဖြဟ္မာ, နတ်, ဂဠုန်, နဂါးတို့သည် ဝမ်းမြောက်လွန်သဖြင့် ကောင်းချီးပေးကြသည်၊ ထိုပွဲ၌ ဘုရားကို အာရုံပြု၍ တက်တက်ကြွကြွ ရွတ်ဖတ်ပါ၊ အကြံအစည်ဟူသမျှ ပြီးမြောက်အောင်မြင်မည်။ စီးပွားကြွယ်သေး တိုးတက်ဖွံ့ဖြိုးမည်။ နံနက်ချိန်တွင် လေးလေးနက်နက် ရွတ်ဖတ်ပါ။ အနည်းဆုံး ၃-ခေါက် ရွတ်ဖတ်ပါလေ။]

ဗုဇ္ဈဘာဘဏ်စွဲကျမ်း ၃၅–ပမ–ဆမ

၁၆။ သမ္မုဒ္ဒေကပ်ိကျော် မန္တန်တော်ကြီး

၁။ သမ္မဲဒ္ဒေ အဌဝီသဉ္ဇ၊ ဒ္ဒါဒသဉ္ဇ သဟာဿကေ။
ပဉ္ဇသတသဟာဿာနိ၊ နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္ဇ သံဃဉ္ဇ၊ အာဒရေန နမာမဟံ။

၃။ နမက္ကရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

၁။ အဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္မုဒ္ဒေ စ၊ ဘုရားရှင်တို့ကို လည်းကောင်း။ ဒ္ဒါဒသဉ္ဇ သဟာဿကေ၊ တစ်သောင်းနှစ်ထောင်ကုန်သော။ သမ္မုဒ္ဒေ စ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ ပဉ္ဇသတသဟာဿာနိ၊ ငါးသိန်းကုန်သော။ သမ္မုဒ္ဒေ စ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းဖြင့်။ နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၂။ ဝါဠုကာ ဂင်္ဂါ၊ ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်။ အပ္ပကာ၊ နည်းလှချေသေး၏။ နိဗ္ဗုတာ ဇိနာ၊ ပရိနိဗ္ဗာန်စံလွန်ကုန်ပြီးသော ဘုရားတို့သည်သာ။ အနန္တာ၊ မရေတွက်နိုင်အောင် များလှလေကုန်ပြီ။ (တေ၊ ထို ဂင်္ဂါဝါဠုကို သဲစုမက ပရိနိဗ္ဗာန် စံလွန်တော်မူကြသော ဘုရားရှင် အဆူဆူတို့ကိုလည်းကောင်း။) တေသံ၊ ထို ဘုရားရှင် အဆူဆူတို့၏။ ဓမ္မဉ္ဇ၊ တရားတော်ကိုလည်းကောင်း။ သံဃဉ္ဇ၊ သံဃာတော်ကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၃။ နမက္ကရာနုဘာဝေန၊ ဤသို့ ရိုသေစွာ ရှိခိုးရသော အာနုဘော်ကြောင့်။ သဗ္ဗေ ဥပဒ္ဒဝေ၊ အလုံးစုံသော ဘေးဥပဒ်တို့ကို။ ဟိတ္ဝာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ အန္တရာယ် အမျိုးမျိုးတို့သည်လည်း။ အသေသတော၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ပိန်းကြဲဖက်တွင် ရေမတင် သကဲ့သို့ ကင်းစင် လွင့်ပျောက်ပါစေကုန်သတည်း။

သမ္မုဒ္ဒေဂါထာသုံးပုဒ်၏ အကျိုးကျေးဇူးမျှား

ဤဂါထာသုံးပုဒ်၏ အကျိုးကျေးဇူးကို ရှေးဆရာတော်ကြီးမျှား အောက်ပါလက်ာဖြင့် ပြတော်မူခဲ့ကြသည်—

မြက်လှစိန္ဒ၊ သမ္မုဒ္ဓေဟု၊ ဆုဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျော်ဒဿ၊ ဘတ္တာတြိန်း၊ ဆီလိမ်းပဋ္ဌ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည်း၊ နှံသာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၍၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည်း၊ စစ်ထောက်သောခါ၊ ရွတ်ပါကိုးကြိမ်၊ တည်ငြိမ်သန္ဓေ၊ မဖျားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖျားမြောက်ခဏ၊ ချမ်းသာရ၏။

ခေတ္တာနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏၊ ပန်းမွှေးချေက၊ ရွတ်လေနှစ်ခေါက်၊ ခရီးလျှောက်ရာ၊ ခါင်းမှာတင်စိုက်၊ ရန်ဘေးနှိုက်လည်း၊ မကြိုက်ကင်းပ၊ မြူမှုမလိမ်း၊ ကင်းလွတ်ငြိမ်း၏။

ရှောင်တိမ်းရောဂါ၊ ဗျာပါ၊လည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မည်းပန်းသင်၊ နေ့တိုင်းပင်တည်း၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲ့စလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရှာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်း သမ္မုဒ္ဓေ၏ အာကျိုးတည်း။

လက်ာ၏ အဓိပ္ပါယ်

၁။ ကွမ်းစားလျှင် သမ္မုဒ္ဓေဂါထာကို (၇) ခေါက်ရွတ်ပါ။

၂။ ခေါင်းလျှော်လျှင် (၁၀)ခေါက် ရွတ်ပါ။

၃။ ဃမင်းစားလျှင် (၃)ခေါက်ရွတ်ပါ။

၄။ ဆီလိမ်းလျှင် (၅)ခေါက်ရွတ်ပါ။

၅။ လှေစီးလျှင် (၈)ခေါက်ရွတ်ပါ။

၆။ နှံသာလိမ်းခြင်း၊ ပန်းပန်ခြင်းဌာ (၉)ခေါက်ရွတ်ပါ။

၇။ အိပ်ရာဝင်လျှင် (၉)ခေါက်ရွတ်ပါ။

၈။ ရန်သူနှင့် တွေ့လျှင် (၁၁)ခေါက်ရွတ်ပါ။

၉။ စစ်ထိုး, စစ်ဆင်ရာဌာ (၉)ခေါက်ရွတ်ပါ။

၁၀။ မီးမဖွားနိုင်လျှင် ဤဂါထာကို (၉)ခေါက် မရကို မန်း၍ တိုက်ပါ။

၁၁။ ဖမ်းဆီးချုပ်နှောင်ခြင်းခံရလျှင် အခေါက်ပေါင်း တစ်ထောင်ရွတ်ပါ။

ခဇိုးသွားလျှင် ပန်းကို သမ္မုဒ္ဒေဂါထာ (၂)ခေါက် ရွတ်ဖတ်၍ ယင်း ပန်းကို ယူဆောင်သွားပါက ဘေးကင်းသည်။ ရောဂါဘေး စိုးရိမ် သောက ဗျာပါဒဘေးတို့မှ ကင်းဝေးရသည်။

၁၃။ ဤဂါထာတော်ကို နေ့စဉ်မပျက် ရွတ်ဖတ်ပါက မိမိဘဝ၌ ရေပြည့်အိုး ဟမာ တိုးတက်လျက် ရှိမည်။ မည်သို့သောပန်းကဲ့သို့လည်း ရှိမည်။ ကောင်းကင်မှ လမင်းကြီးပမာ တင့်တယ်မှုကို ရရှိမည်။

ဤဖော်ပြပါ လက်ဝဲသည် ရှေးဆရာတော်ကြီးများ လက်တွေ့မျက်မြင် သာဓကများကို အခြေခံကာ သိကုံးထားသော အကျိုးပြ လက်ဝဲများသာ ဖြစ်ပါသည်။ အမှန်စင်စစ်အားဖြင့် အစိန္တေယျဂုဏ်နှင့် ပြည့်စုံသော ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ရှိခိုးပူဇော် ကန်တော့ခြင်း ဖြစ်၍ ရရှိသော အကျိုးကျေးဇူးမှာလည်း မည်ရွေ့မည်မျှဟု အကန့်အသတ် မရှိဘဲ မကြုံစဉ်အပ် မကြုံစဉ်နိုင်သော အကျိုးကျေးဇူးများကို ရရှိခံစားနိုင် ပါသည်။

၁၂။ ဖုဋ္ဌဿဂါထာ မန္တန်တော်

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ လောကဓမ္မေဟိ၊ ကောင်းဆိုးနှစ်တန် လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိရသော်လည်း။ န ကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိ။ ဝိရဇံ၊ ကိလေသာဟူသော မြူအညစ်အကြေးလည်း မရှိ။ ခေမံ၊ ဘေးလည်း မရှိ။ ဧတံ၊ ဤလေးပါးသော တရားသည်လည်း။ မင်္ဂလမုတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်ပါပေ၏။

ဤဂါထာကို ရှေးရှေးပုဂ္ဂိုလ်များ ဉာဏ်ရှိသလို သုံးခဲ့ကြသည်။ အခု့ို ပုဂ္ဂိုလ်များ ဤဂါထာကို ရွတ်ဖတ်ခြင်းကြောင့် ခေတ်ဆိုး ခေတ်ကျပ်တွေ့ အမျိုးမျိုး ကျော်လွှားခဲ့ကြရသည်။ အခု့ိုမြန်မာသမားတော်များ ဤဂါထာဖြင့် ဆီကို မန်းပြီး အနာရောဂါများ နေရာ၌ ကုသပေးနိုင်ခဲ့ကြသည်။

ဤဂါထာရွတ်ဆို၍ သစ္စာပြု ဆုတောင်းခြင်းကြောင့် အန္တရာယ်ကင်းခြင်း၊ အနှောင့်အဖွဲ့မှ လွတ်မြောက်ခြင်း၊ အခက်အခဲကို ကျော်လွှားခြင်းစသည့် အကျိုးအမျိုးမျိုးကို ရရှိခံစားခဲ့ကြရသည်။

ဤဂါထာဖြင့် ရေကို သက်စေ့မန်းသောက်သောကြောင့် သောကကင်းခြင်း၊ အနန္တငါးပါးကို ရေငါးခွက်ဖြင့် ပူဇော်ပြီး တစ်ခွက်ကို ဖူဋ္ဌဿဂါထာ မန္တန်ရွတ်၍ သောက်ခြင်းကြောင့် အကြံအစည်အားလုံး ပြီးစီးခြင်းစသည်ဖြင့် ကိုယ်တွေ့လက်တွေ့များကို အမျိုးမျိုး ပြောဆိုရေးသားကာ မှတ်တမ်းတင်ခဲ့ကြသည်။

သို့ရာတွင် ဘုရားဟောတရားမှန်သမျှ အစိန္တေယျဂုဏ်နှင့် ပြည့်စုံသည်ချည်း ဖြစ်သောကြောင့် ဤဂါထာကို ရွတ်ဖတ်၍ သစ္စာပြုဆုတောင်းလျှင် မည်ရွေ့မည်မျှဟု အာကန့်အသတ်မရှိ အကျိုးတရားများ ရရှိခံစားနိုင်ကြပေသည်။

၁၈။ ပဋိစ္စသမုပ္ပါဒ် အနုလုံပါဋိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏာ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၁၉။ ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဋိတော်

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏာ သောက ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဘုရားဖြစ်တော်မူပြီးစ ပထမသတ္တာဟ ဗောဓိပင်နှင့် ရွှေပလ္လင်၌ သီတင်းသုံးတော်မူစဉ် ညဉ့်သုံးယာမ်ပတ်လုံး ဤပဋိစ္စသမုပ္ပါဒ်ပါဋိတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူခဲ့သည်။ ဘုရားဖြစ်တော်မူစ ဆင်ခြင်တော်မူပုံကို အကြောင်းပြု၍ ယခုအခါ ဗုဒ္ဓါဘိသေက ဘုရား အနေကဇာတင်ထု၌ ရွတ်ဖတ်ပူဇော်လျက် ရှိကြသည်။

ဗောဓိပင်နှင့် ရွှေပလွင်ကို အောင်မြင်ဖော်မူပြီးစ ဘုရားရှင် ဆင်ခြင်တော်မူပုံကို အာရုံပြု၍ ဤကဲ့သို့သမုဟ်ပါဒ်ပါဠိတော်ကို အနုလုံ ပဋိလုံ ရွတ်ဖတ်ပူဇော်လျှင် အသိဉာဏ်ကြီးမားခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ အတွင်းရန် အပြင်ရန် အားလုံး အောင်မြင်နိုင်ခြင်း၊ အောင်မြင်မှုသရဖူကို ဆောင်း၍ ကျက်သရေမင်္ဂလာများ ကိုးပွားနိုင်ခြင်းစသော အတိုင်းမသိ များပြားလှသော အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။

၂၀။ ပထဝီဇယမန္တန် ၁၄-ဂါထာပါဠိ

၁။ ဩ ပထဝီဇယသဗ္ဗံ၊ အနေကအန္တရာယိကံ။
ဇယံ ပစ္စေကဗုဒ္ဓါ စ၊ ဇယံ ပရိ မဟေသယော။

၂။ ဇယံ ဟရော ဟရိဒေဝေါ၊ ဇယံ ဗြဟ္မာ ဓတရင်္ဂေ။
ဇယံ နာဂေါ စ ဝိရူဠ္ဟော၊ ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိဇ္ဇာဓရော ဝေနတေယျော စ၊ ကုဝေရော ဝရုဏော ဝိရူ စ။
အဂ္ဂိ ဝါရဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

၄။ အင်္ဂါရသ မဟာဒေဝါ၊ သုခီတာ စ ပသီဒ်ဓိယော။
အသီတိ မဟာသာဝကာ၊ သပ္ပံ ဇယံ ဒဒန္တု မေ။

၅။ ဇယော ဓမ္မော စ သံဃော စ၊ ဒသဗ္ဘလော စ ဇေယျကော။
ဇေကေန သစ္စဝဇ္ဇေန၊ ဇယာ သုခါ ဘဝန္တု မေ။

၆။ နရာ ဒေဝါ စ ဗြဟ္မာနော၊ ယက္ခာ နာဂါ စ ဂရုဠာ။
တေပိ ဒိသွာ ပီယာ မယှံ၊ ပုတ္တံ မမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္ထကေ။

၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနသ်န္တု၊ သဗ္ဗေ နသ်န္တု'ပဒ္ဒဝါ။

၉။ ဣမသ်ိံ စက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
အနန္တစက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။

၁၀။ ဣမေ သတ္တာ အဝေရာ စ၊ အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အညမညံ သုခါ ဟောန္တု။

၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္ထကာ။

၁၂။ ဒသကောဋီ ဒကဇာ စ၊ ထလဇာ နဝကောဋိယော။
သံသေဒဇောပပါတိကာ၊ ဒီဃာယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။

၁၄။ အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ' နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဒဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

- ၁။ အနေကအန္တရာယိတံ၊ တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော။ ပထဝီဇယသဗ္ဗံ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံသော မြေအပြင်၌ အောင်မြင်စဖွယ်ဟူသမျှ တစ်စမကြွင်း ရန်ခပင်းကို။ ဩ၊ ကောင်းကျိုး လျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက်ထင်ထင် အောင်မြင်ပါစေသတည်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ မေ၊ အက္ခန်ပ်အား။ ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူပါစေကုန်သတည်း။ မဟာသယော စ၊ မြတ်သော သိလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှာမှီးတော်မူကုန်ပြီးသော ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိက ဘုရားသခင် အရှင်အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း။ ပရိ၊ ထက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်။ မေ၊ အက္ခန်ပ်အား။ ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၂။ ဟရော၊ ဟရနတ်သည်လည်းကောင်း။ ဟရိဒေဝေါ၊ ဟရိနတ်သည်လည်းကောင်း။ မေ၊ အက္ခန်ပ်အား။ ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ ဗြဟ္မာ၊ ဗြဟ္မာသည်လည်းကောင်း။ ဓတရဋ္ဌော၊ ဓတရဋ္ဌနတ်မင်းသည် လည်းကောင်း။ မေ၊ အက္ခန်ပ်အား။ ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ နာဂေါ စ၊ မဟာနာဂ နတ်မင်းသည်လည်းကောင်း။ ဝိရူပက္ခော စ၊ ဝိရူပက္ခ နတ်မင်းသည်လည်းကောင်း။ စန္ဒိမာပိ၊ လနဟ်သား သည်လည်းကောင်း။

၄။ ဝိဿကမ္မော စ၊ အထူးထူးသော နတ်တို့ကို အစိုးရသော သိကြားမင်းသည်လည်းကောင်း။ ဓနတေယျော စ၊ ဝိနတာ နတ်သမီး၏ သားတော်ဖြစ်သော နတ်မင်းသည်လည်းကောင်း။ ကုဝေ[illegible] စ၊ ကုဝေရ နတ်မင်းသည်လည်းကောင်း။ ဝရုဏော စ၊ ဝရုဏနတ်မင်းသည်လည်းကောင်း။ အဂ္ဂိ စ၊ မီးနတ်သားသည်လည်းကောင်း။ ဝါရုဏော စ၊ လေနတ်သားသည်လည်းကောင်း။ ပဇ္ဇုန္နော စ၊ မိုး[illegible]းသည်လည်းကောင်း။ ကုမာရော စ၊

ကုမာရနှတ်သားသည်လည်းကောင်း။ စတုပါလကော စ၊ လောကပါလနှတ်သား လေးယောက်သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ ဇယံ၊ အောင်ဆုံကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၄။ သုခိတာ၊ ချမ်းသာအောင် ဆောင်နိုင်ကုန်သော။ အဋ္ဌာရသ မဟာ-ဒေဝါ စ၊ တစ်ဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည်လည်းကောင်း။ ပသီဒိုယော၊ အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော။ အသီတိမဟာသာဝကာ စ၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ်တို့ သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ သပ္ပံ ဇယံ၊ အောင်ဆုဟူသမျှကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၅။ ဓမ္မော စ၊ ဆယ်ပါးသော ဘုရားတော်သည်လည်းကောင်း။ သံဃော စ၊ သမ္မုတိ, ပရမတ် နှစ်ရပ်သောသံဃာတော်သည်လည်းကောင်း။ ဇယော၊ ရန်ဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ ဓသဗလော စ၊ ကာယဉာဏ်တော် အားဆယ်ဖော်နှင့် ပြည့်စုံကော်မူပေသော မြတ်စွာဘုရားသခင်သည်လည်း။ ဇယျကော၊ ရန်မျိုးဉဿုံ အလုံးစုံကို ချက်ကုန်မကြွင်း ခုတ်စဉ်းဖျက်ချေ အထူးအောင်မြင်တော်မူပေ၏။ ဇတေန သစ္စဝဇ္ဇေန၊ ကျိသို့ဆိုငြား သစ္စာစကားကြောင့်။ ဇယာ၊ ရန်အပေါင်းကို အထူးအောင်မြင်ခြင်းတို့သည်လည်းကောင်း။ သုခါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၆။ နရာ စ၊ လူတို့သည်လည်းကောင်း။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ ဗြဟ္မာနော စ၊ ဗြဟ္မာတို့သည်လည်းကောင်း။ ယက္ခာ စ၊ ဘီလူးတို့သည်လည်းကောင်း။ နာဂါ စ၊ နဂါးတို့သည်လည်းကောင်း။ ဂရုဠာ စ၊ ဂဠုန်တို့သည်လည်းကောင်း။ ကေပိ၊ ထို လူ, နတ်, ဗြဟ္မာ, ဘီလူး, နဂါး, ဂဠုန်တို့သည်လည်း။ မံ၊ အကျွန်ုပ်ကို။ ဒိဿာ၊ မြင်သည် ရှိသော်။ မယ္ဟံ၊ အကျွန်ုပ်အား။ ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ပုတ္တံ၊ မိမိတို့၏ သားကို။ သိနေဟာ ဣဝ၊ ချစ်ခင်ကြကုန်သကဲ့သို့။ မမ၊ အကျွန်ုပ်အား။ ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၇။ ပုဒ္ဓါ စ၊ မြတ်စွာဘုရားတို့သည်လည်းကောင်း။ ပစ္စေကပုဒ္ဓါ စ၊ ပစ္စေကပုဒ္ဓါတို့သည် လည်းကောင်း။ အရဟာ စ၊ ရဟန္တာတို့သည်လည်းကောင်း။ အဂ္ဂသာဝကာ စ၊ အဂ္ဂသာဝကတို့သည်လည်းကောင်း။ သပ္ပေ၊ အလုံးစုံကုန်သော ဘုရား ပစ္စေကပုဒ္ဓါ ရဟန္တာ အဂ္ဂသာပကတို့သည်။ မေ၊ အကျွန်ုပ်အား။

မေတ္တာ၊ ချစ်ခြင်းမေတ္တာကို။ ကထောန္တု၊ ပြုတော်မူပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်၏။ မတ္ထကေ၊ ဦးခေါင်းထက်၌။ တိဋ္ဌန္တု၊ ရပ်တည်တော်မူပါစေကုန်သတည်း။

၈။ တေသံ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာ၏ အာနုဘော်ဝေါ်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ထောဂါ၊ ကိုးဆယ်ခြောက်ပြာ အနာထောဂါတို့သည်။ သုသိတလာ၊ အလွန် ငြိမ်းအေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘယာ၊ ကြောက်မက်ဖွယ်တေးတို့သည်။ ဝိနဿန္တု၊ ပျောက်ကွယ်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်။ နသန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

၉။ ဣမသ္မိံ စက္ကဝါဠေ၊ ဤစကြဝဠာ၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ အနန္တစက္ကဝါဠေ၊ အဆုံးအပိုင်းအခြားမရှိသော စကြဝဠာတိုက်အပေါင်း၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။

၁၀။ ဣမေ သတ္တာ၊ ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း။ အဝေထ၊ ရန်မရှိကြကုန်သည် ဖြစ်၍။ ပိယာ စ၊ မြတ်နိုးချစ်ခင် ကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣမေ သတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ အညမညံ၊ အချင်းချင်း။ အဝေထ၊ ရန်မရှိကြကုန်သည် ဖြစ်၍။ သုခါ စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁၁။ နေရယိကာ စ၊ ငရဲသားတို့သည်လည်းကောင်း။ တိရစ္ဆာနာ စ၊ တိရစ္ဆာန်တို့သည် လည်းကောင်း။ ပေတာ စ၊ ပြိတ္တာတို့သည်လည်းကောင်း။ အသုရကာ စ၊ အသုရကာယ်တို့သည်လည်းကောင်း။ ယမာ စ၊ ငရဲသနင်း ယမမင်းတို့သည်လည်းကောင်း၊ ယထာ၊ အကြင်သို့သော အခြင်းအရာ အားဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ သတ္တာ၊ ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တတ္ထကာ၊ ထိုမျှလောက်ကုန်သော သတ္တဝါအပေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲဒုက္ခပေါင်းမှ။ မစ္စန္တု၊ ကင်းလွတ်ကြပါစေကုန်သတည်း။

၁၂။ ဒသကောဋိဒကဇာ စ၊ ရေနေ ဆယ်ကုဋေသော သတ္တဝါအပေါင်းတို့ သည်လည်းကောင်း။ ထလဇာ နဝကောဋိယော စ၊ ကုန်းနေ ကိုးကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ သံသေဒဇောပပါတိကာ စ၊ အညီဥ ဖြစ်သော သတ္တာ၊ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါ အပေါင်းတို့သည် လည်းကောင်း။ ဘေ၊ ထိုဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ ဒီဃာယုကာ၊ အသက်ရှည်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

၁၃။ သမဏာ၊ ဃက်ဝန်းကျင်အရပ်မှ။ စက္ကဝါဠေသု၊ အဆုံးအပိုင်းအခြား မရှိကုန်သော စကြဝဠာတိုက်အပေါင်းတို့၌။ ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါ စ၊ နေဝသညာနာသညာယတန ဘဝဂ်ဘုံတိုင်အောင်လည်းကောင်း။ အဓော၊ အောက်၌။ ယာဝ အဝီစိတော စ၊ အဝီစိငရဲဘုံ တိုင်အောင်လည်းကောင်း။ ယေ သတ္တာ၊ အကြင် သတ္တဝါအပေါင်းတို့သည်။ ပထဝီစရာ၊ မြေရေနှစ်ပြင် ထက်ကောင်းကင်၌ ကျင်လည်လှည့်သွား ကျက်စားကြကုန်၏။

၁၄၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ သတ္တာ၊ ထိုသတ္တဝါအပေါင်းတို့သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အဗျာပဇ္ဇာ စ၊ စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်လည်းကောင်း။ နိဝေရာ စ၊ အပရန်မရှိကြကုန်သည်လည်းကောင်း။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲဒုက္ခမရှိကြကုန်သည် လည်းကောင်း။ အနုပဒ္ဒဝါ စ၊ ဥပဒ္ဒဝေါ မရှိကြကုန်သည်လည်းကောင်း။ အဝေရာ စ၊ အတွင်းရန် မရှိကြကုန်သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ပါစေ ကုန်သတည်း။

ကျွန်ုပ်တို့ဘုရားအလောင်းတော်ရသေ့ ဟိမဝန္တာ၌ သီတင်းသုံးစဉ် သဗ္ဗဒါဠိက မြေခွေးသည် အယောင်းတော်ရသေ့ထံမှ ဤပထဝီဇယမန္တန်ဂါထာများကို ကြားနာ ရရှိ၍ အမြဲမပြတ် ရွတ်ဖတ်သဖြင့် တောနေ သတ္တဝါများက မြေခွေးအား ဝန်းရံခစားကြသည်။ သစ် ကျား ဆင် ခြင်္သေ့ စသည်တို့သည် ဝိုင်းအုံခစား၍ မြေခွေးအား တောဘုရင်အဖြစ် တင်မြှောက်ခဲ့ကြသည်။

ယင်းကို အစဲပြု၍ ပထဝီဇယမန္တန်တော် ဖြစ်ပေါ်ကာ ရွတ်ဆိုခဲ့ကြောင်း ရှေးဆရာ အစဉ်အဆက်တို့ မှတ်တမ်းတင်ခဲ့ကြသည် (ပထဝီ= မြေကြီး+ဇယ =အောင်မြင်ခြင်း။ မြေပြင်တစ်ခုလုံးကို အောင်နိုင်ခြင်းဟု အဓိပ္ပါယ်ရသည်။)

ဤဂါထာမန္တန်များကို အမြဲမပြတ် ရွတ်ဖတ်ခြင်းဖြင့် မရသေးသော စည်းစိမ်များ ရရှိနိုင်ခြင်း၊ မြေယာအိုးအိမ် တိုက်တာများ ဖြစ်ထွန်းရရှိခြင်း၊ သြဇာအာဏာကြီးမားခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

၂၁။ ယဘသီဒ္ဓိ ရွှင်သီဝလိဂါထာ

၁။ သီဝလိ စ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံ မမ။

၂။ သီဝလိ စ မဟာဝီရော၊ ယေ ယေ ပဿန္တု မံ ပိယံ၊
တေ တေ ပဿန္တု ပရမံ၊ ဇနပဒါ ပူဇယန္တု။

၃။ သီဝလိ စ မဟာထေရော၊ မမ သီသေ ဌပေတ္ဝာန။
ဇမ္မုဒီပမဏ္ဍလေန၊ ဇယော မန္တာ သုခါဝဟံ။

၄။ သီဝလိ စ မဟာနာမံ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ။
မနုဿပုရိသော ဣတ္ထီ၊ မဟာယာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊ နာနာ ဒေတိ ဝရံ ဝရံ။
ဣဒမိဿ ပူဇိတံ ဒေတိ၊ မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိံ၊ အနာမယံ ဘဝေ ဘဝေ၊
တဝ ရုက္ခေ ဒေဝဓိတာ၊ သဗ္ဗေ ဧဝံ ဝိနဿတု။

၇။ သီဝလိ စ မဟာလာဘံ၊ သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ သဒါ ဟောတု ပိယံ မမ။

၈။ သီဝလိ စ မဟာထေရော၊ ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ ပိယံ၊ ဇနပဒါ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊ မမ သီသေ ဌပေတ္ဝာန။
မန္တာတေဇယောမန္တံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိ စ မဟာထေရော၊ ဒေဝမနုဿပူဇိတော။
သော ရဟော ပစ္စယာဒီနံ၊ မဟာလာဘံ ကရောတု မေ။

၁။ မဟာနာမံ၊ ကြီးမြတ်သော အမည်ရှိတော်မူသော သီဝလိ စ၊ အရှင်သီဝလိ မထေရ်သည်လည်း။ သဗ္ဗလာဘံ၊ အလုံးစုံသော လာဘ်ရတနာကို။ ဘဝိဿတိ၊ ဖြစ်ပေါ်စေလတ္တံ့။ ထေရဿ၊ အရှင်သီဝလိ မထေရ်မြတ်၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ မမ၊ အကျွန်ုပ်အား။ ပိယံ၊ ချစ်မြတ်နိုးခြင်းသည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၂။ သီဝလိ စ၊ အရှင်သီဝလိ မထေရ်သည်လည်း။ မဟာဝိဇရာ၊ ကြီးမြတ်သော ဝိရိယရှိတော်မူပါပေ၏။ တဿ၊ ထိုအရှင်သီဝလိမထေရ်၏။ တေဇေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ ယေ ယေ၊ အကြင်အကြင် သူတို့သည်။ မံ၊ အာကျန့်ပ်ကို။ ပိယံ၊ ချစ်ခင်မြတ်နိုးစွာ။ ပဿန္တိ၊ ကြည့်ကြကုန်၏။ တေ တေ၊ ထိုထိုသော ပဂ္ဂိုလ်တို့သည်။ ပရမံ၊ မွန်မြတ်လှစွာ။ ပဿန္တိ၊ ကြည့်ရှုကြပါစေကုန်သတည်း။ ဇနပဒါ၊ ဇနပုဒ်သား လူအများတို့သည်။ ပူဇယန္တိ၊ ပူဇော်ကြပါစေကုန်သတည်း။

၃။ မဟာထေရော၊ မထေရ်ကြီးဖြစ်တော်မူသော။ သီဝလိ စ၊ အရှင်သီဝလိသည်လည်း။ မမ၊ တပည့်တော်၏။ သီဇေသ၊ ဦးခေါင်းပလွင်၌။ ဌပေတ္ဝာန၊ အမြဲမပြတ် ရပ်တည်တော်မူ၍။ ဇမ္မုဒီပမဏ္ဍလေန၊ ဇမ္ဗူဒီပ်ကျွန်း အဝန်းနှင့်အမျှ။ ဇယော၊ အောင်မြင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေ။ မန္တာ၊ အောင်မြင်စေကြောင်း မန္တန်ကောင်းသည်။ သုခါဝဟံ၊ချမ်းသာခြင်းကို ဆောင်ရွက်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ သီဝလိ စ၊ အရှင်သီဝလိမထေရ်မြတ်သည်လည်း။ မဟာနာမံ၊ မြင့်မြတ်သော အမည်တော်ရှိပါပေ၏။ တဿ ဘေရဿ၊ ထိုအရှင်သီဝလိ မထေရ်မြတ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ သဗ္ဗဟိကာ၊ ဗြဟ္မာမင်းနှင့်တကွကုန်သော။ ဇနာ ဒေဝါ၊ သိကြားနတ်တို့သည်လည်းကောင်း။ မနုဿပုရိသော-ဟ္ဠတ္ထိ၊ ယောကျ်ား, မိန်းမ မျိုးလူသောသူတို့သည်လည်းကောင်း။ မဟာလာဘံ၊ ကြီးစွာသော လာဘ်ရခြင်းသည်။ ဘဝိဿတိ-ဘဝိဿတု၊ ဖြစ်ပါစေသတည်း။

၅။ သီဝလိ စ၊ အရှင်သီဝလိမထေရ်သည်လည်း။ နာနာ ဝဏ် ဝဏ်၊ အထူးထူး အပြားပြား မျိုးမြတ်လှသော။ မဟာလာဘံ၊ ကြီးစွာသော လာဘ်လာဘကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ ပူဇိတံ၊ ပူဇော်အပ်သော။ ဣဒမ်ပိ၊ ဤသို့သဘောရှိသော လာဘ်ဟူသမျှကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ တဿ ထေရဿ၊ ထိုအရှင်သီဝလိ မထေရ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ မဟာသုခံ၊ ကြီးကျယ်သော စည်းစိမ်ချမ်းသာသည်။ ဘဝိဿတိ-ဘဝိဿတု၊ ဖြစ်ပါစေသတည်း။

၆။ သီဝလိ စ၊ အရှင်သီဝလိမထေရ်သည်လည်း။ နာနာ ဝဏ် ဝဏ်၊ အထူးထူး အပြားပြား မျိုးမြတ်လှသော။ မဟာလာဘံ၊ ကြီးစွာသော လာဘ်လာဘကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ ပူဇိတံ၊ ပူဇော်အပ်သော။ ဣဒမ်ပိ၊ ဤသို့သဘောရှိသော လာဘ်ဟူသမျှကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ တဿ ထေရဿ၊ ထိုအရှင်သီဝလိ မထေရ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ မဟာသုခံ၊ ကြီးကျယ်သော စည်းစိမ်ချမ်းသာသည်။ ဘဝိဿတိ-ဘဝိဿတု၊ ဖြစ်ပါစေသတည်း။

၇။ သီဝလိ စ၊ အရှင်သီဝလိမထေရ်သည်လည်း။ နာနာ ဝဏ် ဝဏ်၊ အထူးထူး အပြားပြား မျိုးမြတ်လှသော။ မဟာလာဘံ၊ ကြီးစွာသော လာဘ်လာဘကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ ပူဇိတံ၊ ပူဇော်အပ်သော။ ဣဒမ်ပိ၊ ဤသို့သဘောရှိသော လာဘ်ဟူသမျှကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ တဿ ထေရဿ၊ ထိုအရှင်သီဝလိ မထေရ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ မဟာသုခံ၊ ကြီးကျယ်သော စည်းစိမ်ချမ်းသာသည်။ ဘဝိဿတိ-ဘဝိဿတု၊ ဖြစ်ပါစေသတည်း။

၈။ မမ၊ တပည့်တော်အား။ ဘဝေ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၌။ ဝဏ္ဏံ၊ အဆင်းလှခြင်းသည်လည်းကောင်း။ ဒန္တံ၊ ယဉ်ကျေးသိမ်မွေ့ခြင်းသည်လည်းကောင်း။ သုခံ၊ ချမ်းသာခြင်းသည်လည်းကောင်း။ ကိတ္တိ စ၊ ကျော်စောခြင်းသည်လည်းကောင်း။ အနာမယံ၊ အနာကင်းခြင်းသည်လည်းကောင်း။ ဟောတု၊ ဖြစ်ပါစေသတည်း။ တဝ ရူက္ခေ၊ ဘုရားဂျင်တည်းဟူသော ပန်းပင်

ကြီးဦး။ ဒေဝဓိတာ၊ တရားတော်တည်းဟူသော နတ်သမီးသည်။ သမ္မကောဓံ၊ အလုံးစုံသော ရန်အမျက်ကို။ ဝိနာသတု၊ ဖျက်ဆီး၍ ပစ်နိုင်ပါစေသတည်း။

၇။ မဟာလာဘံ၊ များစွာသော လာဘ်ရိုးတော်မူသော။ သီဝလိ စ၊ အရှင်သီဝလိမထေရ်သည်ကား။ သမ္မလာဘံ၊ များမြတ်သော လာဘ်လာဘသည်။ ဘဝိဿတိ၊ ဖြစ်ပေါ်၍ လာရပေ၏။ ထေရဿ၊ အရှင်သီဝလိမ်ထေရ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ မမ၊ ဟပညွော်အား။ သဒါ၊ အခါခပ်သိမ်း။ ပိယံ၊ လူချစ်လူခင် ပေါများခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၈။ မဟာထေရော၊ များထေရ်မြတ်သည်ကား။ မဟာထေရော၊ ကြီးကျယ်သော မထေရ်မြတ်လည်း ဖြစ်တော်မူပါပေ၏။ ယေ ယေ၊ အကြင် အကြင် သူတို့ဘာည်။ မံ၊ အရှင်သီဝလိကို ကြည်ညိုသော တပည့်တော်ကို။ ပိယံ၊ သားရင်းပမာ ချစ်ခင်စွာ။ ပဿန္တု၊ မြင်ကြကုန်၏။ တေ တေ၊ ထိုထိုသူတို့သည်။ မံ၊ အလျှန်ပ်ကို။ ပိယံ၊ ချစ်ခင်စွာ။ ပဿန္တု၊ မြင်ကြစေကုန်သတည်း။ ဇနပဒါ၊ ဇနပုဒ်ဒေ လူအပေါင်းတို့သည်။ တံ၊ ထိုအရှင်သီဝလိကို။ ပူဇယန္တု၊ ပူဇော်ကြစေကုန်သတည်း။

၉။ မဟာထေရော၊ မထေရ်မြတ်ဖြစ်တော်မူသော။ သီဝလိ စ၊ အရှင်သီဝလိသည်လည်း။ မမ၊ တပည့်တော်၏။ သီသေ၊ ဦးခေါင်းပေါ်တွင် မြတ်ပလ္လင်၌။ ဌာတု၊ တည်ပါစေသတည်း။ ဌပေတွာန၊ ဟည်တော်မူ၍။ မန္တေဇဇယော-မန္တံ၊ တန်ခိုးစွမ်းမန္တန်, အောင်မြင်ရေးမန္တန်ကို ပေးတော်လော။ တံ၊ ထိုရှင်သီဝလိမထေရ်ကို။ အဟံ၊ ကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၀။ ဗေဝမနုဿပူဇိတော၊ နတ်လူတို့သည် ပူဇော်အပ်သော။ ပစ္စယာဒိနံ၊ ပစ္စည်းလေးပါး စသည်တို့ကို။ အရဟာ၊ အလျှူခံတော် မူထိုက်သော။ သော သီဝလိ မဟာထေရော စ၊ ထိုအရှင်သီဝလိမထေရ်မြတ်သည်လည်း။ မေ၊ အကျွန်ုပ်အား။ မဟာလာဘံ၊ ကြီးစွာသော လာဘ်ရခြင်းကို။ ကရောတု၊ ပြုတော်မူပါစေသတည်း။

ရှင်သီဝလိကား လာတ်အဆုဠ္ဍ ဧဘဒဂ်ဘွဲ့ရ၏။ သူ၏ လာဘ်ရမှုကို လူနတ်ဗြဟ္မာ ပရိသတ်သာမက ဗုဒ္ဓကပင် မှတ်ကျောက်တင်ပေးခဲ့သည်။ အထူးချစ်ခင်ကြ၏။

ထိုအရွှင့်ဂုဏ်ကို ရည်စူး၍ ရွတ်ဖတ်ရသော ဂါထာများကား လာဘ်ရဖို့ အခြေခံများပင်၊ ဘုန်းကျက်သရေ လာဘ်မိုးစေ့လိုသူသည် ဂါထာများကို နေ့စဉ်မပြတ် ရွတ်ဖတ်သင့်၏။ ရွတ်သမျှ အကျိုးခံစားရပေမည်။ အထူးသဖြင့် စီးပွားရေးကောင်း၊ ဆောင်းဝယ်ကောင်းလှုလေ၏။ လူချစ်လူခင်လည်း များပေသည်။ ပိယသီဒို, ဓနသီဒိုအကွက် အဆူးပွင့်သော ဟူ၏။

၂၂။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် (ပဋ္ဌာန်း ၂၄-ပစ္စည်း)

ဟေတုပစ္စယော, အာရမ္မဏပစ္စယော
အဓိပတိပစ္စယော အနန္တရပစ္စယော
သမနန္တရပစ္စယော, သဟဇာတပစ္စယော
အညမညပစ္စယော, နိဿယပစ္စယော
ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော
ကမ္မပစ္စယော, ဝိပါကပစ္စယော
အာဟာရပစ္စယော, ဣန္ဒြိယပစ္စယော
ဈာနပစ္စယော, မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော, နတ္ထိပစ္စယော
ဝိဂတပစ္စယော, အဝိဂတပစ္စယောတိ။

ပဋ္ဌာန်း ၂၄-ပစ္စည်း ပါဠိတော်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ခြင်းအားဖြင့် မျက်မှောက်ချက်ချင်း အခါမလင့် ကောင်းကျိုးများကို ရရှိနိုင်ပေသည်။

- ရင်ဆိုင် ကြုံတွေ့နေရသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို လွန်မြောက်နိုင်သည်။
- ကျွဆောက်လတ်တံ့သော ဘေးအန္တရာယ်တို့မှလည်း ကင်းလွတ်နိုင်သည်။
- အပြစ်ကင်း၍ ကောင်းကျိုးများသည့် ဆောင်ရွက်ချက် ကိစ္စအဝဝတို့ကို ပြီးစီးအောင်မြင်နိုင်သည်။

- အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် ကျူးလွန်ခြင်းကိုမှ ရှောင်နိုင်လဲနိုင်သည်။
- အချုပ်အားဖြင့် ဆောင်ရွက်သမျှ ကောင်းမြတ်သည့် ကိစ္စအဝဝတို့ကို ပြီးငြိမ်းအောင်မြင်နိုင်သည်။
- အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းစသည့် အကျိုးတရားများကို ရရှိနိုင်သည်။

ဤပဋ္ဌာန်း ၂၄-ပစ္စည်းကို မိမိအသက် အိုးအိမ် တိုက်တာ လုံခြုံရေးအတွက် အရေပ်ရှစ်မျက်နှာတွင် တစ်မျက်နှာလျှင် သုံးပစ္စည်းစီ စည်းချ၍ အရုံအတား ပြုကြသည်။ စည်းချထား၌ အရှေ့မြောက် (တနင်္္ဂနွေ) အရပ်မှ စ၍ လက်ယာရစ် လှည့်ပတ်ကာရုံပြီး အရှေ့မြောက်အရပ်တွင် ပြန်၍ စည်းကို သတ်ရမည်။ အရပ်ဆယ်မျက်နှာပြည့်အောင် အထက်အရပ် အောက်အရပ်တို့ကိုပါ စည်းချလိုလျှင် အထက်အရပ်အတွက် ၂၄-ပစ္စည်းလုံး ရွတ်ဆို၍ အောက်အရပ်အတွက်လည်း ၂၄-ပစ္စည်းလုံး ရွတ်ဆို၍ စည်းချရပါမည်။

ဆရာတော်ကြီး တစ်ပါးသည် မိမိကျောင်းတိုက်ကို ပဋ္ဌာန်း ၂၄-ပစ္စည်း ရွတ်ဆို၍ အမြဲစည်းချကာ အရုံအတား ပြုလေ့ရှိသည်။ တနေ့တွင် ခားပြများသည် ယင်းဆရာတော်ကြီးအား ပြန်ပေးဆွဲရန် အကြံဖြင့် ထမ်းစင်ပေါ် တင်၍ ပင့်ဆောင်ကြရာ အပေါက်ရှာမတွေ့သဖြင့် မိုးစင်စင်လင်းလာ၍ ဆရာတော်ကြီးကို ကန်တော့တောင်းပန်ကာ ပြန်သွားခဲ့ကြရသည်။ ဤဆို့စသည့် ကိုယ်တွေ့ဖြစ်ရပ် သာဓကများစွာ ပြောဆိုလျက် ရှိကြသည်။ လက်တွေ့ ရွတ်ဖတ်ပူဇော်မှသာ ရရှိနိုင်သော အကျိုးများဖြစ်၍ လက်တွေ့များများ ရွတ်ဖတ်ပူဇော်သင့်ကြပေသည်။

၂၃။ စက်ဝန်းပရိတ်ခေါ် အရပ်ဆယ်မျက်နှာ ဂြိုဟ်ရှစ်လုံး စည်းချဂါထာများ

အရှေ့မြောက် (တနင်္္ဂနွေ)	(က) သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရွေ့ (တနလ်ာ)

(၁) သမ္မေ ဗုဒ္ဓါ ဓမ္မပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယော ခေမော။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရွှေတောင် (အင်္ဂါ)

(၇) သမ္မေ ဗုဒ္ဓါ ဇိနပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယော ဇိနော။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တောင် (ဗုဒ္ဓဟူး)

(ဃ) သမ္မေ ဗုဒ္ဓါ လောဘပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယော လောဘော။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်တောင် (စနေ)

(c) သမ္မေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယော တေဇော။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက် (ကြာသပတေး)

(စ) သမ္မေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယံ ဗလံ။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်မြောက် (ရာဟု)

(ဆ) သမ္မေ ဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယော ယသော။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

မြောက် (သောကြာ)

(ဇ) သမ္မေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနဉ္ဆ ယာ သိရီ။
အရဟန္တောနဉ္ဆ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရွှေပြောက်
(တနှုတ်ခွန်း)

(ဈ) သမ္မေ ဗုဒ္ဓါ ဂ္ဂဒ္ဒိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဂ္ဂဒ္ဒိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အထက်အရပ်

(ည) သမ္မေ ဗုဒ္ဓါ စျာနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ စျာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အောက်အရပ်

(ဋ္ဌ) သမ္မေ ဗုဒ္ဓါ နိဗ္ဗုတ္တာ၊
ပစ္စေကာနဉ္စ ယံ နိဗ္ဗုံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(က) ဂ္ဂဒ္ဒိပ္ပတ္တာ၊ အထွေထွေအမျိုးမျိုး ပြီးစီးအောင်မြင်သော တန်ခိုးသို့ ရောက်ကုန်ပြီးသော။ သမ္မေ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ စ၊ ဘုရားရှင်တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ လည်းကောင်း။ ယာ ဂ္ဂဒ္ဒိ၊ အကြင်တန်ခိုးသည်။ (အတ္ထိ၊ ရှိ၏။ တာယ ဂ္ဂဒ္ဒိယာ စ၊ ထိုတန်ခိုးတော်အားဖြင့်လည်းကောင်း။) အရဟန္တာနဉ္စ၊ ရဟန္တာသခင် အရှင်မြတ်တို့၏။ တေဇေန၊ ထက်မြက်တေဇော် အာနုဘော်တော်အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ အခါခပ်သိမ်း။ ရက္ခံ၊ အကာအကွယ် အစောင့်အရှောက်ကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ အနှံ့ရယ်ပေါင်းစုံ ဘေးရန်လုံအောင် အာရုံယူမှတ်မျော်မှန်းလတ်၍ စည်းကြပ်ရံကာ ပွဲထားပါ၏။ (သမ္မေ ဗုဒ္ဓါ ဂ္ဂဒ္ဒိပတ္တာ-ကို ဆင်ခြင်အာနက်၌ ပထမဈာန်တော်ကြွ၍ အနက်ပြန်ထားသည်။)

(ခ) ခေမပ္ပတ္တာ၊ ချမ်းသာအေးမြ ဘေးမခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယော ခေမော၊ အကြင်ချမ်းသာအေးမြ ဘေးမခြင်းသည်။

(ဂ) ဇိနပ္ပတ္တာ၊ အောင်မြင်ခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယော ဇိနော၊ အကြင်အောင်မြင်တော်မူခြင်းသည်။

(ဃ) လာဘပ္ပတ္တာ၊ လာဘ်ပေါများခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယော လောဘော၊ အကြင်လာဘ်ပေါများခြင်းသည်။

(ဌ) တေဇပ္ပတ္တာ၊ တန်ခိုးတေဇော် အာနုဘော်နှင့် ပြည့်စုံတော်မူခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယော တေဇော၊ အကြင်တန်ခိုးတေဇော် အာနုဘော်သည်။

(စ) ဗလပပ္ဘာ၊ ကိုယ်အားညာဏ်အား ထိုနှစ်ပါးနှင့် ထင်ရှားကုံလုံပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယံ ဗလံ၊ အကြင်စွမ်းအားရှိနိုစော် အာနုဘော်သည်။

(ဆ) ယသပပ္ဘာ၊ အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော်မူခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယော ယသော၊ အကြင်ကျော်စောခြင်းသည်။

(ဇ) သ်ရိပပ္ဘာ၊ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တည်းဟူသော အသရေနှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယာ သိရီ၊ အကြင် အသရေတော်သည်။

(စျ) အရွှေမြောက်(တနင်္ဂနွေ)အနက် ရွှေနှင့် တူပြီ။

(ည) စျာနပပ္ဘာ၊ စျာန်သမာပတ်နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ပြီးသော ။ပ။ ယံ စျာနံ၊ အကြင်စျာန်သမာပတ်သည်။

(ဋ္ဌ) နိစ္စပပ္ဘာ၊ အမြဲတည်ရှိ သန္ဠိလက္ခဏာ ပြည်ခေမာသို့ ရောက်တော်မူကုန်ပြီးသော။ပ။ ယံ နိစ္စံ၊ အကြင်အမြဲတည်ရှိ သန္ဠိလက္ခဏာ ပြည်ခေမာသည်။

[အထက်၌ သိလောက်၍ မြွက်ထားခဲ့သော အနက်များကို ဖော်ဆိုပါ?လေ။]

ဤစကားဝန်းပရိတ်များကို ရွတ်ဆို၍ စည်းချထွာ၌ အရွှေမြောက်(တနင်္ဂနွေ) အရပ်မှ စ၍ လက်ယာရစ် ဂိုဟ်စဉ်အတိုင်း စည်းချပြီး ၎င်းအရွှေမြောက် (တနင်္ဂနွေ)အရပ်တွင် ပြန်၍ စည်းကို သတ်ရမည်။ သုံးကြိမ်သုံးတန် ကာရံနိုင်လျှင် ပို၍ လုံခြုံမှုရှိသည်။ ရွတ်ဆိုသည့်အခါ ထို၍သော်လည်းကောင်း, ဆိုင်ထာအရပ်မျက်နှာသို့ မျက်နှာမူ၍သော်လည်းကောင်း, မျက်နှာမမူဘဲ အာရုံပြု၍သော်လည်းကောင်း ရွတ်ဆိုနိုင်သည်။

ဤ ဂါထာများဖြင့် စည်းချခြင်းသည် ဘုရားရဟန္တာတို့၏ ထက်မြက်စူးရှသော တန်ခိုးတေဇော် အာနုဘော် အရှိန်အဝါကို ယူထားခြင်း ဖြစ်သည်။ ယင်းအရှိန်အဝါများကြောင့် အရပ်မျက်နှာ အသီးသီးမှ ဘေးအန္တရာယ် အမျိုးမျိုးတို့ မကျရောက်နိုင်ဘဲ လုံခြုံမှုရှိသည်။

[အရပ်ရွစ်မျက်နှာ စည်းချထွာ၌ အရပ်(၁၀)မျက်နှာ စည်းချဂါထာများအနက် အထက်အရပ်နှင့် အောက်အရပ် စည်းချပုံ နှစ်ဂါထာ ချန်လှပ်၍ ကျန်ရွစ်ဂါထာကို အရပ်ရွစ်မျက်နှာ စည်းချဂါထာအဖြစ် အသုံးပြုရမည်။ စည်းချနည်းမှာ ပြခဲ့သော ဗအရပ် (၁၀)မျက်နှာ စည်းချနည်းအတိုင်း နည်းမှီး၍ ချပါ။ အထက်အရပ်နှင့် အောက်အရပ် ၂-ခု မပါခြင်းသာ ထူးသည်။]

၂၄။ အတွင်းစည်းချ သိရသို့ ဂါထာတော်ကြီး

၁။ သိရသို့ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏော။
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋ္ဌကတ္တယံ။

၂။ ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာ စ၊ ဂ္ဟန္ဒာ ဒေဝါ သဗြဟ္မကာ။

၃။ ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

၁။ ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်သည်။ မေ၊ တပည့်တော် (တပည့်တော်မ) ၏။ သိရသို့ ၊ ဦးခေါင်းထက်၌။ တိဋ္ဌတု၊ ရှင်ပျော်နှလုံး သီတင်းသုံးတော်မူပါစေသတည်း။ သာရိပုတ္တော စ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်လည်း။ မေ၊ တပည့်တော်၏။ ဒက္ခိဏော၊ လက်ယာမခုံး၌။ တိဋ္ဌတု၊ ရပ်တည်သီတင်းသုံးတော်မူပါစေသတည်း။ မောဂ္ဂလ္လာနော၊ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးသည်။ မေ၊ တပည့်တော်၏။ ဝါမအံသေ၊ လက်ဝဲပခုံးထက်၌။ တိဋ္ဌတု၊ ရပ်တည် သီတင်းသုံးတော်မူပါစေသတည်း။ ပိဋ္ဌကတ္တယံ၊ ပိဋ္ဌကသုံးတန် ဓမ္မကျွန်သည်။ မေ၊ တပည့်တော်၏။ ပုရတော၊ မျက်နှာမူလတ် အရှေ့အရပ်၌။ တိဋ္ဌတု၊ စံပယ်ကိန်းဝပ် ရပ်တည်နေပါစေသတည်း။

၂။ အာနန္ဒော၊ အရှင်အာနန္ဒာ မထေရ်မြတ်ကြီးသည်။ မေ၊ တပည့်တော်၏။ ပစ္ဆိမေ၊ မျက်နှာကွယ်ထား နောက်ရပ်ပါး၌။ တိဋ္ဌတု၊ ရပ်တည်သီတင်းသုံးတော်မူပါစေသား။ ခီဏာသဝါ၊ ရဟန္တာအရှင်မြတ်ကြီးတို့သည်။ မမ၊ တပည့်တော်၏။ စတုဒ္ဒိသာ၊ ခန္ဓာတည်ရာ အရပ်လေးမျက်နှာတို့၌။ တိဋ္ဌန္တု၊ ရပ်တည်နေကြပါစေသား။ သဗြဟ္မကာ၊ ဗြဟ္မာအပေါင်းတို့နှင့်တကွ ဖြစ်ကုန်သော။ ဂ္ဂန္ဒာ ဒေဝါ စ၊ သိကြားနတ်အပေါင်းတို့သည်လည်းကောင်း။ လောကပါလာ စ၊ လောကစောင့်ကြပ် နတ်မြတ်အပေါင်းတို့သည် လည်းကောင်း။ မမ၊ အကျွန်ုပ်၏။ သမန္တာ၊ ထက်ဝန်းကျင် ပတ်ပတ်လည်တို့၌။ တိဋ္ဌန္တု၊ နှလုံးရှင်ပျ ရပ်တည်နေကြပါစေသား။

၃။ ဧတေသံ၊ ထိုရတနာသုံးပါး နတ်သိကြား ဗြဟ္မာအပေါင်းတို့၏။ အာနုဘာဝေန၊ ရှိန်ဝါတန်ခိုး စွမ်းရည်အမျိုးမျိုးကြောင့်။ သဗ္ဗေ၊ ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော။ ဘယဥပဒ္ဒဝါ၊ ဘေးဥပဒ်တို့သည်လည်းကောင်း။

အနေကအန္တရာယဘပိ၊ တစ်ပါးမက များလှကုန်သော ကပ်အန္တရာယ် အဆုယ်သုယ်တို့သည် လည်းကောင်း။ အသေသတော၊ ကြွင်းကျန်မရှိ ပကတိ အားဖြင့်။ ဝိနာသန္တု၊ ပိန်းကြာဖက်တွင် ရေမတင်သို့ ကင်းစင်လွှင့်ပျောက်ကြပါစေကုန်သတည်း။

[ဤဂါထာတော်ကြီးကို သူတပါးအတွက်၊ သို့မဟုတ် လူမမာအတွက် ရွတ်ဆိုလျှင် (မေ)ကို (တေ)၊ (မမ)ကို (တဝ)ဟု ပြင်ရွတ်ပါ။ (တေ၊ သင်၏။) (တဝ၊ သင်၏။)။]

ဤသိရသို့ ဂါထာတော်များသည် ဘုရား, တရားနှင့် ရဟန္တာများကို မိမိကိုယ်ခန္ဓာ အစိတ်အပိုင်းများပေါ် သို့ ကြွရောက်သီတင်းသုံးရန် ပင့်ဖိတ်၍ နိုးနိုးကပ်ကပ် ပူဇော်ထားပြီး ထို့ဘုရား, တရားနှင့် ရဟန္တာတို့၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် ဘေးအန္တရာယ် အမျိုးမျိုး ကင်းစင် လွှင့်ပျောက်ရန် ဆုတောင်းရွတ်ဆိုသော ဂါထာများဖြစ်သည်။ ဤဂါထာများကို အတွင်းစည်းချ ဂါထာများအဖြစ် အသုံးပြုခဲ့ကြသည်။

ဤဂါထာများ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အရပ်လေးမျက်နှာမှ ဘေးအန္တရာယ်များ မကပ်ရောက်နိုင်ဘဲ ဘေး ၁၆-ပါး၊ ဥပဒ္ဒဝေါ ၂၅-ပါး၊ ကံကြမ္မာဆိုး ၃၂-ပါးတို့မှ လွတ်မြောက်နိုင်သည်။ ရှေးဆရာ အစဉ်အဆက်တို့သည် ဤဂါထာများကို ကာယသိဒ္ဓိ ပိယသိဒ္ဓိ ဓနသိဒ္ဓိ စသော သိဒ္ဓိအမျိုးမျိုးအတွက် အသုံးပြုခဲ့ကြရကြောင်း အစဉ်အလာ မှတ်တမ်းများအရ သိရှိရသည်။ ဘုရား, တရားနှင့် ရဟန္တာ အရှင်မြတ်ကြီးတို့၏ ဂုဏ်တော်ကို သက်ဝင်ယုံကြည်ပြီး လေးစားစွာ ရွတ်ဖတ်ပူဇော်လျှင် လောကီအကျိုး အမျိုးမျိုးသာမက လောကုတ္တရာအကျိုး ကျေးဇူးများကိုပါ ရရှိခံစားနိုင်ပေသည်။

၂၅။ မြစ်ကူးခေျာင်းခြားခရီးသွား အန္တရာယ်ကင်းဂါထာ (၃)ပုဒ်

ဗုဒ္ဓဂုဏ်တော်

(၁) ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားရှင်သည်။ ဟဝေ၊ စင်စင်ကေန်အမှန်ပင်။ ဘဝသောတံ၊ ဘဝဘည်းဟူသော သံသရာရေလျှဉ်ကို။ တိဏ္ဏော၊ ကူးမြောက်တော်မူလေပြီ။ လောကန္တဂူ၊ လောကဆုံးရာ နိဗ္ဗာန်သို့လည်း ရောက်တော်မူလေပြီ။ ဝိဒူ၊ တရားအလုံးစုံကိုလည်း သိမ်းကျုံးကုန်စင် သိမြင်တော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော ဝစီသစ္စာကြောင့်။ မေ၊ ဘုရားတပည့်တော်၏။

ဂမနံ၊ ခရီးသွားခြင်းသည်။ သမိဗ္ဗတု၊ ဘေးရန်မနှောင့် ကြောင့်ကြမဝင် အောင်မြင်ပြီးပြည့်စုံပါစေသတည်း။

ဝမဂဏ်တော်

(၂) ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္ဆန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဗ္ဗတု။

မဂ္ဂေါ၊ လောကုတ္တရာတရား မဂ်လေးပါးသည်။ ယဒိ၊ စင်စစ်ကေန် အမှန်ပင်။ သန္တိဂမော၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်ပါပေ၏။ မောက္ခော စ၊ နိဗ္ဗာန်တရားမြတ်သည်လည်း။ အစ္ဆန္တိကံ သုခံ၊ ချမ်းသာစစ် ချမ်းသာမှန်ကြီး ဖြစ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန။ ဤမှန်ကန်သော ဝစီသစ္စာကြောင့်။ မေ၊ ဘုရားတပည့်တော်၏။ ဂမနံ၊ ခရီးသွားခြင်းသည်။ သမိဗ္ဗတု၊ ပြည့်စုံပါစေသတည်း။

သံဃဂုဏ်တော်

(၃) သံဃော ဧဝ တိဏ္ဏကန္တာရော၊ ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဗ္ဗတု။

သံဃော၊ အရိယာသံဃာတော်အပေါင်းသည်။ ဧဝ၊ စင်စစ်ကေန် အမှန်ပင်။ တိဏ္ဏကန္တာရော၊ သံသရာခရီးကြမ်းကို တက်လှမ်းကူးမြောက်တော်မူနိုင်ပါပေ၏။ အနုတ္တရော၊ ဒုးတုမရှိမြင့်မြတ်တော်မူသော။ ပုညက္ခေတ္တော၊ ကုသိုလ်စေ့မျိုး ဖွံ့သန်ဖြိုးအောင် စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော် မူပါပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော ဝစီသစ္စာကြောင့်။ မေ၊ ဘုရားတပည့်တော်၏။ ဂမနံ၊ ခရီးသွားခြင်းသည်။ သမိဗ္ဗတု၊ ပြည့်စုံပါစေသတည်း။

မဟာကပ္ပိနမင်းကြီးသည် ထီးနန်းကို စွန့်၍ ကုက္ကုဠဝတီ နေပြည်တော်မှ ရတနာသုံးပါးပွင့်ထွန်းရာ သာဝတ္ထိမြို့သို့ အမတ်တစ်ထောင်နှင့်အတူ မြင်းကိုယ်စီ စီး၍ ထွက်ခဲ့ကြစဉ် လမ်းခရီး၌ "အပရစ္ဆာမြစ်၊ နိလဝါဟိနီမြစ်၊ စန္ဒဘာဂါမြစ်" ဟူသော မြစ်သုံးစင်းကို တွေ့ကြသည်။

မြစ်သုံးစင်း ဖြတ်ကူးရန် လှေ ဖောင်များရှာနေလျှင် အိုဘေး နာဘေး သေဘေးတို့ အမြန်ပိယာက်နေသဖြင့် မိမိတို့ အသက်ခန္ဓာအတွက် စိတ်မချရ သောကြောင့် ဘုရားဂုဏ်တော်ကို အာရုံပြုပြီး "ဘဝသောတံ ဟဝေ ဗုဒ္ဓေါ" စသော ပထမဂါထာကို ရွတ်ဆို၍ မြင်းကိုယ်စီ စီးလျက် "အပရစ္ဆာ"မြစ်ကို ကူးဖြတ်ကြသည်။

တရားဂုဏ်တော်ကို အာရုံပြု၍ "ယဒိ သန္တိဂမော မဂ္ဂေါ" စသော ဒုတိယ ဂါထာကို ရွတ်ဆိုပူဇော်ပြီး "နိလဝါဟိန်" မြစ်ကို ကူးဖြတ်ကြသည်။

သံဃာဂုဏ်တော်ကို အာရုံပြု၍ "သံဃော ဝေ တိဏ္ဏကန္တာရော" စသော တတိယဂါထာကို ရွတ်ဆိုပူဇော်ပြီး "စန္ဒဘာဂါ" မြစ်ကို ကူးဖြတ်ကြသည်။

ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ကြောင့် ကျောက်ဖျာပေါ် ကူးဖြတ်ရ သကဲ့သို့ မြင်းများ၏ ခွါကိုပင် ရေမစုတ်ဘဲ လိုရာ တစ်ဖက်ကမ်းသို့ ချောမောစွာ ကူးဖြတ်နိုင်ခဲ့ကြသည်။

ဤသည့်ထုံးကို နှလုံးမူ၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အများစုသည် ယခုအခါ ကုန်းကြောင်း ရေကြောင်း လေကြောင်းဖြင့် ခရီးသွားကြရာ၌ ယင်းဂါထာ သုံးပုဒ်ကို အမြဲမပြတ် ရွတ်ဖတ်သွားလာကြသည်။ ရွတ်ဖတ်ကြသူတိုင်းလည်း ခရီးစဉ်ချောမွေ့၍ လိုရာ ခရီးပန်းတိုင်သို့ ရောက်ရှိခဲ့ကြကြောင်း လက်တွေ့ဖြစ်ရပ် သာဓကများကို ပြောဆိုလျက် ရှိကြသည်။

စင်စစ်အားဖြင့် ဤဂါထာသုံးပုဒ်သည် ဘုရား တရား သံဃာ ရတနာသုံးပါး ဂုဏ်တော်မျာ်းကို မြဆိုထားသဖြင့် ဂုဏ်တော်ကို အာရုံပြု၍ လေးလေးနက်နက် ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ပါက ပကတိသွားရာခရီးလမ်းကြောင်း ချောမွေ့ ရုံမျှမက မင်္ဂိုလ်နိဗ္ဗာန် ခရီးအထိ ချောမွေ့နိုင်ကြောင်း မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့က လက်တွေ့ပြလျက် ရှိပေသည်။

၂၆။ ခလုတ်မတိ ဆူးမငြိနိုင်သောဂါထာ

ပါသာဏာ သက္ခရာ စေဝ၊ ကထလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

လောကနာယကေ၊ လောကထွက်ထား မြတ်စွာဘုရားသည်။ ဂစ္ဆန္တေ၊ ထိုထို ဤဤ ဒေသစာရီ ကြွချီတော်မူလတ်သော်။ ပါသာဏာ စေဝ၊ ကျောက်လွှာ ကျောက်ချပ်တို့သည်လည်းကောင်း။ သက္ခရာ စ၊ ကျောက်စရစ်ခဲတို့သည် လည်းကောင်း။ ကထလာ စ၊ အိုးခြမ်းကဲ့ အိုးခြမ်းပဲ့ အစအနတို့သည် လည်းကောင်း။ ခါဏုကဏ္ဋကာ စ၊ သစ်ငုတ်ဆူးငြောင့်တို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံသော ထိခိုက်ရန်ဖွယ် မှန်သမျှတို့သည်။ မဂ္ဂါ၊ ရှင်တော်ဘုရား

ကြလာရုလမ်းမှ။ ဝိဝဇ္ဇန်၊ တိမ်းရှောင်ဖယ်ရှား ကြလေကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်၏။ ဂမနံ၊ ဘွားလာရခြင်းသည်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

ဤဂါထာတော်အရ ဘုရားရှင် ကြုရာလမ်းမှ ကျောက်ချပ် ကျောက်လှာ ကျောက်စရစ် အိုးခြမ်း ဆူးငြောင့် ခလုတ်စသည့် အနှောင့်အယှက်ဟူသမျှတို့ ရှောင်ကွင်းသွားကြခြင်းသည် ဘုရားရှင်၏ ပါရမီတော် ကံတော်တို့၏ အစွမ်းသတ္တိကြောင့် ဖြစ်သည်။ ယင်းသို့ ဖြစ်သည်ကို နှုတ်မြွက်၍ သစ္စာပြုပါက ဗိမိသွားလေရာရာ၌ ခလုတ်မထိ ဆူးမငြိဘဲ လိုရာခရီး ချောမောစွာ ရောက်ရှိနိုင်သည်။ မိမိတို့ စားဝတ်နေရေးအတွက် အမြဲသွားလာ လှုပ်ရှားနေကြရာ၌ ခရီးစဉ်ချောမောအောင် အမြဲရွတ်ဖတ်ပူဇော်သင့်ကြသည်။

၂၇။ သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သမ္ဗဒါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပရူပက္ကမေန၊ သူတပါးတို့၏ လုံလပယောဂဖြင့်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ (ဝါ) အသက်မှ။ ယံ ဝေါရောပေယျ၊ အကြင် ချုရာ၏ (ဝါ) သတ်ရာ၏။ ဧတံ၊ ဤသို့ သူတပါးတို့ လုံလပယောဂဖြင့် အသက်ကို ချုခြင်း, အသတ်ခံရခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတာ၊ ဘုရားရှင်တို့မည်သည်။ အနုပက္ကမေန၊ သူတပါးတို့ လုံလပယောဂ မရှိပါဘဲ (လုပ်ကြံ သတ်ဖြတ်ခံရခြင်းမှ ကင်းလျက်)။ ပရိနိဗ္ဗာယန္တိ၊ အလိုလိုသာ ပရိနိဗ္ဗာန်ပြုတော်မူကြရကုန်၏။

ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော သစ္စာစကားကြောင့်။ သမ္ဗဒါ၊ အခါခပ်သိမ်း။ မေ၊ အကျွန်ုပ်အား (ဝါ) အကျွန်ုပ်တို့ မိသားစုအား။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

[သူတပါးအတွက် ဖြစ်လျှင် (မေ) အစား (တေ၊ သင့်အား (ဝါ) သင်တို့ မိသားစုအား) ဟု ပြောင်း၍ ဆိုပါ။]

ဤ"အင္ဒသနမေတံ" စသော ပါဠိတော်သည် ဝိနည်းစူဠဝါပါဠိတော် သံဃ-ဘေဒက္ခန္ဓကဋ္ဌ လာသော ပါဠိတော်ဖြစ်သည်။ ဝတ်ရွတ်စဉ် စာအုပ်အချို့၌ "သက်တော်မြဂါထာ"ဟု အမည်ပေးထားသည်။

ရှင်ဒေဝဒတ်သည် ဘုရားရှင်အား သူကိုယ်တိုင်လုပ်ကြံရန် ဂိဇ္ဈကူဋ်တောင်သို့ တက်၍ ကျောက်မောင်းဆင်ကာ ကျောက်တုံးကြီးတစ်လုံးကို လှိမ့်ချလိုက်သည်။ မြတ်စွာဘုရားရှင်၏ အတုမရှိသော ဘုန်းကံပါရမီတော်ကြောင့် ကျောက်ဝုတ်ကြီးနှစ်ခု ပေါ်ထွက်လာကာ လက်ချင်း ယှက်သလို ထိုးခံလိုက်သည့်အတွက် ဘုရားရှင်မှာ ကျောက်တုံးပိသည့်ဘေးမှ လွတ်တော်မူခဲ့သည်။ သို့သော် ကျောက်တုံးကြီးမှ ပဲ့စင်ထွက်လာသည့် ကျောက်ခဲ့ပ်ငယ် တစ်ခုသည် ခြေမတော်ကို ထိမှန်၍ သွေးခြည်ဥ သွားသည်။

ထိုသတင်းသည် ရာဇဂြိုဟ်တစ်မြို့လုံး တမုဟုတ်ချင်း ပျံ့နှံ့သွားရာ ဘုရားရှင်၏ အသက်တော် လုံခြုံရေးအတွက် ရဟန်းတော်များ ဘုရားရှင်ကျောင်းဘော်ကို ဝိုင်းရံလျက် ရှိကြသည်။ ရဟန်းတော်များသည် ပရိတ်များ ရွတ်ဖတ်ကြသည်။ ထိုအသံကို ဘုရားရှင်ကြားတော်မူသဖြင့် အရှင်အာနန္ဒာအား မေးတော်မူရာ အကြောင်းစုံ သိတော်မူ၍ ရဟန်းတော်များအား "အင္ဒသနမေတံ"စသော ပါဠိတော်ကို မိန့်တော်မူသည်။

"ချစ်သားရဟန်းတို့....ဘုရားမျှင်တို့မည်သည် သူတပါးလုံလပယောဂကြောင့် ပရိနိဗ္ဗာန်စံရခြင်း (သေရခြင်း) ထုံးစံ မရှိ၊ ချစ်သားရဟန်းတို့.... ဘုရားရှင်တို့မည်သည် သူတပါး ပယောဂမပါဘဲ အလိုလိုသာလျှင် ပရိနိဗ္ဗာန်စံရမြဲ ဖြစ်သည်"ဟု-

မိန့်တော်မူသည်။

ရဟန်းတော်များလည်း ဘုရားရှင် ဤကဲ့သို့ မိန့်တော်မူလိုက်မှ ယုံကြည်စိတ်ချကာ ဘုရားရှင်ကို ကန်တော့၍ မိမိတို့နေရာအသီးသီးသို့ ပြန်ကြကြသည်။

ဤကဲ့သို့ ဘုရားရှင်၏ ထူးခြားသော ဂုဏ်တော်ကို အာရုံပြု၍ ရွတ်ဖတ်ပူဇော်သူများ သစ္စာဆိုခြင်းဖြင့် မိမိတို့ အသက်အန္တရာယ်အတွက် အကာအကွယ် ပြုခဲ့ကြသည်။

အထူးအားဖြင့် ဤပါဠိတော်သည် သေချိန်မကျရောက်သေးဘဲနှင့် သေရခြင်း (ဥပစ္ဆေဒကမရဏ)ဘေးဆိုးမှ လွတ်ရန်အတွက် အလွန်အားကိုးလောက်သော ပါဠိတော်ကြီး ဖြစ်သည်။

စင်စစ်အားဖြင့် ဤပါဠိတော်ကို ယုံကြည်စွာ ရွတ်ဖတ်ပူဇော်သူများ လေယာဉ်ပျံပျက်ကျရာ ဒေသဘေးမှ လွတ်ခဲ့ပုံ၊ မိမိအပေါ် မကောင်းကြံသူ

များသည် သူဒဏ် သူခံရပုံ၊ စားဝတ်နေရေး ဘဝရပ်တည်မှုအားလုံးအဆင်ပြေပုံ၊ ဘေးအန္တရာယ်အမျိုးမျိုးကင်းပုံ စသည်ဖြင့် ကိုယ်စီတွဖြစ်ရပ်တွေ များစွာရှိသည်။

စံမြစ်စာ ရွတ်ဖတ်ပူဇော်ပါက ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာများ တစ်နေ့တခြား တိုးတက်လာသည်ကို ပြော၍ မကုန်နိုင်အောင် လက်တွေ့ခံစားကြရပါလိမ့်မည်။ သို့အတွက် အမြဲဝတ်ထား၍ စံမြစ်စာ ရွတ်ဖတ်ပူဇော်သင့်ကြသည်။

၂၀။ အန္တရာယ်မပြုနိုင်သော ဂုဏ်တော် ၄-ပါး

(၁) ဗုဒ္ဓါနံ ဇီဝိကာဃာ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၂) ဗုဒ္ဓါနံ သဗ္ဗညုတညာဏာဃာ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၃) ဗုဒ္ဓါနံ ဥဒ္ဓိဃာ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၄) ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသလက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနဉ္စ ဗျာမပဘာဒိရံသိနဉ္စ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

(၁) ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဇီဝိတဿ၊ အသက်၏။ ကေနစိ၊ ထစုံတယောက်သော သူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အတွက် (ဝါ) အကျွန်ုပ်တို့မိသားစုအတွက်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၂) ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သဗ္ဗညုတညာဏာဃာ၊ သဗ္ဗညုတညာဏ်တော်၏။ ကေနစိ၊ တစုံတယောက်သော သူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အတွက် (ဝါ) အကျွန်ုပ်တို့ မိသားစုအတွက်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၃) ဗုဒ္ဓါနံ၊ ဥဒ္ဓိဃာ၊ အဘိဟဋ္ဌာနံ၊ စတုန္နံ ပစ္စယာနံ၊ ရည်မှန်း၍။ အဘိဟဋ္ဌာနံ၊ ယူဆောင်လာကုန်သော။ စတုန္နံ ပစ္စယာနံ၊ ပစ္စည်းလေးပါးတို့၏။ ကေနစိ၊ တစုံတယောက်သော သူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အတွက် (ဝါ) အကျွန်ုပ်တို့မိသားစုအတွက်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၄) ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏အဘွက်။ ဥဒ္ဓိဃာ၊ ရည်မှန်း၍။ အဘိဟဋ္ဌာနံ၊ ယူဆောင်လာကုန်သော။ စတုန္နံ ပစ္စ'ယာနံ၊ ပစ္စည်းလေးပါးတို့၏။ ကေနစိ၊ တစုံတယောက်သော သူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အတွက် (ဝါ) အကျွန်ုပ်တို့မိသားစုအတွက်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၄) ဗုဒ္ဓါနုံ၊ ဘုရားရှင်တို့၏။ ဒုတ္တိ ံသ မဟာပုရိသလက္ခဏာနဉ္စ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့၏ လည်းကောင်း။ အာသီတိယာ၊ ရှစ်ဆယ်သော။ အနုဗျဉ္ဇနာနဉ္စ၊ လက္ခဏာဝေါဟာရတို့၏ လည်းကောင်း။ ဗျာမပဘာဒိရုံသိနဉ္စ၊ အမြဲတစ်လံမျှလောက် ထွက်သော ရောင်ခြည်တော်ခြောက်သွယ် စသည်တို့၏လည်းကောင်း။ ကေနစိ၊ တစုံတယောက်သော သူသည်။ အန္တရာယေ၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အတွက် (ဝါ) အကျွန်ုပ်တို့မိသားစုအတွက်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤဂုဏ်တော်လေးပုဒ်သည် ဘုရားရှင်တို့အတွက် ထူးခြားသော ဂုဏ်တော်များဖြစ်သည်။ ဘုရားရှင်တို့၏ အသက်, အသိဉာဏ်, ရည်ရွယ်ပြီး ပစ္စည်းနှင့် လက္ခဏာတော်ကြီးငယ် အမြဲ တစ်လံမျှထွက်သော ရောင်ခြည်တော်တို့ကို တစုံတယောက်သော လူနတ်ဗြဟ္မာ သတ္တဝါမျှ အန္တရာယ် မပြုနိုင်ပုံပြသော ဂုဏ်တော်များ ဖြစ်သည်။

ယင်းဂုဏ်တော်လေးပါးကို အာရုံပြု၍ မိမိနှင့်တကွ မိမိ မိသားစု အသက်အန္တရာယ်ကင်း၍ အသက်ရှည်ရန်အတွက် အမှတ်(၁)ဂုဏ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။

မိမိတို့ အကြံဉာဏ်လွဲမှားမှု မရှိစေရေးအတွက် အမှတ်(၂)ဂုဏ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။

မိမိ ရသင့်ရထိုက်သော စည်းစိမ်ဥစ္စာ ရတနာများ တစုံတယောက် အနှောင့်အယှက်မပြုနိုင်အောင် အမှတ်(၃)ဂုဏ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။

မိမိ၏ လက်ခြေအင်္ဂါ ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့၏ စွမ်းရည်သတ္တိများ ထက်မြက်မှုမရှိအောင် ဟန့်တားနှောင့်ယှက်မှုမှ ကင်းဝေးစေရန် အမှတ်(၄) ဂုဏ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။

၂၉။ အာဝေဏိကဂုဏ်တော် ၁၈-ပါး

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

(၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

(၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

ကာမေဟိ တီဟိ မဉ္ဇေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—

(၄) သတ္ထံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ။
(၅) သတ္ထံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
(၆) သတ္ထံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတာသ ပုဒ္ဓသ ဘဂဝတော—
(၇) နတ္ထိ ဆန္ဒသ ဟာနိ။
(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
(၉) နတ္ထိ ဝိရိယသ ဟာနိ။
(၁၀) နတ္ထိ သမာဓိသ ဟာနိ။
(၁၁) နတ္ထိ ဝိပသ္သနာယ ဟာနိ။
(၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ။
ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတာသ ပုဒ္ဓသ ဘဂဝတော—
(၁၃) နတ္ထိ ဒဝါ။
(၁၄) နတ္ထိ ရတ္တိ။
(၁၅) နတ္ထိ အာပဒ္ဒုံ။
(၁၆) နတ္ထိ ဝေဂါယိတတ္တံ။
(၁၇) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။
(၁၈) နတ္ထိ အဉ္ဉာဏသဟိ ဓမ္မေဟိ သမန္နာဂတာသ ပုဒ္ဓသ ဘဂဝတော နမော သတ္တာန်ံ သမ္မာသမ္ဗုဒ္ဓါနံ။

ဥပေတေ ပုဒ္ဓဓမ္မေဟိ၊ အဉ္ဉာရသဟိ နာယကေ။
ပန္နေတေ တေန သင်္ခေန၊ ဟောတု မေ ဇယမင်္ဂလံ။

ပုဒ္ဓသ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဉာဏ်၊ ဉာဏ်တော်သည်။ အတီတ်သေ၊ အတိတ်ကာလအဖို့၌။ အပ္ပဋိဟတံ၊ အတားအဆီးမရှိ။

ပုဒ္ဓသ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဉာဏ်၊ ဉာဏ်တော်သည်။ အနာဂတ်သေ၊ အနာဂတ်ကာလအဖို့၌။ အပ္ပဋိဟတံ၊ အထားအဆီးမရှိ။

ဗုဒ္ဓဿ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဉာဏ်၊ ဉာဏ်တော်သည်။ ပစ္စုပ္ပန်ဆဲ၊ ပစ္စုပ္ပန်ကာလအဖို့၌။ အပပ္ပဋိဟတံ၊ အတားအဆီးမရှိ။

ဣမေဟိ တီဟိ ဓမ္မေဟိ၊ ဤတရားသုံးပါးတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ ဘဂဝတော၊ မြတ်စွာဘုရား၏။ သဗ္ဗံ ကာယကမ္မံ၊ အလုံးစုံသော ကာယကံသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်လျှင်ရှေသွားရှိ၏။ ဉာဏာနုပရိဝတ္တိ၊ ဉာဏ်သို အစဉ်လိုက်၏။ သဗ္ဗံ ဝစီကမ္မံ၊ အလုံးစုံသော ဝစီကံသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်သျှင် ရှေသွားရှိ၏။ ဉာဏာနုပရိဝတ္တိ၊ ဉာဏ်သို အစဉ်လိုက်၏။ သဗ္ဗံ မနောကမ္မံ၊အလုံးစုံသော မနောကံသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်လျှင် ရှေသွားရှိ၏။ ဉာဏာနုပရိဝတ္တိ၊ ဉာဏ်သို အစဉ်လိုက်၏။

ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤတရားခြောက်ပါးတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဆန္ဒဿ၊ ဆန္ဒတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ မမ္မဒေဿနာယ၊ တရားဟောခြင်း၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝီရိယဿ၊ ဝီရိယတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်တော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ သမာဓိဿ၊ သမာဓိ၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်ချမ်းသာ၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။

ဣမေဟိ ဒ္ဝါဒသဟိ ဓမ္မေဟိ၊ ဤတစ်ဆယ့်နှစ်ပါးသော ဂုဏ်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒဝါ၊ ရယ်မြူးခြင်းသည်။ နတ္ထိ၊ မရှိ။ ရဝါ၊ ချွတ်ချော်ပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ အပ္ပဋ္ဌံ၊ ဉာဏ်တော်ဖြင့် မတွေ့ထိအပ်သော တရားသည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ ဉာဏ်ဖြင့် မဆင်ခြင်ဘဲ အဆောတလျင် ပြုမိခြင်းသည်။ နတ္ထိ၊ မရှိ။ အဗျာဝဋမနော၊ ကြောင့်ကြမဲ့ နေလိုသော စိတ်နှလုံးတော်သည်။ နတ္ထိ၊ မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ အဆင်ခြင်ကင်းမဲ့ ဥပေက္ခာပြုခြင်းသည်။ နတ္ထိ၊ မရှိ။

ဣမေဟိ ဆဠာရဿဟိ ဓမ္မေဟိ၊ ဤဟရား တစ်ဆယ့်ရှစ်ပါးတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဂေါတမမြတ်စွာဘုရားအား လည်းကောင်း။ သဘ္ဘာနံ သမဝသမ္ဘဒ္ဓါနံ၊ ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့အား လည်းကောင်း။ နမော၊ ရှိခိုးပါ၏။

ဆဠာရဿဟိ ဗုဒ္ဓဓမ္မေဟိ၊ ဗုဒ္ဓဂုဏ်တော် တစ်ဆယ့်ရှစ်ပါးတို့နှင့်။ ဥပေတော၊ ပြည့်စုံတော်မူကြကုန်သော။ တေ နာယကေ၊ ထိုဘုရားရှင်တို့ကို။ ဝန္ဒေ၊ ရှိခိုး

ပါ၏။ တေန သစ္စေန၊ ထိုသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤအာဝေဏိကဂုဏ်တော် ၁၈-ပါးသည် တပည့်သာဝကတို့နှင့်မဆက်ဆံသော ဘုရားရှင်တို့အတွက် သီးခြား ဂုဏ်တော်များ ဖြစ်သည်။ ဤ သီးခြား ဂုဏ်ကျေးဇူးတော်များကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ပွားများ၍ သစ္စာဆိုပါက မိမိပြုလုပ်, ပြောဆို, ကြံသမျှ ကိစ္စအားလုံး အခက်အခဲမရှိ ပြီးစီးအောင်မြင်နိုင်သည်။ ဤဂုဏ်တော်များသည် မိမိ၏ အသိဉာဏ်၊ ပြုသမျှကာယကံမှု၊ ပြောသမျှ ဝစီကံမှုနှင့် ကြံသမျှ မနောကံမှုအားလုံး ချွတ်ချော်တိမ်းစောင်းမှု မရှိရအောင် ရွတ်ဆိုပွားများ၍ သစ္စာပြုရန် အထူးသင့်လျော်သော ဂုဏ်တော်များဖြစ်သည်။

အမြဲမပြတ် လက်တွေ့ရွတ်ဆိုပွားများ ပူဇော်ပါက ယခုလက်ငင်း ဆောင်ရွက်လုပ်ကိုင်နေသောကိစ္စများ ချွတ်ချော်တိမ်းပါးမှု မရှိသည့်အပြင် မင်္ဂဖိုလ်နိဗ္ဗာန်မျက်မှောက်ပြုနိုင်သည်အထိ ထူးခြားသော အကျိုးများကို ရရှိပါလိမ့်မည်။

၃၀။ နာညတြဂါထာ

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနီဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ။

ဗောဇ္ဈာတပသာ၊ ဗောဇ္ဈင်ဟူသော ဝိပဿနာ, ခြိုးခြံခြင်းဟူသော ဓုတင်အကျင့်ကို။ အညတြ၊ ကြဉ်ဖယ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာကြောင်းတရားကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယသံဝရာ၊ ဣန္ဒြေခြောက်ခု စောင့်ထိန်းမှုကို။ အညတြ၊ ကြဉ်ဖယ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာကြောင်းတရားကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။ သဗ္ဗနီဿဂ္ဂါ၊ ကိလေသာအနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်ရာနိဗ္ဗာန်ကို။ အညတြ၊ ကြဉ်ဖယ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာကြောင်းတရားကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။

ဤဂါထာသည် သုဇြဟ္မာနတ်သားအား ဘုရားရှင် ဟောကြားတော်မူသော ဂါထာဖြစ်သည်။ သုဇြဟ္မာနတ်သားသည် သူ၏ အခြံအရံ နတ်သမီးငါးရာတို့နှင့်ဝန်ဥယျာဉ်အတွင်း ပင်လယ်ကသစ်ပန်းခူးရင်း ဥပဇ္ဈာဒကကံနှင့် ရွတ်တရက်ကွယ်လွန်ကာ အဝီစိငရဲ ကျရောက်သည်ကို မြင်တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။ သူ့အသက် အနေအထားကို ကြည့်ပြန်ရာ ခုနစ်ရက်သာ နေရပြီးသေရင် အဝီစိငရဲ ကျမည့်အရေးကို မြင်သဖြင့် ဆောက်တည်ရာမရ အကြီးအကျယ် ပူပင်သောက ရောက်သွားသည်။ သို့ဖြစ်၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီး—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဘုရားတပည့်တော်၏ စိတ်သည် ဆောက်တည်ရာမရအောင် အလွန်တုန်လှုပ်ချောက်ချားနေပါပြီ။ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့ခြင်း ကင်းဝေးတဲ့ နည်းလမ်းကို ဟောကြားတော်မူပါ" ဟု–

လျှောက်ထားသဖြင့် ဤ "နာညတြ ဗောဇ္ဈတပသာ" ဂါထာကို ဟောတော်မူသည်။ သုဇြဟ္မာနတ်သားလည်း သောတာပန်ဖြစ်ပြီး ထိတ်လန့်တုန်လှုပ်မှု ကင်းဝေးကာ ပူပင်သောက အားလုံး အေးငြိမ်းသွားသည်။

ဤဂါထာကို ရွတ်ဆိုခြင်းဖြင့် ဥပဇ္ဈာဒကမရဏာ (သေချိန်မရောက်ဘဲ ရုတ်တရက် သေခြင်းဘေး)မှ လွတ်မြောက်နိုင်သည်၊ အသက်ရှည်နိုင်သည်။ သူတပါး မပြုစားနိုင်၊ အကြီးအကျယ် စိတ်ဒုစ်စရာတွေ အခက်အခဲတွေ အားလုံး ပျောက်ကင်းနိုင်ကြောင်း ရှေးလူကြီး သူမတို့ အစဉ်အဆက် ပြောဆိုမှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် ဤဂါထာကို ဝတ်ရွတ်စဉ်စာအုပ်များ၌ သက်တော်ရှည်ဂါထာ၊ ဥပဇ္ဈာဒကနှင့် လူမှုဒုက္ခ အမျိုးမျိုးမှ လွတ်မြောက်စေသည့် ဂါထာ စသည်ဖြင့် အမည်အမျိုးမျိုး ပေးခဲ့ကြသည်။

၃။ ကျည်မထွက် လက်နက်တုံးဂါထာ

မာဇုရိဗလဝိဿဋ္ဌာ၊ ကုဇ္ဈာ နာနာဝိဓာယုဓာ။
လဇ္ဇမာနာညဝေသေန၊ ဇိန ပါဒါနတာ တဝေ။
ဧတေန သစ္စဝဇ္ဇေန၊ ပရိဝဇ္ဇန္တု အာဝုဓာ။

ဇိန၊ မြတ်စွာဘုရား။ မာရာရိဗလဝိဿဋ္ဌာ၊ မာရ်နတ်မင်းတည်းဟူသော ရန်သူ၏ စစ်သည်တပ်သားတို့ ပစ်လွှတ်အပ်ကုန်သော။ နာနာဝိဓာယုဓာ၊ အမျိုးမျိုးသော လက်နက်တို့သည်။ ကုဇ္ဈာ၊ မထက်လုံးလုံး တုံးကြကုန်သည်။ ဟုတ္ထာ၊ ဖြစ်၍။ လဇ္ဇမာနာ၊ ရှက်နိုးကြကုန်လျက်။ အညဝေသေန၊ လက်နက် အသွင်မှတပါး ပန်းပေါက်ပေါက် အသွင်အားဖြင့်။ ဇာ၊ ရှင်တော်ဘုရား၏။ ပါဒါနတာ၊ ခြေတော်ရင်းဝယ် ဝပ်စင်းရှိကျိုး သူထက်ငါ ဝင်တိုးလျက် ရှိခိုးဦးတိုက်ကြလေကုန်ပြီတကား။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်။ ဩဝုဓာ၊ လက်နက်တို့သည်။ ပရိဝဇ္ဇန္တု၊ ရှောင်ကြဖေကုန်သတည်း။

မာရ်နတ်သားသည် ဗောဓိပင်နှင့် ရှေပလွင်ကို လုယူလိုသဖြင့် လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်ရာ ဘုရားရှင်၏ ဘုန်းတော် ကံတော် မေတ္တာပါရမီတော်တို့၏ အစွမ်းသတ္တိကြောင့် ပစ်ခတ်လိုက်သော လက်နက်မျိုးစုံတို့သည်

အသွားများတုံးသွား၍ ရှက်စနိုးဟန်ဖြင့် လက်နက်အသွင်ပျောက်၍ ပန်းပေါက်ပေါက် အသွင်ဖြင့် ဘုရားရှင်၏ ခြေတော်အစုံကို ဦးခိုက်ပူဇော်ကြပုံကို ဖွဲ့ဆိုထားသော ဂါထာဖြစ်သည်။

ဘုရားရှင်၏ ဘုန်းကံပါရမီတော်တွေကို အာရုံပြု၍ ဤဂါထာကို ယုံကြည်စွာ ရွတ်ဖတ်ပူဇော်လျှင် တစ်ဖက်ရန်သူတို့ ပစ်ခတ်ကြသော လက်နက်အမျိုးမျိုး တို့သည် ကျည်မထွက်နိုင်၊ ကျည်လွဲနိုင်သည်၊ ဓားလုံစသော လက်နက်များလည်း အသွားမထက်ဘဲ လုံးလုံး တုံးသွားနိုင်သည်။

ဤသို့ အစွမ်းသတ္တိထက်လှသော ဤဂါထာကို လက်နက်အန္တရာယ် အမျိုးမျိုးကြားတွင် သွားလာလုပ်ကိုင် ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များ အထူး ကြိုးစား၍ ရွတ်ဖတ်ပူဇော်သင့်ကြသည်။

၃၂။ လက်နက်ရန်သူကွင်းဂါထာ

ဥပေတာပုညော ဝရဗောဓိမူလေ၊ သသေနမာရံ သုဂတော ဇိနိတ္ဝာ။
အဗုဇ္ဈိ ဗောဓိ အရုဏောဒယမ္ပိ၊ နမာမိ တံ မာရဇိနံ အဘာဂ်ိ။

ဥပေတာပုညော၊ ပြည့်စုံသော ဘုန်းတော်လည်း ရှိတော်မူသော။ ယော သုဂတော၊ အကြင်မြတ်စွာဘုရားသည်။ ဝရဗောဓိမူလေ၊ မြတ်သောဗောဓိပင်၏ အနီး၌။ သသေနမာရံ၊ စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်နတ်သားကို။ ဇိနိတ္ဝာ၊ အောင်တော်မူပြီး၍။ အရုဏောဒယမ္ပိ၊ နေအရုဏ်တက်သောအခါ၌။ ဗောဓိ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဗုဇ္ဈိ၊ သိတော်မူပြီ။ မာရဇိနံ၊ မာရ်ဝါးပါးကို အောင်မြင်တော်မူပြီးထသော။ အဘာဂ်ိ၊ မာရ်စစ်သည်တို့သည် မဖျက်ဆီးနိုင်ထသော။ တံ သုဂတံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

ဤဂါထာသည် နမက္ကာရ ဘုရားရှိခိုး ၆-ခုမြောက် ဂါထာ ဖြစ်သည်။ ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လက်နက်ကွင်းရှောင်ခြင်း၊ ရန်သူများ လက်မှ လွတ်မြောက်နိုင်ခြင်း၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှားအောင်မြင်နိုင်ခြင်းစသော မျက်မှောက်ပစ္စက္ခ အကျိုးများအပြင် နောက်ဆုံးတွင် ကိလေသာ အာသဝေါတရားအားလုံးကို ပယ်သတ်အောင်မြင်နိုင်ပြီး မင်္ဂိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အကျိုးတရားများ ရရှိနိုင်ပါသည်။

၃၃။ ကပ်ဆိုး ရောဂါဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်စေနိုင်သော ဂါထာ

၁။ ဗုဒ္ဓါဝ မင်္ဂလော လောကေ၊ ဒေဝဂ္ဂန္ဒဗြဟ္မိဿရော။
ဗုဒ္ဓံ သရဏမဂမမ္ဟ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၂။ ဓမ္မောဝ မင်္ဂလော လောကေ၊ သဗ္ဗပါပဝိနာသကော။
ဓမ္မံ သရဏမဂမမ္ဟ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၃။ သံဃောဝ မင်္ဂလော လောကေ၊ ဘယဝေရဝိနောဒနော။
သံဃံ သရဏမဂမမ္ဟ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၄။ တေ ခေါ မင်္ဂလံ ခေမံ၊ တေ မင်္ဂလမုတ္တမံ။
တေ မင်္ဂလမဂမမ္ဟ၊ သဗ္ဗပါပါ ပမုစ္စရေ။

၅။ တေ ခေါ သရဏံ ခေမံ၊ တေ မင်္ဂလမုတ္တမံ။
တေ သရဏမဂမမ္ဟ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၆။ တေ ခေါ ရတနံ ခေမံ၊ တေ ရတနမုတ္တမံ။
တေ ရတနမဂမမ္ဟ၊ သဗ္ဗဒေါသာ ပမုစ္စရေ။

၁။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါဝ၊ မြတ်စွာဘုရားသည် သာလျှင်။ မင်္ဂလော၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့တွင် အတုမရ အဘက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီး အစစ်ဖြစ်တော်မူပေ၏။ ဒေဝဂ္ဂန္ဒဗြဟ္မိဿရော၊ ဘုန်းတန်ခိုး ဣဒ္ဓိပါဒ် လွန်ကြီးမြတ်သော နတ်မင်း အပေါင်း သိကြားမင်းအပေါင်း ဗြဟ္မာမင်းအပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံ သရဏံ၊ ဘုရားဟူသော ကိုးကွယ်ရာကို။ အာဂမ္ဘ၊ ကိုးကွယ်သမှု အစဲ့ပြု၍။ သတ္တာ၊ နတ်လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၂။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မောဝ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ တရားအပေါင်းတို့တွင် အတုမရ အဘက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီး အစစ်ဖြစ်တော်မူပေ၏။ သဗ္ဗပါပဝိနာသကော၊ ဆိုးရွားညစ်ညမ်း ကြမ်းတမ်း ယုတ်မာ မကောင်းစွာသော မိစ္ဆာဓမ္မ ဟူသမျှတို့ကို မြူမျှမကျန် ပယ်လှန် ဖျက်ဆီးတော်မူနိုင်ပေ၏။ ဓမ္မံ သရဏံ၊ တရားတည်းဟူသော ကိုးကွယ်ရာကို။

အာဂမ္မ၊ ကိုးကွယ်သမှု အစ္ခဲပြု၍။ သတ္တာ၊ နတ်လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ- သဗ္ဗဒုဂ္ဂတိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၃။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ သံဃော၀၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ အပေါင်းအမျှား တပည့်သား အစုတွင် အတုမရှ အာဘက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီး အစစ် ဖြစ်တော်မူပေ၏။ ဘယဝေရဝိနောဒနော၊ ခပ်သိမ်းသော ဘေး, ခပ်သိမ်းသော ရန်တို့ကို ပယ်လှန် ဖြေဖျောက်တော်မူနိုင်ပေ၏။ သံဃံ သရဏံ၊ သံဃာတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစ္ခဲပြု၍။ သတ္တာ၊ နတ်လူဗြဟ္မာသတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုဂ္ဂတိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၄။ ခေါ၊ စင်စစ်။ ဧတံ မင်္ဂလံ၊ ဤဘုရား တရား သံဃာ မင်္ဂလာသုံးပါး သည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ မင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဧတံ မင်္ဂလံ၊ ဤဘုရား တရား သံဃာ မင်္ဂလာသုံးပါးသာလျှင်။ ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီး ဖြစ်တော်မူပေ၏။ ဧတံ မင်္ဂလံ၊ ဤဘုရား တရား သံဃာ မင်္ဂလာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစ္ခဲပြု၍။ သတ္တာ၊ နတ်လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗပါပါ- သဗ္ဗပါပေဟိ၊ ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာမှု ဟူသမျှတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၅။ ခေါ၊ စင်စစ်။ ဧတံ သရဏံ၊ ဤဘုရား တရား သံဃာ ကိုးကွယ်ရာ သုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းကွာ ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ် တော်မူပေ၏။ ဧတံ သရဏံ၊ ဤဘုရား တရား သံဃာ ကိုးကွယ်ရာ သုံးပါး သည်သာလျှင်။ ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသော ကိုးကွယ်ရာကြီး ဖြစ်တော်မူပေ၏။ ဧတံ သရဏံ၊ ဤဘုရား တရား သံဃာ ကိုးကွယ်ရာ သုံးပါး ကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစ္ခဲပြု၍။ သတ္တာ။ နတ်လူဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုဂ္ဂတိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၆။ ခေါ၊ စင်စစ်။ ဧတံ ရတနံ၊ ဤဘုရား တရား သံဃာ ရတနာသုံးပါးသည် သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ရတနာစစ် ဖြစ်ကြီးဖြစ်တော်မူပေ၏။ ဧတံ ရတနံ၊ ဤဘုရား တရား သံဃာ ရတနာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လူ.ရပ် နတ်ရွာ ရတနာအားလုံးတို့ထက် အမြတ်ဆုံးသော ရတနာ ဖြစ်တော်

မူပေါ်။ ငတံ် ရတနံ၊ ဤဘုရား တရား သံဃာ ရတနာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်လူဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒေါသာ-သဗ္ဗဒေါဓသဟိ၊ ခပ်သိမ်းသော အပြစ်ဒေါသ ဟူသမျှတို့မှ။ ပမုစ္စရေ–ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

ဤ ၆-ဂါထာတို့ကို အနုဿတိဘာဝနာကိစ္စနှင့် ကုသိုလ်ဖြစ် ရွတ်ဆိုသော အခါ၌ သာဃာစ္စာ ရွတ်ဆိုရသည်။ အန္ဒာရုယ်ရှိ၍ အန္ဓာရုယ်ကင်းရန် ရွတ်ဆို သောအခါ၌ စိတ်မာန်တင်းတင်းနှင့် ပြင်းထန်စွာ ရွတ်ဆိုရသည်။

အိပ်ရာဝင်လျှင် နေ့စဉ် သက်စေ့ရွတ်၍ သားငယ်သမီးငယ်ရှိသော မိဘ များသည် သားငယ်သမီးငယ်များအတွက် ပို၍ ရွတ်ဆိုသင့်ကြောင်း လယ်တီ ဆရာတော်ကြီး အထူးအမိန့်ရှိတော်မူသည်။

ဤဂါထာများကို ရွတ်ဖတ် ပူဇော်ခြင်းဖြင့် ပကတိအနာထောဂါများ ကင်းလွတ်ရုံမျှမက မိမိတို့သန္တာန်မှာရှိသော ကိလေသာအနာထောဂါဆိုးများပါ ကင်းပျောက်၍ မဂ် ဖိုလ် နိဗ္ဗာန်အထိ မျက်မှောက်ပြုနိုင်သည်။ ၊ သို့ဖြစ်၍ ယုံကြည်စွာ အမြဲရွတ်ဖတ်ပူဇော်သင့်ကြသည်။

၃၄။ ရန်သူမမြင်နိုင်သောဂါထာ (ကိုယ်ပျောက်ဂါထာ)

ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိ ကိဉ္စိ၊ နန္ဒိ စ နာ ဥပါဒိယိ။

အဟံ၊ ငါဘုရားသည်။ ဘဝေ၊ ဘဝတည်းဟူသော သံသရာထောင်အကျဉ်း၌။ ဘယံ၊ ဘေးအပေါင်းကို။ ဒိသွာ ဧဝ၊ သိမြင်တော်မူခြင်းကြောင့်သာလျှင်။ ဘဝဉ္စ၊ ဘဝကိုလည်းကောင်း။ ဝိဘဝေသိနံ၊ ဘဝကင်းရာ ရွာနေကြသည့် သတ္တဝါအပေါင်းကိုလည်းကောင်း။ ဒိသွာ၊ သိမြင်တော်မူသည်ဖြစ်၍။ ကိဉ္စိ ဘဝံ၊ တစုံတခုသော ဘဝကို။ နာဘိဝဒိ၊ လိုချင်တောင့်တတော်မမူပေ။ နန္ဒိ စ၊ ဘဝတဏှာကိုလည်း။ နာ ဥပါဒိယိ၊ စွဲလမ်းတော်မမူခဲ့ပေ။

ဤဂါထာသည် ဗကဗြဟ္မာကြီးခွတ်ခန်း၌ မြတ်စွာဘုရား ဟောကြားတော် မူသော ဂါထာ ဖြစ်သည်။ ဗြဟ္မာကြီးနှင့် မြတ်စွာဘုရားတို့ တန်ခိုးပြိုင်သည့် အနေဖြင့် ; တလှည့်စီ ကိုယ်ဖျောက်ကြသည်။ ဗြဟ္မာကြီး ကိုယ်ဖျောက်သမျှ ဘုရားရှင်မြင်တော်မူသည်။ ဘုရားရှင် ကိုယ်ဖျောက်တော်မူသည့် အလှည့်တွင် ဗြဟ္မာကြီး မတွေ့မမြင်နိုင်ဘဲ ရှိသည်။ ဘုရားရှင် တခြားသို့ ကွဲသွားလေ သလားဟု ဗြဟ္မာကြီး ထင်မည်စိုး၍ အနီးအနားမှာပင် ရှိတော်မူကြောင်း အသံ

ပြုသည့် သဘောဖြင့် ဤ"ဘဝေ ဝါဟံ"စသော ဂါထာကို ဟောကြားတော်မူသည်။ ဤဖြစ်ရပ်ကို အကြောင်းပြု၍ ဝတ်ရွတ်စဉ်စာအုပ်များ၌ ကိုယ်ပျောက် ဂါထာဟု အမည်ပေးကြသည်။

စင်စစ်အားဖြင့် ဤဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဘဝတွေ့ မှန်သမျှ ဘေးဒုက္ခအန္တရာယ်တွေနှင့် ရောပြွမ်းနေသည်။ ထို့ကြောင့် ငါဘုရားသည် ဘဝဆိုလျှင် မည်သည့်ဘဝကိုမှ မတွယ်တာ မတပ်မက်ဘူး မစဲလမ်းဘူးဟု ဆိုလိုပါသည်။

သို့ဖြစ်၍ ဤဂါထာ၏ မူရင်းဇာတ်ကြောင်းနှင့် ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို အာရုံပြုပြီး ရွက်ဖတ်ပူဇော်ပါက ကိုယ်ဒုက္ခပျောက်ရုံ၊ ရန်သူမြင်နိုင်ရုံမက သံသရာ၌ အမျိုးမျိုး ကျင်လည်ရသည့် ဘဝဟူသမျှကို အပြစ်မြင်ကာ ဘဝငဋ္ဌဒုက္ခအပေါင်းမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သည်အထိ အကျိုးထူးများ ခံစားကြရပါလိမ့်မည်။

၃၅။ အန္တရာယ်ကင်းဂါထာ

ဇိနော အဘေဇ္ဇကာယောပိ၊ နတ္ထိ လောဟိတသူဒနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေတံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ အဘေဇ္ဇကာယောပိ၊ မကဲ့မပြတ်နိုင်သော ကိုယ်ခန္ဓာ ရှိတော်မူ၏။ လောဟိတသူဒနံ၊ မြတ်စွာဘုရား၏ ကိုယ်တော်မှ ထုတ်သောသွေး ယိုစီးခြင်းသည်။ နတ္ထိ၊ လုံးဝမရှိပေ။ တဒေဝ ဝစနံ၊ ထိုဆိုခဲ့ပြီးသော စကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ တံ လောကနာယကံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ၊ ရှိခိုးပါ၏။ တေန သစ္စေန၊ထိုသို့ဆိုထား သစ္စာစကားကြောင့်လည်းကောင်း။ တေန ပုညေန၊ ရှိခိုးပြုစု ထိုကောင်းမှုကြောင့်လည်းကောင်း။ မေ၊ အကျွန်ုပ်ဒါး။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

ဤဂါထာသည် မြတ်စွာဘုရားကိုယ်ခန္ဓာတော်ကို မည်သူမျှမဖောက်ခဲ့မဖျက်ဆီးနိုင်ပုံ မှန်ကန်ကြောင်း သစ္စာဆို၍ အရာရာအောင်မြင်ရန် ဆုတောင်းသော ဂါထာဖြစ်သည်။ ဧရှတိဂုံစေတီတော်ကြီး၏ ဧကြးစလောင်းတွင် ပါဠိထုံးထားသည်ဟုလည်း မှတ်တမ်းများအရ သိရသည်။ အရာခပ်သိမ်း အောင်မြင်လိုသူများ အမြဲရွတ်သင့်သော ဂါထာဖြစ်သည်။ ကာယ္ယသိဒ္ဓိပြုလိုသူများ

အထူးရွတ်ဖတ်ပွားများခဲ့ကြောင်း ရှေးလူကြီးသူမတို့ အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ဘုရားရှင်ဂုဏ်တော်ကို ဖွဲ့ဆိုထားသော ဂါထာဖြစ်၍ စွဲမြဲစွာရွတ်ဖတ်ပူဇော်ပါက အကန့်အသတ် မရှိ ထူးခြားသော အကျိုးကျေးဇူးများ ရရှိနိုင်သည်။

၃၆။ အသက်အန္တရာယ်ကင်းဂါထာ

တိဋ္ဌေယျ အန္တဝဿိမှိ၊ ဇယုဿဝေါ သမာပနွော။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေတံ လောကနာယကံ။
တေန သဇ္စုန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇယုဿဝေါ၊ အတ္တင်းအာပ နှစ်ဌာနဌ် လုံးဝကုန်စင် အောင်ပန်းဆင်တော် မူပြီးဆသော။ သမာပနွော၊ နေ့စဉ်မပြတ် သမာပတ်ကို ဝင်စားတော်မူနိုင်သော မြတ်စွာဘုရားသည်၊ အန္တဝဿိမှိ၊ သက်တော်တွက်စစ် ခုနစ်ကာလ အဆုံးကျအောင်။ တိဋ္ဌေယျ၊ ကျည်နေတော်မူနိုင်ပါပေ၏၊

တဒေဝ ဝစနံ၊ ဝဲ့စကားသည်ဆာလျှင်။ သစ္စံ၊ မှန်ကန်ပါပေ၏။ တံ လောကနာယကံ၊ လောကသုံးပါး၏ အကြီးအမှူးဖြစ်တော်မူသော ဆိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန သစ္စေန၊ ဆိုသို့ဆိုထား သစ္စာစကားကြောင့်လည်းကောင်း။ ကေန ပုညေန စ၊ ထိုသို့ ရှိခိုးပြုစု မြတ်ကောင်းမှုကြောင့် လည်းကောင်း။ မေ၊ တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤဂါထာသည် အတ္တင်းရန် အပြင်ရန်ကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားလည် သမာပတ် ဝင်စားတော်မူလျက် အာယုကပ်ပတ်လုံး တည်နေတော်မူနိုင်ပုံကို သစ္စာပြု၍ အသက်အန္တရာယ်ကင်းရန် ဆုတောင်းသော ဂါထာဖြစ်သည်

မြတ်စွာဘုရားရှင်တို့မည်သည့် ဘုရားရှင်တို့မမှတာ ထုံးစံအရ သက်တမ်း ၅-ပုံပုံ၌-၄-ပုံအထိသာ အသက်ရှည်တော်မူကြ၏။ အလိုရှိက အာယုကပ်ပတ်လုံး နေတော်မူနိုင်ကြသည်။ ဤအခါန်ကာလဒအတွင်း မည်သည့်အန္တရာယ်မျှ မရှိဘဲ တည်ဒနေတော်မူနိုင်ကြသည်။

ဤဂါထာတော်ကို ဓရှတိဂုံစေတီတော်ကြီး ထီးတော်ကြေးစလောင်းဌှ ရေးထိုးထားသည်ဟု မှတ်တမ်းများအရ သိရသည်။ အနည်းဆုံး တစ်နေ့ ၃-ကြိမ် ရွတ်ဖတ်ပူဇော်ပါက ဥပဓိဒုကကံမှ လွတ်မြောက်နိုင်သည်။ လိုရာကိစ္စ အဝဝ ပြီးပြည့်စုံနိုင်သည်။ သို့ဖြစ်၍ အသက်ရှည်ပြီး အန္တရာယ်ကင်းရှင်းစွာ နေထိုင်ရန်အတွက် အမြဲရွတ်ဖတ်ပူဇော်သင့်ကြသည်။

၃၇။ ဘီလူး ပြေးသောဂါထာ

သုဝဏ္ဏာဘူမိံ ဂန္ဓာရန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတ္ဝာန၊ ဗြဟ္မဇာလမဒေဿယုံ။

မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ သောဏုတ္တရာ၊ အရှင်သောဏ, ဒုရှင်ဥတ္တရတို့သည်။ သုဝဏ္ဏာဘူမိံ၊ သုဝဏ္ဏဘူမိအရပ်သို့။ ဂန္ဓာရန၊ ကြွတော်မူကြ၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်ကို။ အဒေဿယုံ၊ ဟောကြားတော်မူကြလေကုန်ပြီ။

ဤဂါထာသည် တန်ခိုးကြီးများသော ရဟန္တာအရှင်သောဏနှင့် အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိသို့ ကြွတော်မူကြ၍ ဘီလူးသဘက်များ ထွက်ပြေးစေပြီးနောက် ဗြဟ္မဇာလသုတ် ဟောကြားတော်မူခဲ့ပုံကို ဖော်ပြသောဂါထာ ဖြစ်သည်။

ဤဂါထာကို ရွတ်ဖတ်ပူဇော်၍ သဲ့,ရောကို ကိုင်ကာ မန်းပြီး မိမိတို့ နေရာ အိမ်ဝင်း ကျောင်းဝင်း ပတ်လည်တို့၌ ပက်ဖျန်းပါက မကောင်းဆိုးဝါးများ မကပ်ရောက်နိုင်။ အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာအရှင်မြတ်ကြီး ၂-ပါး တို့၏ ဂုဏ်ကို အာရုံပြု၍ ဤဂါထာကို ယုံကြည်စွာ ရွတ်ဖတ်ပါက ဘီလူးသရဲ သဘက်အန္တရာယ်မှ ကင်းနိုင်သည်။

၃၈။ သံ ဂ-ချက်ဂါထာ

သံသာရစက္ကဝိဒ္ဒံသံ၊ သံသုဒ္ဓမဿ ဩရသံ။
သံဆိန္ဒကံ ဘဝေ အာသံ၊ သံဃံ အပိ သုမာနသံ။

သံသာရစက္ကဝိဒ္ဒံသံ၊ သံသရာစက်ကို ချိုးဖျက်တော်မူပြီးထသော။ သံသုဒ္ဓံ၊ အဝိဇ္ဇာအမှောင်ကင်းသဖြင့် ဖြူဝင်းစင်ကြယ်သော စိတ်ရှိထသော။ အဿ၊ ထိုဘုရားရှင်၏။ ဩရသံ၊ သဒ္ဓမ္မ သမ္ဘာရတရော် ရင်သွေးတော်အစစ် ဖြစ်တော်မူထသော။ ဘဝေ' သုံးဆယ့်တစ်ထပ် ဘဝရပ်၌။ အာသံ၊ ခင်မင်တွယ်ကာ တဏှာကရူးကို။ သံဆိန္ဒကံ၊ ကောင်းကောင်းကြီး ဖြတ်လှန်ဖြတ်တောက်တော်မူပြီး

ထသော။ သုမာနသံ၊ ရှင်ကြည်အေးမြ ကောင်းမွန်လှသော ရှေ့နှလုံးရှိတော် မူထသော။ သံဃံ အပိ၊ အရိယာရှစ်ဖော် သံဃာတော်မြတ်ကိုလည်း။ အဟံ၊ တပည့်တော်(တပည့်တော်မ)သည်။ ပန္ဒာမိ၊ ညွတ်နူးကြည်သာ ထိုင်းဖြာဖြင့် ကြည်စွာရှိကျိုး ရှိခိုးပါ၏ဘုရား။

ဤဂါထာသည် မြတ်စွာဘုရား၏ တရားရင်နှစ် ဖြစ်သော တပည့်သား သာဝက အရိယာသံဃာတော်များကို ရှိခိုး ပူဇော်သော ဂါထာ ဖြစ်သည်။ ဝတ်ရှတ်စဉ်စာအုပ်များ၌ "မိုးကြိုးကွင်းဂါထာ"ဟု ဆိုကြသည်။

ဤဂါထာကို ရှတ်ဖတ် ပူဇော်ခြင်းဖြင့် သရဲသဘက်များ အန္တရာယ်မှ ကင်းသည်။ အပြိုင်အဆိုင်များကိုနှိုင်သည်။ လာဘ်ရှင်သည်။အနည်းဆုံး တစ်နှစ်သုံးခေါက်ရှတ်လျှင် အလွန်ကောင်းသည်။ မိုးကြိုးကွင်းသည်ဟု ရှေးဆရာ အစဉ်အဆက်တို့ မှတ်တမ်းတင်ခဲ့ကြသည်။

ဤဂါထာသည် အရိယာရှစ်ဖော် အမြတ်ဆုံး သံဃာတော်၏ ဂုဏ်တော်ကို ထုတ်ဖော်ရှတ်ဆိုပူဇော်ခြင်းဖြစ်၍ အတိုင်းမသိ အမြတ်ဆုံးသော အကျိုးကို ရရှိနိုင်သည်။ သို့ဖြစ်၍ သံဃာ့ဂုဏ်တော်ကို အာရုံပြုကာ အမြဲရှတ်ဖတ် ပူဇော်သင့်ကြသည်။

၃၉။ စမကြီး လေးလုံး ဂါထာ

စက္ခုမာစရမာစိဏ္ဏော၊ ဓမ္မညူ ဓမ္မသာမိကော။
ဗလူပေတော ဗလဓရော၊ ဝရဒေါ ဒေတု မေ ဝရံ။

စက္ခုမာ၊ မဲသပညာ နှစ်ဖြာသော စက္ခုနှင့် ပြည့်စုံတော်မူထသော။ စရံ၊ စရဏတရား တစ်ဆယ့်ငါးပါးကို။ အာစိဏ္ဏော၊ အမြဲမပြတ် လေ့ကျင့်တော် မူအပ်ပြီးထသော။ ဓမ္မညူ၊တရားအာဃလုံး သိမ်းကျုံးသိမြင်တော်မူပြီးထသော။ ဓမ္မသာမိကော၊ တရားပိုင်ရှင် ဖြစ်တော်မူပေထမသော။ ဗလူပေတော၊ ဉာဏ်တော် အင်အား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူပေထသော။ ဗလဓရော၊ ကိုယ်တော် အင်အား ဆယ်ပါးကိုလည်း ဆောင်တော်မူထသော။ ဝရဒေါ၊ မြင့်မြတ်သမူ နိဗ္ဗာန်ဆုကိုလည်း ပေးတော်မူတတ်သော မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ် အား။ ဝရံ၊ ကောင်းကျိုးစုစု မြတ်သောဆုကို။ ဒေဟု၊ လျှင်စွာမနှေး ပေးသနားတော်မူပါ့အရှင်ဘုရား။

ဤဂါထာသည် ဘုရားဂုဏ်တော်များကို ဖွဲ့ဆိုထားပြီး ထို ဂုဏ်တော် အပေါင်းနှင့်ပြည့်စုံသော ဘုရားရှင်အား ကောင်းမြတ်သောဆုကို ပေးသနားရန် လျှောက်ထားသော ဂါထာ ဖြစ်သည်။ "စက္ခုမာ၊ ဓမ္မညူ၊ ဗလူပေတော၊ ဝရဒေါ" ဟူသော ဂါထာ ၄-ပါဒ၏ အစပုဒ်၌ ပါရှိသော အက္ခရာလေးလုံးကို ကောက်ယူ၍ "စ-မ-ဗ-ဝ' ဂါထာဟု အတိုကောက် ခေါ်ကြသည်။

ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လောဂီသိဒ္ဓိအမျိုးမျိုး ခံစေနိုင်သည်။ နေ့စဉ် ရွတ်ဖတ် ပူဇော်ပါက လောကီရေးရာ ကိစ္စများ၌ လည်းကောင်း, လောကုတ္တရာရေးရာ ကိစ္စများ၌ လည်းကောင်း အလွန် အကျိုးများသည်။ အခေါက် တစ်ထောင်ရွတ်ပြီး ပုတီးစိပ်ပါက အာန္တရာယ်ကင်းသည်။ စီးပွားလာဘ်လာဘ တိုးတက်သည်။ ကြံသမျှ အောင်၍ လုပ်သမျှကိစ္စ ပြီးစီးသည်ဟု ရှေးဆရာ အစဉ်အဆက်တို့ ပြောဆိုမှတ်တမ်းတင်ခဲ့ကြသည်။

ဤဂါထာသည် လောကမှာတ်တခုလုံး အသာဆုံး အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရား၏ ဂုဏ်တော်ကို ထုတ်ဖော်ရွတ်ဆိုခြင်းဖြစ်၍ အကန့်အသတ် အတိုင်းအဆမရှိ အသာဆုံး အမြတ်ဆုံးသော အကျိုးကို ရရှိပြီး မင်္ဂိုလ် နိဗ္ဗာန်အထိ အဆင့်ဆင့်သော အကျိုးထူးကို ရရှိနိုင်သည်။

၄၀။ "ဧ" ကိုးချက်ဂါထာ

ဧကစိတ္တံ ဝိဝိန္ဒေတ္ဝာ၊ ကေဓမ္မံ သုနိဿတိ။
ဧသေတော ဧလမော လောဧက၊ ကေရာဇာဝတိ ပါကဋ္ဌော။

ဧသေတိ သမ္မာသမ္ဗုဒ္ဓံ၊ ဧသေတိ ဓမ္မမုတ္တမံ။
ဧသေတိ မဂ္ဂမုဂ္ဂယှ၊ ဧသေတိ ပန တေ နမော။

ဧသေတော၊ နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာမှီးတတ်သော သူအား။ ဧသမော လောဧက၊ ရှာမှီးအပ်သော သဗ္ဗညုသော လောကဓာတ်တခုင်လုံး၌။ ကေရာဇာတိ၊ ပြိုင်သူဘက်ကင်း တစ်ဆူတည်းသော ဗင်းဟူ၍။ ပါကဋ္ဌော၊ ထင်ရှား ကျော်ကြားဟော်မူသော။ ယော၊ အကြင် မြတ်စွာဘုရားသည်။ ဧကစိတ္တံ၊ တစ်ခုတည်းသော ကောင်းမြတ်သော အကြံအစည်ကို။ ဝိဝိန္ဒေတ္ဝာ၊ ကြံစည်တော်မူပြီး၍။ ကေဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတစ်ခုကို သာလျှင်။ သုနိဿတိ၊ ကောင်းစွာညွှန်ပြ ဆုံးမတော်မူပေ၏။

တံ သမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ယော၊ အကြင်သူသည်။ ဧသေတိ၊ ရှာမှီး၏။ ဓမ္မံ၊ ဘုရားဟောဖော် [illegible]ကို။ ဧသေတိ၊ ရှာမှီး၏။ [illegible] ဘုရား၏ တပည့်မြတ်ကို။ ဧသေတိ၊ ရှာမှီး၏။ [illegible] စုံမြဲသမှု အာရုံပြု၍။ မဂ္ဂံ၊

နိဗ္ဗာန်ရောက်ခန်း ခရီးလမ်းကို။ သေတိ၊ ရှာမှီး၏။ သေတော၊ ထိုထိုအရာကို ရှာမှီးတော်မူသော။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ သက္ကစ္စ ရှိကျိုး တပည့်ဟော်၏ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

ဤဂါထာသည် ရှေးပညာရှိကြီးများ "ဧ" ကိုးချက်ပါအောင် စီထားသော ဂါထာဖြစ်သည်။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရှာမှီး၍ ကိုးကွယ်ဆည်းကပ်ပုံကို ဖော်ပြသော ဂါထာ ဖြစ်သည်။

ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဉာဏ်ပညာ တိုးပွားသည်။ မှတ်ဉာဏ် ကောင်းသည်။ ပေးကမ်းချီးမြှောက်လိုသူများနှင့် အမြဲ တွေ့ဆုံဟတ်သည်။ ကောင်းသော စကားကို အမြဲကြားရတတ်သည်။ ကောင်းသော အိပ်မက်ကို အမြဲ မြင်မက်ရတတ်သည်၊ လာဘ်လာဘ ရှင်သည်။ လောကီ လောကုတ္တရာ နှစ်ဖြာလုံးအတွက် ကောင်းကျိုးများသည်ဟု ဆရာ အစဉ်အဆက် မှတ်သားပြောဆိုခဲ့ကြသည်။

ဤဂါထာသည် ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှာမှီး၍ ရှိခိုးပူဇော်ကန်တော့ပုံကို ဖော်ပြထားသော ဂါထာဖြစ်၍ ယုံကြည်စွဲမြဲစွာ ရွတ်ဖတ်ပူဇော်ပါက ဖော်ပြခဲ့ပြီးသော အကျိုးတရားများထက် သာလွန် မြင့်မြတ်သော အကျိုးတရားကို ကောန်ရရှိနိုင်သည်။

၄၁။ မနောမယိဒ္ဓိဂါထာ

၁။ အနေကသတာ သမ္မုဒ္ဓါ၊ ဥပ္ပန္နာ ဘယနာသကာ။
မမံ သိသေ ပတိဋ္ဌန္တု၊ ရက္ခန္တု တေ မမံ သဒါ။

၂။ သုခါဝဟံ သတံ ဓမ္မာ၊ တိဋ္ဌန္တု ဟဒယေ မမံ။
အမ္မေ ဇေတေ ပါလယန္တု၊ သုခံ ဒေန္တု မမံ သဒါ။

၃။ သမ္မုဒ္ဓါနံ အရဟန္တော၊ တေဇဝန္တော တတော တတော။
တေ မေ အံသေ ပကိဋ္ဌန္တု၊ ပါလယန္တု မမံ သဒါ။

၁။ အနေကသတာ၊ ရေတုက်မရ များပြားလှကုန်သော။ ဘယနာသကာ၊ ဘေးရန်အပေါင်း ဖျက်ဆီးတော်မူတတ်ကုန်သော။ သမ္မုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဥပ္ပန္နာ၊ ပွင့်တော်မူကြွလေကုန်ပြီ။ တေ၊ ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည်။ မမံ၊ အကျွန်ုပ်၏။ သိသေ၊ ဦးခေါင်းရကနာ မြတ်အင်္ဂါ၌။ ပတိဋ္ဌန္တု၊ တည်နေ

တော်မူကြပါစေကုန်သတည်း။ တေ၊ ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည်။ မမံ၊ အကျွန်ုပ်ကို။ သဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ အန္တရာယ်ဘေး ကင်းစင်ဝေးအောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

၂။ သုခါဝဟံ၊ ချမ်းသာကို ဆောင်တတ်ကုန်သော။ သတံ၊ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့၏။ ဓမ္မာ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သော တရားတော်မြတ်တို့သည်။ မမံ၊ အကျွန်ုပ်၏။ ဟဒယေ၊ စိတ်နှလုံး၌။ တိဋ္ဌန္တု၊ တည်နေတော်မူကြပါစေကုန်သတည်း။ ဧတေ၊ ထိုတရားတော်တို့သည်။ အမှေ၊ အကျွန်ုပ်တို့ကို။ ပါလယန္တု၊ ဘေးရန်ကင်းဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ သဒါ၊ အခါခပ်သိမ်း။ မမံ၊ အကျွန်ုပ်အား။ သုခံ၊ ချမ်းသာကို။ ဒေန္တု၊ ပေးသနားတော်မူကြပါစေကုန်သတည်း။

၃။ သမ္မုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ တေဇဝန္တော၊ ဘုန်းတန်ခိုးတေဇော် အာနုဘော် ရှိကြကုန်သော။ အရဟန္တော၊ ရှရှင်မတော်နှစ် သားတော်စစ်ဖြစ်ကြသော ရဟန္တာအရှင်မြတ်တို့သည်။ တဇော တတေဝ၊ ထိုထိုအရပ်မျက်နှာတို့၌။ သန္တိ၊ ထင်ရှာ ရှိတော်မူကြကုန်၏။ တေ၊ ထိုရဟန္တာသခင်အရှင်မြတ်တို့သည်။ မေ၊ အကျွန်ုပ်၏။ အံသေ၊ ဝဲယာနှစ်ဖက် ပခုံးထက်၌။ တိဋ္ဌန္တု၊ တည်နေတော်မူကြပါ ကုန်သတည်း။ သဒါ၊ အခါခပ်သိမ်း။ မမံ၊ အကျွန်ုပ်ကို။ ပါလယန္တု၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဤဂါထာများသည် ဘုရား တရား သံဃာ ရတနာသုံးပါးတို့သည် မိမိတို့၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့၌ ကိန်းဝပ်စံပယ်တော်မူကြ၍ ဘေးရန်အန္တရာယ် ကင်းအောင် စောင့်ရှောက်တော်မူကြပါရန် လျှောက်ထားသော ဂါထာများ ဖြစ်သည်။

ဤဂါထာများကို ရွတ်ဖတ်ပူဇော်သူတိုင်း စိတ်အလို ပြီးစီးသောကြောင့် "မနောမယိဒ္ဓိဂါထာများ" ဟု ခေါ်သည်။ သာလွန် မင်းတရားကြီး၏ ဆရာသာသနာပိုင် သံဃရာဇာ ဖြစ်တော်မူသည့် တောင်ဖီလာ ဆရာတော်ဘုရားကြီးသည် နေထွက် မွန်းတည့် နေဝင် တစ်နေ့ သုံးကြိမ် အမြဲရွတ်ဖတ်တော်မူသော ဂါထာများ ဖြစ်သည်။ ဘေးအန္တရာယ် အထူးကင်းရှင်းသည်။

ဂါထာများ၏ ဆိုလိုရင်း အနက်အဓိပ္ပာယ်များကို အာရုံပြု ဆင်ခြင်၍ လေးလေးစားစား ရွတ်ဖတ်ပူဇော်ပါက အစိန္တေယျဂုဏ်နှင့် ပြည့်စုံသော ရတနာသုံးပါးအား ပူဇော်ပြီး ဖြစ်၍ မကြံစည်အပ် မကြံစည်နိုင်သော အကျိုးထူးများကို ရရှိနိုင်သည်။ ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ကြပါလေ။

၄၂။ သဗ္ဗသိဒ္ဓိဂါထာ

၁။ သဗ္ဗေ ဒေဝါ စ ယက္ခာ စ၊ ဘူတာ ပေတာ စ ဇောဂနီ။
ရာဇမတ္တာ မနုဿာ စ၊ သဗ္ဗေ ဒေဝါ ဝိနာမေန္တု။

၂။ ဒိသွာဝ ပိယတော စိတ္တံ၊ ပုတ္တောဝ သိနေဟံ မမ။
ဗုဒ္ဓဿ အာနုဘာဝေန၊ သဒါ ဟောန္တု ပိယာ မမ။

၁။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ စ၊ နတ်တို့သည် လည်းကောင်း။ ယက္ခာ စ၊ ဘီလူးတို့သည်လည်းကောင်း။ ဘူတာ ပေတာ စ၊ ဖုတ်, ပြိတ္တာတို့သည်လည်းကောင်း။ ဇောဂနီ၊ စုန်းကဝေ ဇောဂနီ တို့သည်လည်းကောင်း။ ရာဇာမတ္တာ စ၊ မင်း, မင်းအမတ်တို့သည်လည်းကောင်း။ မနုဿာ စ၊ လူတို့သည် လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ စ၊ နတ်တို့သည် လည်းကောင်း။ (မမ၊ အကျွန်ုပ်ထံသို့။) ဝိနာမေန္တု၊ ညွတ်ကြစေကုန်သတည်း။

၂။ (တေသံ၊ ထိုပုဂ္ဂိုလ်တို့၏။) စိတ္တံ၊ စိတ်သည်။ ပိယတော၊ချစ်သော အားဖြင့်။ ဒိသွာဝ၊ ကြည့်၍သာလျှင်။ မမ၊ အကျွန်ုပ်အား။ ပုတ္တောဝ၊ သားကဲ့သို့။ သိနေဟံ၊ ချစ်ခြင်းကို။ (ကရောန္တု၊ ပြုကြပါစေကုန်သတည်း။) ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ မမ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ပိယာ၊ ချစ်မြတ်နိုးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဤဂါထာများသည် “နတ်ဘီလူး ဖုတ် ပြိတ္တာ စုန်းကဝေများနှင့် ရှင်ဘုရင်, မှူးမတ်, တိုင်းသူပြည်သား လူအများတို့သည် လေးလေးပင်းစား စိတ်ညွတ်ကြ၍ မြင်လျှင်မြင်ချင်း သားအရင်းကဲ့သို့ ချစ်ခင်ကြပါစေ၊ ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် အခါခပ်သိမ်း အကျွန်ုပ်အပေါ် ချစ်ခင်ကြပါစေ”ဟု ဘုရားဂုဏ်တော်ကို အာရုံပြု၍ အားလုံး၏ ချစ်ခင်မှုကို ခံယူနိုင်ရန် မေတ္တာတောင်းခံသော ဂါထာများ ဖြစ်သည်။

ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြု၍ ဤဂါထာများကို လေးလေးစားစား ယုံကြည်စွာ ရွတ်ဖတ်ပါက လူနတ်အာဃာတ်၏ ချစ်ခင်မြတ်နိုးမှုအပြင် အရာခပ်သိမ်း ပြီးစီးအောင်မြင်နိုင်သည်။ ထို့ကြောင့် ဤဂါထာကို "သဗ္ဗသိဒ္ဓိ ဂါထာ"ဟု ရှေးဆရာတို့အမည်ပေးခဲ့ကြသည်။

၄၃။ ဣစ္ဆန္တောဂါထာ

ဣစ္ဆန္တော သာသပဂဗ္ဘော၊ စက်္ကံမတိ ဣတော စိတော။
ဣစ္ဆန္တော လောကဓာတုမ္ပိ၊ အတ္တဘာဝေန ဆာဒယေ။

ဘဂဝါ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣစ္ဆန္တောဂါထာသေးငယ်လေးဟန် ပုံသဏ္ဌာန်သွင်း ဖန်ဆင်းတော်မူလိုသည် ရှိသော်။ သာသပဂဗ္ဘော၊ သေးငယ်သိမ်မွေ့ မှုန်ညင်းစေ့အတွင်း၌။ ဣတော စိတော၊ တုံ့ပြန်ထိုက်၍ လှည့်လည်တော်မူလျက်လည်း။ စက်မတိ၊ ပရိက္ခရာရွှစ်တန် ကိုယ်လုံးရုံ၍ စကြဲကြွသွားတော်မူနိုင်ပါပေ၏။ ဣစ္ဆန္တော၊ ကြီးမားလေဟန် ပုံသဏ္ဌာန်သွင်း ဖန်ဆင်းတော်မူလိုသည် ရှိသော်။ လောကဓာတုမ္ပိ၊ စကြဝဠာ ကမ္ဘာစဆုံး တစ်ခုလုံး၌။ အတ္တဘာဝေန၊ ကြီးမားမြင့်မော် ရွှေကိုယ်တော်ဖြင့်။ ဆာဒယေ၊ အကုန်သိမ်းကျုံး လွှမ်းမိုးတော်မူနိုင်ပါပေ၏။

ဤဂါထာသည် ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကြီးမားပုံ၊ တန်ခိုးတော်ကို အလိုရှိသလို ပြုစီမံနိုင်ပုံကို ဖော်ပြသော ဂါထာဖြစ်သည်။ ဘုရားရှင်သည် မည်သူတစ်ဦးတစ်ယောက်မျှ တုမရအောင် ကြီးမားသော ဘုန်းတန်ခိုးပိုင်ရှင်ဖြစ်တော်မူသည်။ အလိုရှိတော်မူ၍ ကိုယ်ကို အသေးငယ်ဆုံး ဖန်ဆင်းလိုလျှင် မှုန်ညင်းစေ့လေး အတွင်း၌ ပရိက္ခရာရွှစ်ပါးကို လှယ်၍ ခေါက်တုံ့ခေါက်ပြန် စကြဲလျှောက်တော်မူနိုင်သည်အထိ သေးငယ်အောင် ဖန်ဆင်းတော်မူနိုင်သည်။ ကြီးမားသော ပုံသဏ္ဌာန်ဖန်ဆင်းလိုပြန်လျှင်လည်း စကြဝဠာ ကမ္ဘာလောကကြီးတစ်ခုလုံး ကိုယ်တော်ဖြင့် ဖုံးလွှမ်းနိုင်သည်အထိ ကြီးမားအောင် ဖန်ဆင်းတော်မူနိုင်သည်။

ဤဂါထာကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိမိအား မကောင်းကြံသူတို့ဘေးမှ ကင်းဝေးသည်။ အိမ်နှင့်တကွ ဝင်းခြံကို လုံခြုံစေသည်။ မီးဘေး, ရောဂါဘေးတို့မှ ကင်းဝေးသည်။ မကောင်းသော အိပ်မက်နှင့် ဆာတိတ်ဆိုး, နိမိတ်ဆိုးများကို ပြေပျောက်စေသည်။ ရန်သူများ ရှာဖွေ၍ မတွေ့နိုင်အောင် လုံခြုံသော အကာအကွယ်ကို ရရှိစေနိုင်သည်ဟု ရှေးဆရာ အစဉ်အဆက်တို့ ပြောဆို မှတ်တမ်းတင်ခဲ့ကြသည်။

ဤဂါထာသည် ဘုရားရှင်၏ ဘုန်းတန်ခိုးတော် အတုမရှိ ကြီးမားတော်မူပုံ၊ တန်ခိုးတော်ကို အလိုရှိသလို ပြုလုပ်ဖန်ဆင်းနိုင်ပုံကို ဖော်ပြထားသော ဂါထာဖြစ်ရာ ဘုရားရှင်၏ ဘုန်းတန်ခိုးဟော်ကြီးမားပုံကို အာရုံပြု၍ လေးလေးစားစား ရွတ်ဆိုပူဇော်ပါက ကောင်းမြတ်သော အလိုဆန္ဒဟူသမျှ ပြည့်ဝ အောင်မြင်နိုင်သည်။ မိမိတို့အမှန်မြတ်ဆုံးအလိုရှိအပ်သော မင်္ဂလာနိဗ္ဗာန်အထိ အကျိုးကျေးဇူးပြုနိုင်သည်။

၅၄။ ဣစ္ဆိတဂါထာတော်

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊ အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါ စ ဝိပါကော ဟောတိ၊ ယံ ယံ ဣစ္ဆာ သမိဇ္ဈတု။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အနုတ္တရော အဂ္ဂေါ၊ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။ ဓမ္မော၊ မင်္ဂလာနိဗ္ဗာန် ဓမ္မဣန်ဟု ဆယ်တန်သော တရားတော်မြတ်သည်။ အနုတ္တရော အဂ္ဂေါ၊ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။ သံဃော၊ အရိယာရှစ်ဖော် သံဃာတော်အပေါင်းသည်။ အနုတ္တရော အဂ္ဂေါ၊ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။ (အဂ္ဂေါ၊ အမြတ်ဆုံး ဘုရား, တရား, သံဃာရတနာ၌။ ပဿန္နာနံ၊ ကြည်ညိုဆည်းကပ်ကြသူတို့အား။) ဝိပါကော စ၊ အကျိုးသည်လည်း။ အဂ္ဂေါ၊ အမြတ်ဆုံးသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ယံ ယံ ဣစ္ဆာ၊ အကြင်အကြင် လိုလားမှု ဟူသမျှသည်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

ဤဂါထာသည် အမြတ်ဆုံးဖြစ်သော ဘုရားရတနာ, တရားရတနာ, သံဃာရတနာကို ကိုးကွယ် ဆည်းကပ်ကြသူတို့အား အမြတ်ဆုံးသော အကျိုးကို ပေးနိုင်ကြောင်း ဖွဲ့ဆိုထားသော ဂါထာ ဖြစ်သည်။

ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ကျရောက်မည့် ဘေးအန္တရာယ် အပေါင်းမှ ကာကွယ် စောင့်ရှောက်နိုင်သည်။ ကောင်းမြတ်သော လိုအင်ဆန္ဒကို ပြည့်ဝစေနိုင်သည်ဟု ရှေးလူကြီးသူမတို့ အစဉ်အဆက် ပြောဆို မှတ်သားခဲ့ကြသည်။ သို့ဖြစ်၍ လောကီကိစ္စ လောကုတ္တရာကိစ္စ ဟူသမျှတို့၌ အမြတ်ဆုံး အာသာဆုံးသော အကျိုးကို လိုလားသူများ အမြဲ ရွတ်ဖတ်ပူဇော်သင့်ကြသည်။

၄၅။ ထွတ်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင်ဂါထာတော်

၁။ ပုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊ ဓမ္မော မေ ရက္ခတု သုဒ္ဓါ။
သံဃော မေ ရက္ခတု ဒိဓေ၊ သုခီ ဒီဃာယုကော်ဘာတော်ဝ။

၂။ မာရာဌဝကနာဋဂါဂြိ၊ အင်္ဂုလိ စိဉ္စသစ္စကံ။
နန္ဒောပနန္ဒပြဟ္မဉ္စ၊ ဇယော ဇယတု မင်္ဂလံ။

၁။ ပုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်အား။ နိစ္စံ၊ အမြဲမပြတ်။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ဓမ္မော၊ မင်္ဂလိုနိဗ္ဗာန် ဆယ်တန် သောတရားပေါ်မြတ်သည်။ မေ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ သံဃော၊ သမ္မုတိ, အဇိယာ နှစ်ဖြာသော သံဃာတော်အပေါင်းသည်။ မေ၊ အကျွန်ုပ်အား။ ဒိဓေ၊ နေ့ဟိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ အကျွန်ုပ်သည်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဒီဃာယုကော၊ အသက်ရှည်ခြင်းရှိသည်။ ဘဝ-ဘဝါမိ၊ ဖြစ်ရပါလိုင်၏။

၂။ မုနိန္ဒော၊ မြတ်စွာဘုရားသည်။ မာရာဌဝကနာဋဂါဂြိ ံ စ၊ မာရ်နတ်မင်း, အာဋဝကဘီလူး, နာဋဂါဂိရိဆင်ကိုလည်းကောင်း။ အင်္ဂုလိ ံ စ၊ အင်္ဂုလိမာလကိုလည်းကောင်း။ စိဉ္စသစ္စကဉ္စ၊ စိဉ္စမာဏဝိကာနှင့် သစ္စကပရိဗိုဇ်ကိုလည်းကောင်း။နန္ဒောပနန္ဒပြဟ္မဉ္စ၊နန္ဒောပနန္ဒနဂါးမင်းနှင့်ဗကပြဟ္မာကိုလည်းကောင်း။ ဇယော၊ အောင်မြင်ခြင်းသည်။ (ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။) တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အား။ မင်္ဂလံ၊ အောင်ရာအောင်ခြင်း မင်္ဂလာအပေါင်းသည်။ ဇယတု၊ အောင်မြင်ပြီးစီးပါစေသတည်း။

ဤဂါထာသည် ထွတ်ခေါင်ဆရာတော်ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဂါထာတော်ကြီးဖြစ်သည်။ ဤဂါထာမျှားကို ရွတ်ဖတ် ပူဇော်ခြင်းဖြင့် အောင်မြင်မှုအမျိုးမျိုး လက်တွေ့ခံစားရသည်။ ရန်အမျိုးမျိုး အောင်နိုင်သည်။

၄၆။ ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ စမ္မခဏ်ဂါထာတော်

ဣတိပိ ပိဋ္ဌကတ္တယံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ။
သတ္တဗောဇ္ဈင်္ဂါ အင်္ဂဂိကော မဂ္ဂေါ စတုပဋ္ဌာနံ၊
သမ္မဿ ဣန္ဒြော သဟဿာသူရိယော။
ဩဘာ နမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊
ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္ထဘယံ၊ သမ္ဗဘယံ၊
ဇယော ဇယတု မင်္ဂလံ၊ အနိစ္စံ သခ်္ခံ ပဋိစ္စသမုပ္ပန္နံ၊
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ပဏ္ဍိတာ ခမန္တိ။

ပိဋ္ဌကတ္တယံ၊ ပိဋ္ဌကသုံးပုံသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောအကြောင်းကြောင့်လည်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့မပြတ်နှိပ်စက်ခြင်း သဘောရှိသော အကြောင်းကြောင့်လည်း။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့ မိမိအလိုသို့ မလိုက်ခြင်းသဘောရှိသော အကြောင်းကြောင့်လည်း။ အနတ္တံ၊ အနတ္တမည်၏။

သတ္တဟေဝ္ဘက်၊ခုနစ်ပါးသော ဗောဇ္ဈင်တို့သည်လည်းကောင်း။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ မဂ်သည်လည်းကောင်း။ စတုပဋ္ဌာနံ၊ အာရုံမဏ္ဍပဉ်နိဿယ ကမ္မ အတ္ထိ ပစ္စည်းဟူသော လေးပါးသော ပဋ္ဌာန်းသည်လည်းကောင်း။ သမ္ဗဿ၊ အလုံးစုံသော တရားအပေါင်းကို။ ဣန္ဒေါ၊ အစိုးရသော မြက်စ္စာဘုရားသည်လည်းကောင်း။ သဟာဿသူရိယော၊ ရောင်ခြည်တစ်ထောင် ဆောင်သော နေမင်းသည်လည်းကောင်း။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့ဖြစ်ခြင်း ပျက်ခြင်းစသော သဘောရှိသော အကြောင်းကြောင့်လည်းကောင်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တံ၊ အနတ္တမည်၏။

သြောင်း၊ အထူးသဖြင့် မြင်တော်မူကုန်သော။ မေတ္တာနုံ၊ မေတ္တာအရှင် ဖြစ်တော်မူကုန်သော ဘုရားရှင်ကို့အား။ နမော၊ ရှိခိုးပါ၏။ တေသံ၊ ထိုဘုရားရှင်တို့၏။ အာနုဘာဝေန၊ အာနုဘော်တော်အားဖြင့်။ ရာဇာဟယံ၊ မင်းဘေးကိုလည်းကောင်း။ စောရဘယံ၊ ခိုးသူဘေးကိုလည်းကောင်း။ ဥဒကဘယံ၊ ရေဘေးကိုလည်းကောင်း။ အဂ္ဂိဘယံ၊ မီးဘေးကိုလည်းကောင်း။ သတ္ထဘယံ၊ ခေးလက်နက်ဘေးကိုလည်းကောင်း။ သမ္ဗဘယံ၊ အလုံးစုံသော ဘေးကိုလည်းကောင်း။ ဇယော၊ အောင်မြင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ မင်္ဂလံ၊ ကုသိုလ်မင်္ဂလာ ဟူသမျှသည်။ ဇယတု၊ အောင်မြင်ပါစေသတည်း။

ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းတရားကို စွဲ၍ ဖြစ်သော အကျိုးတရားသည်။ သန်တံ၊ ကံ့စိတ်, ဥတု, အာဟာရ တည်းဟူသော ဒုကြောင်းတရားလေးပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သည် ဖြစ်၍။ အနိစ္စံ၊ အမြဲမရှိ။ ခယမေမံ၊ ကုန်ခြင်းသဘောရှိ၏။ ဝယမေမံ၊ ပျက်ခြင်းသဘောရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဝိရာဂမေမံ၊ ရာဂကင်းခြင်းသဘောရှိသော။ နိရောဓမေမံ၊ ချုပ်ငြိမ်းခြင်း သဘောရှိသော နိဗ္ဗာန်ကို။ ပတ္တိတာ၊ ပညာရှိတို့သည်။ ခမန္တိ၊ နှစ်သက်မြတ်နိုးတော်မူကြပါပေ တုန်၏ဘုရား။

ဤဂါထာတော်ကြီးကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အတုင်းရန် အပြင်ရန်များ ကင်းစင် ပပျောက်ခြင်း၊ သူတပါးတို့ မကောင်းမကြံစည် နိုင်ခြင်း၊ မိမိတောင့်တသောဆုကို ရရှိနိုင်ခြင်း၊ အိမ်သူအိမ်သားများနှင့် မကွဲ

မက္ခာနေရခြင်း၊ မိမိနေလိုသော အရပ်ဒေသများ၌သာ နေထိုင်ရခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊လောဘ်လာဘပေါခြင်း၊ ရန်အောင်မြင်ခြင်း စသောအကျိုးများကို လက်တွေ့ခံစားရသည်ဟု ရှေးလူကြီးသူမတို့ အစဉ်အဆက် ဖြေဘဲထိုမှတ်တမ်းတင်ခဲ့ကြသည်။ ပါဠိသက်သက် နွေစဉ် ရွတ်ဖတ်ပူဇော်ရုံမျှဖြင့် ထူးဆန်းသော ကောင်းကျိုးဟူသမျှကို ပေးစွမ်းနိုင်သော ဂါထာတော်ကြီး ဖြစ်သည်။

၄၇။ ဆဒိသာပါလသုတ်

၁။ ဧဝံ မေ သုတံ– ငကဲ့ သမယံ ဘဂဝါ ဆုဇဂဟေ ဝိဟရတိ ဂိဒ္ဓကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ဘဂဝါ ဘိက္ခူ တေဒဝေါစ—

၂။ ပုရတ္ထိမသို့ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊ သေယျထိဒံ? သာတာဂိရော စ ဟေမဝတော စ ပုဏ္ဏကော စ ဂုတ္တိယော စ၊ ဇေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ, ဓမ္မေ ပသန္နာ, သံဃေ ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ, ဓမ္မေ သဂါရဝါ, သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ သာတာဂိရဉ္စ ဟေမဝတဉ္စ ပုဏ္ဏကဉ္စ ဂုတ္တိယဉ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု၊ မာ မံ ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဝါ ဂစ္ဆန္တံ ဝါ ဋ္ဌိတံ ဝါ နိသိန္နံ ဝါ နိပန္နံ ဝါ သုတ္တံ ဝါ ဇာဂရန္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ တံ ရက္ခန္တု၊ ဒေဝတာ။

၃။ ဒက္ခိဏသ္မိံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊ သေယျထိဒံ? ကာလော စ ဥပကာလော စ ဇိမ္ဘော စ ဇိမ္ဘသေနော စ၊ ဇေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ, ဓမ္မေ ပသန္နာ, သံဃေ ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ, ဓမ္မေ သဂါရဝါ သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ ကာလဉ္စ ဥပကာလဉ္စ ဇိမ္ဘဉ္စ ဇိမ္ဘသေနဉ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု၊ မာ မံ ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဝါ ဂစ္ဆန္တံ ဝါ ဋ္ဌိတံ ဝါ နိသိန္နံ ဝါ နိပန္နံ ဝါ သုတ္တံ ဝါ ဇာဂရန္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ တံ ရက္ခန္တု၊ ဒေဝတာ။

၄။ ပစ္ဆိမသ္မိံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊ သေယျထိဒံ? ဟရိရော စ ဟရဟရိရော စ ပါဂေါ စ ဩဂ်လော စ၊ ဇေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ, ဓမ္မေ ပသန္နာ, သံဃေ ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ, ဓမ္မေ သဂါရဝါ, သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ ဟရိရဉ္စ ဟရဟရိရဉ္စ ပါဂဉ္စ ဩဂ်လဉ္စ၊ ဣမံ ရက္ခံ

သံဝိဒဟန္တု။ မာ မံ ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဝါ ဂန္ဓဗ္ဗန်္ဂံ ဝါ ဋိတံ ဝါ နိသိန်္ဂံ ဝါ နိပန်္နံ ဝါ သုတ္တံ ဝါ ဇာဂရန်္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ တံ ရက္ခန္တု။ ဒေဝတာ။

၅။ ဥတ္တရသို့ံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ၊ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊ သေယ္ယထိဒံ? သံဃော စ သံဃပိမော စ သုသုဆော စ ဥဂ္ဂတေဇော စ၊ တေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ, ဓမ္မေ ပသန္နာ, သံဃေ ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ, ဓမ္မေ သဂါရဝါ, သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ သံဃဉ္စ သံဃပိမဉ္စ သုသုရဉ္စ ဥဂ္ဂတေဇဉ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု။ မာ မံ ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဝါ ဂန္ဓဗ္ဗန်္ဂံ ဝါ ဋိတံ ဝါ နိသိန်္ဂံ ဝါ နိပန်္နံ ဝါ သုတ္တံ ဝါ ဇာဂရန်္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ တံ ရက္ခန္တု။ ဒေဝတာ။

၆။ ဟေဋ္ဌိမသို့ံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊ သေယ္ယထိဒံ? ဓရဏ္ဍော စ ဓတရဋ္ဌော စ သေဋ္ဌော စ ကမ္ဗလသေဋ္ဌော စ၊ တေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ, ဓမ္မေ ပသန္နာ, သံဃေ ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ, ဓမ္မေ သဂါရဝါ, သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ ဓရဏ္ဍဉ္စ ဓတရဋ္ဌဉ္စ သေဋ္ဌဉ္စ ကမ္ဗလသေဋ္ဌဉ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု။ မာ မံ ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဂါ ဂန္ဓဗ္ဗန်္ဂံ ဝါ ဋိတံ ဝါ နိသိန်္ဂံ ဝါ နိပန်္နံ ဝါ သုတ္တံ ဝါ ဇာဂရန်္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဂါ သဒါ တံ တံ ရက္ခန္တု။ ဒေဝတာ။

၇။ ဥပရိမသို့ံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊ သေယ္ယထိဒံ? စန္ဒေါ စ သူရိယော စ ဣန္ဒေါ စ ပဇာပတိ စ၊ တေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ, ဓမ္မေ ပသန္နာ, သံဃေ ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ, ဓမ္မေ သဂါရဝါ, သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ စန္ဒဉ္စ သူရိယဉ္စ ဣန္ဒဉ္စ ပဇာပတိဉ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု။ မာ မံ ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဝါ ဂန္ဓဗ္ဗန်္ဂံ ဝါ ဋိတံ ဝါ နိသိန်္ဂံ ဝါ နိပန်္နံ ဝါ သုတ္တံ ဝါ ဇာဂရန်္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ တံ ရက္ခန္တု။ ဒေဝတာ။

၁။ အာဃာသဿ ဒေါ၊ အာဝုဇ်ပြတ်တို့။ ဣဒံ၊ ဤဆဒိသာပါလသုတ်ကို။ မေ မယာ၊ အကျွန်ုပ်အားနှင့်သည်။ ဒေံ၊ ဤသို့။ သုတံ၊ ကြားအပ်၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘာဝါ၊ ပြတ်စွာဘုရားသည်။ ဆုဇဂဟော၊

ရာဇဂြိုဟ်ပြည်၌။ ဂိဇ္ဈကူဋ္ဌေ ပဗ္ဗတေ၊ ဂိဇ္ဈကူဋ်ဌ်တောင်၌။ ဝိဟာရတိ၊ နေတော်မူ၏။။ တေန ခေါ် ပန သမယေန၊ ထိုသို့ သိတင်းသုံးနေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ။၊ ရဟန်းတို့ကို။ တေံ ဝစနံ၊ ဤဆိုလတ္တံ့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏——

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုရတ္ထိမသ္မိံ ခေါ် ပန ဒိသာဘာဂေ၊ အရှေ့မျက်နှာအရပ်အဖို၌။ ဋ္ဌိတာ၊ တည်ကုန်သော။ မဟာယက္ခာ၊ နှတ်မြတ်ဖြစ်ကုန်မသာ။ အာဓိပတေယျာ၊ အကြီးအမှူးဖြစ်ကုန်သော။ စတ္တာရော ယက္ခာ၊ နှတ်မင်းကြီး လေးဦးတို့သည်။ ဟော်နို့၊ ရှိကုန်၏။။ ဣဒံ၊ ဤနှတ်မင်းတို့ဟူသည်။ သေယျထာ ကတမေ၊ အဘယ်သည်တို့နည်း။ သာတာဂိရော စ၊ သာတာဂိရိနှတ်မင်းလည်းကောင်း။ ဟေမဝတော စ၊ ဟေမဝတနှတ်မင်းလည်းကောင်း။ ပဏ္ဍကော စ၊ ပဏ္ဍကနှတ်မင်းလည်းကောင်း။ ဂုတ္တိယော စ၊ ဂုတ္တိယနှတ်မင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်ကုန်သော၊ ဧတေ မဟာယက္ခာ၊ ထိုနှတ်မင်းကြီးတို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်၏။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်၏။ သံဃေ၊ သံဃာတော်၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်၏။ အဟံ၊ ငါဘုရားသည်။ တံ တာဒိသံ၊ ထိုသို့ သဘောရှိသော။ သာတာဂိရိဉ္စ၊ သာတာဂိရိနှတ်မင်းကိုလည်းကောင်း။ ဟေမဝတဉ္စ၊ ဟေမဝတ နှတ်မင်းကိုလည်းကောင်း။ ပဏ္ဍကဉ္စ၊ ပဏ္ဍကနှတ်မင်းကိုလည်းကောင်း။ ဂုတ္တိယဉ္စ၊ ဂုတ္တိယနှတ်မင်းကိုလည်းကောင်း။ ဝဒါမိ၊ မိန့်တော်မူ၏။။ တုမ္ဟေ၊ သင်နှတ်မင်းတို့သည်။ ဣမံ ရက္ခံ၊ ဤအစောင့်အရှောက်ကို။ သံဝိဒဟန္တု၊ ကောင်းစွာ စီရင်ကြကုန်လော့။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သော။ မနုဿော ဝါ၊ လူသည်လည်းကောင်း။ အမနုဿော ဝါ၊ ဘီလူးသည်လည်းကောင်း (ဝါ) လူမှတပါးသော သတ္တဝါသည်လည်းကောင်း။ ဂစ္ဆန္တံ ဝါ၊ သွားသော်လည်းကောင်း။ ဋ္ဌိတံ ဝါ၊ ရပ်သော်လည်းကောင်း။ နိသိန္နံ ဝါ၊ ထိုင်သော်လည်းကောင်း။ နိပန္နံ ဝါ၊ လျောင်းသော်လည်းကောင်း။ သုတ္တံ ဝါ၊ အိပ်ပျော်သော်လည်းကောင်း။ ဇာဂရန္တံ ဝါ၊ နိုးကြားသော်လည်းကောင်း။ ပမတ္တံ ဝါ၊ မေ့လျော့သော်လည်းကောင်း။ ရတ္တိံ ဝါ၊ ညဉ့်၌သော်လည်းကောင်း။ ဒိဝါ ဝါ၊ နေ့၌သော်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ကိဉ္စိ၊ စိုးစဉ်းမျှ၊ မာ ဝိဟေဌေသိ၊ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။ ဧဝံ တာ၊ နှတ်အပေါင်းတို့သည်။ တံ တံ၊ ထိုထိုသို့သော ရန်သူအပေါင်းကို။ ရက္ခန္တု၊ စောင့်ကြကုန်လော့။

ဗုဒ္ဓဘာသာလက်စွဲကဗျာ ၃၈—ပ-မ-သ-၀

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒက္ခိဏာသွိ• ခေါ် ပန ဒိသာဘာဂေ၊ တောင်မျက်နှာအရပ်အဖို့၌။ ဌိတာ၊ တည်ကုန်သော။ မဟာယက္ခာ၊ နတ်မြတ်ဖြစ်ကုန်သော။ အာဓိပတေယျာ၊ အကြီးအမှူးဖြစ်ကုန်သော။ စတ္တာရော ယက္ခာ၊ နတ်မင်းကြီးလေးဦးတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ ဣဒံ၊ ဤနတ်မင်းတို့ဟူသည်။ သေယျထာ ကတမေ၊ အဘယ်သည်တို့နည်း။ ကာလော စ၊ ကာလနတ်မင်းလည်းကောင်း။ ဥပကာလော စ၊ ဥပကာလနတ်မင်းလည်းကောင်း။ ဗိမ္မော စ၊ ဗိမ္မနတ်မင်းလည်းကောင်း၊ ဗိမ္မသေနော စ၊ ဗိမ္မသေနနတ်မင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်ကုန်သော။ ဧတေ မဟာယက္ခာ၊ ထိုနတ်မင်းကြီးတို့သည်။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်၏။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်၏။ သံဃေ၊ သံဃာတော်၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်၏။ အဟံ၊ ငါဘုရားသည်။ တံ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ကာလဉ္စ၊ ကာလနတ်မင်းကိုလည်းကောင်း။ ဥပကာလဉ္စ၊ ဥပကာလနတ်မင်းကိုလည်းကောင်း။ ဗိမ္မဉ္စ၊ ဗိမ္မနတ်မင်းကိုလည်းကောင်း။ ဗိမ္မသေနဉ္စ၊ ဗိမ္မသေနနတ်မင်းကိုလည်းကောင်း။ ဝဒါမိ။ မိန့်တော်မူ၏။ တုမ္ဟေ၊ သင်နတ်မင်းတို့သည်။ ဣမံ ရက္ခံ၊ ဤအစောင့်အရှောက်ကို၊ သံဝိဒဟန္တု၊ ကောင်းစွာစီရင်ကြကုန်လော့။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သော။ မနုဿော ဝါ၊ လူသည်လည်းကောင်း။ အမနုဿော ဝါ၊ ဘီလူးသည်လည်းကေ(ဝါ) လူမှဝပါးသော သတ္တဝါသည်လည်းကောင်း။ ဂစ္ဆန္တံ ဝါ၊ သွားသော်လည်းကောင်း။ ဌိတံ ဝါ၊ ရပ်သော်လည်းကောင်း။ နိသိန္နံ ဝါ၊ ထိုင်သော်လည်းကောင်း။ နိပန္နံ ဝါ၊ လျောင်းသော်လည်းကောင်း။ သုတ္တံ ဝါ၊ အိပ်ပျော်သော်လည်းကောင်း။ ဇာဂရန္တံ ဝါ၊ နိုးကြားသော်လည်းကောင်း။ ပမတ္တံ ဝါ၊ မေ့လျော့သော်လည်းကောင်း။ ရတ္တိံ ဝါ၊ ညဉ့်၌သော်လည်းကောင်း။ ဒိဝါ ဝါ၊ နေ့၌သော်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ကိဉ္စိ၊ စိုးစဉ်းမျှ။ မာ ဝိဟေဌေသိ၊ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။ ဒေဝတာ၊ နတ်အပေါင်းတို့သည်။ တံ တံ၊ ကိုထိုသို့သော ရန်သူအပေါင်းကို။ ရက္ခန္တု၊ စောင့်ကြကုန်လော့။

၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္ဆိမသို• ခေါ် ပန ဒိသာဘာဂေ၊ အနောက်မျက်နှာအရပ်အဖို့၌။ ဌိတာ၊ တည်ကုန်သော။ မဟာယက္ခာ၊ နတ်မြတ်ဖြစ်ကုန်သော။ အာဓိပတေယျာ၊ အကြီးအမှူးဖြစ်ကုန်သော။ စတ္တာရော ယက္ခာ၊ နတ်မင်းကြီးလေးဦးတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ ဣဒံ၊ ဤနတ်မင်းကြီးတို့ဟူသည်။ သေယျထာကတမေ၊ အဘယ်သည်တို့နည်း။ ဟရိတော စ၊ ဟရိတနတ်မင်း

လည်းကောင်း။ ဟရဟရီထော စ၊ ဟရဟရီရနတ်မင်းလည်းကောင်း။ ပါပေါ စ၊ ပါပနတ်မင်းလည်းကောင်း။ ပိဂ်လော စ၊ ပိဂ်လနတ်မင်းလည်းကောင်း။ ဤတိ၊ ဤသို့။ စတ္တာထော၊လေးယောက်ကုန်သော။ ဧတေ မဟာယက္ခာ၊ ထိုနတ်မင်းကြီး တို့သည်။ ပုဒ္ဓေ၊မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ သဂါရဝါ၊ ရှိသေခြင်းရှိကုန်၏။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရှိသေခြင်းရှိကုန်၏။ သံဃေ၊ သံဃာတော်၌။ သဂါရဝါ၊ ရှိသေခြင်းရှိကုန်၏။ အဟံ၊ ငါဘုရားသည်။ တံ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ဟရိရဉ္ဇ၊ ဟရိရနတ်မင်းကိုလည်းကောင်း။ ဟရဟရိရဉ္ဇ၊ ဟရဟရိရနတ်မင်းကို လည်းကောင်း။ ပါပဉ္ဇ၊ ပါပနတ်မင်းကိုလည်းကောင်း။ ပိဂ်လဉ္ဇ။ ပိဂ်လ နတ်မင်းကိုလည်းကောင်း။ ဝဒါမိ၊ မိန့်တော်မူ၏။ တုမှေ၊ သင်နတ်မင်းတို့သည်။ ဤမံ ရက္ခံ၊ ဤအစောင့်အရှောက်ကို။ သံဝိဒဟန္တု၊ကောင်းစွာစီရင်ကြကုန်လော့။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သော။ မနုဿော ဝါ၊ လူသည်လည်းကောင်း။ အမနုဿော ဝါ၊ ဘီလူးသည်လည်းကောင်း (ဝါ) လူမှတပါးသော သတ္တဝါသည် လည်းကောင်း။ ဂစ္ဆန္တံ ဝါ၊ သွားသော်လည်းကောင်း။ ဌိတံ ဝါ၊ ရပ်သော်လည်းကောင်း။ နိသိန္နံ ဝါ၊ ထိုင်သော်လည်းကောင်း။ နိပန္နံ ဝါ၊ လျောင်းသော်လည်းကောင်း။ သုတ္တံ ဝါ၊ အိပ်ပျော်သော်လည်းကောင်း။ ဇာဂရန္တံ ဝါ၊ နိုးကြားသော်လည်းကောင်း။ ပမတ္တံ ဝါ၊ မေ့လျော့သော်လည်းကောင်း။ ရတ္တိ ဝါ၊ ညဉ့်၌သော်လည်းကောင်း။ ဒိဝါ ဝါ၊ နေ့၌သော်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ကိဉ္စိ၊ စိုးစဉ်းမျှ။ မာ ဝိဟေဌေသိ၊ မနှိပ်စက် မညှဉ်းဆဲ ပါစေလင့်။ ဒေဝတာ၊ နတ်အပေါင်းတို့သည်။ တံ တံ၊ ထိုထိုသို့သော ရန်သူ အပေါင်းကို။ ရက္ခန္တု၊ စောင့်ကြကုန်လော့။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥတ္တရသို့ ဒေါ ပန ဒိသာဘာဂေ၊ မြောက်မျက်နှာအရပ်အဖို၌။ ဌိတာ၊ တည်ကုန်သော။ မဟာယက္ခာ၊ နတ်မြတ်ဖြစ်ကုန်သော။ အာဓိပတေယျာ၊ အကြီးအမှူးဖြစ်ကုန်သော။ စတ္တာထော ယက္ခာ၊ နတ်မင်းကြီး လေးဦးတို့သည်။ ဟေန္တိ၊ ရှိကုန်၏။ ဤဒံ၊ ဤနတ်မင်းကြီး တို့သည်။ သေယျထာ ကတမေ၊ အဘယ်တို့နည်း။ သံဃော စ၊ သံဃနတ်မင်းလည်းကောင်း။ သံဃုလိမော စ၊ သံဃုလိမ နတ်မင်းလည်းကောင်း။ သုသုထော စ၊ သုသုရနတ်မင်းလည်းကောင်း။ ဥဂ္ဂတေဇော စ၊ ဥဂ္ဂတေဇနတ်မင်း လည်းကောင်း။ ဤတိ၊ ဤသို့။ စတ္တာထော၊ လေးယောက်ကုန်သော။ ဧတေ မဟာယက္ခာ၊ ထိုနတ်မင်းကြီးတို့သည်။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ သဂါရဝါ၊ ရှိသေခြင်း

ရှိကုန်၏။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရှိသေခြင်း ရှိကုန်၏။ သံဃေ၊ သံဃာတော်၌။ သဂါရဝါ၊ ရှိသေခြင်း ရှိကုန်၏။ အဟံ၊ ငါဘုရားသည်။ ကံ် တာဒိသံ၊ ထိုသို့သဘောရှိသော။ သံဃဉ္စ၊ သံဃနတ်မင်းကိုလည်းကောင်း။ သံဃုလိမဉ္စ၊ သံဃုလိမ နတ်မင်းကိုလည်းကောင်း။ သုသုရဉ္စ၊ သုသုရနတ်မင်းကိုလည်းကောင်း။ ဥဂ္ဂတေဇဉ္စ၊ ဥဂ္ဂတေဇနတ်မင်းကိုလည်းကောင်း။ ဝဒါမိ၊ မိန့်တော်မူ၏။ တုမှေ၊ သင်နတ်မင်းတို့သည်။ ဣမံ ရက္ခံ၊ ဤအစောင့်အရှောက်ကို။ သံဝိဒဟန္တု၊ ကောင်းစွာ စီရင်ကြကုန်လော့။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သော။ မနုဿော ဝါ၊ လူသည်လည်းကောင်း။ အမနုဿော ဝါ၊ ဘီလူးသည်လည်းကောင်း (ဝါ) လူမှတပါးသော သတ္တဝါသည်လည်းကောင်း။ ဂစ္ဆန္တံ ဝါ၊ သွားသော်လည်းကောင်း။ ဌိတံ ဝါ၊ ရပ်သော်လည်းကောင်း။ နိသိန္နံ ဝါ၊ ထိုင်သော်လည်းကောင်း။ နိပန္နံ ဝါ၊ လျောင်းသော်လည်းကောင်း။ သုတ္တံ ဝါ၊ အိပ်ပျော်သော်လည်းကောင်း။ ဇာဂရန္တံ ဝါ၊ နိုးကြားသော်လည်းကောင်း။ ပမတ္တံ ဝါ၊ မေ့လျော့သော်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ကိဉ္စိ၊ စိုးစဉ်းမျှ။ မာ ဒိဟေဋ္ဌေသိ၊ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။ ဒေဝတာ၊ နတ်အပေါင်းတို့သည်။ တံ တံ၊ ထိုထိုသို့သော ရန်သူအပေါင်းကို။ ရက္ခန္တု၊ စောင့်ကြကုန်လော့။

၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ဟေဋ္ဌိမသို့ ခါ ပန ဒိသာဘာဂေ၊ အောက်မျက်နှာအရပ်အဖို့၌။ ဌိတာ၊ တည်ကုန်သော။ မဟာယက္ခာ၊ နတ်မြတ်ဖြစ်ကုန်သော။ အာဓိပတေယျာ၊ အကြီးအမှူးဖြစ်ကုန်သော။ စတ္တာရော ယက္ခာ၊ နတ်မင်းကြီး လေးဦးတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ ဣဒံ၊ ဤနတ်မင်းကြီးတို့ဟူသည်။ သေယျထာ ကတမေ၊ အဘယ်သည်တို့နည်း။ ဓရဋ္ဌော စ၊ ဓရဋ္ဌ နတ်မင်းလည်းကောင်း။ ဓတရဋ္ဌော စ၊ ဓတရဋ္ဌနတ်မင်းလည်းကောင်း။ သေဋ္ဌော စ၊ သေဋ္ဌနတ်မင်းလည်းကောင်း။ ကမ္ဗလသေဋ္ဌော စ၊ ကမ္ဗလသေဋ္ဌနတ်မင်းလည်းဟုကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်ကုန်သော။ တေ မဟာယက္ခာ၊ ထိုနတ်မင်းကြီးတို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ သဂါရဝါ၊ မိုသေခြင်း ရှိကုန်၏။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရိုသေခြင်း ရှိကုန်၏။ သံဃေ သံဃာတော်၌။ သဂါရဝါ၊ ရိုသေခြင်း ရှိကုန်၏။ အဟံ၊ ငါဘုရားသည်။ တံ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဓရဋ္ဌဉ္စ၊ ဓရဋ္ဌနတ်မင်းကိုလည်းကောင်း။ ဓတရဋ္ဌဉ္စ၊ ဓတရဋ္ဌနတ်မင်းကိုလည်းကောင်း။ သေဋ္ဌဉ္စ၊ သေဋ္ဌနတ်မင်းကိုလည်းကောင်း။ ကမ္ဗလသေဋ္ဌဉ္စ၊ ကမ္ဗလသေဋ္ဌနတ်မင်းကိုလည်းကောင်း။ ဝဒါမိ၊ မိန့်တော်မူ၏။ တုမှေ၊ သင်နတ်မင်းတို့သည်။ ဣမံ ရက္ခံ၊

ဤ ဖအစောင့်အရှောက်ကို။ သံဝိဒဟန္တု၊ ကောင်းစွာ စီရင်ကြကုန်လော့။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သော။ မနုဿာ ဝါ၊ လူသည်လည်းကောင်း။ အမနုဿာ ဝါ၊ ဘီလူးသည်လည်းကောင်း (ဝါ) လူမှုတပါးသော သတ္တဝါသည်လည်းကောင်း။ ဂစ္ဆန္တံ ဝါ၊ သွားသော်လည်းကောင်း။ ဌိတံ ဝါ ရပ်သော်လည်းကောင်း။ နိသိန္နံ ဝါ၊ ထိုင်သော်လည်းကောင်း။ နိပန္နံ ဝါ၊ လျောင်းသော်လည်းကောင်း။ သုတ္တံ ဝါ၊ အိပ်ပျော်သော်လည်းကောင်း။ ဇာဂရန္တံ ဝါ၊ နိုးကြားသော်လည်းကောင်း။ ပမတ္တံ ဝါ၊ မေ့လျော့သော်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ကိဉ္စိ၊ စိုးစဉ်းမျှ။ မာ ဝိဟေဌေသိ၊ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။ ဒေဝတာ၊ နတ်အပေါင်းတို့သည်။ တံ တံ၊ ထိုထိုသို့သော ရန်သူအပေါင်းကို။ ရက္ခန္တု၊ စောင့်ကြကုန်လော့။

၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥပရိမသ္မိံ ခေါ ပန ဒိသာဘာဂေ၊ အထက်မျက်နှာ အဖို၌။ ဌိတာ၊ တည်ကုန်သော။ မဟာယက္ခာ၊ နတ်မြတ်ဖြစ်ကုန်သော။ အာဓိပတေယျာ၊ အကြီးအမှူးဖြစ်ကုန်သော။ စတ္တာရော ယက္ခာ၊ နတ်မင်းကြီးလေးဦးတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ ကတဒံ၊ ဤနတ်မင်းကြီးတို့ဟူသည်။ သေယျထာ ကတမေ၊ အဘယ်သည်တို့နည်း။ စန္ဒေါ စ၊ စန္ဒနတ်မင်းလည်းကောင်း။ သူရိယော စ၊ သူရိယနတ်မင်းလည်းကောင်း။ ကုဋေါ စ၊ ကုဋနတ်မင်းလည်းကောင်း။ ဖြဟ္မာ စ၊ ဖြဟ္မနတ်မင်းလည်းကောင်း။ ကတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်ကုန်သော။ ဧတေ မဟာယက္ခာ၊ ထိုနတ်မင်းကြီးတို့သည်။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ ပုဒ္ဓေ၊ မြတ်စွာဘုရား၌။ သဂါရဝါ၊ ရိုသေခြင်း ရှိကုန်၏။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရိုသေခြင်း ရှိကုန်၏။ သံဃေ၊ သံဃာတော်၌။ သဂါရဝါ၊ ရိုသေခြင်း ရှိကုန်၏။ အဟံ၊ ငါဘုရားသည်။ တံ တာဒိသံ၊ ထိုသို့သဘောရှိသော။ စန္ဒဉ္စ၊ စန္ဒနတ်မင်းကိုလည်းကောင်း။ သူရိယဉ္စ၊ သူရိယနတ်မင်းကိုလည်းကောင်း။ ကုဋ္ဌဉ္စ၊ ကုဋ္ဌနတ်မင်းကိုလည်းကောင်း။ ဖြဟ္မဉ္စ၊ ဖြဟ္မနတ်မင်းကိုလည်းကောင်း။ ဝဒါမိ၊ မိန့်ကော်မူ၏။ တုမ္ဟေ၊ သင်နတ်မင်းတို့သည်။ ဣမံ ရက္ခံ၊ ဤအစောင့်အရှောက်ကို။ သံဝိဒဟန္တု၊ ကောင်းစွာစီရင်ကြကုန်လော့။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သော။ မနုဿော ဝါ၊ လူသည်လည်းကောင်း။ အမနုဿော ဝါ၊ ဘီလူးသည်လည်းကောင်း (ဝါ) လူမှုတပါးသော သတ္တဝါသည်လည်းကောင်း။ ဂစ္ဆန္တံ ဝါ၊ သွားသော်လည်းကောင်း။ ဌိတံ ဝါ၊ ရပ်သော်လည်းကောင်း။ နိသိန္နံ ဝါ၊ ထိုင်သော်လည်းကောင်း။ နိပန္နံ ဝါ၊ လျောင်းသော်လည်းကောင်း။ သုတ္တံ ဝါ၊ အိပ်ပျော်သော်လည်းကောင်း။ ဇာဂရန္တံ ဝါ၊ နိုးကြားသော်လည်းကောင်း။ ပမတ္တံ ဝါ၊ မေ့လျော့

သော်လည်းကောင်း။ ရတို့ ဝါ၊ ညဉ့်၌သော် လည်းကောင်း။ ဒိဝါ ဝါ၊ နေ့၌သော် လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ကိုဠိ၊ စိုးစဉ်းမျှ။ မာ ဝိဟေဌေသိ၊ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။ ဧဒဝတာ၊ နတ်အပေါင်းတို့သည်။ တံ တံ၊ ထိုထိုသို့ သဘောရှိသော ရန်သူဖြစ်သော လူ, ဘီလူးအပေါင်းကို။ ရက္ခန္တိ၊ စောင့်ကြကုန်လော့။

ကျိုသုတ်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်လျှင် နတ်ကောင်း နတ်မြတ်တို့ စောင်မကြည့်ရှု၏။ ရန်ဟူသမျှ ကင်းရှင်း၍ ဘေးဟူသမျှ ပပျောက်သည်။ အမြဲရွတ်ဖတ်ပူဇော်ကြပါလေ။

၄။ စက္ကပရိတ် (စက်ပရိတ်)

၁။ ဧဝံ မေ သုတံ–ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ တတြ ခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ တေဒဝေါစ—

၂။ အဓိကတော ခေါ မျာယံ ဓမ္မော၊ ဧဝံ အာနန္ဒ မယာ ပါရမိယော ပူရေတ္ဝာ ဗုဒ္ဓတ္တံ ပတ္ဝာ မာရသေနံ ဝိဒ္ဓံ သေတ္ဝာ အသနိစက္ကဿ ပတိတော ဝိယ ခုရစက္ကဿ ပတိတော ဝိယ၊ ဧဝံ အာနန္ဒ မယာ ပါရမိယော ပူရေတ္ဝာ ဗုဒ္ဓတ္တံ ပတ္ဝာ မာရသေနံ ဝိဒ္ဓံ သေတ္ဝာ တဒါ လဒ္ဓမ္မစက္ကဿ အာနုဘာဝေန ပုရတ္ထိမာယ ဒိသာယ အာဂတာနံ သတြုဘယံ အသီတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ၊ ပုရတ္ထိမာယ အနုဒိသာယ အာဂတာနံ သတြုဘယံ အသီတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ။

၃။ ဒက္ခိဏာယ ဒိသာယ အာဂတာနံ သတြုဘယံ အသီတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ၊ ဒက္ခိဏာယ အနုဒိသာယ အာဂတာနံ သတြုဘယံ အသီတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ။

၄။ ပစ္ဆိမာယ ဒိသာယ အာဂတာနံ သတြုဘယံ အသီတိသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ၊ ပစ္ဆိမာယ အနုဒိသာယ အာဂတာနံ သတြုဘယံ အသီတိသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ။

၅။ ဥတ္တရုယ ဒိသာယ အာဂတာနံ သတြုဘယံ အသိတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဒံသေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ၊ ဥတ္တရုယ အနုဒိသာယ အာဂတာနံ သတြုဘယံ အသိတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဒံသေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ။

၆။ ဟေဋ္ဌိမာယ ဒိသာယ အာဂတာနံ သတြုဘယံ အသိတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဒံသေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ။

၇။ ဥပရိမာယ ဒိသာယ အာဂတာနံ သတြုဘယံ အသိတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဒံသေတိ အတ္ထက်မေတိ နိဗ္ဗာပေတိ။

၈။ ဧဝံ အာနဒ္ဓ မယာ ပါရမိယော ပူရေတ္ဝာ ဗုဒ္ဓတ္တံ ပတ္ဝာ မာရသေနံ ဝိဒ္ဓံသေတ္ဝာ လဒ္ဓဓမ္မစက္ကဿ အာနုဘာဝေန ဇူမသ္မိံ ပိဟာရေ ဂါစရဂါမေ ဇနပဒေ နိဂမေ နဂရေ ရဇ္ဇေ ဇမ္မဒြီပေ စက္ကဝါဠေ ဇာတိခေတ္တေ အာဏာခေတ္တေ ဝိသယခေတ္တေ ဌိတာ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဂဟပတိ ဝါ ဂဟပတာနီ ဝါ သုဒ္ဒေ၊ ဝါ သဒ္ဒိ ဝါ ဒေဿော ဝါ ဒေဿီ ဝါ ဖြာဟ္မဏော ဝါ ဖြာဟ္မဏီ ဝါ ရာဇာ ဝါ ရာဇဒေဝီ ဝါ ဥပရာဇာ ဝါ ဥပရာဇဒေဝီ ဝါ အမစ္စော ဝါ အမစ္စဘရိယာဒယော ဝါ တေ သဗ္ဗေ သုခိတာ ဟောန္တု၊ အနီဃာ ဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊ အဝေရာ ဟောန္တု၊ အရောဂါ ဟောန္တု၊ အညမညံ ပိယာ ဟောန္တု၊ မမမ္ပိ ပါ သဗ္ဗလောကမ္ပိ ဝါ။

၉။ သီသရောဂါ စက္ခုရောဂါ သောတရောဂါ ဃာနရောဂါ ဇိဝှါရောဂါ မုခရောဂါ ဒန္တရောဂါ ဩဋ္ဌရောဂါ ဟနုရောဂါ ဂီဝါရောဂါ ဟတ္ထရောဂါ ပါဒရောဂါ ကုစ္ဆိရောဂါ ပိဋ္ဌိရောဂါ အင်္ဂီရောဂါ မံသရောဂါ စမ္မရောဂါ သကလသရီရရောဂါ ပဋ္ဌဝိသတိ ဘယာ ဒုတ္တိံ သကမ္မကာရကာ ဆနဝုတိ ရောဂါ သောဋ္ဌသ ဥပဒ္ဒဝါ စ ဝိဒ္ဒံသေန္တု၊ အတ္ထက်မေန္တု၊ နိဗ္ဗာပေန္တု၊ ဒူရဋ္ဌာနေ ဂစ္ဆန္တု၊။

၁၀။ ဧဝံ ဘဂဝတော ဘာသိတံ အာယသ္မာ အာနန္ဒော အာဘိနန္ဒိတိ။

၁။ ဆာယသ္မန္တော၊ အရှင်မြတ်တို့။ ဣဒံ၊ ဤစက်ပရိတ်ကို။ မေ-မယာ၊ အတ္ဝန်ပိ အာနန္ဒာသည်။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားအပ်၏။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဆနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ လှုန်စွာမွေလျော်ရာ ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သီတင်းသုံး

နေတော်မူကြ၏။ တတြ ခေါ၊ ထိုသို့ ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာယာသွန်၊ ရှည်သော သက်တော်ရှိသော။ အာနန္ဒံ၊ အရှင်အာနန္ဒာကို။ ဧတံ ဝစနံ၊ ဤဆိုလတ္တံ့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏—

၂။ အာနန္ဒ၊ အာနန္ဒာ။ ဧဝံ၊ ဤသို့။ မယာ၊ ငါဘုရားသည်။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပူရေတ္ဝာ၊ ဖြည့်ကျင့်တော်မူပြီး၍။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ ပတ္တာ၊ ရောက်တော်မူပြီး၍။ မာရဿနံ၊ မာရ်စစ်သည်ကို။ အသနိစက္ကဿ၊ မိုးကြိုးစက်၏။ ပတိတော ဝိယ၊ ကျခြင်းကဲ့သို့လည်းကောင်း။ ခုရစက္ကဿ၊ သင်တုန်းစက်၏။ ပဘိတော ဝိယ၊ ကျခြင်းကဲ့သို့လည်းကောင်း။ ဝိဒ္ဒံသေတ္ဝာ၊ ဖျက်ဆီးတော်မူပြီး၍။ မေ မယာ၊ ငါဘုရားသည်။ အယံ ဓမ္မော၊ ဤသစ္စာလေးပါးတရားကို။ အဓိဂတော ခေါ၊ ရအပ် သိအပ်ပြီ။ အာနန္ဒ၊ အာနန္ဒာ။ ဧဝံ၊ ဤသို့။ မယာ၊ ငါဘုရားသည်။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပူရေတ္ဝာ၊ ဖြည့်ကျင့်တော်မူပြီး၍။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ ပတ္တာ၊ ရောက်တော်မူပြီး၍။ မာရဿနံ၊ မာရ်စစ်သည်ကို။ ဝိဒ္ဒံသေတ္ဝာ၊ ဖျက်ဆီးတော်မူပြီး၍။ တဒါ တယ္ဟံ ကာလေ၊ ထိုအခါ၌။ လဒ္ဓမမ္မစက္ကဿ၊ ရအပ်သော တရားတည်းဟူသော စက်ရတနာ၏။ အာနုဘာဝေန၊ အစွမ်းသတ္တိ အာနုဘော်ကြောင့်။ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိ-သတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတြုဘယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဒံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏ (ဝါ) ချုပ်ပျက်ပျောက်ကွယ်ခြင်းသို့ ရောက်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။ ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့် မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ် ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတြုဘယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဒံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၃။ ဒက္ခိဏာယ ဒိသာယ၊ တောင်မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတြုဘယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဒံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။ ပစ္ဆိမာယ ဒိသာယ၊ အနောက်မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတြုဘယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဒံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၄။ ဥတ္တရာယ ဒိသာယ၊ တောင်မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ် ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတြုဘယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဒံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၄။ ပစ္ဆိမာယ ဒိသာယ၊ အနောက်မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတ္တုဒာယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။ ပစ္ဆိမာယ အနုဒိသာယ၊ အနောက်မြောက်ထောင့်အရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတ္တုဒာယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၅။ ဥတ္တရာယ ဒိသာယ၊ မြောက်မျက်နှာအရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတ္တုဒာယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။ ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက်ထောင့်အရပ်မှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတ္တုဒာယံ၊ ဘေးရန်အပေါင်းကို၊ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၆။ ဟေဋ္ဌိမာယ ဒိသာယ၊ အောက်အရပ်မျက်နှာမှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတ္တုဒာယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၇။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာမှ။ အာဂတာနံ၊ လာလတ်ကုန်သော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းကုန်သော။ သတ္တုဒာယံ၊ ဘေးရန်အပေါင်းကို။ မဒ္ဒတိ၊ နှိမ်နင်း၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အတ္ထဂ်မေတိ၊ ချုပ်စေ၏။ နိဗ္ဗာပေတိ၊ ငြိမ်းစေ၏။

၈။ အာသုန္ဒီ၊ အာသုန္ဒေါ။ ဇဝံ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူပြီး၍။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ ပတွာ။ ရောက်တော်မူပြီး၍။ မာရသေနံ၊ မာရ်စစ်သည်ကို။ ဓိဒ္ဓံသေတွာ၊ ဖျက်ဆီးတော်မူပြီး၍။ လဒ္ဓဓမ္မစက္ကာဿ၊ ရအပ်သော တရားတည်းဟူသော စက်ရတနာ၏။ အာနုဘာဝေန၊ အစွမ်းသတ္တိ အာနုဘော်ကြောင့်။

ကျမသို့ ဝိဟာရေ၊ ဤကျောင်းဌ်လည်းကောင်း။ ဂေါစရဂါမေ၊ ဆွမ်းခံရွာဌ်လည်းကောင်း။ ဇနပဒေ၊ ဇနပုဒ်ဌ်လည်းကောင်း။ နိဂမေ၊ နိဂုံးရွာဌ်လည်းကောင်း။ နာဂရေ၊ မြို့ဌ်လည်းကောင်း။ ရဋ္ဌေ၊ တိုင်းနိုင်ငံဌ်လည်းကောင်း။ ဇမ္မုဒီပေ၊ ဇမ္မုဒိပ်ကျွန်းဌ်လည်းကောင်း။ စက္ကဝါဠေ၊ စကြဝဠာဌ်လည်းကောင်း။ ဇာတိခေတ္တေ၊ ဇာတိခေတ်ဌ်လည်းကောင်း။ အာဏာခေတ္တေ၊ အာဏာခေတ်ဌ်လည်းကောင်း။ ဝိသယခေတ္တေ၊ ဝိသယခေတ်ဌ် လည်းကောင်း။ ဌိတာ၊ တည်ကြကုန်သော။ ဘိက္ခု ဝါ၊ ရဟန်းယောကျ်ားသည် လည်းကောင်း။ ဘိက္ခုနီ ဝါ၊ ရဟန်းမိန်းမသည်လည်းကောင်း။ ဥပါသကော ဝါ၊ ဒါယကာယောကျ်ားသည်လည်းကောင်း။ ဥပါသိကာ ဝါ၊ ဒါယိကာမိန်းမသည်လည်းကောင်း။ ဂဟပတိ ဝါ၊ သူကြွယ်ယောကျ်ားသည်လည်းကောင်း။ ဂဟပတာနီ ဝါ၊ သူကြွယ်မိန်းမသည်လည်းကောင်း။ သုဒ္ဒါ ဝါ၊ သူဆင်းရဲယောကျ်ားသည် လည်းကောင်း။ သုဒ္ဒီ ဝါ၊ သူဆင်းရဲမိန်းမသည်လည်းကောင်း။ ဝေဿော ဝါ၊ ကုန်သည်ယောကျ်ားသည်လည်းကောင်း။ ဝေဿီ ဝါ၊ ကုန်သည်မိန်းမသည် လည်းကောင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဗြာဟ္မဏီ ဝါ၊ ပုဏ္ဏေးမသည်လည်းကောင်း။ ရာဇာ ဝါ၊ မင်းသည်လည်းကောင်း။ ရာဇဒေဝီ ဝါ၊ မင်း၏ မိဖုရားသည်လည်းကောင်း။ ဥပရာဇာ ဝါ၊ အိမ်ရှေ့မင်းသည်လည်းကောင်း။ ဥပရာဇဒေဝီ ဝါ၊ အိမ်ရှေ့မင်း၏ မိဖုရားသည်လည်းကောင်း။ အမစ္စော ဝါ၊ အမတ်သည်လည်းကောင်း။ အမစ္စဘရိယာဒယော ဂါ၊ အမတ်၏မယား အစရှိသည်တို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ သုခိတာ၊ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဇာ၊ စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဓဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဆောဂါ၊ အနာမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အညမညံ၊ အချင်းချင်း (ဝါ) တယောက်သည် တယောက်အား။ ပိယာ၊ ချစ်ကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ မမမို့ ဝါ၊ ငါ့ကို လည်းကောင်း။ သဗ္ဗလောကမို့ ဝါ၊ ခပ်သိမ်းသော လောကကိုလည်းကောင်း။ ပိယာ၊ ချစ်ကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

၉။ (သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့၏။) သီသရောဂေါ၊ ဦးခေါင်းဌ်ဖြစ်သော အနာသည်လည်းကောင်း။ စက္ခုရောဂေါ၊ မျက်စိဌ်ဖြစ်သော အနာသည်လည်းကောင်း။ သောတရောဂေါ၊ နားဌ်ဖြစ်သော အနာသည်လည်းကောင်း။ ဃာနရောဂေါ၊ နှာခေါင်းဌ် ဖြစ်သော အနာသည် လည်းကောင်း။ ဇိဝှါရောဂေါ၊ လျှာဌ် ဖြစ်သော အနာသည်လည်းကောင်း။

မုခရောဂါ၊ ခံတွင်းဒွဲဖြစ်သော အနာသည်လည်းကောင်း။ ဒန္တရောဂါ၊ သွားဒွဲဖြစ်သော အနာသည်လည်းကောင်း။ သြဋ္ဌရောဂါ၊ နှုတ်ခမ်းဒွဲ ဖြစ်သော အနာသည်လည်းကောင်း။ ဟနုရောဂါ၊ မေးဒွဲ ဖြစ်သော အနာသည်လည်းကောင်း။ ဂီဝါရောဂါ၊ လည်ဒွဲ ဖြစ်သော အနာသည်လည်းကောင်း။ ဟတ္ထရောဂါ၊ လက်ဒွဲဖြစ်သော အနာသည်လည်းကောင်း။ ပါဒရောဂါ၊ ခြေဒွဲ ဖြစ်သော အနာသည်လည်းကောင်း။ ကုစ္ဆိရောဂါ၊ ဝမ်းဒွဲဖြစ်သော အနာသည်လည်းကောင်း။ ပိဋ္ဌိရောဂါ၊ ကျောကုန်းဒွဲဖြစ်သော အနာသည်လည်းကောင်း။ အင်္ဂါရောဂါ၊ အင်္ဂါဒွဲ ဖြစ်သော အနာသည်လည်းကောင်း။ ပံသုရောဂါ၊ အသားဒွဲဖြစ်သော အနာသည်လည်းကောင်း။ စမ္မရောဂါ၊ အရေဒွဲဖြစ်သော အနာသည်လည်းကောင်း။ သကလသရီရရောဂါ၊ တကိုယ်လုံးဒွဲ ဖြစ်သော အနာသည်လည်းကောင်း။ ပဋိသတိဘယာ စ၊ နှစ်ဆပ်ငါးပါးသော ဘေးတို့သည်လည်းကောင်း။ ဒဋ္ဌဘို့ သကမ္မကာရဏာ စ၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတို့သည်လည်းကောင်း။ ဆနဝုတိ ရောဂါ စ၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့သည်လည်းကောင်း။ သောဋသ ဥပဒ္ဒဝါ စ၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည်လည်းကောင်း။ ဝိဒ္ဓံသေန္တု၊ ပျက်စီးစေကုန်သတည်း။ ဗာတ္တိ-မေန္တု၊ ချုပ်စေကုန်သတည်း။ နိဗ္ဗာပေန္တု၊ ငြိမ်းစေကုန်သတည်း။ ဒုရဂ္ဃာနေ၊ ဝေးသောအရပ်သို့။ ဂစ္ဆန္တု၊ ဖဲသွားစေကုန်သတည်း။

၁၀။ ဇော်၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်သော စကားတော်ကို။ အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။ အာနန္ဒော၊ အာနန္ဒာမထေရ်သည်။ အဘိနန္ဒိ၊ နှစ်သက်တော်မူ၏။ ဣတိ၊ ဤသည်လျှင် စကၠပရိတ်တော်အနက် အပြီးတည်း။

ဤစကၠပရိတ်ကို နေ့ညဉ့်မပြတ် ရွတ်ဖတ်ပူဇော်လျှင် အန္တရာယ်ခပ်သိမ်းကင်းငြိမ်းသည်။ ရန်သူတို့ မကောင်းမကြံနိုင်။ ကုန်းလမ်း ရေလမ်း လေလမ်း ခရီးသွားရာ၌ အန္တရာယ်ကင်း၏။ ဖုတ် တစ္ဆေ မြေဘုတ်တို့ မခြောက်လှန့်နိုင်။ နတ်အမျှားချစ်ခင်၏။ မိုးကြိုးလောင်မီးကွင်း၏။ ဘေးအမျိုးမျိုး ရန်ဏအမျိုးမျိုးမှ ကင်း၏။ ယုံကြည်စွာ နေ့ညဉ့်မပြတ် ရွတ်ဖတ်ပူဇော် သင့်ကြသည်။ ရွတ်ဖတ်ပူဇော်ကြပါလေ။

၄၉။ မဟာဝေဒပ္ပမန္တိန်တော်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ကတိပိ သော ဘဂဝါ အရဟံ
သမ္မာသမ္ဗုဒ္ဓါ ဝိဇ္ဇာစရဏသမ္ပန္နော
သုဂတော လောကဝိဒူ အနုတ္တရော
ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ
ဗုဒ္ဓါ ဘဂဝါတိ။

နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိပဿိကော ဩပနေယျိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော–
အာဟုနေယျော၊ ပါဟုနေယျော၊
ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၄။ သမာဒိယိ ပဥ္စသီလံ၊ အဋ္ဌင်္ဂိပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယာမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၅။ နာ ဇိဝိတန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၆။ နာ ဉာဏန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၇။ နာ ရဿိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၈။ ဗုဒ္ဓေါ ဓာဘိဇ္ဇကာယောပိ၊ နတ္ထိ လောဟိတသ္ဥဒံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၉။ သင်္ဃါ မေ ဗုဒ္ဓသေဋ္ဌမ်ိ၊ သံသယော နတ္ထိ သမ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၀။ သင်္ဃါ မေ ဓမ္မသေဋ္ဌမ်ိ၊ သံသယော နတ္ထိ သံဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၁။ သင်္ဃါ မေ သံဃသေဋ္ဌမ်ိ၊ သံသယော နတ္ထိ သမ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၂။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေ သရဏံ ဥပေမိ၊ မယိ ကာ၌ိ နာ ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေ သရဏံ ဥပေမိ၊ မယိ ကာ၌ိ နာ ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေ သရဏံ ဥပေမိ၊ မယိ ကာ၌ိ နာ ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

ဤမဟာဝေဒပ္ပမန္တန်သည် ငါးရာ့ငါးဆယ်နံပါတ် ဝေဒပ္ပဇာတ်တော်တွင် တိုက်ရိုက်မလာရှိပါ၊ ဇာတ်လမ်းမျှသာ လာရှိပါသည်။ ယခု ဖော်ပြသည့် **မဟာ**ဝေဒပ္ပမန္တန်ပါဠိများသည် လောကီ, လောကုတ္တရာ ပညာဗဟုသုတ စွယ်စုံရတော်မူကြသော ရှေးဆရာတော်ကြီးများ စီစဉ်တော်မူခဲ့ကြသည်ဟု ယူဆရပေသည်။

သို့ရာတွင် ဤမဟာဝေဒပ္ပမန္တန်သည် ဘုရားဟော ပိဋကတ်၌ တိုက်ရိုက်မလာသော်လည်း ရတနာသုံးပါး ဂုဏ်တော်ကျေးဇူးတော်များကို ထုတ်ဖော်ရွတ်ဆို၍ သစ္စာပြုပုံ၊ ဆုတောင်းပုံများကို ဖွဲ့ဆိုထားသော ဂါထာမန္တန်များ ဖြစ်၍ လေးစားထိုက်, အာဃာတ်ထိုက်သော မန္တန်တော်ဖြစ်ပေသည်။

ဤမန္တန်ကို ရွတ်ဖတ်ခြင်းဖြင့် ဇာတ်တော်လာအတိုင်း ရွှေမိုး, ငွေမိုး, ရတနာမိုး ရွာသွန်းပြီးသကဲ့သို့ စည်းစိမ်ဥစ္စာ ရတနာများ တိုးတက်ကြီးမွားစေနိုင်သည်။ ရှေးဆရာကြီးများက တစ်နေ့ (၂၇)ကြိမ် ရွတ်ဆိုရမည်ဟု ဆိုထားရာ နိဗ္ဗဝတ်ထား၍ အမြဲရွတ်ဆို၊ပါက မုချထူးခြားသော အကျိုးကို ရရှိနိုင်ပေသည်။

၅၀။ စူဠဝေဒပ္ပ သစ္စမန္တန်တော်

၁။ ပဌမာရေ ဇိတော နာထော၊ ပတ္တော သမ္မာဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်္ကျေါ။

၂။ ဗုဒ္ဓေါ ဓမ္မော စ သံဃော စ၊ ယေဠ္ဟော လောကတော သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်္ကျေါ။

၃။ ပုဒ္ဓါ ပစ္စေကပုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သုသုခံ ဝတ နိပ္ပဝနံ၊ လဒ္ဓါ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၄။ ပုဒ္ဓေါ မေ သရဏံ ဝရံ၊ ဓမ္မော မေ သရဏံ ဝရံ။
သံဃော မေ သရဏံ ဝရံ၊ နတ္ထိ မေ သရဏံ အညံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၅။ ပုဒ္ဓါဒိံ သရဏံ ဂတာ၊ တေ ဇာနန္တိ သစ္စမိမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၆။ နက္ခတ္တာ ဒိသာ စရန္တိ၊ တထာ စန္ဒိမသူရိယာ။
ခုဝံ စရန္တိ ဝိဒိသာ၊ ဘဏန္တိ ကာမာဝစရာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၇။ နဒီ နဒီ မဟာဂဂ်ါ၊ နိန္နဋ္ဌာနံ စ သဗ္ဗဒါ၊ သဝန္တိ စ သဗ္ဗဒကာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၈။ သရာ သရာ မဟာသိတာ၊ နိရယာ မဟာဥဏ္ဏတာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၉။ စိတ္တာသ စ ပုထုဇ္ဇနာ၊ အရိယာ စ ယထာဓမ္မံ၊ ဝသံ ယန္တိ သုခတ္ထိကာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၁၀။ အာဟာရေန ဋ္ဌိတာ သတ္တာ၊ နိဿတ္တာ အဝိညာဏတာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပ္ပေါ။

၁၁။ ယတ္ထ သာဓုံ စ ယေ ကာမာ၊ မာ ဒုက္ခာ တေ စ သဗ္ဗဒ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သဗ္ဗဒါ။

၁၂။ ပထဝျာ သတ္တရုက္ခာဒိ၊ နဘော ရေန္ဓိ ပထဝီ၊ ဒကံ ဝါယု ဟရုံ ပထု။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သဗ္ဗဒါ။

၁၃။ ဇာတိဇရာဒိဓမ္မေဟိ၊ အဘိဘုတော ယေ သဒါ။
အနာဝဇ္ဇါ ဓမ္မဒ္ဒယံ၊ နု တေ လဘန္တိ နိဗ္ဗာနံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သဗ္ဗဒါ။

၁၄။ ဓမ္မဒ္ဒယံ အနာဝဇ္ဇါ၊ ဂိဟိကမ္မာဒိကေ ရတာ။
စတ္တာရိယေဝ သစ္စာနိ၊ နု ပဋိဝိဇ္ဈန္တိ ယေ သဒါ။
နု တေ လဘန္တိ နိဗ္ဗာနံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သဗ္ဗဒါ။

၁၅။ ရတနာ ကာနိစိဒေဝ၊ မဟောဒဓိ• ဩသဓန္တိ။
ရတနာ ကာနိစိဒေပ၊ ပတိဋ္ဌိတာ သဒါပိဓ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သဗ္ဗဒါ။

ဤစူဠဝေဒပ္ပသစ္စမန္တန်တော်သည် ဘုရား တရား သံဃာဂုဏ်တော်စသည်ကို ရွတ်ဆို၍ သစ္စာပြုဆုတောင်းပုံကို ဖော်ပြထားသော မန္တန်တော်ဖြစ်သည်။ ရွတ်ဖတ်ခြင်းဖြင့် ဓာန်တရယ်ကင်းသည်။ ရန်ကို အောင်မြင်နိုင်သည်။ စည်းစိမ်ဥစ္စာရတနာများ တစ်နေ့တခြား တိုးပွားနိုင်သည်ဟု ရှေးလူကြီးသူမတို့ ပြောဆိုမှတ်တမ်းတင်ခဲ့ကြသည်။

ဘုရားဟောဖော် ပိဋကတ် နိကာယ်ပါဠိတော်ကြီးများ၌ သတ္တဝါအကြိုက် စရိုက်အထွေထွေနှင့် ဆီလျော်အောင် ဟောကြားထားသည့် ဓာန်ထူယ်ကင်း ဂါထာမန္တန်များကား များပြားလှပါ၏။ ဤဗုဒ္ဓဘာသာလက်စွဲကျမ်း၌ကား မိမိတို့ နေ့စဉ် ဆောင်ရွက်နေကြရသော လူမှုကိစ္စ အဝဝနှင့် တိုင်းကျိုး, ပြည်ကျိုး, သာသနာတော်အကျိုး ဆောင်ရွက်ကြရင်း အလွယ်တကူ ရွတ်ဖတ် ပူဇော်နိုင်ကြရန် အသုံးများသည့် ဂါထာမန္တန်လောက်ကိုသာ ထုတ်နုတ်ဖော်ပြထားပါသည်။

ဘုရားဟောဖော် ပီဋကတ်ပါဠိတော်များကို ရွတ်ဖတ် ပူဇော်ခြင်းသည် အန္တရာယ်ကင်းခြင်း၊ ကြောက်ရွံထိတ်လန့်မှုကင်းခြင်းစသော လက်ငင်းအကျိုး မျှားသာမက အရဟတ္တဖိုလ် ဆိုက်ရောက်သည်အထိ အကျိုးများနိုင်သည်။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ "စာအံရင်း မီမီအသံကို အာရုံပြု ဆင်ခြင်၍ ရဟန္တာဖြစ်သွားသော=သဇ္ဈာယကမထေရ်"ဟု ဂို့ခဲ့ပူး၏။ မဟာဂတိကမိယ-တိသဒတ္တထေရ်လည်း ပဌာန်းကျမ်းကြီး သင်အံပို့ချ၍ ရဟန္တာဖြစ်တော်မူခဲ့သည်။

ထို့ကြောင့် "နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် စိတ်ဖြင့် ရွတ်ဆို နှလုံးသွင်းခြင်းအား ကျေးဇူးပြု၏။ စိတ်ဖြင့် ရွတ်ဆိုနှလုံးသွင်းခြင်းသည် လက္ခဏာရေးသုံးပါးကို ထိုးထွင်း သိမြင်ကြောင်း ဖြစ်၏။ လက္ခဏာရေးသုံးပါးကို ထိုးထွင်း သိမြင်ခြင်းသည် နိဗ္ဗာန်ရကြောင်း ဖြစ်၏"ဟု ဝိသုဒ္ဓိမဂ်နှင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့၌ ဖွင့်ဆိုတော်မူကြ၏။

သို့ဖြစ်၍ ဗုဒ္ဓမန္တန်ဂါထာပါဠိတော်များကို ရွတ်ဖတ်ပူဇော်ခြင်းသည် လက်ငင်း စား၀တ်နေမှု လောကီကိစ္စအ၀၀ အောင်မြင်မှုအပြင် ဗုဒ္ဓဘာသာ၀င် အားလုံး တို့၏ ပန်းတိုင်ဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန်အထိ ပေါက်ရောက်အောင်မြင်နိုင်သည်။ စာပေ သင်အံပို့ချရင်း ရဟန္တာဖြစ်တော်မူသွားကြသည့် မထေရ်ကြီးများကို အားကျကြည်ညိုလျက် အထူးကြိုးစား၍ ရွတ်ဖတ်ပူဇော်ကြရန် တိုက်တွန်းရင်း ဗုဒ္ဓမန္တန်တော်များအခန်းကို နိဂုံးကပ်တော် အဆုံးသတ်အပ်ပါသတည်း။

ကျိုက်ဝင် အပိုင်း-(၅) ပြီး၏။

ဘခဦိုင်း (၉)

ဘဝသံသရာနှင့် ကံကြမ္မာ

ဘခန်း (၂၂)

ဘဝသံသရာ

ဘဝ

ဘဝဆိုသည်မှာ သတ္တဝါတစ်ဦးတစ်ယောက်၏ဖြစ်စဉ်၊ သို့မဟုတ် ဖြစ်မှုပျက်မှု ပြောင်းလဲမှု ဖြစ်စဉ်တစ်ရပ်ကို ဘဝဟု ခေါ်ဆိုနိုင်သည်။

ယေ်စဉ်အခါ ကလေးဘဝ၊ ထို့နောက် ကျောင်းသားဘဝ၊ အိမ်ထောင်သည် ဘဝ စသည်ဖြင့် အမျိုးမျိုးဆက်ကာဆက်ကာ ပြောင်းလဲနေသော ဖြစ်စဉ်တစ်ရပ် ဖြစ်သည်။ ထို့ထက်ပို၍ အနုစိတ်ပါက မိမိဘဝဖြစ်ပျက်နေပုံကို စက္ကန့်တိုင်း စက္ကန့်တိုင်း အာရုံစူးစိုက် လေ့လာ သုံးသပ် ကြည့်ပါက ဘဝအဓိပ္ပာယ်ကို အသေးစိတ် တိတိကျကျ သိရှိလာနိုင်ပေသည်။

အရောင်အဆင်းနှင့် ပုံပန်းသဏ္ဌာန်များ၊ လှုပ်ရှား ငြိမ်သက်မှုများကို မြင်ရသည်။ အသံမျိုးစုံကို ကြားနေရသည်။ အနံ့မျိုးစုံကို နံနေရသည်။ အရသာ အမျိုးစုံကို စားနေရသည်၊ လျက်နေရသည်၊ အတွေ့အထိမျိုးစုံကို ထိသိမှုဖြစ်နေ ရသည်။ ကြံစည်တွေးတောမှုများ အဆက်မပြတ် ဖြစ်ပေါ်နေသည်။ ဤအခြေ အနေ ဤအဖြစ်အပျက်များကို စုပေါင်း၍ သတ္တဝါတစ်ယောက်အတွက် ဘဝ တစ်ခုဟု သတ်မှတ်ခဲ့ရသည်။

အာရုံ သုံးမျိုး

ရှုံရှာစက်ဆုပ်ဖွယ်သော အဆင်းသဏ္ဌာန်များကို မမြင်လို၊ ချောမော လှုပသော အဆင်းသဏ္ဌာန်များကိုသာ မြင်လိုသည်။ ကြောက်လန့်ဖွယ်ရာ ကြမ်းတမ်းသော အသံများကို မကြားလို၊ သိမ်မွေ့နူးညံ့သော ချစ်ခင်ဖွယ်ရာ အသံများကိုသာ ကြားလိုကြသည်။ ရှုံရှာစက်ဆုပ်ဖွယ် အနံ့များကို မနမ်းလိုကြ၊ မွှေးကြိုင်သင်းပျံ့သောအနံ့များကိုသာ နမ်းလိုကြသည်။ ချိုမြိန်သောအရသာကို ခံစားလိုကြသည်။ ခါးစပ်သော အရသာကို မခံစားလိုကြပေ။ သာယာ

ကြည်နူးဖွယ် စိတ်ကူး အကြံအစည်များကိုသာ ဖြစ်လိုကြသည်။ စိတ်မချမ်းသာစရာ စိတ်ကူးအကြံအစည်များ မဖြစ်လိုကြပေ။ ဤသို့အားဖြင့် သတ္တဝါများသည် ကောင်းသော အာရုံများကိုသာလျှင် တွေ့ကြုံလိုကြ၍ မကောင်းသော အာရုံများနှင့် ကင်းဝေးလိုကြသည်။

သတ္တဝါများ လိုလား နှစ်သက်ဖွယ်ကောင်းသော အာရုံများကို ဣဋ္ဌာရုံဟု ခေါ်ကြ၍ မလိုလား မနှစ်သက်ဖွယ် အာရုံများကို အနိဋ္ဌာရုံဟု ခေါ်ဆိုကြသည်။ (ဣဋ္ဌာရုံ=ဣဋ္ဌ+အာရုံ၊ ဣဋ္ဌ=အလိုရှိအပ် နှစ်သက်အပ်သော+အာရုံ=စိတ်၏မွေ့လျော်ရာ။ အနိဋ္ဌာရုံ=နဉ်+ဣဋ္ဌာရုံ၊ နဉ်=မဟုတ်=လိုလားနှစ်သက်အပ်သော အာရုံမဟုတ်။) ယင်းဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံတို့၏အကြားဒွေ့ အလိုရှိအပ်သည်လည်း မဟုတ်၊အလိုမရှိအပ်သည်လည်း မဟုတ်သော အာရုံတစ်မျိုးကို ဣဋ္ဌမဇ္ဈတ္တာရုံဟု ခေါ်သည်။ (မဇ္ဈတ္တ=အလယ်အလတ်သဘော။)

အာရုံက လှုပ်မိုးခြင်း

သတ္တဝါတို့၏ စိတ်သည် ပြင်ပမှ လာရောက် ထင်ဟပ်ရိုက်ခတ်လာသော အာရုံကို စွဲမှီ၍ဖြစ်ကြရသည်။ အာရုံပူက စိတ်ပူ၍ အာရုံအေးက စိတ်အေးသည်။ မိမိထက် လက်နက်စွမ်းအား သာလွန်သော ရန်သူကို တွေ့မြင်ရပါက ထိတ်လန့်တုန်လှုပ်ကြောက်ရွံမှု ဖြစ်ရသည်။ တောကြီးမျက်မဲ၌ ခြင်္သေ့ သစ် ကျားနှင့် ရင်ဆိုင်တွေ့ရပါက အသက်ထွက်မတတ် ကြောက်ရွံ့ တုန်လှုပ်မှု ဖြစ်ရသည်။ သို့ဟုတ်ငှ တိရစ္ဆာန်ရုံ လှောင်အိမ်ထဲ၌ ရှိသော ခြင်္သေ့ သစ် ကျားများကို တွေ့ရသောအခါ ကြောက်ရွံ့ခြင်းမဖြစ်ချေ။ ဆူပူအော်ဟစ်သံများကြားရသည့် အခါ စိတ်ဓာတ်တုန်လှုပ်ချောက်ချားမှု ဖြစ်ရသည်။ အလားတူပင် ပုပ်ညှီသော အနံ့ဆိုးများ, နံသည့်အခါ, ခါးစပ်သော အရသာများ ခံစားရသည့်အခါ, အပူဒဏ် အအေးဒဏ် စူးရှနာကျင်မှုဒဏ် ခံရသောအခါတို့၌ စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှု ဖြစ်ကြရသည်။ ဤသို့အားဖြင့် အာရုံပူက စိတ်ပူသည်ကို တွေ့ရှိနေရပေသည်။

စိမ်းလန်းစိုပြည်သော ရှုမျှော်ခင်း၊ လှပသော လုလင်ပျို လုံမပျိုတို့ကို တွေ့မြင်ရသည့်အခါ စိတ်တွင် ကြည်နူး အေးမြလေသည်။ ငြိမ့်ညောင်း သာယာသော ဘေးဂီတသံများနှင့် ကျွေးဌက်သာရကာတို့၏ တွန်ကျူးသံများကို ကြားရသောအခါ စိတ်တွင် နှစ်သိမ့်ကြည်နူးမှုဖြစ်ရသည်။

မွေးကြိုင်သော ပန်းရနံ့နှင့် ရေမွှေးနံ့ ပေါင်ဒါနံ့များကို ရရှိသည့်အခါ စိတ်တွင် ကြည်လင်အေးမြနေသည်။ ချိုမြိန်ကောင်းမြတ်သော စားကောင်းသောက်ဖွယ်များကို စားသောက်ရသည့်အခါ ကြည်လင်ရွှင်ပျ စိတ်ချမ်းသာမှု

ရလေသည်။ ပူအိုက်သည့်အခါ အေးမြသော အတွေ့အထိ ချမ်းအေးသည့်အခါ နွေးထွေးသော အတွေ့အထိနှင့် နူးညံ့သော အတွေ့အထိများကို ရရှိသည့်အခါ နှစ်သိမ့်ကြည်နူးရွင်မြူးနေတတ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ နေ့စဉ် ဘဝစိတ်ဆင်းရဲမှု စိတ်ချမ်းသာမှုသည် အာရုံအားလျော်စွာ ဖြစ်ပေါ် ခံစားနေကြရသည်။ ကောင်းသော အာရုံများ ရရှိဖို့ရန် ကြိုးပမ်းအားထုတ်နေကြရသည်။ မကောင်းသောအာရုံများ ဝေးကွာသွားစေရန် လွတ်ကင်းသွားစေရန် လုံ့လ ကြိုးကုတ် အားထုတ်နေကြရသည်။ သာယာဖွယ် မြင်ကွင်းကို ရရှိရန်အတွက် ရုပ်ရှင်ဖန်တီးထားရသည်။ ရုပ်မြင်သံကြားစက် ဝယ်ကြရသည်။ သာယာဖွယ် အသံကို ရရှိစေရန် ရေဒီယို ကက်ဆက် အသံခွါ စက်များ ဝယ်ယူ ငှားရမ်း ဖန်တီးကြသည်။ မွေးကြိုင်သော ရနံ့ကို ရရှိရန် ပန်းမျိုးစုံ၊ ရေမွှေး ပေါင်ဒါမျိုးစုံကို ဆောင်ထားကြရသည်။ ကောင်းသော အရသာများ ရရှိရန် ပျော်ပွဲစားရုံနှင့် ထမင်းဆိုင်များ ဖန်တီးထားရသည်။ နေ့စဉ် ချက်ပြုတ်စီမံကြရသည်။ အတွေ့အထိ အရသာကို ခံစားနိုင်ရန် ပိုးဖဲကတ္တီပါ အာတ်အထည်များနှင့် မွေ့ရာ ခေါင်းအုံး ကူရှင် ဆိုဖာများ ဖန်တီးကြရသည်။

ဤကဲ့သို့ သာယာချမ်းမြေ့သောစိတ် ရွင်မြူးကြည်လင်သော စိတ်များ ဖြစ်ပေါ် စေရန် နေ့စဉ် ဘဝင်္ဂ် အဇက်ဖေါ်ပြပါ အာရုံဝတ္ထုအစုစုတို့ ရရှိမှု အတွက် အပတ်တကုတ် ကြိုးစား အားထုတ်နေကြရသည်။ သတ္တဝါတို့၏ လိုလား ချက်အကျည်းချုပ်မှာ ဒုက္ခဆင်းရဲ ကင်းဝေးရေးနှင့် ချမ်းသာသုခ ပြည့်စုံရေးပင် ဖြစ်တော့သည်။ ဤအာရုံဝတ္ထုများသည် မမြဲခြင်းသဘော ရှိ၍ အဟောင်း အဟောင်းတို့ ပျက်စီးကွယ်ပျောက်သွားခဲ့ရာ အသစ်အသစ်တို့ဖြင့် အစားထိုး ရလေသည်။ သခါရသဘောကို မလွန်ဆန်နိုင်၍ ပြုပြင် မွမ်းမံနေကြရသည်။ နွမ်းလျင် လျော်ဖွယ်ရသည်။ ပေကျံလျင် ဆေးကြောရသည်။ စုတ်လျင် ချုပ်ရသည်။ ကျိုးပဲ့ဟောင်းနွမ်း ပျက်စီးလျင် အသစ်ဖန်တီးရပြန်သည်။ ဆုံးနိုင်သည် မရှိ၊ ပြည့်စုံနိုင်သည် မရှိ။ အမြဲတမ်း လိုနေသည်။ ဤအာရုံဝတ္ထုများ ဖန်တီးနိုင်စွမ်း ရှာဖွေရယူနိုင်စွမ်း ရှိအောင် အသိပညာ အတတ်ပညာများ သင်ယူ ကျွမ်းကျင်လေ့လာဆည်းပူးကြရသည်။ စီးပွားဥစ္စာရှာကြရသည်၊ ချွေတာ စုဆောင်းကြရသည်။ တိရစ္ဆာန်များမှာလည်း သဘာဝအလျောက် နေ့စဉ် အစာရှာဖွေကြရသည်၊ ဘေးရန်မှ တိမ်းရှောင်နေကြရသည်။ ဤကား ဘဝ၏ အဓိပ္ပာယ်ကို အကျဉ်းချုပ် ဖွဲ့ဆိုခြင်း ဖြစ်သည်။

ဘုံဘဝများ

ကောင်းသောအာဝရုံ (ကုဋ္ဌာရုံ) များကို တွေ့ထိခံစားရယူနိုင်သော ဘဝကို သုဂတိဘဝဟု ခေါ်ရ၏။ (သုဂတိ=သု+ဂတိ၊ သု=ကောင်းမွန်မြင့်မြတ်သော +ဂတိ=လားရာ။)

ဒုက်းဆိုးဝါးယုတ်ညံ့ မကောင်းသော အာရုံ (အနိဋ္ဌာရုံ)များကို တွေ့ထိရယူခံစားနေရသော ဘဝကို ဒုဂ္ဂတိဘဝဟု ခေါ်ရ၏။ (ဒုဂ္ဂတိ=ဒု+ဂတိ၊ ဒု=ဆိုးဝါးယုတ်ညံ့ မကောင်းသော+ဂတိ=လားရာ။)

လူ့ဘုံ လူ့ဘဝ၊ နတ်ဘုံ နတ်ဘဝ၊ ဗြဟ္မာဘုံ ဗြဟ္မာဘဝတို့သည် သုဂတိဘုံသုဂတိဘဝများ ဖြစ်ကြ၍ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဘုံဘဝတို့သည် ဒုဂ္ဂတိဘုံ ဒုဂ္ဂတိဘဝများဖြစ်ကြသည်။ သုဂတ်ဘုံဘဝတွင် လူ့ဘုံ လူ့ဘဝထက် နတ်ဘုံ နတ်ဘဝတွင် ပိုမိုကောင်းမြတ်သော အာရုံများကို ရရှိခံစားနိုင်သည်။ နတ်ဘုံမှာထက် ဗြဟ္မာဘုံတွင် ပိုမိုကောင်းမွန် မြင့်မြတ်သောအာရုံကို ရရှိခံစားနိုင်သည်။

အပါယ်လေးဘုံ

လူ့ဘုံ လူ့ဘဝမှာထက် တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝတွင် မကောင်းဆိုးဝါးယုတ်ညံ့သောအာရုံများကို ရရှိခံစားကြရသည်။ တိရစ္ဆာန်လောကတွင် "ငါးနိုင်ငါးစား၊ ဖားနိုင် ဖားစား" နိုင်ထာစားဖြစ်၍ ဘေးရန်အန္တရာယ် ထူပြောလှသည်။ ဘေးရန်အန္တရာယ်ကို ခုခံကာကွယ်နိုင်သည့် အသိဉာဏ်နှင့်စွမ်းရည်နည်းပါးခြင်း၊ ပြုပြင်ဖန်တီးနိုင်သည့် အသိဉာဏ်နှင့် စွမ်းရည်နည်းပါးခြင်းတို့ကြောင့် တိရစ္ဆာန်ဘုံဘဝတွင် ချမ်းသာသုခ နည်းပါးလှ၍ ဆင်းရဲဒုက္ခ ပြည့်လျှမ်းနေသည်။ ကျီးလန့်စာစား အမြဲထိတ်လန့်တုန်လှုပ် ကြောက်ရွံ့နေရသည်။

ပြိတ္တာဘုံ

ပြိတ္တာဘုံဘဝမှာမူ အတိတ်ဘဝက်ကြမှာ နှိပ်စက်မှုကြောင့် အမြဲဆာလောင်မွတ်သိပ်နေကြရသည်။ ရေကို တွေ့ပါလျက် ရေမသောက်နိုင်၊ ငုတ်တို့အတွက်ရသည် သံပူရည်ဖြစ်နေသည်။ သောက်၍ မရနိုင်ဖြစ်သွားသည်။ ဝမ်းဗိုက်မှ ဆာလောင်နေသော်လည်း ပါးစပ်ပေါက်မှာ အပ်နဖားပေါက်မျှသာ ရှိ၍ စား၍ မရ သောက်၍ မရ ဖြစ်နေရှာသည်။ အင်တိမပြေ အဆာမပြေ ဖြစ်နေရသည်။ အချို့ပြိတ္တာများမှာ မိမိအသားကို ပြန်လည်ဖဲ့ယူစားသောက်နေရသည်။ အချို့ပြိတ္တာများ၏ ဦးခေါင်းပေါ်တွင် ရဲရဲတောက်ပူလောင်သည့် မီးအိုးကင်းကြီးက စွဲကပ်လိုက်ပါနေသည်။ ဆင်းရဲဒုက္ခဝေဒနာကို အမြဲမပြတ် ခံစားနေကြရသည်။

အသူရကာယ်ဘုံ

အသူရကာယ်၏ ဘဝမှာလည်း ပြိတ္တာဘဝကဲ့သို့ပင် အမြဲတမ်း ဆာလောင်ငတ်မွတ်နေသည်။ ဒုက္ခဝေဒနာကို ခံစားနေရသည်။ ကြောက်ရွံ့အားငယ်သော သဘောရှိသည်။ အသူရကာယ်၏ ဘဝသည် ပြိတ္တာဘဝထက် အဆင့်အတန်း နိမ့်၍ ဆင်းရဲဒုက္ခ ပိုမိုခံစားရသည်။ အဆိုပါ ပြိတ္တာနှင့် အသူရကာယ်များကို လူတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်ချေ။ ယင်းတို့၏ ရုပ်ခန္ဓာများသည် သိမ်မွေ့သော အကာ့ပြူများနှင့် ဖွဲ့စည်းထားသောကြောင့် ဖြစ်သည်။

ဥပမာအားဖြင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လေထုခေါ်သော ရုပ်မှုန်များကို ကျွန်ုပ်တို့၏ မျက်စိဖြင့် မမြင်နိုင်ကြချေ။ ထို့အတူ ဖော်ပြပါ ပြိတ္တာနှင့် အသူရကာယ်များသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ရှိနေသော်လည်း ကျွန်ုပ်တို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်ကြချေ။ ၎င်းတို့၏ အသံကို သာမန်နားဖြင့် မကြားနိုင်ကြချေ။ ထူးခြားသော သမာဓိကို ရရှိသော ပုဂ္ဂိုလ်များသာလျှင် မြင်နိုင် ကြားနိုင်ကြသည်။ သို့မဟုတ် ကျွန်ုပ်တို့ ကုသိုလ်ကံ နိမ့်ပါး၍ သွေးလေချောက်ချား စိတ်လှုပ်ပါးသည့် အခါများတွင် ယင်းပြိတ္တာ အသူရကာယ်များကို မြင်ရ ကြားရလေ့ရှိတတ်သည်။ ထိုအခါ ကျွန်ုပ်တို့က တစ္ဆေချောက် ခံရသည်ဟု ပြောလေ့ပြောထရှိကြသည်။

ဝရဲဘုံ

ဝရဲကို ပါဠိဘာသာအားဖြင့် နိရယဟု ခေါ်သည်။ (နိ+အယ၊ နိ=မရှိသော ကင်းသော+အယ=ချမ်းသာ။)

ယင်း နိရယဟူသောပါဠိကို မြန်မာအသံပြောင်းသောအခါ နိဏ္ဍယ်=နိရဲဟု ဖြစ်လာသည်။ နိရဲမှ နရဲဖြစ်လာသည်။ နယ်ကို ဝ-အက္ခရာဖြင့် အသံဖလှယ်သည့်အခါ နရဲမှ ဝရဲဖြစ်လာသည်။ ထို့ကြောင့် ဝရဲဟူသည် ချမ်းသာကင်းသော ဘုံဘဝဟု ဆိုလိုသည်။ ဝရဲထိန်းနှင့် ဝရဲခွေးတို့၏ နှိပ်စက်မှုကို အမြဲခံနေကြရသည်။ ဝရဲမီးလောင်မှုကို အမြဲခံစားနေကြသည်။ ဤကဲ့သို့ ပြင်းထန်သော ဒုက္ခဝေဒနာကို ခံစားနေရသော်လည်း အသက်မသေနိုင်၊ ဆင်းရဲကံ မကုန်သမျှ အသက်ရှင်လျက် ဆက်လက် တည်နေသည်။ ဆင်းရဲကံ ကုန်ဆုံးသည့်အခါမှ သာလျှင် ဝရဲသားဘဝမှ သေ [illegible] ကွေးပြောင်းနိုင်သည်။

ဇရဲကြီး ရွှစ်ထပ်

ဇရဲကြီးရွှစ်ထပ်သည် ဤကမ္ဘာမြေကြီးအတွင်း၌ အထက်အောက်အဆင့်ဆင့် တည်လျက်ရှိသည်။ အထက်မှ အောက်သို့ ဖော်ပြပါအတိုင်း အဆင့်ဆင့် တည်ရှိနေကြသည်—

(၁) သိဒ္ဓိုဝ်း (သဒ္ဓိဝ) ဇရဲ၊
(၂) ကာလသုတ် (ကာလသုတ္တ) ဇရဲ၊
(၃) သဃ်ာတဇရဲ၊
(၄) ဇောရွဝဇရဲ၊
(၅) မဟာဇောရွဝဇရဲ၊
(၆) တာပနဇရဲ၊
(၇) မဟာတာပနဇရဲ၊
(၈) အဝီစိဇရဲ။

သိဒ္ဓိုဝ်းဇရဲ

ဤဇရဲဆုံ၌ ဇရဲသားသည် အဖန်ဖန်အထပ်ထပ် အသတ်ခံရပြီး အဖန်ဖန် အသက်ပြန်ရှင်ရသောကြောင့် သဒ္ဓိုဝ်းဇရဲဟု ခေါ်သည်။ (သံ+ဇီဝ၊ သံ= အဖန်ဖန်+ဇီဝ=အသက်ရှင်ခြင်း။)

သိဒ္ဓိုဝ်းဇရဲသည် အလျှံတပြောင်ပြောင် တောက်ခေါင်နေသော သံမြေ အပြင်ရှိ၏။ မရေမတွက်နိုင်သော ဇရဲသားသတ္တဝါတို့ဖြင့် ပြည့်နှက်နေသည်။ ဇရဲထိန်းတို့က အလျှံတပြောင်ပြောင် တောက်လောင်နေသည့် ထက်လှစ္စာသော ဓား, လှံစသည့် လက်နက်ကြီးများဖြင့် သတ်ပုတ် ရိုက်နှက် ထိုးပစ်နေကြသည်။ ဇရဲသားတို့၏ ဦးခေါင်း, လက်, ခြေတို့ကို အပိုင်းပိုင်း ဖြတ်ပစ်ကြ၏။ သံပူမြေပြင်၌ လူးလဲနေကြသော ဇရဲသားတို့ကို ကြီးစွာသော သံတင်းပုတ်ကြီးတို့ဖြင့် အသား, အရေ အရိုး, အကြောတို့ ကြေမွအောင် အတင်းထိုးနှက်ကြသည်။ သွေးတို့သည် လိုင်းတံပိုးဖြစ်၍ ပြင်းထန်စွာ စီးကုန်၏။ ထိုအသွေးအသား အလုံးစုံတို့သည် သံမြေပြင်မှ ထ၍ မီးလုံးကြီးဟပ်လိုက်လျှင် အကြွင်းအကျန် မရှိအောင် လောင်ကျွမ်းခံကြရသည်။ ထိုသို့ပင် လောင်ကျွမ်းသွေးသော်လည်း ဇရဲသားတို့မှာ မကျွတ်မလွတ်ကြရသေးဘဲ အကုသိုလ်ကံစီမံမှုကြောင့် တဖန် ဇရဲသားခန္ဓာကိုယ် ပြန်၍ ဖြစ်ကြရသည်။ အကုသိုလ်ကံ

မကုန်သရွေ့ မကျွတ်မလွတ်ကြရဘဲ အဖန်ဖန် ပြန်ဖြစ်၍ ငရဲခံကြရသည်။ နှစ်ပေါင်း ကုဋေကုဋာကြာသော်လည်း အကုသိုလ်ကံမကုန်သမျှ ခံကြရသည်။ ထိုငရဲသည် ရန်သူအနန္တကို ခုတ်စဉ်းသတ်ဖြတ်ရာ မဟာသံချိုင်းကြီးနှင့်လည်း တူ၏။ မျှားစွာသော သား, ငှက်, တိရစ္ဆာန်တို့ကို သတ်ဖြတ်ရာ သားသတ်ရုံ နွားသတ်ရုံကြီးနှင့်လည်း တူ၏။

ကာလသုတ်ငရဲ

ဤငရဲဘုံ၌ ဖြစ်ကြသော သတ္တဝါတို့ကို မျဉ်းနက်ကြောင်းကြီးချ၍ ပဲခွပ်ဓားမ, လွှစသည်တို့ဖြင့် ရွေခုတ် တိုက်ခဲ့အပ်သောကြောင့် ကာလသုတ်ငရဲဟု ခေါ်သည်။ (ကာလ+သုတ္တ၊ ကာလ=မဲနက်သော +သုတ္တ=မျဉ်းကြောင်း။)

ဤကာလသုတ်ငရဲ၌လည်း အလှျံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်ဝယ် မျှားပြားလှစွာသော ငရဲသားတို့ဖြင့် ပြည့်နှက်လျက် ရှိသည်။

ငရဲထိန်းဘို့သည် အလှျံပြောင်ပြောင်တောက်သော လက်နက်အမျိုးမျိုးတို့ဖြင့် ငရဲသားတို့အား ပစ်ခတ်ပြီး သံမြေပြင်၌ လဲစေကုန်၏။ ငရဲသားများ လဲနေသောအခါ ငရဲထိန်းတို့က ထန်းလုံးပမာကရှိသော သံမှို(သံမယ်န)ကြီးတို့ဖြင့် မလှုပ်မယှက်နိုင်အောင် သံမြေ၌ ခိုင်မြဲစွာ စိုက်နှက်ပြီး လှသမားများ သစ်တုံးကို လှတိုက်ရန် မျဉ်းသားသကဲ့သို့ ငရဲသားဘို့ကိုယ်ကို မည်းနက်သော တာမျဉ်းကြိုးကို ကိုင်၍ မျဉ်းသားကြသည်။ ငရဲထိန်းတို့သည် အိမ်မိုးတစ်ခြမ်း ပမာကရှိ ဓားမကြီးတို့ဖြင့် လည်းကောင်း၊ တစ်ခြမ်းပဲ့နေသော ကျောက်တောင် ပမာကရှိ ပဲခွပ် ပုဆိန်တို့ဖြင့် လည်းကောင်း မျဉ်းကြောင်းအတိုင်း လိုက်၍ အလှာလိုက် ကွာကျအောင် ခုတ်ရွေခဲ့စိတ် မြောင့်ပစ်ကြသည်။ ကြီးမား ထက်မြက်သည့် အစွယ်ကြီးများ ရှိသော ငရဲလွှကြီးတို့ဖြင့်လည်း တိုက်ခဲ့ကြသည်။ ငရဲကောင်တို့၏ ခန္ဓာကိုယ်သည် ပျဉ်ချပ်များပမာ အပြားလိုက် အချပ်လိုက် အစိတ်စိတ်အမြွာမြွာ ဖြစ်ကုန်၏။

အကြမ်းခဲခြင်း အနုစိတ်ခဲခြင်း စသည်တို့ဖြင့် အမျိုးမျိုး တိုက်ခဲခြင်း၊ အကြမ်းရွေခြင်း၊ အနုရွေခြင်း စသည်ဖြင့် အမျိုးမျိုး ရွေခြင်းတို့ကို အဆင့်ဆင့် ပြုလုပ်ကြသည်။ ငရဲထိန်းတို့ ပြုလုပ်သည့်အတိုင်း ငရဲသားတို့မှာ သစ်တုံးများ ပမာ စင်းစင်းပက်လက်လဲကာ ခံနေကြရသည်။ ထိုသို့ ခုတ်, ရွေ, စင်း, စိတ်, တိုက်ခဲ၍ အစိတ်စိတ် အမြွာမြွာ အလှာလှာ အချပ်ချပ် ဖြစ်နေသော ငရဲသားတို့၏ အသွေးအသားများသည် သံမြေမှ ထတောက်သော ငရဲမီးလုံးကြီးများ၏ ဝါးမျိုမှုကြောင့် အားလုံး လောင်ကျွမ်းပျက်စီးသွားကြရသည်။

ငရဲသား သတ္တဝါတို့သည် အကုသိုလ်ကံ မကုန်သမျှ ထိုငရဲဘုံ၌ပင် ငရဲခန္ဓာကိုယ် ထပ်ကာထပ်ကာ ပြန်ဖြစ်၍ ဆင်းရဲစွာခံစားကြရသည်။ထိုကာလဘုတ် ငရဲသည် ရန်သူအများကို ခားမကြီးတို့ဖြင့် ရွေ၍ ပဲခွပ်တို့ဖြင့် ခုတ်လှီးပြီး လှကြီးတို့ဖြင့် တိုက်ခဲ့ကာ သတ်ရာ ဖြတ်ရာ မဟာသချိုင်းကြီးနှင့်လည်း တူ၏။ သစ်ဘားများကို အမျိုးမျိုး ခွဲစိတ်ရာ လှစက်ရုံကြီးနှင့်လည်း တူ၏။

သဃ်ာတငရဲ

ဤငရဲ၌ ဖြစ်ကြသော သတ္တဝါတို့ကို ကြီးကျယ် မြင့်မားပြီး အလှပတပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီးတို့သည် ဒလိမ့်တုံးကြီးများသဖွယ် လိမ့်ဆင်းလာ၍ မုန့်မုန့်ညက်ညက် ကြိတ်ခဲကြသောကြောင့် သဃ်ာတငရဲဟု ခေါ်သည်။ (သံ+ဃာတ၊ သံ=ပြင်းထန်စွာ+ဃာတ=ကြိတ်ခဲခြင်း။)

ဤသဃ်ာတငရဲ၌ အလှ်ု တပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်ပေါ်ဝယ် ထန်းပင်ကြီးများပမာ မတ်မတ်ရပ်လျက် နေကြသော ငရဲသားသတ္တဝါတို့ဖြင့် ပြည့်နှက်နေသည်။ ထိုငရဲသားဘို့သည် သုံးဂါဝုတ်မျှလောက်ကြီးမားသော ကိုယ်ရှိကြ၏။ အောက်သံမြေအတွင်း၌ ခါးတိုင်အောင် နစ်မြုပ်ခံနေကြရသဖြင့် လှုပ်ရှားသွားလာ၍ မရကြပေ။ ထန်းတော ပေတော ကွမ်းသီးပင်တော အုန်းပင်တောကြီးများပမာ အထက်သို့ မတ်မတ်ထောင်နေသောကိုယ် ရှိကြ၏။

အရပ်လေးမျက်နှာမှ ကြီးကျယ် မြင့်မားပြီး မီးလှ်ုပြောင်ပြောင် ထိန်ထိန်လောင်နေသော သံမီးတောင်ကြီးများသည် အလှည့်ကျ ကြီးမားသော အသံများကို မြည်ဟည်းလျက် သံဒလိမ့်တုံးကြီးများ၊ လမ်းကြိတ်စက်ကြီးများပမာ ငရဲသားသတ္တဝါတို့အား အလှည့်ကျ ရက်စက်စွာ ကြိတ်နင်းလျက် တဟုန်တည်း လိမ့်သွားကြသည်။

အရှေ့အရပ်မှ သံမီးတောင်ကြီးသည် မုန်ယစ်သော . ဆင်ကြီးကဲ့သို့ ကျယ်လောင်စွာ မြသ်ဟည်းလျက် ငရဲသားတို့ကို အတင်းနင်းနယ် ကြိတ်ဝါးပြီး အနောက်အရပ်သို့ လိမ့်သွားလေသည်။ ထိုအခါ သွေးဝနေသော မျှဉ့်များကို ပြင်းထန်စွာ ဖိနှိပ် ညှစ်ပစ်လိုက်သည့်အခါ သွေးများ အဟုန်ပြင်းစွာ ပန်းထွက်လာသကဲ့သို့ ငရဲသားတို့ကိုယ်မှ သွေးရေအလျဉ်သည် သမုဒ္ဒရာလှိုင်းလုံးကြီးများလောက်မက တဟုန်တည်း ထ၍ ငရဲအိုးတံတိုင်းကို ရိုက်ခတ်ဓလသည်။ ငရဲသားတို့ ညက်ညက်ကြကြရသည်။ ထိုအချိန်တွင် ငရဲမီးလှ်ုသည် သွေးလှိုင်းကြီးများကို အတင်းလောင်မြိုက်ကြသည်။ ထို့နောက်

ငရဲသတ္တဝါတို့သည် မိမိတို့ အကုသိုလ်ကံ မကုန်သေးသမျှ မူလငရဲခန္ဓာကိုယ် အတိုင်း ဖြစ်ပေါ်ကြရပြန်သည်။

အရှေ့အရပ်မှ သံတောင်ကြီးသည် ငရဲသားတို့အား ကြိတ်ချေလှကျက် အနောက်အရပ်သို့ သွားသည်၊ တောင်အရပ်မှ သံမီးတောင်ဝှာသည် မြောက်အရပ်သို့, အနောက်အရပ်မှ သံမီးတောင်သည် အရှေ့အရပ်သို့, မြောက်အရပ်မှ သံမီးတောင်သည် တောင်အရပ်သို့ အလှည့်ကျစီ ကမ္ဘာတည်သည်မှ စ၍ ကမ္ဘာပျက်သည့်တိုင်အောင် ကြိတ်ဝါးနင်းနယ်လျက် ရှိသည်။ ငရဲသားတို့သည် အကုသိုလ်ကံ မကုန်မချင်း အဖန်ဖန် ကြိတ်ချေခံကြရသည်။

ရောရုဝငရဲ

ဤငရဲ၌ ဖြစ်ကြရသော သတ္တဝါတို့သည် ကြီးကျယ် ပြင်းထန်လှသော အသံတို့ဖြင့် အမြဲမပြတ် ငိုကြွေးမြည်တမ်း နေကြရသောကြောင့် ရောရုဝငရဲဟု ခေါ်သည်။ (ရောရုဝ=အမြဲငိုကြွေးရခြင်း။)

ရောရုဝငရဲသည် အလျှံပြောင်ပြောင် တောက်လောင်နေသော သံမြေပြင် ရှိပြီး ကမ္ဘာပတ်လုံး တည်သော အလွန် ငန်ယား စပ်ခါး ခြစ်တူးပြီး အထူး ပူလောင်သော ဒုခိုးအင်္ဂေတို့ဖြင့် ပြည့်လျှံနေသည်။ ထို့ကြောင့် ၎င်းငရဲကို ခူမရောရုဝငရဲဟုလည်း ခေါ်သည်။ (ခူမ+ရောရုဝ၊ ခူမ=အခိုးအငွေ့ရှိသော+ ရောရုဝ=ရောရုဝငရဲ)။

ဤငရဲသို့ ကျရောက်ကြသည့် များစ္စာသော ငရဲသားတို့၏ ကိုယ်သည် သုံးဂါဝုတ်မျှကြီးမား၏။ စပ်ငန်ခြစ်တူးအထူးပူလောင်သော အခိုးအငွေ့တို့သည် ငရဲသားတို့၏ ကိုယ်တွင်းသို့ ဒွါရကိုးပေါက်မှ လျှောက်၍ အတင်းဝင်ရောက် ကြသည်။ မွေးညင်းပေါက် စသည်တို့မှလည်း အတင်းဝင်ရောက်ကြသည်။ ငရဲသား တစ်ကိုယ်လုံးရှိ အသား, အရိုး, ရိုးတွင်းခြင်ဆီပါမကျန် အားလုံးပျံနှံ၍ မွှေနှောက်ချောက်ချားကြသည်။ အလွန်ပူပြင်းသော သံအိုးကင်းထဲ၌ ဖုတ်လှော် အပ်သော အမဲသားတစ်မှ အခိုးတချောင်းချောင်း ထသကဲ့သို့ ငရဲသားတို့၏ တစ်ကိုယ်လုံးမှ အခိုးတချောင်းချောင်း ထကုန်၏။ ပြင်းထန်သော အဆိပ်နှံကို ရှူရှိုက်မိသူသည် သေလုနီးအခါတွင် တလိမ်လိမ် တလှန့်လှန့် နေရသကဲ့သို့ ငရဲသားတို့သည် အခိုးတချောင်းချောင်း ထွက်သော ကိုယ်ဖြင့် တဖျတ်ဖျတ် လူးလွန့် တွန့်လိမ်နေကြရသည်။ မခံမရပ်နိုင်အောင် ပူလောင်ကျိန်းစပ်လှသဖြင့် ပြင်းထန်ကျယ်လောင်စွာ အော်ဟစ် ငိုကြွေးကြရသည်။

ဤရောရှဝင၀ရဲသည် ရန်သူတို့ကို အဆိပ်ခတ်ငွေ့၊ အကျူမြှူ ဗုံးတို့ဖြင့် သတ်ဖြတ်သုတ်သင်ရာ မဟာသခ္ခါင်းကြီးနှင့် တူလှပေသည်။

မဟာရောရှဝင၀ရဲ

ရောရှဝင၀ရဲထက် ကြီးလေး ပြင်းထန်သောကြောင့် မဟာရောရှဝင၀ရဲဟု ခေါ်သည်။ ဇာလရောရှဝဟုလည်း ခေါ်သေးသည်။ (မဟာ+ရောရှဝ၊ မဟာ= ကြီးလေးပြင်းထန်သော+ရောရှဝ=ရောရှဝင၀ရဲ၊ ဇာလ=မီးတောက်မီးလျှံရှိသော +ရောရှဝ= ရောရှဝင၀ရဲ။)

မဟာရောရှဝင၀ရဲသည် အလျှံပြောင်ပြောင်တောက်နေသော သံမြေပြင်ရှိ၏။ ငရဲသားတို့၏ ကိုယ်သည်လည်း သုံးဂါဝုတ်မျှကြီးမား၏။ အဆိပ်နှင့်ဇာဝကသော မီးလျှံတို့သည် ငရဲသားတို့၏ ခန္ဓာကိုယ်အတွင်းသို့ အဝင်းဝင်ရောက်လောင်မြိုက်နေကြသည်။ငရဲသားတို့၏ခန္ဓာကိုယ်သည်လည်း မီးကျီးခဲကြီးမျှားသဖွယ် ဖြစ်နေကြသည်။ မဟာရောရှဝင၀ရဲသည်လည်း မီးကျီးခဲကြီးမျှား သို့လှောင်ထားသော ဂိုဒေါင်ကြီးသဖွယ် ဖြစ်နေသည်။ ရပ်တည်ရာ မရနိုင်အောင် လွှန်စွာ ပူလောင်ဆင်းရဲလှသဖြင့် ပြင်းထန်ကျယ်လောင်စွာ အော်ဟစ် ငိုကြွေးနေကြရသည်။

ကုသိုလ်ကံ မကုန်သမျှ မလွတ်နိုင်ကြကုန်။

ဤမဟာရောရှဝင၀ရဲသည် ရန်သူတို့အား မီးလောင်တိုက်သွင်း၍ သတ်ဖြတ်ရာ မဟာသခ္ခါင်းကြီးနှင့် တူလှသည်။

တာပနငရဲ

ဤငရဲခွင် ကျရောက်ရသော သတ္တဝါတို့ကို အလျှံပြောင်ပြောင် ထွက်နေသော သံတံကျင်ကြီးခွင် မလွှဲမယွင်က် ထိုင်နေစေလျက် တစ်ကိုယ်လုံးကို ပြင်းထန်စွာ ပူလောင်စေသောကြောင့် တာပနငရဲဟု ခေါ်သည်။ (တပ=တာပန=ပူလောင်စေခြင်း။)

ဤငရဲသည် အလျှံပြောင်ပြောင် တောက်လောင်သော သံမြေပြင်ဝယ် မရေမတွက်နိုင်အောင် ပြည့်နှက်နေသော ငရဲသားတို့ကို သံမြေမှ ပေါ်ပေါက်လာသော အလျှံပြောင်ပြောင်တောက်သည့် သံတံကျင်တို့ဖြင့် ထိုးလျှိုကုန်လျက် တည်နေ၏။ သံတံကျင်တို့သည် အောက်ဒွါရ(စအို)မှသည် အထက်ဦးခေါင်းသို့ ပေါက်စေ၏။ ငါးကို ပါးစပ်ပေါက်မှ နေ၍ တဲစို့ ထိုးထားသကဲ့သို့ ဖြစ်၏။ ရဲရဲညီးသော သံမြေ၌ ထောက်ရပ်ထားသည့် ခြေနှစ်ဖက်တို့ကို သံမှိုတို့ဖြင့် တွယ်နှက်ထားသည်။ လက်ယာလက်မောင်းဘက်မှ ထိုးလျှိုလိုက်သော သံတံကျင်

သည် လက်ဝဲလက်မောင်းဘက်ဆီသို့ ထုတ်ချင်းပေါက်သွား၏။ သံတံကျင်တို့မှာလည်း မီးဟုန်းဟုန်းထနေသည်။ သံတံကျင်များ ထိုးလျှိုထားသဖြင့် မလှုပ်မယှက်နိုင်သော ဂရဲသားတို့အား ကောက်နယ်ကလင်းခန့်ရှိ ရဲရဲညီးသော သံပူပြားကြီးတို့ဖြင့် လာ၍ လာ၍ ကပ်ကြသေးသည်။ ယင်းသို့ ကပ်လိုက်သောအခါ ပန်းပဲဖိုမှ ထုတ်၍ ရေသို့ ချသော သံပြားကြီးကဲ့သို့ တရဲရဲမြည်နေကြသည်။ လွန်စွာပူပြင်းလှ၍ ရှန်းကန်လှုပ်ရှား လိုသော်လည်း ထိုးလျှိုရိုက်နှက်ထားသော သံတံကျင်၊ သံမှိုတို့ကြောင့် လှုပ်ရှား၍ မရဘဲ အတင်းကြဲ၍သာ ခံကြရရှာသည်။ အကုသိုလ်ကံ မကုန်သမျှ လွတ်ခွင့်မရကြခေ့။ ဤကာပနဂရဲသည် သံတံကျင်ထိုးလျက် ကားစင်တင်၍ သတ်ရာ၊ သံပူကပ်၍ သတ်ရာ မဟာသံ့ိုင်းကြီးနှင့် တူလှပေသည်။

မဟာတာပနဂရဲ

တာပနဂရဲထက် ဆင်းရဲဒုက္ခ အင်အားကြီးမား ပြင်းထန်သောကြောင့် မဟာတာပနဂရဲဟု ခေါ်သည်။(မဟာ+တာပန၊ မဟာ=ကြီးမားပြင်းထန်သော တာပန=တာပနဂရဲ။)

မဟာတာပနဂရဲ၌လည်း အလှည့်ညီးညီး အရှိန်ကြီးဖသော သံမြေပြင်ရှိ၏။ ကြီးမားသော သံမီးတောင်ကြီးမျှားလည်း ရှိ၏။ သံပိုးတောင်ကြီးမျှား၏ ဝန်းကျင်၌ ထူထပ်မျှားပြားလှသည့် အဖျားချွန်ထက်သော မီးသံ့ဝါကျင်တဲ့ကြီး ရှိ၏။

နွားကျောင်းသားသည် မိမိနွားအုပ်ကို မြက်ပေါက်သော တောင်ပေါ်သို့ အတင်းမောင်းနှင်သကဲ့သို့ ဂရဲထိန်းတို့သည်ကြီးမားထက်မြက်သောမီးလက်နက်အမျိုးမျိုးတို့ဖြင့် ရိုက်နှက်လျက် ဂရဲသားအုပ်ကြီးကို မီးသံတောင်ကြီးပေါ်သို့ အတင်းမောင်းနှင်ကြသည်။ ဂရဲသားတို့သည် မီးသံတောင်ကြီးပေါ်သို့ တက်ကြရသည်။ တောင်ခုလတ်၌ ရှိနေကြသော ဂရဲဆူးပင်ကြီးမျှားက ဂရဲသားတို့၏ ဝမ်းဗိုက်ကို ဖောက်လျက် အူ အသည်း မျက်လုံးတို့ကို စူးဝင်ကုန်၏။ အဖျားကောက်သော ဆူးတို့က အူ အသည်း မျက်လုံးတို့ကို ချိတ်ဆွဲကုန်၏။

ဂရဲသားတို့သည် မီးတောင်ထိပ်သို့ ရောက်သောအခါ အင့်ပြင်းထန်စပ်ငန် ပူလောင်သည့် အဆိပ်အခိုးတို့နှင့် ရောနှောနေသော ဂရဲလေပြင်းတိုက်သဖြင့် ဂရဲသားတို့မှာ သံမီးတောင်ထိပ်မှ လွှင့်၍ သံတံကျင်တောပေါ်သို့ ကျဆောက်ရလေသည်။ ထိုအခါ ကိုယ်၌ သံတံကျင်များ စူးဝင်လျက် ကြီးမားပြင်းထန်လှသော ဆင်းရဲကို ခံကြရပြန်သည်။

ငရဲထိန်းတို့သည် သံတံကျင်ထိပ်ဖျားတွင် စူးဝင်စွပ်မိလျက် မမြင်ဝံ့ မရှုဝံ့ လွန်ကဘ လွန်ကဘ ခံနေကြရသော ငရဲသားတို့အား ရဲရဲညီးသော သံတေ့ခဲတို့ဖြင့် ပစ်ခတ်လျက် သံမှိန်း သံခက်ရင်းတို့ဖြင့် သံမြေပြင်ပေါ်သို့ ထိုးချကြပြန်သည်။ မီးသံမြေပြင်မှ တဖန် မီးသံတောင်ပေါ်သို့ အတင်းအတက်ခိုင်းကြပြန်သည်။

ဤမဟာတာပနငရဲသည်မိမိတို့၏ လင်ယောကျ်ားအပေါ်တွင် မထီလေးစား စော်ကားနှိုင်နင်းသော မိန်းမဖျင်းတို့ ကျခံရာ၊ လင်ယောကျ်ားအပေါ် နှိုင်လိုမင်းထက် ရက်စက်ကြမ်းကြုတ်၊ မိန်းမယုတ်တို့ ကျရောက်ရာ ငရဲဖြစ်ကြောင်း သံကိစ္စဇာတ်၌ ဟောကြားထားသည်။ ထို့အတူပင် မိမိ ဇနီးမယားအား မတရားစော်ကားနှိပ်စက် အကြမ်းဖက် အနိုင်အထက်ပြုလုပ်သော ယောကျ်ားယုတ်များလည်း ထိုငရဲ၌ ကျရောက်နိုင်လေသည်။

အဝီစိငရဲ

ငရဲသတ္တဝါ ငရဲမီးလှျံ ဆင်းရဲဒုက္ခအားဖြင့် အကြားအလပ် မရှိသောကြောင့် အဝီစိငရဲဟု ခေါ်သည်။ (နှ+ဝီစိ၊ နှ=မရှိခြင်း+ဝီစိ=အကြားအလတ်=လစ်လပ်သောနေရာ။) ထိုငရဲကိုပင် ကြီးမားသောအပြစ် ကျူးလွန်သူတို့ ခံရသောကြောင့် မဟာအဝီစိငရဲဟု ခေါ်သည်။ သံသေတ္တာကြီးအတွင်း၌ မုန်ညင်းစေ့ကို သိပ်၍ ထည့်ထားသကဲ့သို့ တခဲနက် ပြည့်ကျပ်ပြီးနေရာလပ် ကြားလပ်မရှိပေ။

ထိုအဝီစိအငရဲ၏ အလယ်တည့်တည့်တွင် ငရဲမကြီးခေါ် ငရဲနေပြည်တော်ကြီးရှိပြီး ထုထည်ကိုးယူဇနာရှိသော သံတံတိုင်းတို့ဖြင့် ဝိုင်းရံထားသည်။ အထက်နှင့် အောက်၊ တောင်နှင့် မြောက်၊ အရှေ့နှင့် အနောက်၊ အထက်မျက်နှာပြင်၊ အောက်မျက်နှာပြင် ယူဇနာတစ်ရာစီ ရှိ၏၊ ၎င်းကို ထုကိုးယူဇနာရှိသော သံပြားကြီးတို့ဖြင့် ပိတ်ဆား၏။ အဝီစိငရဲမကြီးသည် လေးထောင့်စပ်စပ်ရှိသော သံသေတ္တာကြီးနှင့် တူသည်။

အဝီစိငရဲ၌ ကံကြီးထိုက်၍ နှစ်ပေါင်းရှည်ကြာ ခံကြရမည့် နှစ်ကြီးသမား ငရဲသားများ ကျရောက်ကြသည်။ အဝီစိငရဲမကြီး၌ အရပ်လေးမျက်နှာတွင် သံတံခါးကြီး လေးခုရှိပြီး အကုသိုလ်ကံကုန်၍ ကျွတ်လွတ်ခွင့်ရသော သတ္တဝါရှိခဲလျှင် ထိုတံခါးကြီးများ အလိုလို ပွင့်သွားပြီး ထိုသတ္တဝါတို့ ထွက်ကြရသည်။ ယင်းသို့ ပွင့်သွားသော်လည်း အကုသိုလ်ကံ မကုန်သေးသော သတ္တဝါတို့မှာ ထွက်၍ မရကြပေ။

အဝီစိငရဲ၌ ကံကြီးထိုက်၍ နှစ်ပေါင်းရှည်ကြာ ခံကြရမည့် နှစ်ကြီးသမား ငရဲသားများ ကျရောက်ကြသည်။ အဝီစိငရဲမကြီး၌ အရပ်လေးမျက်နှာတွင် သံတံခါးကြီး လေးခုရှိပြီး အကုသိုလ်ကံကုန်၍ ကျွတ်လွတ်ခွင့်ရသော သတ္တဝါရှိခဲလျှင် ထိုတံခါးကြီးများ အလိုလို ပွင့်သွားပြီး ထိုသတ္တဝါတို့ ထွက်ကြရသည်။ ယင်းသို့ ပွင့်သွားသော်လည်း အကုသိုလ်ကံ မကုန်သေးသော သတ္တဝါတို့မှာ ထွက်၍ မရကြပေ။

အဝီစိငရဲ၌ အောက်သံမြေမှ ထလောင်သော မီးလျှံသည် ယူဇနာတစ်ထောင်မှ အထက်သံဒအမိုးပြင်သို့တိုင်အောင် တက်သည်။ အထက်သံဒမိုးကြီးမှ ဆင်းချိန် ဖြာထွက်သော မီးလျှံတို့သည်လည်း အောက်သံမြေပြင်သို့ ထောက်၏။ ငရဲမီးလျှံတို့သည် ထိုမှသည် ငရဲတံတိုင်းဆီသို့ ထုတ်ချင်းခတ် ပျံ့နှံ့နေသည်။

ပိန်းပိတ်နေသော ငရဲမီးလုံးကြီးထဲ၌ ငရဲသားတို့သည် ချမ်းသာဟူ၍ စိုးစိမ်မရှိ၊ စက္ကန့်ဝက်မျှ ချမ်းသာသည်ဟူ၍ မရှိ၊ နှစ်ပေါင်း အသခ္ယေ့အနန္တအတွင်း လျှပ်တပြက်မျှ ဆင်းရဲဒုက္ခမှ မလွတ်ရဘဲ ဒုက္ခကြီးမလပ်အောင် ခံစားခဲ့ကြရသည်။

အဝီစိငရဲကြီး၌ ငရဲသားသတ္တဝါ လိုနေသော ကွက်လပ် မရှိခြင်းကြောင့် နေရာကွက်လပ် စောင့်နေရသော ငရဲသားဟူ၍ မရှိ။ ကြားကွက်လပ်မရှိသော်လည်း လာသမျှ ရောက်သမျှ ငရဲသားအားလုံး ဝင်ဆန့်လေသည်။ လာလာသမျှ ငရဲသားတို့ကို မပယ်မလှန် အားလုံး လက်ခံနိုင်သော သတ္တိရှိပေသည်။

ငရဲငယ်များ

ငရဲကြီး ရှစ်ထပ်တွင် တစ်ထပ်လျှင် တစ်မျက်နှာစီ၌ ဥဿဒငရဲ(ငရဲငယ်) လေးထပ်စီ ခြံရံထားသဖြင့် ငရဲကြီးတစ်ထပ်လျှင် ငရဲငယ်ပေါင်း ၁၆-ထပ် ရှိသည်။ ၎င်းတို့မှာ—

(၁) ဘင်ပုပ်ငရဲ၊
(၂) ပြာပူငရဲ၊
(၃) လက်ပံတောငရဲ၊
(၄) သန်လျက်တောငရဲ-

တို့ဖြစ်သည်။

ဘင်ပုပ်ငရဲ

ဘင်ပုပ်ငရဲသည် အတွင်းပိုင်းအကျဆုံး ငရဲ ဖြစ်ပြီး အနက်ယူဇနာတစ်ထောင်ရှိ၍ မစင်ဘင်ပုပ်တို့ဖြင့် ပြည့်လျှံနေသည်။ မစင်နံ့သည် ယူဇနာတစ်ထောင်အောင် အနံ့ နံစေသည်။ မစင်ဘင်ပုပ်ငရဲတွင်းထဲ၌ ပိန်းကောလေ့ ပမာဏရှိသောပိုးလောက်တို့သည် နှုတ်သီးတငေါငေါဖြင့် လူးလွန့်ပျော်ပါးနေကြသည်။

ငရဲမကြီးဘို့ ကျရောက်ကြသောသူဘို့သည် ကံအားလျော်စွာ ကျုတ်လုတ်ခွင့် ရလာပြီးနောက် ငရဲငယ်ဘို့ ကျခံရန် အကုသိုလ်ကံကြွင်း ကျန်ရှိသေးလျှင် ဤဘင်ပုပ်ငရဲသို့ ကျရောက်ကြ၏။ ထိုအခါ ပီးလောက်ကြီးတို့က အတင်းဝိုင်းအုံ ထိုးဆိတ်ကိုက်စားကြသည်။

ပြာပူငရဲ

ပြာပူငရဲသည် ရဲရဲညီးသော ပြာပူတို့ဖြင့် ပြည့်နှက်နေသည်။ ၎င်း ပြာပူခိုန်သည် ယူဇနာတစ်ရာထိ ပျံနှံ့လေသည်။ ငရဲသားသည် ပြာပူအတွင်း နစ်မြုပ်ကာ ရွှေလျား သွားလာနေရသည်၊ ဘင်ပုပ်ငရဲမှ လွတ်ပြီးနောက် အကုသိုလ်ကံကြွင်း ရှိသေးလျှင် ဤပြာပူငရဲသို့ ကျရောက်ခံစားကြရပြန်သည်။

လက်ပံတောငရဲ

လက်ပံတောငရဲသည် ပြာပူငရဲ၏ အရပ်ရှစ်မျက်နှာ၌ စိုက်ပတ်၍ တည်နေသည်။ လက်ပံပင်များမှာ သံအတိဖြစ်၍ ရဲရဲတောက်ပူလောင်နေ၏။ ဆူးတို့မှာ အလွန်ထက်မြက်၍ အရွက်များမှာ သန်လျက်ကြီးများနှင့် တူ၍ အောက်ခြေမြေပြင်၌ သင်တုန်းဓားသွားများ စိခင်းထား၏။ ပြာပူငရဲမှ ကျုတ်လုတ်လာပြီး အကုသိုလ်ကံကျန်နေသေးလျှင် လက်ပံတောငရဲသို့ ဝင်ရောက်ကြရပြန်သည်။ ငရဲသားရောက်လာသည်နှင့် တပြိုင်နက် သန်လျက်သဖွယ်ဖြစ်သော လက်ပံရွက်တို့သည် မိုးရွာသကဲ့သို့ ကြွေကျကြ၍ ခန္ဓာကိုယ်ထဲ၌ စူးဝင်နေစဉ် ငရဲခွေး၊ ငရဲကျီး ငရဲလင်းတာတို့က အရှင်လတ်လတ် ကိုက်ဆွဲဆိတ်ပေါက် စားသောက်ကြသည်၊ ဆင်ကောင်တမျှကြီးသော ခွေးနက်ကြီးများက လိုက်လံကိုက်ခဲသည့် အခါ လက်ပံပင်ပေါ်သို့ ပြေးတက်၏၊ လက်ပံဆူးများသည် အတက်တွင် အောက်ဖက်သို့ အဖျားလှည့်နေ၍ ဆင်းလျှင် အဖျားအပေါ်ထောင်နေ၏။ လက်ပံပင်ပေါ် ရောက်ပြန်လျှင် ကျီးနှင့်လင်းတို့က ထိုးဆိတ်ကြ၏။ အောက်သို့ လိမ့်ကျလာလျှင်လည်း ခွေးစားခံရပြန်၏။

သန်လျက်တောငရဲ

လက်ပံတောငရဲ၏ အပြင်ဘက် အရပ်ရှစ်မျက်နှာ၌ အနံတဂ်ယူဇနာ အမြင့် တစ်ယူဇနာရှိသော သန်လျက်နှင့်တူသော အရွက်ရှိသည့် "အသိပတ္တ"မည်သော သန်လျက်သစ်တောကြီး ရှိသည်၊ လက်ပံတောငရဲမှ လွတ်မြောက်လာပြီး အကုသိုလ်ကံ ကျန်သေးလျှင် ဤသန်လျက်တောငရဲသို့ ဝင်ရောက်ကြရသည်။ ခံရပုံမှာ လက်ပံတောငရဲနှင့် အတူတူပင် ဖြစ်၏။ သို့သော် လက်ပံတောငရဲမှာ ဆူးရှိ၍ သန်လျက်တောငရဲမှာ ဆူးမရှိပေ။

အခြားရေးယဉ်များ

ဤဖော်ပြပါ ရေးယဉ် (၄)မျိုးအပြင် ကြိမ်ပိုက်ချောင်း(ဝတ္ထုရဏ်)ရေး၊ ကြေးအိုး(လောဟကုမ္ဘီ)ရေး စသည်အားဖြင့်လည်း ရှိသေးပေသည်။

ဒေဝဒူတသုတ်လာ ကြိမ်ပိုက်ချောင်းရေးသည် သန်လျက်တောင်ရေး၏ အပြင်ဘက် အရပ်ရှစ်မျက်နှာ ပတ်ပတ်လည်၌ တည်ရှိသည်။ အလှန်ငန်စပ်သော ရေရှိသည်။ ကြေးနီရေပူဟူ၍လည်း ဆိုကြသည်။ ထိုရေသည်အဟုန်ဖြင့် စီးဆင်းလျက်ရှိသည်။ ရေပြင်အထက်၌ အလွန်ချွန်ထက်သည့် သံဆူး သံရွက်တို့ဖြင့် ပြည့်နေသော ထန်းလုံးပမာဏရှိ ကြိမ်နွယ်တို့ ကမ်းနှစ်ဖက်ကူးယှက်လျက် ပိုက်ကွန်ကြီးပမာ ရှပ်ထွေးမြေးယှက်နေသည်။

ကြိမ်နွယ်တို့အောက်၌ ထန်းပင်လုံး ပမာဏရှိ အဖျားချွန်ထက်သော သံတံကျင်များ အပြည့်အနှက် စိုက်ထူလျက် ရှိသည်။ ဝဲယာကမ်းတစ်လျှောက်၌လည်း သံချွန်သံဆူးများ စိုက်ထားသကဲ့သို့ အလွန် အဖျားချွန်ထက်သော သမန်းမြက်တော၊ ဖောင်းကားမြက်တော၊ ကြိမ်ပင်တော၊ ကလိမ်ပင်တောများ ရှိသည်။ သန်လျက်တောရေမှ လွတ်လာသော ငရဲသားသည် အကုသိုလ်ကံကျန်သေးလျှင် ဤကြိမ်ပိုက်ချောင်းရေ၌ ကျရောက်ရပြန်သည်။ ချောင်းရေအဟုန်၌ မျောပါနေစဉ် ကြိမ်ဆူးများ သံတံကျင်များ သမန်းမြက်များ စူးရှကုတ်ခြစ်မှု ခံကြရ၏။

လောဟကုမ္ဘီ ငရဲကား ကြေးရည်ပူ သံရည်ပူတို့ဖြင့် ပြည့်နှက်နေသော ငရဲအိုးကြီး ဖြစ်သည်။ ငရဲသားသည် ငရဲအိုးအတွင်း၌ ငုပ်ချီပေါ်ချီ ခံစားနေရသည်။ ဆူဇင်္ဂိုဟ်ပြည်အနီး အောက်မှာပင် ရှိသည်ဟု ဆိုသည်။ ဆူဇင်္ဂိုဟ်ပြည်အနီးက တဒေါဒါမြစ် ခေါ်သော ရေပူမြစ်သည့် ကြိမ်ပိုက်ချောင်း ငရဲနှင့် လောဟကုမ္ဘီငရဲ နှစ်ခုစပ်ကြားမှ စီးဆင်းလာသော မြစ်ဟု ဆိုသည်။ "ဒု-သ-နု-သော" ဟု အော်ဟစ်နေကြသော သူဌေးသား လေးယောက်တို့သည် ထိုလောဟကုမ္ဘီငရဲ၌ ကျွေးရောက်နေကြရသည်။

ဤသို့သော ငရဲဒုက္ခများကို အဖန်ဖန် စဉ်းစားမိသူတို့သည် အကုသိုလ်အမှု မပြုမိအောင် သတိဖြင့် ရှောင်ကြဉ်သင့်ကြသည်။ ပြုမိသော အကုသိုလ်များ အတွက်ကိုလည်း နောင်တ တဖန် မပူပန်တော့ဘဲ အသစ်မပြုလုပ်မိအောင် သတိထားရှောင်ရှားလျက် ကုသိုလ်တရားများကို ပွားများအားထုတ်သင့်ကြပေသည်။

ဒုဒ္ဓဘာသာလင်စံကျမ်း ၄၀—ဗမာသစ် ။

ငရဲသက်တမ်း

ငရဲသားတို့၏ သက်တမ်းကို နှစ်, လ, ရက်တို့ဖြင့် ရေတွက်ထုတ်၍ အောက် ဖော်ပြပါအတိုင်း ဇာတ်လမ်းရင်ခွဲ ပြဆိုထား၏—

- လူတို့၏ အနှစ် ၉-သန်းသည် သိဋ္ဌိုင်းငရဲ၌ ၁-ရက် ဖြစ်၏။ သိဋ္ဌိုင်း ငရဲသည် ထို ရက်, လ, နှစ်အားဖြင့် အနှစ်ငါးရာ သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၃-ကုဋေ ၆-သန်းသည် ကာလသုတ်ငရဲ၌ ၁-ရက် ဖြစ်၏။ ကာလသုတ်ငရဲသည် ထို ရက်, လ, နှစ်အားဖြင့် အနှစ် တစ်ထောင် သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၁၄-ကုဋေ ၄-သန်းသည် သဃ်ာတငရဲ၌ ၁-ရက် ဖြစ်၏။ သဃ်ာတငရဲသည် ထို ရက်, လ, နှစ်အားဖြင့် အနှစ် လေးထောင် သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၅၇-ကုဋေ ၆-သန်းသည် ရောရုဝငရဲ၌ ၁-ရက် ဖြစ်၏။ ရောရုဝငရဲသည် ထို ရက်, လ, နှစ်အားဖြင့် အနှစ် လေးထောင် သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၂၃၀-ကုဋေ ၄-သန်းသည် မဟာရောရုဝငရဲ၌ ၁-ရက် ဖြစ်၏။ မဟာရောရုဝငရဲသည် ထို ရက်, လ, နှစ်အားဖြင့် အနှစ် ရှစ်ထောင် သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၉၂၁-ကုဋေ ၆-သန်းသည် တာပနငရဲ၌ ၁-ရက် ဖြစ်၏။ တာပနာငရဲသည် ထို ရက်, လ , နှစ်အားဖြင့် တစ်သောင်း ခြောက်ထောင် သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၃၆၈-ကုဋေ ၄-သန်းသည် မဟာတာပနငရဲ၌ ၁-ရက် ဖြစ်၏။ မဟာတာပနငရဲသည် ထို ရက်, လ, နှစ်အားဖြင့် သိုးသောင်းနှစ်ထောင် (အန္တရကပ်ထက်စက်)သက်တမ်း ရှိ၏။

- လူတို့၏ အနှစ် ၁၄၇၄-ကုဋေ ၆-သန်းသည် အဝီစိငရဲ၌ ၁-ရက် ဖြစ်၏။ အဝီစိငရဲသည် ထို ရက်, လ, နှစ်အားဖြင့် ခြောက်သောင်း လေးထောင် (အန္တရကပ် တစ်ကပ်) သက်တမ်း ရှိ၏။

ကာမသုဂတိ ၇-ဘုံ

ထိုက်သည့်အားလျော်စွာ စည်းစိမ်ခံစားရသော ဘုံဘဝကို သုဂတိဘုံဟု ခေါ်သည်။ ကာမတဏှာ၏ ကျက်စားရာ (အာရုံပြုရာ)နယ်ပယ် ဖြစ်သော ကြောင့် ကာမဘုံဟုလည်း ခေါ်သည်။

ကာမသုဂတိ ၇-ဘုံသည် ဖော်ပြပါ အစဉ်အကိုင်း အောက်မှအထက် အဆင့်ဆင့် တည်လျက် ရှိသည်—

(၁) လူ့ဘုံ၊
(၂) စတုမဟာရာဇ်နတ်ဘုံ၊
(၃) ကာဝတိံသာနတ်ဘုံ
(၄) ယာမာနတ်ဘုံ၊
(၅) တုသိတာနတ်ဘုံ၊
(၆) နိမ္မာနရတိနတ်ဘုံ၊
(၇) ပရနိမ္မိတဝသဝတ္တီနတ်ဘုံ။

} နတ်ပြည် ၆-ထပ်

လူ့ဘုံ

ဤကမ္ဘာမြေအပြင်ရှိ စကြဝဠာအနန္တသည် လူ့ဘုံ မည်၏။ စကြဝဠာ အနန္တရှိ လူတို့သည် နတ်စသော အခြားဘုံသားတို့ထက် ထက်မြက်သောစိတ်, ရဲရင့်သောစိတ်, ဆန်းကြယ်သောစိတ် ရှိကုန်၏။

ဤလူ့ဘုံတွင် ကုသိုလ်အရာ၌ ကုသိုလ်ဖြစ်ပွားရန် အခွင့်အလမ်းရှိသကဲ့သို့ အကုသိုလ်အရာ၌လည်း အကုသိုလ် ဖြစ်ပွားရန် အခွင့်အလမ်းများ ရှိ၏။ အခြားဘုံတို့၌ ဤကဲ့သို့ စုံလင်စွာ မရှိကြပေ။ လူ့ပြည်၌သာ ဘုရားပွင့်နိုင်၏။ လူသားမှသာလျှင် ဘုရားဖြစ်နိုင်၏။ အလောင်းတော်ကြီးများသည် လူ့ဘုံ၌သာ ပါရမီဖြည့်ဆည်းပူးခွင့် ရကြသည်။ ထို့ကြောင့် ကုသိုလ် အကုသိုလ် အရာ၌ မြင့်သောစိတ်, ထက်သောစိတ်, ရဲရင့်သောစိတ်, ဆန်းကြယ်သောစိတ် ရှိကုန်၏။ အလွန်မြင့်သော စိတ်နှလုံး ရှိသောကြောင့် လူဟူ၍ ခေါ်သည်။

စတုမဟာရာဇ်နတ်ဘုံ

မတရင်ဘ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ-ဟူသော နတ်မင်းကြီး လေးယောက်ကို စတုမဟာရာဇာဟု ခေါ်သည်။ (စတု+မဟာ+ရာဇာ၊ စတု=၄-ယောက်+မဟာ=ကြီးသော+ရာဇာ=မင်း။)

ထိုနတ်မင်းကြီးလေးယောက်တို့ အုပ်စိုးရာ, ထိုနတ်မင်းကြီးလေးယောက်တို့အား ဆည်းကပ်ခစားရာ ဘုံဌာန ဖြစ်သောကြောင့် စတုမဟာရာဇ်ဘုံဟု ခေါ်သည်။ ၎င်းဘုံ၏ တည်ရာမှာ မြင်းမိုရ်တောင် အလယ်လောက်မှ စ၍ ဤမြေပြင်အထိ ဖြစ်၏။

ထိုနတ်မင်းကြီးလေးယောက်တို့သည် မြင်းမိုရ်တောင်၏ အလယ်ခုလတ်မှ နေ၍ အုပ်ချုပ်ကြသည်။ ဓတရဋ္ဌ နတ်မင်းကြီးက မြင်းမိုရ်တောင်၏ အရှေ့ဘက် နံပါး၌ နေလျက် ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်မင်းလုပ်သည်။ ဝိရူဠ္ဟက နတ်မင်းကြီးက မြင်းမိုရ်တောင်၏ တောင်ဘက်နံပါး၌ နေလျက် ကုမ္ဘဏ်နတ်တို့ကို အုပ်ချုပ်မင်းလုပ်သည်။ ဝိရူပက္ခ နတ်မင်းကြီးက မြင်းမိုရ်တောင်၏ အနောက်ဘက်နံပါး၌ နေလျက် နတ်နဂါးတို့ကို အုပ်ချုပ်မင်းလုပ်၏။ ကုဝေရနတ်မင်းကြီးက မြင်းမိုရ်တောင်၏ မြောက်ဘက်နံပါး၌ နေလျက် နတ်ဘီလူးတို့ကို အုပ်ချုပ်မင်းလုပ်၏။

စတုမဟာရာဇ်နတ်မျိုးများ

ဤလူ့ပြည်ဝယ် မြေကြီးနှင့် ဆက်နွယ်လျက် ရှိသော တော တောင် သစ်ပင် တို့၌ နေသော နတ်အားလုံးနှင့် တောစောင့်နတ်, တောင်စောင့်နတ်, သစ်ပင်၌ နေသောနတ်(ရုက္ခဒေဝ=ရုက္ခစိုးနတ်)များသည် ဘုမ္မဒေဝ (ဘုမ္မစိုးနတ်)မျာ်း ဖြစ်ကြသည်။ ကိုယ်စောင့်နတ်စသည်များ၊ နတ်ဘီလူး, ကုမ္ဘဏ်, ရက္ခိုဿီ, ဂန္ဓဗ္ဗ စသော နတ်များ၊ ဇော်ဂနီ, စုန်း စသည်များ၊ ဝိနိပါတိကအသုရာ, ဝေမာနိက ပြိတ္တာ စသည်တို့သည် စတုမဟာရာဇ်နတ်မင်းကြီးများ၏ လက်အောက်ခံဖြစ်၍ စတုမဟာရာဇ်နတ်ဘုံစာရင်း၌ ပါဝင်ကြသည်။

နံ့သာပင် (သနပ်ခါးပင်) စသည်တို့၌ သန္ဓေတွယ်၍ နံ့သာပင်၌ နေသော နတ်တို့ကို ဂန္ဓဗ္ဗနတ်ဟု ခေါ်သည်။ အိုးစရည်းကြီးဝမ္ဗ ကြီးမားသော ဝမ်းဗိုက်နှင့် ကြီးမားသော ဝှေးဥရှိသော ဒါနဝရက္ခိုဉ်တို့ကို ကုမ္ဘဏ်ဟု ခေါ်သည်။

မိန်းမတို့ကိုယ်၌ ပူးဝင်လျက် ထိုမိန်းမတို့ ခိုင်းစေရာ ဂန္ဓဗ္ဗနတ်မများလည်း ရှိသေး၏။ ၎င်းကို ဝေဒကျမ်းက ယောဂိနီဟု ခေါ်ပြီး မြန်မာတို့က ဇော်ဂနီဟု ခေါ်ကြသည်။ လရောင်လာရာ လပြည့်နေ့အခါ စသည်တို့၌ ဟိုဟိုဒိုဒိ သွားလာရာတွင် အရောင်ထွက်သောကြောင့် ပါဠိလို ဇုကာ၊ မြန်မာလို ဇုန်း=စုန်းဟု ခေါ်သည်။

ဥစ္စာ, ရေကန် စသည်တို့၌ စောင့်ရှောက်လျက် လာရောက်သူတို့ကို ဖမ်းစားတတ်သော နတ်မျိုးကို "ရက္ခသ=ရက္ခိုဿိ" ဟု ခေါ်သည်။ ဥစ္စာစောင့်မျှားလည်း ရက္ခိုဿိတွင် ပါဝင်ဟန်ရှိသည်။

ထိုကုမ္ဘကာ်, ရက္ခိုဿိ, နတ်ဘီလူးတို့သည် ငရဲထိန်းဟန်, ခွေးနက်ကြီးဟန် ဖန်ဆင်းလျက် ငရဲသားတို့အား သွားရောက်ကိုက်စားကြသည်။

တာဝတိံသာနတ်ဘုံ

မာဃလုလင် အမှူးပြုသော အတူတကွ ကုသိုလ်ပြုဖော်ပြုဖက် ကောင်းမှုရှင် (၃၃)ယောက်တို့၏ ဖြစ်ရာ ဖြစ်သောကြောင့် "တေတ္တိံသဘုံ" ဟု ခေါ်သည်။ (တေ=တိ+တိံသ၊ တေ=တိ=၃+တိံသ=၃၀။) သမ္ဗါနည်းဖြင့် "တေ"ကို "တာဝ"ပြုလုပ်၍ "တ"ကို ချေဖျက်လိုက်ပြီး "တာဝတိံသာ"ဟု ဖြစ်လာသည်။ တာဝတိံသာနတ်ဘုံသည် မာဃလုလင်တို့အုပ်စု မရောက်ခင်ကတည်းက ရှိပြီးသား ဖြစ်၏။ မာဃလုလင်တို့၏ ကောင်းမှု အရှိန်ကြောင့် အခြားအမည် ပျောက်၍ တာဝတိံသာအမည် ရောက်ခဲ့ရသည်။ မာဃသည် နတ်တို့ကို အစိုးရသော သိကြားမင်း ဖြစ်သည်။ တည်နေရာမှာ မြင်းမိုရ်တောင်ထိပ်၌ ဖြစ်သည်။တာဝတိံသာဘုံ၌ ဝေဇယန္တာပြာသာဒ်, ပင်လယ်ကသစ်ပင်, ပဏ္ဍုကမ္ဗလာ, နန္ဒဝန်ဥယျာဉ်, စိတ္တလတာဥယျာဉ်, မဟာနန္ဒာကန် စသည်တို့ရှိသည်။

စတုမဟာရာဇ်, တာဝတိံသာ နတ်ဘုံတို့သည် မြင်းမိုရ်တောင်မြေနှင့် ဆက်သွယ်တည်ရှိနေကြသောကြောင့် ထိုနတ်ဘုံတို့၌ ဘူမဋ္ဌကဗိမာန်(မြေပါက်ဗိမာန်)မျှားအပြင် အာကာသဋ္ဌ(ကောင်းကင်၌တည်သော) ဗိမာန်မျှားလည်း ရှိကြသည်။ ယာမာ စသော အထက်နတ်ဘုံတို့၌ကား ကောင်းကင်ဗိမာန်သာ ရှိကြသည်။

ယာမာနတ်ဘုံ

ယာမာမည်သော နတ်မင်းကြီး နတ်ဘုရင်ကြီး၏ တည်ရာဌာန ဖြစ်သောကြောင့် ယာမာဘုံဟု ခေါ်သည်။ ထိုနတ်မင်းကြီးကို သုယာမနတ်မင်းဟုလည်း ခေါ်သည်။ ၎င်းနတ်မင်းသည် သိကြားမင်း ရာထူးကိုလည်း ရသည်။ တနည်းအားဖြင့် နတ်ချမ်းသာသို့ ကောင်းစွာ ရောက်သော နတ်တို့၏ နေရာဖြစ်သောကြောင့် ယာမာဘုံဟု ခေါ်သည်။ တည်နေရာမှာ ကောင်းကင်ဖြစ်သည်။

တုသိတာနတ်ဘုံ

နှစ်သက်ရွှင်မြူးဖွယ်ရာကောင်းသော ဘုံဌာန ဖြစ်သောကြောင့် တုသိတာဘုံဟု ခေါ်သည်။ ထိုနတ်ဘုံ၌ ကြီးကျယ် မြင့်မြတ်သော စည်းစိမ် ကျက်သရေ

တို့နှင့် ပြည့်စုံသောကြောင့် ထိုဘုံ၌ ဖြစ်ကြရသော နတ်တို့မှာ အမြဲမပြတ် ရွှင်မြူးနှစ်သက် ဝမ်းမြောက်နေကြသည်။ ဘုရားအလောင်းတော်များသည် နတ်ဘုံ၌ ဖြစ်လေ့ရှိသည်။ အရိမေတ္တေယျ ဘုရားလောင်းသည် ဤဘုံ၌ ရှိနေသည်။

နိမ္မာနရတိနတ်ဘုံ

အလိုရှိတိုင်းသော စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို ကိုယ်တိုင် ဖန်ဆင်း၍ ပျော်မွေ့ကြရာဘုံဌာနဖြစ်သောကြောင့် နိမ္မာနရတိဘုံဟု ခေါ်သည်။ (နိမ္မာန+ရတိ၊ နိမ္မာန=ဖန်ဆင်းအပ်သော စည်းစိမ်+ရတိ=မွေ့လျော်ခြင်း။)

ထိုနတ်တို့သည် ပင်ကိုရှိပြီးသား စည်းစိမ်ထက်ပို၍ အလွန်အကဲ ခံစားလိုစိတ်ပေါ်သောအခါ စိတ်တိုင်းကျ ဖန်ဆင်း၍ စည်းစိမ်ခံ မွေ့လျော်ကြသည်။ မိမိလိုရာ အဆင်း အသံ စသည်တို့ကို ကိုယ်တိုင် ဖန်ဆင်းကြသည်။

ပရနိမ္မိတဝသဝတ္တီနတ်ဘုံ

စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာဟူသော အောက်နတ်ပြည်လေးဘုံတို့၌ ကိုယ်ပိုင်ဇနီးမောင်နှံရှိကြသည်။ နိမ္မာနရတီနှင့် ပရနိမ္မိတ ဝသဝတ္တီဘုံတို့၌ကား အမြဲမရှိကြပေ။

ပရနိမ္မိတဝသဝတ္တီနတ်ဘုံ

သူတပါးတို့ ဖန်ဆင်းထားသော အာရုံတို့၌ မိမိအလိုဆန္ဒသို့ လိုက်ပါစေနိုင်သောကြောင့် ပရနိမ္မိတဝသဝတ္တီဘုံဟု ခေါ်သည်။ နိမ္မာနရတိနတ်တို့ကဲ့သို့ ကိုယ်တိုင်မဖန်ဆင်းဘဲ အစေအပါးနတ်များက အလိုက်သိစွာ စိတ်တိုင်းကျအောင် ဖန်ဆင်းပေးအပ်သော ကာမဂုဏ်အာရုံတို့ကို မိမိအလိုသို့ လိုက်ပါစေနိုင်သည်။ မာရ်နတ်မင်းသည် ဤနတ်ဘုံကို အုပ်စိုးသူဖြစ်သည်။ (ပရ+နိမ္မိတ+ဝသ+ဝတ္တီ၊ ပရ=သူတပါး+နိမ္မိတ=ဖန်ဆင်းအပ်သည်+ဝသ=အလိုဆန္ဒ+ဝတ္တီ=ဖြစ်စေနိုင်ခြင်း။)

နတ်စည်းစိမ်

နတ်စည်းစိမ်ကား လူ့စည်းစိမ်နှင့် အလွန်ပင် ကွာခြားလှသည်။ ဥပမာ အားဖြင့် မြက်ပင်ဖျားက ဆီးနှင်းပေါက်နှင့် သမုဒ္ဒရာရေပမာပင်။ သို့သော် စတုမဟာရာဇ်နတ်၌ ပါဝင်သော နတ်စုတ် နတ်မဲ့ နတ်သရဲတို့၏ စည်းစိမ်နှင့် အစာအာဟာရများကား သာယာနှစ်သက်ဖွယ် မရှိပေ။

နတ်ပြည်၌ မိမိတို့၏ လူ့ဘဝက ပြုလုပ်ခဲ့သော ကျေးကုသိုလ်ကံကြောင့် ကိုယ်ပိုင် ရရှိသော ဘုံဗိမာန်များကလည်း ဆန်းကြယ်လှပန်းလှ၏။ နတ်သား

များမှာ အသက် ၂၀-အရွယ်၌သာ တည်ရှိပြီး နတ်သမီးတို့မှာ ၁၆-နှစ် အရွယ်၌ပင် ပကတိအလှမပျက် တသက်လုံး တည်ကြသည်။ သွားကျိုး ဆံဖြူ နားအူ မျက်မဲ့ အရိုးကဲ့ ဒေရည်တွန့်ခြင်းများကား လုံးဝမရှိပေ။

နတ်ဩဇာ အဆီအနှစ်တို့ကိုသာ စားသောက်ကြရသဖြင့် ခန္ဓာကိုယ်တွင်း၌ အပေါ့အလေး အညစ်အကြေး စသည့် မကောင်းသော အနိဋ္ဌာရုံတို့ လုံးဝ မရှိကြပေ။

နတ်သမီးတို့မှာလည်း ဓမ္မတာ လာခြင်း စသော အညစ်အကြေးတို့ မရှိပေ။ နတ်သားနတ်သမီး ဇနီးမောင်နှံတို့ ရှိသော်လည်း လူကဲ့သို့ ကိုယ်ဝန်လွယ်ခြင်း မွေးဖွားခြင်းတို့မရှိပေ။ သားသမီးဖြစ်ထိုက်သော နတ်သား နတ်သမီးတို့သည် ၎င်းတို့၏ ရင်ခွင်ပေါ်၌ အိပ်ရာပေါ်၌ ရောက်လာကြသည်နှင့်နတ်ပြည် ၆-ထပ်လုံး မှာပင် ကာမဂုဏ်ချမ်းသာ ခံစားကြရာ၌ လူတို့နှင့် မထူးသော်လည်း သုက်စသည့် အညစ်အကြေး မဖြစ်ပေါ်ဘဲ သွေးသား လူပ်ရှား တွေ့ထိရုံမျှဖြင့် ကာမဂုဏ်ကိစ္စ ပြီးစီးကြသည်။

နတ်တူရိယာ, နတ်အဆိုကျော်, နတ်ကခေါသည်, နတ်အငြိမ့်သည်, နတ်တေးဂီတတို့ဖြင့်လည်း စည်းစိမ်ခံကြသည်။ နတ်သမီး နတ်သားတို့သည် နန္ဒဝန်ဥယျာဉ်၌ လှည့်လည် ပျော်ပါးကြပြီး မဟာနန္ဒာကန်တော်ကြီး၌လည်း ရေကစားကြသည်။ နတ်တို့၏ စည်းစိမ်ကား လူတို့အနေဖြင့် ရေးပြပြောပြ၍ အားရဖွယ် ကုန်နိုင်ဖွယ် မရှိပေ။ နတ်စည်းစိမ်ကို သိရှိခံစားလိုလျှင် အကုသိုလ် ရှောင်၍ ကုသိုလ်ကောင်းမှု များများ ပြုကြရပေမည်။ နတ်ဘုံများကား ကုသိုလ်ရှင်တို့၏ ခံစားစံစားရာ ဘုံဌာန ဖြစ်ပေသည်။

နတ်တို့၏ သက်တမ်း

လူတို့၏အနှစ် ၅၀ သည် စတုမဟာရာဇ်နတ်ပြည်၌ ၁-ရက်ဖြစ်၏။ ထိုရက်ဖြင့် ရက်ပေါင်း ၃၀-သည် ၁-လ၊ ထိုလဖြင့် လပေါင်း ၁၂-လသည် စတုမဟာရာဇ် နတ်ပြည်၌ ၁-နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်း ငါးရာသည် စတုမဟာရာဇ် နတ်တို့၏သက်တမ်း ဖြစ်၏။ လူတို့၏ နှစ်အရေအတွက်အားဖြင့် အနှစ် ၉-သန်း ရှိသည်။

စတုမဟာရာဇ်နတ်သက်တမ်း ငါးရာဟူသည် များရာကို လိုက်၍ သတ်မှတ်ထားသော ယေဘုယျနည်းအရ ဖြစ်လေသည်။ အချို့သော အာကာသဋ္ဌ (ကောင်းကင်နေ) စတုမဟာရာဇ်နတ်တို့၏ သက်တမ်းသည် အပိုင်းအခြား မရှိပေ။

လူတို့၏အနှစ် ၁၀၀ သည် တာဝတိ်သာဘုံ၌ ၁-ရက်ဖြစ်၏။ ထို ရက်, လ, နှစ် တို့ဖြင့် နှစ်ပေါင်းတစ်ထောင်သည် တာဝတိ်သာနတ်တို့၏ သက်တမ်းဖြစ်၏။ လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း ၃-ကုဋေ ၆-သန်း ဖြစ်၏။

လူတို့၏အနှစ် ၂၀၀ သည် ယာမာဘုံ၌ ၁-ရက်ဖြစ်၏။ ထို ရက်, လ, နှစ် တို့ဖြင့် နှစ်ပေါင်းနှစ်ထောင်သည် ယာမာနတ်တို့၏ သက်ဘမ်းဖြစ်၏။ လူ့အရေ အတွက်အားဖြင့် နှစ်ပေါင်း ၁၄-ကုဋေ ၄-သန်း ဖြစ်၏။

လူတို့၏အနှစ် ၄၀၀ သည် တုသိတာဘုံ၌ ၁-ရက်ဖြစ်၏။ ထို ရက်, လ, နှစ် တို့ဖြင့် နှစ်ပေါင်းလေးထောင်သည် တုသိတာနတ်တို့၏ သက်တမ်းဖြစ်၏။ လူ့အရေအတွက်အားဖြင့် ၅၇-ကုဋေ ၆-သန်းဖြစ်၏။

လူတို့၏ အနှစ် ၈၀၀ သည် နိမ္မာနရတီဘုံ၌ ၁-ရက်ဖြစ်၏။ ထို ရက်, လ, နှစ် တို့ဖြင့် နှစ်ပေါင်းရှစ်ထောင်သည် နိမ္မာနရတီနတ်တို့၏ သက်တမ်းဖြစ်၏။ လူ့အရေအတွက်အားဖြင့် ၂၃၀-ကုဋေ ၄-သန်းဖြစ်၏။

လူတို့၏အနှစ် ၁၆၀၀ သည် ပရနိမ္မိတဝသဝတ္တီဘုံ၌ ၁-ရက်ဖြစ်၏။ ထို ရက်, လ, နှစ်တို့ဖြင့် နှစ်ပေါင်း တစ်သောင်းခြောက်ထောင်သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ သက်တမ်းဖြစ်၏။ လူ့အရေအတွက်အားဖြင့် ၉၂၁-ကုဋေ ၆-သန်း ဖြစ်၏။

ပြဆိုခဲ့ပြီးသော အပါယ်လေးဘုံနှင့် လူ့ပြည်, နတ်ပြည် ၆-ထပ်ဟု ဆိုအပ်သော ကာမသုဂတိခုနစ်ဘုံအားဖြင့် ပေါင်း ၁၁-ဘုံကို ကာမ ၁၁-ဘုံဟု ခေါ်လေသည်။ ကာမကုသိုလ်နှင့် အကုသိုလ်တို့ကို ပြုလုပ်ကြလျှင် ထိုကာမ ၁၁-ဘုံ၌ ထိုက်သည် အားလျော်စွာ ဖြစ်ကြရလေသည်။

နတ်သက်တမ်း ဇယားအကျဉ်းချုပ်

နတ်ဘုံ	လူ့ အရေအတွက်	နတ် အရေအတွက်	လူ့ပြည် နှစ်	နတ်ပြည် ရက်
စတုမဟာရာဇ်	(နှစ်) ၉၀၀၀၀၀၀	(နှစ်) ၅၀၀	(နှစ်) ၅၀	၁-ရက်
တာဝတိ်သာ	၃၆၀၀၀၀၀၀	၁၀၀၀	၁၀၀	၁ ။
ယာမာ	၁၄၄၀၀၀၀၀	၂၀၀၀	၂၀၀	၁ ။။
တုသိတာ	၅၇၆၀၀၀၀၀	၄၀၀၀	၄၀၀	၁ ။။။
နိမ္မာနရတီ	၂၃၀၄၀၀၀၀	၈၀၀၀	၈၀၀	၁ ။။။။
ပရနိမ္မိတဝသဝတ္တီ	၉၂၁၆၀၀၀၀	၁၆၀၀၀	၁၆၀၀	၁ ။။။။။

ဗြဟ္မာ (၂၀)

အလွန် မွန်မြတ်ကုန်သော စျာန်အစရှိသော ဂုဏ်တို့ဖြင့် ကြီးပွားကြသောကြောင့် ဗြဟ္မာဟု ခေါ်သည်။ (ဗြဟ္မ=ကြီးပွားခြင်း။) ရူပဗြဟ္မာဘုံ ၁၆-ဘုံနှင့် အရူပဗြဟ္မာဘုံ ၄-ဘုံ စုစုပေါင်း ဗြဟ္မာဘုံ(၂၀) ရှိသည်။

ရူပဗြဟ္မာဘုံ ၁၆-ဘုံ

ရူပဗြဟ္မာ ၁၆-ဘုံကို ပထမစျာန်ဘုံ စသည်ဖြင့် ခွဲခြားထား၏။ ၎င်းတို့မှာ ပထမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံ၊ စတုတ္ထစျာန် ၇-ဘုံတို့ ဖြစ်သည်။ ရူပဗြဟ္မာတို့မှာ ခန္ဓာကိုယ်အင်္ဂါ အစိတ်အပိုင်း အပြည့်အစုံ ပါရှိသော်လည်း အနှံ့,အရသာ,အတွေ့အထိကို သိနိုင်သည့် အာရုံခံရုပ်(ပသာဒရုပ်) မျှး မပါရှိချေ။ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ မရှိသဖြင့် အနှံ့ကို မသိ၊ အရသာကို မသိ၊ အတွေ့အထိကို မသိကြချေ။ ထိုတွင် ပထမစျာန် ၃-ဘုံမှာ—

(က) ဗြဟ္မပါရိသဇ္ဇာဘုံ၊
(ခ) ဗြဟ္မပုရောဟိတာဘုံ၊
(ဂ) မဟာဗြဟ္မာဘုံ-

တို့ဖြစ်သည်။

(က) ဗြဟ္မပါရိသဇ္ဇာဘုံ

မဟာဗြဟ္မာမင်းကြီး၏ အခြေအရံ အလုပ်အကျွေးဖြစ်ကုန်သော ဗြဟ္မာငယ်တို့ကို ဗြဟ္မပါရိသဇ္ဇာဗြဟ္မာဟု ခေါ်သည်။ ၎င်းတို့ နေထိုင်ရာဘုံကိုလည်း ဗြဟ္မပါရိသဇ္ဇာဘုံဟု ခေါ်သည်။ (ဗြဟ္မ=မဟာဗြဟ္မာတို့၏ + ပါရိသဇ္ဇာ=အလုပ်အကျွေး ပရိသတ်။) ပထမစျာန်ကို ပွားများအားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ အားနည်းလျှင် ဗြဟ္မပါရိသဇ္ဇာဘုံသို့ ရောက်ရသည်။

(ခ) ဗြဟ္မပုရောဟိတာဘုံ

မဟာဗြဟ္မာတို့၏ ပုရောဟိတ်ပညာရှိကြီးများသဖွယ် ဖြစ်ကုန်သော ဗြဟ္မာတို့ကို ဗြဟ္မပုရောဟိတာဗြဟ္မာဟု ခေါ်သည်။ (ဗြဟ္မ=မဟာဗြဟ္မာတို့၏+ပုရောဟိတ=အလှမ္ဘ စိမ်တတ်သော ပုရောဟိတ်ဆရာ။) ပထမစျာန်ကို ပွားများအားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ အလယ်အလတ် ဖြစ်နေလျှင် ဗြဟ္မပုရောဟိတာဘုံသို့ ရောက်သည်။

(၈) မဟာဗြဟ္မဝဘုံ

ဖော်ပြပြီး ဗြဟ္မာတို့ထက် မြင့်မြတ်သော ဗြဟ္မာမင်းကို မဟာဗြဟ္မာဟု ခေါ်သည်။ (မဟာ=ကြီးမြတ်မြင့်မြတ်သော+ဗြဟ္မာ=ဗြဟ္မာမင်း။) ပထမစျာန်ကို မွန်မွန်မြတ်မြတ် ထက်ထက်သန်သန် ပွားများအားထုတ်လျှင် မဟာဗြဟ္မာဘုံသို့ ရောက်၏။ ဤပထမစျာန်ဗြဟ္မာ သုံးဘုံတို့သည် ကစ်ပြင်တည်း၌ တစ်ပြေးတည်း နေကုန်၏။ အလွန်တန်ဖိုးကြီးမားသော ဤမဟာဗြဟ္မာကို ဘုရားအဖြစ် ထင်မှတ် ကိုးကွယ်ကြသည်။

အောက်အဆင့်နိမ့်သော ဗြဟ္မာတို့သည် အထက်အဆင့်မြင့် ဗြဟ္မာတို့ကို မမြင်ရ၊ မသိရကုန်။ အထက်အထက် ဗြဟ္မာတို့သည် မိမိကိုယ်ကို ရုပ်ကြမ်းဖန်ဆင်း၍ ပြမှသာ အောက်ဗြဟ္မာငယ်တို့ မြင်တွေ့ကြရသည်။ အောက်အောက် ဗြဟ္မာတို့ကိုကား အထက်ဗြဟ္မာတို့က မြင်တွေ့နိုင်ကြသည်။

ဒုတိယစျာန် ၃-ဘုံ

ဒုတိယစျာန်ဘုံသည် အောက်ပါအတိုင်း ၃-ဘုံရှိ၏—

(က) ပရိတ္တာဘာဘုံ၊

(ခ) အပ္ပမာဏာဘာဘုံ၊

(ဂ) အာဘဿရာဘုံ။

(က) ပရိတ္တာဘာဘုံ

သေးငယ်မှုန်မှဲသော အရောင်ရှိသောကြောင့် ပရိတ္တာဘာဘုံဟု ခေါ်သည်။ (ပရိတ္တ+အာဘာ၊ ပရိတ္တ=သေးငယ်သော+အာဘာ=အရောင်။) ဒုတိယစျာန်နှင့် တတိယစျာန်ကို ပွားများအားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ အားနည်းလျှင် ပရိတ္တာဘာဗြဟ္မာဘုံသို့ ရောက်ရသည်။

(ခ) အပ္ပမာဏာဘာဘုံ

အတိုင်းအဆ ပမာဏ မရှိသော ကိုယ်ရောင် ကိုယ်ဝါ ရှိသောကြောင့် အပ္ပမာဏာဘာဘုံဟု ခေါ်သည်။ (အပ္ပမာဏ+အာဘာ၊ အပ္ပမာဏ=အတိုင်းအတာ ပမာဏမရှိ+အာဘာ=အရောင်။) ဒုတိယစျာန်နှင့် တတိယစျာန်ကို ပွားများ အားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ အလယ်အလတ် ဖြစ်လျှင်အပ္ပမာဏာဘာဘုံသို့ ရောက်ရသည်။

(၈) အာဘာသရာဘုံ

ကိုယ်မှ ရွှန်းရွှန်းစက်စက် တလက်လက် ထွက်သော အရောင် ရှိသောကြောင့် အာဘာသရာဘုံဟု ခေါ်သည်။ ၎င်းဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါသည် တိမ်တိုက်မှ လျှပ်စစ်မျှား ကွန့်မြူးနေသကဲ့သို့ ခန္ဓာကိုယ်မှ တလျှပ်လျှပ် တရစပ် ထွက်နေကြသည်။ (အာဘာ+သရ၊ အာဘာ=အရောင်+သရ=တလက်လက် ထွက်ခြင်း။)မီးဖျက်သော ကမ္ဘာ၌ ဤအာဘာသရာဘုံမှ အောက်ရှိ ဘုံအားလုံး မီးလောင်ကျွမ်း ပျက်စီးသည်။ အာဘာသရာဘုံမှ စ၍ အထက်ဗြဟ္မာဘုံများ ကျန်ရစ်သည်။ ဒုတိယစျာန်နှင့် တတိယစျာန်ကိုပင် ပွားများ အားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ ထက်သန်အားကောင်းလျှင် အာဘာသရာဗြဟ္မာဘုံသို့ ရောက်ရ၏။

တတိယစျာန် ၃-ဘုံ

တတိယစျာန်ဘုံသည် အောက်ပါအတိုင်း ၃-ဘုံရှိ၏—

(က) ပရိတ္တသုဘာဘုံ၊

(ခ) အပ္ပမာဏသုဘာဘုံ၊

(ဂ) သုဘကိဏ္ဏာဘုံ။

(က) ပရိတ္တသုဘာဘုံ

အနည်းငယ် တင့်တယ်သော ကိုယ်ရောင်ကိုယ်ဝါ ရှိသောကြောင့် ပရိတ္တ-သုဘာဘုံဟု ခေါ်သည်။(ပရိတ္တ+သု+ဘာ၊ ပရိတ္တ=နည်းသော၊ သု=တင့်တယ်သော+ဘာ=အရောင်။) စတုတ္ထစျာန်ကို ပွားများအားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ အားနည်းလျှင် ပရိတ္တသုဘာဘုံသို့ ရောက်၏။

(ခ) အပ္ပမာဏသုဘာဘုံ

အတိုင်းအဆမရှိ တင့်တယ်သော ကိုယ်ရောင်ကိုယ်ဝါ ရှိသောကြောင့် အပ္ပမာဏသုဘာဘုံဟု ခေါ်သည်။ (အပ္ပမာဏ+သု+ဘာ၊ အပ္ပမာဏ=အတိုင်း အဆမရှိသော + သု=တင့်တယ်သော+ဘာ=အရောင်။) စတုတ္ထစျာန်ကို ပွားများအားထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ အလယ်အလတဲ့ ဖြစ်လျှင် အပ္ပမာဏသုဘာဘုံသို့ ရောက်၏။

(ဂ) သုဘကိဏ္ဏာဘုံ

တင့်တယ် တောက်ပသော အရောင်မျိုးစုံ ရောပြွမ်းနေသောကြောင့် သုဘကိဏ္ဏာဘုံဟု ခေါ်သည်။ (သုဘ+ကိဏ္ဏ၊ သုဘ=တင့်တယ်သော+ကိဏ္ဏ=

ရောပြွမ်းသောအရောင်။) စတုတ္ထစျာန်ကို ပဉ်းများအား‌ထုတ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ ထက်မြက်လျင် သုဘကိဏ္ဍာဗြဟ္မာဘုံသို့ ရောက်သည်။ ရေဖျက်သော ကမ္ဘာ၌ ဤသုဘကိဏ္ဍာဘုံမှ အောက်ဘုံများ ရေတွင် ကြေမွ ပျက်စီး၍ သုဘကိဏ္ဍာဘုံမှ စ၍ အထက်ဗြဟ္မာဘုံများ ကျန်ရစ်သည်။

စတုတ္ထစျာန် ၃-ဘုံ

စတုတ္ထစျာန်ဘုံသည် အောက်ပါအတိုင်း ၃-ဘုံရှိ၏—

(က) ဝေဟပ္ဖလ်ဘုံ၊

(ခ) အသညသတ်ဘုံ၊

(ဂ) သုဒ္ဓါဝါသ ၅-ဘုံ။

(က) ဝေဟပ္ဖလ်ဘုံ

ပြန့်ပြော များမြတ်သော အကျိုး ရှိသောကြောင့် ဝေဟပ္ဖလ်ဘုံဟု ခေါ်သည်။ (ဝိပုလ + ဖလ၊ ဝိပုလ = ပြန့်ပြောသော + ဖလ = အကျိုး။) ဝိပုလဖလဟုနေလိုလျှက် ဝိပုလကို ဝေဟဟု သဒ္ဒါနည်းဖြင့် ပြောင်းလဲထား‌သည်။

ဖော်ပြခဲ့ပြီးသော ပထမစျာန်ဘုံ, ဒုတိယစျာန်ဘုံ, တတိယစျာန်ဘုံတို့သည် ဤကမ္ဘာမြေကြီးကို မီး, ရေ, လေတို့ ဖျက်ဆီးသောအခါ သတ္တဝါများသည် သက်တမ်းမစေမီ သက်တမ်းမကုန်မီ သေဆုံးကြရသည်။ ထို့ကြောင့် အောက်ဗြဟ္မာဘုံတို့၌ ကောင်းမှု၏ အကျိုးသည် ထာဝရခိုင်မြဲ တည်တံ့ခြင်း မရှိပေ။ လှုပ်ရှားယိမ်းယိုင်နိုင်၏။

လေဖျက်သော ကမ္ဘာ၌ ဤဝေဟပ္ဖလ်ဘုံမှ အောက်ဘုံများ ကြေမွ ပျက်စီးကြ၏။ ဤဝေဟပ္ဖလ်ဘုံမှ စ၍ အထက်ဘုံတို့မှာ ကမ္ဘာဖျက် မီး, ရေ, လေတို့ကြောင့် မပျက်စီးနိုင်ပေ။ သက်တမ်းပြည့်လည်း နေကြရသည်။ ကံ၏အကျိုး တရားလည်း လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ တည်တံ့ခိုင်ခံ့၏။

(ခ) အသညသတ်ဘုံ

စတုတ္ထစျာန်ကိုပင် သိမှတ်မှု(သညာ)ကင်းအောင် ပဉ်းများ အား‌ထုတ်လျှင် အသညသတ်ဘုံသို့ ရောက်ရ၏။ သညာကင်းအောင်ဟု သညာကို ခေါင်းတပ်၍ ဆိုထား‌သော်လည်း အခြား‌သော စိတ်စေတသိက်များလည်း ကင်းအောင် အား‌ထုတ်သည်။

ရုပ်တရားကို နှစ်သက်ပြီး နာမ်တရားကို အပြစ်မြင်လျက် စတုတ္ထစျာန် ဖြစ်အောင် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ကွယ်လွန်သည်နှင့် တပြိုင်နက် အသညသတ်ဘုံ၌ ရွှေတုံးကြီးပမာ နာမ်တရား ကင်းမဲ့သော ရုပ်ခန္ဓာဖြင့် ဘဝးခနဲ ဖြစ်ပေါ်ရလေသည်။ နာမ်ခန္ဓာ ကင်းမဲ့လျက် ရုပ်ခန္ဓာချည်းသက်သက် ဖြစ်နေသဖြင့် မလှုပ်မယှက်ငြိမ်သက်နေသောကြောင့် သတ္တဝါမှ ဟုတ်ပါရဲ့လားဟု မှားဖွယ်ရှိ၍ သတ္တဝါစစ်စစ် ဖြစ်ကြောင်း ပေါ်လွင်သိသာစေရန် "သတ္တ" ဟု အထူးပြု၍ အသညသတ္တဟု ခေါ်ရသည်။ (အ+သညာ+သတ္တ၊ အ=မရှိ+သညာ = သိမှတ်မှု+သတ္တ = သတ္တဝါ။) ၎င်းဘုံ၌ ရုပ်ခန္ဓာတစ်ခုတည်းသာ ရှိသောကြောင့် "ကေဝါကာရဘုံ"ဟုလည်း ခေါ်သည်။ (ကေ+ဝါကာရ၊ ကေ=တစ်ခု+ဝါကာရ=ခန္ဓာ။)

(၈) သုဒ္ဓါဝါသ ၅-ဘုံ

ကိလေသာ မျှားစွာ စင်ကြယ်သော အနာဂါမ်ပြုဟွာမျှားနှင့် ကိလေသာ လုံးဝစင်ကြယ်ပြီးသော ရဟန္တာပြုဟွာတို့ဖြစ်ရာဌာနဖြစ်သောကြောင့် သုဒ္ဓါဝါသ ဘုံဟု ခေါ်သည်။ ထိုဘုံ၌ အနာဂါမ်နှင့် ရဟန္တာတို့သာ ဖြစ်နိုင်ကြသည်။ (သုဒ္ဓ+အာဝါသ၊ သုဒ္ဓ=ကိလေသာစင်ကြယ်သူတို့၏+အာဝါသ=နေထိုင်ရာ။)

လူ့ပြည်တွင် အနာဂါမ်ဖြစ်ပြီးသော အရိယာသူတော်စင် ပုဂ္ဂိုလ်တို့သည် ဤဘဝ၌ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်မစံရသည် ရှိသော် ကွယ်လွန်သောအခါ အခြားဘုံများမှာ မဖြစ်ကြတော့ဘဲ သုဒ္ဓါဝါသ ပထမဘုံ၌ အနာဂါမ် ပြုဟွာ ကြီးများ သွားရောက်ဖြစ်ကြရသည်။ ထို့နောက် အထက်သုဒ္ဓါဝါသဘုံတို့၌ ဘုံဂဉ္ဇင်္ဂံ၌ နောက်ဆုံးဖြစ်သော အကနိဋ္ဌဘုံ၌ ရဟန္တာ ဖြစ်ကာ သက်တမ်း ပြည့်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူကြသည်။

သုဒ္ဓါဝါသ ၅-ဘုံသည် အခြားပထမစျာန်ဘုံ စသည်တို့ကဲ့သို့ တစ်ပြင်တည်း တည်ကြသည် မဟုတ်ပေ။ ဖော်ပြပါအတိုင်း အောက်မှ အထက် အဆင့်ဆင့် တည်နေကြသည်။ သုဒ္ဓါဝါသ ၅-ဘုံမှာ—

(က) အဝိဟာဘုံ၊
(ခ) အတပ္ပါဘုံ၊
(ဂ) သုဒဿာဘုံ၊
(ဃ) သုဒဿီဘုံ၊
(င) အကနိဋ္ဌဘုံ—

တို့ ဖြစ်ကြသည်။

(က) အဝိဟာဘုံ

မိမိတို့၏ဘုံဌာနကို အခြိန်အနည်းငယ်ဖြင့် စွန့်ခွါမသွားကြရဘဲ ကမ္ဘာပေါင်းများစွာ ကြာအောင် တည်နေကြရသောကြောင့် အဝိဟာဘုံဟု ခေါ်သည်။ (အ=မ+ဝိဟ=စွန့်ခွါခြင်း။)

(ခ) အတပ္ပါဘုံ

မည်သည့် အကြောင်းကြောင့်မျှ မပူပန်ရဘဲ အလွန် အေးမြသောဘုံ ဖြစ်သောကြောင့် အတပ္ပါဘုံဟု ခေါ်သည်။ (အ=မ+တပ္ပ=ပူပန်ခြင်း။)

(ဂ) သုဒဿာဘုံ

အလွန်စင်ကြယ်သော ပဿာဒစက္ခု (ပကတိမျက်စိ), ဒိဗ္ဗစက္ခု (နတ်မျက်စိ), ဓမ္မစက္ခု (တရားမျက်စိ), ပညာစက္ခု (အသိဉာဏ်မျက်စိ)တို့နှင့် ပြည့်စုံကြ၍ အရာရာကို ကောင်းစွာ မြင်နိုင်စွမ်းရှိသောကြောင့် သုဒဿာဘုံဟု ခေါ်သည်။ (သု=ကောင်းစွာ+ဒိဿ=ဒဿ=မြင်နိုင်ခြင်း။)

(ဃ) သုဒဿီဘုံ

သုဒဿာဗြဟ္မာတို့ထက် ပကတိမျက်စိ စသည်တို့ဖြင့် လွန်ကဲစွာ မြင်နိုင်စွမ်းရှိသောကြောင့် သုဒဿီဘုံဟု ခေါ်သည်။ (သု+ဒဿီ၊ သု=လွန်ကဲစွာ+ဒဿီ=မြင်နိုင်ခြင်း။)

(င) အကနိဋ္ဌဘုံ

ရူပဗြဟ္မာဘုံ ၁၆-ဘုံတွင် ထိပ်ဆုံး ဖြစ်၍ ရူပဗြဟ္မာတို့၏ အလယ်ဝယ် ကစ်စုံတစ်ခုသော ဂုဏ်ဖြင့် ငယ်သည်, သေးသိမ်သည်၏အဖြစ် မရှိသောကြောင့် အကနိဋ္ဌဘုံဟု ခေါ်သည်။ (အ+ကနိဋ္ဌ၊ အ=မရှိ+ကနိဋ္ဌ=ငယ်ခြင်း၊ သေးသိမ်ခြင်း။)

ပဉ္စဝေါကာရဘုံ

ရူပဗြဟ္မာဘုံ ၁၆-ဘုံရှိသည့်အနက် အာသညသတ်ဘုံမှတပါး ကျန် ၁၅-ဘုံတို့၌ ခန္ဓာငါးပါးရုပ်နာမ်တရား အပြည့်အစုံရှိ၏၊ ယင်းသို့ ခန္ဓာငါးပါးအပြည့်အစုံရှိသောကြောင့် ရူပ ၁၅-ဘုံကို ပဉ္စဝေါကာရဘုံဟု ခေါ်သည်။ (ပဉ္စ+ဝေါကာရ၊ ပဉ္စ=ငါးပါး + ဝေါကာရ=ခန္ဓာ။) အပါယ်လေးဘုံ, ကာမသုဂတိ ခုနစ်ဘုံနှင့် အာသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ စုစုပေါင်း ၂၄-ဘုံကို ပဉ္စဝေါကာရဘုံဟု ခေါ်ကြသည်။ ရုပ်ခန္ဓာ တစ်ပါး နာမ်ခန္ဓာ လေးပါး စုစုပေါင်း ခန္ဓာငါးပါး ရှိသော ဘုံများဟု ဆိုလိုသည်။

သဟမ္မတီဗြဟ္မာ

သဟမ္မတီဗြဟ္မာမင်းသည် ကဿပဘုရားရှင် သာသနာတော်၌ "သဟက" အမည်ရှိသော ရဟန်းတစ်ပါး ဖြစ်ခဲ့သည်။ ရှုပါဝစရပထမစျာန်ကို ရ၍ စျာန်မလျော်ဘဲ ကွယ်လွန်ခဲ့ရာ ပထမစျာန်ဘုံ၌ "သဟမ္မတီ" အမည်ရှိ မဟာဗြဟ္မာကြီး ဖြစ်လေသည်။ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးစတွင် သတ္တဝါတို့ကိုလေသာထူပြောခြင်း တရားတော်၏ အလွန်နက်နဲခြင်းကြောင့် သတ္တဝါတို့အား လောလောဆယ် တရားမဟောသေးဘဲ နေရန် စိတ်တော် ညွတ်လျက် နေတော်မူသည်။ ထိုစဉ် သဟမ္မတီ ဗြဟ္မာကြီးသည် မဟာဗြဟ္မာတစ်သောင်းကို စုရုံးဦးဆောင်ကာ ဘုရားရှင်ထံ လာရောက်၍ သတ္တဝါတို့အား တရားဟောတော်မူပါရန် တောင်းပန် လျှောက်ထားခဲ့သည်။

သဟမ္မတီ ဗြဟ္မာမင်း၏ တောင်းပန်မှုကြောင့် ဘုရားရှင်သည် ဓမ္မစကြာတရားကို ရှေးဦးစွာ ဟောကြားတော်မူခဲ့လေသည်။

ဗက ဗြဟ္မာ

ဗကဗြဟ္မာကြီးသည် "ဗြဟ္မာဘဝ ဗြဟ္မာလောကသည် မြဲမြံခိုင်ခဲ့တည်တံ့၏၊ ဗြဟ္မာလောက၌ ပဋိသန္ဓေ, အို, နာ, သေ မရှိ၊ ဗြဟ္မာလောကမှတပါး လွတ်မြောက်ရာ နိဗ္ဗာန်မရှိ"ဟု သဿတဝါဒကို တရားသေ စွဲကိုင်ထားသည်။ တန်ခိုးလည်း ကြီး၍ မာနလည်း ကြီးသည်။

ဗကဗြဟ္မာကြီးသည် တစ်ခုသော ဘဝ၌ စတုတ္ထစျာန်ရသည့် ကသိဏ အမည်ရှိသော ရသေ့ဖြစ်ခဲ့ဖူးသည်။ ထိုရသေ့သည် ခန္ဓာကြွေခဲ့သော် ဝေဟပ္ဖလ စတုတ္ထစျာန်ဘုံ၌ ဝေဟပ္ဖလ်ဗြဟ္မာ ဖြစ်လေသည်။ ထိုဘုံ၌ သက်တမ်းစေ့ ဗြဟ္မာ့ချမ်းသာကို ခံစားပြီးနောက် သုဘကိဏှာ တတိယစျာန်ဘုံ၌ ဖြစ်ပြန်သည်။ ထိုမှတဖန် အာဘဿရာ ဒုတိယစျာန်ဘုံ၌ ဖြစ်ပြန်သည်။ ထိုမှတဖန် မဟာဗြဟ္မာ ပထမစျာန်ဘုံ၌ "ဗက" အမည်ဖြင့် မဟာဗြဟ္မာကြီး ဖြစ်ပြန်သည်။

ဤကဲ့သို့ ဗြဟ္မာ့ဘုံတလျှား၌ တစ်ဘဝမှ တစ်ဘဝ၊ တစ်တုံမှ တစ်ဘုံသို့ ဘဝကူးပြောင်းရာ၌ ဘဝကူးမှန်း မသိလိုက်၊ သေမှန်း မသိလိုက်ချေ၊ သေသည့် အခါ အလောင်းကောင် မကျန်ရစ်ဘဲ ရုပ်အလောင်း ပျောက်ကွယ်သွားသည်။ ဘဝသစ်ဖြစ်ရာ၌ ကိုးလလွယ် ဆယ်လဖွား ပြုလုပ်မနေရဘဲ ချက်ချင်း ဗြုန်းခနဲ

ဘဉ်းခနဲ့ ကိုယ်အင်္ဂါ အပြည့်အစုံ တပြိုင်နက် ဖြစ်ပေါ်သည်။ ထို့ကြောင့် ပဋိသန္ဓေနမှု သေမှုတို့ကို မသိတော့ဘဲ မူလအတိုင်းပင် တည်ရှိနေသည်ဟု စွဲယူ မှတ်ထင်နေတော့သည်။

ဘုရားရှင်သည် ဗကဗြဟ္မာကြီးကို ဆုံးမရန် ဤလူ့ပြည်မှ ပထမစျာန် ဗြဟ္မာဘုံသို့ ကြွသွားတော်မူသည်။ ဘုံသုံးပါး၌ ဖြစ်သမျှ ဘဝအားလုံး အနိစ္စ, ဒုက္ခ, အနတ္တ ချည်းသာ ဖြစ်သည်ဟု မှန်သောစကား (သစ္စကထာ) မိန့်ကြားတော်မူသည်။

ဗကဗြဟ္မာသည် ဘုရားရှင်အား ဝါဒစစ်ပွဲ ဆင်နွှဲရန် သူနှင့် ဝါဒတူ ဗြဟ္မာပေါင်း တစ်သောင်းကို ခေါင်းဆောင်လျက် ဘုရားရှင်ထံ ချဉ်းကပ်လာသည်။

ဘုရားရှင်က ဗကဗြဟ္မာကြီး၏ တရားသေဝါဒကို အပြစ်အမျိုးမျိုး ပြကာ ပယ်စွန့်စေသည်။ ဗကဗြဟ္မာသည် ဝါဒချင်း ပြိုင်၍ နိုင်ပုံမရသောအခါ တန်ခိုး ပြိုင်ပွဲဆီသို့ ဦးတည်ပြန်သည်။ ကိုယ်ဖျောက်တမ်း ပြုလုပ်ရန် အဆိုပြုလာသည်။

ဗကဗြဟ္မာသည် ဘုရားရှင်၏ ရှေ့မှောက်၌ ဖန်ဆင်းထားသည့် ခန္ဓာကိုယ်မှ ပကတိဗြဟ္မာခန္ဓာသို့ ရောက်ရန် ကြိုးစား၏။ သို့သော် ဘုရားရှင် တန်ခိုးတော်ကြောင့် မအောင်မြင်။ တဖန် ပကတိခန္ဓာကိုယ် ကွယ်ပျောက်စေရန် အမှောင်ထုကြီး ဖန်ဆင်းပြန်သည်။ သို့သော် ဘုရားရှင်၏ ကိုယ်တော်ရောင်ခြည်ကြောင့် အမှောင်ထု ဖြစ်ပေါ်မလာပေ။ ဘယ်လို လုပ်လုပ် ဘယ်လို ပုန်းပုန်း မရဘဲ ဖြစ်နေသည်။

ထိုအခါ ဘုရားရှင်က "ဗကဗြဟ္မာ.... သင် မပုန်းကွယ်နိုင်လျှင် ငါဘုရား ပုန်းကွယ်မည်"ဟု မိန့်တော်မူပြီး "ဗြဟ္မာအမျိုး ငါဘုရား၏ အသံတော်ကိုသာ ကြား၍ ငါဘုရားကိုကား မမြင်ကြစေသတည်း"ဟု အဓိဋ္ဌာန် ပြုတော်မူလိုက်သည်။ ဘုရားရှင်သည် ထိုနေရာ၌ပင် တရားဟောနေသော်လည်း အသံတော်ကိုသာ ကြားရ၍ ဘုရားရှင်ကိုကား မည်သည့် ဗြဟ္မာမျှ မမြင်ကြရပေ။

ဒေသနာအဆုံး၌ ဗြဟ္မာအပေါင်း သောတာပန် တည်သွားကြသည်၊ သို့သော် ဗကဗြဟ္မာကြီးကား သောတာပန် မတည်ချေ။ ဒိဋ္ဌိအယူကိုမူ စွန့်ရပေသည်။

ဖြဟ္မာ့စည်းစိမ်

အသညသတ်မှတပါးသော ရူပဖြဟ္မာ ၁၅-ဘုံ၌ ဥယျောဉ်, ဗိမာန်, ပဒေသာပင် စသော အသုံးအဆောင်များမှာ နှက်ပြည်ထက်ပင် ခမ်းနားကြီးကျယ်သည်။ ဖြဟ္မာတို့လည်း မိမိတို့၏ ဥယျောဉ်ဗိမာန် စသည်ကို သာယာနှစ်သက်ကြသည်။ ထိုဥယျာန် ဗိမာန် စသည်တို့၌ ပျော်ရွှင်ချမ်းမြေ့စွာ နေကြသည်။ သို့သော် လူ့ပြည်ဝယ် စျာန်တရားများကို ပွားများ အားထုတ်စဉ်ကထည်းက လောကီကာမဂုဏ်ကို စက်ဆုပ် ရွံမုန်းခဲ့ကြသဖြင့် ကာမဘုံသား နတ်များကဲ့သို့ ကာမချမ်းသာကို မခံစားကြတော့ပေ။ ဖြဟ္မာတို့၌ မိန်းမ ယောကျ်ား အင်္ဂါများ မရှိချေ။ ပုံသဏ္ဌာန်အားဖြင့် အားလုံး ယောကျ်ားပုံသဏ္ဌာန်များ ဖြစ်ကြသည်။

ဖြဟ္မာတို့၏ နေပုံမှာ အကျင့်မြတ်ကို ကျင့်နေသော ယောဂီပုဂ္ဂိုလ်တို့ နေပုံကဲ့သို့ အလွန် သန့်ရှင်းစင်ကြယ်သည်။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဖြဟ္မစိုရ်တရား လေးပါးကို အမြဲပွားလျက် နေကြသည်။ စျာန်ပီတိသာလျှင် အစားအစာ ရှိသည်။ အချို့ ပုထုဇဉ် ဖြဟ္မာတို့မှာ လောကီစျာန်သမာပတ်ကို ဝင်စားပြီး အချို့ အရိယာဖြဟ္မာတို့မှာ ဖလသမာပတ်ကို ဝင်စားလျက် ချမ်းသာအေးမြစွာ နေထိုင်ကြသည်။

အသညသတ်ဖြဟ္မာတို့ကား အခြားဖြဟ္မာတို့ကဲ့သို့ ဥယျောဉ်ဗိမာန် ခံစားမှု၊ စျာန်ပီတိခံစားမှု၊ စျာန်သမာပတ် ဝင်စားမှုမရှိကြပေ။ လူ့ပြည်မှ ထိုင်လျက်သေလျှင် အသညသတ်ဘုံ၌လည်း ထိုင်လျက်သား, လူ့ပြည်မှ လဲလျောင်းလျက်သေလျှင် အသညသတ်ဘုံ၌လည်း လဲလျောင်းလျက်သား ရှေချထားသော သစ်တုံးကြီးပမာ ဖြစ်နေကြရသည်။ နာမ်တရားမရှိသဖြင့် ဘုရားလည်း မကြည့်ညှိနှိုင်၊ တရားလည်း မနာနှိုင်ပေ။ ထို့ကြောင့် အသညသတ်ဘုံကို မဖြစ်သင့်ထာသော ရပ်ပြစ်ရွစ်ပါးထဲတွင် ထည့်သွင်းထားလေသည်။

အရူပဖြဟ္မာ ၄-ဘုံ

ရူပဖြဟ္မာ အကနိဋ္ဌဘုံအထက်၌ အရူပဖြဟ္မာဘုံ ၄-ဘုံအဆင့်ဆင့် တည်နေကြသည်။ အရူပဖြဟ္မာတို့သည် ရုပ်ခန္ဓာမရှိဘဲ နာမ်ခန္ဓာ (ဝိညာဉ်)သက်သက် ဖြစ်ကြရသည်။ လူ့ပြည်ဝယ် ရုပ်တရားကို အပြစ်မြင်၍ နာမ်တရားကို နှစ်သက်ကာ နာမ်ကို ဦးစားပေး၍ အရူပကုသိုလ်စျာန်များကို ပွားများ အားထုတ်သော ယောဂီတို့သည် အရူပဘုံသို့ ရောက်ကြရသည်။

ဗုဒ္ဓဘာသာလက်စွဲကျမ်း ၄၁—ပ-မ-သ-ပ

အရှုပဘုံ၌ ဘုံဟု ဆိုသော်လည်း တကယ့် ဘုံဗိမာန်ရှိသည် မဟုတ်ပေ။ အဆက်ဆက်ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာကောင်းကင်ပြင်ကိုပင် ဘုံဟု ခေါ်သည်။ ရုပ်ဟူသမျှကို စက်ဆုပ်ရွံမုန်းလှ၍ နာမ်သက်သက်ရအောင် အားထုတ်ခဲ့သော ဘဝနာအစွမ်းကြောင့် ဘုံဗိမာန်တည်းဟူသော အကျိုးရုပ်တရားမျှားမရှိ မပေါ်ပေါက်သည်မှာ ထိုပုဂ္ဂိုလ်တို့၏ အလိုက်အတိုင်းဖြစ်လေသည်။

ကောင်းကင်ပညတ်ကို နှလုံးသွင်းလျက် "အနန္တော အာဂ၊ာသော= ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိ"ဟု ပွားများ အားထုတ်သော ပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနစျာန်ကို ရ၍ အာကာသာနဉ္စာယတန အရှုပဘုံ၌ ဖြစ်ရ၏။ (အာကာသ=ကောင်းကင်+အာနဉ္စ=အဆုံးအပိုင်းအခြား မရှိ+အာယတန=တည်ရာ။)

ကောင်းကင် ပညတ်ကို အာရုံ မပြုတော့ဘဲ ထိုကောင်းကင်ပညတ်ကို နှလုံးသွင်း အာရုံပြုသည့်စိတ် (ပထမာရုပ္ပဝိညာဏ်)ကို အာရုံပြုကာ "အနန္တံ ဝိညာဏံ=ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ"ဟု ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနစျာန်ကို ရ၍ ဝိညာဏဉ္စာယတန အရှုပဘုံ၌ ဖြစ်ရ၏။ (ဝိညာဏ=ပထမာရုပ္ပဝိညာဏ၊ ပထမ+အာရုပ္ပ+ဝိညာဏ၊ ပထမ= ရှေးဦးစွာ+အာရုပ္ပ=အရှုပစျာန်+ဝိညာဏ=ဝိညာဏ်။)

တစ်စုံတစ်ရာ ဘာမျှမရှိသည့်အရာ (နတ္ထိဘောပညတ်)ကို အာရုံမှန်းပြီး "နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ=နည်းနည်းမျှမရှိ၊ ဘာမျှမရှိ"ဟု ပွားများအားတုတ်သော ပုဂ္ဂိုလ်သည် အာကိဉ္စညာယတနစျာန်ကို ရ၍ အာကိဉ္စညာယတန အရှုပဘုံ၌ ဖြစ်ရသည်။ (နတ္ထိဘောပညတ်=နတ္ထိဘော+ပညတ်၊ နတ္ထိဘော=နတ္ထိ ဘာဝ+မရှိသည်၏အဖြစ်+ပညတ်=ပညတ်+အပြားအားဖြင့် သိစေအပ်သော သဘော။ အာကိဉ္စည+အာယတန၊ အာကိဉ္စည=အနည်းငယ်, စိုးစဉ်းမျှ မရှိသည်၏အဖြစ် နတ္ထိဘောပညတ်+အာယတန=တည်ရာ။)

နတ္ထိဘောပညတ်ကို အာရုံ မပြုတော့ဘဲ တတိယာရုပ္ပစျာန် (အာကိဉ္စညာယတနစျာန်) ကို "သန္တမေတံ, ပဏီတမေတံ=ဤတတိယာရုပ္ပစျာန်သည် ငြိမ်သက်ပေစ့၊ မွန်မြတ်လေစ့"ဟု အာရုံပြုခြီးမှမ်းကာ ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ကို ရ၍ နေဝသညာနာသညာယတနအရှုပဘုံ၌ ဖြစ်ရသည်။ (နေဝသညာနာသညာယတန=နေဝ +သညာ+နအ+သညာ+အာယတန၊ နေဝ=မဟုတ်+သညာ=သိမှတ်မှု+န=မဟုတ်+အ=မ+သညာ = သိမှတ်မှု+အာယတန = တည်ရာ။ နေဝသညာ=သညာရှိသည်လည်း မဟုတ်၊ နအသညာ=သညာ မရှိသည်လည်း မဟုတ်။)

နေဝသညာနာသညာယတနဘုံသည် ဘုံဘဝတို့၏အထွတ်အဖျား နောက်ဆုံး အဆက် အမြင့်ဆုံး ဖြစ်သောကြောင့် ၎င်းကို အဃက်ဘဝဂ်ဟု ခေါ်သည်။ (ဘဝဂ်=ဘဝဂ္ဂ=ဘဝ+အဂ္ဂ၊ဘဝ=ဘုံဘဝ+အဂ္ဂ=အထွတ်အဖျားအမြင့်ဆုံး။)

ဗြဟ္မာတို့၏ သက်တမ်း

ဗြဟ္မာတို့၏ သက်တမ်းကို ရေတွက်ရာ၌ လူ့ပြည်၌ လူတို့၏ နှစ်, လ, ရက် တို့ဖြင့် ရေတွက်၍ မရနိုင်။ အသင်္ခေ်ကပ်၊ သို့မဟုတ် မဟာကပ်ဖြင့် ရေတွက် ရသည်။

အသင်္ခေ်ယျကပ်မှာ ကမ္ဘာပျက်နေဆဲ အချိန်အခါ သံဝဋ္ဋအသင်္ခေ်၊ ကမ္ဘာ ပျက်ပြီးသည့်နောက် အပျက်အတိုင်း တည်နေသော အချိန်အခါ သံဝဋ္ဋဌာယီ အသင်္ခေ်၊ ကမ္ဘာအသစ် ပြန်လည်တည်နေဆဲ အချိန်အခါ ဝိဝဋ္ဋအသင်္ခေ်၊ ကမ္ဘာတည်ပြီးနောက် သတ္တဝါများ နေထိုင်သည့် အချိန်အခါ ဝိဝဋ္ဋဌာယီ အသင်္ခေ်ဟူ၍ အသင်္ခေ်ယျကပ် ၄-မျိုးရှိသည်။ ယင်းအသင်္ခေ်ယျကပ် ၄-ခုပေါင်း အချိန်ကာလကို မဟာကပ်တစ်ခုဟု ခေါ်သည်၊ တစ်ကမ္ဘာဟုလည်း ခေါ်သည်။

ပထမစျာန်ဗြဟ္မာဘုံသည် ကမ္ဘာပျက်သည့်အခါ တပါတည်း ပျက်စီး သောကြောင့် ပထမစျာန်ဘုံ၏ သက်တမ်းသည် ဝိဝဋ္ဋဌာယီအသင်္ခေ်ယျကပ် တစ်ခုစာမျှသာ တည်ရှိသည်။ ထို့ကြောင့် ပထမစျာန်ဘုံ ဗြဟ္မာတို့၏ သက်တမ်းကို ရေတွက်ရာ၌ အသင်္ခေ်ယျကပ်ဖြင့် တိုင်းတာရေတွက်ရသည်။ ဒုတိယစျာန်ဘုံ စသော အထက်ဗြဟ္မာဘုံများရှိ ဗြဟ္မာတို့၏ သက်တမ်းကို မဟာကပ်ဖြင့် ရေတွက်ရသည်။ ထို့ကြောင့် ဗြဟ္မာတို့၏ သက်တမ်းကို ရေတွက်ပါက အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်သည်—

ပထမစျာန်	၃-ဘုံ	ဗြဟ္မပါရိသဇ္ဇာဘုံ	အသင်္ခေ်ယျကပ်	⅓
		ဗြဟ္မပုရောဟိတာဘုံ	″	½
		မဟာဗြဟ္မာဘုံ	အသင်္ခေ်ယျကပ်	၁
ဒုတိယစျာန်	၃-ဘုံ	ပရိတ္တာဘာဘုံ	မဟာကပ် (ကမ္ဘာ)	၂
		အပ္ပမာဏာဘာဘုံ	″	၄
		အာဘဿရာဘုံ	″	၈
တတိယစျာန်	၃-ဘုံ	ပရိတ္တသုဘာဘုံ	မဟာကပ် (ကမ္ဘာ)	၁၆
		အပ္ပမာဏသုဘာဘုံ	″	၃၂
		သုဘကိဏ္ဏာဘုံ	″	၆၄

စတုတ္ထစျာန် ၇-ဘုံ	ဝေဟပ္ဖိုလ်ဘုံ	မဟာကပ် (ကမ္ဘာ)	၅၀၀
	အာသညသတ်ဘုံ	"	၅၀၀
	အဝိဟာဘုံ	"	၁၀၀၀
	အတပ္ပါဘုံ	"	၂၀၀၀
	သုဒဿာဘုံ	"	၄၀၀၀
	သုဒဿီဘုံ	"	၈၀၀၀
	အကနိဋ္ဌဘုံ	"	၁၆၀၀၀
အရူပ ၄-ဘုံ	အာကာသာနဉ္စာယတနဘုံ	မဟာကပ်(ကမ္ဘာ)	၂၀၀၀၀
	ဝိညာဉ်ာနဉ္စာယတနဘုံ	"	၄၀၀၀၀
	အာကိဉ္စညာယတနဘုံ	"	၆၀၀၀၀
	နေဝသညာနာသညာယတနဘုံ	"	၈၄၀၀၀

၃၁-ဘုံအကျဉ်း

အပါယ်	၄-ဘုံ	ကာမ	၁၁-ဘုံ
ကာမသုဂတိ	၇-ဘုံ		
ရူပ	၁၆-ဘုံ	ပြဟ္မဉ်ဘုံ	၂၀-ဟုံ
အရူပ	၄-ဘုံ		
		ပေါင်း	၃၁-ဘုံ

၃၁-ဘုံ အထက်မှအောက် တည်နေပုံ

၃၁-နေဝသညာနာသညာယတနဘုံ (အထက်ဘဝ်)
၃၀-အာကိဉ္စညာယတနဘုံ
၂၉-ဝိညာဏဉ္စာယတနဘုံ
၂၈-အာကာသာနဉ္စာယတနဘုံ
၂၇-အကနိဋ္ဌဘုံ
၂၆-သုဒဿီဘုံ
၂၅-သုဒဿာဘုံ
၂၄-အတပ္ပါဘုံ
၂၃-အဝိဟာဘုံ
၂၂-အာသညသတ်ဘုံ } တစ်ပြိုင်တည်း
၂၁-ဝေဟပ္ဖိုလ်ဘုံ }

၂၀-သုဘတိဏ္ဍာဘုံ
၁၉-အပ္ပမေဏသုဘာဘုံ
၁၈-ပရိတ္တာသုဘာဘုံ
} တတိယစျာန် ၃-ဘုံ တစ်ပြိုင်တည်း

၁၇-အာဘဿရာဘုံ
၁၆-အပ္ပမာဏာဘာဘာဘုံ
၁၅-ပရိတ္တာဘာဘာဘုံ
} ဒုတိယစျာန် ၃-ဘုံ တစ်ပြိုင်တည်း

၁၄-မဟာပြဟ္မာဘုံ
၁၃-ပြဟ္မပုရောဟိတာဘုံ
၁၂-ပြဟ္မပါရိသဇ္ဇာဘုံ
} ပထမစျာန် ၃-ဘုံ တစ်ပြိုင်တည်း

၁၁-ပရနိမ္မိတဝသဝတ္တီဘုံ
၁၀-နိမ္မာနရတီဘုံ
၉-တုသိတာဘုံ
၈-ယာမာဘုံ
၇-တာဝတိံသာဘုံ
၆-စတုမဟာရာဇ်ဘုံ

၅-လူ့ဘုံ
၄-တိရစ္ဆာန်ဘုံ
၃-ပြိတ္တာဘုံ
၂-အသုရကာယ်ဘုံ
၁-ငရဲဘုံ
} လူ့ဘုံနှင့် တစ်ပြိုင်တည်း

ပုဂ္ဂိုလ် ၁၂-မျိုး

ယင်း ၃၁-ဘုံဖြစ်သော ပုဂ္ဂိုလ်များကို အကျဉ်းချုပ်အားဖြင့် ရေတွက်ပါက ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက် စုစုပေါင်း ပုဂ္ဂိုလ် ၁၂-ယောက် ဖြစ်သည်။ ယင်းပုဂ္ဂိုလ် ၁၂-ယောက်တို့မှာ—

ပုထုဇဉ် ၄-ယောက်

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်=ကျွဲ, နွား စသော တိရစ္ဆာန်များ (ဒု+ဂတိ+အဟိတ်၊ ဒု=မကောင်းသော+ ဂတိ=လားရာ+အဟိတ်=အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေရသူ)၊

(၂) သုဂတိအဟိတ်ပဋိသန္ဓေ=အမိဝမ်းတွင်းမှ ဆုံအာ, နား မကြားလာသူမျှား၊

(၃) ဒွိဟိတ်ပဋိသန္ဓေ= လူသာမန်မျှား၊

(၄) တိဟိတ်ပဋိသန္ဓေ= ထက်ထက်မြက်မြက် ပဋိသန္ဓေမျှား

(ထိုပဋိသန္ဓေမျှားသည် အကုသိုလ်လုပ်ရာ၌ ဖြစ်စေ, ကုသိုလ်လုပ်ရာ၌ဖြစ်စေ တွန့်ဆုတ်မနေဘဲ ဇွဲနပဲကြီးစွာ ထက်ထက်မြက်မြက် ပြုလုပ်တတ်ကြသည်)။

အရိယာ ၈-ယောက်

(၁) သောတာပတ္တိမဂ္ဂဉာန်ပဋိသန္ဓေ၊

(၂) သောတာပတ္တိဖလဉာန်ပဋိသန္ဓေ၊

(၃) သကဒါဂါမိမဂ္ဂဉာန်ပဋိသန္ဓေ၊

(၄) သကဒါဂါမိဖလဉာန်ပဋိသန္ဓေ၊

(၅) အနာဂါမိမဂ္ဂဉာန်ပဋိသန္ဓေ၊

(၆) အနာဂါမိဖလဉာန်ပဋိသန္ဓေ၊

(၇) အရဟတ္တမဂ္ဂဉာန်ပဋိသန္ဓေ၊

(၈) အရဟတ္တဖလဉာန်ပဋိသန္ဓေ။

ပဋိသန္ဓေ ၂၁-ယောက်

အဆိုပါ ပဋိသန္ဓေ ၁၂-ယောက်ကို ၃၁-ဘုံ၌ ဖြန့်လိုက်လျှင် အောက်ပါအတိုင်း ပဋိသန္ဓေပေါင်း ၂၁-ယောက် ဖြစ်သည်—

စဉ်	ဘုံ		ပဋိသန္ဓေ	ပေါင်း
(က)	အပါယ် (၄)ဘုံ	×	ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ (၁)ယောက်	၄
(ခ)	လူ့ဘုံ	×	ဒုဂ္ဂတိအဟိတ်မှတပါး (၁၁)ယောက်	၁၁
(ဂ)	စတုမဟာရာဇ်ဘုံ	×	ဒုဂ္ဂတိအဟိတ်မှတပါး (၁၁)ယောက်	၁၁

	စဉ်	ဘုံ	ပုဂ္ဂိုလ်	ပေါင်း
(ဃ)	အထက်နတ်ပြည် (၅)ထပ်	×	အဟိတ်ပုထုဇဉ်(၂)ယောက်မှတပါး (၁၀)ယောက်	၅၀
(င)	ဝေဟပ္ဖလ်အထိ ရူပဗြဟ္မာ(၁၀)ဘုံ	×	တိဟိတ်ပုထုဇဉ်(၁)+ အရိယာ(၇) ပေါင်း (၉)ယောက်	၉၀
(စ)	အာသညသတ်ဘုံ	×	သုဂတိအဟိတ် (၁)ယောက်	၁
(ဆ)	သုဒ္ဓါဝါသ (၅)ဘုံ	×	အနာဂါမိဖလဌာန်+ အရဟတ္တမဂ္ဂဌာန်+ အရဟတ္တဖလဌာန်၊ ပေါင်း(၃)ယောက်	၁၅
(ဇ)	အရူပ (၄)ဘုံ	×	တိဟိတ်ပုထုဇဉ် (၁)+ သောတာပတ္တိမဂ္ဂဌာန်မှတပါး အရိယာ (၇)ယောက် ပေါင်း (၈)ယောက်	၃၂
			စုစုပေါင်း ပုဂ္ဂိုလ်	၂၁၄-ယောက်

ထိုထိုဘုံတို့၌ ဖြစ်ကြသော ပုဂ္ဂိုလ်များအနက် သောတာပန်ပုဂ္ဂိုလ်တို့သည် လူ့ဘုံ၊ နတ်ဘုံတို့၌ အများဆုံး ၇-ကြိမ်ဖြစ်နိုင်သေးသည်။ ၇-ကြိမ်ထက် ပို၍ မဖြစ်တော့ပေ။ တစ်ဘဝတည်းဖြင့်လည်း အထက်မဂ်သို့ အဆင့်ဆင့် တက်၍ နိဗ္ဗာန်ရောက်နိုင်သည်။အထက်နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌ ဘုံစဉ်စံ၍လည်း နိဗ္ဗာန်ဝင်နိုင်ကြသည်။

သကဒါဂါမ်ပုဂ္ဂိုလ်များကား လူ့ဘုံ၊ သို့မဟုတ် နတ်ဘုံတို့၌ တစ်ကြိမ်သာ ဖြစ်ကြရတော့သည်။ ထိုဘဝမှာပင် အထက်မဂ်သို့ အဆင့်ဆင့် တက်၍လည်း နိဗ္ဗာန်ရောက်နိုင်သည်။ အထက်နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌လည်း ဘုံစဉ်စံ၍ နိဗ္ဗာန်ဝင်နိုင်သည်။

အနာဂါမ်ပုဂ္ဂိုလ်တို့ကား ဤလူ့ပြည်မှ အနာဂါမ်ဘဝဖြင့် ကွယ်လွန်သွား ပါက သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာဖြစ်ပြီး ဘုံစံ၍ နိဗ္ဗာန်ဝင်ကြရလေသည်။

ရဟန္တာ ပုဂ္ဂိုလ်တို့ကား ကိလေသာ အားလုံးကို အကြွင်းမဲ့ ပယ်ပြီး ဖြစ်သောကြောင့် ရဟန္တာဖြစ် လာ ဘဝမှာပင် ပရိနိဗ္ဗာန်စံဝင်ကြရလေသည်။

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့ကား မိမိတို့ဖြစ်ရာ ဘုံဘဝ၌ တရားမမှေ့ပါရမီ အလိုက် ကြိုးစားအားထုတ်၍ သောတာပန်မှသည် ရဟန္တာတိုင်အောင် ဖြစ်နိုင်ကြသည်။တရားမမှေ့ကို ကြိုးစားအားထုတ်မှုမရှိဘဲ သာမန်ကုသိုလ်မျှသာ ပြုလျှင်၊ သို့မဟုတ် အကုသိုလ်ပြုလုပ်ကြလျှင် ၂၆-ကုံ၌ စုန်ကာ ဆန်ကာ, ဆန်ကာ စုန်ကာ သံသရာလည်ရဦးမည် ဖြစ်သည်။

ဒွိဟိတ်, သုဂတိအဟိတ်နှင့် ဒုဂ္ဂဟိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့ကား ကာမ ၁၁-ဘုံ၌ တဝဲလည်လည် ဖြစ်နေကြရပေမည်။

ဖြဟ္မာ့ပြည်တဝင်းဝင်း ဝက်စားကျင်း တရွတ်ရွတ်

"ဖြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရွတ်ရွတ်" ဟူသောဤစကားပုံကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ကြားဖူးနေကြသည်။ ဤစကားဆိုရိုးအရ ဖြဟ္မာ့ပြည်မှ ဖြဟ္မာကြီးများပင် ကံကုန်၍ ဗျာန်ဘုံမှ လျှောကျရသောအခါ တိရစ္ဆာန်ဘုံဘဝသို့ တိုက်ရိုက် ရောက်ကြရသည်ဟု အချို့က အမှတ်မှားနေကြသည်။

ထိုသို့ မဟုတ်ပါ၊ ဖြဟ္မာဘဝမှ တိရစ္ဆာန်ဘဝသို့ တိုက်ရိုက် မရောက်နိုင်ပါ။ ဗကဖြဟ္မာကြီးကဲ့သို့ပင် အာဏက်ဖြဟ္မာ့ပြည်မှ အောက်ဖြဟ္မာ့ပြည်သို့ ကူးပြောင်းလာပြီး ထိုမှတဆင့် နတ်ဘဝ, လူ့ဘဝသို့ ရောက်ကြရသည်။ သို့မဟုတ်လည်း ဖြဟ္မာဘဝမှ နတ်ဘဝ၊ လူ့ဘဝများသို့ ကူးပြောင်းလာကြပြီးမှ နောက်တဆင့် အပါယ်ဘုံသို့ ရောက်ကြရလေသည်။

ဘဝကူးပုံ

ဤဘဝနှင့် နောက်ဘဝ ဘဝနှစ်ခုကို ကြောင်းကျိုး ဆက်စပ်ပေးခြင်းကို ပဋိသန္ဓေဟု ခေါ်သည်။ (ပဋိ=တဖန်+သန္ဓေ=ဆက်စပ်ခြင်း။) ဤဘဝ၌ ရှိသော စိတ်စေတသိက် နာမ်ဂုဏ်းများသည် ဤဘဝ၌ပင် ချုပ်ပျက်ပျောက်ကွယ်ခဲ့ကြသည်။ နောက်ဘဝတွင် ဖြစ်မည့် စိတ်, စေတသိက် နာမ်ဟူးများသည် အသစ်ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ သို့ရာတွင် ဤဘဝမှ နာမ်တရားနှင့် နောက်ဘဝရှိ နာမ်တရားများသည် လုံးဝ အဆက်အသွယ်မရှိမဟုတ်၊ အကြောင်းအကျိုးအစဉ်ဆက်ဆက် ဆက်စပ်မှု ရှိနေသည်။ ဤဘဝက နာမ်ဝဟူးကို အကြောင်းရင်းခံပြီးနောက် နောက်ဘဝတွင် အကျိုးတရား အဖြစ် နာမ်တရားများဖြစ်ပေါ်ရခြင်း ဖြစ်သည်။ ဤနေရာတွင် ဆီမီး ဥပမာ၊ ပဲ့တင်သံ ဥပမာ, ဘံဆိပ်တုံးဥပမာများနှင့် ရှင်းလင်းလေ့ရှိကြသည်။

ဆီမီးခွက်တစ်ခုမှ မီးကို အခြားဆီမီးခွက်တစ်ခုသို့ ကူးပြောင်းထွန်းညှိသည့် အခါ ပထမဆီမီးခွက်တစ်ခုမှ မီးတောက်သည် ဒုတိယဆီမီးခွက်သို့ ကူးပြောင်း လိုက်ပါသွားသည်ဟု မဆိုနိုင်၊ ဒုတိယဆီမီးခွက်မှာရှိသည့်မီးတောက်သည် ပထမ ဆီမီးခွက်မှ မီးတောက်နှင့် အကြောင်းမဆက်ဘဲ အလိုလို မီးထတောက်သည် ဟုလည်း မဆိုနိုင်၊ ပထမဆီမီးခွက်နှင့် ဒုတိယဆီမီးခွက်တွင် ရှိသည့် မီးတောက် မီးလျှံ နှစ်ခုသည် တစ်ခုတည်းဟု ဆိုလျှင်လည်း မမှန်နိုင်ပါ။ ထိုမီးတောက် နှစ်ခုသည် အချင်းချင်း မည်သို့မျှ ဆက်စပ်မှုမရှိ၊ မပတ်သက်ဟု ဆိုလျှင်လည်း မမှန်နိုင်ပါ။ အမှန်စင်စစ်အားဖြင့် မီးတောက်နှစ်ခုသည် သီးခြား တစ်ခုစီ ဖြစ်နေသော်လည်း အချင်းချင်း အကြောင်းအကျိုး ဆက်စပ်မှုရှိသည်ဟု ဆိုရပါမည်။ ဤဥပမာအတိုင်း ဘဝဟောင်းသည် မူလဆီမီးတောက်နှင့် တူပြီး ဘဝသစ်သည် ဒုတိယဆီမီးတောက်နှင့် တူသည်။

ပဲ့တင်သံ ဥပမာ၌လည်း မူလအသံနှင့် ပဲ့တင်သံ တစ်ခုတည်းဟု ဆိုလျှင် မှားပေမည်၊ ဘာမျှဆက်စပ်မှုမရှိ။ တခြားစီဟု ဆိုလျှင်လည်း မမှန်နိုင်၊ အမှန် စင်စစ်အားဖြင့် မူလအသံနှင့် ပဲ့တင်သံသည် အကြောင်းအကျိုး ဆက်စပ်မှု ရှိနေသည်။ မူလအသံကို အကြောင်းခံပြီး ပဲ့တင်သံ ဖြစ်ပေါ်လာရသည်။ ဤဥပမာအတိုင်း ဘဝဟောင်းသည် မူလအသံနှင့် တူပြီး ဘဝသစ်သည် ပဲ့တင် သံနှင့် တူပေသည်။

တံဆိပ်တုံး ဥပမာ၌လည်း လိုအပ်သည့် စာလုံးမျှားကို တံဆိပ်တုံးအပေါ်၌ ပြောင်းပြန်ထွင်းထားသည်။ တံဆိပ်ခိုက်နှိပ်လိုက်သည့်အခါ စာရွက်ပေါ်တွင် ထင်ကျန်နေရစ်ခဲ့သည်။ စာရွက်ပေါ်က စာလုံးများသည် တံဆိပ်တုံးမှ စာလုံး များကဲ့သို့ ပြောင်းပြန်မဟုတ်ဘဲ အတည့်အတိုင်း ထင်ရစ်သည်။ ထို့ကြောင့် မူလတံဆိပ်တုံးနှင့် စက္ကူပေါ်တွင် ထင်နေသည့် တံဆိပ်တုံးသည် တစ်ခုတည်း လည်း မဟုတ်၊ လုံးဝဆက်စပ်မှုမရှိသည့် အရာဝတ္ထုများလည်း မဟုတ်။ တစ်ခုနှင့် တစ်ခု အကြောင်းအကျိုးဆက်နွယ်မှုရှိနေကြသည်။ တံဆိပ်တုံးကို အကြောင်း ခံပြီး စက္ကူပေါ်၌ တံဆိပ်တုံးရာ ထင်ကျန်ရစ်ခြင်းဖြစ်သည်။ ဤဥပမာ၌ တံဆိပ်တုံးသည် ဤဘက်ဘဝဟောင်းနှင့် တူ၍ စက္ကူပေါ် ထင်ကျန်ရစ်သည့် တံဆိပ်အရာသည် ဟိုဘက်ဘဝနှင့် တူသည်။

လောက်လမ်းသဖွယ် ဝိညာဉ်တွယ်

ဘဝကူးပြောင်းမှုနှင့် ပတ်သက်၍ မြန်မာတို့၏ ရှေးဟိုးစဉ်လာ ပြောဆို သုံးနှုန်းကြသည်မှာ "လောက်လမ်းသဖွယ် ဝိညာဉ်တွယ်" ဟူ၍ ဖြစ်သည်။ ယင်းအယူဝါဒအရ ပိုးလောက်လမ်းသည် အမြီးပိုင်းဖြင့် တစ်နေရာကို တွယ်ကပ်

ထားပြီး ခေါင်းပိုင်းဖြင့် အခြား တစ်နေရာကို ရှာဖွေသည်။ နေရာသစ်ကို မတွယ်ကပ်နိုင်သေးပါက အမြီးပိုင်းသည် လက်ရှိနေရာကို မလွှတ်သေးဘဲ တွယ်ကပ်ထားသည်။ နေရာတစ်ခုကို ခေါင်းပိုင်းဖြင့် အသေအချာ တွယ်ကပ်ပြီး ပါက ခန္ဓာကိုယ်နောက်ပိုင်းသည် လက်ရှိနေရာကို စွန့်လွှတ်၍ ဤနေရာသစ်သို့ ပြောင်းရွှေ့လိုက်သည်။ ဤနည်းတူပင် သတ္တဝါတစ်ယောက်သည် သေခါနီး အချိန်တွင် အသက်ဝိညာဉ်သည် ဘဝသစ် တစ်ခုခုကို လိုက်လံ ရှာဖွေသည်။ ဘဝသစ်ကို မတွယ်ကပ်ရသေးသမျှ ဘဝဟောင်းကို စွန့်လွှတ်ခြင်းမရှိ။ ဘဝသစ် တစ်ခုကို တွယ်ကပ်မိသော အခါတွင်မူ ဘဝဟောင်းကို စွန့်ခွါသွားဘော့သည်။ ဥပမာအားဖြင့် သေခါနီး လူမမာတစ်ဦးသည် မကြာခဏ သတိလစ် မေ့မြောလိုက် ပြန်လည်သတိရလိုက် ဖြစ်တတ်သည်။ ထိုသို့သတိလစ် မေ့မြော နေသည့် အချိန်ကို အသက်ဝိညာဉ်သည် နောက်ဘဝသစ် တစ်ခုကို မှီတွယ်ရန် အတွက် လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။ သေချာသည့် မှီတွယ်ရာ ဘဝသစ် မတွေ့ရှိရသေးသဖြင့် အသက်ဝိညာဉ်သည် လူမမာထံသို့ ပြန်လာသောအခါ သတိပြန်လည်လာခြင်း ဖြစ်သည်ဟု ဆိုကြသည်။

အမှန်စင်စစ် ထိုကဲ့သို့ သတိမေ့မြောနေခြင်းသည် နှလုံးသွေးခေါ် ဟဒယ ရုပ်ဝတ္ထု အားနည်းနေသဖြင့် စိတ်ဝိညာဏ် မနောဓာတ် အားနည်းနေခြင်း ဖြစ်သည်။ ထိုသို့ အားနည်းနေချိန်၌ မျက်စိအသိ နားအသိ ကိုယ်ကာယအသိ (ပဉ္စဝိညာဏ်စိတ်)များ ဖြစ်ပေါ်နိုင်စွမ်းမရှိဘဲ မနောဓာတ်အတွင်းမှာသာလျှင် အသိသဘောဖြစ်ပေါ်နေသည်။ ထို့ကြောင့် အမြင်အာရုံ, အကြားအာရုံ အစရှိသော ပြင်ပပတ်ဝန်းကျင်နှင့် အဆက်အသွယ် ပြတ်နေသည်ကို သတိ မေ့မြောနေသည်ဟု ခေါ်ဆိုရသည်။

မနောဓာတ်အတွင်း၌ အတိတ်ကာလက ဖြစ်ခဲ့ဖူးသိခဲ့ဖူးသော အာရုံများကို ပြန်လည် သိရှိနေခြင်း ဖြစ်သည်။ ဤသို့ မနောဓာတ်အတွင်း၌ ရှိသော အာရုံကို ပြန်လည်သိရှိနေခြင်းကို နားမလည်သဖြင့် အသက်ဝိညာဉ်သည် အပြင်သို့ ထွက်ခွါ လျှောက်သွားနေသည်ဟု ယူဆကြခြင်းဖြစ်သည်။ အသက်၊ သို့မဟုတ် ဝိညာဉ်သည် ခန္ဓာကိုယ်အပြင်ပသို့ ထွက်ခွါသွားခြင်း မရှိခဲ့ချေ။ ထိုသို့ သွားနိုင်ရန် အကောင်အထည်လည်း မဟုတ်ခဲ့ချေ။

မနောဓာတ်အတွင်း၌ အတိတ်ကာလက ဖြစ်ခဲ့ဖူးသိခဲ့ဖူးသော အာရုံများကို ပြန်လည် သိရှိနေခြင်း ဖြစ်သည်။ ဤသို့ မနောဓာတ်အတွင်း၌ ရှိသော အာရုံကို ပြန်လည်သိရှိနေခြင်းကို နားမလည်သဖြင့် အသက်ဝိညာဉ်သည် အပြင်သို့ ထွက်ခွါ လျှောက်သွားနေသည်ဟု ယူဆကြခြင်းဖြစ်သည်။ အသက်၊ သို့မဟုတ် ဝိညာဉ်သည် ခန္ဓာကိုယ်အပြင်ပသို့ ထွက်ခွါသွားခြင်း မရှိခဲ့ချေ။ ထိုသို့ သွားနိုင်ရန် အကောင်အထည်လည်း မဟုတ်ခဲ့ချေ။

ထို့ကြောင့် ပိုးလောက်လမ်းအကောင်ကဲ့သို့ ဝိညာဉ်သည် ဘဝနှစ်ခုကို ခွဲလျှက် တွယ်ကပ်နိုင်ခြင်း မရှိခဲ့ချေ။ အဘိဓမ္မာသဘောအရ ရွှေစိတ်တစ်ခု ချုပ်ငြိမ်းပြီးသောအခါမှ နောက်စိတ်တစ်ခု အသစ်ဖြစ်ပေါ်လေ့ရှိသည်။ ဤသို့ အဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်ပျက်နေသော စိတ်အစဉ်အတန်းဖြစ်စဉ်

တစ်ခုမျှသာ ရှိသည်။ စိတ်ဝိညာဏ်၏ သက်တမ်းကာလမှာ တစ်စက္ကန့်၏ အပုံကုဋေတစ်သိန်းပုံ တစ်ပုံမျှသာ ဖို့ကြောင်း မြတ်စွာဘုရားဟောကြားထားသည်။ ဤမျှ သက်တမ်းတိုသည့် စိတ်ဝိညာဏ်သည် ဘဝနှစ်ခုကို ခွဲထားရန် တစ်ခုမှ တစ်ခုသို့ လှမ်းကူးခုန် အခွင့်မရှိ၊ ဖြစ်ပြီးနောက် ကာလမဆိုင်းဘဲ ချုပ်ပျက်သွားလေသည်။ ဘဝသစ်ကို လှမ်းတွယ်ပြီးမှ ဘဝဟောင်းကို စွန့်လွှတ်သည်ဟု ဆိုလျှင် သတ္တဝါတစ်ဦးသည် ဘပနှစ်ခုၦ် တပြိုင်နက် ပူးတွဲရပ်တည်နိုင်သည်ဟု ဆိုရာရောက်၏။ ထိုသို့ မဖြစ်ကောင်းချေ။ ထို့ကြောင့် "လောက်လမ်းသဖွယ် ဝိညာဉ်တွယ်" ဟူသောစကားကို အနှစ်သာရအားဖြင့် မမှတ်ယူဘဲ ဘဝဟောင်း စိတ်ဝိညာဏ်ချုပ်ပျက်ပြီးမှသာလျှင် ဘဝသစ်၌ စိတ်ဝိညာဏ်အသစ် ဖြစ်ပေါ်ခွင့် ရှိသည်။ ဘဝသစ်ဝိညာဉ်ဖြစ်ပြီးမှ ဘဝဟောင်းဝိညာဉ်ချုပ်သည်ဟု ယူဆပါက သဿတဒိဋ္ဌိသို့ သက်ဝင်သည်။

ဘဝသံသရာ

သတ္တဝါတစ်ဦးသည် အတိတ်ဘဝဟောင်း များစွာ ဖြစ်ခဲ့ဖူး၍ ယခုပစ္စုပ္ပန် ဘဝ၌ ရှိနေသည်။ နောင်အနာဂတ်တွင်လည်း ဘဝပေါင်းများစွာ ဆက်လက် ဖြစ်နေဦးမည်ဖြစ်သည်။ သတ္တဝါတစ်ဦးအတွက် မည်သည့် အချိန်က စတင်ဖြစ်ပေါ်ခဲ့သည်ကို မသိနိုင် မသိအပ်၊ အစမထင်သည့် (အနမတဂ္ဂ) သံသရာဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် သတ္တဝါတစ်ဦးအတွက် သံသရာသည် အစမရှိ၊ သို့ရာတွင် အဆုံးရှိသည်။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သည့်အခါ ပဋိနိဗ္ဗာန်စံရ၍ ထိုသတ္တဝါအတွက် သံသရာအဆုံးသတ်တော့သည်။ ထို့ကြောင့် သံသရာသည် အစမရှိသော်လည်း အဆုံးရှိသည်။ ဤအာကာသကောင်းကင်ကြီးမှာမူ အစကို ကြိုက်သည့် နေရာမှ စနိုင်သည်။ သို့ရာတွင် အဆုံးမရှိ။

ထို့ကြောင့် အစမရှိသော်လည်း အဆုံးရှိသော သံသရာ၌ မိမိအတွက် သံသရာဝဋ်ဒုက္ခတို့အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

ကံကြမ္မာ

ကောင်းသော ကံကိုလည်းကောင်း၊ မကောင်းသော ကံကို လည်းကောင်း ကဟု ခေါ်ကြသည်။ ကြမ္မာဟူသောစကားကိုမူ မကောင်းသည့် ဘက်၌ သုံးနှုန်းကြသည်၊ မကောင်းသောကံ, ဆိုးဒသောကံကိုကြမ္မာဟု သုံးနှုန်းကြသည်။ ဒုက္ခထောက်အောင် ပြောမှားဆိုမှား အလုပ်အကိုင်မှားခြင်းကို ကြမ္မာငင်သည်ဟု ဆိုကြသည်။

ယင်းသို့ ကံကြမ္မာ အဆိုးအကောင်း ရှိရာတွင် ကောင်းသော ကံကိုသာ ပြုလုပ်မိရန် သမ္မာဒိဋ္ဌိဖြောင့်မှန်သော အယူဝါဒ ရှိရန် လိုအပ်ပေသည်။ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူရှိနေပါက ကံဆိုးကြမ္မာဆိုးကို ပြုလုပ်မိပေလိမ့်မည်။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိအဖြစ်မှ လွတ်မြောက်၍ သမ္မာဒိဋ္ဌိဖြစ်နိုင်ရန် ရှင်းပြပါဦးမည်။

သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ

လူသည် စဉ်းစားတွေးခေါ် မြော်မြင်တတ်သော အလေ့အထရှိသဖြင့် နောက်ဘဝ ရှိ,မရှိ ပြဿနာနှင့် ပတ်သက်၍လည်းကောင်း၊ ငရဲပြည် နတ်ပြည်များ ရှိ, မရှိ ပြဿနာနှင့် ပတ်သက်၍လည်းကောင်း၊ ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ် ရှိ,မရှိ ပြဿနာနှင့် ပတ်သက်၍လည်းကောင်း အမျိုးမျိုးတွေးခေါ် ယူဆကြသည်။ အချို့က သတ္တဝါသေလျှင် ပြတ်စဲသွားပြီးနောက် ဘဝမရှိ၊ ဤဘဝတွင် ပြုလုပ်ခဲ့သော အမှုများအတွက် ကောင်းကျိုးဆိုးပြစ်များ ခံရန် စံရန် မလိုတော့ချေ။ တဖန် အချို့က ဆိုကြပြန်သည်။ နောက်ဘဝ ရှိသည်။ ဤဘဝတွင် သူတပါး၏ ကောင်းကျိုးကို သယ်ပိုးခဲ့ကြသော သတ္တဝါများသည် သေဆုံးပြီးနောက် ကောင်းကင်ဘုံ (၀၊) ချမဲ့သာသုခနှင့် ပြည့်နေသော သုခဝတီဘုံ (၀၊) နတ်ပြည်သို့ ရောက်ရှိ၍ ချမ်းသာသုခခံစားကြရသည်။ ဘယ်သောအခါမျှ မသေနိုင်သည့် ထာဝရအသက်ကို ရရှိကြသည်။ သူတပါးကို နှိပ်စက်ညှဉ်းပန်း အကျိုးမဲ့ ပြုခဲ့ကြသူများသည် သေဆုံးပြီးနောက် ငရဲဘုံသို့ ရောက်၍ ဆင်းရဲဒုက္ခများကို အဆုံးအပိုင်းအခြား မရှိသော ကာလပတ်လုံး ဒုက္ခခံစားနေကြရသည်ဟု ယုံကြည်ယူဆကြသည်။ တဖန် အချို့က ယခုဘဝနှင့် နောက်ဘဝ နှစ်ဘဝသာ ရှိသည်ဟု ယူဆကြသည်။ အချို့ကမူ ယခုဘဝသို့ မရောက်လာမီ ရှေးယခင်ဘဝပေါင်း များစွာ

ရှိခဲ့သည်၊ အစမထင် အနမတဂ္ဂဟု ဆိုကြသည်။ (အန+မတ+အဂ္ဂ၊ အန=မ+မတ=သိခြင်း+အဂ္ဂ=အစအဦး။) လွန်ခဲ့ပြီးသော အတိတ်ဘဝများမှာ များပြားလွန်းသဖြင့် နောက်ကြောင်းပြန်၍ စဉ်းစားသော်လည်း အစအဦးဆုံးဘဝကို မသိနိုင်ဟု ဆိုလိုသည်။ ထို့ပြင် နောက်ဘင်များလည်း နိဗ္ဗာန်သို့ မရောက်မချင်း ဘဝပေါင်းများစွာ အသခေါ်အနန္တ ဆက်လက် ဖြစ်နေရဦးမည်ဟု ယုံကြည်ကြသည်။

ကေဒင်းမှုကုသိုလ်ဆိုးမှာလည်း အခ္ခါက သတ္တဝါ လူခွဲတ်မှ ကျတ်သည်ဟု ယူဆ၍ ပိုးမွှားတိရစ္ဆာန်များကို တမင်တကာ ကုသိုလ်ရလို၍ သတ်ဖြတ်ကြသည်။ များများသတ်နိုင်ပါက များများကုသိုလ်ရသည်ဟု ယူဆ၍ ခဂ္ဂ တစ်တင်းသား တစ်ခဲသား ပြုတ်၍ သွန်ကြသည်။ သတ္တဝါများ၏ လည်ကို လှီးကြသည်။ သတ္တဝါတို့ကို သတ်ဖြတ်၍ ယင်ပူဇော်ကြသည်။ အခ္ခါက ဤသို့ သတ်ဖြတ်နှိပ်စက်ခြင်းသည် မကောင်းမှု အကုသိုလ်ဟု ဆိုကြပြန်သည်။ သတ်ဖြတ်နှိပ်စက် ညှဉ်းပန်းခြင်း အလုပ်မှ ရှောင်ကြဉ်ရမည်။ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရမည်။ သတ္တဝါများ အသက်ရှည်အောင် ကျန်းမာချမ်းသာအောင် ကူညီထောက်ပံ့မှု ပြုရမည်ဟု ဆိုကြသည်။ အခ္ခါကမှု ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ် နှစ်မျိုးလုံးကို ပစ်ပယ်၍ ကောင်းမှုကုသိုလ်ဟူ၍လည်း မရှိ၊ မကောင်းမှု အကုသိုလ်ဟူ၍လည်း မရှိ၊ "တော်သလို နေ၊ ထင်သလို လုပ်" ဟူသော အယူအဆကို လက်ခံထားကြပြန်သည်။

တဖန် ကောင်းမှုကုသိုလ် ရှိသည်ဟု ယူဆထားသော သူများသည် ယင်းကောင်းမှုကုသိုလ်များ၏ အကျိုးဆက်ဖြစ်သော ချမ်းသာသုခကို ခံစားနိုင်ရန် နှတ်ပြည့်, ငြဟ်မာပြည့်ရှိသည်။ မကောင်းမှုအကုသိုလ်တို့၏ အကျိုးဆက်ကို ခံစားရန်အတွက် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ခေါ်သော အပါယ်ဘုံများ (ဒုက္ခဘုံများ)ရှိသည်ဟု ယူဆယုံကြည်ကြပြန်သည်။

ဤသို့ အမျိုးမျိုးပုံကြည်နေကြသော အယူအဆများအနက် မည်သည့် အယူအဆသည် မှန်ကန်ပါသနည်း။ မည်သည့် အယူအဆသည် မှားယွင်းပါသနည်း။ မှန်ကန်သော အယူဝါဒကို သမ္မာဒိဋ္ဌိ ဟုခေါ်၍ မှားယွင်းသောအယူဝါဒကို မိစ္ဆာဒိဋ္ဌိဟု ခေါ်ရသည်။ မည်သည့်ဘာသာတရားမှာမဆို သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ ခွဲခြားမှုရှိသည်။ (သမ္မာ+ဒိဋ္ဌိ၊ သမ္မာ=ဖြောင့်မှန်သော+ဒိဋ္ဌိ=အယူ၊ သိမြင်ခြင်း။ မိစ္ဆာ+ဒိဋ္ဌိ၊ မိစ္ဆာ=မှားယွင်းဖောက်ပြန် မမှန်ကန်သော+ဒိဋ္ဌိ=အယူ၊ သိမြင်ခြင်း။)

ကမ္မသကတာသမ္မာဒိဋ္ဌိ

မှန်ကန်စွာ သိမြင်သော ဉာဏ်အမြင်ကို သမ္မာဒိဋ္ဌိဟု ခေါ်ဆိုရသည်။ နောက်ဘဝရှိ,မရှိ,ပြဿနာ၌ နောက်ဘဝအမှန်တကယ်ရှိသည်ဟု သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။ မိမိပြုလုပ်သည့် ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ ကောင်းကျိုးဆိုးပြစ်ကို နောက်ဘဝ အဆက်ဆက်တွင် ခံစားစံစားရမည်ဟု သိမြင်ယုံကြည်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။ ယင်းကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကောင်းကျိုးဆိုးပြစ်ကို ခံစားစံစားရန်အတွက် နတ်ပြည်, ဗြဟ္မာ့ပြည်နှင့် အပါယ်ဘုံများလည်း ရှိရမည်ဟု ယုံကြည်၊ ၎ခံခြင်းသည် သမ္မာဒိဋ္ဌိမည်၏။ ထို့ကြောင့် "ဘသမ္မာဒိဋ္ဌိ=ဖြောင့်မှန်သောအယူ"ဟူသည် ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ်ဟူ၍ ရှိသည်။ နောက်ဘဝရှိသည်၊ အပါယ်ဘုံနှင့် နတ်ဘုံ ဗြဟ္မာ့ဘုံများ ရှိသည်။ သတ္တဝါသည် မိမိပြုလုပ်သော ကုသိုလ်ကံ,အကုသိုလ်ကံ အလျောက် ဤလူ့ဘုံနှင့် ငရဲဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံများတွင် ကောင်းကျိုးဆိုးပြစ်ကို ခံစားစံစားရသည်။ ထို့ကြောင့် သတ္တဝါသည် ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိသည်ဟု သိမြင်ခြင်း= ကမ္မသကတာဉာဏ်ကို ရှင်းလင်း ပြတ်သားစွာ ဝေဖန်သိမြင်ပိုင်းခြား နားလည်ထားရမည်။(ကမ္မ+သကတာ၊ ကမ္မ=ကုသိုလ်ကံ, အကုသိုလ်ကံ + သကတာ = ကိုယ်ပိုင်ဥစ္စာ ရှိသည်၏အဖြစ်။) ထို့ကြောင့် အကျဉ်းချုပ်အားဖြင့် ကုသိုလ်ကံ အကုသိုလ်ကံကိုလည်းကောင်း၊ ယင်းကံတို့၏ ကောင်းကျိုး ဆိုးကျိုးကိုလည်းကောင်း သိမြင်မှု ကမ္မသကတာဉာဏ်နှင့် ပြည့်စုံလျှင် သမ္မာဒိဋ္ဌိဖြစ်ပြီဟု သတ်မှတ်ရသည်။

မည်သူမဆို ပုထုဇဉ်အဆင့်တွင် နောက်ဘဝ ရှိ,မရှိ ဆုံးဖြတ်ယူဆချက်သည် ကိုယ်တိုင်သိခြင်း မဟုတ်ပေ၊ မိမိတို့အကြို့က် မိမိတို့ဓာတ်ခံ မိမိတို့အစဉ်အလမ်းကို အခြေခံပြီး ဆုံးဖြတ်ထားခြင်းသာ ဖြစ်သည်။ နောက်ဘဝရှိသည်ဟု ယူဆသူများသည် နောက်ဘဝရှိခြင်းကို သဘောကျနှစ်ခြို့က်သောကြောင့် ဖြစ်သည်။ နောက်ဘဝမရှိဟု ယူဆသူများသည် နောက်ဘဝမရှိခြင်းကို သဘောကျနှစ်ခြို့က်သောကြောင့် ဖြစ်သည်။ ပုထုဇဉ်လူသား၏ အတွေးအခေါ် ခံယူချက်နှင့် ဝါဒများသည် မိမိအကြို့က်နှင့် မိမိအကျိုးကို ရှေ့တန်းတင်၍ ဖြစ်ပေါ်လာသည်ချည်း ဖြစ်သည်။

နောက်ဘဝကြို့က်သူနှင့် ကြောက်သူ

"မကောင်းမှု ပြုလျှင် မကောင်းကျိုး ခံစားရမည်၊ ကောင်းမှု ပြုလျှင် ကောင်းကျိုးခံစားရမည်"ဟူသော ကြောင်းကျိုးဆက်နိယာမအရ နောက်ဘဝသာ ရှိမည်ဆိုလျှင် မကောင်းမှုပြုသူသည် နောက်ဘဝတွင် မကောင်းကျိုး

ခံရဦးမည်ဖြစ်သည်။ ကောင်းမှုပြုသူသည် နောက်ဘဝ၌ ကောင်းကျိုးခံရဦးမည် ဖြစ်သည်။ ထို့ကြောင့် မကောင်းမှုပြုသူများသည် မကောင်းကျိုးခံရမည်ကို ကြောက်၍ နောက်ဘဝမရှိလျှင် ကောင်းမည်ဟု ဆို၍ နောက်ဘဝမရှိခြင်းကို ကြိုက်နှစ်သက်ကြသည်။ ကောင်းမှုပြုသူများမှာမူ နောက်ဘဝတွင် ကောင်းကျိုး ခံစားရမည်ကို မျှော်လင့်၍ နောက်ဘဝရှိလျှင် ကောင်းမည်ဟု ဆို၍ နောက်ဘဝ ရှိခြင်းကို ကြိုက်နှစ်သက်ကြသည်။ သို့ရာတွင် ယင်းတို့ နှစ်ဦးစလုံး ယုံကြည် ချက်သည် အကြိုက်ဟု ခေါ်သော တဏှာလောဘ-က ဦးဆောင်နေသောကြောင့် မခိုင်မြဲသည့်သဘော ရှိသည်။ ဤယုံကြည်ချက်သည် တချိန်ချိန်တွင် တုန်လှုပ် ချောက်ချားတတ်သည်။ ဝေဖန်ဉာဏ်နှင့် ယှဉ်သည့် ယုံကြည်ချက်မျိုးသာ ခိုင်မြဲသည့် ယုံကြည်ချက် ဖြစ်သည်။

နောက်ဘဝရှိသူနှင့် မရှိသူ နှိုင်းယှဉ်ချက်

နောက်ဘဝ ရှိ, မရှိ ပြဿနာကို စဉ်းစားဆုံ၌ နောက်ဘဝရှိသည်ဟု ယုံကြည်ချက်နှင့် နောက်ဘဝမရှိဟု ယုံကြည်ချက် နှစ်ခုအနက် မည်သည့် အချက်က ပိုပြီး မြင့်မြတ်မှန်ကန်သည်, အကျိုးရှိသည်ကို နှိုင်းယှဉ်ပြပါမည်။

ဦးဖြူနှင့် ဦးမဲအမည်ရှိ လူနှစ်ယောက်ရှိသည် ဆိုပါစို့။ ဦးဖြူက နောက်ဘဝ ရှိသည်ဟု ယုံကြည်သည်။ ဦးမဲက နောက်ဘဝမရှိဟု ယုံကြည်သည်။

ဦးမဲသည် နောက်ဘဝမရှိဟု ယုံကြည်သူဖြစ်သည့်အတွက် နောက်ဘဝ၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးခံစားရမည်မဟုတ်ဟု လက်ခံယုံကြည်ပြီး ဖြစ်သွားသည်။ ကာယကံ, ဝစီကံ, မနောကံ ဟူသော အလုပ်များသည် ဤဘဝမှာပင် ကုန်ဆုံးပြီး ဖြစ်သည်ဟု ယုံကြည်ပြီး ဖြစ်သွားသည်။ ထို့ကြောင့် ဦးမဲသည် ဤဘဝ၌ ရာဇဝတ်ပြစ်ဒဏ်လွတ်လျှင် ပြီးသည်။ မကောင်းမှု အကုသိုလ် များကို လူမသိအောင် ပိပိရိရိ လွန်ကျူးရန် ဝန်မလေးတော့ချေ။ အကယ်၍သာ ဦးမဲသည် ဥပဒေအာဏာစက် မသာက်ရောက်သည့် နေရာဒေသ ဖြစ်နေလျှင် မကောင်းမှု ယုတ်မာမှုတွေကို ပြောင်ကျကျ ကျူးလွန်မည် ဖြစ်သည်။ ဦးမဲအဖို့ နောက်ဘဝ "ကံ, ကံ၏အကျိုး" ဆိုသည့် အထိန်းအကွပ်က မရှိသည့်အပြင် ဤဘဝတွင်လည်း လူ့ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလိုသည့် အခြေအနေကို ရောက်နေမည်ဆိုလျှင် မကောင်းမှု အကုသိုလ်မှန်သမျှကို ပြောင်ပြောင်တင်းတင်း လုပ်ယှဉ် ဇကန်ဖြစ်သည်။ ဘာကိုမျှ အနစ်နာမခံဘဲ သူကချည်း အသာယူမည်မှာ ဇကန်ဖြစ်သည်။ လှူဒါန်းမှု ပေးကမ်းစွန့်ကြဲမှု ကိုယ်ကျင့်တရား ထိန်းသိမ်းမှု ကိုယ်ချင်းစာတရား လက်ကိုင်ထားမှု သည်းခံခွင့်လွှတ်မှု စသည့် မြင့်မြတ်သည့် အမှုမျိုးကို မလုပ်မည့်ဘက်က များသည်။ "ရော့ပတ္တမြား၊ ရော့နဂါး" ဆိုသလို

လက်ငင်းသမား ဖြစ်သည့်အတွက် ဦးမဲသည် လက်ငင်း အကျိုးမရှိလျှင် ဘာကိုမျှ လုပ်မည် မဟုတ်ပေ၊ လက်ငင်း စားသာမည် ဆိုလျှင် ဘုန်ဖူး သိုက်တူးမည့်လူစားမျိုး ဖြစ်ဖို့ သေချာသည်။

ဦးဖြူကား နောက်ဘဝရှိသည်ဟု ယုံကြည်ထားသည့်အတွက် နောက်ဘဝ၌ ကုသိုလ်ကံ အကုသိုလ်ကံမျာ၏ အကျိုးကို ခံစားရဦးမည်ဖြစ်သည်ဟု ယူဆသူ ဖြစ်သည်။ မကောင်းမှုအကျိုးကို ကျိုဘဝ၌ မခံရသော်လည်း နောက်ဘဝကျလျှင် မလွှတ်တမ်း ခံရဦးမည်ဟု ယုံကြည်သူဖြစ်သည်။ ထို့ကြောင့် မကောင်းမှု ပြုရမည်ကို ကြောက်တတ်သူဖြစ်သည်။ သူတပါးအပေါ် ပြုသမျှ မိမိလည်း အလားတူ ခံရလိမ့်ဦးမည်ဟု ယုံကြည်သည့်အတွက် ကိုယ်ချင်းစာတရားလည်း လက်ကိုင်ထားတတ်သည်။

နောက်ဘဝ၌ ကောင်းကျိုးချမ်းသာ ရလိုသည့်အတွက် ပေးကမ်းဝေမျှခြင်း၊ ကူညီဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံခြင်း၊ မေတ္တာကရုဏာ ရှေထားခြင်း စသည့် ကောင်းမြတ်သည့် အလုပ်များကို အနည်းနှင့်အများ လုပ်သည်။ ဥပမာအားဖြင့် တောလမ်းခရီးသွားဆွဲ့ လမ်းဘေးရေအိုင်က ရေကို ဖက်ရွက်ကန်တော့ဖြင့် သယ်ယူ၍ သောက်သော လူသည် ရေသောက်ပြီးပါက ထိုဖက်ရွက်ကို ယုယသိမ်းဆည်းမထားဘဲ ပစ်ထားခဲ့သည်။ မိမိအိမ်က သောက်ရေခွက်ကိုမူ နေ့စဉ် ဆေးကြောပြီး ရှိသေစွာ ထားလေ့ရှိသည်။ ဆိုလိုသည်မှာ တောထဲက ဖက်ရွက်သည့် ကျိလူ၏ နက်ဖြန်ခါနှင့် မသက်ဆိုင်။ အိမ်က သောက်ရေခွက်သည့် ကျိသူအတွက် နက်ဖြန်ခါတွေ့ အများကြီး ကျန်ရှိနေသေးသည်။ ထို့ကြောင့် နက်ဖြန်ခါအတွက် ရှိသေစွာ ယုယနေခြင်း ဖြစ်သည်။ ကျိအတိုင်းပင်ဖြစ်သည်။ နောက်ဘဝမရှိဟု ယုံကြည်သော ဦးမဲသည် နက်ဖြန်ခါဆိုသည့် နောက်ဘဝအတွက် ဘာမျှ အရေးစိုက်စရာ မလိုတော့ပေ။ နောက်ဘဝရှိသည်ဟု ယုံကြည်သော ဦးဖြူကား နက်ဖြန်ခါအတွက် သောက်ရေခွက်ကလေးကို တရိုတသေ သိမ်းသကဲ့သို့ နောက်ဘဝအတွက် မကောင်းမှုကို ရှောင်ပြီး ကောင်းမှု ပြုလုပ်နေရပေသည်။ ညောင်စေ့လောက် လျှုလျှင် ညောင်ပင်ကြီးလောက် အကျိုးရနိုင်သည်ဆိုသည့် ယုံကြည်ချက်နှင့် မိမိ ပစ္စည်းကို စွန့်လွှတ်သည်၊ ကိုယ်ကျိုးအနစ်နာခံသည်။

နောင်ဘဝ မရှိခဲ့သော်

ဦးမဲ၏ ယုံကြည်ချက်အတိုင်း နောက်ဘဝ တကယ်မရှိဘူး ဆိုကြပါစို့။ နောက်ဘဝမရှိသည့်အတွက် ဦးဖြူသည် သူမျှော်မှန်းခဲ့သည့် ကောင်းကျိုးများ မခံစားရတော့ပေ။ နောင်တမလွန်အကျိုးကား ဆုံးရှုံးသွားပြီဟု ဆိုရပေသည်။

သို့ရာတွင် ဤပစ္စုပ္ပန်ဘဝတွင် ဦးဖြူသည် ကိုယ်ကျိုးအနစ်နာခံပြီး သူတပါး ကောင်းကျိုးပြုခဲ့သည့်အကွက် လူအပေါင်း၏ ချီးမွမ်းမှုကို ခံရမည်။ ဦးဖြူ အသက်ရှင်စဉ် ငါတို့ကို ဘယ်လို ကျေးမွေးသည်၊ ဘယ်လို ရက်ရောသည်။ ဦးဖြူဆောက်ခဲ့သည့်တံတား၊ ဒီလမ်းက ဗုဒ္ဓတော့ကို ဦးဖြူဖို့ခဲ့သည်၊ ဤကား ဦးဖြူတူးခဲ့သည့် ရေတွင်း ရေကန် ဖြစ်သည်။ ဤသည်တို့ကား ဦးဖြူစိုက်ခဲ့သည့် သရက်ပင်, အုန်းပင်, ထန်းပင်များ ဖြစ်သည်။ ဤသည်ကား ဦးဖြူဆောက်သည့် ဇရပ်, ကျောင်း ဘုရား စသည်ဖြင် ဦးဖြူ၏ ဂုဏ်သတင်းကို ဝိုင်းဝန်းချီးကျူးကြမည်ဖြစ်သည်။ ဦးဖြူကို ဝိုင်းဝန်းချစ်ခင် လေးစားကြသည်၊ ဦးဖြူသည် ဤလောက၌ ချီးကျူးခံရပေသည်။ လက်ရှိ လူ့ဘောင်လူ့အဖွဲ့အစည်းကြီးသည် ဦးဖြူနှင့် ပတ်သက်ပြီး ကောင်းကျိုးချမ်းသာကို ခံစားရပေသည်။

ဦးမဲအဖို့ကား နောက်ဘဝအတွက် ဘာအကျိုးမျှမမျှော်မှန်းခဲ့သည့်အပေါ် နောင်တမလွန်အကျိုး ဆုံးရှုံးခြင်း မရှိပေ။ သို့ရာတွင် ဦးမဲသည် သူသက်တမ်း တစ်လျှောက်မှာ မကောင်းမှု ယုတ်မာမှုများကို ပြုလုပ်ခဲ့ပြီး လူ့အကျိုးပြုလုပ်ငန်းများ ဘာမျှ မလုပ်ခဲ့သောကြောင့် လူ့ပတ်ဝန်းကျင်က ရွှတ်ချကဲ့ရဲ့ကြမည်။ ဦးမဲတစ်ယောက် လူ့လောကရောက်လာခြင်းသည် လူ့ပတ်ဝန်းကျင်အတွက် အနှောင့်အယှက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ခဲ့ရသည်။ ထို့ကြောင့် နောက်ဘဝ မရှိဘူးဆိုလျှင်ပင် ဦးမဲသည် ပစ္စုပ္ပန်ဘဝတွင် လူကဲ့ရဲ့ခံရပေမည်၊ လူမုန်းခံရပေမည်။

နောက်ဘဝ ရှိခဲ့သော်

အကယ်၍ နောက်ဘဝရှိသည်ဆိုသည့် ဦးဖြူ၏ ယုံကြည်ချက်သည် မှန်သည်ဆိုကြပါစို့။ ဦဖြူသည် နောက်ဘဝတွင် သူမျှော်မှန်းခဲ့သည့် ကောင်းကျိုးချမ်းသာများကို ကန်ခံစားရပေမည်။ ဤပစ္စုပ္ပန်ဘဝ၌လည်း လူ့ပတ်ဝန်းကျင်၏ ကောင်းကျိုးကို ဆောင်ရွက်ခဲ့သောကြောင့် ဦးဖြူ၏ လုပ်ဆောင်ချက်များကို ဝိုင်းဝန်းချီးကျူးကြမည်။ ထို့ကြောင့် ဦးဖြူသည် ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး နှစ်မျိုးလုံးကို ပြည့်စုံစွာရရှိသည့်အတွက် ပျော်ရွှင်ချမ်းမြေ့စွာ နေရပေမည်။

ဦးမဲအတွက်ကား အထူးပြောစရာ မလိုတော့ချေ။ တစ်သက်လုံး မကောင်းမှုတွေကို လုပ်ခဲ့သောကြောင့် လူ့ပတ်ဝန်းကျင်၏ ရွှတ်ချကဲ့ရဲခြင်းကိုလည်း ခံရမည်၊ တမလွန်ဘဝ၌လည်း မကောင်းမှုအကုသိုလ်၏ အကျိုးများ, ပူလောင်စပ်ခါး ပြင်းပြသောဝေဒနာများ, ဆင်းရဲဒုက္ခများကို ခံစားရဦးမည်၊ ဦးမဲသည် ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး နှစ်မျိုးလုံး ဆုံးရှုံးရသည်။

ထို့ကြောင့် နောက်ဘဝရှိသည်ဟု ယုံကြည်ခြင်းသည် လူ့ဘောင် လူ့အဖွဲ့အစည်းအတွက် အလွန်ကျေးဇူးများလှပေသည်။ ယုံကြည်သည့် လူတိုင်း အတွက်လည်း ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး နှစ်ပါး ရရှိစေနိုင်သည်။ ဤအချက်များကို ကြည့်လျှင် နောက်ဘဝရှိသည်ဟု ယုံကြည်ခြင်းက ပို့မို့ မြင့်မြတ်ကြောင်း ထင်ရှားပေသည်" (မင်္ဂလမပဏ္ဏာသ၊ အပဏ္ဏကသုတ်)။

ကြောင်းကျိုးဆက်နည်းဖြင့် သက်သေပြပုံ

အကြောင်းကြောင့် အကျိုးဖြစ်မှု နိယာမတရားကို လေ့လာသုံးသပ် ကြည့်လျှင်လည်း နောက်ဘဝရှိကြောင်း သိနိုင်ပေသည်။ ပထမဦးဆုံး ရုပ်တရား အချင်းချင်း ကြောင်းကျိုး ဆက်စပ်ပုံကို အနည်းငယ် ရှင်းပြပါဦးမည်။ အပူဓာတ်ကို ဖန်တီးခြင်းဖြင့် ရေနွေးငွေ့, ဓာတ်ငွေ့, တွန်းကန်အားများ ဖြစ်ပေါ်လာသည်။ ဤတွန်းကန်အားကြောင့် မီးရထား, မော်တော်ကား, လေယာဉ်ပျံ, သင်္ဘောများ ရွေ့လျားသွားလာနေခြင်း ဖြစ်သည်။ ဤအရာဝတ္ထုများသည် အပူစွမ်းအင်ကြောင့် အရွေ့စွမ်းအင် ဖြစ်လာပုံများ ဖြစ်သည်။ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်လျှင် ပူလာသည်ကို တွေ့ထိ ခံစားရသည်။ အလားတူပင် မာကျောသည့် ရုပ်ဓာတ်နှစ်ခုကို ပြင်းထန်စွာ ကြာရှည်စွာ ပွတ်တိုက်နေပါက မီးဖြစ်ပေါ်လာပေသည်။ ဤသို့ဖြစ်ခြင်းသည် အရွေ့စွမ်းအင် (ဝါယော)ကြောင့် အပူစွမ်းအင် (ဖေါ့ဇော) ဖြစ်ပေါ်လာပုံ ဖြစ်သည်။

ဆွဲအား (အာပေါ)ကြောင့် ရုပ်ဖွဲ့စည်း သိပ်သည်းကျစ်လျစ်မာကျောလာခြင်းသည် ဆွဲအားကြောင့် အမာဓာတ် (ပထဝီ) ဖြစ်ပေါ်လာပုံ ဖြစ်သည်။ တဖန် မာကျောကျစ်လျစ် သိပ်သည်းမှုကြောင့် ဆွဲအား ပို့မို့ ပြင်းထန်လာခြင်းသည် အပြန်အလှန် ကြောင်းကျိုးဆက်စပ်မှုကြောင့် ဖြစ်သည်။ ထို့သို့ဖြစ်ခြင်းကြောင့် ရုပ်စွမ်းအင်များလည်း အချည်းနှီး အလဟဿ ကုန်ဆုံးသွားသည် မရှိ၊ စွမ်းအင် တစ်ခုမှ စွမ်းအင် တစ်ခုသို့ ပြောင်းလဲဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ ဤစွမ်းအင်များကို အချည်းနှီး အလဟဿ ကုန်ဆုံးသွားအောင် ဖျောက်ဖျက်၍မရနိုင်ကြောင်း သိပ္ပံပညာရှင်များက ဆိုထားသည်။

ဤအဓိပ္ပာယ်မျိုးကို ပဋ္ဌာန်းပါဠိတော်၌—

ဗာဟိရံ ဧကံ မဟာဘူတံ ပဋိစ္စ ဇယော မဟာဘူတာ—

စသည်ဖြင့် ဟောကြားထားတော်မူသည်။

ဤရုပ်စွမ်းအင် (အကြောင်းတရား)များသည် အခြားရုပ်စွမ်းအင် တစ်မျိုး (အကျိုးတရား)ကို ဆက်ကာဆက်ကာ ဖြစ်ပေါ်စေနိုင်သကဲ့သို့ စိတ်စေတသိက် ဟူသော နာမ်ဓာတ်စွမ်းအင်များလည်း အကျိုး တစုံတရာကို မဖြစ်စေဘဲ

အချည်းနှီး အလဟဿ ပျက်သုဉ်းမသွားနိုင်ပေ၊ တစ်စုံတစ်ခုသော အကျိုးကို ဖြစ်ပေါ်အောင် ဖန်တီးနိုင်စွမ်းရှိကြသည်။ ရှေးရှေးသော နာမ်ဓာတ်စွမ်းအား များသည် နောက်နောက်သော နာမ်ဓာတ်စွမ်းအားများကို ဖြစ်ပေါ်စေနိုင်ကြသည်။

ငယ်ငယ်က ကျက်မှတ်ထားသည့် ကဗျာလက်ံာ စာပေများကို အသက် ၃၀-၈၀ အထိ မှတ်မိနေခြင်းသည် နာမ်ဓာတ်၏ စွမ်းအားဖြစ်သည်။ ရုပ်ခန္ဓာ ကိုယ်ကြီးကို သွားလာလှုပ်ရှားအောင် အမှုကိစ္စများ လုပ်ကိုင်ဆောင်ရွက်အောင် နာမ်တရားက လှုံ့ဆော်နေသည်။ နာမ်တရားက ပဲ့ကိုင်နေသည်ကို လူတိုင်း ကိုယ်တွေ့နိုင်သည်။ ရုပ်ဓာတ်စွမ်းအင်များကို လွှမ်းမိုးအုပ်ချုပ် ထိန်းကိုင်ပြီး လိုသလို စေစားနိုင်သည့် နာမ်တရား၏ စွမ်းအင်သည် ရုပ်ဓာတ် စွမ်းအင်ထက် မနှိုင်းယှဉ်သာအောင် သာလွန်ကြီးမားကြောင်း ထင်ရှားဆည်။

မည်မျှလောက် ပြင်းထန်သည့် အကုန်မြုပ်၊ ဟိုက်ဒရိုဂျင်ပုံးဖြစ်စေ, ဒုံးပျံ လက်နက်ဖြစ်စေ လူသား၏ အသိဉာဏ်ပညာက တီထွင်ထား၍ လူသား၏ အသိဉာဏ်ကပင် ထိန်းချုပ်ပဲ့ကိုင်ထားသည်။ ထို့ကြောင့် "လူသာ ပဓာန" ဟု ပြောဆိုနေကြခြင်းသည် အသိဉာဏ်ဟူသော ဉာဏ်ဓာတ်စွမ်းအင်သာ ပဓာနဟု ဆိုလိုပေသည်။

အခိုင်းခံ အသုံးပြုခံ ဖြစ်သည့် ရုပ်ဓာတ်စွမ်းအင်များသည်ပင်လျှင် အကျိုး အဆက်ဆက် ဖြစ်ပေါ်စေနိုင်သည့် စွမ်းအားသတ္တိများ ရှိကြသည်ဆိုလျှင် ရုပ်ဓာတ်စွမ်းအင်များကို စေခိုင်းအသုံးချနေသည့် ရုပ်၏အရှင်သခင် နာမ်တရား အတွက်မူ ပြောစရာပင် မလိုတော့ချေ။ အလှန်အင်အားကြီးမားသည့် နာမ်ဓာတ် စွမ်းအင်ကြီးသည် ဤဘဝ သေဆုံးရှုံးနှင့် ကုန်ဆုံး ပျက်သုဉ်းသွားပြီလော။ ရုပ်ဓာတ်စွမ်းအင်များသည် အချင်းချင်း အပြန်အလှန် ကြောင်းကျိုး ဆက်စပ်ပြီး ဆက်လက်ပေါ်နိုင်ပါလျက် နာမ်ဓာတ်စွမ်းအင်များအား သတ္တဝါ သေဆုံးရှုံးနှင့် စွမ်းအင်များ အလိုအလျောက် ရပ်တန့်သွားရမည်, ရပ်စဲ ပြတ်စဲ သွားရမည်ဆိုလျှင် ယုတ္တိမတန်ချေ။ ဤသို့ ရပ်စဲသွားသည်ဟု ပြောဆိုခြင်း သည် နာမ်ဓာတ်၏စွမ်းအင်ကို မသိသဖြင့် ပြောဆိုနေခြင်းဖြစ်မည်။ နာမ်ဓာတ်၏ စွမ်းအင်သည် အလွန်ကြီးမားသည့်အတွက် နှစ်ပေါင်းများစွာ ဘဝပေါင်း များစွာ ကွာခြားနေသော်လည်း အကြောင်းအကျိုး ဆက်စပ်နိုင်စွမ်း ရှိသည်။ လွန်စွာကွာဝေးသည့် ဒေသသို့လည်း ပြောင်းရွှေ့ပြီး ကြောင်းကျိုးဆက်စပ် ဖြစ်စေနိုင်သည်။ နာမ်စွမ်းအင်အတွက် ကာလနှင့်ဒေသသည် မတားဆီးနိုင်ပေ။

ထို့ကြောင့် နာမ်အကြောင်းတရား တစ်ခုသည် ကပ်ကမ္ဘာမျှားစွာ ကွာခြားပြီး အကျိုးပေးနိုင်စွမ်း ရှိသည်ဟု ဆိုသည်။ ဤကြောင်းကျိုးဆက် နိယာမသဘော အရ သတ္တဝါသေလျှင် နာမ်ခေတ်စွမ်းအင်မျှားကြောင့် ဆက်လက်ပြီး နောက်ဘဝသစ် တစ်ခုကို ဖြစ်ပေါ်စေနိုင်သည်။ အကြောင်းတရား ရှိလျှင် အကျိုးတရားဖြစ်ပေါ်မှု ကောန်ရှိရပေမည်။

အကြောင်းအကျိုးဆက်စပ်မှု နိယာမသဘောအရ စွမ်းအင်တစ်ခုသည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်မလာနိုင်ပေ။ ရှေးရှေး စိတ်ဝိညာဏ် မရှိဘဲ နောက်စိတ်ဝိညာဏ် အသစ်ကစ်ခုသည် မိမိအလိုလို စတင်မဖြစ်ပေါ်နိုင်ပေ။ စိတ်ဝိညာဏ်ဟူသည် ရုပ်တရားမှ ပေါ်ထွက်လာသည့် အကျိုးတစ်ခုဖြစ်သည်ဟု ရုပ်ဗေဒီမျှားက ပြောကြလိမ့်မည်။ ရုပ်နှင့် စိတ်သည် သဘာဝချင်း မတူ ဓာသာကြောင့် ရုပ်တရားမှ စိတ်ဖြစ်ပေါ်မလာနိုင်ပေ။ ကျောက်ခဲကို ကြိတ်၍ ဆီမထွက်သလို ရုပ်တရားတွေ ပေါင်းစပ်ရုံနှင့် နာမ်တရား ဖြစ်မလာနိုဝ်ပေ။ မှုလကတည်းက ဆီရှိသည့် နှမ်းနှင့် မြေပဲဆံတွေကို ကြိတ်မှ ဆီရနိုင်သည်။ ထို့အတူပင် နာမ်တရားမှသာ ဉာဏ်တရားဖြစ်ပေါ်နိုင်သည်။ ရှေးရှေးစိတ်မှ နောက်နောက်စိတ် ဖြစ်ပေါ်လာရသည်။ စိတ်မရှိရာက စိတ်အသစ်တစ်ခု အလိုလို စတင်မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤဘဝ၌ စိတ်ဝိညာဏ်တရားတွေ စတင်ဖြစ်ပေါ်ဖို့အတွက် ရှေးဘဝက စိတ်ဝိညာဏ် နာမ်တရားမျှားသည် အကြောင်းတရားအဖြစ်နှင့် ကြိုတင်ရှိနှင့် ရပေမည်။ ဤဘဝပစ္စုပ္ပန်ဘဝ ဖြစ်ရန်အတွက် အတိတ်ဘဝ တစ်ခု ရှိရမည်။ အတိတ်ဘဝ၏ အကျိုးဆက် အဖြစ်ဖြင့် ပစ္စုပ္ပန်ဘဝရှိသလို ပစ္စုပ္ပန်ဘဝ အကျိုးဆက်အဖြစ်ဖြင့် နောက်ဘဝ (အနာဂတ်) တစ်ခု ရှိရဦးမည်မှာ ကောန်ဖြစ်သည်ဟု သိနိုင်သည်။ ထို့ကြောင့် ကြောင်းကျိုးဆက်စပ်မှု နိယာမအရ ဤဘဝနှင့် နောက်ဘဝ ရှိကြောင်း သက်သေပြခြင်းဖြစ်သည်။

သေသူက ပူးကပ်ပြောခြင်း

တစ်ခါတစ်ရံ သေဆုံးသွားသူမျှားသည် တစ္ဆေ သရဲစသည့် ဘဝတစ်ခုကို ရောက်ပြီး နီးစပ်ရာ ဆွေမျိုးသားချင်းမျှားး၏ ခန္ဓာကိုယ်ကို ပူးကပ်ပြီး ဘဝ ဟောင်းက အဖြစ်အပျက်မျှားကို ပြန်လည် ပြောပြကြသည်ကို တွေ့ကြုံကြ ရသည်။ အချို့ လူသတ်မှုမျှားသည် သက်သေမရှိ တရားခံ ရှာမရ ဖြစ်နေ ချိန်တွင် သေဆုံးသူက ပူးကပ်ပြီး လူသတ်မှု အဖြစ်အပျက်ကို အစုံအလင် ထုတ်ဖော်ပြောကြားမှုလည်း ရှိတတ်သည်။

လူဝင်စားကို အထောက်အထားပြု

လူဝင်စားအကြောင်းကို ဗုဒ္ဓဘာသာ, ဂျိန်းဘာသာ, ဟိန္ဒူဘာသာများက လက်ခံထားကြသည်။ ထို့ကြောင့် ဤဘာသာ အယူဝါဒကို လက်ခံကြသည့် အာရှတိုက်သားအားလုံးသည် လူဝင်စားရှိကြောင်း လက်ခံယုံကြည်ကြဆည်။ လူဝင်စား ရှိကြောင်းကို တရုတ်ပြည်, ဂျပန်ပြည် စသော အာရှတိုက် နိုင်ငံအများစုက လက်ခံကြသည်။ သို့ရာတွင် ဥရောပတိုက်သားများသည် လူဝင်စား လက်မခံသောကြောင့် အာရှတိုက်သားများဆည်လည်း မိမိလက်ခံထားပြီး ဖြစ်သည့် မိရိုးဖလာဝါဒကို လက်ခံရမည်ကို ခပ်ရွက်ရွက် ဖြစ်နေကြသည်။ လူဝင်စား လက်ခံလိုက်လျှင် ခေတ်နောက်ကျသည်ဟု အပြောခံရမည်ကို စိုးရွံ့နေကြသည်။

ဥရောပတိုက်၌ လူဝင်စားမရှိသလောဟု မေးရန်ရှိသည်။ သူတို့၏ ဘာသာ အယူဝါဒသည် အတိတ်ဘဝမရှိ၊ လူဘဝတစ်ဘဝသာ ရှိသည်၊ ထပ်ကာ ထပ်ကာ လူပြန် မဖြစ်နိုင်ပေ။ အလားတူ တိရစ္ဆာန်များလည်း တစ်ဘဝသာ ရှိသည်။ သေလျှင် နတ်ပြည်နှင့် ငရဲပြည် တစ်ခုခုတွင် စံစားခံစားနေရသည်။ လူ.ဘဝ, တိရစ္ဆာန်ဘဝကို တစ်ခါ ပြန်မလာမတော့ပေ။ လူဝင်စားဝါဒကို လက်ခံလိုက်လျှင် ယင်းတို့၏ အယူဝါဒ ပျက်စီးသွားမည်။ ထို့ပြင် အတိတ်ဘဝ အကြောင်းကို ပြန်ပြောင်း ပြောပြနိုင်သည့် ကလေးငယ်များသည် မိမိ၏ အတိတ်ဘဝကို ပြန်ပြောမိလျှင် စိတ်မနှံ့သူ အရူးဟု စွပ်စွဲသမုတ်ခံကြရသည်။ ထို့ကြောင့် အတိတ် ဘဝအကြောင်း ပြန်ပြောတတ်သည့် ကလေးကို ယင်း၏ မိဘများက ပိတ်ပင်တားမြစ်ကြရသည်။ ဤသို့ ပိတ်ပင်တားမြစ်ထားသောကြောင့် ဥရောပတိုက်တွင် လူဝင်စားဝါဒ တိမ်မြုပ်နေရပေသည်။ ဤခေတ်တွင်ကား ဥရောပတိုက်သားများလည်း ဤလူဝင်စားပြဿနာကို သုတေသန ပြုလုပ်နေကြလေပြီ။

လူဝင်စားဖြစ်လာသည့် ကလေးငယ်သည် အတိတ်ဘဝက မြုပ်ထားခဲ့သည့် ဖွဲ့ဆွေများ ဖော်ထုတ်ပေးပုံ၊ အတိတ်ဘဝက သားသမီးများကို မှတ်မိပြီး သားသမီး သားမယား မိတ်ဆွေများကို ယခင်ဘဝ ပြောဆိုဆက်ဆံပုံအတိုင်း ဆက်ဆံပုံ၊ ယခင်ဘဝက နေခဲ့သည့် ရပ်ရွာနှင့် နေအိမ်ကို လမ်းပြသူ မရှိဘဲ သွားတတ်ပုံ စသည်များကို မြန်မာလူမျိုးတိုင်း တွေ့ကြုံဖူးကြသည်၊ ကြားဖူးကြသည်။ အားလုံးကလည်း အမှန်ဟု လက်ခံထားကြသည်။ ကိုယ်တွေ့ကြုံသူများ ယခုအထိ အသက်ရှင်ဆဲ ရှိနေကြသည်။

(၁) သို့ဖြစ်၍ နောက်ဘဝ ရှိသည်ဟု ယုံကြည် လက်ခံခြင်းဆည်လှူဘောင် လှူအဖွဲ့အစည်းကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ကျေးဇူးများသည်ဟူသော အချက်၊

(၂) အကြောင်းတရားရှိက အကျိုးတရားဖြစ်ပေါ်မြဲ ဓမ္မတာဆိုင်း ဤဘဝ (ဝိညာဉ်) နာမ်အကြောင်းတရားသည် နောက်ဘဝ (စိတ်ဝိညာဏ်) နာမ်အကျိုးတရားများကို ဖြစ်စေနိုင်သည်ဟူသော အချက်၊

(၃) လူဝင်စားများသည် အတိတ်ဘဝကို ပြန်ပြောနိုင်သည်ဟူသော အချက်–

ဤအချက် သုံးချက်ကို စုပေါင်း စဉ်းစား၍ နောက်ဘဝ ရှိ, မရှိ ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယူဆပါသည်။

ကံတူ အကျိုးပေး

ကောင်းသောအမှု, မကောင်းသောအမှုတို့ကို အောင်မြင်ထမြောက်အောင် လုံ့ဆော်သော စေတနာကို ကံဟု ခေါ်သည်။ ဥပမာ–လူသတ်မှု ကျူးလွန်ရာ၌ သေစေလိုသည့် စေတနာဖြင့် သတ်ခြင်းအမှုကို ပြီးမြောက်အောင် ဆောင်ရွက်လျှင် အကုသိုလ်ကံ အထမြောက်တော့သည်၊ အလားတူပင် ခိုးမှု လုယက်မှု ကျူးလွန်ရာ၌ သူတပါးပစ္စည်းကို မတရားရယူလိုသည့် စေတနာဖြင့် ခိုးမှု လုယက်မှုကို ပြီးမြောက်အောင် ဆောင်ရွက်လျှင် အကုသိုလ်ကံ အထမြောက်တော့သည်။ ထိုကဲ့သို့ အထမြောက်အောင် ပြုလုပ်နိုင်သော စေတနာကို ကံဟု ခေါ်ရသည်။

တဖန် အလှူဒါနပြုလုပ်ရာ၌ လှူဒါန်းလိုသည့် ဒါနစေတနာဖြင့် လှူဒါန်းခြင်းကိစ္စပြီးမြောက်အောင် ဆောင်ရွက်လျှင် ဒါနကုသိုလ်ကံ အထမြောက်တော့သည်။ သီလ ဆောက်တည် ကျင့်သုံးရာ၌ ဒုစရိုက်အမှုမှ ရှောင်ကြဉ်လိုသော စေတနာဖြင့် ဒုစရိုက်မှု မကျူးလွန်မိအောင် ရှောင်ကြဉ် စောင့်ထိန်းနိုင်လျှင် သီလကုသိုလ်ကံ အထမြောက်တော့၏။ အလားတူပင် ဂုဏ်တော်ပွားခြင်း၊ မေတ္တာပွားခြင်း စသော ဘာဝနာအမှု တစ်ခုခုကို ပြုလုပ်လိုသော စေတနာဖြင့် ဘာဝနာအလုပ်ကို အောင်မြင် ထမြောက်အောင် လုပ်လျှင် ဘာဝနာကုသိုလ်ကံ ဖြစ်တော့သည်။

ထိုစေတနာကံသည် အကြောင်းတရား ဖြစ်၍ အကျိုးတရားကို ဖြစ်ထွန်းပေါ်ပေါက်စေနိုင်သည်။ ကောင်းသော ကံသည် ကောင်းသော အကျိုးကို ဖြစ်စေ၍ မကောင်းသော ကံသည် မကောင်းသော အကျိုးကို ဖြစ်စေ၏။ အကြောင်းနှင့် အကျိုးသည် သဘာဝအားဖြင့် တူညီမှု ဆီလျော်မှု ရှိသည်။ ထို့ကြောင့် "ဇနေတိ သဒိသံ ပါက်=တူသော အကျိုးကို ပေး၏"ဟု မြတ်စွာဘုရား ဟောတော်မူခဲ့၏။ တမာစေ့ကို စိုက်ပါက တမာပင် ပေါက်မည်။ တမာသီး သီးလာ၍ ခါးသော အရသာကို ခံစားရပေမည်၊ သရက်စေ့ကို စိုက်ပါက သရက်ပင် ပေါက်လာမည်၊ သရက်သီး သီးလာ၍ ချိုသော အရသာကို ခံစားရပေမည်၊ စပါးစိုက်သော လယ်သမားသည် စပါးကို ရိတ်သိမ်းရပေလိမ့်မည်။ ဂျုံစိုက်သော လယ်သမားသည် ဂျုံကိုသာ ရိတ်သိမ်းရပေလိမ့်မည်။

ကံ၏ အကျိုးများ

ဖော်ပြပါ ကုသိုလ်ကံ, အကုသိုလ်ကံများသည် နာမ်အကျိုးတရားနှင့် ရုပ်အကျိုးတရားနှစ်မျိုးကို ဖြစ်စေနိုင်သည်။ နာမ်အကျိုးတရားများကို "ဝိပါက=ဝိပါက်"ဟု ခေါ်သည်။ ဝိပါက်စိတ် ဝိပါက်ဝိညာဏ်ဟုလည်း ခေါ်သည်။

ရုပ်အကျိုးတရားများမှာ ကမ္မဇရုပ်နှင့် ကမ္မပစ္စယ ဥတုဇရုပ်များ ဖြစ်ကြသည်။

ကံကြောင့် ဖြစ်သော ကမ္မဇရုပ်များ

ကံကြောင့် ဖြစ်ခသော ရုပ်များမှာ အကျဉ်းအားဖြင့် အောက်ပါအတိုင်း ဖြစ်ကြသည်—

(က) မျက်စိအကြည်ဓာတ် (အမြင်ဓာတ်)၊
(ခ) နားအကြည်ဓာတ် (အကြားဓာတ်)၊
(ဂ) နှာခေါင်းအကြည်ဓာတ် (အနံ့ခံဓာတ်)
(ဃ) လျှာအကြည်ဓာတ် (အရသာခံဓာတ်)၊
(င) ကာယအကြည်ဓာတ် (ထိတွေ့အာရုံခံဓာတ်)၊
(စ) အသက်ဓာတ် (ဇီဝိတဓာတ်)၊
(ဆ) အထီးအမ ခွဲခြားသောရုပ် (ဘာဝရုပ်)၊
(ဇ) နှလုံးအကြည်ဓာတ် (ဟဒယဝတ္ထု)။

အဓကြောင်းကံ၏ စွမ်းအားအနည်းအများ ကွာခြားမှုကို လိုက်၍ အမြင့်ဓာတ်, အကြားဓာတ် စသည်တို့လည်း စွမ်းအားဆနည်းအများ ကွာခြားမှု ရှိကြသည်။

သတ္တဝါ အချင်းချင်း မျက်စိမြင်နိုင်စွမ်းအား မတူညီကြသည်ကို တွေ့ရှိနေရသည်။ မျိုးနွယ်အရ လည်းကောင်း၊ အသက်အရွယ်အရ လည်းကောင်း တူညီသော ပုဂ္ဂိုလ်နှစ်ဦးတို့ မြင်နိုင်စွမ်းအား မတူညီကြပုံကို လေ့လာကြည့်ရှုသင့်သည်။ အလားတူပင် ကြားနိုင် စွမ်းအား၊ အနံ့ခံနိုင် စွမ်းအား၊ ထိတွေ့အာရုံ ခံယူနိုင် စွမ်းအား၊ အရသာခံနိုင် စွမ်းအား၊ သက်လုံကောင်းမှု အသက်တို့ရှည်မှု၊ ကွဲပြားခြားနားမှု ရှိနေကြသည်ကို လေ့လာသိရှိနိုင်ပေသည်။ ကံချင်း မတူသဖြင့် ဤသို့ ကွဲပြားခြင်း ဖြစ်သည်။ ထို့ကြောင့် ဤဖော်ပြပြီး ရုပ်များသည် ကံအကြောင်းရင်းခံ၍ ဖြစ်ပေါ်ကြရသောကြောင့် ကမ္မဇရုပ်ဟု ခေါ်ရသည်။

ကံကြောင့် ဖြစ်သော ဥတုဇရုပ်များ

သတ္တဝါတို့၏ ကုသိုလ်ကံ အကုသိုလ်ကံကို အကြောင်းပြု၍ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသုံးပါး ညီညွတ်ခြင်း စသည်ဖြင့် ရာသီဥတု ညီညွတ်မှု ဖောက်ပြန်မှုများ ဖြစ်ပေါ်သည်။ ယင်း ရာသီဥတုအခြေအနေကို အမှီပြု၍ ကောက်ပဲသီးနှံများ အဆီအနှစ် ပြည့်ဝမှု၊ ဆုတ်ယုတ်မှု ရှိနိုင်သည်။ ကောက်ပဲသီးနှံအစာအာဟာရကို အကြောင်းပြု၍ သတ္တဝါများ ကျန်းမာရေး ကောင်းမွန်ခြင်း၊ ရောဂါထူပြောခြင်း၊ အသက်ရှည်ခြင်း၊ တိုခြင်း ဖြစ်လာနိုင်သည်။ ထို့ပြင် နတ်ပြည် ဗြဟ္မာ့ပြည်တို့တွင် နတ်ဗြဟ္မာများအတွက် ဘုံဗိမာန် ဥယျာဉ် ပန်းမာလ် ပဒေသာပင်ဟု ခေါ်သော ဥတုဇရုပ်များ ဖြစ်ပေါ်ကြသည်။ ငရဲပြည်တွင် ငရဲသားများ၏ အကုသိုလ်ကံကြောင့် ဇရဲမီးလျှံများ၊ သံပူရည်များ၊ သံဒလိမ့်တုံးများ စသော ဥတုဇရုပ်များ ဖြစ်ပေါ်နေကြသည်။ ယင်း ရုပ်များသည် ကံအကြောင်းရင်းခံသည့် ဥတုကြောင့် ဖြစ်သည်။ ထို့ကြောင့် ကမ္မပစ္စယ ဥတုဇရုပ်ဟု ခေါ်သည်။ (ကမ္မပစ္စယ=ကံလျှင် အကြောင်းရှိသော၊ ဥတုဇ=ဥတုကြောင့် ဖြစ်ခြင်း။)

ထို့ကြောင့် အတိတ်ကံကောင်းသူများသည် ရေ မြေ သြဇာ ရာသီဥတု ကောင်းသောနေရာ၌ ဖြစ်ကြရသည်။ အတိတ်ကံဆိုးသူများသည် ရေရှားပါး၍ မြေသြဇာခန်းခြောက်သော အပူအအေး လွန်ကဲသော နေရာဒေသများ၌ ဖြစ်ကြရသည်။

တစ်ဘဝ၏ အပိုင်း သုံးပိုင်း

သတ္တဝါ၏ ဘဝတစ်သက်တာကို အခါအားဖြင့် သုံးပိုင်း ပိုင်းနိုင်သည်—

(က) ပဋိသန္ဓေအခါ၊
(ခ) ပဝတ္တိအခါ၊
(ဂ) စုတိအခါ–

ဟူ၍ သုံးပိုင်း ပိုင်းနိုင်သည်။

ပဋိသန္ဓေအခါ

ပဋိသန္ဓေအခါဆိုသည်မှာ ဘဝတစ်ခု၏ အစ ကနဦး ဖြစ်ချိန်ကာလကို ဆိုလိုသည်။ သတ္တဝါတို့၏ မျိုးရိုးဗီဇကို လိုက်၍ ပဋိသန္ဓေနေမှု ၄-မျိုး ရှိသည်။

ၛင်းတို့မှာ—

– ဇလာဗုဇပဋိသန္ဓေ
– အဏ္ဍဇပဋိသန္ဓေ } ဂဗ္ဘသေယျက=အမိဝမ်း ကိန်းရသူ
– သံသေဒဇပဋိသန္ဓေ
– ဩပပါတိကပဋိသန္ဓေ–

တို့ဖြစ်ကြသည်။

လူ, မျောက်, မြင်း, နွား စသော နို့တိုက်သတ္တဝါမျာ်းသည် အမိဝမ်းဗိုက်သားအိမ်၌ စွဲမြဲဖြစ်ပေါ်ခဲ့ရ၍ ဇလာဗုဇပဋိသန္ဓေဟု ခေါ်သည်။ (ဇလာဗု=သားအိမ်။) ကြက် ဋက် ငါး ဖား စသော ဥမှ ပေါက်သော သတ္တဝါမျာ်းကို အဏ္ဍဇပဋိသန္ဓေဟု ခေါ်သည်။ (အဏ္ဍ=ဥ။) ယင်းပဋိသန္ဓေ နှစ်မျိုးလုံးကို အမိဝမ်း၌ ကိန်းရခြင်း ဖြစ်၍ ဂဗ္ဘသေယျက-ဟု ခေါ်သည်။ (ဂဗ္ဘ=ဝမ်းဗိုက်၊ သေယျက=ကိန်းအောင်းရသူ။)

ဗက်တီးရီယား၊ အမီးဘား စသော ပိုးမွှားမျာ်းသည် အညီအဟောက် အကျိအခဲ့ကို စွဲမြဲ၍ ဖြစ်ပေါ်ရသောကြောင့် သံသေဒဇပဋိသန္ဓေဟု ခေါ်သည်။ (သံသေဒ=အကျိ အခဲ့=ကျယ်လီ။)

မိုးပေါ်မှ ပြုန်းခနဲ ကျလာသကဲ့သို့ ခြေလက်အင်္ဂါ အပြည့်အစုံ အရွယ်ရောက်ပြီး ပုံပန်း သဏ္ဌာန်ဖြင့် ရုတ်တရက် ချက်ချင်း ဘွားခနဲ ဖြစ်ပေါ်လာသော ပဋိသန္ဓေကို ဩပပါတိကပဋိသန္ဓေဟု ခေါ်သည်။ (ဩပပါတိက=ဥပ+ပါတ+ဏ္ဍက၊ ဥပ=ခုန်လွှား၍+ ပါတ= ကျရောက်သကဲ့သို့+ဏ္ဍက=ဖြစ်ခြင်းရှိသူ။) ပြိတ္တာ အသူရကာယ်နှင့် ငရဲသူ ငရဲသားမျာ်းသည် မိမိရောက်ရမည့် ဘုံဌာန၌ ပြုန်းခနဲ ဘွားခနဲ ချက်ချင်း ဖြစ်ပေါ်ရသည်။ ဤချိန်

ယူ၍ တဖြည်းဖြည်းချင်း ရင့်ကျက်ရခြင်း၊ ပဋိသန္ဓေနေရခြင်းမျိုး မရှိ၊ အလားတူပင် နတ်ပြဟ္မာတို့သည်လည်း ပဋိသန္ဓေခဏမှာပင် ကိုယ်အင်္ဂါအပြည့်အစုံအရွယ်ဆောက်ပြီး ပုံပန်းသဏ္ဌာန်ဖြင့် ဖြစ်ပေါ်ကြရသည်။ ဤကဲ့သို့ မိုးပေါ်မှာ ပြုန်းခနဲ ကျလာသလို ဖြစ်ပေါ်လာသော ပဋိသန္ဓေကို သြပပါတိကပဋိသန္ဓေဟု ခေါ်သည်။

သံသေဒဇ သတ္တဝါနှင့် သြပပါတိက သတ္တဝါတို့မှာ ပဋိသန္ဓေအခိုက်မှာပင် မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကာယအကြည်ရုပ်၊ ဟဒယနှလုံးအကြည်ရုပ်၊ အထီး အမ ခဲခြားသည့် ရုပ်များ တပြိုင်နက် ဖြစ်ပေါ်ကြသည်။ သို့ရာတွင် ပြိတ္တာ အသူရကာယ်နှင့် ငရဲသားများမှာ အချို့ မျက်စိမပါ၊ အချို့ နားမပါ၊ အချို့ အနှံ့ခံရုပ် မပါ၊ အချို့ အထီးအမ ခဲခြားသည့် ရုပ်မပါဘဲ ရှိတတ်သည်။ နတ်ပြည်ခြောက်ထပ် နတ်တို့မှာမူ တစ်စုံတစ်ခုမျှ ချို့တဲ့မှုမရှိ၊ အပြည့်အစုံပါရှိကြသည်။ ရူပဗြဟ္မာတို့၌ အနှံ့ခံရုပ် (ဃာနပသာဒ), အရသာခံရုပ် (ဇိဝှါပသာဒ), တွေ့ထိအာရုံခံရုပ် (ကာယပသာဒ), အထီးအမ ခဲခြားမှု (ဘာဝရုပ်)တို့ မရှိချေ။

အမိဝမ်းဦး ကိန်းအောင်း ပဋိသန္ဓေနေရသော ဂဗ္ဘသေယျက သတ္တဝါများမှာ ပဋိသန္ဓေခဏ၌ တွေ့ထိအာရုံခံရုပ်(ကာယပသာဒ),အထီးအမ ခဲခြားမှု (ဘာဝရုပ်), ဟဒယနှလုံးအကြည်ဓာတ်(ဝတ္ထုရုပ်)ဤ ရုပ်သုံးမျိုးတို့ တပြိုင်နက် ဖြစ်ပေါ်ကြသည်။ အချို့သော ဂဗ္ဘသေယျက သတ္တဝါများ၌မူ အထီးအမ ခဲခြားမှု ဘာဝရုပ် ချို့တဲ့သဖြင့် နပုန်း ပဏ္ဍုက် ဖြစ်ကြရသည်။ မျက်စိ နား နှာခေါင်းတို့မှာမူ သင့်လျော်သည့် အချိန်ကာလအလျောက် တဖြည်းဖြည်းချင်း ဖြစ်ကြရသည်။ လူသတ္တဝါများမှာ ပဋိသန္ဓေ စတင်တည်နေပြီးနောက် (၇၇) ရက်မြောက်၌ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်များ ဖြစ်ပေါ်ကြရသည်။

[ပဋိသန္ဓေအခါကို ရှင်းပြပြီးနောက် အစဉ်ကျအောင် ပဝတ္တိအခါကို တစ်ဆက်တည်း ရှင်းပြသင့်သော်လည်း အဓိပ္ပါယ် ပို၍ နားလည်စေရန် အလို့ငှါ စုတိအခါကို ရှေးဦးစွာ ရှင်းပြထားပါသည်။]

စုတိအခါ

သတ္တဝါတို့၏ ဘဝတစ်ခု၏ နိဂုံးအဆုံးသတ် ကွယ်လွန်ခြင်း၊ သေဆုံးခြင်းကို စုတိဟု ခေါ်သည်။ ဘဝတစ်ခု၏ နောက်ဆုံး ဖြစ်သော စိတ်ကို စုတိစိတ်ဟု ခေါ်သည်။ ယင်း စုတိစိတ်နှင့် ပဋိသန္ဓေစိတ်သည် အမျိုးအစား တူကြသည်။ အာရုံချင်း တူကြသည်။ သြပပါတိကသတ္တဝါများ၏ ရုပ်ခန္ဓာကိုယ်သည် အလွန်

နူးညံ့သိမ်မွေ့သဖြင့် သေဆုံးသည်နှင့် တပြိုင်နက် ခန္ဓာကိုယ် အကြွင်းအကျန် မရှိ ချုပ်ငြိမ်းသွားသည်။ ဥပမာအားဖြင့် မီးတိုင်တစ်ခု၏ မီးတောက်မီးလျှံကို လေဖြင့် မှုတ်သတ်လိုက်သောအခါ မီးတောက်မီးလျှံသည် အကြွင်းအကျန်မရှိ ချုပ်ပျောက်သွားသည်။ ထိုသို့ မီးလျှံချုပ်ပျောက်သွားသကဲ့သို့ ဩပပါတိက သတ္တဝါတို့၏ ရုပ်ခန္ဓာသည် သေသည်နှင့် တပြိုင်နက် ချုပ်ပျောက်သွားသည်။ အလောင်းကောင် အကြွင်းအကျန် မရှိချေ။

ဂဗ္ဘသေယျကသတ္တဝါ (လူနှင့် တိရစ္ဆာန်) များမှာမူ အာဟာရကြောင့် ဖြစ်သောရုပ် (အာဟာရဇရုပ်), ဥတုကြောင့် ဖြစ်သောရုပ် (ဥတုဇရုပ်) များသည် စုတိစိတ်ကျ၍ နာမ်ဝေဒနာများများချုပ်ငြိမ်းသွားပြီးနောက် ပျောက်ကွယ်မသွားဘဲ ကျန်ရှိနေရစ်ခဲ့သည်။ ထို့ကြောင့် အလောင်းကောင်ကို သင်္ဂြိဟ်မှုကိစ္စ ပြုကြရသည်။ ပြိတ္တာ အသူရကာယ် ငရဲသားများနှင့် နတ် ဗြဟ္မာတို့မှာ ဩပပါတိက သတ္တဝါများ ဖြစ်ကြ၍ သေလျှင် အလောင်းဟူ၍ကောင် မကျန်ရစ်ချေ။

ပဝတ္တိအခါ

အထက်တွင် ရှင်းလင်း ဖော်ပြပြီးသော ပဋိသန္ဓေခဏနှင့် စုတိခဏတို့၏ အကြား သတ္တဝါ၏ တစ်ဘဝတာ အသက်ရှင်နေသည့် ကာလကို ပဝတ္တိအခါဟု ခေါ်ရသည်။ ဤကဲ့သို့ ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါတို့ကို ခွဲခြားနားလည်မှ သာလျှင် ကံအကျိုးပေးပုံကို ခွဲခြားနားလည်နိုင်မည် ဖြစ်ပေသည်။

စွမ်းအင်အရ ကံ ၄-မျိုး

ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို စွမ်းရည်သတ္တိ စွမ်းအားအလျောက် ၄-မျိုး ခွဲခြားနိုင်သည်။ ၎င်းတို့မှာ—

(က) ဇနကကံ = အစအဦးစွမ်းအင်၊
(ခ) ဥပတ္ထမ္ဘကကံ = အကူစွမ်းအင်၊
(ဂ) ဥပပီဠကကံ = ဆန့်ကျင်တားဆီးစွမ်းအင်၊
(ဃ) ဥပဃာတကကံ = ပယ်ဖျက်စွမ်းအင်—

တို့ဖြစ်ကြသည်။

ဇနကကံ

ဗြဟ္မာ့ဘုံ၌ ဗြဟ္မာပဋိသန္ဓေ၊ နတ်ဘုံ၌ နတ်ပဋိသန္ဓေ၊ လူ့ဘုံ၌ ၇-ပုပဋိသန္ဓေ၊ အပါယ်ဘုံ၌ အပါယ်ပဋိသန္ဓေကို ဖြစ်စေနိုင်သော စွမ်းအင်မျိုး ဖြစ်သည်။

အစအဦး ဖြစ်စေနိုင်သော စွမ်းအားဖြစ်၍ အလွန်အင်အား ကြီးမားသည့် ကံဖြစ်သည်။ ကုသိုလ်အမှု၊ သို့မဟုတ် အကုသိုလ်အမှုကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား ပြုလုပ်ကျူးလွန်ခဲ့သည့် ကံဖြစ်သည်။ ဤကံမျိုးကို ကမ္မပထမြောက်သောကံဟု ခေါ်ရသည်။ အလားတူပင် ပဝတ္တိအခါ၌ အစဦးစွာ ထူးထူးခြားခြား အကျိုးပေးခြင်းသည် ဇနကံဖြစ်သည်။ ဥပမာအားဖြင့် ဆင်းရဲသား တစ်ယောက် သိန်းထီပေါက်ခြင်း၊ လမ်းဘေးမှ ခွေးလေခွေးလွှဲတစ်ကောင်ကို သူဌေးက ကောက်ယူကျေးမွေးခြင်း စသည်အဖြစ်မျိုးတည်း။

ဥပတ္ထမ္ဘကံ

ဇနကံကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ သို့မဟုတ် မကောင်းကျိုးကို သက်တမ်းရှည်ကြာအောင် အထောက်အကူပြုသော ကံဖြစ်သည်။ ဥပမာအားဖြင့် ဤဘဝ၌ သီလဆောက်တည်သော ကုသိုလ်ကံများသည် အတိတ်ဘဝကံကြောင့် ရရှိထားသော အသက်ကို ပို၍ ရှည်စေ၏။ အထောက်အကူပြုထုထောက်သည်။ ထို့ပြင် အကျိုးပေးခွင့် မရသေးသည့်ဇနကံသည်လည်း ဥပတ္ထမ္ဘကံမည်၏။ ဥပမာအားဖြင့် အတိတ်ဘဝ ကုသိုလ်ကံများ၊ အကျိုးပေး ချမ်းသာစေရန် ရတနာသုံးပါးအား ဆည်းကပ်ခြင်း၊ ဒါန သီလ ဘာဝနာမှု အားထုတ်ခြင်းဖြင့် အတိတ်ကုသိုလ်ကံများ အကျိုးပေးနိုင်ရန် လမ်းဖွင့်ပေးထောက်သည်။ တဖန် လုယက်သတ်ဖြတ်ခြင်း၊ မူးယစ်သောက်စားခြင်း၊ မိုက်ရမ်းစော်ကားခြင်းစသော ဤဘဝအကုသိုလ်ကံများသည် အတိတ်ဘဝအကုသိုလ်ကံများ အကျိုးပေးခွင့်သာအောင် အထောက်အကူ ပြုပေးထောက်သည်။

ဥပပီဠကံ

လက်ရှိ ဖြစ်ပေါ်နေသော အကျိုးတရားများကို အားနည်းသွားစေရန်နှင့် အကျိုးမပေးရသေးသည့် ကံများကို အခွင့်မရအောင် တားဆီးပိတ်ပင်သောကံဖြစ်သည်။ ဥပမာအားဖြင့် သူဌေးသားတစ်ယောက်သည် မူးယစ်သောက်စား လောင်းကစား အပျော်ကြူးနေပါက လက်ရှိ ကောင်းကျိုးများကို အင်အား နည်းပါး ဆုတ်ယုတ်သွားအောင် ပြုရာရောက်သည်။ အတိတ်ကုသိုလ်ဇနကံကို ပစ္စုပ္ပန်အကုသိုလ်ဖြင့် ဆန့်ကျင်တားဆီးခြင်းဖြစ်သည်။ အလားတူပင်ဆင်းရဲသားတစ်ယောက်သည် စွမ်းနိုင်သမျှ အလှူဒါန ပြုနေပါက လက်ရှိ မကောင်းကျိုးဆင်းရဲမွဲတေမှုကို အင်အား နည်းပါးသွားအောင် ဆန့်ကျင်တားဆီးနေခြင်းဖြစ်သည်။ အတိတ် အကုသိုလ် ဇနကံကို ပစ္စုပ္ပန် ကုသိုလ်ဖြင့် ဆန့်ကျင်တားဆီးခြင်း ဖြစ်သည်။

ဥပဃာတကကံ

လက်ရှိ အကျိုးပေးနေသော ကံ၏ စွမ်းအင်ကို လုံးဝ ပယ်ဖျက်နိုင်သော ကံဖြစ်သည်။ ဥပမာအားဖြင့် ကျန်းကျန်းမာမာ အသက်ရှင် ရှိနေရာမှ မြုန်းခန့် ရုတ်ဘရက် သေဆုံးခြင်း၊ သွေမဟုတ် အသတ်ခံရခြင်း၊ သန်းကြွယ်သူဌေးဘဝမှ ချွတ်ခြုံကျအောင် မဲ့တသွားခြင်း၊ လူမဲ့တစ်ယောက်က သိန်းထီပေါက်ခြင်း များသည် အကျိုးပေးနေသော အတိတ်ကုသိုလ် အကုသိုလ်တို့၏ ဇနက စွမ်းအင်ကို လုံးဝပြောင်းလဲသွားအောင် ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ လက်ရှိ ဘခြေအနေကို ပြောင်းပြန် ဖြစ်သွားအောင် ဖန်တီးနိုင်သော ကံကို ဥပဃာတကကံဟု ခေါ်သည်။

ထို ၄-မျိုးတို့တွင် ဇနကကံနှင့် ဥပဃာဘကကံတို့သည် လွန်စွာ အင်အား ကြီးမား၍ စွမ်းရည်တူကြသည်။ ဥပတ္ထမ္ဘကကံနှင့် ဥပပီဠကကံတို့သည် လွန်စွာ အားနည်း၍ ၎င်းတို့ အချင်းချင်း ညီမျှကြသည်။ လောက ဥပမာအားဖြင့် ဝန်ထုပ်ဝန်ပိုး အပြည့်အဝ တင်ထားသော လက်တွန်းလှည်း တစ်စီးကို ရွှေလျားစေရန် စတင်တွန်းသည့်အခါ အင်အားမျာစွာ စိုက်ထုတ်ရသည်။ တစ်ယောက်တည်း မနိုင်လျှင် နှစ်ယောက်, သုံးယောက် တွန်းရသည်။

ထိုသို့ နှစ်ယောက်, သုံးယောက် တွန်းရသည့် လှည်းကို အရှိန်ရလာသည့်အခါ တစ်ယောက်တည်း လက်တစ်ဖက်တည်းဖြင့် သက်တောင့်သက်သာ တွန်းနိုင် ရွေ့နိုင်သည်။ တဖန် ထိုကဲ့သို့ အရှိန်ဖြင့် ရွေ့လျားနေသော လှည်းကို ရပ်စေလိုပါက ပြောင်းပြန် အားစိုက်ထုတ်ရပေသည်။ ပြောင်းပြန် စွမ်းအားသည် နည်းနေပါက နှေးရုံမျှသာ နှေးမည်။ ရွှေမှ ကြမ်းတုံးခုပေးခြင်း၊ သွေမဟုတ် အားကောင်းသူ တစ်ဦးက ဆီးတွန်းထားခြင်း ပြုလုပ်ပါမှ ထိုလှည်းသည် ရပ်ဆိုင်းသွားမည် ဖြစ်သည်။ ဤဥပမာ၌ လှည်းစတင်ရွေ့လျားစေရန် စွမ်းအား စိုက်ထုတ်ရမှုသည် ဇနကကံနှင့် အလားတူ၏။ အရှိန် ရပြီးနောက် တွန်းရ ခြင်းသည် ဥပတ္ထမ္ဘကကံနှင့် တူ၏။ အရှိန် လျော့သွားစေရန် ပြောင်းပြန် အားစိုက်ရခြင်းသည် ဥပပီဠကကံနှင့် တူ၏။ လုံးဝ ရပ်ဆိုင်းသွားအောင် အားကောင်းသူ တစ်ဦးက ဆီး၍ တွန်းထားခြင်းသည် ဥပဃာတကကံနှင့် တူ၏။

အခွင့်အခါအရ ကံ ၄-မျိုး

ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် အကျိုးဖေးရန် အခွင့်အခါရမှု အလျှည့်ကျမှုအားဖြင့် ဖောက်ပါအတိုင်း ၄-မျိုးရှိသည်—

(က) ဂရုကံ=အလွန်စွမ်းအားကြီးသောကံ၊

(ခ) အာသန္နကံ=သေခါနီးကံ၊

(ဂ) အာစိဏ္ဏကံ=လေ့ကျင့်ထားသည့်ကံ၊

(ဃ) ကဋတ္တာကံ=သာမညကံ။

ဂရုကံ

ကြီးလေးသောအကျိုးကို ပေးနိုင်သောကံဖြစ်သည်။ ဤဘဝမှ သေဆုံးလျှင် နောက်ဘဝ၌ အဆိုးအတားမရှိ အနှောင့်အယှက်မရှိ သေချာပေါက် အကျိုးပေးနိုင်သည့်ကံဖြစ်သည်။ ကုသိုလ်ကံအရာ၌ ရူပါဝစရကုသိုလ်ကံ အရူပါဝစရကုသိုလ်ကံဟု ခေါ်သော စျာန်ကုသိုလ်ကများဖြစ်သည်။ စျာန်ရသော ပုဂ္ဂိုလ်သည် သေဆုံးလျှင် သေချာပေါက် ဗြဟ္မာပြည်သို့ ရောက်မည်။ ပထမစျာန်ရသူသည် ပထမစျာန်ဘုံသို့ ရောက်မည်။ စတုတ္ထစျာန်ရသူသည် စတုတ္ထစျာန်ဗြဟ္မာဘုံသို့ ရောက်မည်။ အရူပစျာန် ရသူသည် အရူပဗြဟ္မာ ဖြစ်မည်မှာ သေချာသည်။

အကုသိုလ်အရာ၌မူ ပဉ္စာနန္တရိယကံဟု ခေါ်သော ကံကြီး ၅-ပါးသည် ဂရုကံ ဖြစ်သည်။ ဤကံမျိုးကို ကျူးလွန်ထားသူသည် သေလျှင် အတားအဆီးမရှိ ငရဲသို့ ကေန်ရောက်ရမည်။ (ပဉ္စာနန္တရိယ=ပဉ္စ+အာနန္တရိယ၊ ပဉ္စ=၅-ပါး+အာနန္တရိယ=နောက်ဘဝအကျိုးပေးမည့်ကံ။)

အာနန္တရိယကံ ၅-ပါးမှာ—

- မာတုဃာတကကံ = အမိကို သတ်ခြင်း၊
- ပိတုဃာတကကံ = အဘကို သတ်ခြင်း၊
- အရဟန္တဃာတကကံ = ရဟန္တာကို သတ်ခြင်း၊
- လောဟိတုပ္ပါဒကကံ = ဘုရားရှင်ကို သွေးစိမ်း တည်အောင် ပြုခြင်း၊
- သံဃဘေဒကကံ = သံဃာသင်းခွဲခြင်း—

ဤကံ ငါးပါးတို့မှာ အမိအဘ အသက်သတ်မှုထက် ရဟန္တာသတ်မှုက ပို၍ အပြစ်ကြီး၏။ ရဟန္တာသတ်မှုထက် လောဟိတုပ္ပါဒကံသည် ပို၍ အပြစ်ကြီး၏၊ ထိုလောဟိတုပ္ပါဒကံထက် သံဃဘေဒကံသည် ပို၍ အပြစ်အကြီးဆုံးဖြစ်၏။

အာသန္နကံ

ဂရုကံထိုက်သော ကုသိုလ်ကံကြီးများ၊ အကုသိုလ်ကံကြီးများ မရှိပါက သေခါနီးကာလ၌ ပြုလုပ်သောကံ၊ သို့မဟုတ် ထင်မြင်လာသောကံသည် အကျိုးပေးခွင့်ရသည်။ (အာသန္နဿ=အနီး။) သေခါနီးအခါ၌ တရားနာခြင်း၊ ပန်းဆီမီးပူဇော်ခြင်းသည် ကုသိုလ်အာသန္နကံမည်၏။ တစ်ယောက်နှင့် တစ်ယောက် ထိုးခုတ်ရိုက်ပုတ်ခြင်းဖြင့် သေရသူသည် သေခါနီးမှ ပြုလုပ်သော အကုသိုလ် အာသန္နကံမည်၏။ တစ်ခါတစ်ရံ ကာလရှည်ရှည်ဝေးဝေးက ပြုလုပ်ခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံများသည် သေခါနီး အခါ ပြန်လည် သတိရ အောက်မေ့လျှင် ထိုကံသည် အကျိုးပေးခွင့်ရ၏။

အာစိဏ္ဏကံ

အမြဲတစေ အဖန်ဖန် ထပ်ကာ ထပ်ကာ ပြုလုပ်နေသော ကံသည် အာစိဏ္ဏကံမည်၏။ (အာစိဏ္ဏ=အလေ့အကျင့်။) အကုသိုလ် အထူး၌ သူအသက်သတ်၍ အသက်မွေးဝမ်းကျောင်းပြုရခြင်း၊ ခိုးဝှက်လုယက်၍ အသက်မွေးဝမ်းကျောင်းပြုရခြင်း၊ ကုသိုလ်အထူး၌ ဒါနမှု သီလမှု ဘာဝနာမှုတို့ အမြဲမပြတ် ပြုလုပ်နေခြင်းသည် အာစိဏ္ဏကံမည်၏။ အကုသိုလ်အမှုတစ်ခုကို ပြုပြီးနောက် ဈာန၊ ဈာန သတိရ၍ နောင်တ တဖန် ပူပန်နေပါက အကုသိုလ် အာစိဏ္ဏကံ ဖြစ်သည်။ ကုသိုလ်တစ်ခုခု ပြုပြီးနောက် မကြာခဏ ဝမ်းမြောက် သတိရနေပါက ကုသိုလ် အာစိဏ္ဏကံ ဖြစ်သည်။

အာစိဏ္ဏကံသည် အာသန္နကံထက် အင်အားကြီးသည်။ သို့ထူတွင် အကျိုးပေးထူ၌ အာသန္နကံသည် ဦးစွာအကျိုးပေးခွင့်ရသည်။ ဥပမာအားဖြင့် နွားခြံတစ်ခုအတွင်း၌ နွားအိုကြီး တစ်ကောင်သည် ခြံတံခါးပေါက်ဝ၌ ဝပ်နေ၏၊ နံနက်လင်း၍ နွားမျှင်းကို ခြံတံခါးဖွင့် လွှတ်သောအခါ တံခါးဝနှင့် အနီးဆုံး နွားအိုကြီးသည် ရှေးဦးစွာ ထွက်ခွင့်ရ၏။ ထိုနည်းတူ အင်အားနည်းသော အာသန္နကံသည် သေခါနီးအခါ၌ အနီးကပ်ဆုံး ဖြစ်နေ၍ အကျိုးပေးခွင့် အလှည့် ရှေးဦးစွာ ရရှိလေသည်။

သို့ဆုတွင် ယေဘုယျအားဖြင့် အာစိဏ္ဏကံသည် အာသန္နကံအဖြစ် ရနိုင်သည်။ အမြဲတစေ ရွတ်ဆိုပွားများ လေ့ကျင့်၍ စိတ်အာရုံ ညွှတ်ကိုင်းနေသောကြောင့် သေခါနီးအခါ၌ အာသန္နကံအဖြစ် ရောက်ရှိလာသည်။ ဘုရားကျောင်းတော် အမြဲရွတ်ဆို ပွားများနေသူမှာ သေခါနီးတွင်လည်း ဂုဏ်တော်ကိုယ် အာရုံထင်လာ

တတ်သည်။ အမြဲတစေ ဒုစရိုက်မှု ပြုနေသူမှာ သေခါနီးတွင် ယင်းဒုစရိုက်မှုမှာ အာရုံနိမိတ်ထင်လာတတ်သည်။ ထို့ကြောင့် အာစိဏ္ဏက် (အမြဲလေ့ကျင့်ထားသောက်)သည် အာသန္နက် (သေခါနီးက်)အဖြစ် ရောက်ရှိလာနိုင်သည်။

သီဟိုဠ်ကျန်းတွင် ငယ်စဉ် အခါက မုဆိုးပြုလုပ်ခဲ့သော တောထွက်ရဟန်းကြီးသည် သေခါနီး အခါတွင် လောလောဆယ် အမဲလိုက်နေရသကဲ့သို့ အာရုံတွင် ထင်ပေါ်လာသည်။ ထို့နောက် ငရဲခွေးများ လိုက်နေသယောင် ထင်မြင်လာ၍ သားရဟန်းအား ခွေးနက်ကြီးများကို မောင်းထုတ်ပေးရန် ဟစ်အော် ယောင်ယမ်းသည်။ ထိုအခါ သားရဟန်းက သေခါနီး အာရုံနိမိတ် ပြောင်းလဲသွားစေရန် ဖခင်ရဟန်းကြီးကို မဟာစေတီ ရင်ပြင်ပေါ်သို့ ခုတင်ညောင်စောင်းဖြင့် ပင့်ထားပြီး လျှင် ပန်း ရေချမ်း ဆီမီးတို့ကို စေတီတော်အား ကပ်လှူပေးသည်။ ဖခင်အား စိတ်ဖြင့် ဘုရားအား ပန်း ရေချမ်းကပ်လှူရန် တိုက်တွန်းသည်။ ဖခင်ရဟန်းကြီးသည် ဘုရားအား ပန်း ရေချမ်း ဆီမီး ကြည်ညိုလှူဒါန်းမှုကြောင့် နတ်ဘုံနတ်နန်း အာရုံနိမိတ်များ ပြောင်းလဲထင်မြင်လာသည်။

ဤဝတ္ထုဌ္ဌ ဖခင် ရဟန်းကြီးသည် အမြဲတစေ ပြုလုပ်ခဲ့သော အကုသိုလ် အာစိဏ္ဏကံများက အနီးကပ် အာသန္နကံအဖြစ် နိမိတ်ထင်လာသည်ကို တွေ့နိုင်ပါသည်။ သို့ရာတွင် သားရဟန်း၏ လိမ္မာကျမ်းကျင်မှုကြောင့် ဘုရားပန်းလှူမှု အာသန္နကံ ကုသိုလ်ပြုစု ပျိုးထောင်ပေးရာ ကောင်းရာ သုဂတိရောက်ရလေသည်။

ကဋ္ဌတ္တာက

ကဋ္ဌတ္တာကံ ဆိုသည်မှာ အမှတ်တမဲ့ သာမန်အားဖြင့် ပြုလုပ်အပ်သောကံများ ဖြစ်သည်။ အထက်တွင် ဖော်ပြပြီးသော ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ အဆင့်သို့ မရောက်ဘဲ တစ်ခါတစ်ရံ အမှတ်မဲ့ပြုခဲ့သောသာမညကံများဖြစ်သည်။ ယင်းကံများမှာ ရှေးက ၃-ပါး မရှိလျှင် အကျိုးပေးခွင့် ရသည်။

အကျိုးပေးထုကာလ အနီးအဝေးအရ ကံ ၄-မျိုး

ထုနည်းအားဖြင့် အကျိုးပေးထုကာလ အနီးအဝေး လိုက်၍ အောက်ပါအတိုင်း ကံ ၄-မျိုး ခွဲခြားနိုင်သည်—

(က) ဒိဋ္ဌဓမ္မဝေဒနီယကံ = ချက်ချင်းလက်ငင်းကံ၊
(ခ) ဥပပဇ္ဇဝေဒနီယကံ = နောက်ဘဝ အကျိုးပေးမည့်ကံ၊
(ဂ) အပရာပရိယဝေဒနီယကံ = ဘဝဆက်ဆက် အကျိုးပေးမည့်ကံ၊
(ဃ) အဟောသိကံ = အကျိုးမပေးသည့်ကံ။

ဒိဋ္ဌဓမ္မဝေဒနီယကံ

ကောင်းမှုကုသိုလ်ကိုလည်းကောင်း, မကောင်းမှု အကုသိုလ်ကိုလည်း**ကောင်း**ပြုလုပ်ရာ၌ ချက်ချင်းလက်ငင်း ဤပစ္စုပ္ပန် ဘဝမှာပင် အကျိုးပေးသောကံဖြစ်သည်။ ကဿပဘုရားရှင်အား ဆွမ်းကပ်လှူသော ဆင်းရဲသား မဟာဒုက်သည် ချက်ချင်း သူဌေးဖြစ်သည်။ ပုဏ္ဏမည်သော ဆင်းရဲသား ဇနီးမောင်နှံသည် ရှင်သာရိပုတ္တရာကို ဆွမ်းလှူ ရခြင်းကြောင့် ချက်ချင်း သူဌေး ဖြစ်သည်။ ကာကဝလိယ ဇနီးမောင်နှံသည် ရှင်မဟာကဿပကို ဆွမ်းလှူရခြင်းကြောင့် ချက်ချင်း သူဌေးဖြစ်သည်။ နန္ဒလုလင်သည် ဥပုလဝဏ်ထေရီမကို မတရားလွန်ကျူးမှုကြောင့် ချက်ချင်း မြေမျိုခံရသည်။ နွားသတ်သမား နန္ဒသည် ထမင်းပွဲတွင် ဒူးမဲဟင်း မပါသဖြင့် အရုင်လတ်လတ် နွားလျှာကို လှီးဖြတ်ကင်စားရာ နန္ဒ၏ လျှာပြတ် ကျလေသည်။

ဥပပဇ္ဇဝေဒနီယကံ

ဤဘဝသေဆုံးပြီး နောက်ဘဝတွင် အကျိုးပေးသည့်ကံကို ဥပပဇ္ဇဝေဒနီယကံဟု ခေါ်သည်။

အပရာပရိယဝေဒနီယကံ

ဤကံမှာ နီဗ္ဗာန်မရမီ ၈ပ်ကြား မည်သည့် ဘဝမှာမဆို အခွင့်အခါရပါက အကျိုးပေးမည့်ကံ ဖြစ်သည်။ အကျိုးမပေးရသေးမချင်း တောက်လျှောက် လိုက်ပါနေမည့်ကံ ဖြစ်သည်။

အဟောသိကံ

အဟောသိကံ ဆိုသည်မှာ လုံးဝ အကျိုးမပေးတော့သည့် ကံမျှားဖြစ်သည်။ ဥပမာအားဖြင့် [illegible] ရန်ဖိုဘုရားသူမှာ စတုတ္ထဈာန်ကသာလျှင် အကျိုးပေးခွင့် ရ၍ ကျန်သော ပထမဈာန် ဒုတိယဈာန် တတိယဈာန်တို့မှာ အကျိုးပေးခွင့် မရတော့သဖြင့် အဟောသိကံ ဖြစ်လာတော့သည်။ **အလား**တူပင် အာနန္တရိယကံကြီး ၅-ပါးကို ကျူးလွန်ရာ၌ နောက်ဆုံးအပြစ် အကြီးလေးဆုံး သံဃဘေဒကံသာလျှင် အကျိုးပေးခွင့်ရ၍ကျန်သော အာနန္တရိယကံမျှား အဟောသိကံ ဖြစ်တော့သည်။

အခန်း (၂၄)

သေပြီးနောက် သုဂတိဘဝရောက်လို့သော်

သရဖည့်ဘေး ပြေးမလွတ်

ပဋိသန္ဓေနေပြီးနောက် ခန္ဓာအသစ် ရရှိလာသော သတ္တဝါတို့သည် နေ့ရက် အချိန် ဝေသောအခါ မိခင်ဝမ်းမှ မွေးဖွားလာကြရသည်။ ထိုသတ္တဝါတို့သည် မွေးဖွားပြီးနောက် တစ်နေ့နေ့တွင် မုချ သေကြပေဦးမည်။ သေရမည့်ရက်ကို ကြိုတင် တွက်ဆ မသိနိုင်ကြ၍သာ ပျော်နိုင်မော်နိုင်ကြသည်။

သတ္တဝါတို့သည် ရရှိထားသော ဘဝတွင် ကိုယ့်အတိုင်းအတာနှင့်ကိုယ် ပျော်ကြသည်။ မိမိတို့၏ အသက် အိုးအိမ် စည်းစိမ်ချမ်းသာ အန္တရာယ်မကျရောက်အောင် လူလည်း လူအလျောက်, တိရစ္ဆာန်လည်း တိရစ္ဆာန်အလျောက် ကာကွယ် စောင့်ရှောက် နေကြရသည်။ အန္တရာယ် တွေ့ကြုံလာသောအခါ ရှိသမျှ အားမာန်နှင့် ခုခံကာကွယ်ကြရသည်။ သို့သော် ကြီးနိုင်ငယ်ညှဉ်း နိုင်ဆုစား အဖြစ်ဆိုးမျှားနှင့်ကား မလွတ်ကင်း နိုင်ကြချေ။

အသက် ခန္ဓာကိုယ် ရရှိလာသူတိုင်း မိမိ၏ အသက်မသမှာကို လွန်စွာ ကြောက်ကြသည်။ အလွန်ဆင်းရဲဒုက္ခရောက်၍ စိတ်လက် မကြည်မသာဖြစ်ပြီး "သေချင်လိုက်တာ" ဟု ညည်းတွားနေသူသည် ၎င်းအား သတ်မည့်သူ ချက်ချင်း ရောက်လာလျှင် "အသက်ကလေးကိုတော့ ချမ်းသာ ပေးပါ ခင်ဗျား" ဟု မျက်နှာငယ်ဖြင့် တောင်းပန်ပေလိမ့်မည်။ ဘဝကို စွဲလမ်းနှစ်သက်မှု(ဘဝတဏှာ) သည် အလွန်ပြင်းထန်လှ၏။ ဥင်ဘုရင်လည်း ရှင်ဘုရင်အလျောက်, ဆင်းရဲသားလည်း ဆင်းရဲသားအလျောက်, ကျွန်းလည်း ကျွန်းအလျောက် မိမိတို့၏ လက်ရှိဘဝနှင့် စည်းစိမ်ချမ်းသာကို မစွန့်လွှတ်လိုကြပေ။ ဖြစ်ရာ ဘဝမှာ ပျော်နေချင်ကြသည်။ ဖြစ်ရာဘဝမှာ ပျော်နေကြခြင်းနှင့် ပတ်သက်၍ သာဓက ပြရလျှင်—

တခါက ကာသိတိုင်း ပါဠလိမြို့မှာ အဆေးကဘုရင်ကြီး စိုးစံနေ၏။ ဘုရင်ကြီးမှာ အလွန်ချောမောလှပသည့် "ဥပရီ" အမည်ရှိ မိဖုရားကြီး ရှိသည်။ မိဖုရားကြီးသည် နေ့ရှိသမျှ အလှပြင်ပြီး သူ၏ ဘဝနှင့် အလှအပပေါ်တွင် ဘဝမာန်, အလှမာန်တွေ့ ယစ်နေလည်။ ဘုရင်ကြီးမှလွဲလျှင် မည်သူကိုမျှ လူမထင်၊ မာနကြောင့် ရှိသေရမည့် သူကိုလည်း

မသိ။ ထိုမိဖုရားကြီးသည် လှပတင့်တယ် အရွယ်ကောင်းတုန်း အချိန်မှာပင် ကွယ်လွန်သွားလေသည်။ သူ၏ မာနကြောင့် ဘဝသစ်တွင် ဘုရင့်ဥယျာဉ်တော်၌ နွားချေးပိုးမ ဖြစ်ရလေသည်။

ဘုရင်ကြီးကား အချစ်ဆုံး မိဖုရားကြီး ကွယ်လွန်သွားသဖြင့် မအိပ်နိုင် မစားနိုင် အလောင်းကိုပင် မပစ်ရက်နိုင် ဖြစ်နေရှာသည်။ သို့သော် မိဖုရားကြီးကား ဘဝသစ်တွင် နွားချေးပိုးဖိုနှင့် ပျော်ပါးနေလေပြီ၊ အဿဂ ဘုရင်ကြီး ဆိုသူကိုလည်း မသိတော့ပြီ။

ထိုအချိန်တွင် ဘုရားအလောင်းတော် ရဇသ့ကြီးက အဘိညာဉ် ဘန်ခိုးဖြင့် အဿကမင်း၏ ဥယျာဉ်သို့ ကြွလာ၍ အသင်မင်းကြီး၏ မိဖုရား ဥပရီသည် ဥယျာဉ်တော်ဘွင့် နွားချေးပိုးမ ဖြစ်နေကြောင်း ပြောပြသည်။ မင်းကြီးကား ဤမျှ ချောမောလှပပြီး လိမ္မာရေးခြားရှိလှသော မိဖုရားကြီး နွားချေးပိုးမ ဖြစ်နေသည် ဆိုခြင်းကို လုံးဝ မယုံပေ။

ထိုအခါ ရဇသ့ကြီးက ပိုးဖို, ပိုးမ နှစ်ဦးစလုံး အဿကဘုရင်ကြီး ရှေ့မှောက် ရောက်လာစေရန် အာဘိညာဉ်ဖြင့် အဓိဋ္ဌာန်လိုက်ရာ ဘုရင်ကြီး၏ မျက်စိအောက်မှာပင် နွားချေးပုံထဲမှ စုံတွဲ ထွက်လာပြီး ဘုရင်ကြီး ရှေ့မှောက်သို့ ရောက်လာကြသည်။ အာဘိညာဉ်တန်ခိုးဖြင့် အဓိဋ္ဌာန်ပြီး အလောင်းတော် ရဇသ့ကြီးကိုယ်တိုင် မေးမြန်းလေသည်။

"ဟဲ့–ပိုးမ.... နင် ရှေးဘဝတုန်းက ဘယ်သူ ဖြစ်ခဲ့သလဲ"

"အဿကဘုရင်ကြီးရဲ့ အဂ္ဂမဟေသီ မိဖုရားကြီး ဥပရီ ဖြစ်ခဲ့ပါတယ် ဘုရား"

"အခုနင်ဟာ အဿကဘုရင်ကြီးကိုပဲ ချစ်သလား၊ နွားချေးပိုးဖို ကိုပဲ ချစ်သလား"

"အဿကမင်းဟာ ရှေးဘဝက တပည့်တော်မရဲ့ လင်ဖြစ်ခဲ့သော်လည်း ယခုဘဝမှာ ဘာမျှ မဆိုင်တော့ပါ၊ အဿကမင်းရဲ့ လည်ချောင်းသွေးနှင့် ယခုဘဝ တပည့်တော်မရဲ့ ချစ်လင်ဖြစ်သော ပိုးဖိုရဲ့ ခြေတို့ကို ဆေးပေးချင်ပါလေးတယ်ဘုရား"

ထိုစကားကို ကြားရသောအခါ အဿကမင်းကြီးသည် စိတ်မချမ်းမသာ ဖြစ်ကာ ဥယျာဉ်အဟုင်း၌ နေလျက်ပင် နန်းတော်မှာ ရှိသော မိဖုရားအလောင်းကို ထုတ်ဆောင်စွန့်ပစ်စေလေသည်။ ထို့နောက် ခေါင်းလျှော်ပြီး

ဘုရားအလောင်းရသေ့ကို ရှိခိုးကန်တော့၍ မြို့တွင်းသို့ ပြန်ထွက်သည့်အခါ အခြံးမီဖုများ တစ်ယောက်ကို မီဖုရားခေါင်ကြီးအရာ မြှောက်၍ ဇနီးသဖြင့် မင်းပြုလေသည်။

ဘုရားအလောင်း ရသေ့လည်း မင်းကြီးအား သောကငင်းဝေးအောင် ဆုံးမသြဝါဒပေးပြီး ဟိမဝန္တာသို့ ပြန်ကြွလေသည်။

ဤသာဓကကို ကြည့်လျှင် သတ္တဝါတို့သည် ဖြစ်ရာဘဝမှာ ပျော်နေကြသည်၊ ဘဝဟောင်းက စည်းစိမ်ချမ်းသာကို မေ့ပြီး ဘဝသစ်၌ သာယာနှစ်သက် ကြည်နူးနေကြသည်။ သေသူကို ရှင်သူက တမ်း၍ ငိုနေကြရသော်လည်း သေသူ မှာမူ ဘဝသစ်တွင် တွေ့ရသည့် အပေါင်းအဖော် သစ်များနှင့် မွေ့လျော် နေလေပြီ။ ထို့ကြောင့် သေသူအတွက် ရက်ရှည်လများ ငိုကြွေးမြည်တမ်းနေရန် မသင့်လျော်ချေ။

သေပြီးနောက် ဘာတွေ ဖြစ်ကြဦးမည်နည်း

မွေးဖွားလာသော သူတို့သည် တစ်နေ့သေကြရမည်ကား မုချကောန်ဖြစ်၏။ သေပြီးနောက် ဘာတွေ ဖြစ်၍ ဘယ်ဘဝ ရောက်ကြဦးမည်ကို ဘုရားရဟန္တာမှ အပ မည်သူမျှ အတပ်မပြောနိုင်ချေ။ ဘဝသံသရာကို မယုံကြည်သူတို့ကား ယခုဘဝ သေပြီးလျှင် ပြီးပြီဟု ယူဆထားကြ၏။ တချို့ကား ယခုဘဝ သေပြီး နောက် ကောင်းကင်ဘုံ၊ သို့မဟုတ် ငရဲဘုံ၌ နေကြရမည်ဟု ယုံကြည်ကြ၏။ အမှန်စင်စစ် ဘဝသံသရာသည် လွန်စွာ ရှည်လျား၍ ဆုံးလည်နွားကဲ့သို့ ထပ်ပြန် တလဲလဲ သေလိုက် မွေးလိုက် ဖြစ်နေသည်။ ထို့သို့ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းပြီး သံသရာလည်နေရာ၌ ဘဝကူးကောင်းရန် အရေးအကြီးဆုံး အချက်မှာ သေခါနီးတွင် ထင်လာမြင်လာသော အာရုံနိမိတ်ပင် ဖြစ်သည်။ တနည်းအားဖြင့် ဥပါဒါန်အစဲပင် ဖြစ်သည်။ ယေးအပေါ် ဥပါဒါန်အစဲကြီးသူ တစ်ဦး၏ သံသရာကျင်လည်ရပုံကို ပြဆိုပါဦးမည်။

မယားချစ်သူတစ်ဦး

သီဟိုဠ်ကျွန်း ရွာတစ်ရွာမှ လူငယ်တစ်ယောက်သည် အစ်ကို့မယား (မရီး)နှင့် ဖောက်ပြန်နေ၏။ မယားကလည်း လင်ထက် မတ်ကို ပို၍ ချစ်မြတ်နိုးနေ၏။ ထိုအခါ အစ်ကိုဖြစ်သူကို သတ်ရန် (လင်ငယ်) မတ်အား မရီးက သုံးကြိမ်တိုင်တိုင် တိုက်တွန်း၏။ မတ်က မကြံတတ်သဖြင့် မရီးကပင် အကြံပေး၏။

ထစ်နေ့ လင်တော်မောင် အလုပ်မှ မောမောဖြင့် ပြန်လာထုတွင် မယားသည် အလွန်ချစ်မြတ်နိုးလေဟန်ပြင့် လင်၏ ခေါင်းက ဆံပင်များကို ယုယုယယ

ဖြီးပေးနေရင်း "အစ်ကိုရယ် အစ်ကိုခေါင်း ချွေးတွေသံတွေနှင့် ညစ်ပေလွန်း အားကြီးနေပါပြီ။ ဟိုခံတက်ပင်ကြီး ရေဆိပ်မှာ သွားပြီး ခေါင်းလျှော်လိုက် ပါဦးနော်" ဟု ချစ်စဖွယ်အသံဖြင့် ပြောပြ၏။ အကြံကို မသိရှာသူ လင်တော် မောင်မှာ အဟုတ်မှတ်၍ ခေါင်းလျှော်ထွက်သွား၏။

ညီဖြစ်သူသည် မရိုးအကြံပေးချက်အရ ခံတက်ပင်အကွယ်တွင် ပဲခွပ် (ခားမ)ကို ကိုင်လျက် စောင့်နေ၏။ အစ်ကိုသည် မယားစကားကို နားထဲမှာ ကြားလျက် ခေါင်းလျှော်နေစဉ် ညီဖြစ်သူ၏ သတ်ဖြတ်မှုကို ခံလိုက်ရသည်။ လင်ကြီးသည် သခါနီးတွင် ဇနီးကိုစဲ့လမ်းသည့် ဥပါဒါန်အစဲ့(အကုသိုလ်ဇော) ကြောင့် ထိုအိမ်မှာပင် ထန်းမြွေ(လင်းမြွေ) ဖြစ်ရလေသည်။

ထိုမြွေသည် သူ၏ ဇနီးဟောင်းအပေါ် တွယ်တာလှသောကြောင့် အိမ်ခေါင်မိုးပေါ်တက်၍ ဇနီးအပေါ် သို့ သူ၏ ကိုယ်ကို ပစ်ချလေသည်။ ထိုမိန်းမ လည်း သူလင်ဟောင်းဖြစ်မည်ဟု ရိပ်မိ၍ ထိုမြွေကို အသတ်ခိုင်းပြန်သည်။ မြွေဘဝမှ သေပြီးနောက် ထိုအိမ်တွင် ခွေးကလေးဖြစ်ပြန်သည်။ ထိုခွေးသည် ထိုမိန်းမသွားရာနောက် တကောက်ကောက် လိုက်နေသည်။ လူမျှား ကဲ့ရဲ့ကြသဖြင့် ထိုခွေးကို အသတ်ခိုင်းပြန်သည်။ ခွေးဘဝမှ သေသောအခါ ထိုအိမ်မှာပင် နွားကလေးဖြစ်ရပြန်သည်။ ထိုနွားသည်လည်း ထိုမိန်းမနောက်သို့ တကောက်ကောက် လိုက်ပြန်သည်။ လူမျှား ကဲ့ရဲ့ကြသဖြင့် နွားကို အသတ်ခိုင်းပြန်ရာ နွားဘဝမှ သေပြီးနောက် ဇနီးဟောင်းဝမ်းဗိုက်မှာပင် သန္ဓေတည်ပြီး လူဖြစ် လာပြန်သည်။

မွေးဖွားလာသောအခါ ထိုကလေးငယ်သည် နောက်ဘဝကို မှတ်မိသော (ဇာတိဿရ) ဉာဏ်ကို ရသဖြင့် "ဒီလို ရန်သူမိန်းမ၏ ဝမ်းထဲမှာ ဖြစ်မှု ဖြစ်ရ လေခြင်း" ဟု စိတ်နာ၍ မိခင်နို့ကို မစို့ဘဲ နေသည်။ ထို့ပြင် မိခင်လက်နှင့် ထိလိုက်သည်နှင့် ကျွတ်ကျွတ်ပါအောင် ငိုလေသည်။ အခြားသူ လက်ထဲရောက်မှ အငိုတိတ်သည်။ သို့ဖြစ်ရာ မိခင်၏ စောင့်ရှောက်ပွေချီမှုမှ ကင်းပြီး အဘိုး အဘွားတို့က ပြုစုစောင့်ရှောက်လာခဲ့ရသည်။

ထိုကလေး စကားပြောတတ်လာသောအခါ အဘိုးဖြစ်သူက "ငါ့မြေးရယ် မင်းအမေ ထိတာနှင့် ဘာလို့ ငိုရတာလဲ" ဟု မေးရာ အကြောင်းစုံ ပြောပြ ရှာသည်။ အဘိုးဖြစ်သူသည် ကလေးအား ပွေဖက်လျက် ငိုယိုပြီး ထိတ်လန့် သံဝေဂရကာ "လာပါကွယ် ငါ့မြေးရယ်၊ ငါတို့ ဒီမှာနေလို့ အကျိုးမမျှားပါဘူး၊ တို့မြေးအဘိုး တခြားမှာ သွားနေကြပါစို့" ဟု ပြောပြီး မြေးအဘိုးနှစ်ယောက် တိတ်တဆိတ် ထွက်သွားပြီး ရှင်ရဟန်းပြုသွားကြသည်။ မြေးအဘိုးနှစ်ယောက် စလုံး တရားအားထုတ်၍ ရဟန္တာဖြစ်သွားသည်။

ဤသာဓကကို ကြည့်လျှင် ဘဝကို တပ်မက်တွယ်တာမှု၊ သေခါနီးကာလ၌ ဇနီးမယားအပေါ် စွဲလမ်းတပ်မက်မှု၊ ဥပါဒါန်အစွဲကြောင့် သေခါနီးတွင် တိရစ္ဆာန်ဘဝ အာရုံနိမိတ်များ ပေါ်လာပြီး တိရစ္ဆာန်ဘဝမှာ တဝဲလည်လည် ဖြစ်ခဲ့ရလေသည်။

၈၃၀၀၀-ကုသိုလ်ရှင်ဘဝမှ စပါးကြီးမြေဖြစ်ရခြင်း

ကံတရားသည် အလွန်ဆန်းကြယ်၏။ ပို၍ ဆန်းကြယ်သည်မှာ သေခါနီး သေတော့မည်ဆဲဆဲ ဖြစ်ပေါ်သည့် စိတ်၏စွမ်းအင်ပင် ဖြစ်သည်။ ယင်းစွမ်းအင်ကို "ဇော"ဟု ခေါ်သည်။ ထိုဇောသည်ပင် ကံဖြစ်ရ၏။ ဘဝတစ်လျှောက်လုံး ကုသိုလ်ကောင်းမှုတွေ့ မည်မျှ ပြုလုပ်ခဲ့စေကာမူ သေခါနီးကာလ၌ အကုသိုလ် ဖြစ်လာလျှင် အကုသိုလ်ဇော ကျပြီး အပါယ်သို့ ရောက်ရ၏။ ဘဝ တစ်လျှောက်လုံး အကုသိုလ်တွေ့ မည်မျှ ပြုလုပ်ခဲ့စေကာမူ သေခါနီးကာလ၌ ကုသိုလ်စိတ်ဖြစ်လာလျှင် ကုသိုလ်ဇောကျပြီး ကောင်းရာသုဂတိသို့ ရောက်ရ၏။ သို့သော် ဘဝတစ်လျှောက်လုံး ပြုလုပ်ခဲ့သည့် ကုသိုလ် အကုသိုလ်များလည်း အချည်းနှီး ဖြစ်မသွားပေ။ အချိန်တန်လျှင် အခွင့်သင့်လျှင် အကျိုးပေးကြသည်သာ ဖြစ်၏။ ထို့ကြောင့် သေခါနီး (မရဏာသန္နဲ)ဇောသည် အလွန် အရေးကြီး၏။

သီရိဓမ္မာသောကမင်းကြီးဟု ပြောလိုက်လျှင် ဗုဒ္ဓဘာသာဝင်မှန်သမျှ မသိသူ မရှိသလောက်ပင် ဖြစ်၏။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာကွင်လည်း နာမည်ကြီး၏။ ရေတွင်း, ရေကန်, ကျောင်း, စေတီပေါင်း ရှစ်သောင်းလေးထောင်စီ တည်ဆောက်၍ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ခဲ့သည်။ ထို့မျှမက မိမိ၏ ရင်သွေးရင်နှစ် နန်းညွန့်ထီးလျှာများဖြစ်သည့် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို သာသနာ့ဘောင် သွတ်သွင်း၍ သာသနာ့အမွေ ခံယူခဲ့သည်။ သာသနာ့အမွေရ ဘုရားဒကာ, ကျောင်းဒကာ, သာသနာ့ဒါယကာဖြစ်သော သီရိဓမ္မာသောကမင်းကြီး၊ ထိုသီရိဓမ္မာသောကမင်းကြီးသည် သေခါနီးကာလ နာမကျန်းဖြစ်မသာအခါ မြေးတော်က ထီးနန်းသိမ်းပိုက်လိုက်သည်။ အာဏာလက်မဲ့ဖြစ်၍ ဘာကိုမျှ ပိုင်စိုးခြင်း မရှိတော့ချေ၊ ထိုအချိန်တုံင် သမားတော်ကြီးက ဆေးအဖြစ် ဆက်သထားသည့် သျစ်သျားသီးပိုင်း ကလေးကို နမ်းရှုရင်း "အော်-ဇမ္ဗူဒိပ်ကို အစိုးရသောမင်း ဖြစ်ပါလျက် ယခုအခါမှာ သျစ်သျားသီးပိုင်းကလေးမျှကိုသာ အစိုးရသူ ဖြစ်ရလေခြင်း" ဟု အလွန်အမင်း ဝမ်းနည်းလျက် ဆုတ်နစ်သော ဒေါသကြောင့် မကောင်းသောအာရုံများဖြစ်ပြီး အကုသိုလ်ဇော ကျကာ ကွယ်လွန်၍ စပါးကြီးမြေ ဘဝသို့ ရောက်သွား

ရသည်။ ခုနစ်ရက်အတွင်းမှာပင် သားတော် အရှင်မဟိန္ဒ-က ကယ်ဆယ် ချေချွတ်၍ ထိုဘဝမှ ကျွတ်လွတ်ပြီးနောက် လူ့ဘဝ၌ ရဟန္တာဖြစ်ရလေသည်။

မုဆိုးလုပ်သူ နတ်ပြည်ရောက်ခြင်း

သောဏဂိရိခေါ် တောင်ပေါ်ကျောင်း၌ ရဟန္တာမထေရ် အရှင်သောဏ သီတင်းသုံးနေတော်မူသည်။ အရှင်သောဏ၏ ခမည်းတော်မှာ သူ၏ ဝါသနာနှင့် လုပ်ငန်းသဘောအရ မုဆိုးဘဝဖြင့် အသက်မွေးနေသည်။ သူသည် သန်သန်မာမာ ရှိစဉ်က ခွေးတသိုက်နှင့် တောလိုက်လေ့ရှိသည်။ ရသမျှသော ဟမဲမျှားကို ရောင်းချ၍ အသက်မွေးရသည်။

မုဆိုးကြီးသည် အသက်ကြီး၍ အိုမင်းမစွမ်း ဖြစ်လာသဖြင့် သားထံတွင် ရဟန်းပြု၍ နေလေသည်။ ရဟန်းတရားကိုလည်း ထိုက်သင့်သလောက် အားထုတ်သည်။ သို့သော် ပြုလုပ်ခဲ့သော အကုသိုလ်ကံ လွန်စွာ များလှသဖြင့် သေခါနီး ကာလတွင် မိမိပြုလုပ်ခဲ့သော အကုသိုလ်ကံ အာရုံများကြောင့် တောင်ခြေမှ ခွေးကြီးတွေ မိမိအား လိုက်၍ ကိုက်နေသလို ထင်မြင်လာသည်။ ထိုအခါ "ခြောက်ပါဟဲ့ သားရဲ့"ဟု အဆက်မပြတ် ယောင်ယမ်း အော်ဟစ်တော့သည်။ သားရဟန်း အရှင်သောဏ-က "ဘာလဲ ဦးပဉ္စင်းကြီး" ဟု မေးသောအခါ "ခွေးကြီးတွေ ခွေးကြီးတွေ" ဟု ပြန်ပြောလေသည်။

အရှင်သောဏသည် ခမည်းတော်ကြီး အကုသိုလ်နိမိတ် အရိပ်အယောင်တွေ ထင်နေပြီဟု သိသဖြင့် "ငါကဲ့သို့သော သားရှိပါလျက် ငရဲသို့ ဘာကြောင့် လားရမည်နည်း" ဟု ကြံကာ သာမဏေများကို ပန်းခူးခိုင်း၍ မဟာစေတီရင်ပြင်တော်ပေါ်၌ ပန်းမွှေ.ထားခင်းပြီး ဖခမည်းတော်အား ခုတင်နှင့်တကွ ရွှေ့၍ စေတီတော်ရင်ပြင်၌ ချထားလေသည်။ ထို့နောက် "ဦးပဉ္စင်းကြီးအတွက် ပန်းတွေ ဘုရားပူဇော်ထားတယ်၊ ကြားလား" ဟု ဘေးက အကြိမ်ကြိမ် တိုက်တွန်းသည်။ ကြည်ညိုစိတ်ဖြစ်အောင် ပြောပြသည်။ ထိုဇာတ်၌ နတ်သမီး အာရုံများ ထင်လာ၍ "သားရယ် ဖယ်ပေးပါ ဖယ်ပေးပါ၊ သားရဲ့ မိထွေးများ လာနေပြီ" ဟု ယောင်ယမ်းလျက် ကွယ်လွန်သည့်အခါ နတ်ပြည်သို့ ရောက်ရလေသည်။

အရှင်သောဏသည် ခမည်းတော်ကြီး အကုသိုလ်နိမိတ် အရိပ်အယောင်တွေ ထင်နေပြီဟု သိသဖြင့် "ငါကဲ့သို့သော သားရှိပါလျက် ငရဲသို့ ဘာကြောင့် လားရမည်နည်း" ဟု ကြံကာ သာမဏေများကို ပန်းခူးခိုင်း၍ မဟာစေတီ ရင်ပြင်တော်ပေါ်၌ ပန်းမွှေ.ထားခင်းပြီး ဖခမည်းတော်အား ခုတင်နှင့်တကွ ရွှေ့၍ စေတီတော်ရင်ပြင်၌ ချထားလေသည်။ ထို့နောက် "ဦးပဉ္စင်းကြီးအတွက် ပန်းတွေ ဘုရားပူဇော်ထားတယ်၊ ကြားလား" ဟု ဘေးက အကြိမ်ကြိမ် တိုက်တွန်းသည်။ ကြည်ညိုစိတ်ဖြစ်အောင် ပြောပြသည်။ ထိုဇာတ်၌ နတ်သမီး အာရုံများ ထင်လာ၍ "သားရယ် ဖယ်ပေးပါ ဖယ်ပေးပါ၊ သားရဲ့ မိထွေးများ လာနေပြီ" ဟု ယောင်ယမ်းလျက် ကွယ်လွန်သည့်အခါ နတ်ပြည်သို့ ရောက်ရလေသည်။

ဤသာဓကကို ကြည့်လျှင် သေခါနီးကာလ၌ အာရုံနိမိတ်ကောင်းများ ထင်မြင်စေရန် သားသမီးကောင်း၊ သို့မဟုတ် မိတ်ဆွေကောင်းတို့က ပြုပြင် ကူညီပေးနိုင်သည်ကို သတိချပ်ဝ [illegible]ည်။

သခါနီး ဘုရားအာရုံ, တရားအာရုံကြောင့် နတ်ပြည်ရောက်သူများ

မိမိတို့ ဘဝတစ်လျှောက်ဝယ် မည်သည့် ကုသိုလ်ကောင်းမှုကိုမျှ မလုပ်ခဲ့ရသော်လည်း သေခါနီးကာလ၌ ကောင်းသောစိတ် ကောင်းသော အာရုံများဝင်စားလာလျှင် ထိုအာရုံကြောင့် ကောင်းရာသုဂတိဘဝသို့ ရောက်ကြရသည်။

မဋ္ဌကုဏ္ဍလီသည် အလှူန်ၼမြော တွန့်တိုသော ပုဏ္ဏားကြီး၏ သားဖြစ်၏။ ဖခင်က ၼမြောလွန်းလှသဖြင့် သူသည် လူ့ဘဝတွင် ဘယ်သူကို ဘာတစ်ခုမျှ မပေးကမ်း မလှူဒါန်းခဲ့ရချေ။ မိမိပင် မဝရေစာ စားနေခဲ့ရသည်။ ဒါနကို မပြုလုပ် ရရှိစေဦး၊ သာသနာကို မကြည်ညိုသော ပုဏ္ဏားမျိုး၌ ဖြစ်နေသဖြင့် သီလ၊ ဘာဝနာ ကုသိုလ်များကိုလည်း မပြုလုပ်ခဲ့ရပေ။

မဋ္ဌကုဏ္ဍလီ ရောဂါဖြစ်၍ ဆေးကုမရတော့သော အချိန်တွင် ဖခင်ပုဏ္ဏား ကြီးသည် သူ၏ ပစ္စည်းများကို အခြားသူများ မြင်မှာစိုးရိမ်သဖြင့် သားဖြစ်သူ မဋ္ဌကုဏ္ဍလီကို အိမ်၏အပြင်ဘက် ဆင်ဝင်သို့ ထုတ်ထားလေသည်။

ထိုနေ့တွင် ဘုရားရှင်သည် အိမ်စဉ်အတိုင်း ဆွမ်းခံကြွတော်မူစဉ် မဋ္ဌကုဏ္ဍလီ အိမ်ရှေ့ ရောက်သောအခါ မဋ္ဌကုဏ္ဍလီ မြင်လောက်အောင် ရောင်ခြည်တော် လွှတ်လေသည်။ မဋ္ဌကုဏ္ဍလီသည် မိမိမျက်နှာပေါ် ကျရောက်နေသော အလင်းရောင်လာရာသို့ အိပ်နေရင်း စောင်းငဲ့ကြည့်လိုက်ရာ ဘုရားရှင်အား ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရသည်။ မဋ္ဌကုဏ္ဍလီသည် ဗုဒ္ဓဘာသာဝင် မဟုတ်သော်လည်း ဘုရားရှင်အား ကြည်ညိုစိတ်ဖြင့် ထိုခဏတွင် ကွယ်လွန်သွားရာ နတ်ပြည်တွင် နတ်သားဖြစ်ရလေသည်။

ထိုပြင် မြတ်စွာဘုရားသည် ဂဂ္ဂရာ ရေကန်အနီး ကျောင်းတော်ကြီး၌ စမ္ပာမြို့သူ မြို့သားများအား တရားဟောနေစဉ် ထိုရေကန်ရှိ ဖားငယ်တစ်ကောင်သည် ကျောင်းကြီးပေါ်မှ ပို့လွှင့် ထုတ်ပေါ်လာသော အသံကို နားစိုက်ထောင်နေ၏။ ထိုအသံပေါ်တွင် နှစ်သက်ခြင်းပီတိဖြစ်နေသည်။ သို့သော် ဘာသံမှန်း သူမသိရှာ။ အသံမှာ ဘုရားရှင် ဟောကြားသော တရားတော်သံ ဖြစ်သည်။

ဖားငယ်သည် ထိုအသံပေါ်တွင် အာရုံ နှစ်မြုပ်နေရာ မိမိ အနီးသို့ နွားကျောင်းသား ရောက်ရှိလာသည်ကို မသိလိုက်ပေ။ နွားကျောင်းသားသည် ကိုင်ထားသော နွားမောင်းတုတ်ဖြင့် မြေကို ထောက်လိုက်ရာ ဖားကလေးအား မတော်တဆ ထောက်လိုက်မိသဖြင့် ဖားကလေးမှာ ပဲ့ချင်းပြီး သေဆုံးသွားရှာသည်။ ဖားငယ်သည် သေခါနီး၌ ကဲ့သာတော်အပေါ် ကြည်ညိုစိတ်ဖြင့် နတ်ပြည်တွင် မင်္ဂလာနတ်သား ဖြစ်ရလေသည်။

ညိုရဲ့ ဆန်တစ်စလယ်

မိမိတို့ ပြုလုပ်ခဲ့သော လုပ်ငန်းသည် ကြီးသည့်, ငယ်သည်မဟူ အကုသိုလ် မဟုတ်သော်လည်း ထိုအလုပ်အပေါ် စိတ်မချမ်းသာခြင်း၊ မကျေမနပ်ဖြစ်ခြင်း၊ ငါ့တာဝန်မကျေ၊ အကြွေးမကျေဟု ပူပန်ခြင်း ၊ ဖြစ်ပေါ်လာပါက နှလုံးမသာယာခြင်း၊ နောင်တ ပူပန်ခြင်း "ဝိပ္ပဋိသာရ"ဟု ခေါ်သည်။ အကုသိုလ်ဒေါသတရားမျိုး ဖြစ်ရသည်။ ထိုစိတ်မျိုး ရိုးရိုးအချိန်၌ ဖြစ်ပေါ်လာခြင်းသည် အရေးမပါသော်လည်း သေခါနီးအခါ ဖြစ်ပေါ်လာပါလျှင် အသေးအဖွဲကလေးတစ်ခုက ဘဝကြီး တစ်ခုလုံးကို ပြောင်းပြန်ဇောက်ထိုး ဖြစ်သွားစေနိုင်သည်၊ လူ့ဘဝမှ အပါယ်သို့ ကျရောက်စေနိုင်သည်။ သာဓက ပြရလျှင်—

၁၂၇၀-နှင့် ၁၂၈၀-အတွင်းခန့်က တောင်တွင်းကြီးမြို့ အရှေ့မြောက်ဘက် ၁၀-မိုင်ခန့်တွင် ချောင်းဆုံရွာ ရှိ၏။ ထိုစဉ်က အိမ်ခြေ ၄၀၀-ခန့် ရှိသည်။ ထိုရွာတွင် ညိုနှင့် ကံကြီး ဆိုသူ သူငယ်ချင်း နှစ်ယောက်မှာ ကုမ်းထမ်းရောင်းပြီး အသက်မွေးကြသည်။ တစ်နေ့ ကုမ်းရောင်းရာမှ အပြန် ကံကြီး အိမ်မှာ ဆန်ကုန်နေ၍ ညို့ထံမှ ဆန်တစ်စလယ် ချေးယူပြီး ချက်စားရသည်။ ထိုနောက် မကြာမီ ကုမ်းရောင်းရာမှ လရောင်ဖြင့် ပြန်လာကြရာ လမ်းတွင် ပိုးထိ၍ ကံကြီး သေဆုံးသွားရှာသည်။

ကံကြီး ပိုးဝင်၍ သေရာတွင် မသေမီ သေခါနီးကာလ၌ ကံကြီး၏ စိတ်ထဲတွင် မည်သို့ဖြစ်သွားလေသည်ကို မည်သူမျှ မသိနိုင်ပေ။ ကံကြီးသည် ညို့ အိမ်မှာ တိုက်ကြက်ကြီး ဖြစ်ရလေသည်။ ညို ကြက်တိုက်ရာတွင် ခု-ပွဲ ခု-ကြိမ်တိုက်တိုင်း နိုင်ခဲ့၏။ ၄-ကြိမ်မြောက်၌မူ အင်အားချင်း မမျှ၍ ညို့ ကြက် ရှုံးခဲ့ရ၏။ ညိုသည် စိတ်ဆိုးပြီး ကြက်ကို ခြေနှစ်ချောင်းကိုင်၍ မြေနှင့်ရိုက်ကာ မသေမရှင် အိမ်အောက် ရေအိုးစင်နား ပစ်ချထားလိုက်သည်။ ထိုစဉ် ကြက်ကို နွားမကြီးက နမ်းရှူလာရာ ကံကြီးခမျာ တိုက်ကြက်ဘဝမှ သေဆုံး၍ နွားမကြီးဝမ်းထဲ ရောက်ကာ နွားကလေးဘဝသို့ ကူးပြောင်းသွားရပြန်ရှာသည်။ နွားကလေး အတန်ငယ် ကြီးလာသောအခါ ညို့ မိတ်ဆွေများက တန်ဖိုး ၄/-နှင့် ဝယ်၍ သတ်စားကြရာ ညိုပါ ပါဝင်လေသည်။ နွားကလေးကို သတ်ဖြတ်၍ အမဲဖျက်နေတုန်း တောင်တွင်းကြီးမှ စာရေးကြီးလင်မယားက ထိုအနားသို့ ရောက်လာကြသည်။ စာရေးကတော်က နွားကလေးအား သနား ကရုဏာ သက်ပြီး "ငါတို့ နွားသာ ဆိုလျှင် မသတ်ရက်ပါဘူး၊ သူ့အလိုလို သေသွားတော်မစားရက်ပါဘူး၊ မြေထဲ မြှုပ်လိုက်မှာပဲ"ဟု ပြောရှာ၏။ ထို့နောက် စာရေးကတော်ကြီး သားယောကျ်ားလေး မွေးဖွားလာရာ ၇-နှစ်ရှိသည့်တိုင်အောင် စကားမပြောဘဲ ရှိနေသည်။

ထိုအခါ ဖခင်စာရေးကြီးက "ငါ့သား စကားပြောပါကွာ၊ ဒီကနေ့ လခ ထုတ်ရမယ်၊ ငါ့သားဇာတ္ဒက် အဝတ်ကောင်းကောင်း ဝယ်ခဲ့မယ်"လို့ ပြောခဲ့ပြီး ညနေပြန်အလာတွင် "ဟောဒီ အဝတ်လှလှကလေးတွေဟာ ငါ့သားဖို့ပဲ၊ ကဲ– စကားပြောပေတော့"ဟု ပြောလိုက်ရာ သားငယ်က "ဥည့် ဆန်တစ်စလယ်"ဟု မမျှော်လင့်သော စကားကို ပြောလာပေသည်။ ထိုအခါ ဖခင်က "ငါ့သား စကားသာ ပြောပါ၊ ဆန်တစ်စလယ်မကဘူး ဆန်တစ်အိတ်တောင် ကြွေးဆပ်ပေးမယ်"ဟု ပြောရာ "ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ၊ ယခုဘဲ သွားပြီး အကြွေးဆပ်ရအောင်"ဟု ပြောလေသည်။

သားငယ်၏ ပြောစကားအတိုင်း ဆန်အိတ်ကို လှည်းပေါ်တင်၍ သားအဘ နှစ်ယောက် ဥည့် ထံ ကြွေးဆပ်သွားကြသည်။ လမ်းတွင် လူငယ်ကပင် ဥည့် အိမ် ရောက်သည်အထိ လမ်းပြသောဟူ၏။ ဥည့် အိမ်ရောက်သောအခါ ကလေးက "ဟေ့ ဥည့်....ငါ့ကို မှတ်မိသေးရဲ့လား"ဟု မေးရာ သားငယ်အရွယ်က ဤကဲ့သို့ ပြောသည်ကို ကြားရသဖြင့် ဥည့်စိတ်ဆိုးသွားသည်။ ထို့နောက် စာရေးကြီးက စိတ်မဆိုးရန် တောင်းပန်၍ ကလေးငယ်က ဖြစ်သမျှအကြောင်း အားလုံး ထုတ်ဖော်ပြောပြရာ ဥည့်ခမျာ ဝမ်းနည်းကြေးစွာဖြင့် ငိုကြွေးရလေသည်။

ဤအကြောင်း အတ္ထုပ္ပတ်ကို ၁၃၁၃-ခုနှစ်ခန့်က ဦးညိုကိုယ်တိုင် ရေစကြို့မှ ဦးဘသင်္ခအား ပြောပြချက်ကို မဟာစည် ဆရာတော်ဘုရားကြီးက သူ၏ "ဓမ္မစကြာတရားတော်ကြီး" စာအုပ် စာမျက်နှာ ၃၀၉-တွင် ထည့်သွင်း ရေးသားထားတော်မူသည်။

သဖို့ရန် ပြင်ဆင်သူ၊ သို့မဟုတ် ယောမင်းကြီး ဦးဘိုးလှိုင်

လူတို့သည် သေရမည်ကို ကြောက်ကြသည့်အလျောက် မိမိ သေရမည့် ဘေးရန်ဆန္တရာယ်မှ အမျိုးမျိုးကာကွယ်ကြသည်။ လက်နက်ဘေးမှ ဝေးနိုင်ရန် အဆောင် အယောင်များ၊ ဂါထာ မန္တရားများဖြင့် ကာကွယ်ကြသည်။ ဖျားနာလျှင် ဆေးဝါးကုသကြသည်။ မိမိနှင့် မသင့်တင့်သည့် အစားအစာကို ရှောင်ကြသည်။ အသက်ရှည်စေရန်အတွက် အစားမှန် အသောက်မှန် အအိပ်မှန် ဖြစ်အောင် လေ့ကျင့်ကြသည်။ အချို့လူများသည် ယင်းကဲ့သို့ သတိဝိရိယဖြင့် ကာကွယ်နေသည့် ကြားမှ မတော်တဆ အသက်ဆုံးပါးကြရသည်။

ရောဂါ ဖြစ်လာသူ တစ်ယောက်သည် ထိုရောဂါဖြင့် မိမိ သေနိုင် သည်ဟု များသောအားဖြင့် မထင်မှတ်ကြပေ။ မထင်မှတ်သည့်အလျောက် ဆေးကောင်းဝါးဝကောင်း ဆရာသမားကောင်းတို့ဖြင့် အစွမ်းကုန်ကုသကြသည်၊

သို့သော် သေနေစေသူအတွက်ကား ဆေးလည်း မရှိ၊ ဆရာလည်း မရှိ။ သေဘေးမ ရှောင်ကြသူမျှားသည် ရှောင်ရင်းဖြင့် သေကြရသည်။

ပညာအမြော်အမြင်ရှိသော ဗုဒ္ဓဘာသာလူမျိုးတို့ကား သေရမည့် ဘေးကို အထူးမရှောင်ဘဲ သေလျှင် ကောင်းရာသုဂတိ ရောက်ပို့အတွက် အမြဲတမ်း ပြင်ဆင်ထားကြသည်။ ခရီးသွားလာရင်း ဘုရား တရား သံဃာ ဂုဏ်တော်များကို အာရုံပြု ရွတ်ဖတ်နေကြသည်။ အိပ်နေရင်း ထိုင်နေရင်းလည်း ဘုရားရှိခိုးကြ ပုတီးစိပ်ကြသည်။ ထိုသူတို့သည် ထိုအာရုံများဖြင့် ရုတ်တရက် သေသွားရသော် ဖားငယ်ကလေးကဲ့သို့ နတ်ပြည် နတ်ဘဝ၌ ဖြစ်ကြရမည်။

အချို့သော ယက်ကြီးရွယ်အို ဗုဒ္ဓဘာသာဝင်တို့သည် ရှေးက ဘာပဲ လုပ်ခဲ့လုပ်ခဲ့ မိမိတို့ဘဝ နေဝင်ချိန်ရောက်ပြီဟု သိလာသောအခါ ဘဝကူးကောင်းရန် ကြိုးစားကြသည်။ "သေဖို့ရန် ပြင်ပေတော့"ဟူသော မြန်မာ့ စကားပုံအတိုင်း သေဖို့ရန် ပြင်ဆင်ကြသည်။ ထိုပုဂ္ဂိုလ်များအနက် မြန်မာပညာရှိ ယောမင်းကြီး ဦးဘိုးလှိုင်၏ သေဖို့ရန် ပြင်ဆင်ပုံမှာ လွန်စွာ အတုယူဖွယ် မှတ်သားလိုက်နာဖွယ် ကောင်းလှပေသည်။ "ယောမင်းကြီး"ဟု ပြောလိုက်လျှင် မြန်မာ့ရာဇဝင်တွင် မသိသူ မရှိသလောက် ထင်ပေါ်ကျော်ကြားသည့် နှုတ်ခမ်းမွေးကားကား ခေါင်းပေါင်းဖြူ ဖောလုံးသျှောင်တစောင်းနှင့် ဦးဘိုးလှိုင်၏ ရုပ်ပုံလွှာကို မြင်ယောင်လာကြပေမည်။

ဦးဘိုးလှိုင်သည် အသက်ငယ်စဉ် ကျန်းမာ သန်စွမ်းစဉ်က မကောင်းမှုအကုသိုလ်များကိုလည်း အနည်းနှင့်အများဆိုသလို ပြုလုပ်ကောင်း ပြုလုပ်မိခဲ့ပေမည်။ အုပ်ချုပ်ရေးလမ်းကြောင်းပေါ်မှ တရားစီရင်ထုံးများအရ အပြစ်ရှိသူများကိုလည်း အပြစ်အလျောက် စီရင်ခဲ့ပေမည်။ ကုသိုလ် ကောင်းမှုများကိုလည်း မိမိဘဝနှင့် ထိုက်တန်သလောက် ပြုလုပ်ခဲ့ပေမည်။ ဘဝခရီးတစ်လျှောက်၌ ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်များသည် အလွန်များလှသဖြင့် မိမိဘာလုပ်ခဲ့သည်ကို အမှတ်ရဖို့ရန် အလွန်ခဲယဉ်းပေသည်။ သို့သော် သေခါနီးကာလ၌ကား အသေးအဖွဲကလေးပင် ဖြစ်စေကာမူ ကုသိုလ်၊ သို့မဟုတ် အကုသိုလ်ဘစ်ခုခုက နိမိတ်အာရုံ ထင်လာတတ်သည်။ ကုသိုလ်အာရုံ ထင်လာလျှင်ကား ကောင်းပါ၏၊ အကုသိုလ်အာရုံ ထင်လာလျှင်ကား အပါယ်သို့ မုချကျရောက်ရပေမည်။

ဦးဘိုးလှိုင်သည် အသက်ငယ်စဉ် ကျန်းမာ သန်စွမ်းစဉ်က မကောင်းမှုအကုသိုလ်များကိုလည်း အနည်းနှင့်အများဆိုသလို ပြုလုပ်ကောင်း ပြုလုပ်မိခဲ့ပေမည်။ အုပ်ချုပ်ရေးလမ်းကြောင်းပေါ်မှ တရားစီရင်ထုံးများအရ အပြစ်ရှိသူများကိုလည်း အပြစ်အလျောက် စီရင်ခဲ့ပေမည်။ ကုသိုလ် ကောင်းမှုများကိုလည်း မိမိဘဝနှင့် ထိုက်တန်သလောက် ပြုလုပ်ခဲ့ပေမည်။ ဘဝခရီးတစ်လျှောက်၌ ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်များသည် အလွန်များလှသဖြင့် မိမိဘာလုပ်ခဲ့သည်ကို အမှတ်ရဖို့ရန် အလွန်ခဲယဉ်းပေသည်။ သို့သော် သေခါနီးကာလ၌ကား အသေးအဖွဲကလေးပင် ဖြစ်စေကာမူ ကုသိုလ်၊ သို့မဟုတ် အကုသိုလ်ဘစ်ခုခုက နိမိတ်အာရုံ ထင်လာတတ်သည်။ ကုသိုလ်အာရုံ ထင်လာလျှင်ကား ကောင်းပါ၏၊ အကုသိုလ်အာရုံ ထင်လာလျှင်ကား အပါယ်သို့ မုချကျရောက်ရပေမည်။

ဤသဘောတရားကို သိသော ယောမင်းကြီး ဦးဘိုးလှိုင်သည် မသေမီ တစ်လလောက်က ကြိုတင်၍ သေရန် ပြင်ဆင်ခဲ့သည်။ အချို့ အသက်အရွယ်ကြီးရင့်ပြီး သတိတရား ကောင်းမွန်သူတို့သည် မိမိသေရတော့မည်ကို၊ သေနိုင်

သည်ကို ခန့်မှန်းသိရှိနိုင်ဟန် ရှိလေသည်။ ဦးဘိုးလှိုင်သည် မိမိသေနိုင်သည်ကို သိသဖြင့် ဖေရမည်ကို မကြောက်ဘဲ အသေကောင်းရန် ဘဝကူးကောင်းရန် ပြင်ဆင်လေသည်။

ဦးဘိုးလှိုင်၏ ကျောင်းနေဖက် သူငယ်ချင်း ဦးတူဆိုသူသည် စစ်ကိုင်းမြို့တွင် နေထိုင်လျက် ရှိသည်။ ဦးဘိုးလှိုင်သည် ဦးတူကို မိမိအိမ်သို့ ခေါ်၍ ဤသို့!တိုင်ပင် ပြောပြလေသည်—

မောင်တူရေ– မင်းနှင့် ငါဟာ ငယ်သူငယ်ချင်း၊ များစဉ ချစ်ကျမ်း ဝင်သူများ ဖြစ်ကြတယ်၊ ငါ့ကို မင်းကြီးလို့ စိတ်က စဲပြီး ရှိသေခြင်း ဘုရားထူးခြင်း မပြုနှင့်၊ ကျောင်းမှာ နေတုန်းကလို ဘိုးလှိုင်လို့ပဲခေါ်၊ မင်းကိုလဲ မောင်တူလို့ပဲ ခေါ်မယ်သူငယ်ချင်း၊ ကျောင်းသားစိတ်မျိုးနှင့် စကားပြောပြီး ငါ့အနားမှာ တစ်လလောက် နေပါကွာ၊ မင်း သားမယားစားသုံးဖို့ငွေဒင်္ဂါး ၂၀၀/-ကို လူကြုံနှင့်ပို့ပေးလိုက်၊ ငါ့ကို မင်း ကျေးချင်တာနှင့်ကျေး၊ ငါ့ကို ဘာစားမလဲ မမေးနှင့်၊ မင်း ကျေးတာ ငါစားမယ်၊ မင်းပြောတာ ငါနားထောင်မယ်၊ ဒီအခန်းထဲကို ဝန်ကတော်မှအစ ဘယ်သူမှ မဝင်စေနှင့်။

ဦးဘိုးလှိုင်နှင့် ဦးတူ သူငယ်ချင်းနှစ်ယောက်သည် ဘုန်းကြီးကျောင်းမှာ နေစဉ်ကကဲ့သို့ ဘုရားစာများကို တစ်ယောက်တလှည့် ရွတ်အံကြသည်။ ရံခါ ရယ်စရာများ ပြောကြသည်။ နေ့စဉ် ညအိပ်ခါနီး၌ ဘုန်းကြီးကျောင်းမှာ တုန်းကလို အပြိုင်ဆို၍ ဘုရားဝတ်တက်ကြသည်။ ဦးတူအား မဟာသတိပဋ္ဌာန် သုတ်တော်ကို ရွတ်ခိုင်းပြီး နာယူသည်။ ပြီးလျှင် သာဓုခေါ်၍ အိပ်သည်။ ယင်းသို့ နေလာခဲ့ရာ တစ်လပြည့်မြောက်သည့်ည ကျရောက်သော အခါ မြန်မာနာရီ လေးချက်ဘီးကျော် အချိန်တွင်—

"မောင်တူရေ–ယနေ့ ငါစောစော အိပ်မယ်ကွယ်၊ မင်း ငါ့ကို သတိပဋ္ဌာန်တရားတော်နှင့် ရွတ်ဆိုသိပ်ပါကွယ်၊ ငါတရားနာရင်း အိပ်ပါရစေ၊ သုံးချက်တီးကျော်သောအခါ ငါ့ကို နှိုးပါကွယ်"ဟု—

မှာထား ပြောကြား၍ အိပ်လေသည်။ ဦးတူကလည်း ပြောသည့်အတိုင်း သတိပဋ္ဌာန်တရားတော်ကို အသံမပြတ်ရွတ်ဖတ်နေသည်။ သုံးချက်တီးကျော်၍ နှိုးသောအခါ ဦးဘိုးလှိုင်မှာ မနိုးတော့ပြီ၊ လက်နှင့် ကိုင်ကြည့်ရာ ဦးဘိုးလှိုင်၏ ကိုယ်မှာ တောင့်တင်းအေးစက်လျက် ဝိညာဉ်ချုပ်နေလေပြီ။ ဤကား ဧရှားမြန်မာ ဗုဒ္ဓဘာသာလူကြီးများ၏ ဘဝကူးကောင်းရန် ကြိုတင်ပြင်ဆင်ပြီး

သေမင်းနှင့် ရင်ဆိုင်ခဲ့ကြပုံ ဖြစ်သည်။ သခါနီး စိတ်နေစိတ်ထား အရေးကြီးပုံကို ပန်းအလှူရှင် နတ်သမီးဝတ္ထုကို ယေ့လာသင့်သည်။

နတ်သမီး တစ်ယောက်သည် ရွှေဝါရောင် အဝတ်ကို ဝတ်၍ ရွှေဝါရောင် တန်ဆာကို ဆင်ပြီး ရွှေဝါရောင် စန္ဒကူးကို လိမ်းကျံလျက် ရွှေဝါရောင်တံခွန်ကို ကိုင်ထား၏။ ရွှေဝါရောင် ကြာပန်းကို ဆင်မြန်းထားပြီး ရွှေဝါရောင် ပြာသာဒ်နှင့် ရွှေဝါရောင် အိပ်ရာလည်း ရှိ၏။ ရွှေဝါရောင်ခွက်, ရွှေဝါရောင်ထီး, ရွှေဝါရောင်ရထား, ရွှေဝါရောင်မြင်း, ရွှေဝါရောင် သားမြီးယပ်ရှိ၏။

ထိုနတ်သမီးအား သိကြားမင်းက "ရှေးလူ့ဘဝတုန်းက အဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသနည်း"ဟု မေး၏၊ ထိုအခါ နတ်သမီးက—

"အရှင်သိကြားမင်း....ခါးသည်ဖြစ်၍ လူတို့အလိုမရှိသောသပွတ်ခါးနွယ်ပင် ရှိပါ၏။ ကျွန်ုပ်သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို ရည်မှတ်၍ အထူးကြည်လင်သော စိတ်ဖြင့် ထိုသပွတ်ခါးနွယ်ပန်း လေးပွင့်တို့ကို စေတီတော်အား လှူ။ ဒါန်းရန် ဆောင်ယူလာခဲ့ပါသည်။ ကျွန်ုပ်သည် ရန်သူ နွားမကို သတိမထားမိ၊ နွားအုပ်လာရာ လမ်းကို မျှော်မကြည့်မိပါ။ ထိုနွားအုပ်ထဲမှ သားငယ်ရှိသော နွားမသည် ကျွန်ုပ် စေတီတော်သို့ မရောက်မီ ကျွန်ုပ်အား ဝှေ့သတ်လိုက်ပါ၏။ ကျွန်ုပ်သည် စေတီတော်သို့ ကိုယ်တိုင် ရောက်၍ အလိုဆန္ဒအတိုင်း ပန်းကို ပူဇော်ရပါမူ ဤစည်းစိမ်ထက် သာလွန်၍ ဖြစ်ရပါ၏"ဟု—

ဖြေကြားလေသည် (ပီတဝိမာနဝတ္ထု။ ၆၅-၆။)

တမ္ဗဒါဋ္ဌိကသည် ခိုးသားများစွာတို့ကို နေ့စဉ် သတ်ဖြတ်၍ နှစ်ပေါင်း ၅၀ တိုင်တိုင် ဘုရင့်အမှုတော် ထမ်းရွက်ခဲ့သည်။ အသက်အရွယ်ကြီးရင့်လာသော အခါ ခိုးသူသတ် ရာထူးမှ အနားယူလိုက်သည်။ ယင်းသို့ အနားယူပြီးနောက် တစ်နေ့တွင် တမ္ဗဒါဋ္ဌိကသည် မိမိအတွက် အလုပ်အကျွေးများက စီစဉ်ထားသော ဆီဦးထောပတ်တို့ဖြင့် ပြုလုပ်သည့် နို့ယာဂုကို သုံးဆောင်ရန် ပြင်ဆင်နေသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှ ထ၍ ချီးမြှောက်ရမည့် သူကို ကြည့်ရှုရာ တမ္ဗဒါဋ္ဌိကကို မြင်တော်မူသဖြင့် သူ၏ အိမ်သို့ ဆွမ်းခံကြွတော်မူသည်။ တမ္ဗဒါဋ္ဌိကသည် အရှင်မြတ်ကို ရှုမြင်သောအခါ အိမ်တွင်းသို့ ပင့်ဆောင်၍ မိမိစားတော့မည့် နို့ယာဂုကို ဆက်ကပ် လှူ။ ဒါန်းပြီး အရှင်မြတ်အား ယပ်လေခတ်လျက် ထိုင်နေလေသည်။ အရှင်မြတ်သည် ယာဂုဆွမ်းဘုဉ်းပေးပြီးနောက် တမ္ဗဒါဋ္ဌိကအား အနုမောဒနာဘာရား ဟောကြားတော်မူသည်။

အရှင်မြတ်သည် တရားနာယူနေသော တမ္မဒါဋ္ဌိက မိမိတရားတော်အပေါ် စိတ်မဝင်စားဘဲ ဖြစ်နေသည်ကို သိ၍ ဟောလက်စ တရားကို ခေတ္တရပ်ပြီး တမ္မဒါဋ္ဌိကအား မေးတော်မူသည်။ ထိုအခါ တမ္မဒါဋ္ဌိက-က ခိုးသူပေါင်း များစဉ်တို့ကို အနှစ် ၅၀-တိုင်တိုင် သတ်ခဲ့မိသော အကုသိုလ်ကို သတိရနေသောကြောင့် အရှင်မြတ်၏ တရား နားထဲသို့ မဝင်ဘဲ ဖြစ်နေကြောင်း လျှောက်ထားလေသည်။

ထိုအခါ အရှင်မြတ်က ဤဒကာကို ဥပါယ်တံမျဉ်သုံး၍ တရားဟောမှ အာရုံ စိုက်ကာ နာယူနိုင်မည်ဟု သိသဖြင့် ဤသို့ မေးတော်မူသည်—

"ဒကာ....သင်သည် မိမိဆန္ဒဖြင့် သတ်သလော၊ သူတပါးခိုင်း၍ သတ်သလော"

"အရှင်ဘုရား... ဘုရင့်အမိန့်တော်အရ သတ်ပါသည်ဘုရား"

"ဒကာ.... သူတပါးခိုင်း၍ ပြုလုပ်ရသော သင့်အား အကုသိုလ် ဖြစ်သလော"

အရှင်မြတ်က ဤသို့ မေးမြန်းလိုက်သောအခါ တမ္မဒါဋ္ဌိက၏ စိတ်ထဲတွင် "ဘုရင်ခိုင်း၍ သတ်ရသည်၊ ငါ့မှာ အကုသိုလ် မရှိ"ဟု ယုံကြည်စိတ်ချသွားလေသည်။ ထို့နောက် တရားတော်ကို ဆက်လက်ဟောကြားပါရန် လျှောက်ထား၍ တရားတော်ကို စူးစိုက် နာယူလေရာ ဝိပဿနာဉာဏ်စဉ် အဆင့်မြင့်သို့ ရောက်အောင် သဘောပေါက်သွားလေသည်။

တမ္မဒါဋ္ဌိကသည် အရှင်မြတ်ပြန်ကြွသောအခါ လိုက်ပို့၍ အပြန်တွင် နှားဝေ့ခံရသောဒဏ်ကြောင့် ချက်ချင်း သေဆုံးလေသည်။ ထိုကုသိုလ်စိတ်အာရုံဖြင့် ကွယ်လွန်ခြင်းဖြစ်ရကား တမ္မဒါဋ္ဌိကသည် တုသိတာနတ်ပြည်၌ ဖြစ်လေသည် (ဓမ္မ၊ဋ္ဌ၊၁၊၄၀၅)။

သေခါနီး အာရုံနိမိတ်ထင်မှု

သေခါနီးတွင် ထင်မြင်လာသော အာရုံကို အောက်ပါအတိုင်း သုံးမျိုး သုံးစား ခွဲခြားရသည်—

(က) ကံအာရုံ၊
(ခ) ကမ္မနိမိတ်အာရုံ၊
(ဂ) ဂတိနိမိတ်အာရုံ။

(က) ကံအာရုံ ထင်လာပုံ

ရှေးယခင်က ပြုလုပ်ခဲ့သောကုသိုလ်ကံအမှုများ, ကျူးလွန်ခဲ့သောအကုသိုလ်ကံ အမှုများကို သေခါနီးဆဲဆဲအခါ၌ ယခုပင် ပြုလုပ်နေရဘိသကဲ့သို့ ထင်လာမြင်လာခြင်း ဖြစ်သည်။ ကုသိုလ်အရာ၌ ဆွမ်းကပ်လှူ ရေစက်ချနေရဟန်၊ သင်္ကန်းကပ်လှူ ရေစက်ချနေရဟန်၊ သားရှင်ပြု ရှင်လောင်း လှည့်နေရဟန်များ ပေါ်လာလျက် ယခုလောလောဆယ် ကိုယ်တိုင်ပါဝင် ပြုလုပ်နေရဟန် ထင်လာမြင်လာသည်။ အကုသိုလ်အရာ၌ အမဲလိုက် ခွေးများနှင့် အမဲလိုက်နေဟန် သားကောင်ကို ချောင်းမြောင်းချိန်ရွယ် ပစ်ခတ်နေရဟန်၊ လုယက်တိုက်ခိုက် သတ်ဖြတ်နေရဟန်များ ပေါ်လာလျက် စိတ်တွင် ယခုလောလောဆယ် ကျူးလွန်နေရဘိသကဲ့သို့ စိတ်တွင် ထင်လာမြင်လာသည်။ ဤကံအာရုံကို ကြည့်၍ ကုသိုလ်အမှုကို ပြုနေရဘိသကဲ့သို့ ထင်လာမြင်လာသူမှာ လူ.ပြည် နတ်ပြည် (သုဂတိဘုံ)သို့ ရောက်ရန် သေချာပေသည်။ အကုသိုလ်အမှုကို ပြုနေရဘိသကဲ့သို့ ထင်လာမြင်လာသူမှာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံ (ဒုဂ္ဂတိဘုံ)သို့ ရောက်ရန် သေချာလှပေသည်။

(ခ) ကမ္မနိမိတ်အာရုံ ထင်လာပုံ

ရှေးယခင်က ကုသိုလ်အမှု အကုသိုလ်အမှုများ ပြုရာတွင် ပါဝင်သော အဆောက်အအုံ၊ ပစ္စည်း၊ လက်နက်ကိရိယာများကို ထင်လာမြင်လာလျှင်ယင်း အာရုံမျိုးကို ကမ္မနိမိတ်အာရုံဟု ခေါ်သည်။ ဥပမာအားဖြင့် အလှူလှူရာ၌ အလှူမဏ္ဍပ်နှင့် လှူပွဲယဉ်ထွဋ်ပစ္စည်း တစ်ခုခု ထင်လာမြင်လာသည်။ ဇရပ် ဘုန်ဆောင်း ကျောင်း ကန် ဘုရား စေတီ ရေတွင်း တံတား စသည် ဆောက်လုပ် လှူဖူးသူသည် ထိုအလှူဝတ္ထု တစ်ခုခုကို စိတ်ထဲ၌ ထင်လာမြင်လာသည်။ အကုသိုလ်မှု ပြုခဲ့ဖူးသူသည် လေး မြား သေနတ် စသော လက်နက်ကိရိယာတစ်ခုခု၊ အမဲလိုက်ခွေး၊ သို့မဟုတ် သတ်ဖြတ်ခံထားရသော သားကောင်အာရုံတစ်ခုခု ထင်လာမှုကို ကမ္မနိမိတ်အာရုံဟု ခေါ်သည်။ ကုသိုလ်ကမ္မနိမိတ် အာရုံထင်လာလျှင် သုဂတိဘုံဘဝသို့ ရောက်မည်။ အကုသိုလ်ကမ္မနိမိတ် ထင်လာလျှင် ဒုဂ္ဂတိဘုံ အပါယ်ဘုံသို့ ရောက်မည်မှာ သေချာလှပေသည်။

(ဂ) ဂတိနိမိတ်ကာရုံ ထင်လာပုံ

အကုသိုလ်အမှုများစွာ ပြုလုပ်ခဲ့သူသည် သေခါနီးအခါ အကုသိုလ်ကံ ပိစိုးနှိပ်စက်လာ၍ ငရဲဘုံရောက်မည့်သူသည် ငရဲမီးတောက်မီးလျှံများ၊ ငရဲထိန်းများ ငရဲခွေးများ စသည်ဖြင့် မိမိရောက်ရမည့်ဘဝ ပတ်ဝန်းကျင်အာရုံများ ထင်လာ

မြင်လာတတ်သည်။ အသူရကာယ် ပြိတ္တာဖြစ်မည့် သူများမှာ တောတောင် ချောက်ကမ်းပါးနှင့် ပင်လယ်ကမ်းရိုးတန်းများ၊ မိုမိုနှင့် အပေါင်းအသင်း ဖြစ်ရမည့် အသူရကာယ်ပြိတ္တာများ၊ အပုပ်နံ့များ ထင်လာမြင်လာသည်။ ထိရန်ခွာန်ဖြစ်ရမည့်သူမှာ တ်ရစ်ခွာန်အဆင်း ပုံသဏ္ဌာန်အသံ အနံ့စသည်တို့ ထင်ထာမြင်လာသည်။ နတ်ပြည်ထောက်မည့် သူမှာ ဘုံဗိမာန်များ နတ်သမီးများ၊ နတ်ဥယျာဉ်ပန်းခြံများ ထင်မြင်လာသည်။ ထို့ပြင် မွေးကြိုင်သော နံ့နံ့များ ထင်လာသည်။ ငြဟ္မာပြည်သို့ ထောက်မည့် သူများသည် ငြဟ္မာတို့၏ ဘုံဗိမာန်နှင့် အပေါင်းအဖော် ငြဟ္မာများ အာရုံထင်လာတတ်သည်။ လူပြည် ထောက်မည့် သူသည် အမိဝမ်းရေ၊ သို့မဟုတ် အမိ၏ အဆင်းသဏ္ဌာန်များ ထင်မြင်လာသည်။

အကျဉ်းချုပ်အားဖြင့် ပြဆိုရပါက ယခင်ပြုခဲ့သော အမှုများသည် သေခါနီးတွင် ယခု လောလောဆယ် ပြုလုပ်နေရဘိသကဲ့သို့ ထင်မြင်လာလျှင် ကံအာရုံထင်လာသည်ဟု မှတ်ယူရမည်။ ထိုထိုကုသိုလ်အမှု အကုသိုလ်အမှုများပြုစဉ်က ပါရှိခဲ့သော အခြံအရံ၊ အဆောက်အအုံ၊ လက်နက်ကိရိယာများ ထင်မြင်လာလျှင် ကမ္မနိမိတ်အာရုံ ထင်လာသည်ဟု မှတ်ယူရမည်။ မိမိလားထောက်ရမည့် ဘုံဘဝနှင့် စပ်ဆိုင်သည့် အဆင်း အသံ အနံ့ အာရုံများ ထင်မြင်လာလျှင် ဂတိနိမိတ် အာရုံထင်လာသည်ဟု မှတ်ရမည်။

သေပြီးနောက် သုဂတိဘဝရောက်စေရန်

အထက်တွင် ဖော်ပြခဲ့ပြီးသော ဝတ္ထုသက်သေ သာဓကများကို ထောက်ရှုပါက သေခါနီးအချိန်၌ အာရုံထင်လာမှုသည် လွန်စွာ အရေးကြီးကြောင်း တွေ့ရပေသည်။ ဘဝတစ်လျှောက်လုံး ကုသိုလ်အမှု၊ ထုထည်ကြီးမားစွာပြုခဲ့သော သီရိမဟာသောကမင်းကြီး သေခါနီး အာရုံတစ်ချက် လွဲမှားရုံဖြင့် စပါးကြီးမြွေ ပြိတ္တာဖြစ်ရရှာသည်။ တမ္ဗဒါဋ္ဌိက ခိုးသူကြီးသည် အနှစ် ၅၀ သူသတ်ယောကျ်းပြုလုပ်လာခဲ့သော်လည်း သေခါနီးတွင် အရှင်သာရိပုတ္တရာအား ဆွမ်းတစ်နပ်ကပ်လှူပြီး တရားနာရခြင်းကြောင့် ကုသိုလ်အာရုံဖြင့် နတ်ပြည်ထောက်ရသည်။ ရဟန္တာအရှင်သောဏ၏ ဖခမည်းတော် တောထွက်ရဟန်းကြီးမှာမူ ငရဲလားထောက်ရုံနှင့် ဂတိနိမိတ်ထင်လာပြီးမှ သားဖြစ်သူ ရဟန္တာပုဂ္ဂိုလ်၏ ကူညီ ကယ်မှုကြောင့် နတ်ပြည် ဂတိနိမိတ်အဖြစ် နတ်သမီးများ ထင်မြင်လာ၍ နတ်ပြည်သို့ ထောက်ရသည်။ ယောမင်းကြီးဦးဘိုးလှိုင်၏ ကြိုတင်ပြင်ဆင်မှုများကို လေ့လာကြည့်ပါက မိမိထောက်လိုသော သုဂတိဘဝသို့ မိမိဆန္ဒရှိသလို ထောက်နိုင်သည့် နည်းလမ်းကို တွေ့မြင်ရပေမည်။

သေခါနီးရောက်မှ ပြုပြင်ရသည်ထက် မသေခင် ကျန်းကျန်းမာမာရှိစဉ်ကပင် အချိန်ယူ၍ ဒါနမှု, သီလမှု, ဘာဝနာမှုဖြင့် မှုမ်းထုံထားရပေမည်။ နှစ်စဉ် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ မြတ်စွာဘုရားအား ပန်း ရေချမ်း ဆုမ်း ဆီမီးကပ်လှူခြင်းများ၊ နှစ်စဉ် ဆုမ်းလောင်းခြင်းစသော နိဗ္ဗာနကုသိုလ်ဝတ်ကို ပြုရမည်။ ဤသို့ နှစ်စဉ်ရက်ဆက် ပြုနေသော ကုသိုလ်ကို ကုသိုလ်အာစိဏ္ဏကံ ခေါ်သည်။ (အာစိဏ္ဏ=ဆည်းပူးစုဆောင်းခြင်း။) ကုသိုလ်အာစိဏ္ဏကံ ရှိသူသည် သေခါနီးတွင် အခြားအကြောင်းထူး တစ်စုံတစ်ခုမရှိပါက ကုသိုလ်နှင့် စပ်သည့် အာရုံနိမိတ်များ ထင်လာမြင်လာပေမည်။ အလားတူပင် အကုသိုလ်ဒုစရိုက် အမှုကို နှစ်စဉ် ပြုနေသောဒုစရိုက်သမားတစ်ယောက်အတွက် သေခါနီးအခါတွင် အခြားအကြောင်းထူးတစ်စုံတစ်ခုမရှိပါက အကုသိုလ်အာစိဏ္ဏကံ၏အစွမ်းကြောင့် အကုသိုလ်အာရုံနိမိတ်ဆိုးများ ထင်လာမြင်လာပေမည်။ နေဝင်ခါနီးအချိန်တွင် အနောက်အရပ်မှ တောရိပ် တောင်ရိပ် အရိပ်မဲကြီးများက လွှမ်းမိုးလာ၍ တစ်လောကလုံး အမှောင်ထုက ဝါးမျိုသွားသကဲ့သို့ အကုသိုလ် အာစိဏ္ဏကံ ရှိသူအား အကုသိုလ် အာရုံနိမိတ် အမှောင်ထုကြီးက လွှမ်းခြုံ ဖိစီးသွား တော့သည်။

သေခါနီးလူမဖာသည် မျက်စိအကြည်(စက္ခုပသာဒ)ရုပ်စသော ရုပ်အကြည် ဓာတ်များ အားနည်းလာ၏။ လျှာမှာ အရသာမတွေ့၊ နှာခေါင်းမှာလည်း အနံ့မရတော့၊ နှာခေါင်းလန်နေပြီ၊ အချိုမှာ ခေါ်မကြား အော်မကြား နား (သောတ)ရုပ် ချုပ်နေလေပြီ၊ နားရွက်လန်နေပြီ၊ မျက်စိမှာလည်း အမြင်ဓာတ် ချုပ်ငြိမ်းနေလေပြီ၊ အသက်ရှင်သေးသည်ဟု ဆိုရလုံမျှ နှလုံးသွေး ခုန်နေသည်၊ အသက်ဝိညာဉ်သည် လွှန်စွာ အားနည်းနေပြီဖြစ်သော နှလုံးသား(ဟဒယဝတ္ထု ရုပ်)ကို အမှီပြုနေရ၍ ဝိညာဉ်၏ အစွမ်းအားလည်း လွှန်စွာ အားနည်းနေပြီ၊ ထို့ကြောင့် သေခါနီးသူ၏ ဝိညာဉ်သည် ကိုယ်သိချင်ရာကို သိနိုင်စွမ်းမရှိချေ။ လိုချင်သည့်အာရုံကို ကိုယ်ပိုင်ရွေးချယ်နိုင်ခွင့် မရှိတော့ချေ။ အတိတ်ကာလက ပြုခဲ့သည့် ကံအရှိန်အဟုန်က ချမှတ်ပေးသည့် အာရုံကိုသာ သိနိုင်စွမ်းရှိတော့သည်။ ဥပမာအားဖြင့် သေနတ်ပြောင်းဝမှ ထွက်သွားသော ကျည်ဆံသည် ပစ်မှတ်မရောက်မီ အကြားဌ် တစ်စုံတစ်ရာ အနှောင့်အယှက် အတားအဆီး မရှိပါက မူလချိန်ရွယ်ထားသည့် အတိုင်းသာ သွားပေမည်။ လမ်းကြောင်း ပြောင်းစေရန် လိုက်လံပြုပြင်၍ မရနိုင်တော့ချေ။ ကြားဝံ့ တစ်ခုခု ထိခိုက်ပွတ် တိုက်ပါမှ လမ်းကြောင်းပြောင်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် သေခါနီးသူ၏ စိတ်ဝိညာဏ်သည် ကိုယ်ပိုင်စွမ်းအား နည်းပါးလာပြီဖြစ်၍ လွှန်ခဲ့သောအခါက ပြုခဲ့သည့်ကုသိုလ် အကုသိုလ်ကံ အရှိန်အဟုန်အတိုင်း ဖြစ်ရန်သာ ရှိတော့သည်။

သို့ဖြစ်၍ သေခါနီးမှ ကံကို ပြုပြင်ရယူရန် ကိစ္စမှာ အလွန်ခက်ခဲလှသဖြင့် အစက ကြိုတင်၍ အာစိဏ္ဏကံကုသိုလ်ကို နေ့စဉ် ဆည်းပူးသင့်ကြသည်။

ယခင်က ပြဆိုခဲ့သည့်အတိုင်း အလွန်အပြစ်ကြီးလေးသော အကုသိုလ်ကံ (ပဉ္စာနန္တရိယကံ)နှင့် ရှုပ အရှုပစ္စာန်ကုသိုလ်ကံများ (ဂရုကံ)ရှိလျှင် ဂရုကံသာလျှင် အကျိုးပေးခွင့်ရှိသည်။ ဂရုကံမရှိပါက အာစိဏ္ဏကံအကျိုးပေးသည်။ အာစိဏ္ဏကံမရှိပါမှ အာသန္နကံ အကျိုးပေးခွင့်ရမည်။ သာမန်လူများမှာ ကုသိုလ်ဂရုကံလည်း မရှိကြ၊ အကုသိုလ်ဂရုကံလည်း မရှိကြသဖြင့် အာစိဏ္ဏကံ ရှိလျှင် အာစိဏ္ဏကံသာလျှင် အကျိုးပေးခွင့် ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်အာစိဏ္ဏကံကို အမြဲတစေ ဆည်းပူးကြရမည်။ အရှေ့ဘက်သို့ ကိုင်းညွတ်နေသော ယိုင်နေသော သစ်ပင်ကို ခုတ်လဲလိုက်ပါက အရှေ့ဘက်သို့ သေချာပေါက် လဲမည် ဖြစ်သည်။ အလားတူပင် ကုသိုလ်စိတ် အမြဲထုံမွှမ်းနေသူမှာ သေခါနီးအချိန်တွင်လည်း ကုသိုလ်စိတ် ကုသိုလ်ဇောမျာပင် ဖြစ်ဖို့များပါသည်။ သေခါနီးမှ ကပ်ပြီး ကြာဖြတ်ကံများ ဝင်မလာနိုင်စေရန် မသေမီကပင် ကြိုတင်ပြင်ဆင်၍ သေခြင်းတရားကို ရင်ဆိုင်ကြရမည်ဖြစ်သည်။ သေခါနီးတွင် ကလေးငိုသံ ခွေးသံ ဝက်သံ ကြက်သံများ မကြားရစေဘဲ ဘုရားရှိခိုးသံ မေတ္တာဘာဝနာ ပဉ္စားသံများ တရားသံများသာ ကြားရန် စီစဉ်သင့်ပါသည်။ ဤသို့ အာရုံ နိမိတ် အလွန်အမှားများ ကြားဖြတ်ဝင်မလာစေရန် သေခါနီး ပုဂ္ဂိုလ်အား စိတ် အနှောင့်အယှက် ဖြစ်စေသည့် အပြောအဆို အပြုအမူများ မပြုလုပ်သင့် ရှောင်ရှားသင့်ကြသည်။ ဘဝဘာစ်ခု ကူးပြောင်းရတော့မည်ဖြစ်၍ လွန်စွာအရေးကြီးသော အချိန်ပိုင်း ဖြစ်သည်။

ထို့ကြောင့် သေပြီးနောက် သုဂတိဘဝရောက်လိုသော လူတိုင်းသည် ကုသိုလ် အာစိဏ္ဏကံကို ဆည်းပူးထားကြ၍ သေခါနီးတွင် အကုသိုလ်ကံ ကြားဖြတ်မဝင်နိုင်စေရန် မိတ်ဆွေ သားချင်းများက ပြုစု စောင့်ရှောက်သင့်ကြပေသတည်း။

သြကာသ မူကွဲများ

ဗုဒ္ဓဘာသာဝင်မှန်သမျှ သြကာသဆိုရိုးကို ရနေကြသည်၊ ကလေးသူငယ်များကို လူကြီးမိဘများက ညဝတ်တက်သည့်အခါ ဖြစ်စေ, အားလပ်သည့်အခါ ဖြစ်စေ သြကာသကန်တော့ချိုးကို ချပေးလေ့ရှိကြသဖြင့် စာမဖတ်တတ်မီကပင် ရနေကြသည်။ လူကြီးမိဘများသည် မိမိတို့၏ သား သမီး မြေး မြစ်များကို မိမိတို့ ယုံကြည်ကိုးကွယ်သော ဗုဒ္ဓဘာသာ တရားအပေါ် ၌ လေးလေးနက်နက် သက်ဝင် ယုံကြည်လာအောင် မိမိတို့ ရရှိထားသော သြကာသကန်တော့ချိုးများကို စဉ်ဆက်မပြတ် နှုတ်တက်အာဂုံ ရရှိအောင် သင်ကြားပေးခဲ့ကြသည်။

မြန်မာနိုင်ငံ ပုဂံခေတ် ရှင်အရဟံလက်ထက်က စ၍ ပေါ်ပေါက်ခဲ့သော သြကာသကန်တော့ချိုးသည် "တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း" ဆိုသကဲ့သို့ နေထုဒေသတစ်ခုနှင့်တစ်ခု မတူကွဲပြားဖြစ်နေသည်များကို တွေ့ရှိရပါသည်။ ယင်းသို့ တွေ့ရှိရသော သြကာသ အမျိုးမျိုးကို မဖော်ပြမီ သြကာသနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင်များ ရဟန်းသံဃာတော်မြတ်တို့ထံ သိလသိတင်း ဆောက်တည်ခံယူခြင်းစသော အခါကာလတို့၌ သြကာသစသော စကားကို ရှေးရှေး သူတော်ကောင်းတို့သည် ဘိုးဘွားဘီဘင်တို့၏ အစဉ်အဆက် အားဖြင့် အလေ့အထပြုကျင့်၍ လာခဲ့ကြသည်မှာ ပူဇော်ခြင်း, ကန်တော့ခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ပူဇော်ခြင်း ဆိုသည်မှာ အရဟံအစ ဘဂဝါဒိအဆုံးရှိသော ကိုးပါးသောဂုဏ်တော်မြတ်ကို ဟုတ်မှန်သောအလျောက် ချီးမြှောက်ကော်ရော်ပူဇော်သက္ကာရကို ပြုကြခြင်းသည် ပူဇော်သည် မည်၏။ ကန်တော့ခြင်းဆိုသည်မှာလည်း နှစ်ပါးအပြား ရှိပြန်၏။ ထိုနှစ်ပါးကား—

(က) ပုထုဇဉ်တို့၏ ဂတိအားလျော်စွာ မပြစ်မှား မကျူးလွန်ထိုက်သော ရတနာသုံးပါး ဆရာမိဘစသော သူတို့ကို ပြစ်မှား ကျူးလွန်မိသော ဏံကို သည်းခံစေလိုမှု ကန်တော့ဝန်ချခြင်း၊

(၀) အိမ်ထောင်ဦး စသည်တို့၌ သက်ကြီးရွယ်ရင့်သော သူတို့ကို ပဋိသန္ဓာရ အစေ့အစပ် လောကဝတ်ကို ငဲ့သောအားဖြင့် ကန်တော့ခြင်း-

တို့ဖြစ်ပါသည်။

ယခုဖြစ်စေ, ရှေးရှေးက ဖြစ်စေ ကျွေးလွန်မိသည့် အပြစ်ကံကို သည်းခံစေလိုၗ ပစေတီစဉ်ဆက်က ဆရာများ နည်းပေးချက်အရ မိဘဘိုးဘွားမှဆင်းသက်သဖြင့် ယခုထက်တိုင်အောင် ယားသမီး မြေးမြစ်တို့ ဆက်လက်၍ မပျက်စေရန် ကန်တော့ကြသည့် နည်းနာနယဟု မြဲမြဲစဲ့စဲ့ မိမိရရ မှတ်သားကြလေ။

ရှေးရှေးက ပြစ်မှားကျွေးလွန်မိခဲ့သော သူသည် ယခုပင် မရှိသော်လည်း ရတနာသုံးပါးတို့ထံမှာ ကန်တော့ဝန်ချပြန်လျှင် အပြစ်ဒဏ် ပြေငြိမ်းပြီဟု ကျမ်းဂန်တို့၌ လာသော သာဓကမှာ——

ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကာလက ဝသဘင်္ဂါတွင် မည်သော ရဟန်းကို အာဂန္တုက ရဟန်းတို့ တရားလမ်း မသက်သော ဥက္ကဋ္ဌပနီယကံဖြင့် ပြစ်မှားကျွေးလွန်မိသည်ကို ဘုရားရှင်ထံ ကန်တော့ဝန်ချခြင်း၊ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သားတော် အဇာတသတ်မင်း ပြစ်မှားကျွေးလွန်မိသည်ကို ဘုရားရှင်ထံ ကန်တော့ဝန်ချခြင်း၊ ပုဏ္ဏအမည်ရှိသော သူဌေး၏ သမီး ဥတ္တရာကို ဇဝကဆေးဆရာ၏ နှမ သီရိမာသည် ပြစ်မှားကျွေးလွန်မိသည်ကို ဘုရားရှင်ထံ ကန်တော့ဝန်ချခြင်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် ရှေးရှေးသော ဆရာကြီးတို့သည် သတ္တဝါတို့အား သနားကရုဏာ မေတ္တာသက်၍ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ပြစ်မှားကျွေးလွန်မိသည်ကံ ရှိပါလျှင်လည်း ပစ္စုပ္ပန်သံသရာဘေးမှ ကင်းဝေး လွတ်ကွာကြပါစေတော့ဟု ရဟန်းသံဃာတော်တို့ထံ ချဉ်းကပ်၍ သီလသီတင်း ခံယူဆောက်တည်ခြင်းစသော ကာလတို့၌ ဒါယကာ ဒါယိကာမတို့ကို ရှေးဦးစွာ သြကာသ စသော ပဏာမ ကံနှင့်တော့ခန်းကို ပြုကြစေသည့် ပဝေဏီ အဆက်ဆက်က ဆရာတို့ နည်းပေး၍ ကန်တော့ဝန်ချခြင်းဟု စဲ့စဲ့မြဲမြဲ သဲကြီးအူခတ် တံဆိပ်အပ်ဘိသကဲ့သို့ ကြပ်ကြပ်စိစိ ပီပီရရ မှတ်သားကြလေ (ဝိနယပကိဏ္ဏကဝိနိစ္ဆယကျမ်း)။

မြန်မာနိုင်ငံ အနှံ့အပြား မှီတင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏ ဒေသအလိုက် ဆရာစဉ်ဆက်မှ ရရှိခဲ့သော သြကာသကန်တော့ချီးမူကဲ့ အမျိုးမျိုးသည် မှားသည်ဟု မယူဆပါ၊ အချိန်အခါလိုက်၍ ပြောင်းလဲ

လာသော်လည်း မိမိတို့ ရရှိသော သြကာသ၊ ကန်တော့ချိုးမျှားဖြင့် ရတနာသုံးပါးအား ရှေးဦးစွာ ကန်တော့ကြခြင်းသည် ကောင်းမြတ်သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ ယင်းသြကာသမှာ မူကွဲအမျိုးမျိုးရှိရာ ရှေးဦးစွာ ပုဂံခေတ်မှစ၍ အစဉ်အလာ အသုံးပြုခဲ့သော သြကာသကန်တော့နည်းကို ပြဆိုပါမည်။

မူလသြကာသ

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကံသုံးပါးတို့ဖြင့် ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့အား အရှိအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ဤသို့ အရှိအသေ အလေးအမြတ် ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါရသော အကျိုးအားဖြင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ် ရွှစ်ပါး ရန်သူမျိုးငါးပါးတို့မှ ကင်းလွတ်သည်သာ ဖြစ်၍ မင်္ဂလာတရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလိုသော်အရှင်ဘုရား။

ယင်း ကန်တော့ခန်း၌ ကံဖြင့် ရှိခိုးခြင်းသည် အဋ္ဌသာလိနီအဋ္ဌကထာနှင့် မညီဟု ဆို၍ ဒဋ္ဌိရဂိုဏ်းကြီးကို တည်ထောင်သည့် အုတ်ဖိုဆရာတော် အရှင် ဥက္ကံဝံသမာလာ-က အောက်ဖော်ပြပါအတိုင်း သြကာသ ကန်တော့ခန်းကို ပြင်ဆင်ရေးသားတော်မူခဲ့သည်—

ဒဋ္ဌိရသြကာသ

သြကာသ သြကာသ သြကာသ ကာယဒဋ္ဌိရ ဝစီဒဋ္ဌိရ မနောဒဋ္ဌိရ တည်းဟူသော သုံးပါးသော ဒဋ္ဌိရတို့ဖြင့် ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့အား အရှိအသေ အလေးအမြတ် လက်အုပ်မိုးချ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရွှစ်ပါး ရန်သူမျိုးငါးပါး အနာမျိုး ကိုးဆယ့်ခြောက်ပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းဆည်ဖြစ်၍ အဆုံးစွန်သောဘဝ၌ စျာန်တရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလိုသော် အရှင်ဘုရား။

မူလလက်ဟောင်းကဲ့ဖြင့် ရှိခိုးသူများကို ကံကိုကဲးဟု ခေါ်ကြ၍ ဒဋ္ဌါရဖြင့် ရှိခိုးသူများကို ဒဋ္ဌါရကိုက်းဟု ခေါ်ကြသည်။ ကံ ဒဋ္ဌါရ အပြင်းပွား၍ အချို့သော သူများက နှစ်ခုလုံး မှန်ကန်သည်ဟု လက်ခံကာ ဩကာသကန်တော့ခန်း နှစ်မျိုးကို အောက်ပါအတိုင်း ပေါင်းစပ်ရှိခိုးကြသည်—

နှစ်မူပေါင်းစပ် ဩကာသ

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော ကံသုံးပါး, ကာယဒဋ္ဌါရ ဝစီဒဋ္ဌါရ မနောဒဋ္ဌါရတည်းဟူသော သုံးပါးသောဒဋ္ဌါရတို့ဖြင့် ပထမ ဒုတိယ တတိယ စာတိုယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့အား အရှိအသေ အလေးအမြတ် ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အာရုဏ်ဘုရား။

ဤသို့ အရှိအသေ အလေးအမြတ် ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော အကျိုးအားဖြင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါး ဝိပတ္တိတရား လေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရုဏ်ဘုရား။

အချို့က ယင်းအငြင်းပွားမှု နှစ်မျိုးကို ရှောင်လွဲလိုသဖြင့် ပဏာမဖြင့် ရှိခိုးကြသည်။

ပဏာမ ဩကာသ

ဩကာသ ဩကာသ ဩကာသ ကာယပဏာမ ဝစီပဏာမ မနောပဏာမ သုံးပါးသော ပဏာမတို့ဖြင့် ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ် သုံးပါးတို့အား အရှိအသေ အလေးအမြတ် ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အာရုဏ်ဘုရား။

ဤသို့ အရှိအသေ အလေးအမြတ် ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော အကျိုးအားဖြင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရုဏ်ဘုရား။

ယို့ပြင် ကံကို စေတနာဟု အမည်တင်၍ ဒါရပဏာမဖြင့် ရှိခိုးနည်းကို ဖေးသာရကြပြန်သည်။

သြကာသ သြကာသ သြကာသ ကာယဝစီ မနောချီလျက် သုံးလီစေတနာ သုံးဖြာဒါရ ပဏာမဖြင့် ဘုရားရတနာ တရာ ,ာနာ သံဃာရတနာ ရတနာမြတ် သုံးပါး ဆရာသမားတို့အား ဘုရားတပည့်တော် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာ ဖြစ်၍ အဆုံးစွန်သော ဘဝ၌ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

မှတ်ချက်။ ။ရှိခိုးဆု၌ အင်္ဂုတ္တိရ်ပါဠိတော်တွင် ဒါရသုံးပါးဖြင့် ကရိဏ်းထား ပုံကို ဟောတော်မူသည်။ ထိုထို အဋ္ဌကထာ, ဋီကာတို့၌ ကံဓေတနာ ပဏာမတို့ဖြင့် ကရိဏ်းထားပုံကိုလည်း ဖွင့်ပြကြသည်။ ကုသိုလ်ဖြစ်ကြောင်းသာဟူ၍ ယူဆအပ်၏။

တဖန် ကံဖြင့် ရှိခိုးခြင်း၊ ဒါရဖြင့် ရှိခိုးခြင်း၊ ပဏာမဖြင့် ရှိခိုးခြင်းတို့ကို ရှောင်ရှားလိုသဖြင့် ကာယကံ ဝစီကံ မနောကံတို့ကို ပြစ်မှားမိသော ကံအပြစ် ပြုပြင်ရေးသား၍ သြကာသမူသစ်တစ်ရပ် ပေါ်ထွန်းခဲ့ပါသည်။

သြကာသမူသစ်

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ ကံသုံးပါး တို့တွင် တစ်ပါးပါးသောကံကို ပြစ်မှားကျူးလွန်မိသည် ရှိသော် ထိုအပြင်တို့ကို ပျောက်ပါစေခြင်းဆကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဤရတနာမြတ် သုံးပါးအပေါင်းကို အရှိအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ တို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး

ဝိပတ္တိတရား လေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မင်္ဂလာ ဖိုလ်ဂြိုဟ် နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား (ဗုဒ္ဓဘာသာသင်ခန်းစာ ဆရာလက်စွဲ ၁၉၅၂)။

ယင်းသြကာသမူသစ်ကိုပင် ထပ်မံအဓိပ္ပါယ်ဖွင့်ဆိုသည့် အနေဖြင့် အောက်ဖော်ပြပါ အမျှားသုံး သြကာသမူသစ်ကို ပြုပြင်ရေးသားခဲ့ကြပြန်သည်—

အမျှားသုံး သြကာသ

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရှိအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်မှုစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

ထို့နောက် မဟာစည်ဆရာတော်ဘုရားကြီးသည် ပိုမိုပြည့်စုံသော သြကာသ ကန်တော့ခန်းကို ရေးသားခဲ့ပြန်သည်။

မဟာစည် သြကာသ

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေး ကင်းဝေးကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှါ ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရှိအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါး အနာမျိုး ကိုးဆယ့်ခြောက်ပါး မိစ္ဆာဒိဋ္ဌခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား။

မွန်လူမျိုးတို့သည် ရတနာသုံးပါး ဆရာသမား မိဘတို့အား ကန်တော့ရာ၌ ပါဠိဘာသာဖြင့် ရွတ်ဆိုကန်တော့ကြသည်။

မွန်ဩကာသ ကန်တော့ခန်း

ဩကာသ ဩကာသ ဩကာသ ယော ဒေါသော မောဟစိတ္တောန ဗုဒ္ဓသို့ ဓမ္မသို့ သံဃသို့ အာစရိယသို့ ဟကတော မယာ၊ ခမထ မေ ကတံ ဒေါသံ၊ သမ္မပါပံ ဝိနဿတု။

ဒုတိယမို့ ....စသည် ဆက်ဆိုပါ။

တတိယမို့....စသည် ဆက်ဆိုပါ။

ဩကာသ၊ ခွင့်ပေးတော်မူပါဘုရား။ ဩကာသ၊ ခွင့်ပေးတော်မူပါဘုရား။ ဩကာသ၊ ခွင့်ပေးတော်မူပါဘုရား။ မယာ၊ ဖာပည့်တော်သည်။ မောဟစိတ္တောန၊ တွေဝေမိုက်မဲသော စိတ်ဖြင့်။ ဗုဒ္ဓသို့၊ ဘုရားအပေါ်၌လည်းကောင်း။ ဓမ္မသို့၊ တရားအပေါ်၌လည်းကောင်း။ သံဃသို့၊ သံဃာအပေါ်၌လည်းကောင်း။ အာစရိယသို့၊ ဆရာသမားအပေါ်၌လည်းကောင်း။ ယော ဒေါသော၊ အကြင်အပြစ်ကို။ ပကတော၊ ပြစ်မှားကျူးလွန်မိပါပြီ။ မေ၊ တပည့်တော်၏။ ကတံ၊ ပြစ်မှားကျူးလွန်မိသော။ တံ ဒေါသံ၊ ထိုအပြစ်ကို။ ခမထ၊ သည်းခံတော်မူကြပါကုန်ဘုရား။ သမ္မပါပံ၊ အလုံးစုံသော မကောင်းမှုဟူသမျှသည်။ ဝိနဿတု၊ ပျောက်ပျက်ချုပ်ငြိမ်းပါစေသတည်း။

ဒုတိယမို့၊ နှစ်ကြိမ်မြောက်လည်း ....စသည် ဆက်ဆိုပါ။

တတိယမို့၊ သုံးကြိမ်မြောက်လည်း....စသည် ဆက်ဆိုပါ။

မှတ်ချက်။ ။မြန်မာတို့၏ မူလဩကာသကန်တော့ခန်းမှာ မွန်တို့၏ ပါဠိဘာသာ ဩကာသကန်တော့ခန်းကို ဘာသာပြန်၍ ပြုပြင် ဖိမံထားခြင်း ဖြစ်နိုင်ပါသည်။ အကြောင်းမူ ဟုံဓေတ် အနော်ရထာမင်းကြီး လက်ထက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ရှင်အရဟံအမှူး ပြုသည့် မွန်ရဟန်းတော်များက ဦးစီးဦးဆောင်ပြု၍ သင်ကြား ပို့ချပေးခြင်း၊ ဖြန့်ချိခြင်း ပြုခဲ့ကြရသောကြောင့် ဖြစ်ပါသည်။

အခန်း (၂၆)

ပါဠိပါဋ္ဌဆင့် ရေးနည်း ဖတ်နည်း

ပါဠိပါဋ္ဌဆင့် ရေးနည်းဖတ်နည်း ကျမ်းကျင် နားလည်စေရန် ရွေးဦးစွာ ပါဠိဘာသာ အက္ခရာ ၄၁-လုံးနှင့် ယင်း ၄၁-လုံးမှ သရ, ဗျည်း ခွဲခြားခြင်း၊ သရကို သံတို သံရှည်ခွဲခြားခြင်း၊ ဗျည်းကိုလည်း ဌာန်တူရာ စုပေါင်း၍ အုပ်စု ဖွဲ့ခြင်းများကို နားလည်ရန် လိုအပ်ပါသည်။

အက္ခရာ ၄၁-လုံး

သရ ၈-လုံးနှင့် ဗျည်း ၃၃-လုံးကို ပေါင်းလျှင် အက္ခရာ ၄၁-လုံး ဖြစ်သည်။

သရ ၈-လုံး= အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ

ယင်း သရ ၈-လုံးကို အသံတို (ရဿ) သရ ၃-လုံး၊ အသံရှည် (ဒီဃ)သရ ၅-လုံး အောက်ပါ ၉ယောအတိုင်း ခွဲခြားနိုင်ပါသည်—

အသံတို ရဿ	အသံရှည် ဒီဃ	အသံတို ရဿ	အသံရှည် ဒီဃ	အသံတို ရဿ	အသံရှည် ဒီဃ	အသံရှည် ဒီဃ	အသံရှည် ဒီဃ
အ	အာ	ဣ	ဤ	ဥ	ဦ	ဧ	ဩ

ဗျည်း ၃၃-လုံးကို ဌာန်နီးစပ်ရာ ဌာန်တူရာ အုပ်စုဖွဲ့ထားရာ ယင်းအုပ်စုကို ဝဂ်ဟု ခေါ်သည်။ ဌာန်မတူသော ဗျည်းများကို အုပ်စုဖွဲ့၍ မရသဖြင့် အဝဂ်ဟု ခေါ်သည်။ ဝဂ်ဗျည်း ၂၅-လုံးကို ဒေါင်လိုက်၉ယောအရ ပထမအက္ခရာ၊ ဒုတိယအက္ခရာ၊ တတိယအက္ခရာ၊ စတုတ္ထအက္ခရာ၊ ပဉ္စမအက္ခရာဟု ခေါ်ဆိုလေ့ ရှိသည်။

ထိုတွင် ပထမအက္ခရာ၊ တတိယအက္ခရာနှင့် ပဉ္စမအက္ခရာတို့သည် မိမိတို့ အချင်းချင်း ဆင့်နိုင်သည်။ ထို့အပြင် ပထမအက္ခရာသည် ဒုတိယအက္ခရာ အပေါ်၌ ဆင့်နိုင်သည်။ တတိယအက္ခရာသည် စတုတ္ထအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ ပဉ္စမအက္ခရာသည် ရှေ့ဗျည်း ၄-လုံးအပေါ်၌ ဆင့်နိုင်သည်။

အဝဂ်ဗျည်း ဂ-လုံးတို့တွင် "ယ"သည် မိမိတို့ အချင်းချင်း ဆင့်နိုင်၍ "ယ"အပေါ်သို့ အခြားဗျည်း ၁၈-လုံး ဆင့်နိုင်သည်။

"ရ"သည် အချင်းချင်း မဆင့်နိုင်ဘဲ အခြားဗျည်း ၇-လုံးတို့က လာရောက် ဆင့်နိုင်သည်။

"လ"သည် အချင်းချင်း ဆင့်နိုင်၍ လပေါ်၌ "က" ဗျည်းနှင့် "ပ" ဗျည်းတို့ ဆင့်နိုင်သည်။ ထို့ပြင် "လ"သည် "ယ"ပေါ်၌ ဆင့်နိုင်သည်။

"ဝ"သည် အချင်းချင်း ဆင့်နိုင်၍ "ဝ"ပေါ်သို့ က၊ ခ၊ တ၊ ဒ၊ ဓ၊ န၊ ယ၊ သ၊ ဟ ဗျည်း ၉-လုံးဆင့်နိုင်သည်။

"သ"သည် အချင်းချင်း ဆင့်နိုင်၍ န၊ မ အက္ခရာဘို့အပေါ်၌ ဆင့်နိုင်သည်။

ဝဂ်၏ အဆုံးဖြစ်သော ဉ၊ ဏ၊ န၊ မ အက္ခရာတို့သည် "ဟ" အပေါ်၌ ဆင့်နိုင်သည်။ ယ၊ ဝ၊ ဠ အက္ခရာတို့သည်လည်း "ဟ" အပေါ် ဆင့်နိုင်သည်။ ထိုအခါ အက္ခရာရေးသားရာ၌ ဟထိုးအဖြစ် ရှိနေမည် ဖြစ်သည်။

	ဖိုဝဂ်	မ	ဖိုဝဂ်	မ	ဖိုဝဂ်
	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ
ကဝဂ်	က	ခ	ဂ	ဃ	င
စဝဂ်	စ	ဆ	ဇ	ဈ	ဉ
ဋဝဂ်	ဋ	ဌ	ဍ	ဎ	ဏ
တဝဂ်	တ	ထ	ဒ	ဓ	န
ပဝဂ်	ပ	ဖ	ဗ	ဘ	မ

အဝဂ်	ယ	ရ	လ	ဝ	သ
		ဟ	ဠ	အံ	

အက္ခရာတူဆင့်ခြင်းကို သဒိသဒ္ဒေါဘ်ဟု ခေါ်၍ အက္ခရာမတူ ဆင့်ခြင်းကို အသဒိသဒ္ဒေါဘ်ဟု ခေါ်သည်။ (သဒိသ=တူသော။ အသဒိသ=မတူသော။ ဒ္ဒေါဘ်=နှစ်လုံး ထပ်ဆင့်ပြုခြင်း။)

သဒ်သဒ္ဒဘေဒ်—အက္ခရာတူဆင့်ခြင်း

(၁) ပထမအက္ခရာချင်း ဆင့်ပုံ

(အပေါ်စာလုံးကို အသတ်ဟု မှတ်ထား၍ အသံမထွက်ရ၊ အောက်စာလုံးကိုသာ အသံထွက်ရမည်။)

က+က=က္က (သက္က=သီကြားမင်း) (သက်က)

စ+စ=စ္စ (သစ္စ=အမှန်တရား) (သစ်စ)

ဋ္ဌ+ဋ္ဌ=ဋ္ဌ (ဝဋ္ဌ=ဝဋ်ဌာဆင်းရဲ) (ဝတ်ဋ္ဌ)

တ+တ=တ္တ (သတ္တ=သတ္တဝါ) (သတ်တ)

ပ+ပ=ပ္ပ (သပ္ပ=မြေ) (သပ်ပ)

(၂) တတိယအက္ခရာချင်း ဆင့်ပုံ

ဂ+ဂ=ဂ္ဂ (အဂ္ဂ=အမြတ်) (အက်ဂ)

ဇ+ဇ=ဇ္ဇ (အဇ္ဇ=ယနေ့) (အစ်ဇ)

ဍ+ဍ=ဍ္ဍ (အဍ္ဍ=တရားဆုံးဖြတ်ခြင်း) (အတ်ဍ)

ဒ+ဒ=ဒ္ဒ (သဒ္ဒ=အသံ) (သတ်ဒ)

ဗ+ဗ=ဗ္ဗ (သဗ္ဗ=အလုံးစုံ) (သပ်ဗ)

(၃) ပဉ္စမအက္ခရာချင်း ဆင့်ပုံ

ဉ+ဉ=ဉ္ဉ (အညမညာ=အချင်းချင်း) (အင်ဉ္ဉ မင်ဉ္ဉ)

ပါဠိဘာသာ၌ "ဉ"သည် ဉ နှစ်လုံးဆင့်ဖြစ်သည်၊ မြန်မာဘာသာ၌မူ "ဉ"သည် တစ်လုံးတည်း ဖြစ်သည်။

ဏ+ဏ=ဏ္ဏ (ကဏ္ဏ=နား၊ နားရွက်) (ကန်ဏ)

န+န=န္န (ဆန္နာ=အဖုံး၊ အမိုး) (ဆန်န)

မ+မ=မ္မ (ကမ္မ=ကံ၊ အမ္မကိစ္စ) (ကမ်မ)

(၄) အဝဂ်အက္ခရာတူချင်း ဆင့်ပုံ

ယ+ယ=ယျ (သေယျ=အိပ်ရာ) (သေယ)

လ+လ=လ္လ (ကလ္လ=ခဲ့ကျန်း) (ကန်လ)

ဝ+ဝ=ဗ္ဗ (ကုဗ္ဗထော=ပြုလုပ်သူအား။ ဗ္ဗ-ကို ဗ္ဗ-ပြု) (ကုပ်ဗတော)

သ+သ=ဿ (ကဿက=လယ်သမား) (ကတ်သက)

အသဒိသဒ္ဒဘော်=အက္ခရာမတူဆင့်ခြင်း

(၁) ပထမအက္ခရာက ဒုတိယအက္ခရာအပေါ်သို့ ဆင့်ခြင်း

က+ခ=က္ခ (ယက္ခ=ဘီလူး) (ယက်ခ)

စ+ဆ=စ္ဆ (အစ္ဆ=ဝံ) (အစ်ဆ)

ဋ+ဌ=ဋ္ဌ (အဋ္ဌ=ရှစ်)(အတ်ဌ)

ဋဝမ်းဘဲကို လည်ရစ်ထည့်လျှင် နှစ်လုံးဆင့်ဟု မှတ်ရမည်။

တ+ထ=တ္ထ (သတ္ထ=လှည်းကုန်သည်) (သတ်ထ)

ပ+ဖ=ပ္ဖ (ပုပ္ဖ=ပန်း) (ပုပ်ဖ)

(၂) တတိယအက္ခရာက စတုတ္ထအက္ခရာအပေါ်သို့ ဆင့်ခြင်း

ဂ+ဃ=ဏ္ဌ (ဗျဏ္ဌ=ကျား) (ဗျက်ဃ)

ဇ+ဈ=ဇ္ဈ (မဇ္ဈ=အလယ်) (မစ်ဈ)

ဍ+ဎ=ဎ္ဎ (အာဂဎ္ဎန=ဆွဲငင်ခြင်း) (အာဂတ်ဍန)

ဒ+ဓ=ဒ္ဓ (သဒ္ဓါ=ယုံကြည်ခြင်း) (သတ်ဓာ)

ဗ+ဘ=ဗ္ဘ (လဗ္ဘတိ=ရအပ်၏) (လပ်ဘတိ)

(၃) ပဥ္စမအက္ခရာက ရှေ့လေးလုံးပေါ်သို့ ဆင့်ခြင်း

ဂ+က=ဂ်ဂ (ဝဂ်ဂ=ကောက်ခြင်း) (ဝင်က)

ဇ+ခ=ဇ်ဈ (ကဇ်ဈါ=ယုံမှားခြင်း) (ကင်ခါ)

ဇ+ဂ=ဇ်ဇ (မဇ်ဇ=မဇ်ဇာ) (မင်ဂလ)

င+လ=ဿ (သဿ်=သံလား) (သင်္ဃာ)
ဥ+စ=ဉ (ပဉ္စ=ငါးခု) (ပဉ္စ)
ဥ+ဆ=ဈ (ဥဇ္ဈ=ရှာမှီးခြင်း) (ဥံဆ)
ဥ+ဇ=ဉ (အဉ္ဇန=မျက်စဉ်း) (အင်ဇန)
ဥ+ဗျ=ဥျ (ဝဉ္ဇ္ဈာ=အမြုံမ) (ဝင်ဗျာ)
ဏ+ဋ=ဏ္ဍ (ကဏ္ဍက=ဆူး) (ကန်ဋ္ဌက)
ဏ+ဌ=ဏ္ဌ (ကဏ္ဌ=လည်ချောင်း) (ကန်ဌ)
ဏ+ဍ=ဏ္ဍ (ကဏ္ဍ=အပိုင်း) (ကန်ဍ)
န+တ=န္တ (အနန္တ=အဆုံးမရှိ) (အနန်တ)
န+ထ=န္ထ (ဂန္ထ=ကျမ်းစာ) (ဂန်ထ)
န+ဒ=န္ဒ (ဆန္ဒ=အလို) (ဆန်ဒ)
န+ဓ=န္ဓ (ဂန္ဓ=အနံ့) (ဂန်ဓ)
မ+ပ=မ္ပ (ကမ္ပတိ=တုန်လှုပ်၏) (ကမ်ပတိ)
မ+ဖ=မ္ဖ (သမ္ဖပ္ပလာပ=ပြိန်ဖျင်းသောစကား)
(သမ်ဖပ်ပလာပ)
မ+ဗ=မ္ဗ (အမ္ဗ=သရက်ပင်) (အမ်ဗ)
မ+ဘ=မ္ဘ (သမ္ဘ္ဂလ=မိဖုရား) (သမ်ဘ္ဂလ)

(၄) ယအပေါ်သို့ ဆင့်ခြင်း

က+ယ=ကျ (သကျမုနိ=မြတ်စွာဘုရား) (သက်ကျမုနိ)
ခ+ယ=ချ (အာချာတ=အာချာတ်) (အာချာတ)
ဂ+ယ=ဂျ (အာဇောဂျ=ကျန်းမာခြင်း) (အာဇောက်ဂျ)
ဃ+ယ=ဃျ (မာဃျ=သင်းခွေပန်း) (မာဃယ)
စ+ယ=စျ (သဉ္ဇျာ=ဆည်းဆာ) (သင်စယာ).
ဇ+ယ=ဇျ (ကဇျာဒီဟိ ကော) (ကဇယာဒီဟိ)
ဏ+ယ=ဏျ (အာနဏျ=ကြွေးကင်းသူဘဝ) (အာနဏယ)
တ+ယ=တျ (တျာဟံ=တေ+အဟံ) (တယာဟံ)
ဒ+ယ=ဒျ (အာဒျ=ယနေ့) (အာဒယ)
ဓ+ယ=ဓျ (မဓျ=အလယ်)(မဓယ)

န+ယ—ဿ (ကဿာ=ကညာ) (ကနယာ)
ပ+ယ=ပ္ပ (လီပ္ပ=ရေးသားချ) (လီပ္ပ)
ဗ+ယ=ဗ္ဗ (ဗ္ဗာဓိ=အနာထောဂါ) (ဗ္ဗာဓိ)
ဘ+ယ=ဘ္ဘ (ဘ္ဘာဒိဟိ) (ဘယဘေဒိဟိ)
မ+ယ=မ္မ (မ္မာယံ=မေ+အာယံ) (မ္မာယံ)
လ+ယ=လ္ဟ (ကလ္ဟာဏ=ကောင်းသောသူ) (ကလယာဏ)
သ+ယ=သ္သ (နိသ္သ=နိတ်သယ)
ဟ+ယ=ဟ္ဟ (ဂါဟ္ဟ=အယူခံရသည့်ပစ္စည်း) (ဂါဟယ)

မှတ်ရန်။ ။ယပေါ် သို့ က၊ ခ၊ ဂ၊ ပ၊ ဗ၊ ဘ၊ မ တို့ကို ဆင့်ရာ၌ မြန်မာအသံထွက် နည်းဆာရ တစ်သံတည်းဖြစ်အောင် ပူးတွဲသွားသည်၊ အခြားလူမျိုး များမှာမူ အသံနှစ်ခု နီးကပ်ခွံမျသာ ဖြစ်၍ တစ်သံတည်းအဖြစ် ပူးပေါင်းသွားခြင်း မရှိချေ၊ ထို့ကြောင့် က္ယကို (ကယ)၊ ခ္ယကို (ခယ)၊ ဂ္ယကို (ဂယ)၊ ပ္ယကို (ပယ)၊ ဗ္ယကို (ဗယ)၊ မ္ယကို (မယ)ဟု အသံချင်း နီးကပ်စွာ ထွက်ကြသည်။

(၅) "ရ" ပေါ် သို့ ဆင့်ခြင်း

က+ရ=ကြ (စကြ=စကြာ) (စက်ကြ)
ဂ+ရ=ဂြ (ဂြဟ=ဂြိုဟ်) (ဂရဟ)
တ+ရ=တြ (တတြ=ထိုနေရာ၌) (တတ်တရ)
ဒ+ရ=ဒြ (ဒြဝ=အရည်) (ဒရဝ)
ပ+ရ=ပြ (ပြဘာ=အရောင်) (ပရဘာ)
ဗ+ရ=ဗြ (ဗြဟာ=ကြီးကျယ်သော) (ဗရဟာ)
မ+ရ=မြ (အမြိတ=အမတ) (အမရိတ)

(၆) "လ" ပေါ် သို့ ဆင့်ခြင်း၊

က+လ=ကျ (ကျေသ=ကိလေသာ)(ကလေသ)
ပ+လ=ပ္လ (ပရိပ္လဝ=ပေါ်လွင်သော) (ပရိပလဝ)
(ပ္လဝ=ဖောင်) (ပလဝ)

(ယ၊ ရ၊ လ တို့အပေါ်သို့ ဆင့်ရာ၌ အပေါ်အလုံးသည် အသတ်အဖြစ် လုပ်ဆောင်ချုံမျှမက အသံပါ ထွက်ရသည်၊ ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(၇) "ဝ" ပေါ်သို့ ဆင့်ခြင်း

က+ဝ=ကွ (ကွတ္ထော=အဘယ်အကျိုးရှိအံ့နည်း)(ကွတ်ထော)
ခ+ဝ=ခွ (အထခွဿ=အထခေါ်+အဿ)(အထခွတ်သ)
တ+ဝ=တွ (ကတွာ=ပြုလုပ်၍) (ကတ်တဝါ)
ဒ+ဝ=ဒွ (ဒွါရ=တံခါး) (ဒွါရ)
ဓ+ဝ=ဓွ (မဓွာသဝ=မုဒရက်သီးစိမ်ရည်) (မဓွာသဝ)
နှ+ဝ=နွှ (အနွှေတိ=အစဉ်လိုက်၏) (အနွှေတိ)
ယ+ဝ=ယွ (ယွာဟံ=ယော+အဟံ) (ယွာဟံ)
သ+ဝ=သွ (သွာဟံ=သော+အဟံ) (သွာဟံ)
ဟ+ဝ=ဟွ (ဗဟွာဗာဓော=ဗဟု+အာဗာဓော)
(ဗဟွာဗာဓော)

(ဂ) "သ" ဆင့်ခြင်း

သ+တ=သ္တ (ဥတ္တသ္တ=ထိတ်လန့်) (အုတ်တသတ)
သ+န=သ္န (သ္နေဟ=အစေး) (သနေဟ)
သ+မ=သ္မ (ကသ္မာ=အဘယ်ကြောင့်) (ကတ်သမာ)
သ+တ+ရ=သ္ත්‍ර (ဘသ္ත්‍රာ=သားရေအိတ်) (ဘသတရ)
(ပါဠိဆင့် နှစ်လုံးစလုံး အသံထွက်ရသည်။)

(ဃ) "ဟ" ပေါ်သို့ ဆင့်ခြင်း

ဥ+ဟ=ဥ္ဟ (ပဥ္ဟ=ပြဿနာ) (ပင်ဉ္ဟ)
ဏ+ဟ=ဏှ (ပုဗ္ဗဏှ=နံနက်အခါ)(ပုပ်ဗန်ဏှ)
န+ဟ=နှ (နှာန=ရေချိုးခြင်း) (နှာန=နဟာန)
မ+ဟ=မှ (အမှ=ငါ၊ တုမှ=သင်) (အမ်မှ၊ တုမ်မှ)

ယ+ဟ=ယှ (ဟက္ကယှ=ချီးမြောက်ခြင်း) (ဟက်ကယ်ဟ့)

ဝ+ဟ=ဝှ (အဝှါယတီ=ခေါ်ဆိ) (အဝှါယတိ)

ဠ+ဟ=ဠှ (ဂုဠှီ=အမည်) (ဂုံလှိ)

မှတ်ချက်။ ။ဥ၊ ဏ၊ န၊ မ၊ ယ၊ ဠ ပါဠ်ဆင့်များဌ် ဥ၊ ဏ၊ န၊ မ၊ ယ၊ ဠ တို့ဆည် တစ်လုံးတည်းသာ ဖြစ်သော်လည်း နှစ်လုံးဆင့်ကဲ့သို့ ဖြစ်၍ တစ်လုံးကို အသတ်သံထွက်၍ တစ်လုံးကို ဟထိုးသံထွက်ရသည်။

အသတ်အသံ ထွက်နည်း

ပထမအက္ခရာ (က၊စ၊ဋ၊တ၊ပ၊) ဖြင့် အသတ်ပြုလုပ်ရာ၌ အသံထွက်နည်းကို နှံးလည်ကြပြီး ဖြစ်ပါသည်။

ဒုတိယ အက္ခရာ (ခ၊ဆ၊ဌ၊ဍ၊ဖ), စတုတ္ထအက္ခရာ (ဃ၊ဈ၊ဓ၊ဓ၊ဘ)ကို အဆတ်အဖြစ် အသုံးမပြုကြချေ။

တတိယအက္ခရာ (ဂ၊ဇ၊ဍ၊ဒ၊ဗ)တို့ကို အသတ်အဖြစ် အသုံးပြုနိုင်အည်။ ထိုအခါ မိမိသက်ဆိုင်ရာ ပထမအက္ခရာ အသတ်သံအတိုင်း အသံထွက်ရမည်။

ဥပမာ—

အင်္ဂ=(အစ်ဂ)ဟု (စ်)သတ်သံဖြင့် ထွက်ဆိုရမည်။

သမ္ဗ=(သမ်ဗ)ဟု (ပ်)သတ်သံဖြင့် ထွက်ဆိုရမည်။

ပဉ္စမအက္ခရာ (ဂ)နှင့် (ဉ)ကို အသတ်အဖြစ် အသုံးပြုရာ၌ (ဉ်)သတ်သံ ထွက်ဆိုရမည်။ ပဉ္စမအက္ခရာ (ဏ၊န၊မ)တို့ကို အသတ်အဖြစ် အသုံးပြုရာ၌ သေးသေးတင် အသံထွက်ရမည်။

ဥပမာ—

အည=အင်ည

ဝဏ္ဏ=ဝံဏ

ဒန္တ=ဒံန

ကမ္မ=ကံမ-ဟု-

အသံထွက်ဆိုရမည်။

ယနှစ်လုံးဆင့်ဆုဌ် အပေါ်ယကို (ယ်)သတ်အဖြစ် မှတ်ယူရမည်။

ဥပမာ-

အယျ=အယ်ယ-ဟု-

အသံထွက်ဆိုရမည်။

လနှစ်လုံးဆင့်ဆုဌ် အပေါ်လကို သေးသေးတင် အသံထွက်ရမည်။

ဥပမာ—

မလ္လ=မဲလ-ဟု-

အသံထွက်ဆိုရမည်။

သနှစ်လုံးဆင့်ဆုဌ် ရှေ့ သကို (တ်)သတ်သံ ထွက်ရမည်။

ဥပမာ-

ယဿ=ယတ်သ-ဟု-

အသံထွက်ဆိုရမည်။

ဣသရနှင့် ဥသရကို (က၊ ဂ၊ စ၊ ဇ) သတ်ဆုဌ် (တ်)သတ်သံ ထွက်ရမည်။

ဥပမာ-

တိက္ခ = တိတ်ခ

ဒုက္ခ = ဒုတ်ခ

ဥဂ္ဂါ = ဥတ်ဂါ

ကိစ္စ = ကိတ်စ

ဥစ္စ = ဥတ်စ

ဘိဇ္ဇန = ဘိတ်ဇန

ဥဇ္ဇ = ဥတ်ဇ

ဣသရနှင့် ဥသရကို ပဥ္စမအက္ခရာ (ဃ၊ ဉ၊ န၊ ဏ၊ မ) တို့ဖြင့် ဆက်ဆုဌ် (နှ်)သတ်, (မ်)သတ်အသံ ထွက်ရမည်။

ဥပမာ-

လိင် = လိန်ဂ

ကိဉ္စန = ကိန်စန

တိတ္ထ = တိန်ဏ

ဘိန္န = ဘိန်န

တုင် = တုန်ဂ

ပုဉ္ဆ = ပုန်ဆ

ပုဏ္ဏ = ပုန်ဏ

ဗုန္ဒ = စုန်ဒ

ဇိမ္မ = ဇိမ်ဗ

ကုမ္ဘ = ကုမ်ဘ

ဂ္ဂ-သရနှင့် ဥ-သရတို့ကို (ယ၊ လ၊ ဋ္ဌ)သတ်ထုဒ္ဒ် (နှ်)သတ်သံ ထွက်ရမည်။

ဥပမာ-

ဘိဇျော = ဘိန်ဇယော

ယေဘုယ္ယ = ယေဘုန်ယ

ဇိလ္လ = ဇိန်လ

ဝေပုလ္လ = ဝေပုန်လ

ဝိဂ္ဂဟ = ဝိဂ္ဂန်လ

ဂ္ဂ-သရနှင့် ဥ-သရတို့ကို (သ်) သတ်ထုဒ္ဒ် (တ်) သတ်သံ ထွက်ရမည်။

ဥပမာ-

တီဏ္ဏ = တိတ်သ

ဖုဏ္ဏ = ဖုတ်သ

၄-သရကို (က်၊ ဂ်၊ စ်၊ ဇ်၊ ဋ်၊ ဍ်၊ တ်၊ ဒ်၊ ပ်၊ ဗ်၊ သ်)တို့ သတ်ထုခ်ဖ်
(ဘ)ကို (စ်)သတ်သည့် အသံ (အစ်သံ) ထွက်ရသည်။

ဥပမာ-

ပါဋိယေက္ကံ=ပါဋိယစ်ကံ

ဖဂ္ဂု=ဖစ်ဂု

ပေစ္ဆ=ပစ်စ

ဆေဇ္ဇ=ဆစ်ဇ

သေဋ္ဌ=သစ်ဋ္ဌ

ဇေဍ္ဍ=ဇစ်ဍ္ဍ

လေဠု=လစ်ဠု

ဇေတ္ထ=အစ်ထ

မေတ္တာ=မစ်တာ

ဒေပ=ဒစ်ပ

ပေဿ=ပစ်သ

၄-သရကို (ဥ်)သတ်ထုခ်ဖ် (အ)ကို (င်)သတ်သည့် အသံ (အင််) ဟု
ထွက်ဆိုရသည်။

ဥပမာ-

အာနေဉ္ဇ=အာနင်ဇ

ဩ-သရကို (က်၊ဂ်၊သ်)သတ်ထုခ်ဖ် (အောက်)အသံထွက်ရသည်။

ဥပမာ-

သုက္ကာက=အောက်ကာက

မောက္ခ=မောက်ခ

မောဂ္ဂလ္လာန=မောက်ဂန်လာန

ယောဂ္ဂ=ယောက်ဂ

ဝေါဿ=ဝေါက်သ

ဩ-သရကို (ဇ်၊ဠ်၊တ်၊ဒ်၊ပ်၊ဗ်) သတ်ထုဠ် (အုတ်) အသံထွက်ရသည်။

ဥပမာ-

ပါမောဇ္ဇ=ပါမုတ်ဇ

ဗေဘျာဂ်=ဗုတ်ဇင်ဂ

ဖောဋ္ဌဗ္ဗ=ဖုတ်ဌတ်ဗ

ယောတ္တ=ယုတ်တ

သောတ္ထာနံ=သုတ်ထာနံ

ပေါတ္ထက=ပုတ်ထက

လောဒ္ဓ=လုတ်ဒ

သောပ္ပ=သုတ်ပ

ယောဗ္ဗန=ယုတ်ဗန

ဩ-သရကို (ဉ)သတ်လျှင် ရှိးရှိး မြန်မာအသံထွက်တိုင်း (ဖောဉ်)ဟု အသံထွက်သည်။

ဥပမာ-

ပေါဒ်=ပေါ်ဉ

ဩ-သရကို (ဥ်၊နှ်၊ဏ်၊မ်)သတ်ထုဠ် (ဝ)ဆွဲ(နှ်)သတ်သံ (အုန်)ဟု ထွက်ဆို ရသည်။

ဥပမာ-

ကောဏ္ဍ=ကုန်ဍ

ကောဏ္ဍည=ကုန်ဍည

သောဏ္ဍ=သုန်ဏ

ဗောဇ္ဈိ=ဗုန်ဒိ

ဟောန္တု=ဟုန်တု

သောမ္မ=သုန်မ

ဤတွင် အပိုင်း (၆) ပြီး၏။

အဓိဉ်း (၇)

အခန်း (၂၇)

ဝေါဟာရအဓိပ္ပါယ်

ခက်ဆစ်ဝေါဟာရများမှာ အောက်ပါအတိုင်း (၅)မျိုး ရှိပါသည်—

(၁) ပါဠိခက်ဆစ် (ပါဠိကို တိုက်ရိုက်သုံးသော စကား)၊

(၂) ပါဠိသက်ခက်ဆစ် (ပါဠိသက် ဝေါဟာရ)၊

(၃) ပေါရာဏခက်ဆစ် (ရှေးသူဟောင်းတို့ အသုံးအနှုန်း)၊

(၄) မြန်မာခက်ဆစ် (အသိခက်သော မြန်မာစကား)

(၅) အခြားခက်ဆစ် (ဘာသာစကားခက်ဆစ်)။

ပာဒ်းခက်ဆစ်ဝေါဟာရများကို အောက်ပါ အတိုကောက် အမှတ်အသား များဖြင့် ဖော်ပြထားပါသည်—

(ပါ)=ပါဠိခက်ဆစ်။

(သက်)=ပါဠိသက်ခက်ဆစ်။

(ပေါ)=ပေါရာဏခက်ဆစ်။

(မြန်)=မြန်မာခက်ဆစ်။

(အခြား)=အခြားဘာသာစကားခက်ဆစ်။

မှတ်ချက်။ ။ပါဠိသက် မြန်မာ စသည် ထောနှောနေသော ဝေါဟာရအချို့နှင့် သင်္ချာသရုပ်ပြများကိုမူ အမှတ်အသား မပြဘဲ ထားပါသည်။

[အ]

အစိန္တေယျ(ပါ)=မကြံစည်နိုင်သော။

အတိတ္တဒ္ဓါရုံ(သက်)=အတိ + တ္တဒ္ဓ + အာရုံ၊ အတိ=အလွန် + တ္တဒ္ဓ=အလိုရှိ အပ်သော+အာရုံ=စိတ်၏မွေ့လျော်ရာ။

အထဲမြောက်(ပေါ)=အောင်မြင်ခြင်း၊ ပြီးမြောက်ခြင်း။

အဓိဋ္ဌာန်(သက်)=အဓိဋ္ဌာန=ဆောက်တည်ခြင်း၊ စိတ်ကို ခိုင်မြဲစွာ ထားခြင်း။

အနုပါဒိသေသနိဗ္ဗာန်(သက်)= [illegible] ကမ္မဇရုပ် အကြွင်းမရှိ [illegible] နိဗ္ဗာန်။

[အ]

အနုမောဒနာ(ပါ)=ဝမ်းမြောက်ဖွယ်ဖြစ်သော။

အနုသယသတ္တိ(ပါ)=အနုသယ+သတ္တိ၊ အနုသယ=သတ္တဝါတို့ သန္တာန်၌ အဖန်ဖန် အစဉ်တစိုက် ကိုန်းအောင်းနေသော ကိလေသာ တရား+သတ္တိ=စွမ်းအား။

အနေကာန္တိက(ပါ)=မုချမဟုတ်၊ မသေချာ။

အနန္တတ္တဲ=အပိုင်းအခြား မရှိသော စကြဝဠာတွင်။

အနန္တောအနန္တ(ပါ)=ကျေးဇူးဂုဏ်အားဖြင့် အဆုံးအပိုင်းအခြား မရှိခြင်း။

အနုပုန္နဓမ္မ(ပါ)=မဖြစ်ဖူးသောတရား။

အဗ္ဘုဘာဂ=အဗ္ဘု+ဘာဂ၊ ဘာဂ=ဝေစု။

အဘိညာဉ်ငါးပါး(သက်)=အလွန်အကျူး အထူးသိတတ်သော ရူပပဋ္ဌမစျာန်နှင့် ယှဉ်သော ဉာဏ်ငါးပါး။

(၁) ဣဒ္ဓိဝိဓ=တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဉ်။

(၂) ဒိဗ္ဗသောတ=နတ်တို့၏နား (သောတပသာဒ) ကဲ့သို့ ဝေးသောအသံ, တိုးတိုးအသံကိုလည်း ကြားနိုင်သော အဘိညာဉ်။

(၃) ပရစိတ္တဝိဇာနန=သူတပါးစိတ်ကို သိနိုင်သော အဘိညာဉ်။

(၄) ပုဗ္ဗေနိဝါသာနုဿတိ=ရှေးရှေးဘဝ၌ ဖြစ်ခဲ့သမျှ အကြောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်သောအဘိညာဉ်။

(၅) ဒိဗ္ဗစက္ခု=နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ်သော အဆင်းကိုလည်း မြင်နိုင်သော အဘိညာဉ်။

အမတ(ပါ)=နိဗ္ဗာန်။

အယုတ္တအနတ္ထ(သက်)=အယုတ္တ = မသင့်လျော်သော + အနတ္ထ = အကျိုး မရှိသော။

အလသမျိုး=အပျင်းမျိုး။

အလဟဿ=အချည်းနှီး အလကား။

အသခ်ေအနန္တ(ပါ)=အသခ်ေ + အနန္တ၊ အသခ်ေ=မရေမတွက်နိုင်ခြင်း+ အနန္တ=အဆုံးအပိုင်းအခြား မရှိခြင်း။

[အး ဇ]

အဘ္ဆုပ္ပတ္တိ(ပါ)=အတ္ထ=အကြောင်းအကျိုး+ဥပ္ပတ္တိ=ဖြစ်ပေါ်မှု။

အပ္ပနာ(ပါ)=ဈာန်သို့ သက်ဝင်၍ တည်ခြင်း။

အကာသဓိုးနတ်=ကောင်းကင်၌ အုပ်စိုးသောနတ်။

အာကာသနတ်=ကောင်းကင်၌ တည်သောနတ်။

အာဂန္ဆုက(ပါ)=လျှောက်သည်။

အာပေါ(ပါ)=ရေ။

အာဂုံတုလ္ဓတ်=အာဂုံ+တုလ္ဓတ်၊ အာဂုံ=အလွတ်ရခြင်း၊အလွတ်ရွတ်ဆိုနိုင်ခြင်း
+တုလ္ဓတ်=သူတပါး မတုနိုင်အောင် အလွတ်ရွတ်နိုင်ခြင်း။

အာရမ္မဏူ(ပါ)=အာရမ္မဏုပစ္စာန်=အာရုံကို ကပ်၍ မှီခြင်း။

အာလယပြတ်=လိုချင်မှု၊ တွယ်တာမှု မရှိတော့ခြင်း။

အာသဝက္ခယဉာဏ်(သက်)=အာသဝေါတရားတို့၏ ကုန်ကြောင်း ဖြစ်သော
အရဟတ္တမဂ်ဉာဏ်။

အာသဝေါ(ပါ)=ယိုစီးတတ်သောတရား (အာသဝေါတရား ၄-ပါး)။

ဣဏပရိဘောဂ(ပါ)=အကြွေးခံယူ၍ သုံးဆောင်ခြင်း။

ဣန္ဒဘူမ္မာ(ပါ)=ဣန္ဒ+ဘူမ္မာ၊ ဣန္ဒ=အစိုးရသူ+ဘူမ္မာ=မြေ၌တည်သောနတ်။
ဘူမ္မစိုးနတ်။

ဣဿာ(ပါ)=မနာလိုခြင်း။

[ဥ]

ဥတုဇရူပ်(သက်)=အပူအအေး ဥတုကြောင့် ဖြစ်သောရုပ်။

ဥဒါန်းစကား=ဥဒါန်း+စကား၊ ဥဒါန်း=ဥဒါန=လျှံထွက်ခြင်း=ပီတိကြောင့်
ပေါ်ထွက်လာသော ဝမ်းမြောက်သော စကား။

ဥပါသကာ(ပါ)=ရတနာ ၃-ပါးတို့ကို ကိုးကွယ်ဆည်းကပ်သောအမျိုးသား။

ဥပါသိကာ(ပါ)=ရတနာ ၃-ပါးကို ကိုးကွယ်ဆည်းကပ်သော အမျိုးသမီး။

ဥပုသိပဝါရဏာ=ဥပုသ်+ပဝါရဏာ၊ ဥပုသ်=သံဃာတော်များ ပြုအပ်သော
သံဃာ့ဥပုသ်+ပဝါရဏာ = အပြစ်ရှိက ဆိုဆုံးမရန် သံဃာ
အချင်းချင်း ဖိတ်ကြားခြင်း။

[ဉ၊ ဦး၊ ဧ၊ ဩ]

ဥကွေပနိယာကံ(သက်)=နှင်ထုတ်ခြင်းအမှု။

ဥဇ္ဈေဒဒိဋ္ဌိ(ပါ)=သေလျှင် ဘဝပြတ်ဆုံးဟု ယူခြင်း။

ဦးချ(မြန်)=ဦး+ချ၊ ဦး=ဦးခေါင်း+ချ=မြေ၊ သို့မဟုတ် ကြွမ်းပြင်နှင့် ထိအောင် ပြုခြင်း။

ဧကရာဇ်(သံ)=တစ်ပြည်, တစ်နိုင်ငံကို အစိုးရသော မင်း။

ဧကန္တိက(ပါ)=မုချ၊ သေချာပေါက်။

ဩကာသ(ပါ)=အခွင့်(ခွင့်တောင်းခြင်း)=ရှိခိုးခွင့်၊ ကန်တော့ခွင့်၊ ဆွမ်း ပန်း ကပ်လှူခွင့်၊ သီလခံယူခွင့် ပြုတော်မူပါ။

ဩဇာ(ပါ)=အစာအာဟာရ (အဆီ၊ အစေး)၊

ဩဘူပဖွ(ပါ)=မကောင်းမှုမှ ကြောက်လန့်ခြင်း။

[က]

ကတိ(ပါ)=ဝန်ခံချက်။

ကလျာဏပုထုဇဉ်(သက်)=အကျင့်သီလနှင့် ပြည့်စုံသဖြင့် ကောင်းသော ပုထုဇဉ်။

ကာယပဿာမ(ပါ)=ကာယကံမြောက် ရှိခိုးခြင်း၊ ကိုယ်ဖြင့် ရှိခိုးခြင်း။

ကာယကံ(သက်)=ကိုယ်ဖြင့် ပြုအပ်သော အမှု။

ကာယဒွါရ(ပါ)=ကိုယ်ခန္ဓာတံခါးပေါက်။

ကာယဗလမာန်(သက်) = ကာယ=ကိုယ်+ဗလ=အင်အား+မာန်=မာန= တက်ကြွမှု။

ကုသလ(ပါ)=ကုသိုလ်ကောင်းမှု။

ကေဝ်ရော်=မြတ်နိုးခြင်း။

ကန်တော့(မွန်)=ကလဒ်=ကလော့=အရိုအသေပြုခြင်း။

ကိုယ်စောင့်နတ်=မိမိ၏ ခန္ဓာကိုယ်ကို စောင့်သောနတ်။

[က၊ ခ၊ ဂ၊ ဃ]

(၁) သတ္ထဘာဝကနတ်=ပူးစာရေးနတ်။

(၂) သူရဿတီနတ်=ပညာပေးနတ်။

(၃) သက္ကနတ်=ဥစ္စာပေးနတ်။

(၄) မဟီရာဇာနတ်=အိပ်မက်ပေးနတ်။

(၅) ဝါမသူရနတ်=နိမိတ်ပြနတ်။

(၆) ဇနသူရနတ်=အလှူပေးမှုတ်တမ်းတင်နတ်။

(၇) ကရဝါနတ်=ကာမဂုဏ်ချမ်းသာပေးနတ်။

(၈) ယာတိကနတ်=သွားလေရာသိုက်၍ စောင့်ရှောက်သောနတ်။

(၉) ကလျာဏမိတ္တနတ်=စကားကောင်းကို မှတ်သားသောနတ်။

(၁၀) စန္ဒာဒေဝီနတ်=ကျက်သရေစောင့်နတ်။

(၁၁) နရိန္ဒာဒေဝီနတ်=အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ပေး သောနတ် (သမန္တ။ဂ၃)။

ကမ္မဇရုပ်(သက်)=ကံကြောင့် ဖြစ်သောရုပ်။

ကမ္မပထဒေသနာ(ပါ)=ကံမြောက်ကြောင်းဟောသောတရား။

ကမ္မပစ္စယ(ပါ)=ကံအကြောင်းရင်းခံသော။

ကြမ္မာ(သက်)=ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသောအကြောင်းတရား။

ကြမ္မဒါယာဒ=ကံကြမ္မာက ဆွဲဆောင်သည်။

ခဏ္ဍိယ(ပါ)=မင်းမျိုး။

ဂါထာ(ပါ)=ပါဠိကဗျာ။

ဂုဏဝုဠိ(ပါ)=ဂုဏ်အာဃးဖြင့် ကြီးသူ။

ဂဂ်ါဝါဠ္ဍ=ဂဂ်ါ+ဝါဠ္ဍ ၊ဂဂ်ါ=ဂင်္ဂါမြစ်+ဝါဠ္ဍ=သဲ။

ဂန္ဓ(ပါ)=အနှံ့။

ဂမ္ဘီရ(ပါ)=နက်နဲခြင်း။

ဃနာ(ပါ)=အခဲ (နှီးဃနာ)။

[၀၊ ဆ၊ ၈]

စတုသမုဋ္ဌာန် (သက်)=စတု+သမုဋ္ဌာန်၊စတု=လေးပါး+သမုဋ္ဌာန်=ဖြစ်ပေါ်မှု အကြောင်း။

စနည်းနာ(ပေါ)=စနည်းကို နာယူခြင်း၊ သတ်မှတ်ထားသော အရပ်မှ ရှေးဦးစွာ ကြားရသောစကားကို မှတ်သား၍ အဓိပ္ပါယ်ကောက်ခြင်း။

စာဂ (ပါ)=ပေးကမ်းလှူဒါန်းခြင်း။

စိတ္တဇုပ္ပါဒ် (သက်)=စိတ္တ+ဥပ္ပါဒ၊ စိတ္တ=စိတ်+ဥပ္ပါဒ=ဖြစ်ခြင်း။

စုတိမနေ=သေခြင်း။

စုဏ္ဏိယ (ပါ)=ပါဠိစကားပြေ။

ဆည်းကပ်(ပေါ)=ချဉ်းကပ်ခြင်း၊ ဆုံးမခံယူခြင်း၊ ပညာယူခြင်း။

ဇဝနတိက္ခ(ပါ)=ဇဝန+တိက္ခ၊ ဇဝန=လျင်မြန်ခြင်း+တိက္ခ=ထက်မြက်ခြင်း။

ဇာတာဓွင်=မွေးဖွားချိန်ရှိ ကြိုဟ်နေကြိုဟ်ထားမှတ်တမ်း။

[ဈ၊ ဥ]

ဈာနဘာဝနာ(ပါ)=ဈာန်ကို ပွါးများမှု။

ဈာန်(သက်)=ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုကြည့်ခြင်း။

ဉာဏဗလမာန်=ဉာဏ+ဗလ+မာန်=မာန၊ ဉာဏ=ဉာဏ် +ဗလ=အင်အား+ မာန်=မာန=တက်ကြွမှု။

ဉာဏသမ္ပယုတ် (သက်) =ဉာဏ=အသိဉာဏ်နှင့် + သမ္မယုတ္တ=ကောင်းစွာ ယှဉ်တွဲခြင်း။

ဉာဏဝိပ္ပယုတ် (သက်) = ဉာဏ=အသိဉာဏ်နှင့် + ဝိပ္ပယုတ္တ=မယှဉ်ခြင်း၊ ကင်းကွာခြင်း။

[ဋ၊ တ]

ဋ္ဌာရသပေါင်း=အတတ်ပညာ ၁၈-ရပ်အားလုံး။

တေဇဗလမာန်=တေဇ+ဗလ+မာန်(မာန)၊ တေဇ=တန်ခိုးအာဏာ+ဗလ အင်အား+မာန=တက်ကြွမှု။

တေဇော (ပါ)=မီး။

တိတ္ထိ (ပါ)=အယူမှားသောသူ၊ တပါးသော အယူရှိသောသူ။

[ထ၊ ဒ၊ ဓ၊ န]

ထေယျပရိဘောဂ (ပါ)=ခိုးယူသုံးဆောင်ခြင်း။

ထုလ္လစဉ်းအာပတ် (သက်)=ထုလ္လစ္စယ=ထုလ္လ+အစ္စယ၊ ထုလ္လ=ရုန့်ရင်းသော +အစ္စယ=အပြစ်ရှိသော အာပတ်။

ဒသ (ပါ)=တစ်ဆယ်။

ဒါယဇ္ဇပရိဘောဂ (ပါ)=အမွေပစ္စည်းအဖြစ် သုံးဆွေးခြင်း။

ဒိဋ္ဌိ (ပါ) =အမြင်၊ အယူ၊ အသိညာဏ်။

ဒုက္ကရစရိယ (ပါ)=ဒုက္ကရ+ စရိယ+ဒုက္ကရ=ခဲယဉ်းစွာ ပြုအပ်သော+စရိယ= အကျင့်။

ဒုက္ကဋ်အာပတ် (သက်)=မကောင်းသော ကိုယ်, နှုတ် အမှုအရာကြောင့် သင့်သော အပြစ်။

ဒုက္ခိတ (ပါ)=ဆင်းရဲသော သတ္တဝါ။

ဒုဇ္ဈိက္ခ (ပါ)=ငတ်မွတ်ခေါင်းပါးသော။

ဒေဝပုတ္တ (ပါ)=မာရ်နတ်သား။

ဒေဝါယက္ခ (ပါ)=ဒေဝါ+ယက္ခ၊ ဒေဝါ=နတ်+ယက္ခ=ဘီလူး။

ဒေသစာရီ (ပါ)=ဒေသ= အရပ်မျက်နှာ+စာရီ = လှည့်လည်ခြင်း = အရပ် အသီးသီးသို့ ခရီးလှည့်လည်ခြင်း။

ဒေါသ (ပါ)=ပြစ်မှားခြင်း၊ အမျက်ထွက်ခြင်း။

ဓမ္မက္ခန် (သက်)=ဓမ္မက္ခန္ဓ=တရားအစုအပေါင်း ပဋ္ဌကပါဠိတော်များ။

နပုံးပဏ္ဏုက်=ပဋိသန္ဓေက ကျားမအင်္ဂါ ပါမလာသူ (နပုံသကပဏ္ဏုက်)။

(၁) အာသိတ္တပဏ္ဏုက်=သူတပါး၏ အင်္ဂါတော်ကို ခံတွင်းဖြင့် စုပ်သူ၊ ပန်းစုပ် (အာသိတ္တ=သွန်းဓလောင်းခြင်း)။

(၂) ဥသူယျပဏ္ဏုက်=သူတပါးတို့ မေထုန် မှီဝဲသည်ကို ချောင်းကြည့် ရမှ အာသာပြေသူ။

(၃) ဩပက္ကမိကပဏ္ဏုက်=သင်းကွပ် ခံရသူ၊ ဝှေးစေ့ထုတ် ခံရသူ။

[န၊ ပ]

(၄) ပက္ခပဏ္ဍုက်=ရှေးအကုသိုလ်ကံကြောင့် လဆန်းရက်၌ ရာဂ အလွန် ပြင်းထန်ပြီး လဆုတ်ရက်၌ ရာဂ အားနည်းသူ၊ လဆုတ်ရက်၌ ရာဂ အလွန် ပြင်းထန်ပြီး လဆန်းရက်၌ ရာဂ အားနည်းလာသူ (ပက္ခ=၁၅-ရက်ပတ်)

နဝနဝလောက (ပါ)=**နဝနဝ**+လောက၊ နဝနဝ=အမျိုးမျိုး+ လောက= သတ္တဝါအပေါင်း။

နဝမကရဏ (ပါ)=အမည်မှည့်ခြင်း။

နိရောဓသမာဘ် (သက်)=နိရောဓ=စိတ်စေတသိက် စိတ္တဇရုပ်များ ချုပ်နေမှု+သမာပတ် = ရောက်ရှိဝင်စားခြင်း၊ နာမ်ခန္ဓာ အစဉ်များရပ်စဲလျက် ရုပ်ခန္ဓာသက်သက် အသက်ရှင်နေခြင်း။

နိယတဗျာဒိတ် (သက်)=မည်သည့်အခါ၌ ဘုရားဖြစ်လတ္တံ့ဟု တိတိကျကျ မိန့်ကြားသော ဗျာဒိတ်စကား။ [ဗျာဒိတ်သည် "ဗျာကရဏ" ဟူသော ပါဠိနှင့် နှိုးနွယ်သည်။]

နိဗဒ္ဓဝတ် (သက်)=အမြဲပြုလုပ်အပ်သော ဝတ္တရား။

နိယျာနိက (ပါ)=ဝဋ်မှ ထွက်မြောက်ကြောင်း။

နည်းနာနယ=နည်း+နာ+နယ၊ နာ=နာနာ= အမျိုးမျိုး+နယ= နည်း၊ နည်းအမျိုးမျိုး။

ပဒေသရာဇ် (သက်)=တစ်စိတ်တစ်ဒေသကို အစိုးရသောမင်း။

ပဓာန (ပါ)=အဓိကထား၍၊ အကြီးအမှူးပြု၍။

ပစ္စက္ခ (ပါ)=မျက်မှောက်၊ လက်ရှိအနေအထား။

ပစ္စဝေက္ခဏာဉာဏ် (သက်)=ဆင်ခြင်သုံးသပ်သောဉာဏ်။

ပညာ (ပါ)=အထူထူ၌ တတ်သိလိမ္မာခြင်း။

ပညာသိက္ခာ (ပါ)=ပညာတည်းဟူသော အကျင့်။

ပဋိပတ် (သက်)=ကျင့်ဝတ်။

[ပ၊ ဖ၊ ဗ]

ပဋိသမ္ဘိဒါဉာဏ် (သက်)=ခွဲခြမ်းဝေဖန်၍ သိမြင်သောဉာဏ်။

ပဏာမစေတနာ (ပါ)=ရှိခိုးခြင်းဖေတနာ။

ပထဝီ (ပါ)=မြေ။

ပဝေဏီ (ပါ)=အစဉ်အဆက်။

ပဝတ္တိအကျိုး (သက်)=ပဋိသန္ဓေခဏနှင့် စုတိခဏတို့၏ အကြား တစ်ဘဝတာ အသက်ရှင်နေစဉ် ခံစားရသောအကျိုး။

ပါစိတ်အာပတ် (သက်)=ပါစိတ္တိယ =ကုသိုလ်စိတ်ကို ကျဆုံးစေတတ်သော အပြစ်။

ပါဠိဒေသနီအာပတ်=သီးခြားဒေသနာ ပြောကြားရသော အာပတ်။

ပါရာဇိကအာပတ် (သက်)=ပါရာဇိက+အာပတ်၊ ပါရာဇိက=သာသနာတော်မှ ဆုံးရှုံးစေတတ်သော+အာပတ်=အာပတ္တိ=အပြစ်။

ပီတိပဿဒ္ဓိ (ပါ)=နှစ်သက်ငြိမ်းအေးခြင်း။

ပုဉ္ဇ (ပါ)=ကောင်းမှုကုသိုလ်။

ပုဉ္ဇကေဒေဝ် (သက်)=ကောင်းမှုတန်ခိုး။

ပုထုဇဉ် (သက်)=ကိလေသာ များစွာ ဖြစ်သူ။

ပူဇေဝ် (သက်)=ရိုသေကိုင်းညွတ်ခြင်း၊ အမြတ်တနိုး ပေးလှူခြင်း၊

ပံသု (ပါ)=မြေမှုန့်၊

ဖဿ (ပါ)=တွေထိမှု။

ဗလဝဝိပဿနာဉာဏ် (သက်)=ဗလဝ+ဝိပဿနာဉာဏ်၊ ဗလဝ=အားကောင်းသော + ဝိပဿနာဉာဏ် = ရုပ်နာမ်ခန္ဓာကို အထူးရှုမြင်ပွားများသောဉာဏ်။

ဗဟုသုတ (ပါ)=ဗဟု=များပြားသော+သုတ=အကြား (အမြင်)။

ဗုဒ္ဓမန္တန် (သက်)=ဗုဒ္ဓ+မန္တန်၊ ဗုဒ္ဓ=ဘုရားရှင်၏+မန္တန်=ရွတ်ဖတ်ပူဇော်ရန် ဂါထာ ပါဠိများ။

[ဗ၊ ဘ]

ဗုဒ္ဓါနုဿတိဘာဝနာ (ပါ)=ဗုဒ္ဓ=ဘုရား+အနုဿတိ = အဖန်ဖန်အောက်မေ့မှု၊ ဘာဝနာ = ပွားများခြင်း၊ ဘုရားဂုဏ်တော်ကို ပွားများခြင်း။

ဗြဟ္မစိုရ်တရား=မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတရား ၄-ပါး (ဗြဟ္မစရိယ=ဗြဟ္မစိုရ်=မြတ်သောအကျင့်)။

ဗြာဟ္မဏ (ပါ)=အကျင့်ဖြူစင်သောသူ။

ဘဝကန္တာရ (ပါ)=ဘဝတည်းဟူသော ခရီးကြမ်း။

ဘုရားလျာ=ဘုရားလောင်း။

ဘောဂဗလမာန်=စည်းစိမ်အင်အားတက်ကြွမှု။

ဘေရာဇဉ် (သက်)=ဘောဇန=စားဖွယ်၊ ထမင်းနှင့် ဟင်းလျာများ။

ဘတ္တဘြိန်း (သက်)=ဘတ္တ+ဘြိန်း၊ ဘတ္တ=ထမင်း(စား)+ဘြိန်း=သုံး။

ဘုန်းသမ္ဘာ=ဘုန်း=ဘုန်းကံ+သမ္ဘာ=သမ္ဘာဝ=အဆောက်အဦ၊ ပါရမီ။

ဘုမ္မစိုးနတ်=မြေ၌ တည်သောနတ်။

ဘုံကိုးဝန္ဒ်=ဘုံကိုးပါး၊ သတ္တဘဝါသ ၉-ပါး။

(၁) နာနတ္တကာယ, နာနတ္တသညီ=ကိုယ်သဏ္ဌာန်လည်း အမျိုးမျိုး၊ ပဋိသန္ဓေစိတ်လည်းအမျိုးမျိုးရှိသော ဘုံ (လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်)။

(၂) နာနတ္တကာယ, ဧကတ္တသညီ=ကိုယ်သဏ္ဌာန် အမျိုးမျိုး၊ ပဋိသန္ဓေစိတ် တစ်မျိုးသာ ရှိသောဘုံ (အပါယ်လေးဘုံ၊ပဌမစျာန်သုံးဘုံ)။

(၃) ဧကတ္တကာယ, နာနတ္တသညီ=ကိုယ်သဏ္ဌာန် အဆောင်အဝါ တူ၍ ပဋိသန္ဓေစိတ် နှစ်မျိုး ရှိသောဘုံ (ဒုတိယစျာန်သုံးဘုံ)။

[ဘ၊ မ]

(၄) **ကေတ္တကာယ ကေတ္တသညီ**=ကိုယ်သဏ္ဌာန်လည်းတူ ပဋိသန္ဓေစိတ်လည်း တစ်မျိုးသာ ရှိသောဘုံ (တတိယစျာန်သုံးဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသဘုံ)။

(၅) **အသညီ အပဋိသံဝေဒီ**=သညာမရှိ အာရုံခံစားမှု မရှိသော သတ္တဝါတို့၏ နေရာဘုံ (အသညသတ်ဘုံ)။

(၆) **အာကာသာနဉ္စာယတန**=ကောင်းကင်းပညတ်ကို အာရုံပြုသော စျာန်စိတ်ကြောင့် ရောက်သောသတ္တဝါတို့၏နေရာဘုံ။

(၇) **ဝိညာဏဉ္စာယတန**=ပဌမာရုပ္ပဝိညာဉ်ကို အာရုံပြု၍ ဝိညာဉ်သည် အဆုံးမရှိဟု ပွားများသဖြင့် ရောက်သော သတ္တဝါတို့၏ နေရာဘုံ။

(၈) **အာကိဉ္စညာယတန**=ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ တစ်စုံတစ်ခုမျှ မရှိဟု ပွားများသဖြင့် ရောက်အပ်သော သတ္တဝါတို့၏ နေရာဘုံ။

(၉) **နေဝသညာနာသညာယတန**=သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်ဟု ပွားများသဖြင့် ရောက်သော သတ္တဝါတို့၏ နေရာဘုံ။

ဘုံသုံးဆယ့်တစ်=ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံ။

မနောဓာတ်(သက်)=**မနော+ဓာတ်၊ မနော**=စိတ်+ဓာတ်=ဓာတု=တည်ရာ၊ သဘောတရား။

မသေ့ဥပါယ်=**မသေ့+ဥပါယ်၊ မသေ့**=အမြဲ+ဥပါယ်=ဥပါယ=အကြောင်း၊ စီရင်ခြင်း။

မဟာကရုဏာ (ပါ)=**မဟာ+ကရုဏာ၊ မဟာ**=ကြီးမားသော+ကရုဏာ=သနားခြင်း။

မဟာကုသိုဏ်(သက်)=**မဟာ**=များသော၊ **ကုသိုလ်** = ကုသလ=ကောင်းမှု။

[မ၊ ယ၊ ရ၊ လ]

မဟာကန္တာရ (ပါ)=မဟာ+ကန္တာရ၊ မဟာ = ကြီးစွာသော + ကန္တာရ= ခက်ခဲသောခရီး၊ ခက်ခဲပင်ပန်းစွာ သွားရသောခရီး။

မုဒိတာ=ဝမ်းမြောက်ခြင်း။

မေထုန် (သက်)=မေထုန်=မေထုန=တပ်မက်ချင်း တူသူနှစ်ဦးတို့၏ ကိစ္စ။

မာန်မာန(ပါ)=ထောင်လွှားတက်ကြွဘဝင်မြင့်ခြင်း။

မစ္ဆရိယ(ပါ)=နှမြောတွန့်တိုခြင်း။

မိစ္ဆာဒိဋ္ဌိ(ပါ)=မိစ္ဆာ+ဒိဋ္ဌိ၊ မိစ္ဆာ=မှားယွင်းသော+ဒိဋ္ဌိ=အမြင် အယူဝါဒ။

မြူစုတ်=မြူ+စုတ်=စုတ္တာ=အမှုန်=မြူမှုန်။

ယမရာဇာ(ပါ)=ယမမင်း၊ လူတို့၏ ကောင်း, မကောင်းကို မှတ်သားသော ငရဲမင်း။

ယောနိလေးထွေ(သက်)=ယောနိ=ပဋိသန္ဓေ=ပဋိသန္ဓေလေးမျိုး။

ယင်ပူဇော်(သက်)=ယင်=ပူဇော်၊ ယင်=ယဇ=ပူဇော်ပသခြင်း=ပြာဟ္မဏဝါဒီ စသူတို့အန္တိရာယ် ကင်းရှင် ကောင်းကျိုးရရန်အတွက် သူအာသက် သတ်ရှင် နတ်တို့အား ပူဇော်ခြင်း။

ရတဲနာ= နှစ်သက်မြတ်နိုးဖွယ်ရာဖြစ်သော၊ ရှားပါးရှင် အဖိုးတန်သောပစ္စည်း။

ရသ(ပါ)=အရသာ။

နေဝင်ရီတရော(ပေါ)=နေဝင်ပြီးခါစ၊ မှောင်စပျိုးချိန်။

ရုက္ခစိုးနတ်=သစ်ပင်၌ ဝင်သြသောနတ်။

ရူပကာယ(ပါ)=ရုပ်အဆင်း၊ ကိုယ်ခန္ဓာ။

ရူပနိကာယ်(သက်)=ရူပ+နိကာယ၊ ရူပ= ရုပ်ရည်+နိကာယ်= နိကာယ= အပေါင်း။

ရန်ခပင်း=ရန်ခပ်သိမ်း၊ ရန်အားလုံး။

ရှိခိုး(ပေါ)=ဦးချခြင်း။

လက္ခဏာ(ပါ)=အမှတ်အသား။

လက္ခဏာယာဉ် (သက်)=လက္ခဏာ + ယာန၊ လက္ခဏာ=အမှတ်အသား၊ ယာန=ယာဉ်=လမ်းကြောင်း။

[လ၊ ဝ]

လက္ခဏာ(ပါ)=လက္ခဏာပစ္စာန်=အာရုံကို ကပ်၍ ရွှခြင်း။

လိပ်ခွံတံတစ်=တံတစ်(ပေါ်)=ကဲ့သို့၊ သဖွယ်။

လုတ္ထပယောဂ=လုလ္လ(ပေါ်)+ပယောဂ(ပါ)၊ လုလ္လ=ကြိုးစားအားထုတ်ခြင်း
+ပယောဂ=ကြိုးစားအားထုတ်ခြင်း။

လောကုတ္တရာ(ပါ)=လောကထက် မြတ်သော၊ လောကမှ ထွက်မြောက်ရာ
ဖြစ်သော။

ဝေဒနာ(ပါ)=လိုချင်တပ်မက်ခြင်း။

ဝစီဝိညတ် (သက်)=နှုတ်ဖြင့် သိစေခြင်း။

ဝစီပကာမ(ပါ)=နှုတ်ဖြင့်ရှိခိုးခြင်း။

ဝယဝုဝို(ပါ)=အသက်အရွယ်အားဖြင့် ကြီးသူ။

ဝသုန္ဓရေ(ပါ)=ရတနာတို့တည်ရှိရာ မြေကြီး။

ဝဏ္ဏ(ပါ)=အဆင်း။

ဝတ္ထုကိလေ(ပါ)=ဝတ္ထု+ကိလေ၊ ဝတ္ထု=ဝတ္ထုကာမ=နှစ်သက်ဖွယ် အာရုံ
ငါးပါး အသုံးအဆောင်များ၊ ကိလေ=ကိလေသာကာမ=အာရုံ
ငါးပါးကို တပ်မက်စွဲလမ်းတတ်သော တဏှာ(လောဘ)။

ဝါယော(ပါ)=လေ။

ဝိသဘာဂ(ပါ)=သဘောမတူသော။

ဝိညာဏဋ္ဌိတိ=ဝိညာဏ+ဋ္ဌိတိ၊ ဝိညာဏ=ပဋိသန္ဓေဝိညာဉ်၊ ဋ္ဌိတိ=တည်နေရာ။

ခုနှစ်ပါး=ပဋိသန္ဓေစိတ်ဝိညာဉ် တည်ရှိရာဘုံ ခုနစ်မျိုး (ဘုံ ၉-ပါးတွင်
အသညီအပ္ပဋိသံဝေဒီ=သညာမရှိ အာရုံခံစားမှု မရှိသော သတ္တဝါ
တို့၏ နေရာဘုံ(အသညသတ်ဘုံ)နှင့် နေဝသညာနာသညာယတန=
သညာရှိသည်လည်း မဟုတ် မရှိသည်လည်းမဟုတ်ဟု ပုံးများသဖြင့်
ထောက်သောဘုံ ၂-ပါး ချန်၍ ကျန်ဘုံ ၇-ပါး။

ဝိပါကစိတ်(သက်)=အကျိုးဖြစ်သောစိတ်။

[ဝ၊ သ]

ဝိပါက်ဝိညာဉ်(သက်)=အကျိုးဖြစ်သောစိတ်။
ဝေနေယျ(ပါ)=ဆုံးမထိုက်သူ၊ ကျွတ်ထိုက်သူ။
ဝေဒနာ(ပါ)=ခံစားမှု။
ဝေဒယိတသုခ (ပါ)=ခံစားအပ်သော ချမ်းသာ။
စဝါဟာရပညတ် (သက်)=ဝေါဟာရ+ပညတ်၊ ဝေါဟာရ=စကား၊ အခေါ်အဝေါ်၊ အမည် + ပညတ် = အပြားအားဖြင့် သိစေခြင်း။
ဝတ်တက်=နေ့စဉ်မပြတ် ဘုရားရှိခိုးခြင်း။
သတိပဋ္ဌာန်ဘာဝနာ=သတိပဋ္ဌာန်တရားကို ပွါးမျှားမှု။
သတိသမ္ပဇဉ် (သက်)=သတိ+သမ္ပဇဉ်၊ သတိ=ကုသိုလ်ကိစ္စကို အမှတ်ရမှု+သမ္ပဇဉ်=ပညာဖြင့် ဆင်ခြင်ခြင်း။
သဘာဝသတ္တိ (ပါ)=သဘာဝ+သတ္တိ၊ သဘာဝ=ပင်ကိုအတိုင်း အမှန်အတိုင်း ဖြစ်သော+သတ္တိ=စွမ်းရည်စွမ်းအား။
သမသီသီရဟန္တာ (သက်) =အရဟာတ္တဖိုလ်လည်း ရ၊ အသက်လည်း ကုန်သော ရဟန္တာ။
သမဏ (ပါ)=ရဟန်း။
သမာဓိသိက္ခာ(ပါ)=သမာဓိ တည်းဟူသော အကျင့်။
သမာပတ် (သက်)=ကောင်းစွာ ရောက်ခြင်း၊ ဝင်စားခြင်း။
သမာပတ် (၈)ပါး (သက်)=စျာန်တရားရှစ်ပါးသို့ ကောင်းစွာ ရောက်ခြင်း။ စျာန်ဝင်စားခြင်း၊ (စတုက္ကနည်းအားဖြင့် ရူပစျာန် ၄-ပါးနှင့် အရူပစျာန် ၄-ပါးကို သမာပတ်ရှစ်ပါးဟု ခေါ်သည်။)
သရဏ္ဂါယ်ခြင်း(သက်)=သဏ္ဌာယ (ပါ)=ကိုယ်တိုင် ရွတ်ဆိုခြင်း၊ စီးပြန်းခြင်း။
သာကီဝင် (သက်)=သာကိယ =ဂေါတမဗုဒ္ဓ၏ ဆွေတော် မျိုးတော်ဖြစ်သော သာကီဝင်မင်းမျိုး၊ မင်းနွယ်များ။
သာမိုပရိဘောဂ (ပါ)=ပိုင်ရှင်အဖြစ် သုံးဆောင်ခြင်း။
သာသနာတွင်း=ဗုဒ္ဓသာသနာ ရှိသော ကာလ။

[သ]

သာသနာပ = ဗုဒ္ဓသာသနာ ကွယ်သော ကာလ။

သီလာ(ပါ)=ကျောက်ဆိုင်၊ ကျောက်ခဲ၊ ကျောက်တုံး။

သီလသိက္ခာ=သီလတည်းဟူသော အကျင့်။

သုစရိတ(ပါ)=သုစရိုက်တရား။

သုခိတ(ပါ)=ချမ်းသာသော သတ္တဝါ။

သုတ(ပါ)=အကြားအမြင် ဗဟုသုတရှိခြင်း။

သက္ကာရ(ပါ)=အရိုအသေပြုခြင်း။

သက်မှတ်(မြန်)=မွေးနေ့သင်္ကြာကို မှတ်သားသည့် စာတမ်းမှတ်စာ။

သတ္တာဝါသ(ပါ)=သတ္တ+အာဝါသ၊ သတ္တာ=သတ္တဝါ+အာဝါသ=နေထိုင်ရာနှုတ်။

သတ္တော်(သက်)=ခုနစ်ခေါက်။

သန္ဓိသုခ(ပါ)=ငြိမ်းအေးချမ်းသာခြင်း။

သဒ္ဒါ(ပါ)=ရတနာသုံးပါးနှင့် ကံ,ကံ၏အကျိုးစသည်ကို ယုံကြည်ခြင်း။

သဒ္ဓမ္မ(ပါ)=သူတော်ကောင်းတရား။

သန္ဓာန်(သက်)=သန္ဓာန=အစဉ်(စိတ်အစဉ်)။

သပ္ပါယ်(သက်)=သပ္ပါယ=သင့်လျော်လျောက်ပတ်ခြင်း၊ လှုပတင့်တယ်ခြင်း။

သမ္ဗဇယမင်္ဂလာ(ပါ)=အလုံးစုံအောင်မြင်မှုမင်္ဂလာကို ရရှိနိုင်သော ဂါထာ။

သမ္ဘတ္ထက(ပါ)=သမ္ဘ+အတ္ထ+က၊ သမ္ဘ=အလုံးစုံ+အတ္ထ=အကျိုး+က=ရှိ၊
အလုံးစုံအကျိုးရှိသော ကမ္မဋ္ဌာန်း။

သမ္ဘေ သတ္တာ(ပါ) = သမ္ဘေ+သတ္တာ၊ သမ္ဘေ=အလုံးစုံကုန်သော+သတ္တာ=
သတ္တဝါများ။

သမ္ဘည္ုတဉာဏ်တော်(သက်)=အလုံးစုံကို သိတော်မူသော ဉာဏ်တော်။

သမ္ဘာ။တ(ပါ)=ကောင်းစွာ ဖြစ်ခြင်း။

သမ္ဘပ္ပဓာန်(သက်)=လုံ့လဝီရိယ ကြိုးစားအားထုတ်မှု။

သမ္မာအာဇီဝ(ပါ)=ကောင်းစွာ အသက်မွေးမှု။

သမ္မာပဋိပတ်(သက်)=သမ္မာ+ပဋိပတ်၊သမ္မာ=ကောင်းစွာ+ပဋိပတ်=အကျင့်။

[သ၊ ဟ]

သဿတဒိဋ္ဌိ(ပါ)=အတ္တ, လောကသည် မြဲ၏ဟု ယူခြင်း။

သေဋ္ဌနင်း(သနင်း)=မင်း။

သံဃာဒိသေသ်အာပတ်=ဤအာပတ်ကို ကုစားရန် အစ အလယ် အဆုံး သုံးပါးလုံး၌ သံဃာကို အလိုရှိအပ်သော အပြစ်။

သံသေဒဇ(ပါ)=အညှိကို စွဲ၍ ဖြစ်သော သတ္တဝါ။

သုံးလူသေဋ္ဌနင်း=သုံးလူ+သေဋ္ဌနင်း၊ သုံးလူ=လူနတ်ဗြဟ္မာ + သေဋ္ဌနင်း= မြင့်မြတ်သော ချီးမွမ်းအပ်သော တရားမင်း (မြတ်စွာဘုရား)။

ဟဒယဝတ္ထု(သက်)=နှလုံးသွေးအတွင်း၌ တည်ရှိသော ရုပ်အကြည်ဓာတ်။

ဟာသ(ပါ)=ရယ်ခွင်ဖွယ်ရာ။

ဟိရီ(ပါ)=မကောင်းမှုမှ ရှက်ခြင်း။

ဤတွင် အပိုင်း (၇) ပြီး၏။

ဤတွင် ဗုဒ္ဓဘာသာလက်စွဲကျမ်း ပြီး၏။

ဗုဒ္ဓဘာသာလက်စွဲကျမ်း

မှတ်သားဖွယ်အကွဲရေးစဉ်

အကွဲထုစဉ်	စာမျက်နှာ
[အ]	
အကာလဒါန	၃၀၅
အကုသိုလ်ကံ မမြောက်ဟု ယူဆပုံ	၄၃၀
အကန်အသတ်မရှိ အကျိုးတရား များကို ခံစားရ	၅၂၂
အကျင့်မြတ်၏အစ	၄၉၄
အကျဉ်းချုပ် မန္တန်များ	၅၁၅
အကျည်းတန် အရုပ်ဆိုး	၃၂၀
အကျိုးထူးတရား ဖြစ်ထွန်း	၂၆၄
အကြိတ်အနယ် ခံနိုင်သော စာရား	၁၄၃
အခက်အခဲဟူသမျှ အားလုံးကို အောင်မြင်နိုင်	၅၄၀
အခွင့်အခါအရ ကံ ၄-မျိုး	၆၆၈
အကွောဘိဏီ	၅၇
အချစ်ကြောင့်	၅၁၇
အချုပ်အနှောင်မှ လွတ်မြောက် စေသည့် ဂါထာ	၅၂၆
အခြိန်ပိုင်း သီလ	၄၉၆
အခြိန်မရွေး ကုသိုလ်တိုးသော အလှူ	၃၀၇
အင်္ဂုလိမာလကို အောင်ခြင်း	၅၃၆
အင်္ဂေကို ရှောင်နိုင်	၃၂၄
အင်္ဂေအသက်	၆၂

အကွဲထုစဉ်	စာမျက်နှာ
[အ]	
အငတ်ဘေးကြောက်သူ များများလှူ	၂၇၇
အစေခံကျွန်မ အမျိုးသမီး	၃၉၄
အစိန္တိယာ ဂါထာ	၅၂၁
အဆိပ်ပြေဆေး မြိုက်ရေအေး	၅၃၂
အဆင်းရော အချင်းပါ ပြည့်စုံပါစေ	၁၁၅
အဆိပ်ပင်ကြီး	၃၇၉
အဆိပ်လူးထားသော သောကငြောင့်ကြီး	၁၇၃
အဇာတသတ်	ဂ
အဋ္ဌိကဉ္စုပုသိ်	၄၆၇
အဋ္ဌိကုပေါသထ	၄၆၅
အတုမရှိသော ဘာဝနာ	၁၂၂
အတုမြင် အတတ်သင်	၉
အတုလ နဂါးမင်း	၂၇၄
အတုံ့အပြန် လက်စားချေ	၃၆၉
အတိတ်ကုသိုလ်ကံ နည်းပါး	၂၅၆
အတွေ့ကို ရှောင်နိုင်ခဲ	၃၇၄
အတ္တမန ဒါန	၃၁၀
အတ္တသန္နိယျာတန	၄၃
အတ္တကျိုးနှင့် ပရကျိုး အလှူနှစ်မျိုး	၁၉၉
အန္တရကပ် ၆၄-ကပ်	၂၄၉

အကြောင်းအရာ	စာမျက်နှာ
[အ]	
အနန္တရယ်ကင်းကါထာ	၅၂၃
အနန္တရယ်မပြုနိုင်သော ဂုဏ်တော် ၄-ပါး	၅၆၃
အဇိမန္ဒင့်အမ	၂၄၉
အထူးညှော်သည်	၁၉၅
အထက်အထက် ပြဟ္မာပြည် ဘိုင်အောင်	၂၄၅
အထင်သေးခံရမည်ကို ကြောက်	၅၁၈
အထိန်းတော်	၃
အထိန်းမရှိသောချည်ခင်	၃၆၉
အဒါတုံ နာရဟာမိ ဒါန	၃၀၈
အဒါသိ မေ ဒါန	၃၀၈
အဒိန္နာဒါန၏ အပြစ်များ	၄၀၃
အနာဘိဇ္ဈာ	၃၂၂
အနာဂါမ် ဃဋိကာရ ဥပါသကာ	၂၃၆
အနာထပိဏ် သူဌေးကြီး	၆၄
အနုပဟစ္စဒါန	၃၀၃
အနုဂ္ဂဟဒါန	၃၀၃၊၃၀၅
အနောမဒဿီ	၅၄၊၂၃၁
အန္နဒါန	၂၉၁
အနိုင်အထက် လုယက်ယူခြင်း	၄၀၄
အပဏ္ဏကမဋ္ဌသီလ	၅၁၄
အပါယ်ချမည့်ဒါန	၃၁၄
အပူအခိုး ရှိုက်ငိုမိုး	၅၂၀
အပုပ်အစပ်	၅
အပွမာဏာဘာဘုံ	၆၃၂
အပျိုဘဝတုံးက	၄၄၉
အပြစ်ကြီးမှု အပြစ်ငယ်မှု	၃၈၄၊၄၀၆

အကြောင်းအရာ	စာမျက်နှာ
[အ]	
အပြစ်တွေ့ဖရပ္ပေ	၁၈၅
အဖေ့်မလို တစ်ဦးချင်း ခံစားနိုင်	၁၆၁
အဗျာပါဒ	၃၂၂
အမ္မခါဒက မဟာတိဿမထေရ်	၅၀၁
အပြုဟ္မစရိယအဓိပ္ပာယ်	၄၁၈
အဘယဒါန	၃၀၆
အဘာသတ်သော အဇာတသတ်မင်း	၃၉၃
အဘိဇာဒါန	၃၁၀
အမိဝမ်းခေါင်း	၂၀၅
အမိဝမ်းတွင်းကပင် သရဏဂုံတည်လာသူများ	၁
အမိဝမ်းတွင်း၌ ရှိနေစဉ်	၁
အမိအဘကိုသတ်	၃၇၃
အမိဟုတ္ထိလိင်မှ ပုလ္လိင်	၃၇၃
အများမသိသော်လည်း ဘုရားသိ	၈၉
အမျိုးသမီးများနှင့် နပုံးပဏ္ဏာက်များ ဥဘတောဗျည်းများ	၂၅၆
အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း	၁၂၂
အမြောက် စိန်ဗုံး ချေမှုန်း ခွင်းဖြတ်	၅၂၉
အမှုန်နှင့်အမှား ခွဲခြားတတ် စေရန်	၈
အမှုတစ်ရာ တွေ့နိုင်သည်	၁၈၃
အမျှယူတော်မူကြပါ	၂၃၃
အမေ့ခံသားကောင်း	၁၂
အမေ့ကိုင် အခိုးအလှဲ လှူရကျိုးဆယ်ပါး	၃၄၁

အကွဲရုပ်စဉ်	စာမျက်နှာ
[အ]	
အသစ်တဓာတ်နိဗ္ဗာန် ပရမတ်	၅၂၄
အလှူခံပုဂ္ဂိုလ်ရွေးချယ်	၃၅၂၊၃၆၆
အလှူခံပုဂ္ဂိုလ်မရွေးလျှင် ဒါန အထမြောက်နိုင်	၃၆၄
အလှူခံပုဂ္ဂိုလ်ရွေးချယ်ရန် အရေးကြီး	၃၅၃
အလှူခံရွေးချယ်မှုနှင့် စပ်၍ ဝါဒအမျိုးမျိုး	၁၅၂
အလှူဒါနမြောက်အောင် ဆင်ခြင်တတ်ဖို့အရေးကြီး	၂၀၉
အလှူမှန်အလှူကောင်း	၁၉၀
အလှူရေစက် လက်နှင့်မကွာ	၂၃၇
အလှူရဲသေဝ်လည်း မဲ့သူမရှိ	၂၀၂
အလှူရှင်များ ဆင်ခြင်ဖွယ်	၂၀၀
အလွန်ခက်ထန် မျက်စောင်း မာန်	၅၃၅
အလွန်မြင့်မြတ်သော စိတ်နှလုံးရှိ	၆၂၅
အသပြာတစ်သိန်းလာဘ်စား	၃၁၃
အသိဉာဏ်ဖွံ့ဖြိုးလာနိုင်ကြောင်း	၇
အသိပညာနည်းအောင်ပြုခြင်း	၄၃၄
အသိရော အကျင့်ပါ နှစ်ဖြာ ပြည့်စုံအောင်	၃၇
အသိလိမ္မာဉာဏ်ပညာ	၄၄၉
အသေးစားဒါနမှု	၂၃၉
အသက်ကို ပစာနမထား	၁၅၀
အသက်တစ်ရာ့နှစ်ဆယ်ရှည် စေသော်	၁
အသက်တစ်ရာ မနေရ	၁၀၇
အသက္ကစွဓါန	၃၀၄

အကွဲရုပ်စဉ်	စာမျက်နှာ
[အ]	
အမွေးရှည်ကော်ဇော	၄၆၁
အမှမ်းတင်သီလ	၄၆၉
အယျမိတ္တမထေရ်အကြောင်း	၁၈၇
အယုတ္တမာဆဲဆိုမှု	၄၈၆
အရဿာရှိသော အာဟာရ လှူရကျိုးတစ်ပါး	၃၄၁
အရဟန္တဃာတက	၃၈၅၊၃၈၈
အရာရာကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်	၂၆၆
အရိယကန္တာသီလ	၃၈၀
အရိယာဖြစ်အောင် အားထုတ်	၁၈၇
အရောဝင်လွန်းလျှင် မကောင်း	၁၉၇
အရက်သောက်ခြင်း၏အပြစ်	၄၃၇
အရိန္ဒမမင်း	၂၇၅
အရှက်အကြောက်ကင်းခြင်း	၄၃၄
အရှင်နဝကသေနထေရ်	၂၀၄
အရိုးခဲသီလ	၄၉၆
အလှူခံတစ်ကျိပ်လေး	၃၁၅
အလိုရှိရာ ကြွနိုင်တယ်	၁၈၃
အလောင်းတော်ခန္တီဝါဒီရသေ့	၂၆၃
အလောင်းတော်ဇနက မင်းသား	၃၈၁
အလျှားမှောက်ရာမှ ဝမ်းမြောက်စွာထ	၂၅၉
အလျှင်စားဦး စားဖျား	၃၂၉
အသပြာတစ်ထောင် လောင်းလော့	၄၈၇
အသူရကာယ်ဘုံ	၆၁၃
အသက်ကို စွန့်၍ သီလဖြည့်ကျင့် ကြသောမထေရ်များ	၅၀၉
အသက်တမျှ ချစ်ခင်	၅၁၇

အကွာထုစဉ်	စာမျက်နှာ
[အ]	
အာရုံပူက စိတ်ပူသည်	၆၁၀
အာလယ	၂၀၅
အာဝဿထဒါန	၂၉၂
အာဝေဏိက	၆၃
အာဝေဏိကဂုဏ်တော်(၁၀)ပါး	၅၆၀
အာသင္ဒဒါန	၃၀၀
အာသီဝိသ=အဆိပ်ထန်သော မြွေ	၂၀၄
အာသန္နက်	၆၆၉
အာဟုနေယျဂုဏ်တော်	၁၉၀
[ဣ]	
ဣစ္ဆန္တေဘဂါထာ	၅၀၅
ဣတ္ထိဒါန	၃၀၅၊၃၁၄
ဣန္ဒြိယသံဝရသီလ	၅၀၅
ဣဒ်မယာပယောဂ	၃၀၆၊၃၉၆
ဣရိယာပုထ်သုံးပါး	၂၅၉
ဣဿရိယဘုန်းတော်	၁၁၀
[ဥ]	
ဥဂ္ဂသူကြွယ်	၄၅၀
ဥစ္စာကြွယ်ဖြိုး	၁၅
ဥစ္စာပစ္စည်းအင်အား	၆
ဥစ္ဆိဋ္ဌဒါန၊ အနုစ္ဆိဋ္ဌဒါန	၂၆၆
ဥတ္တရဝဟုမာနတောင်	၃၉
ဥပဃာတကကံ	၆၆၇
ဥပပါတ်နှင့် သံသေဒ	၂၄၈
ဥပပီဠကကံ	၆၆၆
ဥပပဇ္ဇဝေဒနီယကံ	၆၇၁
ဥပဋ္ဌမ္ဘကကံ	၆၆၆

အကွဆုံးစာ	စာမျက်နှာ
[ဥ]	
ဥပဏ္ဍယဒါန	၃၀၇
ဥပဟစ္စဒါန	၃၀၅
ဥပုသ်အမျိုးမျိုး	၄၆၄
ဥပုသ်သီလစောင့်သုံးစေခြင်း	၁၂
ဥပုသ်သီလနှင့်ဆန်ကျင်	၄၇၇
ဥပစ္ဆေဒကံမှ လွတ်မြောက်နိုင်	၅၇၉
ဥမ္မာဒန္တီအလောင်း	၃၀၀
ဥသဘဒါန	၃၁၄၊၃၀၅
ဥဒေါင်း(၇)စိတ်ကဲ့ပြိုး သေပဲ့ဝင်ရမည်	၅၂၇
ဥဒေါင်းပေါ်တွင် မြတ်ပလ္လင်	၅၁၅
[ဦး၊ဧ]	
ဦးစားပေး ဧည့်ဝတ်ပြုရမည်	၁၉၅
ဦးစွန်းမှန်ကင်း မြက်သောမင်း	၅၃၃
ဧကသာဋကပုဏ္ဏား	၃၂၁
ဧတဒဂ်ဘွဲ့ထူးချီးမြင့်ခံရ	၃၆၃
ဧဟိပဿိကဂုဏ်တော်	၁၅၁
ဧဟိပဿိကဂုဏ်ထူးရထိုက်သော တရားများ	၁၅၄
ဧည့်ဝတ်ပြုရန်	၁၉၅
[ဩ]	
ဩဇာလွှမ်းမိုးမှု	၈
ဩတ္တာပ္ပ	၃၂၃
ဩပနေယျိကဂုဏ်တော်	၁၅၆
ဩပနေယျိကဂုဏ်ထူး ရထိုက်သောတရား	၁၅၉
'အောင်'ဂါထာဇာတ်	၅၄၁
အောင်မြင်လိုသူများ အမြဲရွတ်ဆိုသင့်	၅၂၃

အကွဆုံးစာ	စာမျက်နှာ
[က]	
ကကုသန္ဓမြတ်စွာဘုရား	၂၂၅
ကလာပုမင်း	၃၉၄
ကလိင်္ဂတိုင်း	၃၉၃
ကလေးများပင် တွေ့မြင် နိုင်သောတရား	၁၆၂
ကထိန်သင်္ကန်းလှူဒါန်းမှု	၂၀၈
ကင်ပွန်းတပ်ခြင်း	၅၊ ၅
ကပ်သုံးပါး	၂၁၃၃
ကပ္ပိယဒါန	၃၁၀
ကပ်ဆိုးရောဂါဆိုးအမျိုးမျိုး တို့မှ ကင်းလွတ်စေနိုင်သော ဂါထာ	၅၂၄
ကမ်းပေါ်တက်လာပါစေ	၂၂၂
ကမ္ဘာ့ညှော်သည်တော်	၁၉၅
ကမ္ဘာပျက်ခြင်း	၂၄၅
ကမ္ဘာဦးလူသားတို့	၂၄၈
ကမ္ဘာပျက်ခြင်းသုံးမျိုး	၂၄၃
ကမ္ဘာပြုမိုး	၂၄၈
ကမ္ဘာပျက်	၂၄၉
ကမ္ဘာ ၆-မျိုး	၂၅၀
၉၂-ကမ္ဘာမှ ဘုရားရှိခိုး	၅၁၃
ကမ္ဘာကုန်သော်လည်း မကုန် နိုင်သောဂုဏ်တော်	၁၁၆
ကမ္မပထမြောက်ကျူးလွန်	၃၈၀
ကမ္မသကတာဿမွာဒီဋ္ဌိ	၆၅၂
ကဿပပုဏ္ဏားလုလင်	၂၃၃
ကဿပမြတ်စွာဘုရား	၂၃၆
ကာသကခေါ်လိုဏ်ဂူ	၁၈၈
ကာမဘုန်းကော်	၁၁၄
ကာမဂုဏ်မှားယွင်းမှုအပြစ်များ	၄၁၅

အကျွဲထုစဉ်	စာမျက်နှာ
[က]	
ကာမဂုဏ်ဖောက်ပြားမှု မရှိသေးပုဂ္ဂိုလ်	၄၁၇
ကာမဂုဏ်တရားမှ ထွက်မြောက် ကျွတ်လွတ်ရန်	၂၆၁
ကာမကျူးလွန်ခြင်း၏ အပြစ်များ	၄၁၃
ကာမတဏှာ၏ ကျက်စားရာ	၆၂၇
ကာမသုဂတိ ၇-ဘုံ	၆၂၇
ကာယဆဏာမ	၆
ကာရဏပါလိပုဏ္ဏားကြီး	၅၁၉
ကာလဒါန	၃၀၃၊၃၁၀
ကာလဒါန၊ အကာလဒါန	၂၉၇
ကာလပရိယန္တသီလနှင့် အာပါဏကောဋ္ဌိကသီလ	၄၉၈
ကာလသုတ်ငရဲ	၃၈၈၊၆၁၅
ကာဠယက္ခိနီဝတ္ထု	၂၂၉
ကားတိုက်၍ သေပါစေ	၄၈၆
ကာမေသုမိစ္ဆာစာရကံ	၄၉၀
ကိကိမင်းကြီး၏သမီးတော် ၇-ယောက်	၄၄၉
ကိကိမင်းကြီး၏သမီးထွေးဘဝ	၃၆၁
ကိလေသာနည်းပါးသူများ	၂၄၈
ကိလေသာပယ်ပုံ	၃၇၆
ကိလေသာအစိုင်အခဲကို ဖောက်ခဲခြင်း	၅၀၃
ကုက္ကုဋမှုဆိုး	၄၉၂
ကုမ္ဘကာန်တ်	၆၂၆
ကုသိုလ်အကျွင့်တို့၏တည်ရာ	၃၈၀
ကုန်ရွဲးလျှင် တစ်ခေါက်	၅၉
ကောဏာလမင်း	၆၄၊၃၉၂

အကျွဲထုစဉ်	စာမျက်နှာ
[က]	
ကောသလမင်းကြီး၏ဘုရားရှိခိုး	၅၁၇
ကံ,ကံ၏အကျိုးမရှိ	၃၂၂
ကံ,ကံ၏အကျိုးကို မယုံကြည် သည့်ပုဂ္ဂိုလ်	၂၅၆
ကံကြမ္မာ	၆၅၀
ကံတူအကျိုးပေး	၆၆၀
ကံမြောက်မှုနှင့် မမြောက်မှု အယူအဆများ	၄၂၉
ကံကြီးငါးပါး(ပဋိဉာနန္တရိယကံ)	၃၀၅
ကံသာ အမိ, ကံသာ အဘ, ကံသာ ဆွေမျိုး	၂၆၇
ကံအာရုံထင်လာပုံ	၆၀၅
ကံ၏ အကျိုးများ	၆၆၁
ကိုယ်ကျင့်တရားကောင်းမှုနှင့်ရေး	ဂ
ကိုယ်တိုင်သိမြင်နိုင်သော တရားဖြစ်ခြင်း	၁၄၆
ကိုယ်တိုင်တရားမမြင်လျှင် ဘုရားရှင်အပေါ် သံသယဝင်	၁၄၃
ကိုယ်တိုင်ကျင့်မှ ကိုယ်တိုင်ရ	၁၆၂
ကိုယ်ပိုင်အစစ် တရားတော် ဖြစ်ခြင်း	၁၆၁
ကိုယ်ဝန်ဆောင်ရှိနေစဉ်	၂
ကိုယ်ဟန်အနေအထားဖြင့် အရှိအသေပြုခြင်း	၁၆
ကိုယ်အားထုတ်မှု ကိုယ်ရနိုင်	၉၄
ကိုးကွယ်ထိုက်သောနှားရုန်းလောင်ဂဂ္ဂ	

အကွဲထုစဉ်	စာမျက်နှာ
[က]	
ကောက်ကျစ်သောနွားသွားလေ့	၄၀၇
ကောက်ညှင်းပေါင်း	၆
ကောက်ညှင်းစပါးကိုလှော်	၂၁၀
ကောက်သင်းကောက်	၃၁၀
ကောင်းစွာ ကျင့်တော်မူခြင်း	၁၇၇
ကောင်းမှုမျိုးစေ့	၂၀၀
ကွက်စိပ်ဟောဆရာ	၄၉၀
ကျီကြမထား	၂၀၅
ကျားကျောက်လိုရှင်ကြီးကိုး	၅၉
ကျော်စောသတင်းကောင်းမဲ့ခြင်း	၄၃၄
ကျင့်ကြည့်စမ်းပါ	၁၇၁
ကျောင်းကန်ဘုရားနှင့် ရင်းနှီးအောင်	၉
ကျောင်းရေစက်ချပွဲကြီး ၄-လကြာကျောင်းပခြင်း	၃၆၃
ကျောင်းလှူရကျိုး	၃၂၃
ကျောင်းအမကြီးဝိသာခါ	၃၂၀၊၃၂၁
ကျွဲးတိုင်းဝသည်	၂၀၁
မေတ္တာဇောဖြင့်	၅၃၁
ကျင့်လျှင် ချမ်းသာ (အလယ်၏ ကောင်းခြင်း)	၁၃၉
ကျည်မထွက် လက်နက်တုံး ဂါထာ	၅၃၂
ကျန်ဘဝမှ လွတ်မြောက်	၂၁၁
ကျန်းစောင့်နတ်	၃၀၁
ကြာမြင့်သောအချိန်ကာလ	၂၄၀
ကြားနာရုံမျှဖြင့်ပင် အပူစင် (အစ၏ ကောင်းခြင်း)	၁၃၆
ကြီးကြီးထွားထွား	၂၁၀

အကွဲထုစဉ်	စာမျက်နှာ
[က]	
ကြီးစွာပူအေး လှူပ်ရှားပေး	၅၃၂
ကြီးမားမြင့်မော် ရွှေကိုယ်တော်	၅၀၅
ကြမ်းတမ်းစွာဆဲဆိုပြောဆိုခြင်း	၄၀၂
ကြည့်သော်မစွမ်း စမ်းသော် မထင်	၅၂၀
ကြည်ညိုအောင် ဟန်ဆောင်မှု	၄၉၃
ကြည့်လင်စင်ကြယ်သော သဒ္ဓါ တရားဖြင့် ပေးကမ်းခြင်း	၂၆၁
ကြောင်သူတော်	၁၀၄
ကြောင်းကျိုးဆက်နည်း	၆၅၆
ကြမ်းတမ်းယုတ်မာကြိမ်ဆဲ	၄၀၃
ကြွေးသစ်ချ	၂၉၀
ကြွေးချေ	၂၉၀
ကြိုတင်ဆောက်တည်မှု	၃၂၅
[ခ]	
ခလုပ်မထိ ဆူးမငြိနိုင်သော ဂါထာ	၅၆၄
ခုပ်ပါသမြို့တွာ	၄၀၉
ခေမအမည်ရှိသောမင်း	၂၃၅
ခံတွင်းမှ ပိုးလောက်များ	၄၀၅
ခန္ဓိတရား လက်ကိုင်ထား	၃၉၄
ခန္ဓိသံဝဏ်	၃၂၃
ခန္ဓာကိုယ် လှူဒါန်းခြင်း	၁၀၀
ဂေဟ်မီသည် ဂေတ်ဆန်သည်	ဂ
ဂေါင်းဆေးမင်္ဂလာပွဲ	၄
ဂျောပစ်ကုန်းတိုက်	၄၀၂
ဂျစ်မြတ်နိုးသူ	၂၀၉
ချမ်းသာမကွဲ ဆင်းရဲအတူ	၁၉၇
ချမ်းသာစွာ အိပ်ပါစေ	၄၀၆

အကွောစဉ်	စာမျက်နှာ
[ခ]	
ချိန်ခွင်လိမ်ခြင်း	၄၀၃
ခြေသည်းလက်သည်း ဆိုးခြင်း	၄၆၀
ကြံဆင်	၅၃၄
ခြင်္သေ့မင်း	၂၇၀
ခြိမ့်ခြိမ့်တီး၍ မငြီးရှင်ပျော်	၅၃၃
ခြောက်ပါးသောသိက္ခာပုဒ်	၄၉၃
ခြောက်လှန့်ရယူ၍လည်းမရ	၁၆၂
ခိုးသားငါးရောလက်ချက်	၃၉၄
ခိုက်ရန်မျှားခြင်း	၄၃၃
ခွက်လှူရကျိုး ၂-ပါး	၃၃၄
[ဂ]	
ဂတိနိမိတ်အာရုံထင်လာပုံ	၆၈၅
ဂန္ဓပ္ပနတ်	၆၂၆
ဂရုကံ=ကြီးလေးသောကံ	၃၈၅၊၆၆၈
ဂရုဓမ္မသိလ	၃၈၀
ဂမိကဘတ်	၂၉၃
ဂဇေသီဥပါသကာ	၄၅၀
ဂဇေသီဆရာကြီး	၄၅၂
ဂါမဏိ	၂၀၂
ဂိလာနဘတ်	၂၉၃
ဂိဇ္ဈကူဋ်တောင်	၁၉၃၊၄၈၃
ဂိဟ=သီဆိုခြင်း	၄၅၉
ဂေါပါလနှားကျောင်းသား ဥပုသိ်	၄၆၄
ဂေါဝ်တ္တကသေဋ္ဌေး	၄၈၃
ဂဂ္ဂရာရေကန်	၁၃၄
ဂစ္ဆ ကူဋ်	၄၈၃
ဂန္ဓဒါန	၂၉၁၊၂၉၂၊၃၀၆
ဂန္ဓာရမင်းလက်ထက်	၄၈၃
ဂန္ဓသေဋ္ဌေး	၃၀၀

အကွောစဉ်	စာမျက်နှာ
[ဂ၊ ဃ]	
ဂန္ဓမာရဏ=အမွှေးရနံ့ ဆောင်ခြင်း	၄၆၀
ဃရာဝါသက်စွဲ	၃၉၅
[င]	
ငညိုရဲ့ ဆန်တစ်စလယ်	၆၂၉
ငရဲကြီးရှစ်ထပ်	၃၁၂၊၆၁၄
ငရဲငယ် ၁၆-ထပ်	၃၁၈
ငရဲထိန်းနှင့် ငရဲခွေး	၆၁၃
ငရဲသားအုပ်ကြီး	၆၁၉
ငရဲသက်တမ်း	၆၂၄
ငါးနှစ်သားအရွယ်	၁၁၊၁၆၃
ငါးပါးတဲ့ဒါနစု	၃၀၂
ငါးပါးသီလ	၃၈၀
ငါးပါးသီလ မလုံ	၃၉၃
ငါးပါးသီလ စောင့်ထိန်းမှု အာတုယူ	၄၃၈
ငါးပါးသီလ ဆောက်တည်ခြင်း	၂၃
ငါးရာ့ငါးဆယ်	၇
ငတ်မွတ်ခြင်းဘေး	၃၇
ငုတ်လျှိုးပျောက်ကွယ်	၂၄၉
ငြောင့်တံကျင်သဖွယ်	၄၆၀
ငှက်ပျောပင်စိုက် မိလိုက်ဖသာ	၉
[စ]	
စကားခြောက်ခွန်း	၇၇
စကံ့ားခြောက်ခွန်းမှတ်ဖွယ် လက်ံာ	၇၈
စကားနားမလည်မိုက	၃
စက္ကုန္ဒပါသကာ	၃၇၂၊၃၉၄
စက္ကပရိတ္တ (စက်ပရိတ်)	၅၉၆

အကွဲရာစဉ်	စာမျက်နှာ
[ခ]	
စံဝရဒါန	၃၀၁
စီးပွားပျက်	၄၃၃
စုန္ဒ ဝက်ထိုးသမား	၃၉၂
စူဠသုဘဒ္ဒါ	၂၀၄
စူဠသုမနသူဋ္ဌေး	၃၀၆
စူဠဝေဒပ္ပသစ္ဆမန္တန်တော်	၆၀၄
ဇစတနဂက်၏ သတ္တိ	၃၁၇
ဇေတနဝ ပဓာန	၂၀
စေတနာသုံးတန် ညီညွတ်ခြင်း၏ လက်ငင်းအကျိုး	၃၄၇
စား‌ရမဲ့ ဝတ်ရမဲ့ ခိုကိုး‌ရာမဲ့	၃၇
စစ်တိုက်ခြင်း	၂၀၅
စဉ်းလဲကောက်ကျစ်	၁၀၀
စဉ်းစားမှု ရှေ့တည်	၅၉
စိတ်ကောင်းရှိသူ	ဂ
စိတ်တည်ကြည်မှု	၁၇၇
စိတ်ထဲ၌ ကပ်၍ ဆောင်ထိုက် သော တရား‌ဖြစ်ခြင်း	၁၅၆
စိန်ရွှေမြွေ‌ဆောင် နေလ‌ရောင်	၅၂၆
စွဲနှောင်ခြင်းကြီး (၅)ပါး	၂၆၇
"စွန့်လွှတ်ရေး"အကျင့်	၁၈၀
စွမ်းရည် (၄)မျိုး	၅၀၂
စွမ်းအင်အရ ကံ ၄-မျိုး	၆၆၅
စောင့်ထိန်းရန် သင့်, မသင့်	၄၉၄
[ဆ]	
ဆတ္တမာဏဝလုလင်	၄၄၆
ဆန္ဒ, ဝီရိယ, ဝီမံသ	၂၉၈
ဆရာမည်ကာ မတ္တမဟုတ်	၅၆
ဆရာကျင့်ဝတ်	၃၂၉
အကွဲရာစဉ်	စာမျက်နှာ
[ဝ]	
ဝစ်ကြဝဠာခေါ် ကမ္ဘာလောက ဓာတ်ကြီးတစ်ခုတည်းနေပုံ	၈၆
ဝက်ကြမင်း	၂၇၃
ဝတ္တုမဟာရာဇ်	၅၆၊၆၂၅-၆
ဝတ္တုတ္ထစျာန် ၃-ဘုံ	၆၄၂
ဝတ္တုတ္ထနေနှင့် ပဉ္စမနေ ထွက်ပေါ်	၂၄၅
ဝတ္တုတ္ထမြောက် ၁-အသင်္ချေ	၂၅၈
ဝ-ဓ-ဗ-ဝ-ဂါထာ	၅၈၁
ဝန္ဒာလမင်း	၁၄၅
ဝဏ္ဏာလတိဿ သူပုန်ဘေးကြီး	၂၀၅
ဝရဏတရား (၁၅)ပါး	၂၄
ဝရိယ (၃)ပါး	၂၆၈
ဝ-မ-ကြီး လေးလုံးဂါထာ	၅၈၀
ဝမ္မာပြည်	၁၃၄
ဝာတဇာသလို	၁၈၄
ဝာမရီသား	၁၇၇
ဝာမရီသားကောင်	၅၁၄
ဝါသံပေသံ	၆
ဝါအမှတ်တံဆိပ်ပြောင်းလဲ၍ ခိုးခြင်း	၄၀၅
ဝါအုပ်ပေဝာမရှိ	၂၁၆
ဝိဇ္ဇမာဏဝိဂၢာဂိုကို အောင်ခြင်း	၅၁၆
ဝိဇ္ဇမာဏ, ဒေဝဒတ်	၉
ဝိတ္ထကမ္မဒါန	၃၀၅၊၃၁၄
ဝိတ္ထဂုတ္တမထေရ်	၅၀၉
ဝိတ္ထပသာဒဒါန	၃၀၉၊၃၁
ဝိတ္ထလတာဥယျာဉ်	၆၂၇
ဝိတ္ထာလင်္ကာရဒါန	၃၀၉
ဝိဝိကြေညက်	၅၂၃

အကွက်စဉ်	စာမျက်နှာ
[ဆ]	
ဆင်ခြေနေ ထုတ်ပေါ်လာသည့် အခါ	၂၄၆
ဆန္နာ ဒါန	၃၀၉
ဆမ္မပို့ ရဟန်း	၄၈၇
ဆုတောင်းချိုလျှံ	၃၁၉
ဆုတောင်းရန်	၃၃
ဆုတောင်းနှစ်မျိုး	၂၂၈
ဆုတောင်းခြင်းအကြောင်း	၂၂၁
ဆုတ်ကပ်တက်ကပ်	၂၄၉
ဆေးကုမ္ပဏီ	၄၉၃
ဆေးဝါးမန္တရားစွမ်းသလို	၁၈၄
ဆေးလှူရက်ခြိုး	၃၂၆
ဆံပင်အလှူပြင်	၄၆၀
ဆင်ခြင်တုံတရား ရင့်သန်စေ	ဂ
ဆင့်ဆင့်ကြီးမား နဂါးအာသင်	၅၃ဂ
ဆင်းရဲခံနေရသူများ	၃၇
ဆင်းရဲသားပုဏ္ဏားလင်မယား	၂၇ဂ
ဆန်ပန်း	၄
ဆင့်ကျင်ဘက်ချင်းတူ	၄၇၇
ဆန်းဂိုဏ်းရွေးချယ်ခြင်း	၆
ဆင်းရဲလေလေ သံဝေဂရရ	၁ဂ၇
ဆင်းရဲသားတစ်ယောက်၏ အသပြာ	၃၁ဂ
ဆင်ကြီးသတ်	၃ဂ၄
ဆယ်ပါးသောတရား	၁၃၃
ဆုမ်းလောင်းစေခြင်း	၁၁
ဆုမ်းတော်ကပ်	၂၅၊၂၇
ဆောင်ရန်သိလ	၄၉၆
ဆိတ်မွေးအရေအတွက်	၃၉၂
ဆိတ်ယောင်ဆောင်	၃ဂ၁

အကွက်စဉ်	စာမျက်နှာ
[ဆ၊ဇ]	
ဆုံးမ၍ မရလျှင် သတ်ပစ်ခြင်း	၉၀
ဆိုးရွားညစ်ညမ်း ကြမ်းတမ်း ယုတ်မာ	၁၃၄
ဇနကဇ်	၆၆၅
ဇနကသတ္တိ	၃ဂဒ
ဇာတရူပ	၄၇ဂ
ဇာဏုသောဏိပုဏ္ဏားကြီး	၅၂ဝ
ဇာတိဆရ	၆၃၅
ဇောတိကသူဌေးကြီး	၃၇၂
ဇနီးဖြစ်သူ ရေဝတီ	၄ဂ၇
ဇာတာခွင်	၁
ဇာတိခေတ်	၂၄၆
ဇေတဝန်	၆၄
ဇောတိပါလလုလင်	၂၇၆
ဇော်ဂနီ	၆၂၆
ဇဲ့သတ္တိ လုံ့လ ဝီရိယ ပညာဉာဏ် ကြီးမား	၂၅၄
ဇဲ့လုံ့လဝီရိယကို ဆလျော့ မပေးခြင်း	၂၆၂
ဇာတ်ကြီးဆယ်ဘဲ့	၃
[စျ၊ဥ]	
စေ့းသည်မ ၄-ယောက်	၄ဝ၉
ဉာဏသမ္ပယုတ္တဒါန၊ ဉာဏဝိပ္ပယုတ္တဒါန	၂၉၄
ဉာဏသံဝရ	၃၇၃
ဉာယပွဋိပန္နဂုဏ်တော်	၁ဂ၅
ဉေယျဓံတရားငါးပါး	၆၇
ဉတ္တိစတုတ္ထကမ္မဝါစာ	၁၇၆
ဉာဏ်ပညာရှိခြင်း	၅၂

အကွက်ထုစဉ်	စာမျက်နှာ
[ဝ]	
တရားတော်နာရ၍ သောက အပူမီးများ ပျောက်ရသော မင်းတစ်ပါး	၁၃၂
တရားရေစင်	၁၇၂
တရားတော်နာ၍ နတ်သား ဖြစ်ရသော ဖားတစ်ကောင် အကြောင်း	၁၃၄
တရားတော်၏ အကျိုးရသော သာဓက	၁၇၀
တရားတော်ကို ဘုရားရှင် ကိုယ်တိုင်ပူဇော်တော်မူခဲ့	၁၆၇
တရားဘဏ္ဍာစိုးကြီး	၁၆၆
စာရားရတနာကို မည်ကဲ့သို့ ပူဇော်ရမလဲ	၁၆၆
တရားအလှူတရားပူဇော်နည်း	၁၆၅
ဟရားကို ကြားရရုံမျှမဟုတ်	၀၆၅
တရားတော်၏ အကျိုးရသော သာဓကများ	၁၇၀
တာပနဉဏ်	၆၁၀
တာဝတိံသာနတ်ဘုံ	၆၂၇
တိမ်ဝရိတ်သင်္ကန်း	၁၆၆
တိတိကျကျ လိုက်နာကျင့်သုံး	၂၆၅
တိတီတူးဌက်မ	၈၇၇
တိရစ္ဆာန်ဖြစ်သောသား	၃၀၇
တုဖက်ကင်းအောင် ဆုံးမထောက် မူနိုင်ခြင်းအကြောင်း	၉၁
တုသိတာနတ်ဘုံ	၆၂၇
တေတ္တိံသဘုံ	၆၂၇
တောဒေယျပုဏ္ဏား	၃၀၈
[ထ]	
တတိယစျာန် ၃-ဘုံ	၆၇၁
တတိယနေတစ်စင်း	၂၄၅
တတိယမြောက် ၁-အာသခေါ်	၂၅၀
တဒင်္ဂပဟာန်	၃၂၅-၆
တပ်ဟူယန	၅၃
တမ္မဒါဋ္ဌိက	၄၉၂
တကယ်ရှိ၍ အဟုတ် စင်ကြယ်သောတရား	၁၅၂
တမလွန်ကောင်းစားရေး အလှူမျိုး	၁၉၀
တရားသဖြင့် ရသောပစ္စည်း	၃၁၇
တရားထူးရသလို	၁၀၄
တရားသူကြီး	၄၂၆
တရားတော်အလှူ၏မြင့်မြတ်ပုံ အကြောင်း	၁၇၁
တရားပွဲတစ်ခု	၁၇၁

အကွဲရုစဉ် စာမျက်နှာ

[တ]

တောင်ဖီလာဆရာတော်၏
တည်ခြင်းငါးပါး ၁၉
တံတားလှူရကျိုးဆယ်ပါး ၃၄၂
တစ်ကမ္ဘာဟူသည် ၂၄၉
တစ်ချက်ခုတ်တစ်ချက်ပြတ် ၂၃၀
တစ်ချက်ခုတ်နှစ်ချက်ပြတ် ၁၆၆၊ ၂၂၉
တစ်ချက်ခုတ်လေးချက်ပြတ် ၂၁၃
တစ်ဆယ့်ခြောက်စိတ်
တစ်စိတ်ပင် မမီ ၁၇၁
တစ်ဆယ့်ငါးနှစ်အရွယ် ၁၂
တစ်ထောင်တန်ဂါထာ ၅၂၅
တစ်ဘဝ၏အပိုင်းသုံးပိုင်း ၆၆၃
တစ်သက်လျှာမျှ တစ်ထမ်းဝ ၁၉၄
တင်းတောင်းလိမ်ခြင်း ၄၀၃
တန်ခိုးကဋ္ဌပါဒ် ၁၄၉
တန်ဆာတန်ကြေးပေးယူ ၂၂၃
တုတ်နှင်တံ(တုတ်တံဖျာ) ၁၇၄
တွယ်တာစရာမျှားလှတဲ့ဘဝ ၂၀၅
တောက်လောင်ငြီးငြီး
မြည်သံဟည်း ၅၃၅

[ထ]

ထမင်း (နို့ဆန္နာ) ၁၇၈
ထမင်းကြမ်းကို စားပြီးပြီ ၁၈၈
ထာဝရဒါန၊ အထာဝရဒါန ၂၉၅
ထာဝရပယောဂ ၄၈၆၊ ၃၉၆

အကွဲရုစဉ် စာမျက်နှာ

[ထ]

ထီးထီးမားမား ၂၁၀
ထီးလှူရကျိုး ၈-ပါး ၃၂၉
ထူးသောအစာ, ထူးသော
အဝတ်မျှား ၂၉၂
ထောပတ်ဆီလှူရကျိုး ၅-ပါး ၃၄၀
ထင်ရှားသောဆွမ်းအလှူရှင် ၃၂၂
ထင်ရှားသော ဇရပ်, တန်ဆောင်း,
ကျောင်းအလှူရှင်မျှား ၃၂၄
ထင်ရှားသော ဆေးအလှူရှင် ၃၂၃
ထင်ရှားသော သက်န်း
အလှူရှင်မျှား ၃၂၀
ထုတ်ရပ်ပေါက်သလို ၁၈၄
ထွန်းတောက်ပဝင်း ပွင့်လင်း
သာသနာ ၅၄၅
ထိုင်နေ အကောင်းသား
ထဿဝး ကျိုးမှန်းသိ ၂၂၀

[ဒ]

ဒမိဋ္ဌ ၅၅
ဒကို့ကောယျဂုဏ်တော် ၁၉၈
ဒါန၏မျက်မှောက်အကျိုး
ငါးပါး ၃၁
ဒါနကုသိုလ် ၂၈၁
ဒါနဖေတနာသုံးတန် ၃၄၅
ဒါနရိက္ခာ ၂၆၀
ဒါနပရမတ္ထပါရမီတော် ၂၆၁
ဒါနပါရမီဖြည့်ကျင့်ခြင်း ၂၆၀

အကွက်ထုစဉ် စာမျက်နှာ

[ဒ]

ဒါနအာဆုစံထား ထိုက်သည့် ဝတ္ထုသာဓကများ ၃၅၈
ဒါနအာမျိုးမျိုး ၂၉၁
ဒါရုဘဏ္ဍက တိသ ၃၀၀
ဒါနပြုသူ, မပြုသူတို့ ကွာခြားပုံ ၃၄၃
ဒါနပြုရန်ခက်ခဲခြင်း ၂၇၈
ဒါနပြုရန်တိုက်တွန်းခြင်း ၂၇၃
ဒါနပြုစ ကလေးဘဝ ၄
ဒါနရိက္ခာထုပ် ၂၈၅
ဒိသာဖရဏ မေတ္တာပွါးနည်း ၂၉
ဒိဋ္ဌမင်္ဂလဒေဒနိယကံ ၂၀၆၊၆၇၁
ဒီဃာယု ၂၀၇
ဒုတိယစျာန် ၃-ဘုံ ၆၄၁
ဒုတိယမြောက် ၁-အသင်္ခ်ေ ၂၅၀
ဒု-သ-နု-ယော ၄၁၄
ဒုက္ကရဒါန၊ မဟာဒါန၊ သာမညဒါန ၃၀၀
ဒုက္ကရစရိယာ ၆၂
ဒုက္ကဋ်အာပတ် ၄၉၃
ဒုဋ္ဌဂါမဏိမင်းကြီး ၅၇
ဒုဿီလ္ကန္တရကပ် ၃၇
ဒုးထောင်ပေါင်ကား ၃၇၉
ဒေဝဒတ် ဂ၊ ၃၉၃
ဒေါသန္တက ၂၉၇
ဒေါဟိတ် တိဟိတ်ကုသိုလ် ၃၄၉
ဒဋ္ဌဘောင်မင်းကြီး ၅

[ဝ]

ဓတရဋ္ဌ ၆၂၅
ဓနဉ္ဇာနိပုဏ္ဏားမကြီးရှိခိုးခြင်း ၅၁ဂ
ဓားလုံမဆောင် ကြိုးမနှောင်ဘဲ ၅၃၄

ဆက္ကဏ္ဍုထုစဉ် စာမျက်နှာ

[ဓ]

ဓမ္မဥပုသ် ၄၆၅
ဓမ္မတာ (ပင်ကိုသဘာဝ) ၁ဂ၂
ဓမ္မဒါန ၃၀၆၊ ၂၉၅
ဓမ္မပဒဝတ္ထုလာ ၇
ဓမ္မဒိန္နာ ၃၉၂
ဓမ္မဘုန်းတော် ၁၁၂
ဓမ္မိယဒါန၊ အဓမ္မိယဒါန ၂၉၅
ဓမ္မိယလဒ္ဓပစ္စည်း ၄၉၁
ဓမ္မုပေါသထ ၄၆၅

[န]

"နမော တဿ" အန္တရာယ်ကင်း ဂါထာ ၅၁၆
နရဓမ္မ ငရဲ ၆၁၃
နတ်စည်းစိမ် ၆၂ဂ-၉
နတ်တို့၏သက်တမ်း ၆၂၉-၃၀
နတ်နဂါး ၆၂၆
နတ်ဘီလူး ၆၂၆
နန္ဒန္ဒသားသတ်သမား ၃၉၂
နန္ဒမာတာ ၄၅၂
နန္ဒဝန်ဥယျာဉ် ၆၂၇
နန္ဒိယဥပါသကာ ၄ဂ၇
နန္ဒိဝိသာလန္ဒား ၄ဂ၇
နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်း ၅၃ဂ
နာဉတြဂါထာ ၅၇၁
နာမကရဏမင်္ဂလာပြုကြောင်း ၄
နာဠိကေရမင်း ၃၉၃
နိဗ္ဗဒဒါန၊ အနိဗ္ဗဒဒါန ၂၉၆
နိယတဗျာဒိတ်ခံယူခြင်း ၂၅၄

အက္ခရာစဉ်	စာမျက်နှာ
[နှ]	
နစ်တုံ့ ပေါ်တုံ့ တမ်းမှားမှား	၅၃၁
နတ်ပြဟ္မာနှင့်မခြား	၂၄၈
နတ်ရဟန္တာသတ်	၃၀၇
နတ်ရှိခိုးသူအားလုံး	၄၅
နတ်သားတမျှ တင့်တယ်လှ	၃၂၀
နတ်သမီး တစ်ဦး	၄၀၉
နတ်ဥပုသ်	၄၆၆
နှလုံးသွင်းထားခြင်း	၃၀၁
နှစ်ချို့ဆန်ကလေး	၁၀၈
နှစ်ဆူစျာန်မြတ် သမာပတ်	၅၂၅
နှစ်ဆယ်အရွယ်	၁၂
နှစ်ပါးစုသီလ	၄၉၆
နှစ်ပါးတဲ့ ဒါနစုမျှား	၂၉၂
နှယ်ပင်ကလေးဖြင့် တုပ်နှောင်	၁၈၆
နှုတ်ခမ်းဆိုးခြင်း	၄၆၀
နှုတ်မြွက်တောင်းရမ်း	၄၉၃
နော်ဆုံးဘဝ ဝိသာခါ	၃၆၁
နောက်ဘဝ မရှိ	၃၇၂
နောက်ဘဝ ကြိုက်သူနှင့် ကြောက်သူ	၆၅၂
နောက်ဘဝ ရှိသူနှင့် မရှိသူ	၆၅၃
နောက်ဘဝရှိခဲ့	၁၅၅
နို့ယနှာဆွမ်းသည် မသုံးဆောင်ထိုက်	၁၇၉
[ပ]	
ပကတိဥပုသ်	၄၆၂
ပကတိသီလ၊အစာရသီလ၊ဓမ္မတာ သီလ၊ ပုဗ္ဗဟေတုကသီလ	၅၀၄
ပက္ခိကဘတ်	၁၃၉

အက္ခရာစဉ်	စာမျက်နှာ
ပဉ္စာဘိညာလက်စဲကျင်း	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီး	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရား	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်း	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်း	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်း	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်း	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည်	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ ဓမ္မဒေသနာတော်ကို	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ ဓမ္မဒေသနာတော်ကို ဆရာတော်ကြီးဘုရားသည်	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ ဓမ္မဒေသနာတော်ကို ဆရာတော်ကြီးဘုရားသည် ဤသို့	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ ဓမ္မဒေသနာတော်ကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ ဓမ္မဒေသနာတော်ကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။	၂၄၀
ပဉ္စာဘိညာလက်စဲကျင်းဆရာတော်ကြီးဘုရားအား ကိုးကွယ်ပူဇော်ခြင်းအကြောင်းကို ဟောကြားတော်မူခဲ့သော တရားတော်ကို နာယူခြင်းအကြောင်းကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ ဓမ္မဒေသနာတော်ကို ဆရာတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။ ဤ

စာမျက်နှာ	အကွေထုတ်ဦး
	[ပ]
၄၈၉	ပဟာသင်ရဲ
၃၈၈	ပါဏာတိပါတကံ၏အကြောင်းပြစ်များ
	ပါဏာတိပါတကံ၏အကျိုး
၃၈၄	(၅)ပါး
၃၈၆	ပါဏာတိပါတ၏အထူးမှတ်ဖွယ်
၂၉၁	ပါနဒါန
၂၈၂	ပါယာသီစော်ဘွားကြီး
၃၀၂	ပါယာသီမင်း
၂၄၄	ပါယာသီမြို့စား
၂၅၆	ပါရမီကုသိုလ်ထူး
၂၅၄	ပါရမီတော် ၁၀-ပါး
	ပါရမီတော် ၁၀-ပါး
၂၅၁၊၂၆၀	အပြား(၃၀)
၃၅၈	ပါရမီဘုန်းကံနှင့်လာသောသူ
၅၃၀	ပါရမီရင့် သမ္ဘာမြင့်
၃၀၁	ပိဏ္ဍပါတဒါန
၃၀၅၊၃၈၈	ပိတုဃာတကံ
၃၈၆	ပိတုမင်း
၄၄၉	ပိပွလိလုလင်
၂၈၉	ပိယပုဂ္ဂိုလ်
၄	ပုဏ္ဏားပညာရှိ(၁၀၈)ယောက်
၃၉၃	ပုတိဂတ္ထထေရ်
၁၂	ပုတီးစိပ်နည်းသင်ပေးခြင်း
၆၄	ပုဗ္ဗာရုံ
	ပုဗ္ဗာရုံကျောင်း
၃၆၂	ဆောက်လုပ်လှူဒါန်
၄၅၀	ပုရောဏဥပါသကာ
၂၉၂	ပူဇာဒါန-အနုဂ္ဂဟဒါန
၆၄	ပူဇော်နည်းနှစ်မျိုး
၄၈၅	ပူတိမုခပြိတ္တာ

အကွေထုတ်ဦး	စာမျက်နှာ
[ပ]	
ပစ္စက္ခဒါန၊ အပစ္စက္ခဒါန	၂၉၇
ပစ္စုပ္ပန်လောကဌ် ပြဟ္မာ့ပြည်မှ ငရဲပြည်အထိ ဖောက်ထွင်း သိမြင်ခြင်း	၂၅၆
ပစ္စည်းဥစ္စာ ချို့တဲ့နွမ်းပါး	၂၉၀
ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်	၁၆၁
ပစ္စေကဗုဒ္ဓါ ၆၁၊၂၅၆၊၃၀၀	
ပဉ္စာနန္တရိယကံ	၆၈၈
ပဉ္စဝေါကာရဘုံ	၆၃၆
ပဉ္ညာကြီးသူကို“မဟော်သဓာ”	၈
ပဉ္ညာကို သဒ္ဓါစေတ်	၄၆
ပဉ္ညာရှိသူတော်စင်တို့၏ ထုံးကို နှလုံးမူ	၁၉၄
ပဉ္ညာ သဒ္ဓါ ဝီရိယလွန်ကဲ	၂၅၄
ပဏိပါတ	၄၄
ပဏီတဒါန	၃၁၀
ပဏ္ဍုကမွလာ	၆၂၇
ပတ္တာနုမောဒန	၂၃၃
ပထမစျာန် ၃-ဘုံ	၆၄၁
ပဒီပေယျဒါန	၂၉၂
ပဒုမ=ပဒုမာကြာပန်း	၂၀၄
ပဝါဒါန	၃၀၇
ပဗ္ဗတအမည်ရှိသောမင်း	၂၇၅
ပယတ္တဘုန်းတော်	၁၁၅
ပရနိမ္မိတဝသဝတ္တီနတ်ဘုံ	၆၂၀
ပရမတ္ထသံဃာ	၁၇၆
ပရိကမ္မဆုရှစ်တန် ကိုယ်လုံးရံ	၅၀၅
ပရိတ္တာဘာဘုံ	၆၃၂
ပရိတ္တသုဘာဘုံ	၆၃၃
ပဝတ္တိအခါ	၆၆၅

အကွက်စဉ်	စာမျက်နှာ
[ပ]	
ပေးကား ပေး၏ မရ	၂၀၂
ပေးကမ်းခြင်း အောင်စေသာ	၂၇၇
ပေးတိုင်းရသည်	၂၀၁
ပင်လယ်ကသစ်ပင်	၆၂၇
ပင်လယ်သမုဒ္ဒရာစောင့်နတ်	၁၃
ပန်ထွာပြည်	၅
ပိုးဖို ပိုးမ	၆၇၃
ပေါက်ပေါက်ပန်း	၄
ပေါင်ဒါမှုန့်	၄၆၀
ပိန်းကြာဖက်တွင် ရေမတင် ပျက်တတ်သောသရဏာဂုံနှင့် မပျက်တတ်သောသရဏာဂုံ	၅၆၂ ၄၈
ပြာပူငရဲ	၆၂၂
ပြုနိုင်ခဲသောပါရမီကုသိုလ်ထူး	၂၅၇
ပြုလျှင်အသစ် ဖြစ်လျှင် အဟောင်း	၂၀၀
ပြက်ချော်ချော်ဟောပြောပို့ချ	၁၆၈
ပြည်သူတို့၏ဆုမ်းကိုဖြုန်းနေ	၁၈၉
ပြည့်တန်ဆာများမေ့း	၄၉၀
ပြီတ္တာတို့ဘောင် ဥစ္စာဆောင်	၂၈၈
[ဖ]	
ဖရုသဝါစာကံ၏ အပြစ်များ	၄၈၆
ဖဲရိုက်၍ ပစ္စည်းရှာ	၄၉၁
ဖောဋ္ဌဗ္ဗဒါန	၂၉၁၊၃၀၆
ဖားနိုင်ဖားစား	၆၁၂
ဖုတ်ထုက်မှ တောင်ပို့မှန်းသိ	၅၉
ဖိတ်ခေါ်ထိုက်၍ ဖိတ်ခေါ်တော်မူခြင်း	၁၅၂
ဖြည့်ကျင့်ဆည်းပူးရမည့်ဝါရမီ	၂၅၉

အကွက်စဉ်	စာမျက်နှာ
[ဗ]	
ဗကဗြဟ္မာ	၆၃၇-၈
ဗဟုဓနသေဋ္ဌီး	၂၁၁
ဗဟုသုတ ကြွယ်ဝရ	၁၂
ဗေဒင်သုံးပုံ	၄
ဗောဓိမင်းသား	၁-၂
ဗျာဒိတ်စကားကြားတော်မူ	၂၅၉
ဗြဟ္မစရိယ	၂၈၃
ဗြဟ္မဥပုသ်	၄၆၅
ဗြဟ္မာကြီးနှင့် တူ	၂
ဗြဟ္မာတို့၏ သက်တမ်း	၆၄၁
ဗြဟ္မာယုပုဏ္ဏား	၅၂၀
ဗြဟ္မာ့စည်းစိမ်	၆၃၉
ဗြဟ္မာ့ပြည် တဝင်းဝင်း	၆၄၆
“ဗုဒ်ဘေး” ဗုဒ်	၁၀
ဗုဒ္ဓဂုဏ်တော်အာရုံပြု	၁၀၈
ဗုဒ္ဓအာသဒ္ဓေါ်	၂၄၉
ဗုဒ္ဓမန္တန်တော်	၅၁၅
ဗုဒ္ဓလက်ထက်တော်	၂
ဗုဒ္ဓဝါဒ သာသနာ့လမ်းစဉ်	၁၀၈
ဗုဒ္ဓ၏လမ်းစဉ်	၈၁
ဗုဒ္ဓါနုဿတိဘာဝနာ	၆
ဗုဒ္ဓုပ္ပါဒဒုလ္လဘ	၂၃၄
[ဘ]	
ဘတပြန် ကျားတပြန်	၂၂၆
ဘထွေးတော် “မဟာနာမ်”	၅၃
ဘယာဒါန	၃၀၈-၉
ဘဝကူးပုံ	၆၄၆
ဘဝဆက်တိုင်း ပါရမီ	၂၆၇

အကြောင်းအရာစဉ်	စာမျက်နှာ
[မ]	
မကြံစည်အပ် မကြံစည်နိုင်သော အကျိုး	၁၂၂
မခိုးမိုက ခိုးမှုအထမြောက်	၄၀၀
မတရားစီးပွားရှာ အသက်မွေးခြင်း	၄၈၂
မတရားလွှဲနေ	၄၉၀
မတရားသဖြင့် ရထားသော အဆုပြာ	၃၁၈
မတရားသက်သေ	၄၉၀
မှတရားဆင်၍ရယူခြင်း	၃၉၆၊၃၉၈
မနောမယိဒ္ဓိဂါထာ	၅၈၂
မပျင်းမရိ စိတ်ရှည်လက်ရှည်	၃၇၉
မပြောက်မကျား	၄၆၆
မရပ်မနား ဆုံလည်နွားး	၁၃၂
မရှိလို့မလှူ။ မလှူလို့မရှိ	၂၇၈၊၂၉၀
မရည်ရွယ်သောပုဂ္ဂိုလ်	၃၈၇
မဋ္ဌကုဏ္ဍလီ	၆၇၈
မလိုကာ	၃၉၂
မလုပ်နဲ့ အပြစ်ရှိသည်	၁၄၄
မလှုပသူကို မထီမဲ့မြင်	၂၄၉
မဲအပ်မရာ ရှာဖွေကြ	၁၈၅
မယားကြီးမယားငယ်	၂၂၆
မယားပြိုင်	၂၂၆
မဟာကပ်ကမ္ဘာ	၂၄၉
မဟာဇနကမင်းသား	ဂ
မဟာတာပနဂရဲ	၆၁၉
မဟာတိဿထေရ်	၁၀၅
မဟာနန္ဒာကန်	၆၂၇
မဟာပထဝီ	၂၀၄
မဟာဇောရုဝဂရဲ	၆၁ဂ

ဘာသာရပ်စဉ်	စာမျက်နှာ
[ဘ]	
ဘာစတိုင်း လှယ်သူ	၃၂၁
ဘာဝနိကန္တိကလောဘဇော	၂၀၂
ဘာသံသရာမှ လွတ်မြောက်ရာ	၂၆၂
ဘာဝနာမယာပညာ	၂၆၂
ဘာဝနာအစ ကလေးဘဝ	၆
ဘာဝနာပွားများ၍ ဆွမ်းကိုအကျိုး ရှိအောင် စားခြင်း	၁၀၉
ဘီလူးပြေးဂါထာ	၅၂၉
တူဇီဒတ် နှဂါးမင်း	၃၀၁
ဘေသဇ္ဇဒါန	၃၀၁
ဘေသကဋ္ဌာထောအုပ်	၁၃
ဘေးရန်အန္တရာယ်များး	၁၃
ဘုရားဆုကို ပန်တော်မူ	၂၅၈
ဘုရားဖြစ်လိုသည့်ဆန္ဒ	၂၅၄
ဘုရားမကြွေက်သည့်ဖာမိဋ္ဌာန်ဆုကို တောင်းခဲ့	၂၂၅
ဘုရားမပုံ့သည့် သုည ကမ္ဘာပေါင်း	၂၅၀
ဘုရားမှတ်လို့ ကိုးကွယ်ခဲ့	၅၉
ဘုရားရှင်အား ကြည်ညိုကာ	၁၂၉
ဘုရားအလောင်းတော် ဗြဟ္မဒတ်မင်း	၂၆၆
ဆင်ဖုပ်ငရဲ	၄၈၇၊ ၆၂၁
ဘောင်းထော်	၁၅
ဘုံဘဝများး	၆၁၂
ဘုန်းကျက်သရေ	၅
ဘဏ္ဍာစိုး	၄၇၉
ဘဒ္ဒကမ္ဘာ	၂၅၁
ဘုမ္မဒေဝ=ဘုမ္မစိုးနတ်	၆၂၆
ဘူမဋ္ဌကဗိမာန်	၆၂၇

အကွာထုစဉ်	စာမျက်နှာ
[မ]	
မဟာလတာတန်ဆာ	၃၂၀
မဟာဝေဒဗ္ဗမန္တန်တော်	၆၀၂
မဟာသုတသောမ	၂၂၆
မာတလိနှတ်သား	၃၇၈
မာလာဒါန	၂၉၂
မာလာဓာရဏ=ပန်းပန်ခြင်း	၄၆၀
မိဆိုင် ဖဆိုင်နတ်များ	၁၃
မိထွေးတော် ဂေါတမီ	၆၃၊၂၂၄
မိဖုထူးဘဒ္ဒါ	၁၇၂
မိဘကို ကလန်ကဆန်လုပ်သူ	ဂ
မိဘတဘဝန်	၁
မိဘတဘဝန်ကျေပွန်	၁၂
မိဘရှိသေဘူ	ဂ
မိဝိုးဖလာ	၁
မိလိန္ဒမင်းကြီး	၂၀၄
မိမိကို ချစ်စေလိုသော်	၄ဂ၃
မိမိတို့အတိတ်ကံအလျောက်	၂၄ဂ
မိန်းမတစ်ယောက်ကို တွေ့မြင်ပါသလော	၅၀၆
မီးကျီးခဲများပေါ် တွင် ဒူးထောက်	၂၅၄
မိခင်ကောင်း, ဖခင်ကောင်း	၆
မီးနေထဘီ	၅
မီးမြိုက်၍ မီးခိုးမှိုင်း	၅
မီးမွေးတိုင်ကပ်	၂၇
မီးလျံစုံလောင်သောသံပြားကြီး	၂၀၆
မီးလျံရဲရဲ သံတွေခဲကြီး	၂၀၆
မုဆိုးလုပ်သူ နတ်ပြည်ရောက်	၆၇၇
မုသာဝါဒ၏အပြစ်များ	၄၂၀
မုသားအစ စေတီယမင်းက	၄၂၄
မုသားအင်္ဂါ (၄)ပါး	၄၂၀

အကွာထုစဉ်	စာမျက်နှာ
[မ]	
မေးသမျှကို မတွေးမဆဖြေဆို ဖြစ်	
မေထုန်ငယ်ခုနစ်ပါး	၅၁၃
မံသဝါဏိဇ္ဇာ	၄၉၀
မိုးကြိုးကွင်းဂါထာ	၅၈၀
မိုးခေါင်ရေရွား	၂၁၅
မိုးပေါ်ကျ ပေါ်လာသည် မဟုတ်	၁၆၂
မဂ္ဂင်ရှစ်ပါး	၁၀၅
မိစ္ဆာဇီဝ	၄၈၁
မဇ္ဈဒါန	၃၀၅၊၃၁၄
မဇ္ဈဝါဏိဇ္ဇာ	၄၉၀
မဇ္ဈေတ္တပုဂ္ဂိုလ်	၂၈၉
မဇ္ဈေမပဋိပဒါ	၁၈၁
မင်္ဂလပုဏ္ဏား	၂၇၄
မင်္ဂလမြတ်စွာဘုရား	၂၇၀
မစ္ဆရိယ	၂၈၇
မစ္ဆရိယရန်သူ	၂၇၈
မဏ္ဍကမ္ဘာ	၂၅၁
မဏ္ဍန=အလှပြင်ခြင်း	၄၆၀
မင်းကျင့်တရား	၂၈၅
မောင်ပုဏ္ဏ	၂၁၁
မေတ္တာဆပ္ပား မုန်းထားမထင်	၅၃၇
မေတ္တာရှပ်သင့်	၂၇၇
မေတ္တာတရားက သံလထက်ပို	၄၇၄
မေတ္တာတရား သည်းခံခြင်း	၂၄၄
မေတ္တာတရား အကျိုးကြီးမား	၄၇၃
မေတ္တာပါရမီဖြည့်ကျင့်ခြင်း	၂၆၅
မုန်ညင်းစေ့	၄
မုန်းတီး၍ နစ်နာအောင် အကျိုးမဲ့ကိုလည်း မပြု	၂၆၆
မျက်ခုံးမွေးနုတ်ခြင်း	၄၆၀

အကွက်ရာစဉ်	စာမျက်နှာ
[မ]	
မျက်စိအရောင်ခြယ်	၄၆၀
မျက်တောင်အတုတပ်ခြင်း	၄၆၈
မျက်သွာကိုချ	၅၀
မြူမှုန်ဘေးဘျမ်း	၁၃၂
မြေဆီမြေဩာ	၂၀၈
မြဲရာသံပတ်	၄၉၀
မြို့သားလူလည်နှင့် တောမုဆိုး	၄၀၄
မြင့်မြတ်သော စံပြပုဂ္ဂိုလ်များ	၉
မြင့်မြတ်သမူ နိဗ္ဗာန်ဆု	၁၈၀
မြင့်မြတ်အမျိုး နတ်တန်ခိုး ပဋိုးတိုး ဥစ္စာဥာဏ်	၁၉၇
မီတွယ်ရာမဲ့သီလ	၄၉၆
မှီတွယ်ရာရှိသီလ	၄၉၆
မှန်သောသစ္စာစကားကို ဆိုၗ် မီးကွင်းအောင် ပြုနိုင်ခဲ့	၂၆၅
မှုန်မှုန်ညက်ညက်	၁၂၁
မြွေကိုက်၍ သေပါစေ	၄၈၆
[ယ]	
ယာမာနတ်ဘုံ	၆၂၇
ယာဂုကြိုလိုက်တာပေါ့	၁၈၈
ယာဂုဒါန	၂၉၂
ယောဂီနီ	၆၂၆
ယောမင်းကြီးဦးဘိုးလှိုင်	၆၈၀
ယောကျွဲးများရှောင်ကြဉ်ရန်	၄၁၂
ယှဉ်ပြိုင်မသတ်ရဲ	၂၄၄
ယုတ်ညံ့မှုဌ် စံပြုနမူနာ	၉
ယုတ်ညံ့သူကို "ဒေဝဒတ်"	ဂ
ယုတ်မာသမျှ ထူးခွန်လှ	၅၄၃
ယောကျွဲးစင်စစ်ကောန်ဖြစ်	၂၅၆

အကွက်ရာစဉ်	စာမျက်နှာ
[ယ၊ ရ]	
ယောင်ယမ်းမှုမပြုကြ	၉
ယုံကြည်မှု၏ အခြေခံအုတ်မြစ်	၃
ရတနာသုံးပါးကို ရှိခိုးခြင်း	၂၁
ရသတဏှာ	၂၄၈·၉
"ရယူရေး" အကျင့်	၁၈၀
ရထားထိန်းမာတလိ	၂၀၅
ရသဒါန	၂၉၁
ရဟန်းကိစ္စပြီးစီးလေပြီ	၁၈၉
ရဟန်းစားသော ဆွမ်းတစ်နပ်	၃၀၀
ရဟန်းဆိုတာ သည်လိုဘဲ	၁၈၃
ရဟန်းတော်များ၏ သမ္မာအာဇီဝ	၄၉၃
ရဟန်းတို့ သွားတဲ့လမ်းကို မမေးကောင်း	၁၈၄
ရဟန်းသံဃာ အိမ်ကြွက် များစွာ လာဘ်ကောင်းမှုန်	၁၉၆
ရာဇဉပါယ်တရား	၂၈၅
ရာထူးတိုးခြင်း မြောက်စားခြင်း	၅၂၆
ရူပဒါန	၂၉၁၊၃၀၆
ရေဒ်မြုပ်နေသောကျောက်ခဲ	၂၂၂
ရေစက်မချလဲ ကုသိုလ်ရ	၂၂၀
ရေဖျက်သည့်အခါ	၂၄၃
ရေဖျက်သောကမ္ဘာ	၂၄၆
ရေဖြင့်ပျက်စီးပုံ	၂၄၆
ရေမရွေသောနို့ဃနာဆုမ်း	၅၁၀
ရေမြေသနင်း	၂၃၉
ရေဝဘမြက်စွာဘုရား	၂၇၁
ရဲမာန်စွင့်စွင့် စိုက်ထူလှုင့်	၅၃၃
ရောဂန္တရကပ်	၃၇

အကွောထုစဉ်	စာမျက်နှာ
[၅]	
ထောရဝဝငရဲ	၆၁၇
ရှိခိုးခြင်းကြောင့် လက်ငင်းရသော အကျိုးများ	၂၀၆
ရှိခိုးခြင်း ၄-မျိုး	၄၄
ရှိခိုးခံထိုက်သူတို့အား ရှိခိုးခြင်း	၂၀၃
ရှိခိုးခံထိုက်သူမဟုတ်ဘဲ ရှိခိုး ခံခြင်း	၂၀၅
ရှကြည့်စမ်းပါ	၁၇၁
ရှေနေရှေရပ်	၃၇၁
ရှေမိုး, ငွေမိုး, ရတနာမိုး	၆၀၄
ရှေယုန်နှင့် ရှေကျား	၇
ရှေရင်တော်နှစ် သားတော်စစ်	၅၈၃
ရှေအိုးမြုပ်	၂၉၈
ရာက်ဆောစွာ ပေးလှူတတ်စေရန်	၉
ရင်ခွင်ဖြင့်ပိုက်ချီ	၃
ရစ်မ	၁၇၇
ရန်ငြိုးဖွဲ့တတ်သောရန်သူ	၃၁၈
ရည်မှန်းသောပုဂ္ဂိုလ်	၃၈၇
ရန်သူတို့မကောင်းမကြံနိုင်	၆၀၁
ရန်သူမျိုးငါးပါး	၂၁၊၃၈၊၂၈၈
ရပ်ပြစ်ရှစ်ပါး	၂၀၊၈၃
ရပ်လျက်ရှိခိုးခြင်း	၂၁
ရှင်ကြီး ကျားထက်ဆိုး	၅၉
ရှင်မောဂ္ဂလာန်	၃၉၄
ရှင်သီဝလိမယ်တော်	၃၁
ဂ၄၀၀၀-ကုသိုလ်ရှင်	၆၇၆
ရိက္ခာ	၂၈၆
ရက္ခစိုးနတ်	၁၃
ရုပ်ပွါးတော်စေတီပုထိုး	၆
ရုပ်ရှင်ဇာတ်လိုက်များ	ဂ

အကွောထုစဉ်	စာမျက်နှာ
[၅]	
ရှောင်ရန်သီလ	၄၉၆
ရှိသေလေးစားမှုနှင့် ထိုက်တန်အောင်	၁၇၈
ရှိုးရှိုးညှဉ်သည်	၁၉၅
ရှိုးသားဖြောင့်မတ်စွာကျင့်	၁၈၁
[လ]	
လူကောင်းသူကောင်းများ	၂၀၉
လူစော်နံသောရဟန်း	၁၉၇
လူဆင်းရဲလုပ်ရသလား	၁၉၂
လူဇာတ်ဖြစ်သောရဟန္တာ	၃၈၇
လူတို့ခါးဝတ်ပုဆိုး	၃၈၀
လူတစ်ခု ပူမှုဆယ်ကွဲ	၁၈၇
လူမှာအဝတ်တောင်းမှာအကပ်	၃၂၀
လူပျိုစင်အကျင့်	၄၄၉
လူဖြစ်ရကျိုးနပဲ	၆
လူမှန်းသူမှန်းမသိ	၆
လူယုတ်မာတို့၏ စကား ဂ-ခွန်း	၄၁၉
လူရှင်တော်အလုပ်	၄၉၀
လူဝတ်ကြောင်ဘဝ	၂၅၆
လူသားစင်စစ်	၂၅၅
လူ့ဧကာ နားလည်ကာစ	၃
လူ့သရဏကုံနှင့် ရှင်သရဏကုံ	၄၂
လူ့ပြည်၌သာဘုရားပွင့်	၆၂၅
လေဓာတ်လွန်ကဲပြင်းထန်	၂၄၃
လေနာထ	၁၃ဂ
လေနာရောဂါပျောက်ဆေး	၅၁၀
လေဖျက်သောကမ္မာ	၂၄၃
လေအောက်လေညာအရပ်	၃၇၃
လေဖျက်သည့်အခါ	၂၄၃
လေးနှစ်သားအရွယ်	၁၆၃

အကွဲထုစဉ်	စာမျက်နှာ
[ဃ]	
လေးသခြေနှင့်ကမ္ဘာ တစ်သိန်း	၂၅၂-၃
လောကဓံရှစ်ပါးကြောင့် ပြောင်းလဲခြင်းမရှိ	၂၀၄
လောကာဓိပတေယျ	၅၀၁
လောကီယသီလနှင့် လောကုတ္တရာသီလ	၄၉၉
လောကီစည်းစိမ်	၃၁၈
လောကီဆရာနှင့် လောကုတ္တရာ ဆရာ	၉၅
လောကတ္ထစရိယာ	၂၆၉
လောကုတ္တရာစည်းစိမ်	၃၁၈
လောဟကုဋ္ဌိရဲ	၃၉၃၊၆၃၂
လောဟိတုပ္ပါဒက	၃၀၅
လှုပမှုအဆင့်အတန်း	၂၄၉
လှုပသူကို ဝိုင်းဝန်းငြူစူ	၂၄၉
လှူဒါန်းပေးမှု စံထားရမည့် အနာထပိဏ် သူဌေးကြီး	၃၅၈
လှူဒါန်းပေးကမ်းမှုအရာ စံထားရမည့် ဝိသာခါ ကျောင်းအမကြီး	၃၆၀
လှူဒါန်းဖွယ်ရာ အဖြာဖြာ	၆၄
လှူဖွယ်ဝတ္ထု ပစ္စည်းစု	၂၉၁
လက်ဦးဆရာ (ပုဗ္ဗာစရိယ)	၇
လက်က ပုတီးတစ်လုံးကိုချ	၅၀
လက္ခဏာ ကြီးငယ်	၄
လက္ခဏာတင်၍ ဆင်ခြင်	၁၂၀

အကွဲထုစဉ်	စာမျက်နှာ
[ဆ]	
လက်ငင်းအကျိုးရနိုင်သော အကာလိကတရား	၁၅၁
လက်ငင်းရနိုင်သော ဂုဏ်တော် ပွားကျိုး	၃၂၃
လက်တွေ့ဂုဏ်တော်ပွားနည်း	၁၁၇
လက်နက်ကိုးဖြာအောင်ဂါထာ	၅၂၇
လက်နက်မိုးရွာ	၃၉၃
လက်နက်လူသား သေဆိပ် ငါး ရောင်းစား မပြုကောင်း	၄၉၀
လက်နက်ရန်သူကင်း ဂါထာ	၅၂၃
လက်ပံတော ငရဲ	၆၂၂
လက်သည်း အလှပြင်	၄၆၀
လင်ကျင့်ဝတ်	၃၂၆
လင်တူမယားဘဝ	၂၂၆
လောက်လန်းသဖွယ် ဝိညာဉ်တွယ်	၆၄၇
လာဘ်ကြီးငါးပါး	၁၉၆
လမ်းဖြောင့်လမ်းမှန် အတိုင်းကျင့်	၁၈၈
လယ်ယာမြေကောင်းသဖွယ်	၂၀၈
လယ်လုပ်သားဥပုသ်သည်ဝတ္ထု	၄၅၇
လွန်ကျူးခြင်း၌ အပြစ်ကိုမမြင်	၅၀၃
လွန်စွာနှိပ်ကွပ် ပူစေတတ်	၅၂၄
လှည့်စား၍ မရနိုင်	၁၆၃
လျှပ်ပေါ် လော်လီသည့် လူတစ်ယောက်	၂၄၈
လိုက်ခဲ့စမ်းပါ	၁၇၁
လုံ့လဝီရိယကြီးမားမှု	၈
လုံးဝကုန်စင်အောင်ဖန်ဆင်း	၅၇၈

အက္ခရာစဉ်	စာမျက်နှာ
[ဝ]	
ဝင်္ကစားဆင်ယင်မှုဖြင့် မရှိမသေပြု	၁၅
ဝဋ္ဋနီဿိတဆုတောင်း	၂၂၈
ဝဋ္ဋဝိဝဋ္ဋဆုတောင်း	၂၃၀
ဝတ္ထုရူးမကျေသူ	၃၀၀
ဝတ်တက်ဝတ်ကပ် အရက္ခက်	၂၁
ဝတ္ထဒါန	၂၉၂
ပဉ္စဝဂ္ဂီများ	၃
ဝတ္ထုကိုလေ နှစ်ထွေကာမ	၅၂၆
ဝတ္ထုဒါန၊ အာဘယဒါန	၂၉၃
ဝိက္ခမ္ဘနပဟာန်	၃၂၅-၆
ဝိက္ခမ္ဘနပဟာန်ပယ်ပုံ	၃၂၃
ဝိဇ္ဇာမယပယောဂ	၃၀၆၊၃၉၃
ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး	၃၃
ဝိညာဏ်သိ ပညာသိ	၁၃၄
ဝိဿာသဂ္ဂါဟ	၂၉၆
ဝေဿဘူမြတ်စွာဘုရား	၂၅၅
ဝေဿန္တရာဇာတ်တော်	၉
ဝေဿဝဏ်နတ်မင်း	၃၀၆
[သ]	
သဇီဝဒါန	၂၉၆
သတိသံဝရ	၃၂၃
သဒ္ဒိသဒ္ဒါန၊ အသဒ္ဒိသဒ္ဒါန	၂၉၀
သနားကင်းကြူး နတ်ဘီလူး	၅၃၅
သဘာဝ ၄-မျိုး	၅၀၂
သမာဒါနဝိရတိ ကုသိုလ်	၄၀၄
သမာဓိသံဝတ္တနိက	၅၁၄
သမာဒါနဝိရတိ	၃၂၃
သမားတော်ကြီး ဇီဝက	၃၂၁
သမီးကောင်း ဖြစ်လာအောင်	၁၂

အကျဉ်းစဉ်	စာမျက်နှာ
[သ]	
သမီးမရွေးဘဲ ဆွမ်းအလှူ	၁၉၂
သမင်မွေးရင်း ကျားစားရင်း	၂၂၇
သမဒ္ဒဒါန	၃၁၄
သမုဒ္ဓေဒပဟာန်	၃၇၅-၆
သမုဒ္ဓေဒဝိရတိ	၃၇၃
သရဏဂုံ (၃)ပါး	၁၀
သရဏဂုံဆောက်တည်	၄၁
သရဏဂုံဆောက်တည်နည်း ၄-မျိုး	၄၃
သရဏဂုံနှင့် သရဏဂုံတည်သူ	၄၁
သရဏဂုံကို အထပ်ထပ် ဆောက်တည်ခြင်း	၄၆
သရဏဂမနီယမထေရ်	၅၅
သရဏဂုံ ညစ်နွမ်းကြောင်း တရားများ	၄၇
သရဏဂုံတည်ခြင်း အကျိုးများ	၅၁
သရဏဂုံတည်စ ပဋိသန္ဓေက	၁
သရဏဂုံတည်သူ ဥပါသကာ, ဥပါသိကာ	၂
သရဏဂုံတည်သော အမျိုးသား တစ်ယောက်	၅၄
သရဏဂုံ ပုတီးစိပ်ခြင်း	၅၀
သရဏဂုံပျက်မှုနှင့် အလောင်းကို သရဏဂုံတင်ခြင်း	၄၈
သရဏဂုံမတည်က လူမမည်ခြင်း	၅၇
သရဏဂုံမြောက်မှု အလေးပြု	၄၅
သရဏဂုံ ရှုံးလျှင်	၅၉
သရဏဂုံအစစ်	၄၆
သရဏဥပါသကာ	၅၁၊၅၃
သရဲတစ္ဆေမခြောက်	၅၂
သလာကဘတ်	၃၁၉

အကျဉ်းစဉ်	စာမျက်နှာ
[သ]	
သသခ်ါရိကဒါန၊ အသခ်ါရိကဒါန	၂၉၅
သဟမွတ်ပြဟ္မာ	၆၃၇
သာကီဝင်တို့၏ကျင့်စဉ်	၄
သာဒ္ဓေယျ	၁၈၁
သာရကမ္ဘာ	၂၅၁
သာရမဏ္ဍကမ္ဘာ	၂၅၁
သာဝကပေါဓိပစ္ဆေကပေါခ့်ဉာဏ်	၂၉၉
သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန	၂၉၃
သာဝဇ္ဇဒုက္ခဝိပါက	၂၃၃
သာဝတ္ထိမြို့	၅၅
သာသနာတွင်း ရဟန်း	၂၅၆
သာသနာပရဟန်း	၂၅၆
သဘသနာပြုပုဂ္ဂိုလ်များ	၂၁၄
သာဟုဒါန	၃၀၈
သိကြားမင်း	၂၇၃
သိကြားမင်း၏ ဘုရားရှိခိုး	၅၁၇
သိခီမြတ်စွာဘုရား	၂၇၅
သိနိုင်ခဲသော အရာကို သိတော်မူ	၆၈
သိရိဘုန်းတော်	၁၁၃
သိဠလာကပတ္ထနာဒါန	၃၀၈
သီတဂူနန်း ကြည့်နှလုံး	၅၂၈
သီလကျိုးခြင်း	၄၆၆
သီလဂုဏ်ရည်	၁၉၁
သီလစင်ကြယ်ခြင်း	၅၀၃
သီလစင်ကြယ်နည်း (၄) မျိုး	၅၀၈
သီလစောင့်ထိန်းမှု ယူနိုင်စေရန်	၈
သီလညစ်ညူးခြင်း	၅၁၂၊၃
သီလတန်ခိုး	၃၇၄၊၃၉၄

အကျဉ်းအညွှန်း	စာမျက်နှာ
[သ]	
သုရာမေရယ၏ အပြစ်မျှား	၄၃၄
သုသီမအမည်ရှိရသော့	၂၇၃
သုယာမနတ်မင်း	၆၂၇
သုရှစိအမည်ရှိသောပုဏ္ဏား	၂၇၀
သူတပါးလုံ့လကြောင့် ခန္ဓာကိုယ်ပျက်စီးရ	၄၈၅
သူတပါးမနှစ်သက်သောစကားကို ဘုရားရှင်ပြောသလော	၂၆
သူတော်ကောင်းတို့၏ အနှံ	၃၇၀
သူတော်ကောင်းဖြစ်အောင် အရဟံဂုဏ်ကိုဆောင်	၆၅
သူတော်ယုတ်လတ်လူတိုင်းသတ်	၅၃၆
သူလည်းမပါ ငါလည်းမရှိ	၁၈၇
သေခါနီး အာရုံနိမိတ်ထင်မှု	၆၁၄
သေတုကာရကဒါန	၃၀၇
သေနာသနဒါန	၃၀၁
သေပြီးနောက်သုဂတိဘဝ ရောက်လိုသော်	၆၇၂
သေဖို့ရန် ပြင်ဆင်သူ	၆၁၀
သေယျဒါန	၂၉၂
သေရမည့်ဘေး ပြေးမလွှတ်	၆၂၇
သေရမည့်ဘေး တွေးကြောက် နေရ	၁၅၇
ဇသရီသကနတ်ဗိမာန်	၂၉၄
သေရည်သေရက်သောက်မှု	၄၂၀
သေလျှင်ပြတ်	၁၉၀
သေသူက ပူးကပ်ပြောခြင်း	၆၅၀
သေသောက်ကြွေး သရဏဉပါသကာ	၅၂

အကျဉ်းအညွှန်း	စာမျက်နှာ
[သ]	
သီလပရမတ္ထပါရမီ	၂၆၁
သီလပါရမီပြည့်ကျင့်	၂၆၁
သီလရန်ံ ကြိုင်သင်းပျံ့	၃၇၇
သီလသိက္ခာကိုတော့ မပျက် ပါစေနှင့်	၁၈၁
သီလအမျိုးမျိုး	၄၉၆
သီလဥပါရမီ	၂၆၁
သီလ၌ တည်၍ လှူဒါန်းခြင်း	၂၃၈
သီလုပေါသထ	၄၆၅
သီဝလိဒေဝီ	၁၅
သီသဒ္ဒခေါင်း	၃၇၀
သီဟဒ္ဒခြင်္သေ့	၂၀၄
သီဟစစ်သူကြီး	၃၁၉
သီဟာသနပလ္လင်ကြီး	၂၀၄
သီဟိုဠ်ကျွန်း မဟာဂါမ	၁၉၂
သုခဘာမဏေအလောင်း	၃၀၀
သုစိဒါန	၃၁၀
သုဇာတမင်း	၂၃၄
သုဇာတမြတ်စွာဘုရား	၂၃၃
သုဒဿနအမည်ရှိမင်း	၂၅၅
သုဘကိုက္ခာဘုံ	၆၃၃
သုဘလုလင်	၃၈၈
သုမနမြတ်စွာဘုရား	၂၃၀
သုမနသေဋ္ဌေး	၂၁၁
သုမေဓမြတ်စွာဘုရား	၂၃၂
သုမေဓာရှင်ရသေ့	၂၃၀
သုမေဓာရှင်ရသေ့ဘဝ နိယတဗျာဒိတ်ခံယူ	၂၅၃
သုမိတ္တာအမည်ရှိသော ပုဏ္ဏေးမငယ်	၂၅၉

အကွေထုစဉ်	စာမျက်နှာ
[သ]	
သဇာရက်ကို သောက်လျှင် ငြင်းဆန်	၅၃၅
သဘကပရိဒေဝအားငြိမ်း သွားကြ	၅၁၉
သောတာပန်ပမာ သွားဆုဂတိ မြဲစေနိုင်သည့်အလှူဒါန	၃၁၈
သောဘိတမြတ်စွာဘုရား	၂၇၁
သောမနဿဒါန၊ ဥပေက္ခာဒါန	၂၉၅
သံဃဘေဒက	၃၈၅
သံဃာဆိုတာ ဘယ်လိုဟာလဲ	၂၀၅
သံဃာနုဿတိဘာဝနာ	၆
သံဃာတော်အား အလေးထား	၂၁၆
သံဃာသည် ဒုဿီလမဟုတ်	၃၅၄
သံဃုပေါသထ	၄၆၅
သံဃိကဒါနမြောက်အောင် နှလုံးသွင်းပုံ	၃၅၅
သံယောဇဉ်အနှောင်အဖွဲ့	၂၈၁
သံဝရသီလ	၃၇၃
သံဝဋ်ကပ် (ကမ္ဘာပျက်ခြင်း)	၂၄၅
သံဝဋ္ဋဒွယဓိကပ်	၂၄၇
သံသဏခရိုးသည်	၂၈၆
သံသဏခရိုးတစ်လျှောက်	၂၆၀
သံသရာဝဋ် ဘဝညွှတ်	၅၃၀
သံသရာရိက္ခာ	၂၈၈
သံသရာ ရေသေးကြမ်းမြစ်	၁၉၈
သဒ္ဒါခေါ်သီးပျင်း	၇

အကွေထုစဉ်	စာမျက်နှာ
[သ]	
သားတစ်ယောက်တည်းသာ	၅၁၄
သားရင်းပမာ ချစ်ခင်စွာ	၅၅၅
သင်လှည့်စား၍ ရမည်မဟုတ်	၁၆၅
သင်္ကန်စွဲဒါန	၃၀၃
သင်္ဂလောကပတ္ထနာဒါန	၃၀၉
သစ်ကျုတ်၏သီလ	၃၈၁
သင်္ကန်းလျာ	၆၃
သန်လိကဒါန	၃၁၄
သန်ဂါရကံ စီမံပစ်ထား	၅၂၉
သန်ဂါရပေက္ခာဉာဏ်တိုင်အောင် ပွားများရှုမှတ်	၂၆၂
သင်္ဂဟတရား	၂၈၅
သင်္ဂါမသူရ=စစ်မြေပြင်ရောက် စစ်သူရဲကောင်း	၂၈၄
သဃ်ာတ ငရဲ	၆၁၆
သစ္စာပါရမီ ဖြည့်ကျင့်	၂၆၄
သစ္စာလေးပါး အမှန်တရား	၁၀၁
သဇ္ဈာယကမထေရ်	၆၀၇
သဠာကာပုတ္တလုလင်	၂
သီဠိုဝ်းငရဲ	၆၁၄
သညာဖောက်ပြန် ယုတ်မာဉာဏ်	၅၃၇
သတ်ကြောင်းလက်နက်	၃၈၆
သတ္တမနေ ထွက်ပေါ်လာ	၂၄၆
သတ္တလောကကို သိတော်မူခြင်း	၈၄
သတ္တဝါတို့၏ပင်ကို သဘာဝ	၂၇၈

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သတ္တဝါတို့၏ကုန်ခြေရင့်, နှုတ်အတွင်းမောတ်ခံသိမှု	၈၄
သတ္တိသုဒန ငရဲ	၄၀၉
သတ္ထဒါန	၃၁၄
သတ္ထဝါဏိဇ္ဇာ	၄၉၀
သတ္ထန္တရကပ်	၃၇
သဒ္ဒဒါန	၃၀၆
သဒ္ဒါကြည်ဖြူ ပေအုံ့ဟူ	၂၈၆
သဒ္ဒါဓိကဘုရားလောင်း	၂၅၄
သဒ္ဒါကို ပညာစောင့်	၄၆
သန်လျက်တောင်ရဲ	၆၂၂
သန်လျက်လက်မှာ စွဲကိုင်ကာ	၅၃၆
သန္တိသုခ , နိဗ္ဗာနဓာတ်ကြီး	၁၆၈
သန္ဓေရင့် ကြီးပွားခါနီး	၅၃၆
သန္ဓေသားငယ်	၅
သပ္ပုရိသဒါန	၃၀၃၊၃၁၀
သပ္ပဇယမင်္ဂလာ	၅၁၆
သပ္ပဒဿာဝီ	၁၃
သပ္ပဗျာပီ	၁၃
သပ္ပသိဒ္ဓိဂါထာ	၅၀၄
သမ္မာကမ္မန္တ=မှန်ကန်သော အမှုကို ပြုခြင်း	၁၀၆
သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ	၆၅၀
သမ္မာဒိဋ္ဌိသီလ	၃၂၂
သမ္မာဒိဋ္ဌိ=မှန်ကန်သော အသိအမြင်	၁၀၅

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သမ္မာဝါစာ=မှန်ကန်သော ပြောဆိုခြင်း	၁၀၆
သမ္မာဝါယာမ=မှန်ကန်သော အားထုတ်ခြင်း	၁၀၆
သမ္မာသတိ=မှန်ကန်သော ဆင်ခြင်အောက်မေ့ခြင်း	၁၀၇
သမ္မာသမာဓိ=မှန်ကန်သော တည်ကြည်ခြင်း	၁၀၇
သမ္မာသင်္ကပ္ပ=မှန်ကန်သော အကြံအစည်	၁၀၅
သမ္မာသမ္မောဓိ= (သဗ္ဗညုတဉာဏ်)	၂၉၉
သမ္မာအာဇီဝ ၂-မျိုး	၄၉၁
သမ္မုတိသံဃ	၁၇၆
သမ္မတ္တဝိရတီ	၃၇၃
သိဒ္ဓတ္ထမြတ်စွာဘုရား	၂၇၄
သိဒ္ဓိပေါက်သလို	၁၈၄
သိဿဘာဝူပဂမန	၄၃
သုညကမ္မာ	၂၅၀
သုဒ္ဓါဝါသ ၅-ဘုံ	၆၃၅-၆
သုဒ္ဓါဒနမင်းကြီး	၄
သေဋ္ဌေးကြီးပုဏ္ဏားမ	၂၁၁
သုံးဂါဝုတ်မျှကြီးမား	၆၁၇
သုံးဆယ့်တစ်ထပ် ဘဝရပ်	၅၇၉
သုံးဆယ့်တစ်ဘုံ	၂၃၉
သုံးဆောင်ခြင်းလေးမျိုး	၅၀၇
သုံးနှစ်အရွယ်	၁၁

အက္ခရာစဉ်	စာမျက်နှာ
[ဟ]	
ဟာပေတုံနဘုဟ္ဒာမိဒါန	၃၀၉
ဟိန္နဒါန၊ မဇ္ဈိမဒါန၊ဃနိကာယဒါန	၂၉၇
ပါနသိလ၊ မဇ္ဈိမသိလ၊ ဃနိကာယသိလ	၅၀၀
ဟိရီ	၃၂၃
ဟတ္ထိ=ဆင်ပြောင်ကြီး	၂၀၄
ဟန်ဆောင်လှည့်ပတ်မှု	၁၈၂

ဃကွက်စဉ်	စာမျက်နှာ
[သ]	
သုံးပါးတွဲဒါနစုမျှား	၂၉၈
သုံးပါးစုသိလ	၄၉၉
သိုးဟု ထင်မှတ်	၃၀၇
သွေးကပြော	၉
သိက္ခာတင် သိမ်ဝင်မှု မရှိ	၁၇၆

ဗုဒ္ဓဘာသာလက်စွဲကျမ်းတို့၏ အနှစ်သာရဖျော်

* ကြာကာသကန်တော့ခန်းနှင့် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူခြင်း။
* သရဏာဂုံအကျိုးနှင့် သရဏာဂုံတည်ခြင်း၊ ပျက်စီးခြင်း။
* ရတနာသုံးပါးဂုဏ်တော်နှင့် ပူဇော်မျှားအားထုတ်နည်း။
* ဘုရားအလောင်းတို့ ပါရမီဖြည့်ကျင့်ပုံများ။
* နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ထံ ဗျာဒိတ်ခံယူခြင်း။
* အလှူဒါနပြုခြင်းနှင့် ဒါနအကျိုးများ။
* အလှူခံပုဂ္ဂိုလ် ရွေးချယ်ခြင်းနှင့် ထင်ရှားသော ဒါနရှင်ကြီးများ။
* သီလအမျိုးမျိုးနှင့် သီလစောင့်ထိန်းခြင်း။
* ဗုဒ္ဓမန္တန်တော်များ၊ ကာယသိဒ္ဓိ, လာဘသိဒ္ဓိ, ဝိယသိဒ္ဓိ, သမ္ဗသိဒ္ဓိ မန္တန်များ။
* ဘဝဆံသရာ၊ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံများ။
* ကံ, ကံ၏ အကျိုးများ၊ ကံအမျိုးအစားခွဲခြားပုံ၊ သေပြီးနောက် ဘုဂတိရောက်လိုသော်။
* ကြာကာသမူကဲ့အမျိုးမျိုးနှင့် ပါဠိပါဌ်ဆင့် ဖတ်နည်းများ။